လာဘ်မိုးရွာ စာပေ ... ဖြစ်သည်။

www.burmeseclassic.com

မဂ္ဂပစ္စယော

မဂ္ဂဇင်း




- စီးပွားဖြစ်စေသော လူခြောက်ကလေး···(စာ-၈၀)
- လူခြောက်ကလေးနှင့် ထီပေါက်ခြင်း····(စာ-၈၁)


BURMESE CLASSIC .com


- ငွေပို့ပါစေ ယတြာချေ···········(စာ-၄၅)
- ဈေးဦးမပေါက်သော်············(စာ-၅၃)
- စာအုပ်ဆိုင်တွင်း လူဝင်စေ········(စာ-၅၅)
- ကိုးနဝင်း မိုးလင်း အဓိဋ္ဌာန်······ (စာ-၅၈)
- ဈေးခေါ်တဲ့ ဖေဇော်ဂျီ··········· (စာ-၆၁)
- ဝိဇ္ဇာရေ ဇီးကွက်ရုပ်············(စာ-၆၃)
- ဈေးရောင်းကောင်းဖို့············(စာ-၆၅)
- ကိုးနဝင်း မိုးလင်းမှ သိမယ်······· (စာ-၁၀)
- ရောင်ပြန်ကျင့်စဉ်··············(စာ-၇၇)
- မော်ဝင်နေသော ရုပ်လုံးများ······· (စာ-၈၆)




Graphic;
Soe
Win
Htun

- ဈေးရောင်းကောင်းစေတဲ့ ဇီးကွက် ဇော်ဂျီ ဆေးကြိုတ်
- ကိုးနဝင်း မိုးလင်းအဓိဋ္ဌာန်

www.burmeseclassic.com

www.burmeseclassic.com

# အယ်ရီဇိုးနား ဗန်းမော်-မြေဇင်း ဓမ္မရိပ်သာ

## Arizona Bammaw-MyayZin Meditation Center(ABMC)

1919 N Nancy Rose Blvd, Tucson, AZ 85712, U.S.A



အမေရိကန်နိုင်ငံတွင် တည်ထောင်မည့် အယ်ရီဇိုးနား ဗန်းမော်-မြေဇင်း ဓမ္မရိပ်သာအတွက် အလှူရှင်များ လိုအပ်လျက် ရှိပါသည်။ ပါဝင်လှူဒါန်းလိုသူများ အောက်ပါပုဂ္ဂိုလ်များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဆရာတော် အရှင်စန္ဒိမာ (ဖုန်း-၅၂၀ ၂၀၇၇၀၅၆)
ashinsandimar9@gmail.com

ဦးတင်ဝင်း+ဒေါက်တာခင်မာမာ (ဖုန်း-၅၂၀၆၆၈၁၄၃၁)
khinrm@gmail.com

ဒေါက်တာထွန်းလင်းမိုး+မမြတ်သန္တာအောင်
(ဖုန်း-၃၄၇၆၁၇၃၂၂၀၊ ၆၀၂၆၉၆၉၅၈၁)
deankyne9@gmail.com

David Jones+Mi Mi Jones
(ဖုန်း-၅၂၀၉၈ ၂၈၁၁၈)
mmjamerica@gmail.com

ဇော်လွင်+ခင်သန္တာထွန်း (ဖုန်း-၇၂၀၉၃၉၄၇၄၀)
thundertun@gmail.com

ဝင်းနိုင်+မမြင့် (ဖုန်း-၅၂၀၈၈၁၀၄၉၆)
kyihtaywin@gmail.com

တင်ထွန်း+ရည်မွန် (ဖုန်း-၅၂၀ ၂၇ ၂၃၇၃၆)
yimon1021@gmail.com

စိမ့်မွန်+ပိုးသဲ (ဖုန်း-၅၂၀ ၂၀၇၃ ၂၉၈)
poe.thae87@gmail.com

ထွန်းနက်(ဖ်) (ဖုန်း-၇၂၀ ၂၇၇၄ ၂၂၇)
tunnef01@gmail.com

ဦးစိုးမြင့် (ဖုန်း-၀၉-၅၄၀ ၂၉၅၉)
mmi.thanda.soe@gmail.com

ဦးသန့်(လတ်မိုးဆွေ) (ဖုန်း-၀၉-၅၀၉ ၂၄၇၇)
u thant.lattmoeswae@gmail.com

ယခု အယ်ရီဇိုးနား ဗန်းမော်-မြေဇင်း ဓမ္မရိပ်သာကျောင်းမှာ လုံးချင်းအိမ်ကို ငှားရမ်းထားခြင်း ဖြစ်ပါသည်။ ကျောင်းဝယ်ရန် ရံပုံငွေ စုဆောင်းလျက် ရှိပါသဖြင့် ကျောင်းမြေ ဆယ်ပေပတ်လည် တစ်ကွက်လျှင် $ 100.00 နှုန်းဖြင့် ကုသိုလ်ပြုနိုင်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

28 MAR 2014

**လာဘ်မိုးစွေဂါထာ**

ဂါမေ ဝနေ စ သဗ္ဗတ္ထ၊
ဒေဝေဟိ မနုဿေဟိ စ။
အာဘတော နန္ဒလာဘောမေ၊
သဒါဟောတု ဘဝါဘဝေ။

# မင်္ဂလာပစ္စယော ရောင်ပြန် မင်္ဂလာဇင်း

၂၀၁၄-ခုနှစ်၊ မေလ၊ အမှတ်(၂၄၄)

မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

...ထုတ်လုပ်မှုအယ်ဒီတာ - ဦးသန့်(လာဘ်မိုးစွေ)
အုပ်ချုပ်မှုအယ်ဒီတာ - ဒေါက်တာစောယုနွယ်
...ဆောင်အယ်ဒီတာ - နန္ဒာမိုးကြယ်၊ သန္တာဇင်
အယ်ဒီတာရုံးအဖွဲ့ - ကေလတ်၊ စိုးစိုး

BURMESE CLASSIC .com

...သေသူ - ဦးမောင်မောင်မြင့်အေး(မြ-၀၃၄၆၀)၊ အမှတ်-၂၀၅(က)၊ ပိတောက်(၅)လမ်း၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်မှ ...သေ၍ ဝင်းထွန်း(မြ-၀၄၈၃၉)၊ အမှတ်-၃၇၊ ရေကျော်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှ ပုံနှိပ်သည်။
... - ၁၀၀၀၊ တန်ဖိုး - ၂၂၀၀ ကျပ်
...ချုပ် - ရှကီ။ အတွင်းဖလင် - မျိုးဝင်းကျော်၊ အတွင်းပန်းချီ - သန့်ဇော်သစ်၊ ချမ်းအေးဟန်၊ နေခြည်၊ စံလွင်မောင်၊ ကျော်ဦး၊ ...င်လတ်၊ ဖိုးအောင်၊ ပညတ်၊ KL တို့က ပန်းချီဆွဲ၍ မျက်နှာဖုံးဂရပ်ဖစ်ကို စိုးဝင်းထွဏ်းမှ ဖန်တီးသည်။

## ရောင်ပြန်မင်္ဂလာဇင်း၏ မူဝါဒ

လစဉ်ထုတ်ဝေလျက်ရှိသော ရောင်ပြန်မင်္ဂလာဇင်းသည် ဘာသာရေးသက်သက်စာအုပ် မဟုတ်ပါ။ လောကီရေးရာ၊ မြန်မာ... သုတအဖြာဖြာကိုလည်းကောင်း၊ ရသမြောက်ဝတ္ထုတို၊ ဝတ္ထုရှည်များကိုလည်းကောင်း၊ ပြည်တွင်းပြည်ပ ဗဟုသုတဖြစ်ဖွယ် ...ကြောင်းအရာများ၊ ထေရဝါဒနှင့် မဆန့်ကျင်သော ဘာသာရေးဆိုင်ရာ ဆောင်းပါးများ၊ ထူးခြားသော စေတီပုထိုးများ၊ ရဟန်း...များအကြောင်း၊ ဗေဒင်၊ ယတြာဆိုင်ရာ ပညာရပ်ဆောင်းပါးများ၊ ပုဂ္ဂိုလ်ထူးတို့၏ အကြောင်းအရာများကို ဖော်ပြလျက်ရှိသော ... ဖြစ်ပါသည်။ ဤ၌ ပုဂ္ဂိုလ်ထူးများအကြောင်းကို ထည့်သွင်းဖော်ပြရာတွင် ထိုပုဂ္ဂိုလ်ထူးများအပေါ် ယုံကြည်ကိုးကွယ်မှုနှင့် ... ထိုပုဂ္ဂိုလ်ထူးများ၏ ခြင်းရာအတ္ထုပ္ပတ္တိကိုလည်းကောင်း၊ ၎င်းတို့၏ ကျင့်စဉ်များကိုလည်းကောင်း၊ ၎င်းတို့၏ စွမ်းဆောင်ချက် ...လည်းကောင်း ဗဟုသုတ ဖြစ်စေရန်အလို့ငှာ ထည့်သွင်းဖော်ပြခြင်းသာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မဂ္ဂပစ္စယော

# ရောင်ပြန်

မဂ္ဂဇင်း

၂၀၁၄ ခုနှစ်၊ မေလ၊ အမှတ် (၂၄၄)

## မာတိကာ

### ရောင်ပြန် ကဗျာ

ခက်လှိုင်းကျော်၊ ခိုင်သက်အောင်၊ စိုးကိုကို(လေးမျက်နှာ)၊
ကိုဘချော၊ စန်းနီလာဝင်း၊ မြကျောက်အေးချမ်း၊
သားထက်ခွေ၊ ဝင်းမြင့်ကျော်(တောချောင်ဦး)။

### ရောင်ပြန် အခန်းဆက်ရသ


လူ့ဆဲကဘာဝ ဘဝထဲကလူ(၇၀)
လင်းရောင်တင် ---------- ၁၂၄
နတ်ကတော်စိန်မျက်ခုံး(၄)
ကျော်မြသန်း ---------- ၁၃၈
မေတ္တာရှင်…(၅)
ဘုန်းပွင့်တေဇာ ---------- ၁၈၄





စာ-၉၂




စာ-

ကောတုမတိ ရှေးဟောင်းသမိုင်းဝင်
မြစည်းနံ့စေတီတော်မြတ်ကြီး

စာ-၁၇ ကျော်သန်း(တိုင်းရင်းဆေး



မြစည်းနံ့စေတီတော်

စာ-



ရွှေဘွား သိုက်ဟာတ လူခြောက်ကလေးနှင့်
ထိပေါက်ခြင်း

တာတေကြီး

စီးပွားဖြစ်စေသော လူခြောက်ကလေးများ



The Flower News ဂျာနယ် အတွဲ(၆)၊ အမှတ်(၁၅)



Myanmar Newsweek ဂျာနယ်

www.burmeseclassic.com

www.burmeseclassic.com



## လျောင်းတော်မူ နှင့် ဂမ္ဘီရယတြာ

ညီကိုရာဇာ

စာ - ၁၁၄

## ဝက်မစွတ်ဝန်ထောက် ၏ နေ့စဉ်မှတ်တမ်းထဲက ပဟေဠိဆရာ

တင်နိုင်တိုး



စာ - ၂၉၇

## မြန်မာ့ရေးရာ


...ရှေးဟောင်းသမိုင်းဝင် မြစည်းခုံစေတီတော်မြတ်ကြီး

...(တိုင်းရင်းဆေး) ------------------------------ ၁၇

...ပင်မြို့တောရကြီး ဆရာတော်ဦးအရိယ

...ကျော် ------------------------------ ၂၃

... တွဲတော၊ ပြည် ရွှေဆံတော်ဘုရား ၃ ဆူ အဓိဋ္ဌာန်နှင့်

... အောင်မြင်မှုများ ------------------------------ ၄၁



...ဒီတာအဖွဲ့ / ကြော်ငြာနှင့် ဖြန့်ချိရေး

လာဘ်မိုးရွှေ စာပေ

...- ၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

... - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၁၀၀၅၉၂၅


## ရောင်ပြန် လှူဖွယ်ဆန်းကြယ်


ပူနာကာရုတနာအရုပ်တော်ပုံ(ဇာတ်သိမ်း)

အောင်သန်းချစ် ------------------------------ ၁၁၉

ပြည်တွင်းပြည်ပ ဝိညာဉ်လောကယုံကြည်ချက်များ

လှတိုး(စိတ်ပညာ) ------------------------------ ၁၅၃

ဆင်ပစ်မုဆိုးတစ်ဦး၏ သည်းထိတ်ရင်ဖို

အောင်သန်းချစ် ------------------------------ ၁၅၈


## လူတွေသိ နတ်တွေကြားစေ


လူတွေသိ၍ နတ်တွေကြားစေ ------------------------------ ၃၄၀


## ရောင်ပြန်ဗေဒင်


သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း

ဒေါက်တာစောယုနွယ် ------------------------------ ၃၂၉


## ရောင်ပြန် အထူးယတြာ


နိုင်ငံခြားရောက်မြန်မာများအတွက် အထူးဟောကိန်း

ဒေါက်တာစောယုနွယ် ------------------------------ ၃၃၈


## ဈေးရောင်းကောင်းအောင်

ဦးမောင်မောင်မြင့် စာ - ၇၁



www.burmeseclassic.com

www.burmeseclassic.com

ညောင်လေးပင်မြို့
**တောရကြီးဆရာတော်**
**ဦးအာဒိစ္စ**

စာ - ၂၃ ■ ပဲခူးကျော်ကျော်(မှတ်သည်)




## လောကီရေးရာ


အနိစ္စဒေသနာတော်(၃)
မဟာထွန်း ---------- ၂၈
တရုတ်နက္ခတ္တဗေဒပညာ ၂၀၁၄-မေလ
ကေတီအောင်သိန်း ---------- ၃၂
ဝေဘူဆရာတော်ကြီးနှင့် ကျွန်တော်(၂)
သူတော်စင်မင်းအောင် ---------- ၃၅
ဓာတ်ရိုက်ယတြာ ရွှေပညာ(၂၂)
ဘုန်းပွင့်ထွန်း ---------- ၃၇
မကျန်းမာသူများအတွက် ယတြာ
အင်ပင်သန်းဆွေ ---------- ၄၃
ငွေပို့ပါစေ ယတြာချေ
ဂမ္ဘီရဆရာပွင့် ---------- ၄၅
လှစည်အောင်
လှဇော်(ကျိုက်ထီးရိုး) ---------- ၅၀
စီးပွားရေး အရောင်းအဝယ်၊ အလုပ်အကိုင်...ယတြာ
ဘဒ္ဒန္တဝေပုလ္လ ---------- ၅၁
ဈေးဦးမပေါက်သော်
မော်တင်သိန်းဇော်ဇ ---------- ၅၃
စာအုပ်ဆိုင်တွင်း လှဝင်စေ
ဝေယံဦး ---------- ၅၅
မဆန်းသော်လည်း ထူးသည့် ကိုးနဝင်း မိုးလင်း အဓိဋ္ဌာန်
ကိုမောင်သန်းဝင်း ---------- ၅၈
ကိုနဝင်း မိုးလင်းမှသိမယ်
ကိုမောင်သန်းဝင်း ---------- [illegible]
ဝိဇ္ဇာမြင့်နှင့် မော်ဝင်နေသောရုပ်လုံးများ
မောင်မောင်မြင့်အေး ---------- [illegible]
သရောဒရဒွေး နာမည်ပေးနည်း
မင်းသုန္ဒြ ---------- [illegible]
ရောင်ပြန်မဂ္ဂဇင်းပြက္ခဒိန်
အင်ကြင်းဖြူဖြူ(တောင်ငူ) ---------- [illegible]
စိုက်ပျိုးရေးရာ တစ်လတာ
တောကကိုရင် ---------- [illegible]
သည်တစ်လမှာ ဆောင်ရွက်ပါ
နေမျိုးထွဋ်ခေါင် ---------- [illegible]
အလုပ်အကိုင် အောင်မြင်စေရန်
မဟိဒ္ဓိကျော်ခေါင် ---------- [illegible]
သည်တစ်လတာ ကံကြမ္မာ
ဆရာမိုးဟန်ကြွယ် ---------- [illegible]
သည်လအတွက် ကောင်းသောရက်
နွယ်သာကီအောင် ---------- [illegible]
လျှောင်းတော်မူနှင့် ဂမ္ဘီရယတြာ
သီရိရတနာ ---------- [illegible]
ချစ်စရာတော်ဝင်နိုင်ငံ
အေးအေးသန်း ---------- [illegible]



စာ - [illegible]

**ဆင်ပစ်မုဆိုးတစ်ဦး**
၏
**သည်းထိတ်ရင်ဖို**

■ လှမိုး(ပညာ[illegible]




www.burmeseclassic.com



## လောကီရေးရာ



...ကိုဘိုးအောင် စောင်မည့်နှံပြုမှု ရရှိပုံ(၁၁)
...ကျော်(ရေကြည်သား) ------------------------- ၁၄၇
...ခိုင် နက္ခတ္တဆရာကြီးမိုဒူးပိုက်ဆံ၏ လအလိုက်အဟော
...ဘဏ္ဍာသီလ) ------------------------- ၁၆၃
...ဘန်ဝန်ကြီးချုပ်ဟောင်း မစ္စက်ဘနာဇီယာဘူတို၏(၂)
...(မိုးတား) ------------------------- ၁၇၀
...အကြိမ်မြောက် အာစရိယပူဇော်ပွဲ
...စင်မင်းအောင် ------------------------- ၁၇၈
... ၈၄၀၀၀ ရှိခိုးတဲ့အကျိုး
...တ်စည် ------------------------- ၁၈၂
...ချင် ပုံပြင်သာ မှတ်လိုက်ပါ(၅)
...သက်ဆွေ(M.D) ------------------------- ၁၉၄
...ကောင်းတို့ နှလုံးသား(၂)
...အရှင်အကံ့ရ ------------------------- ၁၉၉
...ကျွဏာဆရာဟောချက် သွေးထွက်အောင်မှန်
...လ်သခ် ------------------------- ၂၀၂
...တွေ့
... ------------------------- ၂၁၆
... ဟာသများ
...) ------------------------- ၂၁၉
... အနော်ရထာမင်းကြီး နတ်ရွာစံရပုံ
...သာကီနွယ်) ------------------------- ၂၃၄

သစ်ပင်လဲအောင် ဖြတ်သော်လည်း
နတ်ထီးလှိုင် ------------------------- ၂၃၉
အံ့ဖွယ်ထူးဆန်း ဆေးစွမ်းကောင်းများ(၇)
မျိုးသန်းထွန်းကို(ရေစကြို) ------------------------- ၂၅၅
ဘဝအမောစင်မယ့် လှတောတစ်ခွင်ဟာသများ
ဦးကောင်းထူး ------------------------- ၂၅၉
ရေငန်ပိုင်ဦးရှင်ကြီး
ဆင်ဖြူကျွန်းအောင်သိန်း ------------------------- ၂၆၃
သင် တကယ်လူဖြစ်ပြီလား
ဝေလင်း(ရောဝတီ) ------------------------- ၂၆၅
ဝေဒနာမတိုးအောင် ဒါတွေရှောင်
ဆရာမိုးဟန်ကြွယ် ------------------------- ၂၆၉
ရတနာသုံးပါး ဆည်းကပ်ကိုးကွယ်မှု
ဦးကြိုင်မြင့်(ဆူးလေ) ------------------------- ၂၇၁
US ခရီးသည်
မောင်ကောင်းမြင့် ------------------------- ၂၇၃
အမှတ်ရစရာ ဝေါဟာရစကားလုံးများ
သမီးဗဂျီအောင်စိုး ------------------------- ၂၇၆
သက်သတ်လွတ်စားခြင်းဖြင့် ကမ္ဘာကြီးကို ကယ်တင်ပါ
လေးသူ့စံ ------------------------- ၂၈၄
ဝက်မစွတ်ဝန်ထောက်၏ နေ့စဉ်မှတ်တမ်းထဲက ပယောဂဆရာ
တင်နိုင်တိုး ------------------------- ၂၈၇
အလောင်းတော်ကဿပ ဘုရားဖူးခရီးသွားမှတ်တမ်း
ရှယ်လီသိန်းမောင် ------------------------- ၂၉၉

www.burmeseclassic.com


ချစ်ခြင်းရှင်အလွှာများ
ဆောင်းနိုင်ဦး ———— ၃၀၃
ရာရာစြိုစြို ပြိုင်မှုး(တက်သတ်သမားတော်ဝဲ)
နိုင်ထွန်း(တာရှေ့) ———— ၃၁၃
မဲခေါ်ဦးမှ ထီထိုးကြ
ဆောက်ဝန်နီ(သမထ) ———— ၃၁၅
စိတ်ရောက်ပဲ ချမ်းသာစေသည့်ယကြာ
ဝဏ္ဏသင်ထက် ———— ၃၁၇
နံ့သင့်အပင်မှာ ဆုတောင်းပါ
ချိုဇေရာပွင့် ———— ၃၂၀






## ရောင်ပြန် ရသ


ရွှေသွေး(သို့)လူခြောက်ကလေးနှင့် ထီပေါက်ခြင်း
တာတေကြီး ———— ၈၁
လူခြောက်ကလေး မောင်လူမွေး
ကျော်မင်းနိုင် ———— ၉၂
လွမ်းမောဖွယ်ကောင်းသော မထွေးလုဇာတ်ကြောင်း
ကိုမောင်သန်းဝင်း ———— ၁၀၀
မေတ္တာရောင်ပြန် ထင်ဟပ်ရန်သာ
ဆောင်းဝင်းလတ် ———— ၁၆၆
ဂန္ဓဝင်မေမေ၊ ကရုဏာမေမေ၊ ကောင်းကင်မေမေ
ရွှေမြိတ်သောင်းတင် ———— ၂၀၆
နေ့မှာသာတဲ့ ငွေလမင်း
နန္ဒာမိုးကြယ် ———— ၂၁၂
အပြောင်းအလဲမရှိ ကောင်းသောအရာ
ခင်မောင်အေး(မန္တလေး) ———— ၂၂၂
ဘာမှမဟုတ်ပါလား
မနုသသကျော်ဝင်း ———— ၂၃၀
ပေးတာ ပေးသော်လည်း
နေပုည ———— ၂၄၀
ကျွန်တော့်ဘွားဘွား မြေး
နှင်းနှင်း ———— ၂၇၀
ပုဏ္ဏာနှစ်ပုဒ်ရဲ့နွယ်
ခိုင်ခင်အင်ကြင်း ———— ၂၇၆
မဟူရာစံအိမ်
တာတေကြီး ———— ၂၉၀
အိပ်မက်ပေးတဲ့ လူခြောက်ကလေး
နန္ဒာမိုးကြယ် ———— ၃၀၆








www.burmeseclassic.com

www.burmeseclassic.com

## ရောင်ပြန် မျက်နှာဖုံးဆောင်းပါး


သူများထက်ဦး ထူးချင်တဲ့လူ
ဂမ္ဘီရမောင်မောင် ---------------------------------------- ၄၇
ဈေးခေါ်ပါတဲ့ ဖေဇော်ဂျီ
ဆရာခေါင်ထွဋ်မြင့် ---------------------------------------- ၆၁
လာဘ်လာဘရှင်လန်းအောင် ဝိဇ္ဇာရေ ဇီးကွက်ရုပ်တုကိုဆောင်
ဝင်းဇော်(သုံးဆယ်) ---------------------------------------- ၆၃
လာဘ်ကောင်နှင့်ဇော်ဂျီ ဈေးရောင်းကောင်းဖို့ စီရင်သည်
ကိုမောင်သန်းဝင်း ---------------------------------------- ၆၅
ဈေးရောင်းဈေးဝယ်ကောင်းအောင်
ဂမ္ဘီရဆရာလှမျိုး ---------------------------------------- ၆၇
ဈေးရောင်းရင် မိတ်ခေါ်ဈေးခေါ်ကြည့်
ကောင်းဟိန်း(ကျွန်းသစ်) ---------------------------------------- ၆၉
ဈေးရောင်းကောင်းအောင်
ဦးမောင်မောင်မြင့် ---------------------------------------- ၇၁
လောကီကျွမ်းလာ အလှူဦးမပြုရာ
ဂမ္ဘီရဆရာကြီးဇာဂရ ---------------------------------------- ၇၃
ထိုတရမေတ္တာရောင်ပြန်ကျင့်စဉ်
လှအောင်ကြည်ဖြိုး ---------------------------------------- ၇၇
ဇီးပွားဖြစ်စေသော လှူခြောက်ကလေးများ ---------------------------------------- ၈၀
ဝိဇ္ဇာမြင့်နှင့် မော်ဝင်နေသော ရုပ်လုံးများ
မောင်မောင်မြင့်အေး ---------------------------------------- ၈၆









အယ်ဒီတာအဖွဲ့ / ကြော်ငြာနှင့် ဖြန့်ချိရေး
**လာဘ်မိုးရွှေ စာပေ**
အမှတ် - ၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉ - ၄၃၀၇၅၃၁၁၊ ၀၉ - ၄၂၁၀၀၅၉၂၅




www.burmeseclassic.com

# ရောင်ပြန်



မဂ္ဂဇင်း၊ ၂၀၁၄-ခုနှစ်၊ မတ်လထုတ်တွင် ပါဝင်သော "ကံထူးချင်ရင် ဓာတ်ဘူးအစီအရင်" ဆောင်းပါးအား ဖတ်ရှုခဲ့သူ တစ်ဦးမှ ၂၇ ရက်အတွင်း ငွေအထုပ်အထည်ဖြင့် ရရှိကြောင်း သိရှိရသဖြင့် စာဖတ်သူများအတွက် မေတ္တာထား၍ ပြန်လည်ဖော်ပြလိုက်ပါသည်။

<u>ယတြာ ပြုလုပ်ရာတွင် ပါဝင်ရမည့် ပစ္စည်း</u>

(၁) ဓာတ်ဘူး(အဝါရောင် သို့မဟုတ် အစိမ်းရောင်)
(၂) ထီး(ရွှေထီး သို့မဟုတ် ထီးဖြူ)
(၃) သာသနာ့အလံ
(၄) တံခွန်လုံး
(၅) ယပ်

<u>ပြုလုပ်ရမည့် အချိန်၊ နေ့ရက်နှင့် လှူဒါန်းရန်ပစ္စည်း</u>

တနင်္ဂနွေနေ့ နံနက်(၉း၂၀)နာရီအချိန်တွင် မိမိအိမ်ဘုရားကျောင်းဆောင်ရှေ့ရှိ ခုံမြင့်တစ်လုံးပေါ်၌ ထိုစီရင်ထားသော ယတြာဓာတ်ဘူးကို တင်၍ အောက်ပါအတိုင်း မင်္ဂလာနိမိတ်စကား ပြောဆိုရမည်။

(က) ဓာတ်ဘူးအဖုံးကိုဖွင့်စဉ် "ကျွန်တော်/မ တို့မိသားစု အောင်မြင်တိုးတက် ကြီးပွားပါစေ" ဟု ပြောပါ။
(ခ) ထိုဓာတ်ဘူးအတွင်းသို့ ရွှေထီးတစ်လက် စိုက်ထူ၍ "ဘုမ္မိယဆိုးကျိုး ထီးအုပ်မိုး" ဟု ပြောပါ။
(ဂ) ရွှေထီးနှင့်အတူ သာသနာ့အလံတစ်ခု ထပ်မံစိုက်ထူ၍ "ငါးထောင်သာသနာတည်စေသော်" ဟု ပြောပါ။
(ဃ) ရွှေထီး၊ သာသနာ့အလံတို့နှင့်အတူ တံခွန်လုံးတစ်ခုကို စိုက်ထူ၍ "ယောကျ်ားတံခွန် လူရည်ချွန်" ဟု ပြောပါ။
(င) ထို့နောက် ယပ်တစ်ချောင်း စိုက်ထူ၍ "ကျွန်တော်/မ တို့မိသားစု "အေးချမ်းအောင်မြင် တိုးတက်ကြီးပွားပြီ" ဟု ပြောပါ။
(စ) ဆွမ်း(၁)ပွဲ၊ အလင်းတိုင်(၅)ချောင်း၊ အောင်သပြေပန်း ပူဇော်၍ ငါးပါးသီလ ခံယူပြီးနောက် အထက်ပါ ယတြာပြုလုပ်ထားသော ဓာတ်ဘူးကိုယူ၍ ယုံယုံကြည်ကြည် သဒ္ဓါတရား ထက်သန်စွာဖြင့် အောက်ပါနိမိတ်စကားကို ပြောကြားပါ။

*"ဇမ္ဗူဒီပါ တောင်လက်ျာ ဩဘာနိမိတ်ဖြင့် တောင်ကျွန်းကျက်သရေ တက်နေလပုံကို တောင်းဆုခြွေလိုက်ပါသည်။ အမျိုးဘာသာ သာသနာကို တစ်ပေါင်းတည်း၊ တစ်စည်းတည်း၊ စည်းစည်းလုံးလုံး ညီညာဖျဖျ ကိုယ်စီကိုယ်င စောင့်ရှောက်တော်မူနိုင်ပါစေသတည်း"*

ဟု မေတ္တာဓာတ်ဖြင့် ပြောကြားပါ။ ထို့နောက် ထိုဓာတ်ဘူးကို မိမိအိမ်ရှိ မြတ်စွာဘုရားရုပ်ပွားတော်၏ ညာဘက်တွင် ထားပါ။ (၂၇)ရက်အတွင်း ငွေအထုပ်အထည်ဖြင့် ရရှိစေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com


# မော်ဒန်ဆိတ်များ

**ခက်လှိုင်းကျော်**

- မြက်စားချင်လို့ အသားခိုးတာ
  မဟောသဓာဇာတ်တော်မှာပဲ ရှိတယ်။

- ကာလတွေရွေ့လျား
  ရာစုသစ်အသားခိုးကြသူများ
  မြက်မစားတာ သေချာတယ်။

- သူတို့တွေဟာ
  ဇာတကဖတ်စာက
  အနာတရ သတ္တဝါအဇ
  မဟုတ်ကြဘူး။





www.burmeseclassic.com

www.burmeseclassic.com

# အမေဆုံးတဲ့နေ့

## ခိုင်သက်အောင်

- နေလုံးကို
ဝုန်းခနဲ
တိမ်ဖုံးသလိုမျိုး။

- တစ်ဘဝစာ
မျက်ရည်များစွာရွာ။

- တစ်ဘဝစာ
ဒုက္ခထွန်ခြစ်ဆွဲရာနောက်
ကောက်ကောက်ပါ။

- “ဘဝ”ဆိုတာ မနိုင်ဝန်
“အမေ”နဲ့ ကျေပွန်ရတော့မယ်။





www.burmeseclassic.com

www.burmeseclassic.com

# မြှက်ခြောက်မာန်

စိုးကိုကို(လေးမျက်နှာ)


- သဘောမမှန်တဲ့
  လောကစံနှုန်း။

- ပုစမ်းလေ
  ဆယ်နေ့ ကဲစေပေါ့
  ကျောကော့ ခံမလေ။

- ဘယ်သူ့ပဲ နင်းလို့ချေ
  မာန်စွယ်တွေ မချိုး။

- မိုးတစ်ပြိုင် ရွာလေတော့
  မြှက်လွှာ ငြိမ့်ငြိမ့်ညောင်း
  ခေါင်းထောင်လို့ပြူး။



www.burmeseclassic.com

www.burmeseclassic.com

# ထပ်ဦး

ကိုဘချော

- ငယ်ငယ်လေးတုန်းက လမ်းလျှောက်ရင်း
ကျောက်စရစ်ခဲလေးတွေ လက်ထဲရောက်လာပုံကို
ရင်ခုန်ရကောင်းမှန်း မသိခဲ့ဘူး။

- အခုတော့လည်း
ဆံပင်တွေ သပ်သပ်ရပ်ရပ်ဖြစ်လာပြီဆိုရင်
မှန်တိုင်းဆင်မယ်ဆိုတာကြီးပဲ
ပင်လယ်ပြင်တွေကိုက··· ။

- စစ်စစ်စီစီလေးနေရအောင်လည်း
အလစ်မှာ နောက်ကျောကိုဓားနဲ့ထိုးတတ်တဲ့
ဟိုမရောက်ဒီမရောက်တွေလို
ပုဂံမရောက်၊ ဂျပန်မရောက်
ပန်းကန်နဲ့ရေအိမ်ပဲ အပ်ကြောင်းထပ်နေဦးမှာ။

- ကောင်းကင်နဲ့ မြေကြီး
နီးနီးလာလို့များလား
ခင်ဗျားတို့ ကျုပ်တို့ ခါးမဆန့်နိုင်ကြတော့တာ··· ။



www.burmeseclassic.com

www.burmeseclassic.com

# သင်တုန်းဓား

**စန်းနီလာဝင်း**

- သင်တုန်းဓားထက်၊ ပျားရည်စက်ကို
လျက်သူ့အလား၊ ပမာထား၍
ဘုရားဟောကြားခဲ့ပါသည်။
- လောကစည်းစိမ်၊ ထိုရိပ်ငြိမ်ဝယ်
ကြိမ်ဖန်များစွာ၊ ခံစားပါလည်း
ရေပွက်ပမာ၊ ခဏတာမျှ
ထာဝရဆိုတာ၊ မရှိပါတည့်
ပညာဉာဏ်ထွင်၊
ဆင်ခြင်ဆုံးဖြတ်ရှိတတ်စေ။
- ဖြစ်ပျက်သမျှ ဓမ္မစက်ကို
စဉ်ဆက်မပြတ်၊ ရှုမြင်တတ်မှ
အတ္တလည်းကွာ၊ သက္ကာယနှင့်
တဒင်္ဂတွင်။ ခဏချင်းပင်
ပယ်ရှင်းအဝိဇ္ဇာအမှောင်တည်း။
- အို…အသင်လူသား။ လမ်းမမှားနှင့်
အို…အသင်လူသား။ မမှောက်မှားနှင့်
အို…အသင်လူသား။ မဖောက်ပြားနှင့်
အို…အသင်လူသား။ မမောက်ကြွားနှင့်
အို…အသင်လူသား။ မမေ့ပြားနှင့်
တရားသိမြင်၊ သင်ဆင်ခြင်လော့။
- သင်တုန်းဓားထက်၊ ပျားရည်စက်ကို
လျက်သူ့အလား။ ပမာထားကာ
ဘဂဝါဘုရား၊ ဟောကြားထား၍
ရှုပွားဆင်ခြင်၊ သင့်အမြင်၌
သင်သည်ဒုက္ခ၊ အနတ္တနှင့်
သင်သည်ဒုက္ခ၊ အနိစ္စမို့
ဓမ္မတရား ရင်ဝယ်ထား၍
ကြိုးစားအားထုတ်နိုင်စေသတည်း။



www.burmeseclassic.com

www.burmeseclassic.com

# နေ့နဲ့ညရဲ့ပုံရိပ်များ

မြကျောက်အေးချမ်း

- ဘယ်ပန်း မွှေးတယ်ပြောပြော
  အချစ်ရနံ့လောက်တော့ မသင်းဘူး။

- ဘယ်ပန်း လှတယ်ပြောပြော
  အချစ်လောက်တော့ မလှဘူး။

- စမ်းရေစီးသံလေးက
  စောင်းသံထက် သာယာပေမဲ့
  အချစ်အသံလောက် မသာယာဘူး။

- နေနဲ့လရဲ့ ခြေလှမ်းတွေက
  အချစ်ခြေလှမ်းတွေလောက်
  ကက္ကနွေမရဘူး။

- အချစ်ကို မုန်းမေ့တဲ့အခါ
  အချစ်ဟာ . . .
  မမွှေးတဲ့ မလှတဲ့
  အသံမသာယာတဲ့ ကက္ကနွေမရတဲ့
  စိတ္တဇပန်းချီကား ဖြစ်သွားတယ်။






www.burmeseclassic.com

www.burmeseclassic.com

# ပင်လည်ဘူး

**သားထက်ဆွေ**

● သစ်ပင်တို့ခေါ်ဆောင်ရာ သစ်တောအုပ်ထဲက
တောင်ပေါ်တောလမ်းလေးအတိုင်း
ကွေ့ကောက်မတ်စောက် ပြေလျောပြောင့်တန်း
ငြိမ့်ခနဲ၊ ထိတ်ခနဲ၊ သိမ့်ခနဲ၊ ထိတ်ခနဲ၊ ငြိမ့်ခနဲ...။

● ဟော...တွေ့ပြီ
ပဍ္ဍလက်ဆန်ဆန်
တောင်ပေါ်ဂမ္ဘီရ တောမြို့နယ်လေး...။

● လျှို့ဝှက်
တိတ်ဆိတ်
ငြိမ်သက်
ငြိမ်းချမ်း...။

● ဟိုလိုမြို့ကြီး ဒီလိုမြို့ကြီးတွေမှာလို
သမီးလေးတွေ မရှိဘူး
ညီမလေးတွေလည်း မတွေ့ရဘူး
အဲ...
ဘီယာဆိုင်တော့ရှိတယ်...။

● ကိုယ့်အားကိုယ်ကိုးတဲ့
လူမှုရေးအဆောက်အဦတွေ
လမ်းတွေ တံတားငယ်လေးတွေ
လမ်းမီးတိုင်လေးတွေက
မြို့လေးရဲ့ ညီညွတ်မှုကို ပြောပြနေကြတယ်...။
လော်စပီကာ မိုက်ခရိုဖုန်း အသံသေတ္တာတွေနဲ့
အသံညစ်ညမ်းမှုတွေမရှိဘူး
တစ်ချက် တစ်ချက်

● ဒေသသူလေး ချောစခင်ရဲ့အသံလေးက
သိုးသိုးသန့်သန့် သဲ့သဲ့ပ...။

● ဟိုလိုမြို့ကြီး ဒီလိုမြို့ကြီးတွေမှာလို
မျက်လုံးပြူးပြူး အသားမည်းမည်း နှာခေါင်းချွန်ချွန်နဲ့
မျက်လုံးမှေးမှေး အသားဖြူဖြူ နှာခေါင်းပြားပြားတွေ
မတွေ့ရတာကိုက
မြို့လေးရဲ့ စည်းလုံးညီညွတ်မှုကို ပြောပြနေကြတယ်...။

● ပင်လယ်ဟာ
လှိုင်းမုန်တိုင်းကျောက်ဆောင်တွေနဲ့ တန်ဆာဆင်ထားပေမယ့်
ကျွန်တော်ရောက်ခဲ့တဲ့ ပင်လယ်ကတော့
ပင်လယ်ကို ဘူးထဲထည့်ထားသလို
လျှို့ဝှက်
တိတ်ဆိတ်
ငြိမ်သက်
ငြိမ်းချမ်း ...။

● မဟုတ်မခံစိတ်
ဒေသကို ချစ်တဲ့စိတ်အခံ
ပင်လယ်ထက်စွမ်းတဲ့ တောင်ပေါ်မြို့လေး
အဲဒါ...
"ပင်လည်ဘူး"...တဲ့။





www.burmeseclassic.com

www.burmeseclassic.com


# ရေစီး

ဝင်းမြင့်ကျော် (တောချောင်းဦး)

- သီလတွေ
  တိုက်စားခံလိုက်ရတယ်။

- မြပဟ္မစိုရ်တွေလည်း
  မျောပါကုန်ပြီ။

- ရေစီးအားက သန့်မှသန့်
  ကိလေသာတောင်ထိပ်မှာ
  မြစ်ဖျားခံတာကို။ ။




www.burmeseclassic.com

www.burmeseclassic.com

# ကေတုမတီ ရှေးဟောင်းသမိုင်းဝင် မြစည်းခုံစေတီတော်မြတ်ကြီး

ကျော်သန်း(တိုင်းရင်းဆေး)



မြစည်းခုံစေတီတော်


သာသနာတော် အရှည်တည်တံ့ မည့်အရေးကို မြင်တော်မူသော မြတ်စွာဘုရားသည် ရှင်အာနန္ဒာ၊ ရှင်သီဝလိ၊ ရှင်ဂဝံပတိမထေရ်တို့နှင့် ဇေယျဝမုနတိုင်းသို့ ဒေသစာရီ လှည့်လည်ကြွတော်မူသည်။ ထိုစဉ် အာသာဝတီ (ခေါ်) ပေါင်းလောင်းမြစ်ကို ကူးတော်မူ၍ အရှေ့ဘက်သို့ ကြွတော်မူပြီး အင်တိုင်းတောတွင် ရပ်တော်မူသည်။ ထိုအရပ်၌ ရှင်သီဝလိ၏ ခြေတော်ရာကို ချထားတော်မူခဲ့သည်။

ထို့နောက် အနောက်တောင်ဘက်သို့ကြွပြီး ခြေဆေးလိုသော ဆန္ဒတော်ရှိသဖြင့် ချောင်းမြောင်းက ထွက်သော ရေနှင့် ခြေဆေးတော်မူ၏။ ထိုချောင်းသည် ယခုအခါ 'ခြေဆေးချောင်း'ဟု တွင်နေ၏။ ထိုအရပ်မှ အရှေ့ဘက်သို့ ကြွတော်မူ၍ ကုန်းမြင့်ထက်၌ရပ်လျက် ပြုံးတော်မူ၏။ ချောင်းကို ပြုံးချောင်းဟု တွင်ကျန်ရစ်၏။ ထို့ပြင် မြတ်စွာဘုရားက ''ရှင်အာနန္ဒာ ... ဤအရပ်၌ သင်နှင့်ငါ ကြက်ဖြူညီနောင် ဖြစ်ခဲ့ဖူးသည်ဟု မိန့်ကြားတော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



မြစည်းခုံစေတီတော်မြတ်ကြီးမုခ်ဝ

မြတ်စွာဘုရားသည် ဆက်လက်၍ မိန့်ကြားရာ၌ "ငါဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် အုပ်စိုးတော်မူသော သီရိဓမ္မာသောကမင်းကြီးသည် ငါဘုရား၏ လက်ရုံးတော်ဓာတ်၊ အောက်မေးရိုးတော်ဓာတ်တို့နှင့် မွေတော်မြတ် ခြောက်ဆူတို့ကို သဒ္ဓါကြည်ဖြူ သာသနာတော်ကြီးပွားတိုးတက်ရန် တည်ထားကိုးကွယ်လတ္တံ့"ဟု ဗျာဒိတ်ပေးတော်မူခဲ့သည်။

ထိုဗျာဒိတ်တော်အရ သီရိဓမ္မာသောကမင်း ဤအရပ်တွင် ထရထည်းညီနောင်(ယခု မြတ်စောညီနောင်နှင့် ကျောက်ဆောက်မုဋ္ဌောညီနောင်စေတီတော်)တို့ကို တည်ထားကိုးကွယ်တော်မူခဲ့သည်။

ထိုသို့ 'ဇေယျဝဓနဲ'တိုင်းသည် ဘုန်းလက်ရုံးအာဏာတန်ခိုးနှင့် ပြည့်စုံသော မင်းပေါင်း ၃၅ ပါး၊ နှစ်ပေါင်း ၃၃၃ နှစ်မျှ အုပ်စိုးခဲ့ကာ အမျိုးဘာသာသာသနာအကျိုး ပွဲပြိုးစည်ပင်ခဲ့ပါသည်။ ဘူမိနက်သန်အောင်မြေမှန်သည့် ဂုဏ်ပေါင်းကြွယ်ဝ တိုင်းဇေယျဝဓနပင် ဖြစ်ပါတော့သည်။

## တောင်ငူအစ သဝန်ညီနောင်က

ပုဂံခေတ် အလောင်းစည်သူမင်းသည် သူ့ရဲကောင်းရန်မန်ငထွေးကို 'အနန္တသူရိယ'ဘွဲ့အမည်ခံစေသည်။ မြန်မာနှစ် ၅၅၃ ခုနှစ်တွင် အလောင်းစည်သူမင်းသည် မြတ်စောညီနောင်နှင့် ရှင်ပင်ကျောက်ဆောက်စေတီတော်မြတ်ကို မွမ်းမံပြင်ဆင်ပြီး ဖောင်တော်ကို ဆွာချောင်းအတိုင်း ဆန်တက်လာသည်။ ထိုအခါ ကမ်းပါးမြင့်ရွာကို တွေ့ရှိရသည်။ ထိုရွာသည် မြို့မကကြီးသည့် ရွာဖြစ်သဖြင့် သမက်တော် အနန္တသူရိယအား အပိုင်စားပေးလေသည်။

အနန္တသူရိယအမတ်ကြီး ကွယ်လွန်သော် သားတော် မင်းလှစော အုပ်ချုပ်သည်။ မင်းလှစောကွယ်လွန်သော် သဝန်လက်ယာ အုပ်ချုပ်သည်။ သဝန်လက်ယာသည် မြောက်ဘက်သို့ ပြောင်း၍ ကြခတ်ဝရာမြို့ကို တည်ထောင်သည်။ သဝန်လက်ရာ ကံကုန်သော် သားတော် သဝန်ညီနောင်တို့သည် 'ဗျူ' ရွာမှ ပေါင်းလောင်းမြစ်ကို ဆန်တက်၍ လက်ဝဲဘက် ခပေါင်းချောင်းသို့ ဝင်ခဲ့သည်။ မင်းဝန်တောင်စွန်းသို့ ရောက်သောအခါ တောင်ငယ်အငူတစ်ခုကို တွေ့သဖြင့် တောင်ငူဟု သမုတ်ကာ မြို့ရွာတည်ထောင်ကြပြီး တောင်ငူငယ်ဟု မြို့ကို ခေါ်ခေါ်သမုတ်ကြသည်။ ထို့ကြောင့် တောင်ငူအစ သဝန်ညီနောင်ကဟု ဆိုရိုးစကားရှိခဲ့ပါသည်။

မြန်မာနှစ် ၈၄၇ ခုနှစ်တွင် မဟာသီရိဇေယျသူရဘွဲ့ခံ မင်းကျော်ညို နန်းတက်လာသည်နှင့် တစ်ပြိုင်နက် တောင်



ရင်ပြင်တော်ပေါ်ရှိ အရံဘုရားနှင့်တံခွန်

www.burmeseclassic.com

www.burmeseclassic.com



တန်ဆောင်းအတွင်း ဗုဒ္ဓရုပ်တုတော်



တန်ဆောင်းအတွင်းမဟာမုနိရုပ်ရှင်တော်မြတ်ပုံတူဘုရား



အဘဘိုးဘိုးအောင်နှင့် အဘဘိုးမင်းခေါင်

ငှ၏ စန်းဇာတာ လျှမ်းဖြာလာပါသည်။ မြန်မာနှစ် ၈၇၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်၊ အင်္ဂါနေ့ နံနက် ၂ ချက်တီးအချိန်တွင် နက္ခတ် ၂၆ လုံးပြည့်၊ မိန်စန်း၊ ဗြိစ္ဆာလဂ်၊ အင်္ဂါ၊ ရာဟု၊ ကြာသပတေး၊ မကာရတွင် သောကြာ၊ ဗုဒ္ဓဟူး၊ တနင်္ဂနွေ တူ၊ စနေသိဟ်ရာသီ၌ ... 'ကေတုမတီ' ရွှေမြို့တော်ကို စတင်တည်ထောင်ခဲ့သည်။

ထိုသို့ သီဟိုဠ်ဆရာတော်က ''ဇမ္ဗူဒိပ်ကျွန်း၏ တုရင်မှန်ကင်းသဖွယ်ဖြစ်မည့် မြို့တော်ဖြစ်၍ ကေတုမတီ''ဟု မှည့်ခေါ်ရန် အမိန့်တော်ရှိခဲ့ပါသည်။ တောင်ညိုပဥ္စင်းပျို ကျက်ဖဆိုင် ဆရာတော်တို့ကလည်း ထောက်ခံမိန့်ကြား၍



www.burmeseclassic.com

www.burmeseclassic.com



ဇေတဝိပင် အောက် ဒုက္ကရ စရိယာ ကျင့်နေပုံ

ကြပါသည်။ ကေတုမတီဆိုသည်မှာ 'ဇမ္ဗူဒိပ်ကျွန်း၏ တံခွန်မှန်ကင်း''ဟု အဓိပ္ပာယ်ရရှိပါသည်။

ကေတုမတီ ရွှေနန်းတော်ဟူ၍ ပေါ်ပေါက်လာသည့်အချိန်မှစ၍ မင်းကျီးညို၏ဘုန်းသမ္ဘာတေဇာတော်သည် ထွန်းသစ်စ နေမင်း၊ ဆန်းသစ်စ လမင်းကဲ့သို့ တိုးတက်ထွန်းကားလာသည်ဟု ဆိုကြပါသည်။ ကေတုမတီ နန်းတည်ရာဌာနသည် ဘူမိနက်သန်မြေ ကြန်အင်လက္ခဏာတော် ကောင်းမွန်လှပါသည်။

## ကုန်း ၉ ကုန်း

၁။ ကျွန်းတောကုန်း၊ ၂။ ဓရပုပ်ကုန်း၊ ၃။ အိုးကုန်း၊ ၄။ ထီးနီကုန်း၊ ၅။ ကြက်လျှာကုန်း၊ ၆။ ညောင်ကုန်း၊ ၇။ သရဖီကုန်း၊ ၈။ ပြာသာဒ်ကုန်း၊ ၉။ ကန်တွင်းကုန်းဟူ၍ ကုန်း(၉)ကုန်း ရှိသည်။

## တီ ၉ တီ

၁။ ဝေဠုဝတီ၊ ၂။ ညေဝတီ၊ ၃။ အောင်ချာဝတီ၊ ၄။ ဒွါရာဝတီ၊ ၅။ အာသာဝတီ၊ ၆။ ဇေယျာဝတီ၊ ၇။ သေလာဝတီ၊ ၈။ ဗီလာဝတီ၊ ၉။ ကေတုမတီ ဟူ၍ တီကိုးတီ ရှိသည်။

မြန်မာနှစ် ၈၉၂ ခုနှစ်တွင် မင်းကျီးညို ကံတော်ကုန်သွားသောအခါ သားတော် တပင်ရွှေထီးသည် ကေတုမတီ ထီးနန်းကို ဆက်ခံတော်မူသည်။ တပင်ရွှေထီးမင်းသည် ဟံသာဝတီရွှေနန်းတော်ကို ပြောင်းရွှေ့စံတော်မူသောအခါ တောင်ခမင်းကြီး သားတော်လည်းဖြစ်သည့်ပြင် အထိန်းတော်ကြီးလည်းဖြစ်သည့် မင်းကြီးဆွေကို ခမည်းတော်အရင်းကဲ့သို့ ရိုသေလေးမြတ်လှသဖြင့် မင်းရဲသခ်သူဘွဲ့ခံ၍ တောင်ငူကို ဘုရင်ခံအဖြစ် ပေးအပ်ခဲ့လေသည်။

မင်းကြီးဆွေသည် ဘုရင့်နောင်ကျော်ထင်နော်ရထာ၏ ခမည်းတော်လည်းဖြစ်သည်။ ထို့ပြင် မင်းရဲသခ်သူမှ မင်းရဲသီဟသူဟူ၍ ဘွဲ့အမည်ပြောင်း၍ ချီးမြှင့်ခဲ့ပါသည်။ မင်ကြီးဆွေသည် တောင်ငူရွှေနန်းအား စိုးစံအုပ်ချုပ်ပြီး မြန်မာနှစ် ၉၀၇ ခုနှစ်တွင် 'မြစည်းခုံ'စေတီတော်မြတ်ကြီးကို တည်ထားကိုးကွယ်ခဲ့ပါသည်။

## ဂုဏ်ပေါင်းပြည့်စုံ မြစည်းခုံ

မြင့်မားသောခုံ (ဝါ) တောင်ကုန်းတည်ရှိ၍ မြတ်စွာဘုရား၏ သရီရဓာတ်တော်၊ မွေတော်များနှင့် ထူးမြတ်သောရတနာပေါင်းစုံတို့ကို ဌာပနာ၍ စေတီတော်တည်ထားခဲ့သည်။ ဌာပနာသောရတနာများထဲတွင် အထက်ဌာပနာတိုက်၌ ထူးမြတ်သည့် 'မြဘုရား'၊ အောက်ဌာပနာတိုက်၌ ထူးခြားသည့် 'မြပုခက်' တို့ ပါဝင်သည်ကိုအကြောင်းပြု၍ စေတီတော်မြတ်ကြီးအား 'မြစည်းခုံ'ဟု ဘွဲ့တော်ဖြင့် ကိုးကွယ်ကြခြင်း ဖြစ်သည်။

မြန်မာနှစ် ၁၂၁၃ ခုနှစ်တွင် ကိုလိုနီနယ်ချဲ့များ ဝင်ရောက်လာပြီး တောင်ငူမြို့ကို သိမ်းစဉ်က မြစည်းခုံဌာပနာတိုက်အား ဖျက်ဆီးပြီး ဖောက်ထွင်း၍ ထူးမြတ်သော ရတနာများ ယူငင်သွားကြကြောင်း သိရှိရပါသည်။ မြေအောက်ဌာပနာတိုက်ကိုမူ ကျွဲတစ်ရှဉ်းဖြင့် ဆွဲယူနိုင်သည့် ကျောက်ဖျာအငယ်စား ငါးခုကိုဆဲယူနိုင်

www.burmeseclassic.com




**ဂျာမနီမှလှူဒါန်းသော ကြေးဆင်းတုများ**

ခဲ့သည်။ ဆင်နှင့်ဆွဲယူရသော အောက်က ကျောက်ဖျာကြီး သုံးချပ် မဆွဲယူနိုင်ဘဲ ရှိခဲ့သည်။ အပေါ်မှ ကျောက်ဖျာငယ် ငါးချပ်သည် ရင်ပြင်တော်ပေါ်၌ ယခုတိုင် တွေ့မြင်နိုင်ပါသည်။

မြန်မာနှစ် ၁၂၅၇ ခုနှစ်တွင် ပြည်သူလူထု ပူးပေါင်း၍ အခွန်ဝန်မင်း ဦးဘော၊ မြို့ဝန်မင်း ဦးသာဇံ၊ မြူနီစီပယ်လူကြီး ဦးမဲ့ အစရှိသော လူကြီးများ ဦးဆောင်၍ ကြေးသွန်းရုပ်ပွားတော်ကြီးကို သွန်းလုပ်ပူဇော်ခဲ့ကြပါသည်။ ကြေးသွန်းရုပ်ပွားတော်ကြီးသည် မန္တလေးမဟာမုနိရုပ်ရှင်တော်မြတ်ကြီးကဲ့သို့ ကိုယ်လုံးတော်ကြီးကို ကြေးဖြင့်လည်းကောင်း၊ မျက်နှာတော်နှင့် ဥက္ကောင်းတော်ကြီးကို ရွှေ ငွေ ကြေး စသည်တို့ဖြင့် သွန်းလုပ်ပြီး စေတီတော်ဟောင်း တည်နေရာ၌ ပလ္လင်တော်ဖြင့် တည်ထားကိုးကွယ်ခဲ့ကြသည်။ အဆိုပါ ရုပ်ပွားတော်ကြီး၏ ကြေးချိန်ပိဿာ ၅၅၀၀ ကျော် ရှိပါသည်။

ဒုတိယကမ္ဘာစစ်အတွင်းက စစ်ဘေးစစ်ဒဏ်ခံခဲ့ရသဖြင့် အလွန်ခိုင်ခံ့တောင့်တင်းသည့် အာရုံခံအုတ်တန်ဆောင်းကြီးသည် ကြေမွပျက်စီးသွားခဲ့ရသည်။

သို့ရာတွင် ဂန္ဓကုဋိတိုက်အတွင်းရှိ ပလ္လင်တော်နှင့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကြီးသည် အထိအခိုက်မရှိဘဲ ကြွင်းကျန်ရစ်ခဲ့သည်မှာ ထူးခြားလှသော ဘုရားရှင်၏ တန်ခိုးတော်ပင် ဖြစ်သည်။

မြန်မာနှစ် ၁၃၀၉ ခုနှစ်တွင် ဂေါပကအဖွဲ့ ဖွဲ့စည်းတည်ထောင်ပြီး ဘုရားကုန်းတော်ကြီးကို ရှင်းလင်းသုတ်သင်က လေးဘက်လေးတန်ကို ပြန်လည်ပြုပြင်ခဲ့သည်။ ဂန္ဓကုဋိတိုက်အမိုးပေါ်၌ မြင့်မားသပ္ပာယ်လှသော စေတီတော်ကြီး တည်ထားပူဇော်၍ ထုထည်ကြီးမားကျယ်ဝန်းခံ့ညားသော အာရုံခံတန်ဆောင်းတော်ကြီးကို တည်ဆောက်လှူဒါန်းခဲ့ပါသည်။

ယခုအခါ ဂေါပကအဖွဲ့ဝင် ၁၀ ဦးဖြင့် အလှည့်ကျခေါင်းဆောင်စနစ်အရ အောက်ပါပုဂ္ဂိုလ်တို့ဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

## ဂေါပကအဖွဲ့ဝင်များ

၁။ ဦးသန်းဦး၊ ၂။ ဦးအုန်းကြည်၊ ၃။ ဦးစောလွင်၊ ၄။ ဦးသဏ်းလှိုင်၊ ၅။ ဦးအောင်ကျော်ဦး၊ ၆။ ဦးတင်ဦး၊ ၇။

www.burmeseclassic.com

ဦးထွန်းတင့်၊ ၈။ ဦးမြင့်သူ၊ ၉။ ဦးအောင်လွင်၊ ၁၀။ ဦးတင်လှ ဟူ၍ ဂေါပကအဖွဲ့ဝင် ၁၀ ဦး ဝေယျာဝစ္စဟူသမျှကို ၁၀ ဦး အလှည့်ကျ ခေါင်းဆောင်ဆောင်ရွက်လျက်ရှိကြောင်း ဦးသန်းဦး (ရွှေကျားဆေးလိပ်ခုံ)မှ ပြောပြပါသည်။

အဆိုပါ ဂေါပကအဖွဲ့သည် ဩဝါဒါစရိယ ဆရာတော်များဖြစ်ကြသော (၁) မြစည်းခုံ စာသင်တိုက် ဦးစီးပဓာနနာယကဆရာတော်၊ (၂) မြစည်းခုံစာသင်တိုက် တိုက်အုပ်ဆရာတော်၊ (၃) ကြာနီကန်စာသင်တိုက် ဦးစီးပဓာနနာယကဆရာတော်၊ (၄) ဝဲကြီးကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် လေးပါးတို့၏ထံမှ ၁၅. ၁၂. ၀၁ နေ့တွင် ပထမအကြိမ်၊ ၂၅. ၆. ၀၂ နေ့တွင် ဒုတိယအကြိမ် ဩဝါဒခံယူခဲ့ကြပါသည်။ ထိုကဲ့သို့ ဩဝါဒါစရိယဆရာတော်ကြီးများထံမှ



မင်းကျီးညို မင်းတရားကြီး

(၆)လတစ်ကြိမ် ဩဝါဒခံယူကာ မြစည်းခုံစေတီတော်မြတ်ကြီးကို ကြည်ညိုဖွယ်ရာဖြစ်စေရန် ဘက်စုံမွမ်းမံ ပြင်ဆင်လျက်ရှိကြပါသည်။

ဂေါပကအဖွဲ့သည် လေးဘက်လေးတန် စောင်းတန်းတော်ကြီးများကို ထပ်မံပြုပြင်၍ မြန်မာမှုအစီအမံများဖြင့် မွမ်းမံလျက်ရှိရာ စေတီတော်ကြီး၏ ဂုဏ်အင်္ဂါရပ်နှင့်အညီ တင့်တယ်လှပသော စောင်းတန်းတော်ကြီးနှင့် ခြင်္သေ့ကြီးများကို ပြုပြင်မွမ်းမံနိုင်ခဲ့ပါသည်။

ထို့ပြင် ဂေါပကအဖွဲ့သည် ဘာသာရေးပွဲတော်များဖြစ်သည့် ပဝါရဏာပွဲ၊ နှမ်းမနဲပွဲ၊ ဆီမီးပူဇော်ပွဲများကို နှစ်စဉ်ကျင်းပပူဇော်ခဲ့ကြသည်။ ထိုနည်းတူစွာ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကြီးကိုလည်း နှစ်စဉ် နှစ်ဆန်း ၁ ရက်နေ့မှ ၆ ရက်နေ့အထိ ကျင်းပပူဇော်လာခဲ့သည်မှာ ၄၅ ကြိမ်မျှ ရှိခဲ့ပြီဖြစ်ကြောင်း သိရှိရပါသည်။

မြစည်းခုံစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်၌ သံဝေဇနိယ လေးဌာန အောင်မြေ ဗောဓိညောင်ပင် စသည့် သာသနိကအဆောက်အအုံများရှိသကဲ့သို့ ရဟန္တာပုဂ္ဂိုလ်ထူးများ ကျောင်းဆောင်၊ ရှေးဟောင်းအနုလက်ရာပြတိုက်၊ ဂျာမနီမှလှူဒါန်းထားသော ရှေးဟောင်းကြေးရုပ်ကြီးနှစ်ရုပ်ကလည်း ထူးခြားလှပါသည်။ ထို့ပြင် ကေတုမတီမင်းဆက်များကို ထုလုပ်ထားသော ပန်းပုရုပ်တုများသည် ဇာတိသွေး ဇာတိမာန် တက်ကြွဖွယ် အလွန်ကောင်းလှပါသည်။

ထို့ကြောင့် ကေတုမတီ တောင်ငူမြို့သို့ တစ်ကြိမ်တစ်ခေါက် လာရောက်ဖူးမြော်ကြပြီး ကုသိုလ်ဒါနပြုလုပ်ကြနိုင်ရန် အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းလိုက်ရပါသတည်း။

ကျော်သန်း(တိုင်းရင်းဆေး)



www.burmeseclassic.com

www.burmeseclassic.com

ညောင်လေးပင်မြို့

# တောရကြီးဆရာတော် ဦးအရိယဝံသ

■ ပဲခူးကျော်ကျော်(ပူဇော်သည်)



ညောင်လေးပင်မြို့ တောရကျောင်းတိုက် တတိယနာယကဆရာတော် ဘုရားကြီး ဦးအရိယဝံသထေရ်မြတ်(အဂ္ဂမဟာပဏ္ဍိတ)သည် ညောင်လေးပင်မြို့နှင့် လေးမိုင်ခန့်ကွာဝေးသော ပုဇွန်မြောင်းရွာတွင် ၁၂၄၈ ခု၊ ပြာသိုလဆန်း ၂ ရက်၊ တနင်္ဂနွေနေ့တွင် ကောင်းမြတ်သော နက္ခတ်နှင့် ယှဉ်၍ ဖွားမြင်တော်မူခဲ့သည်။ ခမည်းတော်၊ မယ်တော်တို့မှာ လူအပေါင်း လေးစားခံရသည့် ကျောင်းအုပ်ဆရာကြီး ဦးခေါင်၊ ဆရာကတော် ဒေါ်ခက်တို့ ဖြစ်သည်။ သားသမီးခြောက်ယောက်တို့တွင် ပထမသားအာဇာနည်ဖြစ်၏။ ငယ်အမည်မှာ မောင်ဘဦးဟုခေါ်သည်။ စရိုက်ဝါသနာမှာ ဟုတ်မှန်ရာကို မကြောက်မရွံ့ မတွန့်မဆုတ်၊ ပြုလုပ်ပြောဆိုတတ်သည်။ ထူးမြတ်သော ပါရမီဝါသနာဇီဇအရ မဟောင်းမှုမှန်သမျှ ပြုရန်ကို ငယ်စဉ်ဘဝကပင် အထူးစက်ဆုပ်သည်။ အကုသိုလ် ဒုစရိုက်တို့ကို ကာယကံ၊ ဝစီကံမှုမပြု။ လောကီပညာမှာ အင်္ဂလိပ်ကျောင်းတွင် လေးတန်းအထိ သင်ဖူးသည်။

ခုနစ်နှစ်သားအရွယ်တွင် အဘိုး၊ အဘွားများက ရှင်ပြုပေးခဲ့သည်။ ၁၂



www.burmeseclassic.com

www.burmeseclassic.com

နှစ်သားအရွယ် ရောက်သောအခါ မိဘနှစ်ပါးက သာသနာတော်တွင် နေလသဖွယ်ထင်ရှားသော ညောင်လေးပင်တောရ ဆရာတော်ကြီးထံတွင် အပ်နှံ၍ ဒုတိယအကြိမ် ပဗ္ဗဇ္ဇမင်္ဂလာ ခံယူရှင်ပြုကြပြန်၏။ ပထမဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ဥပဇ္ဈာယ်ပြုလုပ်ချီးမြှင့်တော်မူသည်။ ဆရာတော် လောင်းလျာ၏ ကောင်းမွန်မြင့်မြတ်သော အကျင့်စာရိတ္တအလေ့အထ၊ ဝါသနာစရိုက်၊ အသွင်အပြင်အမူအရာ၊ ဥပမိလက္ခာကို ထောက်ဆ၍ အရိယာတို့သည် ထွေးအန်စွန့်ပစ်အပ်သော မကောင်းမှုဒုစရိုက်တို့ကို စက်ဆုပ်သောအလေ့ရှိ၍ အရိယာနှင့်တူသောကြောင့် "ရှင်အရိယ" ဘွဲ့အမည်ပေးတော်မူသည်။ သာမဏေငယ်သည် ဆရာတော်ဘုရားကြီး၏ ထံတော်ရင်း၌ပင် အလွန်ထက်မြက်သော သဒ္ဓါ၊ ဆန္ဒ ဝီရိယတို့ဖြင့် ပညာရင်နို့သောက်စို့၍ ရဟန်းအဖြစ် မရောက်သေးမီ၌ပင် "သုတ်၊ ဝိနည်း၊ အဘိဓမ္မာ၊ ဂန္ထန္တရ ကျမ်းဂန်အဝဝကို ပေါက်မြောက်တတ်မြောက်ခဲ့၏။

ရဟန်းပဉ္စင်းပြုရန်အတွက် အသက်လည်းစေ့ရောက်၊ ပိဋကတ်လည်း တတ်မြောက်သည့်အခါ ခမည်းတော်၊ မယ်တော်ဖြစ်သော ဆရာခေါင်နှင့် ဒေါ်ခက်တို့က ရဟန်းပြုပေးရန် ဆရာတော်ကြီးနှင့် စီမံကြသည်။

ပထမ ညောင်လေးပင်တောရဆရာတော်ကြီးသည် ရှင်အရိယ၏ သီလ၊ သမာဓိ၊ ပညာကို ထောက်ဆကြည်ဖြူ လက်ရုံးတစ်ဆူကဲ့သို့ အားကိုးတော်မူ၍ မြန်မာနိုင်ငံ အထက်အောက်တွင် ရဟန္တာဟု ကျော်စောထင်ရှားသော ဘုန်းတော်ကြီး ဦးသီလကို ပင့်ပြီးလျှင် ဥပဇ္ဈာယ်ပြုလုပ်စေ၍ ၁၂၆၇ ခု၊ တပို့တွဲလပြည့်ကျော် ၂ ရက်နေ့တွင် ညောင်လေးပင်တောရ သီလဝိသောဓနီ သိမ်တော်ကြီးတွင် လွန်ကဲမြင့်မြတ်စွာသော ရဟန်းအဖြစ် ရောက်တော်မူခဲ့၏။

ရဟန်းပြုပြီးနောက် ဘုန်းတော်ကြီးဦးသီလထံတွင် ပိဋပတ္တိနှင့်ဆိုင်ရာ နည်းနိဿယများ ခံယူတော်မူသည်။

ညောင်လေးပင်တောရ ပထမဆရာတော်ဘုရားကြီးနှင့် ဒုတိယဆရာတော်ဘုရားများထံတွင် ပရိယတ္တိစာပေကျမ်းဂန်များ သင်ကြားတော်မူသည်။ ရဟန်းသိက္ခာ ငါးဝါအရတွင် နိကာယ်အရပ်ရပ်၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို တတ်မြောက်တော်မူသည်။

မန္တလေးမြို့

**ပရိယတ္တိ သာသန ဟိတအသင်း**

ပရိယတ္တိ
သာသနဟိတ
ဓမ္မာစရိယ ပုဂ္ဂိုလ်
မှတ်တန်းတော်။

**မှတ်တန်းတော်**
**လက်မှတ်နံပါတ်(၂၄)**

**ညောင်လေးပင်မြို့တောရကြီး**တိုက်၊
ကျောင်း၌ သီတင်းသုံးနေတော်မူသော သက်တော် **၆၁**-နှင့် သိက္ခာတော် **၄၂**-ဝါရှိ၊ **ဦးအရိယ**အား ဤအသင်းကြီးက **၁၃၁၀**-ပြည့်နှစ်တွင် ကျင်းပသော အသင်းကြီး၏ အနှစ် **၅၀**-မြောက် အထိမ်းအမှတ်သဘင်အခမ်းအနားကြီးတွင် ရှေးသာသနာပြု မင်းမြတ်တို့ ဆက်ကပ် ချီးမြှင့်လှူဒါန်းတော်မူကြသော "ရာဇာမိရာဇဂုရု"တံဆိပ်တော်များနှင့် အလားတူ **အဂ္ဂမဟာအရိယာဘိဝံသ** ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယတံဆိပ်တော်ကို ဤအသင်းကြီးက စီမံပြုလုပ်ပြီးလျှင် လွတ်လပ်သော ပြည်ထောင်စု မြန်မာ နိုင်ငံတော်ကြီး ထီးရိုးနန်းနွယ်ဖြစ်တော်မူသော သမ္မတမင်းတရားကြီးက ဆက်ကပ်လှူဒါန်းပါသည် ဘုရား။

S. thaike
11-7 48.
**သမ္မတမင်းတရားကြီးလက်မှတ်တော်**

ဘသိုက် ဦးဘိုးသူ
အတွင်းစာရေးကိုင် ဥက္ကဋ္ဌ

ဆရာနှစ်ဆူတို့ တိုက်တွန်းနှိုးဆော် စီမံအပ်နှံပေးသောကြောင့် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက် ရွှေကျင်ဂိုဏ်းကြီး၏ ဥက္ကဋ္ဌဆရာတော်၏ ခြေရင်း၌ နေနည်း၊ ထိုင်နည်း၊ စာပေပို့ချသင်ပြနည်း၊ တပည့်ပရိသတ် အုပ်ချုပ်မွေးမြူနည်းစသော ပရိယတ်၊ ပဋိပတ် နည်းနာနိဿယတို့ကို လေ့လာဆည်းပူးရပြန်၏။

လောကီ၊ လောကုတ္တရာ၊ ပညာပြည့်ဝ နည်းနာရ၍ ညောင်လေးပင်တောရသို့ ပြန်ကြွခဲ့သည်။ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းတို့ကို စာပေပို့ချပေးခဲ့ရသည်။ ပထမဆရာတော်နှင့် ဒုတိယဆရာတော်တို့ ပျံလွန်တော်မူ၏။ ညောင်လေးပင်နယ် ရွှေကျင်ဂိုဏ်း သံဃနာယကဆရာတော်ကြီးများ၏ လွှဲအပ်ချက်အရ ၁၂၈၁ တွင် ညောင်လေးပင်တောရ တတိယဦးစီးနာယကအဖြစ် ဝါတော် ၁၄ ဝါနှင့်



www.burmeseclassic.com

www.burmeseclassic.com

လက်ခံခဲ့ရသည်။ သံဃာတော် ၁၀၀ ကျော်ကို အုပ်ချုပ်ကာ ပရိယတ်၊ ပဋိပတ် သာသနာကို ပြုစုပျိုးထောင်တော်မူခဲ့၏။

ကျောင်းအသီးသီးတို့ကို ထိန်းသိမ်းအုပ်ချုပ်တော်မူသော နာယကများနှင့် စည်းဝေးတိုင်ပင်၍ ပရိယတ္တိသာသနာတော်၊ ပဋိပတ္တိသာသတော် အစွန့်ရှည်ရာရှည်ကြောင်း၊ ဂိုဏ်းဂဏကြီးပွားရာ ကြီးပွားကြောင်း နှီးနှောတိုင်ပင် အုပ်ချုပ်တော်မူသည်။

ထိုအချိန်မှစ၍ အောက်မြန်မာပြည်အစိုးရ ပထမပြန်စာမေးပွဲတွင် အအောင်အများဆုံး စာသင်တိုက်ကြီးအဖြစ် အထူးထင်ရှားကျော်ကြားခဲ့သည်။

ရွှေကျင်ဂိုဏ်းကြီးနှင့် ဘုန်းတော်ကြီးဦးသီလ၏ တောရဂိုဏ်းကြီးနှစ်ခုကို ရောနှောပေါင်းစပ်ပေးခဲ့၏။

စာချပေးရာတွင် နေ့ဝါ၊ ညဝါတို့ကို လိုရင်းတိုရှင်း သဘောကို သိလွယ်မှတ်လွယ်အောင် သင်ကြားပြသတော်မူ၏။ စာမေးပွဲမတိုင်မီတွင် အမေးပုစ္ဆာပြဿနာပေါင်းများစွာကို သဘောသွားနှင့် ဖြေကြားပုံကို စနစ်တကျ ပြသတော်မူတတ်၏။ ပါဠိဘာသာကို ဝါကျအနေအထား စနစ်တကျ သင်ပြီး မြန်မာမှ ပါဠိ၊ ပါဠိမှ မြန်မာ ပြန်ဆိုရေးသားကြရ၏။ အခြေခံရပြီးသော တပည့်များကို ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းများ ပို့ချပေး၏။ ဝိနည်းပါဠိတော် အဋ္ဌကထာများနှင့် ဝိသုဒ္ဓိမဂ်ကျမ်းများကို သင်ကြားပို့ချပေးရုံမျှမက အလေးပြုရန် လေးလေးနက်နက်တိုက်တွန်းတော်မူလေ့ရှိ၏။

စာပေပို့ချရုံဖြင့် အားရတင်းတိမ်တော်မမူဘဲ နောင်သာနောက်သား တပည့်များအတွက်သာမက ဒါယကာ၊ ဒါယိကာမများအတွက်ပါ လေ့လာမှတ်သားရန် အောက်ပါအရသာကျမ်းများကို ပြုစုတော်မူခဲ့၏။

ဓမ္မပဒ ဘာသာပြန်၊ ကထိန်အရသာ၊ ဓမ္မစကြာအရသာ၊ ဘာဝနာအရသာနှင့် သိဿကောဝါဒ စကားပုံ၊ သတိပဋ္ဌာန်အရသာ၊ သာမဏေဝိနည်းခေါ် ရှင်ကျင့်ဝတ်၊ ဘုန်းတော်ကြီး ဦးသီလ ထေရုပ္ပတ္တိ၊ ဂုဏ်တော်အရသာနှင့် သက္ကဋ္ဌာအရသာ၊ ပဋိစ္စသမုပ္ပါဒ်အခြေပြု၊ ပဋိစ္စသမုပ္ပါဒ်အရသာ၊ အလင်္ကာအရသာ၊ ဒွေမာတိကာအရသာ၊ ဥပသကာ ထက်သုံး ဝိသုဒ္ဓိမဂ်အရသာ၊ ကမ္မဝါအခန်း ၂၀၊ ဆန်းအရသာ၊ အနေ္တာမဥ္စရီအရသာ၊ ဝိနည်းငါးကျမ်းနှင့် ဝိနည်းအရသာ၊ သဂြိုဟ်အရသာ၊ သင်္ဂြိုဟ်နိဿယ၊ သဒ္ဒါအရသာ၊ ကဆုန်လပြည့်အရသာ၊ စတုရာရက္ခကျမ်းများ ဖြစ်သည်။

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးသည် ပရိယတ္တိသည် ပဋိပတ်အကျင့်မြတ်၏ အခြေခံမျှသာဖြစ်၍ တင်းတိမ်အားရ မနေကြဘဲ ပဋိပတ်အလုပ်စခန်းကိုလည်း အားထုတ်ကြရန် မကြာမကြာ ဆုံးမဩဝါဒ ပေးတော်မူလေ့ရှိ၏။ အားကျနည်းယူဖွယ်ရာဖြစ်သော ဝတ္ထုသာဓက ပုံဆောင် ဟောပြတော်မူ၏။ ရုံဖန်ရံခါ အိုဘေးကြီးက မဦးမီ၊ နာဘေးကြီးက မဦးမီ၊ သေဘေးကြီးက မဦးမီ တရားကဦးအောင် ကြိုးစားအားထုတ်ထားကြမှသာ သာသနာတော်နှင့် တွေ့ရကျိုးနပ်မည်ဟု ဆုံးမတော်မူ၏။

ထိုသို့ ဆုံးမရုံမျှမက ဝါတွင်း သီတင်းနေ့တိုင်း တိုက်တွင်းရှိ ရဟန်းသာမဏေများနှင့် ကျောင်းသားများပါ မကျန် (ဆရာတော်ကြီးကိုယ်တိုင် အထူးအားထုတ် ဆောက်တည်သော တစ်နေ့တာအတွက် တစ်နပ်တည်းသောဆွမ်းကို တစ်နေရာ၊ တစ်ထိုင်အတွင်း တစ်ခွက်တည်းသော သပိတ်ထဲမှ အပြီးဘုဉ်းပေးရသော ဧကာသနိတ်ဓုတင်၊ ပတ္တပိဏ္ဍိတ်ဓုတင်)

ဘုန်းကြီးတို့မှာ
ဘုရားရှင်၏ ဝိနည်းဥပဒေကို
လိုက်နာကြသူများဖြစ်၍
နေ့မွန်းလွဲသောအခါ
နေ့လွဲညစာ မစားရပါ။
မစားလို့သေမည်ဆိုပါကလည်း
သေပါစေတော့။
ဝိနည်းဥပဒေစည်းကမ်းနှင့် သီလကို
အပျက်မခံနိုင်ကြောင်း
ပြောသောစကားပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

များကို ဆောက်တည်ရသည်။ ဝါတွင်းလေးလ ဥပုသ်နေ့တိုင်း မပျက်မကွက် ယနေ့တိုင် ဆောက်တည်နေကြရ၏။ ဝါတွင်း ဝါပ ဝိနည်းတိစီဝရိတ်ကို ဆောင်၍ နေသင့်မှုတင်၊ ပဏ္ဏတ္တိပါတ်မှုတင် စသော မှုတင်များကိုလည်း ဆောက်တည်ကြရလေသည်။

အရဏ်မတက်မီ အိပ်ရာမှထ၍ ဘုရားဝတ်တက်ပြီးနောက် မိမိတို့စရိုက်နှင့် သင့်လျော်ကိုက်ညီသော သဗ္ဗတ္ထကကမ္မဋ္ဌာန်းဝိပဿနာလုပ်ငန်းများကိုလည်း ပွားများအားထုတ်ကြရကုန်၏။

ဆရာတော် အဆက်ဆက် ပြုလုပ်ခဲ့သော ဆွမ်းတော်ကြီးတင်ပွဲတော်ကို ချိုချဉ်၊ သစ်သီးလုံးကြီး လုံးငယ် အသွယ်သွယ်၊ မုန့်မျိုးစုံ၊ ဆွမ်းခဲဖွယ်ဘောဇဉ် အစုစုတို့ဖြင့် ကဆုန်လပြည့်နေ့တိုင်း ဘုရားရှင်အား ဆက်ကပ်လှူဒါန်း ပူဇော်ပွဲကို စဉ်ဆက်မပြတ် နှစ်စဉ်ကျင်းပပြုလုပ်စေခဲ့၏။

ဆရာတော်ဘုရားကြီးသည် (ယထာဝါဒီ၊ တထာကာရီ၊ ယထာကာရီ၊ တထာဝါဒီ) ဟူသော ဣတိဝုတ်ပါဠိတော်နှင့်အညီ တပည့်များအား ညွှန်ကြားပြသ ဆုံးမဩဝါဒ ပေးသလို၊ ကိုယ်တိုင်လည်း ကျင့်တော်မူ၏။ ကိုယ်တိုင်ကျင့်သလိုလည်း တပည့်များအား ဆုံးမဩဝါဒ ပေးတော်မူ၏။ ဆရာတော်ဘုရားကြီးသည် ဆွမ်းခံကြွတော်မူရာ၊ သံဃာအစည်းအဝေး ပြုလုပ်တော်မူရာ၊ ဘုရားဝတ်တက်ရာတို့တွင် ဦးစွာပင်ရောက်နှင့်လေ့ရှိသည်။ ဘုရားဝတ်တက်ချိန်တွင် မည်မျှဝေးကွာသော ခရီးမှ ကြွလာရစေကာမူ ခဏသော်မှ အပန်းဖြေခြင်းမပြုဘဲ ဝတ်တက်လိုက်တော်မူလေ့ရှိသည်။

တရားဟောတော်မူရာမှာလည်း တိတိကျကျ ပြတ်ပြတ်သားသား နားလည်လွယ်အောင် ဟောကြားတော်မူသည်။

ပြည်တွင်းစစ်ဖြစ်၍ တိုင်းပြည်မငြိမ်မသက်ဖြစ်ခိုက် ဒုက္ခသည်များကို လူမျိုးဘာသာမရွေး ကျောင်းအတွင်း ကယ်တင်ထားခြင်း၊ ကရင်အမျိုးသားများကို ပဋိစ္စသမုပ္ပါဒ်တရား ဟောကြားရာ တရား၏အရသာကိုသိ၍ တရားရည်ဝလာကြသဖြင့် ကရင်ရေးရာအရာရှိ စောတင်မောင်မှ ကရင်ဘာသာဖြင့် သဗ္ဗတ္ထကကမ္မဋ္ဌာန်း ဝိပဿနာလုပ်ငန်းများကို ဘာသာပြန်၍ ကျမ်းစာအုပ်ရိုက်ပြီး ဝေငှလှူဒါန်းသည်။ ထိုအခြေအနေအတွင်း၌ပင် သံဃာ၊ ဂိုဏ်းဂဏ အစည်းလုံးမပျက်ရှိခြင်း၊ ဝိနည်းစာပြန်ပွဲကို အခက်အခဲကြားမှ နှစ်စဉ်မပျက် ပြုလုပ်ခြင်း။ (ဆရာတော်ကြီးမှ ဝိနည်းစာပြန်ပွဲ သံဃာများကို ဘယ်လို အခက်အခဲရှိရှိ ဝိနည်းစာပြန်ပွဲ ပြုလုပ်ရမည်။ ဒကာ၊ ဒကာမများ ဆွမ်းကိစ္စ မပြုလုပ်နိုင်ခဲ့သော် ကိုယ့်သပိတ်ကိုယ်အားကိုးပြီး ဆွမ်းခံ၊ ဆွမ်းမရလျှင် သပိတ်ရေကျင်းသောက်ပြီး ဝိနည်းစာပြန်ရမည်ဟု အမိန့်ရှိခဲ့သည်။

ဤသို့လျှင် ထူးခြားမြင့်မြတ်သော ပရိယတ္တိကောဝိဒ၊ ပဋိပတ္တိကောဝိဒ၊ ပဋိပတ္တိသမ္မနုဂုဏ်နှင့် ပြည့်စုံတော်မူခြင်းကြောင့် ၁၃၁၂ ခုနှစ်၊ မန္တလေးမြို့ သကျသီဟ အသင်းကြီး၏ အနှစ် ၅၀ မြောက် အထိမ်းအမှတ်ပွဲတွင် ဩဝါဒသဿယ အမှုဆောင်အဖြစ်ဖြင့် ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ၊ မူလစာချ ဘဒ္ဒန္တအရိယာဘိဝံသ ဟူသော ဘွဲ့တံဆိပ်ကို ဆက်ကပ်လှူဒါန်းခြင်း ခံတော်မူရလေသည်။

၁၃၁၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်း၍ နိုင်ငံတော်အစိုးရ၏ ဆင္ဃသင်္ဂါယနာတင်ရေးကိစ္စအတွက် နည်းပေးညွှန်ကြားသော ဩဝါဒါစရိယအဖြစ် ဆောင်ရွက်ရပြန်သည်။ ၁၃၁၄ ခု၊ တပို့တွဲလတွင် ဆရာတော်ကြီး လေငန်းရောဂါ စွဲကပ်နှိပ်စက်ခြင်း ခံတော်မူရရှာသည်။

ပထမ၊ ဒုတိယအကြိမ်များတွင် ရန်ကုန်ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၊ ဒါယကာ၊ ဒါယိကာမများ ကြိုးစားမှုကြောင့် ပျောက်ကင်းချမ်းသာခဲ့သော်လည်း တတိယအကြိမ်တွင် လက်ခြေမျှသာ လှုပ်ရှားနိုင်တော့သဖြင့် နှုတ်မှမူ စကားမပြောနိုင်တော့ပါ။ စကားလည်းငုတ်၊ အားလည်းဆုတ်လာသောအခါ ဆရာဝန်ကြီးများနှင့် အစောင့်အရှောက်သူနာပြုဆရာမကြီးများက သနားခြင်း ကရုဏာ၊ ကြည်ညိုခြင်း သဒ္ဓါတာဝန်ရှိသော မေတ္တာ၊ ကြည်ညိုဆွပွား ပျောက်စေလိုသော စေတနာများနှင့် အစာအာဟာရမရ၍ လျော့ပါးကုန်ခန်းနေသော အားအင်ပြည့်စေရန် ညနေဘက်တွင် လက်ဖက်ရည်၊ ကော်ဖီ၊ ဆန်ပြုတ်များသောက်ရန် လျှောက်ထားရာ သေလုနီးပါး ဂိလာနဖြစ်နေသော်ငြား ဆရာတော်ကြီး၏ သိက္ခာကာမ လဇ္ဇီပေသလ ဝိနယဓရ ဂုဏ်အင်္ဂါမှာ သိသာပေါ်လွင်ခဲ့သည်။

နှုတ်မှ မမြွက်နိုင်သောကြောင့် ဆရာတော်ဘုရားကြီးက အောက်ပါမှတ်သားဖွယ် စာပိုဒ်ကို မသက်မသာ လက်



www.burmeseclassic.com

www.burmeseclassic.com

ဆာဆာဖြင့် မနိုင့်တနိုင်ရေးကာ တပည့်သံဃာများနှင့် ဒါယကာ၊ ဒါယိကာမများအားလုံး ဆုံးမခဲ့၏။

> **“နိုင်ငံတော်အစိုးရ၏ အမှုထမ်းများသည် အစိုးရဥပဒေကို တစ်သဝေမတိမ်း လိုက်နာကျင့်ကြံကြရသည်။ ထို့အတူ မြတ်စွာဘုရား၏ တပည့်သားဖြစ်ကြသော သာသနာတော်ထမ်း ရဟန်းသာမဏေများသည်လည်း ဘုရားရှင်၏ ဥပဒေဝိနည်းကို လိုက်နာရပေသည်။”**

သီလကို အပျက်မခံ၊ ဝိကာလဘောဇနာကို ပယ်ခွာစွန့်တော်မူခဲ့၏။ ဆရာတော်၏ ဆိုလိုရင်းမှာ တပည့်တို့ကား အစိုးရအမှုထမ်းများဖြစ်သည့်အလျောက် အစိုးရ၏ ဥပဒေစည်းကမ်းကို လိုက်နာကြလျက် ကျွေးမွေးကြသော်လည်း ဘုန်းကြီးတို့မှာ ဘုရားရှင်၏ ဝိနည်းဥပဒေကို လိုက်နာကြသူများဖြစ်၍ နေမွန်းလွဲသောအခါ နေ့လွဲညစာ မစားရပါ။ မစားလို့ သေမည်ဆိုပါကလည်း သေပါစေတော့။ ဝိနည်းဥပဒေစည်းကမ်းနှင့် သီလကို အပျက်မခံနိုင်ကြောင်း ပြောသော စကားပင် ဖြစ်သည်။

- ပစ္စည်းနှင့် ခြေလက်အင်္ဂါတစ်ခုခု အန္တရာယ်တွေ့လျှင် အင်္ဂါခြေလက်ကို အထိမခံနှင့်၊ ပစ္စည်းသာပေးလိုက်ပါ၊ အပျက်ခံပါ။
- အင်္ဂါခြေလက်နှင့် အသက်အန္တရာယ်တွေ့လျှင် အသက်ကို အထိမခံပါနှင့်၊ အင်္ဂါခြေလက် အပျက်ခံပါ။
- အသက်နှင့်သီလ တစ်ခုခုအန္တရာယ်တွေ့လျှင် သီလကို အထိမခံနှင့်၊ အသက်သာ အပျက်ခံပါ ဟူ၍ ဟောကြားခဲ့သော ဘုန်းတော်ကြီးဦးသီလ၏ ဓမ္မဝါဒီက တပည့်ကြီး ပီသပေစွ။ အတုယူဖွယ်၊ ကြည်ညိုဖွယ် ကောင်းပေစွ။

ဆရာတော်ကြီး၏ ဆုံးမတော်မူချက်ကား လွန်စွာလေးနက်တော်မူ၏။ သာသနာတော်ကို လေးမြတ်ကြည်ညိုသူတိုင်း အသက်ဆုံးတိုင် မှတ်ယူဖွယ်ကောင်းလှ၏။ ဝိနည်းတော်မြတ်ကို လေးစားတော်မူသော ဆရာတော်ကြီးအား အတုယူကြပေတော့ဟု ဩဝါဒပေးခဲ့ခြင်းပေတည်း။ ဆရာတော်ကြီးသည် ပြောသည့်အတိုင်း လုပ်ပြခဲ့သည်။ အသက်ရှင်ဖို့အတွက် နေ့လွဲညစာကို လက်မခံ။ ဆုံးဖြတ်ချက် ခိုင်မာလှသဖြင့် တပည့်များ အံ့ဩတုန်လှုပ် ကြေကွဲကြရသည်။ မျက်ရည်ကျခဲ့ကြသည်။ ဆရာတော်ဘုရားကြီးသည် သေခြင်းတရားနှင့် နီးကပ်နေသော်လည်း တရားနှလုံးသွင်းမှု လက်မလွှတ်ဘဲ အောက်ပါ ကာယသတိပဋ္ဌာန် ဓာတုမနသိကာရကို ရေးပေးတော်မူခဲ့၏။

ဤကိုယ်၌ မာ-ပထဝီ၊ ရင့်တေဇော၊ ဖွဲ့-အာပေါ၊ ထောက်-ဝါယော။

ဟူသော ဓာတ်ကြီးလေးပါးတို့၏ သဘာဝဓမ္မကို ရှေး၍ ခန္ဓာကိုယ်ကြီးသည် ဓာတ်လေးပါး ဖောက်ပြန်မှုကြောင့် မညီမညွတ်ဖြစ်သည်ကို သတိမချွတ် လက်မလွှတ်ကြစေနှင့်ဟု နောက်ဆုံး ဆုံးမတော်မူခဲ့သည်။

သက်တော် ၆၇ ခုနှစ်၊ ဝါတော် ၄၇ ဝါအရ ၁၃၁၄ ခု၊ ဝါခေါင်လဆန်း ၁၄ ရက်၊ ည ၇ နာရီ၊ မိနစ် ၄၀ အချိန်တွင် တုသိတာနတ်နန်းသို့ ကြွလှမ်းစံဝင်တော်မူခဲ့လေ၏။

ဆရာဘုန်းတော်ကြီး ဦးသီလနည်းတူ ဘုရားဥပဒေတော်ကြီး(ဝိနည်း)ကို ရိုသေစွာ စောင့်ထိန်းရာတွင် အသက်ကိုစွန့်၍ စောင့်ထိန်းခဲ့သည့် ဆရာတော်ဦးအရိယသည် ဘုရားသားတော် ပီသပေစွ။

သာသနာတော်အတွက် ဘဝစွန့်ခဲ့သလို၊ သီလအတွက်လည်း အသက်စွန့်ခဲ့သည်။ ဆရာတော်ကြီးသည် သာသနာတော်ကြီး ထာဝစဉ် သန့်ရှင်းတည်မြဲစေရေးအတွက် မနားမနေ ကြိုးစားအားထုတ်ခဲ့သည်။

အရသာကျမ်းများစွာတို့သည် နားမလည်သော ပုဂ္ဂိုလ်တို့ အလွယ်တကူ လေ့လာကြည့်ရှုနိုင်စေရန် မြန်မာစကားပြေဖြင့် ရှင်းလင်းကျစ်လစ်စွာ ရေးဂြခဲ့သည်။

ဆရာတော်ကြီး မရှိတော့သော်လည်း ဆရာတော်ဘုရား၏ အဆုံးအမနှင့် အရသာကျမ်းများက သာသနာတော်ကို တည်တံ့ပြန့်ပွားရန် အထောက်အပံ့သဖွယ် အမြဲတည်ရှိနေပေတော့မည်။


**ပဲခူးကျော်ကျော်**



www.burmeseclassic.com

www.burmeseclassic.com





# အနိစ္စဒေသနာတော် ၃

မဟာထွန်း

မဂ်ရဗိုလ်ရ ဝိပဿနာဒေသနာတော် အားလုံးသည် ကြီး၏၊ လေး၏၊ တန်းမြင့်၏၊ တန်ဖိုးများ၏၊ ဗုဒ္ဓဘာသာတို့၏ ကုသိုလ်ကောင်းမှု အစုစု၏ အဓိကဦးတည်ရာ မဂ္ဂဖိုလ်ကြီး ဖြစ်တော်မူသော နိဗ္ဗာန်ကို ဖြောင့်ဖြောင့်ကြီး ရှေ့ရှု၏၊ ထို့ကြောင့် အခြေအမြစ်ကြီး၏၊ အခြေအမြစ်ကြီးသော အရာ အားလုံးတို့သည် အခြေခံကောင်းရန် လို၏။

သို့ဖြစ်၍လည်း တရားကိုယ် တရားသားသို့ အလျင်တလို မသွားသေးဘဲ အခြေခံတရားတော်များကို အာရုံစိုက်ပြီး ရေးသားနေခြင်းဖြစ်၏။ အခြေခံတရားတော်များကို ကြေညက်ပိုင်နိုင်ပြီးသွားလျှင် တရားကိုယ် တရားသားသည်လည်း ခက်လိမ့်မည်မဟုတ်တော့ပေ။

အဦးအစ နိဒါန်းပိုင်းတည်းဟူသော အခြေခံတရားတော်ကိုသာ မကြေညက်၊ မပိုင်နိုင်ခဲ့လျှင် တရားကိုယ် တရားသားပိုင်းကို ရောက်သောအခါ နားမလည်ဘဲ ရှိနေမည်ဖြစ်၍ တိုးနိုင်လိမ့်မည်ပင် မဟုတ်တော့။ ထို့ကြောင့် ယခုအချိန် နိဒါန်းပိုင်းကပင် ပိုင်နိုင်ညက်ကြေရန် လိုအပ်၏။

နိဒါန်းပိုင်းသည်လည်း တရားကိုယ် တရားသားနှင့် မြစ်ဖျားခံရာ အဓိက ဆက်သွယ်ထားသော အဦးအစပိုင်းသာလျှင်ဖြစ်၍ ဤနိဒါန်းပိုင်းကို အာရုံသွင်းပြီး နာကြား(ဖတ်ကြား)ခြင်း၊ ကြည်ညိုသဒ္ဓါများခြင်းကြောင့် မဂ်ဖိုလ်တိုင်အောင်လည်း ရနိုင်ခြေရှိ၏။

ငါတို့ ဂေါတမမြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူရာ သာသနာအဦးအစ၌ ရတနာမြတ်သုံးပါးကို မဖူးမြင်၊ မဆည်းကပ်၊ ဘုရားနှင့် တရား၊ သံဃာတည်းဟူသော စကားသုံးရပ်ကို ကြားဖူးရုံမျှဖြင့်ပင် သောတာ သောတာပတ္တိမဂ်ကို ရသွားဖူးသော အမျိုးသမီးထူးတစ်ယောက် ရှိခဲ့ဖူး၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုအမျိုးသမီးသည်ကား ကာလီအမည်ရှိ၏။ ကာလီအမည်ရှိသော ထိုအမျိုးသမီးသည် ကိုယ်လေးလက်ဝန်ရှိရာဝယ် မိခင်လောင်းတို့၏ သဘာဝအတိုင်း ကိုယ်ဝန်ကြီးကို စောင့်ရှောက်နေရချိန်၌ အာဝေဏိက ဒုက္ခသည် ပင်ပန်းလှသဖြင့် ပြာသာဒ်၏အထက် လေသာဝတွင် အပန်းဖြေနေစဉ် သာတာဂီရိနတ်မင်းနှင့် ဟေမဝတ နတ်မင်းတို့၏ ပြောဆိုသံကို ကြားရလေ၏။

"အဆွေတော် ဟေမဝတ နတ်မင်းဗျာ။ ဤနေ့သည်ကား လောကီဘုံဝယ် ကြုံရခဲယဉ်းသော နေ့ထူးနေ့မြတ်ကြီး တစ်ရက်ဖြစ်ချေပြီ။ ကျားနှင့်သမင်၊ ဆင်နှင့် ခြင်္သေ့၊ မြွေနှင့် ဖား အစားစားသော သတ္တဝါတို့သည် နဂိုမူလနှင့်မတူ၊ အချင်းမများ၊ ဆော့ကစားလျက် ကြည်ကြည်နူးနူး ဘာသာဘာဝ ရွှင်ရွှင်ပျပျ ရှိနေကြပေသည်။ ဤမည်သည်ကို အစထား၍ ထူးခြားချက်များစွာ၊ အံ့ဖွယ်ရာတို့ ရှိနေကြသည်ကို အသင် ဟေမဝတ နတ်မြတ်ရာဇာသည် ကြည့်ရှုသမှု သတိပြုမိပါ၏လောဗျာ"

"မှန်သကော သာတာဂီရိ နတ်မင်းဗျာ။ ငါ၏စံရာ ဟေမဝန္တာလည်း အချိန်အခါမဲ့သော သစ်ပင်ဝါးပင်တို့သည် ရွက်ဟောင်းများကြွေ၍ ရွက်သစ်များ ဖူးကုန်၏။ ငုံသောအပင်ကငုံ၍ ပွင့်သောအပင်ကပွင့်ကာ သီးမှည့်ကြကုန်၏။ စမ်းမြစ်ချောင်းတို့သည်လည်း ဆူဝေလျက် အပေါ်သို့ တက်ချီ သက်ချီ ကြကုန်၏။ ထိုထိုမည်သည့် အကြောင်းခြင်းရာများ အဘယ်သို့ သတင်းပြားသည်ကို အသင်သာတာဂီရိနတ်မင်းသည် သိရှိတော်မူပါ၏လောဗျာ"

"သိရှိတော်မူပါ၏ဗျာ။ လောကအနန္တ ဓမ္မရာဇ်မှန်ကူ သယမ္ဘူထွတ်ထား မြတ်ဘုရားသည် ကေန်စင်စစ် ပွင့်ထွန်းတော်မူပြီဖြစ်၍ ယခုအခါ ရက်မြတ်မဟာဝယ် မိဂဒါဝန တောမြိုင်ဝ၌ တရားဦးအစ မြတ်ဓမ္မကို ပဉ္စဝဂ္ဂီ နောင်ညီငါးယောက်တို့အား ဟောကြားဆဲမလျက် ရှိနေပြီ ဟေမဝတ နာမတွင်ခေါ် နတ်သူတော်ကြီးဗျာ"

"မှန်ပေ၏ဗျာ။ အကျွန်ုပ်သည်လည်း ထူးသည့်အဖြစ် သစ်သည့်ဝန်းကျင် ဟေမဝန္တာတစ်ခွင်၌ သစ်ပင်သစ်ခက် ငှက်ကျေးမျောက်ဆင် အသွင်သွင်တို့ကို မြင်ရုံမျှဖြင့်ပင် ဆင်ခြင်ကြည့်ရှု နတ်စက္ခုကြောင့် သုံးလူ့ထွတ်ထား မြတ်ဘုရားသည် တရားဦးဓမ္မစက်ကို ပဉ္စဝဂ္ဂီတို့အား ဟောကြားတော်မူနေ၏ဟု သိရှိမြင်တွေ့ပြီး ဖြစ်ပါသဖြင့် သင်နတ်မင်းနှင့် ကျွန်ုပ်လည်း တရားဦးနာမြင့်ရာဌာနသို့ ကြွချီ၍ နာကြားကြဦးစို့ဗျာ…"

ကာလီမည်သော ထိုသတို့သမီးသည် အထက်ပါ သူတော်စင် နတ်မင်းနှစ်ပါးတို့၏ ဘုရား၊ တရား၊ သံဃာတည်းဟူသော စကားထူးကို ယခုမှပင် ကြားဖူးရုံဖြင့် သဒ္ဓါနုသာရီ တည်းဟူသော သောတာပတ္တိမဂ်ကို ရရှိကြောင်း ခိုင်မာသော စာဟောင်းများမှလာ၏။

ထိုသို့သော သဘောကိုဆောင်သောကြောင့် ငါတို့ ဓမ္မစာဖတ်ပရိသတ်သည်လည်း ဤမည်သော အနိစ္စဒေသနာတော်၏ နိဒါန်းစာစုကို ဖတ်ရှုရခြင်းသည် အဘယ်မှာလျှင် အကျိုးယုတ်ချေမည်နည်း။ တရားတော်ကို လိုလားပွားများသော ပုဂ္ဂိုလ်တို့အားလည်း တရားတော်က စောင့်ရှောက်၏ဟူ၍ ဟောတော်မူသည်မဟုတ်လော။ ဤကား နိဒါန်းများလွန်းသည်ဟုဆိုက ငြီးငွေ့မည်စိုး၍သာ စကားညှပ်ခြင်းသာ ဖြစ်ပေ၏။

ထို့နောက် ပုထုဇဉ် လေးမျိုးတို့၏ အကြောင်းကို ဆက်ဦးမည်၊ မဂ်ကို မရကြသေးသော ပုဂ္ဂိုလ်အားလုံးတို့အား ပုထုဇဉ်ဟုခေါ်၏။ ထိုပုထုဇဉ်လေးမျိုးဟူသည်မှာ အောက်ပါ ပုဂ္ဂိုလ်များ ဖြစ်ကြ၏။

၁။ အန္ဓဗာလ ပုထုဇဉ်၊
၂။ အန္ဓ ပုထုဇဉ်၊
၃။ ကလျာဏ ပုထုဇဉ်၊
၄။ စူဠသောတာပန် ပုထုဇဉ်။

၁။ အန္ဓဗာလပုထုဇဉ်(အန္ဓ = အကန်း၊ ဗာလ = အမိုက်) မိုက်ဟူသည်မှာ မောဟပုဒ်မှ လာသောကြောင့် မကို ဟသတ်ရ၏။ အန္ဓဗာလပုထုဇဉ်ကို စကားချောအောင် ဘာသာပြန်လျှင် မိုက်ကန်းသောလူဟု ဆိုရ၏။

တစ်နည်းအားဖြင့် ကုသိုလ်ကံနှင့် အကုသိုလ်ကံကို မယုံ(ပယ်)သောကြောင့် နိယတ မိစ္ဆာဒိဋ္ဌိဟုလည်း ဆိုရ၏။ ပုထုဇဉ်တို့သည် ကုသိုလ်နှင့် အကုသိုလ် နှစ်မျိုးတွင် အကုသိုလ်သည်သာ အဖြစ်များသောကြောင့် အကုသိုလ်ကို ရဲရဲကြီး လုပ်ဝံ့သော၊ လုပ်နေသော လူဟုလည်း ဆိုရ၏။

မှန်၏။ အချို့သော ပုဂ္ဂိုလ်တို့သည် ကုသိုလ်ကံနှင့်



www.burmeseclassic.com

www.burmeseclassic.com

အကုသိုလ်ကို မယုံတော့ဘဲ မိစ္ဆာမန္တန်များကိုသာ အဓိကထား ပြီး ယုံကြည်ဆုပ်ကိုင်နေကြသည်မှာ ဒုနှင့်ဒေးပင် ရှိလေ၏။ အသက်နှင့် သွေးနှင့် ပူဇော်လျှင် အကျိုးများသည်ဟုလည်း ယနေ့သိပ္ပံခေတ်မှာပင် အမြောက်အမြား ယုံကြည်လျက်ရှိနေကြသေး၏။

အင်တာနက်သတင်းများတွင်လည်း လူကိုရော၊ တိရစ္ဆာန်များကိုပါ ခေါင်းဖြတ်သတ်နေကြသည်ကို အများအပြား တွေ့နေရ၏။ ထိုကဲ့သို့ သတ်ဖြတ်နေခြင်းကို အကုသိုလ်/အပြစ် ဟု ယူဆကြပုံ မရပေ။ မိမိ၏အသက်နှင့် အစားထိုးကြည့်လျှင် ရှင်းရှင်းကြီး သိသာနိုင်ပေ၏။ ထိုသို့ သိနိုင်မည်မှာလည်း ကံ ကိုယုံမှသာ ဖြစ်နိုင်ချေ၏။

၂။ အန္ဓပုထုဇဉ် = ကန်းသာကန်းပြီး မမိုပ်သော ပုဂ္ဂိုလ်ကို ခေါ်၏။ ကံကိုယုံကြည်သောကြောင့် ကမ္မသကတ သမ္မာဒိဋ္ဌိဟုလည်း ဆိုရ၏။ အယူမှန်နေသော်လည်း ဉာဏ်မရှိ သေးပေ။ ထို့ကြောင့် ကုသိုလ်ကံနှင့် အကုသိုလ်ကံကို ယုံကြည်လက်ခံနေပါလျက် အကုသိုလ်အမှုကိုလည်း ပြုမိနေ တတ်၏။ အကုသိုလ်အမှုကို ပြုမိနေသော်လည်း အကုသိုလ် သည် ဆိုးကျိုးကို ပေးတတ်၏ဟု ကိုယ်နှင့်ယှဉ်စာ၍ နားလည် နေသောကြောင့် ကြာကြာမပြုရဲကြပေ။

ထို့ကြောင့် ကံငါးပါးတည်းဟူသော မုဆိုးတံငါ၊ သူခိုး ဓားပြ စသည်ဖြင့် အကုသိုလ်နွံထဲတွင် နစ်နေကြသော လူများ သည် ကြာကြာမလုပ်ရဲ၊ ရှန်းထွက်ကြသည်ကို တွေ့ဖူးမြင်ဖူး၊ ကြားဖူးကြမည်ပင် ဖြစ်၏။ ဤသည်မှာ အန္ဓပုဂ္ဂိုလ်ဖြစ်သော ကြောင့် ပညာမျက်စိ မရှိကြသေးသော်လည်း ကမ္မသကတ ဉာဏ်ရှိ၍ ကုသိုလ်ကံနှင့် အကုသိုလ်ကံကို ခွဲသိ/ခွဲယုံသော ကြောင့်ပင် ဖြစ်၏။ ဖြစ်နိုင်/ဖြစ်ထိုက်သော အကုသိုလ်အဖို့မှ တစ်ဝက်မှ သက်သာသည်ဟု ဆိုရမည်ဖြစ်၏။

၃။ ကလျာဏပုထုဇဉ် = ကလျာဏ၏အနက်သည် မြင့်မြတ်ခြင်းကို ဟော၏။ ထို့ကြောင့် ကလျာဏပုဂ္ဂိုလ်တို့ သည် ကိုယ်ကျင့်သီလကိုလည်း ဒုရာဇီဝ = အသက်မွေး ကြောင်းအနေဖြင့် ရှောင်ကြဉ်၏။ သမ္မာအာဇီဝဖြင့်သာ အသက် မွေး၏။ အကုသိုလ်ကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ပြီး ကုသိုလ် တရားကို ပွားများစေ၏။

လောကီနယ်ပယ်တွင် အထက်တန်းကျသော စိတ် ထားမျိုးကို ပိုင်ဆိုင်၏။ အနှောင့်အယှက်ကင်းသော အလုပ် အကိုင်ကို လုပ်၏။ ကိုယ်ကျင့်သီလကို အကျိုးမဲ့စွာဖြင့် ချိုးဖောက်ခြင်းမရှိ။ နိစ္စသီလ၊ နိယျတသီလတိုင်အောင် မပြု နိုင်သေးစေကာမူ ဆိုခဲ့သည့်အတိုင်း ဒုရာဇီဝအလုပ်ဖြင့် အသက်မမွေးတော့ပေ။ ရံခါ ဒုစရိတ်ဖြစ်တတ်သည်မှလွဲ၍ ဆိုဖွယ်ရာမရှိ။

သို့ဖြစ်၍ ကလျာဏသည် တန်းမြင့်သော ပုဂ္ဂိုလ်ဖြစ် သောကြောင့် မဂ်ရဖိုလ်ရ ပုဂ္ဂိုလ်များတိုင်အောင်ပင် ကလျာဏ ဟု ဆိုရ၏။ ပါပပုဂ္ဂိုလ်၊ ကလျာဏပုဂ္ဂိုလ်ဟူ၍လည်း ခွဲဆိုနိုင်၏။

ပါပပုဂ္ဂိုလ်အဖြစ် အန္ဓဗာလနှင့် အန္ဓပုဂ္ဂိုလ်နှစ်ဦးတို့ အား ကျော်လျှင် ကလျာဏပုဂ္ဂိုလ်အဖြစ် ဆိုခဲ့သည့် မဂ်ရ ဖိုလ်ရ ပုဂ္ဂိုလ်များတိုင်အောင် ကျော်ရ၏။ ကလျာဏပုဂ္ဂိုလ် တို့သည် ထိုမျှအထိ အဆင့်တန်းမြင့်လေ၏။

၄။ စူဠသောတာပန်ဟူသော ပုဒ်ကို ဖြတ်၍ကြည့် လျှင် စူဠတစ်ပုဒ်၊ သောတာပန်တစ်ပုဒ်၊ နှစ်ပုဒ်ဖြစ်၏။ အထက် တွင် ဆိုခဲ့သော ပုဂ္ဂိုလ်တို့အားလည်း ပုဒ်ဖြတ်ပြီး အနက်ဆို၍ ရ၏။

စူဠသောပုဒ်သည် အငယ်ကိုဟောပြီး သောတာပန်ပုဒ် သည်ကား သောတာပန်ကိုပင် ဟော၏။ ထိုနှစ်ပုဒ်ကို အနက် ချောအောင် ပြန်လိုက်လျှင် သောတာပန်အငယ်ဟူ၍ ရ၏။ ထို့ကြောင့် စူဠသောတာပန်ပုဂ္ဂိုလ်တို့သည် လောကီသားထဲတွင် ပုထုဇဉ်အဖြစ်ဖြင့် ပါဝင်၍နေသေးသော်လည်း စင်စစ်တွင် လောကုတ္တရာဘက်မှာသာ အားသာနေလေ၏။

မဂ်မရသေးသောကြောင့်သာ ပုထုဇဉ်ထဲမှာ ထည့်ထား ရသော်လည်း အသိဉာဏ် ဆင်ခြင်ဉာဏ်ကြီး၏။ အကုသိုလ် ကိုကြောက်၏။ ကုသိုလ်တရားများကို နိုင်သမျှပွားများ၏။ လောကီနယ်ပယ်၌ အဆင့်အမြင့်ဆုံးသော ပုဂ္ဂိုလ်မျိုးဖြစ်၏။

ကုသိုလ်ဟူရာ၌လည်း ဒါန၊ သီလ၊ ဘာဝနာ ဤသုံး မျိုးလုံးကို ပြုလုပ်ရာတွင် ဝိပဿနာကို သာ၍စွဲမြဲ၏။ ဆရာ ကောင်း၊ နည်းလမ်းကောင်းများကို ရသမျှ စုဆောင်းပြီး ပွား များ၏။ ရုပ်နာမ်နှင့် ပညတ် ပရမတ်ကို ကွဲပြားခြားနားစွာသိ၍ ပစ္စယပရိဂ္ဂဟဉာဏ်တိုင်အောင်လည်း ရရှိထားသော ပုဂ္ဂိုလ် မျိုးဖြစ်၏။

ပညတ်ကို သိသောပုဂ္ဂိုလ်တို့သည် ပရမတ်ကိုသိနိုင်



www.burmeseclassic.com

www.burmeseclassic.com

အနီးဆုံးမှာ ရှိနေသောကြောင့် စူဠသောတာပန်ပုဂ္ဂိုလ်တို့သည် ပညတ်ကိုသိပြီးနောက် တရားပေးသော ဆရာက အနည်းငယ်မျှ ပြောပြလိုက်နှင့်ပင် ပရမတ်ကို တန်းသိသွားခြင်းဖြစ်၏။

ပညတ်ကိုသိလျှင် လောကီနယ်ပယ်တွင် အကုန်သိပြီဟု ဆို၍ရနိုင်၏။ ပရမတ်သိဟူသည်မှာလည်း သဘောဆိုက်ပြီး ဖြစ်သောကြောင့် မဂ်ဖိုလ်မှသည် နိဗ္ဗာန်တိုင်အောင် သဘောတရားမျှသာရှိ၍ အသိအနေဖြင့် ဆုံးသည်ဟုဆိုလျှင် ရကောင်း၏။ မဂ်ဖိုလ်အဆင့်ဆင့်ကိုလည်း ဤပရမတ်အသိဖြင့်သာ သိသိသွားခြင်းဖြစ်၏။

သို့သော်လည်း စူဠသောတာပန် ပုဂ္ဂိုလ်တို့သည် မဂ်ကို မရသေးသောကြောင့် ပုထုဇဉ်အဖြစ်မှာသာ ရှိနေရ၏။ စူဠသောတာပန်ပုဂ္ဂိုလ်တို့သည် မဂ်ကိုမရသေးသော်လည်း နောက်မဆုတ်ကောင်းတော့ပေ။ ဂတိမြဲနေပြီဖြစ်၏။ ဤဘဝမှ စတေပြီးလျှင် အပါယ်လေးပါးသို့ လုံးဝမကျတော့ဘဲ လူ့နတ် စသောသုဂတိဘုံတစ်ခုခုတွင် အဆင့်မြင့်မြင့်ဖြစ်ရကာ ထိုဘဝမှာပင် မဂ်ကို တန်းရမည်ဖြစ်၏။ ထို့ကြောင့် ဂတိမြဲသည်ဟု ဆိုရ၏။ ဂတိဟူသည်မှာ သွားရာလမ်းဟု အနက်ထွက်၏။

စူဠသောတာပန်ပုဂ္ဂိုလ်တို့သည် လက်ရှိဘဝ၌ ရုပ်နာမ်ခန္ဓာကို ဝိပဿနာဉာဏ်ဖြင့် လင်းရှင်းပြတ်သားစွာ သိရှိပိုင်နိုင်ထားကြပါလျက် မဂ်ကိုမရနိုင်သည့်အကြောင်းတစ်ခုသော်လည်းကောင်း၊ နှစ်ခု,သုံးခုသော်လည်းကောင်း၊ ထိုထက်သော်လည်းကောင်း ရှိနိုင်သည်ဟု ယူဆရ၏။

စူဠသောတာပန်ဖြစ်နေပြီးသော ပုဂ္ဂိုလ်တို့သည် လောကီနယ်ပယ်တွင် အမြင့်အမြတ်ဆုံးဟုဆိုရာ၌ သမ္မာဒိဋ္ဌိဉာဏ်ငါးမျိုး၊ သို့တည်းမဟုတ် အမြင်မှန်၊ ဉာဏ်ငါးမျိုးအနက်မှ နှစ်မျိုးကို ရှင်းလင်းပြတ်သားပြီဖြစ်၏။ ထိုဉာဏ်ငါးမျိုးအကြောင်းကို ရေမှာတ်စဉ် ပရမတ်စဉ်ကို ပြခဲ့ရာ၌ ထည့်သွင်းပြသခဲ့ဖူး၏။ ယခု ဤနေရာတွင်လည်း လိုအပ်မည်ထင်၍ အကျဉ်းမျှကို ထုတ်နုတ်ရှင်းပြဦးမည်။

**သမ္မာဒိဋ္ဌိဉာဏ်ငါးမျိုး/အမြင်မှန်ဉာဏ်ငါးမျိုး**

ကမ္မသကတ သမ္မာဒိဋ္ဌိ၊
ဝိပဿနာ သမ္မာဒိဋ္ဌိ၊
မဂ္ဂ သမ္မာဒိဋ္ဌိ၊
ဖလ သမ္မာဒိဋ္ဌိ၊
ပစ္စဝေက္ခဏာ သမ္မာဒိဋ္ဌိ။

ဤနေ့ စူဠသောတာပန် ပုဂ္ဂိုလ်တို့သည် ကမ္မသကတ သမ္မာဒိဋ္ဌိနှင့် ဝိပဿနာ သမ္မာဒိဋ္ဌိ ဉာဏ်နှစ်မျိုးကို ရရှိထားပြီဖြစ်၏။ ထို့ကြောင့်လည်း အပါယ်လေးပါးကို မကျတော့ခြင်းဖြစ်၏။ သို့သော် အဘယ်ကြောင့် မဂ်ကို မရနိုင်သနည်းဟု စဉ်းစားဖွယ်ရာ ဖြစ်လာရ၏။ ထိုအခါ မဂ်ဖိုလ်အန္တရာယ် ငါးမျိုးကို ဆင်ခြင်ပြီး ကြည့်သင့်၏။

**ကံ,ကိလေသ,ဝိပါက,ဝါဒ,တိက္ကမ,ဟု** မဂ်ဖိုလ် အန္တရာယ်ငါးမျိုးကို စပ်ဆိုထားသော အဖျာတိုလေးရှိ၏။

ကံ-ဟူသည်မှာ ပဥ္စာနန္တရိယ ကံကြီးထိုက်ထားသောသူများကို ခေါ်၏။ ကိလေသာ-ဟူသည်မှာ အယူမဖြူစင်သေးသော သက္ကာယဒိဋ္ဌိ ကိလေသာရှိနေသူကို ခေါ်၏။ ဝိပါက-ဟူသည်မှာ သုဂတိအဟိတ်/ဒွိဟိတ်စသူများကို ခေါ်၏။ ထိုသူများကို မွေးရာပါ မဂ်ကိုရနိုင်လောက်သော ဉာဏ်မျိုးမပါသူဟုလည်း ဆိုရ၏။ ဝါဒ-ဟူသည်မှာ အရိယာပုဂ္ဂိုလ်တို့အား မတရားစွပ်စွဲ ကဲ့ရဲ့ပြောဆိုခြင်းကို ခေါ်၏။ တိက္ကမ-ဟူသည်မှာကား လူများအတွက်မဟုတ်ပေ။ ဘုရားရှင်၏ သိက္ခာပုဒ်တော်ကို ကျူးလွန်သော ရဟန်းများအတွက်သာ ဖြစ်၏။

ထို့ကြောင့် မဂ်ဖိုလ်ကို မရနိုင်အောင် တားဆီးတတ်သော အန္တရာယ်ငါးမျိုးတွင် အထက်လေးမျိုးသည်သာ လူပုဂ္ဂိုလ်များနှင့် သက်ဆိုင်ပြီး အောက်တစ်မျိုးတည်းသာ ရဟန်းများအတွက်သာ ဖြစ်ချေ၏။

သည်အန္တရာယ်ငါးမျိုးကိုလည်း မဂ်ရကြောင်း၊ ဖိုလ်ရကြောင်းဖြစ်သော ဝိပဿနာတရားတော်ကို ပွားများအားထုတ်နေကြသော ယောဂီပုဂ္ဂိုလ်တိုင်း သိထားသင့်၏။ သိထားပြီးနောက် ဆင်ခြင်ပြီး မဂ်ဖိုလ်၏ အန္တရာယ်ဖြစ်နိုင်သော အကြောင်းအရာငါးချက်ကို အထူးဆင်ခြင်သင့်ပေသည်။

နောက်လတွင်လည်း သက်ဆိုင်ရာ အကြောင်းခြင်းရာများကို ဆက်ရေးဦးမည်။

မဟာထွန်း

www.burmeseclassic.com

# တရုတ်နက္ခတ္တဗေဒင်ပညာ

## ၂၀၁၄ခုနှစ်၊ မေလ

## တရုတ်နှစ်မွေးသူများအတွက်

## ဆောင်ရန်ရှောင်ရန်နှင့်သတိပြုရန်အချက်များ

ကေတီ–အောင်သိန်း(ရန်ကုန်တက္ကသိုလ်)

### မြင်းနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ယခုလ သင်၏ကံကြမ္မာ ပြန်လည်ထိုးတက်နေပြန်၏။ လခစားဝန်ထမ်းများအဖို့ အလုပ်ဖိစီးမှုများတတ်၏။ သို့ရာတွင် တောင့်ခံထားသင့်၏။ အလုပ်ကို ကြိုးစားပမ်းစား လုပ်ကိုင်လျှင် မကြာမီ ရာထူးတိုးဖွယ်ရှိမည်။ လုံးဝ စိုးရိမ်စရာမလိုပါ။ စိုက်ပျိုးရေးလုပ်ပါ။ မြေကြီးက ရွှေသီးမည်။ ရင်းနှီးမြှုပ်နှံက အကျိုးရှိမည်။

### ရှောင်ကြဉ်ရန်အချက်များ

ဖွဲလုံ့လ၊ သတ္တိမလျှော့ရ။ ဆုတ်ယုတ်တတ်၏။ အထည်ချုပ်လုပ်ငန်း၊ စက်မှုလုပ်ငန်းများကို မလုပ်သင့်။ ရှောင်ပါ။ အကျိုးရှိမည်မဟုတ်ပါ။ အိမ်ထောင်ရှင်အဖို့ အချစ်သစ်တွေ့တတ်၏။ သားမယားမိသားစုကို ပြန်ကြည့်ရှု ငဲ့ညှာပါ။ ခေါင်းအေးအေးထားပါ။ စိတ်ထိန်းပါလေ။ အဟောင်းမေ့၊ အသစ်မရှာလေနှင့်။

### ဆိတ်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကုသိုလ်ကံကြမ္မာ ပြန်လည်ကျဆင်းနေရှာ၏။ ကူးသန်းရောင်းဝယ်သူ၊ ကုန်သည်များအဖို့ ဖောက်သည်အသစ်တွေ့မည်။ လက်မလွှတ်စေနှင့်။ ဝင်ငွေတိုးဖွယ်ရှိ၏။ ခရီးထွက်နိုင်၏။

### ရှောင်ကြဉ်ရန်အချက်များ

စေ့စပ်ခြင်း၊ လက်ထပ်ခြင်း မပြုသင့်သေးပါ။ ချစ်သူဟောင်းနှင့် အဆင်မပြေပါ။ အချစ်သစ်ရှာသင့်ပြီဖြစ်ပါသည်။ ရေကြောင်းခရီးကို ရှောင်ပါ။ ငွေကုန်ကြေးကျများမည်။ စနစ်တကျ သုံးစွဲသင့်သည်။ (ချစ်သူဟောင်း အကျိုးမပေးပါ။)



www.burmeseclassic.com

www.burmeseclassic.com

### မျှောက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

လဆန်းရက်တွင် ရင်းနှီးမြှုပ်နှံမှု၊ လုပ်ငန်းသစ်တည်ထောင်ခြင်း မပြုသင့်ပါ။ ကုမ္ပဏီအဖို့ လုပ်ငန်းတိုးတက်မှုရှိရန်အတွက် အရည်အချင်းပြည့်ဝသော လူတော်လူကောင်းကို စိစစ်ရွေးချယ်အသုံးပြုပါ။ အရွေးချယ်လုံးဝမမှားသင့်ချေ။ စေ့စပ်နိုင်၏။

### ရှောင်ကြဉ်ရန်အချက်များ

ရေကြောင်းခရီး လုံးဝရှောင်ပါ။ လေ့၊ သဘော်မစီးရ။ ငွေမည်းဝင်ကိန်းရှိသဖြင့် လုံးဝလက်မခံသင့်ပါ။ စေ့စပ်နိုင်၏။ ဖူးစာရှင်ကောင်းတွေ့မည်။ သို့သော် ချက်ချင်းလက်ငင်း လက်မထပ်သင့်သေး။

### ကြွက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကံကြမ္မာတက်နေရာ၏။ စီးပွားရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်နိုင်၏။ ရုံးဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်းများအဖို့ ခေါင်းအေးအေးထားပြီး အလုပ်ကြိုးစားလုပ်ကိုင်ပါ။ ရာထူးတိုးဖွယ်ရှိ၏။ ရင်းနှီးမြှုပ်နှံနိုင်၏။ စေ့စပ်နိုင်၏။ လက်ထပ်နိုင်၏။

### ရှောင်ကြဉ်ရန်အချက်များ

ဝင်ငွေကောင်းသလောက် ထွက်ငွေများတတ်၏။ ငွေကြေး စနစ်တကျကိုင်တွယ်သုံးစွဲသင့်ပါသည်။ ချစ်သူဗိုင်းဝိုင်းလည်နေမည်။ မှန်ရာ၊ ကောင်းရာကို အမှန် အမြန်ရွေးချယ်ပါ။ လက်လွတ်မဆုံးရှုံးသင့်။

### ခွေးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

လကုန်ရက်တွင် ကံစမ်းနိုင်ပါသည်။ ထီထိုးပါ။ ထီပေါက်ကိန်းရှိ၏။ ပြည်တွင်းပြည်ပ ကုန်သွယ်မှုလုပ်လျှင် အကျိုးထူးရရှိမည်။ လုပ်ပါ။ ခရီးထွက်ပါ။ အကျိုးရှိမည်။

### ရှောင်ကြဉ်ရန်အချက်များ

အိမ်ထောင်ရှင်အဖို့ စိတ်သဘောကွဲလွဲတတ်၏။ ပြောဆိုဆက်ဆံမှု အထူးသတိနှင့် ဆင်ခြင်ရန်လိုပါမည်။ ခရီးထွက်လျှင် လေကြောင်းခရီးကို ရှောင်ကြဉ်ပါ။ လက်မထပ်သင့်သေး။

### ဝက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကုသိုလ်ကံ နိမ့်ကျနေ၏။ လုပ်ငန်းတိုးချဲ့ရန် မသင့်သေးပါ။ မူလရှိရင်းစွဲ အရင်းအနှီးမပြုတ်ရန် ကောင်းစွာထိန်းသိမ်းထားပါ။ ငွေကြေးစနစ်တကျ သုံးစွဲပါ။ လောဘမကြီးရ။

### ရှောင်ကြဉ်ရန်အချက်များ

ကိုယ်ဝန်ဆောင်အမျိုးသမီးများအဖို့ လှုပ်ရှားသွားလာနေထိုင်မှု အထူးဆင်ခြင်ပါ။ ကိုယ်ဝန်ပျက်ကျမှု (သားလျှောမှု) ဖြစ်တတ်ပါသည်။ အိမ်ထောင်ရေး တည်ငြိမ်မှုရှိမည်။ အပြောအဆို ဆင်ခြင်ပါ။

### ကြွက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ယခုလ သင်၏ကံကြမ္မာ စန်းပွင့်နေ၏။ ရင်းနှီးမြှုပ်နှံမှု လုပ်နိုင်ပါသည်။ ရုံးဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်းများအဖို့ အလုပ်ကြိုးစားလုပ်ကိုင်ပါ။ တက်လမ်းရှိ၏။ စိတ်မလျှော့ပါနှင့်။

### ရှောင်ကြဉ်ရန်အချက်များ

စကားနည်းရန်စဲ၏။ ဆိတ်ဆိတ်နေက ထောင်တန်၏။ ချစ်သူ၊ အိမ်ထောင်ရှင် ပြောဆိုဆက်ဆံမှု ဆင်ခြင်သင့်သည်။ ခရီးထွက်ခြင်းမပြုအပ်။ ဘေးများလှ၏။ စေ့စပ်နိုင်သော်လည်း လက်မထပ်သင့်သေး။

### နွားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကံကုသိုလ် ပြန်လည် လည်လာ၏။ စီးပွားရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်နိုင်ပါသည်။ ရွှေရောင်းအဝယ်လုပ်ပါ။ ရွှေကုန်သည်များအဖို့ အလွန်ကိုက်၏။ ကောင်းကျိုးပေးမည်။ ငွေထုတ်ချေးလုပ်ငန်းလည်း အကျိုးရှိနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

### ရှောင်ကြဉ်ရန်အချက်များ

လသာတုန်းဗိုင်းငင်၊ မိုးရွာတုန်းရေခံ၊ ငွေဝင်တုန်း စုဆောင်းထားပါ။ ငွေပြတ်လပ်မှုကို ကြိုတင်ကာကွယ်ထားပါ။ အလုပ်နှင့်အိမ်ရာ ပြောင်းရွှေ့ခြင်းမပြုသင့်သေးပါ။ ခဏစောင့်ဆိုင်းပါဦးလေ။ ထို့ပြင် ရေကြောင်းခရီးကို အထူးရှောင်ရှားပါ။

### ကျားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

မူလရှိရင်းစွဲ စီးပွားရေးလုပ်ငန်း၊ ကုမ္ပဏီတိုးတက်အောင် လုပ်ပါ။ ကြိုးစားပါ။ လုပ်ငန်းပြောင်းရွှေ့ရန် ခေတ္တစောင့်ဆိုင်းပါဦး။ လုပ်ငန်းအတားအဆီး၊ အခက်အခဲများရှိသော်လည်း ကြိုးပမ်းဆောင်ရွက်လျှင် ကျော်လွှားနိုင်မည်။

### ရှောင်ကြဉ်ရန်အချက်များ

လုပ်ငန်းသစ်၊ လုပ်ငန်းပြောင်းရွှေ့ဖို့ လုံးဝမသင့်တော်သေးပါ။ ထို့ပြင် အိမ်ရာလည်း မပြောင်းရွှေ့ကြရပါ။ စေ့စပ်ခြင်း၊ လက်ထပ်ခြင်းကိစ္စတွင် ပြတ်ပြတ်သားသား လုပ်ပါ။

### ယုန်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စီးပွားရေးလုပ်ငန်းသစ် လုပ်နိုင်ပါသည်။ မိတ်ဆွေကောင်း၊ သူတော်ကောင်း မစပါမည်။ ရင်းနှီးမြှုပ်နှံမှု၊ ဘဏ်လုပ်ငန်းနှင့် အကျိုးပေးပါလိမ့်မည်။ အထည်ချုပ်လုပ်ငန်းနှင့် ကိုက်၏။ လက်ထပ်နိုင်၏။

### ရှောင်ကြဉ်ရန်အချက်များ

စေ့စပ်နိုင်ပါသော်လည်း သေသေချာချာ၊ စေ့စေ့စပ်စပ် ရွေးချယ်ပါ။ အိမ်ထောင်ဖက် အရွေးချယ်မမှားစေနှင့်။ စားသောက်နေထိုင်မှု ဆင်ခြင်ပါ။ ဂရုစိုက်ပါ။ အသည်းရောဂါ စွဲကပ်ဖြစ်ပွားတတ်၏။

### နဂါးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ရုံးဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်း အလုပ်ကြိုးစားလုပ်ကိုင်ပါ။ သစ္စာရှိပါ။ မကြာမီ ရာထူးတိုးဖွယ်ရှိ၏။ ကျန်းမာရေးဂရုစိုက်ပါ။ ခရီးထွက်နိုင်၏။ လက်ထပ်နိုင်၏။

### ရှောင်ကြဉ်ရန်အချက်များ

အလုပ်နှင့် အိမ်ရာပြောင်းရွှေ့ရန် မသင့်တော်သေးပါ။ ရေကြောင်းခရီးကို ရှောင်ပါ။ လှေ၊ သင်္ဘောမစီးကြရ။ ထို့ပြင် လေကြောင်းခရီးကိုလည်း ရှောင်ကြဉ်ရပါမည်။ ရေတွင်း၊ ရေကန်မတူးဖော်ရ။ ခိုက်တတ်၏။

### မြွေနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ငွေဖြုန်းပုံမှန်ဝင်ကိန်းရှိ၏။ ငွေရတုန်း စုဆောင်းထားပါ။ ငွေကြေးစနစ်တကျသုံးစွဲပါ။ ငွေကြေးမလေလွင့်စေပါနှင့်။ လုပ်ငန်းအနှောင့်အယှက်ရှိသော်လည်း ကြိုးစား၊ ရဲရင့်စွာလုပ်ကိုင်ပါက အောင်မြင်စွာ ထိုးဖောက်နိုင်ပါလိမ့်မည်။ စေ့စပ်နိုင်၏။ အိမ်ထောင်ရေး သာယာမည်။

### ရှောင်ကြဉ်ရန်အချက်များ

ငွေကြေးအရမ်းထုတ်ချေးခြင်း မပြုရ။ အလိမ်ခံရတတ်၏။ သတိထားပါလေ။ ချစ်သူဟောင်းကိုစွန့်၍ အချစ်သစ်ရှာပါ။ ချစ်သူဟောင်းနှင့် အကျိုးပေးမည် မဟုတ်ပါ။ သစ္စာမဲ့သူ ဖြစ်၏။ အမြင်ကျယ်ကျယ်ထားပါ။ နှလုံးနှင့် မဆုံးဖြတ်ပါနှင့်။ ဦးနှောက်နှင့် ဆုံးဖြတ်ပါ။

**ဧကတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

**Ref:-**

တရုတ်နက္ခတ္တဗေဒင်ပညာ၊ ၂၀၁၄ ခုနှစ်။
တရုတ်မြင်းနှစ်၊ စင်ကာပူမြို့၊ စင်္ကာပူနိုင်ငံ။





www.burmeseclassic.com

www.burmeseclassic.com

# ဝေဘူဆရာတော်ကြီး နှင့် ကျွန်တော်

## ၂

သူတော်စင်မင်းအောင်

ဝေဘူဆရာတော်ကြီးကို ဆွမ်းသပိတ်လောင်းလှူပြီးနောက် ကျွန်တော်၏ လက်တွန်းလှည်းဆိုင်ကလေး အရောင်းအဝယ် သိသိသာသာ ကောင်းလာပါသည်။ နံနက်ခင်းဈေးရောင်းပြီးနောက် နေ့လယ်ဘက်မှာ အာမခံကိုယ်စားလှယ်လုပ်ငန်းကို မြို့ထဲထွက်၍ လုပ်ကိုင်ပါသည်။ ဆရာဦးထွန်းရင်နှင့် ဆရာဦးကျော်ငြိမ်းတို့၏ အာမခံကိုယ်စားလှယ်အသင်းက ပို့ချသော သင်တန်းကိုလည်း တက်ရောက်သင်ကြားပါသည်။ မြန်မာနိုင်ငံအစိုးရအာမခံချုပ် ကုမ္ပဏီနှင့် အမေရိကန်အန်ဒါးရိုက်တားဘားမား အာမခံကုမ္ပဏီများမှာ အသက်အာမခံ၊ မီးအာမခံ၊ ကားအာမခံ၊ သင်္ဘော၊ မော်တော်အာမခံ၊ ထိခိုက်မှုအာမခံ၊ ခရီးသွားအာမခံ အာမခံလုပ်ငန်းမျိုးစုံလုပ်ပါသည်။ ညနေဘက်မှာ မြို့ထဲက ပွဲရုံနှင့် ကုန်တိုက်များမှာ ငရုတ်သီးခြောက်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူး၊ ပဲဆီ၊ နှမ်းဆီတို့ဝယ်ယူပြီး အိမ်ကို ချယ်ကာလီကုလားနှင့် ပို့ပါသည်။ ညဘက်ရောက်တော့ နောက်တစ်နေ့မနက် ကျောက်မြောင်းဈေးမှာ ရောင်းဖို့အတွက် ဝယ်လာတဲ့ပစ္စည်းတွေကို လုပသန့်ရှင်းအောင် ပြုပြင်ရပါသည်။ ငရုတ်ပွများ နီရဲပြီး လှနေအောင် ရေနွေးတစ်ဖလားထဲမှာ ဆားအနည်းငယ်၊ ဆီအနည်းငယ်ထည့်ပြီး ခြင်ဆေးရည်ဖျန်းတဲ့ ပန့်ကလေးထဲထည့်၊ ငရုတ်ပွပုံကိုဖျန်း။ ဖွနယ်ပေးပြီး ဂုန်နီအိတ်နဲ့ အုပ်ထားလိုက်တော့ နံနက်ရောက်တော့ ငရုတ်လေးတွေ ပွရွနီရဲပြောင်လက်နေပါသည်။ ဒါမှ ဝယ်သူကြိုက်ပါသည်။ ကြက်သွန်နီ/ဖြူတွေကိုလည်း အမြစ်မွှားများကို ကတ်ကြေးနဲ့ ဖြတ်ပြီး အခွံလည်းသင်ပေးရပါသည်။ နှမ်းဆီကတော့ အောင်လံက ဦးရွှေအောင် နှမ်းဆီပုံးဝယ်ပြီး နှမ်းဆီတစ်ပုံးကို ပဲဆီ ၅၀ သား ထည့်ရောမွှေပေးလိုက်တော့ နှမ်းဆီက မခါးမသက်တော့ဘဲ နှမ်းဆီရနံ့လေး မွှေးသွားပါသည်။ ည ၁၀ နာရီလောက်မှ အိပ်ရာဝင်နိုင်ပါသည်။ နံနက် ၅ နာရီထ၊ ဘုရားဆွမ်းတော်၊ သောက်တော်ရေချမ်း၊ ပန်း၊ ဆီမီးဖယောင်းတိုင်၊ အမွှေးတိုင ကပ်လှူ၊ ငါးပါးသီလဆောက်တည်။ နံနက် ၆ နာရီထိုးတော့ ဈေးရောင်းတဲ့ လက်တွန်းလှည်းလေးကို ကိုယ်တိုင်တွန်းပြီး ကျောက်မြောင်းဈေးကို သွားရောင်းရပါတယ်။ ကျောက်မြောင်းဈေးသည် နံနက်ခင်းဈေး ဖြစ်ပါသည်။ နံနက် ၁၀ နာရီလောက်ဆို ဈေးသိမ်း အိမ်ပြန်ရပါသည်။ နံနက်စာကို ၁၁ နာရီမှာစား။ မြို့ထဲထွက် အာမခံလုပ်ငန်းလျှောက်လုပ်၊ ညနေ ကုန်ဝယ်ပြီးပြန်နဲ့ ကျွန်တော့်ဘဝသံသရာ တစ်နေ့တစ်နေ့ လည်နေပါတော့သည်။ ဒီလိုနဲ့ စီးပွားရေးပြန်ကောင်းလာတော့ ကျွန်တော့်ဇနီးက မြင်းခြံပြန်ပြီး သူကျွမ်းကျင်တဲ့ ဆေးရွက်ကြီး၊ ဆေးရိုးရောင်းတဲ့လုပ်ငန်းလုပ်ချင်လို့ ပူဆာလာတော့ သူ့ဆန္ဒလိုက်လျောလိုက်ရပါသည်။ ကျွန်တော်က ရန်ကုန်မှာနေပြီး ဈေးရောင်းတဲ့အလုပ်ကို မလုပ်တော့ဘဲ သိမ်းလိုက်ပြီး အာမခံကိုယ်စားအလုပ်သာ လုပ်နေပါသည်။ အဲဒီလိုနဲ့ တစ်နှစ်လောက်ကြာတော့ ကျွန်တော်တစ်ယောက်တည်း ရန်ကုန်မှာနေတာကို စိတ်မချဘူးဆိုပြီး ဇနီးသည်က လာခေါ်တာနဲ့ မြင်းခြံပြန်လိုက်သွားရပါတော့သည်။ မြင်းခြံရောက်တော့ အာမခံကုမ္ပဏီများက အထက်မြန်မာပြည်တိုက်ခွဲဖွင့်ဖို့ အခွင့်အရေးပေးသဖြင့် မြို့ထဲမှာ ရုံးခန်းငှားပြီး အမေရိကန်အန်ဒါးရိုက်တားဘားမားကုမ္ပဏီတိုက်ခွဲဖွင့် ဆောင်ရွက်ပါသည်။ ဇနီးသည်က တောင်ပု၊ ပျော်ဘွယ်၊ ရမည်းသင်းဘက်ကထွက်တဲ့ ကုန်းဈေးရိုးနဲ့



www.burmeseclassic.com

www.burmeseclassic.com

ဗာဂျီးနီးယားဆေးရိုးများ ဝယ်ဖို့ တိုက်တွန်းတာနဲ့ ဆေးရိုး ကုန်ကြမ်း အဝယ်ထွက်ရပါသည်။ ညောင်လေးပင်၊ ရွှေကျင်က ထွက်တဲ့ ဆေးရိုးများလည်း သွားဝယ်ပြီး မြင်းခြံကို မီးရထား ကုန်တွဲနဲ့ ပို့ပေးရပါသည်။ ညောင်လေးပင်ရဲ့ မြို့မျက်နှာဖုံး သူဌေး ဦးထွန်းလှိုင်၊ ဒေါ်အေးကြည်တို့နဲ့ ခင်မင်ရင်းနှီးပြီး သူတို့တိုက်မှာတည်းခိုပြီး ရွှေကျင်ဆေးရိုးများ ဝယ်ပါသည်။ အလုပ်ကောင်းလို့ ကြိုးစားနေတဲ့ ကျွန်တော့်ကိုပစ်ထားခဲ့ပြီး ဇနီးသည်က လင်ငယ်နောက်ကို လိုက်သွားပါတော့သည်။ သူ့ကိုဆင်ထားသည့် လက်ဝတ်လက်စားရွှေထည်များအပြင် သူများထံက ရွှေဘီး၊ ရွှေဆွဲကြိုး၊ ရွှေလက်ကောက်များပါ ငှား၍ပေါင်သွားပါသည်။

ကျွန်တော်လည်း သူငှားပေါင်သွားတဲ့ ရွှေများ ပြန်ရွေး ပြီး ပိုင်ရှင်များထံ ပြန်ပေးပြီးနောက် စိတ်ကုန်သဖြင့် ဆေး ဆေးရိုးလုပ်ငန်းပါ စွန့်လွှတ်လိုက်ပါတော့သည်။

အဲဒီအချိန်မှာ တစ်ခါတုန်းက မြင်းခြံမြို့မျက်နှာဖုံး ဖြစ်ခဲ့ဖူးတဲ့ ဒေါ်ဒေါ်အုန်းနဲ့တွဲပြီး ရွှေခြံဒန်သတ္တုစက်ရုံကို ရှယ်ယာတစ်ဝက်စီ အညီအမျှထည့်ပြီး စက်မှုလက်မှုလုပ်ငန်း ကို လုပ်ပါသည်။ အောင်မြင်ပါသည်။ ဒန်သတ္တုကုန်ကြမ်း ကိစ္စနှင့် ရန်ကုန်ကို တစ်လမှာနှစ်ခေါက်လောက် သွားရပါ သည်။ ရန်ကုန်သွားရင်းနဲ့ တစ်နေ့မှာ သာစည်ဘူတာရောက် တော့ ရထားတွဲတစ်တွဲမှာ လူအတော်များများ ဝိုင်းအုံနေတာ တွေ့တော့ ဘာများဖြစ်သလဲလို့သွားစုံစမ်းကြည့်လိုက်မိပါသည်။

ဝေဘူဆရာတော်ဘုရားကြီး ရန်ကုန်ကြွမည့် ရထား တွဲကို လူများဝိုင်းအုံဖူးမြော်နေကြတာ တွေ့လိုက်တော့ အလွန်ဝမ်းသာသွားပါသည်။ အအေးဆိုင်ဘက်ပြေးပြီး ဗင်တို ဘိလပ်ရည်တစ်ပုလင်းဝယ်ပြီး ဆိုင်က ဖန်ခွက်ပါငှားခဲ့ကာ ဆရာတော်ကြီးရထားတွဲပေါ်ရောက်အောင် လူတွေကို တိုးဝှေ့ ပြီး တက်ရပါသည်။

တွဲပေါ်ရောက်တော့ ဝေဘူဆရာတော်ကြီးကို ရိုသေ စွာ ဦးသုံးကြိမ်ချ ကန်တော့လိုက်ပြီး ကျေးဇူးရှင်ဆရာတော် ဘုရား၊ တပည့်မိုက်ကြီးကို ဒီဘိလပ်ရည်လေး ကပ်လှူခွင့် ပေးတော်မူပါဘုရားဟု လျှောက်ထားပြီး ဘိလပ်ရည်ဖန်ခွက် ကို ကပ်လိုက်ပါသည်။ လွန်ခဲ့တဲ့ နှစ်နှစ်ကျော်လောက်က ဆရာတော်ကြီးကို ဖူးတွေ့လိုက်ပြီး သတိမရ၊ မရောက်တော့တဲ့ တပည့်မိုက်ကြီးပါဘုရားဟု လျှောက်လိုက်မိပါသည်။

ဝေဘူဆရာတော်ကြီးက "မမိုက်ပါဘူးဗျာ၊ မမိုက်ပါ ဘူး။ ကိုလှပါး ပါရမီရှင်လေးမှန်း သိပါတယ်"လို့ မိန့်လိုက် တော့ ဝမ်းလည်းနည်း။ ဝမ်းနည်းသာ ဆရာတော်ဘုရားကြီး မှတ်မိတာသိရတော့ ကျွန်တော့်နှလုံးသားမှာ ဖောက်ထွင်း ဝင်ရောက်ခဲ့ဖူးတဲ့ ဖရဏာပီတိက ပြန်ပေါ်လာပါသည်။ ဝမ်းသာလွန်းလို့ မျက်ရည်ပင်ကျပါသည်။ ဆရာတော်ဘုရား ကြီးက သူ့ဘေးက ဒါယကာ၊ ဒါယိကာမများကိုကြည့်လိုက် ပြီး "မှတ်ထားကြဗျ။ သူက လှပါးဗျ။ ပါရမီလည်းပါတဲ့ လှပါး ဗျ။ ဘုန်းကြီးတို့ ရန်ကုန်မှာ ဆွမ်းခံကြွတဲ့အခါက သူက ဘိုလိမ်းလမ်းမှာနေပြီး သူကပ်တဲ့ဆွမ်းသပိတ်ကို အလှူခံဖို့ သူ့အိမ်ကနေ ဘုန်းကြီးကို စိတ်နဲ့လျှောက်ထားလို့ သူ့ဆွမ်း သပိတ်ကို အလှူခံခဲ့ရတယ်ဗျ။ အဲဒီတုန်းက ဘုန်းကြီးက သူ့ကို အာနာပါနတရား အချိန်ရတိုင်းမှတ်လို့ မှာလိုက်တယ်ဗျ။ သူမမေ့ဘူး။ အချိန်ရတိုင်း အာနာပါနတရား မှတ်နေတာ ဘုန်းကြီးသိတယ်ဗျ။ သာဓု··သာဓု··သာဓု ခေါ်ပါသဗျ"ဟု ကျွန်တော့်အား အသေအချာမှတ်မိကြောင်းတွေပါ ပြည့်ပြည့် စုံစုံ ပြန်ပြီးမိန့်ကြားတာကို ကြားလိုက်ရတော့ ကျွန်တော့်မှာ ပြောမပြတတ်၊ ရေးမပြတတ်တဲ့ ဖရဏာပီတိ ဝွမ်းဆီထိကဲ့ သို့ ခံစားရပါတော့သတည်း။

ဝေဘူဆရာတော်ဘုရားကြီးသည် ကျွန်တော်ကပ်လှူ သည့် ဘိလပ်ရည်ကို နှစ်ငုံ၊ သုံးငုံမျှသာ ဘုဉ်းပေးပြီး - "ကဲ···ဝေသောက်ကြ"ဟု မိန့်လျက် ပြန်စွန့်ပါသည်။ အနီး အနားမှာရှိတဲ့ လူတွေနဲ့ ကျွန်တော်ပါ တစ်ငုံစီမျှသောက် လိုက်ကြပါသည်။ ကျွန်တော်လည်း ရန်ကုန်ကို ခရီးဆက်ရ ဦးမှာမို့ ဝေဘူဆရာတော်ဘုရားကြီး ခြေတော်အစုံကို လက် နှစ်ဖက်ဖြင့် ဆုပ်နယ်၊ နဖူးနဲ့ထိ၊ ဦးတိုက်ကန်တော့လိုက်ပြီး ဆရာတော်ကြီးရထားတွဲပေါ်မှ ဆင်းခဲ့ပါတော့သည်။ ဤအကြိမ် ကား ကျွန်တော့်ဘဝမှာ ဝေဘူဆရာတော်ဘုရားကြီးကို ဒုတိယအကြိမ် ဖူးတွေ့ရခြင်းဖြစ်ပါသည်။

သတ္တဝါတွေ ချမ်းသာကြပါစေ···။

သူတော်စင်မင်းအောင်



www.burmeseclassic.com

www.burmeseclassic.com

# ဓာတ်ရိုက်ယတြာ
# ရွှေပညာ (၂၂)

## ဓနုနီးဖွင့်ထွနီး

မောင်သန်းဇော်မှာ အရောင်းအဝယ်သမားတစ်ဦးမို့ ပျောက်ချည် ပေါ်ချည်ဖြင့် နှစ်ပတ်လောက်ကြာမှ ပြန်ပေါ်လာတော့သည်။ အိမ်ပေါ်သို့ရောက်၍ နေရာတကျ ထိုင်ပြီးတော့မှပင် "မင်းယောက္ခမပြန်သွားပြီလား"ဟူ၍ ကျွန်ုပ်မှ ပဋိသန္ဓာရစကား အစပျိုးနှုတ်ဆက်လိုက်လေ၏။

"ပြန်သွားပြီ အစ်ကို။ ယောက္ခမပြန်တော့ လက်ဆောင်တွေနဲ့အတူ ပြန်လိုက်ပို့ပေးနေရလို့ အစ်ကို့ဆီကို မရောက်ဖြစ်တာပါ"

"ဒါဆိုရင် အေးအေးဆေးဆေး စကားပြောလို့ရပြီပေါ့"

"ရပါပြီ၊ ဒါနဲ့ အပြန် မန္တလေးထိုးမုန့်ဝယ်ခဲ့တယ်။ အစ်ကို့အတွက်ပါ ယူခဲ့တယ်"

သို့ဖြင့် ကျွန်ုပ်နှင့် မောင်သန်းဇော်တို့သည် မောင်သန်းဇော်ယူလာခဲ့သော မန္တလေးထိုးမုန့်ကို ရေနွေးကြမ်းဖြင့် မြည်းရင်း စကားပြောဆိုကြလေ၏။

"ဒီနေ့တော့ ကက်ကင်းအကြောင်းကို ဆွေးနွေးကြပါစို့။ ဘာဖြစ်လို့ ဒါကို ဆွေးနွေးရသလဲဆိုရင် အင်္ဂဝိဇ္ဇာပညာကို မတတ်ကြတဲ့သူတွေတောင် ကက်ကင်းဆိုတဲ့စကားလုံးကို ရင်းနှီးနေကြတယ်။ ရင်းနှီးနေကြရုံဆိုရင်တော့ တော်သေးတယ်။ အင်္ဂဝိဇ္ဇာရဲ့ ဓာတ်သဘောကို ခြေခြေမြစ်မြစ် မသိဘဲ တတ်ယောင်ကားနဲ့ ကက်ကင်း ချက်ချင်းပြီးတယ်ဆိုပြီးတော့ ကက်ကင်းကို အသုံးချနေကြတဲ့သူတွေ ရှိတယ်။ ကက်ကင်းနဲ့ ဓာတ်ရိုက်ဖို့ အကြံဉာဏ်ပေးနေကြတဲ့သူတွေလည်း ရှိကြတယ်။

ကက်ကက်းနဲ့ ဓာတ်ဆင်တဲ့နေရာမှာ နေရာမကျရင် ဓာတ်ပြန်ခိုက်တတ်တာမို့ မသုံးတတ်ဘဲ သုံးမယ်ဆိုရင် ကိုယ့်ကိုပြန်ဒုက္ခပေးတတ်တယ်။ ဓာတ်ခိုက်ရင်လည်း ပြန်လည်ပြီး ဖြေတတ်ဖို့လိုတာမို့ ကက်ကင်းအကြောင်းကို သွားကြရအောင်"

"အစ်ကိုပြောမှပဲ ဓာတ်ဆင်တာ အဆင်မသင့်ရင် ဓာတ်ခိုက်တတ်တယ်ဆိုတာကို သိရတော့တယ်။ ဘယ်လိုမျိုး ဓာတ်ခိုက်တတ်တာလဲ အစ်ကို"

"ဒါဆိုရင် ဗဟုသုတအနေနဲ့ ကက်ကင်းအကြောင်းကိုမသင်ခင် ရာဇဝင်ထဲက မှတ်သားစရာလေးကို ပြောပြမယ်။

တစ်ချိန်တစ်ခါက အရိမဒ္ဒနအမည်ရတဲ့ ပေါက္ကံပြည်လို့လည်းခေါ်လို့ရတဲ့ ပုဂံပြည်ဆိုတာ အထင်အရှားရှိခဲ့တယ်။ မင်းအဆက်ဆက် အုပ်ချုပ်ခဲ့တဲ့ ပုဂံပြည်မှာ အနော်ရထာမင်း အုပ်ချုပ်တဲ့ အချိန်အခါလို့ဆိုတယ်။

ရခိုင်ပြည်မှာ အင်္ဂဝိဇ္ဇာအတတ်ပညာကို နားလည်တတ်ကျွမ်းတဲ့ ရဟန်းတော်တစ်ပါး ရှိခဲ့တယ်။ အဲဒီရဟန်းဟော်ကလည်း ရှင်သာမဏေတစ်ပါးကို ပညာသင်ကြားပေးခဲ့တယ်။ ထိုရှင်ငယ်သာမဏေက ဆရာရဟန်းတော်ရဲ့ သင်ကြားထားပေးမှုကြောင့် ဓာတ်ယတြာ အစီအရင်တွေကိုလည်း ကောင်းစွာတတ်ကျွမ်းထားတယ်။

အကြောင်းအားလျော်စွာ ဆရာသခင် ရဟန်းတော်ဟာ ပုဂံပြည်ကို ကြွတော်မူရတယ်။ ပြီးတော့ တော်ရုံနဲ့ ပြန်မလာနိုင်ဘဲ ပုဂံမှာ ဆက်လက်သီတင်းသုံးနေထိုင်တော်မူနေတယ်။ အင်္ဂဝိဇ္ဇာဓာတ်ယတြာအစီအရင်တွေကို တတ်ကျွမ်းထားတဲ့ ရှင်သာမဏေဟာ သူ့ရဲ့ဆရာသခင် ကျေးဇူးရှင်ကို သတိရတယ်။ ပြန်လည်းမလာဘူးဆိုတော့ ရှင်ငယ်ရဲ့အတွေးမှာ ပုဂံပြည်ကြီး ပျက်စီးခဲ့ရင် ငါ့ဆရာသခင်ဟာ ရခိုင်ကို



www.burmeseclassic.com

www.burmeseclassic.com

ပြန်လာမှာပဲလို့ ယူဆတယ်။ ဒါကြောင့်မို့ ပုဂံပြည်ကြီးကို တုန်လှုပ်ချောက်ချားစေဖို့၊ ပြိုပျက်စေဖို့ စိတ်ဆန္ဒဖြစ်ပေါ်လာတယ်။ ပုဂံပြည်ကြီး ပြိုပျက်အောင်၊ တုန်လှုပ်ချောက်ချားအောင်ဆိုပြီး သူ့ဆရာသခင် သင်ကြားပေးထားတဲ့ အင်္ဂဝိဇ္ဇာ ဓာတ်ယတြာပညာနဲ့ ဓာတ်ဆင်တော့တာပဲ။

သာမဏေငယ် ဓာတ်ဆင်ပုံလေးကို ကြည့်ကြမယ်။

ဦးစွာ 'ကံပဲ့'ဆိုတဲ့ အရပ်အမည်ကို သမုတ်လိုက်တယ်။

ထိုကန်ပဲ့လို့ သမုတ်တဲ့အရပ်မှာပဲ ပုဂံပြည်ကြီး ပျက်စီးပါစေဆိုတဲ့ စိတ်ဆန္ဒ အာသီသထားပြီး အရှေ့ဘက်ကို မျက်နှာမူထားတဲ့ ဂူတစ်လုံးတည်လိုက်တယ်။ ဂူတည်လိုက်တယ်ဆိုရင်ပဲ ရခိုင်ပြည်နဲ့ ပုဂံပြည် ဘယ်လောက်ပဲဝေးကွာနေပေမယ့် ပုဂံပြည်ကြီးဟာ တစ်နေ့ကို သုံးကြိမ်တိုင်တိုင် တုန်လှုပ်ချောက်ချားရတယ်။ ထိတ်လန့်မှုတွေဖြစ်တယ်"

"အံ့သြစရာပဲနော် အစ်ကို"

"ဒီအင်္ဂဝိဇ္ဇာဓာတ်ရိုက်ယတြာပညာဆိုတာ အံ့သြဖို့ကောင်းတယ်လို့ ပြောတာထက် လေးစားစရာ၊ စိတ်ဝင်စားစရာ ပိုကောင်းတယ်လို့ ပြောမှ ပိုမှန်မယ်"

"အစ်ကိုပြောတာမှန်တယ်။ အစပထမ အစ်ကို့ဆီမှာ အင်္ဂဝိဇ္ဇာဓာတ်ရိုက်ယတြာကို ဆွေးနွေးသင်ကြားတုန်းက သိပ်စိတ်ဝင်စားခဲ့တာမဟုတ်ဘူး။ ပညာဆိုတာ တတ်ထား၊ သိထားတယ်ဆိုရင် ကောင်းတယ်လောက် သဘောထားပြီး အချိန်အားလည်းရတာနဲ့ စကားပြောဖော်လည်း ရအောင်ဆိုပြီး အစ်ကို့ဆီကို လာနေတာ။ အခုတော့ ပညာရပ်ဟာ တကယ်အသုံးဝင်ပြီး သိထိုက်ပါလားလို့ သိလာရတယ်"

"ဒီနေရာမှာ သာမဏေက ပုဂံပြည်ပြိုပျက်အောင် ဓာတ်ရိုက်ဓာတ်ဆင်လုပ်တာကို ပညာရပ်အမြင်နဲ့ သုံးသပ်ကြည့်ရအောင်။ ဦးစွာ 'ပုဂံ'ဆိုတဲ့ ဗျည်းအက္ခရာနှစ်လုံးရဲ့ နံတွေကို မောင်သန်းဖေ ကောက်ကြည့်ပါ"

"ပုဂံဆိုတာကို နံနဲ့ကောက်ရင် 'ပု'နဲ့ 'ဂံ'ဆိုတဲ့ စာလုံးနှစ်လုံးရသလို၊ နံအနေနဲ့ကြည့်ရင်လည်း 'ပု'က ကြာသပတေးနံ = ၅ ဖြစ်ပါတယ်။ 'ဂံ'ကတော့ တနင်္လာနံ = ၂ ဂဏန်းဖြစ်ပါတယ်"

"ဟုတ်ပြီ"

"ကန်ပဲ့ ဆိုတာကို လေ့လာခွဲခြမ်းကြည့်ပါဦး"

" 'ကန်'ဆိုတာက တနင်္လာ = ၂၊ 'ပဲ့'ဆိုတာက ကြာသပတေး = ၅ ဖြစ်ပါတယ်"

"ဒါဆိုရင် ပုဂံနဲ့ ကန်ပဲ့ဟာ ပြောင်းပြန်ဖြစ်မနေဘူးလား"

$$\left\{ \begin{array}{l} \text{ပု} + \text{ဂံ} = ၅ + ၂ \\ \text{ကန်} + \text{ပဲ့} = ၂ + ၅ \end{array} \right\}$$

"ပြောင်းပြန်ဖြစ်နေပါတယ် အစ်ကို"

"အဲဒီလို ပြောင်းပြန်ဖြစ်နေတဲ့ အမည်နှစ်ခုကို ကက်ကင်းလို့လည်း ခေါ်တယ်၊ ဓာတ်ပြန်လို့လည်း ခေါ်တယ်။ နှစ်မျိုးစလုံး တွဲပြီးပြောရရင်တော့ ကက်ကင်းဓာတ်ပြန်ပေါ့ကွာ"

"တစ်ဖန် ဂူတည်တယ်ဆိုတော့ ဂူက ဘာနံလဲ"

"ဂူက တနင်္လာနံ = ၂ ပါ"

"ဟုတ်ပြီ၊ ဂူဆိုတာ တနင်္လာနံဖြစ်သလို 'ပုဂံ'ဆိုတဲ့ စာလုံးအမည်နာမမှာ 'ဂံ'ဟာ တနင်္လာနံ ဖြစ်နေတာကို တွေ့ရလိမ့်မယ်။ သက်ရှိအရင်း၊ သက်မဲ့အဖျား ယူရတဲ့ သဘောအရ 'ဂံ'ကို ခိုက်အောင် 'ဂူ'ကို တည်လိုက်တာပဲ။ တစ်နည်းပြန်တွေးရင် သမုတ်ထားတဲ့ 'ကန်ပဲ့'ဓာတ်ပြန်အမည်မှာ 'ဂူ'က 'ကန်'ကို ပြန်အထောက်အကူပြုလိုက်တာပဲ။

ဒါကြောင့်လည်း မူလကျမ်းရင်းမှာ ကက်ကင်းသေရှင်သူ၊ ထက်အောက်ပြန်လှန်ကူ၊ နံတူသတ်က အသေရ ဆိုတာရယ်ကို ဆိုထားတာပဲ။

**ပုဂံကိုရောက်ရှိပြီး သီတင်းသုံးနေတဲ့**
**ရခိုင်ဆရာတော်က**
**ပုဂံမှာ မဖြစ်ဖူးတဲ့**
**တုန်လှုပ်ချောက်ချားမှုတွေ**
**ဖြစ်နေတာဟာ ငါ့တပည့် ရှင်ငယ်ရဲ့**
**အတတ်ပညာနဲ့ လုပ်ရပ်ကြောင့်**
**ဖြစ်ရမယ်လို့ သိရတယ်။**



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ ဂူကို ဘယ်အရပ်လှည့်ပြီး တည်ထားတာလဲ"

"အရှေ့အရပ် မျက်နှာဘက်ပါ"

"အရှေ့အရပ် မျက်နှာဆိုတော့ ဘယ်နံ့ဂြိုဟ်အရပ်လဲ"

"တနင်္လာနံ့ ဂြိုဟ်အရပ်ပါ"

"ဒါဆိုရင် 'ဂ'ရယ်၊ 'ဂူ'ရယ် အရှေ့အရပ်ရယ် အားလုံးဟာ တနင်္လာနံ့ဂြိုဟ်ကို ညွှန်းနေတာမို့ ဒီအစီအရင်ဟာ အတော်အားပြည့်တဲ့ အစီအရင် ဖြစ်သွားပြီ။ ဒါကို သိပြီဆိုရင် ဇာတ်လမ်းလေးကို ပြန်ဆက်ကြရအောင်။

ပုဂံကိုရောက်ရှိပြီး သီတင်းသုံးနေတဲ့ ရခိုင်ဆရာတော်က ပုဂံမှာ မဖြစ်ဖူးတဲ့ တုန်လှုပ်ချောက်ချားမှုတွေ ဖြစ်နေတာဟာ ငါ့တပည့် ရှင်ငယ်ရဲ့ အတတ်ပညာနဲ့ လုပ်ရပ်ကြောင့် ဖြစ်ရမယ်လို့ သိရတယ်။ သူ့ရဲ့တပည့် ရှင်ငယ်ဆီကို 'ငါ့ရှင်သာမဏေ၊ ပုဂံပြည်ကြီးကို စိုးစံမင်းလုပ် အုပ်ချုပ်နေတဲ့ အနော်ရထာမင်းမြတ်ဖြစ်တဲ့ ဒကာတော် ရေမြေ့ရှင်ဟာ မြတ်စွာဘုရားရှင်ရဲ့ သာသနာတော်အကျိုးကို အမျိုးမျိုးကြိုးစား ဆောင်ရွက်တော်မူတဲ့ မင်းကောင်းမင်းမြတ်တစ်ပါးပါ။ ရတနာသုံးပါးကို အမြဲစည်းကပ် ဆောင်ရွက်တာမို့ ဒီလိုမျိုး အနှောင့်အယှက်မပေးသင့်ဘူး'လို့ မေတ္တာစာလွှာပါးလိုက်တယ်။

ဆရာ့ထံက မေတ္တာစာလွှာကို ရတဲ့အခါ ရှင်ငယ်ဟာ သူတည်ထားတဲ့ ဂူကို ဖျက်လိုက်တယ်။ အနောက်ဘက်ကို မျက်နှာမူပြီး ဂူတစ်လုံး ပြန်တည်လိုက်တယ်။ ဒီတော့မှ ပုဂံပြည်ကြီးလည်း အရင်ကလို ငြိမ်သက်အေးချမ်းတယ်။

ဒီနေရာမှာ ပြန်သုံးသပ်ကြည့်မယ်။ ကန်ပဲ့လို့ အမည်သမုတ်ပြီး ဂူတစ်လုံးကို အရှေ့ဘက်မျက်နှာလှည့်ပြီး ရှင်ငယ်က တည်တယ်။ ပုဂံပြည် တစ်နေ့သုံးကြိမ် တုန်လှုပ်ချောက်ချားတယ်။ ဓာတ်က ခိုက်နေပြီ။ ဒီဓာတ်ခိုက်တာကို မြန်မြန်မဖြေတတ်ရင် ပုဂံပြည်ပျက်စီးဖို့ပဲ ရှိတော့တယ်။ ရှင်ငယ်က သူ့ရဲ့ပညာနဲ့ ပြန်ပြီးဖြေတတ်တယ်။ ဂူကို ပြန်ဖျက်တယ်။ အနောက်ဘက်လှည့်တဲ့ ဂူတစ်လုံးအသစ် ပြန်တည်ပြီး ဓာတ်ခိုက်တာကို ဖြေပေးမှ ပုဂံပြန်ပြီး ငြိမ်သက်အေးချမ်းသွားတယ်။ ဘာဖြစ်လို့ ခိုက်နေတဲ့ဓာတ် ပြန်ပြေရသလဲဆိုတာ လေ့လာကြည့်ကြမယ်။

| အမည် | ဓာတ်မှန် | အမည် | ဓာတ်ပြန် |
|---|---|---|---|
| ပုဂံ | ၅-၂ | ကန်ပဲ့ | ၂-၅ |

**ဒီလို အတ္တခံစားချက်နဲ့ ပညာရပ်ကို အသုံးချမယ်ဆိုရင် ကိုယ့်အဖို့ အစီစိမှာ အပြီး နေရာကန်ထရိုက် ယူထားသလို ဖြစ်မှာပေါ့။ ဒါကြောင့်မို့လည်း ဆရာသခင်တွေက ပညာကို ဆရာစားချန်ပြီး ပေးခဲ့ကြဟန်တူပါတယ်။**

**ဓာတ်ဆင်ပစ္စည်း**

ဂူ = ၂

**ဓာတ်ဆင်ပစ္စည်းမျက်နှာမူရာ**

အရှေ့ = ၂ = တနင်္လာအရပ်

ဒီတော့...

ပုဂံမှာ အနောက်စာလုံး 'ဂံ'ကိုခိုက်အောင် 'ဂူ'ကို အရှေ့တနင်္လာအရပ်ဘက် လှည့်ပြီးတည်တယ်။

တစ်ဖန် ဓာတ်ခိုက်ဖြေဖို့ 'ဂူ'ပြန်ဖျက်တယ်။ အဲဒီဂူအသစ်ကို အနောက်မျက်နှာအရပ်ဘက် လှည့်ပြီး ပြန်တည်တယ်။

ဂူ = တနင်္လာနံ = ၂

အနောက်အရပ် = ကြာသပတေး = ၅

ပုဂံကို ပြန်တည်ငြိမ်ဖို့အတွက် 'ပု'ဆိုတဲ့ ကြာသပတေးနံကို ပြန်ပံ့ပိုးအားရှိအောင် အနောက်အရပ်ဖြစ်တဲ့ ကြာသပတေးအရပ်ဘက်ကို လှည့်ပြီး ဂူကိုပြန်တည်ရခြင်း ဖြစ်တာကို တွေ့ရမယ်။

ဒီနေရာမှာ ဆက်ပြီး ပညာရပ်ကို အထဲထိနိုက်ကြည့်ရင် 'စတုရန်း'နဲ့ ဓာတ်ကိုပြန်ဖြေထားတာ တွေ့ရမယ်။ အစီအရင်ကို ပြန်ဖျက်တာ တွေ့ရမယ်။

အရင်ဆွေးနွေးခဲ့တဲ့ တြိရန်း၊ စတုရန်းပညာခန်းတွေမှာ ဂဠုန်စောင်းလျား၊ ကျားကားလက်ပံ ဆိုတဲ့ တြိရန်း၊ စတုရန်းဆိုင်ရာ လက္ခဏာအချိုးရှိတယ် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com

'ကျား'ဆိုဆဲ့ တနင်္လာနံရဲ့ တြိရန်းဟာ 'လက်'ဆိုတဲ့ ဗုဒ္ဓဟူးဖြစ်ပြီး စတုရန်းကတော့ 'ပဲ'ဆိုတဲ့ ကြာသပတေး ဖြစ်တာကို တွေ့ရမယ်။

ဂြိုဟ်နေအရပ်တွေကို ပြန်လေ့လာကြည့်ရင်···

| | | |
|---|---|---|
| (၁)နွေ | (၂)လာ | (၃)ဂါ |
| (၆)ကြာ | | (၄)ဟူး |
| (၈)ရာဟု | (၅)တေး | (၀)နေ |

ဂြိုဟ်နေပုံ

| | | |
|---|---|---|
| | ဂံ | |
| | | |
| | ပု | |

| | | |
|---|---|---|
| ရှေ့မြောက် | ရှေ့ | ရှေ့တောင် |
| မြောက် | | တောင် |
| နောက်မြောက် | နောက် | နောက်တောင် |

ဂြိုဟ်နေအရပ်

| | | |
|---|---|---|
| | ကန် | |
| | | |
| | ပဲ | |

ဒါကြောင့်မို့ 'ပုဂံ'စာလုံးရဲ့ ခာတ်ပြန် 'ဂံပု'လုပ်ပြီး 'ဂံ'ကို ခာတ်ခိုက်အောင် 'ဂူ' တနင်္လာနံ၊ အရှေ့အရပ်မျက်နှာမှ တနင်္လာနဲ့ စီရင်တယ်။

ခာတ်ခိုက်ဖြေတော့ 'ဂူ' တနင်္လာနံကို အပေါင်းပြန်ဖျက်တည်။ 'ဂူ' တနင်္လာနံကို အနောက်အရပ် ကြာသပတေးအရပ်ဘက်လှည့်တာဟာ 'ပု'ကို ပြန်ထိန်းမတ်သလို၊ အရင်အစီအရင်ကို တနင်္လာနံကို စတုရန်းဖြစ်တဲ့ ကြာသပတေးနံနဲ့ ပြန်ဖြေပေးလိုက်တာပဲ"

ကျွန်ုပ်မှာ သင်တန်းပို့ချသလို စကားကို အရှည်ကြီးဆက်တိုက်ပြောလိုက်ရသောကြောင့် ခေတ္တနားကာ ရေနွေးကြမ်းကို အာရှင်းပြီး အမောပြေအောင် သောက်လိုက်ရလေ၏။

"အစ်ကို ရှင်းလင်းဆွေးနွေးပြတာတွေက အတော်လေး စိတ်ဝင်စားစရာ ကောင်းပါတယ်"

"ဒါနဲ့ တစ်ဆက်တည်းပဲ မောင်သန်းဇော်ကို ထပ်ပြောလိုက်မယ်။ ခုနက ရှင်ငယ်ဟာ သူ့ဆရာ ရဟန်းကို သတိရတာရယ်၊ ရခိုင်ကို ပြန်လာစေချင်တာရယ်ကြောင့် ပုဂံကို ပြုပျက်ပြီး တုန်လှုပ်ချောက်ချားအောင် လုပ်တယ်။ ဒီလိုလုပ်တဲ့နေရာမှာလည်း သူ့ကိုပညာသင်ပေးတဲ့ ဆရာကိုတောင် အသိပေးတိုင်ပင်ခြင်း မရှိခဲ့ဘူး။ အတ္တခံစားချက်နဲ့ ပြုလုပ်ခဲ့တာ ဖြစ်တယ်။

ဒီလို အတ္တခံစားချက်နဲ့ ပညာရပ်ကို အသုံးချမယ်ဆိုရင် ကိုယ့်အဖို့ အစီစီမှာ အပြီး နေရာကန်ထရိုက် ယူထားသလို ဖြစ်မှာပေါ့။ ဒါကြောင့်မို့လည်း ဆရာသခင်တွေက ပညာကို ဆရာစားချန်ပြီး ပေးခဲ့ကြဟန်တူပါတယ်။ ပေပုရပိုက်တွေမှာကလည်း ဉာဏ်ချင်းတူ ယူတော့ဆိုပြီး တိုက်ရိုက်မရှင်းပြဘဲ နက်နဲလျှို့ဝှက်တဲ့ အသုံးအနှုန်းတွေနဲ့ ရေးသားခဲ့တာပဲ။

ပညာရှင်ဖြစ်လာရင် သီလပိုင်း၊ သမာဓိပိုင်း၊ ကတိသစ္စာပိုင်းမှာ အလွန်အရေးကြီးတယ်။ ပညာမာန်မရှိရဘူး။ ကိုယ့်ကိုယ်ကို အများကြီးနှိမ့်ချရတယ်။ ဒါက ကြုံတုန်းပြောတာနော်။ နောင်လည်း အင်္ဂဝိဇ္ဇာပညာနဲ့ ပတ်သက်ပြီး ဆက်ဆွေးနွေးစရာတွေ အများကြီး ကျန်နေသေးတယ်။ ရှင်ငယ်လို မဖြစ်စေနဲ့။ ဒီနေ့တော့ ကက်ကင်းအကြောင်း မဆွေးနွေးခင် ကက်ကင်းနဲ့ဆိုင်တဲ့ အင်္ဂဝိဇ္ဇာပုံပြင်လေးနဲ့ပဲ ကျေနပ်လိုက်တော့"

"ဟုတ်ကဲ့···ကျေနပ်ပါတယ် အစ်ကို။ ဗဟုသုတရသလို ဒီနေ့ အစ်ကိုပြောခဲ့တဲ့ထဲမှာ သင်ခန်းစာယူစရာ၊ အတုယူစရာ၊ သတိထားစရာတွေ သိရလို့ ကျေးဇူးလည်း တင်ပါတယ်"

ဘုန်းပွင့်ထွန်း



www.burmeseclassic.com

www.burmeseclassic.com

# တောင်ငူ၊ တွံတေး၊ ပြည် ရွှေဆံတော်ဘုရား(၃)ဆူ အစိဌာန်နှင့် လောကီရေးရာ အောင်မြင်မှုများ


တောင်ငူရွှေဆံတော်

မိတ်ဆွေတစ်ဦးက တောင်ငူ၊ တွံတေးနှင့် ပြည်မြို့များရှိ ရွှေဆံတော်ဘုရားသုံးဆူတို့တွင် ဖူးမြော်ကြည်ညို အစိဌာန်ပြုခြင်းဖြင့် သူ့အနေနှင့် အကျိုးထူးများ အမှန်တကယ်ရရှိခဲ့ကြောင်း၊ ထိုအချက်သည် မိမိ၏ကိုယ်တွေ့ ဖြစ်ပါကြောင်း ကျွန်တော့်အား ပြောပြလာပါသည်။

ကျွန်တော်သိသည်မှာ အဆိုပါမိတ်ဆွေသည် ကျွန်တော်နှင့် စတင်သိစဉ်က စီးပွားရေးမပြေလည်ရှာသော သာမန်ရုံးစာရေးလေးတစ်ဦးသာ ဖြစ်၏။ ယခု သူ၏ပြောင်းလဲတိုးတက်မှုများက မယုံနိုင်စရာပင် ဖြစ်၏။ အောင်မြင်နေသော ဆောက်လုပ်ရေးလုပ်ငန်းကြီးနှစ်ခုတွင် အစုရှယ်ယာဝင်ထားပြီ ဖြစ်၏။ ရန်ကုန်မြို့ကြီးအရှေ့ပိုင်းရှိ ဈေးတစ်ဈေးတွင် "အပ်"ကဲ့သို့သော အသေးအမွှားမှစ၍ လိုလေသေးမရှိ ပြည့်စုံသော "စတိုး"ဆိုင်ခေါ် လူသုံးကုန်ပစ္စည်းဆိုင်ကြီးတစ်ဆိုင်ကိုလည်း ပိုင်ဆိုင်ထားသေး၏။

အဆိုပါ မိတ်ဆွေကို "ခင်ဗျား ဘယ်လိုချမ်းသာလာတာလဲ"ဟု မေးမိရာ သူက "ရွှေဆံတော်သုံးဆူမှာ အစိဌာန်ခဲ့လို့ ခုလို ချမ်းသာလာတာပဲ"ဟု သူက မဆိုင်းမတွ ပြန်ဖြေ၏။ မည်သို့ဆိုစေ မိတ်ဆွေပြောပြသော ရွှေဆံတော်ဘုရား သုံးဆူတို့ကို ထိုစဉ်ကတည်းက ကျွန်တော့်အနေနှင့် စိတ်ဝင်စားနေပြီဖြစ်ကြောင်း ဝန်ခံလိုပေသည်။ ထိုအချက်ကပင် ယခုဖော်ပြသော ရွှေဆံတော်ဘုရားသုံးဆူပုံကို ရာဖွေဖော်ပြနိုင်၏။

## ရွှေဆံတော်ဘုရားများဟု အဘယ်ကြောင့်ခေါ်

ဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူပြီးသော ဘုရားရှင်တို့၏ ဆံတော်မြတ်များကို စေတီပုထိုးများတွင် ဌာပနာသွင်း ကိုးကွယ်ပူဇော်ကြရာမှ ဆံတော်မြတ်များကို အစွဲပြုလျက် "ရွှေဆံတော်"ဟူသော ဘွဲ့အမည်တော်များ ထင်ရှားပေါ်ပေါက်ခဲ့ကြခြင်း ဖြစ်လိမ့်မည်ဟု ယူဆရပါသည်။

တောင်ငူ ရွှေဆံတော်ဘုရားသည်လည်းကောင်း၊ တွံတေးရွှေဆံတော်ဘုရားသည်လည်းကောင်း၊ ပြည်ရွှေဆံတော်ဘုရားသည်လည်းကောင်း ဘုရားရှင်၏ ဆံတော်မြတ်များ ကိန်းဝပ်




www.burmeseclassic.com


www.burmeseclassic.com

ဌာပနာထားကြကြောင်း သမိုင်းကျမ်းလာများအရ မှတ်သားရပါသည်။

## တောင်ငူ ရွှေဆံတော်ဘုရား

ပဲခူးတိုင်း၊ တောင်ငူမြို့ပေါ်တွင် တည်ရှိသော အထင်ကရ ဘုရားတစ်ဆူပင် ဖြစ်ပါသည်။ သက္ကရာဇ် ၉၃၀ ပြည့်နှစ်တွင် သီဟိုဠ်မင်း ဓမ္မပါလက ပေးပို့တော်မူသော ဆံတော်ပွား ရှစ်ဆူအနက် သီဟသူရ မဟာဓမ္မရာဇာဘွဲ့ခံ တောင်ငူဘုရင်မင်းခေါင်သည် တစ်ဆူသော ဆံတော်ကို ရရှိသဖြင့် သက္ကရာဇ် ၉၃၂၊ တပေါင်းလပြည့်နေ့တွင် စေတီတော်ကို




စတင်အုတ်မြစ်တော်ချလျက် ဌာပနာပြုတော်မူခဲ့ကြောင်း သိခဲ့ရ၏။

**မေ့လျော့သောသူနှင့် မမေ့လျော့သောသူ၏ ထူးခြားကြောင်းကို သိကြ၍၊ ပညာရှိတို့သည် မမေ့လျော့သော သတိတရား၌ ရွှင်လန်းဝမ်းမြောက်စွာ ဘုရားအစရှိသော သူတော်ကောင်းတို့၏ ကျက်စားရာ လောကမှလွတ်မြောက်ကြောင်း တရား၌ မွေ့လျော်ကုန်၏။ (ဓမ္မပဒ)**



www.burmeseclassic.com

www.burmeseclassic.com



# မကျန်းမာသူများအတွက်

# ပတြ

**အင်ပင်သန်းဆွေ**

အဘွား နေမကောင်းနေသည်မှာ တစ်လခန့် ရှိသွားပြီဖြစ်သည်။ ခါတိုင်း နေမကောင်းလျှင် ရွာထဲမှ ဆေးဆရာကြီး ဦးသိန်းမောင်ကိုပင့်၍ ကုသလျှင် မကြာခင် ပျောက်ကင်းချမ်းသာသွားတတ်မြဲ ဖြစ်သည်။ အခုဟာက ဆရာကြီးဦးသိန်းမောင်ကိုယ်တိုင် ကြိုးစားကုသနေသော်လည်း ရောဂါဝေဒနာက တိုး၍တိုး၍လာ၏။ အစာအာဟာရကို မစားသောက်သည့်ရက်တွေက များလာသောကြောင့် စိုးရိမ်စရာအခြေအနေဖြစ်နေသည်။

ဒီလိုနဲ့ တစ်နေ့တော့ အဖေနဲ့ ဘကြီးတို့နှစ်ယောက်ဟာ ဂုမ်းကုန်းရွာ ဗေဒင်ဆရာ ဦးအုန်းထံသို့ အဘွားအတွက် ဗေဒင်မေးသွားကြ၏။ ဗေဒင်ဆရာ ဦးအုန်းပေးလိုက်တဲ့ ယတြာက လှူမမာကို တယောသံပေးရမည်ဟူ၏။ တယောသမား ကိုမြလှိုင်မှာလည်း ရွာထဲတွင်ရှိရာ သူ့ကိုပင်ခေါ်၍ တယောထိုးခိုင်းရလေတော့၏။

ကိုမြလှိုင်မှာ တောနဲ့တောင်စွယ် ယိုးဒယားသီချင်းကို တယောဖြင့် ထိုး၏။ အိပ်ရာထဲတွင်လဲနေသော အဘွားမှာ



www.burmeseclassic.com

www.burmeseclassic.com

တယောသံကြားသည်နှင့် အိမ်ရှေ့ခန်းသို့ ထွက်ချင်သည်ဆို၍ တွဲပြီးပို့ရ၏။

အဘွားဟာ ငုတ်တုတ်ထိုင်ရင်း လက်က စည်းချက် ဝါးချက်လိုက်၏။ နှုတ်ကလည်း သီချင်းသံသဲ့သဲ့ကလေးကို လိုက်၍ ညည်း၏။ ကိုမြလှိုင်က တောနဲ့တောင်စွယ် သီချင်းကို ထပ်ကာထပ်ကာ တယောနဲ့ထိုးရာ အဘွားကလည်း ထပ်ကာထပ်ကာ သီချင်းဆိုလေ၏။ သီချင်းဆိုနားတော့ ရေတစ်ခွက်တောင်းပြီး အားရပါးရသောက်၏။

လူမှာလည်း ချွေးများ တပြိုက်ပြိုက်ထွက်နေရာ ရေချိုးချင်တယ်ပြောသောကြောင့် ရေချိုးပေးရ၏။ ရေချိုးပြီးတော့ ထမင်းစား၏။ ထမင်းစားပြီးတော့ အဘွားမှာ နှစ်နှစ်ခြိုက်ခြိုက်အိပ်၏။ တစ်နာရီခန့်အိပ်ပြီး အိပ်ရာမှနိုးလာသောအခါ ရောဂါဝေဒနာများ သက်သာသွား၏။ တစ်လခန့် အိပ်ရာပေါ်တွင်လဲနေသော အဘွားဟာ တယောသံနားထောင်ရသော ယတြာအစီအရင်ကြောင့် ပြန်လည်၍ ကျန်းမာရေးကောင်းမွန်သွားခဲ့သည်။

တကယ်တော့ အဘွားရဲ့အသက်ကို မြန်မာ့ရိုးရာ ဗေဒင်ပညာက ကယ်တင်ခဲ့ခြင်းဖြစ်သည်။ အစွမ်းထက်လှတဲ့ ဗေဒင်ယတြာတွေရဲ့ အကျိုးကို ကျွန်တော်ဟာ ငယ်စဉ်ကပင် လေးစားတန်ဖိုးထားခဲ့၏။ အရွယ်ရောက်လာပြန်တော့ စာရေးဆရာ၊ ဗေဒင်ဆရာ ဖြစ်ခဲ့ပြန်၏။

(စာရေးဆရာ အင်ပင်သန်းဆွေဟု ဖြစ်လာအောင် စင်တင်ပေးခဲ့သော ဆရာကြီးမင်းသိခ်နှင့် ဆရာဦးမောင်မောင်မြင့်အေးတို့အား အထူးကျေးဇူးတင်ရှိပါသည်။ နေ့စဉ်လည်း ရှိခိုးကန်တော့လျက်ရှိပါသည်။)

ဗေဒင်ပညာမှာ အလွန်ကျယ်ပြောလှပါတိ။ သမုဒ္ဒရာနှင့်တူသော ဗေဒင်ပညာမှ ရေတစ်ပေါက်မျှသောပညာကို ကျွန်တော်ဟာ ဆရာသခင်များ၏ ကျေးဇူးကြောင့် တတ်မြောက်ခဲ့ပါသည်။ အဘွား၏အသက်ကို ကယ်တင်ခဲ့သော ဗေဒင်ယတြာအတတ်ကိုပါ ရရှိခဲ့ပါသည်။ အဆိုပါယတြာကို စာရှုသူအပေါင်း သိရှိနားလည်စေရန် ရေးသားဖော်ပြအပ်ပါသည်။

မည်သည့်နေ့သားမဆို နေ့သား၏အသက်ကိုတည်ပြီး (၇)နှင့်စားပါ။ အကြွင်းကို အင်္ဂဝိဇ္ဇာအခါတိုင်ထုပါ။ အခါတိုင်၏ အပေါ်သုံးလုံးနာမ်များပါသော တူရိယာပစ္စည်းများကို လူမမာအား နားဆင်နိုင်းပါ။ မှီဝဲနိုင်းပါ။

အင်္ဂဝိဇ္ဇာအခါတိုင်ထုပုံကို ပညာရှင်များ နားလည်ကြသော်လည်း သာမန်လူများ နားလည်ကြမည်မဟုတ်ပါ။ ဒါကြောင့် စာဖတ်သူများ လွယ်ကူစွာ သိရှိနားလည်နိုင်စေရန် အကြွင်းနှင့် ပြုလုပ်ဆောင်ရွက်ရမည့် တူရိယာပစ္စည်းနာမ်သင့်များကို ဖော်ပြထားပါသည်။

(၁)ကြွင်းသော် ပြောသံ၊ ပလွေသံပေးခြင်း၊ ပန်းမန်များ ဝန်းရံပေးခြင်း၊ ကြေးဖလားကို ခေါက်၍ပေးခြင်း၊ သီချင်းဆိုစေခြင်းတို့ကို ပြုလုပ်ပေးပါ။

(၂)ကြွင်းသော် ခရုသင်းသံပေးခြင်း၊ စောင်းသံ၊ စန္ဒရားသံပေးခြင်း၊ ဒိုးသံပေးခြင်းတို့ကို ပြုလုပ်ပေးပါ။

(၃)ကြွင်းသော် တယောသံပေးခြင်း၊ လက်ခုပ်သံပေးခြင်း၊ အဲချင်း၊ အန်ချင်းများကို သီဆိုပေးခြင်းတို့ကို ပြုလုပ်ပေးပါ။

(၄)ကြွင်းသော် အုန်းပင်များရံပေးခြင်း၊ အုန်းတောထဲ၌နေစေခြင်း၊ ပလွေသံပေးခြင်း၊ ကြေးလင်ပန်းကို ခေါက်ပေးခြင်းတို့ကို ပြုလုပ်ပေးပါ။

(၅)ကြွင်းသော် ကြေးဖလားကို ခေါက်ပေးခြင်း၊ သီချင်းဆိုစေခြင်း၊ စောင်းသံ၊ ဆိုင်းသံတို့ကို နားဆင်စေခြင်းများ ပြုလုပ်ပေးပါ။

(၆)ကြွင်းသော် စန္ဒရားသံ၊ စည်သံတို့ကိုပေးခြင်း၊ တယောသံပေးခြင်း၊ ရှမ်းအိုးစည်သံပေးခြင်းတို့ကို ပြုလုပ်ပေးပါ။

(၀)ကြွင်းသော် ဝါးသံပေးခြင်း၊ အဲချင်း၊ အန်ချင်းများကို သီဆိုပေးခြင်း၊ ပလွေသံ၊ ပြောသံပေးခြင်းတို့ကို ဆောင်ရွက်ပေးပါ။

အဆိုပါ ယတြာနည်းဖြင့် လူပေါင်းများစွာကို ကူညီနိုင်ခဲ့ပါသည်။ စာဖတ်သူအပေါင်းလည်း အကျိုးရှိစွာ အသုံးပြုနိုင်ကြပါစေသတည်း။

**အင်ပင်သန်းဆွေ**


<u>စာကိုး</u>

အင်္ဂဝိဇ္ဇာယတြာ အလင်းပြကျမ်း။
အိန္ဒိယပြန် အရှင်ဣန္ဒဝံသမထေရ်



www.burmeseclassic.com

www.burmeseclassic.com



# ငွေ ပို့ပါစေ ယတြာချေ

ဂမ္ဘီရဆရာပွင့်

အဖြစ်က မောင်တစ်ရွာ မယ်တစ်မြို့လိုမျိုး။

ခင်ပွန်းဖြစ်သူက နိုင်ငံရပ်ခြားထွက်ကာ အလုပ်လုပ်နေသည်။ သားသမီးတွေနှင့် သူမက သည်နိုင်ငံမှာ ကျန်ရစ်သည်။ သားသမီးတွေက ပညာသင်နေကြဆဲ အရွယ်တွေမို့ ဘာစီးပွားမှမဖြစ်ဘဲ၊ ဖြစ်မြောက်အောင်လည်း မလုပ်တတ်ဘဲ နိုင်ငံရပ်ခြားခင်ပွန်းသည်ထံက ပေးပို့လာမည့် ငွေကြေးကိုပဲ မျှော်ကိုးစောင့်စားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မယောက်ျား ကိုမောင်သိုက်က လူရိုးလူကောင်းပါ ဆရာ။ ကျွန်မတို့ မိသားစုအပေါ်ကိုလည်း တော်တော်လေးကို ချစ်ရှာပါတယ်။ ခုဟာက မိသားစုအခြေအနေ တိုးတက်မြင့်မားလာစေဖို့ ကျွန်မတို့ကို ချစ်လျက်နဲ့ အဝေးကို ခွဲသွားခဲ့တာပါ။ ဟိုရောက်လို့ သိပ်မကြာပါဘူး။ စက်ရုံတစ်ရုံမှာ နေရာကောင်းကောင်းတစ်ခုရတယ်တဲ့။ ဝင်ငွေလည်း ကောင်းပါတယ်။ သူ့ခမျာ အစစအရာရာ ခြိုးခြံပြီး ကျွန်မတို့အတွက် လှမ်းပို့ပေးပါတယ်။

သူပို့တဲ့ငွေ ရောက်လာပြီဆိုရင် ကျွန်မမှာ ဝမ်းသာဝမ်းနည်း ဖြစ်ရပါတယ် ဆရာ။ ဝမ်းသာတာက ကျွန်မတို့မိသားစု စားဝတ်နေရေးက အရေးကြီးတယ် မဟုတ်လား။ အချိန်မှန် လုံလုံလောက်လောက် ငွေပို့ပေးတယ်ဆိုတော့ စားဝတ်နေရေးအပြင် ကလေးတွေရဲ့ ကျောင်းစရိတ်၊ လူမှုရေးကိစ္စအဝဝအတွက် ဖြေရှင်းပေးနိုင်တယ် မဟုတ်လား။ အဲ . . . ဝမ်းနည်းရတာက သူ့ခမျာ သူချစ်တဲ့ မိသားစုကိုခွဲပြီး နိုင်ငံရပ်ခြားမှာ ပြုစုဖေးမမယ့်သူ မရှိဘဲ အလုပ်လုပ်နေရှာလေတယ်လို့ တွေးရင်း စိတ်မကောင်းဖြစ်မိတာပေါ့ ဆရာရယ်"

တူမအရင်းအချာသဖွယ် ခင်မင်ရလေသော ယမင်းခင်၏ စကားများကို အလိုက်သင့်နားထောင်ရင်း ခေါင်းတဆတ်ဆတ် ညိတ်နေမိခဲ့သည်။ စကားတွေက အတောမသတ်။ ပြီးတော့ သူမကိုတွေ့မြင်ရသည်မှာ ဟိုးခါတိုင်းတွေတုန်းကလို လန်းလန်းရွှင်ရွှင်မရှိလှဘဲ ညှိုးညှိုးငယ်ငယ်ဖြစ်နေသည့် အနေအထား။

"အခု ဆရာ့ဆီလာရတဲ့ ကိစ္စကတော့ ကိုမောင်သိုက်တစ်ယောက် ကျွန်မတို့ဆီ ငွေမပို့တာကြာတဲ့ ကိစ္စပဲ ဆရာ။ ကျွန်မမှာ မကြာခင်ရက်ပိုင်းအတွင်း သူ့ဆီက ငွေတွေလာတော့မှာပဲဆိုပြီး ခင်မင်ရင်းနှီးတဲ့သူတွေဆီက ငွေချေးလိုချေး၊ ဆိုင်တွေက ကုန်တွေ အကြွေးယူလိုယူနဲ့ တကယ့်တကယ်တမ်းကျတော့ ကိုမောင်သိုက်ဆီက ငွေလည်းရောက်မလာ၊ ဘာသတင်းမှလည်း မကြား ဖြစ်နေရတော့ ပူထူနေပြီဆရာရေ။ ဟိုမှာ သူဘာတွေဖြစ်နေပြီလဲ မသိဘူး။ အလုပ်က တကယ့်တရားဝင်အလုပ်ပါ။ အဟောင်းကိုပစ်ပြီး အသစ်တွေ့နေတယ်လို့လည်း ကျွန်မ မထင်ရက်ပါဘူးဆရာ။

ကျွန်မသဘောကလည်း သားရွှေအိုးထမ်းလာတာမြင်ရတဲ့ကိန်းကိုပဲ သဘောညကျတယ်ဆရာ။ အဲဒါ ကျွန်မရဲ့ အခက်အခဲကို ကူညီပေးပါဦး"

ကျွန်ုပ်အဖို့ အခကြေးငွေယူ၍ ဟောခန်းသာဖွင့်စားပါက အလုပ်တော်တော်ဖြစ်လိမ့်မည်ဟုပင် အတွေးပေါက်မိပါသေးတော့။ ယခု စေတနာသက်သက်ဖြင့် မိတ်ဆွေသင်္ဂဟတို့၏ အခက်အခဲများကို ကူညီခဲ့ရသည်ပင် အရေအတွက်အားဖြင့် မနည်းလှတော့။ လေ့လာဆည်းပူးထားသော ပညာရပ်တွေဖြင့် တစ်ပါးသူ၏ အခက်အခဲအား ကူညီရသည်ပင် ပျော်နေတတ်ရလေကား ယခုလည်း တူမငယ် ယမင်းခင်၏ အခက်အခဲအား သေချာကျနစွာ ရှင်းပြလျက် လုပ်ဆောင်ရမည့် အစီအရင်တို့ကို နားလည်အောင် ရှင်းပြလိုက်ပါတော့၏။

ယမင်းခင်က ကျွန်ုပ်စီစဉ်ညွှန်ကြားသည့်အတိုင်း သေချာစွာ လုပ်ဆောင်ပါ၏။ အကျိုးရလဒ်ကား ကျွန်ုပ်ပေးလိုက်သော ယတြာကို ချေပြီးသည့်နောက် နှစ်ရက်မကျော်ခင်မှာပင် ယမင်းခင်အမည်နှင့် နိုင်ငံရပ်ခြားရောက် ခင်ပွန်းသည် မောင်သိုက်၏ ငွေလွှဲရောက်ရှိလာခြင်းပါပေ။

သို့ဖြစ်၍ မိမိတို့ထံ ငွေပို့နေကျဖြစ်နေရာက ငွေပို့ခြင်း ပျက်ကွက်နေပါမူ ကျွန်ုပ်လေ့လာထားသော အောက်ပါယတြာလေးကို လုပ်ကြည့်စေချင်ပါသည်။

ငွေတစ်ထောင်တန်တစ်ရွက်နှင့် ဆိုင်တစ်ဆိုင်မှ တန်ဖိုးအနည်းဆုံး ပစ္စည်းတစ်ခုကို ဝယ်ပါ။ ပြန်အမ်းငွေထဲမှ တန်ဖိုးအကြီးဆုံး (ဥပမာ–ငါးရာကျပ်) ငွေစက္ကူတစ်ရွက်ကို ဖယ်ထုတ်ပါ။ ထိုငွေဖြင့် မိမိအား ငွေပို့ပေးရမည့်သူ၏ ဓာတ်ပုံကို ယပ်ခတ်ပေးပါ။ ထိုသို့ ယပ်ခတ်နေစဉ် ၎င်းကျန်းမာရွှင်လန်းပါစေ၊ မိမိထံပို့ရမည့်ငွေများကို အမြန်ဆုံးပေးပို့ပါစေဟု တတွတ်တွတ် ဆုတောင်းပေးပါ။

လွန်စွာမှ ထိရောက်သော ယတြာတစ်ခု ဖြစ်ပါသည်။

မသိသူကျော်လွှား၊ သိသူဖော်စားလျက် လက်တွေ့လုပ်ကြည့် အကျိုးရှိသည့် ယတြာတစ်ခု ဖြစ်ပါကြောင်း။

**✦ ဂမ္ဘီရဆရာပွင့်**



www.burmeseclassic.com

www.burmeseclassic.com



# သူများထက်ဦး

# ထူးချွန်တဲ့လူ

ဂမ္ဘီရမောင်မောင်

တစ်နေ့သ၌ ကျွန်ုပ်သည် မန္တလေးမြို့ ပြည်စိုးရှိ ဆရာဝန် တရေးဆရာ တစ်ဦး၏အိမ်သို့ သူ၏သားဦးကလေး ကင်ပွန်းတပ်မွေးနေ့မင်္ဂလာသို့ သွားရောက်ချီးမြှင့်ခဲ့၏။ ထို့နောက် ကျွန်ုပ်နှင့် အတူ မေမြို့ (ခေါ်) ပြင်ဦးလွင်သို့ လိုက်ပါကြမည့် တရေးဆရာများအတွက် တပေမိတ်ဆွေတစ်ဦးဖြစ်သူ ပင်စင်စား ဦးမျိုးနိုင်က ကားတစ်စီး စီစဉ်၍ ခေါ်ဆောင်ခဲ့၏။

သို့ဖြင့် သူ၏ကားလေးဖြင့် လိုက်ပါလာခဲ့ရာ သူ၏ကားလေးသည် မြို့သစ် မနော်ဟာရီလမ်းအတိုင်း အရှေ့ဘက်သို့ မောင်းနှင်၍ ထွက်ခဲ့၏။ ထို့နောက် (၅၆) လမ်းအတိုင်း လက်ျာဘက်သို့ ချိုးကွေ့၍ ဝင်ခဲ့ပြီး "စိန်မေတ္တာလက်ဖက်ရည်ဆိုင်"ရှေ့တွင် ကားကို ထိုးရပ်လိုက်၏။ ပြီးလျှင် ဦးမျိုးနိုင်က -

"ဆရာတို့ ခဏဆင်းပြီး လက်ဖက်ရည်လေး၊ မုန့်လေး သုံးဆောင်ကြပါဦး။ ဒီဆိုင်က ဒီဘက်နယ်မှာ လက်

www.burmeseclassic.com

ဖက်ရည်လည်းကောင်း၊ မုန့်လည်းကောင်းတယ်"

ဟုဆိုကာ သူပါ ကားပေါ်မှ ဆင်းလိုက်၏။ ကျွန်ုပ်တို့ ကားပေါ်မှ ဆင်းလိုက်သည်နှင့် သူ၏ကားလေးသည် ဝူးခနဲ မောင်းထွက်သွားလေသည်။

"ကားကို ဓာတ်ဆီထုတ်ခိုင်းလိုက်တယ်လေ ဆရာ။ ဒါမှ ဆရာတို့ သွားချင်ရာကို သွားချင်သလို သွားနိုင်မှာ"

ဟုဆိုကာ လက်ဖက်ရည်စားပွဲသို့ ဝင်ခဲ့ကြလေရာ ကဗျာဆရာ နေဇော်သည် လက်ဖက်ရည်ဆိုင်ထောင့်မှ ကွမ်းယာဆိုင်သို့သွားပြီး ကွမ်းဝယ်လေတော့၏။

ထိုသို့ ကွမ်းယာဆိုင်သို့ဝင်၍ ကွမ်းဝယ်နေစဉ် သူသည် တစ်စုံတစ်ယောက်နှင့် အဖွဲ့ကျလျက် စကားပြောနေသည်ကို တွေ့ရ၍ သေချာကြည့်ရှုလိုက်ရာ ကွမ်းယာရောင်းနေသူမှာ တခြားမဟုတ်ဘဲ ကျွန်ုပ်၏တပည့်ကျော် နိုင်မင်းထက်ဖြစ်နေသည်ကို တွေ့လိုက်ရ၏။ နိုင်မင်းထက်လည်း ကျွန်ုပ်ကို မြင်သည်နှင့် ပြုံးပြီး လက်ကာပြကာ ကွမ်းယာထုပ်များကို တစ်ထုပ်ပြီးတစ်ထုပ် လက်မလည်အောင် ထုပ်နေလေတော့သည်။

ထို့နောက် ကဗျာဆရာနေဇော်လည်း ကွမ်းထုပ်များကို ယူလာပြီး ကျွန်ုပ်တို့ လက်ဖက်ရည်ဝိုင်းမှ ပုဂ္ဂိုလ်များအား ကျွန်ုပ်မှအပ တစ်ထုပ်စီ ဝေ၍ပေးလိုက်လေ၏။

"အဲဒါ ဆရာနိုင်မင်းထက်ရဲ့ ဒါနပဲ ဆရာရေ။ ဟန်ကျတာပဲ။ ကွမ်းဖိုးမကုန်တော့ဘူး"

ဟု ဆိုလေရာ ကျွန်ုပ်က -

"ဘယ်လိုဖြစ်တာလဲ နိုင်ဇော်။ နိုင်မင်းထက်က ကွမ်းယာရောင်းနေတာလား"

ဟု မေးလိုက်၏။

"မဟုတ်ပါဘူးဆရာ။ သူ့သူငယ်ချင်း သိန်းဇော်ဆိုင်ပါ။ မနိုင်လို့ဝင်ပြီး လုပ်အားပေးနေတာလေ။ သူ့အတတ်နဲ့ သူ့စူးနေတာဆရာရဲ့"

"ဟေ…ဘယ်လိုသူ့အတတ်နဲ့သူ စူးနေတာလဲကွ။ လင်းစမ်းပါဦး"

"ဒီလိုပါ ဆရာ၊ ကိုသိန်းဇော်က သူ့ဆိုင်ကို ဈေးရောင်းအောင်လုပ်စမ်းပါဦး ဆိုတာနဲ့ ကိုနိုင်မင်းထက်က ဘုရားကြီးက ဇီးကွက်ရုပ်ဝယ်ပြီး စက္ကူစကြာကို ဇီးကွက်ပေါ် စိုက်ခိုင်းလိုက်တာလေ။ နဂိုကမှ ရောင်းကောင်းရတဲ့ထဲ ခုလိုလုပ်ပေးလိုက်တော့ မနိုင်မနင်း ဖြစ်ကုန်တာပေါ့ ဆရာ။ ဒီမှာ ဆရာကိုယ်တိုင် မနေသာတော့ဘဲ မြင်တဲ့အတိုင်း ဝင်ပြီး ဝိုင်းရတော့တာပေါ့"

ဟု ဆို၍ ဝိုင်းဝန်းရယ်မောလိုက်ကြ၏။

ထိုစဉ်မှာပင် နိုင်မင်းထက်နှင့် သိန်းဇော်တို့လည်း ဆိုင်ကို လူစားထားခဲ့ပြီး ကျွန်ုပ်တို့ရှိရာသို့ ရောက်လာကြလေ၏။ ထို့နောက် နိုင်မင်းထက်က ကျွန်ုပ်တို့အား သိန်းဇော်နှင့် မိတ်ဆက်ပေးလေ၏။

ပြီးလျှင် ဆက်လက်၍ နိုင်မင်းထက်က မချိမချဉ် မျက်နှာဖြင့် -

"ဆရာ့ကို ကြုံတုန်း ဒီကောင်ကြီးအတွက် အကူအညီတောင်းဦးမှပဲ"

ဟု ဆိုလာ၏။ ထို့နောက် ဆက်လက်၍

"တခြား မဟုတ်ပါဘူးဆရာ။ သူ့ကွမ်းယာဆိုင်လေးကို ဈေးရောင်းကောင်းအောင် အစီအမံလေးတစ်ခုလောက်"

ဟု ဆိုရာ စားပွဲဝိုင်းမှ လူများက ဝိုင်း၍ရယ်မောကြပြန်လေ၏။ ထိုအခါ ကျွန်ုပ်က -

"ဖြစ်မှဖြစ်ရလေ နိုင်မင်းထက်ရယ်။ မောင်ရင်တစ်ယောက်လုံးရှိနေတာ လိုသေးလို့လား။ သူ့ဆိုင်ကလည်း မြင်တဲ့အတိုင်း လက်မလည်အောင် ရောင်းနေရတာပဲလေ။ မောင်ရင့်ကိုယ်မောင်ရင်လည်း ပြန်ကြည့်ပါဦး"

ဟု ဆိုလိုက်ရာ နိုင်မင်းထက်သည် တအံ့တဩဖြင့် သူ့ကိုယ်သူပြန်၍ ငုံ့ကြည့်လိုက်လေ၏။ သူ၏ အင်္ကျီဖြူဖြူပေါ်တွင် ရှားစေးပြောက်များ စွန်းထင်းနေသကဲ့သို့ သူ၏ပုဆိုးနက်ပြာကွက်မှာလည်း ထုံးများဖြင့် မြင်မကောင်းအောင် ဖြူဖပ်ဖြူရော် ဖြစ်နေလေ၏။ သိန်းဇော်မှာမူ ပြောစရာမရှိချေ။ သူ့တစ်ကိုယ်လုံး ရှားစေးများ၊ ထုံးများဖြင့် ပေကျံလျက်ရှိ၏။

ဤတွင် နိုင်မင်းထက်က -

"ဘယ့်နှယ်လဲ သိန်းဇော်၊ မြင်တဲ့အတိုင်းပဲ။ မင်းကိုကူညီရတာ ငါ့မှာ ပုဆိုးရော၊ အင်္ကျီရော အကွက်အပေါ်တော့ဘူး။ တစ်စုံလောက်တော့ မင်းဆရာကို ဝယ်ကန်တော့ခိုင်း"

ဟု နောက်လိုက်ရာ သိန်းဇော်မှာ ပြုံး၍သာနေလေ၏။ ထို့နောက် နိုင်မင်းထက်ကပင် ဆက်လက်၍ -

"ဒီလိုပါ ဆရာ။ သူက ဆက်ဆံရေးလည်းကောင်း၊ ကွမ်းကလည်းကောင်းဆိုတော့ ဈေးလည်းရောင်းလို့



www.burmeseclassic.com

www.burmeseclassic.com

ကောင်းတာ အမှန်ပါပဲ။ ဒါပေမယ့် သူက လောကီကိစ္စတွေလည်း ဝါသနာပါ၊ စာဖတ်လည်း ဝါသနာပါဆိုတော့ သူ့ဆိုင်ကို ထူးထူးခြားခြားလည်း ဖြစ်စေချင်တယ်။ ဒါနဲ့ ကျွန်တော်လည်း ဆရာ့နည်းအတိုင်း **"ဇီးကွက်စကြာ"** လုပ်ပေးလိုက်တာ အဆင်ကိုပြေလို့ပါပဲ။ ဒါပေမယ့် ခုတော့ ဇီးကွက်စကြာက ကျွန်တော်တို့ဆီမှာ ထီရောင်းတဲ့လှည်းကအစ စျေးဆိုင်တိုင်းလိုလိုမှာ တွေ့နေရတော့ သူများလုပ်တာနဲ့ မတူချင်ပြန်ဘူးတဲ့ဆရာ။ ဆိုင်တိုင်း၊ နေရာတိုင်းမှာ တွေ့မြင်နေရတဲ့ အစီအမံမျိုး သူ့ဆိုင်မှာ မထားချင်တော့ဘူးတဲ့။ ဖြစ်နိုင်ရင် ဘယ်မှာမှ သိပ်မတွေ့နိုင်တဲ့ အစီအမံမျိုးလည်း ဖြစ်ချင်တယ်။ ဇီးကွက်စကြာလို အနုပညာလည်း ဆန်ချင်တယ်။ ဟုတ်တယ်မှုတ်လား သိန်းဇော်"

ဟုပြော၍ သိန်းဇော်ထံ လှည့်မေးလိုက်ရာ သိန်းဇော်က ခေါင်းညိတ်ပြ၍

"ဟုတ်ပါတယ် ဆရာ။ သူများနဲ့မတူ ထူးထူးခြားခြားလည်းဖြစ်အောင် ဆတြာလုပ်တာလား၊ အလှအပလုပ်တာလားလို့ ခွဲခြားရခက်တဲ့ အစီအမံလေး လုပ်လို့ရရင် လုပ်ချင်ပါတယ်"

ဟု ဆိုလေ၏။

ကျွန်ုပ်လည်း မနေသာတော့ပြီဖြစ်၍ နိုင်မင်းထက်၏ ပခုံးအားပုတ်ကာ -

"ကဲပါကွာ။ ဒီအတွက်တော့ သိပ်ပူမနေပါနဲ့။ ဘယ်သူမှ သိပ်မသိသေးတဲ့ အစီအရင်တစ်ခု ပေးခဲ့ပါမယ်။ ဈေးလည်းရောင်းကောင်းစေရမယ်၊ လုပ်ငန်းလည်း တွင်ကျယ်စေရမယ်၊ သူများထက်လည်း ထူးစေရမယ်…ကျေနပ်ပြီလား"

"ဟုတ်ကဲ့ ဆရာ၊ ကျေနပ်ပါတယ်။ ပြောမှာသာ ပြောစမ်းပါ"

"အေး…မှတ်ထားကွာ။ လုပ်ရမှာတော့ မခက်ဘူး။ လုပ်ဖြစ်ဖို့တော့ ခက်တယ်ကွ"

"ခက်စမ်းပါစေ ဆရာရယ်။ ဒါမှ တခြားသူတွေ လိုက်မလုပ်နိုင်မှာ"

"လုပ်လည်း လုပ်ပါစေကွာ။ အများကောင်းစားမယ့်ကိစ္စကို တစ်ဦးတည်း လက်ဝါးကြီးအုပ်ချင်လို့မရဘူး မောင်သိန်းဇော်ရဲ့။ ကိုယ်လုပ်တာမြင်လို့ သူများလိုက်လုပ်လေ ကိုယ်လုပ်တဲ့အလုပ်အောင်မြင်လေလို့ သဘောထားရတယ်ကွယ့်"

"ဟုတ်ကဲ့ပါဆရာ"

ထိုစဉ် ကျွန်ုပ်တို့ စီးနည့်ကားလည်း မာတ်ဆီထည့်ရာမှ ပြန်ရောက်လာလေ၏။ ဦးမြင့်ခိုင်ကလည်း "ဆရာရေ ကားပြန်လာပြီ" ဟုဆိုကာ သူ၏ လက်ကိုင်သားရေအိတ်ကိုဖွင့်၍ ပိုက်ဆံရှင်းရန် စားပွဲထိုးကို ခေါ်လေ၏။ ထိုအခါ သိန်းဇော်က -

"နေပါစေဆရာ။ ကျွန်တော်ရှင်းလိုက်ပါ့မယ်။ ကြုံတုန်းကြုံခိုက် ဒါနပြုပါရစေ"

ဟု ဆိုကာ စားပွဲထိုးများကို ပြန်လွှတ်လိုက်၏။ ထိုအခါ နိုင်မင်းထက်က

"ဆရာ သူ့ကို ဘာလုပ်ပေးရမလဲ ဆိုတာ မပြောရသေးဘူးနော်"

ဟု ကျွန်ုပ်ကို သတိပေးလေ၏။

"အေးပါကွာ၊ ငါမမေ့ပါဘူး။ မင်းလုပ်ရမှာက ဆန်ကောကောင်းကောင်း တစ်ချပ်ကို ဆေးအနက်ထူထူသုတ်ပြီး လေထဲမှာ ရှာန်ပျံ့နေတဲ့ ဇော်ဂျီရုပ်ကို ပန်းချီဆရာဆီ အပ်ပြီး ဆေးခြယ်နိုင်းလိုက်ကွာ။ ပြီးတော့ အင်္ဂါနေ့မနက် စောစော ၇ နာရီလောက်မှာ ဆိုင်မှာမြင်သာအောင် ချိတ်ထားလိုက်လေတော့။ ပြီးတော့ အမွှေးနံ့သာတိုင်လေး ဘာလေး မကြာခဏ ထွန်းညှိပြီး အထက်ပုဂ္ဂိုလ်တွေဆီ ဆုတောင်း။ ဒါဆိုရင် ပြီးပြီ။ အေး…ဒီထက်ပိုပြီး အဆင်ပြေချင်သေးတယ် ဆိုရင်တော့ မကြာခဏ ဇော်ဂျီကို ဆီချက်ခေါက်ဆွဲလေးနဲ့ ပူဇော်ပေး"

ကျွန်ုပ်လည်း ထိုသို့ပြောကာ ဦးမြင့်ခိုင် အသင့်ဖွင့်ထားသော ကားရှေ့ခန်းသို့ လှမ်း၍တက်လိုက်၏။ ဤတွင် နိုင်မင်းထက်ကလည်း နေဇော်နှင့်အတူ ကားပေါ်သို့ လှမ်းတက်ကာ -

"သိန်းဇော်ရေ…အဲဒါတွေအားလုံး ငါပြန်လာမှ လုပ်တော့ဟေ့။ ခုတော့ ငါ အဖော်ကောင်းတုန်း ပြင်ဦးလွင်တက်လိုက်ဦးမယ်"


ဟု ဆိုလိုက်ရာ ကားကလေးသည်လည်း ဝူးခနဲ မောင်းထွက်သွားလေတော့၏။

သုနက္ခတ္တံ သုမင်္ဂလံ
သုပဘာတံ သုဟုဋ္ဌိတံ။

ဂမ္ဘီရမောင်မောင်



www.burmeseclassic.com



# လူစည်အောင်

**လူဇော်(ကျိုက်ထီးရိုး)**

ဈေးဆိုင်လူစည်ကားအောင် ဈေးဆိုင်မှာ ချိတ်ဆွဲရမယ့် အဆောင်တွေရှိပါတယ်။ အဲဒီအဆောင်တွေကတော့ သိသူဖော်စား၊ မသိသူကျော်လွှား။ ယုံကြည်စွာနဲ့ ပြုလုပ်မယ်ဆိုရင်တော့ အကျိုးထူးများရနိုင်ပါတယ်။ အဲဒီအတွက် ဈေးရောင်းသူ ဆိုင်ရှင်ရဲ့ နေ့သားအလိုက် ဆောင်ရမယ့် အဆောင်တွေကတော့ -

၁။ တနင်္ဂနွေသားသမီး - အိုးစည်
၂။ တနင်္လာသားသမီး - ကလပ်ပေါ်က ခေါင်းလောင်း
၃။ အင်္ဂါသားသမီး - ဆင်ဖြူ
၄။ ဗုဒ္ဓဟူးသားသမီး - ရွှေဟင်္သာ
၅။ ကြာသပတေးသားသမီး - ပစ်တိုင်းထောင်
၆။ သောကြာသားသမီး - သဲအိုး
၇။ စနေသားသမီး - တံခွန်ကိုးလက်

နေ့သားအလိုက် မိမိမွေးနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် မိမိဆိုင်ရှိ လူမြင်သာတဲ့ ဘုရားကျောင်းဆောင်၊ သို့မဟုတ် အမြင့်တစ်နေရာတွင် ချိတ်ဆွဲထားပါ။

လူဇော်(ကျိုက်ထီးရိုး)

www.burmeseclassic.com

www.burmeseclassic.com



# စီးပွားရေး၊ အရောင်းအဝယ်၊ အလုပ်အကိုင်ကောင်း၍ အကြံအစည်အောင်မြင်ပြီး

# ဝင်ငွေအားကောင်းသော ယတြာ

□ ဘဒ္ဒန္တဝေပုလ္လ

| | | |
|---|---|---|
| ရှုပါကော်ဖီမစ် | ၁၅ ခွက် | |
| ငွေပန်း | ၁၅ ပွင့် | တစ်ပွဲ |
| ဂန္ဓမာအဖြူပွင့် | ၁၅ ပွင့် | တစ်ပွဲ |
| မြတ်လေးပန်းအပွင့် | ၁၅ ပွင့် | တစ်ပွဲ |
| မုန့်လုံးရေပေါ် | ၁၅ လုံး | တစ်ပွဲ |
| ကွမ်းယာအချို | ၁၅ ယာ | တစ်ပွဲ |

ဘူးသီးကြော်၊ ပဲကြော်၊ ဘယာကြော်၊ ကြက်သွန်ကြော်၊ အာလူးကြော် အကြော်ငါးမျိုး တစ်မျိုးလျှင် ငါးခုစီထည့်ပါ။

| | |
|---|---|
| ဖယောင်း | ၅ တိုင်ထွန်း |
| လိမ္မော်ရည် | ၁၅ ခွက် |



www.burmeseclassic.com


www.burmeseclassic.com

တန်ခိုးကြီးမားသော ဘုရားစေတီ၏ တနင်္လာထောင့်မှနေ၍ နံနက် ၇ နာရီမှ နံနက် ၉ နာရီအတွင်း ဘုရားကပ်လှူပါ။ ငါးခါဆို၍ ကပ်လှူပူဇော်ကန်တော့ပါ။ ဤကဲ့သို့ ကပ်လှူပူဇော်ကန်တော့ရသော ကုသိုလ်ကောင်းမှုကံစွမ်းအားကြောင့် စီးပွားရေး၊ အရောင်းအဝယ်၊ အလုပ်အကိုင်နှင့် ပတ်သက်၍ ကြံစည်တိုင်း၊ တောင့်တတိုင်း၊ ဆန္ဒရှိတိုင်း လျင်မြန်စွာ အောင်မြင်ပြီးစီးရ၍ အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာတို့တွင် လာဘ်လာဘအထူးပွင့်လန်း၍ ဝင်ငွေတို့သည် ဝင်လာမစဲ တဖွဲဖွဲဝင်ရောက်လာကြပါစေ ···ဟု ငါးခါဆို၍ ဆုတောင်းတတ်ကြကုန်ရာ၏။

**မှတ်ချက်** ။ ယခုပြဆိုခဲ့ပြီးသော ဆုတောင်းပုံကို အထူးနည်းယူ၍ မှတ်သားကြပါလေ။

ဤယတြာကို တနင်္ဂနွေ နံနက် ၉ နာရီမှ နံနက် ၁၀ နာရီအတွင်း တစ်ကြိမ်၊ တနင်္လာနေ့ နံနက် ၇ နာရီမှ နံနက် ၉ နာရီအတွင်း တစ်ကြိမ်၊ ဗုဒ္ဓဟူးနေ့ နံနက် ၇ နာရီမှ နံနက် ၉ နာရီအတွင်း တစ်ကြိမ်၊ ကြာသပတေးနေ့ နံနက် ၇ နာရီမှ နံနက် ၉ နာရီအတွင်း တစ်ကြိမ်၊ စုစုပေါင်း တစ်ပတ်လျှင် လေးကြိမ် လုပ်ပေးနိုင်ရပါမည်။ ခင်ပွန်းကိုယ်တိုင် မအားလပ်ပါက မိမိ၏ ဇနီးလုပ်သူအား တစ်ပတ်လေးကြိမ် မှန်မှန်လုပ်၍ ဆုတောင်းပေးရန် ညွှန်ကြားထားရပါမည်။ ဤယတြာနည်းတွင် ငွေပန်းနှင့် မြတ်လေးပန်းပွင့်သာ ရှားတတ်ပါသည်။ ကျန်သောပန်းများ ရလွယ်ပါလိမ့်မည်။ ထိုပန်းနှစ်မျိုး မရပါက၊ ရှာ၍မလွယ်ပါက ထိုနှစ်မျိုးကို ဖယ်ထားပြီး ကျန်တာ ညွှန်ပြသထားသော ယတြာပစ္စည်းများဖြင့် ယတြာကို ဆက်လက်လုပ်သွားလျှင်လည်း ရနိုင်ပါသည်။ ငွေပန်းနှင့် မြတ်လေးပန်းတို့ပေါ်သော လရာသီရောက်ရှိလာပါက ယတြာပြုရာတွင် ထိုပန်းနှစ်မျိုးကို မထည့်ဘဲ မနေအပ်ပါ။ ပစ္စည်းအမည်စုံလေ မြန်မြန်ထက်ထက် အကျိုးပေးလေဟု မှတ်ကြရပါမည်။ ဤယတြာတစ်မျိုးတည်းနှင့်ပင် များစွာသော စီးပွားရေးလုပ်ငန်းများကို ကောင်းအောင် ထိန်းသိမ်းနိုင်ပါလိမ့်မည်။ များစွာ သော အရောင်းအဝယ်လုပ်ငန်းကြီးများကိုလည်း ပုံမှန်အရောင်းအဝယ်မပျက် ဆက်လက်ထိန်းသိမ်းနိုင်သွားတော့၏။ ကုမ္ပဏီလုပ်ငန်းကြီးများ၊ လီမိတက်လုပ်ငန်းများ၊ ကော်ပိုရေးရှင်းလုပ်ငန်းများတို့ကိုလည်း ယန္တရားလည်ပတ်နေအောင် ထိန်းထားနိုင်သော စွမ်းအားနှင့် ပြည့်စုံနိုင်ပါသည်။ သိန်းပေါင်းများစွာတန်သော အိုးအိမ်ခြံမြေ တိုက်တာအဆောက်အဦ လုပ်ငန်းများကိုလည်း အရောင်းအဝယ်ကောင်းနေအောင် ဆက်လက်ထိန်းသိမ်းထားနိုင်သော စွမ်းအားနှင့်လည်း ပြည့်စုံနိုင်ပါသည်။ သိန်းပေါင်းများစွာ ရင်းနှီးလုပ်ကိုင်ရသော လမ်းတံတား အလုပ်အကိုင်များ၊ မော်တော်သင်္ဘောလုပ်ငန်းများ၊ ပွဲရုံလုပ်ငန်းများကိုလည်း အလုပ်အကိုင် အမြဲတမ်းကောင်းနေအောင် စွမ်းဆောင်နိုင်စွမ်းလည်း ရှိပါသည်။ ကြီးကျယ်ခမ်းနားသော ဟိုတယ်လုပ်ငန်းကြီးများ၊ တည်းခိုခန်းလုပ်ငန်းများ၊ နိုင်ငံခြားညေ့်သည်များ၏ အဝင်အထွက်အလုပ်အကိုင်များကိုလည်း အဆင်ပြေနေအောင်၊ အစဉ်ချောမောနေအောင်၊ လူဝင်လူထွက် စည်ကားသိုက်မြိုက်နေအောင် စွမ်းဆောင်ပေးနိုင်သည့် စွမ်းအားနှင့်လည်း ပြည့်စုံရ၏။ ကြီးကျယ်ခမ်းနားသော စားသောက်ဆိုင်ကြီးများ၊ ထမင်းဆိုင်ကြီးများ၊ လက်ဖက်ရည်ဆိုင်၊ ကော်ဖီဆိုင်၊ အဖျော်ယမကာဆိုင်ကြီးများ၊ ကြီးမားသော ရုပ်ရှင်ရုံကြီးများအားလည်း ဤယတြာကို တစ်ပတ်လေးကြိမ် မှန်မှန်လုပ်ပေးနေခြင်းအားဖြင့် အရောင်းအဝယ်များ အောက်မကျစေဘဲ အမြဲတမ်း အရောင်းအဝယ်ကောင်းနေအောင်၊ ဝင်ငွေကောင်းနေအောင်၊ ဝင်ငွေမှန်နေအောင်၊ ဝင်ငွေမကျဆင်းအောင်၊ ငွေရေးကြေးရေးတွေ ဘက်စုံကဝင်လာနေအောင် အလုပ်အကိုင်စီးပွားရေးနှင့် ပတ်သက်၍လည်း ငွေနှင့်ပတ်သက်ပြီး အခက်အခဲမရှိအောင်၊ အထစ်အငေါ့မရှိအောင်၊ အကျပ်အတည်းမဖြစ်အောင် ဤယတြာသည် အမြဲတမ်း စွမ်းဆောင်ပေးနိုင်သော သတ္တိရှိနေသည်ကို သတိပြုတတ်ကြပါလေ···။

ဘဒ္ဒန္တဝေပုလ္လ





www.burmeseclassic.com

www.burmeseclassic.com

# ဈေးဦးမပေါက်သော်

မော်တင်သိန်းဇော်

တစ်ခါတစ်ရံ၌ သက်ဆိုင်ရာ အရောင်းအဝယ်လုပ်ငန်းရှင်၊ ဆိုင်ရှင်၏ ကံဇာတာအရ လာဘ်ပိတ်နေ၍ဖြစ်စေ၊ အခြားကုန်ပြိုင်တို့၏ ရောင်းကုန်သည် အခြေအနေကောင်းမြင့်နေ၍ဖြစ်စေ အရောင်းအဝယ်များအနေနှင့် **ဈေးဦးမပေါက်၊ အရောင်းအဝယ်မလိုက်၊ ဝယ်သူမေးမြန်းသူမရှိမှုမျိုးကို** မလွဲမရှောင်သာပင် ယာယီခေတ္တမျိုး တွေ့ကြုံခံစားရလေ့ရှိတတ်ကြပါသည်။ အကြောင်းအမျိုးမျိုးတို့ကြောင့် ယင်းသို့ မိမိတို့ရောင်းကုန်ပစ္စည်းများအနေနှင့် ဈေးဦးမပေါက်၊ အရောင်းအဝယ်မလိုက်မှုများကို တွေ့ကြုံခံစားရသော် တင်ပြပါ ဈေးဦးပေါက်စေတတ်သည့် နံ့တူချေ၊ ကက်ကင်း၊ ဂမ္ဘီရဝင် **"ယတြာအစီအရင်များ"** ကို လုပ်ဆောင်ပါက ဈေးဦးပေါက်ကာ အရောင်းအဝယ်လိုက်လာသည်တို့ကို ခံစားရတတ်ကြပါသည်။ **ရှေ့ထုံးများ၊ လူကြီးသူမများ၊ ဝါရင့်ဈေးသည်ကြီးများ၊ ဆရာသခင်တို့၏ ဩဝါဒမှန်မှားနှင့် ကိုယ်တွေ့များ** ပွဲတွေ့များကို စုစည်း၍ အကျိုးမျှော်လျက် တင်ပြအကြံပြုအပ်ပါသည်။

## ရွတ်ပွားသရဇ္ဈာယ်ရမည့် ဂါထာတော်များ

(၁) **ဓာရဏပရိတ်တော်**

ရွတ်ပွား၍ မိမိ၏ ဈေးဦးမပေါက်၊ အရောင်းထိုင်းနေသော ကုန်ပစ္စည်းများကိုဖြစ်စေ၊ ဆိုင်ခုံ၊ စားပွဲ၊ ကောင်တာ၊ အိုး၊ ဗန်း၊ ဆိုင်းထမ်း၊ ခွက်၊ ပုံး၊ အိတ်တို့ကိုဖြစ်စေ သုံးချက်တိတိပုတ်ခတ်ပြီး ဆုတောင်းရန်။

(၂) **ဂုဏ်တော်ကိုးပါး ဂါထာတော်မြတ်**

အထက်ပါ ဓာရဏပရိတ်တော်မြတ်ကို ရွတ်ပွား၍ ရောင်းကုန်ပစ္စည်းကို ပုတ်ခတ်သည့်နည်းအတိုင်းပင် လုပ်ဆောင်ဆုတောင်းရန်။

(၃) **ရှင်သီဝလိ (၁၀)ဂါထာမြတ်**

ရွတ်ပွား၍ ဓာရဏပရိတ်တော်မြတ်၊ ဂုဏ်တော်ကိုးပါး ဂါထာတော်မြတ်တို့ကို ရွတ်ပွား၍ ယတြာပြုလုပ်သည့်နည်းအတိုင်း လုပ်ဆောင်ရန်။

## ယတြာအစီအရင်များ

(၁) စာကလေးအုပ်လိုက်လွှတ်၊ ဇီဇိတဒါနပြုပြီး မိမိ၏ ဈေးဦးမပေါက်သည့်ကုန်ပစ္စည်းများ ဈေးဦးပေါက် အရောင်းအဝယ် ပွင့်လန်းရန်အတွက် ဆုတောင်းရန်။

၃ ၁ ၃ ၁
**စာအုပ်လိုက် = ဈေးဦးကက်ကင်း**

(၂) သံဃာတော်၊ သီလရှင်နှယ်ဝင်များကို ဆန်ကာအုပ်ဆောင်း၊ စာအုပ်များနှင့် ဝတ္ထုငွေကြေးများ လှူဒါန်းပြီး ဈေးဦးပေါက်၊ အရောင်းအဝယ်ပွင့်လန်းရန်အတွက် ဆုတောင်းရန်။

၃ ၁ ၁ ၃ ၃ ၁
**စာအုပ် အုပ်ဆောင်း = ဈေးဦးကက်ကင်း**



www.burmeseclassic.com

www.burmeseclassic.com

(၇) သားဦး သမီးဦး အကြီးဆုံး သားသမီးဦးကြီးလည်း ဖြစ်ပြီး အိမ်ထောင်ဦးစီးလည်းဖြစ်ရကာ အရောင်းအဝယ်ကောင်း၊ စီးပွားတက်နေသည့် ဘဝတူရောင်းကုန်ချင်းတူကို ရောင်းဝယ်အသက်မွေးနေသူ အောင်မြင်ကြီးပွား အရောင်းအဝယ်ကောင်းနေသည့် မိတ်ဆွေတစ်ဦးဦးထံမှ ယောက်မတစ်ချောင်း လက်ဆောင်အဖြစ် တောင်းခံကာ ထိုယောက်မနှင့် ဈေးဦးမပေါက်သည့် ကုန်ပစ္စည်းများကို ကိုးချက်တိတိမျှ ပုတ်ခတ်ပြီး ဆုတောင်းရန်။

၃ ၁ ၃ = ၃ ၁

**အိမ်ဦးစီး = ဈေးဦးကက်ကင်း**

## ရောင်းကုန်ပစ္စည်း အမည်အလိုက် ယတြာပြုအစီအရင်များ

၁။ ထမင်းဟင်းဆိုင် = ပျဉ်းတော်သိန်ရွက်

၂။ လက်ဖက်ရည်ဆိုင် = လက်ပံကိုင်း (တောင်ဘက်လည့်ကိုင်းဆိုက ပိုကောင်း၏။)

၃။ အထည်ဆိုင် = ထန်းအုန်း၊ အုန်းထန်းကိုင်း (တောင်ဘက်လှည့်ကိုင်းဆိုက ပိုကောင်း၏။)

၄။ မုန့်ဟင်းခါးဆိုင် = ကြက်သွန်ဖြူပင်အမြစ် (ရိုးတံနှင့်ဥအလုံး)

၅။ ကုန်ခြောက်မျိုးစုံ = ကသစ်ရွက် (တောင်ဘက်လှည့်ရွက်ဆိုက ပိုကောင်း၏။)

၆။ အလှကုန်ဆိုင် = သပြေညွန့်ထိုးထားသော (အောင်အိုးရေ)နှင့် စတိသဘောပက်ဖျန်းပေးရန်

၇။ ဆေးဝါးဆိုင် = ရေစစ်နှင့် စတိသဘော ပုတ်ခတ်ပေးရန်

၈။ ဟင်းသီးဟင်းရွက်၊ သီးနှံများဆိုင် = သနပ်ရွက်

၉။ ဖိနပ်ဆိုင် = ၁၂ လက်မ ပေတံနှင့် စတိသဘော ပုတ်ခတ်ပေးရန်

၁၀။ သားငါး၊ အသားဆိုင် = သပြေညွန့်

၁၁။ ရွှေဆိုင် = ရွှေပန်း

၁၂။ ရတနာမျိုးစုံ (ကျောက်မျက်ရတနာများဆိုင်) = ငွေချိတ်နှင့် စတိသဘော ပုတ်ခတ်ပေးရန်

၁၃။ သံ,သံထည်ပစ္စည်းများဆိုင်၊ သစ်,ဝါး,ဓနိဆိုင် = သပြေညွန့် (ကြေးချောင်းနှင့်လည်း စတိသဘော ပုတ်ခတ်ပေးရန်)

၁၄။ မုန်ဆိုင်,မျက်မှန်ဆိုင် = ပဲပင်ပေါက်အညွန့်

၁၅။ စာအုပ်ဆိုင် = အုပ်ဆောင်းနှင့် စတိသဘော ပုတ်ခတ်ပေးရန်

၁၆။ စက်ပစ္စည်းဆိုင် = ဆပ်ပြာအမွှေးတုံးနှင့် စတိသဘော ပုတ်ခတ်ပေးရန်

၁၇။ လျှပ်စစ်ပစ္စည်းဆိုင် = ရေစစ်နှင့် စတိသဘော ပုတ်ခတ်ပေးရန်

၁၈။ ကားပစ္စည်းဆိုင်၊ ငွေထည်ပစ္စည်းဆိုင် = ငွေချိတ်နှင့် စတိသဘောပုတ်ခတ်ပေးရန်

၁၉။ စက်ဘီးပစ္စည်းဆိုင် = ဆပ်ပြာအမွှေးတုံးနှင့် စတိသဘောပုတ်ခတ်ပေးရန်

၂၀။ ငါးပိ၊ ငံပြာရည်ဆိုင် = ငှက်ပျောရွက် (တောင်ဘက်လှည့်ရွက်ဆို ပိုကောင်း၏။)

၂၁။ စားသုံးကုန်ပစ္စည်းမျိုးစုံဆိုင်(ဆန်၊ ဆား၊ နနွင်း၊ ဆီ၊ ဟင်းခတ်မှုန့် စသည့်စားသုံးကုန်များ) = ညောင်ရွက် (တောင်ဘက်လှည့်ကိုင်းဆိုက ပိုကောင်း၏။)

၂၂။ အုတ်၊ သဲ၊ ကျောက်ဆိုင် = အင်ကြင်းရွက် (တောင်ဘက်လှည့်ကိုင်းဆိုက ပိုကောင်း၏။)

၂၃။ အိုး၊ အိတ်ဆိုင် = အုန်းညွန့်

အထက်ပါ အရွက်၊ အညွန့်၊ အသား ပစ္စည်းတို့နှင့်ဆိုင်ရာ ရောင်းကုန်များကို စတိသဘော ရိုက်၊ ပုတ်ခတ်ပေးရန် ဖြစ်ပါသည်။

မှတ်ချက် ။ ယုံကြည်မှုပြင်းပြထက်သန်စွာနှင့် စနစ်တကျ စီရင်လုပ်ဆောင်ပါက အမြန်ပင် အကျိုးထူးတတ်ပါသည်။

**မော်တင်သိန်းဇော်ဇ**



www.burmeseclassic.com

www.burmeseclassic.com



# စာအုပ်ဆိုင်တွင်း လူဝင်စေ

ဝေယံဦး

"စာအုပ်ဆိုင်ကရငွေသော မျှော်စားနေလို့ကတော့ မဖြစ်တော့ဘူး။ လူတွေ စာမဖတ်ကြတော့ဘူးထင်တယ်"

မညီမညာဖြစ်နေသော စာအုပ်တွေကို တညီတညာ ပြန်ထပ်ရင်းက ကိုသက်ဇော်တစ်ယောက်တည်း အသံထွက် ညည်းတွားလိုက်သည်။

မှန်သည်။ ကိုသက်ဇော်၏ စာအုပ်အငှားဆိုင် ငှားအားကျဲနေသည်မှာ လအတန်ကြာခဲ့ပြီ။ ဖူးပွင့်ဝေစာပေအမည်ဖြင့် စာအုပ်အငှားဆိုင် ဖွင့်ဖြစ်ခဲ့သည်မှာ နှစ်နှစ်နီးပါးရှိပြီ။ ကိုသက်ဇော်က စာပေသမား။ အပိုငွေလေးရှိသည်နှင့် ပန်းဆိုးတန်းဘက်လျှောက်၊ စာအုပ်မျိုးစုံကို စိမ်ပြေနပြေ မြည်းစမ်းပြီး ကိုယ်နှစ်သက်ရာ စာအုပ်တွေ ဝယ်သိမ်းခဲ့သည်မှာ ငယ်စဉ်ကတည်းကအကျင့်။ သိမ်းပါများလာတော့ အိမ်မှာ စာအုပ်ပုံကြီးဖြစ်လာသည်။ မိတ်ဆွေသူငယ်ချင်းတွေက တစ်ဆင့်ပြန်ငှားဖတ်ကြသည်။ ထိုအထဲမှ တချို့က ပြန်မပေး။ စာအုပ်ကောင်း



www.burmeseclassic.com

www.burmeseclassic.com

တချို့ ပျောက်ဖူးသည်။ ဒီမှာတင် . . ကိုသက်ဇော်၏အိမ်သူ မပြုံးက အကြံ ပေးပြုသည်။

"ရှင် ဒီလို အလကားထားနေရင် လူတွေက တန်ဖိုးထားမှာ မဟုတ်ဘူး။ အလကား အလကားပဲ ထင်နေကြမှာ။ ဒီလိုလုပ်ပါလား။ စာအုပ်အငှားဆိုင်ဖွင့် ကြည့်ရအောင်"

အိမ်ရှင်မ၏ အကြံပြုချက်ကို ကိုသက်ဇော်က လိုလိုလားလား လက်ခံ လိုက်သည်။ အိမ်ရှေ့ မြေကွက်လပ်မှာ ဆယ်ပေပတ်လည် အဆောက်အဦလေး ကို စနစ်တကျဆောက်၊ စာအုပ်စင်တွေ စနစ်တကျရိုက်၊ အိမ်ထဲကစာအုပ်တွေ ထုတ်၊ အမျိုးအစားခွဲပြီး သူ့စာအုပ်နှင့်သူ စာအုပ်ဆိုင်မှာတင်ပြီး အငှားတန်းဝင် ဝတ္ထု၊ ရုပ်ပြ၊ ကာတွန်း။ လစဉ်ထုတ် မဂ္ဂဇင်း စတာတွေထပ်ဝယ်။ တော်တော် လေး ရင်းနှီးလိုက်တော့ စာအုပ်အငှား ဆိုင်ကြီးအဆင့် ရောက်သွားသည်။ ဒီကြားထဲ အပတ်စဉ်ထုတ် ဂျာနယ်အချို့ ကိုပါ တင်ရောင်းလိုက်သေးသည်။ သမီး အကြီးမက စာအုပ်ဆိုင် အချိန်ပြည့် တာဝန်ယူပေးပြီး စာရင်းဇယား ကျနစွာ ဖြင့် ငှားသည်။ ကိုသက်ဇော်တို့အိမ်က လမ်းထောင့် အချက်အချာလည်းကျပြန်၊ စာအုပ်အမျိုးအစားလည်း စုံပြန်ဆိုတော့ လပိုင်းအတွင်းမှာပဲ ဖူးပွင့်ဝေစာပေကို မသိသူမရှိ ဖြစ်လာသည်။ စာအုပ်ဆိုင် ကြီးဖြစ်လာသည်နှင့် လကျော်စာအုပ် တွေ ပြန်ထုတ်၊ အသစ်ပြန်တင်၊ ဆူးလေ သုံးဆယ့်တစ်-သုံးဆယ့်နှစ်လမ်းရှိ အရောင်းဆိုင်တွေနှင့် အဆက်အသွယ် မပြတ်အောင်နေ။ လုပ်ငန်းကြီးမားလာ

ဒါမျိုးက အစီအရင်ပေးရမှာ။
ယတြာမဟုတ်ဘူး။
မင်းစာအုပ်ဆိုင်ထဲ
လူများများဝင်အောင်
အစီအရင်ပေးရမှာ။
ငါတို့ဆန်းပညာထဲက
အာလပ္ပနကာရက ဆိုတာ
ပုဂ္ဂိုလ်ကို ရှေးရှုခေါ်တဲ့
ကာရကပေါ့။
အို . . . ယောက်ျား။
ဟယ် . . . ယောက်ျား
စသဖြင့် ခေါ်တာမျိုး။

သည်နှင့် ကိုသက်ဇော်ကိုယ်တိုင်ပင် စာအုပ်ဆိုင်အတွက် အချိန်ပေးလာရ တော့သည်။ အပျော်တမ်းလုပ်ငန်းလေး ဟု စတင်ခဲ့သည်မှ ခုတော့ မိသားစု စားဝတ်နေရေး၏ အဓိကအားပြုရာ စီးပွားရေးလုပ်ငန်းတစ်ရပ် ဖြစ်လာရပြီ။

"ကိုယ်စဉ်းစားနေတာ တစ်ခုရှိ တယ်။ ဘယ်လုပ်ငန်းမဆို ဆက်ဆံရေး အဓိကပဲ။ တို့ဆက်ဆံရေးမှာ ချို့ယွင်း ချက် ရှိနေပြီလား"

ကိုသက်ဇော် စဉ်းစဉ်းစားစား ပြောသည်။ မပြုံးက ဒီစကားကို ချက်ချင်း ကန့်ကွက်သည်။

"ဒီရပ်ကွက်ထဲ ကျွန်မတို့မိသားစု အဆင့်အတန်းကို အားလုံး အသိအမှတ် ပြုထားပြီးသား။ ကလေးတွေကလည်း ပညာတတ်၊ ရည်ရည်မွန်မွန်တွေချည်း ဆိုတာ ရှင်ကိုယ်တိုင်အသိ။ ကျွန်မ အထင်တော့ စာအုပ်ဈေးနှုန်းကြီးလို့ ငှားခဈေးကြီးလာတာကြောင့်များလား"

"ဒီလိုလည်း မဖြစ်နိုင်ဘူးလို့ ကိုယ် ထင်တယ်။ စာဖတ်တဲ့သူဟာ ငှားခဈေး ကြီးတာ၊ မကြီးတာကို အဓိကမထားဘူး။ ဖတ်ချင်တဲ့စာအုပ်ဆို နှစ်ရက်သုံးရက် ကြာအောင် အချိန်ဆွဲဖတ်ကြတာမျိုး။ တစ်ခုခုတော့ တစ်ခုခုပေါ့ကွာ။ မင်းလည်း နည်းနည်း ကူစဉ်းစားကြည့်ပါဦး"

မိသားစုစီးပွားရေးလုပ်ငန်းမို့ မပြုံး က မိန်းမသားပီပီ ကိုသက်ဇော်ထက်ပင် ဘက်ပေါင်းစုံက စဉ်းစားနေသူဖြစ်သည်။ မပြုံး၏စဉ်းစားမှုတွေထဲမှာ "ယတြာလေး ဗေဒင်လေး လုပ်ကြည့်ရင် မကောင်းဘူး လား" ဆိုသည့်အချက် ပါဝင်လာသည်။

ကိုသက်ဇော်တို့မိသားစုက ဗေဒင်၊ လက္ခဏာကို ငြင်းပယ်ခြင်းမရှိသော် လည်း ဂရုတစိုက်ကြီး မရှိခဲ့။ အရာရာ လူသာအဓိကဆိုသည်ကို လက်ခံကြသူ တွေ။ သို့သော် စိတ်အင်အားဆိုသည် ကိုတော့ အထူးလက်ခံထားကြသည်။ ကိုသက်ဇော် အမြဲလိုပြောတတ်သည့် စကားတစ်ခွန်းရှိသည်။ ရောမဘုရင်ဆီဇာ က တိုက်ပွဲထွက်ခါနီးတိုင်း သုံးသည့် စကား။

"Veni, Uidi, Vici" ဟူ၏။

အဓိပ္ပာယ်က ငါလာသည်၊ ငါမြင် သည်၊ ငါနိုင်သည် ဟူ၍ဖြစ်၏။ မည်မျှ ခက်ခဲသည့်အလုပ်မျိုးဖြစ်စေ စိတ်ဓာတ် ခိုင်မာစွာဖြင့် အာရုံနှစ်ဝင် လုပ်ဆောင် မည်ဆိုက မအောင်မြင်စရာမရှိဟု လက်ခံထားသည်။



www.burmeseclassic.com

www.burmeseclassic.com

"မင်းအကြံပေးတာလည်း မဆိုးပါဘူးကွ။ ဒါဆို အတော်ပဲ။ ကိုယ့်မိတ်ဆွေတွေထဲမှာ ဗေဒင်လိုင်းကို စနစ်တကျလိုက်စားနေသူတစ်ယောက် ရှိတယ်။ ကိုဘတင်တဲ့။ သူက ဟောမစားဘူး။ ဒါပေမဲ့ အကြံဉာဏ်တောင်းရင်တော့ သူကျွမ်းကျင်သမျှ ဆောင်ရွက်ပေးတယ်။ ကိုယ်နဲ့မင်း သွားဆီသွားကြည့်ရအောင်"

အေးအေးလူလူ ညနေခင်းလေးမှာ ကိုသက်ဇော်တို့လင်မယား ကိုဘတင်နေအိမ်သို့ ရောက်သွားသည်။ အိမ်ရှေ့မှာ မျက်မှန်ထူထူကြီးတပ်လျက် စာတစ်အုပ်ထိုင်ဖတ်နေသော လူပျိုကြီး ကိုဘတင်ကို အဆင်သင့်တွေ့လိုက်ရသည်။

"ဟာ・・・သူငယ်ချင်းတို့ လင်မယား ဘယ်လိုကဘယ်လို မျက်စိလည်လာတာလဲကွ။ ငါ့ပညာနဲ့ပြောရရင်တော့ မင်းတို့လင်မယားမှာ အဖြေမတွေ့သေးတာလေးတစ်ခု ရှိနေလို့ ငါ့ဆီအရောက်လာကြတာမဟုတ်လား"

"မှန်လိုက်လေ သူငယ်ချင်းရာ။ မင်းဆီလာရတာ ငါတို့လိုချင်တဲ့အဖြေတစ်ခုတွေ့ဖို့တော့ ကျိန်းသေပြီကွ။ မင်းဉာဏ်ကိုတော့ ခြွင်းချက်မရှိ ယုံလိုက်ပြီ"

"ကဲ・・・ထိုင်ကြဦး။ ခဏလေး ဒီ ရေနွေးနဲ့ ပဲခြမ်းသုပ်လေး ဝင်ယူလိုက်ဦးမယ်"

ခဏကြာတော့ ရေနွေး၊ ပဲခြမ်းတို့ဖြင့် ကိုဘတင် ပြန်ထွက်လာသည်။

"ကဲ・・・အေးအေးဆေးဆေးပြောကြတာပေါ့ကွာ"ဟု ဆိုကာ စကားစမြည်ပြောကြသည်။

"ဒီလိုကွ・・・။ ငါ့အိမ်မှာ စာအုပ်အငှားဆိုင်ဖွင့်ထားတာ မင်းသိပါတယ်။ လုပ်ငန်းက ထုထည်ကြီးလာတော့ အိမ်ရဲ့ အဓိကစီးပွားရေးဖြစ်လာတယ်။ စီးပွားရေးကို စီးပွားရေးနဲ့တူအောင် တို့တစ်မိသားစုလုံး ဂရုစိုက်ကြပါတယ်ကွာ။ ဒါပေမဲ့ ဘယ်လိုဖြစ်တယ် မသိဘူး။ အငှားကျတာ လနဲ့ချီနေပြီ။ ဒါနဲ့ မင်းဆီက အကြံဉာဏ်ယူရအောင် လာတာပဲကွ။ ယတြာလေး ဓာတ်ရိုက်ဓာတ်ဆင်လေးပေါ့ကွာ"

ကိုသက်ဇော်က လိုရင်းကို တဲ့တိုးပြောပြလိုက်တော့ ကိုဘတင်က သူ့ပင်ကိုဟန်အတိုင်း မျက်မှောင်ကြုတ်ပြီး တစ်ခုစဉ်းစားဟန်ပြုသည်။ ပြီးတော့ -

"ဒါလေးများကွာ။ လွယ်မှလွယ်"

ဟု စပြောသည်။ မပြုံးက -

"အမလေး・・・လွယ်ရင် လုပ်စမ်းပါ။ လွယ်တာပဲလိုချင်တာ"

ဟု အားတက်သရော ဝင်ပြောသည်။

"ကဲ・・・ပြောမယ်။ ဒါမျိုးက အစီအရင်ပေးရမှာ။ ယတြာမဟုတ်ဘူး။ မင်းစာအုပ်ဆိုင်ထဲ လူများများဝင်အောင် အစီအရင်ပေးရမှာ၊ ငါတို့ ဆန်းပညာထဲက အာလပ္ပနကာရကဆိုတာ ပုဂ္ဂိုလ်ကို ရှေးရှုခေါ်တဲ့ ကာရကပေါ့။ အို・・・ယောက်ျား။ ဟယ်・・・ယောက်ျား စသဖြင့် ခေါ်တာမျိုး။ အခေါ်ဓာတ်ကာရကပေါ့။ ၄ ဟူးကိုခေါ်ဖို့ ၄ ဟူးရဲ့ ကာရကအင်္ဂါကို သုံးတယ်။

မနက်တိုင်း မင်းဆိုင်ရှေ့မှာ ဆန်၊ ဆန်ကွဲတွေပစ်ပြီး စာကလေးတွေကို ကျွေးပြီးတော့ ဆိုင်ထဲက ဘုရားစင်မှာ အိုးတစ်လုံးထဲ အုန်း (၁)ညွှန့်၊ ကြံ (၂)ညွှန့်၊ မေမြို့ (၅)ပွင့် ထိုးလှူထား၊ နှမ်းရင် လဲပေးပေါ့။ ပြီးတော့ စာကလေးစာစပါးတွဲတွေကို ဆိုင်ရှေ့မှာ ချိတ်ဆွဲထားပေါ့ကွာ။ ဘာမှ မခက်ပါဘူး။ ငါပြောတဲ့အတိုင်း ယုံယုံကြည်ကြည်သာလုပ်၊ မထူးခြားရင် ငါ့ကို ဒီတစ်သက် အဖက်မလုပ်နဲ့တော့"

ကိုဘတင်က သူ့ညွှန်ကြားချက်ကို ရဲရဲတိတိ အာမခံရင်း ပြောသည်။ မပြုံးက စာဖြင့် သေသေချာချာရေးမှတ်သည်။ ထွေရာလေးပါးပြောဆိုကြပြီး အတန်ငယ် မိုးချုပ်တော့ "ကဲ・・・ပြန်ဦးမယ်ဟေ့"ဆိုကာ လင်မယားနှစ်ယောက် ပြန်လာကြသည်။

ဘာပဲလုပ်လုပ် ယုံယုံကြည်ကြည် လုပ်ရမည်။ မယုံကြည်လျှင် စကတည်းက မလုပ်နှင့်ဆိုသည့်အတိုင်း ကိုသက်ဇော်တို့ လင်မယားနှစ်ယောက် ကိုဘတင် နည်းပေးသည့်အတိုင်း စနစ်တကျ ဆောင်ရွက်သည်။

ရုပ်ရှင်ဇာတ်လမ်းတွေထဲ စာတမ်းထိုး အခန်းပြောင်းသလို "ဤသို့ဖြင့် တစ်လခန့်ကြာသော်"ဟု ပြောရမည်။

ကိုသက်ဇော်နှင့် မပြုံးတို့နှစ်ယောက် ကိုဘတင်ထံသို့ ရောက်ရှိသွားသည်။ ပြုံးချိုချိုမျက်နှာတွေကိုကြည့်ပြီး ကိုဘတင်က ပြောသည်။

"မင်းတို့ ငါ့ကို တစ်သက်လုံး လက်တွဲမဖြုတ်ဘူးဆိုတဲ့ သဘောလား"

ကိုသက်ဇော်တို့လင်မယား ပြိုင်တူ ခေါင်းညိတ်လိုက်ကြလေသည်။

■ ဝေယံဦး



www.burmeseclassic.com

www.burmeseclassic.com

# မဆန်းသော်လည်းထူးသည်
# ကိုးနဝင်းမိုးလင်း အစိတ္တာန်

ကိုမောင်သန်းဝင်း

ပုံပြင်မဟုတ်သေး ဖြစ်စဉ်တစ်ခုကို ကြားသိခဲ့ရဖူးသည်။ ယင်းဖြစ်စဉ်သည် မဆန်းသော် ထူးသည်၊ မထူးသော်လည်း ဆန်းသည်ဟု ဆိုရနိုင်မည်။

လွန်ခဲ့သော ဆယ်စုနှစ်နှစ်ခုကာလက ဘာမှမကြာသေးဟု ပြောရမည်ဖြစ်သည်။ ဖြစ်စဉ်က မနေ့တစ်နေ့ကလို။

ရိုးသားကြိုးစားတဲ့ ဇနီးမောင်နှံနှစ်ယောက်...။ ယောက်ျားဖြစ်သူက အစိုးရဌာနတစ်ခုမှာ သာမန်စာရေးဘဝ။ အသောက်အစား ဝါသနာမပါသူ။ သို့သော်ငြား လစာနှင့် စားဝတ်နေရေး မလုံလောက်တာမို့ ရုံးဆင်းပြီးတာနဲ့ အိမ်ကို ကရုတ်ကရက်ပြန်၊ အာဟာရတစ်ခု မှီဝဲပြီး ဆိုက်ကားနင်းလို့ ငွေရှာရသေးသည်။

ဇနီးဖြစ်သူကလည်း မောင်တစ်ထမ်း။ မယ်တစ်ရွက်ဆိုသလို ဈေးမှာ ဘဲဥ၊ ကြက်ဥ ရောင်းသည်။ တစ်လုံး၊ နှစ်လုံး လောင်းကစားမမက်လေတော့ တစ်နေ့တစ်နေ့ အမြတ်အစွန်းလေးတွေ မရမဟုတ်၊ ရပါ၏။

ဒါပေမယ်လို့ စုစုဆောင်းဆောင်း မလုပ်နိုင်ခဲ့။ နှစ်ဖက်မိဘတွေရဲ့ ကျန်းမာရေးစရိတ်၊ လူမှုရေးစရိတ်တွေကြောင့်ပါလေ။ ကြွေးတင်မှု ချေးငှားရမှု မရှိချေ။

ဇနီးမောင်နှံ ရည်ရွယ်ထားချက်က ဒိုးတူပေါင်ဖက် ရှာဖွေပြီး သီးသန့်အိမ်ကလေးတား ထိုမှတစ်ဆင့် ကိုယ်ပိုင်အိမ်ကလေးနဲ့ တူနှစ်ကိုယ်တိုင်းပြည် တည်ဆောက်ဖို့ အိပ်မက်မြင်မက်ထားကြသည်၊ အိပ်မက်က အကောင်အထည်မပေါ်၊ မဖော်နိုင်သေးတာမို့ လောလောဆယ် မိဘတို့ရဲ့အိမ်မှာ နေရင်းကြိုးစားလုပ်ကိုင်နေရဆဲ ကာလ။

ထုံးစံအတိုင်း နေ့စဉ် ယောက်ျားဖြစ်သူက ရုံးသွား၊ ဇနီးဖြစ်သူက ဘဲဥ၊ ကြက်ဥတောင်းရွက်လို့ ဈေးသွား။ ဇနီးဖြစ်သူက ဈေးကပြန်လေတိုင်း ဟင်းချက်စရာဝယ်၊ ပြီးတော့ နေအိမ်အောက်ထပ်မှာ ရောင်းနေတဲ့ ငါးပိကြော် ဝယ်လေ့ရှိသည်။ ဟင်းအမယ် မဖွယ်ရာပေမယ်လို့ ငါးပိကြော်လေးပါတော့ ထမင်းမြိန်ကြသည်ဟူ၏။

တစ်နေ့တော့ ဇနီးဖြစ်သူက အသိတစ်ခု ဝင်လာခဲ့ပါတယ်။ အဲဒီအသိက ငါးပိကြော်ရောင်းတဲ့ သူ့အိမ်အောက်ထပ်က ငါးပိကြော်ရောင်းတဲ့ အပျိုကြီးလုံးကြီးပေါက်လှ မကျင်မြပေါ့လေ။ သူလိုပဲ မပင်ပန်း၊ နေအိမ်ရှေ့မှာပဲ ဆိုင်လေးခင်းပြီး ဖြီးလိမ်းကြေ့မော့စွာနဲ့ ငါးပိကြော်ရောင်းနေတာ။ မနက် ဈေးဖွင့်ခင်းတော့ ငါးပိကြော် ချိုချဥ်နှစ်ဇလုံက အပြည့်အမောက်။ သူ့ဈေးရောင်းပြီး ပြန်လာတော့ ငါးပိကြော်တွေက တစ်ဝက်ကျိုးနေပြီ။

ဟန်ကျလိုက်တဲ့ မယ်မင်းကြီးမ။ ကုသိုလ်ကလည်း ထူးပတော်။ ကံမျက်နှာသာကလည်း သူ့ကိုမှပေးလေသလား။ ရွှေတွဲလွဲ ငွေတွဲလွဲနဲ့။ မုဒိတာပွားပါရဲ့။

ကံဆိုတာ အလုပ်လို့ ယောက်ျားပြောဖူးပါရဲ့။ ငါလည်း သူ့လိုလုပ်ရင် ကံကောင်းလေမလား။ ယောက်ျားနဲ့ တိုင်ပင်ဦးမှ။ ယောက်ျားကလည်း ကိုးနဝင်းမိုးလင်း အစိတ္တာန်ဝင်နေတယ်။ သက်သတ်လွတ်စားတယ်။ ကောင်းပုံတော်။ ရိုးသားတဲ့ယောက်ျား အသက်ရှည်ပါစေ။

ကျွန်မလည်း ယောက်ျားနည်းတူ ဆရာမင်းသိခ်ရဲ့ နည်းအတိုင်း ကိုးနဝင်းမိုးလင်း အစိတ္တာန်ဝင်တယ်လေ။

ယောက်ျား ဆိုက်ကားနင်းရာက ပြန်လာတော့ ထမင်းဟင်းပြင်ပေးသည်။ စားသောက်နေသည့် ယောက်ျားကို နံဘေးမှ ယပ်ခပ်ပေးရင်း အောက်ထပ်



www.burmeseclassic.com

www.burmeseclassic.com

**အစိတ္တာန်ဝင်ရက်များ အတွင်း "ငါတို့ရဲ့ ရိုးသား၊ ကြိုးစားပြီး လုပ်နေတဲ့ လုပ်ငန်း သည့်ထက်မက အောင်မြင်ပါစေ" ဟူ၍ ဆုတောင်း ဆုယူပြုလေ့လည်း ရှိသည်။**

က မကျင်မြလို ငါးပိကြော်လုပ်ရောင်းရင် ကောင်းမလားလို့ဟူ၍ တိုင်ပင်သည်။ ယောက်ျားဖြစ်သူက "မိန်းမသဘောကျရင် လုပ်လေ"ဟု ပြောသည်။

သည်လိုနှင့် ငါးပိကြော်အလုပ်စလုပ်သည်။ ရိုးသားစွာပြင် အောက်ထပ်က မကျင်မြထံ နည်းနာတောင်းသည်။ မကျင်မြကလည်း အားပေးသည်။ နည်းပေးသည်။

ဇနီးဖြစ်သူက ဘဲဥနှင့်တွဲ၍ ဈေးတွင် ငါးပိကြော်ရောင်းသည်။ တစ်စတစ်စ ရောင်းကောင်းလာသည်။ ဘဲဥ၊ ကြက်ဥထက် ငါးပိကြော်က လက်မလည်အောင် ရောင်းရသည်။ နောက်ဆုံး ဘဲဥ၊ ကြက်ဥ ရောင်းခြင်းကို ရပ်လိုက်ပြီး ငါးပိကြော်တစ်ခုတည်းကိုသာ ရောင်းတော့သည်။ တူမနှစ်ယောက်ကို အကူခေါ်၍ပင် ရောင်းရသည်။

"ယောက်ျားရေ…တော် ဆိုက်ကားနင်းရင်း ဆိုင်လေးတွေဆီ ငါးပိကြော်ထုပ်လေးတွေ ပို့ပါလား"

"အေး…ကောင်းသားပဲ"

သို့ဖြင့် တစ်ဆိုင်၊ နှစ်ဆိုင်မှာ သုံးလေးငါးဆိုင်အထိ ဆိုက်ကားနင်းရင်း ငါးပိကြော်ထုပ်လေးတွေ ပို့ဖြစ်သည်။ အရသာကောင်းမွန်မှု၊ ထုပ်ပိုးရာတွင် သေသပ်မှုကြောင့် စားသုံးသူအကြိုက်တွေ့ပစ္စည်း ဖြစ်လာသည်။

ဆိုက်ကားဖြင့် ပါဆင်ဂျာတင်ရသည်မရှိချေတော့။ ဆိုက်ကားတစ်စီးလုံး ငါးပိကြော်ထုပ်တွေ ပြည့်နေလေပြီ။ မှာယူသည့်ဆိုင် များလာသောကြောင့် ဖြစ်သည်။

"ယောက်ျားရေ…ရှင် ရုံးအလုပ်က ထွက်လိုက်တော့လေ။ ရုံးကတစ်ဖက်၊ ဆိုက်ကားနင်းရတာတစ်ဖက်၊ ပစ္စည်းပို့ရတာတစ်ဖက်နဲ့ ရှင်ပင်ပန်းလှပါတယ်တော်"

သို့ဖြင့် ယောက်ျားဖြစ်သူ ရုံးအလုပ်မှ ထွက်ဖြစ်သည်။ ငါးပိကြော်ပို့ချိန် ပို၍ရလာခဲ့သည်။ မနက်ခင်းတစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညနေပိုင်းတစ်ကြိမ် ပို့ဖြစ်သည်။ ဝင်ငွေ၊ လုပ်နေကျအစိတ္တာန်ကတော့ ပျက်ကွက်သည်မရှိခဲ့ချေ။

အစိတ္တာန်ဝင်ရက်များအတွင်း "ငါတို့ရဲ့ ရိုးသား၊ ကြိုးစားပြီးလုပ်နေတဲ့ လုပ်ငန်း သည့်ထက်မက အောင်မြင်ပါစေ" ဟူ၍ ဆုတောင်းဆုယူ ပြုလေ့လည်းရှိသည်။

လုံ့လ၊ ဝီရိယအားဖြင့် ရိုးသားကြိုးစားလုပ်ခဲ့သော အကြင်လင်မယားတို့၏ ငါးပိကြော်လုပ်ငန်းသည် ၁၈ နှစ်တိုင်တိုင် ရှိခဲ့ပြီဖြစ်သည်။ ၎င်းတို့၏ ငါးပိကြော် ချို၊ ချဉ် အထုပ်များစွာတို့သည် ဆိုင်ကြီး၊ ဆိုင်ငယ်များသာမက မီနီမတ်ကက်၊ ဆူပါမက်ကက် စသည်တို့တွင် နေရာရရှိနေလေပြီ။ လူပေါင်း လေးငါးဆယ်နှင့် လုပ်ရသော လုပ်ငန်းကြီးတစ်ခုပမာ ဖြစ်တည်နေလေပြီ။

အထက်ဖော်ပြပါ ငါးပိကြော် (အခြားအကြော်အလှော်များလည်း ပါသည်) လုပ်ငန်းရှင် ဇနီးမောင်နှံ၏ ဖြစ်စဉ်ကို ပြောပြခဲ့သည်မှာ မိတ်ဆွေကြီး ကိုစိုးမြိုင် ဖြစ်သည်။

"ရိုးသား၊ ကြိုးစားတာရယ်၊ ဂုဏ်,ဉာဏ်,ဝီရိယကြောင့် အောင်မြင်တာမို့ မုဒိတာပွားစရာပဲ ကိုစိုးမြိုင်ရယ်"ဟု စာရေးသူက ဘဝင်ကျစွာ ပြောပြလေရာ မိတ်ဆွေကြီးက…

"အဲဒါလည်း ပါတာပေါ့နော်။ ပြီးတော့ လင်မယားနှစ်ယောက်စလုံး အချိန်၊ နေရာ မပျက်ကွက်တဲ့ အစိတ္တာန်ဝင်တာရယ်၊ သက်သတ်လွတ်စားတာရယ်၊ ဆုတောင်းဆုယူပြုတာရယ် ပြောတဲ့အထဲမှာ ပါခဲ့တယ်နော်"

"စိတ်ဝင်စားစရာပဲ။ ဘာအစိတ္တာန်မို့လို့လဲ"

"ဆရာကြီးမင်းသိခ်ရဲ့ ကိုးနဝင်း မိုးလင်းမှသိမယ်"

ကိုယောင်သန်းဝင်း



www.burmeseclassic.com

www.burmeseclassic.com

# ကိုးနဝင်း မိုးလင်းမှသိမယ် အဓိဋ္ဌာန်တော်ဇယားကွက်

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ပထမ အဆင့် | တနင်္လာ<br>သမ္မာ<br>သမ္ဗုဒ္ဓေါ<br>(၂)ပတ် | အင်္ဂါ<br>ဘဂဝါ<br>(၉)ပတ် | ဗုဒ္ဓဟူး<br>သုဂတော<br>(၄)ပတ် | ကြာသပတေး<br>သတ္ထာဒေဝ<br>မနုဿာနံ<br>(၇)ပတ် | **သောကြာ<br>လောကဝိဒူ<br>(၅)ပတ်** | စနေ<br>ဝိဇ္ဇာစရဏ<br>သမ္ပန္နော<br>(၃)ပတ် | တနင်္ဂနွေ<br>အနုတ္တရော<br>ပုရိသ<br>ဓမ္မသာရထိ<br>(၆)ပတ် | တနင်္လာ<br>အရဟံ<br>(၁)ပတ် | အင်္ဂါ<br>ဗုဒ္ဓေါ<br>(၈)ပတ် |
| ဒုတိယ အဆင့် | ဗုဒ္ဓဟူး<br>ဝိဇ္ဇာစရဏ<br>သမ္ပန္နော<br>(၃)ပတ် | ကြာသပတေး<br>အရဟံ<br>(၁)ပတ် | သောကြာ<br>လောကဝိဒူ<br>(၅)ပတ် | စနေ<br>ဗုဒ္ဓေါ<br>(၈)ပတ် | **တနင်္ဂနွေ<br>အနုတ္တရော<br>ပုရိသ<br>ဓမ္မသာရထိ<br>(၆)ပတ်** | တနင်္လာ<br>သုဂတော<br>(၄)ပတ် | အင်္ဂါ<br>သတ္ထာဒေဝ<br>မနုဿာနံ<br>(၇)ပတ် | ဗုဒ္ဓဟူး<br>သမ္မာ<br>သမ္ဗုဒ္ဓေါ<br>(၂)ပတ် | ကြာသပတေး<br>ဘဂဝါ<br>(၉)ပတ် |
| တတိယ အဆင့် | သောကြာ<br>သုဂတော<br>(၄)ပတ် | စနေ<br>သမ္မာ<br>သမ္ဗုဒ္ဓေါ<br>(၂)ပတ် | တနင်္ဂနွေ<br>အနုတ္တရော<br>ပုရိသ<br>ဓမ္မသာရထိ<br>(၆)ပတ် | တနင်္လာ<br>ဘဂဝါ<br>(၉)ပတ် | **အင်္ဂါ<br>သတ္ထာဒေဝ<br>မနုဿာနံ<br>(၇)ပတ်** | ဗုဒ္ဓဟူး<br>လောကဝိဒူ<br>(၅)ပတ် | ကြာသပတေး<br>ဗုဒ္ဓေါ<br>(၈)ပတ် | သောကြာ<br>ဝိဇ္ဇာစရဏ<br>သမ္ပန္နော<br>(၃)ပတ် | စနေ<br>အရဟံ<br>(၁)ပတ် |
| စတုတ္ထ အဆင့် | တနင်္ဂနွေ<br>လောကဝိဒူ<br>(၅)ပတ် | တနင်္လာ<br>ဝိဇ္ဇာစရဏ<br>သမ္ပန္နော<br>(၃)ပတ် | အင်္ဂါ<br>သတ္ထာဒေဝ<br>မနုဿာနံ<br>(၇)ပတ် | ဗုဒ္ဓဟူး<br>အရဟံ<br>(၁)ပတ် | **ကြာသပတေး<br>ဗုဒ္ဓေါ<br>(၈)ပတ်** | သောကြာ<br>အနုတ္တရော<br>ပုရိသ<br>ဓမ္မသာရထိ<br>(၆)ပတ် | စနေ<br>ဘဂဝါ<br>(၉)ပတ် | တနင်္ဂနွေ<br>သုဂတော<br>(၄)ပတ် | တနင်္လာ<br>သမ္မာ<br>သမ္ဗုဒ္ဓေါ<br>(၂)ပတ် |
| ပဉ္စမ အဆင့် | အင်္ဂါ<br>အနုတ္တရော<br>ပုရိသ<br>ဓမ္မသာရထိ<br>(၆)ပတ် | ဗုဒ္ဓဟူး<br>သုဂတော<br>(၄)ပတ် | ကြာသပတေး<br>ဗုဒ္ဓေါ<br>(၈)ပတ် | သောကြာ<br>သမ္မာ<br>သမ္ဗုဒ္ဓေါ<br>(၂)ပတ် | **စနေ<br>ဘဂဝါ<br>(၉)ပတ်** | တနင်္ဂနွေ<br>သတ္ထာဒေဝ<br>မနုဿာနံ<br>(၇)ပတ် | တနင်္လာ<br>အရဟံ<br>(၁)ပတ် | အင်္ဂါ<br>လောကဝိဒူ<br>(၅)ပတ် | ဗုဒ္ဓဟူး<br>ဝိဇ္ဇာစရဏ<br>သမ္ပန္နော<br>(၃)ပတ် |
| ဆဋ္ဌမ အဆင့် | ကြာသပတေး<br>သတ္ထာဒေဝ<br>မနုဿာနံ<br>(၇)ပတ် | သောကြာ<br>လောကဝိဒူ<br>(၅)ပတ် | စနေ<br>ဘဂဝါ<br>(၉)ပတ် | တနင်္ဂနွေ<br>ဝိဇ္ဇာစရဏ<br>သမ္ပန္နော<br>(၃)ပတ် | **တနင်္လာ<br>အရဟံ<br>(၁)ပတ်** | အင်္ဂါ<br>ဗုဒ္ဓေါ<br>(၈)ပတ် | ဗုဒ္ဓဟူး<br>သမ္မာ<br>သမ္ဗုဒ္ဓေါ<br>(၂)ပတ် | ကြာသပတေး<br>အနုတ္တရော<br>ပုရိသ<br>ဓမ္မသာရထိ<br>(၆)ပတ် | သောကြာ<br>သုဂတော<br>(၄)ပတ် |
| သတ္တမ အဆင့် | စနေ<br>ဗုဒ္ဓေါ<br>(၈)ပတ် | တနင်္ဂနွေ<br>အနုတ္တရော<br>ပုရိသ<br>ဓမ္မသာရထိ<br>(၆)ပတ် | တနင်္လာ<br>အရဟံ<br>(၁)ပတ် | အင်္ဂါ<br>သုဂတော<br>(၄)ပတ် | **ဗုဒ္ဓဟူး<br>သမ္မာ<br>သမ္ဗုဒ္ဓေါ<br>(၂)ပတ်** | ကြာသပတေး<br>ဘဂဝါ<br>(၉)ပတ် | သောကြာ<br>ဝိဇ္ဇာစရဏ<br>သမ္ပန္နော<br>(၃)ပတ် | စနေ<br>သတ္ထာဒေဝ<br>မနုဿာနံ<br>(၇)ပတ် | တနင်္ဂနွေ<br>လောကဝိဒူ<br>(၅)ပတ် |
| အဋ္ဌမ အဆင့် | တနင်္လာ<br>ဘဂဝါ<br>(၉)ပတ် | အင်္ဂါ<br>သတ္ထာဒေဝ<br>မနုဿာနံ<br>(၇)ပတ် | ဗုဒ္ဓဟူး<br>သမ္မာ<br>သမ္ဗုဒ္ဓေါ<br>(၂)ပတ် | ကြာသပတေး<br>လောကဝိဒူ<br>(၅)ပတ် | **သောကြာ<br>ဝိဇ္ဇာစရဏ<br>သမ္ပန္နော<br>(၃)ပတ်** | စနေ<br>အရဟံ<br>(၁)ပတ် | တနင်္ဂနွေ<br>သုဂတော<br>(၄)ပတ် | တနင်္လာ<br>ဗုဒ္ဓေါ<br>(၈)ပတ် | အင်္ဂါ<br>အနုတ္တရော<br>ပုရိသ<br>ဓမ္မသာရထိ<br>(၆)ပတ် |
| နဝမ အဆင့် | ဗုဒ္ဓဟူး<br>အရဟံ<br>(၁)ပတ် | ကြာသပတေး<br>ဗုဒ္ဓေါ<br>(၈)ပတ် | သောကြာ<br>ဝိဇ္ဇာစရဏ<br>သမ္ပန္နော<br>(၃)ပတ် | စနေ<br>အနုတ္တရော<br>ပုရိသ<br>ဓမ္မသာရထိ<br>(၆)ပတ် | **တနင်္ဂနွေ<br>သုဂတော<br>(၄)ပတ်** | တနင်္လာ<br>သမ္မာ<br>သမ္ဗုဒ္ဓေါ<br>(၂)ပတ် | အင်္ဂါ<br>လောကဝိဒူ<br>(၅)ပတ် | ဗုဒ္ဓဟူး<br>ဘဂဝါ<br>(၉)ပတ် | ကြာသပတေး<br>သတ္ထာဒေဝ<br>မနုဿာနံ<br>(၇)ပတ် |

↑

(မြားပြထားသော အမည်းကွက်များသည် သက်သတ်လွတ်အဓိဋ္ဌာန်ဝင်ရမည့် နေ့ရက်များ ဖြစ်သည်)



www.burmeseclassic.com

www.burmeseclassic.com

# ဈေးခေါ်ပါတဲ့ ဗေဒေါ်ဂျီ

ဆရာခေါင်ထွင့်မြင့်

သည်ဆိုင်ကလေးကို မိမိရောက် ဖြစ်သည်မှာ တစ်လကျော်၊ နှစ်လ လောက်တော့ ရှိပြီထင်သည်။ သည် ဆိုင်ကလေးဆိုသည်မှာ ထမင်းဆိုင်ဖြစ် သည်။ ဆိုင်ရှင်နှင့် မိမိမှာ ရေးမဆွ ကတည်းက ခင်မင်ရင်းနှီးခဲ့ကြသည်။ သည့်အလျောက် ကိုယ်ပိုင်ထမင်းဆိုင် လေးတစ်ဆိုင် ဖွင့်လိုသဖြင့် ဆိုင်နာမည် ကလေးပေးဖို့ အကူအညီတောင်းခံတုန်း က "ရွှေလက်ရာ"ဆိုသည့် အမည်နာမ ကလေးကို မိမိကိုယ်တိုင်ပင် ရွေးချယ် ပေးခဲ့သည်။ သူတို့ကလည်း နှစ်သက် ဝမ်းမြောက်စွာဖြင့်ပင် ထိုနာမည်ကလေး ကို ဆိုင်းဘုတ်အပ်ကာ အသုံးပြုခဲ့သည်။

ဆိုင်ရှင်၏ဇနီးသည်မှာ အချက် အပြုတ်ကောင်းသူ ဖြစ်၏။ ဘာချက် ချက် အစပ်တည့်သည်။ ထို့ကြောင့်ပင် ရံဖန်ရံခါ သွားရင်းလာရင်း လမ်းကြုံပြီ ဆိုပါက ရွှေလက်ရာ မြန်မာထမင်းဟင်း ဆိုင်၌ မိမိ ဝင်ရောက်စားသောက်တတ် ပေ၏။ အဖိုးအခမယူဘူးဟု ငြင်းဆန် သော်လည်း မိမိက မယူလျှင် ဘယ် တော့မျှမစားဟု ကန့်ကွက်ကာ ပေးရ သည်။ ချက်ထားသည့် ဆန်ကလည်း တောင်ပျံ။ သည်တော့ ထမင်းဖြူဖြူဖွေး ဖွေးသည် ကော့ပျံနေ၏။ အဓိက ဟင်း တစ်မျိုးမှာလျှင် ဟင်းရံတွေက အလျှံ ပယ်။ သီးစုံပဲဟင်း၊ ငါးပိချက်၊ ချဉ်ပေါင် ကြော်၊ တို့စရာတွေက မြင်းခွာရွက်၊ သရက်သီး၊ ဉသျှစ်ရွက်၊ ရုံးပတီသီး၊ ရေတ်သီးစိမ်း၊ လယ်သရက်ကင်း စသည် ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင်။

ဆိုင်ဖွင့်ခါစ လူဝင်လူထွက်က မဆိုး။ ပုံမှန် သူဖောက်သည်နှင့်သူ။ ကြက်သား၊ ကြက်ကြော်၊ ကြက်အသည်း အမြစ်၊ ဝက်သား၊ ဝက်ကလီစာ၊ ဆိတ် သား၊ ဆိတ်ကလီစာ၊ အမဲသားမှသည် ဘဲဉချဉ်ရည်ဟင်းအထိ ရသည်။ ဆိုင် လာစားသူရှိသလို၊ ပါဆယ်လာဝယ်သူ တွေလည်း ရှိသည်။ ဘာပဲပြောပြော သူ့ဟာနှင့်သူကတော့ အဆင်ပြေသည် ဟု ဆိုရမည်။ လင်ကိုယ်မယား နှစ် ယောက်အနေဖြင့် သူ့နေရာနှင့်သူ ထောင့်စေ့နေရန်အတွက် အလုပ်သမား လေးယောက် ငှားထားရသည်။ ကူဖော် လောင်ဖက်နှင့် ပန်းကန်ဆေး၊ သန့်ရှင်း ရေးအတွက် တစ်ဦး၊ ထမင်းခူး၊ ဟင်း ခပ်၊ တို့စရာပွဲပြင်ဖို့ရာတစ်ဦး၊ လူခေါ်ဖို့၊ စားပွဲထိုးဖို့က တစ်ဦး။ အားလုံး တက် ညီလက်ညီဆိုတော့ အဆင်ပြေသည်။ မိန်းမလုပ်သူက ငွေသိမ်းကောင်တာ ထိုင်သည်။ ယောကျ်ားလုပ်သူက လို အပ်ချက်၊ လစ်ဟာချက်မရှိစေရန် လိုက် လံကွပ်ကဲသည်။ ဘာပဲဖြစ်ဖြစ် သူ့ဟာ နှင့်သူ အဆင်ပြေနေခြင်းအတွက် ဝမ်း မြောက်ဝမ်းသာ ဖြစ်ရပါသည်လေ။

တစ်လကျော် နှစ်လခန့်လောက် မရောက်ဖြစ်သော "ရွှေလက်ရာ မြန်မာ ထမင်းဆိုင်"ကလေးသို့ မိမိရောက်တော့ အင်မတန်ကို အံ့ဩသွားရပါသည်။ အဆောက်အအုံက တဲကြီးမဟုတ် တော့။ အုတ်ပတ်ကားတက်ထားသည့် အခိုင်အမာ အဆောက်အအုံ၊ သည် အနေအထားကို မြင်ရသဖြင့် စီးပွားရေး အနေအထား တောင့်တင်းခိုင်မာလာ သည်မှာ မြေကြီးလက်ခတ်မလွဲ။

"လူတစ်ယောက် စီးပွားဖြစ်တယ်၊ အောင်မြင်တယ်ဆိုတာ အကြောင်းမဲ့ မဟုတ်ဘူး။ သူ့မှာ ရေးအတိတ်ကံ ကောင်းဖို့ လိုလိမ့်မယ်။ ပြီးတော့ ဉာဏ် နဲ့ ဝီရိယလည်း လိုပေသပေါ့"

"ဟုတ်တယ်၊ အောင်မြင်မှုတိုင်း မှာ သော့ချက်တွေရှိနေတတ်စမြဲပါ"

မိမိနှင့်ပါလာသော မိတ်ဆွေက မိမိ၏ ထင်မြင်ချက်ကို ထောက်ခံစကား ပြောကြားနေ၏။ ပြီးတော့ မိမိတို့မှာယူ ထားသော စားပွဲပေါ်ရောက်လာသည့် ထမင်းဟင်းလျာတို့အား မြိန်ရေရှက်ရှ



www.burmeseclassic.com

www.burmeseclassic.com

ပင် စားသောက်နေခဲ့ကြလေသည်။

"ရွှေလက်ရာ . . ဆိုတဲ့အတိုင်း တကယ့်ကို ရွှေလက်ရာပါပဲလားဗျာ"

မိတ်ဆွေက ချီးမွမ်းခန်းဖွင့်ရင်း စားပွဲထိုးလေးအား ထမင်းလိုက်ပွဲမှာနေသည်။ ထိုအချိန်တွင် ဆိုက်ကား(ဂါလီ) တစ်စီးပေါ်ဝယ် ထမင်းချိုင့်တွေ အစီအရီ တင်နေသည်ကို တွေ့လိုက်ရသည်။ ထိုအချိန်တွင် မိမိအပါးသို့ ဆိုင်ရှင်ရောက်လာသည်။ သည့်အတွက် သိလိုစိတ်ကို ချုပ်တီးမထားနိုင်တော့ဘဲ မေးလိုက်မိလေသည်။

"အဲသည် ထမင်းချိုင့်တွေဟာ ဘာလုပ်ဖို့လဲဗျ"

"ချိုင့်ဆွဲမှာထားတဲ့ အိမ်တွေကို လိုက်ပို့ရမယ်လေ ဆရာရဲ့။ လုပ်ငန်းကို တစ်ဆင့်ခဲ့တာပေါ့။ ရွှေလက်ရာ ချိုင့်ဆွဲထမင်းပို့ လုပ်ငန်းလေ။ မဆိုးဘူး။ တစ်နေ့ တစ်နေ့ လူ ၅၀,၆၀ စာလောက် ပို့ရတယ်။ တချို့ အခမ်းအနားပွဲတွေမှာ အော်ဒါမှာလို့ လိုအပ်သလောက် ချက်ပြုတ်ပို့ရတာတွေရှိတယ်"

"တယ်ဟုတ်ပါလား၊ အားကျတယ်ဗျာ" ခင်ဗျားရဲ့ လုံ့လ၊ ဝီရိယကို စံတင်တယ်ဗျို့"

"ဉာဏ်ကူတာကိုပါ ထည့်မှ လုံလောက်မယ်ထင်တယ် ဆရာရဲ့"

"ဗျာ . . . ဘယ်လို ဉာဏ်ကူတာလဲ၊ လုပ်စမ်းပါဦး"

"ဟိုမှာ ကြည့်လိုက်လေ ဆရာရဲ့"

ဆိုင်ရှင်ညွှန်ပြသည့် နေရာကို လှမ်းကြည့်လိုက်တော့ နံရံ၌ ချိတ်ဆွဲထားသည့်ပန်းချီကားချပ် တစ်ချပ်။ ရေးယခင်က မမြင်ဖူးခဲ့။ ပန်းချီကားချပ်ထဲမှာ တောင်ရေးကိုင်ထားသည့် ဇော်ဂျီသည် လေထုထဲ၌ ဝဲပျံနေသည်။ တောရိပ်တောင်ရိပ်တွေလည်း တွေ့ရသည်။

"အဲဒါ ဘာလဲဗျ"

"ဇော်ဂျီနဲ့ ဈေးခေါ်ထားတာလေ ဆရာရဲ့"

"ကျွန်တော်တော့ သိပ်နားမလည်ဘူးဗျာ"

"နားမလည်ဆို ကျွန်တော်တို့ မတွေးနိုင်၊ မသိနိုင်တဲ့ ဂမ္ဘီရ အစီအရင်တွေဆိုတာ အများကြီးမဟုတ်လား။ ဒီအစီအရင်ကို ကျွန်တော့်ဆိုင် ထမင်းလာစားတဲ့ အဘိုးကြီးတစ်ယောက်က လမ်းညွှန်ပေးသွားတာ။ တော်တော်ထူးဆန်းတဲ့ အဘိုးကြီးပဲ ဆရာ။ ဖျင်ကြမ်းတိုက်ပုံကြီးကို ဝတ်ဆင်တယ်။ လွယ်အိတ်ကြီးတစ်လုံးကို လွယ်ထားတယ်။

ဆိုင်ထဲဝင်လာတော့ သီချင်းကလေးဆိုလို့ ဆရာရဲ့။ မှတ်မိပါသေးရဲ့ ဘာတဲ့။ ဩော် . . . ရပြီ ရပြီ။ 'ရွှေဖျဉ်းညီနောင် ဖောင်တော်စီးပါလို့ ရေလှိုင်းတွေက တဖွေးဖွေး။ နတ်နန်းရယ်သာလှတယ်။ ရွှေနန်းကြီးရယ် သာလှတယ်။ ဆီးကြိုပါ နမများရယ်၊ ဆီးကြိုပါ မောင်တော်များရယ်'တဲ့ဗျ။ တချို့က အဲသည်အဘိုးကြီးကို ရူးနေတယ်လို့ ထင်ကြတယ်။ ဒါပေမဲ့ မရူးတာကို ကျွန်တော်သိနေတယ်။ ဒါနဲ့ပဲ သက်ကြီးရွယ်အိုလို့ သဘောထားပြီး အဘိုးကြီးကို ထမင်းအာဟာရဒါနပြုလိုက်ပါတယ်။ အဲဒီမှာတင် အဘိုးကြီးက ကျွန်တော့်ကို ပန်းချီဆရာတစ်ယောက်ဆီသွားပြီး ဟိုနံရံမှာ ချိတ်ထားတဲ့ ပုံကို ဆွဲခိုင်းတော့တာပဲ။ ပြီးတော့ ဆိုင်ရဲ့ ခေါင်းရင်းမှာ ချိတ်ရမယ်ဆိုပဲ။ ဇော်ဂျီရုပ်ဆိုတာ ဈေးခေါ်တဲ့နေရာမှာ အကောင်းဆုံးတဲ့။ အရောင်းအဝယ်လုပ်သူမှန်သမျှ အဲသည်ပုံကို ဆောင်သာဆောင်၊ ကျိန်းသေတိုးတက်အောင်မြင်လိမ့်မယ်တဲ့"

"ဒါနဲ့ပဲ ယုံယုံကြည်ကြည် လုပ်ခဲ့တယ်ဆိုပါတော့"

"မှန်တာပေါ့ ဆရာရယ်။ အဲသည်အကျိုးကို ကျွန်တော် လက်တွေ့ခံစားနေရပြီ။ ကျွန်တော့်အခြေအနေလည်း ဆရာအသိပဲလေ။ ဘဝကို တစ်ဆင့်ချင်း တက်လာရတာ"

"အေးဗျာ . . . အားကျအတုယူပါတယ်။ သည်အကြောင်းလေးကို အများသိရအောင် စာတစ်ပုဒ်ရေးကြည့်ဦးမယ်"

"ရေးပါဆရာ ရေးပါ"

ထို့နောက် မိမိတို့က စားသောက်ထားသည်များအတွက် ကျသင့်ငွေကို ရှင်း၏။ ဆိုင်ရှင်က လက်မခံ။ "နောက်တစ်ခေါက်မှ ယူပါရစေ။ သည်တစ်ခါတော့ ဒါနပြုတာပါ။ ကုသိုလ်လိုချင်လို့ပါ"ဟူ၍ ကျိုးကျိုးနွံနွံ ပြောလေရာ မိမိတို့လည်း မငြင်းသာတော့ဘဲ လက်ခံလိုက်ရပါတော့၏။

ငွေသိမ်းကောင်တာနောက်ရှိ နံရံမှာတော့ဖြင့် ဈေးခေါ် ဇော်ဂျီသည် တိမ်ညွှန့်နှင့်အပြိုင် ကောင်းကင်၌ ကျက်စားရင်း ဂမ္ဘီရအစီအရင်ဖြင့် အရောင်းအဝယ်ကိစ္စများအတွက် ရောင်းပန်းသာ၊ ဝယ်ပန်းလှအောင် မြူးကွန့်နေလေတော့၏။

(ထိုပုံကား ယခုလထုတ် ရောင်ပြန်မဂ္ဂဇင်းအဖုံးပင် ဖြစ်ပါသတည်း။)

ဆရာခေါင်ထွဋ်မြိုး



www.burmeseclassic.com

www.burmeseclassic.com

# လာဘ်လာဘရွှင်လန်းအောင်
# ဝိဇ္ဇာဓရ
# ဇီးကွက်ရုပ်တုကိုဆောင်

ဝင်းဇော်(သုံးဆယ်)



တစ်နေ့သ၌ ကျွန်တော်သည် အရိပ်ကောင်းသော သစ်ပင်အောက်တွင် ပက်လက်ကုလားထိုင်ဖြင့် စာဖတ်နေမိလေ၏။ ရာသီဥတုက တစ်နေ့ထက်တစ်နေ့ ပိုမိုပူပြင်းလာသည်။ ရာသီဥတုက ပူပြင်းသဖြင့် စာရေး၍မရ။ သည်တော့ နေ့လယ်နေ့ခင်းအချိန်တွင် စာဖတ်သောအလုပ်ကို လုပ်ရသည်။ စာဖတ်နေလျှင် ရာသီဥတုပူသည်ကိုလည်း သတိမထားမိတော့။

ကျွန်တော်စာဖတ်နေမိစဉ် ကျွန်တော့်အနီးသို့လျှောက်လာသော ခြေသံကို ကြားမိသဖြင့် လှမ်းကြည့်လိုက်မိသည်။ ကျွန်တော့်ခြံအနီးတွင် နေထိုင်သော ကိုပေစိသည် ကျွန်တော့်အနားသို့ လျှောက်လာနေသည်။

"လာဗျာ ကိုပေစိ၊ နေတစ်အားပူလို့ စာမရေးဘဲ စာဖတ်နေတာ။ ကိုပေစိမိန်းမ ဘုရားဖူးသွားတယ်ဆို။ ပြန်လာပြီလား"

ကိုပေစိက ကျွန်တော့်ဘေးနားမှ ကွပ်ပျစ်တွင် ဝင်ထိုင်သည်။

"ညက ပြန်လာတယ်။ ခရီးပန်းလာတယ်ဆိုပြီး ညကလည်း အိပ်လိုက်တာ။ အခုလည်း အိမ်အောက်မှာ ဖျာခင်းပြီး အိပ်နေလေရဲ့။ ဘုရားဖူးသွားပြီးပြန်လာတော့ စားစရာတွေများ ဝယ်လာမလားအောက်မေ့တယ်။ သူ့သမီးဆိုင်မှာ အဆောင်ထားဖို့ ဇီးကွက်ရုပ်ကြီးနှစ်ရုပ် ဝယ်လာတယ်။ အဲဒါကြောင့် ညက ငါနဲ့ စကားများရသေးတယ်"

"သူ့သမီးဆိုင်မှာ အရောင်းအဝယ်ကောင်းအောင် ဇီးကွက်အဆောင် ဝယ်လာတာပေါ့။ ဈေးဆိုင်တွေမှာ ဇီးကွက်ရုပ်ကလေးတွေ ဆွဲထားတာ ကိုပေစိ မြင်ဖူးမှာပေါ့။ ဈေးဆိုင်မှာ ဇီးကွက်ရုပ်ကို ဒီအတိုင်းဆွဲထားလို့ကတော့ အလှသရုပ်အဖြစ် ပြထားသလိုပဲနေမှာပေါ့။ လာဘ်လာဘရွှင်ဖို့ဆိုတာက အတပ်ပြောလို့မရဘူးဗျ"

"ဟင်・・・ဈေးဆိုင်မှာ ဇီးကွက်ရုပ်ဆွဲထားရင် ဈေးရောင်းကောင်းတယ်လို့ ပြောကြတာပဲ။ မဟုတ်ဘူးလား"

"ဇီးကွက်ရုပ်ဆွဲထားရုံနဲ့ ဈေးရောင်းမကောင်းနိုင်ပါဘူး"

"ဩော်・・・"

www.burmeseclassic.com

"ကိုပေစီ နားလည်အောင် ကျွန်တော် ရှင်းပြမယ်။ ဗေဒင်ပညာမှာ 'ဦးဝေ၊ စံကူး၊ ရေဘူး၊ တောသူ၊ ဓာတ် ရန် ဟူ၏' ဆိုတဲ့ လင်္ကာအရ ဇီးကွက်ဆိုတဲ့ အမေဆောင်ဟာ 'ဇီး' ဆိုတဲ့ အင်္ဂါနဲ့ 'ကွက်'ဆိုတဲ့ တနင်္လာကို ကက်ကင်းဓာတ် ရန်ဓာတ် ယူထားတယ်။ ဥစ္စာလိုရန်ဂြိုဟ်နှောဆိုတဲ့ စကားကို ကြားဖူးတယ်မဟုတ်လား။ ဇီးကွက်ဆိုတဲ့ အဆောင်မှာ စံကူးဆိုတဲ့ ဓာတ်ရန်ကို ယူထားတယ်။ အဲဒါကြောင့် ဒီအဆောင်ဟာ အလွန်အစွမ်းထက်တယ်လို့ ပညာရှိတွေက ယူဆထားကြတယ်။ မဏ္ဍာရလောပအကျော် ခင်ကြီးပျော် ဆရာတော်ရဲ့ 'တစ်မည်ဓာတ်နံ၊ ပုံတူမှန်သော်၊ အားမာန်ကြီးပြင်း၊ နိုင်ကြခြင်းလား' လင်္ကာအရ ဇီးကွက်အဆောင်မှာ ဓာတ်နံတွေ အားကောင်းနေတယ်။ ဓာတ်မှန်က ဓာတ်မပြန်ဆိုတဲ့ စကားလည်းရှိတယ်ဗျ။ ကျွန်တော် ဘုရားဖူးသွားရင်း ဒေသတစ်ခုမှာ ဇီးကွက်အဆောင်တွေကို စီရင်ပေးတဲ့ ဆရာတစ်ယောက်နဲ့ တွေ့ခဲ့ရတယ်။ အဲဒီဆရာဆီက ပညာကို ကျွန်တော်တောင်းခံယူခဲ့တယ်။ အဲဒီဆရာ ဇီးကွက်အဆောင် စီရင်ပုံက ဒီလိုဗျ"

ကျွန်တော်သည် ကွပ်ပျစ်ပေါ်တွင် တင်ထားသော ဗလာစာအုပ်မှ စာမျက်နှာတွင် ဘောလ်ပင်ဖြင့် ပုံတစ်ပုံရေးဆွဲလိုက်၏။ ကိုပေစီက သေချာစွာကြည့်နေသည်။

"ဇီးကုန်း၊ စစ်ကိုင်း၊ စမ်းကြီး၊ စဥ့်ကူး စတဲ့ အင်္ဂါနဲ့ တနင်္လာနံ တွဲထားတဲ့ မြို့က စောင်ချမ်းသားအသားကို နေ့လယ် ၁၂း၀၀ နာရီမှ ၁၃း၃၀ နာရီအတွင်း ခုတ်ယူပါ။ ဇီးကွက်ရုပ်ကို အောက်ခံထားပြီး ဇီးကွက်အပေါ်မှ ဇော်ဂျီရုပ်ကို ဆောင့်ကြောင့်ထိုင်ပြီး ဆေးကြိမ်နေတဲ့ပုံသဏ္ဌာန်ကို ပီပြင်အောင် ထုလုပ်ရမယ်။ သည်နောက် အဲဒီအရုပ်တွေကို ဆေးခြယ်ရမယ်။ ပြီးရင် အဲဒီရုပ်တုကို ဆွဲခြင်းထဲမှာ စက္ကူခံထည့်ပြီး ဈေးဆိုင်မှာ ချိတ်ဆွဲထားရမယ်။

အဲဒီဇီးကွက်အဆောင် ရုပ်တုကို ထုလုပ်ပြီးရင် ဘုရားရှေ့မှာ သစ်သီး၊ ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး၊ အမွှေးတိုင်တို့နဲ့ ဆက်ကပ်လှူဒါန်းပြီး သိဒ္ဓိတင်ရမယ်။ သိဒ္ဓိတင်တဲ့အခါ အောက်ပါဂါထာကို ကိုးခေါက်ရွတ်ရမယ်။

**ဧယ စက္ကော၊ ဧယန္တေဘော၊**
**ဧယိတဗ္ဗေ၊ ဧယာသနေ၊**
**ဧယာ ပေသိ၊ ဧယေသိနံ၊**
**ဧယံ ဒေဟု၊ ဧယုတ္တရော။**

အဲဒီဂါထာကိုရွတ်ပြီးရင် ဇော်နီးမန္တန်ကို ကိုးခေါက်ရွတ်ဆိုရမယ်။ ဇော်နီးမန္တန်ဆိုတာက -

သဗ္ဗဇော်ဂျီ၊ တပသီ၊ ဝိဇ္ဇာမိုရ်၊ ဘယဒသဝီသံလံ၊ ဟောတိ၊ မဟိဒ္ဓိကာ၊ နာနာသိပ္ပံ၊ နာနာရူပံ၊ နာနာကုစ္ဆံ၊ နာနာမန္တံ၊ နာနာဉာဏံ၊ နာနာစိန္တံ၊ နာနာဘောဂံ၊ နာနာလာဘံ၊ နိပ္ပာဒေန္တု၊ ယံ ယံ ဣစ္ဆာသမိဇ္ဈန္တု၊ ဩဿဝ်ိး သမ္ပိ။

ဒီဇော်ဂျီနဲ့ ဇီးကွက်အဆောင်ဟာ ၁။ စစ်ကိုင်း စသော မြို့ရွာများမှ၊ ၂။ စောင်ချမ်းသားကို၊ ၃။ ဇီးကွက်ရုပ်ခံ၊ ၄။ ဇော်ဂျီရုပ်ကို၊ ၅။ ဆောင့်ကြောင့်ထိုင်၊ ၆။ ဆေးကြိတ်ပုံထုလုပ်ပြီး၊ ၇။ ဆေးခြယ်၍၊ ၈။ ဆွဲခြင်းထဲမှာ၊ ၉။ စက္ကူခံ ထည့်ရမယ်ဆိုတဲ့ ကက်ကင်းဓာတ်တွေကို ကိုးကြိမ်ကိုးခါထပ်ပြီး ကိုးနဝင်းကျအောင် လုပ်ထားတယ်။ ပြီးတော့ သိဒ္ဓိတင်ဂါထာကိုးခေါက်၊ ဇော်နီးမန္တန်ကိုးခေါက် ရွတ်ဆိုပြီး သိဒ္ဓိတင်ထားတာမို့ နဝင်းကျနေပြန်တယ်။

ဒီအဆောင်ကို ဈေးဆိုင်ရဲ့ မျက်နှာစာအတွင်းမှာ ချိတ်ဆွဲထားပြီး ခြင်းထဲကို စံပယ်ပန်းကုံးလေးတွေ ထည့်ထားရင် ပိုပြီးကောင်းတယ်။ သိသိသာသာ ဈေးရောင်းကောင်းလာလိမ့်မယ်"

"အဲဒီအဆောင်ကို ကိုယ့်ဆရာက ဆောင်ရွက်ပေးပါလား"

"ဇီးကွက်အောက်ခံ ဇော်ဂျီဆေးကြိတ်နေပုံ ရုပ်တုကို ကျွန်တော်မှ မထုတတ်တာ။ ဇီးကုန်းက ခွေမျိုးသားချင်းတွေဆီ စောင်ချမ်းသား လှမ်းမှာလိုက်ဗျာ။ ဘုရားသုံးဆူလမ်းထဲက ပန်းပုဆရာဆီမှာ အဲဒီရုပ်တုအပ်ပေါ့။ အဆောင်ရုပ်တုရရင် ကျွန်တော်သိဒ္ဓိတင်ပေးမယ်။ အဲဒါ မကောင်းဘူးလား"

"အင်း...ကောင်းတယ်၊ ကောင်းတယ်။ မိဘဆိုတော့ သားသမီးစီးပွားရေး ကောင်းစေချင်တာပေါ့"

"ဟုတ်ပါတယ်။ မိဘရဲ့စေတနာကို လေးစားပါတယ်။ ကိုပေစီပြန်တော့မယ် မဟုတ်လား။ ပြန်တော့၊ ကျွန်တော်လည်း စာဆက်ဖတ်လိုက်ဦးမယ်"

ကျွန်တော်က အားမနာတမ်းပြောတတ်သူဖြစ်ရာ ကိုပေစီသည် သူ့အိမ်ဘက်သို့ ပြန်သွားလေတော့၏။

ဝင်းဇော်(သုံးဆယ်)



www.burmeseclassic.com

www.burmeseclassic.com



# လာဘ်ကောင် နှင့် ဇော်ဂျီ ဈေးရောင်းကောင်းဖို့ စီရင်သည်

ကိုမောင်သန်းဝင်း

စာရေးသူသည် ရန်ကုန်မြို့လယ်ဆီသို့ ရက်သတ္တပတ်လျှင် နှစ်ရက်ထွက်ဖြစ်သည်။ အထူးသဖြင့် အင်္ဂါနေ့နှင့် သောကြာနေ့များတွင် ဖြစ်သည်။ ရေးပြီးစာမူများ ပေးပို့ရန်နှင့် ရရှိမည့် စာမူခများ ထုတ်ယူရန်အတွက် ဖြစ်သည်။

အင်္ဂါနေ့တစ်နေ့ စာရေးသူ မြို့လယ်သို့ ရောက်သော စာမူများပို့ပြီး ပန်းဆိုးတန်းရှိ စာအုပ်များရောင်းရာသို့ ထိုအပ်သည့် စာအုပ်များ ရှာဖွေဝယ်ယူရန်အသွား ငယ်ပေါင်းမိတ်ဆွေတစ်ဦးနှင့် ဆုံဖြစ်ရာ လမ်းပလက်ဖောင်းအုပ်ရပ်၍ စကားပြောကြရင်း စကားလက်စမသပ်နိုင် ဖြစ်ရာ နီးစပ်ရာလက်ဖက်ရည်ဆိုင်တွင် ထိုင်ဖြစ်ကြသည်။

လူမှုရေး၊ စီးပွားရေး အခြေအနေများ ပြောဖြစ်ကြသည်။ မိတ်ဆွေဖြစ်သူမှာ ကိုသန်းဆောင် ဖြစ်သည်။ သူသည် မင်္ဂလာဈေးအနီးရှိ တိုက်ခန်းတစ်ခန်းငှား၍ ပလတ်စတစ်ပစ္စည်းမျိုးစုံ ရောင်းနေကြောင်း၊ ယခုတလော အရောင်းအဝယ် မကောင်းသည့်အတွက် အရောင်းအဝယ်ကောင်းဖို့ အဆောင်တစ်ခုလုပ်ရန် မြို့လယ်သို့ ထွက်လာခဲ့ကြောင်း၊ အဆောင်တစ်ခု ရရှိပြီးဖြစ်၍ ဆိုင်သို့ ပြန်ရန်ပြုစဉ် စာရေးသူနှင့် တွေ့ရကြောင်းဆိုသည်။

စာရေးသူမှ စိတ်ဝင်တစားဖြင့် 'ဘယ်လို အဆောင်လဲ ပြကြည့်ပါဦး' ဆိုလေတော့ လိပ်ထားသော ကတ်စက္ကူကို ရာဘာကွင်းဖြည်၍ပြသည်။ စာရေးသူ



www.burmeseclassic.com

www.burmeseclassic.com

တခုတ်တရ ကြည့်လေသော် ဇီးကွက်ရုပ်၏အပေါ်တွင် ဇော်ဂျီဆေးကြိတ်နေသည့်ပုံဖြစ်သည်။ ကာလာခြယ်သထားသဖြင့် လှတပတ ဖြစ်နေသည်။

"ပုဂ္ဂိုလ်တစ်ယောက်က လုပ်ခိုင်းလို့ပါ၊ ဒီပုံအတွက် ဟုတ်တိပတ်တိ မကျွန်ကျွပ်ဘူး၊ ပလက်ဖောင်းပေါ်က ဓားခြစ်ပန်းချီဆရာကို မနေ့က အပ်ထားပြီး ဒီနေ့လာယူတာ။ သူက ငွေကျပ်တစ်ထောင်တောင်းတာ နှစ်ထောင်ပေးခဲ့တယ်၊ ခင်ဗျားက ဗဟုသုတကြွယ်တော့ ဒီပုံရဲ့အဓိပ္ပာယ် ရှင်းပြပါဦးလား၊ ကျွန်တော်လည်း မိသားစုကို ဆရာကြီးလုပ်ပြီး ပြန်ရှင်းပြလို့ရတာပေါ့"

"ဘာခက်တာမှတ်လို့လဲ မိတ်ဆွေ၊ ဒါက မြန်မာမှု ဇာတ်ကောင်တွေပဲဟာ၊ ဇီးကွက်ဆိုတာက လာဘ်ကောင်လို့ သတ်မှတ်ထားကြတယ်လေ၊ အိမ်တိုင်း ဆိုင်တိုင်းမှာ လာဘ်လာဘဝင်အောင် ဆောင်ထားကြတာ တွေ့ရမှာပေါ့၊ နိုင်ငံခြားသားတွေကလည်း **Lucky Owl** ဆိုပြီး ဝယ်ယူကြတယ်လို့ သိရတယ်။ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက တာဝန်ယူကျင်းပတော့ **Trade Mark** သင်္ကေတရုပ်အဖြစ် ဇီးကွက်လေ။ ရွှေ၊ ငွေ၊ ကြေးတံဆိပ် ရသူတွေက ဇီးကွက်ရုပ်လေးတွေကို နမ်းရှုံ့ပြီး အောင်ပွဲခံခဲ့ကြတယ် မဟုတ်လား"

"အေး. . . ဟုတ်သားပဲဗျ၊ ဒါနဲ့ ဇော်ဂျီနဲ့ ပတ်သက်လို့ လင်းစမ်းပါဦးလား"

"ဝိဇ္ဇာဇော်ဂျီတို့က ဘုရားရှင်လက်ထက်ကတည်းက အထင်အရှားရှိခဲ့တာ၊ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီ ဆိုတဲ့ စကား ကြားဖူးမှာပေါ့၊ ဇော်ဂျီ ဝိဇ္ဇာ ဆိုတာက သိဒ္ဓိရှင်တွေလို့ ဆိုကြပါတယ်။ ဇော်ဂျီဝိဇ္ဇာမိုရ်ကို (၁)ဆေးမျက်လှည့်ဝိဇ္ဇာမိုရ်၊ (၂)မန္တန်ဆေးဝိဇ္ဇာမိုရ်၊ (၃)သုတပြာ(ပြဒါးပြာ)စားဝိဇ္ဇာမိုရ် ဆိုပြီး သုံးမျိုးခွဲထားတယ်။

ပြီးတော့ တပသီဝိဇ္ဇာမိုရ်(ပြဒါးဝိဇ္ဇာ)ဆိုတာ ပြဒါးသေဓာတ်လုံးကိုငုံပြီး ကောင်းကင်ပျံနိုင်တဲ့ ဝိဇ္ဇာဖြစ်တယ်။ သေသ(သံဝိဇ္ဇာမိုရ်)ဟာ (၁)သံသေဓာတ်လုံးငုံပြီး ပျံနိုင်တဲ့ ဝိဇ္ဇာမိုရ်။ (၂)သံသေပြာစားပြီး ထွက်ရပ်ပေါက်တဲ့ ဝိဇ္ဇာမိုရ်ဆိုပြီး နှစ်မျိုးရှိတယ်။ ထားပါတော့။

ချုပ်ပြောရရင် ဇော်ဂျီဝိဇ္ဇာမိုရ်တို့ဟာ မနသိဒ္ဓိ၊ ကာယသိဒ္ဓိ၊ ဝိဇ္ဇာမန္တန်သိဒ္ဓိတွေ ပြီးတယ်။ မနသိဒ္ဓိပြီးတယ်ဆိုတော့ စီးပွားလာဘ်လာဘ ပေါကြွယ်ဝအောင် ဆောင်မပေးနိုင်တဲ့ အစွမ်းရှိတယ်ပေါ့နော်။ ကောင်းတဲ့လက္ခဏာပဲ မဟုတ်လား။

အိပ်မက်ကျမ်းလာအရ ဇီးကွက်ကို မြင်မက်ပါက လာဘ်ရအံ့၊ ဇော်ဂျီကို မြင်မက်လျှင် အောင်မြင်အံ့၊ ဇော်က,ကရသည်ဟု မြင်မက်မူ ပျော်ရွှင်ရအံ့လို့ လာရှိတယ်"

"ဟာ. . . ဟုတ်လိမ့်မယ်၊ ဇော်က,ကနေသည် ရုပ်ရှင်ကားကို ကြည့်ရတာ ပျော်စရာ ကြည်နူးစရာ ကောင်းသလို အဲဒီဇာတ်ကားကြီးလည်း အောင်မြင်ခဲ့တယ်နော်"

"အဲသလို ပြောကြေးဆို ဆရာဦးသိန်းဟန်က 'ဇော်ဂျီ' ကလောင် ရယူပြီး ရေးခဲ့တာလေ။ အောင်မြင်ကျော်ကြားတာပဲ မဟုတ်လား။ နောက်တစ်မျိုး သုံးသပ်ကြည့်ရရင် -

ဇီးကွက် (၃+၂=၅)။ ဇော်ဂျီ (၃+၂=၅)။ ဆေးကြိတ် (၃+၂=၅)။ ဇီးကွက်၊ ဇော်ဂျီ၊ ဆေးကြိတ် ဆိုတာတွေကို ပေါင်းရင် (၅)ဂဏန်း ကြာသပတေးဖြစ်တယ်။ ဗေဒင်အလိုအရ ကြာသပတေး(၅)သည် ဆရာကောင်းတွေ့မယ်၊ ပုံတော်၊ ဓာတ်တော် ရောက်မယ်၊ မြေ၊ အမွေ ရမယ်။ အမွေရသကဲ့သို့ ငွေတွေဝင်မယ်။

ဒီတော့ အဲဒီအဆောင်ရုပ်ပုံက မြေကြီးလက်ခတ်မလွဲ ငွေဝင်မယ်၊ စီးပွားဖြစ်မယ်"

"အိုကေ. . ကျေးဇူးတင်တယ်၊ ယုံယုံကြည်ကြည်နဲ့ ဆိုင်မှာ ကပ်မယ်ဗျာ"

ဟု ဆိုကာ မိတ်ဆွေ ကိုသန်းဆောင်သည် ငွေရှင်းအပြီး၌ ပီတိမျက်နှာဖြင့် နှုတ်ဆက်ထွက်ခွာသွားလေတော့၏။

---

ကိုမောင်သန်းဝင်း

---




www.burmeseclassic.com

www.burmeseclassic.com

# ဈေးကောင်းဈေးဝယ် ကောင်းအောင်

## ဈေးခေါ်လာဘ်ပွင့်ဆောင်

ဂမ္ဘီရဆရာလှမျိုး
(B.Sc)



တစ်နေ့တွင် ကျွန်ုပ်သည် သန်လျင်ဘက်သို့ ခရီးထွက်ခဲ့ပါသည်။ ကျွန်ုပ်နေထိုင်ရာ သာကေတ မြို့ (၇) ရပ်ကွက်လမ်းထိပ် (၈ ဂိတ်)မှတ်တိုင်မှ ရန်ကုန်-သန်လျင်-ကျောက်တန်း ယာဉ်လိုင်းများ တန်းစီးနေ၍ သွားရေးလာရေး အဆင်ပြေနေပါသည်။ သန်လျင်(စာတိုက်ကုန်း) ဒါရိကာလမ်းဆုံတွင်ဆင်းပြီး ဦးစွာပထမ ကျိုက်ခေးယျုံစေတီကို ဦးခိုက်ပြီး မဏ္ဍလာရာမကျောင်းတိုက်သို့ သွားပါသည်။ ကျိုက်ခေးယျုံဆရာတော်နှင့် ဘုရားသမိုင်းစာအုပ်ထုတ်ဝေရေးအကြောင်း တိုင်ပင်ပြီး ပြန်လာပါသည်။

ကျောင်းမှအပြန်တွင် စေတီအနီးရှိ မိတ်ဆွေတစ်ဦးအိမ်သို့ ဝင်လည်ပါသည်။ မိတ်ဆွေမှ ရေနွေးခတ်ဘူးချပေးပြီး "ဆရာမျိုး··ရေနွေးသောက်ပါ။ ကျိုက်ခေးယျုံဆရာတော်ကျောင်း လာတာလား။ ဘာသတင်းထူးပါလဲ" စသည်ဖြင့် မေးပါသည်။

ကျွန်ုပ်မှလည်း "အထူးအထွေမရှိကြောင်း နှင့် ဘုရားသမိုင်းစာအုပ် ပြုစုရေးနှင့် ဝါဆိုသင်္ကန်းကပ် မွေးနေ့ပွဲကျင်းပမည့်အကြောင်း" ပြောပြလိုက်ပါသည်။

ထိုသို့ပြောဆိုရင်း မိတ်ဆွေ၏ ဘုရားကျောင်းဆောင်ကို လှမ်းကြည့်လိုက်သောအခါ စီးကွက်ရုပ်တုပေါ်တွင် ရှင်သီဝလိရဟန္တာ မတ်တတ်ရပ်နေပုံကို တွေ့မြင်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်လည်း ယခင်က မဂ္ဂဇင်း၊ ဂျာနယ်များတွင် အဆောင်နှင့်ပတ်သက်သော ဆောင်းပါးများ ရေးသားခဲ့ဖူးပါသည်။ အချို့ဆရာများလည်း ရေးသားလေ့ရှိပါသည်။ မကြာမီကပင် ရောင်ပြန်မဂ္ဂဇင်းတွင် ဇီးကွက်ပေါ်တွင် ဇော်ဂျီဆေးကြိတ်နေပုံ ဈေးခေါ်အကြောင်း ရေးသားခဲ့ပါသေးသည်။ ဇီးကွက်နှင့်ပတ်သက်၍ "ဈေးခေါ်ဇီးကွက်"ဟု ခေါ်သဘော ကက်ကင်းခေါ်ဆင်ဆောင်ကြပါသည်။ ကက်ကင်း ချက်ချင်းလက်ငင်း အကျိုးပေးသည်ဟု ယူဆကြ၏။

ဆိုင်တစ်ဆိုင်တွင် ဆွဲခြင်းတစ်ခုထဲတွင် ဇီးကွက်ရုပ်တစ်စုံထည့်၍ ချိတ်ဆွဲထား၏။ အချို့ဆိုင်တွင် ခေါ်ပန်းချီပုံများ ဆောင်ထား၊ ကပ်ထားကြ၏။ ဆင်ရုပ်ပေါ်တွင် ဇော်ဂျီဆေးကြိတ်နေပုံလည်း တွေ့မြင်ဖူးပါသည်။ ဆင်ခေါင်း (၃+၂)၊ ဇော်ဂျီ (၃+၂) ယူထားပုံရ၏။

ယခုတွေ့မြင်ရသော ပုံကိုတော့ မမြင်ဖူးသေးပါ။ တစ်ဖန်ရှင်သီဝလိရဟန္တာပုံကိုလည်း မွေးနံအရုပ်ပေါ်တွင် တင်ထားပုံ မကြာခဏ မြင်ရပါသည်။ တနင်္လာသားသမီးသည် မွေးနံ ကျားရုပ်ပေါ်တွင် ရှင်သီဝလိ၊ အင်္ဂါသားသမီး ခြင်္သေ့၊ ဗုဒ္ဓဟူး ဆင် စသည်တို့ ဖြစ်ပါသည်။ စာရေးသူအနေဖြင့် နေအိမ်တွင် ပြုလုပ်စီရင်ထားပါသည်။

ယခုတွေ့ရသော ဇီးကွက်ပေါ်တွင် ရှင်သီဝလိ ပူဇော်ထားဟန်အကြောင်း မိတ်ဆွေကိုကျော်အား မေးမြန်းကြည့်ရာ "ကျွန်တော် ဈေးရောင်းတုန်းက ဆရာကြီးတစ်ဦး ဆောင်ခိုင်းထားတာပါ။ အဲဒီတုန်းက သန်လျင်ဈေးမှာ ကျွန်တော့်ဆိုင် ရောင်းအကောင်းဆုံးပါပဲ" ဟု ပြောပြပါသည်။

ဆရာကြီးပြောတာကတော့ ...

"ဇီးကွက်ရုပ်က ဈေးခေါ်အဆောင်၊ ရှင်သီဝလိက လာဘ်ပွင့်စေတယ်။ ဝင်ငွေကောင်းစေတယ်။ အဲဒါကြောင့် တွဲဖက်စီစဉ်ထားခိုင်းတာ။ လက်တွေ့လည်း အမှန်ပါပဲ" ဟု ရှင်းပြပါသည်။

ဇီးကွက်ကို ဆေးမခြယ်ဘဲ ရွှေချထားပါသည်။ ရှင်သီဝလိရဟန္တာကိုလည်း ရွှေဆေးကပ်လှူထားသည်။ ဇီးကွက်ကို ဆေးခြယ်ထား၍လည်း ရပါသည်။ ကျွန်ုပ်ဟာလည်း ကိုကျော်အား ဓာတ်ပုံရိုက်ခွင့်တောင်း၍ ဓာတ်ပုံရိုက်ယူလာခဲ့ပါသည်။

ဇီးကွက်သည် အင်္ဂါ + တနင်္လာနံ (၂+၃) ဖြစ်၏။ ၂+၃ = ၅ ဂဏန်းရသည်။ ရှင်သီဝလိ ဂ+ဖ+ဌ+ဌ = ၂၂ ရပါသည်။ အားလုံး ပေါင်းလိုက်ပါက ၅+၂၂=၂၇ နဝင်းမိနေပါသည်။ ဤအယူအဆမှာ မိတ်ဆွေဦးကျော်၏ ဆရာကြီး ယူဆပုံနှင့် တူ၊ မတူ သေချာမပြောနိုင်ပါ။ နဝင်းမိနေ၍ အဆောင်ပြုလုပ်ဆောင်သည်မှာ သဘာဝကျပါသည်။

မိမိတို့၏ ဈေးဆိုင်၊ အရောင်းအဝယ်ပြုလုပ်သော နေရာ၊ ဆိုင်ခန်း၊ ဆေးခန်း၊ အလုပ်ရုံ စသည့်နေရာများတွင် အဆင်သင့်သလို ဆောင်ထားနိုင်ပါသည်။ ကိုကျော်က တနင်္လာသားဖြစ်၍ ကံ့ကော်သားကို ထုလုပ်ဆောင်သည်ဟု ပြောပြပါသည်။ မွေးနံအသားဆိုသည်မှာ တနင်္ဂနွေသား-အုန်း၊ အင်သား၊ တနင်္လာ-ကံ့ကော်၊ အင်္ဂါ-ဆီး၊ ဗုဒ္ဓဟူး-ဝါး၊ ရွက်လှ၊ လင်းလွန်း စသည် အသားတို့ကို ဆိုလိုပါသည်။ အရွယ်အစားတော့ တိတိကျကျ မသတ်မှတ်ထားပါ။ အဆင်ပြေတတ်နိုင်သလောက် ပြုလုပ်နိုင်သည်။ အဓိကမှာ ပန်းပုလက်ရာ ကောင်းဖို့လိုပါသည်။

ကိုကျော်ပြုလုပ်ထားသော ရှင်သီဝလိမှာ ဦးခေါင်းအနည်းငယ် အပေါ်မော့နေပါသည်။ ဆရာတော်ကြီးတစ်ပါးမှာ "ဘုရားဖြစ်စေ၊ ရဟန္တာဖြစ်စေ၊ လောကီအဆောင်ရုပ်ဖြစ်စေ သဘာဝကျဖို့တော့ လိုတယ်ကွဲ့။ အဓိကတော့ ဆင်ဆို တကယ့်ဆင်နဲ့တူရမယ်၊ ရှင်သီဝလိဆိုလည်း တောင်ဝှေး ယပ်၊ သပိတ် စသည် ပရိက္ခရာတွေ ပါရမယ်"ဟု ပြောဆို မိန့်ကြားဖူးပါသည်။

ထို့ကြောင့် ဈေးအရောင်းအဝယ်ကောင်း၊ လာဘ်ပွင့်၊ ငွေဝင်ကောင်းလိုသူများ၊ ဇီးကွက်ပေါ်တွင် ရှင်သီဝလိရုပ်တော်မူဟန် ထုလုပ်ဆောင်ကြည့်ကြပါဟု အကြံပေးလိုက်ပါသည်။ အဆောင်ပြုလုပ်ပြီးပါက အမွှေးနံ့သာ ပက်ဖျန်း၊ ဘုရား,တရား,သံဃာ ရွတ်ဆို သိဒ္ဓိတင်၊ ယခင်ရေးသားခဲ့သော ဇော်ဂျီ၊ ဇီးကွက်တွင် ပါဝင်သည့်ဂါထာများ ရွတ်ဆိုသိဒ္ဓိတင်၍ ယုံကြည်စွာဆောင်ပါ။

ရှင်သီဝလိဂါထာ နေ့စဉ်ရွတ်၊ လိုရာဆန္ဒဆုတောင်းပေးကြပါ။ ဓာတ်ပုံ၊ ပန်းချီပုံကို ယာယီဆောင်ထားနိုင်သော်လည်း ရေရှည်အတွက် သစ်သားရုပ်တုဆောင်က ပို၍ကောင်းပါသည်။

**ဂမ္ဘီရဆရာလှမျိုး(3.Sc)**



www.burmeseclassic.com

www.burmeseclassic.com

# ဈေးရောင်းရင် မိတ်ခေါ် ဈေးခေါ် ကြည့်

## ကောင်းဟိန်း(ကျွန်းသစ်)

ဈေးရောင်းမကောင်းလို့၊ အရောင်းထိုင်းလို့ ထိုင်ညည်းနေရ၊ ကျွန်ုပ်၏ ဂမ္ဘီရဆရာကြီးက ပြောတဲ့နည်း ရှိပါတယ်။

"ဈေးရောင်းကောင်းဖို့၊ အရောင်းသွက်ဖို့ ဈေးခေါ် အပြောကောင်းလုပ်ရုံမျှဖြင့် မလုံလောက်ဘူး။ မိတ်ခေါ်တတ်ဖို့လည်း လိုပါတယ်"

ဟု ဆရာကြီးက အစချီပြောပြပါသည်။ ဂမ္ဘီရဆန်ဆန် အစီအရင်ကတော့ ပန်းချီဆရာတစ်ယောက်ဆီသွား။ လာဘ်ကောင်လို့ခေါ်တဲ့ ဇီးကွက်ဖိုမစုံတွဲ ရေးဆွဲခိုင်းပါ။ အဖိုက ညာဘက်ယာဘက်မှာထားပါ၊ အမက အဖိုရဲ့ လက်ဝဲဘက်မှာ ထားရမယ်။

နောက်ခံက ကျောက်စိမ်းရောင် စက္ကူဖြစ်ရမယ်။ ဇီးကွက်နှစ်ကောင်ကိုတော့ မီးခိုးရောင် ဖြစ်ရမယ်။ အဲဒီလို ပီပီပြင်ပြင် ရေးဆွဲခိုင်းလိုက်ပါ။ ထိုပန်းချီကားကို သင့်ဈေးဆိုင် ညှော်ခန်း စသည့်နေရာ၌ လူမြင်သာအောင် ချိတ်ဆွဲထားလိုက်ပါ။

ချိတ်ဆွဲထားပြီး ထိုပန်းချီကားကို ညာလက်ငါးချောင်းဖြင့် ထိကိုင်လိုက်ပါ။ အောက်ပါဂါထာဖြင့် တစ်ခေါက်လောက် ရွတ်ရင်း လာဘ်ခေါ်နိုးဆော် ပြုံးပျော်စွာ ရွတ်ပေးရပါမယ်။

ဟေဝီ မိတ္တံ ဟိတံ ပုညံ၊
ယထာ ယာစိ ကတံ ဖလံ။
ဟေဝီ နန္ဒာ ပိယာ ပုတ္တာ၊
ပိယာ သိရီ ပိယာ ပိယာ။
ဩြောင်း သုဝဏ္ဏံ ဟာရ ဓဒ္ဓ ဖလံ၊
ဩြောင်း ကာယမနသိ မာမတ္တာယ၊
သဟာဿ ပရိဝါရာယ၊
ဝိသာခါယ ဗောဓိသတ္တာယ။
သဗ္ဗနဂရေ သဗ္ဗဂါမေ၊
သဗ္ဗဂေဟေ သဗ္ဗဌာနံ။
သဗ္ဗလာဘာ မိတ္တံ ဘဝန္တု။
မမ သန္တိကေ ဟေဝီ ဟေဝီ။



www.burmeseclassic.com

www.burmeseclassic.com

ဟု ရွတ်ဆိုပေးလိုက်ပါ။ နေ့စဉ်လိုလို လာဘ်ကောင်ခေါ် ဦးကွက်ဖိုမစုံတွဲ ပန်းချီကားကိုင်လျက်(ယာလက်) ရွတ်ပွားပေး၊ မျက်နှာက တတ်နိုင်သမျှ ချိုပြုံး တစ်ကိုယ်လုံးလည်း သန့်ရှင်းစင်ကြယ်ပါစေ။

## ပါဠိမြန်မာပြန်

မိတ္တံ-လူနတ်စုပေါင်း မိတ်ကောင်းဆွေသဟာသည်၊ ပေဟိ-ယခုအခါ လာလှည့်တော့၊ ဟိတံ-လောကီလောကုတ် အဟုတ်အကျိုးများ အစီးအပွားဖြစ်သော၊ ပုညံ-ဖြူစင်မှန်လှ ဒါနသီလ စသည်ပြုကြောင်း ကုသိုလ်အပေါင်းကို၊ ကတံ-ခုရော ရှေးအခါ ပြုလုပ်ပါပြီ။ ဖလံ-ရှေးနှင့် ခုပြု ကောင်းမှုအကျိုး တန်ခိုးအာနိသင်ကို၊ ယာစိ-ယခုအခါ၌ ဖြစ်လာပါရန် တောင်းပန်ပါ၏။ နန္ဒာ-စိတ်ကိုဖြည့်အပ် နှစ်သက်အပ်သော၊ ပိယာ-စိတ်နှလုံးကို ရွှင်ပြုံးထပ်ထပ် ချစ်ခင်အပ်ကုန်သော၊ ပုတ္တာ-အလိုဖြစ်တတ်သော သားမြတ်ရတနာတို့သည်၊ ပေဟိ ထေ-မြန်စွာမုချ လာလှည့်ကြကုန်လော့။

ပိယာ-စိတ်နှလုံးကို ရွှင်ပြုံးထပ်ထပ် ချစ်ခင်အပ်ကုန်သော၊ သိရီ-ကောင်းကျိုးတွေတွေ ဘုန်းကျက်သရေတို့သည်၊ ပေဟိ-မြန်စွာမုချ လာလှည့်ကြကုန်လော့။ ပိယာ ပိယာ-စိတ်ကို ဖြည့်တတ် အလွန်ချစ်ခင်အပ်သော၊ သုဝဏ္ဏံ-ရွှေငွေအဖြာဖြာ ရတနာကို၊ ပြောင်းဟာရ-မနေ့ကြည်ဖြူ အောင်မြင်စွာဆောင်ရွက်ခဲ့လော့၊ ဒွေး-နှစ်ပါးကုန်သော၊ ကာယမနသိ-ကိုယ်စိတ်နှလုံး၌၊ မာမတ္တာယ-ချမ်းသာတိုးပွား မြတ်နိုးခြင်းအကျိုးငှာ၊ ဖလံ-ပူဇော်အဖြာဖြာ ကျိုးများစွာကို၊ ပြောင်းဟာရ-မနေ့ကြည်ဖြူ(အောင်မြင်စွာ) ဆောင်ယူခဲ့ကြလော့။ သဟာသ ပရိဝါရယ-အထောင်မက အခြံအရံနှင့် တကွသော၊ ဝိသာခါယ-ပုဗ္ဗာရုံကျောင်းအမ ဝိသာခါ ဒါယိကာမ၌လည်းကောင်း၊ ဗောဓိသတ္တာယ-သုံးဘုံကျော်ကြား ဘုရားလောင်းတော်၌လည်းကောင်း၊ ပိယာယထာ-ချစ်ခင်သူ ကြည်ဖြူလွန်တိုး မြတ်နိုးကြသကဲ့သို့၊ တထာ-ဝတ္ထုစေတနာတို့အတူသာလျှင်၊ မေ-ကောင်းကျိုးအားထုတ် အကျွန်ုပ်အား၊ သဗ္ဗနာဂရ-အလုံးစုံများစွာ၌လည်းကောင်း၊ သဗ္ဗဂါမေ-အလုံးစုံများစွာ ရွာတကာ၌လည်းကောင်း၊ သဗ္ဗဂေဟေ-အလုံးစုံများစွာ အိမ်တကာ၌လည်းကောင်း၊ သဗ္ဗနာနံ-ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော နတ်လူတို့၏၊ ပိယံ-သဒ္ဓါပွားတိုး ချစ်ခင်မြတ်နိုးခြင်းသည်၊ သတ္တု-နှစ်သက်စုပုံ ဖြစ်ပါစေကုန်သတည်း။

သဗ္ဗလာဘ မိတ္တံ-အလုံးစုံများစွာ လာဘ်ရတနာ အဆွေခင်ပွန်းကောင်းများစွာသည်၊ မမ သန္တိကေ- ကောင်းကျိုးအားထုတ် အကျွန်ုပ်၏ အထံသို့၊ ပေဟိ ပေဟိ-နှစ်သက်ရွှင်စွာ လာလှည့်ကြပါကုန်လော့။

ထိုကဲ့သို့ အဓိပ္ပာယ်ကို အနက်ရပါတယ်။ ဂဏန်းရဲ့ ပြည့်စုံစစ်စွာကြည့်သော် -

ကျောက် → ကွက်
စိမ်း (ရောင်) → ဦး

စက္ကူ = ၃ + ၂
ဈေးခေါ် = ၃ + ၂
ပန်းချီ = ၅ + ၂
မိတ်ခေါ် = ၅ + ၂
မီးနိုး = ၅ + ၂

ဓာတ်တူနံအရ၊ ကက်ကင်းအသေအရ ဂဏန်းရပြောက်ပါတယ်ဟု ဆရာကြီးက ရှင်းလင်းဖော်ပြ၍ လိုသူများကို သုံးလို့ရအောင် တင်ပြပေးလိုက်ပါသည်။

*သုခိတာ ဟောထ ဒုက္ခမုစ္စထ။*

ကောင်းဟိန်း(ကျွန်းသစ်)





www.burmeseclassic.com

www.burmeseclassic.com

# ဈေးရောင်းကောင်းအောင်

ဦးမောင်မောင်မြင့်



စာရေးသူထံ နေ့စဉ်နှင့်အမျှ ဗေဒင်လာမေးကြသူများ။ ထိုသူတို့၏ အခက်အခဲပေါင်းများစွာကို ကျွန်ုပ်၏ ပညာဖြင့် တွက်ချက်ဖြေရှင်းပေးနေရသည်မှာ ကြာခဲ့ပေပြီ။

ဈေးသည်ပေါင်းမြောက်မြားစွာတို့သည်လည်း ဈေးရောင်းကောင်းအောင် အဆောင်၊ ယတြာတွေလည်း ပေးခဲ့ရသည်မှာ များလှပေပြီ။ သို့ဖြစ်၍ ယခု ကျွန်ုပ်ဈေးရောင်းကောင်းအောင် အစီအရင်တစ်ခု ရေးသားလိုက်ရပေ၏။

## မြှုလုပ်နည်း

မည်သည့်နေ့သားမဆို မည်သည့်ဈေးကိုရောင်းရောင်း အင်္ဂါနေ့တွင် စောင်ချမ်းသားကို ရအောင်ရှာထားရမည်။ ထိုသို့ ရထားပြီးသော စောင်ချမ်းသားကို ငါးကွက်ရုပ်အပေါ်၌ ဇော်ဂျီ ပုံထုရပါမည်။ ယင်းကဲ့သို့ ထုထားပြီးသောပုံကို ခေတ္တအမြင့် တစ်ခုမှာထားပါ။ ထို့နောက် စက္ကူအဖြူတစ်ရွက်အပေါ်၌ စကြာပုံ ဆွဲရမည်။ ထိုစကြာပုံ၌ "စ-ခ-ဗ-ဝ"ကို မြင်းကွက်ချရပါမည်။

မြင်းကွက်ချရာ၌ အက္ခရာတစ်လုံးရေးတိုင်း ဂုဏ်တော်ရွတ်ရပါမည်။ အက္ခရာလေးလုံးစေ့အောင် သူ့နေရာနှင့်သူ စနစ်တကျ ဖြစ်စေရပါမည်။ ထို့နောက် ဆန်ကောအသေးတစ်ချပ်ရှာထားပါ။ ထိုဆန်ကောအား ချိန်ခွင်သဏ္ဍာန်ပြုလုပ်၍ အပ်ချည်ကြိုးအဝါရောင်ဖြင့် ချိတ်ဆွဲထားရပါမည်။




www.burmeseclassic.com

www.burmeseclassic.com


**စနစ်တကျပုံစံထားရန်**

| | | |
|---|---|---|
| (က) | စောင်ချမ်းသား | = ၃ - ၂ |
| (ခ) | ဇီးကွက်ရုပ် | = ၃ - ၂ |
| (ဂ) | ဇော်ဂျီပုံ + ဆေးခြယ် | = ၃ - ၂ |
| (ဃ) | ဆန်ကောတစ်ချပ် | = ၃ - ၂ |
| (င) | စက္ကူအဖြူတစ်ရွက် | = ၃ - ၂ |
| (စ) | စကြာပုံတစ်ခု | = ၃ - ၂ |
| (ဆ) | ဆန်ကွဲလက်တစ်ဆုပ် | = ၃ - ၂ |

ထိုကဲ့သို့ အစုံအလင်ရှိပြီးသောအခါ၌ မိမိတို့၏ ဈေးဆိုင်ကောင်တာ၌ အရှေ့တွင် ချိန်ခွင်သဏ္ဍာန် ချိတ်ဆွဲထားရပါမည်။




စ-ဓ-ဗ-ဝ နှင့် စကြာပုံ




ဆန်ကောအား ချိန်ခွင်သဏ္ဍာန်

မြင်းကွက်ချရာ၌
အက္ခရာတစ်လုံးရေးတိုင်း
ဂုဏ်တော်ရွတ်ရပါမည်။
အက္ခရာလေးလုံးစေ့အောင်
သူ့နေရာနှင့်သူ
စနစ်တကျဖြစ်စေရပါမည်။
ထို့နောက် ဆန်ကောအသေး
တစ်ချပ်ရှာထားပါ။
ထိုဆန်ကောအား
ချိန်ခွင်သဏ္ဍာန်ပြုလုပ်၍
အပ်ချည်ကြိုးအဝါရောင်ဖြင့်
ချိတ်ဆွဲထားရပါမည်။

မှတ်ချက် ။ ရှေ့၌ပြထားပြီး၊ ယခုပြထားသော ဆန်ကောအပေါ်၌ "စဓဗဝ"စကြာပုံ၊ ယင်းအပေါ်၌ ဆန်ကွဲလက်တစ်ဆုပ်၊ ယင်းအပေါ်၌ ဇီးကွက်၊ ဇော်ဂျီပုံတို့ကို ထားရှိရန် ဖြစ်ပေသည်။

ထိုသို့ ပြုလုပ်ပြီးသောအခါ၌ ထိုပုံကလေးအား အမွှေးနံ့သာသော်လည်းကောင်း၊ အမွှေးတိုင်သော်လည်းကောင်း နေ့စဉ်ပြုပေးရပါမည်။ ထိုသို့ စနစ်တကျပြုလုပ်ပြီးလျှင် မိမိတို့၏ ဈေးအရောင်းအဝယ်သည် သူမတူအောင် ရောင်းကောင်းပေလိမ့်မည်။

ဈေးရောင်းကောင်း၍ ချမ်းသာကြွယ်ဝကြပါစေ။

**ဦးမောင်မောင်မြင့်**



www.burmeseclassic.com

www.burmeseclassic.com

# လောကီကျမ်းလာ အလှူဦးမပြုရာ

**ဂမ္ဘီရဆရာကြီး ဇာဂရု**

"ဆရာကြီးခင်ဗျာ ... ခုနစ်ရက်သားသမီးများ လောကီကျမ်းထွက် မပြုရာ အလှူဦးများရှိက မိန့်ကြားပေးပါဦးခင်ဗျာ"

ဂမ္ဘီရဟောခန်းသို့ ကြင်စဦးဇနီးမောင်နှံ မြောက်ဥက္ကလာပမှ စီးပွားရေးလုပ်ငန်းရှင် မောင်အောင်သန်းဦး၊ မခင်မာသိန်းတို့ လာရောက်မေးမြန်းသည်ဖြစ်၍ ကျွန်ုပ်ရှင်းပြရပါတော့သည်။

"ဒီလိုရှိတယ်ကွဲ့။ သားတို့၊ သမီးတို့ ဘဝတစ်ခု၊ အိမ်ထောင်ရဲ့တာဝန်ကို ဦးပွဲ့ထမ်းကာ အေးအတူပူအမျှ တည်ဆောက်ကြပြီဆိုတော့ လောကီရေးရာ ဆောင်ရန်ရှောင်ရန်တွေကို သိဖို့လိုတာပေါ့ကွယ်။ ရှေးဆရာမြတ်တို့ ဆိုမိန့်ထားတော်မူတဲ့ ခုနစ်ရက်သားသမီးတို့ရဲ့ အလှူဦးမပြုရာကို ရေးကူးပြီးသာ ယူသွားပေတော့ကွယ်"

ဟူ၍ ပြောဆိုရှင်းပြကာ အောက်ပါအတိုင်း ရေးပေးလိုက်ရတော့သည်။

၁။ တနင်္ဂနွေသားသမီး ကျောက်ဆင်းတုကို မလှူကောင်း။

၂။ တနင်္လာသားသမီး ရေတွင်း၊ ရေကန်တူးပြီး မလှူကောင်း။

၃။ အင်္ဂါသားသမီး စေတီပုထိုး၊ ဇရပ်၊ စာတိုက်တို့ကို မလှူကောင်း။

၄။ ဗုဒ္ဓဟူးသားသမီး တံခွန်ကြီး၊ ထီးကြီးတို့ကို မလှူကောင်း။

၅။ ကြာသပတေးသားသမီး သစ်သားဆင်းတုတို့ကို မလှူကောင်း။

၆။ သောကြာသားသမီး ကြာဖူး၊ ကြာငုံ၊ ကြာပန်း မလှူကောင်း။

၇။ စနေသားသမီး ဇရပ်၊ တန်ဆောင်း၊ ပြာသာဒ်တို့ မလှူကောင်း။

ပြုလိုလျှင် ဖော်ပြပါ ဒါနတို့ကို ရှေးဦးစွာမပြုဘဲ အခြားသောကောင်းမှု နှစ်သက်ရာဒါနတို့ကို ပြုအပ်ပြီးမှသာ ပြုအပ်သည်ဟူ၍ လောကီကျမ်းထွက် အလှူဦးမပြုရာတို့ဖြစ်ကြောင်း ဆရာမြတ်တို့၏ ဆိုမိန့်စကားတို့ကို ရေးပေးလိုက်ရပါတော့သတည်း။

*နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ ...၊*

ဂမ္ဘီရဆရာကြီးဇာဂရု



www.burmeseclassic.com

www.burmeseclassic.com

# ကိုးနဝင်း မိုးလင်းမှသိမယ်

✦ ကိုမောင်သန်းဝင်း ✦

"ကိုးနဝင်း မိုးလင်းမှသိမယ်"ဆိုတဲ့ အစီဗွာန်ကျင့်စဉ်အကြောင်း ရေးသားကြသူများ မနည်းချေတော့။ အဆိုပါ အစီဗွာန်ကျင့်စဉ်ကို ဝါယမစိုက်၍ လုပ်ဆောင်သူများသည်လည်း ထူးခြားမှုများရှိကြောင်း ကြားသိရမှုပေါင်းလည်း များလှပေပြီ။

လွယ်ကူရိုးစင်းသော ကျင့်စဉ်ဖြစ်သည်။ ဘယ်နေရာ ဘယ်ဌာနသို့မှ မသွားရဘဲ နေအိမ်တွင်ပင် ကျင့်၍ရသော နည်းဖြစ်ပါ၏။

"ကိုးမဝင်း မိုးလင်းမှသိမယ်" အစီဗွာန်ကျင့်စဉ်ကို ဘယ်နေ့သားသမီးမဆို တနင်္လာနေ့စကပြီး အစီဗွာန်ဝင်ရမည်ဖြစ်သည်။ ယင်းနေ့တွင် ပုတီးစိပ်ရမည့် ဂုဏ်တော်သည် "သမ္မာသမ္ဗုဒ္ဓေါ"ဂုဏ်တော်ပဲ ဖြစ်သည်။ စိပ်ရမည့်အပတ်အရေ အတွက်မှာ နှစ်ပတ် ဖြစ်သည်။

(စိပ်ရမည့်နေ့တွေ၊ ဂုဏ်တော်တွေ၊ အပတ်အရေအတွက်တွေသည် မြန်မာ့လောကီပညာရှင်များနှင့် အနောက်တိုင်း လောကီပညာရှင်တွေ အထူးလက်ကိုင်ထား သုံးစွဲလေ့ရှိသော စမ္မာနဝ (သို့တည်းမဟုတ်) (Magic Square) ကို အခြေခံပြီး ရရှိလာသော အချက်အလက်တွေ ဖြစ်သည်။)

စမ္မာနဝဆိုသည်ကား ၉ ကွက်ရှိသော ဇယားတစ်မျိုး ဖြစ်သည်။ ထူးခြားမှုမှာ ဂဏန်း ၃ လုံး တစ်တန်းကို ဘယ်လိုပေါင်းပေါင်း ၁၅ ချည်းပဲ ရသည်။ တစ်လုံးတည်း ဂဏန်းလုပ်လျှင် ၁ + ၅ = ၆ ရည်။ ယင်းသည် "ကိုနဝင်း မိုးလင်းမှ သိမယ်"အစီဗွာန်နှင့် ဆက်စပ်လျက်ရှိသည်။

ဖော်ပြပါ စမ္မာနဝဇယားကွက်နှင့် တစ်ဆက်တစ်စပ်တည်း သိထားရမည်မှာ ဂုဏ်တော်တွေ၏ အမှတ်စဉ်များပင် ဖြစ်သည်။

| | | |
|---|---|---|
| ၂<br>တနင်္လာနေ့ | ၉<br>အင်္ဂါနေ့ | ၄<br>ဗုဒ္ဓဟူးနေ့ |
| ၇<br>ကြာသပတေးနေ့ | ၅<br>သောကြာနေ့ | ၃<br>စနေနေ့ |
| ၆<br>ကြာသပတေးနေ့ | ၁<br>သောကြာနေ့ | ၈<br>စနေနေ့ |

(၁) အရဟံ
(၂) သမ္မာသမ္ဗုဒ္ဓေါ
(၃) ဝိဇ္ဇာစရဏ သမ္ပန္နော
(၄) သုဂတော
(၅) လောကဝိဒူ
(၆) အနုတ္တရော ပုရိသ ဓမ္မသာရထိ
(၇) သတ္ထာဒေဝ မနုဿနံ
(၈) ဗုဒ္ဓေါ
(၉) ဘဂဝါ

ဤသို့ဆိုလျှင် "ကိုးနဝင်း မိုးလင်းမှသိမယ်"ဆိုသည့် အစီဗွာန်ကို စပြီးဝင်၍ရချေပြီတည်း။ အစီဗွာန်မှာ ၉ ဆင့် ဖြစ်သည်။ ရှေးဦးစွာ အစီဗွာန်ပထမအဆင့်ကို ရှင်းပြပါမည်။

တနင်္လာနေ့ဆိုသည့် အကွက်တွင် နံပါတ်(၂)ဂဏန်းကို တွေ့ရပေမည်။ နံပါတ်(၂)သည် ဂုဏ်တော်အမှတ်စဉ်အရ သမ္မာသမ္ဗုဒ္ဓေါ ဂုဏ်တော်ဖြစ်သည်။ ယင်းနေ့တွင် သမ္မာသမ္ဗုဒ္ဓေါ ဂုဏ်တော်ကို ပုတီးနှစ်ပတ် စိပ်ရမည်။ အင်္ဂါနေ့အကွက်တွင် နံပါတ်(၉) ဖြစ်သည်။ နံပါတ်(၉)သည် ဘဂဝါ ဂုဏ်တော်ဖြစ်ရာ ယင်းနေ့တွင် ဘဂဝါဂုဏ်တော် ပုတီး ၉ ပတ်စိပ်ရမည်။ အနီးကဲ့သို့ပင်လျှင် ရောက်သည့်နေ့တွင် ကျသည့်နံပါတ်၏ ဂုဏ်၊ ကျသည့်နံပါတ်အရေအတွက်အတိုင်း ပုတီးစိပ်သွားဖို့ပဲဖြစ်သည်။

ဇယား၏ အလယ်ကွက်မှ ဂဏန်းကို ဝိုင်းပြထားသည်။ ယင်းနေ့တွင်ကား သက်သတ်လွတ်စားပြီး အစီဗွာန်ဝင်ရမည်ဖြစ်သည်။ ဤသည်ကား အစီဗွာန်ပထမအဆင့် ဖြစ်သည်။ ကျန်သည့် ၈ ဆင့်ကိုလည်း ဤနည်းအတိုင်း ဆက်၍ဝင်သွားရပေမည်။

၉ ဆင့်လုံးအတွက် အစီဗွာန်ဝင်ဇယားကွက်များကို ရှင်းလင်းစွာသိနိုင်ရန် ဖော်ပြပါမည်။

www.burmeseclassic.com

**တနင်္လာနေ့မှစ**

| | | |
|---|---|---|
| ၂<br>တနင်္လာ | ၉<br>အင်္ဂါ | ၄<br>ဗုဒ္ဓဟူး |
| ၇<br>ကြာသပတေး | (၅)<br>သောကြာ | ၃<br>စနေ |
| ၆<br>တနင်္ဂနွေ | ၁<br>တနင်္လာ | ၈<br>အင်္ဂါ |
| **ပထမအဓိဋ္ဌာန်** | | |

**ကြာသပတေးနေ့မှစ**

| | | |
|---|---|---|
| ၅<br>ကြာသပတေး | ၃<br>သောကြာ | ၇<br>စနေ |
| ၁<br>တနင်္ဂနွေ | (၈)<br>တနင်္လာ | ၆<br>အင်္ဂါ |
| ၉<br>ဗုဒ္ဓဟူး | ၄<br>ကြာသပတေး | ၂<br>သောကြာ |
| **စတုတ္ထအဓိဋ္ဌာန်** | | |

**အင်္ဂါနေ့မှစ**

| | | |
|---|---|---|
| ၃<br>အင်္ဂါ | ၁<br>ဗုဒ္ဓဟူး | ၅<br>ကြာသပတေး |
| ၈<br>သောကြာ | (၆)<br>စနေ | ၄<br>တနင်္ဂနွေ |
| ၇<br>တနင်္လာ | ၂<br>အင်္ဂါ | ၉<br>ဗုဒ္ဓဟူး |
| **ဒုတိယအဓိဋ္ဌာန်** | | |

**သောကြာနေ့မှစ**

| | | |
|---|---|---|
| ၆<br>သောကြာ | ၄<br>စနေ | ၈<br>တနင်္ဂနွေ |
| ၂<br>တနင်္လာ | (၉)<br>အင်္ဂါ | ၇<br>ဗုဒ္ဓဟူး |
| ၁<br>ကြာသပတေး | ၅<br>သောကြာ | ၃<br>စနေ |
| **ပဉ္စမအဓိဋ္ဌာန်** | | |

**ဗုဒ္ဓဟူးနေ့မှစ**

| | | |
|---|---|---|
| ၄<br>ဗုဒ္ဓဟူး | ၂<br>ကြာသပတေး | ၆<br>သောကြာ |
| ၉<br>စနေ | (၇)<br>တနင်္ဂနွေ | ၅<br>တနင်္လာ |
| ၈<br>အင်္ဂါ | ၃<br>ဗုဒ္ဓဟူး | ၁<br>ကြာသပတေး |
| **တတိယအဓိဋ္ဌာန်** | | |

**စနေနေ့မှစ**

| | | |
|---|---|---|
| ၇<br>စနေ | ၅<br>တနင်္ဂနွေ | ၉<br>တနင်္လာ |
| ၃<br>အင်္ဂါ | (၁)<br>ဗုဒ္ဓဟူး | ၈<br>ကြာသပတေး |
| ၂<br>သောကြာ | ၆<br>စနေ | ၄<br>တနင်္ဂနွေ |
| **ဆဋ္ဌမအဓိဋ္ဌာန်** | | |

ဖော်ပြပါ အဓိဋ္ဌာန်ဇယားတွေရဲ့ ထူးခြားမှုသည် ပထမအဓိဋ္ဌာန်၊ စတုတ္ထအဓိဋ္ဌာန်၊ သတ္တမအဓိဋ္ဌာန် ဇယားတွေသည် ဂဏန်းသုံးလုံးတန်းတွေကို ပေါင်းကြည့်ပါက တစ်လုံးတည်း ဂဏန်း(၆) ဖြစ်နေတာ တွေ့ရပေမည်။

ဒုတိယအဓိဋ္ဌာန်၊ ပဉ္စမအဓိဋ္ဌာန်၊ အဋ္ဌမအဓိဋ္ဌာန် ဇယားကွက်များမှ ဂဏန်းသုံးလုံးတန်းကို ပေါင်းကြည့်ပါက (၉) ရနေသည်ကို တွေ့ရမည်။

ကျန်သည့် တတိယအဓိဋ္ဌာန်၊ ဆဋ္ဌမအဓိဋ္ဌာန်၊ နဝမ



www.burmeseclassic.com

www.burmeseclassic.com

**တနင်္ဂနွေနေ့မှစ**

| | | |
|---|---|---|
| ၈<br>တနင်္ဂနွေ | ၆<br>တနင်္လာ | ၁<br>အင်္ဂါ |
| ၄<br>ဗုဒ္ဓဟူး | (၂)<br>ကြာသပတေး | ၉<br>သောကြာ |
| ၃<br>စနေ | ၇<br>တနင်္ဂနွေ | ၅<br>တနင်္လာ |
| **သတ္တမအဓိဋ္ဌာန်** | | |

**တနင်္လာနေ့မှစ**

| | | |
|---|---|---|
| ၉<br>တနင်္လာ | ၇<br>အင်္ဂါ | ၂<br>ဗုဒ္ဓဟူး |
| ၅<br>ကြာသပတေး | (၃)<br>သောကြာ | ၁<br>စနေ |
| ၄<br>တနင်္ဂနွေ | ၈<br>တနင်္လာ | ၆<br>အင်္ဂါ |
| **အဋ္ဌမအဓိဋ္ဌာန်** | | |

**အင်္ဂါနေ့မှစ**

| | | |
|---|---|---|
| ၁<br>အင်္ဂါ | ၈<br>ဗုဒ္ဓဟူး | ၃<br>ကြာသပတေး |
| ၆<br>သောကြာ | (၄)<br>စနေ | ၂<br>တနင်္ဂနွေ |
| ၅<br>တနင်္လာ | ၉<br>အင်္ဂါ | ၇<br>ဗုဒ္ဓဟူး |
| **နဝမအဓိဋ္ဌာန်** | | |

အဓိဋ္ဌာန် ဇယားကွက်တို့မှ သုံးလုံးတန်းဂဏန်းများကို ပေါင်းကြည့်လျှင် (၃)ရသည်ကို တွေ့ရမည်။

အဓိဋ္ဌာန်ဇယားကွက်များသည် (၃)ဂဏန်း၊ (၆)ဂဏန်း၊ (၉)ဂဏန်းတွေအပေါ် မူတည်၍ စီရင်ထားခြင်းဖြစ်ပါ၏။

**မှတ်ချက်** ။ ဇယားကွက်တွေရဲ့ အလယ်ရှိ ဝိုင်းပြထားသော ရက်များအားလုံးတွင် သက်သတ်လွတ်စားပြီး အဓိဋ္ဌာန်ဝင်ရမှာဖြစ်သည်။

ပထမအဓိဋ္ဌာန်သည် တနင်္လာနေ့မှာစပြီး အင်္ဂါနေ့တွင် ဆုံးသည်။ ပထမအဓိဋ္ဌာန်ထွက်သည့်နေ့တွင် ဒုတိယအဓိဋ္ဌာန် အင်္ဂါနေ့တွင် ပြန်၍စရပါမည်။ (ပထမအဓိဋ္ဌာန်ပြီးသည့် နောက်တစ်နေ့ကျမှ ဒုတိယအဓိဋ္ဌာန် စသည့်နည်းလမ်းလည်း ရှိသည်။)

**သတိပြုရမည့်အချက်များမှာ -**

(၁) အဓိဋ္ဌာန်ရဲ့အလယ်ရက် (ဝိုင်းပြထားသည့်ရက်) တွေမှာ သက်သတ်လွတ်စားပြီး အဓိဋ္ဌာန်ဝင်ရပါမည်။

(၂) နေ့တွေနှင့်တွဲထားသော နံပါတ်များသည် ဂုဏ်တော်အမှတ်စဉ် ဖြစ်သကဲ့သို့ ပုတီးစိပ်ရမည့် အပတ်ရေလည်း ဖြစ်သည်။

(၃) အဓိဋ္ဌာန် တစ်ဆင့်ဝင်တိုင်း ၉ ရက်လုံး ဆုတောင်းတစ်မျိုးတည်းသာ တောင်းသွားရမှာ ဖြစ်သည်။

(၄) အဓိဋ္ဌာန် ၉ ဆင့် ဖြစ်သည့်အတွက် အရေးကြီးမည်ထင်သော ၉ မျိုး ဆုတောင်းနိုင်ပါသည်။

"ကိုးနဝင်း မိုးလင်းမှသိမယ်" အဓိဋ္ဌာန်ဝင်သူအချို့၏ ပြောစကားအရ "အဓိဋ္ဌာန် ၉ ကြိမ်၊ ၉ ရက်အထိတောင် မပြည့်ပါဘူး။ ၈ ကြိမ်လောက်မှာပဲ အခက်အခဲတွေ ပြေလည်သွားတယ် ဟူ၏။

အဆိုပါ "ကိုးနဝင်း မိုးလင်းမှသိမယ်" အဓိဋ္ဌာန်ကျင့်စဉ်သည် ဆရာကြီးမင်းသိခ်၏ ကျင့်စဉ်နည်းလမ်းပင် ဖြစ်ပါသည်။ အဓိဋ္ဌာန်ဝင်ရမည့် ဇယားကွက်တွေကို ပြထားသည်။ သို့သော် ဇယားကွက်များကိုကြည့်၍ အဓိဋ္ဌာန်ဝင်လျှင် အခက်အခဲရှိမည်။ မှားယွင်းမည်ဟု ယူဆလျှင် အဆိုပါကျင့်စဉ် နည်းလမ်းကို လွယ်ကူစွာကြည့်၍ အဓိဋ္ဌာန်ဝင်နိုင်ရန်ကိုလည်း အဓိဋ္ဌာန်ပြက္ခဒိန်ကို တီထွင်ကြံဆ၍ ဖော်ပြထားပါသေးသည်။


အားလုံး လွယ်လင့်တကူ အဓိဋ္ဌာန်ဝင် ကျင့်ကြံနိုင်စေဖို့အတွက် ဆရာကြီးမင်းသိခ်၏ "ကိုးနဝင်း မိုးလင်းမှသိမယ်" အဓိဋ္ဌာန်ပြက္ခဒိန်အား ဖိုတိုစတက်ဆွဲ၍ ဖော်ပြလိုက်ပါကြောင်း···။

**ကိုမောင်သန်းဝင်း**



www.burmeseclassic.com

www.burmeseclassic.com



# လိုတာရ မေတ္တာရောင်ပြန်ကျင့်စဉ်

ရွှေအောင်ခြည်ဖြိုး

ကျွန်ုပ်သည် တပည့်များကို ခွေးမျိုးများကဲ့သို့ ချစ်တတ်သူဖြစ်သည်။ ထို့ကြောင့် ထင်ပါရဲ့ တပည့်များကလည်း ကျွန်ုပ်ကို သူတို့ရဲ့ ခွေးမျိုးသားချင်းများကဲ့သို့ ချစ်ကြသည်။

ကျွန်ုပ်တပည့်များသည် ဘွဲ့ရပြီးနောက် အိုးရာန်ထမ်းလောကထဲ ရောက်သူကရောက်၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းလုပ်သူကလုပ်နဲ့ လောကဇာတ်ခုံပေါ်တွင်၊ ကံဇာတ်ခုံပေါ်တွင် ကံဇာတ်ဆရာ၏ ဇာတ်ညွှန်းအတိုင်း ကနေကြရသည်။ ကျွန်ုပ်ထံ သူတို့အကူအညီလိုလျှင် တောင်းတတ်ကြသလို၊ ကျွန်ုပ်ကိုလည်း သူတို့က လိုအပ်သော အကူအညီပေးတတ်ကြသည်။

တစ်နေ့ ပြောင်းဖူးပြုတ်နှင့် ရေနွေးကြမ်းသောက်နေစဉ် တပည့်တစ်ယောက် ရောက်လာသည်။ သူနှင့်အတူ အဖော်တစ်ယောက်ပါ ခေါ်လာသည်။

ကျွန်ုပ်လည်း မတွေ့တာကြာပြီဖြစ်သော တပည့်ကျော်သန်းကို -



www.burmeseclassic.com

www.burmeseclassic.com

"ဟော့···ကျော်သန်း၊ မင်းပျောက်လှချည်လားကွ၊ အခုမှပဲ တွေ့ရတော့တယ်"

ဟု ပြောလိုက်ရာ -

"ဟုတ်ကဲ့၊ ကျွန်တော် နယ်ကို တာဝန်အရ ခရီးထွက်နေလို့ပါ။ ဆရာ့ကို အမြဲသတိရပါတယ်"

"အေးပါကွာ။ မင်းတို့ အမောဖြေရင်း ပြောင်းဖူးပြုတ်၊ ရေနွေးကြမ်းသောက်လိုက်ဦး"

ကျွန်ုပ်တပည့်နှင့်အတူ အဖော်ပါလာသူတို့ ပြောင်းဖူးပြုတ်၊ ရေနွေးကြမ်းနဲ့ ပြောင်းဖူးစေ့ နှမ်းဆီဆမ်းစားရင်း -

"ဆရာ···ပြောင်းဖူးပြုတ်၊ ရေနွေးကြမ်းက ကျန်းမာရေးအတွက် အထောက်အကူပြုသလား"

"အေး···အထောက်အကူပြုတာပေါ့။ မူးမေ့တတ်တဲ့ သူများ အမူးအမော် ပျောက်တယ်။ ကဲ···ကဲ···မင်းတို့လာရင်းကိစ္စ ငါ့ကိုပြောလေ"

"ကျွန်တော့်သူငယ်ချင်းက လုပ်ငန်းခွင်မှာ အဆင်မပြေသလောက် ကျွန်တော်က အဆင်ပြေလို့ မင်းမှာ ဘာအဆောင်ကောင်းရှိသလဲ၊ ငါ့ကိုလည်းမျှပါလို့ အပူတိုက်လွန်းလို့ပါ။ မင်းမယုံမှာစိုးလို့ ငါမပြောတာ၊ ငါ့အဆောင်က ငါ့ဆရာသင်ပေးတဲ့ မေတ္တာသုတ်ကျင့်စဉ်ပဲလို့ ဖြေလိုက်တယ်။ မေတ္တာသုတ်ကျင့်စဉ် ကျင့်ချင်တယ်ဆိုလို့ ကျွန်တော်ပြောတာထက် ဆရာကြီးကျင့်နည်းကို ရှင်းပြရင်၊ ပြောပြရင် ပိုကောင်းမှာမို့ သူ့ကို ခေါ်လာတာ။ ဩော်···ဒါနဲ့ ဆရာ့ကို မိတ်ဆက်ပေးပါရစေ။ သူ့အမည်က မြတ်ထွန်းပါဆရာ"

"တွေ့သိရတာ ငါလည်း ဝမ်းသာပါတယ်"

ဟု ကျွန်ုပ်က ပြန်ပြောလိုက်သည်။

"တို့ ထေရဝါဒဗုဒ္ဓဘာသာဝင်ဆိုတာ ထေရဝါဒဗုဒ္ဓရဲ့ တရားဓမ္မအဆုံးအမကို လိုက်နာကျင့်သုံးရတယ်။ ဒါမှ ထေရဝါဒဗုဒ္ဓဘာသာဝင်အစစ် ဖြစ်မှာပေါ့။ ထေရဝါဒဗုဒ္ဓဘာသာဝင်တွေအတွက် မနောကံဖြင့် ကျင့်ကြံပွားအပ်သော ကျင့်စဉ်ကြီးနှစ်ရပ် ရှိတယ်။ သမထဘာဝနာကျင့်စဉ်နဲ့ ဝိပဿနာ ဘာဝနာကျင့်စဉ်ဆိုပြီး နှစ်ရပ်ရှိပါတယ်။ သမထဘာဝနာ ကမ္မဋ္ဌာန်းစီးဖြန်းနည်းပေါင်း လေးဆယ်ရှိတယ်။ စောစောက ငါပြောခဲ့သလို သမထဘာဝနာနဲ့ ဝိပဿနာဘာဝနာ နှစ်မျိုးမှာ မေတ္တာဘာဝနာဟာ သမထဘာဝနာ အမျိုးအစားဖြစ်တယ်။ မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းသူရဲ့ နေထိုင်ရာအရပ် ထက်အောက်ဝန်းကျင်အားလုံးရှိ သတ္တဝါများထံသို့ အအေးဓာတ်လှိုင်း ဖြန့်လွှတ်ခြင်းဖြစ်တယ်။ ပတ်ဝန်းကျင်တစ်ခုလုံး အေးချမ်းသွားမှတော့ မိမိကိုယ်ကိုလည်း အပူလှိုင်းမခတ်တော့ဘူး။ ဥပမာကွာ··· တို့အဲကွန်းဖွင့်ထားရင် အဲဒီ အဲကွန်းပတ်ဝန်းကျင်တစ်ခုလုံး အေးမြနေသလို၊ အဲဒီ အဲကွန်းကလည်း အေးမြနေတာပဲ မဟုတ်လား။

မေတ္တာရောင်ပြန် ကျင့်ထားသူအဖို့ အတူနေအချင်းချင်း တစ်နေ့ထက်တစ်နေ့ ဆက်ဆံရေး ပြေပြစ်ချောမောလာတာပေါ့။ ငါမေတ္တာရောင်ပြန်ကျင့်စဉ် ရခဲ့တာကတော့ လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀ ကျော်က ဖြစ်တယ်။ မဂ္ဂဇင်းတစ်စောင်မှာ ခင်ကြေးစည်ဆိုတဲ့ အမျိုးသမီးကြီးက လူမှုရေးအဆင်မပြေဘဲ ဖြစ်နေစဉ်မှာ ဟောင်းနွမ်းနေတဲ့ စာရွက်ပေါ်မှာ ကျင့်စဉ်ကို ဖတ်ရပြီး သူကိုယ်တိုင် ကျင့်ကြံအားထုတ်လိုက်တာ အားလုံးအဆင်ပြေသွားတယ်။ စီးပွားရေးလုပ်ငန်းတွေလည်း အောင်မြင်လာတယ်လို့ ရေးထားတယ်။ ငါလည်း စိတ်ဝင်စားတာနဲ့ အဲဒီကျင့်စဉ်ကို လိုက်ကျင့်မိတယ်။ လူမမြင်ဖူးပေမဲ့ အမြဲကျေးဇူးတင်ပြီး မေတ္တာပို့မိပါတယ်။ အဲဒီကျင့်စဉ်က လွယ်မယောင်နဲ့ ခက်တယ်၊ ခက်မယောင်နဲ့လည်း လွယ်ပြန်ရော။ သတိထားကျင့်ရင် အောင်မြင်မှာပါ။ ကျင့်စဉ်ရဲ့ ကျင့်နည်းကတော့···

အဆင့်(၁) ရတနာသုံးပါးကို ဦးထိပ်ပန် ရှိခိုးရမည်။

အဆင့်(၂) ငါးပါးသီလ ခံယူပါ။

အဆင့်(၃) ၄၉ ရက် အဓိဋ္ဌာန်ဝင်ရမည်။ ဤကျင့်စဉ်ပေးခဲ့သော ပုဂ္ဂိုလ်နှင့် အဆင့်ဆင့်သော လက်ဆင့်ကမ်းပေးသော ပုဂ္ဂိုလ်အားလုံးတို့ကို မပြစ်မှားပါ။ ပြစ်မှားမိသည်ရှိသော် မဟာအဝီစိငရဲ၌ ကျခံရပါစေဟု ကျိန်ဆို။

အဆင့်(၄) မိမိအလိုရှိသောဆန္ဒကို ဆုတောင်း။

အဆင့်(၅) နံနက်နိုးနိုးချင်း ဘုရားခန်း (သို့မဟုတ်) ခရီးထွက်နေလျှင်လည်း စကားမပြောဘဲ မေတ္တာသုတ်ကို ခုနစ်ခေါက်ရအောင်ရွတ်ပြီးမှ စကားပြော။

အဆင့်(၆) ညအိပ်ရာဝင်လျှင် မေတ္တာသုတ် ခုနစ်ခေါက် ရွတ်ပြီးမှ အိပ်ပါ။

အဆင့်(၇) ထမင်းမစားခင် မေတ္တာသုတ် ခုနစ်ခေါက်



www.burmeseclassic.com

www.burmeseclassic.com

ရွတ်ပြီးမှ စားပါ။ အသက်သတ်လွန်ဟင်း ဖြစ်ရမည်။

အဆင့်(၈) ထမင်းတစ်ခါနူးသာ ဖြစ်ရမည်။ ထမင်းနှင့် ဟင်း ရောပြီး ပန်းကန်ထဲ ထည့်ထားရမည်။ ထပ်မထည့်ရပါ။ ထမင်းစားနေစဉ် လုံးဝ စကားမပြောရ။ ရေမှတစ်ပါး လက်ဖက်ရည် ချို အဖန် မသောက်ရ။ နံနက်စာ၊ ညစာ စားနိုင်သည်။ စားလျှင် မေတ္တာသုတ် ခုနစ်ခေါက်ရွတ်ပြီးမှ စားပါ။ ဆာတတ်သော ပုဂ္ဂိုလ်များအတွက် ဆာလျှင် ထမင်းထပ်စားနိုင်သည်။ စားတိုင်း အထက်ဖော်ပြပါ မေတ္တာသုတ် ခုနစ်ခေါက်ရွတ်ပြီးမှ စားပါ။

အဆင့်(၉) ၄၉ ရက်တိတိ မပျက်မကွက် ကျင့်ရမည်။ "လိုတရ မေတ္တာရောင်ပြန်ကျင့်စဉ်၏ ထူးခြားချက်များ"

(၁) ခရီးသွားရန်ကိစ္စများ ပေါ်ပေါက်တတ်သည်။ ခရီးထွက်နေစဉ်၌လည်း မပျက်စေရပါ။

(၂) ငွေကြေးပစ္စည်းများ လာပေးသူ တွေ့ရတတ်သည်။

(၃) ကျင့်စဉ်ရက် ရလာသည်နှင့်အမျှ စိတ်ချမ်းသာကြည်လင်မှု ရလာမည်။

(၄) သာသနာစောင့်ပုဂ္ဂိုလ်များ၏ အဆောင်ပေးခြင်း၊ ကူညီခြင်းကို ရတတ်သည်။ (၁၅ နှစ်ကြာလျှင်)။ တစ်ခါအောင်မြင်ထားလျှင် နောင် ၁၅ နှစ်ကြာလာလျှင် ရတတ်ပါသည်။ (မှတ်ချက်။ ကျွန်ုပ်ကိုယ်တိုင် ရခဲ့ပါသည်။)

(၅) မိမိ၏ လိုအင်ဆန္ဒဆုတောင်းခြင်းများ ပြည့်စုံလာမည်။

(၆) အမှောင့်ပယောဂ စွဲကပ်နေသူများကို မေတ္တာသုတ် ခုနစ်ခေါက်ရွတ်ပြီးသော ရေမန်းဖြင့် ပက်ဖျန်းခြင်း၊ တိုက်ခြင်း ပြုလုပ်ပါက ပျောက်၏။ (ကျင့်စဉ်အကြိမ်ကြိမ် အောင်မြင်ထားသော ပုဂ္ဂိုလ်များသာ လုပ်နိုင်သည်။)

ကဲ…မောင်မြတ်ထွန်း၊ မင်းကျင့်နိုင်မှာလား"

"ဟုတ်ကဲ့၊ ကျင့်နိုင်ပါတယ်"

ဟူ၍ မောင်မြတ်ထွန်းက ကျွန်ုပ်ကို အဖြေပေးလေတော့သည်။ မောင်မြတ်ထွန်းသည် ပြောင်းဖူးပြုတ်၊ ရေနွေးကြမ်း လှမ်းသောက်ရင်း ကျွန်ုပ်တပည့်အား -

"မင်း ဆရာကြီးဆီ ခေါ်လာတာ သိပ်ကျေးဇူးတင်တယ်။ ငါကျင့်စဉ်အောင်ရင် ရမယ့်အကျိုးကျေးဇူးတွေက အများသား။ ငါအဆောင်ကောင်းတစ်ခုကို ရလိုက်တာပဲ"

ဟူ၍ လှမ်းပြောလိုက်လေတော့သည်။

ကျွန်ုပ်ထံလာပြီး နှစ်ဝက်လောက်ကြာသောအခါ ဖုန်းခေါ်သံ ကြားသဖြင့် ကောက်ကိုင်လိုက်ရာ…

"ဆရာကြီး…နေကောင်းတယ်နော်။ ကျွန်တော့်အသံကို မှတ်မိလား"

"အေးကွယ်၊ သိပ်တော့ မသဲမကွဲ မှတ်မိသလိုတော့ ရှိတယ်"

"ဟုတ်ကဲ့…ဆရာကြီးဆီ ကိုကျော်သန်းနဲ့ အတူလာပြီး ဆရာကြီးဆီက ကျင့်စဉ်ထူးဖြစ်တဲ့ မေတ္တာရောင်ပြန်ကျင့်စဉ်ကို တပည့်ခံပြီး လာယူသွားတဲ့ မြတ်ထွန်းပါ ဆရာကြီး။ ကျွန်တော် ဆရာကြီးချီးမြှင့်လိုက်တဲ့ မေတ္တာရောင်ပြန်ကျင့်စဉ်ထူးကို အောင်မြင်စွာ ကျင့်ပြီးနောက် လုပ်ငန်းခွင်မှာ အဆင်ပြေလာရုံသာမက ယခုဆိုရင် ကျွန်တော့်တင်ပြချက်တွေ၊ အကြံပြုချက်တွေကို အထက်လူကြီးများက လိုလိုလားလား လက်ခံတယ်။ နိုင်ငံခြားကို လွှတ်တာလည်း ခံရတယ်။ နိုင်ငံခြားက ရောက်ရောက်ချင်း ဆရာကြီးဆီ အရင်ဆုံး ဖုန်းဆက်လိုက်တာ"

"အေး…မင်းကိုယ်တိုင်ကလည်း တိတိကျကျ လိုက်နာကျင့်သုံးလို့ပါ။ မောင်မြတ်ထွန်းရဲ့ ကောင်းသတင်းကြားရလို့ ဝမ်းသာပါတယ်။ အဓိကတော့ ကျင့်စဉ်ကြီးကို မေတ္တာရှေ့ထားပြီး ချပေးခဲ့တဲ့ သူတော်ကောင်း၊ သူမြတ်ကောင်းကြီးများနဲ့တကွ ငါအပါအဝင်ပေါ့၊ မပြစ်များနဲ့ပေါ့။ သတိရတိုင်း ငါအပါအဝင် လက်ဆင့်ကမ်းချပေးခဲ့တဲ့ ပုဂ္ဂိုလ်အပေါင်းကို မေတ္တာပို့ပေးရင်ပဲ လုံလောက်ပါပြီ။ ဖုန်းချလိုက်တော့မယ်နော်။ မင်းလည်း သူတော်ကောင်းတရားမှာ ပျော်မွေ့ပြီး မေတ္တာများများ ပွားများနိုင်ပါစေ…"

စိတ်ဖြူ၊ နှုတ်ဖြူ၊ အလုပ်ဖြူခြင်းဖြင့် အများချစ်၍ ချမ်းသာကြစေသော်ဝ်…။

လှအောင်ကြည်ဖြိုး




www.burmeseclassic.com

www.burmeseclassic.com

# စီးပွားဖြစ်စေသော လူခြောက်ကလေးများ



The Flower News ဂျာနယ်၊ အတွဲ(၆)၊ အမှတ်(၁၅)
(၂၇-၄-၂၀၁၀)အင်္ဂါနေ့ထုတ်မှပုံကို ပြန်လည်ဖော်ပြခြင်းဖြစ်သည်။



Myanmar Newsweek ဂျာနယ်၊
အတွဲ(၂)၊ အမှတ်(၁၄)
(၁၉-၁၂-၂၀၁၃)ကြာသပတေးနေ့ထုတ်မှ
ပုံကို ပြန်လည်ဖော်ပြခြင်း ဖြစ်သည်။

ကမ္ဘာပေါ်တွင် စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးတို့တွင် စိတ်ဝင်စားဖွယ် များစွာရှိကြသည်။ ထိုသို့ ရှိသည်များတွင် မြန်မာတို့၏ လူမှုရေးနယ်ပယ်၌ စိတ်ဝင်စားဖွယ်တစ်ခုဖြစ်သော လူခြောက်ကလေး မွေးဖွားခြင်းသည် စိတ်ဝင်စားဖွယ်ဖြစ်သည်။

လူခြောက်ကလေး မွေးဖွားသော အိမ်တို့၌ စီးပွားရေးသည် ဒီရေအလား စီးပွားဖြစ်ကြသည်ဟု မြန်မာမှုနယ်ပယ်၌ ပြောဆိုကြသည်။ လူခြောက်၏ ဖြစ်စဉ်မှာ ဝိညာဉ်ပိုင်းဆိုင်ရာ အသုံးအနှုန်းတို့တွင် 'အဝိညာဏက' ဟု သတ်မှတ်ဟန် ရှိသည်။

ယခုပုံတွင်ပါသော လူခြောက်ကလေးမှာ ကချင်ပြည်နယ်၊ မိုးညှင်းမြို့ပေါ်ရှိ (၁၀)နှစ်သား အရွယ် ရှိသော မောင်ငြိမ်းချမ်းဝင်း ဖြစ်သည်။ ၎င်းသည် ဖခင် ဦးမင်းနိုင်နှင့် မိခင်ဒေါ်မမကြီးတို့၏ အငယ်ဆုံးသား ဖြစ်သည်။ ထိုလူခြောက်ကလေးအား မိဘနှစ်ပါးတို့က သက်န်းပရိက္ခရာ အစုံအလင်ဖြင့် ကချင်ပြည်နယ်၊ မိုးညှင်း မြို့ရှိ ပညာရောင်ခြည် စာသင်တိုက်တွင် ရှင်ပြုအလှူပွဲကြီး ကျင်းပပြုလုပ်ပေးခဲ့သည်။ စာသင်စာချ အပါး ၁၀၀ ကျော် တို့ကို ဆွမ်းကပ်လှူ၍ လှူဒါန်းမှုပြုခဲ့သည်။

လူခြောက်ကလေး မောင်ငြိမ်းချမ်းဝင်း၏ ရှင်သာမဏေဘွဲ့မှာ ရှင်ရာဇိန္ဒ ဖြစ်၍ မွေးနေ့မှာ ၂၀၀ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်၊ တနင်္လာနေ့သား ဖြစ်သည်။

ဖော်ပြပါလူခြောက်ပုံများကို ပြန်လည်ဖော်ပြခွင့်ရသည့်အတွက် ဖော်ပြပါဂျာနယ်များ၊ ဓာတ်ပုံများနှင့် စာရေးသူ ဆောင်းပါးရှင်များကို အထူးကျေးဇူးတင်၍ မှတ်တမ်းတင်အပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# ရွှေသွေး သို့မဟုတ် လူခြောက်ကလေးနှင့် ထိပေါက်ခြင်း

တာတေကြီး

ဦးမြင့်နှင့် ဒေါ်လှတို့လင်မယားမှာ ဈေးရောင်းစားသူများ ဖြစ်သည်။ အသက်သုံးဆယ့်ငါးဝန်းကျင် အိမ်ထောင်သက် ငါးနှစ်ခန့် ရှိသော်လည်း သူတို့နှစ်ဦးတွင် ရင်သွေးဟူ၍ တစ်ယောက်ပင်လျှင် မရှိခဲ့ပေ။ ထို့ကြောင့်လည်း ရုက္ခစိုးထံ ဆုပန်ရသည်မှာအမော။ ဆရာဝန်များ ညွှန်ကြားသည့်ဆေးကို သောက်လိုက်သည်မှာလည်း မပြောပါနှင့်တော့။ သို့သော် ကလေးကား မရခဲ့။

ကလေးရတော့မည်ဟု သိချိန်တွင် လင်မယားနှစ်ယောက်လုံး ဝမ်းသာပျော်ရွှင်ခဲ့သော်လည်း တကယ်တမ်း မွေးဖွားလာခဲ့သည့်အခါတွင်တော့ လူခြောက်ကလေး ဖြစ်နေသဖြင့် ဦးမြင့်သည် လွန်စွာစိတ်ပျက်သွားခဲ့သည်။ ဒေါ်လှကတော့ ဝမ်းနှင့်လွယ်မွေးရသဖြင့် ချစ်ရသည်ပင်ဖြစ်သည်။

ကလေးနာမည်ကို 'မောင်ရွှေသွေး' ဟု ပေးလိုက်သည်။ ဘေးပတ်ဝန်းကျင်မှ အဘိုးကြီး အဘွားကြီးများက ဦးမြင့်တို့လင်မယားကို လူခြောက်ကလေး မွေးသဖြင့် စီးပွားတက်တော့မည်ဟု ပြောကြသော်လည်း သူတို့နှစ်ယောက်ကတော့ အမှုမဲ့ အမှတ်မဲ့ပင်ဖြစ်သည်။ သို့သော် ဈေးရောင်းကောင်းသည်မှာ သိသိသာသာကြီးဖြစ်၏။ ယခင်ရောင်းရသည့် အနေအထားထက် နှစ်ဆပို၍ ရောင်းလာရသည်။ သို့နှင့် ထရံကာ သက်ကယ်မိုးအိမ်လေးမှ ပျဉ်ကာ သွပ်မိုးအိမ်လေး ဖြစ်သွားသည်။

ဒေါ်လှသည် မောင်ရွှေသွေးကြောင့် စီးပွားဖြစ်ထွန်းသည်ဟု တစ်ထစ်ချ ယုံကြည်ကာ ပို၍ဂရုစိုက်သည်။ မောင်ရွှေသွေးကို ထန်းခေါက်ဖာ အလတ်စားတစ်လုံးထဲတွင် စောင်၊ ခြင်ထောင်၊ ခေါင်းအုံး သေသေသပ်သပ်စွာထားပေးသည်။ နွားနို့ကို ပုလင်းလေးနှင့်ထည့်ပြီး ဘေးတွင်ထားပေးသည်။ ဦးမြင့်က ဒေါ်လှလောက် ကလေးကို ဂရုမစိုက်သော်လည်း သည်ကလေးက အကျိုးဖြစ်သည်ဆိုကာ သံယောဇဉ်လေးတော့ ဖြစ်လာသည်။

သည်လိုနှင့် သူတို့လင်မယားသည်



www.burmeseclassic.com

www.burmeseclassic.com

ဆင်ခြေဖုံးရပ်ကွက်လေးတွင် မရှိမရှားအဆင့်ဖြင့် အဆင်ပြေခဲ့သည်မှာ ငါးနှစ်တာကာလ လွန်မြောက်ခဲ့ပြီဖြစ်သည်။ မောင်ရွှေသွေးကို ထမင်းစားချိန် ထမင်းကျွေးသည့်အဆင့် ရောက်လာသည်။

တစ်ည ဒေါ်လှ အိပ်မက်,မက်သည်။ အိပ်မက်ထဲတွင် မောင်ရွှေသွေးသည် အသက်နှင့်အမျှ အရွယ်ရှိပြီး ဝတ်ကောင်းစားလှ ဝတ်ထားသည်။

"အမေ သူများတွေ ရှင်ပြုတော့ သားလည်း ရှင်ပြုချင်တယ် အမေ၊ အမေတို့ သားကို ရှင်ပြုဖို့ မစဉ်းစားကြဘူးနော်၊ သား စိတ်မကောင်းဘူး အမေ"

"ဟင် သားလေးက ရှင်ပြုချင်လို့လား၊ အေးကွယ် ခက်တာက အမေတို့မှာ ရှင်ပြုလောက်အောင် ပိုပိုလျှံလျှံ မရှိသေးလို့ပါ ခဏလေးစောင့်နော်သား အမေ ပိုက်ဆံစုမယ်"

"မလိုဘူး အမေ၊ သားကို ရှင်ပြုဖို့ အမေ ဆုံးဖြတ်ပြီးပြီဆိုရင် ဈေးသွားရောင်းတာနဲ့ မြို့ပေါ်မှာ အမေ ထီထိုးလိုက် သားရွှေသွေး ရှင်ပြုရန်လို့ အတိတ်ကို ရေးလိုက် အမေ၊ ထီတစ်စောင်မှ နှစ်ကျပ်ပါ အမေရာ"

"အေးအေး သားပြောသလို အမေ အတိတ်ရေးပြီး ထီထိုးမယ် သား"

မောင်ရွှေသွေးသည် မိခင်ထံမှ ထိုစကားကို ကြားသောအခါ ဝမ်းသာပျော်ရွှင်သွားပုံရလေသည်။

ထိုအိပ်မက်အကြောင်းကို မနက်မိုးလင်းတော့ ဒေါ်လှက ဦးမြင့်ကို ပြန်ပြောသည်။ ဦးမြင့်က မယုံသလိုလို။ သို့သော် ထီတစ်စောင် နှစ်ကျပ်ကတော့ ကံစမ်းပေါ့ဟု ဆိုသည်။ သို့နှင့်ပင် ဒေါ်လှတို့လင်မယား ဈေးရောင်းသွားရင်း ဒေါ်လှက ထီထိုးဖြစ်သည်။ အိမ်သို့ ပြန်ရောက်သောအခါ ဒေါ်လှက မောင်ရွှေသွေးနားသွားပြီး ထီလက်မှတ်ကိုပြကာ စကားပြောသည်။

"သားပြောတဲ့အတိုင်း အမေ ထီထိုးခဲ့ပြီ သား ဒီမှာတွေ့လား"

မောင်ရွှေသွေး ကြားသလား မြင်သလားတော့ ဒေါ်လှ မသိ။ သို့သော် မြင်မည် ကြားမည်ဟု ယုံကြည်ထားသည်။ ဒေါ်လှသည် ထီလက်မှတ်ကို ဘုရားစင်ပေါ် တင်ထားလိုက်၏။

သည့်နောက် ထီဖွင့်ရက်တွင် **ထီလက်မှတ်သည် တစ်သိန်းဆုပေါက်သည်။**

ထိုစဉ်က တစ်သိန်းမှာ သူဌေး ဖြစ်နိုင်သည့် ငွေကြေးပမာဏဖြစ်၏။ သည်အခါတော့ ဦးမြင့်ပါ မယုံ၍ မရတော့ပေ။ ဒေါ်လှနှင့် ဦးမြင့်သည် မောင်ရွှေသွေး၏ ကျေးဇူးဆပ်ပုံကို လက်ဖျားခါ အံ့သြကြသည်။

အလှူအတွက် ခမ်းနားစွာ ပြင်ဆင်ကြသည်။ အိမ်ကိုလည်း တစ်ထပ်တိုက် ပြင်ဆောက်ဖို့ ဆုံးဖြတ်ထားကြ၏။ အလှူရက်တွင် ရှင်လောင်းအဝတ်အစားကိုလည်းကောင်း၊ သာမဏေသင်္ကန်းကိုလည်းကောင်း၊ မောင်ရွှေသွေးရှေ့တွင် ချထားပေးသည်။

အလှူတွင် လူကြီးများကိုသာမက ကလေးများကိုပါ အဝအပြကျွေးသည်။ အလှူ့ဒါယိကာ ဒါယိကာမတို့မှာ နိဗ္ဗာန်ကို မျှော်မှန်းကာ ဝမ်းသာမဆုံး ပျော်မဆုံးကြပေ။

ကိုရင် ဝတ်နေသည့်ရက်တွင် မောင်ရွှေသွေးသည် ကိုရင်ဝတ်နှင့် အိပ်မက်ပေးပြန်သည်။

"ဒကာမကြီး ဒီနှစ် ပဲလျှောင်ထားအကျိုးရှိလိမ့်မယ်၊ ကိုရင် ဝတ်ချင်တဲ့ဆန္ဒပြည့်သွားလို့ ဒကာမကြီးကို ကျေးဇူးတင်တယ်၊ ဩော် ဒကာမကြီး ကိုရင့်ကို ကိုရင်လေးလို့ ခေါ်ပါဦး"

"ကိုရင်လေး"

"ဒကာမကြီး"

"ကိုရင်လေး"

"ဒကာမကြီး"

သားအမိနှစ်ယောက်လုံး၏ ကြည်နူးပီတိအဟုန်မှာ ပြောပြ၍ ကုန်နိုင်မည် မထင်ပေ။ သည်လိုနှင့် အိပ်မက်က လန့်နိုးသွားသည်။ ဒေါ်လှသည် အိပ်မက်အကြောင်း ဦးမြင့်ကို အိပ်ရာမှ နှိုးပြီး ပြောပြသည်။

ယုံကြည်မှုအပြည့်ရှိနေပြီဖြစ်သည့် ဦးမြင့်သည် နောက်နေ့ မိုးလင်းသည်နှင့် ပဲရသလောက် ဝယ်လေသည်။ ပဲဝယ်သည်ဟု ဆိုသော်လည်း ကြိုတင်ငွေ လိုက်ပေးထားရခြင်း ဖြစ်သည်။ ပဲပေါ်မှ ပဲရမည်ဖြစ်၏။ လင်မယားနှစ်ယောက် ထင်ထားသည့်အတိုင်းပင် ပဲက အကျိုးဖြစ်ထွန်းပြန်သည်။

ဦးမြင့် ဒေါ်လှတို့မှ မောင်ရွှေသွေး အကျိုးပြုသဖြင့် သူဌေးလင်မယား ဖြစ်ကာ အလှူရေစက် လက်နှင့်မကွာ လှူနိုင်တန်းနိုင်လာသည်။ အခြွေအရံလည်း ပေါများကာ ခေါင်းရင်းနှင့် ခြေရင်းခြံနှစ်ခြံကိုပါ ဝယ်ထားနိုင်ပြီ ဖြစ်သည်။

မောင်ရွှေသွေးအတွက် ဆိုပြီး ဦးမြင့်က ဝယ်လိုက်၊ ဒေါ်လှက ဝယ်လိုက်နှင့် ဝယ်ပေးသည့် အဝတ်အစားများမှာ မနည်းပေ။

"ဈေးအနောက်ဘက်မှာ ကုလားတိုက်ခန်းတစ်ခန်းရှိတယ် အမေ၊ ရောင်းမည်ဆိုပြီး ဆိုင်းဘုတ်ချိတ်ထားတယ်၊ အဲဒီဆိုင်ခန်းကို အမေ့ကိုသွား



www.burmeseclassic.com

www.burmeseclassic.com

ပြီးရအောင် ဝယ်ခိုင်းပါ၊ အဲဒီဆိုင်ခန်းမှာ ကုန်စုံဆိုင် ထပ်ဖွင့်ရင် အမေတို့ ထပ်ကြီးပွားလိမ့်မယ်"

အိပ်မက်နှင့် ဆက်သွယ်ပြောသည့် မောင်ရွှေသွေး၏ စကားအတိုင်း ဦးမြင့်နှင့် ဒေါ်လှတို့ သွားကြည့်ရာ ဆိုင်းဘုတ်ချိတ်ထားသဖြင့် အရောင်းအဝယ် ညှိနှိုင်းကာ ဝယ်ယူရရှိလိုက်ပြန်သည်။ ထိုနေရာတွင် ကုန်စုံဆိုင်ဖွင့်တော့လည်း လက်မလည်အောင် ရောင်းရပြန်၏။

"အမေတို့ ပိုက်ဆံရှိလို့ အိမ်တွေ ကြိုက်သလောက် ဝယ်ပါ၊ မြို့မှာဖြစ်ဖြစ် ရွာမှာဖြစ်ဖြစ် ဝယ်ပါ၊ အခုလက်ရှိနေရာ အိမ်နဲ့ခြံကို မရောင်းပါနဲ့ ဒီမှာပဲနေပါ၊ ဒါက မူလပဲ၊ မူလဓာတ် အပျက်ခံပါနဲ့"

"အမေတို့ကို သားတစ်ခုပြောရဦးမယ်၊ ရွာမြောက်ပိုင်း လေသာကျောင်းဘေးက ထုံးသင်္ကန်းကပ်ထားတဲ့စေတီလေးရှိတယ်၊ အဲဒီစေတီလေးကို အမေနဲ့အမေ ရွှေသင်္ကန်း ကပ်လှူပေးပါ၊ ပြီးရင် ဘဝဟောင်းက ဆွေတော်မျိုးတော်အပေါင်းရဲ့ အလှူဆိုပြီး ဘဝဟောင်းက ဆွေတော်မျိုးတော်အပေါင်းတို့ ရည်စူးအမျှဝေပေးပါ"

မောင်ရွှေသွေး ဖြစ်ချင်သည့်ဆန္ဒနှင့်သမျှကို ဦးမြင့်နှင့် ဒေါ်လှသည် ညည်းမညူ လုပ်ဆောင်ပေးသည်။ စိတ်ပါလက်ပါ ဆောင်ရွက်ပေးသည်။ သို့နှင့်ပင် ရွှေသင်္ကန်းကပ်လှူသည့် အလှူကြီး အောင်မြင်စွာ ပြီးဆုံးသွားခဲ့ပြီဖြစ်သည်။

အလှူပြီးသွားသည့် ညတွင် မောင်ရွှေသွေးက အိပ်မက်ပေးသည်။

"ကုလားတိုက်ခန်း ဝယ်ဖွင့်ထားတဲ့ ဈေးဆိုင် အနောက်ဘက်တိုက်နဲ့ ကပ်လျက် မြေကြီးကိုတူးပါ အမေ၊ ရတနာသေတ္တာတစ်ခု ရပါလိမ့်မယ်၊ အမေနဲ့ အဖေ လိုရာသုံးပါ"

ထိုအိပ်မက်အတိုင်း တူးကြည့်ရာ ရတနာသေတ္တာရ၍ များစွာအဆင်ပြေသွားပြန်သည်။ မောင်ရွှေသွေးသည် သူတို့လင်မယားအတွက် အဖိုးမဖြတ်နိုင်သည့် သားကောင်းရတနာလေး ဖြစ်နေသည်။ ချမ်းသာကြွယ်ဝမှုတွင်လည်းကောင်း၊ အလှူအတန်း လှူရာတွင်လည်းကောင်း၊ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်ကြရသည်။

"အမေ့ကို သားတစ်ခု ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး အဖေ့ကိုလည်း အမေကမှ နားဝင်အောင် ပြောလို့ရမှာ အမေရဲ့"

"သားရယ် ဘာပြောမလို့လဲ၊ ကိုယ့်အဖေနဲ့ အမေကို စကားပြောဖို့အရေးများ ဘာအပမ်းကြီးနေတာလဲ"

"သား သား မိန်းမလိုချင်တယ်"

"ဟေ"

ဒေါ်လှသည် မည်သို့ပြန်ပြောရမှန်း မသိအောင် ကြက်သေ,သေသွားပါတော့သည်။ သားသည် အများသူငါလို လူသားစင်စစ် မဟုတ်သည့်အတွက် သူ့ဆန္ဒကို မည်သို့လိုက်လျောမည်နည်း။ တစ်ဖက်က မိန်းကလေးကရော၊ မိန်းကလေးမိဘကရော မည်သို့ သဘောထားမည်နည်း။

"သားလိုချင်တဲ့သူက စန္ဒာ မေမေ၊ ရပ်ကွက်ထဲက ကောင်မလေး"

ဒေါ်လှသည် ဟစ်၍သာ ငိုလိုက်ချင်သည်။ စန္ဒာမိဘနှစ်ပါးသည် ပိုက်ဆံမက်သည်။ လက်ကြောတင်းအောင် အလုပ်မလုပ်ချင်ကြ။ သမီးလေးက အရွယ်ရောက်သဖြင့် လှတပတလေး ဖြစ်နေရာ စန္ဒာကို ဘန်းပြပြီး အချောင်စားချင်နေသူများဖြစ်သည်။

ထိုအကြောင်းကို ဦးမြင့်အား ဒေါ်လှက 'ပြောပြတော့ ဦးမြင့်လည်း စိတ်ပျက်သွားသည်။ သို့သော် သား၏ ဆန္ဒကိုဖြည့်ဖို့ ကြိုးစားရမည်သာဖြစ်၏။ သို့နှင့် စကားကမ်းလှမ်းသည်။ ကြားကြားချင်း ခါးခါးသီးသီးငြင်းသည်။ ပက်ပက်စက်စက်ပြောသည်။ သို့သော် တိုက်တစ်လုံးနှင့် သားအမိနှစ်ဦးအတွက် ရွှေနှစ်ဆင်စာ တင်တောင်းလက်ဖွဲ့မည်ဆိုသောအခါ ခေါင်းညိတ်သဘောတူတော့သည်။

မင်္ဂလာပွဲကိုတော့ ကျင်းပ၍ မကောင်းသဖြင့် ဘုန်းကြီးဆွမ်းကျွေးပြီး အလှူအတန်းများပြုကာ အကျဉ်းချုံးလိုက်သည်။ စန္ဒာသည် မိဘများနှင့် လုံးဝစရိုက်မတူဘဲ အေးဆေးသဖြင့် ဒေါ်လှမှာ တော်သေးရဲ့ဟု စိတ်ဖြေရသည်။

"သမီးလေး မောင်ရွှေသွေးကတော့ သိတဲ့အတိုင်းပဲကွယ်၊ အမေတို့ ဆန္ဒကို သဘောတူတဲ့အတွက် သမီးလေးကို ကျေးဇူးတင်သလို ချွေးမလို သဘောမထားဘဲ သမီးအရင်းလို သဘောထားပါ့မယ်၊ သမီး လိုချင်တာမှန်သမျှ မရမရှိစေရဘူး သမီး တစ်ခုပဲရှိတယ်၊ သားလေးကိုတော့ နားလည်ခွင့်လွှတ်ပါကွယ်"

"ဟုတ်ကဲ့ပါအမေ စိတ်ချပါ"

သို့နှင့် သူတို့၏ မင်္ဂလာဦးည ရောက်သည်။ သာမန်မိန်းမပျိုတစ်ဦး အနေနှင့်ကြည့်လျှင် သွေးပျက်ဖွယ်ဖြစ်သည်။ ပြင်ဆင်ထားသည့် ကုတင်ထက်တွင် ထန်းခေါက်ဖာထဲရှိသည့်



www.burmeseclassic.com

www.burmeseclassic.com

မောင်ရွှေသွေးကို ဘေးမှာထားပြီး အိပ်ရမည့် သတို့သမီးသည် စိတ်ညစ်ဖို့တော့ ကောင်းပေမည်။

သို့သော် သမီးလိမ္မာစန္ဒာသည် သူ့မိဘများအတွက် လိမ္မာသည်သာမက ဦးမြင့်နှင့် ဒေါ်လှအတွက်ပါ လိမ္မာရေးခြားရှိရှာသည်။ မင်္ဂလာဦးည လွန်မြောက်ချိန်တွင် ဒေါ်လှသည် အိပ်ရာမှ နိုးလာသည့် သမီးလေးစန္ဒာကို နှစ်လိုဖော်ရွေစွာပြုံးပြီး နံနက်ခင်းစာ ပြင်ဆင်ကျွေးမွေးသည်။ ဦးမြင့် ကော်ဖီသောက်ပြီး၍ ထအသွားတွင် ဒေါ်လှက ထူးမည် မထင်သော်လည်း မေးတော့ မေးဖြစ်သည်။

"ညက အိပ်ပျော်ရဲ့လား သမီး"

"ပျော်ပါတယ် အမေ ကိုရွှေသွေးက သမီးနဲ့ အိပ်မက်ထဲမှာ အတူတူလာအိပ်တယ်"

"ဟေ"

ဒေါ်လှသည် အံ့သြ၍မဆုံးအောင်ပင်။ သို့သော် သမီးလေးမျက်နှာ ကြည်လင်နေသဖြင့် သားလေးအတွက် ဝမ်းသာရသေးသည်။ ထိုနေ့မှစ၍ ညစဉ်ရက်ဆက် အိပ်မက်ထဲတွင် ရွှေသွေးက လာလာတွေ့သည်ဟု ကြားရသည်။

စန္ဒာ ယောကျ်ားယူသွားသည့်ကိစ္စတွင် မကျေမနပ် ဖြစ်နေသူက တစ်ရပ်ကွက်တည်းနေ အရက်သမားမောင်သိန်းနှင့် သူငယ်ချင်းများဖြစ်သည်။ မောင်သိန်းက စန္ဒာကို အသေအလဲကြိုက်နေသည်။ စန္ဒာကို အိမ်က ယောကျ်ားပေးစားသည်။ ယောကျ်ားကလည်း ဘာမဟုတ် ညာမဟုတ် လူခြောက်ကလေးဟု သိထားတော့ ပိုပြီးဒေါကန်သည်။

"ဆရာသိန်းကလည်းဗျာ၊ အတွေးခေါင်လိုက်တာ လူခြောက်လေးဆိုတော့ ပိုကောင်းတာပေါ့၊ ဆရာသိန်းရဲ့ စန္ဒာလေးက အပျိုပဲပေါ့ဗျ"

တပည့်ကျော် ကျော်ဦးက ထိုသို့ပြောတော့ မောင်သိန်း ဝမ်းသာသွားသည်။

"ဟုတ်သားပဲကွ ဒီအချက်ကို ငါမေ့နေတယ် တော်တယ်ကွာ၊ တပည့်ကြီးသောက် ကြိုက်သလောက်သောက်"

မောင်သိန်းသည် ကျော်ဦးထံမှ ထိုစကားကြားပြီးနောက်ပိုင်း စန္ဒာနှင့် နီးအောင် မည်သို့ကြိုးစားရမည်ကို တွက်ချက် အကြံထုတ်နေတော့သည်။ နောက်ဆုံးတော့ အကြံရသွားသည်။

"အဘိုးကြီး အဘွားကြီးဆိုင်သွားဖွင့်ရင် နေ့ခင်းစာ ထမင်းချိုင့်ကို စန္ဒာက သွားပို့တယ်ကွ၊ အဲဒီအချိန်ကို အပိုင်အသုံးချရင်ရမယ်"

ထို အကြံရပြီး နှစ်ရက်အကြာ စန္ဒာ ထမင်းချိုင့်ဆွဲပြီး အိမ်မှအထွက်ကို မောင်သိန်းနှင့် ကျော်ဦးတို့စောင့်နေကြသည်။ စန္ဒာ ထွက်သွားသည်နှင့် မောင်သိန်းတို့ ခြံထဲသို့ ဝင်နိုင်အောင် ကြိုးစားသည်။ ခြံတံခါးများ လုံခြုံသဖြင့် အတော်ကြိုးစားရ၏။ အထဲသို့ ရောက်သောအခါ ကြိုတင်လေ့လာထားပြီးသားမို့ ရွှေသွေးနှင့် စန္ဒာတို့ အိပ်ခန်းကို မီးရှို့လိုက်၏။

ပြီးသည်နှင့် မောင်သိန်းနှင့် ကျော်ဦး အိမ်ပြင်သို့ အမြန်ပြန်ထွက်သည်။ ဦးမြင့်နှင့် ဒေါ်လှ အိမ်မီးလောင်သည်ကို တွေ့သဖြင့် အရပ်မှ ဝိုင်းငြိမ်းသတ်ရာ ထိုအိပ်ခန်းတစ်ခုတည်းသာ ကျွက်ပြီး မီးလောင်သွားသည်။

ထိုအချိန် စန္ဒာသည် ဒေါ်လှတို့ လင်မယား ထမင်းစားနေသည်ကို စောင့်ပေးနေရသည်။ အိမ်မီးလောင်ကြောင်း ကောင်လေးတစ်ယောက် သတင်းလာပို့တော့ အိမ်သို့ ချက်ချင်းပြန်ပြေးသည်။ အိမ်တန်ဖိုး သိပ်မဆုံးရှုံးသော်လည်း သားလှ ရွှေသွေးသည်ကား မီးထဲသို့ ပါသွားပြီဖြစ်သည်။

"သားလေး ရွှေသွေး အဖြစ်ဆိုးလိုက်တာ သားလေးရယ်၊ မင်း အမေတို့ကို ထားခဲ့ပြီပေါ့"

ဒေါ်လှက ဝမ်းနည်းပက်လက် ငိုယိုနေသည်။ ဘေးမှအားပေးနေသည့် စန္ဒာသည်လည်း မျက်ရည်များကျလျက် ရွှေသွေးအတွက် ခံစားရရှာသည်။ ဦးမြင့်သည်ပင် မျက်ရည်များကျသည်။

ဝါယာရှော့ဖြစ်သလား၊ ရှို့မီးလား ဆန်းစစ်၍မှ မပြီးမီ ထူးခြားဆန်းကြယ်ပုံမှာ မောင်သိန်းနှင့် ကျော်ဦးသည် အိပ်ရာထဲလဲသည်။ ရောဂါရှာ၍ မရဘဲ သုံးရက်အတွင်း အပြင်းဖျားကာ ပြိုင်တူ သေဆုံးသွားကြခြင်းပင် ဖြစ်၏။

"သားလေးရွှေသွေး ခုလိုဖြစ်သွားရတာ တို့မိသားစုသုံးယောက်အတွက် ကြေကွဲဝမ်းနည်းနေရပေမယ့် သူ့အဖို့တော့ ကောင်းမွန်တဲ့ဘဝတစ်ခုကို ကူးပြောင်းသွားရတာပေါ့ကွာ"

ရက်လည်ဆွမ်းသွတ်ပြီး မကြာမီမှာပင် ဦးမြင့်သည် သာသနာ့ဘောင်သို့ အပြီးဝင်ရောက်သွားရာ ဒေါ်လှနှင့် စန္ဒာတို့ သားအမိသာ ဆက်လက်လုပ်ကိုင်စားသောက်သွားရပေဦးမည်။

**တာတေကြီး**

www.burmeseclassic.com

www.burmeseclassic.com

# "ဆုတောင်းပြည့် သဒ္ဓါကျောက်တောရ မဟာအောင်မြေ" အတွက် အလှူရှင်များဖိတ်ခေါ်ခြင်း

ဆရာတော်ဦးအာစာရလင်္ကာသီရိသည် ၁၃၅၆-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက် (၁၆.၂.၁၉၉၅) ကြာသပတေးနေ့တွင် ရခိုင်ပြည်နယ် သံတွဲမြို့ ရှေးနှစ်ပေါင်းများစွာ သာသနာပြုပုဂ္ဂိုလ် ပဋ္ဌာန်းဆက်ပါရမီရှင်များအား စောင့်မျှော်လျက်ရှိသော ဆုတောင်းပြည့် သဒ္ဓါကျောက်တောရ မဟာအောင်မြေသို့ စတင်ရောက်ရှိပြီး တောရစုတင် အကျင့်မြတ်ပဋိပတ်ဖြင့် စတင်ကြွရောက် သာသနာပြုတော်မူပါသည်။

၁၃၅၇ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်(၂၅.၈.၁၉၉၅) သောကြာနေ့တွင် ပန္နက်တင်၍ ၁၃၅၈ ခုနှစ်၊ တပေါင်းလပြည့်နေ့ (၂၃.၃.၁၉၉၅)နေ့တွင် ဆုတောင်းပြည့် အနောက်ရွှေတိဂုံစေတီတော်နှင့် အရံစေတီရှစ်ဆူတို့ကို တီကြားကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့နှင့် ရွှေထီးတော်တင်လှူခြင်း။ ကုန်ကျငွေ ၇၅ သိန်းကျပ်။ ၁၃၆၁ ခုနှစ်၊ သီတင်းကျွတ်လပြည့် (၂၄.၁၀.၁၉၉၉) တနင်္ဂနွေနေ့တွင် မူလသစ်ကောက်ရွာ အများကောင်းမှု ကိုးနဝင်းစေတီတော်အား ကျောက်ထီးတော်ဟောင်းချ၍ ရွှေထီးတော်အသစ်တင်လှူခြင်း ကုန်ကျငွေ ၁၀ သိန်းကျပ်ကျော်။ ၁၃၆၂ ခုနှစ်၊ တော်သလင်းဆန်း ၁ ရက်(၁.၉.၁၉၉၉) သောကြာနေ့တွင် ပန္နက်တင်၍ ၁၃၆၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်(၂၇.၃.၂၀၀၃) တနင်္ဂနွေနေ့တွင် အမြင့် ၂၁ တောင်ရှိ ရွှေထီးတော် ဘုံနှစ်ဆင့်မြင့် ဓာတ်ပေါင်းစု အနောက်ကျိုက်ထီးရိုးစေတီတော်အား တီကြားကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့နှင့် ရွှေထီးတော်တင်လှူခြင်း။ ကုန်ကျငွေ ၃၀၀ သိန်းကျပ်ကျော်။ ၁၃၆၂ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက် (၂၈.၃.၂၀၀၁) ဗုဒ္ဓဟူးနေ့တွင် နှစ်ပေါင်း ၈၀ ကျော် ရွှေထီးတော်ကင်းမဲ့နေသော ဂွမြို့ ရေကျော်ကျေးရွာရှိ ရွာလယ်မင်းဟာကြီးကောင်းမှုစေတီတော် ရွှေထီးတော် အသစ်တင်လှူခြင်း၊ ကုန်ကျငွေ ၁၅ သိန်းကျပ်ကျော်။ ၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက် (၄.၁.၂၀၀၇) ကြာသပတေးနေ့တွင် နှစ်ပေါင်း ၉၀ ကျော် ပြိုကျပျက်စီးနေသော ပိန်းတောလေးကျေးရွာ ကျောင်းတော်မှုရုပ်ပွားတော်မြတ်ကြီးအား စတင်ပြုပြင်ဆောင်ရွက်၍ ၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလပြည့်နေ့(၉.၂.၂၀၀၉) တနင်္လာနေ့တွင် ဓမ္မာရုံကြီးအပါအဝင် ရေစက်သွန်းချပြီးစီးခြင်း၊ ကုန်ကျငွေ ၁၀၀ သိန်းကျပ်ကျော်။ ၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်(၁၆.၁၀.၂၀၀၈) တနင်္ဂနွေနေ့တွင် ဉာဏ်တော်အလျား ၅၄ ပေရှိ အေးငြိမ်းချမ်းသာလျောင်းတော်မှု ရုပ်ပွားတော်မြတ်ကြီးအား စတင်တည်ထားဆောင်ရွက်ပြီး၊ ၁၃၇၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက် (၃၀.၁.၂၀၁၀)နေ့တွင် ငွေကျပ်သိန်းပေါင်း ၁၀၀၀ ကျော် ကုန်ကျခဲ့ပြီး အားလုံးကောင်းမှုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ပြီး၊ ဆက်လက်၍ တောင်ခြေရင်ပြင်တော်တွင် သက်ကြီးရွယ်အိုများ၊ တောင်ပေါ်တက်ရောက်ပူဇော်ခြင်း မပြုနိုင်သူများအတွက် ဉာဏ်တော် ၁၅ ပေ အမြင့်ရှိ မုစလိန္ဒာနဂါးရုံ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ တောင်တော်၏ ကျက်သရေဆောင် အဝင်မုခ်ဦးတစ်ဆောင်နှင့် သောက်ရေ၊ သုံးရေအတွက် အဝီစိစက်ရေတွင်းအား အနက်ပေ ၄၀၀ တူးဖော်သော်လည်း ရေချိုမရရှိပါသောကြောင့် သောက်ရေအတွက် ဂါလံ ၅၀၀၀ ဆံ့ ကွန်ကရစ်သောက်ရေကန်တစ်လုံး ဆောင်ရွက်လုပ်ကိုင်လိုပါသောကြောင့် စသည့် လှူဖွယ်ပစ္စည်းများကို တစ်ဦးတစ်ယောက်သော်လည်းကောင်း၊ အသင်းအဖွဲ့နှင့်သော်လည်းကောင်း ပါဝင်လှူဒါန်းနိုင်ကြပါရန် တိုက်တွန်းနိုးဆော် ဖိတ်ခေါ်ပါသည်။

## လှူဒါန်းနိုင်သော ပစ္စည်းအမျိုးအမည်နှင့် တန်ဖိုး


| | |
|---|---|
| ဉာဏ်တော် ၁၅ ပေ အမြင့် ရုပ်ပွားတော်အပါအဝင် ရောင်တော်ဖွင့်အပြီး | ၅၀ သိန်းကျပ် |
| အကျယ် ၁၅ ပေ အမြင့် ၁၂ ပေ မုခ်ဦးအလှူရှင်အမည်ပါပြီး | ၄၅ သိန်းကျပ် |
| ဂါလံ ၅၀၀၀ ဆံ့ ကွန်ကရစ်သောက်ရေကန် ၁ လုံး | ၄၀ သိန်းကျပ် |

## ဆက်သွယ်လှူဒါန်းလိုသူများ

| | |
|---|---|
| လာဘ်မိုးရွှေစာပေ | ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၁၀၀၅၉၂၅ |
| နာယကဆရာတော် | ဖုန်း - ၀၉-၇၃၁၃၉၃၃၆၊ ၀၉-၄၂၀၂၃၅၄၅၈ |
| ဦးကျော်သူထိုက် | ဖုန်း - ၀၉-၅၁၁၉၄၀၇ |

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဝိဇ္ဇာမြင့် နှင့် မှော်ဝင်နေသော ရုပ်ပုံများ

မောင်မောင်မြင့်အေး

ကျွန်ုပ်သည် တစ်ခါက လွန်စွာမှ ထူးဆန်းသည့် ဝိဇ္ဇာမြင့် ဆိုသော ပုဂ္ဂိုလ်ကြီးတစ်ဦးနှင့် ဆုံခဲ့ဖူးလေ၏။

ဝိဇ္ဇာမြင့်ဆိုသော ထိုပုဂ္ဂိုလ်ကြီးသည် ကျွန်ုပ်နှင့် ဆုံမိသော ကာလများက အလုပ်အကိုင် မည်မည်ရရ ရှိသည်ဟု မတွေ့ရဘဲ ချမ်းချမ်းသာသာနှင့် နေထိုင်သည်ကို တွေ့ခဲ့ရ၏။ ဝိဇ္ဇာမြင့် ဆိုသော ပုဂ္ဂိုလ်ကြီးမှာ အပြင်ဘက်ထွက်သည့်အခါတွင် အနောက်တိုင်းဝတ်စုံအဖြူကို သပ်ရပ်စွာ ဝတ်ဆင်တတ်ပြီး ကိုယ်ပိုင် မာစီးဒီးကားနက်ကြီးနှင့် သွားတတ်၏။

၎င်းနှင့် ကျွန်ုပ် စတင်တွေ့ရှိခဲ့ရခြင်းအကြောင်းကို ကျွန်ုပ်အနေနှင့် ရေးသားဖော်ပြပြီးဖြစ်၏။ သို့ရာတွင် ကျွန်ုပ်သည် ဝိဇ္ဇာမြင့်နှင့် တွေ့ခဲ့ရခြင်းသည် မှတ်တမ်းမှတ်ရာများ မရှိသဖြင့် သတိရသည့်အခါတွင်မှသာ ရေးသားဖော်ပြနိုင်ခြင်းပင် ဖြစ်တော့၏။

အကြောင်းတစ်စုံတစ်ရာ တိုက်ဆိုင်လိုက်၍ ဝိဇ္ဇာမြင့်နှင့် ပြောဆိုခဲ့၍ မှတ်မိသော အကြောင်းအရာတို့ကို ကျွန်ုပ်သည် လက်တွေ့လုပ်ကိုင်မိခြင်းဖြင့် ဘဝအခြေအနေတို့သည် ပြောင်းလဲခဲ့ရသည်ချည်းပင် ဖြစ်နေတော့၏။

တစ်နေ့တွင် ကျွန်ုပ်သည် ကျွန်ုပ်၏ လာဘ်မိုးရွာ စာပေတိုက်တွင် နောက်လများအတွက် စီစဉ်ရန် စာမူများကို ဖတ်ရှုနေ၏။ ကျွန်ုပ်၏ရုံးခန်းမှာလည်း လူရှင်းပြီး တိတ်ဆိတ်နေ၏။

ထိုကဲ့သို့ လူရှင်းရှင်းနှင့် အလုပ်တွင် အာရုံစိုက်နေစဉ် ဗိုလ်တထောင်သတင်းစာတိုက်မှ အငြိမ်းစားဌာနမှူးကြီး ဦးဟုတ်ရွှေသည် တစ်လှမ်းချင်း ဝင်လာပြီး ကျွန်ုပ်၏ရှေ့တွင် ထိုင်လိုက်၏။

၎င်းသည် ၎င်း၏ဉာဏ်အတိုင်း ဘတ်စ်ကားစီးလာရသည်ကို အဆင်မပြေခြင်း ဈေးဝယ်ရာတွင် အခက်အခဲများ ရှိနေခြင်းတို့ကို အားပါးတရဖြင့် ကျွန်ုပ်အနီးတွင် ရှိသော အယ်ဒီတာ ဦးစန်းထွေးကို ပြောပြနေ၏။

၎င်းရောက်လာပြီး မကြာမီပင် စာရေးဆရာ ဦးမြသိန်းလည်း ရောက်လာပြီး 'ဦးဟုတ်ရွှေ စိတ်လျှော့'ဟု ပြောလိုက်၏။ ဦးဟုတ်ရွှေက. . .

"စိတ်လျှော့ပါတယ် ဆရာရယ်၊ အခုဆို ကျွန်တော် ဆရာဦးမြင့်အေး ပေးတဲ့ ဂါထာတွေပဲ ရွတ်နေတော့တယ်၊ အဲဒါမှပဲ အဆင်ပြေတော့တယ်၊ ဆရာဦးမြင့်အေးကလည်း ထောက်ပံ့နေတော့ အဆင်ပြေနေသေးတာပေါ့"

ဟု ပြန်ပြောလိုက်လေ၏။

ဦးဟုတ်ရွှေ ဆိုသည်မှာ ငယ်စဉ်က နိုင်ငံရေးလှုပ်ရှားခဲ့သူဖြစ်ပြီး အလံနီဟောင်းတစ်ဦးဖြစ်၏။ သို့ရာတွင် ကျွန်တော့်ထံသို့ ရောက်လာပြီးနောက်တွင် ဘုရားတရား အလုပ်များဖြင့်သာ အေးဆေးစွာ နေထိုင်သူ ဖြစ်နေ၏။

ဆရာဦးမြသိန်းနှင့် ဦးဟုတ်ရွှေလည်း စာပေအကြောင်းများ ပြောဆိုနေကြ၏။ ထို့နောက် ဆရာဦးမြသိန်း ပြန်သွားပြီးနောက် ဦးဟုတ်ရွှေက. . .

"ဆရာသမား ဒါနဲ့ မေးရဦးမယ်၊ ဆရာသမားနောက်မှာ သံလျက်ကြီးရော၊ လောကနတ်ကြီးရော အပေါ်မှာလည်း မီးအိမ်တစ်လုံး၊ အဲဒါတွေက ဘာတွေလဲ



www.burmeseclassic.com

www.burmeseclassic.com

ဗျာ၊ ဟော ဟိုမှာ ပုဆိန်(၂)လက်လည်း ရှိသေးဟု ပြော လိုက်၏၊

ကျွန်တော်က 'အဆောင်တွေလို့ပဲ မှတ်လိုက်တော့ပေါ့ဗျာ' ဟု ပြောလိုက်၏။ ထိုအခါ ဦးဟုတ်ရွှေက-

"ဆရာကလည်းဗျာ၊ အဆောင်တွေ ဆိုတာတော့ သိတာပေါ့၊ ကျွန်တော်တို့လည်းသိအောင် ပြောပြပါဦး"

ဟု ပြောလိုက်ရာ ကျွန်တော်က. . .

"ဒီအတိုင်း ပြောလို့မရဘူး၊ စာရေးမှပဲ သိမှာပဲ"

ဟု ပြောလိုက်ရာ ထိုဦးဟုတ်ရွှေ ဆိုသူကြီးသည် 'ပြောလို့မရလည်း ရေးပေါ့ ဆရာရယ်' ဟု ပြောပြောဆိုဆိုနှင့် ထွက်ခွာသွားလေတော့၏။

❖

ကျွန်ုပ်သည် ဝိဇ္ဇာမြင့် နေထိုင်ရာ အမှတ်(၇)၊ ဝိတိုရိယဘုရင်မရိပ်သာလမ်းသို့ ရောက်ရှိလာခဲ့၏။ ဝိဇ္ဇာမြင့်သည် ဘုရားခန်းမှ ထွက်လာခဲ့ပြီးဖြစ်၏။ ပိုးဘောင်းဘီအဖြူစွတ်စွတ်နှင့် စပို့ရှပ်အဖြူကို ဝတ်ထား၏။ ကျွန်တော့်ကို မြင်သည်နှင့် တစ်ချက်ပြုံးလိုက်ပြီး. . .

"ကိုမောင်မောင် ဘယ်ကလှည့်လာသလဲ"

ဟု မေးလိုက်၏။

အမှန်က ဝိဇ္ဇာမြင့်သည် ပြုံးပြီး ဘယ်ကလှည့်လာသလဲဟု မေးခြင်းမှာ တစ်ယောက်နှင့်တစ်ယောက် မေးရိုးမေးစဉ်ဖြစ်ပြီး ကျွန်ုပ် ဘယ်ကလာသည်ကို သူ့အနေနှင့် သိပြီးပင် ဖြစ်လေ၏။

"ကိုမောင်မောင် ခင်ဗျား လာတာနဲ့ အတော်ပါပဲ၊ တစ်နေ့ ခင်ဗျားအတွက် အသုံးဝင်မယ့် ပညာရပ်လေးတွေ ကျွန်တော် ပြောဖို့ရှိနေတယ်"

ဟု ပြောလိုက်ရာ ဝိဇ္ဇာမြင့်က. . .

"တစ်နေ့ကျရင် ခင်ဗျားဟာ (၇)ရက် သားသမီးများအတွက် အကျိုးဆောင်ဖို့ အလုပ်တွေ လုပ်ရလိမ့်မယ်၊ အဲဒီကျတော့ ကျုပ်ပေးလိုက်တဲ့ ပညာလေးတွေက အထောက်အကူပြုလိမ့်မယ်၊ ခင်ဗျားအနေနဲ့ စိတ်ဝင်စားပြီး ယူမယ်ဆိုရင်ပေါ့လေ၊ ဒါလည်း အဖြစ်ပြောရတာပါ၊ ခင်ဗျားဟာ ခြောက်ကြွင်း တနင်္ဂနွေသားဆိုတော့ တစ်နေ့မလွဲမသွေ ခုနစ်ရက်သားသမီးတွေကို အထောက်အပံ့ပေးရလိမ့်မှာပါ။ အဲဒီကျတော့ အချို့ကိစ္စတွေက ခေတ်ပညာနဲ့ မဆိုင်တာတွေ ပါလာလိမ့်မယ်၊ ကျွန်တော်လည်း ခင်ဗျားနဲ့တွေ့တုန်းတော့ နည်းနည်း နည်းနည်း ပြပေးသွားမယ်၊ ကျုပ်ပြတဲ့ ပညာတွေကို ခင်ဗျားဘဝမှာ အသုံးချကြည့်ပြီး ခင်ဗျား အကျိုးရှိမှ ခုနစ်ရက်သားသမီးတွေကို မျှဝေပေါ့ဗျာ၊ အဲဒီခုနစ်ရက်သားသမီးတွေထဲမှာလည်း အကြောင်းတိုက်ဆိုင်သူတွေအဖို့ကတော့ အကျိုးရှိမှာ ဖြစ်ပြီး အကြောင်းမတိုက်ဆိုင်သူတွေကတော့ ကမ္ဘာသကာ ပေါ့ဗျာ"

ဟု ရှည်လျားစွာ ပြောဆိုရာ ကျွန်ုပ်လည်း ၎င်း၏ ပြောစကားများကို လိုက်နာမည်ဖြစ်ကြောင်း ပြောဆိုခဲ့၏။ ၎င်းသည် ဆိုဖာကြီးတွင် ထိုင်နေရာက ထလိုက်ပြီး လက်နောက်ပစ်ကာ ဧည့်ခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ၏။ ကျွန်ုပ်လည်း ကျွန်ုပ်၏ရှေ့တွင် ရုပ်ရှင်မင်းသားတစ်ယောက် လမ်းလျှောက်ပြနေသည်ကို မြင်ရသည့်အလား ကြည့်ကောင်းကောင်းနှင့် ကြည့်နေလိုက်၏။

အတန်ကြာမှ ကျွန်ုပ်အား ၎င်းကပင် ရှေ့ဆောင်ပြီး ဘုရားခန်းကြီးထဲသို့ ခေါ်ဆောင်သွား၏။ ဘုရားခန်းကြီးအတွင်း၌ သက်တော်ထင်ရှား မြတ်စွာဘုရားမှ သတ္တဝါအများအား မေတ္တာကရုဏာအပြည့်ဖြင့် ဈာန်သမာပတ်ဝင်စားနေပုံမျိုး ထုဆစ်ထားပြီး ပန်းများဝေဆာနေ၏။ အခြားတစ်ဖက်တွင် သိကြားမင်း သာသနာစောင့်နတ်မင်းကြီးများ၊ ဝိဇ္ဇာလမ်းဆိုင်ရာ ပုဂ္ဂိုလ်များကိုလည်းကောင်း သူ့အနေအထားနှင့်သူ အရွယ်အစားအမျိုးမျိုးဖြင့် ထုလုပ်ထား၏။ ဘုရားခန်းအတွင်း၌လည်း ပန်းပေါင်းစုံ နံ့သာနံ့များ သင်းပျံ့လျှက် ရှိနေ၏။

ဝိဇ္ဇာမြင့်သည် ဘုရားခန်းအလယ်ရှိ ထိုင်ခုံကြီးပေါ်တွင် တင်ပျဉ်ခွေ ထိုင်လိုက်၏။ ကျွန်ုပ်လည်း ၎င်း၏ အနီးတွင် ထိုင်လိုက်ပြီး ဘေးဝဲယာသို့ မျက်စိကစားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

ဝိဇ္ဇာမြင့်၏ မလှမ်းမကမ်းတွင်ရှိသော ဝိဇ္ဇာများ၏ပုံတော်ရှေ့တွင် ခုံတစ်လုံး ခင်းထား၏။ ၎င်းခုံပေါ်တွင် မီးအိမ်တစ်လုံး၊ မကိုဋ်တစ်ခု၊ စိန်ဖူးတစ်ခု၊ ပလ္လင်တစ်ခု၊ ဘယက်တစ်ကုံး၊ ဖန်ဘူးတစ်လုံး၊ မြသပိတ်တစ်လုံး၊ ပုတီးကြီးတစ်ကုံးတို့ကို ပုံစံတူ ပြုလုပ်ထားခြင်းကို တွေ့လိုက်ရ၏။

ဝိဇ္ဇာမြင့်သည် ကျွန်ုပ်ဘက်သို့ တစ်ချက်ကြည့်လိုက်ပြီး ပြုံးလိုက်၏။ ထိုကဲ့သို့ ဝိဇ္ဇာမြင့်၏ အပြုံးသည် အခြားသူများအဖို့မူ မည်သို့ခံစားရမည်ကို မသိရဘဲ ကျွန်ုပ်အနေနှင့်မူ ထိုအပြုံးကို မြင်လိုက်သည်နှင့် ရင်ထဲဝယ်လှိုက်ကနဲဖိုပြီး မည်ကဲ့သို့ ခံစားရသည်ကို ဖော်ပြနိုင်စွမ်းမရှိ ဖြစ်ခဲ့၏။ ဝိဇ္ဇာမြင့်က. . .

"ဒီလို ကိုမောင်မောင်ရဲ့၊ ခင်ဗျားလည်း ခေတ်ပညာတတ် လူငယ်တစ်ဦးပဲ၊ နောက်ပြီး ခင်ဗျားဟာ လေ့လာစူးစမ်းလိုစိတ်ရှိပြီး ရာဇဝင်သမိုင်းနောက်ခံတွေကို စိတ်ဝင်စားသူ တစ်ဦးပဲ မဟုတ်လား၊ အဲဒီတော့ ခင်ဗျားကို ရာဇဝင်နိပါတ် အခြေခံတဲ့ ဇာတ်လမ်းကပဲ စပြောရတော့မှာပဲ၊ ကျွန်တော်တို့ ခင်ဗျားတို့ သိထားတဲ့ ပုဂံရာဇဝင်ထက် ရှေးကျတဲ့ ပျူခေတ်ကအကြောင်းပဲ ဆိုပါတော့ဗျာ၊ တကောင်းအဘိရာဇာက စခဲ့ပြီး သေလည်ချောင်မင်းလက်ထက် စူဠသမ္ဘဝ၊ မဟာသမ္ဘဝက စခဲ့တဲ့ ဇာတ်လမ်းဟာ ပန်ထွာမင်းသမီးနဲ့ ဒွတ္တဘောင်မင်းမှာ လက်စသတ်ခဲ့လေတော့ အဲဒီဒွတ္တဘောင်မင်းလက်ထက်အကြောင်းကိုပဲ ပြောရတော့မှာပဲ၊ စူဠသမ္ဘဝမင်း နတ်ရွာစံလေတော့ ရသေ့၊ သိကြား၊ နဂါး၊ ဂဠုန်၊ စန္ဒီ၊ ပရိမိသ္ဓာ၊ မဟာပိန္နဲ စတဲ့ သူမြတ်ခုနစ်ပါးဟာ အချင်း တစ်ယူဇနာ၊ အဝန်း သုံးယူဇနာ၊ တံခါးကြီး သုံးဆယ့်နှစ်၊ တံခါးငယ် သုံးဆယ့်နှစ်၊ ကျုံး၊ မြောင်း စတဲ့ မြို့အင်္ဂါ(၇)ပါးနဲ့ ပြည့်စုံတဲ့ သရေခေတ္တရာပြည်ကြီးကို သက္ကရာဇ်(၁၀၁)ခုနှစ်၊ တန်ခူးလဆန်း(၁၁)ရက်နေ့မှာ တည်ခဲ့တယ်။ ဒွတ္တဘောင်မင်းဟာ သိကြားမ,တဲ့မင်းလို့ ရာဇဝင်စာပေတွေထဲက ဆရာတွေက ပြောကြတယ်ဗျ။

အဲဒီလို သိကြားမ,တယ် ပြောရလောက်အောင်ပဲ ဒွတ္တဘောင်မင်းကြီး စိုးစံတဲ့ သရေခေတ္တရာပြည်ကြီးဟာ စည်ကားဝပြောခဲ့တယ်။ ပြည်သူပြည်သားအပေါင်းလည်း စည်ပင်ဝပြောကြတော့ သိကြားမ,ကိန်း အစီအရင်သင်္ကေတတွေကို ဆောင်ရွက်ကြတော့တာပေါ့ဗျာ။

အဲဒီခေတ်က ခိုင်မာတဲ့ အစီအရင်ဖြစ်တဲ့ ဂဗ္ဘောဓာတ်ဖြစ်တဲ့ မြေဓာတ်ကိုယူပြီး အသုံးအဆောင် အိုးခွက်တွေကို မြေနဲ့ပဲ ပြုလုပ်သုံးစွဲကြတယ်။ အဲဒီအသုံးအဆောင်တွေမှာလည်း အစီအရင်တံဆိပ်တွေ ခတ်နှိပ်ပြီး သုံးကြတယ်လို့ သမိုင်းအထောက်အထားတွေမှာ တွေ့ရတယ်။ အဲဒီသင်္ကေတတွေကိုလည်း အဲဒီခေတ်က လူတွေက သူတို့အဖို့ ကံကောင်းခြင်းစွမ်းအားတွေ ပေးစွမ်းနိုင်တယ်လို့ ယုံကြည်ပြီး ကျန်းမာခြင်း၊ စီးပွားဖွံ့ဖြိုးခြင်း၊ အေးငြိမ်းချမ်းသာခြင်း၊ ငြိမ်းချမ်းစည်ပင်ခြင်းတွေ ရှိတယ်လို့ ယုံကြည်ပြီး လက်ခံလာကြတယ်။

အဲဒီလိုနဲ့ သရေခေတ္တရာမင်း သုံးဆယ့်ခြောက်ဆက်မြောက် သေရိန္ဒမင်းဟာ တက္ကသိလာ အမည်ရှိတဲ့ အရပ်မှာ ဆေးဝါးမန္တရား ပညာရပ်တွေ ဗေဒင်အတတ်တွေကို သွားသင်ခဲ့တယ်လို့ ဆိုပြန်ရော။ အဲဒီအရပ်ဟာ အခုခေတ်၊ ပါကစ္စတန် အနောက်မြောက်အရပ်မှာရှိတဲ့ ပါရှဝါဒေသလောက်မှာလို့ ဆိုပြန်တယ်။

အဲဒီမင်းလက်ထက်မှာ အဲဒီပညာရပ်ဟာ ပိုမိုတွင်ကျယ်လာပြီး သင်္ကေတအမှတ်တံဆိပ် ပညာတွေဟာလည်း ပိုပြီးဖွံ့ဖြိုးလာခဲ့တယ်ဗျ။

အခု ခင်ဗျားကို ပြောပြမှာ အဲဒါတွေ အခြေခံတဲ့ ပညာရပ်တွေပါပဲ။ လွယ်လွယ်နဲ့ ရိုးရိုးလေးပေမယ့် အဲဒီခေတ်ကလည်း အောင်မြင်ခဲ့တယ်။ ကျုပ် လေ့လာပြီး ဆောင်ရွက်သမျှလည်း အောင်မြင်ခဲ့လေတော့ ခင်ဗျားကို ကျုပ် ပြောပြပေးခဲ့မယ်။

အဲဒါကလည်း ခင်ဗျား သိပြီးသားဖြစ်တဲ့ ကျွန်တော်တို့ မြန်မာမှာ ကြာသပတေးနာမ်ကို ကိုယ်စားပြုတဲ့ ပ၊ ဖ၊ ဗ၊ ဘ၊ မ အက္ခရာ ငါးလုံးပဲ၊ ကြာသပတေးကို ပုဂံခေတ်က ကြာသပတိယ်လို့ ရေးတာ တွေ့ရတယ်။ အဲဒါ ရှေးသက်ကရိုက်ဘာသာစကားအလိုအရ ဗြိဟသ္ပတိလို့ ရေးတယ်။ အဲဒီအဓိပ္ပာယ်က စကားလုံးတို့ရဲ့ အရှင်သခင်လို့ ဆိုတယ်။ လောကီကျမ်းအလိုရ ဂုရု၊ ဆရာ ဆိုပြီး အနက်အဓိပ္ပာယ် ရှိပြန်ရော။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီတော့ ကြာသပတေးနာမ်ရဲ့ စွမ်းပကားဟာ အရှင်သခင်လို့လည်း ခေါ်တယ်၊ ဆရာသခင်လို့လည်း ခေါ်လေတော့ ကျွန်တော့်အတွေ့အကြုံအရရော လောကီပညာရပ်တွေမှာရော ကြာသပတေးနာမ်နဲ့ မိမိမွေးနာမ် ပေါင်းစပ်ပြီး အဆောင်ပစ္စည်း၊ အမှတ်အသားစာလုံး သင်္ကေတ ပြုလုပ်ထားခဲ့ရင် ကံကောင်းလာဘ်ပွင့်ခြင်းရှိကြတယ်လို့ သိခဲ့ရတော့ ကဲ ဟောဟိုမှာ ကြည့်လိုက်ပါဦးဗျာ"

ဟု ရှည်လျားစွာ ပြောဆိုပြီး စောစောက ကျွန်ုပ်ကြည့်ထားသော ပစ္စည်းများထံ ထသွားပြီး. . .

"ဟောဒီမှာဗျာ မီးအိမ်၊ မီးအိမ်ဆိုတာ ကြာသပတေးနဲ့ တနင်္ဂနွေဆိုတော့ တနင်္ဂနွေသားအတွက်ပေါ့၊ ဟောဒီက မကိုင့်ကတော့ တနင်္လာသား၊ စိန်ဖူးက အင်္ဂါသားအတွက်၊ ပလ္လင်က ဗုဒ္ဓဟူးသားအတွက်၊ ဘယက်က ရာဟုအတွက်၊ ဖန်ဘူးက ကြာသပတေးသားအတွက်၊ မြသပိတ်က သောကြာသားအတွက်၊ ပုတီးက စနေသားအတွက် ဆိုပြီး ကျွန်တော် စီရင်ထားတာဗျာ"

ဟု ပြောလိုက်၏။ ကျွန်ုပ်က. . .

"ဒါတွေကို ဘာလုပ်ရမှာလဲ ဆရာကြီး"

ဟု ပြောလိုက်ရာ. . .

"ကိုမောင်မောင်ရယ် ဒါတွေကို နေ့သားအလိုက် ဆောင်ထားပေါ့၊ ခင်ဗျားက တနင်္ဂနွေသားဆိုတော့ မီးအိမ်လေးတစ်လုံးကို အမြဲဆောင်ထား၊ ခင်ဗျားအိမ်မှာပဲဖြစ်ဖြစ်၊ အလုပ်အကိုင် လုပ်တဲ့အခါမှာပဲဖြစ်ဖြစ် မီးအိမ်လေး ချိတ်ထားခဲ့ရင် ခင်ဗျားဘဝတစ်လျှောက်မှာ ဘယ်လိုပဲ အခက်တွေတွေ့တွေ့ ကံကြမ္မာဟာ ခင်ဗျားဘက်မှာ မျက်နှာသာပေးပြီး သိကြားမ,သလို ပြေလည်သွားလိမ့်မယ်ဗျို့"

ဟု ရှည်လျားစွာ ပြောဆိုလိုက်လေတော့သတည်း။

❖

အထက်ပါ အဖြစ်အပျက်သည် ကျွန်ုပ်နှင့် ဝိဇ္ဇာမြင့်တို့ တွေ့ဆုံစဉ်က ပြောခဲ့သော အကြောင်းအရာတစ်ခုပင် ဖြစ်လေတော့၏။ ကျွန်ုပ်လည်း ဘဝတစ်လျှောက်တွင် ကျင်လည်ခဲ့ရသည့်အလျောက် ဆရာကြီး ဝိဇ္ဇာမြင့် ပြောခဲ့သော မီးအိမ်ကို ဆောင်ခဲ့၏။ ကျွန်ုပ်၏ အိမ်ပေါက်ဝတွင်လည်းကောင်း၊ ကျွန်ုပ်ရုံးခန်းရှိ အလုပ်စားပွဲ၏ အထက်တွင်လည်းကောင်း ဆောင်ထားခဲ့၏။

သို့ရာတွင် ထိုအကြောင်း ဂဃနဏကို မည်သူ့ကိုမှလည်း ပြောပြခဲ့ဖူးခြင်း မရှိခဲ့သေးပေ။ ယခုအခါတွင် ကျွန်ုပ်အနေနှင့် နှစ်ပေါင်းများစွာ ဆောင်ထားခြင်းဖြင့် အောင်မြင်မှုများ ရရှိခဲ့ပြီဖြစ်၍ ပြောပြရန် အချိန်အခါကျရောက်ပြီ ဖြစ်သဖြင့် ခုနစ်ရက်သားသမီးများအတွက် အကျိုးရှိစေခြင်းငှာ ကျန်နေ့သားသမီးများအတွက်လည်း ဖော်ပြပေးလိုက်ပါ၏။

၎င်းအဆောင်များကို ဝတ္ထုပစ္စည်းများ တတ်နိုင်ခဲ့လျှင် ဆောင်ထားနိုင်ကြပြီး ဝတ္ထုပစ္စည်းများ အခက်အခဲရှိသူများအတွက် ဖြေရှင်းနည်းမှာ ရုပ်ပုံကားချပ်များ ချိတ်ဆွဲခြင်းပင် ဖြစ်၏။

ရှေးအခါကလည်း ထိုပုံစံများကို မြေတွင် ခတ်နှိပ်ပြီး အဆောက်အဦရှေ့များတွင် တပ်ဆင်ထားလေ့ရှိရာ ယခုအခါတွင်လည်း ထိုရုပ်ပုံကားများ ချိတ်ဆွဲခဲ့လျှင် ကံကောင်းပြီး သိကြားမ,ကိန်းဆိုက်မည် ဖြစ်၏။

သို့ရာတွင် ထိုကဲ့သို့ ရုပ်ပုံကားချပ်၊ ပစ္စည်းများ ချိတ်ဆွဲသည့်အခါတွင်လည်း မှော်ဝင်သည်ဆိုသော စကားအရ မှော်ဝင်နေမှပင် အစွမ်းထက်မည် ဖြစ်၏။ အကယ်၍ မှော်ဝင်ခြင်း မရှိပါက ရုပ်ပုံသည် ရုပ်ပုံသာ ဖြစ်နေပေလိမ့်မည်ဟု ဆိုရပေလိမ့်မည် ဖြစ်၏။

(မှတ်ချက် - ၎င်းအကြောင်းအရာအား ရေးသားက စာမျက်နှာ မလောက်ငှ၍ မှော်ဝင်စေရန် မည်သို့ဆောင်ရွက်ရမည်ကို နားလည်တတ်ကျွမ်းသူများအား မေးမြန်းကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။)

ကျွန်ုပ်အနေနှင့်မူ ကျွန်ုပ် ရှာဖွေတွေ့ရှိထားသော ရုပ်ပုံများကို ရောင်ပြန်မဂ္ဂဇင်းမှတစ်ဆင့် ဖော်ပြပေးခြင်းဖြင့်သာ ဆောင်ရွက်နိုင်၏။ ထို့ကြောင့် ခုနစ်ရက်သားသမီးများအတွက် မှော်ဝင်နေသော ရုပ်ပုံများကို ဖော်ပြလိုရပေတော့သတည်း။

**မောင်မောင်မြင့်အေး**



www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး

တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687
လိုင်စင် ၇/၂၀၀၈၊ တဆထလ (တိုး)-၁၃၁၂




အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ်တဆဝက (စာနယ်ဇင်း) ၁၃၀/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မှုတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဂီတာနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး၊ အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ၊ ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်၊ အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး၊ဝမ်း၊လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ၊ တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။

**ပင်ရင်း - မုံရွာ-ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း**

အမှတ်-၈၂/၃၅၆၊ ပေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၀၀၆၃

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၃၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၃၄၇)


www.burmeseclassic.com

www.burmeseclassic.com

လူမြောက်ကလေး

# မောင်လူမွေး



www.burmeseclassic.com

www.burmeseclassic.com




ဆောင်းအကုန် နွေအကူး လေနုသုတ်ချိန် . . .။

ပဲခူးရိုးမအရှေ့ခြမ်းရှိ ဘုရားကြီးရွာကြီးမှာ (ထိုစဉ်က ရွာကြီးအဆင့်သာ) ပဲခူးရိုးမကြီး၏ အရိပ်အဝန်းထဲမှာရှိနေသဖြင့် ယခုလိုညမျိုးတွင် အေးစက်ငြိမ်သက်၍နေလေသည်။

အနောက်ဘက်ခြမ်း ပဲခူး-မန္တလေးသွား ကားလမ်းမကြီးရှိသော်လည်း အဝေးပြေး ဘတ်စ်ကားတွေ၊ ကုန်ကားကြီးတွေပင် ညဥ့်နက်ပိုင်းတွင် တိုင်းပြည်နိုင်ငံရေးရာသီဥတု မငြိမ်းချမ်းမှုကြောင့် မမောင်းနှင်ရဲကြ။ တာဆုံလမ်းခွဖြစ်၍ ကားများကို အမိုးသပဲပြု၍ ရောင်းချနေရသော ဆိုင်တွေကိုပင် ပိတ်ထားကြရသည်။

ထိုရွာကြီး၏ အထိမ်းအမှတ် အဓိကရဖြစ်သော တောင်ကုန်းပေါ်မှ ဘုရားကြီးပင် မီးမပူဇော်နိုင်သော အခြေအနေ။ ညမှောင်မည်းမည်းတွင် ကြယ်ရောင်၊ လရောင်များနှင့် သီတင်းသုံးနေရသော ကာလ။

ဘုရားကြီးရွာမှာ ပဲခူးမှနေ၍ ဝေါဘက်သို့ လမ်းခွဲထွက်သော ပဲခူး-မော်လမြိုင်ကားလမ်း ရှိသည်၊ ထိုလမ်းဆုံမှပင် မန္တလေးဘက် ဆက်သွားသော ပဲခူး-မန္တလေး ကားလမ်းဆုံရှိသည်

မြန်မာပြည်၏ အဓိကရ မြို့ကြီးများသို့ ခွဲထွက်သွားရာ ကားလမ်းဆုံပင်ဖြစ်သော်လည်း ယခုလိုညမျိုးတွင် ခြောက်ကပ်ဆိတ်ငြိမ်လျက် ရှိနေသည်။ အရဏ်တက်အလင်းသစ်ရောက်လာချိန်မှသာ ထိုနေရာတစ်ဝိုက်မှလူတွေ

www.burmeseclassic.com

www.burmeseclassic.com

နီးထလာပြီး လူတွေလုပ်ငန်းဝင်ကြရသည်ဖြစ်၍ လမ်းဆုံလမ်းခွနေရာမှာ အလွန်ပင် နေ့အခါ၌ စည်ကားလေသည်။

အမှန်တော့ လမ်းဆုံကို အမှီသဟဲပြု အသက်မွေးဝမ်းကျောင်းရသူတွေ အများအပြား မှီတင်းနေထိုင်ရာဖြစ်သဖြင့် ယခုလိုညမျိုးမှာ ငြိမ်သက်တိတ်ဆိတ်နေကြခြင်းလည်း ဖြစ်၏။

သို့သော်...

ဘုတာပိုင်းတွင်နေထိုင်သော တစ်ဖက်ရပ်တဲကလေးတစ်လုံး၌မူ ထိုငြိမ်သက်မှုနှင့် ဆန့်ကျင်ဘက် လှုပ်လှုပ်ရှားရှား ဖြစ်နေသော မိသားစုတစ်စုက ရှိနေ၏။

တစ်ဖက်ရပ်တဲကလေး၏ ထရံပေါက်ကြားမှ မှန်မီးအိမ်အလင်းရောင်သည် ပြောက်တိပြောက်ကျား ထွက်လျက်ရှိပြီး မိန်းမသူတစ်ယောက်၏ အာဝေဇိကဝေဒနာ ခံစားညည်းညူသံ ခပ်တိုးတိုးကို ကြားနေရသည်။

တစ်ဖက်ရပ်တဲကလေးဖြစ်၍ ခေါင်ပင်မရှိသော်လည်း ဆယ်ပေပတ်လည် အခန်းကို အလယ်မှ ငါးပေခွဲ၍ ထရံတစ်ချပ် ခြားထားသော အတွင်းပိုင်း၌ ဝမ်းဗိုက်နာနေသော မိန်းမသူ ခပ်ရွယ်ရွယ်တစ်ယောက်နှင့် အသက်ငါးဆယ်ဝန်းကျင် မိန်းမကြီးနှစ်ယောက်တို့ အလုပ်ရှုပ်နေကြသည်။

ထိုမိန်းမကြီးနှစ်ယောက်မှာ တစ်ယောက်က အရပ်ဝမ်းဆွဲသည် ဒေါ်မိဖြစ်ပြီး တစ်ယောက်မှာ ဗိုက်နာနေသော ဝေဒနာရှင်"မွန်မ"၏မိခင် ဒေါ်ငြိမ်းဖြစ်၏။

ဝမ်းဗိုက်နာနေသော မိန်းမမှာ သူ့အရပ်သူ့ရွာ ကိုယ်ပိုင်နာမည်ရှိမည်ဖြစ်သော်လည်း ဤအရပ်သို့ရောက်လာပြီး အသက်မွေးမှုပြုနေရာမှာ "မွန်မ"ဆိုသော အရပ်အခေါ်သာ တွင်နေခြင်းဖြစ်၏။

မွန်မ၏ ယောက်ျားကကော...

ထိုသို့ပင် မွန်မနှင့်မခြားသော နာမည်တစ်ခုနှင့် တွင်နေပြန်၏။

မွန်မယောက်ျား "အညာသား"။ သူလည်း ဤအရပ်ကမဟုတ်။ သူ့နာမည်ကိုကြည့်၍ အညာဘက်က ရောက်လာသူဖြစ်ကြောင်း သိနိုင်လေသည်။

သူတို့လင်မယားနှစ်ယောက် ထူးခြားချက်က မြန်မာပြည်အထက်ပိုင်း မုံရွာလိုနေရာမျိုးက ရောက်လာသော အညာသားနှင့် မြန်မာပြည်အောက်ပိုင်း တောင်ငူနယ်မှရောက်လာသော မွန်မလေးတို့ ဘုရားကြီးမှာဆုံပြီး ညားကြခြင်းပင်။

အညာသားသည် သူ့မယားမွန်မ ဝမ်းဗိုက်နာနေစဉ် အိမ်ရှေ့ခန်းလေးတွင် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေရာက ရွှေတိဂုံဘုရားပုံတော်ကပ်ထားသော တစ်ထွာသာသာရှိ ဘုရားစင်ကို ကုန်းကုန်းကန်တော့နေသည်။

အခန်းထဲက သူ့မိန်းမ မွန်မဆီက မချိတင်ကဲ ညည်းသံထွက်လေ ဘုရားစင်ကို ကုန်းကန်တော့လေ ဖြစ်နေသည်မှာ အကြိမ်အခါရေတွက်၍ပင် မရတော့။

"အရှင်ဘုရား...တပည့်တော်မိန်းမ ချောချောမောမော မွေးပါစေ။ မွေးရာတွင်လည်း ယောက်ျားလေးဖြစ်ပါစေ။ ယောက်ျားလေးဖြစ်ပါစေ"

အညာသားတို့များ သူ့လိုဘအတွက် လောဘတက်နေသေးသည်။ ဗိုက်နာနေဆဲကလေးကိုပင် သူလိုချင်သော ယောက်ျားလေးဖြစ်ပါစေဟု အကြိမ်ကြိမ် ဆုတောင်းနေသည်။

"ဟယ်...မွေးပြီ..မွေးပြီ"

အညာသား အခန်းထဲကအသံကြောင့် ဝမ်းသာအားတက်သွား၏။ ကလေးအသံကို အပြင်က နားစွင့်၏။

ကလေးငိုသံ တော်တော်နှင့်မကြားရဘဲ အခန်းထဲမှ လှုပ်ရှားသံတွေကိုပဲ ကြားနေရသဖြင့် သူ့မိန်းမအတွက်လည်း စိတ်ပူ၊ ကလေးအတွက်လည်း စိုးရိမ်က မနေနိုင်တော့ဘဲ လှမ်း၍မေးရသည်။

"ဘာလဲ... ဘာလေးလဲဗျ။ ကလေးက ယောက်ျားလေးလား၊ မိန်းမလေးလား"

သူ့အမေးကြောင့် အခန်းထဲက ဝမ်းဆွဲသည် ဒေါ်မိ၏အသံကို ပြန်ကြားရသည်။

"မွေးတော့ မွေးတာပဲ။ အချင်းတိုင်တော့ ဘာတွေနဲ့ပဲ ကလေးက ပျောက်နေတယ်ဟဲ့"

ဒေါ်မိစကားကြောင့် သူထိတ်လန့်သွား၏။ ဘယ့်နယ် မွေးတဲ့ကလေးက ပျောက်နေရပါလိမ့်။ တစ်ဆက်တည်း သူ့ယောက္ခမ ဒေါ်ငြိမ်းကြီးရဲ့ အသံ။

"ဟော...တွေ့ပြီ။ ကလေးက ရေမြှာနဲ့ ရောနေတာကိုး"

"ဒါဆို...ဘာလေးလဲဗျ။ ဘုရားသိကြားမလို့ ယောက်ျားလေးပဲ ဖြစ်ပါစေဗျာ"

"ဒီအညာသားကလည်း တစ်မှောင့်။ ဒီမှာ စိတ်ရှုပ်ရတဲ့အထဲ"

"ယောက်ျားလေးဆိုရင် သူ့သက်သာအောင် သူ့လို ထန်းတက်နိုင်မလို့လားမှ မသိတာတော်"

www.burmeseclassic.com

"ကျူပ်သား ကျူပ်ထန်းတက်နိုင်းရမလားဗျ။ ပညာတတ်ကြီးဖြစ်အောင်သင်မှာပေါ့"

သူတို့ ထိုသို့ အချီအချပြောရင်း အိမ်ခန်းထဲမှ မိန်းမသူကြီးနှစ်ယောက် ဇောချွေးတွေပြန်နေကြလေပြီ။

ကလေးလေးကိုတော့ အချင်းတိုင်နှင့်ဆက်လျက် တွေ့ကား တွေ့ပါ၏။ သို့သော် မွေးရိုးမွေးစဉ် အရွယ်အစားမဟုတ်။ လက်တစ်ဝါးစာအရွယ်။ ပြီးတော့ အသက်မပါ။ အလှူပ်အရှားမဲ့ ဇာသေကလေး။

ဝမ်းဆွဲသည် ဒေါ်မိနှင့် မွန်မ၏ အမေ ဒေါ်ငြိမ်းတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်။

ပြီးတော့ လေသံတိုးတိုးဖြင့် ကာယကံရှင် မွန်မ မကြားအောင် ပြောလိုက်မိကြသည်။

"ခြေတွေ၊ လက်တွေ အားလုံး အင်္ဂါအစုံအစေ့ပဲ။ ဒါပေမယ့် လက်တစ်ဝါးစာ အသက်ပါလာတဲ့ အသေကလေးဆိုတော့ ဘယ်လိုလုပ်မလဲ"

"ဘယ်လိုလုပ်ရမလဲ။ အသေကလေး လူတန်းမစေ့မွေးတဲ့ အသေကလေးဆိုတော့ အညာသားကိုပြောပြီး မြေမြှုပ်ခိုင်းလိုက်ရုံပေါ့"

"အို··မလုပ်ပါနဲ့။ အဲဒီလို မလုပ်ကြပါနဲ့"

သူ့အမေနှင့် ဝမ်းဆွဲသည်တို့၏ စကားကို မီးနေသည် မွန်မ ကြားသွားပြီး အလျင်စလို အပြင်းအထန် ကန့်ကွက်စကား ဆိုတော့သည်။

ပြီးတော့ ဆက်၍ပြောသည်။

"အမေ · · ·သမီးသားလေးကို ရက်ရက်စက်စက် အဲဒီလိုမလုပ်ကြပါနဲ့။ အမေ့ကို သမီးပြောစရာစကားတွေ ရှိနေတယ်"

"ဘာစကားတွေလဲ။ အရင်က ဘာဖြစ်လို့ မပြောတာလဲ"

"သမီးပြောရင် အမေတို့က မယုံမှာစိုးလို့ မပြောတာပါ။ ဒါကြောင့် ဟုတ်မဟုတ် အခြေအနေကို စောင့်ကြည့်ပြီး ခုတကယ်ဖြစ်လာတော့မှ သမီးမပြောမဖြစ် ပြောရတော့မှာပါ။ ခုတော့ သမီးပြောသလို လုပ်ပေးကြပါ"

မွန်မ၏ ထူးထူးဆန်းဆန်း စကားကြောင့် မွန်မ၏မိခင် ဒေါ်ငြိမ်းကော ဝမ်းဆွဲသည် ဒေါ်မိကော စိတ်ဝင်တစားနားထောင်နေလိုက်ကြသည်။

သို့သော် မွန်မသည် သူစိမ်းတစ်ရံဆံဖြစ်သော ဝမ်းဆွဲသည်ဒေါ်မိ ရှိနေသဖြင့် တစ်စုံတစ်ခုကို လျှို့ဝှက်ရတော့မည်ဟု အချိန်မီတွေးကာ ထိန်းထိန်းသိမ်းသိမ်း ပြောရတော့သည်။

"လောလောဆယ် အဲဒီကလေးကို မြေမမြှုပ်ကြပါနဲ့ဦး။ သူ့အဖေ အညာသားနဲ့ တိုင်ပင်ပြီးမှ မြေမြှုပ်တဲ့ကိစ္စစီစဉ်ကြမယ်။ ခုတော့ အဲဒီကလေးကို သန့်သန့်စင်စင်လုပ်ပြီးတော့ ဆန်ကောထဲမှာ သူ့အဖေပုဆိုးစုတ်ပတ်ပြီး နွေးနွေးထွေးထွေး ထားပေးပါ အမေ"

မွန်မစကားကြောင့် ကလေးပေါင်းများစွာ မွေးပေးခဲ့ဖူးသော ဝမ်းဆွဲသည် ဒေါ်မိ ဓာတ်ပေါက်သွားလေပြီ။

သူမ၏ ဝမ်းဆွဲသည်အတွေ့အကြုံမှာ ထိုလက်တစ်ဝါးစာရှိသော ကလေးအသေကလေးမျိုး တစ်ခါမျှ မမွေးဖူးပေမည့် ဒေါ်မိ၏ အမေ၊ အဘွားတွေလက်ထက် ဝမ်းဆွဲသမားစဉ်အရ သိလိုက်လေပြီ။

"တချို့ ဗိုက်ကြီးသည်တွေဟာ လူ့ခြောက်ကလေးတွေ မွေးတတ်တယ်။ မွေးခါစကတော့ အစိုကလေး၊ လက်တစ်ဝါးစာပေါ့လေ။ အသက်မပါပေမယ့် အင်္ဂါအပြည့်အစုံပဲ။ ကြာတော့ခြောက်သွားပြီး ခပ်သေးသေးကလေး ဖြစ်သွားတယ်။ အဲဒီလို လူ့ခြောက်ကလေးမွေးရင် ကာယကံရှင်မိဘနှစ်ပါး ထူးထူးခြားခြား အကျိုးပေးလေ့ရှိတတ်ကြတယ်"

ဝမ်းဆွဲသည်ဒေါ်မိသည် သူမ၏ အမေနှင့် ဘွားအေ ဝမ်းဆွဲသည်ကြီးများဆီက ကြားခဲ့ဖူးသော စကားအရ မွန်မ၏ အသက်မပါသော ထိုထူးထူးခြားခြားကလေးကို မွန်မဆန္ဒအတိုင်း မွန်မ၏အမေ ဒေါ်ငြိမ်းနှင့်အတူ ပြုလုပ်ဆောင်ရွက်ပေးခဲ့လေသည်။

× × ×

မွန်မ၏ ယောကျ်ား အညာသားကတော့ အညာမှာနေစဉ်က မိဘမဲ့၊ ဘုန်းကြီးကျောင်းသားတစ်ဦးပီပီ ထိုအတွေ့အကြုံမျိုးမရှိ၍ ဘာမျှနားမလည်နိုင်သော်လည်း အခန်းထဲမှ မိန်းမသူတွေ ပြောသံဆိုသံ၊ လှုပ်ရှားသံတွေကို အတိုင်းသားကြားနေရသည်။

အညာသားမှာ မိမိ၏ရင်သွေးကလေး မွေးဖွားသည်မို့ ကလေးကိုလည်း ကြည့်ချင်မြင်ချင်၊ ပြောဆိုနေကြသော စကားတွေကိုလည်း စိတ်ဝင်စားနေပြန်ရာ ခြားထားသော ထရံပေါက်ကြားက အခန်းကလေးအတွင်းသို့ မနေနိုင်တော့ဘဲ ချောင်းကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

သူချောင်းကြည့်ချိန်၌ ကလေးကို သန့်စင်ပြီးလေပြီ။

သူတို့လင်မယားမှာ လက်လုပ်လက်စား ဆင်းရဲသားများဖြစ်ရကား ထွေထွေထူးထူး ကလေးအတွက် အနီးဝိတ်စပင် မဝယ်နိုင်ဘဲ သူ၏ပုဆိုးစုတ်ကို အနီးအဖြစ်သုံးရန် ပိုင်းဖြတ်ထားရသည်။

ထိုပုဆိုးစုတ် အနီးကလေးနှင့် ကလေးဟုဆိုသော အရာကလေးတစ်ခုကို ထွေးပတ်၍ ဆန်ကောဟောင်းတစ်ချပ်ထဲမှာ ထည့်ထားသည်ကို တွေ့လိုက်ရသည်။ ကလေးငိုသံမကြားရ၍ ထိုကလေးမှာ အသက်မပါလာကြောင်း သေချာသွားလေပြီ။

ထို့ကြောင့်··· အညာသားမှာ အတော့်ကို စိတ်ရှုပ်သွားလေသည်။ သူ့ဘဝသည် ကုသိုလ်ကံ မဲ့လှ၏။ ငယ်စဉ်က မိဘနှစ်ပါး သေဆုံးသွား၍ ဆွေနီးမျိုးစပ် ဘုန်းတော်ကြီးကျောင်းမှာ ကပ်ရပ်ကြီးပြင်းခဲ့ရသည်။

အရွယ်ကလေးရလာတော့ ဘုန်းကြီးဝတ်ရန် ဇာတာမပါသော သူသည် ထန်းတက်သမားအဖြစ် ထန်းတက်သမားအိမ်မှာ ကြီးပြင်းခဲ့ရပြန်သည်။

ထန်းတက်တတ်သော အလေ့အကျင့်၌ ထန်းရည်ခံ၊ ထန်းနို့လှီး၊ ထန်းပြင်ခြင်း အတတ်ပညာကိုတော့ ရခဲ့ပါ၏။ သို့သော် သူ့အလုပ်ရှင်မှာ ခပ်တေတေလူစားဖြစ်ပြီး ထန်းရည်သောက်၊ ကြက်တိုက်၊ အလုပ်ကို လက်ကြောတင်းအောင် မလုပ်သဖြင့် ထန်းတောကြီးကို ရွာမှ တရုတ်ကုန်စုံဆိုင်သူဌေးထံ အပိုင်ထိုးအပ်လိုက်ရတော့ သူ အလုပ်လက်မဲ့ဘဝ ရောက်သွား၏။

ထိုသို့ အလုပ်လက်မဲ့ဖြစ်နေစဉ် အောက်ပြည်အောက်ရွာ၌ အညာက ထန်းတက်သမားတွေ ဆင်းပြီးအလုပ်လုပ်ကြသော သတင်းအရ သူသည် ပဲခူးအပိုင် ဘုရားကြီးထန်းတောသို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

ဘုရားကြီးထန်းတောမှာ ထန်းတက်သည်။ ဆောင်းနှင့်နွေအခါ အလုပ်ကောင်းသော်လည်း မိုးတွင်းအခါ အလုပ်က မကောင်းပြန်။ ဒါပေမည့် လမ်းဆုံလမ်းခွအရပ်မို့ အလုပ်က မရှား။ ကုန်ထမ်းမလား၊ ဒိုက်ဦးဘက်က ဘဲကင်ယူရောင်းမလား၊ မြစ်ကျိုးအင်းနှင့် ညောင်လေးပင်ဘက်က ပုစွန်ချဉ်ထုပ်၊ ငါးချဉ်ထုပ်တွေ ယူရောင်းမလား၊ ဒါမှမဟုတ် ပဲခူးကွင်းတွေထဲက စာကလေးကြော်၊ စနိုက်ကြော် ဖောက်သည်ယူရောင်းဦးမလား။ အလုပ်နှင့်လက် မပြတ်ဘဲ အညာမှာလို အူခြောက်၊ ခါးလိမ် မဟုတ်တော့။

အညာသား ထန်းတက်နေစဉ် မွန်မကလည်း သူ့ဦးလေးအိမ်လာရင်းက ပုစွန်ချဉ်ထုပ်ရောင်းရင်း အညာသားနှင့်ဆုံပြီး ချစ်ကြိုက်ညားသွားကြသည်။

မွန်မ၏ဦးလေးမိသားစုမှာလည်း ဆင်းရဲသားမိသားစု ဖြစ်၍ ဘုရားကြီးလမ်းဆုံကိုမှီပြီး ခေါင်းရွက်ဗျပ်ထိုးဈေးသည်များ ဖြစ်ကြပြီး သူတို့လို ဆင်းရဲသားအများစုနေထိုင်ရာ ဘုရားကြီးဘူတာပိုင်း၌ တဲကလေးများ ထိုး၍ နေထိုင်ကြရသူများ ဖြစ်၏။

ဘူတာပိုင်းသည် ဈေးကွက်အားဖြင့် နှစ်သီးစားဟု ဆိုရမည်။ ရထားလမ်းဘေးမှာ မြေကွက်ဦးပြီးနေကြသော ဒေသခံများက သူတို့ဦးထားသော မပိုင်မြေကွက်များတွင် ထပ်မံ၍ တဲကလေးများထိုး၍ ငှားစားတတ်ကြရာ ထိုငှားစားသော တဲကလေးများတွင် မွန်မတို့လို တစ်နယ်တစ်ကျေးမှ လာရောက်ကြသူများ ကွန်းခိုရာ ရပ်ဝန်းကလေးဖြစ်နေတတ်သည်။

ဘူတာပိုင်းတွင် နေသူများဖြစ်၍ ကားလမ်းဆုံမှာ ဈေးရောင်းရာက ပြန်လာပြီး ရထားအဝင်အထွက်မှာ ဈေးရောင်းနိုင်၏။

ရန်ကုန်-မန္တလေး အမြန်ရထားများ ဘုရားကြီးဘူတာတွင် ရပ်လေ့မရှိသော်လည်း ထိုဒေသသားတွေက ဘူတာအဝင်အထွက် ရထားအရှိန်လျှော့သည်နှင့် အတက်အဆင်း အခုန်အပျံတွေလုပ်ပြီး ရထားကြီးတွေပေါ်တက်ပြီး ဈေးရောင်းနိုင်ကြသည်။

သို့သော် သက်စွန့်ဆံဖျား နိုင်လှသည်။ အသက်ပေါင်၍ အလုပ်လုပ်ကြရ၏။ ငွေကြေးအရင်းအနှီးမရှိ၍ ကုန်ကောက်ပြန်ရောင်း ငွေသွင်းစနစ်နှင့် လုပ်ကိုင်ရောင်းချ စားသောက်နေကြရသူများမို့ ကုန်ပစ္စည်းပိုင်ရှင်ကို လုပ်ကျွေးနေရသလို ရှိနေကာ ရရစားစားနှင့် လင်မယားနှစ်ယောက် အနိုင်နိုင်ဝမ်းကျောင်းနေရသည်။

အညာသားဘဝမှာ ပင်ပင်ပန်းပန်း ရှန်းကန်အသက်မွေးရသလို သူ့မိန်းမ မွန်မဘဝမှာလည်း အညာသားကဲ့သို့ ယခုတိုင် ပင်ပင်ပန်းပန်း ဆင်းရဲချို့တဲ့စွာ အသက်မွေးဝမ်းကျောင်းပြုခဲ့ရသည့် ဘဝမျိုး။



www.burmeseclassic.com

www.burmeseclassic.com

ယခုလည်း သားဦးကလေး မွေး ပြီဆိုတော့ ဝမ်းသာရမည်မှ မကြာသေး။ အသေကလေး မွေးပြီဆိုတော့ အညာ သား စိတ်ဓာတ်တွေ ကုန်းကောက်စရာ မရှိအောင် ကျသွားရလေပြီ။

အညာသားသည် ဘုန်းကြီးကျောင်း သားပီပီ စိတ်ဓာတ်ကျလျှင် ဘုရားကို သာ ကုန်း၍ရှိခိုးတတ်သူပီပီ ယခုလည်း ပါထရံကြားမှာ ညှပ်၍ကပ်ထားသော ရွှေတိဂုံပုံတော်ကားချပ်ကို ကုန်း၍ ရှိခိုး နေမိတော့သည်။

× × ×

မနက်မိုးလင်းတော့ ဝမ်းဆွဲသည် ဒေါ်မီ သူ့အိမ်သို့ ပြန်သွားလေပြီ။

သည်တော့မှ မွန်မ၏ မိခင်ဖြစ်သူ ဒေါ်ငြိမ်းက သမီးဖြစ်သူ မွန်မကိုမေးရ သည်။

"သမီး . . .ညက အမေတို့ကို ပြောပြစရာရှိတယ်ဆိုတာ ဘာစကား များလဲ"

အညာသားသည် မနက်အရုဏ် တက် ဈေးရောင်းထွက်ရန် ပြင်ဆင်နေ ရာက ယောက္ခမကြီးစကားကို စိတ်ဝင် စားသွားသည်။

"ကျွန်မ ကလေးမမွေးခင်ညက အိပ်မက်မက်တယ် အမေ။ ကျွန်မဆီ ကို နန်းဝတ်နန်းစားနဲ့ မင်းသားလေးတစ် ပါး ရောက်လာပြီး အမေတို့နဲ့ သား အတူနေရအောင် လာခဲ့မယ်။ အဲဒီလို အတူနေမှာကလည်း ဟိုးအတိတ်ဘဝ က သား အမေ၊ အဖေတို့ကို ကျေးဇူး ဆပ်နိုင်ခဲ့လို့ လာဆပ်တဲ့အနေနဲ့ နေ သွားမှာပါလို့ အိပ်မက်ထဲမှာ ပြောသွား ခဲ့တယ် အမေ"

"သမီးတို့နဲ့ အတူတူနေချင်လို့ လာတာဆိုရင် ကောင်းကောင်းမွန်မွန် ထားပေါ့ သမီးရယ်"

သားအမိနှစ်ယောက် အချီအချ ပြောနေစဉ် အညာသားသည် ဖခင်တစ် ဦးပီပီ ဆန်ကောထဲမှ ပုဆိုးစုတ်ပတ် ထားသော သူ့သားဟုဆိုသော အရာ ကလေးကို တစ်ချက်ကြည့်ပြီး မွန်မကို လှမ်းပြောသည်။

"နင်လည်း နေကောင်းအောင် နေ။ ငါဈေးထွက်ရောင်းလိုက်ဦးမယ်။ အဒေါ်လည်း ဒီရက်အတွင်း တောင်စွန်း ကို မပြန်ပါနဲ့ဦး။ ကျွန်တော် ဈေးရောင်း ထွက်တုန်း အဒေါ်သမီးကို ပြုစုမယ့် ကိုယ်ခွဲမရှိလို့ပါ"

အညာသားက ယောက္ခမဖြစ်သူ ဒေါ်ငြိမ်းကိုမှာပြီး အိမ်မှထွက်လာခဲ့သည်။

× × ×

အညာသား အိမ်ကထွက်လာပြီး နောက် ဘဲကင်ယူရောင်းနေကျ ဒိုက်ဦး ဆိုင်မှာ ဘဲကင်ဝင်ယူသည်။

ဘဲကင်သုံးကောင် ခြင်းထဲထည့် ပြီး အကောင်လိုက်ရောင်းရခြင်းပင်။ ထန်းတက်ခြင်းအလုပ်က အန္တရာယ်များ ၍ အညာသား ဘဲကင်ကို စွဲစွဲမြဲမြဲ ရောင်းချနေခြင်းဖြစ်၏။

တစ်ကောင်အစိတ်နှင့် ရောင်းရာ မှ တစ်နေ့လျှင် ဆယ်ကောင်ခန့်ရောင်း ရလျှင် သူ့အတွက် အသားတင် အမြတ် ၂၀ ခန့် ကျန်သည်။ ဆန်တစ် ပြည် ငါးကျပ်ခေတ်မှာ ကျန်သည့် ဆယ့် ငါးကျပ်ထဲမှ ဟင်းချက်စရာ တစ်ဆယ် ဖိုးမျှ အကုန်ခံ၍ ငါးကျပ်ကို အိမ် အတွက် ဗာဟီရသုံးရန် ထားရသည်။

ယခင်နေ့များက လင်မယားနှစ် ယောက်ရောင်းလျှင် နှစ်ယောက်လုပ် အားနှင့် သူ့မိန်းမ မွန်မကလည်း သူ့ လို ဆယ်ကောင်လောက်မရောင်းရစေ ကာမူ ရှစ်ကောင်၊ ကိုးကောင် ရောင်း နိုင်သူဖြစ်၏။

ခုတော့ သူတစ်ယောက်တည်း ရောင်းပြီး နေ့ဝက်နှင့် ဆယ်ကောင်ကုန် ၏။ နေ့လယ်စာ ထမင်းစားရန် အိမ်သို့ ပြန်လာခဲ့သည်။

သူ့အိမ်သို့အရောက် သူလုံးဝ မျှော်လင့်မထားသော ကရင်အဘိုးကြီး တစ်ယောက် ကရင်သင်တိုင်းဝတ်စုံနှင့် သူ့အိမ်ရောက်နေသည်ကို တွေ့လိုက် ရသည်။

ထိုကရင်အဘိုးကြီးက သူဝင်လာ သည်ကို ကြည့်ပြီး ခေါင်းတဆတ်ဆတ် ညိတ်သည်။ ပြီးတော့ သူ့ဘေးမှာချ ထားသော ဂျပ်ခုတ်လွယ်အိတ်ညစ်ညစ် ကြီးကို ကောက်လွယ်ကာ ဂျပ်ခုတ် လွယ်အိတ်ထဲမှ ကွမ်းအစ်ဘူးကြီး တစ်ဘူးကို ထုတ်ကာ အညာသားအား ပေးလေ၏။

"မင်းက ဒီအိမ်ရဲ့ အိမ်ဦးနတ်ဆို တော့ မောင်လူမွေးရဲ့ ဖခင်အစစ်ပဲ။ ဒါကြောင့် မောင်လူမွေးပေးခိုင်းလိုက်တဲ့ ဒီယွန်းကွမ်းအစ်ဘူးကြီးကို လက်ခံယူပါ။ ကျုပ်က မင်းအလာကို စောင့်နေတာ"

အညာသားက ယွန်းကွမ်းအစ်ကို လက်ခံယူပြီး ပြန်မေးသည်။

"နေပါဦးဗျ။ မောင်လူမွေးဆိုတာ ဘယ်သူလဲ။ ပြီးတော့ ခင်ဗျားကတော



www.burmeseclassic.com

www.burmeseclassic.com

ဘယ်ကလာတာလဲ"

"ကျုပ်လာခဲ့တာ ဟိုး・・・ရိုးမ တောင်ကြီးပေါ်ကပဲ"

ကရင်ကြီးက ပြောရင်း လက်တစ်ဖက်နှင့်ပြရာနေရာအရပ်ကို အညာသား လှမ်းကြည့်လိုက်တော့ ဒေးစွန်ပါ တောင်တန်းဘက် ဖြစ်နေ၏။

သူ့ဇနီး မွန်မနှင့် ယောက္ခမ ဒေါ်ငြိမ်းတို့ကလည်း ခြေရင်းအတွင်း ခန်းပေါက်မှ လှမ်းကြည့်နေကြသည်။

ကရင်ကြီးက ဆက်လက်၍ -

"မောင်လူမွှေးဆိုတာကတော့ ဟိုနှစ်ပေါင်းများစွာက ပဲခူးဟံသာဝတီပြည်ကြီးကို အနောက်ဘက်လွန်မင်း လာပြီး တိုက်တုန်းက ဟံသာဝတီအပျက်မှာ ရိုးမတောင်တန်းကြီးတွေအပေါ် ခြွေရံသင်းပင်းတွေနဲ့ စစ်ရှောင်ပြေးဝင် ခိုပုန်းခဲ့တဲ့ မွန်မင်းသားလေးတစ်ပါးပဲ။ ကျုပ်ကတော့ သူ့ရဲ့ အိမ်တော်ပါ ငယ်ကျွန်ကြီး ရွှေကရင်ပေါ့လေ"

ဘုန်းကြီးကျောင်းသား ဖြစ်ခဲ့၍ စာပေအနည်းတတ်ကျွမ်းသော အညာသားက ရွှေကရင်ဆိုသော ကရင်အဘိုးကြီးကို ကြည့်၍・・・

"အနောက်ဘက်လွန်မင်းလက်ထက် ဟံသာဝတီအပျက်မှာဆိုတော့ နှစ်ပေါင်းရာနဲ့ချီ ကြာပြီပဲ။ ရွှေကရင်ကြီးကိုကြည့်ရတာ အသက် ၇၀-၈၀ အရွယ်လို့ပဲ ထင်ရတယ်"

"အဲဒါ ဂမ္ဘီရလောကရဲ့ ဆန်းကြယ်မှုတွေပဲ။ ကျုပ်ဒါတွေကို ရှင်းပြဖို့လာတာ မဟုတ်ဘူး။ အညာသားကခု မောင်လူမွှေးရဲ့အဖေ ဖြစ်နေတော့ မောင်လူမွှေးပို့ခိုင်းလိုက်တဲ့ ဒီယွန်းကွမ်းအစ် လက်ခံပါ။ ပြီးတော့ ကွမ်းအစ်ထဲက ရွှေငွေရတနာတွေကို ထုခွဲပြီး ကြီးပွားတိုးတက်အောင် ကြံဆောင်ပြီး・・・သာသနာပြုပုဂ္ဂိုလ်မိသားစုဖြစ်အောင် ကြိုးစားပါလို့ မှာချင်ပါတယ်"

ရွှေကရင်ကြီးက ပြောရင်း သူတို့၏ တစ်ဖက်ရပ်တဲကလေးပေါ်မှ ဆင်းသွား၏။

ရွှေကရင်ကြီးပြောတာ ဟုတ်မဟုတ် စိတ်စောနေသဖြင့် ရွှေကရင်ကြီးပေးသော ယွန်းကွမ်းအစ်ကြီးကို အညာသား အရင်ဆုံး ဖွင့်ကြည့်သည်။

ရွှေချောင်းတွေ၊ ရေးပေါင်းလက်ဝတ်ရတနာပစ္စည်းတွေ မြင်လိုက်ရပြီး အံ့အားသင့်နေစဉ် မွန်မနှင့် ယောက္ခမကြီးပါ ရေ့တိုးပြီး ဝိုင်းအံ့ကြည့်ကြကာ ဝမ်းသာလုံးဆို့သွားကြသည်။

မွန်မဆိုလျှင် မျက်ရည်များပင် ကျလာသည်။

အညာသားက ရွှေကရင်ကြီးအား ခုမှသတိရပြီး မေးစရာရှိသည်တို့ကို မေးမြန်းရန် ရွှေကရင်ကြီးဆင်းသွားရာဘက်သို့ လှမ်းကြည့်လိုက်တော့ ရွှေကရင်ကြီးကို လုံးဝမတွေ့ရတော့ဘဲ ပျောက်ကွယ်သွားခဲ့လေပြီ။

"ပဲခူးရိုးမတောင်ပေါ်တစ်နေရာက မင်းသားလေး မောင်လူမွှေးဆိုတော့・・・အိမ်မှာမွေးထားတဲ့ သားလေးဟာ ပဲခူးရိုးမပေါ်က ဟံသာဝတီမင်းသားလေး မောင်လူမွှေးများ ဖြစ်လေမလား"

အညာသား ပဟေဠိထုတ်ရင်း စဉ်းစားကာရေရွတ်လိုက်စဉ် ယောက္ခမကြီး ဒေါ်ငြိမ်းက -

"ဖြစ်ရလိမ့်မယ် မဟုတ်ဘူး။ ဖြစ်ကိုဖြစ်ရမယ်။ အဲဒီမင်းသားလေးဟာ ထူးခြားတဲ့အသွင်ကိုယူပြီး မင်းတို့အိမ်မှာ လာဝင်စားတာ။ ဒီကလေးကို ကောင်းကောင်းမွန်မွန် မွေးကြရလိမ့်မယ်ကွယ့်"

"ဆင်းရဲတဲ့ ကျွန်တော်တို့မိသားစုကို ကူညီမစဖို့ သားကလေးက ရောက်လာပြီဆိုတော့ ကျွန်တော်တို့ကလည်း သူ့ကို ကောင်းကောင်းမွန်မွန် မွေးကြရမှာပေါ့ အဒေါ်ရယ်・・・"

× × ×

မကြာမီ ကာလအတွင်းမှာပင် လမ်းဆုံလမ်းခွမှာ ဘဲကင်ခေါင်းရွက်ရောင်းချစားသောက်နေရသော အညာသားနှင့် မွန်မ ဆင်းရဲသားလင်မယားနှစ်ယောက်မှာ ဆိုင်ကြီးတစ်ဆိုင် အပိုင်ဝယ်ကာ နာမည်ကြီးစားသောက်ဆိုင်ကြီးတစ်ဆိုင် ဖွင့်လှစ်ကြသည်။

သူတို့ဆိုင်မှာ အရက်သေစာ လုံးဝမရောင်းဘဲ ထမင်းဟင်းနှင့် အခြားသော စားသောက်စရာများကို အလှူကြီးပေးသလို အမြတ်ပဓာနမထားဘဲ ယနေ့တိုင် သားစဉ်မြေးဆက် ရောင်းချရင်း ကြီးပွားသည်ထက် ကြီးပွားလျက် ရှိလေပြီ။

ဒါကို ဝမ်းဆွဲသည်မကြီး ဒေါ်မိ၏စကားနှင့် ပြောရလျှင် "လူချောက်ကလေး မောင်လူမွှေးက အကျိုးပေးတာ"ဟု ပြောရပေလိမ့်မည်။

---

ကျော်မင်းနိုင်

---



www.burmeseclassic.com

www.burmeseclassic.com

# လွမ်းမောဖွယ်ကောင်းသော
# မတွေးရဲဇာတ်ကြောင်း

## ကိုမောင်သန့်ဝင်း



www.burmeseclassic.com

www.burmeseclassic.com

( ဖြစ်ရပ်မှန်ဝတ္ထု )

# လွမ်းမောဖွယ်ကောင်းသော

# မထွေးလှဇာတ်ကြောင်း

## ကိုမောင်သန်းဝင်း

ကျွန်ုပ်သည် သာမန်ထက် ထူးဆန်းသော အကြောင်းအရာ အဖြစ်အပျက်နှင့် ဇာတ်လမ်းဇာတ်ကွက်များကို လွန်စွာစိတ်ဝင်စားသည့်အားလျော်စွာ လက်လှမ်းမီရာ ဝတ္ထု၊ စာပေများနှင့် ဗဟုသုတဖြစ်ဖွယ်ရာ နေရာများဆီသို့ တခုတ်တရ သွားရောက်လေ့လာခဲ့လေ၏။

ယင်းသို့ ဖတ်မှတ်လေ့လာခဲ့မှုများကြောင့် ထူးဆန်းလှပါသော ဂမ္ဘီရဆန်ဆန် အဖြစ်အပျက် ဇာတ်ကြောင်းများစွာ သိရှိခဲ့လေရကား စုံစီနဖာ သိခဲ့ရသော အဖြစ်အပျက်များကို ဇာတ်လမ်းဆင်၍ မဂ္ဂဇင်းမျိုးစုံ၊ ဂျာနယ်စုံတို့တွင် ပြန်လည်ဖောက်သည်ချကာ စာဖတ်သူတို့အား စိတ်ဝင်စားဖွယ် ရေးသားတင်ပြခဲ့ပါ၏။

ကျွန်ုပ် ရေးသားခဲ့သမျှသော ဇာတ်ကြောင်းများသည် များသောအားဖြင့် သာမန်အဖြစ်အပျက်များထက် ထူးခြားသော ဂမ္ဘီရဆန်ဆန် အဖြစ်အပျက်များပါတည်း။



www.burmeseclassic.com

www.burmeseclassic.com

အနီ အဖြစ်အပျက်များသည် စိတ်ကူးယဉ်ဆန်လှပါသော်ငြား ဗုဒ္ဓ အဘိဓမ္မာစာပေနှင့် ချိန်ထိုးကြည့်ခြင်း၊ ကမ္ဘာ့မနောသုတေသီတို့၏ သုတေသန လုပ်ဆောင်ချက်များနှင့် ခိုင်းနှိုင်း ကြည့်ခြင်း၊ ဝိဇ္ဇာပညာရပ်ဆိုင်ရာ တွေးဆဖော်ထုတ်ချက်များနှင့် တွက်ဆခြင်းအမှုပြုလေသော် ကျွန်ုပ်ရေးသားခဲ့ပါသော အဖြစ်အပျက် ဇာတ်ကြောင်းများသည် ယုတ္တိတန်လျက် ရှိနေကြောင်း ပြောဆိုရပါ၏။

ယခု ကျွန်ုပ် လေ့လာခဲ့ရ၊ သိခဲ့ရသော အဖြစ်အပျက်တစ်ခုကို ရေးပြ၊ ပြောပြပါမည်။ ယင်းဇာတ်ကြောင်းကို သိရှိခဲ့ရသည့် နေရာသည်ကား မော်လမြိုင်တစ်ဖက်ကမ်း ဘီလူးကျွန်း ရှိရာ ရပ်ကွက်ငယ်လေးတစ်ခုမှ ဖြစ်ပါ၏။ လွန်စွာစိတ်ဝင်စားဖွယ်ကောင်းလှသလို ကြေကွဲဖွယ်ရာ၊ ဗဟုသုတယူစရာ၊ ဆင်ခြင်ဖွယ်ရာလည်း ကောင်းလှပါ၏။

ကျွန်ုပ်သည် ဘီလူးကျွန်းဆီသို့ လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်ခန့်က ရောက်ခဲ့လေ၏။ နယ်မြေများစွာသို့လည်း ရောက်ဖူးလေ၏။ ရောက်ခဲ့ဖူးသောနေရာ၏ သမိုင်းကြောင်းကို သိလိုစိတ်အရ လေ့လာမေးမြန်းတတ်သည့် အကျင့်ဓလေ့ရှိနေရကား စာအုပ်များစွာတွင်လည်းကောင်း၊ ယင်းဒေသရှိ လူကြီးသူမများထံတွင်လည်းကောင်း မေးမြန်းတတ်သည့်အတွက် စုံစုံစေ့စေ့ မဖြစ်သော်ငြားလည်း အတော်အတန် သိရှိခဲ့လေ၏။

ထိုကဲ့သို့ သိရှိခဲ့ရသည့်အတွက် နေရာဒေသများရှိ လူနေမှု အဆင့်အတန်း၊ ရိုးရာအယူအဆတို့ကို လေ့လာမိလေ၏။ ရိုးသားသော လူ့ဘဝကို ပိုင်ဆိုင်ထားသူ၏အဖြစ်သည် ဘဝအေးချမ်းမှု ရှိသော်ငြားလည်း ခေတ်မီဆေးဝါး တိုးတက်မှု အခြေအနေတို့ကို နားမလည်ခြင်း၊ မခံယူတတ်ခြင်းတို့ကြောင့် မဖြစ်သင့်တာဖြစ်၊ မသေသင့်တာသေ ဆိုသည့် အဖြစ်များကို ကြုံကြရလေ၏။

ကျွန်ုပ် ရောက်ခဲ့ပါသော ဘီလူးကျွန်းရှိ ရပ်ကွက်မှ လူငယ်၊ လူကြီး အချို့သည် လွန်စွာရိုးသားကြလေ၏။ ရှေးအယူအစွဲများကိုကား ရိုးရာအရ လက်ခံကျင့်သုံးနေကြ၏။ ခြုံ၍ဆိုရသော် ဘီလူးကျွန်းသည် ရာသီဥတု မျှတပြီး နေချင်စဖွယ်မြို့လေးပါတည်း။

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင် (၆)မြို့နယ်တွင် ဘီလူးကျွန်းသည် ချောင်းဆုံမြို့နယ်တွင် ပါဝင်လေ၏။ ဘီလူးကျွန်းဟု ခေါ်ဆိုရခြင်းမှာ အနောက်တိုင်းမှ သမိုင်းဆရာများက စမင်၊ မလေးလူမျိုးများက စမောင်းဟူ၍လည်းကောင်း၊ ရက္ခ(ရေဘီလူး) ဟူ၍လည်းကောင်း၊ ခေါ်ဝေါ်သော လူသားစား ကပ္ပလီနီဂရစ်တိုများ နောက်ဆုံး နေထိုင်သွားသောကြောင့် ဘီလူးကျွန်းဟု ခေါ်ဆိုခြင်းဟူ၏။

ဘီလူးကျွန်းကို ဝိုင်းရံထားသော မြစ်တစ်ကမ်း အရှေ့ဘက်တွင် မော်လမြိုင်နှင့် မုဒုံ၊ မြောက်ဘက်တွင် မုတ္တမ၊ တောင်ဘက်တွင် ကျိုက္ခမိ ရှိလေ၏။ သမိုင်းအရ ဘီလူးကျွန်းတွင် (၆၄)ရွာ ရှိသည်ဆိုသော်ငြား ရွာသိမ် ရွာငယ်များနှင့် ဆိုပါက (၉၄)ရွာရှိလေ၏။ ယခုအခါ ကျေးရွာအုပ်စု (၄၃) အုပ်စု ဖွဲ့ထားသည်ဆို၏။

ကျွန်ုပ်ရောက်ခဲ့သော ရွာသည် ကွမ်ရိုက်ရွာ ဖြစ်လေ၏။ မိတ်ဆွေကြီး ဖော်ထွန်းလင်းမှ အဖော်ခေါ်ယူ၍ ကျွန်ုပ်လည်း မရောက်ဖူးသောနေရာကို ရောက်လို၍ တခုတ်တရပင် လိုက်ခဲ့မိလေ၏။

ကျွန်ုပ်တို့ တည်းခိုသော ဦးမောင်လှ နေအိမ်သည် ခြံကျယ်ကြီးနှင့် ဖြစ်လေ၏။ ဒူးရင်းပင်များစွာကိုလည်း တွေ့ရလေ၏။ ကျွန်ုပ်ရောက်စဉ်က ဒူးရင်းသီး မပေါ်သေး၍ မစားဖြစ်ခဲ့ရ။ ဦးမောင်လှတို့ မိသားစု၏ ကျွေးမွေးဧည့်ခံမှုကိုကား အားနာစဖွယ် တစ်ဝပင် စားသောက်ခဲ့ရလေ၏။

ကျွန်ုပ်သည် ဘီလူးကျွန်း ရောက်နေစဉ်အတွင်း အခွင့်အရေးရလျှင် ရသလို ထူးဆန်းထွေလာ ဖြစ်စဉ်များကို မေးလေ၏။ ရွာခံတို့ကလည်း အဖြစ်အပျက်မျိုးစုံကို ပြောပြလေ၏။ ကျွန်ုပ်အဖို့လည်း ရေးစရာကုန်ကြမ်းတွေ တစ်ပုံတစ်ပင် ရရှိလေ၏။

ရွာခံတို့ ပြောပြသည့် ဇာတ်

www.burmeseclassic.com

ကြောင်းများစွာထဲမှ ထူးဆန်းသော ဂမ္ဘီရဆန်ဆန် ဇာတ်လမ်းတစ်ပုဒ်အား ဖောက်သည်ချ တင်ပြရသော်-

ဆောင်းဦးပေါက်ကာလ ဆီးနှင်းဖွဲဖွဲကျချိန်တွင် လွန်စွာမှ ချောမောလှပပြီး နှစ်သက်စဖွယ်ရှိလှသော မိန်းမငယ်တစ်ယောက်သည် ထဘီရင်လျားနှင့် ဥဒဟိုလျှောက်နေလေ၏။ ချမ်းစိမ့်ခြင်းကို မေ့လျော့နေသည်လား မသိချေတော့။ တုတ်ချောင်းငယ်တစ်ချောင်းဖြင့် တွေ့ရာမြင်ရာကို ရိုက်၍သွားနေလေ၏။ စိတ်ကူးတည့်ရာ သီချင်းတေးသွားတို့ကိုလည်း ဆိုညည်းနေလေ၏။

ဤသို့ဆိုလျှင် အနှီသူမငယ်သည် သာမန်လူတစ်ယောက်မဟုတ်မှန်း သိသာနိုင်ပါ၏။ စိတ်ရောဂါဝေဒနာရှင်တစ်ဦးဟု ဆိုသော် ရနိုင်ပေ၏။ သို့သော် သူသည် စိတ်ကြမ်းကိုယ်ကြမ်းကား မဟုတ်ပါချေ။ ယဉ်ယဉ်ကလေးနှင့် စိတ်ရောဂါဖြစ်နေသူပါတည်း။

သူမသည် အပျိုစင်တစ်ယောက်ကားမဟုတ်။ ကိုအောင်မြင်ဆိုသော ခင်ပွန်းတစ်ယောက် ရှိနေလေ၏။ ခင်ပွန်းဖြစ်သူသည် သူ၏ ချစ်ဇနီးချောလေးအား ငယ်ငယ်ရွယ်ရွယ်နှင့် စိတ်ရောဂါဖြစ်နေသည်ကို ရင်ထုမနာဖြစ်နေမိလေ၏။ ဆေးဆရာမျိုးစုံဖြင့် ကုသလေ၏။ အထက်လမ်း၊ အောက်လမ်းဆရာများလည်း ပါဝင်လေ၏။ မော်လမြိုင်မြို့သို့သွား၍ ခေတ်မီဆရာဝန်များထံသို့လည်း သွားရောက်ပြသလေ၏။ သို့သော် ထူးခြားမှု သိပ်မရှိလှပါချေ။

မိန်းမငယ်၏ အမည်ကား မထွေးလှ ဖြစ်လေ၏။ မိသားစုအတွင်း အထွေးဆုံး၊ အလှဆုံးမို့ မိဘများက မထွေးလှဟု အမည်ပေးထားခြင်း ဖြစ်လေ၏။ အရွယ်ရောက်လတ်သော် လူပျိုတိုင်းကြိုက်သော နှင်းဆီတစ်ပွင့် ဖြစ်လေတော့၏။ ထိုနှင်းဆီတစ်ပွင့်ကို ပိုင်နိုင်စွာ ဆွတ်ခူးရရှိသူကား လူရွယ်ချောလေး ကိုအောင်မြင် ဖြစ်လေ၏။ သူတို့ဇနီးမောင်နှံသည် ရွှေနဲ့မြ၊ နေနဲ့လပါတည်း။

မထွေးလှသည် အိမ်ထောင်ကျပြီး တစ်နှစ်ကျော်ခန့် ရှိသည့်အခါ သားသမီး လိုချင်လာ၏။ သားသမီးထွန်းကားစေရန်အတွက် ရွာထိပ်ရှိ ညောင်မုတ်ဆိတ်ပင်ကြီးထံတွင် သားဆုပန်ခဲ့ပေါင်း များလှပေပြီ။ မထွေးလှစိတ်မပျက်။ စိတ်အားထက်သန်စွာဖြင့်ပင် ညောင်ပင်ကြီးထံတွင် ဆုတောင်းဆုယူ ပြုမြဲပင်တည်း။

တိုက်ဆိုင်မှုကြောင့်လေလား မသိ။ မထွေးလှ ကိုယ်ဝန်ရလာလေ၏။ သည့်အတွက် မထွေးလှ လွှတ်ပျော်သလို ခင်ပွန်းဖြစ်သူ ကိုအောင်မြင်သည်လည်း ပျော်မဆုံး မော်မဆုံးဖြစ်နေလေ၏။

ကိုအောင်မြင်သည် ရွာတွင် ရင်ကော့လျှောက်နိုင်ပေပြီ။ သူ၏ မိတ်ဆွေသူငယ်ချင်းများက မျိုးမအောင်တဲ့စပါးဟု နောက်ပြောင်ခဲ့ကြသည် မဟုတ်ပါလား။ မထွေးလှသည်လည်း ဗိုက်ဖုံးအင်္ကျီထည်လဲဖြင့် ရွာရိုးကိုးပေါက် လှည့်လည်ကြွားနေလေ၏။ 'အမြုံမ မဟုတ်ဘူး တော်ရေ' ဟု အော်ပြီးမပြောရုံတစ်မယ် ဝင့်ကြွားစွာ လမ်းလျှောက်ပြနေလေ၏။

မထွေးလှ၏ ကိုယ်ဝန်သည် ကိုးလလွယ်၊ ဆယ်လဖွားအချိန်သို့ ရောက်လာသော်လည်း မွေးဖွားမည့် အရိပ်လက္ခဏာ မပြ။ မပြသည့်အပြင် ဖောင်းကားနေသည့် ဗိုက်ကလည်း တဖြည်းဖြည်း ပြန်ပိန်ချပ်စပြုနေလေ၏။

ထိုစဉ် ကလေးလိုချင်လှပါသော မထွေးလှသည် စိတ်စနိုးစနောင့် ဖြစ်နေလေ၏။ မထွေးလှ အဖြစ်ကြောင့် အရပ်လက်သည်တို့လည်း ဦးနှောက်ခြောက်ရလေတော့၏။ နောက်ဆုံး မထွေးလှ၏ဗိုက်သည် အပျိုမတစ်ယောက်ဗိုက်နှယ် ပြားချပ်လို့နေလေတော့၏။

"မထွေးလှ မင်းဗိုက်က ဘယ့်နှယ်ဖြစ်တာလဲ"

ဟု ခင်ပွန်းဖြစ်သူက စိတ်မကောင်းစွာ မေးလေရာ. . .

"ကျုပ်လည်း ဘယ်သိပါ့မလဲ တော်"



www.burmeseclassic.com

www.burmeseclassic.com

ဟု ငိုရှိုက် ပြောလေ၏။ မထွေးလှသည် ဆောက်တည်ရာမရဖြစ်ကာ သားဆုပန်ခဲ့သော ညောင်မုတ်ဆိတ်ပင်ကြီးဆီ ကို့ပြေးပြီး ဆုတောင်းဆုယူပြုပြန်လေ၏။ ဆုတောင်းဆုယူပြီး တစ်လခန့်အကြာတွင် မထွေးလှသည် ထူးခြားစွာ ကလေးကစားစရာများ၊ ကလေးအင်္ကျီလေးများ၊ ဘောင်းဘီလေးများကို ဝယ်တတ်လာလေ၏။ သားလေးအတွက် ဝယ်လာတာဟုလည်း ရွာသူရွာသားတို့အား ပြောလေ၏။

ရွာသူရွာသားတို့လည်း မထွေးလှအဖြစ်ကိုကြည့်ပြီး စုတ်သပ်ကြလေ၏။ စိတ်မကောင်းသဖြင့် မထွေးလှ ဝယ်ခြမ်းသမျှကို ယောင်လို့တောင် မမေးမြန်းကြချေတော့။ မထွေးလှ လုပ်သမျှကိုသာ ရင်နင့်စဖွယ် ကြည့်နေကြရလေတော့၏။

ခင်ပွန်းဖြစ်သူ ကိုအောင်မြင်ကား တေမိနှုတ်လို ငြိမ်ဆိတ်နေလေ၏။ မထွေးလှ စိတ်ချမ်းသာရင် ပြီးရောသဘောဖြင့် နေနေခြင်းဖြစ်သည်ဟု ယူဆဖွယ်ရာ ဖြစ်လေ၏။

သုံး၊လေး၊ငါးလခန့်ကြာသော် မထွေးလှအဖြစ်သည် တစ်မူထူးဆန်းပြန်လေ၏။

"သားလေး ဆုံးသွားပြီ"

ဟု အော်ဟစ်ငိုယိုလေ၏။ သည်းစွာငိုယိုပြီး တစ်ဖန် ဟားတိုက်ရယ်မောပြန်လေ၏။

ရက်အတန်ကြာ ငိုလိုက်၊ ရယ်လိုက်နှင့် တစ်ယောက်တည်း ထွေရာလေးပါး ပြောဆိုပြီး တုတ်တစ်ချောင်းနှင့် ရွာရိုးကိုးပေါက်လျှောက်ကာ သွားနေလေတော့၏။ ရွာသူရွာသားတွေကတော့ မထွေးလှတစ်ယောက် သားရူး ရူးနေရာက စိတ်ဖောက်သွားလေပြီဟု ဆိုကြလေတော့၏။

ခင်ပွန်းဖြစ်သူနှင့် မထွေးလှ၏ မိဘများက လက်လှမ်းမီရာ ဆရာမျိုးစုံနှင့် ကုသပါသော်ငြား မထွေးလှ၏ စိတ်ဝေဒနာသည်ကား ပျောက်ကင်းမသွားပေ။ နောက်ဆုံး ရွာဦးဆရာတော်ထံသို့ သွားရောက်လျှောက်ထားပြီး မထွေးလှအား ဆရာတော်ထံ အပ်ရလေတော့၏။

ဆရာတော်သည် ဖြစ်စဉ်ဖြစ်ရပ်များကို ခင်ပွန်းဖြစ်သူ ကိုအောင်မြင်အား အသေးစိတ်မေးမြန်းပြီး တတ်နိုင်သမျှ ဘုရားဆေး၊ တရားဆေးဖြင့် ကုသလေ၏။ သို့သော် ရောဂါကျွမ်းနေပြီဖြစ်သော မထွေးလှအား ဆရာတော် မကယ်နိုင်ချေတော့။ ဘုရားရှင်တော်မြတ်ကြီး ကိုယ်တော်တိုင်မှ မလွတ်ကင်းနိုင်သော ဒုရဏာလမ်းကို မထွေးလှ လိုက်ပါသွားရရှာတော့၏။

ကျွန်ုပ်သည် မထွေးလှ၏အဖြစ်ကို ဤသို့ ကြားသိခဲ့ရလေ၏။ ရင်ထဲတွင် မကောင်းလှ။ သို့သော် မထွေးလှ၏ ဇာတ်ကြောင်းသည် လျှို့ဝှက်ချက်တွေ ရှိနိုင်သေးသည်ဟု ယူဆကာ. . .

"ဦးလေးမောင်လှ ပြောတဲ့ မထွေးလှဇာတ်ကြောင်းထဲမှာ တစ်ခုခုလိုနေသလိုပဲ"

"ဟုတ်တယ် မောင်ရင်၊ ပြောစရာတွေက ကျန်နေသေးတယ်၊ မထွေးလှဇာတ်ကြောင်း အဖြစ်မှန်ကို သိတဲ့ ခင်ပွန်းဖြစ်သူ ကိုအောင်မြင်နဲ့ ဆရာတော်ကြီးတို့ ပြောဆိုနေကြတာကို ပြန်ပြောပါမယ်၊ ဒါမှလည်း ဇာတ်ကြောင်းလည်ပြီး ပီပြင်လိမ့်မယ် ထင်ပါရဲ့"

"ဒီလိုကွဲ့၊ မထွေးလှဟာ သားသမီး လိုချင်တယ်၊ လိုချင်ရှာလို့ ရွာဓလေ့အစွဲအရ ညောင်မုတ်ဆိတ်ပင်ကြီးရှေ့မှာ သွားပြီးဆုတောင်းဆုယူပြုတယ်။ ကြုံကြိုက်သွားတယ်လို့ ပြောရမှာပဲ။ မထွေးလှ ကိုယ်ဝန်ရလာတယ်၊ ဝမ်းသာပီတိအဟုန်ကြီးစွာနဲ့ ပျော်ခဲ့တယ်။ ဒါပေမဲ့ ကလေးမရပြန်တော့ သောကတွေ ဝင်လာခဲ့တယ်။ ဒါပေမဲ့ ကလေးပြန်ရလို့ ပျော်ခဲ့ပြန်တယ်။ ရတဲ့ကလေးက သက်မဲ့လူခြောက်လေး။ ဒါပေမဲ့ သူ့သားလေးဆိုပြီး ပီတိစိတ်တွေ ဝင်လာတယ်။ ကလေးအတွက်ဆိုပြီး ပစ္စည်းတွေ ဝယ်ခြမ်းလို့ ပျော်ခဲ့ရပြန်တယ်။ ပျော်ရမှု၊ ဝမ်းနည်းရမှုတွေက ရောယှက်တော့ သူ့မှာ နှလုံးအားနည်းမှုတွေ ဖြစ်လာတယ်။

နောက်တော့ အဲဒီလူခြောက်ဆိုတဲ့ သူ့သားလေး ဘယ်လိုကနေ



www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုပျောက်သွားမှန်းမသိ ပျောက်သွားတယ်။ အစအနကိုတောင် ရှာမတွေ့ရတော့ဘူး။ ကြွက်ဆွဲသွားသလား၊ ကြောင်စားသွားသလား တစ်ခုခုတော့ တစ်ခုခုပဲ။ အဲဒီမှာ သားလေးဆုံးပြီဆိုပြီး သောကအဟုန်ပြင်းလို့ စိတ်ရောဂါဖြစ်၊ နှလုံးသည်းခြေပါ ထိခိုက်ပျက်စီးပြီး မထွေးလှ ရေတိမ်နစ်ခဲ့ရတာပဲကွယ်။

လူခြောက်ကိစ္စအတွက် ရွာဦးဆရာတော်ရဲ့ မိန့်ဆိုချက်ကတော့ လူခြောက်ဆိုတာ ဘုံဘဝတစ်မျိုးကလာတဲ့ သတ္တဝါမဟုတ်ဘူး၊ ခန္ဓာငါးပါးရှိတဲ့ လူ့ဘဝထဲမှာ ရှိနေကြသူများသာ ဖြစ်တယ်။ ထုံးစံအတိုင်း အမိဝမ်းတွင်းပဋိသန္ဓေနေကြသူများဖြစ်တယ်။

ဆရာတော်က ဗုဒ္ဓစာပေလာအရ ခိုင်းနှိုင်းပြီး ပြောတာက အမိဝမ်းတွင်း ကလလရည်ကြည်တစ်သတ္တာဟ(ခုနစ်ရက်တစ်ပတ်)၊ အမြှုပ်တစ်သတ္တာဟ၊ အခဲတစ်သတ္တာဟ၊ အဲဒီနောက် ဦးခေါင်း၊ ခြေ၊ လက်၊ ခက်မငါးဖြာ တစ်သတ္တာဟဖြစ်ပြီး သတ္တာဟ ခုနစ်ရက်ငါးလီအလွန် သတ္တာဟ အနည်းငယ် ရင့်မာခဲ့ပြီး အမိဝမ်းတွင်းမှာပင် ကွယ်လွန်ခဲ့ပါတယ်။

အသက်ဝိညာဉ် ကင်းမဲ့တဲ့ သန္ဓေသားဟာ ပျက်ကျရမှာ ဖြစ်ပေမယ့် တစ်စုံတစ်ခုသော အကြောင်းကြောင့်ပေါ့လေ။ ဥပမာ ဆိုပါတော့ တေဇောဓာတ် လွန်ကဲမှုကြောင့် ပျက်ကျမသွားဘဲ တဖြည်းဖြည်း ခြောက်သွားခဲ့ပါတယ်။

အဲဒီသန္ဓေသားဟာ မရင့်မာမီ အမိဝမ်းတွင်းမှာပင် သေဆုံး ခြောက်ကပ်သွားရတဲ့အတွက် ဆက်မကြီးထွားနိုင်တော့ဘူး။ ခက်မငါးဖြာ၊ မျက်စိ၊ နား၊ နှာခေါင်း၊ ခြေ၊ လက် အရာပါရုံမျှသာရှိတဲ့ လူသားလောင်း အခြောက်ကလေး အမိဝမ်းတွင်းက နေတစ်ဆင့် လျှောကျလာတယ်။ လူခြောက်ကလေးကလေးပေါ့လေ။ လေးလက်မအရွယ်လောက် မွေးဖွားလာတယ်ပေါ့"

"ဟုတ်ကဲ့ ဦးလေးမောင်လှ၊ ကျွန်တော် ကြားဖူးတာက လူခြောက်လေးတွေက သူ့မိခင်ကို အိပ်မက်ပေးတာတို့ဘာတို့ ရှိတယ်ဆိုလားပဲ"

"ဒါကတော့ တစ်မျိုးပေါ့နော်၊ အမိဝမ်းတွင်းမှာ သေဆုံးခဲ့တဲ့ လူသားလောင်း အခြောက်ကလေးဟာ အသက်ဝိညာဉ် မရှိတော့တာမို့ ဘာမှ အိပ်မက်ပေးတာမျိုး မရှိနိုင်ပါဘူး၊ တစ်ခုတော့ရှိတယ်၊ ဒါလည်း ဆရာတော် ရှင်းပြတာကို ပြောမှာနော်"

"ဟုတ်ကဲ့၊ ပြောပါ ဦးလေး"

"အခုနက လူခြောက်ကလေးဟာ အမိဝမ်းက လျှောကျမွေးဖွားလာတဲ့အခါ ဝိညာဉ်အသက်ကင်းမဲ့နေပေမယ့်လို့ အဲဒီလူခြောက်ကလေးဆီကို ဂန္ဓဗ္ဗ(သို့မဟုတ်)ဝေမာနိကပြိတ္တာတို့က သူတို့ရဲ့ စွမ်းပကားတန်ခိုးကမ္ဘဝိဒ္ဓိပေါ့လေ။ အဲဒီတန်ခိုးနဲ့ လူခြောက်ကလေးကို စွဲကပ်နေတတ်တယ်။ ဒါကြောင့် ဆိုင်ရာမိဘစသည်တို့ကို အိပ်မက်ပေးတာ၊ အရိပ်အယောင်ပြတာတွေ ပြုလုပ်တတ်တယ်။

အဲဒါကိုကြည့်ပြီး သုံးသပ်မယ်ဆိုရင် လူခြောက်သည် အသက်ရှင်ခြင်း၊ အာဟာရမှီဝဲခြင်း၊ ကျင်လည်လှုပ်ရှားခြင်း မရှိ။ လူခြောက်ကို မှီကပ်နေတတ်တဲ့ ဝေမာနိကပေတဂန္ဓဗ္ဗတို့ရဲ့ သဘောသဘာဝအရကသာလျှင် အိပ်မက်ပေး၊ ကိုယ်ယောင်ပြလှုပ်ရှားကြခြင်းလို့ သုံးသပ်ရမယ်လို့ ဆရာတော်က ဟောကြားခဲ့တာပဲ"

"ဟုတ်ကဲ့ ဦးလေးမောင်လှ၊ ဆရာတော် ဟောခဲ့၊ ပြောခဲ့တာက ယုတ္တိတန်ပါတယ်၊ ဗုဒ္ဓစာပေလာအရ ပြောတာဆိုတော့ မယုံနိုင်စရာ မရှိပါဘူး"

ဤကဲ့သို့ ကျွန်ုပ်သည် ဘီလူးကျွန်းရှိ ရွာလေးတစ်ရွာမှ ထူးခြားသောအဖြစ်တစ်ခု ကြားသိခဲ့ရပါ၏။ ဗုဒ္ဓဘာသာဝင်တို့အတွက် အထူးသိမှတ်ဖွယ်ရာလည်း ဖြစ်ပါ၏။

သို့သော် ငယ်ငယ်ရွယ်ရွယ်နှင့် သားစိတ်စွဲကာ စိတ်လှုပ်ရှားမှုအဟုန်မျိုးစုံ ခံစားခဲ့ရရင်း စိတ်ရောဂါဖြစ်ကာ နှလုံးရောဂါဖြင့် ဆုံးပါးခဲ့ရသော မထွေးလှအတွက်တော့ စိတ်မကောင်းစရာ၊ ကြေကွဲစရာပါတည်း။

ကိုမောင်သန်းဝင်း



www.burmeseclassic.com

www.burmeseclassic.com

# သရောဒရဒွေး နာမည်ပေးနည်း

ဤနာမည်ပေးနည်းက အင်မတန်ရှေးဟောင်းကျတဲ့ မြန်မာ့ရိုးရာ နာမည်ပေးနည်း ဖြစ်ပါတယ်။ အထူးသဖြင့် ကိုယ့်နာမည်ဟာ ဘယ်လိုအကျိုးပေးသလဲဆိုတာ သိဖို့ တွက်ရတဲ့ နည်းဖြစ်ပါတယ်။ နာမည်မှည့်တာထက် မိဘကမှည့်ထားတဲ့ နာမည် ကောင်းမကောင်း ကြည့်တာဖြစ်ပါတယ်။ နာမည်လှတာ နဲ့ နာမည်ကောင်းတာ တခြားစီပါ။

"ချိုဇင်သက်ဦးမွှင့်ပွင့်ဖူး" ဆိုတဲ့ နာမည်လေးဟာ ဘယ်လောက်လှသလဲ။ ဒီနာမည်ဟာ၊ ပတ်ဝန်းကျင်မှာ မျက်နှာ ပြရခက်တဲ့ နာမည်မျိုးဖြစ်ပါတယ်။ အရှက်တကွဲ အကျိုးနည်း နဲ့ နာမည်ကြီးတဲ့ နာမည်မျိုး ဖြစ်ပါတယ်။

"သီတာ"ဆိုတဲ့ နာမည်လေးကိုကြည့်ပါ။ အင်မတန် ရိုးတယ်။ ဘာမှလည်း ထူခြားမလာပါဘူး။ ဒါပေမယ့် အဲဒီ နာမည်ဟာ နာမည်ကြီးခဲ့ရင် အင်မတန်ကျော်ကြားခဲ့ပါတယ်။ အများအပေါ်မှာလည်း ဩဇာရှိခဲ့တဲ့ နာမည်မျိုးဖြစ်ပါတယ်။ ဒါကြောင့် ကိုယ့်နာမည်ဟာ ကောင်းမကောင်းသိဖို့ အခုပေးထား တဲ့နည်းနဲ့ တွက်ကြည့်ပါ။

| ဂြိုဟ် | အက္ခရာ | သင်္ချာ |
|---|---|---|
| ၁ နွေ | အ | ၈ |
| ၂ လာ | က ခ ဂ ဃ င | ၄ |
| ၃ ဂါ | စ ဆ ဇ ဈ ည | ၅ |
| ၄ ဟူး | ယ ရ လ ဝ | ၃ |
| ၅ တေး | ပ ဖ ဗ ဘ မ | ၁ |
| ၆ ကြာ | သ ဟ | ၂ |
| ၀ နေ | တ ထ ဒ ဓ န | ၇ |
| ရာဟု | ၎ | |

နာမည်ကိုမှတ်တဲ့နေရာမှာ မောင်၊ ကို၊ ဦး တွေကို ဖယ်ပါ။ မ၊ ခင်၊ ဒေါ် တွေကို ဖယ်ပါ။ နာမည်အက္ခရာတွေကို သင်္ချာအရယူပြီး ပေါင်းပါ။ ပြီးရင် ၈ နဲ့ စားပါ။ အကြွင်းကို အောက်ပါအတိုင်း ဟောရပါတယ်။

၁ ကြွင်းမှု တံခွန်နာမည်လို့ ခေါ်တယ်။ ဒီနာမည်မျိုး ဟာ အောင်မြင်ကျော်ကြားမယ်။ လူတွေက အမြင်ကတ်မယ်။ အများကိုအုပ်ချုပ်ရမယ်။ နာမည်ကျန်တဲ့လုပ်ငန်းမျိုးကို လုပ်ရမယ်။

၂ ကြွင်းမှု အခိုးနာမည်လို့ ခေါ်တယ်။ ဒီနာမည်ဟာ ဩဇာတည်တတ်တယ်။ ဘဝမှာ တိုးတက်သည်ထက် တိုးတက် အောင် စနစ်တကျ အလုပ်လုပ်တတ်မယ်။ အများနဲ့ သက်ဆိုင် တဲ့ အလုပ်တွေ လုပ်တတ်မယ်။ လုပ်ချင်တဲ့ကိစ္စတွေ မရမက လုပ်တတ်မယ်။

၃ ကြွင်းမှု ခြသေ့်နာမည်လို့ ခေါ်တယ်။ ဒီနာမည်ဟာ သူသိများမယ်။ နေရာ မရရအောင် ကြိုးစားမယ်။ ထင်ပေါ် ကျော်ကြားမယ်။ အာဏာတန်ခိုးကြီးမယ်။ ထိပ်ကိုရောက်ပြီး ပြန်ဆင်းရမယ်။

၄ ကြွင်းမှု ခွေးနာမည်လို့ ခေါ်တယ်။ ဒီနာမည်ဟာ တက်တော့ချက်ချင်း၊ ဆင်းတော့ချက်ချင်းဆိုတဲ့ ကံဖြစ်တဲ့ အတက်အကျမြန်မယ်။ ရန်သူပေါ်များမယ်။ စိတ်ကူးယဉ်မယ်။ အတိုက်အခံများမယ်။

၅ ကြွင်းမှု နွားနာမည်လို့ ခေါ်တယ်။ ဒီနာမည်ဟာ သူများက ကိုယ့်ကိုအသုံးချမယ်။ အများအတွက် အနစ်နာခံမယ်။ အခွင့်အလမ်းကောင်း တွေ့ရမယ်။ ရန်သူရဲ့ အတိုက်အခံရမယ်။

၆ ကြွင်းမှု မြင်းနာမည်လို့ ခေါ်တယ်။ ဒီနာမည်ဟာ အလုပ်အမျိုးမျိုးလုပ်ရမယ်။ လှုပ်ရှားမှုများမယ်။ အတက်အကျ စိတ်မချရသေးဘူး။ အင်မတန်သေးငယ်သော ပြဿနာကြောင့် ကျဆင်းမယ်။

၇ ကြွင်းမှု ဆင်နာမည်လို့ ခေါ်တယ်။ ဒီနာမည်ဟာ ရေရှည်စီမံကိန်းချပြီးလုပ်တဲ့ လုပ်ငန်းတွေမှာ အောင်မြင်မယ်။ နိမ့်မာတဲ့လုပ်ငန်းတွေ လုပ်တတ်မယ်။ တည်ကြည်လေးနက်မယ်။

၀ ကြွင်းမှု လင်းတနာမည်လို့ ခေါ်တယ်။ ဒီနာမည်ဟာ ဝတ်လိုက်၊ ပေါ်လိုက် ဖြစ်နေမယ်။ ကိုယ့်အကြံအစည်ကို သူများ က လုပြီးလုပ်တတ်မယ်။ အရှက်တကွဲဖြစ်ဖို့ လွယ်တယ်။ စိတ် မောမယ်။ ဆရာသမား၊ လူကြီးအတွက် အနစ်နာခံမယ်။

ဦးမင်းသုန္ဒြ(B.Sc, H.G.P)



www.burmeseclassic.com


www.burmeseclassic.com

# ရောင်ပြန်မဂ္ဂဇင်း ပြက္ခဒိန်

၁၃၇၆ ခုနှစ်၊ ကဆုန်လ-နယုန်လ

## 2014 MAY

| | | |
|---|---|---|
| ကြာသပတေး Thursday | 1 ၃ ရက်ရာဇာ အလုပ်သမားနေ့ | |
| သောကြာ Friday | 2 ၄ ရက်ယုတ်မာ | |
| စနေ Saturday | 3 ၅ ရက်ရာဇာ အမြိတ္တစုတ်ရက် | |
| တနင်္ဂနွေ Sunday | 4 ၆ မဟာရက်ကြမ်း | 18 ၅ |
| တနင်္လာ Monday | 5 ၇ | 19 ၆ မဟာရက်ကြမ်း |
| အင်္ဂါ Tuesday | 6 ၈ | 20 ၇ အမြိတ္တစုတ်ရက် |
| ဗုဒ္ဓဟူး Wednesday | 7 ၉ | 21 ၈ |
| ကြာသပတေး Thursday | 8 ၁၀ ရက်ရာဇာ | 22 ၉ ရက်ရာဇာ |
| သောကြာ Friday | 9 ၁၁ | 23 ၁၀ |
| စနေ Saturday | 10 ၁၂ ရက်ရာဇာ | 24 ၁၁ ရက်ရာဇာ |
| တနင်္ဂနွေ Sunday | 11 ၁၃ | 25 ၁၂ |
| တနင်္လာ Monday | 12 ၁၄ | 26 ၁၃ |
| အင်္ဂါ Tuesday | 13 ၁၅ ကဆုန်လပြည့် ညောင်ရေသွန်းပွဲတော် | 27 ၁၄ |
| ဗုဒ္ဓဟူး Wednesday | 14 ၁ | 28 ၁၅ ကဆုန်လကွယ် |
| ကြာသပတေး Thursday | 15 ၂ ရက်ရာဇာ | 29 ၁ ရက်ရာဇာ |
| သောကြာ Friday | 16 ၃ | 30 ၂ |
| စနေ Saturday | 17 ၄ ရက်ရာဇာ ရက်ယုတ်မာ | 31 ၃ |



၁၃. ၅. ၂၀၁၄     စန်းပြောင်းရက်စွဲ     ၂၈. ၅. ၂၀၁၄

### ၂၀၁၄ ခုနှစ်၊ မေလအတွင်း ဂြိုဟ်ပြောင်းချိန်

တနင်္ဂနွေသည် - ၁၅. ၅. ၂၀၁၄ ကြာသပတေးနေ့ နံနက် ၅ နာရီ ၇ မိနစ် ၂၅ စက္ကန့်တွင် ပြိဿရာသီသို့ ပြောင်းသည်။

အင်္ဂါသည် - ၂၀. ၅. ၂၀၁၄ အင်္ဂါနေ့တွင် ကန်ရာသီ၌ သမပြန်သွားသည်။

ဗုဒ္ဓဟူးသည် - ၄. ၅. ၂၀၁၄ တနင်္ဂနွေနေ့ ည ၁၀ နာရီ ၅၇ မိနစ် ၃၀ စက္ကန့်တွင် ပြိဿရာသီသို့ ပြောင်းသည်။

၂၃. ၅. ၂၀၁၄ သောကြာနေ့ နံနက် ၃ နာရီ ၉ မိနစ် ၄၄ စက္ကန့်တွင် မေထုန်ရာသီသို့ ပြောင်းသည်။

ကြာသပတေးသည် - မေထုန်ရာသီသို့ ပြောင်းသည်။

သောကြာသည် - ၂၄. ၅. ၂၀၁၄ စနေနေ့ နံနက် ၅ နာရီ ၄၁ မိနစ် ၄၂ စက္ကန့်တွင် မိဿရာသီသို့ ပြောင်းသည်။

စနေသည် - တူရာသီ၌ ဝကြွသွားသည်။

ရာဟုသည် - တူရာသီသို့ ပြောင်းသည်။

(၃. ၅. ၂၀၁၄)နှင့်(၂၀. ၅. ၂၀၁၄)ရက်တို့သည် အမြိတ္တစုတ်ကျ၍ ၂၁ ရက်နေ့ ညနေ ၅ နာရီမှ ၆ နာရီအတွင်းသည် ဓနသိဒ္ဓိနက္ခတ် အားအကောင်းဆုံးအချိန်ဖြစ်သည်။

### အမြိတ္တစုတ်ရက်မှာ လုပ်ဆောင်စရာ

တနင်္ဂနွေသားသမီးသည် မြောက်အရပ်တွင် ပုန်းညက် ပင်စိုက်ပါ။

တနင်္လာသားသမီးသည် အရှေ့မြောက်အရပ်တွင် ခရေပင်စိုက်ပါ။

အင်္ဂါသားသမီးသည် အရှေ့အရပ်တွင် သရဖီပင် စိုက်ပါ။

ဗုဒ္ဓဟူးသားသမီးသည် အရှေ့တောင်အရပ်တွင် ကွမ်းသီးပင်စိုက်ပါ။

ကြာသပတေးသားသမီးသည် အနောက်တောင်အရပ် တွင် ဒန်းပင် စိုက်ပါ။

သောကြာသားသမီးသည် အနောက်မြောက်အရပ်တွင် အုန်းပင်စိုက်ပါ။

စနေသားသမီးသည် တောင်အရပ်တွင် ကံ့ကော်ပင် စိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

# စိုက်ပျိုးရေးရာ

# တစ်လတာ

## ၂၀၁၄ ခုနှစ်၊ မေလအတွက်

□ တောကကိုရင်

မိမိတို့ မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည့်အားလျော်စွာ မြေလွတ်မြေရိုင်းတွေလည်း ပေါများလှ၏။ လယ်ယာမြေတို့မှာလည်း ဩဇာမြေဆီကြွယ်ဝသဖြင့် စိုက်ပျိုးသမျှသီးနှံတို့ ဖြစ်ထွန်းကြသည်မှာလည်း အငြင်းပွားစရာ မရှိပါချေ။ သို့ရာတွင် စိုက်ပျိုးရေးရာကိစ္စ၌ နည်းစနစ်မှန်ကန်ဖို့လိုသလို အခါကာလကောင်းကိုလည်း ရွေးချယ်တတ်ဖို့ လိုပေသည်။ သည့်အတွက် ကိုင်းသမား၊ ယာသမား၊ လယ်သမား၊ ဥယျာဉ်ခြံမြေစိုက်ပျိုးကြသူများအတွက် ရည်စူးကာ ဤကာလ အခါသမယ၌ သတိပြုဖွယ် စိုက်ပျိုးရေးကိစ္စကို ဖော်ပြလိုက်ပါ၏။

၁။ မေလ (၃)၊ (၄)၊ (၁၂)၊ (၁၉)၊ (၂၀)၊ (၂၁)၊ (၃၀)၊ (၃၁) စသောရက်များသည် အပွင့်၊ အသီးအနှံ၊ အရွက် အပွင့်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ပျိုးခြင်း၊ နေရာပြောင်းရွှေ့စိုက်ပျိုးခြင်းတို့ကို ပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်

၂။ မေလ (၁)၊ (၃)၊ (၅)၊ (၈)၊ (၁၀)၊ (၁၂)၊ (၂၀)၊ (၂၄)၊ (၃၀)၊ (၃၁) စသောရက်များသည် သီးနှံမျိုးစေ့ကြဲရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၃။ မေလ (၅)၊ (၆)၊ (၁၃)၊ (၁၉)၊ (၂၀)၊ (၂၂)၊ (၃၀)၊ (၃၁) စသောရက်များသည် ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုးရန်နှင့် အကိုင်းအခက်များ ခုတ်ထွင်ရှင်းလင်းရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၄။ မေလ (၇)၊ (၁၄)၊ (၁၉)၊ (၂၀)၊ (၂၃)၊ (၃၀)၊ (၃၁) စသောရက်များသည် လယ်မြေ၊ ယာမြေ၊ ဥယျာဉ်မြေတို့ကို ထွန်ယက်ခြင်း၊ အပင်တို့အား ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်,ချုံနွယ်,အမှိုက်သရိုက်တို့ကို မီးရှို့ခြင်း၊ အသီးအနှံတို့ကို ရိတ်သိမ်းခြင်း၊ ဥ,အမြစ်တို့ကို တူးဖော်ခြင်းတို့အား ပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

● တောကကိုရင်



www.burmeseclassic.com

www.burmeseclassic.com

# သည်တစ်လမှာ ဆောင်ရွက်ပါ

## ၂၀၁၄ ခုနှစ်၊ မေလအတွက်

**နေမျိုးထွဋ်ခေါင်**

၁။ မေလ (၅)၊ (၁၁)၊ (၂၀)၊ (၂၅)၊ (၃၀) စသောရက်များသည် **'နန္ဒာတိထိ'**တွင် ကျရောက်၏။ ထိုရက်များ၌ ဘုရား၊ ဂူ၊ ကျောင်း၊ ဇရပ်များ ဆောက်လုပ်ခြင်း၊ တံတားများခင်းခြင်း၊ ပျိုးကြဲခြင်း၊ ကောက်စိုက်ခြင်း၊ မြေတူးဆွခြင်း စသော အမှုကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။

၂။ မေလ (၁)၊ (၆)၊ (၁၂)၊ (၁၆)၊ (၂၁)၊ (၂၆)၊ (၃၁) စသောရက်များသည် **'ဘဒြာတိထိ'**တွင် ကျရောက်၏။ ထိုရက်များ၌ အမည်ပေးကင်ပွန်းတပ်ခြင်း၊ နားထွင်းမင်္ဂလာ ဆင်ယင်ကျင်းပခြင်း၊ ထိမ်းမြားမင်္ဂလာ ဆောင်နှင်းခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။

၃။ မေလ (၂)၊ (၇)၊ (၁၃)၊ (၁၇)၊ (၂၂)၊ (၂၇) စသောရက်များသည် **'ဇယာတိထိ'**တွင် ကျရောက်၏။ ထိုရက်များ၌ စစ်ချီခြင်း၊ စစ်တက်ခြင်း၊ ကင်းလှည့်ခြင်း၊ ကင်းချခြင်း၊ သစ္စာဆိုခြင်း၊ စုံစမ်းထောက်လှမ်းခြင်း စသော အမှုကိစ္စတို့ကို ဆောင်ရွက်နိုင်ကြပါသည်။

၄။ မေလ (၃)၊ (၈)၊ (၁၄)၊ (၁၈)၊ (၂၃)၊ (၂၈) စသောရက်များသည် **'ရိတ္တာတိထိ'**တွင် ကျရောက်၏။ ထိုရက်များ၌ ဆေးဖော်ခြင်း၊ ဆေးထိုးခြင်း၊ လက်ဖွဲ့ထိုးခြင်း၊ သိဒ္ဓိတင်ခြင်း၊ ပစ္စည်းသိမ်းခြင်း၊ သစ်ပင်ခုတ်ခြင်း၊ လှေကားထောင်ခြင်း စသော အမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၅။ မေလ (၄)၊ (၁၀)၊ (၁၅)၊ (၁၉)၊ (၂၄)၊ (၂၉) စသောရက်များသည် **'ပုဏ္ဏာတိထိ'**တွင် ကျရောက်၏။ ထိုရက်များ၌ ရတနာပစ္စည်းများ ရောင်းဝယ်ခြင်း၊ ရှင်ပြုခြင်း၊ ပဋ္ဌာန်းခံခြင်း စသော အမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၆။ မေလ (၃)၊ (၂၀) စသောရက်များသည် **'အမြိတ္တရုတ်'**တွင် ကျရောက်၏။ ထိုရက်များ၌ မည်မျှပင် မကောင်းကြုံစေကာမူ မည်သည့်ကိစ္စမဆို ဆောင်ရွက်ရာ၌ အောင်မြင်ပြီးစီးနိုင်ပါသည်။

၇။ မေလ (၃)၊ (၈)၊ (၁၀)၊ (၁၅)၊ (၁၇)၊ (၂၂)၊ (၂၄)၊ (၂၉) စသောရက်များသည် **'ရက်ရာဇာ'**တွင် ကျရောက်၏။ ထိုရက်များ၌ လူမှုရေး၊ ဘာသာရေးကိစ္စအဝဝတို့ကို ဆောင်ရွက်လုပ်ကိုင်ပါက အောင်မြင်ပြီးစီးနိုင်ပါသည်။

ထို့ပြင်တစ်ဝ ကောင်းသောကမ္ဘာ့မြေခံနှင့် တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ ကိတ် အစရှိသော တီထိမြေခံများတွင် အဆောက်အဦဆောက်လုပ်ခြင်း၊ မြေတူးဆွခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ပါသည်။

**နေမျိုးထွဋ်ခေါင်**



www.burmeseclassic.com

www.burmeseclassic.com

# အလုပ်အကိုင်အောင်မြင်စေရန်

## ၂၀၁၄ ခုနှစ်၊ မေလအတွက်

■ မဟာဒိဗ္ဗကျော်ခေါင်

**၁။ တနင်္ဂနွေနေ့တွင် မွေးဖွားသူများ**

မေလ (၃)၊ (၅)၊ (၁၀)၊ (၁၂)၊ (၁၃)၊ (၂၀)၊ (၂၄)၊ (၂၅)၊ (၂၆)၊ (၂၇)၊ (၃၁) စသောရက်များသည် တနင်္ဂနွေသားသမီးတို့အတွက် အလုပ်အကိုင်အောင်မြင်စေသောရက်များဖြစ်ကြ၏။

**၂။ တနင်္လာနေ့တွင် မွေးဖွားသူများ**

မေလ (၂)၊ (၅)၊ (၆)၊ (၉)၊ (၁၁)၊ (၁၂)၊ (၁၆)၊ (၁၈)၊ (၂၀)၊ (၂၃)၊ (၂၄)၊ (၂၅)၊ (၂၆) စသောရက်များသည် တနင်္လာသားသမီးတို့အတွက် အလုပ်အကိုင်အောင်မြင်စေသော ရက်များဖြစ်ကြ၏။

**၃။ အင်္ဂါနေ့တွင် မွေးဖွားသူများ**

မေလ (၁)၊ (၃)၊ (၆)၊ (၉)၊ (၁၀)၊ (၁၁)၊ (၁၅)၊ (၁၈)၊ (၂၂)၊ (၂၃)၊ (၂၄)၊ (၂၅)၊ (၂၉) စသောရက်များသည် အင်္ဂါသားသမီးတို့အတွက် အလုပ်အကိုင်အောင်မြင်စေသော ရက်များဖြစ်ကြ၏။

**၄။ ဗုဒ္ဓဟူးနေ့တွင် မွေးဖွားသူများ**

မေလ (၃)၊ (၇)၊ (၉)၊ (၁၄)၊ (၁၆)၊ (၂၁)၊ (၂၂)၊ (၂၃)၊ (၂၄)၊ (၂၈) စသောရက်များသည် ဗုဒ္ဓဟူးသားသမီးတို့အတွက် အလုပ်အကိုင်အောင်မြင်စေသော ရက်များဖြစ်ကြ၏။

**၅။ ကြာသပတေးနေ့တွင် မွေးဖွားသူများ**

မေလ (၁)၊ (၆)၊ (၈)၊ (၉)၊ (၁၃)၊ (၁၅)၊ (၁၇)၊ (၂၀)၊ (၂၁)၊ (၂၂)၊ (၂၃)၊ (၂၇) စသောရက်များသည် ကြာသပတေးသားသမီးတို့အတွက် အလုပ်အကိုင်အောင်မြင်စေသော ရက်များဖြစ်ကြ၏။

**၆။ သောကြာနေ့တွင် မွေးဖွားသူများ**

မေလ (၁)၊ (၅)၊ (၇)၊ (၈)၊ (၁၂)၊ (၁၅)၊ (၂၁)၊ (၂၂)၊ (၂၆)၊ (၂၈)၊ (၂၉) စသောရက်များသည် သောကြာသားသမီးတို့အတွက် အလုပ်အကိုင်အောင်မြင်စေသော ရက်များဖြစ်ကြ၏။

**၇။ စနေနေ့တွင် မွေးဖွားသူများ**

မေလ (၁၁)၊ (၁၃)၊ (၁၈)၊ (၁၉)၊ (၂၀)၊ (၂၅)၊ (၂၇)၊ (၂၈)၊ (၂၉) စသောရက်များသည် စနေသားသမီးတို့အတွက် အလုပ်အကိုင်အောင်မြင်စေသော ရက်များဖြစ်ကြ၏။

**၈။ ရာဟုနေ့တွင် မွေးဖွားသူများ**

မေလ (၃)၊ (၉)၊ (၁၄)၊ (၁၆)၊ (၂၂)၊ (၂၄)၊ (၂၈) စသောရက်များသည် ရာဟုသားသမီးတို့အတွက် အလုပ်အကိုင်အောင်မြင်စေသော ရက်များဖြစ်ကြ၏။

မဟာဒိဗ္ဗကျော်ခေါင် ■



www.burmeseclassic.com

www.burmeseclassic.com

# သည်းတစ်လတာ ကံကြမ္မာ

## ၂၀၁၄ ခုနှစ်၊ မေလအတွက်

■ ဆရာမိုးဟန်ကြွယ်

ခါတော်မီအလုပ်များ လုပ်ရတတ်ပါသည်။ ယှဉ်ပြိုင်ရမည့်ကိစ္စများ၌ အနိုင်ရအောင် ပန်ဆင်နိုင်ပါလိမ့်မည်။ တရားစခန်းဝင်ရတတ်ပါသည်။ ပညာရေးနှင့်ပတ်သက်သော ကိစ္စများ အောင်မြင်မှုရရှိမည်။ ထိခိုက်ဒဏ်ရာရတတ်သည်။ ဆီးနှင့်ပတ်သက်သော ဝေဒနာခံစားရတတ်ပါသည်။ အလုပ်လုပ်ရာ၌ အမှားအယွင်းတစ်စုံတစ်ခုနှင့် ကြုံရတတ်ပါသည်။ ရွှေ ဆေးဝါးလုပ်ငန်း၊ လျော့၊ သဘော်၊ ရေယာဉ်လုပ်ငန်းတို့မှ အကျိုးအမြတ်ခံစားရခွင့်ကြုံမည်။ အိမ်ထောင်ဖက်နှင့်ပတ်သက်၍ ကောင်းမြတ်သောစကား ကြားရတတ်သည်။ မလိုအပ်သောကိစ္စများ ပေါ်ပေါက်တတ်ပြီး ငွေကြေးအကုန်အကျရှိမည်။ ဆေးဝါးကုသမှု ခံယူရတတ်သည်။ ချစ်သူချင်းစကားများရန် ဖြစ်ရတတ်သည်။ အလုပ်အကိုင်နေရာဌာန အပြောင်းအလဲဖြစ်မည်။ ငယ်သူငယ်ချင်းနှင့် ဆွေမျိုးများ၏ အထင်လွဲခြင်းကို ခံရတတ်သည်။

ယှဉ်ပြိုင်လုပ်ကိုင်ရသော အလုပ်များတွင် အကျိုးခံစားရတတ်သည်။ လူမျိုးခြားများ၏ အကျိုးပြုခြင်းကို ခံစားရမည်။ အဖိုးတန်လက်ဆောင်ပစ္စည်းများ ရတတ်ပါသည်။ သူတော်စင်များ မစခြင်းကို ခံရမည်။ အချစ်ရေးကိစ္စများတွင် အောင်မြင်မှုရရှိမည်။ စီးပွားရေးအဆင်ပြေမည်။ အလုပ်ကိစ္စများ အောင်မြင်မှုရရှိမည်။ ရေလမ်းခရီးသွားရတတ်သည်။ စီးပွားရေးကိစ္စများတွင် အကြံကောင်း၊ ဉာဏ်ကောင်းများ ရရှိမည်။ အလုပ်လုပ်ရာ၌ စိတ်ဖိစီးမှုများနှင့်လည်း ကြုံရတတ်ပြန်ပါသေးသည်။ ရပ်ဝေးနေသားသမီးများ ရောက်လာတတ်သည်။ လက်ထပ်မင်္ဂလာကိစ္စများ ဆောင်ရွက်ရတတ်သည်။ ဆရာသမား၏ သူကောင်းပြုခြင်းကို ခံရမည်။ ပစ္စည်းဟောင်းများ ပြန်ဝင်မည်။ စွန့်ပစ်ပစ္စည်းများမှ အကျိုးအမြတ်များ ခံစားရမည်။ မလွတ်မလပ်သူများနှင့် သံယောဇဉ်နှောင်ဖွဲ့မိတတ်သည်။ စာပေအနုပညာလုပ်ငန်းများအောင်မြင်မှုရရှိမည်။

လက်ဆောင်ပစ္စည်းများ ဝင်လာတတ်ပါသည်။ အရောင်းအဝယ်လုပ်ငန်း၌ နှောင့်ယှက်မည့်သူများ ပေါ်လာတတ်သည်။ အိမ်ထောင်ဖက်ထံမှ ငွေကြေးများ ဝင်လာတတ်သည်။ အလုပ်ဟောင်းများ ရောက်လာတတ်ပါသည်။ အိမ်ထောင်ရေးကိစ္စ၌ အဆင်ပြေမှုရှိပါမည်။ သွေးနှင့်ပတ်သက်သောဝေဒနာ ခံစားရတတ်သည်။ ရှေးဟောင်းပစ္စည်းများ ရရှိတတ်ပါသည်။ ပြည်ပအလုပ်ကိစ္စများ ပေါ်လာတတ်သည်။ ငွေကြေးများဝင်မည်။ ရွှေထည်ပစ္စည်းများ ဝင်မည်။ ဖခင်ထံမှ ကောင်းသောသတင်းများ ကြားရတတ်သည်။ ဘာပဲလုပ်လုပ် နာမည်မရ ဖြစ်နေတတ်သည်။ အစစအရာရာ သတိထားရန် လိုအပ်ပါသည်။ ကြီးသူများ အတွက် စိတ်သောကရောက်တတ်ပါသည်။ ပျို့ရွယ်သူများ အချစ်ရေး မပြေမလည်ဖြစ်တတ်သည်။ ဝန်ထမ်းဖြစ်ပါက အလုပ်အကိုင် ရာထူးတိုးတက်တတ်ပါသည်။ နိုင်ငံရပ်ခြားသို့ ခရီးသွားရတတ်သည်။

မျှော်မှန်းထားသော ငွေကြေးများ ဝင်လာတတ်ပါသည်။ သို့ရာတွင် ဝင်လာသမျှ အဖတ်သိပ်မတင်ဘဲ ကုန်သွားတတ်ပါသည်။ မေလလွန်ပြီး နောက်ပိုင်းမှသာ အနေအထားမှန်မည်ဖြစ်ပါသည်။ ဝေးလံသောခရီးသို့ ထွက်ရတတ်သည်။ ဘာသာရေးကိစ္စများ ဆောင်ရွက်ရတတ်သည်။ အလုပ်အကိုင်ကောင်းပြီး တိုးတက်မှုရှိမည်။ အလုပ်တစ်ခုကို နှစ်ကြိမ်ထက်မနည်း လုပ်ကိုင်ရတတ်သည်။ လုပ်ငန်းခွင်၌ ပြဿနာပေါ်တတ်သည်။ စိတ်အနှောင့်အယှက် ဖြစ်နေတတ်ပြီး ကျန်းမာရေးအနည်းငယ် ညံ့တတ်ပါသည်။ သားသမီးများအတွက် စိတ်သောကရောက်ရတတ်သည်။ အလုပ်အကိုင် အဆင်ပြောချောမွေ့ပြီး ငွေကြေးများ ဝင်လာတတ်ပါသည်။ ထီပေါက်၍သော်လည်းကောင်း၊ အမွေရ၍သော်လည်းကောင်း အခြေအနေတိုးတက်မြင့်မားပါလိမ့်မည်။ လူကြီးသူမများ၏ ကူညီမစခြင်းကို ခံရတတ်သည်။

**ယတြာပြုလိုပါက** ... သက်ကြီးရွယ်အိုများအား ဆေးဝါးပစ္စည်းများ လှူဒါန်းပေးပါ။

ဆရာမိုးဟန်ကြွယ်



www.burmeseclassic.com

www.burmeseclassic.com

# သည့်လအတွက် ကောင်းသောရက်

## ၂၀၁၄ ခုနှစ်၊ မေလအတွက်

**နွယ်သာကီအောင်**

နွေနှောင်းကာလဟု ဆိုရလင့်ကစား နွေလက်ကျန်သည် ကမ္ဘာမြေအား အစွမ်းကုန် အပူဒါန်ပြုနေတော့သည်။ တံလျှပ်ခိုးတွေက တဝေဝေ။ ရိုးညှာတံတွေက ခပ်ကြဲကြဲ။ သည့်အထဲမှာမှ နွေကိုအန်တုသည့် သူရဲကောင်း ဖူးပုရစ်ညှာရွက်သစ်တွေက ဖူးလိပ်ပြေခဲရင်း ရင်တကော့ကော့ ဖြစ်နေကြပြီပဲ။

မကြာခင် ဝဿန္တရာသီသို့ ချဉ်းနင်းဝင်ရောက်ပေတော့မည်။ သည့်တော့ ပူတယ်လေ ဆယ်နေကဲစေတော့ အံ့ခဲကာ ရဲရဲရင့်ရင့်ဖြင့် အချိန်ကာလတွေကို ဖြတ်သန်းရပေဦးမည်။ ကမ္ဘာလောကကြီး၌ ဖြစ်တည်နေသော အရာမှန်သမျှ ရေပြင်ညီမဟုတ်။ အတွန့်အကွေးတွေ၊ အမြင့်အနိမ့်တွေ၊ ဆန့်ကျင်ဘက်တွေ ရှိနေကြသည်။ မည်သို့ပင်ဖြစ်စေ လောကဓံကို မတုန်မလှုပ်ဘဲ ရဲဝံ့စွာ ဖြတ်သန်းနေကြရပေဦးမည်။ သို့ဖြစ်၍ . . .

၁။ **နေအိမ်တိုက်တာဝယ်ဖို့ရာ**

မေလ (၅)၊ (၈)၊ (၁၇)၊ (၂၄)၊ (၂၉) စသောရက်များသည် နေအိမ်တိုက်တာများ ဝယ်ယူရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၂။ **ကား/ယာဉ်စုံစွာ ဝယ်ဖို့ရာ**

မေလ (၁၃)၊ (၂၀) စသောရက်များသည် မော်တော်ကားနှင့်တကွ ယာဉ်အမျိုးမျိုးကိုဝယ်ယူဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၃။ **အမည်ပေးရာ၊ ဆိုင်းဘုတ်တင်ရာ**

မေလ (၁)၊ (၃)၊ (၅)၊ (၈)၊ (၁၀)၊ (၂၂)၊ (၂၄)၊ (၃၀)၊ (၃၁) စသောရက်များသည် အမည်ပေးရန်၊ ဆိုင်းဘုတ်တင်ရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၄။ **လက်ထပ်မင်္ဂလာ ကျင်းပရာ**

မေလ (၁) (၃)၊ (၈)၊ (၁၀)၊ (၁၁)၊ (၁၃)၊ (၁၇)၊ (၁၈)၊ (၂၄)၊ (၂၉)၊ (၃၁) စသောရက်များသည် လောကီမင်္ဂလာဖြစ်သည့် လက်ထပ်မင်္ဂလာကျင်းပရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၅။ **ခရီးဝေးနီး ထွက်ဖို့ရာ**

မေလ (၁) (၃)၊ (၈)၊ (၁၀)၊ (၁၁)၊ (၁၂)၊ (၁၈)၊ (၂၀)၊ (၂၄)၊ (၃၁) စသောရက်များသည် ရပ်ဝေးရပ်နီး ခရီးများထွက်ဖို့ရာအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ၆။ လယ်ထွန်မင်္ဂလာပြုဖို့ရာ

မေလ (၁) (၃)၊ (၈)၊ (၁၀)၊ (၁၂)၊ (၂၀)၊ (၂၄)၊ (၃၀)၊ (၃၁) စသောရက်များသည် လယ်ထွန်မင်္ဂလာ ပြုလုပ်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

## ၇။ ယှဉ်ပြိုင်ကိစ္စ ဆောင်ရွက်ရာ

မေလ (၁)၊ (၅)၊ (၁၁)၊ (၁၂)၊ (၂၄)၊ (၂၅)၊ (၃၁) စသောရက်များသည် ယှဉ်ပြိုင်ကိစ္စများ ဆောင်ရွက်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

## ၈။ ကျောင်း/အိမ်ဆောက်ဖို့ရာ

မေလ (၁)၊ (၅)၊ (၈)၊ (၁၀)၊ (၁၁)၊ (၁၃)၊ (၁၅)၊ (၁၇)၊ (၁၈)၊ (၂၀)၊ (၂၄)၊ (၂၅)၊ (၂၉)၊ (၃၀)၊ (၃၁) စသောရက်များသည် ကျောင်းများ၊ လူအိမ်အဆောက်အအုံများ ဆောက်လုပ်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

## ၉။ ရှင်ပြု၊ နားသ ကျင်းပဖို့ရာ

မေလ (၃)၊ (၈)၊ (၁၀)၊ (၁၁)၊ (၁၂)၊ (၁၅)၊ (၂၂)၊ (၂၄)၊ (၂၅)၊ (၂၉) စသောရက်များသည် ရှင်ပြုခြင်း၊ နားသခြင်း စသော မင်္ဂလာကိစ္စများဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

## ၁၀။ အိမ်ပြောင်းရွှေ့ရာ၊ အိမ်သစ်တက်ရာ

မေလ (၁)၊ (၃)၊ (၈)၊ (၁၀)၊ (၁၁)၊ (၁၅)၊ (၂၄)၊ (၂၉)၊ (၃၁) စသော ရက်များသည် အိမ်ပြောင်းရွှေ့ခြင်း၊ အိမ်သစ်တက်ခြင်း စသော ကိစ္စများ ပြုလုပ်ဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

## ၁၁။ အရောင်းအဝယ်လုပ်ဖို့ရာ

မေလ (၁)၊ (၃)၊ (၅)၊ (၈)၊ (၁၀)၊ (၁၁)၊ (၁၂)၊ (၁၈)၊ (၂၀)၊ (၂၄)၊ (၃၀)၊ (၃၁) စသောရက်များသည် ကုန်ရောင်းကုန်ဝယ်ပြုလိုသည့် ကိစ္စများ ဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

## ၁၂။ သီးနှံမျိုးစေ့ကြဲဖို့ရာ

မေလ (၁)၊ (၃)၊ (၅)၊ (၈)၊ (၁၀)၊ (၁၂)၊ (၂၀)၊ (၂၄)၊ (၃၀)၊ (၃၁) စသောရက်များသည် သီးနှံမျိုးစေ့များ ကြဲရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

## ၁၃။ ရေတွင်းရေကန် တူးဖို့ရာ

မေလ (၁)၊ (၃)၊ (၅)၊ (၈)၊ (၁၀)၊ (၁၁)၊ (၁၂)၊ (၂၀)၊ (၂၄)၊ (၂၅)၊ (၃၀)၊ (၃၁) စသောရက်များသည် ရေတွင်းရေကန်များ တူးဖော်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

## ၁၄။ အတတ်ပညာ သင်ဖို့ရာ

မေလ (၁)၊ (၃)၊ (၈)၊ (၁၀)၊ (၂၄)၊ (၃၀)၊ (၃၁) စသောရက်များသည် အတတ်ပညာများ သင်ယူဖို့ရာအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

## ၁၅။ အောင်ဘာလေထီ ထိုးဖို့ရာ

မေလ (၃)၊ (၆)၊ (၁၄)၊ (၂၈) စသောရက်များသည် အောင်ဘာလေထီထိုးဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

## ၁၆။ ငါး၊ ရေသတ္တဝါဖမ်းဖို့ရာ

မေလ (၅)၊ (၁၅)၊ (၂၂)၊ (၂၄) စသောရက်များသည် ရေနေသတ္တဝါများဖြစ်ကြသည့် ငါးများ၊ ပုဇွန်များ အစရှိသည်တို့ကို ဖမ်းယူဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

## ၁၇။ ရွှေတွင်း/ကျောက်တွင်းများ တူးဖို့ရာ

မေလ (၁)၊ (၅)၊ (၈)၊ (၁၁)၊ (၁၅)၊ (၂၄) စသောရက်များသည် ရွှေတွင်း၊ ကျောက်တွင်းများ တူးဖော်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

• နှယ်သာကီအောင်



www.burmeseclassic.com

www.burmeseclassic.com



# ကျောင်းတော်မှ နှင့် ဂမ္ဘီရယတြာ

**သိရီရတနာ**

"ရတနာရေ . . . ရတနာ"

"ဟယ် . . . သီတာပါလား။ လာလာ . . ဘာတွေအရေးကြီးလာပြန်ပြီလဲ"

"အရေးကြီးဆို ငါ့မောင်လေးတစ်ယောက် နိုင်ငံခြားခရီးထွက်ဖို့ အခက်အခဲကြုံနေရလို့ . . . အဲဒါ"

"အဲဒါ ငါက ဘာလုပ်ပေးရမှာလဲ သီတာ"

"ဒီလိုလေဟာ။ နင့်ဂမ္ဘီရပညာနဲ့ အခက်အခဲကြုံနေရလို့ ငါ့မောင်လေး နိုင်ငံခြားခရီးအတွက် အဆင်ပြေချောမွေ့သွားအောင် ပြုလုပ်ပေးဖို့ ငါအကူအညီတောင်းတာပါ ရတနာရယ်"

"ဪ . . . ဒီလိုလား။ ငါသဘောပေါက်ပြီ။ နင့်မောင်လေးက တော်တော်အခက်အခဲတွေ့နေလို့လား"

"တော်တော်တွေ့နေတာ ရတနာ။ အဲဒါ နင်ကူညီပေးပါဦး။ နင်က ဂမ္ဘီရဆရာမဆိုတော့ နင့်ကိုပဲ အားကိုးပါရစေလား"

"အေးလေ . . . ကူညီရတာပေါ့။ ငါ့ဆရာက ငါ့ကို မှာကြားထားတာရှိတယ်။ ဂမ္ဘီရပညာနဲ့ လူတွေရဲ့အကျိုးကို သယ်ပိုးပေးရမယ်တဲ့။

တချို့က ဂမ္ဘီရပညာဆိုတာကို အထင်မကြီးကြဘူး။ တချို့ကျတော့လည်း ဂမ္ဘီရပညာဆိုတာ လောကီနဲ့ မဆိုင်ဘူးလို့ ထင်နေကြတယ်။ အမှန်တော့ ဂမ္ဘီရဆိုတာ လောကီဂမ္ဘီရနဲ့ လောကုတ္တရာဂမ္ဘီရဆိုပြီး နှစ်မျိုးရှိနေတဲ့ ဥစ္စာပဲ။ ပြီးတော့ လောကီဂမ္ဘီရနဲ့ လောကုတ္တရာဂမ္ဘီရ ယှက်နွယ်နေတဲ့ အပိုင်းတွေလည်း ရှိသေးတယ်။ လောကုတ္တရာဂမ္ဘီရထဲက ဓာတ်သက်ကိုယူပြီး လောကီဂမ္ဘီရအပိုင်းမှာ အသုံးပြုရတာတွေလည်း ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီတော့ ပြောရရင် ဂမ္ဘီရပညာဟာ အင်မတန်နက်နဲ သိမ်မွေ့တယ်လို့ပဲ ဆိုရမယ်။ ကျယ်လည်း ကျယ်ဝန်းတယ်ပေါ့။ အဲဒီတော့ လျှို့ဝှက်ဂမ္ဘီရကျင့်စဉ်တစ်ခု ငါပြောပြမယ်။ ငါ့ဆရာက ငါ့ကို မိန့်ကြားခဲ့တဲ့ ကျင့်စဉ်ပေါ့"

"ပြောပြပါဦး ရတနာ"

"အဲဒီ လျှို့ဝှက်ဂမ္ဘီရကျင့်စဉ်ကို ဘယ်လိုလူတွေ ကျင့်ရမလဲဆိုတော့··

(၁) နိုင်ငံခြားခရီး အခက်အခဲကြုံတွေ့နေတဲ့သူတွေ၊

(၂) ပြဿနာ အခက်အခဲ ကြုံတွေ့နေရတဲ့သူတွေ၊

(၃) ရာဟုသက်ရောက် ကြုံနေတဲ့သူတွေ၊

(၄) ကျန်းမာရေး ညံ့ဖျင်းနေတဲ့သူတွေ၊

(၅) မိမိတို့ရဲ့ ဆန္ဒတွေ ပြည့်ဝလာခြင်းမရှိဘဲ တစ်စုံတစ်ရာ အဟန့်အတားမျိုးနဲ့ ကြုံတွေ့ရင်ဆိုင်နေရပြီး အောင်မြင်မှုရဖို့ ကြန့်ကြာနေတဲ့သူတွေ၊

အဲဒီလို ပုဂ္ဂိုလ်တွေ ဒီကျင့်စဉ်ကို ကျင့်ကြရပါမယ်"

"ငါမှတ်ထားပါ့မယ် ရတနာ"

"အခါတစ်ပါးမှာ မြတ်စွာဘုရားရှင်နဲ့ ရာဟုအသူရိန်တို့ ဆုံခဲ့ကြတယ်။ ဘုရားရှင်က ရာဟုအသူရိန်ရဲ့ စိတ်ကို သိတော်မူတဲ့အတွက် အရှေ့စကြဝဠာကို ခြေပြု၊ တောင်မြောက် စကြဝဠာကို လက်တော်များနဲ့ ထိစပ်ပြီး လျောင်းတော်မူနေဟန် သီတင်းသုံးတော်မူပါတယ်။

အဲဒီအခါ ရာဟုအသူရိန်ဟာ ဘုရားရှင်ရှေ့မှာ ထရမလို၊ ထိုင်ရမလိုနဲ့ ကြောက်လန့်ပြီး ထွက်ပြေးသွားခဲ့ပါတယ်။ အဲဒီဖြစ်ရပ်ကို အခြေပြုပြီးတော့ လျောင်းတော်မူဘုရားများကို တည်ထားကိုးကွယ်တဲ့ အလေ့ဖြစ်လာတယ်လို့ ဆိုကြတယ်။"

"အခု နင်ပြောမယ့် လျှို့ဝှက်ဂမ္ဘီရကျင့်စဉ်နဲ့ လျောင်းတော်မူဘုရားနဲ့က ဘယ်လိုဆက်စပ် ပတ်သက်နေလို့လဲ ရတနာ"

"ပတ်သက်ဆက်စပ်နေပြီလား သီတာ။ ငါပြောပြမယ်၊ နင်ဆက်ပြီး နားထောင်ပါဦး။ နောက်တစ်ခုက ရာဟုအသူရိန်ဟာ နေနတ်သားနဲ့ လနတ်သားကို ဖမ်းဆီးချုပ်နှောင်ပြီး အနှောင့်အယှက် ကြုံခဲ့ဖူးတယ်။

အဲဒီအခါ နေနတ်သားနဲ့ လနတ်သားတို့ဟာ မြတ်စွာဘုရားရှင်ကို တိုင်တည်ခဲ့ကြတယ်။

မြတ်စွာဘုရားရှင်ရဲ့ ကရုဏာတော်ကြောင့် ရာဟုအသူရိန်လက်က လွတ်မြောက်ပြီး ဘေးကင်းချမ်းသာခဲ့ရတယ်။

"ဒါ့ကြောင့် ဒီကျင့်စဉ်ကို ရာဟုသက် ကြုံနေကြတဲ့သူတွေ ကျင့်ရမယ်ပေါ့၊ ဟုတ်လား ရတနာ"

"ဟုတ်တယ် သီတာ။ နင်က အရိပ်ပြလို့ အကောင်ထင်လာပြီပဲ။ မှတ်ထားဦး။ နင် ခုနကပေးတဲ့ လျှို့ဝှက်ဂမ္ဘီရကျင့်စဉ်နဲ့ လျောင်းတော်မူဘုရားနဲ့က ဘယ်လိုဆက်စပ်နေသလဲတဲ့။ ဆက်စပ်တာပေါ့ သီတာ။ ဒီကျင့်စဉ်ကို လျောင်းတော်မူဘုရား ရှေ့တော်မှောက်မှာ ကျင့်ရမှာ ဖြစ်တဲ့အတွက်ပဲ"

"ပြောပြပါဦး ရတနာ"

"မြတ်စွာဘုရားရှင် လျောင်းတော်မူ သီတင်းသုံးနေဟန်ကို ကြည့်ပြီး ရာဟုအသူရိန် ထွက်ပြေးသွားခဲ့တယ်။

အဲဒီ ဇာတ်သက်ကိုယူပြီး ရာဟုဂြိုဟ်သက်ရောက်တဲ့ အချိန်တွေမှာ လျောင်းတော်မူဘုရားရှေ့မှာ အဲဒီလျှို့ဝှက် ဂမ္ဘီရကျင့်စဉ်ကို ကျင့်ရတာပဲ သီတာ။

လျောင်းတော်မူပုံတွေကို တည်ထားကိုးကွယ်တဲ့နေရာမှာ အရှေ့ဘက်ကို ဦးခေါင်းတော်ထားတဲ့ပုံတော်၊ အနောက်ဘက်ကို ဦးခေါင်းထားတဲ့ပုံတော်၊ တောင်ဘက်ကို ဦးခေါင်းပြုတဲ့ ပုံတော်၊ မြောက်ဘက်ကို ဦးခေါင်းပြုတဲ့ ပုံတော် ဆိုပြီး တည်ထားကိုးကွယ်ကြတယ်။

အဲဒီလို အရပ်မျက်နှာတစ်ခုခုကို ဦးခေါင်းပြုတော်မူပြီး တည်ထားကိုးကွယ်တဲ့ လျောင်းတော်မူ ရုပ်ပွားတော်များရဲ့ ဘွဲ့တော်ကို···

'အရှေ့ပေါင်းလဲ၊ တောင်လွှဲသာလျောင်း···

နောက်စောင်း နေရမာန်၊ မြောက်မှာ နိဗ္ဗာန်'

ဆိုပြီး ကျမ်းဂန်တွေမှာ အဆိုအမိန့် ပြုထားခဲ့ပါတယ်"

"နင်က တော်တော် လေ့လာထားတာပဲနော် ရတနာ"

"မြတ်စွာဘုရားရှင်ဟာ သမာပတ်ဝင်စားတော်မူတဲ့အခါ၊ ပရိသတ်လေးပါးကို တရားပြောတဲ့အခါ၊ ကျိန်းစက်တော်မူတဲ့အခါ၊ ပရိနိဗ္ဗာန်ပြုတော်မူတဲ့အခါ လျောင်းတော်မူခြင်း ဣရိယာပုထ်ကို ကျင့်သုံးတော်မူလေ့ရှိတယ်။

အရှေ့အရပ်ကို ဦးခေါင်းတော်ပြုတဲ့ ပုံတော်ကို ပေါင်းလဲပုံတော်၊ တောင်



www.burmeseclassic.com

www.burmeseclassic.com

အရပ်ကို ဦးခေါင်းတော်ပြုတဲ့ ပုံတော်ကို ရွှေသာလျောင်းပုံတော်၊ အနောက်အရပ်ကို ဦးခေါင်းတော်ပြုတဲ့ ပုံတော်ကို နေရမာန်ပုံတော်၊ မြောက်အရပ်ကို ဦးခေါင်းတော်ပြုတဲ့ ပုံတော်ကို ပရိနိဗ္ဗာန်ပုံတော်၊ သို့မဟုတ် ကုသိနာရုံပုံတော်လို့ ခေါ်တယ်။

အဲဒီလိုခေါ်ကြောင်း အငွကထာနဲ့ ဋီကာကျမ်းတွေမှာ ပါရှိပါတယ်။

ဂေါင်းလဲပုံတော် ဆိုတာကတော့ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီး အုံးပေါ်မှာ ဦးခေါင်းတော်ချလျက် ငြိမ်ငြိမ်သက်သက်လျောင်းစင်းနေပုံဖြစ်တယ်။

ရွှေသာလျောင်းပုံတော်ဆိုတာကတော့ မြတ်စွာဘုရားရှင်ဟာ ဝေနေယျသတ္တဝါတွေကို တရားဓမ္မ ဟောကြားဆုံးမပြီးတဲ့နောက် ညောင်းညာတော်မူတဲ့အခါ ခြေဆန့်၊ လက်ဆန့်၊ ကိုယ်တော်ဆန့်ပြီး သက်သောင့်သက်သာ အနားယူ လဲလျောင်းနေပုံဖြစ်တယ်။

နေရမာန်ပုံတော် ဆိုတာကတော့ နိဗ္ဗာန်ကို အာရုံပြုပြီး လျောင်းတော်မူ ဣရိယာပုတ်နဲ့ယှဉ် သမာပတ်(သို့) နိရောဓသမာပတ် ဝင်စားတဲ့ပုံတော် ဖြစ်တယ်။

ပရိနိဗ္ဗာန်ပုံတော် ဆိုတာကတော့ ပရိနိဗ္ဗာန်စံဝင်ခါနီး ကုသိနာရုံ မလ္လမင်းတို့ရဲ့ အင်ကြင်းဥယျာဉ်အတွင်းမှာ လျောင်းတော်မူနေပုံ ဖြစ်ပါတယ်။

ဒါကြောင့် ကုသိနာရုံလျောင်းတော်မူပုံလို့လည်း ခေါ်ခြင်းဖြစ်တယ်။

အဲဒီလို လျောင်းတော်မူပုံတော်လေးဆူရှိတဲ့အနက် တစ်ဆူဆူရဲ့ ရှေ့မှာ ကျင့်ရမှာဖြစ်ပါတယ်"

"ဒါဆိုရင် လျောင်းတော်မူတစ်ဆူဆူကို ဖူးတွေ့ရင် အဲဒီ လျောင်းတော်မူဟာ ဘယ်လိုလျောင်းတော်မူလဲဆိုတာ ခွဲခြားသိနိုင်ပြီပေါ့ ရတနာ"

"ဒါပေါ့ သီတာ။ ပြီးတော့ (လျောင်းတော်မူ)ဆိုတဲ့ ပညတ်ကို ကြည့်ရင် -

လျောင်း တော် မူ

ဗုဒ္ဓဟူး + စနေ + ကြာသပတေး

၄ + ၇ + ၅ = ၁၆ = ၇

ဂြိုဟ်သက် ၁၇ + ၁၀ + ၁၉ = ၄၆ = ၁၀ = ၁ = ၈

အဲဒီအတိုင်း တွေ့ရလိမ့်မယ်။ ဒါဟာ လျောင်းတော်ရာဘုရားကို ဂမ္ဘီရသဘောနဲ့ ကြည့်ရင် မြင်ရတဲ့ အနေအထားပဲ။

အဲဒီတော့ (၇)ဂဏန်းကို နတ်ပကျွန်းဂြိုဟ် စိုးမိုးပါတယ်။ ဒါကြောင့် ရေနဲ့ ပင်လယ်ကို ကြီးစိုးတယ်။ အဲဒီတော့ ရေလုပ်ငန်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ပင်လယ်ရပ်ခြားခရီးသွားလုပ်ငန်း၊ သင်္ဘောသား၊ နိုင်ငံခြားခရီးတို့အတွက် အဆင်ပြေမယ့် နေရာထူးတစ်ခုက လျောင်းတော်မူဘုရားရှေ့တော်မှောက်လို့ ဆိုနိုင်တယ်"

"ဟယ်...နင်တွက်ကြည့်တော့လည်း တော်တော်ဟုတ်ပါလား"

"ဆက်ပြီး နားထောင်ဦး သီတာ။ ဂြိုဟ်သက်တွေပေါင်းလို့ရတဲ့ (၄၆) ဂဏန်းကတော့ ကိုယ်တိုင် ထူးခြားတဲ့ဂဏန်းဖြစ်ပြီး အနာဂတ်အတွက် ကံကောင်းတဲ့ ဂဏန်းဖြစ်တယ်။ ဒါကြောင့် ဘဝ သက်သောင့်သက်သာနေရဖို့၊ အိုဇာတာကောင်းဖို့လည်း အထောက်အကူပြုပါတယ်။

ပြီးတော့ အဲဒီမှာ (၇)နဲ့ (၁)ပေါင်းရင် (၈)ရတယ်။ (၈)ဂဏန်းဟာ ရာဟုဂြိုဟ်ဂဏန်းပဲ မဟုတ်လား။ အဲဒါဟာ ထူးခြားမှုပဲ။ ဒါကြောင့် ရာဟုဂြိုဟ်သက်ရောက်မှာ ဒီကျဉ့်စဉ်ကို ကျင့်ရတာလည်းဖြစ်တယ်"

"အေး...ဟုတ်တယ် ရတနာ"

"ပြီးတော့ (၇)ဆိုတာ စနေ၊ (၁)ကတော့ တနင်္ဂနွေဖြစ်တယ်။ တနင်္ဂနွေနဲ့ စနေဆိုတာ ဓာတ်သဘောအရဆိုရင် အန္တောဓာတ်လို့ခေါ်တယ်။ အန္တောဓာတ်ဟာ ဓာတ်မိတ်ပဲ။ တေဇောဓာတ်ပေါ့။ ဘုန်းတန်ခိုးကြီးလိုမှု၊ အန္တောပြုပြဲဇာအာဏာ ကြီးလိုမှု၊ အန္တောပြုလို့ ဆိုခဲ့ကြတယ်။

အဲဒါကလည်း လျောင်းတော်မူဘုရားရဲ့ ထူးခြားမှုတစ်ခုပါပဲ။ ဒါကြောင့် ဒီကျင့်စဉ်ဟာ ထူးခြားမှုတွေနဲ့ ပြည့်နေတဲ့ ကျင့်စဉ်လို့ ဆိုရမယ်"

"ဒါနဲ့ ရာဟုသက်ရောက် ဆိုတာကရော..."

"ရာဟုသက်ရောက် ဆိုတာကတော့ မိမိရဲ့ ရောက်ရှိဆဲ အသက်ကို တည်ပြီး (၈)နဲ့ စားရမယ်။ အဲဒီလို စားကြည့်လို့...

တနင်္ဂနွေသားသမီး (၇) ကြွင်းရင်၊ တနင်္လာသားသမီး (၆) ကြွင်းရင်၊ အင်္ဂါသားသမီး (၅) ကြွင်းရင်၊ ဗုဒ္ဓဟူးသားသမီး (၄) ကြွင်းရင်၊ စနေသားသမီး (၃) ကြွင်းရင်၊ ကြာသပတေးသားသမီး (၂) ကြွင်းရင်၊ သောကြာသားသမီး (၀) ကြွင်းရင်...

ရာဟုသက်ရောက် ကြုံနေတယ်လို့ သိရပါမယ်"

"ရှင်းပါပြီ ရတနာ။ ကျင့်စဉ်ကို ပြောပြပါဦး"



www.burmeseclassic.com

www.burmeseclassic.com

"ကျင့်စဉ်ကတော့...

(က) ရာဟုသက်ရောက် ကြုံနေရင်...

(၁) တနင်္ဂနွေသားသမီးဆိုရင် အုန်း ၆ ညွန့်၊ (၂) တနင်္လာသားသမီးဆိုရင် ကံ့ကော် ၁၅ ညွန့်၊ (၃) အင်္ဂါသားသမီးဆိုရင် ဆီး ၈ ညွန့်၊ (၄) ဗုဒ္ဓဟူးသားသမီးဆိုရင် ဝါး ၁၇ ညွန့်၊ (၅) ကြာသပတေးသားသမီးဆိုရင် သောက် ၁၉ ညွန့်၊ (၆) သောကြာသားသမီးဆိုရင် သီး ၂၁ ညွန့်၊ (၇) စနေသားသမီးဆိုရင် ဒန်း ၁၀ ညွန့် ကပ်လှူပူဇော်ပေးရပါမယ်။

**မြတ်စွာဘုရားရှင်ဟာ သမာပတ်ဝင်စားတော်မူတဲ့အခါ၊ ပရိသတ်လေးပါးကို စကားပြောတဲ့အခါ၊ ကျိန်းစက်တော်မူတဲ့အခါ၊ ပရိနိဗ္ဗာန်ပြုတော်မူတဲ့အခါ လျောင်းတော်မူခြင်း ဣရိယာပုတ်ကို ကျင့်သုံးတော်မူလေ့ရှိတယ်။**

(ခ) ပြဿနာအခက်အခဲ၊ အမှုအခင်း စသည်ဖြင့် ရင်ဆိုင်ကြုံတွေ့နေရတယ် ဆိုရင်တော့...

(၁) တနင်္ဂနွေသားသမီးဆိုရင် လိမ္မော်ရောင်ထီး တစ်လက်၊ (၂) တနင်္လာသားသမီးဆိုရင် အဖြူရောင်ထီး ၂ လက်၊ (၃) အင်္ဂါသားသမီးဆိုရင် အစိမ်းရောင်ထီး ၃ လက်၊ (၄) ဗုဒ္ဓဟူးသားသမီးဆိုရင် အဝါရောင်ထီး ၄ လက်၊ (၅) ကြာသပတေးသားသမီးဆိုရင် ပန်းရောင်ထီး ၅ လက်၊ (၆) သောကြာသားသမီးဆိုရင် အပြာရောင်ထီး ၆ လက်၊ (၇) စနေသားသမီးဆိုရင် အနီရောင်ထီး ၇ လက် ကပ်လှူပူဇော်ပေးရပါမယ်။

(ဂ) နိုင်ငံခြားခရီး အခက်အခဲ ကြုံနေရင်တော့...

(၁) တနင်္ဂနွေသားသမီးဆိုရင် ခရေ ၆ ညွန့်၊ (၂) တနင်္လာသားသမီးဆိုရင် ခရေ ၁၅ ညွန့်၊ (၃) အင်္ဂါသားသမီးဆိုရင် ခရေ ၈ ညွန့်၊ (၄) ဗုဒ္ဓဟူးသားသမီးဆိုရင် ခရေ ၁၇ ညွန့်၊ (၅) ကြာသပတေးသားသမီးဆိုရင် ခရေ ၁၉ ညွန့်၊ (၆) သောကြာသားသမီးဆိုရင် ခရေ ၂၁ ညွန့်၊ (၇) စနေသားသမီးဆိုရင် ခရေ ၁၀ ညွန့် ကပ်လှူပူဇော်ပေးရပါမယ်။

(ဃ) ကျန်းမာရေးညှိုးဖျင်းနေတဲ့အခါ၊ မိမိဆန္ဒများ မပြည့်ဝဘဲ တစ်စုံတစ်ရာ အဟန့်အတားမျိုးနဲ့ ရင်ဆိုင်နေရပြီး အောင်မြင်မှုတွေရဖို့ ကြန့်ကြာနေတဲ့အခါ...

ခုနစ်ရက်သားသမီးများ လျောင်းတော်မူဘုရားကို သပြေ ၂၁ ညွန့်နဲ့ ကပ်လှူပူဇော်ရပါတယ်။

ငွေကြေးအခက်အခဲနဲ့ ရင်ဆိုင်ကြုံတွေ့နေရရင်လည်း ခုနစ်ရက်သားသမီးများအားလုံး လျောင်းတော်မူဘုရားကို သပြေ ၂၁ ညွန့်စီ ကပ်လှူပူဇော်ပေးရပါမယ်"

"ရှင်းပါပြီ ရတနာ"

"နားထောင်ဦး သီတာ။ အဲဒီလို ရာဟုသက်ရောက်အတွက် ဖြစ်စေ၊ ပြဿနာအခက်အခဲနဲ့ အမှုအခင်းအတွက်ဖြစ်စေ၊ နိုင်ငံရပ်ခြားခရီးအတွက်ဖြစ်စေ၊ ကျန်းမာရေး ငွေကြေးနဲ့ အလိုဆန္ဒများအတွက်ဖြစ်စေ လျောင်းတော်မူဘုရားကို တစ်ဆူပူဇော်ပြီးတဲ့အခါ ဟောဒီဂါထာကို ပါဠိတစ်ခေါက်၊ အနက်တစ်ခေါက် ပေါင်း ၂၄ ခေါက် ရွတ်ဆိုပူဇော်ပြီး ရှိခိုးကန်တော့ရပါမယ်။

**ဂါထာကတော့...**

**ဣစ္စန္တော ယုဂန္ဓရေနု၊**
**ဂစ္ဆံ သမံ သူရစန္ဒံ၊**
**ဝေတာဝနေ သယာနတော၊**
**အာမသီ ဟတ္ထပါဒေနု။**

**အနက်အဓိပ္ပာယ်ကတော့...**

အဆုံးမရှိသော ကျေးဇူးတော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား အလိုရှိသည်ဖြစ်အံ့...ယုဂန်တောင်တော်နှင့် အမျှ သွားသော နေ့လကို ဝေတာဝန် ကျောင်းတော်၌ လျောင်းတော်မူလျက်

www.burmeseclassic.com

ခြေဖဝါးတော်ဖြင့် သုံးသပ်တော်မူနိုင်၏။

အဲဒီဂါထာကို ပါဠိတစ်ခေါက်၊ အနက်တစ်ခေါက် ပေါင်း ၂၄ ခေါက် ရွတ်ဆိုပြီး ဘုရားရှိခိုးကန်တော့ပါ။

ပြီးရင်···

**နမောတေ ဗုဒ္ဓ ဝီရတ္ထု၊**
**ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။**
**သမ္ဗာဓပဋိ ပန္နောသ္မိ၊**
**တဿ မေ သရဏံ ဘဝ။**

လို့ တစ်ခေါက်ရွတ်ဆိုရမယ်။ ပြီးရင် မျက်လုံးအစုံကိုမှိတ်၊ မြတ်စွာဘုရားရှင်ကို အာရုံပြုပြီး မိမိရဲ့ ဟဒယနှလုံးအိမ်ကို စိတ်နဲ့ စူးစိုက်ကြည့်ရမယ်။ အဲဒီလို စူးစိုက်ကြည့်ပြီး···

ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရားကို (မောင်/မ---) သည် ကိုးကွယ်ခြင်းသို့ ရောက်ပြီး။

ရာဟု (မောင်/မ---)ကို လွှတ်လော့ မြတ်စွာဘုရားသည် အနက်တို့ကို အစဉ်သနားတော်မူကုန်သည်။

လို့ ငါးမိနစ်ခန့် ပွားများရပါမယ်။ အဲဒီလို ပွားများပြီးရင် အဲဒီကျင့်စဉ် ပြီးပါပြီ။ ကျင့်စဉ်ဆိုပေမယ့် ယတြာလို့လည်း ခေါ်နိုင်ပါတယ်။ ဗုဒ္ဓယတြာပေါ့။ ဗုဒ္ဓဘုရားရှင်ကို ပူဇော်တဲ့ ယတြာပေါ့"

"နားလည်ပါပြီ ရတနာ။ ဒါနဲ့ အဲဒီကျင့်စဉ်ကို ဘယ်နရက် ကျင့်ရမှာလဲ ရတနာ"

"တစ်လမှာ ရှစ်ရက်ကျင့်နိုင်ရင်တော့ အကောင်းဆုံးပေါ့။ မိမိမွေးနေ့က စပြီး ကျင့်ပေါ့။

ပြောခဲ့တဲ့ အကျိုးကျေးဇူးတွေကို မုချရရှိခံစားကြရပါလိမ့်မယ်"

"လျောင်းတော်မူဘုရား ရှေ့တော်မှောက်မှာ ကျင့်ရမယ်ဆိုတော့ ခြောက်ထပ်ကြီးဘုရားလို လျောင်းတော်မူဘုရား ရှေ့တော်မှောက်မှာပေါ့နော် ရတနာ"

"မှန်ပါတယ်။ ခြောက်ထပ်ကြီးဘုရားဟာ လျောင်းတော်မူဘုရား၊ လျောင်းတော်မူရုပ်ပွားတော်ပေါ့ သီတာ။ ပြီးတော့ ပဲခူးမှာဆိုရင်တော့ ရွှေသာလျောင်းဘုရားကြီးပေါ့။

ဒါပေမယ့် အဲဒီလို လျောင်းတော်မူဘုရားတွေ ရှေ့မှောက်မှာ ကျင့်ဖို့ အခက်အခဲရှိနေရင်တော့ လျောင်းတော်မူရုပ်ပွားတော် တစ်ဆူဆူရဲ့ ရှေ့တော်မှောက်မှာလည်း ကျင့်နိုင်ပါတယ်။

လျောင်းတော်မူရုပ်ပွားတော် တစ်ဆူဆူရှိတဲ့ ဘုရားကိုသွားပေါ့။ ရွှေတိဂုံဘုရားမှာဆိုရင် လျောင်းတော်မူရုပ်ပွားတော်တွေ အများကြီးရှိပါတယ်။ အဲဒီ တစ်ဆူဆူရှေ့မှာလည်း ကျင့်နိုင်ပါတယ်"

"ကျေးဇူးပါပဲ ရတနာ။ အဲဒီကျင့်စဉ်အတိုင်း မောင်လေးကို အမြန်ဆုံး ကျင့်စဉ်ဝင်ခိုင်းလိုက်ပါ့မယ်"

"နင့်မောင်လေးမှ မဟုတ်ဘူး သီတာ။ နင်ပါ ဒီကျင့်စဉ်ကို ဝင်ရမှာ။ အခု နင့်အသက် ၃၂ နှစ် မဟုတ်လား။ နင်က သောကြာသမီးလေ။ ဒီတော့ (၈) နဲ့စားရင် (၀)ကြွင်းနေတယ်။ ဒီတော့ နင့်အနေနဲ့ ရာဟုသက်ရောက်နေတာပေါ့"

"ဟယ်··ကျေးဇူးပဲ ရတနာရယ်။ နင်ပြောမှ ငါ ရာဟုသက်ရောက်ထဲ ရောက်နေတာ သိတော့တယ်"

"ဒါ့ကြောင့် နင့်အသက် ၃၂ နှစ် စဝင်ကတည်းက ရာဟုတို့ ထုံးစံအတိုင်း အဆင်မပြေမှုတွေနဲ့ ရင်ဆိုင်နေရတာ မဟုတ်လား"

"ဟုတ်ပါ့ ရတနာရယ်"

"နင်က နင့်အပူတွေကို မေ့ပြီး နင့်မောင်လေးရဲ့ အပူတွေကို ဦးစားပေးနေတာကိုး။ အေးလေ···အစ်မကြီးတော့ အမိအရာတဲ့။ ဒီလောက်တော့ ရှိမှာပေါ့။ ကဲ···သီတာရေ၊ ဒီအတိုင်းသာ ကျင့်ပေတော့၊ ယတြာပြုပေတော့။ ကောင်းကျိုးချမ်းသာ အဖြာဖြာကို ရရှိခံစားရပါလိမ့်မယ်"

"ကျေးဇူးပါပဲ ရတနာရယ်"

*** *** ***

တစ်လကျော်ခန့်အကြာ···

"ရတနာရေ···ရတနာ"

"ဟယ်···သီတာ၊ လာ··လာ"

"ငါ့မောင်လေး နိုင်ငံခြားထွက်သွားပြီ ရတနာ။ ပြီးတော့ ငါ့အဆင်မပြေမှုတွေလည်း အားလုံးအဆင်ပြေလာပြီ။ နင်ပြောတဲ့ကျင့်စဉ်···အဲ··ယတြာအတိုင်း ပြုလုပ်ဆောင်ရွက်တာလေ။ ကျေးဇူးပါပဲ ရတနာရယ်"

"ခုနစ်ရက်သားသမီးအပေါင်း အဲဒီလို ကြုံတွေ့နေရရင်လည်း အဲဒီကျင့်စဉ်ယတြာကို လက်ဆင့်ကမ်းပြောပြပြီး ပညာဒါန ကောင်းမှုကုသိုလ်ပြုလိုက်ဦးတော့ သီတာ"

"စိတ်ချပါ ရတနာ။ ငါတို့ အဆင်ပြေ ကောင်းကျိုးရရှိသလို ခုနစ်ရက်သားသမီးတွေ အဆင်ပြေကောင်းကျိုး ရရှိအောင် လက်ဆင့်ကမ်းလိုက်ပါ့မယ်"

**သီရိရတနာ**



www.burmeseclassic.com

www.burmeseclassic.com

# မူနာကျူရတနာအရှုပ်တော်ပုံ

## အောင်သန်းချစ်

(အခန်း ၁၃)

## နီဂိုး

ယခင်လမှအဆက်

ပန်တစ်ဆာဒါက ဘိုရောင်ရဲ့ ပိုင်နံခြံထဲမှာ ပျော်တပြုံးပြုံးနဲ့ ဆူဆူညံညံဖြစ်နေပါတယ်။ မစ္စတာ ဘိုရောင်ရယ် သူ့ဇနီးသားသမီးနဲ့ ဆွေမျိုးတွေပါ ရေတွေခပ်ကြ၊ ရှူးဖိနပ်တွေတိုက်ကြ၊ အဝတ်တွေကို မီးပူထိုးကြ၊ စားသောက်ဖို့ အစားအစာတွေ ချက်ပြုတ်ကြနဲ့ တပျော်တပါးဖြစ်နေကြပါတယ်။

ဂျူးဂျူးဗီမာန်မှာ အသက်အန္တရာယ်နဲ့ကြုံခဲ့ရပြီး ကိမ်နဲ့ခွန်ဘာတို့ အိမ်ပြန်ရောက်နေတာ တစ်လကြာသွားပါပြီ။ သူတို့ပခင်လည်း အရင်ကလို တင်းတင်းမာမာမဟုတ်တော့ဘဲ ပျော့ပျောင်းလာခဲ့ပါတယ်။

အစာရေစာ ရိက္ခာတွေပိုဝယ်ထားဖို့နဲ့ ကိမ်ရဲ့ ခြေထောက်လည်း သက်သာလာပြီမို့ ခါတိုင်းလို ပတ်တီးစည်းထားစရာမလိုတော့ကြောင်း သူ့ဇနီးသည်ကို ရှင်းပြခဲ့ပါတယ်။

ဒီနေ့မှာတော့ ဘုရင့်တမန်တော်က လွှန်ခဲ့တဲ့ တစ်ပါတ်က လာပို့ခဲ့တဲ့ စာကြောင့် ပိုပြီး ပျော်နေကြပါတယ်။

ဘုရင့်နန်းတော်၊
ရာကီဒါ။

ချစ်လှစွာသော ကိမ်နဲ့ ခွန်ဘာတို့ရေ-
မင်းတို့ရဲ့ သက်စွန့်ဆံဖျား လုံးပန်းခဲ့မှုကြီး ပြီးဆုံးသွားလို့ အိမ်ကို ချောချောမောမော ပြန်ရောက်နေကြပြီဆိုတာ ငါကြားရတာကြောင့် ဝမ်းသာနေပါတယ်။ မင်းတို့က သမိုင်းဝင် မူနာကျူရှေးဟောင်းရတနာတွေကို ထိန်းသိမ်းကာကွယ်ပေးခဲ့တာပါ။ သိပ်ကောင်းတဲ့ လုပ်ရပ်ပါ။

လာမယ့် ဗုဒ္ဓဟူးနေ့ ညနေသုံးနာရီမှာ ဘုရင်ကြီးက သူကိုယ်တိုင် မင်းတို့ကို ကျေးဇူးတင်စကား မြွက်ကြားပါလိမ့်မယ်။ မင်းတို့ မိဘတွေနဲ့ ဆွေမျိုးတွေကိုလည်း တပါတည်း ခေါ်ခဲ့ဖို့ ဖိတ်လိုက်ပါတယ်။

ဘုရင့်ကားမောင်းသမားက ဘုရင့်ကိုးလ်စ်ရွိုက်စ်ကားကြီးနဲ့ မင်းတို့ကိုလာခေါ်ပါလိမ့်မယ်။ မင်းတို့ကို မျှော်နေမယ်။

အလွှာသခင်တောင်မပါစေ
မိပုရားခေါင်ကြီး ဒုဒူ

www.burmeseclassic.com

အဲဒီပွဲတော်အတွက် ····

မစ္စတာဘိုရောင်က သူ့အတွက် အဝတ်အစားတွေ အထူးစီမံချုပ်လုပ်စေခဲ့သလို အမျိုးသမီးတွေအတွက် ဘရိုကိတ်ရောင်စုံဝယ်ချုပ်ဖို့ ငနီးသည်ကို ငွေတွေပေးခဲ့ပါတယ်။ ကိမ်လည်း အင်္ကျီစိမ်း၊ ဘောင်းဘီရှည် ခပ်ပွပွနဲ့ ပုတီးစေ့တွေ စီထားတဲ့ ဦးထုပ်နဲ့ သိမ်ကို စမတ်ကျနေပါတယ်။

တစ်ဦးနဲ့တစ်ဦး ပြောဆိုအော်ဟစ်နေခဲ့ကြလို့ ဂိုးလ်စ်ရှိုက်စ် ကားဟွန်းသံကိုတောင် မကြားလိုက်ကြပါ။ ခွန်ဘာက ဆံပင်ကို နောက်ဆုံးပြင်တဲ့အနေနဲ့ ဖြီးလိုက်ပြီး ကိမ်ကတော့ သူ့ဖိနပ်ကြိုးကို ချည်နေပါတယ်။ မိဘနှစ်ဦးလုံး ခပ်ကြွားကြွားရွှားရွှားနဲ့ ခြံပြင်ထွက်ခဲ့ကြပါတယ်။ ဂိုးလက်စ်ရှိုက်စ် ကားနဲ့အတူ ကုန်တင်ကားနှစ်စီးလည်း သူတို့ ဆွေမျိုးတွေကို တင်ခေါ်ဖို့ ပါလာပါတယ်။ ကြီးကြပ်ရေးမှူး ဒေါက်ရာနဲ့ တပ်ကြပ်တို့ကတော့ ပုလိပ်ကားထဲမှာပါ။

ပါမောက္ခဟိုဝဒ်နဲ့ ပက်ထရစ် တို့ကတော့ ဒေါက်တာကိုဘ ရယ်လ်ရဲ့ကားထဲမှာ ထိုင်နေကြပါတယ်။

မကြာမီကားတန်းကြီးထွက်လာခဲ့ကြပါတယ်။

နန်းတော်ရှေ့ ရောက်တော့ ရပ်လိုက်တာနဲ့ တပြိုင်နက် ဂိတ်စောင့်တွေက တန်းစီရပ်ကြပြီး ဂိတ်တံခါးဖွင့်ပေးကြပါတယ်။ အနိုင်းအစေနှစ်ယောက်ကို နောက်မှာရပ်နေစေပြီး ဒူးဒူးကစောင့်နေပါတယ်။ ပိုးပဲကတ္တီပါ အဝတ်အစားတွေ ဆင်မြန်းထားတဲ့ ဒူးဒူးက ဘုရင့်ရှေ့တော်ခေါ်သွားဖို့ သူတို့ကို စောင့်စားနေခဲ့တာပါ။ မိသားစုအားလုံးကို နှုတ်ဆက်ပြီးတာနဲ့ ဒူးဒူးက ခွန်ဘာနဲ့ ကိမ်တို့ကို မိတ်ဟောင်း ဆွေဟောင်းတွေပမာ ရယ်ရယ်မောမော စကားတွေပြောခဲ့ပါတယ်။

နန်းတော်စောင့် ဗိုလ်ကြီးဦးစီးပြီး စောင့်ကြပ်နေတဲ့ ညှော်ခန်းမဆီ သူတို့ကို အစေခံတွေက ခေါ်သွားပါတယ်။ ဗိုလ်ကြီးကပန်းပုလက်ရာတွေ စီခြယ်တွင်းထုထားတဲ့ သစ်သားတံခါးကြီးကို ဖွင့်ပေးပြီး မနေသီဟာလို တက်ကြွမှုမရှိတဲ့ မျက်နှာနဲ့ရပ်နေပါတယ်။ ခွန်ဘာနဲ့တကွ အမျိုးသမီးအားလုံးရဲ့ မျက်နှာတွေကို ပုဝါစတွေနဲ့ ဖုံးထားပါတယ်။ ကိမ်ကတော့ စောင်တွေကြားကနေ ကြောက်ကြောက်လန့်လန့်နဲ့ အသံကြားခဲ့ရတဲ့နန်းတော်စောင့်ဗိုလ်ကြီးရဲ့ မျက်နှာကို ထူးထူးခြားခြားကြည့်နေမိပါတယ်။ နှစ်ဦးလုံး ခေတ္တမျှစိုက်ကြည့်ခဲ့ကြပြီး အရပ်ရှည်ရှည်နဲ့ ဗိုလ်ကြီးက ကိမ်ကို မျက်စိတစ်ဖက် မှိတ်ပြခဲ့ပါတယ်။

တန်ဖိုးကြီးလှတဲ့ ပရိဘောဂတွေနဲ့ ကော်ဇောတွေခင်းထားတဲ့ အခုလောက်ကြီးကျယ်ခမ်းနားတဲ့ အခန်းမျိုးကို ကလေးတွေ တစ်ခါမှမမြင်ခဲ့ဘူးကြပါ။

ကျွန်းသစ် သားရေဖုံးချုပ်ထားတဲ့ ကုလားထိုင်တွေမှာ ကောင်စီဝင်တွေနဲ့ သူတို့ ဆွေမျိုးတွေ ထိုင်နေကြပါတယ်။ သူတို့ရှေ့မှာတော့ ရွှေချထားတဲ့ ရာဇပလ္လင်ရှိပါတယ်။ ရာဇပလ္လင်နဲ့ မျက်နှာမူပြီးကုလား ထိုင်တစ်တန်း ချပေးထားပါတယ်။

အဲဒါကတော့ မစ္စတာ ဘိုရောင်ရဲ့ မိသားစုနဲ့ ဆွေမျိုးတွေထိုင်ကြဖို့ပါ။

ဒူးဒူးလို မိဖုရားခေါင်ကြီးရယ် အသစ်စက်စက် မိဖုရားလေး ဟာဝါရယ် ကြီးကြပ်ရေးမှူးနဲ့ ဒေါက်တာတို့အပြင် နန်းတော်ထဲက လက်ရွေးစင် အစေအပါးတချို့လည်း ခစားနေကြပါတယ်။

လူတွေဝင်လာတဲ့အခါ ငြိမ့်ငြိမ့်ညောင်းညောင်း ဂီတသံစုံတွေ တီးမှုတ်ကြရတဲ့ အဖွဲ့ကို ဘုရင့်နန်းရင်းဝန်က အချက်ပြလိုက်တာနဲ့ တပြိုင်နက် ဘုရင့်ဘုန်းတော်ဘွဲ့ကို စတင်တီးမှုတ်ပေးကြပါတော့တယ်။ အပြာရောင်နဲ့ ရွှေရောင်ဝတ်စုံတွေကို ဆင်မြန်းထားကြတဲ့ ဘုရင့်ကိုယ်ရံတော်တွေ ဝိုင်းရံပြီး ဘုရင်ကြီး ဝင်တော်မူလာပါတယ်။

အားလုံးသော ပရိသတ်ကြီးက မတ်တပ်ရပ်ပေးကြပါတယ်။ ဘုရင်ကြီး ရာဇပလ္လင်မှာ ထိုင်ပြီးမှ အားလုံး ကိုယ့်နေရာမှာ ကိုယ် ပြန်ထိုင်ကြပါတယ်။

သူတို့ကြားဖူးနားဝ ရှိခဲ့ဘူးတာထက် ဒီနေ့မှာ ဘုရင်ကြီးက ပိုပြီးခမ်းခမ်းနားနား ဝတ်စားဆင်ယင်လာတယ်လို့ ခွန်ဘာထင်နေမိပါတယ်။

အခုလို နီးနီးကပ်ကပ် မြင်ရတာကြောင့် ဘုရင်ကြီး ပိုပြီး ချောမောလှပနေတယ်လို့ ခွန်ဘာက ကောက်ချက်ချနေခဲ့ပါတယ်။

"မင်းတို့ကို ဆုတော်လာဘ်တော် ချီးမြှင့်ဖို့ ကျုပ်က ခေါ်ခဲ့တာပါ။ အကယ်၍ သင်တို့မှာသာ အခုလို ထိုးထွင်းဉာဏ်နဲ့ သတ္တိတွေမရှိခဲ့ရင် တန်ဖိုးဖြတ်မရတဲ့ တိုတိုင်းပြည်ရဲ့ သမိုင်းဝင် ရှေးဟောင်း



www.burmeseclassic.com

www.burmeseclassic.com

ရတနာတွေ ပျောက်ဆုံးသွားမှာပါ။ ဒါကြောင့် တို့တစ်မျိုးသားလုံးအပေါ်မှာ သင်တို့ တင်ရှိနေတဲ့ အကြွေးကိုတော့ အပြည့်အဝ ပြန်လည်မပေးဆပ်နိုင်တာ အမှန်ပါ။"

ခေတ္တရပ်ပြီး ဘုရင်ကြီးက လက်ခုပ် တစ်ချက်တီးလိုက်ပါတယ်။ အိတ်ကြီး နှစ်အိတ်တင်ထားတဲ့ ငွေလင်ပန်းကို အစေခံတစ်ဦးက သယ်လာပါတယ်။

"ဒေါက်တာဂျီဘရေးလ် ရှေ့တိုးရပ်ပါ။ ကျုပ်တို့ဆေးရုံမှာ နှစ်ပေါင်းများစွာ မငြီးမငြူ အမှုထမ်းခဲ့တာ အသိအမှတ်ပြုပါတယ်။ သင့်မှာ အခုထက်ပိုပြီး လှပ်စစ်ဓာတ်အား လိုအပ်နေတာမို့ ဂျင်နရေတာအသစ် ဝယ်လဲပေးဖို့ ကျုပ်အမိန့်ထုတ်ပြန်ပြီးပါပြီ။ ဆေးရုံတင်မက သင့်အိမ်အတွက်ပါ လျှပ်စစ်အား အလုံအလောက်ရလာစေပါလိမ့်မယ်။ ဒီအမိန့်စာချွန်တော်ကိုသင့်လက်ထဲအပ်ပါတယ်။ နောင့်နှေး ကြန့်ကြာမှုလုံးဝမရှိစေရ"

"ကျေးဇူး ကြီးမားလှကြောင်းပါ အရှင်"

ဆရာဝန်ပါးစပ်က ဘယ်လိုကျေးဇူးတားပြန်ဆိုရမှန်းမသိ ဖြစ်ခဲ့ရပါတယ်။

"ပါမောက္ခအတွက်တော့ စာအုပ်တွေ ပေးအပ်ပါမယ်။ သင့်သုတေသနအတွက် လိုအပ်မယ့် စာအုပ်တွေကို ဝယ်နိုင်ဖို့ ချက်လက်မှတ်ပါ။

"ကျေးဇူးတင်ပါတယ် အရှင်…

ကျွန်တော်မျိုး နှစ်ရှည်လများကတည်းက ဝယ်ချင်နေတဲ့ ရှေးဦး ပုန္နားကျောက်တုံးအကြောင်း စာအုပ်နှစ်တွဲလုံးကို ဝယ်နိုင်တော့မှာပါ။

ဘုရင်က တစ်ချက်ပြုံးပြပြီးတာနဲ့ ကြီးကြပ်ရေးမှူး ဒေါက်ရာ ဖက်လှည့်လိုက်ပါတယ်။

"နောက်လဆန်းကစပြီး ဒီပြည်နယ်ရဲ့ဦးစီးမှူးအဖြစ် သင့်ကို ရာထူးတိုးပေးလိုက်တယ်။ သင့်ယူနီဖောင်းအသစ်မှာ အခုချီးမြှင့်တဲ့ တံဆိပ်ကို တပ်ပေတော့။ အခုလို ကျုပ်တို့ရဲ့ ပုလိပ်အမှုထမ်းတွေ တာဝန်သိသိ ပါဝင်ကူညီခဲ့ကြတာကိုသိရလို့ ကျုပ်ဝမ်းသာမိပါတယ်"

ကြီးကြပ်ရေးမှူးကလည်း တပ်မတော်ဗိုလ်ချုပ်ကြီး တစ်ယောက်လို ဘုရင်ကြီးကို အလေးပြုခဲ့ပါတယ်။ ရာထူးတိုးခဲ့တာကြောင့် လစာကောင်းကောင်းရတော့မှာမို့ သူက ဝမ်းသာရွှင်ပျနေပါတယ်။

"ကဲ နောက်ဆုံးတော့ ကိမ်နဲ့ခွန်ဘာပေါ့။ ရှေ့ထွက်ခဲ့ကြပါ"

နှစ်ဦးလုံးက ဝပ်လျှားထိုးဝပ်စင်းလိုက်ကြပါတယ်။

"မင်းတို့သာ မရှိခဲ့ရင် တို့တစ်မျိုးသားလုံးပိုင် ရတနာတွေ ထာဝရပျောက်ကွယ်သွားရမှာပါ။

ဒါကြောင့်ကျုပ်နဲ့တကွ ကောင်စီဝင်အားလုံးကသင်တို့တကယ် လိုချင်နေတဲ့ အရာတွေကို ဖြည့်ဆည်းပေးဖို့ သဘောတူခဲ့ကြတယ်။ ခွန်ဘာက ကျောင်းဆက်နေချင်တယ်မဟုတ်လား။

ခွန်ဘာက ဟုတ်ကဲ့လို့ ပြန်ဖြေလိုက်ရင် သူ့ပခင်ရဲ့ ဆန္ဒကို ဆန့်ကျင်ရာရောက်သွားမှာစိုးရိမ်တာကြောင့် -

"ကျွန်မအတွက် အဆင်ပြေနေပါတယ်"

"မင်းမအေနဲ့ ကျုပ် ဆွေးနွေးခဲ့ပြီးပြီ။ သူကလည်း မင်းပညာပိုတတ်လေ ဆေးခန်းမှာ ပိုပြီးကူညီနိုင်လေဖြစ်လာမယ်ဆိုတာကို အခု သဘောပေါက်နေပါပြီ။ မင်း ဖခင်ဆေးခန်းကိုလည်း တိုးချဲ့ဆောက်ပေးဖို့ လိုအပ်နေတာကြောင့် အသစ်တစ်ဆောင် ထပ်ဆောက်ပေးလိမ့်မယ်"

"ကိမ်ကိုတော့ နောက်ဆုံးပဲပေါ့။ မင်းအတွက်တော့ လက်ဆောင်တစ်ခု ပေးဖို့ စီစဉ်ထားတယ်"

ဘုရင်ကြီးက လက်ခုပ်တီးလိုက်တာနဲ့ အဝတ်ဖြူဖုံးထားတဲ့ ကြေးလင်ပန်းတစ်ချပ်ကို အစေခံတစ်ယောက် သယ်လာပါတယ်။

"အဝတ်စကို ဖယ်လိုက်ပါ ကိမ်"

ဘုရင်ကြီးရဲ့ အမိန့်ကြောင့် ကိမ်က အဝတ်ဖြူစကို ဆွဲဖယ်ခဲ့ပါတယ်။

အနီရောင်ခါးပတ်ကွင်းရဲ့ ဘေးဖက်မှာ တလက်လက် တောက်နေတဲ့ ဓါးအသစ် တစ်ချောင်းပါ။ သူ့အသက်အရွယ်နဲ့ လိုက်ဖက်အောင် ပုန္နာကဓါးနဲ့ပုံတူငွေဓါးငယ်တစ်လက်ကိုလက်ဆောင်ပေးတာပါ။ မူရင်း မူလ ပုန္နာက ဓါးကြီးထက်ငယ်ပြီး ပေါ့ပါးပါတယ်။

ဝန်ကြီးချုပ် ကိုယ်တိုင် ကိမ်ပခုံးမှာ သိုင်းပေးလိုက်ချိန်မှာ အားလုံး ပြုံးပြုံးရွှင်ရွှင်ဖြစ်ခဲ့ကြပါတယ်။

ကိမ်က ကြွားကြွားဝါးဝါး ခပ်မတ်မတ်ရပ်လိုက်ပါတယ်။

"ဒီဓါးရဲ့ဂုဏ်သိက္ခာနဲ့အညီ ကျွန်တော်သတ္တိရှိပါမယ်"

ဘုရင်ကြီးက ပြုံးပြီး -

www.burmeseclassic.com



"The boy stood up straight and proud. 'I will try to be brave enough to deserve it.'"

"ကျုပ်သိပါတယ်။ မင်းမှာ သတ္တိ အပြည့်ရှိပါတယ်"

ပက်ထရစ်ရေ မင်းအတွက် လက်ဆောင်ကတော့ ဒူးဒူးနဲ့ လိုက်သွားပါ။ မင်းအတွက် သင့်လျော်မယ့် အာဖရိက ဝတ်စုံကို ဒူးဒူးက ရွေးပေးပြီး အစေခံတွေ ကမင်းကို ဝတ်ပေးကြပါလိမ့်မယ်။

ဒူးဒူးက မခို့သွားဖြဲ ပြုံးရင်း ဆုချီးမြှင့် ပေးဖို့အတွက် ပျော်ပျော်ပါးပါးထွက်သွားပါတော့တယ်။ ဘုရင်ကြီးက မတ်တတ် ရပ်လိုက်ပါတယ်။ ဆုနင်းသဘင်ပွဲကြီး အဆုံးသတ်ခဲ့ပါပြီ။ တူရိယာပညာရှင်တွေက ဧည့်သည်တွေကို ဂီတ်ဝထိတီးမှုတ်ပြီးလိုက်ပို့ပေးခဲ့ကြပါတယ်။ ဟာဝါက သော့တွဲကြီးဆွဲပြီး စတိုဆီသွားနေတာကို ခွန်ဘာမြင်ရတော့ ကမန်းကတမ်း ပြေးလိုက်သွားပြီး -

"ကိမ်နဲ့ ကျွန်မတို့ အစ်မရဲ့ မင်္ဂလာဆောင်မှာ အနှောင့်အယှက်ပေးခဲ့မိတာကိုခွင့်လွှတ်ပါ" ဆိုပြီး မိသားစုထိုင်စောင့်နေတဲ့ ကားဆီပြေးထွက်ခဲ့ပါတော့တယ်။

ဟာဝါကလည်း သူ့ထုံးစံအတိုင်း ဖါးတစ်ကောင်လို သူ့ပါးစပ်ကို ဗိတ်လိုက်ဟလိုက်လုပ်ရင်း -

"ကိစ္စမရှိပါဘူး။ ကံကောင်းကြပါစေ။ အလ္လာအရှင် စောင်မပါစေ"

ဘိုရောင်ခြံထဲရောက်ကြတော့ မစ္စတာဘိုရောင်က ဧည့်ခံပါတယ်။

"အားလုံးကို ဖိတ်ခေါ်ပါတယ်။ ကျွန်တော့်ဇနီးက ကိုလာဆံ လိုင်းမကြျူးရေနဲ့ အစားအစာတွေကို ပြင်ဆင်ထားခဲ့ပါတယ်။ ကျေးဇူးပြုပြီး ထိုင်ရင်းသုံးဆောင်ကြပါ။ ပြီးရင် အားလုံးကိုလည်း ဆေးစစ်ပေးလိုက်ပါဦးမယ်"

ကိမ်က -

"အီဗိုနီကို ခါတိုင်းလိုပဲ ကျွေးလိုက်ရမလား"

သူ့ဖခင်ရဲ့ အသံက အရင်လိုပဲ မာကြောကြော နိုင်နေပေမယ့် မျက်နှာကတော့ သိမ်သိမ်မွေ့မွေ့ ပျူပျူငှာငှာ လက္ခဏာကို ဖော်ပြနေပါတယ်။

"တို့ အတူတူကျွေးကြတာပေါ့ကွ"

ဆရာဝန်က သူတို့တတွေ ပျော်ပျော်ပါးပါး ပြောကြဆိုကြရအောင် သွားခွင့်ပြုလိုက်ပါတယ်။ ဒီခါးကို တူးဖော်ခဲ့တဲ့နေ့က ကိမ် ဝမ်းနည်းခဲ့ရပါတယ်။ အဆုံးမှာတော့ စွန့်စားခန်းတစ်ရပ်ကို ရင်ဆိုင်ခဲ့ရပြီး ဖခင်ရဲ့ နှလုံးသားကို လှုပ်နှိုးနိုင်ခဲ့တယ်လို့ မိခင်ကြီးက ကောက်ချက်ချခဲ့ပါတယ်။

ခွန်ဘာနဲ့ သူမရဲ့ မိခင်တို့ အစားအစာတွေ ထည့်ပြီး တည်ခင်းထားတဲ့ လင်ပန်းတွေကို ကျော်ဖြတ်သွားချိန်မှာ ပက်ထရစ် ရောက်လာခဲ့ပြီး -

"အီဗိုနီကို စီးနည်းသင်ပေးမှာလား ခွန်ဘာရယ်"

ကျောင်းပိတ်ရက် နှစ်ပါတ်ရှိသေးတယ်ဟာ"

"ကျွန်မ အမေက ခွင့်ပြုရင်သင်ပေးမယ်"

မိခင်ကြီးကလည်း -

"သိပ်ဝေးဝေးတော့ မသွားကြပါနဲ့။ အထူးသဖြင့် သစ်ပင်ကြီးတွေအောက်နဲ့ ဘယ်ရေကန်တစ်ကန်ကန်ရဲ့ အနားကိုမှ မသီလေကြနဲ့။ မကောင်းဆိုးဝါးတွေ ကပ်တတ်တယ်"

ဘာကြောင့် သူတို့ အားရပါးရ ဝါးလုံးကွဲရယ်မောခဲ့ကြတယ် ဆိုတာကိုတော့ သူမ မသိနိုင်ခဲ့ပါ။

*** *** ***

အောင်သန်းချစ်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# ရှုထဲကဘဝ
# ဘဝထဲကရှု

၇၀

**ဆေးဆရာ လူချောက်ကလေး**

ကျွန်ုပ်သည် "အဖော်ကောင်းရင် ကျောက်ပန်းတောင်း တစ်ခေါက်" ဆိုသည့်စကားကဲ့သို့ အဖော်ကောင်း၊ အလျော် ကောင်းနှင့် မကြာခဏ ခရီးဝေးထွက်ဖြစ်၏။ ကျောက်ပန်း တောင်းဆိုလျှင် တစ်ခေါက်မက နှစ်စဉ်လိုပင် ရောက်ခဲ့၏။ ကျောက်ပန်းတောင်းမှတစ်ဆင့် ပုပ္ပါးတောင်ကလပ် တောင် မြတ်ပေါ်သို့ နှစ်စဉ်ရောက်၏။ အဘထွက်ပွဲကျင်းပခါနီး တစ်ပတ်အလို ကြို၍ တောင်ပေါ်သို့သွားကာ ဝိဇ္ဇာထိပ်ခေါင် အဘမင်းခေါင်ကြီးကို ရည်စူးလျက် ၁၀၈ ဖီးပွဲပြင်ကာ လှူဒါန်း ခဲ့မြဲဖြစ်၏။

နွေရာသီတန်ခူးလသို့ ရောက်လျှင်လည်း ဇင်းကျိုက် တောင်၊ စမတောင်၊ နွားလပို့တောင် စသည့် တောင်တစ် တောင်တောင်သို့သွားကာ အမိဗ္ဗာန်ပုတီးများ စိပ်လေ့ရှိကြ ၏။ ယခုနှစ်တွင်မူ ဂန္ဓာရီခရီးမဟုတ်ဘဲ အလည်အပတ်ခရီး တစ်ခုအဖြစ် ရန်ကုန်နှင့် မဝေးလှသော "ပန်းတနော်မြို့" သို့ မမျှော်လင့်ဘဲ ရောက်ဖြစ်သွားခဲ့၏။ "ပန်းတနော်"ဆို သည်မှာ ကျွန်ုပ်၏ ရင်ထဲက မျှော်လင့်ခဲ့သည့် မြို့တစ်မြို့ ဖြစ်ခဲ့၏။

ပန်းတနော်သည် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် ဦးသန့်၏ ဇာတိချက်ကြွေ မွေးရပ်မြေ ဖြစ်သဖြင့် စိတ်ဝင်စားခဲ့မိခြင်း ဖြစ်၏။ တစ်ခါတစ်ခေါက် အရောက်သွားလိုစိတ်များ ရှိခဲ့ဖူး၏။ ကျွန်ုပ်ထံသို့ ရောက်ရှိ လာကြသည့် စာဖတ်ပရိသတ်တပည့်များထဲတွင် ပန်းတနော် မြို့တွင် နေထိုင်သော ဦးမြင့်သိန်းနှင့် ဒေါ်ရွှေအိန်းတို့ လင်မယား နှစ်ဦးတို့ ရှိကြ၏။ ပန်းတနော်မြို့ အဝင်မှာပင် သူတို့၏ "ယူရေးနပ်စ်"ဟုခေါ်သော လက်ဖက်ရည်ဆိုင်ကြီးတစ်ဆိုင် ရှိ၏။ လက်ဖက်ရည်ဆိုင်ဆိုသော်လည်း မနက်စာ၊ နေ့ခင်းစာ၊ ညနေစာ စုံတကာစေ့အောင် ရောင်းနိုင်သည့် ဆိုင်ကြီးဖြစ်၏။

ထိုဆိုင်ပိုင်ရှင် ဦးမြင့်သိန်းသည် ကျွန်ုပ်အား မကြာ ခဏ ဖိတ်ခေါ်သော်လည်း မအားမလပ်သည်က များနေ၍ နှစ်နှင့်ချီကာ လိုက်မသွားဖြစ်ခဲ့ချေ။ ယခုတစ်ဖန် ဦးမြင့်သိန်း ထပ်မံရောက်လာပြီး ဖိတ်ခေါ်ပြန်သဖြင့် မဖြစ်မနေ လိုက်သွား ဖြစ်ခဲ့ပါ၏။ အဖော်အဖြစ် တပည့်ဖြစ်သူ ကိုမြင့်စိုးကို အတူ ခေါ်ခဲ့ပြီး ပန်းတနော်မြို့သို့ ခရီးထွက်ဖြစ်ခဲ့ကြ၏။

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီ ပထမပတ်တွင် သွားခဲ့ခြင်း ဖြစ်ပြီး အမှန်တကယ်သွားဖြစ်သောအခါ ပန်းတနော်သည် ရန်ကုန်နှင့် မဝေးလှဘဲ နှစ်နာရီခန့်သာ ကားစီးရသည့် ခရီး ဖြစ်နေ၏။ ဦးမြင့်သိန်းသည် သူ၏နေအိမ်သည် "ယူရေးနပ်စ်" လက်ဖက်ရည်ဆိုင်နှင့် တွဲလျက်ရှိနေသောကြောင့် ညဘက် တွင် ကျွန်ုပ်တို့ အိပ်ရေးပျက်မည်ကို စိုးရိမ်လေ၏။

"ကျွန်တော်တို့အိမ်မှာ အိပ်မယ်ဆိုလည်း အိပ်လို့ရ ပါတယ်ဆရာ။ ဒါပေမယ့် ကျွန်တော့်လက်ဖက်ရည်ဆိုင်က

**လင်းရောင်တင်**



www.burmeseclassic.com

www.burmeseclassic.com

အလုပ်သမားတွေက မနက်သုံးနာရီခွဲလောက်ကတည်းက ထပြီး လုပ်ကြကိုင်ကြဆိုတော့ အသံဗလံတွေနဲ့ အိပ်ရေးပျက်မှာစိုးလို့ လင်းသန့်တည်းခိုခန်းမှာ ညအိပ်ဖို့ စီစဉ်ထားတယ် ဆရာ"

ဦးမြင့်သိန်း ညေ့ဝတ်ကျေပုံမှာ အားနာစရာပင် ကောင်းသေးတော့သည်။

"အိမ်မှာအိပ်လည်း ဖြစ်တာပဲဗျာ။ သက်သက်ဒုက္ခရှာပြီး စီစဉ်နေရသေးတယ်"

"ဆရာတို့ အေးအေးချမ်းချမ်း အိပ်ရအောင်လို့ပါ ဆရာရယ်။ ကျွန်တော်တို့အတွက် ဒုက္ခမရောက်ပါဘူး။ အပန်းမကြီးပါဘူး။ မနက်အစော ၆ နာရီလောက် ကျွန်တော် ဆရာကြီးတို့ကိုလာပင့်ပါ့မယ်။ မနက်စောစော စားကြရအောင်ပေါ့"

"ကျေးဇူးတင်ပါတယ်ဗျာ"

ညေ့သည်ဖြစ်လာမှတော့ အိမ်ရှင်အလိုကျ လိုက်လိုက်လျောလျော နေရုံသာ ရှိပါ၏။ တည်းခိုခန်းခ ကုန်ကျသည့်အတွက် အားနာမိခြင်းကို ဖြေသိမ့်နေလိုက်ရ၏။ (အမှန်စင်စစ် ကျွန်ုပ်တို့ နယ်ဘက် ဂန္ဓာရီခရီးထွက်လျှင် မည်သည့်ဆွေမျိုးအိမ်၊ မိတ်ဆွေအိမ်ကိုမျှ အပူမတပ်ဘဲ တည်းခိုခန်းမှာ တည်းသည့် တည်းကျင့်ကမှု ရနေပြီးသား ဖြစ်ပါ၏။)

ဟုတ်တော့လည်း ဟုတ်၏။ အိမ်ရှင်နှင့် ညေ့သည် အတူယှဉ်တွဲနေရသည့်အခါမျိုးတွင် အိမ်ရှင်ကလည်း ညေ့သည်ကို အားနာနေရ၊ ညေ့သည်ကလည်း အိမ်ရှင်ကို အားနာနေရတတ်သည့်သဘောကလည်း ရှိသည်ဆိုသောအခါ တည်းခိုခန်းတည်းရခြင်းမှာ နှစ်ဦးနှစ်ဖက်တော့ ကောင်းသည်သာဖြစ်ပါ၏။

ညနေခင်းစာကို ဦးမြင့်သိန်း၏ဇနီး ဒေါ်ရွှေအိန်းတို့ မိသားစုက အဆင်သင့် ချက်ပြုတ်ကြော်လှော်ထားကြ၏။ သက်သတ်လွတ်ဟင်းလျာ ဟင်းခွက်များ များစွာစီမံထားသဖြင့် အားနာနာနှင့်ပင် မြိန်ရေရှက်ရေ စားပြရ၏။ ဆရာဖြစ်သူအား စားစေလိုသောဆန္ဒဖြင့် ဖွယ်ဖွယ်ရာရာ ဟင်းခွက်ပေါင်းများစွာ စီမံထားသည်ကို စိတ်ကျေနပ်စေရန် ဟင်းခွက်စေ့အောင် နှိုက်ခပ်ရသည်မှာ မလွယ်လှချေ။

သူတို့လင်မယားကလည်း ကျွန်ုပ်လက်လှမ်းမမီနိုင်သည့် ဟင်းခွက်များထဲမှ ဟင်းများကို ခပ်ထည့်ပေးကြ၏။ ဟင်းများခပ်ထည့်နေရင်း ဒေါ်ရွှေအိန်းက -

"ကျွန်မတို့ ဗိုင်းထည့်လိုက်တာ ဆရာ့ထမင်းပန်းကန်လည်း ဒတ်လဘိုင်ဖြစ်သွားပြီ"

ဟု ပြောရင်း ရယ်လေ၏။

"သက်သတ်လွတ်ဟင်း ဘယ်လောက်ပဲ ကောင်းကောင်းချက်ထားချက်ထား လျှာပေါ်မှာတော့ အသားဟင်းတွေလောက် အရသာမရှိတာ အမှန်ပဲဗျ။ ဆရာငယ်ငယ်က အမဲသားနှပ်တို့၊ ဆိတ်ကလီစာတို့ သိပ်ပြီးကြိုက်ခဲ့တာ။ တစ်ခုတော့ ကောင်းသွားတယ်။ သက်သတ်လွတ်စားတာ နှစ်ချီပြီးကြာလာတော့ ဘယ်ဟင်းစားရမှာလို့ တမ်းတတဲ့စိတ် မရှိတော့ဘူး။ ဖြစ်သလိုစားတတ်သွားတယ်။ ကြီးကြီးကျယ်ကျယ် ပြောရမယ်ဆိုရင်တော့ ရသတဏှာ၊ အဲ… လျှာပေါ်မှာ ဖြစ်ပေါ်လေ့ရှိတဲ့ ရသတဏှာနည်းသွားတယ်လို့ ဆိုရင်ရနိုင်တယ်"

ကျွန်ုပ်ပြောသည့်စကားကို ဦးမြင့်သိန်းနှင့် ဒေါ်ရွှေအိန်းတို့လင်မယားက ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေကြ၏။

---

"ဟုတ်တယ်ဆရာ။
ကျွန်တော်ဝတ်ဖို့ အဝတ်တစ်စုံ
ဝယ်ပေးတဲ့အခါ သူ့ကိုလည်း
တစ်စုံဝယ်ပေးရတယ်။
အရွယ်ရောက်လာတဲ့အခါ သူက
တခြားရွာတွေမှာ ဆေးကုပြီး
ဆေးဆရာလုပ်ခဲ့တယ်ဗျ"
"ဘာပြောတယ် ဦးမြင့်သိန်း။
လူခြောက်ကလေးက ဆေးဆရာ
လုပ်ခဲ့တယ် ဟုတ်လား"




www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မတို့လည်း သက်သတ်လွတ်စားတာ သဘောကျပါတယ်ဆရာ"

"တချို့ တရားဟော ဓမ္မကထိကတွေကတော့ သိပ်သဘောမကျကြဘူးဗျ။ သက်သတ်လွတ်စားဖို့ ဘုရားက သံဃာတွေကို ပညတ်မသွားဘူး၊ သက်သတ်လွတ်စားစရာ မလိုဘူး၊ သက်သတ်လွတ်စားတာ ဒေဝဒတ်ဂိုဏ်းသားတွေမှ စားကြတာ ဆိုပြီး ပြောကြ ဟောကြတာ ရှိတယ်ဗျ။ တကယ်တော့ ဒေဝဒတ် သက်သတ်လွတ်စားတယ်လို့ ဘယ်စာအုပ်ထဲမှာမှ ရေးတာ မဖတ်ဖူးဘူးဗျ။ "Rymm Berry" ဆိုတဲ့ စာရေးဆရာရေးတဲ့ "Famous Vegetarians and their favorite Recipes" ဆိုတဲ့ စာအုပ်ထဲမှာတော့ ဗုဒ္ဓတို့၊ ဂျေးဇက်တို့ သက်သတ်လွတ်စားသုံးကြတဲ့ အကြောင်း ရှာရှာဖွေဖွေရေးထားတာ တွေ့ရတယ်"



**ဦးမြင့်သိန်း(ယူရေးနပ်စ်လက်ဖက်ရည်ဆိုင်ပိုင်ရှင်)၊ စာရေးဆရာလင်းရောင်တင်၊ ဦးမြင့်စိုး**

"အဲသလို ရေးထားတာလား ဆရာ"

"ဟုတ်တယ်။ ထင်ရှားကျော်ကြားတဲ့ ပုဂ္ဂိုလ်တော်တော်များများ သက်သတ်လွတ်စားတဲ့အကြောင်း သုတေသနပြု ရေးသားထားတာ။ အဲဒီထဲမှာ သင်္ချာပညာရှင် ပိုက်သဂိုးရပ်စ်တို့၊ ပန်းချီပန်းပုပညာရှင် လီယိုနာဒိုဒါဗင်ချီတို့၊ ပလေတိုတို့၊ လီယိုတော်စတွိုင်းတို့၊ ကဗျာဆရာ ရှယ်လီတို့၊ မဟတ္တမဂန္ဒီတို့တစ်တွေလည်း သက်သတ်လွတ်စားခဲ့ကြတာ တင်ပြထားတာ အများကြီးပဲ"

ဤသို့ သက်သတ်လွတ်စားသူများအကြောင်း ပြောရင်း ညနေစာ စားဝိုင်းလေးသည် စိုပြည်ခဲ့ရ၏။ ပြီးလျှင် ဦးမြင့်သိန်းက သူတို့ ယူရေးနပ်စ်လက်ဖက်ရည်ဆိုင်မှ လက်ဖက်ရည်လက်ရာကောင်းကောင်းဖြင့် ဧည့်ခံပြန်၏။ လက်ဖက်ရည်ဝိုင်းတွင်မူ ဦးမြင့်သိန်းက သူတို့မိသားစု အကြောင်းပြောရင်း သူ့အစ်ကိုဖြစ်သူ ကိုစိုးသိန်းအကြောင်း ပြောပြသည်မှာ လွန်စွာစိတ်ဝင်စားဖွယ်ရာ ကောင်းလေ၏။

"ဆရာ...လူခြောက်ကလေးတွေအကြောင်း ကြားဖူးမလား မပြောတတ်ဘူး"

"ကြားလည်း ကြားဖူးတယ်၊ ဖတ်လည်းဖတ်ဖူးတယ်။ ပြီးတော့ အဲသလို လူခြောက်လေးတွေနဲ့ ခပ်ဆင်ဆင် အကြောင်းအရာမျိုးကို ဆရာ 'ပန်းလူရုပ်တော်'ဆိုတဲ့ ခေါင်းစဉ်နဲ့ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်၊ ဆယ့်ငါးနှစ်လောက်က ဂမ္ဘီရ လုံးချင်းဝတ္ထုတစ်ပုဒ်လည်း ရေးခဲ့ဖူးတယ်ဗျ။ ပြောပါဦး ဦးမြင့်သိန်းရယ်။ ခင်ဗျားကြားဖူးတဲ့ လူခြောက်လေးတွေ အကြောင်း"

"ကြားဖူးတာ မဟုတ်ဘူးဆရာရဲ့။ ကျွန်တော့်အစ်ကိုက လူခြောက်လေးဗျ"

ဦးမြင့်သိန်းစကားကြောင့် ကျွန်ုပ်အံ့အားတသင့်ဖြစ်သွားမိခဲ့ရလေ၏။

"ခင်ဗျားရဲ့အစ်ကိုက လူခြောက်လေး ဟုတ်လား"

"ဟုတ်တယ်ဆရာ။ သူ့ကို ကိုစိုးသိန်းလို့ နာမည်ပေးထားတယ်။ ကိုစိုးသိန်းကို အရင်မွေးပြီးမှ ကျွန်တော့်ကိုရတာ ဆိုတော့ သူကအစ်ကိုပေါ့ ဆရာရယ်"

"လူခြောက်လေးတွေ မွေးထားပြီးရင် စီးပွားတွေ တစ်ရှိန်ထိုးတက်တတ်တယ်လို့ ပြောသံကြားဖူးတယ်ဗျ"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်။ ကျွန်တော့်မိဘတွေလည်း ရှာလို့မွေလို့ ပိုရလာတဲ့အပြင် သူကတောင် ရှာပေးသေးတယ်"

"သူက ရှာပေးတယ် ဟုတ်လား"

"ဟုတ်တယ်ဆရာ။ သူရှာပေးတာ မပြောခင် ကျွန်တော်တို့ရှင်ပြုတုန်းက လူခြောက်လေး ကိုစိုးသိန်းနဲ့ ပတ်သက်တဲ့အကြောင်း မှတ်မှတ်ရရ ရှိခဲ့ဖူးတယ်"

"ဘယ်လိုများလဲဗျ"

"ရှင်ပြုခါနီး မြင်းနဲ့ ရှင်လောင်းလှည့်ကြတဲ့အခါ ကျွန်တော့်အစ်ကို လူခြောက်ကလေး တင်စီးဖို့လည်း မြင်းတစ်ကောင် သပ်သပ်ငှားပေးရတယ်ဗျ။ သူ့အတွက် သင်္ကန်းပရိက္ခရာတစ်စုံကို မြင်းပေါ်တင်ပေးရတယ်။ အဲသလို ပရိက္ခရာကို မြင်းပေါ်တင်လိုက်တဲ့အခါမှာပဲ မြင်းက ညွတ်ကျသွားပြီး လန့်လို့ တအားဟီလိုက်တယ်။ လူတစ်ယောက် ကျောပေါ်တက်လိုက်တဲ့ သဘောမျိုး ဖြစ်သွားတာပေါ့လေ။ သူတက်လိုက်တဲ့အခါ အတော်လေးသွားတဲ့ပုံနဲ့ ညွတ်ကျသွားတာ လူတော်တော်များများ သတိထားမိကြတယ်"

"အတော်လေးဆန်းတာပဲ"

"ဟုတ်တယ်ဆရာ။ ကျွန်တော်ဝတ်ဖို့ အဝတ်တစ်စုံ ဝယ်ပေးတဲ့အခါ သူ့ကိုလည်း တစ်စုံဝယ်ပေးရတယ်။ အရွယ်ရောက်လာတဲ့အခါ သူက တခြားရွာတွေမှာ ဆေးကုပြီး ဆေးဆရာလုပ်ခဲ့တယ်ဗျ"

"ဘာပြောတယ် ဦးမြင့်သိန်း။ လူခြောက်ကလေးက ဆေးဆရာလုပ်ခဲ့တယ် ဟုတ်လား"

"ဟုတ်တယ်ဆရာ။ တခြားရွာကလူတွေကို ဆေးကုပေးတယ်။ သူကုပေးလို့ ပျောက်တဲ့လူနာရှင်တွေက အိမ်ကို လာပြီး ကန်တော့ကြတယ်။ ဒီအိမ်က ဆရာဦးစိုးသိန်းတို့အိမ်လားဆိုပြီး မေးလာကြတာ။ ဆေးကုပေးလို့ ပျောက်ကင်းချမ်းသာသွားကြတဲ့အတွက် ကန်တော့ကြတယ်။ အိမ်မှာရှိတာက ကျွန်တော်ပဲရှိတာဆိုတော့ သူတို့တစ်တွေ ကန်တော့ဖို့ ခက်ကုန်ကြတာပေါ့"

"တခြား လူခြောက်ကလေးတွေတော့ ဒါမျိုးလုပ်တယ် မကြားဖူးပါဘူးဗျာ"

"ဟုတ်တယ် ဆရာ။ ကျွန်တော့်အစ်ကို ကိုစိုးသိန်းကတော့ တစ်မူထူးပြီး ဆေးဆရာလုပ်ပြီး အမေ့ကို ရှာပေးခဲ့

**ကိုမြင့်သိန်းသည် အလုပ်သမားများကို ညွှန်ကြား အလုပ်လုပ်ကိုင်ရင်း တဲကြီးအတွင်းမှာပင် တစ်ယောက်တည်းအိပ်သည် ဆို၏။ ညဘက်ညဘက်တွင် အိန္ဒိယတိုင်းရင်းသူ ညီအစ်မနှစ်ဦးတို့သည် ဆာရီလေးများ ကိုယ်စီဝတ်ဆင်လျက် ဦးမြင့်သိန်းကို လာတွေ့ကြ၏။**

တာ။ အမေ့ကို အိပ်မက်ပေးတယ်လေ။ သူဆေးကလို့ရတဲ့ ပိုက်ဆံတွေ သူ့အင်္ကျီ ပုဆိုးထပ်တွေအောက်မှာ ထားတယ်ဆိုပြီး အိပ်မက်ပေးတာ။ အမေက သွားကြည့်တော့ အဟုတ်ပဲ။ အဝတ်အစားတွေအောက်မှာ ငွေတွေသောင်းနဲ့ချီပြီး ထည့်ထားတာ ခဏခဏရတယ်။ ဒါပေမယ့်. . ."

"ဒါပေမယ့် ဘာဖြစ်လဲဗျ။ ဆိုပါဦး"

"သူပေးတဲ့ငွေတွေ အိမ်က အမေတို့၊ အဖေတို့ သုံးရတယ်လို့ မရှိပါဘူးဗျာ။ အစ်ကိုက ဒီငွေနဲ့ ဘယ်ကိုလှူလိုက်ပါ။ ညာကိုလှူလိုက်ပါနဲ့ သူက လှူချည်းခိုင်းနေတာဗျ"

"ဩ. . . ဒီလိုလား"

"ဟုတ်တယ်ဆရာရဲ့။ သူပေးတဲ့ငွေ လုံးဝမစားရ မသုံးရဘူး။ သူလှူခိုင်းတဲ့ကိစ္စပဲ လှူလှူပေးနေရတာ"

"ကုသိုလ်တော့ ရပါတယ်ဗျာ"

"ထူးဆန်းတာက ကျွန်တော်တို့အမေ ဆုံးခါနီးကျတော့ သူ့အနားမှာမရှိဘူး။ အဖေက အဲဒါကို စိတ်ဆိုးတယ်။ စိုးသိန်းဆိုတဲ့ကောင်က သူများတွေကျတော့ ဆေးသွားသွားကုနေပြီး ကိုယ့်အမေအရင်းခေါက်ခေါက် နေမကောင်းဖြစ်တာကျတော့ ကုမပေးဘူး။ ဒီကောင်ဘယ်ရောက်နေသလဲ မသိဘူး။ လာမှ ကောင်းကောင်းဆူပစ်ဦးမယ်ဆိုပြီး ကြိမ်းကြိမ်းနေတယ်။ တကယ် အိပ်မက်ထဲရောက်လာတော့လည်း သူကြိမ်းထားတဲ့အတိုင်း ဆူတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒီတော့ ကိုစိုးသိန်းက တောင်းပန်တယ်။ သူခရီးလွန်နေတဲ့အကြောင်း ပြောတယ်။ တောထဲ တောင်ထဲရောက်ပြီး တရားကျင့်နေတဲ့အကြောင်း ပြောပြတယ်"

"တယ်ဟုတ်ပါလား။ လူခြောက်လေးတွေကလည်း တရားတွေဘာတွေ ကျင့်နိုင်တာပဲကိုး"

ကျွန်ုပ်က မှတ်ချက်ချလိုက်မိ၏။ တစ်ကျောင်း တစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း ဆိုသကဲ့သို့ စာထဲတွင် မဖတ်ဖူးသေးသော လူခြောက်ကလေးအကြောင်းကို ပန်းတနော် ရောက်မှပင် ကြားဖြစ်ခဲ့လေတော့၏။

## ရွာစောင့်နဲ့ ညားတဲ့လူ

ဦးမြင့်သိန်းထံမှ နောက်ထပ်ကြားသိရသေးသည့် အကြောင်းအရာတစ်ခုမှာလည်း ဆန်းကြယ်နေပြန်၏။ သူ လူပျိုဘဝတုန်းက တွေ့ခဲ့ရသည့် အတွေ့အကြုံဖြစ်၏။ သူတို့ နေထိုင်ခဲ့သည့် ရွာနားက တဲကြီးတစ်တဲမှာ အလုပ်သမားများ နှင့် အလုပ်လုပ်နေကြစဉ်ကာလက တွေ့ကြုံခဲ့ရခြင်းဖြစ်၏။

ကိုမြင့်သိန်းသည် အလုပ်သမားများကို ညွှန်ကြား အလုပ်လုပ်ကိုင်ရင်း တဲကြီးအတွင်းမှာပင် တစ်ယောက်တည်း အိပ်သည်ဆို၏။ ညဘက်ညဘက်တွင် အိန္ဒိယတိုင်းရင်းသူ ညီအစ်မနှစ်ဦးတို့သည် ဆာရီလေးများ ကိုယ်စီဝတ်ဆင်လျက် ကိုမြင့်သိန်းကို လာတွေ့ကြ၏။ နှစ်ယောက်ထဲမှ တစ်ယောက် သည် ချစ်သူများဖြစ်လာကြပြီး ညစဉ်ညတိုင်းလိုလို သူ့ကို လာတွေ့ကြသည်ဆို၏။

"ကျွန်တော့်အဖို့တော့ တကယ့်လူသားအစစ်နဲ့ တွေ့ထိရသလိုပါပဲ ဆရာရယ်။ သူနဲ့ကျွန်တော် ချစ်တင်းနှော ကြတဲ့အထိ ချစ်မိခဲ့ကြတယ်။ စွဲစွဲလမ်းလမ်းကို ချစ်မိခဲ့ကြ တာပါဆရာ"

"အဲဒီ ဆာရီဝတ်မိန်းကလေးကို ခင်ဗျားတစ်ယောက် တည်း တွေ့ရတာလား၊ ကျန်တဲ့သူတွေကော တွေ့ကြသေး လား"


"ကျန်တဲ့အလုပ်သမားတွေလည်း တွေ့ဖူးတဲ့သူတွေ တွေ့ဖူးကြတယ် ဆရာ။ မနက်ရောက်တော့ ကျွန်တော့်ကို နောက်တဲ့သူတွေရှိတယ်။ ဆရာ့အခန်းထဲ ဘယ်က ကုလား မလေး ရောက်လာတာတုံးဆရာ။ သူပြန်ထွက်သွားတာ ကျွန်တော်တွေ့လိုက်ရတယ်ဆိုပြီး ပြောကြတာ"

"ဩော်···တခြားလူတွေပါ တွေ့ကြတာကိုး"

"ဟုတ်တယ်ဆရာ။ သူတို့တစ်တွေကတော့ တကယ် ကုလားမလေး အောက်မေ့ကြတာပေါ့။ တကယ်မဟုတ်မှန်း တော့ ကျွန်တော်ပဲသိတာ။ တကယ်တော့ သူက သိုက်ကနေ လာလာတွေ့နေတာ ဆရာရဲ့"

သူ့စကားများကြောင့် ကျွန်ုပ်အံ့ဩခဲ့ရသော်လည်း ထိုအကြောင်းအရာမျိုးနှင့် ဆင်တူသော အကြောင်းအရာ တစ်ခုကို ကျွန်ုပ်အသက်သုံးဆယ်အရွယ်က လူတစ်ယောက် ပြောပြဖူး၏။ သူက ကျွန်ုပ်နှင့်ရွယ်တူဖြစ်၏။ ကိုမျိုးမြင့်ဟု ခေါ်၏။

"အဲဒီမိန်းမက ညသန်းခေါင်ကျမှ ရောက်ရောက်လာ တာ ဆရာရဲ့။ သူရောက်လာရင် တစ်ခန်းလုံးမွှေးကြိုင်နေတာ



ဦးသန့်လက်ရေးမှု

www.burmeseclassic.com

ပဲ။ ပြီးတော့ သူက ကျွန်တော်နဲ့ ချစ်တင်းနှောတယ်။ ကျွန်တော့်အတွေ့အကြုံကို အမှန်အတိုင်း မထိန်မဝှက်ပြောရမယ်ဆိုရင် တကယ့်ကို လူမိန်းမတစ်ယောက်နဲ့ ထိတွေ့ဆက်ဆံနေရသလိုပဲ။ တကယ့်ကို စွဲစွဲလမ်းလမ်းဖြစ်ခဲ့ရတယ်။ ညတိုင်း သူ့ကို လာစေချင်တဲ့ဆန္ဒ အမြဲဖြစ်ခဲ့ရတယ်ဗျာ"

ကိုမျိုးမြင့်ပြောပြသော ဥစ္စာစောင့်မနှင့် အချစ်ဇာတ်လမ်းသည်လည်း ဦးမြင့်သိန်းပြောပြသည့် ဇာတ်လမ်းနှင့် အတော်ဆင်တူပါ၏။ ကိုမျိုးမြင့်နှင့် ကျွန်ုပ်တို့ နောက်ထပ်ပြန်မတွေ့ခဲ့ကြရသည်မှာ နှစ်ပေါင်းသုံးဆယ်ကျော် ကြာပြီဖြစ်၏။ လူပျိုကြီးပဲလား၊ အိမ်ထောင်ကျသွားပြီလား၊ သားသမီးတွေ၊ မြေးတွေနဲ့လား မပြောတတ်ချေ။ ဦးမြင့်သိန်းကမူ အိမ်ထောင်ရှင်ကောင်းဖြစ်လျက် သားတွေ၊ သမီးတွေ သိုက်သိုက်ဝန်းဝန်းနှင့် ဖြစ်နေပေပြီ။

ကမ္ဘာလောကကြီးသည် လွန်စွာ ဆန်းပြားလှ၏။ ထိုကမ္ဘာလောကကြီးထဲတွင် မှီတင်းနေထိုင်ကြသူများသည် ပို၍ပင် အံ့သြဖွယ် ဆန်းပြားလွန်းလှပါ၏။

## ဦးသန့်က မောင်သန်းကို ရောင်းသွားသည့်အိမ်

ဦးမြင့်သိန်းက ပန်းတနော်မြို့ရှိ ကျိုက်ထီးရိုးဘုရားလေး၊ ရှင်သာလျောင်း စသည့် ဘုရားများ၊ ထင်ရှားသည့်နေရာများကို လိုက်လံပို့ဆောင်ပေးရာတွင် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ တစ်သက်မမေ့ရက်နိုင်သော ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်နေထိုင်သွားခဲ့သည့် အိမ်လည်းပါဝင်၏။

ယခု ကျွန်ုပ်တို့တွေ့မြင်ရသည့်အိမ်မှာ ယခင် ဦးသန့်နေအိမ်နေရာဖြစ်သော်လည်း နောက်ထပ်ပိုင်ရှင် ဆောက်လုပ်ခဲ့သည့်အိမ် ဖြစ်ပါ၏။ ဦးသန့်ရောင်းသွားခဲ့သည့်အိမ်ကို ဆက်ခံပိုင်ဆိုင်သူမှာ ဦးသန်းဟု ခေါ်၍ ဦးသန့်ထက် ငယ်ဟန်တူ၏။ ဦးသန့်လက်ရေးဖြင့် ငွေရပြေစာ ရေးထားသည့်ထဲတွင် ဤသို့တွေ့ရပါ၏။

၃၁-၇-၅၇


*ပန်းတနော်မြို့ စဉ့်အိုးတန်းလမ်းရှိ ကျွန်တော်ပိုင်သော လေးပင်အိမ်မြေနေရာကို ပန်းတနော်မြို့အပိုင် အင်းမရွာသူကြီး မောင်သန်းအား ငွေ ၁၇၅၀/-(တထောင့်ခုနစ်ရာငါးဆယ်ကျပ်တိတိ)ဖြင့် ရောင်းချလိုက်ပြီဖြစ်ရာ ထိုငွေကို အပြေရရှိကြောင်း လက်မှတ်ရေးထိုးပါသည်။*

မောင်သန့်

၃၁-၇-၅၇

အတွင်းဝန်။

ဝန်ကြီးချုပ်ရုံး။



ဦးသန့်နေထိုင်ခဲ့သည့်အိမ်နေရာ
ယခု ဦးသန်းတို့မိသားစု ပြင်ဆောက်ထားသည့်အိမ်



www.burmeseclassic.com

www.burmeseclassic.com



ဦးနုကျောင်းအုပ်၊
ဦးသန့်ကျောင်းဆရာ
လုပ်ခဲ့သည့်
အမျိုးသားကျောင်းနေရာ

အထက်ပါ သဘောတူငွေလက်ခံစာရွက် ပြေစာလေးကို အိမ်ပိုင်ရှင် ဦးသန်း၏သမီးဖြစ်သူ ဒေါ်ကြည်က ထုတ်ပြသဖြင့် မှတ်တမ်းတင်နိုင်ခဲ့ခြင်း ဖြစ်ပါ၏။ ဤကဲ့သို့ မြန်မာအမျိုးသားတို့ ဂုဏ်ယူစရာပုဂ္ဂိုလ်ထူးကြီး ရှိခဲ့သည့် ပန်းတနော်မြို့ကို ရောက်ဖူးချင်ခဲ့သည့် ချင်ခြင်းအား ပြေအောင်ဆောင်ရွက်ပေးခဲ့သည့် ယူရေးနပ်စ်လက်ဖက်ရည်ဆိုင်ပိုင်ရှင် ဦးမြင့်သိန်းနှင့် ဒေါ်ရွှေအိန်းတို့အား ကျေးဇူးများစွာ တင်ဖြစ်၏။ ရောက်သွားသခိုက် နေရာထိုင်ခင်း၊ စားရေးသောက်ရေး၊ သည့်လည်လေ့လာရေးများကို လိုလေသေးမရှိ (လိုသည်ထက် ပိုလျှံအောင် ဝတ်တရားကျေပါ၏) ဆောင်ရွက်ပြုစုသည့် ထိုလင်မယား ဇနီးမောင်နှံအား ကျေးဇူးမှတ်တမ်းတင်ခြင်းလည်း ဖြစ်ပါ၏။

နောက်ဆုံး အမှတ်တရရောက်ခဲ့ရသည့်နေရာမှာ ဦးသန့်ကျောင်းဆရာလုပ်ခဲ့သော၊ ဝန်ကြီးချုပ်ဟောင်း ဦးနုကျောင်းအုပ်လုပ်ခဲ့ဖူးသော အမျိုးသားကျောင်းနေရာပင် ဖြစ်၏။ ယခုအခါ ထိုနေရာတွင် ဘုန်းကြီးကျောင်းရှိပါ၏။ မြန်မာတွေ ဘုန်းကြီးနိုင်ကြပါစေ . . .။

*ဗေဒင်ယျောတိသဗ္ဗမင်္ဂလာ*
**လင်းရောင်တင်**


**ဆရာကြီးလင်းရောင်တင်**
**နေ့လက္ခဏာသဃ လိုတရဟောခန်းမှ**
**ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး စသည့်**
**အရေးကိစ္စများကို ကူညီဆောင်ရွက်ပေးနေပြီ။**

နေ့စဉ်-နံနက်(၉)နာရီမှ (၁၂)နာရီအတွင်း။ ဥပုသ်နေ့တစ်ရက် နားသည်။

**အခန်း(၃၀၆)၊ တိုက်အမှတ်(၁၀၁/B)၊ (၄)လွှာ၊ လမ်းသစ်လမ်း၊**
**လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ – 09 420014614**




www.burmeseclassic.com

www.burmeseclassic.com

# ချစ်စရာ တော်ဝင်နိုင်ငံ

အေးအေးသန်း

ခရစ်နှစ် ၂၀၁၀ တွင် စက်ာပူနိုင်ငံမှတစ်ဆင့် အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့ကြီးသို့ အနန္တောအနန္တငါးပါး၏ ဂုဏ်ကျေးဇူးတော်ကြောင့် ကျွန်မ မမျှော်လင့်ဘဲ ရောက်ရှိခဲ့ရပါသည်။

အင်္ဂလန်နိုင်ငံကြီးကို ယူကေ(United Kingdom of Great Britain) ဟုလည်း ခေါ်ဝေါ်သုံးစွဲကြပါသည်။ လူဦးရေ ၅၉,၂၅၁,၀၀၀ ရှိပြီး လူမျိုးအားဖြင့် အင်္ဂလိပ်၊ စကော့တစ်ရှ်နှင့် အိုင်းရစ်ရှ်လူမျိုးများ ရှိကြပါသည်။ ခရစ်ယာန် ၇၂ ရာခိုင်နှုန်း၊ မူစလင် ၃ ရာခိုင်နှုန်းနှင့် အကျယ်အဝန်းမှာ ၉၄,၅၂၅ စတုရန်းမိုင် ကျယ်ဝန်းပါသည်။ အိမ်နီးချင်းနိုင်ငံများမှာ အနောက်ဘက်တွင် အိုင်ယာလန်၊ အရှေ့တောင်ဘက်၌ ပြင်သစ်ရှိပြီး အင်္ဂလန်နိုင်ငံမြို့တော်မှာ လန်ဒန်မြို့ကြီးဖြစ်ပါသည်။ စည်းမျဉ်းခံဘုရင်စနစ်ဖြင့် လွှမ်းမိုးအုပ်ချုပ်ပြီး နိုင်ငံ၏အကြီးအကဲမှာ ဘုရင်မကြီး အဲလ်လီဇဘက်(၂)(Queen Elizebeth II) ဖြစ်ပါသည်။

ကျွန်မ ရောက်ရှိသည့် ၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့ နံနက်စောစောတွင် မီးရောင်စုံထိန်လင်းနေသော လန်ဒန်မြို့ကြီးကို ကျွန်မ စီးလာသော စင်ကာပူအဲလိုင်း(Singapore Air Lien) လေယာဉ်ကြီးပေါ်မှ အရုဏ်ဦးတွင် မြင်တွေ့ခဲ့ရပါသည်။ လန်ဒန်ဟီးသရိုး



www.burmeseclassic.com

www.burmeseclassic.com



**ဝင်ဆာနန်းတော်ရှေ့တွင် စာရေးသူနှင့် မြေးလေး Drue နန္ဒီမျိုး**

(Heatherow) လေဆိပ်သို့ လေယာဉ်ဆိုက်ပြီး ကြီးကျယ်ခမ်းနားသော လေဆိပ်အဆောက်အဦကြီးနှင့် အဆင့်မီစက်လှေကားကြီးများကို အဆင့်ဆင့်ဖြတ်သန်းကာ လန်ဒန်မြို့ လူဝင်မှုကြီးကြပ်ရေးအရာရှိများ၏ စစ်ဆေးမေးမြန်းမှုကို ခံယူပြီးမှ ဝမ်းသာစွာ လာရောက်ကြိုဆိုသော သားနှင့်ဆုံတွေ့ခဲ့ကြရပါသည်။

ကျွန်မရောက်ရှိချိန် လန်ဒန်မြို့ကြီးမှာ နွေရာသီဖြစ်သော်လည်း ကျွန်မတို့ မြန်မာနိုင်ငံ ဟေမန္တဆောင်းရာသီကဲ့သို့ အအေးဓာတ်ကို ရရှိခံစားခဲ့ရပါသည်။

အင်္ဂလန်ရာသီဥတုသည် ကျွန်မတို့မြန်မာနိုင်ငံလို နွေ၊ မိုး၊ ဆောင်း သုံးရာသီမရှိဘဲ နွေဥတုနှင့် ဆောင်းဥတု နှစ်ရာသီသာ ရှိပါသည်။ တစ်နှစ်ပတ်လုံး နှင်းမိုးရွာပါသည်။ မိုးမှ သည်းထန်ခြင်းမရှိဘဲ တဖွဲဖွဲရွာခြင်းသာ ဖြစ်ပါသည်။ တစ်ခါတလေမှသာ လေရောမိုးပါ ရွာလာတတ်ပါသည်။ ကျွန်းဆွယ်နိုင်ငံဖြစ်၍ လေမပြတ်တိုက်ပါသည်။ လေတိုက်နှုန်းမှာ လူနေအိမ်ကင်းသော ပန်းခြံများတွင် ပိုမိုသိသာပါသည်။ နေသာသည့်အခါများတွင် လန်ဒန်မြို့ကြီးသည် အလွန်သာယာချမ်းမြေ့ ပျော်ရွှင်စရာကောင်းပါသည်။ နေပူလိုက်၊ မိုးရွာလိုက်ဖြင့် အပြောင်းအလဲမြန်သော ရာသီဥတုရှိပါသည်။ ဆောင်းကာလတွင် အိမ်အပြင်တွင် နှင်းထုသိပ်သည်းပြီး အပူချိန်မှာ သုညဒီဂရီရှိပါသည်။ တစ်ခါတစ်ရံ သုညဒီဂရီအောက်သို့ လျော့နည်းခြင်းများလည်း ရှိတတ်ပါသည်။

ဆောင်းကာလ အင်္ဂလန်နိုင်ငံသည် နှင်းထုဖုံးလွှမ်း၍ လွမ်းစွာလှပသော နှင်းမြို့တော်ကြီး ဖြစ်ပါသည်။

ဆောင်းအခါကာလတွင် ခေါင်းစွပ်၊ ခြေအိတ်၊ လက်အိတ်နှင့် အနွေးထည် နှစ်ထပ်သုံးထပ် ဝတ်၍ အပြင်ထွက်ကြရပါသည်။ အိမ်ထဲတွင်လည်း အနွေးထည်နှင့် ခြေအိတ်ကို မချွတ်ကြရပါ။ အင်္ဂလန်နိုင်ငံတွင် အအေးလွန်ကဲမှုကြောင့် ကော်ဇောများ ခန်းလုံးပြည့်ခင်းထားကြပြီး၊ ကန့်လန့်ကာအထူကြီးများကို အိမ်တိုင်း ကာရံထားပါသည်။ ညဥ့်ဘက်အိပ်လျှင်လည်း မွေ့ရာအထူကြီးများခင်း၊ စောင်အထူကြီးများကို ခြုံလွှမ်း၍ အိပ်ကြရပါသည်။ အအေးကြောက်သော ကျွန်မအဖို့ အိပ်ရာထဲထိ ခေါင်းစွပ်ကို မချွတ်ပါ။ အစားအစာများကိုလည်း စားခါနီးမှ ချက်ပြုတ်ကြော်လှော် စားကြပါသည်။ အိမ်တိုင်းလိုလို မိုက်ကရိုဝေ့



**THAMES မြစ်ပေါ်ရှိ TOWER BRIDGE ရှေ့တွင် အမှတ်တရ**



www.burmeseclassic.com

www.burmeseclassic.com

(Micro Wave) ကို အသုံးများပြီး ပူပူနွေးနွေး စားလေ့ရှိကြပါသည်။ လျှပ်စစ်ဓာတ်အား အသုံးများကြ၍ ရေနွေးကိုသာ အသုံးပြုကြပါသည်။ ရေအေးကို နွေရာသီအခါမှသာ သုံးစွဲကြပါသည်။

ဆောင်းအကုန် နွေအကူးကာလတွင် ရာသီဥတုသာယာကြည်လင်ပြီး နှင်းများကို မတွေ့ရတော့ပါ။ သစ်ပင်ခြောက်ကြီးများလည်း အရွက်နုလေးများ စိုပြည်စ ပြုလာပြီး မြက်ခင်းစိမ်းစိမ်းလေးများပေါ်တွင် ပန်းရောင်စုံလေးများ ဖူးပွင့်ဝေဆာလာကြပါသည်။ နိုင်ငံတစ်ဝန်း သာယာလှပရေးအတွက် လမ်းဆုံလမ်းခွများတွင် ရောင်စုံဖူးပွင့်ဝေဆာသော ပန်းခြင်းတောင်းများ ချိတ်ဆွဲပြီး အလှဆင်ပါသည်။ လမ်းများမှာလည်း ညီညာပြန့်ပြူးနေသည့်အတွက် အသက်အရွယ်ကြီးသူများ အဖော်မပါဘဲ သွားလာနိုင်ပါသည်။ မျက်မမြင်များလည်း အထိအခိုက်မရှိ အန္တရာယ်ကင်းစွာ အဖော်မပါဘဲ တုတ်ကောက်ဖြင့် သွားလာနိုင်ကြပါသည်။ ကိုယ်လက်မသန်စွမ်းသည့် ဒုက္ခိတများမှာ လက်တွန်းကုလားထိုင်၊ ဘီးတပ်ကုလားထိုင်များဖြင့် သွားလာကြပါသည်။ အင်္ဂလန်ပြည်သူပြည်သားများသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို စနစ်တကျလိုက်နာကြ၍ အန္တရာယ်ကင်းစွာ သွားလာကြသည်ကို တွေ့မြင်ခဲ့ရပါသည်။

လန်ဒန်တွင် နှစ်နှစ်ကြာနေထိုင်စဉ်အတွင်း ပြည်သူ့ရဲများမှ ပြည်သူလူထု၏ လုံခြုံမှုအတွက် တစ်ရုံမလပ် စောင့်ရှောက်ကြသည်ကို ၎င်းတို့၏ လှုပ်ရှားအလုပ်လုပ်နေသော အရေးပေါ်ကားသံ တညံညံကြားခြင်းဖြင့် သိသာနိုင်ပါသည်။ လမ်းဆုံလမ်းခွ လမ်းများပေါ်တွင် ပြည်သူ့ရဲများကို အမြဲမပြတ် တွေ့ရပါသည်။ ကလေးများ ကျောင်းသွား၊ ကျောင်းပြန်ချိန်တွင် အမြဲစောင့်ရှောက်ပေးပါသည်။ ကလေးများနှင့် မိဘများကိုလည်း ပျူငှာစွာ နှုတ်ခွန်းဆက်လေ့ရှိပါသည်။ ဒီမိုကရေစီနိုင်ငံ ပီသစွာ ဝန်ထမ်းတိုင်း အလုပ်ချိန်ကို တိကျစွာ၊ တာဝန်ကျေပွန်စွာ ဆောင်ရွက်သကဲ့သို့ နွေရာသီအားလပ်ခွင့်ကိုလည်း ပြည့်ဝစွာ လစာအပြည့်ဖြင့် အနားယူစေပါသည်။ လူတိုင်း လူ့အခွင့်အရေးကို ပြည့်ဝစွာ ရယူခံစားစေပါသည်။

အသက် ၆၀ အထက် သက်ကြီးရွယ်အိုများအား မြို့နယ်အလိုက် တာဝန်ခံအထွေထွေ အထူးကုဆရာဝန် (GP)နှင့် သူနာပြုများက ဆေးခန်းများတွင် ရက်ချိန်းမှန်မှန် ချိန်းကာ စစ်ဆေးကုသမှု ပြုလုပ်ပြီး လစဉ်သင့်လျော်ရာ ဆေးဝါးများကို နိုင်ငံတော်မှ အခမဲ့ထုတ်ပေးပါသည်။ အင်္ဂလန်နိုင်ငံမှ အသက် ၆၀ ကျော်လွန်သော လူကြီးများ ဆေးဖိုးဝါးခအတွက် ပူပင်စရာမလိုပါ။ မိခင်၊ ကလေး စောင့်ရှောက်ရေးတွင်လည်း နိုင်ငံသားမိခင်များကို အခမဲ့ မွေးဖွားပေးပြီး ကလေးအတွက် ဆေးဝါးအပြင် အနီးနှင့် ကုန်ကျစရိတ်အဝဝကို နိုင်ငံတော်မှ ကျခံပါသည်။ အစိုးရ ဆေးရုံကြီးများတွင် အဆင့်အတန်းမီစွာ မီးဖွားခွင့်ပြုပါသည်။ မိခင်များ အိမ်ပြန်ရောက်လျှင်လည်း ကလေးတစ်လ မပြည့်မချင်း သက်ဆိုင်ရာမြို့နယ် သူနာပြုများမှ တစ်ပတ်တစ်ခါ အိမ်တိုင်ယာရောက် ပြုစု၍ လိုအပ်သမျှ ကူညီပံ့ပိုးပေးပါသည်။ ခွဲစိတ်ကုသရန် လိုအပ်သော လူနာများအား အထပ်ထပ်အခါခါ စစ်ဆေးပြီးမှ ပြည်သူ့ဆေးရုံများတွင် အထူးကုဆရာဝန်များမှ ခွဲစိတ်ကုသပေးကြပါသည်။ ငွေကြေးတတ်နိုင်သူများအဖို့ တန်ဖိုးကြီးမားစွာပေး၍ ခွဲစိတ်ကုသကြသလို၊ မတတ်နိုင်သော ပြည်သူတွေအတွက်လည်း ဂရုတစိုက်ဖြင့် မိသားစုစိတ်ဓာတ်နှင့် စေတနာ၊ မေတ္တာ ပြည့်ဝစွာ ကုသပေးပါသည်။ ခွဲစိတ်ပြီးသော လူနာများကို အမြဲတမ်း ရက်ချိန်းမှန်မှန် အကြောင်းကြား၍ ပြန်လည်စစ်ဆေးပေးပါသည်။ အင်္ဂလန်နိုင်ငံသည် နိုင်ငံတကာတွင် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု အကောင်းဆုံးပေးနိုင်သော ဒီမိုကရေစီနိုင်ငံ ဖြစ်ပါသည်။

ခေတ်မီတိုးတက်သော နိုင်ငံဖြစ်၍ လူကြီးလူငယ်မရွေး ကွန်ပျူတာ၊ အင်တာနက်ကို ကျွမ်းကျင်စွာ သုံးစွဲဆက်သွယ်ကြပါသည်။ ကလေးများ လက်ကိုင်ဖုန်းကိုယ်စီဖြင့် အသုံးပြုကြပါသည်။ ရုံးများ၊ ဆေးရုံများ၊ ကုန်တိုက်ကြီးများတွင် မှတ်တမ်းမှန်သမျှ ကွန်ပျူတာဖြင့် ထိန်းချုပ်သိမ်းဆည်း သုံးစွဲကြပါသည်။

သစ်တော်သီး၊ ပန်းသီး၊ ဆီးသီး၊ ကီဝီသီး၊ ချယ်ရီသီး၊ စတော်ဗယ်ရီ၊ စပျစ်၊ လိမ္မော်၊ သခွားမွှေးတို့ ပေါများကြပြီး၊ မာလကာသီး၊ သရက်သီး၊ ဖရဲသီး၊ ကျွဲကောသီး၊ ဒူးရင်းသီး၊ ပိန္နဲသီးတို့မှာ ရှားပါးသစ်သီးများ ဖြစ်ပါသည်။ လန်ဒန်ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းများတွင် အလှူအတန်းများ၌ ကြက်၊ ဝက် အသားတို့မှာ ဟင်းကောင်းဟင်းလျာများ မဟုတ်ဘဲ ပုစွန်၊ ငါး၊ ငါးဖယ်နှင့် ကန်းစွန်းရွက်ကြော်၊ မြင်းခွာရွက်သုပ်၊ ခရမ်းသီးနှပ်တို့မှာ ဟင်းလျာ



www.burmeseclassic.com

www.burmeseclassic.com

ကောင်းများ ဖြစ်ပါသည်။ တစ်ခါတစ်ရံ မြန်မာပြည်မှ သရက်သီးသုပ်ကို လွမ်းဆွတ်တမ်းတစွာဖြင့် ပန်းသီးစိမ်းများကို သရက်သီးသုပ်သဖွယ် ပြုပြင်စီမံ ကပ်ပေးခဲ့ရဖူးပါသည်။ မြန်မာပြည်မှ မချစ်စု၊ မန္တလေးရင်ကွဲ စသော သရက်သီးများနှင့် လက်ဖက်အကြော်စုံမှာ နိုင်ငံခြားရောက် မြန်မာများ၏ လွမ်းမောရသော၊ တမ်းတရသော အစားအစာများ ဖြစ်ပါသည်။

အင်္ဂလန်နိုင်ငံတွင် ပေါင်၊ သျှီလင်၊ ပဲနိကို သုံးစွဲ၍ ပြည်သူအများ ချစ်ခင်လေးစားသော ဘုရင်မကြီး၏ ရုပ်ပုံတော်ကို ငွေကြေးများပေါ်တွင် ခပ်နှိပ်ထားပါသည်။ ကျွန်မ လန်ဒန်မြို့တွင်ရှိစဉ် အင်္ဂလန်ငွေ တစ်ပေါင်သည် မြန်မာငွေ ၁၃၂၀/ကျပ်နှင့် ညီမျှပါသည်။

ခရီးလမ်း ဆက်သွယ်ရေးတွင် အဆင်ပြေရန် ကားများ၊ မီးရထားများကို ၂၄ နာရီပတ်လုံး ပြေးဆွဲပေးပါသည်။ နှစ်ထပ်ဘတ်စ်ကားကြီးများဖြင့် ပြည်သူများ သက်သောင့်သက်သာ သွားလာနိုင်ပြီး၊ ဘတ်စ်ကားများတွင် ကားမောင်းသူဒရိုင်ဘာတစ်ဦးတည်းဖြင့်သာ ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ပါသည်။ အမျိုးသား ဒရိုင်ဘာသာမက အမျိုးသမီးဒရိုင်ဘာများလည်း ရှိပါသည်။

ယခု ဘုရင်မကြီး အယ်လ်လီဇဘက်၏ မိသားစု နေထိုင်ရာ ဝင်ဆာ(Windsor) နန်းတော်ကြီးသို့ မိသားစု အားလပ်ရက်တွင် သီးသန့်သွားရောက်ခဲ့ကြပါသည်။ ကြီးမားသော အဆောင်ဆောင် အခန်းခန်းများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော ရှေးမူအပျက် အဆောက်အဦ၊ နန်းတော်ကြီးတွင် အင်္ဂလန်နိုင်ငံ တော်ဝင်မိသားစု၏ ဘုန်းကံကြီးမားမှုကို မုဒိတာပွားရင်း လွမ်းမောဖွယ်ရာ အတိတ်သမိုင်းကြောင်းလေးများကို ပြန်ပြောင်းသတိရမိပါတော့သည်။

လန်ဒန်မြို့ပေါ်ရှိ John Lewis ကုန်တိုက်၊ Brent-Cross၊ Sains Bury၊ ဥရောပတိုက်တွင် အကြီးမားဆုံး West Field ကုန်တိုက်ကြီးနှင့် Tesco ကုန်တိုက်၊ 1 KEA ကုန်တိုက်ကြီးများကို ကျွန်မသားမိသားစုနှင့် မကြာခဏ ဈေးဝယ်ရောက်ရှိခဲ့ပါသည်။ Tesco ကုန်တိုက်တွင် တစ်ပတ်တစ်ခါ တနင်္ဂနွေအားလပ်ရက်တွင် မြေးလေးနှင့် နံနက်စာသွားရောက်စားရာ ကလေးများ ကစားမှာကစားကွင်းလည်း ရှိပါသည်။ လန်ဒန်မှ ကုန်တိုက်ကြီးများသည် ရာသီဥတုကိုလိုက်၍ ဆောင်းဥတုတွင် အနွေးထည်များ၊ နွေဥတုတွင် ပါးလွှာသော ဝတ်စုံများကို ရာသီအလိုက် ရောင်းချလေ့ရှိပါသည်။ ခရစ္စမတ်အချိန်တွင် လှပစွာ ပြင်ဆင်ခင်းကျင်း၍ ကလေးများအချစ်တော် Santa ဘိုးဘိုးကြီးအဝတ်အစားကို ရောင်းချသူများမှ ဝတ်ဆင်၍ ကလေးများအား လက်ဆောင်များပေးကာ ရောင်းချလေ့ရှိပါသည်။ ကျွန်မ အိမ်နားရှိ MATALAN ကုန်တိုက်နှင့် LIDL ဆိုသော စားသောက်ကုန်များရောင်းရာ ဆိုင်ကြီးများမှာ ကျွန်မ အပျင်းပြေလမ်းလျှောက်ရင်း ဝယ်ခြမ်းလေ့ရှိသည့် ဆိုင်များဖြစ်ပါသည်။ တရုတ်အမျိုးသားများပိုင် WINGYIP ဆိုသည့် အစားအသောက်မျိုးစုံ ရောင်းချရာဆိုင်ကြီးများမှာ အာရှတိုက်သားများအကြိုက် သား၊ ငါး၊ ပုစွန် စသော ပင်လယ်စာများနှင့် မြန်မာပြည်မှ ငါးပိ၊ ငံပြာရည်နှင့် အသီးအနှံမျိုးစုံ၊ စည်သွတ်ဘူးမျိုးစုံ ရောင်းရာဆိုင်ကြီး ဖြစ်ပါသည်။ လန်ဒန်မြို့တွင် ဆိုင်ခွဲများနှင့် အလုပ်သမား ရာထောင်ချီ၍ တွင်ကျယ်စွာ ရောင်းချသည့် ဆိုင်ကြီးဖြစ်ပါသည်။ ချက်ပြုတ်ပြီး တရုတ်အစားအစာများလည်း ရှိပါသည်။



**လန်ဒန်မြို့ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ နှစ်တစ်ရာပြည့်နေ့တွင် စာရေးသူ**



www.burmeseclassic.com

www.burmeseclassic.com

လန်ဒန်မြို့လယ်တွင် တရုတ်တန်းဟုခေါ်သော စားသောက်ဆိုင်များ ပေါများရာ တရုတ်လူမျိုးများ အများအပြား နေထိုင်ရာ စည်ကားသည့်ရပ်ကွက် ရှိပါသည်။

လန်ဒန်မြို့ကြီးတွင် တစ်နှစ်ပတ်လုံး T.V အစီအစဉ်မှ ပြသသော ရေခဲပြင်ကပွဲ၊ လူငယ်များအတွက် ကစားနည်းမျိုးစုံ ပြိုင်ပွဲနှင့် ဂီတဝါသနာရှင်များအကြိုက် SIMON ဦးစီးသော ဂီတအဆိုပြိုင်ပွဲများလည်း ရှိပါသည်။ SIMON ဦးစီးသော XFACTOR ဂီတပြိုင်ပွဲမှာ ဥရောပတိုက်တွင် လူကြိုက်အများဆုံး အဆိုပြိုင်ပွဲဖြစ်ပြီး ခရစ္စမတ်ညဉ့်ချမ်းတွင် ဆန်ကာတင်ဆုရရှိတစ်ဦးအား လူထောင်ပေါင်းများစွာထဲမှ တစ်ဦးတည်းသာ ရွေးချယ်၍ တစ်မီလျံတန်သော Record ခေတ်ပြား ထုတ်ပေးပါသည်။ ၎င်းအစီအစဉ်တွင် ဆုရရှိသူသည် အောင်မြင်ကျော်ကြားမှု သရဖူကို ရရှိပိုင်ဆိုင်သွားပါသည်။ ၎င်း XFACTOR အစီအစဉ်ကို ဇွန်၊ ဇူလိုင်မှ စတင်ပြီး ဒီဇင်ဘာလတွင် ရွေးချယ်ခြင်းဖြစ်ပါသည်။ အင်္ဂလန်သာမက အမေရိကားတွင်ပါ ပြုလုပ်ရွေးချယ်ခြင်း ဖြစ်ပါသည်။

အင်္ဂလန်နိုင်ငံကြီးသည် စည်းမျဉ်းခံဘုရင်စနစ်ဖြင့် အုပ်ချုပ်သော ဒီမိုကရေစီနိုင်ငံကြီးဖြစ်၍ လူတိုင်း ရသင့်ရထိုက်သော လူ့အခွင့်အရေးကို ပြည့်ဝစွာ ခံစားကြရပါသည်။ တစ်နှစ်လုံး အလုပ်ချိန်ကို ပြည့်ဝစွာ အလုပ်လုပ်ကြသလို၊ နွေရာသီအားလပ်ရက်တွင် ပြည့်ဝစွာ အနားယူကြလေ့ရှိပါသည်။ မိသားစုအလိုက်သော်လည်းကောင်း၊ မိတ်ဆွေများ စုပေါင်း၍သော်လည်းကောင်း ပင်လယ်ကမ်းခြေများနှင့် အနားယူစခန်းများ၊ မရောက်ဖူးသေးသော အရပ်ဒေသများသို့ ရက်ရှည်ခရီးထွက်လေ့ရှိပါသည်။

၂၀၁၁ ပြည့်နှစ်၊ ဧပြီလ ၂၉ ရက်နေ့တွင် ဘုရင်မကြီး၏ မြေးတော် ချား(လ်)မင်းသားနှင့် ဒိုင်ယာနာတို့၏ သားတော်ကြီးဖြစ်သော ဝီလျံမင်းသားနှင့် ကြင်ယာတော် ကိတ်(Kate) တို့၏ တော်ဝင်မင်္ဂလာပွဲကိုလည်း ကျွန်မ ကံကြုံ၍ ဆုံခဲ့ရပါသည်။ နိုင်ငံတော်၏ မင်္ဂလာပွဲဖြစ်၍ နိုင်ငံနှင့်အဝှမ်း ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့ပါသည်။ အိမ်ရှေ့မင်းသားဘွဲ့ခံ ဝီလျံမင်းသားနှင့် ကိတ်မင်းသမီးတို့မှ ဖွားမြင်သော သားရတနာသည် နောင်အခါတွင် အင်္ဂလန်ထီးနန်းကို ဆက်ခံမည့် ဘုရင်လောင်းဖြစ်ပါသည်။

၁၉၅၄ ခုနှစ်မှ ၂၀၁၂ အထိ အင်္ဂလန် ထီးနန်းကို စိုးစံသော ဘုရင်မကြီး အယ်လီဇဘက်(ဒု)၏ နန်းသက် ၆၀ ပြည့် အောင်ပွဲခံသော စိန်ရတုမင်္ဂလာ (Diamond Jubily) ပွဲကိုလည်း ကျွန်မ ကံထူးစွာဖြင့် ဆုံတွေ့ခဲ့ရပါသေးသည်။ ဘုရင်မကြီးသည် သက်တော် ၈၀ ကျော်သော်လည်း ကျန်းမာရေး အထူးကောင်းမွန်ပါသည်။ ကြင်ရာတော် ဖိုး(လ်)လစ်မင်းသားကြီးနှင့်အတူ ယှဉ်တွဲ၍ ဆွေတော်မျိုးတော်များ ခြံရံကာ သိမ်း(စ်)မြစ်ကြီးထဲတွင် သင်္ဘောပေါ်မှ ဂုဏ်ပြုကြိုဆိုသော ပြည်သူအပေါင်းအား လေးစားသောအားဖြင့် မတ်တတ်ရပ်၍ အခမ်းအနားအစမှ အဆုံးတိုင် ရာသီဥတု ဆိုးဝါးနေသော်လည်း နှုတ်ဆက်ခဲ့သည်ကို အံ့မခန်းတွေ့မြင်ခဲ့ရပါသည်။ ဘုရင်မကြီးသည် သင်္ဘောအတက်အဆင်းကိုလည်း အခြားသူ၏ တွဲမှီခြင်းမရှိဘဲ သွက်လက်စွာ သွားလာနိုင်သည်ကို တွေ့မြင်ရပါသည်။

ကျောင်းသူ၊ ကျောင်းသားများ၏မိသားစု အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်ရန်လည်း ကျောင်းတွင်သင်တန်းများကို တက်ရောက်စေပါသည်။ ကွန်ပျူတာ၊ အင်တာနက် ကျွမ်းကျင်ရန် ကျောင်းများတွင် မူလတန်းမှ စ၍ လေ့ကျင့်စေပါသည်။


ကျန်းမာရေးစောင့်ရှောက်မှုတွင်လည်း အင်္ဂလန်နိုင်ငံသည် စံပြနိုင်ငံတစ်ခုဖြစ်ပါသည်။ ပြည်သူတို့၏ ကျန်းမာရေးကို အထူးဂရုပြုစောင့်ရှောက်ပါသည်။ မြို့နယ်အတွင်း တာဝန်ကျသူနာပြုများကလည်း အိမ်တိုင်ယာရောက် ကွင်းဆင်းကုသကြပါသည်။ ခွဲစိတ်ကုသရန် လိုအပ်သော လူနာများအား ဆေးရုံသို့ ဆင့်ခေါ်၍ ပျောက်ကင်းချမ်းသာအောင် ပြုစုကုသပေးပါသည်။

အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့ကြီးတွင် နှစ်နှစ်တာနေစဉ်အတွင်း ညီညာပြန့်ပြူးသောလမ်းများ၊ စည်းကမ်းနှင့်ညီစွာ သွားလာနေထိုင်ကြသော ပြည်သူများ၊ သာယာလှပသော ရှုခင်းများ၊ နိုင်ငံကြီးသားပီသစွာ ပြောဆိုဆက်ဆံမှုများ၊ ရှေးထုံးစဉ်လာကို မပျက်ယွင်းအောင် ထိန်းသိမ်းနိုင်သော ယဉ်ကျေးမှုနှင့် လူ့အခွင့်အရေးကို ပြည့်ဝစွာ ပေးစွမ်းနိုင်သော ချစ်စရာတော်ဝင်နိုင်ငံ၊ လန်ဒန်မြို့ကြီးကို ကျွန်မ အစဉ်ထာဝရ သတိရတမ်းတနေမည် ဖြစ်ပါသည်။

**အေးအေးသန်း**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



■ ကျော်မြသန်း

# နတ်ကတော် မိန်းမျက်ခုံး

(အခန်းဆက်ဝတ္ထုရှည်)

(ယခင်လမှအဆက်)

(၅)

**အင်းတော်ကြီး ရွှေမဥ္ဇူဘုရားပွဲ.**

"ချောင်းအဆင့်ဆင့်တွေနှင့်၊ မြောင်းကလည်း တင့်တဲ့အပြင်၊ တောင်မင်း ပြာပြာညို့လို့၊ ကာခါနို အမြင်ကျယ်လှတာက၊ ဖြာဖြာစို ရွှင်ဥယ်ခပါတဲ့၊ ပင်လယ်တမျှ အမြတ် အင်းတော်။

"စကားတစ်ရပ်ဟာက၊ အလကားမဟုတ်သာဘူး၊ နဂါးနတ်တွေ ဖန်ကာဆည်သတဲ့၊ မြန်မာပြည်မြောက်ခွင်တိုင်းမှာဖြင့်၊ မန္တာကီထောက်ချင့်နှိုင်းသင့်ပါရဲ့၊ မှိုင်းဝေစွ ရေအမှော်မှာနော် (ခင်ရယ်)၊ လှိုင်းလေကအော်။

"ဉာဏ်မလှစ်သော်လဲ၊ ကံကသစ်သမို့၊ တစ်ခေတ်တစ်ခါ ကြုံခဲ့ရ၊ ဖြစ်လာပုံ အံ့မခန်းနိုင်ဘူး၊ ရှုစမ်းပါမဒ္ဒီပျိုငဲ့၊ ဥဒါန်းလွှာ သီဆိုဖွယ်ပေါ့၊ နဒီညိုလာယ် ဆန်းလာရပုံက၊ ကြည်ညိုဖွယ် လမ်းနှစ်ဖြာခပါလို့၊ နန်းပမာတမျှပါတဲ့ ရေကြည်ပျော်၊ ကေသီမော်ပါလို့ ဖူးရန်အများ၊ အောင်စေတီတော်တွေက ထူးဟာန်ခြား။

"ကြင်ချစ်တဲ့ မယ်ရယ်၊ ပြင်မြင်

www.burmeseclassic.com

ကျယ် သံသာဘေးမှာလ၊ ညင်ညစ်ကွယ် မာန်တဏှာဝေးတဲ့ပြင်၊ ရန်ဘယာအေးကာ ခေမာလှုံရအောင်၊ စေတနာဟုန် စိတ်အကြံမြူးပါလို့၊ တစ်အာရုံ အဓိဋ္ဌာန်ဖူးကြပါစို့ရဲ့၊ ဟိတ်သဏ္ဌာန်ထူးလို့ လွှမ်းစရာအင်္ဂါကြားမှာဖြင့်၊ ဖိတ်လျှံမြူးတဲ့ ထွန်းပဝေဘူပတ္တမြားကိုလ၊ ဩော် ... နိဗ္ဗာန်ကူးတို့ ကွန်းမြဲ ရွှေမဥ္ဇူဘုရား။''

ဆရာတော် ထီးချိုင့်နတ်စိုးက ရွှေမဥ္ဇူဘုရားဘွဲ့ကဗျာကို ဤသို့လျှင် ကွန့်မြူးခဲ့ပြန်၏။

ဟိုပင်မြို့၏ အအေးဒဏ်ကို မယည်ပါးသူ ကိုသန့်ဇင်တို့ ဇနီးမောင်နှံမှာ ညက တဖျတ်ဖျတ်နိုးနေကြသည်။ ဂွမ်းကပ်ခြုံစောင်တွေ အထပ်ထပ် ဖိုဖိထားစေသော်လည်း ခြုံစောင်တစ်ချက်လပ်သွားသည်နှင့် အအေးဒဏ်ကို စိမ့်ခနဲနေအောင် ခံရသည်မို့ အိပ်ရင်း၊ နိုးရင်း၊ နိုးရင်း၊ အိပ်ရင်းနှင့် နေမြင့်မှပဲ အိပ်ရာထဲက ထလာနိုင်ကြသည်။ သူတို့သည်ပင် ဟိုပင်၏ အအေးဒဏ်ကို ထိုမျှလောက်ခံခဲ့ရသော် ဘူတာဝန်းကျင်တွင် အမိုးအကာမရှိဘဲ အိပ်စက်နေသူများအဖို့ ဘယ်လောက်များ အေးရှာလိုက်မလဲဟု ကိုယ်ချင်းစာလိုက်မိ၏။ ဘုရားဖူးရန် နေ့လယ်မှ ကားထွက်ရမည်ဖြစ်သဖြင့် သူတို့မှာ အေးအေးဆေးဆေးသာ။ အိမ်ခံလူများကိုယ်တိုင် ဂျစ်ကားနှင့် လိုက်ပို့မည်မို့ သူတို့အတွက် ဘာမှ စီစဉ်စရာ မလို။

ဟိုပင်မှ အင်းတော်ကြီးသို့ တက်ရမည့်ခရီးမှာ ခရီးကြမ်း။ အတက်ခက်ခက် အဆင်းကြမ်းကြမ်းလမ်း။ နန့်ပွန်တောင်နှင့် လွဲအိပ်တောင်ကြီးများကို ကျော်ဖြတ်ရမည့်ခရီး။ အောက်မှကြည့်၍ မြင်ရသည့် မြင့်မားလွန်းသော တောင်ကြီးကို ကားတွေတက်နိုင်ပါ့မလားဟု ထင်စရာ။ တက်ရင်း တက်ရင်း ပို၍ ပို၍ မြင့်နေမည့် တောင်ကြီးများ။ တောင်ပေါ်ခရီးလမ်းမှာ ကျဉ်းကျဉ်းကလေး။ ကားနှစ်စီး မရှောင်သာသည့်လမ်း။ ဆုံ၍မရသည့်လမ်း။ ကားကြီးလျှင် ကားတစ်စီးပင် ကတ်ကတ်သတ်သတ် ချိုးဖောက်၍ မောင်းရသောလမ်းဖြစ်၏။ လမ်းတွင် အတက်အဆင်းကားများ မဆုံမိစေရန် ဘုရားမှ နံနက်စောစောပိုင်း အဆင်းကားများလွှတ်၍ ဟိုပင်မှ အတက်ကားများကို နေ့လယ် ၁၂ နာရီထိုးပြီးမှ စတင်လွှတ်ပေး၏။ တောင်ပေါ်အတက် ခရီးအစ၌ ကားဂိတ်တစ်ခုထား၍ အဆင်းကားကုန်မကုန် စစ်ဆေးပြီးမှ အတက်ကားကို လွှတ်ပေး၏။

ကိုသန့်ဇင်တို့မှာ မနက်နေခြည်စာလှုံရင်း ဘူတာဘက်သို့ လမ်းလျှောက်ထွက်ခဲ့ကြရာ လော်ရီကားများပေါ်တွင် ဘုရားဖူးများ နေရာယူပြီးအသင့်ရှိနေသည်ကို တွေ့လိုက်ရ၏။ အတက်ကားများမှာ သူ့အရေအတွက်နှင့်သူရှိရာ ကားမရလျှင် နောက်တစ်နေ့ စောင့်ရမည်မို့ နေရာဦးထားကြခြင်း ဖြစ်ပေသည်။ သူတို့ ဘူတာသို့ ရောက်သွားသောအခါ လူငယ်တစ်စုက ဟေးလားဝါးလား အော်ဟစ်ပြီး ပအို့နှင့် ဂဒူးကနန်း လူအုပ်ကြီးက တအံ့တဩဝိုင်းကြည့်နေကြသည့် မြင်ကွင်းတစ်ခုကို တွေ့လိုက်ရ၏။ မျောက်ပွဲလား၊ မျက်လှည့်ပွဲလား တစ်ခုခုဖြစ်လိမ့်မည်ထင်ပြီး သွားကြည့်ခဲ့ရာ အထင်နှင့်အမြင် ပါစင်အောင် လွဲသွား၏။

တွေ့ရပြန်ပြီ။ သူတို့ကို။ မလျှာအုပ်စုတစ်စု။

ပြင်ဆင်ထားလိုက်သည်မှာ အပျံစား။ အမူအရာက တကယ့်မိန်းမတွေ အရှုံးပေးရမည့် အသွင်။ လှုပ်ပုံ၊ ခါပုံ၊ တုန်ပုံ၊ ယိမ်းပုံ၊ နွဲ့ပုံကလည်း ထူးထူးထင်ထင် ရှိပါပေ့။

ဒါပေသိ စလုတ်ကြီးကတော့ ''ကျွန်တော်ဟာ ယောက်ျားကြီးပါခင်ဗျာ''ဟု ဖွင့်ဟဝန်ခံနေသည်သို့နှယ် ရှိချေ၏။

သူတို့က ဘုရားဖူးလာ ပရိသတ်ကြီးကို မြေဝိုင်းအကဖြင့် ဖျော်ဖြေနေကြ၏။ ငြိမ့်ငြိမ့်ညောင်းညောင်း အကလည်း ပါသည်။ ဒိုးဒိုးဒန့်ဒန့် အကလည်း ပါသည်။ ပရိသတ်ကတော့ သူတို့၏ ပစ္စည်းအဂ်ဂါများကို တုန်၍၊ ခါ၍၊ လှုပ်၍၊ ယမ်း၍ ကကြသည်ကို သဘောကျနေကြသည်။ အဆိုနှင့် အမူအရာလုပ်ပြသည်ကိုလည်း သဘောတွေ့နေကြသည်။ အနှစ်နှစ်ဆယ်တေးလည်း ပါသည်။ ခေတ်ပေါ် စတီရီယိုတေးလည်း ပါသည်။ မည်သို့ပင်ဆိုစေ၊ အခကြေးငွေမယူဘဲ ဘုရားဖူးပရိသတ်ကြီး ပျော်ရွှင်မှုအတွက် ဖျော်ဖြေမှုလေးတစ်ခု တီထွင်ပေးကြသည်ကိုမူ ချီးကျူးရပေမည်သာ။

ဘုရားကျမှ တွေ့ကြဦးမည်ဟု ကိုသန့်ဇင်စိတ်တွင် တေးထားလိုက်၏။

ဘုရားဖူးခရီးထွက်မှ မြို့တက်လာဖူးသည့် ပအို့အမျိုးသား၊ အမျိုးသမီးများနှင့် ဂဒူးကနန်း လူမျိုးကြီးများမှာ သူတို့ကိုတွေ့သောအခါ တအံ့တဩဖြစ်ပြီး မျက်လုံးကြီးတွေ ကျွတ်ထွက်မတတ် ငေးစိုက်ကြည့်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာပေါ်တွင်မူ သဘောကျသည့် အရိပ်များ ထင်နေ၏။ ဒေသကို ပြန်ရောက်လျှင် ပြောလိုက်ကြမည့်ဖြစ်ခြင်း။ ဘုရားဖူးအတွေ့အကြုံများပင် နောက်တန်းရောက်သွားလိမ့်မည် ထင်ရသည်။

၁၁ နာရီခွဲလောက်တွင် အိမ်မှ ထွက်ခဲ့ကြသည်။ အိမ်ခံလိုက်ပို့သူ အမျိုးသမီးနှစ်ယောက်နှင့် ကားမောင်းသူပါမှ ငါးယောက်သာပါသည်မို့ သူတို့ ဂျစ်ကားလေးမှာ ချောင်ချောင်ချိချိ နေ နေသည်။ တခြားကားတွေမှာတော့ ဘယ်ကားကြည့်ကြည့် လူပဒေသာပင် သီးထားသလို ရှိနေသည်။ သို့သော် အားလုံးမှာ ပျော်ပျော်ပါးပါးသာ။ နေပူသည်ကိုလည်း ဂရုမစိုက်။ ကားကျပ်သည်ကိုလည်း အရေးမထား။ တစ်ခုတော့ရှိသည်။ ကြမ်းကြမ်းတမ်းတမ်း နောက် ပြောင်ခြင်းမျိုး မရှိ။ အားလုံး ကျေနပ်ရရပင်။ ရယ်စရာပြောတာ တောင်မှ သိမ်သိမ်မွေ့မွေ့ ရှိကြသည်။

တောင်ခြေရောက်တော့ ကားတွေအားလုံး တန်းစီရပ်ထားကြသည်။ အဆင်းနောက်ဆုံးကား မလာသေးသဖြင့် အတက်ကားများ စောင့်နေကြရသည်။ အဆင်းနောက်ဆုံးကား နံပါတ်ကို ပထမထွက်ကားနှင့် ပေးလိုက်ပြီမို့ ဘယ်ကားနောက်ဆုံးကား ဆိုသည်ကို တောင်ခြေဂိတ်က သိနေသည်။

ဟိုပင်မြို့မှ ထွက်လိုက်သည်နှင့် အလွန်မြင့်မားသော မိုးထိတောင်ကြီးကို ဘွားခနဲတွေ့လိုက်ရ၏။ မျက်ဝန်းထဲမှာ မိုးမိုးမတ်မတ်ကြီး တွေ့နေရသည့် နန့်မွန်တောင်ထိပ်ကို ကျော်ဖြတ်ပြီးမှ အင်းတော်ကြီးသို့ ရောက်မည်ကို သိထားခဲ့ရာ တောင်ကြီးကို မျှော်ကြည့်ရင်း ရင်ထဲတွင် တလှပ်လှပ် ဖြစ်သွားရသည်။ တောင်ကို မတက်ရသေးမီ တောင်ကြီးကို မြင်လိုက်ရုံနှင့် ရင်ထဲမှာ အေးသလိုလို၊ ပူသလိုလို ဝေဒနာတစ်မျိုးကို ခံစားလိုက်ရ၏။ နန့်မွန်တောင်က အမြင့်ကြီး။ တောင်ပေါ်တက်မည့်ကားတွေက ခပ်ချာချာ။ သည်လိုကားမျိုးတွေနဲ့ သည်လိုတောင်မျိုးကြီးကို တက်ဖို့ ဖြစ်မှဖြစ်ပါ့မလား။ ကားတွေ နောက်လန်ကျလာမှဖြင့်ဆိုသော စိုးရိမ်စိတ်များ ပြည့်လျှမ်းလာသည်။ နံပါတ်စဉ်အရ ကားလေးများ အရင်တက်ရမည်ဆိုသဖြင့် ရင်ထဲမှာ နည်းနည်းတော့ အေးသလိုလို ရှိသွားရသည်။ ဘယ်ခရီးကိုသွားသွား သွားရမည့် ခရီးလမ်းကြောင်းသည် ဖြောင့်ဖြူးချောမွေ့ပြေပြစ်နေလျှင် ခရီးသွားရသည်မှာ အရသာမရှိ။ ကြောင့်ကြမှုနှင့် မကြောင့်ကြမှု၊ အဆင်မပြေမှုနှင့် အဆင်ပြေမှု ဒွန်တွဲနေမှ ခရီးသွား အရသာ ပေါ် လွင်သည်။

တောင်ကြီး ဘယ်လောက်မြင့်မြင့် ခရုပတ်အထပ်လိုက် အကွေ့အကောက် အလှည့်အဝိုက်သွယ်၍ လမ်းဖောက်ထားသည်ကြောင့် တောင်ပေါ်တက်နေသည့်ကားများမှာ အခက်အခဲမရှိဘဲ အိပဲအိပဲ့ ဖြည်းဖြည်းမှန်မှန်ပင် တက်ခဲ့ကြသည်။ နန့်မွန်တောင်ကြီးပေါ်သို့ တက်နေစဉ် ရှေ့သို့ မျှော်ကြည့်မလား။ ဘေးသို့ လှမ်းကြည့်မလား။ နောက်သို့ ငဲ့ကြည့်မလား။ ဘယ်လိုပဲကြည့်ကြည့် သဘာဝအလှများ စိုးမိုးထားသည့် သာယာလှပသော ရှုခင်းများသည်သာ မျက်ဝန်းထဲမှာ ရစ်ဝဲနေသည်မို့ စိုးရိမ်စိတ်များ လွင့်ပြယ်သွားရသည်။ သဘာဝအလှ ရှုခင်းများက ဖမ်းစားလွှမ်းမိုးထားသည်ကြောင့် ပေါက်ကရအတွေးစဉ်များ ဝင်မလာတော့ဘဲ ရှုခင်းသာအလှတွင် နစ်မျောခဲ့ရ၏။

တပေါင်းလတွင်ပင် အရွက်တွေ ညှိုးရော်ခြောက်သွေ့တတ်သည့်သဘော ရှိစေကာမူ တောင်များပေါ်တွင် အစုလိုက် ပေါက်နေသည့် သစ်ပင်များမှာ မြေမြေခံကပဲ ကောင်း၍လားမသိ စိမ်းစိမ်းစိုစိုပင် ရှိနေသည်။ ဟိုပင်မှ အင်းတော်သို့ သွားသည့်ခရီးတာမှာ ကြမ်းတမ်း၍ ဝေးလံလှသော်လည်း ကားမစီးဘဲ ခြေကျင်သွားနေသူများကိုလည်း တွေ့နေရသည်။ နီးသည့် ခရီးတော့မဟုတ်။ တောင်အထပ်ထပ်ကို တက်ချီဆင်းချီ ဖြတ်သန်းသွားရသော ခရီးဖြစ်၏။ ခြေကျင်သမားများမှာ အတက်အဆင်းလမ်းကို မစောင့်ရသမို့ အရုဏ်ဦး ရောင်ခြည်နှင့်အတူ လာခဲ့ကြသူများ ဖြစ်၏။ ပအို့အမျိုးသား၊ အမျိုးသမီးများ၊ ဂဒူးကနန်း တောင်သူများမှာ စကားတပြောပြောနှင့် ရယ်ရယ်ပြုံးပြုံးပင် တောင်ကြီးဖဝါးအောက် ထုံးကို နှလုံးမူလျက် အေးအေးဆေးဆေးသာ လမ်းလျှောက်တက်နေကြ၏။ သူတို့အတွက် သည်ခရီးလောက်တော့ အပျော့ထင်ပ။ ခေါင်းပေါ်တွင် ပလိုင်းကြီးကို ချိတ်လျက် ပစ္စည်းများကို တနင့်တပိုးသယ်သွားနေကြသည်။

ခရီးကြမ်းသည်ကို အမှုမထားဟန်၊ ပင်ပန်းသည်ကို မထီဟန်ပြုလျက် ဘုရားဆီသို့ ဦးတည်နေကြသည်။ သူတို့မှာ ဘုရားဖူးရဖို့ကလွဲ၍ ဘာကိုမှ အရေးမထားကြဟန် ရှိပေသည်။



www.burmeseclassic.com

www.burmeseclassic.com

လုံးတုံ့ရွာမရောက်မီ တောင်အဆင်းတွင် အင်းတော်ကြီးရေပြင်ကို ရေးရေးပျပျ မြင်လိုက်ရသဖြင့် ဘုရားရောက်ချင်ဇော ပို၍ ပြင်းထန်လာသည်။ မြေပြန့်သို့ ရောက်လာသည်နှင့် ဂျစ်ကားလေး၏ အရှိန်မှာ ပို၍သွက်လာသည်။ နန့်မွန်၊ လုံးတုံ၊ နန့်ဖောင်ခင်ရွာများကို ဖြတ်ကျော်ပြီး လုံးကောက်ရွာ မရောက်ခင်မှာပင် ရွှေမဥ္ဇူဘုရားကို တစ်စွန်းတစ်စ လှမ်းမျှော်ဖူးမြင်လိုက်ရ၏။

ဂျစ်ကားကလေး ရွာထဲသို့ ချိုးဝင်ဖြတ်သန်းလိုက်သည်နှင့် ဘုရားပွဲခင်းအစကို လှမ်းမြင်လိုက်ရတော့၏။ ကားများထားရန်နေရာမှာ ဘုရားပွဲခင်းနှင့် မလှမ်းမကမ်းတွင် သတ်မှတ်ထားရာ ကားထား၍ ကောင်းမည့်နေရာကို ရွေးချယ်ပြီးမှ ဘုရားပွဲခင်းဆီသို့ လှမ်းဝင်ခဲ့ရ၏။

သဲမြေလွှလွှပေါ်တွင် လျှောက်နေရင်း ဘဘနောင်ပြောသည့် ရွှေစရွှေဖတ်ကလေးများ တွေ့နိုင်သည်ဆိုသော သဲပြင်မှာ ဟိုနေရာလေးလား၊ သည်နေရာလေးလားဟု ငုံ့ကြည့်မိရ၏။ လောဘတပ်မက်သောစိတ်ဖြင့် ကြည့်ခြင်းမဟုတ်မူဘဲ စူးစမ်းလိုသော စိတ်အကြည့်ဖြင့် ကြည့်မိခြင်း ဖြစ်ပေသည်။

ပထမဆုံး တွေ့လိုက်ရသည်မှာ အလွန်ကြီးသည့် ဘုရားပွဲ ယာယီရုပ်ရှင်ရုံကြီးဖြစ်၏။ ပန်းချီကားကြီးများနှင့် ဓာတ်ပုံများ ချိတ်ဆွဲထားသည့် နေရာတွင် လူတွေ ကြိတ်ကြိတ်တိုးနေကြသည်ကို တွေ့လိုက်ရ၏။ ထိုမှလွန်သော် ဘုရားဖူးများ တည်းခိုရန် ဆောက်ပေးထားသည့် တဲတန်းကြီးများ၊ ဈေးဆိုင်ကနားများမှာ ကြီးမားသော ဇာတ်ရုံကြီးဘေးတွင် အစီအရီတန်းစီလျက်။ ထိုနေရာတစ်ဝိုက်တွင် သွားလာလှုပ်ရှားနေသော လူအုပ်ကြီးမှာ ကြိတ်ကြိတ်တိုးနေသည်။ သူတို့မှာ ရွှေမဥ္ဇူဘုရားဂေါပကအဖွဲ့ဝင် တစ်ဦးဖြစ်သော အဘနောင်၏ မျက်နှာကြောင့် သစ်ဇရပ်အဆောင်တစ်ခုပေါ်တွင် သီးသန့်တည်းခိုခွင့် ရခဲ့ပေသည်။ ပစ္စည်းများ နေရာချပြီးသည်နှင့် ဘုရားဘက်သို့ ထွက်ခဲ့ကြရာ သူတို့တည်းခိုနေသော ဇရပ်ကုန်းမြေမှ လှမ်းကြည့်လိုက်ရာ ရေပြင်အလယ်မှာ မိုးမိုးမတ်မတ်ကြီး ရှိနေသော ရွှေမဥ္ဇူစေတီတော်ကို ရေထဲမှ ထိုးထွက်နေသည်သို့ မြင်လိုက်ရ၏။ ပြေပြေလေးလျှောကျနေသော ကုန်းမြေအဆုံးတွင် မျက်စိတစ်ဆုံးမကကျယ်ပြန့်သော ရေပြင်ကျယ်ကြီးမှာ မြသားပြင်ကြီးကဲ့သို့ စိမ်းလဲ့နေသည်။ အင်းကြီးပတ်ပတ်လည်ကို တားဆီးထားသော တောင်တန်းကြီးမှာ ပြာလဲ့လဲ့။ စိမ်းဖန့်ဖန့် ရေပြင်ကြီးနှင့် ပြာလဲ့လဲ့ တောင်တန်းကြီးများမှာ လိုက်ဖက်တင့်မောဖွယ်သို့ ရှိနေပေသည်။

ကမ်းခြေမှ ဘုရားရင်ပြင်ထိအောင် ပြန့်ပြန့်ဖြူးဖြူး ပေါ်နေသော ဆယ်ပေခန့်မျှ အကျယ်အဝန်းရှိသည့် သဲလမ်းကြီးပေါ်မှာ ဘုရားဖူးတွေ အကျပ်အပြည့်၊ သွားသူနှင့် ပြန်သူများမှာ ပွတ်ကာသီကာ ရှောင်တိမ်းနေကြရသည်။ သဲလမ်းပေါ်သို့ ခြေချမိသောအခါ အေးမြနေသော သဲပြင်အတွေ့အထိကြောင့် တစ်လမ်းလုံး ပင်ပန်းလာသမျှ ပြောလျော့၍ ရွှင်လန်းပေါ့ပါးသွားရ၏။ စိတ်ထဲတွင် ခံစားလိုက်ရသော ကြည်နူးပီတိမှာ အေးမြ ခြင်းသဘော အပြည့်အဝဆောင်ရသည်သို့ရှိချေ၏။ ဝဲယာနှစ်ဖက် ရေပြင်ကျယ်ကြီးအလယ်တွင် ထူးထူးခြားခြား ပေါ်နေသော စိုထိုင်းထိုင်း သဲလမ်းပေါ် လျှောက်ခဲ့ရသည့် အရသာမှာလည်း တစ်မျိုးတစ်ဖုံ ထူးခြားနေပေသည်။

သဲလမ်းပေါ်သို့ ရေပြင်ကျယ်မှ လှိုင်းကြက်ကလေးများ ပြေးလာရိုက်ခတ်နေသည်မှာလည်း ကြည့်လို့ တစ်မျိုးကောင်းသလို ရှိနေသည်။

ရွှေမဥ္ဇူဘုရား သဲလမ်းပေါ်မှာ အံ့ဖွယ်တစ်ဖြာ ထူးခြားရာသည်ဟု မှတ်တမ်းပြုရပေမည်သာ။

ရွှေမဥ္ဇူဘုရားစေတီတော်မှာ အင်း၏ သုံးပုံနှစ်ပုံခန့် ရေလယ်တွင် တည်ထားခြင်းဖြစ်ရာ ဘုရားပတ်ပတ်လည်တွင် ရေပြင်အငိုပြီး၏။ အခြားသောအချိန်မျိုးတွင် ဘုရားသို့သွားရာ သဲလမ်းမပေါ်ဘဲ ဘုရားပွဲတော်ချိန်နီးကပ်လာသော တပေါင်းလဆန်းလောက်ကစပြီး အင်းလှိုင်းများသည် မျက်နှာချင်းဆိုင်ညှပ်၍ သဲများကို အလိုအလျောက် ပုတ်ခတ်စုတင်ပေး၏။ ထိုသို့ လှိုင်းပုတ်တင်ပေးသည့် သဲများမှာ တပေါင်းလဆန်း ၆ ရက်နေ့လောက်တွင် သဲလမ်းကြီးနှစ်ခုစတင်ပေါ်လာ၏။ မညီမညာ စုပုံပေါ်လာသော သဲများကို ညီညာပြန့်ဖြူးသွားအောင် လူက ပြုပြင်ပေးရ၏။ လှိုင်းပုတ်ရင်း သဲတွေစုပုံလာရင်း လူကပြုပြင်ပေးရင်းနှင့် သဲလမ်းကြီး ပေါ်လာရပေသည်။

သဲလမ်းပေါ်သည်မှာ တစ်လမ်းတည်းမဟုတ်။ နှစ်လမ်း။

လူလမ်းနှင့် နတ်လမ်း။



www.burmeseclassic.com

www.burmeseclassic.com

နတ်လမ်းက သဲများကိုမူ မပြုမပြင်ဘဲ သူ့သဘာဝအတိုင်း ရှိစေကြသည်။

ကမ်းခြေမှ ဘုရားဘက်သို့ မျက်နှာပြု၍ပေါ်လာသည့် ဝဲဘက်လမ်းမှာ လူလမ်း၊ ယာဘက်လမ်းမှာ နတ်လမ်း။ လူလမ်းနှင့် နတ်လမ်းမှာ ဘုရားသို့ ဦးတိုက်၍ သွားဆုံကြသည်။ လူလမ်းနှင့် နတ်လမ်းကြားတွင် 'အစီစီတိုက်'အမည်ပေးထားသော ရေနက်အိုင် ရှိနေ၏။

လူလမ်းနှင့် နတ်လမ်းတွင် ထူးခြားမှုတစ်ခု ရှိနေပြန်သည်။

လူလမ်းမှာ ဘုရားသို့ ရောက်သည်အထိ သဲလမ်းကြီး တစ်ပြင်သားတည်းရှိ၍ နတ်လမ်းမှာ လူတို့ဖြတ်မသွားနိုင်ရန် သဘာဝရေအိုင်တစ်ခုက ခြားနား ကန့်သတ်ပေးထား၏။

သဲလမ်းပေါ်သည်မှာ သောင်ပြင်ကဲ့သို့ ရေတိမ်မှာ ပေါ်သည်မဟုတ်ဘဲ လှိုင်းနှစ်ဖက် ညှပ်ရိုက်သောကြောင့် ခပ်စောက်စောက် ပေါ်လာခြင်းဖြစ်၏။ သဲလမ်းပေါ်ရာ ဘေးနှစ်ဖက်ကို ဝါးလုံးနှင့် ထောက်ကြည့်လျှင် ဝါးလုံးတစ်ပြန်ဆုံးသည်အထိ အောက်ခြေကိုမထောက်မိပေ။ ဘုရားပွဲပြီးသည်နှင့် သဲလမ်းပျောက်၍ ပွဲခင်းသို့ထိ ရေများ ပြန်တက်လာသည်မှာလည်း အံ့တစ်ပါးဖြစ်ခဲ့ရပေသည်။

ဘုရားအဆင်း ဝဲဘက်လမ်း၌ ကမ်းမှ အင်းရေပြင် အတော်ဝေးဝေးအထိ ဝါးကြမ်းခင်းကြီး ထိုးပေးထားရာ ရေချိုးလိုသူများက ဝါးကြမ်းခင်းပေါ်မှလျှောက်သွားပြီး အညစ်အကြေးကင်းရာ စိမ်းဖန့်ဖန့်ရေကို ကြိုက်သလိုချိုးနိုင်၏။ အရိပ်အာဝါသကလည်း အလွန်ကောင်း။ ကမ်းစပ်တွင် ခက်လက်ရွက်ညွန့်များ၏ အရိပ်မှာ ရေချိုးဆိပ်ပေါ်သို့ လွှမ်းမိုးပေးထားရာ ချိုးချင်သည့်အချိန်ချိုး။ ခေါင်းနေပူမှာ မစိုးရိမ်ရပေ။

မိန်းကလေးများ ရေချိုးရသည့် ဝါးကြမ်းစင်ဘက်တွင် ဘုရားဖူးလာကြသည့် ပျိုကညာတို့၏ ကိုယ်လုံးအလှပြိုင်ပွဲကျင်းပသည်သို့နှယ် ရှိနေသော မြင်ကွင်းမှာလည်း ဆည်းဆာအလှနှင့် ပြိုင်နေသည်သို့နှယ်။

ညနေချမ်း၏ နောက်ဆုံးအပြုံးဆည်းဆာသည် ရောင်မျိုးစုံ ကွန့်မြူး၍ ရေပြင်ကျယ်ကြီးပေါ်သို့ ဖြာဆင်းလှနေရာ လှေကလေးတစ်စင်းနှင့် စေတီကို ပတ်၍ ဖူးမြော်ရသည်မှာလည်း ဆွတ်ပျံ့ကြည်နူးဖွယ် ကောင်းလှပေ၏။

တည်းခိုရာဇရပ်သို့ ပြန်ရောက်၍ ထမင်းစားနေကြစဉ် ပွဲခင်းဇာတ်စင်မှ ကြေညာသံ ထွက်လာသည်။

"အင်းတော်ကြီး တန်ခိုးရှင် ရွှေမဥ္ဇူစေတီတော်မြတ်ကြီးသို့ ရန်ကုန်မှ ဘုရားဖူးရောက်လာကြသော ပြာပြာနွဲ့ရီ လှဒေဝီကလေးများက တစ်မူထူးခြားသော အဆိုအကများဖြင့် ကပြဖျော်ဖြေကြမှာ ဖြစ်ပါတယ်။ ညဉ့် ၈ နာရီတိတိမှာ ပြာပြာနွဲ့ရီ လှဒေဝီကလေးများ၏ အကဆန်းကို ရှုစားရန် စောစောစီးစီး နေရာယူကြပါခင်ဗျာ"

ကိုသန့်ဇင်နှင့် အေးတို့ တစ်ယောက်မျက်နှာတစ်ယောက် လှမ်းကြည့်မိလိုက်ကြသည်။ စိန်မျက်ခုံးတင်တင်နှင့် ပတ်သက်၍ မလျာလောကကို စိတ်ဝင်စားခဲ့ကြရမှ ခု အင်းတော်ကြီးဘုရားပွဲသို့တိုင် သူတို့နှင့် လာ၍ဆုံကြရပြန်လေပြီ။

ပွဲခင်းတွင် ကပြနေသည့် ဇာတ်မှာ ဗလာဇာတ်၊ ဇာတ်မထွက်ခင် သူတို့က အရင်ထွက်ကြမည်။ သူတို့တတ်စွမ်းသည့် ပညာနှင့် ဘုရားပွဲစည်ကားအောင် ပံ့ပိုးကူညီကြမည့် စေတနာကိုမူ အသိအမှတ်ပြုရပေမည်သာ။

ကိုသန့်ဇင်တို့က ဤသို့ကောက်ချက်ချလိုက်မိ၏။

ထမင်းစားပြီးသည်နှင့် ပွဲခင်းဘက်သို့ ထွက်လာကြသည်။ ပွဲဈေးတန်းမှာ ကြိတ်ကြိတ်တိုးနေသည်။ ပစ္စည်းစုံရောင်းသည့် ဈေးတန်းကလည်း စည်စည်ကားကား။ မျောက်အရေခွံတစ်ခုလုံးကို လွယ်အိတ်ချုပ်ထားသော အမွေးတဖွားဖွားနှင့် လွယ်အိတ်များမှာ သူတို့အတွက် အမြင်ဆန်းနေသည်။

ဒေါက်တာရမ်းကုများ၏ ဟိတ်ဟန်အကြွားနှင့် ကိုးဆယ့်ခြောက်ပါးရောဂါကို တစ်ထိုင်တည်းနှင့် ပျောက်အောင်ကုသပေးသည့် နေရာတွင်လည်း လူတွေ စုစုရုံးရုံးရှိနေကြသည်။

"ဟောဒီဦးကြီးကိုယ်တိုင် နှစ်ရှည်လများ ခံစားနေရတဲ့ ဒူးနာ တစ်ထိုင်တည်းနဲ့ ပျောက်သွားပါပြီခင်ဗျား။ မေးကြည့်ကြပါ။ မေးကြည့်ကြပါ"

"ဟောဒီမှာ ... လုံးတုံ့ရွာက အဒေါ်ကြီး ငါးနှစ်ကျော် အကြောကပ်ပြီး မမြှောက်နိုင်တဲ့လက် အခု တစ်ထိုင်တည်းနဲ့ မြှောက်နိုင်ပါပြီ"

"နေကြပါဦး ... နေကြပါဦး။ တစ်ဦးပြီးမှ တစ်ဦး စာရင်းပေးထားတဲ့အတိုင်း ကုသပေးသွားပါ့မယ်။ ကိုယ့်အလှည့်မရောက်ခင် သူများတွေကို ကုသတာကိုလည်း စောင့်ကြည့်ကြပါ"

ဘောင်းဘီအပြဲ၊ အင်္ကျီလက်



www.burmeseclassic.com

www.burmeseclassic.com

ကိုရဲအောင်တို့လို
ကိုယ့်နည်းကိုယ့်ဟန်နဲ့
ဝမ်းစာရေးအတွက်
မလျှာသရုပ်ဆောင်
နေကြသူများကို
အပြစ်မဆိုသာပေ။
သူတို့က မလိမ်
မကောက်၊ မခိုးမဝှက်၊
သူတစ်ပါးကိုဒုက္ခမပေးဘဲ
ကျပန်း လုပ်ကိုင်
စားသောက်နေကြသူများ
ဖြစ်ကြ၏။

ရှည်အဖြူ၊ အနက်ပေါ်တွင် အဖြူလုံးကလေးများ ဖောက်ထားသည့် လည်စည်းဝတ်၍ ပိုးလက်အိတ်အနက်စွပ်ပြီး ရွှေကိုင်းမျက်မှန်ကို ဟန်ပါပါတပ်ထားသည့် ဒေါက်တာရမ်းကုကြီး၏ ဟန်မှာ ဝင့်ထယ်လွန်းလှသည်။ နဖူးတွင် စို့သီးနေသော ချွေးများကို မသုတ်အားအောင် ဝေဒနာရှင်များကို တစ်ယောက်ပြီးတစ်ယောက် ကုသပေးနေရ၏။

နောက်မှ တန်းစီစောင့်နေသူတွေကလည်း အများကြီး။ မိုးလင်းတာတောင် လူကုန်မည် မထင်။

ဆေးကုခန်းရှေ့တွင် ထောင်ထားသည့် ဆိုင်းဘုတ်ကြီးကို ကြည့်ပါဦး။

"အိန္ဒိယပြည် ဂုရုဝေဒက ဇီဝကဆရာကြီးထံမှာ ငါးနှစ်၊ တရုတ်ပြည်အကြောကုဝိဇ္ဇာဆရာကြီး လင်ဖောင်ချွန်ထံမှာ လေးနှစ်၊ အာရပ်ပြည်က ရောဂါဗေဒ ပါရဂူဆရာကြီး မွတ်စတာပါခါလီထံမှာ ငါးနှစ်ကျော် ပညာဆည်းပူးလာသည့် ပျောက်စေဆရာကြီးဆရာကင်း၏တပည့် ဆရာထူးမြတ်ကိုယ်တိုင် ကုသပေးနေသည် ...။

"မထိုက်သူကျော် ထိုက်သူမော်ရမည်"

ကဲ ... ကျွန်မ ဘယ်သို့ ခံနိုင်မှာပါ။ တစ်ယောက် အနည်းဆုံး ငါးကျပ် ဘုရားပွဲပြီးရင် ငွေငါးထောင်ပိုက်၍ ပြန်ရုံသာ။

လောကကြီးမှာ လုပ်တတ်ကိုင်တတ်ရင် သူ့ဟာနှင့်သူ စားကွက်ကလေးတွေ ရှိပေသတတ်။

ရှေ့မှာ ရုပ်ရှင်ရုံ။ ညလုံးပေါက်သုံး ကားပေါင်း။

လူတစ်ယောက် နှစ်ကျပ်၊ ရုံကြီးက လူသုံးထောင်လောက်တော့ အသာလေးဆံ့မည်။ အင်္ဂလိပ်လူပြက် အဝတ်အစားနှင့် ဘင်ထုနေသူကိုကြည့်ပြီး ရယ်သံတွေ တအုံးအုံးထွက်နေသည်။

ဘုရားပွဲလာတာ ပျော်ဖို့။ ညဥ့်လုံးပေါက်ပါစေ။ အိပ်ဖို့နေရာ ရှာရန်မလို။ အပေါက်ဝက ပိုက်ဆံသိမ်းနေသူ အဒေါ်ကြီး၏ စိန်နားကပ်က ဖျပ်ခနဲ ဖျပ်ခနဲ အရောင်တလက်လက်။ သူ့ဟာနှင့်သူတော့ အံဝင်ခွင်ကျ ရှိကြပေ၏။

ပြာပြာနွဲ့ရီ လှဒေဝီတို့ အကအဖွဲ့။ မိုးပြာရောင် ဆင်နားရွက် ဇာလက်ရှည်အကျႌ၊ ငွေကြယ်ထိုး မိုးပြာရောင်ထဘီနှင့် မလျှာခြောက်ယောက်၏ ပဏာမ ကန်တော့ယိမ်းမှာ မျက်တောင်မခတ်သာအောင် ရှိနေသည်။

အဆိုတစ်လှည့်၊ အကတစ်လှည့်။

မြန်မာအဆိုနှင့် မြန်မာအက။ မျက်တောင်မခတ်မိကြ။

ကုလားအဆိုနှင့် ကုလားအက မျက်လုံးတွေ ပြူးထွက်ကုန်ကြသည်။

တကယ့်မိန်းမလို ဝတ်ဆင်ခြယ်သထားသည့် မလျှာတွေကို မမြင်ဖူးကြသော တိုင်းရင်းသားကြီးများနှင့် သူတို့အဆို၊ သူတို့အပြော သူတို့အကတွင် နစ်မြောသွားသည်မှာ ဆန်းသည်ဟု မဆိုသာပေ။

ဆန်းသည်က သူတို့လုပ်ပုံကလေး။

နှစ်ယောက်က ကနေတုန်းလေးယောက်က ပွဲကြည့်ပရိသတ်ကြားထဲသို့ ဆင်းလာသည်။ သူတို့လက်ထဲမှာ ပလတ်စတစ် အိတ်ကြီးတွေကိုင်လို့၊ ပလတ်စတစ်အိတ်ကြီးထဲက ပလတ်စတစ်အိတ်ကလေးတွေ ထွက်လာသည်။ ဇီးယို၊ မရမ်းပေါင်း၊ သရက်ပြား၊ ကွာစေ့၊ နေကြာစေ့ အထုပ်ပေါင်းစုံ တစ်ထုပ်ရောင်းဈေးပြားငါးဆယ်။

"ကျွန်မတို့ ကိုယ့်လုပ်အားနဲ့ ဘုရားကြီးကို လှူချင်လို့ ရောင်းရတာပါ။ ကျွန်မတို့ အကကိုလည်း ကြည့်ရ။ ကုသိုလ်လည်းရ ဝမ်းလည်းဝဆိုသလို သမီးတို့စေတနာကို ကူညီပါ"

သည်လိုအပြောလေးနှင့် ရောင်းကြသည်။

အမေ၊ အစ်မ၊ အစ်ကိုကြီးနော် သည်လိုအခေါ်လေးနှင့် ရောင်းကြ



www.burmeseclassic.com

www.burmeseclassic.com

သည်။ မဝယ်လျှင် အနားကမခွာ။ အတင်းတော့ မရောင်း။ မဝယ်ချင် ဝယ်ချင်အောင် ပြော၍ ရောင်းသည်။ တကယ်တော့ ခေါင်းခါသူ မရှိပါ။ သူတို့အညှာ၊ သူတို့အခရာ၊ သူတို့ ပလီပတာ ကြာဟန်အပစ်ကောင်းသည်မို့ ဝယ်ကြသည်သာ။

ကိုသန့်ဇင်က ထွက်ကြည့်လိုက်သည်။

အထုပ်တစ်ထောင်ထက် မနည်း ရောင်းရမည်။ တစ်ထုပ်အရင်းကျမှ ဆယ့်ငါးပြား။ မြို့ပေါ်မှာ ရောင်းရသည့် တစ်မတ်တန် အထုပ်များသည် ပင် ဖောက်သည်ဈေး ဆယ့်ခုနစ်ကျပ်၊ ဆယ့်ရှစ်ကျပ်။ ခုဟာက သူတို့ကိုယ်တိုင်လုပ်သည့် ပစ္စည်း။ တစ်ထုပ် အမြတ် သုံးဆယ့်ငါးပြား အသာလေး။ တစ်ရာကုန်ရင် သုံးဆယ့်ငါးကျပ်။ တစ်ထောင်ကုန်ရင် သုံးရာ့ငါးဆယ်။ တစ်ညဥ့် သုံးရာ့ငါးဆယ်။ ခုနစ်ည နှစ်ထောင်လေးရာ့ငါးဆယ်ဆိုတာ အနည်းဆုံး တွက်ထားတာ။

ဘုရားကြီးကို လှူငွေက ငါးရာ။

ကုသိုလ်လည်းရသေး။ အိမ်အပြန် ငွေထုပ်လည်း ပါသွားသေး။

သူတို့က ပွဲအပြီး နားနေတာကို ရောက်သွားခိုက် စပ်စုကြည့်လိုက်သောအခါ သိခဲ့ရသည့် သူတို့ဘဝဇာတ်လမ်းမှာ စိတ်ဝင်စားစရာ အတိ။

*****

ကိုသန့်ဇင်က အေးတို့ကို ဇရပ်ပြန်ပို့အပြီး မလျာတို့တည်းခိုနေရာသို့ တစ်ပတ်ပြန်ကျော့ခဲ့သည်။ စိန်မျက်ခုံးတင်တင်နှင့် အလွန်ရင်းနှီးသော မိတ်ဆွေတစ်ဦးဖြစ်ကြောင်း ပြောဆိုမိတ်ဆက်လိုက်သောအခါ သူတို့က ပျာပျာသလဲ ပျူပျူငှာငှာ ဆက်ဆံခဲ့ကြသည်။ စိန်မျက်ခုံးတင်တင်က သူတို့လောကမှာ ရှုပါစတား။

စကားပြောရင်း ပြောရင်း စိန်မျက်ခုံးတင်တင်ကို အကြောင်းပြု၍ တရင်းတနှီး ရှိခဲ့ကြသည်။ စိန်မျက်ခုံးက သူတို့လောကမှာ ဘုရင်တစ်ဆူကိုး။ ကိုသန့်ဇင်ကလည်း စိန်မျက်ခုံးအုပ်စုထဲကလိုလို စကားသွင်း၍ အပေးအယူလုပ်လိုက်သောအခါ သူတို့ အကြောင်း စုံစုံစေ့စေ့လေး သိလိုက်ရသည်။

သိလိုက်ရပြီဆိုတော့လည်း အံ့ဩရသည်။ အကြောင်းက သူတို့အုပ်စုမှာ စိန်မျက်ခုံးတို့နှင့် တစ်မူထူးခြားသောကြောင့်ပါတည်း။

မိန်းမစိတ်ပေါက်ပြီး မိန်းမလျာဖြစ်လာသူနှင့် မိန်းမစိတ် မပေါက်ဘဲ မိန်းမလျာ ဖြစ်လာသူတို့အကြောင်းကို ခွဲဖောက်သိလိုက်ရ၏။

ပြာပြာနွဲ့ရီလှဒေဝီ အဖွဲ့ခေါင်းဆောင် မလျာအမည်မှာ 'ပြာနွဲ့ရီ'၊ မိဘက မှည့်ခေါ်သောအမည်မှာ 'ကိုရဲအောင်'။ အလွန်မာဆတ်ရင့်ကျက်သော အမည်ပေးခံရသူ ကိုရဲအောင်က ပြာနွဲ့ရီဟူ၍ တစ်ဖြစ်လဲလာပုံဇာတ်လမ်းမှာလည်း စိတ်ဝင်စားစရာသာပ။ သူတို့က စိန်မျက်ခုံးတို့လို အဟောင်းနှစ်ဆယ်ကို ဆယ့်ခုနစ်တောင်လျှော့ပြီး သုံးတောင်ဝတ် မိန်းမစိတ်လုံးလုံးပေါက်ကာ ပေါင်းသင်းဖော်ယောက်ျားကိုပင် ယူထားသော မိန်းမလျာ အဆက်အနွယ်မျိုး မဟုတ်ပေ။

တကယ့်မိန်းမကို ဇနီးမယားအဖြစ်ယူထားသော မလျာအသွင်ဆောင် ယောက်ျားများသာဖြစ်ပေသည်။

ကိုရဲအောင် ကိုးတန်းအောင်သောနှစ်တွင် မိဘများ စီးပွားပျက်သွားခဲ့ရာ ကျောင်းဆက်မနေနိုင်အောင် ဖြစ်ခဲ့ရပြီး ရရာအလုပ်ကို ဝင်ရောက်လုပ်ကိုင်ခဲ့ရ၏။ သစ်စက်မှာ သစ်ထမ်းအဖြစ် ဝင်ရောက်လုပ်ကိုင်ရသည့် အဆင့်သို့တိုင် ရောက်ခဲ့၏။ သစ်ထမ်းအလုပ်မှာ အလွန်ပင်ပန်းရုံမက လွှစာမှုန့်များ မျက်စိထဲဝင်သည့် ဒဏ်ကို ခံရသည်မှာလည်း မသက်သာလှပေ။ ကြာတော့ ထိုအလုပ်ကို စွန့်လိုက်ရသည်။ ဘတ်စ်ကား စပါယ်ယာလိုက်သည်။ အဆင်မပြေ။ ငယ်ငယ်ကတည်းက အချမ်းသာကြီး မနေခဲ့ရပေမယ့် သက်သောင့်သက်သာ နေခဲ့ရသည်မို့ ပင်ပန်းသော အလုပ်များနှင့် အံဝင်ခွင်ကျမဖြစ်ခဲ့ပေ။ ရင်းနှီးရာ မလျာကြီးတစ်ယောက်၏ ဘော်ဒါဖြစ်ခဲ့ရာမှ သူ၏နည်းပေးလမ်းပြမှုဖြင့် ပြာနွဲ့ရီ ဘဝသို့ တစ်ဖြစ်လဲရသည်။

အဆိုသင်ဖြစ်ရသည်။ အကသင်ရသည်။ အခြယ်အသသင်ရသည်။

ပထမတော့ ... မလျာကြီး၏နောက်လိုက်။ ထိုမှ ဖြစ်လောက်ပြီဆိုသောအချိန်တွင် စင်ခွဲထောင်ပေးလိုက်သည်။ မလျာကြီးဆီက ပစ္စည်းများကိုယူပြီး အရပ်တကာ နယ်တကာတွင် ပြုလုပ်သော ဘုရားပွဲများသို့ အရောင်းထွက်ကြသည်။ မြန်မာပြည်မှာ ဘုရားပွဲတွေက များသည်။ သူတို့လည်း စားသာကြသည်။ သိပ်မပင်ပန်းဘဲ စားသာသည့်အလုပ်မို့ မျှောလိုက်ခဲ့ကြရင်း ပြာပြာနွဲ့ရီ လှဒေဝီမင်းသမီးများ ဖြစ်လာကြသည်။

''ကိုရဲအောင်တို့ အိမ်မှာနေ



www.burmeseclassic.com

www.burmeseclassic.com

တော့ကော''

''ကျွန်တော်တို့က အိမ်ပြန်ရောက်ရင် ယောကျ်ားတွေပါပဲ အစ်ကိုရဲ့''

''မိန်းမလိုပြင်ဆင်၊ မိန်းမတွေလို ဝတ်စားပြီး၊ မိန်းမတွေရဲ့ အမှုအရာတွေလုပ်နေရတော့ စိတ်ထဲမှာ ဘာယ်လိုမှ မနေဘူးလား''

''အစတုန်းကတော့ ရှက်တယ်။ နောက်တော့ ရိုးသွားတယ်။ ခုလို နယ်တွေထွက်ပြီးတော့ စိတ်ကိုပြောင်းထားရတာပေါ့ အစ်ကိုရဲ့''

''ဒါဖြင့် ကိုရဲအောင်တို့က မလျာအတုတွေပေါ့''

''ဒီလိုလဲ မဟုတ်ဘူး အစ်ကိုရဲ့''

''ဆိုစမ်းပါဦး''

''ခုလိုထွက်လာတော့ မလျာအစစ်ပါ။ စိတ်ကိုက ပြောင်းနေပါတယ်။ အိမ်ပြန်ရောက်တော့မှ ယောကျ်ားစိတ် ပြန်ပြောင်းရတာပါ''

''ဖားတစ်ပိုင်း ငါးတစ်ပိုင်းပေါ့''

''ဆိုပါတော့ အစ်ကို''

ပြာနွဲ့ရီခေါ် ကိုရဲအောင်နှင့် စကားပြောကြရင်း အခြားသောမလျာအကြောင်း တစ်စိတ်တစ်ပိုင်းကိုလည်း သိခဲ့ရသည်။

ကိုရဲအောင်တို့လို ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဝမ်းစာရေးအတွက် မလျာသရုပ်ဆောင်နေကြသူများကို အပြစ်မဆိုသာပေ။ သူတို့က မလိမ်မကောက်၊ မခိုးမဝှက်၊ သူတစ်ပါးကို ဒုက္ခမပေးဘဲ ကျပန်း လုပ်ကိုင်စားသောက်နေကြသူများ ဖြစ်ကြ၏။

'ဘုရားကို လှူချင်လို့'ဟု ပြောသည်မှာ လိမ်သလို ဖြစ်နေသော်လည်း လိမ်သည်ဟု မဆိုသာပြန်။ ရသည့်အထဲမှ ထိုက်သင့်သလောက်တော့ လှူခဲ့ကြသည်သာ။ ဂေါပကလူကြီးများကလည်း ကျေနပ်ကြသည်။ သူတို့ဘုရားပွဲစည်ကားအောင် လုပ်ပေးသည်ဟု သဘောမှုကြသည်။ ဘာပြဿနာမှ မပေါ်။ နေရာတိုင်းမှာ ပြေပြေလည်လည် ရှိခဲ့ကြသည်။

ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ အလုပ်ဟု ဆိုရမည်သို့နှယ်တည်း။

မလျာထဲမှာ သူတို့ထက် ဆိုးယုတ်ညံ့ဖျင်းသည့် မလျာတွေ အများကြီး ရှိသည်။

ထိုအထဲက အဆိုးဆုံးကတော့ ညဥ့်ငှက် မလျာတွေနှင့် နှစ်ဘက်ချွန် မလျာတွေ။

ညဥ့်ငှက်မလျာတွေက အတုအယောင် အပြင်အဆင်နှင့် နိုင်ငံခြားသားတွေကို နည်းအမျိုးမျိုးနှင့် မြှူဆွယ်ပြီး ချူကြ ချိုင်ကြသည်။

မြန်မာအချင်းချင်းကိုလည်း မြှူဆွယ်ပြီး ချူကြ ချိုင်ကြ၏။ လူပြတ်သော လူအမှောင်ရိပ်ရောက်အောင် အယောင်ပြဆွယ်ပြီးမှ စောင့်နေကြသော သူတို့အုပ်စုနှင့်အတူ လုယက်မှုများကို ကျူးလွန်ကြသည်။ မရေးအပ်သော ယုတ်ညံ့မှုနည်းပေါင်းစုံကို သုံးကြသည်။ ကန္တကလျ ကယုကယင်ဟန်နှင့် မလျာတွေပဲလို့တော့ အထင်မသေးလိုက်နှင့်။ သူတို့ခါးကြားထဲမှာ ဓားပါသည်။ တချို့ မလျာတွေက မိန်းမအစစ်ကို 'တည်ကြက်'ထားပြီး ညဥ့်အမှောင်မှာ ဒုစရိုက်မျိုးစုံ ကျူးလွန်တတ်သည်။ သူတို့ခွင်ထဲရောက်အောင် ဆွဲသွင်းပြီး နည်းအမျိုးမျိုးနှင့် ငွေညှစ်တတ်သည်။

သူတို့ လုပ်နည်းလုပ်ဟန်များမှာ ရေးသားဖော်ပြရန် မသင့်လွန်းသဖြင့် ချန်ထားပါရစေတော့။

အဲ ... နှစ်ဘက်ချွန်မလျာကလည်း တစ်မျိုး။

မလျာအသွင် ဆင်ကြပြင်ကြပြီး အမျိုးသမီးလေးများကို ကပ်ပေါင်းကြသည်။ သူတို့အထာအရ မြီးကောင်ပေါက်ကလေးတွေ ကြားထဲကို ဝင်ရအလွန်လွယ်သည်။

မလျာစိတ်ပေါက်နေသူဆိုပြီး ရင်းနှီးဆက်ဆံကြသည်။ အိမ်ကလူကြီးတွေက သိသည့်တိုင် မတားမြစ်ကြ။ မိန်းမစိတ်ပေါက်နေသူအထင်နှင့် လွတ်လွတ်လပ်လပ် သွားစေလာစေ၊ ဝင်စေထွက်စေ ခွင့်ပြုထားလေ့ရှိကြသည်။ သူတို့က မလျာအသွင်နှင့် ယဉ်ပါးအောင်ဆက်ဆံပြီးမှ ယောကျ်ားအထာကို ကိုင်ကြသည်။ ပါးပါးကပ်၍ လှီးသည်ဆိုသည်မှာ သူတို့မျိုး။ အတွေ့အထိနဲ့ကျတော့ မခံနိုင်ကြ။ ဟိုသင်း၊ ဟိုဟာတွေ ဖြစ်ကုန်ကြရော။ ရှက်လို့ ကြိတ်မှိတ်ခံလိုက်ရသူတွေ အများကြီး။ မလျာထဲမှာတော့ အယုတ်ညံ့ဆုံး မလျာတွေပါ။ အတွင်းလှည့်စားတတ်သည့် ဂျပန်ဖယောင်းချက်မလျာလို့ နာမည်ပေးရသော် ကောင်းလေမည်လား။

ပွဲခင်းမှ ထွက်လာသော ဆိုင်းသံမှာ တိတ်ဆိတ်နေပြီဖြစ်သော ညဥ့်သန်းခေါင်ယံကို လွှမ်းမိုးထားချေပါပြီတည်း။

*(ဆက်လက်ဖော်ပြပါမည်။)*

ကျော်မြသန်း



www.burmeseclassic.com

www.burmeseclassic.com

# အဘဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်နှင့် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးများ၏

## စောင်မညွှန်ပြမှုရရှိပုံ

## ကျွန်ုပ်၏အတွေ့အကြုံများ(၁၁)

ဖိုးသန်းကျော်(ရေကြည်သား)

ကျွန်ုပ်သည် ကျွန်ုပ်ကို စောင့်ရှောက်ချီးမြှင့် သွန်သင်ပြသ မေတ္တာထားကြသော ဆရာအားလုံးကို အလေးအမြတ်ထားပါသည်။

ထွက်ရပ်ပေါက်ဆေးဝိဇ္ဇာကြီးများ သင်ပြသော ဆေးနည်းများကို အိပ်မက်ဖြင့် ရရှိခဲ့၏။ ဓာတ်သိုးနည်းများလည်း သိသင့်သလောက် သိခဲ့၊ ရခဲ့ပါသည်။ ဓာတ်ထိုးနည်းကို ဆိုက်သင့်သလောက် ရေးခဲ့ပြီးဖြစ်၏။ ခွင့်ပြုချက်မရသဖြင့် ကျန်အချက်အလက်နှင့် ဆေးနည်းများကို ရေးမပြနိုင်၍ ချန်ထားခဲ့ပါသည်။

ဤဆောင်းပါးဖြင့် နိဂုံးချုပ်ရေးမှာဖြစ်၏။ ကျွန်ုပ်သည် ပထမအကြိမ် ရဟန်းခံပြီး ဝိပဿနာအားထုတ်ရန် ငွေကြေးဆောင်းပြည့်စုံသောအခါ ဆရာမြတ်တစ်ပါးက "မင်းအတွက်ဟာသင့်တော်ရမှာ အားထုတ်ပါလား"ဟု အိပ်မက်ဖြင့် ညွှန်ပြခဲ့၍ စုံစမ်းရန် စစ်ကိုင်း၊ ညောင်တုန်း စသော မြို့ရွာများသို့ဖြစ်၍ မိမိနေရပ်နှင့် ဝေး၍ ကျောင်းများလိုက်စုံစမ်းပုံကို ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ တစ်ညတွင် အသက် ၆၀ ကျော် အရပ်ပုံမှန်ရှိပြီး အသားဖြူဖြူ ခပ်ဝဝ ဆရာတော်ကြီးတစ်ပါး ကျွန်ုပ်အိမ်ရှေ့ ခြံဝင်းထဲဝင်လာပြီး ကျိုက္ကစံဘုရားဘက်သို့ လက်ညှိုးညွှန်ပြပုံကိုလည်း ဖော်ပြခဲ့ပြီးဖြစ်၏။ ရွှေမြင့်မိုရ် ဆရာတော်နှင့် ကျောင်းရာရမှ တွေ့ဆုံခဲ့ပုံများတွင် ကျိုက္ကစံဘုရားဝင်းအရှေ့ဘက်ရှိ ယယ်တီဝိပဿနာကျောင်းတိုက် မူလပထမ ပဓာနဆရာတော် အရှင်ဦးသုမင်္ဂလာ၏ ၁၉၇၃ ခုနှစ်တွင် သင်ပြခဲ့သော မှတ်သားစရာများကို ရေးပါမည်။

ထိုစဉ်က မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိကို ဖတ်ရပြီး ရှာပနအပြီး စိတ်ဓာတ်များကျကာ ရဟန္တာအစစ်အမှန်အဖြစ် သက်သေသာဓကအဖြစ် ဖော်ပြသည့်အလားဖြစ်၏။ ဟောပြသော ဝိပဿနာအကျင့်ဖြင့် နိဗ္ဗာန်ရောက်ကြောင်းများကို နာကြားရခြင်း ဖတ်ရှုရခြင်းကိုပြုတိုင်း သံသရာဝဋ်ဒုက္ခ ကျွတ်လွတ်ရေးကိုသာ ဦးစားပေး၍ နည်းစဉ်များကို နာယူစဉ် အလွန်နှစ်ခြိုက် အလေးအမြတ် ရှိခဲ့ရပါသည်။

ရွှေမြင့်မိုရ်ကျောင်းဆရာတော် ဦးဝါယမိန္ဒတော်ရဲ့ အရှင်၏ ရင်းနှီးသော ဒကာဖြစ်လာ၍ နှစ်ဦးသား ဘုရားဝင်းတိုက် ကျောင်းတော်တော်များကို ဝိပဿနာအတွက် လိုက်ကြည့်၍ ရောက်ခဲ့ပါသော်လည်း အကြိုက်မတွေ့ ဖြစ်နေစဉ် နောက်ဆုံးတစ်နေ့တွင် ဆရာတော်က "ဒကာကျော်၊ ယယ်တီကျောင်းဆရာတော်ဘုရား အရှေ့ဘက်မှာရှိတာ သိသလား"တဲ့။ မသိကြောင်း မှလျှောက်ရာ ယယ်တီဆရာတော်ကြီးကို ကြားဖူးကြောင်း၊ ပရမတ္ထဒီပနီကျမ်းကို ဖတ်ဖူးကြောင်း လျှောက်ထားခဲ့၏။ ဒါဖြင့် သွားကြစို့၊ ကျုပ်နဲ့လည်း ရင်းနှီးတယ်။ ကျိုက္ကစံဘုရားကြီး၏ ဂေါပကအဖွဲ့၏ ဩဝါဒခံဆရာတော်ကြီးလည်း ဖြစ်တယ်ဆို



www.burmeseclassic.com

www.burmeseclassic.com

ကာ နှစ်ယောက်သား သွားဖြစ်ခဲ့၏။ ယခင်ကာလက လက်ရှိ ကာလလို ကျောင်းရှေ့မှာ သယံန်းကျွန်းဘက်သွားသော ကားလမ်းမရှိသေးပါ။

ရောက်သွားသောအခါ လက်ရှိဆရာတော် အရှင်အာသဘသည် ဦးဇင်းငယ်လေးပဲ။ ဆရာတော်ကြီး၏ လက်ရင်းတပည့်ဖြစ်၏။ ဆရာတော်ကြီး ကြည့်မြင်တိုင်မှ လာပင့်၍ သွားကြောင်း။ ရောက်ခါနီးပြီဆိုပြီး စောင့်နေစဉ် ဆရာတော်ကြီး၏ ဓာတ်ပုံပါရှိသော ဝိပဿနာကျင့်စဉ်အကျဉ်း စာရွက်တစ်ရွက်လာပေး၍ ကြည့်လိုက်သောအခါ အိပ်မက်ထဲမှာ ကျွန်ုပ်အိမ်ရှေ့ ကြွလာပြီး သူ့ကျောင်းရှိရာ ကျိုက္ကစံဘုရားဘက်သို့ လက်ညှိုးညွှန်ပြသည့် ဆရာတော်ကြီးဖြစ်နေပါသည်။ အလွန်အံ့သြဝမ်းသာဖြစ်ခဲ့ရပါသည်။

ဆရာတော်ကြီး မော်တော်ယာဉ်ဖြင့် ပြန်လည်ရောက်ရှိလာသောအခါ အကျိုးအကြောင်းကို ဆရာတော်ဦးဝါယမိန္ဒမှ လျှောက်ထားပေးပါသည်။ နောက်တစ်နေ့တွင် ထပ်မံသွားရောက်ပြီး ဥပဇ္ဈာယ်ဆရာအဖြစ် ရဟန်းခံရာတွင် ချီးမြှင့်ပေးပါရန် လျှောက်ထားခဲ့သဖြင့် ကျိုက္ကစံဝင်း အရှင်မဟာယသ သိမ်တော်ကြီးမှာ ရဟန်းခံပြီးနောက် မနက်၊ နေ့လယ်၊ ညဦးပိုင်းတွင် ဆရာတော်ကြီးထံမှာ သင်္ကြန်ကာလ အစိတ္တာန်ဖြင့် ဝိပဿနာကို နေ့စဉ်အားထုတ်ဖြစ်ပါသည်။ သင်ယူစကာလ ဖြစ်၏။

ဆရာတော်ဘုရားကြီးသည် အထူးဦးစားပေးသကဲ့သို့ ဖြစ်သွား၏။ တစ်နေ့တစ်မျိုး သင်ပြမှုကို နာယူမှတ်သားစရာများ ညွှန်ပြသည်ကို ရေးမှတ်ထားသဖြင့် အရေးပါသော သိစရာများကို ရေးသားဖော်ပြလိုက်ပါသည်။

၁။ တရားအလုပ်ဟာ အစွဲဖြုတ်တာ၊ ယောဂီများ ကြိုးစားကျင့်လိုက်နာ။

၂။ ဖြစ်ပျက်ကိုမြင် မဖြစ်ချင်၊ မဖြစ်ချင်တာ မဂ္ဂင်တရား ယောဂီအမြဲမှတ်ထား။

၃။ အာနာပါန ပွားများက လေးပါးသတိပဋ္ဌာန် ပြည့်စုံသည်။

၄။ လေးသတိပဋ္ဌာန် ပွားများပြန်၊ ခုနစ်တန်ဗောဇ္ဈင် ပြည့်စုံသည်။

၅။ ဗောဇ္ဈင်သတ္တာ ပွားများပါ၊ ဝိဇ္ဇာမဂ်ဉာဏ် ပြည့်စုံသည်။(ဒေသနာနှင့်အညီ စပ်ထားသည်)

ထိုဆရာတော်ကြီးသည် မူလလယ်တီဆရာတော်ကြီးကို ဝင်္ကြီးဝင်ငယ် အနီးကပ်ပြုခဲ့ရသော ကိုရင်ငယ်လေးဘဝ အတူနေခဲ့ရသူဟု ပြောပြ၍ သိရ၏။

၆။ တရားကောင်းတွေက လဆန်းလလို တိုးပွားစေရမည်။ မကောင်းတရားတွေက လဆုတ်လလိုငယ်၍ ငယ်၍ သွားစေရမည်။ ကောင်းတရားတွေက လပြည့်ဝန်းလို ပြည့်ပြည့်ဝဝဖြစ်လာစေရမည်။ မကောင်းတရားတွေက လကွယ်လလို ကွယ်ပသွားစေရမည်တဲ့။

၇။ အကျင့်လေးမျိုး လူလေးမျိုး

(က) တိုက်တွန်းနှိုးဆော်၊ ကိုယ်ကျင့်သော်၊ လူတော် ပထမတန်း။

(ခ) ကိုယ်ကျင့်မပဟာ တုဏှိဘော ကော ဒုတိယတန်း။

(ဂ) အပြောလွန်တော်၊ အကျင့်ချော်၊ လူရော် တတိယတန်း။

(ဃ) အပြောမပဟုတ်၊ အကျင့်ယုတ်၊ နောက်ဆုတ် စတုတ္ထတန်း။

၈။ **နိဗ္ဗာန်အကြောင်းဖော်ပြပုံ**

(က) အလိုလောဘ အားကြီးလျှင် ဒုက္ခဆင်းရဲ အားကြီးသည်။

(ခ) အလိုလောဘငယ်လျှင် ဒုက္ခဆင်းရဲငယ်သည်။

(ဂ) အလိုလောဘမရှိလျှင် ဒုက္ခဆင်းရဲ မရှိဘူး။

(ဃ) ဒုက္ခဆင်းရဲမရှိရာကို နိဗ္ဗာန်ခေါ်သည်။

(င) ဒုက္ခမြင်သိ တဏှာကွာ ခေမာနိဗ္ဗာန်ရောက် တဲ့နေ့။

၉။ **ဝိပဿနာသမားတို့ လိုက်နာရန် အချက်များ**

(က) အရှမ်းစကား အဖျင်းများ ရှောင်ရှားမပြော

(ခ) ဟိုသွား ဒီသွား ကိစ္စများ ရှောင်ရှား မသွား

(ဂ) အပေါင်းအသင်း အပျော်ကျဉ်း ဖော်သင် မမက်ရ။

(ဃ) အစားသောက်ခဉ် ညဏ်နိုင်းယှဉ် အစဉ်သတိ

(င) အအိပ်စုံမက် အပျင်းဖက် ပိုလျက်မအိပ် တဲ့ဗျ။



www.burmeseclassic.com

www.burmeseclassic.com

၁၀။ **ရှေးဆရာကြီးများ အဆုံးအမ မှတ်စရာ ညွှန်ပြပုံ**

(က) မိဘ်ကို ဆင်ရိုင်းကြီးနှင့် ဥပမာထုတ်၊ ဝိပဿနာဆိုတဲ့ ချွန်းနဲ့အုပ်။

(ခ) ရုပ်နာမ်အစွဲတွေ အကုန်ဖြုတ်၊ ဆရာကောင်းထံ နည်းခံလုပ်၊ ခပ်မြန်မြန်ပဲ သင်အားထုတ်၊ နိဗ္ဗာန်ဆိုတဲ့ ရွှေဝိမုန် . . . တဲ့ဗျ။

ထိုစဉ်ကာလမှာ ဆရာတော်ကြီးမှာ သက်တော်ခြောက်ဆယ်ကျော်ခဲ့ပြီ။ ကျွန်ုပ်က အသက် ၄၀ ကျော်၊ ၅၀ ဘက်သို့ ဦးတည်နေ၏။ ယခု ဆရာတော်ဘုရား မရှိရှာတော့ပြီ။

xx xx xx

ယခုတစ်ဖန် ဘုရားဆုပန် သမထအားထုတ်၊ စရိယအကျင့်မြတ်ကို အားထုတ်နေသော ဆုတူးပန် ဗုဒ္ဓဝိဇ ဆရာတော်ထံမှ မှတ်သားစရာများ ဟင်ပြလိုပါသည်။

ဆရာတော်မှာ ဗုဒ္ဓဝိဇ္ဇာဘွဲ့ခံ ဘုရားဆုပန် အရှင်ဇောဇောဘာသ ဇောတိဖြစ်ပါသည်။ သာကေတမြို့ ၁၀၈ ဆောင်ဘုရား အနောက်ဘက်မှန် ဗုဒ္ဓဝိဇ္ဇာစာသင်တိုက် ပဓာနနာယကဆရာတော်ဖြစ်ပါသည်။

ဆရာတော်ငယ်စဉ် ကိုရင်ဘဝ စာသင်သားအဖြစ်ချကြည်မြို့ ဇောတိကာရုံကျောင်းတိုက် ကျွန်ုပ်၏ ဘဖုန်းဒဲငယ်ဆ္တထံ စာပေသင်ယူစဉ်မှာ တွေ့ဆုံခင်မင်ရင်းနှီးခဲ့သော ကျွန်ုပ်ထက် လပိုင်းလောက် အသက်ကြီးသော ဆရာတော်ဖြစ်ပါသည်။ ရဟန်းဘဝ စာသင်ယူရာတွင် မန္တလေး စစ်ကိုင်းဘက်မှ မြင်းခြံကိုးဆောင်တိုက်ဆရာတော်ဘုရားကြီးထံမှောက်ရောက်ရှိနေထိုင်သင်ယူခဲ့သူ ဖြစ်၏။ ၁၉၅၆ မှ ၁၉၉၀ ခုနှစ်ဦးတွင် မတွေ့ခဲ့၊ မဆုံခဲ့ပါ။ ၁၉၉၀ ပြည့်နှစ်မှ ကျွန်ုပ်၏ ဒဲငယ်ကို ဆုံတွေ့စဉ် ရေကြည်သားမှန်းသိ၍ သတင်းမေးရာ ပြန်ဆုံဖြစ်ခဲ့ပါသည်။ ပြန်ဆုံစဉ်ကာလတွင် သွပ်မိုး ထရံကာ သာသာကျောင်းငယ်လေးမှာ သံယာဆယ်ပါးခန့်သာ ရှိမည်ဖြစ်၏။ ဆရာတော်၏ စရဏအား၊ ကျွန်ုပ်နှင့် ဓမ္မမိတ်ဆွေ ...နှင့် ဆရာတော်၏ ကြိုးစားအားထုတ်ကြသဖြင့် ကျောင်း...က်ကြီး ဖောင်ဒေးရှင်းနှင့် အထက်သုံးထပ်ခံအပြီး စာသင်...း ၇၀ ခန့်နှင့် ရောက်လာချိန်မှာ **ညောင်ပင်လေးဈေး** ပွဲ့ပိုးမှုဖြင့် ယခုအခါ ရှစ်ထပ်ကျောင်းတော်ကြီးအထိ ရှိခဲ့ပြီးခဲ့ပါပြီ။

ထို့နောက် ယခုနှစ်နှစ်ကာလအတွင်း သုံးထပ်သိမ်တော်ကြီးလည်း ပြီးနေပြီဖြစ်၏။ စာသင်သား ၆၀ ကျော်ကို တိုက်အုပ်ဆရာတော်ကြီး ဦးသီလ၏ ကြိုးကြပ်သင်ပြမှုဖြင့် မြို့နယ်နှင့် တိုင်းဒေသကြီးတွင်ပါ ငယ်၊ လတ်၊ ကြီး၊ ဓမ္မာစရိယတန်းပါ အောင်ချက်ကောင်းသော စာသင်တိုက် ဖြစ်နေပါပြီ။ ဆရာတော်သည် ဘုရားဆုပန်ဆင်၍ စရဏကို ဦးစားပေးသော်လည်း ကျွန်ုပ်၏တိုက်တွန်းမှုဖြင့် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဝိပဿနာကျင့်စဉ်ကိုလည်း သင်တန်းတက်ယူပြီး နိုင်ငံအနှံ့ ဓမ္မစာရီကြွစဉ်မှာ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာကို တိုက်တွန်းသလို ဒကာ၊ ဒကာမများကို ချီးမြှင့်လျက်ရှိပါသည်။

ကျွန်ုပ်နှင့် ရင်းနှီးသဖြင့် ဆရာတော်ဟောကြားသော မှတ်သားစရာများကို ထည့်သွင်းဖော်ပြလိုက်ပါသည်။

လူတစ်ဦးနှင့်တစ်ဦးအပေါ်

မေတ္တာထားရမည်။ သစ္စာရှိရမည်။

သည်းခံရမည်။

မိမိကိုယ်ကိုလည်း ဆုံးမရမည်။

ကျန်းမာလုံခြုံအောင်

စောင့်ထိန်းနိုင်ရန်ဖြစ်၏။

ဝိပဿနာအားဖြင့်

ပေါ်ရာအာရုံကို ဖြစ်ပျက်ရှုနိုင်က

ကျန်းမာလုံခြုံ၏။



www.burmeseclassic.com

www.burmeseclassic.com

(က) သားသမီးသုံးမျိုး ။ အတိဇာတသား၊ အနုဇာတသား၊ အဝဇာတသား ဟူ၍ဖြစ်၏။

၁။ အတိဇာတသားသမီးမှာ မိဘနှစ်ပါးထက် အသိအလိမ္မာ၊ ဉာဏ်ပညာ၊ စည်းစိမ်ဥစ္စာဘက်မှာ သာလွန်သောသားသမီးကို ဆိုအပ်၏။

၂။ အနုဇာတသားသမီးမှာ မိဘနှစ်ပါးနှင့်တန်းတူ အသိအလိမ္မာ၊ ဉာဏ်ပညာ၊ စည်းစိမ်ဥစ္စာရှိသူ သားသမီးဖြစ်၏။

၃။ အဝဇာတသားသမီးမှာ မိဘနှစ်ပါးထက် အသိအလိမ္မာ၊ ဉာဏ်ပညာ၊ စည်းစိမ်ဥစ္စာဘက်မှာ နိမ့်ကျရှိသူသားသမီးဖြစ်၏။

(ခ) ထိုသုံးမျိုးတွင် နံပါတ်(၁) အမျိုးအစားဖြစ်အောင် သားသမီးတို့ ကြိုးစားကြရမည်။ နံပါတ်(၁)ဝင် သားသမီးဖြစ်ရန် အင်္ဂါငါးချက်ရှိသည်။ ထိုအင်္ဂါငါးချက် ပြည့်စုံလျှင် အမြတ်ဆုံးလူသားတဲ့ဗျူး။

(၁) ပထမမှာ မြတ်ဝမ္မာ မြင့်ပင်တည်ရှိရေး၊ (၂) ဒုတိယမှာ မြတ်ပညာ ကောင်းစွာတတ်မှုံရေး၊ (၃) တတိယမှာ မျိုးဆွေပါ ကောင်းစွာမှီနိုးရေး၊ (၄) စတုတ္ထမှာ မြတ်ဗုဒ္ဓ ကိုးကွယ်ရာ ကောင်းစွာအားပေးပါ။ (၅) ပဉ္စမမှာ ရပ်ပြည်ရွာ ကောင်းကျိုးဆောင် အောင်စေရာတဲ့ဗျာ။

ငါးပါးအင်္ဂါပြည့်စုံပါ အမြတ်ဆုံးလူသားပါ။

အင်္ဂါငါးတန် ပြည့်စုံရန် နေ့စဉ်မှန်မှန် ကြိုးစားပါတဲ့ဗျာ။

ထိုသို့ ပြည့်စုံစေရန် ပထမ ငါးပါးသီလမြဲခြင်း စသော သူတော်ကောင်းတရားများကို အမြဲရှိအောင် စောင့်ထိန်းပါ။ ဒုတိယအားဖြင့် လောကီအသက်မွေးမှုအတွက် သမ္မာအာဇီဝ ဖြစ်နိုင်ရန် နှုတ်မှု၊ လက်မှု၊ စက်မှု တတ်ကောင်းစရာပညာကို တတ်အောင်သင်ယူသွားရမည်။ လောကီကောင်းကျိုးအတွက် မှန်ကန်သော အယူဝါဒကို ကျင့်သုံးနိုင်ရန် အသိအလိမ္မာ တိုးပွားအောင် ဗဟုသုတရှိအောင် လေ့လာသင်ယူလိုက်နာကြရမည်။

နံပါတ်(၃) အချက်နှင့် ပြည့်စုံရန် မိဘမှာ အများမှီခိုအားထားလောက်စရာ အသိအလိမ္မာ၊ ဉာဏ်ပညာ၊ အတတ်ပညာနှင့် ဥစ္စာစည်းစိမ်ရှိပြီးဖြစ်၍ မိမိကိုးကွယ်သော မြတ်ဗုဒ္ဓ၏ သစ္စာလေးပါးတရားကို ကိုယ်တိုင်လည်း ကျင့်ကြံအားထုတ်နိုင်သည့်အပြင် သာသနာတော် အရှည်တည်တံ့အောင် ပရိယတ်၊ ပဋိပတ် တာဝန်ထမ်းဆောင်နေကြသော သံဃာတော်များကို ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးကိုလည်း ထောက်ပံ့လှူဒါန်း အားပေးရမည်။ ထို့ပြင် မိမိမြို့ရွာနိုင်ငံ ကောင်းစားရေးအတွက် လူအား၊ အတတ်ပညာအား၊ ငွေအားဖြင့်လည်းကောင်း ကျိုးဆောင်ပေးရမည်။ ကောင်းကျိုးတိုးပွား အကျိုးများမည့် လုပ်ငန်းများကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသလောက် ပါဝင်လုပ်ကိုင် ကူညီခြင်း၊ စောင့်ရှောက်ခြင်း ကျရာတာဝန်ကို ထမ်းဆောင်ပါ။ ထမ်းဆောင်နိုင်ပါလျှင် လူဖြစ်ကျိုးနပ်တဲ့ အမြတ်ဆုံးလူသားဖြစ်မည်ဟူ၏။ အမိအဖတို့ အိုမင်းသည့်အခါ အပူအပင်မရှိ စားသောက်နေထိုင်ရေးကို ကျေနပ်စွာ ပေးဆပ်နိုင်မည်ဖြစ်၍ အမိအဖကျေးဇူးကို သိရာလည်းရောက်၊ ဆပ်ရာလည်းမြောက်ပေမည်။

(ဂ) **သူတော်ကောင်းအကျင့်ကို ကျင့်ရာတွင် သိစရာကောင်းသည်များ ရှင်းပြပုံရှိသေး၏။**

သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရိဩတ္တပ္ပ ဟူသော သူတော်ကောင်းတရား လက်ကိုင်ထားနိုင်လျှင် ကောင်းပါသည်တဲ့။ သို့သော် ကျင့်စရာသိဖို့လည်း လိုသေးသည်ဟု ဆိုပြီး ဘုရားဟောမှ ထုတ်နုတ်၍ ဩဝါဒထုတ်ပြခဲ့ပါသည်။

စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မန၊ ဝါစ ထည့်ပါအားလုံးပေါင်းစု ခုနစ်ခုပါ။ ခုနစ်ခုနိုင်မှ စံရသုဂတိ ခုနစ်ရွှာ၊ မနိုင်က လားရပါယ်လေးရွာတဲ့ဗျာ။

ဗုဒ္ဓဝိပ္ပာဆရာတော်သည် ရဟန်းငယ်ဘဝ ပင်[illegible]ကြီး တန်းဖြေဆိုပြီးသည်မှ တောရဆောက်တည်ကာ စရဏအကျင့်အတွက် တောတောင်အနှံ့ လှည့်လည်ကျင့်နေခဲ့ပြီးမှ ၁၃၉၀ မရောက်မီ နှစ်များမှသာ လက်ရှိကျောင်းနှင့် ကျောင်းနေရာကို ဘုန်းတော်ကြီးပိုင်ရှင်ထံမှ ဝယ်ယူ၍ တည်ထောင်သီတင်းသုံးနေခဲ့ခြင်း ဖြစ်၏။ ဘုရားအလောင်းတော်များ ကျင့်စရာအကျင့်ကို ကျင့်ကြံနေထိုင်ခြင်း၊ စရဏအလုပ်အားထုတ်ခြင်းကို ကျွန်ုပ်က ပါရမီတော် ထက်သန်စေ လို၍ မိုးကုတ်ဝိပဿနာကိုပါ လေ့လာပြီး မိမိနှင့် သူတစ်ပါး အကျိုး တိုးပွားစေရန် တိုက်တွန်းလျှောက်ထား အားပေးခဲ့[illegible]

သောတာပန်တည်ပြီးမှသာ သူတော်ကောင်းရေး[illegible]



www.burmeseclassic.com

www.burmeseclassic.com

ခုနစ်ပါး စတင်၍ အမြဲတမ်းတည်မည်ကို မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားချက်မှ သိထား၍ ကုသိုလ်အားလုံးတွင် နံ့သာတစ်ရှူမျှ သိသော ဝိပဿနာကုသိုလ်က သာကြောင်းဖြစ်၍ ပါရမီကို ပို၍ထက်သန်အောင်နှင့် ဘုရားအဖြစ်ရောက်သော ဘဝတွင် ဒုက္ခရစရိယကျင့်စရာကို အချိန်တိုစွာဖြင့် ကျင့်ပြီး ပြီးမြောက်စေလို၍ ဖြစ်ပါသည်။

ဆရာတော်ညွှန်ပြသော ဩဝါဒမှာ ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်အခါ ရဟန်းတော်များအချင်းချင်း ပြောဆိုနေကြ၏။ **စက္ခု၊** သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မန ဒွါရ ခြောက်ပါးမှာ အမြင်အာရုံ၊ အကြားအာရုံ၊ အနံ့အာရုံ၊ အရသာအာရုံ၊ ကိုယ်အတွေ့အထိအာရုံ၊ ဓမ္မာရုံ စသည့် ပေါ်ရာတွင် မိမိအားသန်ရာ အမြင်အာရုံထိန်းခြင်း၊ အကြားအာရုံ ထိန်းခြင်း၊ အနံ့အာရုံထိန်းခြင်း စသည်ဖြင့် မိမိ ထိန်းနိုင်သည်က ပို၍ကောင်းကြောင်း ပြောနေစဉ် ဘုရားရှင်က ဉာဏ်တော်ဖြင့်သိမြင်၍ ကြွလာပြီး ရဟန်းတို့ကို မေးသဖြင့် ရဟန်းတို့က မိမိသန်ရာကို လျှောက်ထားကြ၏။ ထိုအခါတွင် ဘုရားရှင်က **အာရုံခြောက်ပါး** ထိန်းရုံသာမက **နှုတ်ဝစီအာရုံ**ကိုပါ ပြောဆိုမှု "ဝါစ"ကိုပါ ကောင်းစွာထိန်းဖို့ လိုအပ်ကြောင်း ဖြည့်စွက်ဟောခဲ့ပုံကို ဖြစ်သည်။ ထိုသို့ အာရုံခြောက်ပါးနှင့် နှုတ်ဝစီကို ထိန်းနိုင်မှသာ သုဂတိခုနစ်ဘုံကို ရောက်နိုင်မည် ဖြစ်ကြောင်း သိဖို့ဖြစ်ပါသည်။

အမှန်စင်စစ် ဝစီဗေဒ ထိတ်ိုင်းရ ဟူသော စကားပုံလည်း အရှိသားမို့လားဗျာ။ ဝစီကံက ပြုလွယ်၊ ပြောလွယ်၍ ထိန်းသိမ်းနိုင်ဖို့ အရေးကြီး၍ ဘုရားရှင်ညွှန်ပြဟောခဲ့ခြင်း ဖြစ်ပါမည်။

(ဃ) **စကားခြောက်ခွန်း၊ လျှို့ထွန်း၊ လေးခွန်းကိုပယ်၊ နှစ်ခွန်းကို သုံးနိုင်တယ် ဖြစ်၏။**

(၁) ကိုယ်အကျိုးရှိ၊ သူလည်းအကျိုးရှိ၊ ဟုတ်လည်းဟုတ်မှန်၏၊ သူအလိုရှိက ပြောနိုင်၏။

(၂) ကိုယ်အကျိုးမရှိ၊ သူအကျိုးရှိ၊ ဟုတ်လည်းဟုတ်မှန်၏၊ သူနာလိုဖို့ ပြောနိုင်၏။

(၃) ကိုယ်အကျိုးရှိ၊ သူအကျိုးမရှိ၊ ဟုတ်လည်းဟုတ်မှန်၏၊ သူနာလိုပေမယ့် မပြောရ။

(၄) ကိုယ်အကျိုးမရှိ၊ သူအကျိုးမရှိ၊ ဟုတ်လည်းဟုတ်မှန်၏၊ မပြောရ။

(၅) သူအကျိုးရှိ၏၊ ကိုယ်အကျိုးမရှိ၊ မဟုတ်မမှန်ပါ၊ မပြောရ။

(၆) သူအကျိုးမရှိ၊ ကိုယ်အကျိုးရှိ၏၊ မဟုတ်မှန်ပါက မပြောရ ဟူ၍ ဖြစ်ပါသည်။

လူတစ်ဦးနှင့်တစ်ဦးအပေါ် မေတ္တာထားရမည်။ သစ္စာရှိရမည်။ သည်းခံရမည်။ မိမိကိုယ်ကိုလည်း ဆုံးမရမည်။ ဣန္ဒြေလုံခြုံအောင် စောင့်ထိန်းနိုင်ရန် ဖြစ်၏။ ဝိပဿနာအားဖြင့် ပေါ်ရာအာရုံကို ဖြစ်ပျက်ရှုနိုင်က ဣန္ဒြေလုံခြုံ၏။

(င) **ဗုဒ္ဓဝိဇ္ဇာဆရာတော်၏ ခြောက်ပြစ်ကင်းသဲလဲစင် အဓိပ္ပာယ်ဟောချက်ကို ဖော်ပြလို၏။**

(၁) ရူပါရုံ - မိမိအဆင်းရူပါကြောင့် သူတစ်ပါးမှာ အပြစ်မဖြစ်ပါစေနဲ့။ သူတစ်ပါး၏ ရူပါရုံကြောင့် မိမိမှာလည်း အပြစ်မဖြစ်ပါစေနဲ့။

(၂) သဒ္ဒါရုံ - မိမိအသံကြောင့် သူတစ်ပါးမှာ အပြစ် မဖြစ်ပါစေနဲ့။ သူတစ်ပါး၏ အသံကြောင့် မိမိမှာ အပြစ်မဖြစ်ပါ စေနဲ့။

(၃) ဂန္ဓာရုံ - မိမိ၏အနံ့ကြောင့် သူတစ်ပါးမှာ အပြစ်မဖြစ်ပါစေနဲ့။ သူတစ်ပါး၏ အနံ့ကြောင့် မိမိမှာ အပြစ်မဖြစ်ပါစေနဲ့။

(၄) ရသာရုံ - မိမိက အရသာခံလိုမှုဖြင့် သူတစ်ပါးမှာ အပြစ်မဖြစ်ပါစေနဲ့။ သူတစ်ပါးအရသာခံလိုမှုဖြင့် မိမိမှာ အပြစ်မဖြစ်ပါစေနဲ့။

(၅) ဖောဋ္ဌဗ္ဗာရုံ - မိမိကိုယ်၏အတွေ့အထိကြောင့် သူတစ်ပါးမှာ အပြစ်မဖြစ်ပါစေနဲ့။ သူတစ်ပါးကိုယ်၏ အတွေ့အထိကြောင့် မိမိမှာ အပြစ်မဖြစ်ပါစေနဲ့။

(၆) ဓမ္မာရုံ - မိမိစိတ်အာရုံကြောင့် သူတစ်ပါးမှာ အပြစ်မဖြစ်ပါစေနဲ့။ သူတစ်ပါးစိတ်အာရုံကြောင့် မိမိမှာ အပြစ်မဖြစ်ပါစေနဲ့။

ထိုသို့ ရှောင်စရာကို ရှောင်နိုင်ခြင်းကို ဝိရတီရှောင်ကြဉ်မှုဖြစ်၏။ သီလနှင့်ပြည့်စုံ၏။ ဉာတိရောက်မည်။ နိဗ္ဗာန်ရောက်မှုမှာ ကံဖြတ်အကျင့် ဝိပဿနာမှ တက်နိုင်၏။ ရှောင်နိုင်လျှင် ခြောက်ပြစ်ကင်း အဓိပ္ပာယ်ရပြီ ဖြစ်ပါ၏။

သဲလဲစင် ။ သဲလဲစင်ဟူသည် ပမာဆောင်၍ ပြော



www.burmeseclassic.com

www.burmeseclassic.com

သောစကား ဖြစ်၏။ ဥပမာ - သဲပုံတစ်ပုံကို လမ်းဘေးတစ်နေရာထားရှိပါက ကလေးများဆော့ကစား၍ဖြစ်စေ၊ လမ်းသွားလမ်းလာများနင်းမိ၍ ကပ်ပါသွား၍ဖြစ်စေ၊ လေတိုက်၍လည်း လွင့်စဉ်သွားနိုင်လေ၏။ ပြိုလဲပြိုပျက်လွယ်၏။

ကံသုံးပါးရှိ၏။ ကာယကံ၊ ဝစီကံ၊ မနောကံ ဖြစ်၏။ ကာယကံဖြင့် ထိခိုက်ပြုလုပ်မိပါက တရားဥပဒေအရ အပြစ်ခံရမည်ကို သိ၏။ အပြစ်ကိုရှောင်လို၍ စောင့်ထိန်းသေး၏။ မနောကံဖြင့် ပြောပါကလည်း တစ်ဖက်လူ မသိနိုင်ဖြစ်၏။

ဝစီကံဖြင့် ပြောချင် ပြောချလိုက်ပါက တစ်ဖက်လူကို သိစေနိုင်၏။ နာလိုမှု၊ မနာလိုမှု ဖြစ်စေ၏။ မိမိလည်း ပြောလိုက်ရလို့ ကျေနပ်သွားတာ ရှိမည်ဖြစ်၏။ ထို့ကြောင့် နှုတ်ဝစီကို၊ ဝါစကို ခပ်ပေါ့ပေါ့တန်တန် ပြောတတ်ကြလေ၏။ ဝစီကံကြောင့် ကံတစ်ခုသည်လည်း ဘဝသစ် ဇာတိ၊ ဒုက္ခသစ္စာရမှာကို သိသူနည်း၏။ လောဘ၊ ဒေါသ၊ မောဟဖြင့် ပြောမိပါက အပါယ်လားရမည်ကို မသိ၍ မကြောက်နိုင်ကြ၍လည်း ဖြစ်၏။

သဲများသည် လွင့်စဉ်လွယ်သကဲ့သို့ စကားပြောရာတွင်လည်း ရောက်တတ်ရာရာ အရေးမထား ပြောဆိုနေခြင်းကို သဲများလွင့်စဉ်ဘိအလား ပမာထားခြင်းဖြစ်၏။ အကယ်၍ သာ စကားပြောမှုကို မကောင်းစကားမပြော၊ ကောင်းသောစကားကို လိုအပ်မှပြောကြပါမူက "ဝါစ"နှုတ်စကားကို ထိန်းသိမ်းနိုင်သဖြင့် သဲများ လွင့်စဉ်ချင်ရာ လွင့်စဉ်သည့် အဖြစ်မျိုး မဖြစ်နိုင်၍ သဲစင်မှုမှ ကင်းပုံကို ရည်မျှော်၍ သဲလဲစင် ဟူသော အဓိပ္ပာယ်ကို ဆိုကြောင်း သိရပါသည်။

ထို့ကြောင့် အာရုံခြောက်ပါး ဣန္ဒြေစောင့်ထိန်းနိုင်သဖြင့် **ခြောက်ပြစ်ကင်းပြီး နှုတ်ဝစီစောင့်ထိန်းနိုင်၍ သဲလဲစင်**ကာ အပြစ်ကင်းနိုင်ပုံကို ရည်မျှော်၍ **ခြောက်ပြစ်ကင်း သဲလဲစင်ဟူသည့်**စကား ပေါ်ခဲ့ရလေ၏တဲ့ဗျ။

(စ) တရားအားထုတ်မှုနှင့် ပတ်သက်၍ မှတ်စရာ **အဖွင့်နှင့် အပိတ်** ညွှန်ပြပုံ။

(၁) **အဖွင့်** ။ အမှန်မသွား၊ အမှားသိမြင်၊ အဝိဇ္ဇာဖုံး၊ ကောင်းလုံးမွတ်ထင်၊ စိတ်ကိုယ်နှုတ်မှု ကြံပြုပြောလျှင်၊ ဝိညာဏ်စပ်၊ နောက်ထပ်သန္ဓေရှင်။

အဝိဇ္ဇာတည်းဟူသော သစ္စာလေးပါး မသိမှုကြောင့် ကံသုံးပါးကို ပြုမိ၊ ပြောမိလျှင် ကံမြောက်သွား၍ ကံ၏ ဝိပါက အကျိုး ဇာတိ ဇရာ မရဏ အိုနာသေ ဒုက္ခသစ္စာရမည်ကို သိဖို့ဖြစ်၏။

(၂) **အပိတ်** ။ အမှန်သွားမှ ဝိဇ္ဇာဉာဏ်မြင်၊ အဝိဇ္ဇာဆိုး၊ ဉာဏ်မျိုးမထင်၊ စိတ်ကိုယ်နှုတ်မှု၊ နေ့ညပြုပြင်၊ မြတ်သတိ၊ စောင့်သိ နိဗ္ဗာန်ဝင်။

သတိကိုလက်ကိုင်ထား၊ ဝိပဿနာအကျင့်ကို ကျင့်ပါက အဝိဇ္ဇာပျောက်၊ ဝိဇ္ဇာဉာဏ်ရောက်နိုင်၍ အင်္ဂါကောမဂ္ဂေါ မဂ္ဂင်ရှစ်ပါးဆိုက်အောင်၍ **ကာယကံ၊ ဝစီကံ၊ မနောကံ**ပါ ပယ်သတ်ပြီး နိဗ္ဗာန်ရောက်စေမည်ကို သိဖို့ဖြစ်ပါသည်။

(ဆ) **မေတ္တာ၊ သစ္စာ၊ သည်းခံ ဓမ္မလက်ဆောင်မှာ ဗားမဲ့ဆရာတော်ဘုရား၏ ချီးမြှင့်ချက်**

နံ့သာတော်ဆရာတော်ထံသို့ သူ၏ လုပ်သားများအဖွဲ့နှင့် နှစ်လည်ရက်၏ နောက်ဆုံးညတွင် လိုက်ပါရင်းမှ ဘာသာခြားပုဂ္ဂိုလ်တစ်ဦး ဗုဒ္ဓဘာသာဝင် ဖြစ်လာခဲ့၍ သူသည် တောအနှံ့ တောင်အနှံ့ စေတီပုထိုးများကို လိုက်လံဖူးမြော်ရင်း ဆောင်းကာလတစ်ညတွင် ဆုံတွေ့ခဲ့ရသဖြင့် ခုတွေ့ပြီး ခုပျောက်သွား၍ လိုက်ရှာရာမှ တစ်ဖန်ပြန်တွေ့စဉ် ငါ့သားအချိန်မတန်သေးဘူး။ လောလောဆယ် ဓမ္မလက်ဆောင် ယူသွားဟု ဆိုကာ ပေးခဲ့သော "မေတ္တာ၊ သစ္စာ၊ သည်းခံ" ဤသုံးတန် မှတ်ရန်အလွန်ကောင်းလှ၏။ နံ့သာတော် ဆရာတော်ထံသွားစဉ် ထိုသူနှင့် ကြုံတွေ့ရသဖြင့် သူ၏ တောတွင်း အတွေ့အကြုံများကို နားထောင်ရင်း ရလိုက်သော ဗားမဲ့ ဆရာတော်၏ ချီးမြှင့်ချက် ဖြစ်ပါသည်။ ကျွန်ုပ်လည်း ဗားမဲ့ ဆရာတော်၏ မေတ္တာထားခံရသူ တပည့်တစ်ဦးမို့ မေတ္တာ၊ သစ္စာ၊ သည်းခံကို ခံယူကျင့်သုံးလျက်ရှိပါသည်ကို နိဂုံးချုပ်တင်ပြလိုက်ပါသည်။

အားလုံးသော စာဖတ်ပရိသတ်နှင့်တကွ ၃၁ ဘုံသားတို့သည် ဘေးကင်းရန်ကင်း ရောဂါရှင်းပြီး ကောင်းကျိုးဆန္ဒပြည့်ဝကြပါစေ။

**မေတ္တာ၊ သစ္စာ၊ သည်းခံ**

ဗိုးသန်းကျော်(ရေကြည်သား)



www.burmeseclassic.com

www.burmeseclassic.com

# ပြည်တွင်းပြည်ပ ဝိညာဉ်လောက ယုံကြည်ချက်များ

လှတိုး(စိတ်ပညာ)

## ဥစ္စာစောင့်ဟူသည်

လူသားသည် မိမိပိုင်ရွှေငွေများကို မြေအတွင်း စသည်တို့၌ သိုဝှက်ထားပြီးနောက် မိမိသေရအံ့ဆဲဆဲတွင် ထိုရွှေငွေကို မည်သို့မျှ ဖော်ထုတ်၍လည်း မယူနိုင်၊ စိတ်ချရသူကိုလည်း ပြောမပြနိုင်ဘဲ ကွယ်လွန်ခဲ့ရာ ဥစ္စာ၌ တပ်မက်သော လောဘကြောင့် ဥစ္စာစောင့်ဖြစ်ရပါသည်။ ဇာတကတွင် ဥစ္စာ၌ တပ်မက်၍ ခွေးဖြစ်ရသူ၊ မြွေဖြစ်ရသူ၊ ကြွက်ဖြစ်ရသူများကို ပြဆိုထားပါသည်။ ဥစ္စာ၌ တပ်မက်သော လောဘဖြင့်သေပါမူ ခွေး၊ မြွေ၊ ကြွက် စသော တိရစ္ဆာန်မျှမက ဥစ္စာစောင့်တည်းဟူသော ပြိတ္တာလည်း ဖြစ်တတ်ပါသည်။ ထို့ကြောင့် ဥစ္စာစောင့်ပြိတ္တာရှိကြောင်းကိုကား စာအရ ပြောပြနိုင်ပါသည်။ သို့ရာတွင် ကိုယ်တွေ့ ပြောပြပါဆိုလျှင်ကား ဥစ္စာစောင့်နှင့် ကိုယ်တိုင်မကြုံဖူးပါ။ ကိုယ်တိုင်မကြုံဖူးသော်လည်း ကိုယ့်အနီးအပါး အတွေ့အကြုံကိုမူကား ပြောနိုင်ပါသည်။

ဤသည်ကား ဒေါက်တာအောင်ကျော်(သွားဆရာဝန်)ရေးသားသော မြန်နန်းပေဟမဝန် တမလွန်ဖြစ်ရပ်ဆန်းစာအုပ်မှ နိုင်ငံတော်ဩဝါဒါစရိယ ထီးချိုင့်မြို့ တည်တောဆရာတော်ဘုရားကြီး၏ အမှာစာနိဒါန်းအဖွင့် ဖြစ်ပါသည်။ ဆရာတော်ကြီး၏ ဥစ္စာစောင့်အတွေ့အကြုံကို မှုရင်းအတိုင်း ဖောက်သည်ချရသော်...

ထီးချိုင့်မြို့မှ မြောက်ပြင်သို့သွားသော ကားလမ်းအနီး၌ စစ်ကဲကြမ်း အမည်ရှိသော စေတီပျက်တစ်ဆူ ရှိပါသည်။ ထိုစေတီပျက်ကား ထီးချိုင့်မှ လေးမိုင်မျှဝေးကွာပါသည်။ ထိုစေတီတော်ကိုပြုပြင်ပေးရန် ထီးချိုင့်မြို့ လက်ခုပ်ပင်ဈေးရပ် ဦးသီလုက လျှောက်ထား၍ ပြုပြင်ပေးရန် တာဝန်ယူလိုက်သည်။

ထိုစစ်ကဲကြမ်း စေတီတော်သည် လွန်ခဲ့သောနှစ်ပေါင်း ၅၀၀ ခန့်က မိုးမိတ်စော်ဘွား ကိုးသိန်းသခင်၏ ညီတော်စော်ဘွား ငအောက်၏ ဗိုလ်မှူးစစ်ကဲကြမ်း စတင်တည်ထားသောကြောင့် အလွန်ပျက်စီး၍နေလေပြီ။ သို့သော် ရှေးဟောင်းစေတီ၏ ဌာပနာတိုက်ကို မဖျက်လိုသောကြောင့် စေတီလုံးကိုငုံ၍ ပြုပြင်ရန် ဘုရားအုတ်မြစ်အတွက် စေတီတော်ပတ်လည်ကို မြေတူးစေပါသည်။ ထိုမြေတူးသော ညဦးတွင် ကျက်သရေချောင်းရွာ အမျိုးသမီးတစ်ဦးကို ဥစ္စာစောင့်ပူးကပ်၍ "ဘာမပြော ညာမပြောဘဲ လာပြီး အုတ်မြစ်တူးလိုက်ကြတာ။ ကံကောင်းလို့ ကျွန်မတို့ထားတဲ့ ပစ္စည်းတွေ ထိမသွားတယ်။ ခုတော့ ဥစ္စာတွေကို စိတ်ချရတဲ့နေရာအရောက် ရွှေ့ပြောင်းပြီးပါပြီ" ဟုပြောကြောင်း ဒါယကာတစ်ယောက် လာရောက်လျှောက်ထားပါသည်။

ထိုဥစ္စာစောင့်၏ ဆိုလိုသော အဓိပ္ပာယ်ကား ၎င်းတို့စောင့်ရှောက်ထားရသော ရွှေငွေတို့ကို သိုက်ဆရာများ မတူးနိုင်အောင် စေတီတော်အောက် ရွှေ့ပြောင်းထားစဉ် ဘုရားပြုပြင်ခြင်းနှင့် ကြုံသောကြောင့် အခြားတစ်နေရာဆီသို့ ရွှေ့ပြောင်းထားရသည်ဟု ဆိုလိုပါသည်။

ဆရာတော်ကြီးက ရေးသားထားပါသည်။ ယီးချိုင့်မြို့ မြသိန်းတန်တောင်စောင်းအနီး၌လည်း စေတီငယ်တစ်ဆူ ရှိကြောင်း။ ထိုစေတီငယ်၌ ဥစ္စာစောင့် ညီအစ်မရှိ၍ တစ်ခါတစ်ရံ မြို့တွင် ဇာတ်ရုံသို့ ပွဲကြည့်လာတတ်ကြောင်း ပြောကြသည်။ ထီးချိုင့်မြို့ မဟာရန်ကင်းကျောင်းရွာ၌ ဦးဝိသယဆိုသော ဦးပဉ္စင်း



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းထိုင်သည်။ ထိုစဉ်က မိန်းမပျို နှစ်ဦး လာရောက်၍ "အရှင်ဘုရား ကောင်းကောင်းနေပါ"ဟု လျှောက်သွားသည်။ ထိုမိန်းမပျိုနှစ်ယောက်ကို သိသလိုလိုဖြစ်သော်လည်း အမှန်စဉ်းစား၍ မရသောကြောင့် ဥစ္စာစောင့်မဟု ထင်ခဲ့သည်။ ထိုဝိသယကား ထိုကျောင်းတွင် ကောင်းကောင်းမနေသောကြောင့် ထိုကျောင်းမှခွာပြီး ဖုံကုန်းကြီးရွာ၌ ကျောင်းထိုင်သေးသည်။ ထို့နောက် မကြာခင် လူထွက်၍ ကွယ်လွန်ခဲ့သည်။ ၎င်းမဟာရန်ကင်းတွင်နေစဉ်က သူကိုယ်တိုင် ပြောပြသွားဖူးပါသည်။

ဤသည်ကား ကိုယ်တိုင် ဥစ္စာစောင့်နှင့် မတွေ့ဖူးသော်လည်း ဥစ္စာစောင့်နှင့် တွေ့ဖူးသူများ ပြောပြချက်ဖြင့် ဤကမ္ဘာလောက၌ ဥစ္စာစောင့်ရှိသည်ဟူ၍ကား ယုံကြည်ပါသည်။ သို့သော် ဥစ္စာစောင့် မစ၍ ကြီးပွားသူဟူ၍ကား မကြားဖူး မမြင်ဖူးပါဟု ဆိုထားလေသည်။

## ■ လက်တစ်ဖက်ပြတ် ဥစ္စာစောင့် ဖိုးသူတော်ကြီး

ကျွန်တော်သည် ယခုတစ်ပတ် ဝိညာဉ်လောကအတွက် ဥစ္စာစောင့်ဟူသည်ကို ခေါင်းစဉ်တပ်လိုက်သောကြောင့် လွန်ခဲ့သော နှစ်ပေါင်း ၆၀ ခန့်က ထုတ်ဝေခဲ့သည့် တိုင်းရင်းမေဂျာနယ်ပါ စာရေးဆရာ ဣန္ဒာနွယ်ရေးသည့် ကျွန်းငိုပင်ဆိုသော ဝတ္ထုဝတ္ထုလေးကို သွားသတိရမိပါသည်။

အချိန်အားဖြင့် ၁၉၃၀ ကျော် ပတ်ဝန်းကျင်ဖြစ်ပါမည်။ စာရေးဆရာ ဣန္ဒာနွယ်အား စလင်းမြို့ မီးသတ်ဌာနတွင် မိတ်ဆက်ဂုဏ်ပြု ညှော်ခံပွဲကျင်းပစဉ် သိပ္ပံမောင်ဝနှင့် ဆရာဣန္ဒာနွယ်တို့ ရင်းနှီးစွာ ဆွေးနွေးခဲ့ကြပါသည်။ ထိုစဉ်အခါက ဣန္ဒာနွယ်မှာ ဥစ္စာစောင့်၊ စုန်း၊ တစ္ဆေ၊ ကဝေ စသော အကြောင်းအရာတို့ကို ကျက်စားလျက်ရှိပြီး သိပ္ပံမောင်ဝကား ခေတ်စမ်းစာပေသမားတစ်ဦး ဖြစ်ပါသည်။

"ဆရာ…ဟိုဘက်နယ်ရောက်ခဲ့ရင်တော့ အိုင်းကြီးဗိုလ်တဲအကြောင်း ကြားခဲ့ရမှာပေါ့။ အဲဒါ ဆရာ့အယူအဆ ဘယ်လိုပါလဲ"ဟု မေးမြန်းလိုက်သည်ရှိသော် ဣန္ဒာနွယ်က သူမမေ့နိုင်အောင် တွေ့ကြုံခဲ့ရသော လက်တစ်ဖက်မပါသည့် ဥစ္စာစောင့် ဖိုးသူတော်ကြီးကိုပင် ပြေး၍ မြင်မိပါဟောသည်။ သူ၏ခေါင်းသည်လည်း အတန်ငယ် ကြီးသွားသည်ဟု ထင်မိလိုက်သည်။ သူ၏လက်မောင်းရှိ မွေးညင်းများလည်း ထောင်လျက်လာပါတော့သည်။ အတန်ငယ်သတိထား လျက် ဦးစိန်တင်(သိပ္ပံမောင်ဝ)၏အမေးကို မေးဖြေပင် ဖြေလိုက်မိပါတော့သည်။

"လက်ပြတ်သရဲလား။ ကျွန်တော် ကြားခဲ့ရရုံတင် ဘယ်ကမလဲဗျာ။ ကျွန်တော်ကိုယ်တိုင် ရောက်ခဲ့တယ်။ သုံးညတိတိ ဗိုလ်တဲပေါ်မှာ အိပ်ခဲ့တယ်"

"နို့ဆရာရယ် . . . သတင်းကြီးသလောက်ကော ထူးခြားရဲ့လား။ ကျွန်တော်ဖြင့် တစ်ခါလောက် ကိုယ်တိုင်စုံစမ်းမယ်လို့ စိတ်ကူးထားတာ။ ဒီဘက်နယ်ကိုပဲ မရောက်ရပါဘူးဗျာ"

ဟု ဣန္ဒာနွယ်အား ဗိုလ်တဲပေါ်တွင် သုံးညအိပ်ခဲ့တယ်ဟူသောအကြောင်းကိုလား။ သို့မဟုတ် နာနာဘာဝများ အကြောင်းကိုလားမသိ မယုံကြည်သလို မျက်နှာထားနှင့် မေးမြန်းလာသဖြင့် ဣန္ဒာနွယ်က -

"ဒီအကြောင်းတွေကို ဆိုပါတော့ ဆရာရယ်။ ဝိညာဉ်ဆန်တာတွေကို ဆရာက မယုံကြည်လို့လား။ ကျွန်တော်တော့ သေသေချာချာ တွေ့ခဲ့ရ၊ သိခဲ့ရတယ်ဆရာ"

ဟု အိုင်းကြီးဗိုလ်တဲမှ အတွေ့အကြုံတို့ကို ပြန်ပြောင်းပြောပြလေသည်။ ထိုအခါ -

"ဆာရိုက်တာ ဟက်ဂတ်ရေးထားတဲ့ ထူးထူးဆန်းဆန်း ဝတ္ထုတွေတောင် တိုင်းပြည်က လက်ခံနေသေးတာပဲ။ ဒီအကြောင်းတွေ ဆရာရေးရင်လည်း လက်ခံရမှာပေါ့ဗျာ။ ဒါပေမဲ့ ဆရာရေးရမှာက ဆာရိုက်ဒါ ဟက်ဂတ်တို့လို ဇာတ်လမ်းဇာတ်ကွက်ဆင်ဖို့ မလွယ်လှဘူးထင်တယ်။ သူတို့က အာဖရိက တောကြီးတစ်ခုလုံးကို နောက်ခံထားသော့ ထူးဆန်းတာတွေ စိတ်ဝင်စားစရာတွေဟာ မကြုံဆရတော့ဘဲ အလိုလို ပါဝင်နေသလို ဖြစ်နေတယ်။ ကျွန်တော်တို့ မြန်မာပြည်က ဝတ္ထုရေးဆရာတွေအတွက် သိပ်ပြီး နယ်ကျဉ်းနေကြတော့ အများအားဖြင့် အချစ်ဝတ္ထုတွေနဲ့သာ လမ်းဆုံးပြီး ဒေသန္တရဝတ္ထုကတော့ ခပ်ရှားရှားပဲ ဖြစ်နေတယ်။ ကြိုးစားပေါ့ ဆရာရယ်။ ခန္တီးနယ်တို့၊ ချင်းတောင်တို့ လ,ဝနယ် (လနယ်၊ ဝနယ်)တို့ကို နောက်ခံထားပေါ့ဆရာ။ ဆရာကိုယ်တိုင် ရောက်ခဲ့ဖူးတဲ့နေရာတွေဆိုတော့ ယုတ္တိရှိရှိနဲ့ ဇာတ်ကွက်ဆင်နိုင်ပါလိမ့်မယ်"

စာရေးဆရာ သိပ္ပံမောင်ဝ၏ ဆရာဣန္ဒာနွယ်အပေါ် တိုက်တွန်းအားပေးမှုပင် ဖြစ်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

သို့ဖြင့် ဆရာဗ္ဗာနွာနွယ်တို့သည် "အိုင်းကြီးဗိုလ်တဲ" အကြောင်းကို တစ်ဖန်ပြန်ကာ စကားကောက်ကြပြန်တော့သည်။ ယခုရေးပေးလတ္တံ့သော ဇာတ်မှာ "အိုင်းကြီးဗိုလ်တဲ"တစ်ဝိုက်တွင် ထိုစဉ်အခါက အထူးကျော်ကြားလျက်ရှိနေသော "လက်ပြတ်သရဲ"ခေါ် လက်တစ်ဖက်ပြတ်လျက်ရှိသော ဥစ္စာစောင့်ဦးသူတော်ကြီး၏ လက်ပြတ်ခဲ့ရသော အကြောင်းအရာများပင်ဖြစ်ပါတော့သည်။

ကွမ်းရွာ ယခုအခါတွင် ကွမ်းယာဆေးဟု လူအများ နားလည်သိကျွမ်းနေရသော ဆေးရွက်ကြီးထွက်ရာ "ကွမ်းရွာမြို့"ကြီးသည်ကား ရေဝတီမြစ်ကမ်းနဖူးတွင် မားမားမတ်မတ် ရည်တည်လျက် လေ့ကြီး၊ လေ့ငယ် အသွယ်သွယ်တို့ဖြင့် ကြက်ပျံမကျ စည်ကားလှပေတော့သည်။ ရှေးအခါက ယခုလို သောင်ကြီးမထွန်းကားသေးဘဲ မြစ်နှင့်မဝေး ရှိနေပေရာ သဘော်ဆိပ်မြို့ကြီးတစ်မြို့ ဖြစ်ခဲ့သည့်အလျောက် ကုန်သည်ပွဲစားများတို့၏ စိုက်ထွန်းကြီးပွားရာ ဌာနကြီးတစ်ခု ဖြစ်ပါတော့သည်။

× × ×

အညာမြစ်ရိုးမှ လော့်လေ့ငယ်လေးတစ်စင်းသည် လေ့ကြီး၊ လေ့ငယ် အသွယ်သွယ်တို့ကြားတစ်နေရာတွင် ဆိုက်ကပ်လိုက်ပါတော့သည်။ လေ့ငယ်ပေါ်တွင် အိမ်သုံးပစ္စည်းအနည်းငယ်နှင့် အိမ်ထောင်လက်သစ် ဖြစ်ဟန်တူသော လူရွယ်ဇနီးမောင်နှံတို့ ပါလာကြသည်။ မိန်းမဖြစ်သူ၏ မျက်နှာမှာ စိတ်ပျက်ဝမ်းနည်းလျက် အားကိုးရာမဲ့သဏ္ဍာန် ညှိုးငယ်စွာ ဖန်တီးလျက်ရှိနေသလောက် ယောကျ်ားဖြစ်သူမှာ ရက်စိတ်နာအသွင်နားထင်ကြောကြီးများ ထောင်နေအောင်ပင် သွားခြင်းစေ့ကာထားလျက် မျက်လုံးမှာ ဂနာမငြိမ်နိုင်အောင်ပင် လှုပ်ရှားရှိနေကြသည်။

ဤမျှ များပြား၍ စည်ကားလှသော ဆိပ်ကမ်းတွင်ပင် လူသူတစ်ယောက်တလေကိုမှ သူတို့ သိရှိဟန်မတူကြပေ။ အမှန်လည်း သူတို့အသိမိတ်ဆွေဆို၍ ဤရပ်ဌာနတွင် ခွေးတစ်ကောင် ကြောင်တစ်မြီးမျှပင် မရှိခဲ့ပေ။ သူတို့သည် အတော်ပင် ခရီးဝေးကွာသော အရပ်မှ ဤသို့သော အရပ်မျိုးကို တမင်ရွေးချယ်ကာ ခြေရာဖျောက်ထွက်ခွာလာခဲ့ကြသူများပင် ဖြစ်တော့သည်။

သူတို့ကား အားကိုးရာမဲ့ အတိဒုက္ခရောက်၍ လာခဲ့သူများသာ ဖြစ်ခဲ့ပေရာ ဤကမ္ဘာမြေပြင်အကျယ်ကြီးပေါ်တွင် အသိမိတ်ဆွေဆို၍ သူတို့နှစ်ဦးသာ ရှိနေရှာတော့သည်။

မိန်းမဖြစ်သူသည် ညှိုးငယ်စွာ အပြင် မွတ်သိပ်ဆာလောင်လှပုံတို့နှင့် လင်သည်မောင်အား "ကိုသာဒုတ်၊ မှုတို့ ဘယ်လိုလုပ်ကြမလဲ"ဟု မကြံ့သာသော အမူအရာများစွာတို့နှင့် မေးလိုက်ရာရာတွင် ယောကျ်ားမှာ ကြိုတင်စိတ်ကူးထားသည့်ပမာ သွက်လက်စွာဖြင့် -"မပူပါနဲ့ မှုံရာ။ ဒီအခြေအနေကျမှာတော့ မထူးတော့ပါဘူးကွာ။ ဒီလေ့ကလေးကို ရောင်းလိုက်တာပေါ့"ဟု ပြန်ပြောလိုက်လေသည်။

× × ×

ဤအရပ် ဤဌာနကြီးတွင်ကား များသောအားဖြင့် တောင်သူယာခုတ်အလုပ်ဖြင့် အသက်မွေးကျောင်းအမှုပြုကြသူတို့ နေရာဖြစ်လေရာ ရွာကြီး၏ နောက်ဖေးတွင် ပြန့်ပြောညီညာလျက် မြေဆီမြေသြဇာတက်သော ယာကြီးတစ်ခု ရှိနေပေသည်။ ထိုယာကြီး၏ ထောင့်တစ်နေရာတွင် အလွန်ကြီးမားလှသော ကျွန်းဝိုင်ပင်ကြီးတစ်ပင် ပေါက်လျက်ရှိပေသည်။ ထိုယာကြီးမှာ ညီညာပြန့်ပြူးလျက်ရှိနေသည့်ပြင် ရွာနှင့်လည်းများစွာ မကွာလှမ်းလှသဖြင့် များစွာပင် အကွက်အကွင်းကျလှသော်လည်း လူသေ၊ ကျွဲနွားတိရစ္ဆာန်သေ၊ ပစ္စည်းပျက်စသော အနှောင့်အယှက်တို့ကြောင့် ပိုင်ရှင်များ တစ်ဦးလက်မှ တစ်ဦးလက်သို့ အဆက်ဆက်ပြောင်းလွဲကြလျက် နောက်ဆုံးတွင် လုပ်ကိုင်ဝံ့သူမရှိ၊ တောချုံအတိပြီးသော ယာတောကြီးဘဝသို့ ကျရောက်၍နေပေတော့သည်။

× × ×

ကွမ်းရွာသူကြီး ဦးသာညိုမှာတော့ ကော့ထောင်သော နှုတ်ခမ်းမွေး၊ ထူထဲသော မျက်ခုံး၊ ကြည့်ပုံးပြူးကျယ်သော မျက်လုံးတို့ဖြင့် များစွာ ခံ့ညားလှသည့်အလျောက် ရပ်ရွာတွင်လည်း ဓားပိုင်၊ တုတ်ပိုင်တစ်မျှ သြဇာတိက္ကမ ကြီးမားလျက် မှုတသော ကိုယ်ကျင့်တရားနှင့် ပြည့်စုံသည်နှင့်အညီ ချစ်ကြောက်ရိုသေခြင်းကို ခံရသူတစ်ဦး ဖြစ်ပေသည်။ အိမ်ဦးခန်းကြမ်းပြင်တွင် ဖက်ဆေးလိပ်ဖြူကြီးကို ဖွာလိုက်၊ လက်ဖက်ရည်ကြမ်းပန်းကန်ကို မြှောက်ကာသောက်လျက်ရှိစဉ် ကိုမြတ်စံဆိုသူ ရောက်လာကာ သူကြီး၏အပါးတွင် ဒူးထောက်၍ ထိုင်လိုက်မှ သူကြီးက -

"ဘာတုံးဟေ့ မြတ်စံ"

ဟု အသံပြတ်နှင့် မေးလိုက်လေသည်။ ကိုမြတ်စံက သူကြီး၏ မျက်နှာ

www.burmeseclassic.com

ကို မရဲတရဲမော်ကြည့်ပြီးနောက် -

"သူကြီးနဲ့ တွေ့ချင်လို့တဲ့။ ရပ်ဝေးက ညွှန့်သည်များဆို ထင်ပါရဲ့ခင်ဗျာ"

ဟု ရိုသေစွာပြောလိုက်တော့သည်။

ညွှန့်သည်မှာ ကိုသာဒွတ်နှင့် မယ်မှုံတို့ပင် ဖြစ်ရာ သူကြီးဦးသာညို၏ အကူအညီအမအစဖြင့် မကြာမီပင် လုပ်ကိုင်သူမရှိ တိမ်ကောရှိနေသော "ကျွန်းငိုပင်" ယာတောကြီးကို ရှင်းလင်းနုတ်ထွင်လျက် လုပ်ကိုင်စားသောက်ကြရသော အခြေအနေသို့ ရောက်ရှိလာရပေတော့၏။

ရပ်သူရွာသားတို့ကား မည်သူမျှ အနားမသီဝံ့အောင် ကြောက်ရွံ့နေကြသော ယာတောကြီးတွင် ဇွတ်မိုတ်ကာ လုပ်ကိုင်နေကြရှာသော သာဒွတ်တို့ လင်မယားကို တစေ့တစောင်း အကဲခတ်လျက်သာ ရှိနေကြလေ၏။

သာဒွတ်တို့လင်မယားအဖို့တွင်ကား အခက်အခဲအမျိုးမျိုးတို့ကို တွန်းလှန်လာခဲ့ကြသူများ ဖြစ်ခဲ့ကြသည့်လျော်စွာ ဤယာတောကြီးမှာ သူတို့အဖို့ လောကနိဗ္ဗာန်ကို ဖန်တီးပေးမည့် ရွှေမြေကြီးသဖွယ် ထင်မြင်လျက်သာ ခွန်တိုက်၊ အားတိုက် ခုတ်ထွင်ရှင်းလင်းလုပ်ကိုင်ကြခြင်းဖြင့် မအားမလပ်နိုင်အောင် ရှိတော့သည်။

ဤသို့ဖြင့် နေ့ကိုရက်စား၊ လပေါင်းများစွာ ကျော်လွန်ခဲ့ကြ၏။ ကိုသာဒွတ်တို့မှာကား တစ်စုံတစ်ရာ အနှောင့်အယှက်မတွေ့။ မိမိတို့ ခွန်အားစိုက်ထုတ်လျက် လုပ်နိုင်သည်နှင့်အမျှ အကျိုးဖြစ်ထွန်းကာ ရွာဖျားတစ်နေရာတွင် အိမ်တစ်ဆောင်၊ မီးတစ်ပြောင်ဖြင့် ချောင်ချောင်လည်လည် နေနိုင်သည့်ဘဝမျိုးသို့ပင် ရောက်ရှိခဲ့ကြပေရာ နောက်ကြောင်းကိုပင် ပြန်ပြောင်းသတိမရနိုင်ကြတော့ပေ။

ထိုအချိန်မျိုးသို့ ကျရောက်မှပင် ကိုသာဒွတ်မှာ မိမိ ဤရွာသို့ ရောက်ရှိခဲ့သည်မှစ၍ မောရပန်းရမှန်းမသိ အစားအသောက်ကိုပင် ဝတ္တရားအတိုင်းမို့သာ စားသောက်ရလျက် ဝသည်၊ မဝသည်၊ အရသာရှိသည်၊ မရှိသည်ကို ယခုမှ ပြန်ပြောင်း၍ စဉ်းစားမိရှာတော့သည်။

× × ×

"ရှင်မှုံရယ် . . . ထမင်းများကွာ၊ ဝအောင်ပို့စမ်းပါ။ ဒီအခြေအနေမျိုးရောက်နေမှ ဒါလောက်ချွေတာနေဖို့ မလိုတော့ပါဘူးကွယ်"

"ဩော် . . . ကိုသာဒွတ်နယ်။ စောစောကပဲ ပြောပါတော့ရှင်။ စားနိုင်မှ လုပ်နိုင်တဲ့ဥစ္စာ။ ဒီလောက် ပင်ပင်ပန်းပန်း လုပ်နေရတဲ့သူအတွက်တော့ ရှင်မှုံတို့က မချွေတာပါဘူးရှင်။ ဒီထမင်းဖာကလေးနဲ့ မဝလောက်ရင် ဖာကြီးကြီးတစ်လုံးနဲ့ ထည့်ပို့ပါ့မယ်ရှင်"

"ဟုတ်ပါဘူးတဲ့ ရှင်မှုံရဲ့။ ဒီထမင်းဖာကလေးနဲ့ အပြည့်ဆိုရင် ဝလောက်ပါပြီကွာ။ ပြည့်အောင်သာထည့်ပို့ပါ။ နို့ပြီး ထန်းရည်လည်း ဒီကျည်တောက်တစ်လုံးဆိုရင် တော်လောက်ပါပြီ"

ရှင်မှုံကား အံ့ဩတွေဝေလျက်ရှိနေပြီ။ သူသည် ဆင်းရဲပင်ပန်းစွာ လုပ်ကိုင်ကျွေးရှာသော လင်သည်အတွက် ထမင်းကိုလည်း အပြည့်အမောက်၊ ထန်းရည်ကျည်တောက်ကိုလည်း အပြည့်အလျှံ ပို့ပို့မိမိ နေ့စဉ်ပို့ပါလျက်နှင့် လင်သည်မှာ နေ့စဉ်နှင့်အမျှ မဝတဝ စားသောက်နေရရှာသည့်အဖြစ်ကို တွေးမရနိုင်အောင် ရှိတော့သည်။ ထိုအကြောင်းကို လင်ကိုသာဒွတ်လည်း မကြာမီ ရိပ်မိလာတော့၏။

ဤသတင်းကြီးလှသော ကျွန်းပင်ငုတ်ကြီးပေါ်တွင် နေ့စဉ်နှင့်အမျှ ရှင်မှုံတင်၍ထားခဲ့သော ထမင်းဖာကို သက်ာမကင်းသည်နှင့် တစ်နေ့တွင် ဓားတစ်ချောင်းကိုင်ကာ ကွယ်ရာမှ ချောင်းမြောင်းလျက်ရှိပေ၏။

ဟော . . . တွေ့ပေပြီ။ နေ့စဉ်နှင့်အမျှ ထမင်းဟင်းနှင့် ထန်းရည်ကို တစ်ဝက်ခွဲကာ အမြဲတိတ်တဆိတ် ယူဆောင်လေ့ရှိသော ဖိုးသူတော်တစ်ယောက်ကို ပက်ပင်းမှာတွေ့ရလျှင်ပင် ဒေါသထွက်ကာ ဓားနှင့်မိုးလျက် -

"ကိုင်း . . . ဒီသူတော်သူခိုး မပြေးနဲ့။ နင့်ကိုမိပြီ"

"အို . . . သူငယ်ချင်း၊ ငါမပြေးပါဘူးကွာ။ မင်းဓားကြီးကို ချလိုက်ပါတော့။ မင်းထမင်းတွေကို နေ့တိုင်း ငါယူစားတာ မှန်ပါတယ်။ ဒါပေမယ့် မင်းကို ဒို့အပြင် အနှောင့်အယှက် ဘာမှမပေးခဲ့ပါဘူးကွာ။ မင်းကျေးဇူးကလည်း ငါ့အပေါ်မှာ ရှိနေပြီကိုးကွ။ မင်းကို ကျေးဇူးပြန်ဆပ်ရတော့မှာပေါ့။ ဒီနေ့ကော့ ခါတိုင်းလိုပဲ တစ်ယောက်စာ နှစ်ယောက်ပဲ ဝေစားကြရဦးမှာပဲ။ မင်း ဒီငါးပိဖုတ်လောက်နဲ့လည်း ထန်းရည်နဲ့ တယ်မလိုက်ပါဘူးကွာ။ မနက်ဖြန်ကစပြီး ဟင်းကောင်းကောင်းနဲ့ တို့နှစ်ယောက် ဝဝလင်လင် စားသောက်ကြစို့ကွာ။ ရော့ . . . ရော့ . . . တစ်နေ့ကို ငွေခွက်တစ်ခွက် ငါပေးလိုက်မယ်ဟေ့"

ဤသို့ပင် ကိုသာဒွတ်မှာ အခြားသူများ မသိကြသော်လည်း ဖိုးသူတော်

www.burmeseclassic.com

ကြီးနှင့် အကျွမ်းဝင် သောက်ဖက်၊ စားဖက်၊ ကစားဖက်ဖြစ်ကာ နေကြလျက် ရှိလေတော့၏။

တစ်နေ့တခြား စီးပွားရေးမှာလည်း တိုးတက်လျက်လာခဲ့ပေတော့သည်။

× × ×

တစ်နေ့တွင် ဦးသူတော်သည် မရွှင်လန်းသော မျက်နှာဖြင့် -

"သာဒုတ်ရေ. . .မင်းနဲ့ ငါတော့ ခွဲရတော့မယ်ကွာ။ တို့သိုက်ပြောင်းရတော့မယ်ကွ။ ဒီနယ်မှာ အနေခင့်အယုက် မကောင်းတော့ဘူးကွ။ ငါလည်း ကျွတ်ချင်လွတ်ချင်ပါပြီကွာ။ အကြောင်းသင့်လို့ရှိရင် မင်းတို့လည်း တစ်သက်လုံး ချမ်းသာပြီး ငါလည်း ကျွတ်ရလွတ်ရတော့မှာပေါ့ကွာ ဟုတ်လား။ မင်းမချမ်းသာချင်ဘူးလားဟေ့ သာဒုတ်ရေ။ ငါလည်း နောက်ကို မင်းအတွက် ဒီလိုပေးနိုင်တော့မှာ မဟုတ်တော့ဘူးကွ"

"ဦးသူတော်တို့က ဘယ်ကိုပြောင်းရမှာလဲဗျ"

သာဒုတ်က ဝမ်းနည်းပက်လက် ပြန်မေးလိုက်လေ၏။

"ဘယ်ကိုပြောင်းရမယ်လို့ အထက်က အမိန့်မရသေးပါဘူးကွာ။ ဒီနေ့ည တော့ နောက်ဆုံးပျော်ပွဲ ဝဝစားကြတာ ပေါ့ကွာ။ ဟင်းကောင်းကောင်းသာ မင်းမယားကို ပြန်အချက်ခိုင်းပေတော့ ဟေ့။ ရော့. . .ဒီငွေငါးခွက် ယူထားပေ တော့။ ငါပေးနိုင်တာ ဒါအကုန်ပဲဟေ့"

× × ×

ထန်းရည်ခါးနှင့် ကြက်သားကြော် မှာ ကိုသာဒုတ်နှင့် ဦးသူတော် ပျော်ပွဲအတွက် အကွက်လည်လှပါတော့သည်။ ကိုသာဒုတ်ကား မျက်ထောင့်နီကာ မူးရီရီ ရှိနေတော့ပြီ။ အရုဏ်ကျင်း၍ လင်းရောင်လည်း လာလုပြီ။ လေသံ၊ လှည်းသံ၊ အိုးစည်ပုံမောင်းအသံတို့လည်း ကြားရသလိုလိုပင်. . .။

"သာဒုတ်ရေ. . .ပြောင်းရွှေ့ကြဖို့ အချိန်ကျပြီဟေ့။ မင်းနဲ့ ငါနဲ့တော့ နောက်ဆုံးခွဲကြရတော့မယ်။ မင်းတို့တစ်သက်လုံးချမ်းသာလို့ ငါတို့လည်း ကျွတ်ချိန်တန် ကျွတ်ကြရအောင် ငါပြောတဲ့ အတိုင်းသာ လုပ်ပေတော့။ ဘာမှ မကြောက်နဲ့။ ရှေ့ဆုံးကလာတဲ့ဟာကို ဆီးသာရိုက်လိုက်ပေတော့ဟေ့။ အားလုံး လဲပြီး ရွှေတုံးကြီးတွေ ဖြစ်နေလိမ့်မယ်။ ဘာမှမကြောက်နဲ့ ရိုက်သာရိုက်။ ငါသွားမယ်ဟေ့"

× × ×

ကိုသာဒုတ်ကား ဦးသူတော်ကြီး မှာစကားအတိုင်း လာလမ်းကို တုတ်ထမ်းကာ မျှော်မှန်းလျက်ရှိတော့သည်။ အချိန်များစွာ မကြာညောင်းမီပင် လင်းရောင်ခြည်လည်း ပေါ်လာခဲ့ပါပြီ။ ကြေးစည်သံ တနောင်နောင်နှင့် ဘုန်းတော်ကြီးများ တစီတတန်းကြီး ကြွလာတော့သည်။ သာဒုတ်၏ ထန်းရည်တို့မှာ အရှိန်ပြေကာ ကြည်ညိုလှစွာသောစိတ်ဖြင့် တုတ်ကြီးကိုချကာ အကြိမ်ကြိမ် ရှိခိုးဦးချလျက်ရှိပါတော့သည်။ သာဒုတ်၏ သံဃာအပေါ် ကြည်ညိုမှုပင်ဖြစ်ပါသည်။

ဘုန်းတော်ကြီးများ တစ်ပါးပြီး တစ်ပါး သာဒုတ်ရှေ့မှ လွန်၍သွားကြလေပြီ။ သာဒုတ်ကား ကြည်ညို၍မပြီးသေးပါ။ သူ၏နားဝတွင် "ချပါကွာ" ဟူသော အသံကိုကြားရမှ သတိရကာ အနားရှိ တုတ်ကို ကပျာကယာ ကောက်ယူကာ တအားလွှဲ၍ ရိုက်လိုက်ရာတွင် နောက်ဆုံးမှ ကျန်နေသော ဦးသူတော်ကြီးကိုသာ တုတ်ဖျားခတ်လုက်မိပြီး လက်တစ်ဖက်သာ ပြတ်၍ကျန်ရစ်ခဲ့လေတော့သည်။

ကိုသာဒုတ်မှာကား အံ့ဩခြင်း မောရင်းပင် အချိန်ဝိသသာ ၂၀ ခန့်ရှိ ငွေလက်ပြတ်ကြီးကိုသာ ရရှိလိုက်လေတော့သည်။ "ဥစ္စာကံပေး မရသေး၊ နှောင့်နှေးဖျာပါ မရှိရာ"

အမှန်သော်ကား ဥစ္စာစောင့်ဟူသည် အပါယ်ဘုံသား ပြိတ္တာတစ်မျိုးမျှ ဖြစ်၍ အထူးအဆန်းကား မဟုတ်ပါ။ ပြိတ္တာတန်ခိုးဖြင့် လူသားနှင့် အတူနေချင်လည်း နေနိုင်ပါသည်။ သို့သော် ဥစ္စာစောင့်ကား ပဋိသန္ဓေစိတ်အားဖြင့် အဟိတ်မျိုးသာဖြစ်၍ ဒွိဟိတ်တိဟိတ် အဆင့်အတန်းရှိသော လူသားတို့ကိုကား မမီပါချေ။ လူသားနှင့် အဆင့်အတန်းမတူ၊ အောက်တန်းကျသောကြောင့် လူသားအနေဖြင့် ဥစ္စာစောင့်ကို အထင်ကြီးရန်လည်းမလိုပါချေ။ ကိုးကွယ်ဆည်းကပ်ရန်လည်း မလိုပါချေ။

မည်သို့ဆိုစေ အထက်က ဖော်ပြခဲ့သော ကိုသာဒုတ်နှင့် ဥစ္စာစောင့် ဖိုးသူတော်ကြီးတို့၏ ဇာတ်လမ်းကား စာရေးဆရာ ဣန္ဒာနွယ်ကိုယ်တိုင် ရေးသားခဲ့သော ကျွန်းဒိုပင်ဝတ္ထု ဖြစ်ပါတော့သတည်း။

**လှတိုး [မိတ်ပညာ]**


**စာကိုး**

၁၅-၁၂-၅၃ ထုတ် တိုင်းရင်းမေဂျာနယ်။

www.burmeseclassic.com

# ဆင်ပစ်မုဆိုးတစ်ဦး ၏ သည်းထိတ်ရင်ဖို

■ လှမိုး(ပညာရေး)



"တောင်စောင်းရောက်လို့ အောက်မျှော်ကြည့်လိုက်တော့ ဆင်ကြီးက ကျုပ်တို့အောက်မှာ ကိုက် ၈၀ လောက်ရောက်နေတယ်။ သူကြည့်ရတာက အနံ့တစ်ခုခုရလို့ ငြိမ်ပြီးချောင်းနေတဲ့ လက္ခဏာပဲ။ နှာမောင်းကြီးကလည်း အပေါ်မြှောက်လို့။ ကျွန်တော်က ဆင်ပစ်တဲ့ခါမှာ ဒသမ ၂၅၆ ကျည်ဆန်နဲ့ ခေါင်းကိုချိန်ပြီး ပစ်လေ့ရှိတယ်။ ပစ်ပြန်ရင်လည်း သေကွင်းကို အချက်မရမချင်း မပစ်ချင်ဘူး။ ဒါနဲ့ သေနတ်ကို ကျောက်တုံးတစ်တုံးမှာ တည်ပြီး ချက်ကောင်းကို စောင့်နေတယ်။ ဒါပေမယ့် ချက်ကောင်းကို မရဘူး။ မောင်းဖြုတ်မယ် လုပ်လိုက်ရင်း သူက လှုပ်လိုက်ရင်းနဲ့ အနေအထားကောင်းကိုမရဘူး။ ဆင်ကလည်း တစ်ခုခုအနံ့ရလို့ လှုပ်လှုပ်ရှားရှားတဲ့ လက္ခဏာရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒီလိုဖြစ်နေတုန်းမှာ ဆင်ဆီက တိုက်လာတဲ့ လေကလေးဟာ ကျပ်မျက်နှာဝင်တိုးလိုက်သည်နှင့် ဆင်ကြီးက တစ်မျိုးဖြစ်လာပါလေရောဗျာ။ ပြောရဦးမယ်ဗျာ။ ကြောင်ချောင်းတာတို့၊ ကျားချောင်းတာတို့ ခင်ဗျားမြင်ဖူးပါလိမ့်မယ်။ ဆင်ချောင်းတယ်ဆိုတာ ပြောလို့ယုံနိုင်စရာ မရှိဘူး။ သိပ်ကြောက်စရာကောင်းတယ်ဗျို့။ သူ့နှာမောင်းမှာ ဘာအနံ့ရတယ် မဆိုနိုင်ဘူး။ သုတ်သုတ်နဲ့ တောင်ကမ်းပါးယံက လျှောဆင်းသွားပြီး စာကလေး ကြောင်ချောင်းသလို ယို့ယို့ကလေး လုပ်သွားတာကိုဗျ။ အမှန်ပြောရမှာဖြင့် ကျွန်တော်ကြောက်လာတယ်ဗျာ။ သိပ်ကြောက်လာတယ်။ ဒါပေမယ့် ဆင်ကြီးနောက်ကို မလိုက်ဘဲလည်း မနေနိုင်ဘူး။ ဒါနဲ့ ခပ်သုတ်သုတ်လိုက်သွားလိုက်လို့ ကျောက်တုံးကြီးတစ်တုံးပေါ် တက်လိုက်တာနဲ့ တစ်ပြိုင်နက် ဆင်ကြီးက ကုန်းအော်ပြီး သစ်ကိုင်း၊ သစ်ခက်တွေ ဂျိုးဂျိုးဂျွတ်ဂျွတ်မြည်အောင် အတင်းထိုးဆင်းလိုက်ပါလေရောဗျာ။ ဆင်ကြီးဟာ ချုံတောထဲလွန်ပြီး မြက်တွေစိမ်းနေတဲ့ မြေပြန့်ကြီးနား ရောက်သွားတာကိုးဗျ။

အဲဒီ မြေပြန့်အလယ်မှာ လူနှစ်ယောက် ရပ်နေတယ်ဗျ။ တစ်ယောက်နှင့်တစ်ယောက် ရှေ့ဆင့်၊ နောက်ဆင့် ငါးကိုက်လောက် ကွာလိမ့်မယ်။ သေနတ်တော့ ကိုယ်စီကိုင်လို့ပဲ။ ဒါနဲ့ ကျွန်တော် ကြည့်နေတုန်းမှာ ရှေ့လူက ရပ်တန့်ပြီး နောက်လူကို လက်ယပ်ခေါ်ပြီး သေနတ်ချင်းလဲကြတယ်ဗျ။ ဒီအခါမှာ ဆင်ကြီးက သူတို့နှင့် ကပ်သွားပြီဗျ။ ဟိုတုန်းက [illegible]ကလေး သွားနေတာ။ အခုတော့ တရကြမ်း အတင်းပြေးဝင်သွားလေတော့ မြန်ပုံမပြောပါနဲ့တော့။ ဒီတော့ ရှေ့ကလူက တော်ပါပေတယ်ဗျာ။ သေနတ်ကိုကိုင်ပြီး ကျောက်ဆောင်လိုပဲ ငြိမ်ငြိမ်ရပ်တန့်ပြီး ဆင်ကြီးကို သေနတ်နဲ့ နှစ်ချက်လုံး ဆွဲလိုက်တာကိုး"

အထက်ဖော်ပြပါ စာပိုဒ်သည် ၁၉၄၇ ခုနှစ်၊ အောက်တိုဘာလထုတ် သွေးသောက်မဂ္ဂဇင်းပါ ကွယ်လွန်သူစာရေးဆရာကြီး ရွှေဥဒေါင်းရေးသားသော "ထီးကိုး"ဝတ္ထုမှ စာပိုဒ်တစ်ပိုဒ်ကို မိတ္တူကူးယူဖော်ပြထားခြင်း ဖြစ်ပါသည်။ ယင်းဝတ္ထု၏ အဓိကဇာတ်ဆောင်မှာ ဗြိတိသျှအစိုးရလက်ထက် မိုးကုတ်သစ်တောခရိုင်အတွင်း သစ်တောဌာန အကောက်ဝန်တစ်ယောက်အဖြစ် အမှုထမ်းခဲ့သော ကိုဘချော ဖြစ်၏။ ကိုဘချောသည် ငှက်ဖျားရောဂါဝေဒနာ စွဲကပ်ခဲ့သဖြင့် ရန်ကုန်ဆေးရုံကြီးသို့ လာရောက်၍ အတွင်းလူနာအဖြစ် ဆေးကုသခံယူနေစဉ်က သူငယ်ချင်းဖြစ်ခဲ့ဖူးသော ကသာနယ်ဘက်၌ အမှုထမ်းခဲ့သော ကိုစိန်သော်ဆိုသူလည်း ကိုဘချောကဲ့သို့ ငှက်ဖျားရောဂါကုသရန်အတွက် ရန်ကုန်ဆေးရုံကြီးသို့ ရောက်ရှိလာခဲ့၏။

သူငယ်ချင်းနှစ်ယောက်တွေ့ကြရာမှ ကိုစိန်သော် ပြောပြသည့် "ထီးကိုး"ဟု ကင်ပွန်းတပ်ခံရသည့် ဆင်ကြီးကို ပစ်ခဲ့စဉ်က အတွေ့အကြုံဖြစ်ရပ်ဆန်းအား စာရေးဆရာကြီး ရွှေဥဒေါင်းက ဉာဏ်ကွန့်၍ စာဖတ်သူများ စိတ်ဝင်စားအောင် ရေးသားခဲ့ခြင်းဖြစ်သည်။

အမှန်အားဖြင့် ဆရာကြီးရွှေဥဒေါင်းသည် ကိုလိုနီခေတ်က ဗြိတိသျှအမျိုးသား သစ်တောမင်းကြီး၏ တောလိုက်စာရေးအဖြစ် အမှုထမ်းခဲ့ဖူးသူဖြစ်၏။ သူကိုယ်တိုင် ကျောင်းနေဘက် သူငယ်ချင်းဖြစ်သူ သစ်တောအရာရှိ ကိုဝင့်မော်ဆိုသူနှင့် ကသာခရိုင်သစ်တောအတွင်း တောပစ်ထွက်ခဲ့ကြဖူး၏။ သို့ဖြစ်၍ ယင်းဝတ္ထုမှာ သူကိုယ်တွေ့ သည်းထိတ်



www.burmeseclassic.com

ရင်ဖိုဖွယ် ဖြစ်ရပ်များကို သူ့စိတ်ကူးဖြင့် ရောယှက်၍ ဝတ္ထုရေးနည်း အတတ်ပညာဖြင့် ပေါင်းစပ်လိုက်သောအခါ စာဖတ်သူများ လက်မှမချနိုင်အောင် စိတ်ဝင်စားဖွယ်ရာ ဝတ္ထုတစ်ပုဒ် ဖြစ်ခဲ့ရာ ကျွန်တော့်အဖို့ ယင်းဝတ္ထုကို ဖန်တစ်ရာတေအောင် ဖတ်ခဲ့မိသည်။

ဤဝတ္ထုကြီးကို ဖတ်ရှုခဲ့ရာမှ တောပစ်မုဆိုးများ ဇာတ်ဆောင်အဖြစ် ပါဝင်သော ဖြစ်ရပ်မှန်ဝတ္ထုများ၊ တကယ့် တောတွင်းမုဆိုးများ ရေးသည့် မှတ်တမ်းများကို လက်လှမ်းမီသလောက် ရှာဖွေဖတ်ရှုမိခဲ့သည်။ အထူးသဖြင့် သမိုင်းအဆက်ဆက် တိုက်မှောင်ကြီးဟု နိုင်ငံတကာက ခေါ်ဝေါ်ခဲ့သော "အာဖရိကတိုက်" နိုင်ငံအသီးသီးတွင် တောတွင်းတိရစ္ဆာန်များ မျိုးတုံးတော့မည့် အန္တရာယ်မှ ကာကွယ်ရန် စောင့်ရှောက်ရသော "Game Warden" ခေါ် ပုဂ္ဂိုလ်များ ရေးသားသည့် ကိုယ်ရေးအတ္ထုပ္ပတ္တိများကို တစိုက်မတ်မတ် ရှာဖွေဖတ်ရှုမိခဲ့သည်။

ယခု ဘာသာပြန်ဆိုဖော်ပြမည့် သည်းထိတ်ရင်ဖို ဖြစ်ရပ်မှာ အာဖရိကတိုက်၊ ကင်ညာနိုင်ငံတွင် နှစ်ပေါင်း ၃၀ နီးပါး ဇာတ်မြှုပ်နေထိုင်သည့် ဗြိတိသျှအမျိုးသား တောပစ်မုဆိုးကြီး ဂျေဟန်တား ရေးသားခဲ့သော ကိုယ်ရေးအတ္ထုပ္ပတ္တိမှ ထုတ်နုတ်ဘာသာပြန်ဆိုထားခြင်း ဖြစ်ပါသည်။ ကင်ညာနိုင်ငံသည် အာဖရိကတိုက်ကမ်းခြေရှိ ဗြိတိသျှ ဓနသဟာယအဖွဲ့ဝင် လွတ်လပ်သော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ အနောက်ဘက်တွင် ယူဂန္ဒာနိုင်ငံ၊ တောင်ဘက်တွင် တန်ဇန်းနီးယားနိုင်ငံ၊ အရှေ့ဘက်၌ ဆိုမာလီနိုင်ငံ၊ မြောက်ဘက်၌ ဆူဒန်နိုင်ငံတို့ တည်ရှိ၏။ ဒေသခံလူမျိုးနွယ်များမှာ ပြောင်း၊ ကော်ဖီနှင့် လက်ဖက်ခြောက် တင်ပို့သော စိုက်ပျိုးရေး အားထားရသည့် နိုင်ငံဖြစ်သည်။ တိရစ္ဆာန်တို့၏ သားရေများ အများဆုံးတင်ပို့သော နိုင်ငံဖြစ်ရာ အချို့တိရစ္ဆာန်များမှာ မျိုးတုံးရတော့မည့် အခြေအနေ ရင်ဆိုင်နေရသည်ဟု ယနေ့သတင်းမီဒီယာများက သတိပေးရေးသားခဲ့ကြသည်။

ကင်ညာနိုင်ငံကို ခရစ်နှစ် ၁၄၉၈ ခုနှစ်တွင် ပေါ်တူဂီလူမျိုး နယ်သစ်ရှာ စွန့်စားသူများက တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ထို့နောက် ကုန်သွယ်ရေးစခန်းများ တည်ထောင်ခဲ့ကြသည်။ ခရစ်နှစ် ၁၇၂၉ ခုနှစ်တွင်မူ အာရပ်လူမျိုးတို့ နယ်သစ်ရှာကုန်သည်များက ပေါ်တူဂီလူမျိုးများအား မောင်းနှင်ထုတ်ခဲ့ပြီး ကင်ညာနိုင်ငံအား အုပ်ချုပ်ခဲ့ကြသည်။ ခရစ်နှစ် ၁၈၉၅ ခုနှစ်က စတင်၍ ဗြိတိသျှတို့၏ အစောင့်အရှောက်ခံ နယ်မြေဖြစ်ခဲ့ရာမှ လွတ်လပ်ရေးရရှိခဲ့သည်။ ကင်ညာနိုင်ငံတွင် နေထိုင်သူ လူမျိုးနွယ်များတွင် ကီးကူယု လူမျိုးနွယ်များက အများဆုံးဖြစ်၏။

မစ္စတာဟန်တားမှာ ကင်ညာနိုင်ငံတွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့သော တောပစ်မုဆိုးတစ်ဦး ဖြစ်သဖြင့် ကင်ညာနိုင်ငံတွင် နေထိုင်ကြသော လူမျိုးနွယ်တို့၏ ဘာသာစကားကိုလည်း ထူးထူးခြားခြား ကျွမ်းကျင်တတ်မြောက်သူ ဖြစ်၏။ လူမျိုးနွယ်အများနှင့်လည်း ခင်မင်ရင်းနှီးသူဖြစ်သည်။ မစ္စတာဟန်တား၏ တောတွင်းမုဆိုးပညာ ရင့်ကျက်မှုကို ကင်ညာပြည်နယ် အာဏာပိုင်များသာမက ကင်ညာပြည်နယ်တစ်နံတစ်လျားရှိ လူမျိုးနွယ်အများကပါ တောပစ်ကျွမ်းကျင်၍ တိရစ္ဆာန်တို့၏ သဘာဝကို လက်တစ်ဆုံးနှိုက် တတ်မြောက်ထားသော ပုဂ္ဂိုလ်တစ်ဦးဟု ယူဆထားကြသည်။

မစ္စတာဂျေဟန်တားသည် သူ့မိသားစုနှင့်အတူ ကင်ညာနိုင်ငံ၊ နိုင်ဂိုဘီမြို့တွင် အခြေချနေထိုင်ခဲ့၏။ ယင်းနိုင်ငံ လွတ်လပ်ရေးမရခင်ကပင် လိုင်စင်ရမုဆိုးတစ်ဦးအဖြစ် အသက်မွေးခဲ့သူ ဖြစ်သည်။ ကင်ညာတစ်နံတစ်လျား မနေမနား သွားရောက်၍ ကျေးလက်ဒေသနှင့် တောတွင်းနေပြည်သူအများအား ဆင်ရိုင်းအုပ်များ၊ ခြင်္သေ့များ၊ ကျားများ၊ ကျားသစ်များနှင့် ခွေးအအုပ်များရန်မှ ကာကွယ်ပေးခဲ့သူလည်း ဖြစ်သည်။ ကင်ညာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ကင်ညာနိုင်ငံ အစိုးရသစ်သည် ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်နိုင်မည့် သားရဲတိရစ္ဆာန် ဘေးမဲ့ဥယျာဉ်တစ်ခု တည်ထောင်ရန်အတွက် မစ္စတာဟန်တားသည် ဤအမျိုးသား တိရစ္ဆာန်ဘေးမဲ့ဥယျာဉ်ကြီး ဖြစ်မြောက်ရေးအတွက် သူ့ဝါသနာအတိုင်း အသက်စွန့်၍ ဆောင်ရွက်ပေးခဲ့သည်။

ဒေသခံပြည်သူများနှင့် မစ္စတာဟန်တား၏ မိတ်ဆွေအများကမူ ဂျေဟန်တားသည် တောတွင်းလေကို ရှူမိသည်နှင့် မည်သည့်နေရာတွင် သားကောင်ပုန်းအောင်းနေသည်ကို သိသည်ဟု ဆိုကြ၏။ သတင်းမီဒီယာများနှင့် ဟန်တား၏ မိတ်ဆွေအများက သူ့အား ကမ္ဘာကျော် စာရေးဆရာကြီး



www.burmeseclassic.com

www.burmeseclassic.com

နိုက်တာဟက်ဂက် ဝတ္ထုများထဲမှ မုဆိုးဇာတ်ဆောင်ကြီး "မုဆိုးကြီး အလန်ကွာတာမိန်း"ဟု ကင်ပွန်းတပ်ခဲ့ကြသည်။ [မုဆိုးကြီး အလန်ကွာတာမိန်း ဇာတ်ဆောင်အဖြစ်ပါဝင်သော ဝတ္ထုများကို ကွယ်လွန်သူ စာရေးဆရာကြီး ဒဂုန်ရွှေမျှားက မြန်မာဘာသာ ပြန်ဆိုထုတ်ဝေပြီး ဖြစ်ပါသည်။]

ဒေသခံ လူမျိုးနွယ်အများသည် သူတို့စိုက်ပျိုးထားသော တောင်ယာပြောင်းခင်းများ၊ ကော်ဖီစိုက်ခင်းများ၊ လက်ဖက်စိုက်ခင်းများအား ဆင်ရိုင်းအုပ်များ၊ တောကောင်များ မကြာခဏ ဝင်ရောက်ဖျက်ဆီးလေ့ရှိရာ ထိုအန္တရာယ်တို့မှ ကင်းဝေးရန် ဂျေဟာန်တားအား အကူအညီတောင်းခံခဲ့ရလေ့ရှိ၏။ ယခုရေးသားဖော်ပြမည့် ဖြစ်ရပ်မှာ ကင်ညာအာဏာပိုင်များ၊ ဒေသခံတောင်သူများ၏ အကူအညီတောင်းခံသည့်အတွက် သွားရောက်ခဲ့စဉ် ကြုံတွေ့ရသော သည်းထိတ်ရင်ဖိုဖွယ် ဖြစ်ရပ်ဖြစ်၏။

မုဆိုးကြီးဂျေဟာန်တားသည် လျှိုမြောင်တစ်ခုအတွင်းမှ ကျယ်ကျယ်လောင်လောင် ဟောက်လိုက်သော ခြင်္သေ့တစ်ကောင်၏ အသံကြောင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေရာမှ နိုးလာသည်။ ထိုနေ့သည် ၁၉၄၉ ခု၊ မေလ ၈ ရက်နေ့ ဖြစ်၏။ ယမန်နေ့ညက သူနှင့် ခင်မင်ရင်းနှီးသော ဝကင်ဘာလူမျိုးနွယ်များ၏ အကြီးအကဲဖြစ်သူနှင့် ကျေးရွာသားများသည် သူ့ထံ လာရောက်၍ အကူအညီတောင်းခံသဖြင့် တောတွင်းတစ်နေရာတွင် သူ့တပည့်တစ်ဦးနှင့်အတူ စခန်းချနေကြခြင်း ဖြစ်သည်။

ဝကင်ဘာလူမျိုး အကြီးအကဲ၏ ပြောပြချက်အရ အာရပ်လူမျိုး ဆင်စွယ်မှောင်ခိုကုန်ကူးသူ မုဆိုးတစ်ယောက် သေနတ်ဖြင့် ပစ်ခတ်သဖြင့် သေနတ်ဒဏ်ရာရထားသော အလွန်ကြီးမားသည့် ဆင်ကြီးတစ်ကောင်သည် ဝကင်ဘာအမျိုးသားများ နေထိုင်သော ကျေးရွာများအား ဝင်ရောက်ဖျက်ဆီး၍ လူများအား နင်းသတ်ခဲ့သည်သာမက ပြောင်းခင်းများ၊ ကော်ဖီစိုက်ခင်းများ၊ လက်ဖက်ခင်းများအား ဖျက်ဆီးလျက်ရှိသည်ဟု ဆိုသည်။ တောင်ယာသို့သွားကြသော ယာသမားများအားလည်း ရက်ရက်စက်စက် နင်းသတ်ခဲ့သဖြင့် ထိုဆင်ကြီးအား ပစ်သတ်နှိမ်နင်းပေးရန် အကူအညီတောင်းခဲ့သည်။

ထိုအချိန်ကာလက ဂျေဟာန်တားမှာ ကနေဒါနိုင်ငံသား မိတ်ဆွေတစ်ယောက်နှင့်အတူ တောဆိတ်များအား လိုက်လံပစ်ခတ်နေသောအချိန် ဖြစ်သည်။ သူ့မိတ်ဆွေကိုမူ စခန်းတွင် ခေတ္တနေထိုင်စေခဲ့ပြီး သူ့တပည့်ကျော် သေနတ်ထမ်း ဝကင်ဘာအမျိုးသား ဆဆီတာနှင့်အတူ ဆင်ဆိုးကြီးနောက် ခြေရာခံလိုက်ရင်း တောတွင်းတစ်နေရာ၌ ညအိပ်စောင့်ခဲ့သည်။

သူ့ရုတ်တရက် အိပ်ရာမှ နိုးလာသည်နှင့် ဂျေဟာန်တားသည် ကိုယ်လက်သန့်စင်ရန် ရွက်ဖျင်တဲအတွင်းမှ ထွက်လာခဲ့၏။ ထိုအချိန်မှာပင် လဆုတ်လသည် တိမ်မည်းညိုများအတွင်းမှ ထွက်ပြူခဲ့ရာ တောရပ်မြိုင်ခွင်မှာ ငွေလွှာဖြူခြုံထည်တစ်ခု လွှမ်းခြုံထားသကဲ့သို့ ဖြစ်နေတော့သည်။ မုဆိုးကြီးဟာန်တားသည် ဘယ်ပန်းချီ ရေးမမီသော ရှုခင်းကို ငေးမောကြည့်ရှုနေရာမှ မိနစ်အနည်းငယ် ကြာသည်နှင့် တဲအတွင်းဝင်လာခဲ့သည်နှင့် ခပ်လှမ်းလှမ်းရှိ ကျေးရွာကလေးမှ စီခနဲထွက်လာသောအသံများ၊ ခွေးဟောင်သံများ၊ တုံးခေါက်သည့်အသံများ ထွက်လာသည်။ တစ်စုံတစ်ရာကို ခြောက်လှန့်သည်ဟု ဂျေဟာန်တားက ယူဆမိ၏။

ဟာန်တားသည် သူ့တပည့် ဆဆီတာအား အမဲပစ်သေနတ်ကြီးကို ထမ်းစေကာ ဆူဆူညံညံ အသံကြားရသည့် ကျေးရွာကလေးဆီသို့ ခပ်သုတ်သုတ်ထွက်လာခဲ့၏။ ပြောင်းခင်းများ၊ ကော်ဖီခင်းများနှင့် ချောင်းငယ်ကလေးတစ်ခုကို ဖြတ်ကျော်လာခဲ့သည်။ လွန်ခဲ့သော နှစ်ရက်ခန့်က မိုးသည်းထန်စွာ ရွာထားခဲ့သဖြင့် ချောင်းကလေး၏ အချို့နေရာများတွင် ရေက ဒူးအထိ နက်နေသည်။ ပြောင်းခင်းများ၏ လယ်ကန်သင်းများမှာ သေးလှသဖြင့် မကြာခဏ အောက်သို့ ချော်ကျခဲ့ရာ ဂျေဟာန်တားတို့ ဆရာတပည့်နှစ်ယောက်မှာ ရွှံ့အလူးလူး၊ ဗွက်အလူးလူး ဖြစ်ရတော့၏။

လမ်းတွင်တွေ့ရသော ဝကင်ဘာလူမျိုးတို့၏ ကျေးရွာတစ်ရွာမှာ လူသူမရှိတော့။ လွန်ခဲ့သော သုံးလေးရက်ခန့်က ဆင်ဆိုးကြီးဝင်ရောက်ခဲ့သဖြင့် မြက်ခြောက်မိုးထားသော တဲများ၊ ဝင်းထရံများ၊ ကျွဲနွားများထားသည့် တင်းကုပ်များမှာ ပျက်စီးနေပြီဖြစ်၏။ ကျေးရွာကလေးမှ ရွာသူရွာသားများသည် ဆင်ဆိုးကြီးရန်ကြောင့် ကျေးရွာကလေးကို စွန့်ပစ်၍ နီးစပ်ရာ



www.burmeseclassic.com

www.burmeseclassic.com

ကျေးရွာများသို့ သွားရောက်နေထိုင်ကြပြန်ရှိ၏။

တစ်နာရီသာသာခန့် သွားမိသည်နှင့် အရှေ့ဘက် ကောင်းကင်မှ အရုဏ်ဖြာလာသည်။ သို့သော် အမှောင်ရိပ်သည် ပြောင်းခင်းများ၊ ကော်ဖီခြံများနှင့် တောရပ်မြိုင်တစ်ခွင် ခိုနားဆဲ ဖြစ်နေသည်။ ချုံနွယ်ပိတ်ပေါင်းများ ထူထပ်စွာ ပေါက်နေသဖြင့် ရှေ့ကသွားသော တပည့်ကျော် ဆဆီတာသည် ဓားတစ်လက်ဖြင့် ခုတ်ထွင်ရှင်းလင်း၍ လမ်းထွင်ပေးခဲ့ရသည်။ ဤသို့ဖြင့် မိနစ်အနည်းငယ် ကြာလာသည်နှင့် တက်သစ်စ နေမင်းသည် တဖြည်းဖြည်း တက်လာသဖြင့် အမှောင်ရိပ်များအား မောင်းနှင်ထုတ်ခဲ့ရာ ပတ်ဝန်းကျင်၏ ရှုခင်းသည် ကြည်လင်ပြတ်သားစွာ မြင်လာရ၏။

အိပ်တန်းမှ နိုးထလာကြသော ကျေးငှက်တို့၏အသံ၊ မျောက်တို့၏အသံသည် မြိုင်ရံကို ဆူဝေစေတော့၏။ တောင်ကုန်းတန်းကလေး ကျောရိုးပေါ်တွင်မူ အင်မတန်ကြီးမားသော ဆင်ကြီးတစ်ကောင်၏ ခြေရာများကို တွေ့ရပြီး လတ်လတ်ဆတ်ဆတ်စွန့်ထားသော ဆင်ကြီး၏ မစင်များကိုလည်း တွေ့ရသည်။ လေပြေသည် ဆင်ကြီးလျှောက်သွားသောဘက်မှ တိုက်နေသောကြောင့် ဂျေဟန်တားတို့ ဆရာတပည့်နှစ်ယောက်မှာ လေအောက်တွင် ရောက်နေတော့၏။ နာရီဝက်ခန့် လျှောက်မိသည်နှင့် ဆင်ကြီးတစ်ကောင်၏ ချုံပင်များအား နှာမောင်းဖြင့် ရိုက်သံများကြားရသည်။ ဂျေဟန်တားနှင့် ဆဆီတာတို့သည် ရုတ်တရက် ကိုယ်ရှိန်သတ်ခဲ့ပြီး တောင်ရိုးကြောတစ်လျှောက်မှ ချောက်အတွင်း ခပ်ဖြည်းဖြည်းဆင်းခဲ့ကြသည်နှင့် ဂျေဟန်တားတို့နှစ်ယောက်မှာ ကြက်သေသေ သွားတော့၏။

အလွန်ကြီးမားသည့် ဆင်ကြီးတစ်ကောင်သည် ဂျေဟန်တားတို့ရောက်နေသည့် တောင်ရိုးကလေးပေါ်မှ ချိုင့်ဝှမ်းအတွင်း ဆင်းသွားသည်ကို ထင်ထင်ရှားရှား မြင်ကြရသည်။ ပထမတွင် ဆင်ကြီးကို နောက်ဘက်မှ မြင်ကြရာ သူ၏အစွယ်ကို ကောင်းကောင်းမမြင်ရ။ သို့သော် ဦးခေါင်းတစ်ချက်ငဲ့လိုက်သည်နှင့် ရှည်လျားဖြူဖွေးသော အစွယ်ကြီးကို မြင်ရတော့၏။ အတွေ့အကြုံ များလှသော မုဆိုးကျော် ဂျေဟန်တားအဖို့ ရင်သပ်အံ့ဩမိတော့၏။ ဆင်ပေါင်းများစွာ ပစ်ခတ်ခဲ့သော ဂျေဟန်တားမှာ ဤမျှကြီးမားသော ဆင်ကြီးမျိုး တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးခဲ့ပေ။


ဤတွင် ဂျေဟန်တားသည် တပည့်ကျော် ဆဆီတာထံမှ သေနတ်ကို ယူခဲ့ပြီး ဆင်ကြီးရှေ့ရောက်ရန် တောင်ရိုးထက်သို့ ပန်းတက်ခဲ့သည်။ ဆင်ကြီးမှာ အလွန်ပါးနပ်၍ အတွေ့အကြုံ ရင့်နေဟန်ရှိသည်။ ဂျေဟန်တားနှင့် တပည့်ကျော်တို့၏ အနံ့ကို ရနေဟန်ရှိပြီး တစ်စုံတစ်ရာကို သင်္ကာမကင်းဖြစ်နေပုံရသည်။ နှာမောင်းကြီးကို မကြာခဏ မြှောက်နေသည်။ သူ့အဖို့ လူပေါင်းများစွာကို သတ်ခဲ့ပြီးဖြစ်သဖြင့် အတွေ့အကြုံ များနေလေပြီ။

ဂျေဟန်တားကမူ ဆင်ဆိုးတစ်ကောင်ကို ပစ်ရာတွင် သေကွင်းကိုရမှ ပစ်လိုသည်။ အဘယ်ကြောင့်ဆိုသော် ချက်ကောင်းကိုမမှန်လျှင် ဆင်ဆိုးကြီးသည် လူအများကို ဆက်၍ ဒုက္ခပေးနိုင်သည်။ သူ့အနီးတွင် သတ္တဝါတစ်ကောင် ရောက်နေသည်ဟု သိထားဟန်ရှိသော ဆင်ဆိုးသည် နောက်ဘက်သို့လှည့်ပြီး စူးစူးဝါးဝါးအော်ကာ နှာမောင်းကြီးကို မြှောက်၍ သူတို့နှစ်ယောက်ရှိရာသို့ ပြေးလာတော့၏။ ဆရာတပည့်နှစ်ဦးမှာလည်း အံ့အားသင့်သွားသည်။ သို့သော် ဂျေဟန်တားသည် ဆင်ကြီး၏ ဦးခေါင်းတည့်တည့်သို့ ချိန်၍ သူ့သေနတ်ဖြင့် မောင်းဖြုတ်လိုက်သောတော့သည်။ ဆဆီတာကလည်း သူ့ရိုင်ဖယ်သေနတ်ဖြင့် ပစ်ခတ်လိုက်သည်နှင့် ဆင်ဆိုးကြီးမှာ သူတို့နှစ်ယောက်နှင့် ကိုက် ၂၀ ခန့်အကွာတွင် အရပ်ကြီးပြတ်သကဲ့သို့ မြေပြင်ထက်သို့ လဲကျသွားတော့သည်။

■ လှမိုး(ပညာရေး)

**ကျမ်းကိုး**

Rougue Elephant





www.burmeseclassic.com

www.burmeseclassic.com



# ထိုင်းနိုင်ငံ နက္ခတ္တဆရာကြီး
# မိုဒူးပိုက်ဆံ၏ လအလိုက်ဟော

## ဧပြီလ

■ ဦးတိုး(တက္ကသိုလ)

**(အနောက်တိုင်းနှင့် မတူပါ။ မွေးသက္ကရာဇ်ကိုရှာ၍ အဟောကို ဖတ်ပါ။)**

### မကာရ ရာသီဖွား (ဆိတ်ရုပ်)
### ဇန်နဝါရီလ ၁၄ မှ ဖေဖော်ဝါရီလ ၁၂

မမျှော်လင့်သော မတော်တဆဖြစ်မှုများဖြင့် ကြုံတွေ့လိုက်ရ၍ သင်၏အလုပ်ကို ထိခိုက်လိမ့်မည်။ အကယ်၍ သင့်အနေဖြင့် ပြင်ဆင်ထားပြီးဖြစ်လျှင် အားလုံးသော အနှောင့်အယှက်အတားအဆီးများကို ကျော်လွှားနိုင်ပါလိမ့်မည်။ စာမေးပွဲဖြေဆိုရခြင်းများနှင့် တစ်စုံတစ်ရာ ယှဉ်ပြိုင်ရမှုတွင် ကောင်းသော ရလဒ်ရှိမည်။ သို့ရာတွင် ငွေထွက်ကိန်းပြဿနာတစ်ရပ်ရှိမည်။ သင်၏ ချစ်မေတ္တာရေး ဘဝလမ်းခရီးတွင် စိတ်ဓာတ်ကျနေရကာတ်သည်။ သင့်ချစ်ရသူက ငြင်းလိုက်သဖြင့် အချစ်နာကျနေရပေလိမ့်မည်။

### ကုံရာသီဖွား (ရေထမ်းယောက်ျားရုပ်)
### ဖေဖော်ဝါရီလ ၁၃ မှ မတ်လ ၁၄

အလွန်အရေးကြီးသော အလုပ်အကိုင်ကို ကိုင်တွယ်လိုက်ရသောအခါ အလုပ်ကိုလက်မခံမီ သဘောတူညီမှု လုပ်



www.burmeseclassic.com

www.burmeseclassic.com

ထားပြီး သတိကြီးစွာထား၍ လုပ်ကိုင်ဆောင်ရွက်ပါ။ သို့တည်း မဟုတ်ပါက တရားစွဲဆိုခြင်း ခံရလိမ့်မည်။ စတော့ရှယ်ယာ ဈေးကွက်၊ အတိုးအပွားလုပ်မှု စသည်တို့တွင် အရှုံးပေါ်နိုင် ခြေရှိသည်ကို ကာကွယ်ရန် သတိထား၍ ရင်းနှီးမြှုပ်နှံပါ။ ခရီးတစ်ခုထွက်ခြင်းနှင့် အခြားစီးပွားရေးလုပ်ငန်းများအား သဘောတူညီချက်များကို ရယူရာတွင် အဆင်ပြေစွာ ချောချော မောမောဖြစ်နေပါလိမ့်မည်။ ချစ်မေတ္တာရေးရာတွင် ရှင်သန် ကောင်းမွန်နေပေမည်။

## မိန်ရာသီဖွား (ငါးနှစ်ကောင်ရုပ်)

## မတ်လ ၁၅ မှ မတ်လ ၁၂

သတင်းကောင်းများကို မျှော်လင့်နိုင်ပြီး ဧပြီလ ၁ ရက် မှ ၁၇ ရက်အတောအတွင်းတွင် သင့်အားချီးကျူး၍ ဂုဏ်ပြု ပေးလိမ့်မည်။ မမျှော်လင့်ဘဲနှင့် အသုဘအခမ်းအနားတစ်ခုသို့ တက်ရောက်ရမည်။ ဧပြီလ ၂၁ ရက်မှ ၂၇ ရက်အကြားတွင် သင့်မျက်မြင်တွေ့လိုက်ရသည့်အကြောင်းကို အစိုးရိမ်မလွန်မိ ရန် လိုပေလိမ့်မည်။

## မိဿရာသီဖွား (သိုးထီးရုပ်)

## ဧပြီလ ၁၃ မှ မေလ ၁၃

ဧပြီလ ၁ ရက်မှ ၁၇ ရက်အတွင်း ဧည့်သည်များကို ဧည့်ခံနေရခြင်းနှင့် မကြာခဏ ခရီးသွားရန် စီစဉ်နေရသဖြင့် အလုပ်ရှုပ်နေရပေလိမ့်မည်။ အကြီးအကျယ် ငွေကုန်ကြေးကျ ခံနေရတတ်သည်။ ယခုကာလတွင် ချိန်းဆိုထားမှုများနှင့် အစီ အစဉ်များအားလုံးကို ရွှေ့ဆိုင်းလိုက်ရမည်။ ဧပြီလ ၁၈ ရက်မှ ၂၀ ရက်အတွင်း ကံမကောင်းမှုများနှင့် ကြုံမည်။ တစ်စုံတစ်ရာ အတွက် တွေးပူနေရတတ်သည်။ ယခုကာလတွင် မမျှော် လင့်သော မတော်တဆဖြစ်မှုများနှင့် ကြုံတွေ့ရလိမ့်မည်။ သို့ရာတွင် နောက်ဆုံးမိနစ်ပိုင်း၌ ပြဿနာအားလုံးကို ဖြေရှင်း နိုင်ပါလိမ့်မည်။

## ပြိဿရာသီဖွား (နွားလားဥသဘရုပ်)

## မေလ ၁၄ မှ ဇွန်လ ၁၄

ဧပြီလ ၁ ရက်မှ ၁၅ ရက်အတွင်း သင်လုပ်သမျှ အရာရာတိုင်းအတွက် ကုန်ကျစရိတ်များနေပေလိမ့်မည်။ ထို့ကြောင့် စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်နေပေမည်။ သင်မည်မျှ ပင် ကြိုးစားအားထုတ်သော်လည်း အသီးအပွင့် ခံစားရမည် မဟုတ်ပေ။ ဧပြီလ ၁၆ ရက်နောက်ပိုင်းရောက်မှ ထေမိကာမိ သွားပါလိမ့်မည်။ အရေးပေါ်ဆေးဝါးကုသမှု ခံယူရန် ဆေးရုံ တက်ရလိမ့်မည်။

## မေထုန်ရာသီဖွား (အမြွှာရုပ်)

## ဇွန်လ ၁၅ မှ ဇူလိုင်လ ၁၅

ယခုလတွင် သင့်လုပ်ငန်းခွင်ကို ပြန်လည်ပြင်ဆင်ခြင်း၊ သို့မဟုတ် မွမ်းမံပြုပြင်ရခြင်းများ ရှိမည်။ သင့်ကို ချီးကျူး ဂုဏ်ပြုမည်။ ကန်ထရိုက်စာချုပ်တစ်ရပ်ကို ချုပ်ဆိုရပြီး စီမံကိန်း တစ်ရပ်ကို စတင်လုပ်ဆောင်ရမည်။ အကယ်၍ ယှဉ်ပြိုင်ရမှု တစ်ခုတွင် သင်ဝင်ပြိုင်လျှင် အနိုင်ရပါလိမ့်မည်။ သင်ဘာပဲ လုပ်လုပ် သင့်အား နွေးထွေးစွာ လက်ခံပါလိမ့်မည်။ အကယ်၍ သင်သည် စကားပြောဟောသူ၊ သို့မဟုတ် စာရေးဆရာဖြစ် နေလျှင် သင့်ဘဝ အသက်မွေးဝမ်းကျောင်းမှာ စိုပြည်နေပေ မည်။ စာသင်ကြားခြင်း၊ ယှဉ်ပြိုင်ခြင်း၊ သို့မဟုတ် စာမေးပွဲ ဖြေဆိုခြင်းနှင့် စတော့ရှယ်ယာ ရင်းနှီးမြှုပ်နှံခြင်း၊ ငွေအတိုး အပွားလုပ်ခြင်းတို့တွင် ကောင်းကျိုးရလဒ်ပေးမည်။ သို့ရာတွင် သင်ဝယ်ယူလိုက်သည့် ရှယ်ယာများမှာ ဆက်လက် တန်ဖိုး ကျဆင်းနေမည်။ သင်၏ ချစ်မေတ္တာရေးတွင် အပြောင်းအလဲ မရှိဘဲ တန့်နေဦးမည်။

## ကရကဋ်ရာသီဖွား (ပုစွန်လုံးရုပ်)

## ဇူလိုင်လ ၁၆ မှ ဩဂုတ်လ ၁၆

ဧပြီလ ၁ ရက်မှ ၁၅ ရက်အကြားတွင် ခရီးသွားခြင်း၊ ပြိုင်ပွဲတစ်ခုဝင်ခြင်းနှင့် အရွှေ့ခံခြင်း စသည်တို့တွင် ကောင်း



www.burmeseclassic.com

မွန်သော အကျိုးဆက်များ ပေးလိမ့်မည်။ ဧပြီလ ၁၇ ရက်မှ ၃၀ ရက်အတွင်း သန္နိဋ္ဌာန်ချမှတ်မှု ခိုင်မာပြီး မမိုက်မသုန် သင်ကိုယ်တိုင် ပြဿနာများကို ဖြေရှင်းရန် ကြိုးစားပါ။ သို့သော်ငြားလည်း ဧပြီလ ၁၈ ရက်မှ ၃၀ ရက်အတွင်း အကြီးအကျယ် ငွေအကုန်အကျ များနေပေလိမ့်မည်။

## သိဟ်ရာသီဖွား (ခြသေ့်ရုပ်)
## ဩဂုတ်လ ၁၇ မှ စက်တင်ဘာလ ၁၆

ဧပြီလ ၁ ရက်မှ ၁၇ ရက်အကြားတွင် သင်၏ ရည်မှန်းချက်ပန်းတိုင်သို့ ပြီးမြောက်အောင်မြင်စွာ ရောက်ရှိသွားမည်။ လောင်းကစားမှုနှင့် အချစ်ရေးများအပါအဝင် သင်၏ဘဝ ဘက်ပေါင်းစုံ ကောင်းမွန်အောင် မေခလာကယ်ပါလိမ့်မည်။

## ကန်ရာသီဖွား (အပျိုစင်ရုပ်)
## စက်တင်ဘာလ ၁၇ မှ အောက်တိုဘာလ ၁၆

ဧပြီလ ၁ ရက်မှ ၁၅ ရက်အတွင်း မမျှော်လင့်သည့် မတော်တဆမှုနှင့် ကြုံတွေ့ရဖွယ်ရှိ၍ စိတ်ရှည်ရှည်ထားဖို့ လိုပေလိမ့်မည်။ ပြေလည်သွားအောင် ဖြေရှင်းမပြီးမီအထိ အရောင်းဦးတည်ချက်တစ်ရပ်နှင့် စီးပွားရေးသဘောတူညီမှု အတွက် ရှည်ရှည်လျားလျား စကားပြောဆိုနေရသဖြင့် စိတ်လေ့ပျော့လုနီးပါးအထိ ဖြစ်သွားတတ်သည်။ ဆေးဝါးကုသမှု ခံယူရန် ဆေးရုံတက်ရလိမ့်မည်။ ဧပြီလ ၁၆ ရက်မှ ၃၀ ရက် အကြား၌ ကံဆိုးနေမည်။ စီးပွားရေးလုပ်ငန်းတစ်ခုအတွက် ခရီးသွားရမည်ဖြစ်သော်လည်း အောင်မြင်မှုရမည် မဟုတ်ပေ။ ယခုလတွင် ကိစ္စအားလုံးကို မဆုံးဖြတ်နိုင်ဘဲ ဖြစ်နေပေမည်။

## တူရာသီဖွား (ချိန်ခွင်ရုပ်)
## အောက်တိုဘာလ ၁၇ မှ နိုဝင်ဘာလ ၁၆

ဘာပဲဖြစ်နေနေ ဧပြီလ ၁ ရက်မှ ၁၆ ရက်အတွင်း တည်တည်ငြိမ်ငြိမ်ရှိနေပါစေ။ ယခုကာလတွင် သင်အလွန် အောပန်းနေပေမည်။ ဧပြီလ ၁၇ ရက်ကျော်သွားမှ ကံမကောင်း မှုများ ပပျောက်သွားပါလိမ့်မည်။ ခွဲစိတ်ကုသမှုတစ်ခုကို ခံယူပြီး နောက် ပြန်လည်ကောင်းမွန်လာမည်။ သတင်းကောင်းကြားရရန် မျှော်လင့်နိုင်သည်။ ငွေကြေးမတည်မြဲမှုများ၊ အရောင်းဦးတည်ချက်တစ်ခု၊ စတော့ရှယ်ယာအတိုးအပွားလုပ်မှု အလားအလာကောင်းသည်။

## ပြိဿရာသီဖွား (ကင်းမြီးကောက်ရုပ်)
## နိုဝင်ဘာလ ၁၇ မှ ဒီဇင်ဘာလ ၁၅

ခရီးများထွက်ရ၍ သင်ပျော်ရွှင်နေမည်။ သင်၏ စီးပွားရေးလုပ်ငန်း ကောင်းနေမည်။ စီးပွားရေးတစ်ခု တိုးချဲ့ခြင်း၊ တိုက်ခန်းတည်ဆောက်ရေးအစီအစဉ်များနှင့် ကားသစ်တစ်စီး ဝယ်ယူရေးတို့တွင် လုပ်ငန်းချောမွေ့နေပါမည်။ သင်သည် ပင်လယ်ရပ်ခြား ခရီးတစ်ခု စတင်သွားရလိမ့်မည်။

## ဓနုရာသီဖွား (လေးစွဲယောကျ်ားရုပ်)
## ဒီဇင်ဘာလ ၁၆ မှ ဇန်နဝါရီလ ၁၃

အလုပ်ကြောင့်သော်လည်းကောင်း၊ ဤမှုသော ရာသီတွင် သင်နှင့် ပူးကပ်နေသူတို့ကြောင့်လည်းကောင်း စိတ်ပျက်မှု ခံစားနေရတတ်သည်။ စီမံချက်တစ်ခု၊ သို့မဟုတ် ကန်ထရိုက် စာချုပ်ချုပ်ဆိုရန် အလုပ်မဖြစ်သေးဘဲ ရပ်ဆိုင်းလိုက်ရမည်။ သင်ပါဝင်ယှဉ်ပြိုင်နေရင်း ဒဏ်ရာရတတ်သည်။ သို့သော်ငြားလည်း ခရီးသွားခြင်းနှင့် ပွဲတော်တစ်ခုသို့ လည်ပတ်ခြင်းတို့တွင် သင်ကံကောင်းနေမည်။ ကောလာဟလသတင်းများကြောင့် စတော့ဈေးကွက် ထိုးကျသွားမည်။

ဦးတိုး(တက္ကသိုလ)

***Reference:***

The Bangkok Post's LIFE
Year of the HORSE Your month-by-month horoscope for 2014
By MOHDU PAISARN

www.burmeseclassic.com



# သောင်းဝင်းလတ်

မေတ္တာရောင်ပြန်

ထင်ဟပ်ရှန်သာ

www.burmeseclassic.com

www.burmeseclassic.com

# မေတ္တာရောင်ပြန် ထင်ဟပ်ရန်သာ

## ဆောင်းဝင်းလတ်

တွေ့ကြုံဆုံကွဲ မမြဲမမှာ လောကသံသရာတွင် မြန်မာနိုင်ငံ၊ ရန်ကုန်မြို့မှာ ကျွန်တော်နေခဲ့စဉ်တုန်းက စာပေအနုပညာနယ်မြေမှ မိတ်သင်္ဂဟများနှင့် အားလပ်သည့်အခါသမယတိုင်း နေ့ရောညပါ တွေ့လိုဆုံလိုသည့်အခါအချိန်မရွေး တွေ့ခွင့်ဆုံခွင့် ကြုံခွင့်ရနိုင်ခဲ့သည်။ ယခု သူတို့နှင့် မိုင်ပေါင်းတစ်သောင်းလောက် ဝေးကွာသော အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိနေထိုင်သည့် ကာလကျတော့ လွမ်းနေ၊ သတိရနေရရုံမှတစ်ပါး သူတို့၏ ချစ်စရာ၊ ခင်စရာ အလွန်ကောင်းသော မျက်နှာသွင်ပြင်လက္ခဏာအမူအရာများကို တွေ့လိုမြင်လိုပါလျက်နှင့် တွေ့ခွင့်၊ မြင်ခွင့်မရပေ။ ကျွန်တော် နေထိုင်သော ရှာကိုးပီမြို့မှ မင်နီဆိုတာပြည်နယ်၌ တည်ရှိကာ ကနေဒါနိုင်ငံနှင့် အတော်ပင်နီး၏။ ကုန်းတွင်းပိုင်း တောတောင်ရေမြေပိုင်းရုံလျက် ရေကန်မြစ်ချောင်းများလည်း ရစ်ခွေစီးဆင်းနေသလို တခြားသော ပြည်နယ်များထက် အအေးဓာတ်ပိုမို နှင်းခဲတွေ စိုစွတ်နေတတ်၏။ မင်နီဆိုတာ ပြည်နယ်သူ ပြည်နယ်သားများက သူတို့ဒေသကို ဂုဏ်ယူလိုကြပေရာ ရေကန်ကြီးပေါင်း တစ်သောင်းရှိသော မြို့နယ်၊ ရေကန်ကြီးပေါင်း တစ်သောင်းဝန်းရံနေသော ပြည်နယ်ဟု မကြာခဏ ဝိသေသပြု ပြောလေ့ရှိကြ၏။ ကျွန်တော်နေထိုင်သော ရှာကိုးပီမြို့တွင် မြန်မာလူမျိုး တစ်ယောက်မှ မမြင်ရပေ။ မြန်မာလူမျိုး စာပေသမား၊ အနုပညာသမား ရှားပါးရုံမျှမက လုံးဝမမြင်ရမတွေ့ရသော မြို့ဖြစ်နေ၏။ အမေရိကန်လူမျိုး၊ စပိန်လူမျိုး၊ ကနေဒီယန်လူမျိုး၊ ကပ္ပလီအမျိုးသား၊ အမျိုးသမီးများ၊ မက်ဆီကန်လူမျိုးတချို့နှင့် ဂျပန်၊ ကိုရီးယား၊ ဗီယက်နမ်၊ ထိုင်း၊ လာအိုနှင့် Mong ခေါ် မုန်းလူမျိုးတချို့သာ နေ့စဉ်နှင့်အမျှ အများဆုံး တွေ့နေ၊ ဆုံနေရပြီး စတိုးဆိုင်ကြီး တစ်ဆိုင်မှာတော့ အိန္ဒိယတိုင်းရင်းသား တချို့နှင့် နီပေါလ်နိုင်ငံသား တချို့အပြင် ကမ္ဘောဒီးယားလူမျိုးတချို့ကို မထင်မှတ်ဘဲ ဆုံစည်းလိုက်ရဖူး၏။ ကျွန်တော်နေထိုင်သော မြို့တွင် မြန်မာလူမျိုး မရှိခြင်းကြောင့် တစ်ခါတစ်ရံတွင် မြန်မာလူမျိုးမိသားစု အနည်းငယ်ရှိသော တခြားမြို့ နှစ်မြို့သို့ တစ်နာရီကျော် နှစ်နာရီနီးပါး ကားမောင်းပြီး သွားရောက်လှည့်ပတ် တွေ့ဆုံရပါသည်။ ကျွန်တော်နေထိုင်သော မြို့နှင့် တော်တော်လေးဝေးကွာသော မြို့နှစ်မြို့ကို Twin Cities အမြွာမြို့နှစ်မြို့ဟု ခေါ်ကြပါ၏။ စိန်ပေါလ်မြို့နှင့် မင်နီပိုလစ်စ်မြို့နှစ်မြို့ ဖြစ်ပါသည်။ အလွန်ပင်စည်ကား ကြီးကျယ်ခမ်းနားသော မြို့ကြီးနှစ်မြို့လည်း ဖြစ်ပါသည်။ အဆိုပါမြို့နှစ်မြို့တွင် နေထိုင်ကြသော မြန်မာမိသားစုများမှာလည်း များများစားစား မဟုတ်လှပါပေ။ မိသားစုတစ်စုမှာ မြန်မာနိုင်ငံ၊ မွန်ပြည်နယ်ဘက်မှ လာရောက်နေထိုင်လုပ်ကိုင်စားသောက်နေကြသော မိသားစုဖြစ်၏။ အလွန်စိတ်သဘောထားကောင်းပြီး ပျော်ပျော်ရွှင်ရွှင် နေထိုင်တတ်သော သဘောသဘာဝ ရှိကြ၏။ ဗုဒ္ဓဘာသာဝင်မိသားစုလည်း ဖြစ်ပါသည်။ သူတို့အိမ်ခြံဝင်းထဲတွင် (နှင်းမကျသော နွေရာသီဆိုလျှင်) ဘူးပင်၊ ချဉ်ပေါင်၊ ငရုတ်၊ မုန်လာ၊ မုန်ညင်း၊ ဟင်းနုနွယ်၊ ရုံးပတီ၊ ခရမ်းချဉ်၊ ခရမ်းသီး စသည့် စားပင်သီးပင်များကို အမြန်ဖြစ်ထွန်းအောင် စိုက်ပျိုးကြသည်။ အသီးအနှံများ ရရှိသည့်အခါ မြန်မာမိသားစုများထံ ဖုန်းဆက်အကြောင်းကြားကာ လက်ဆောင်ဝေငှပေးတတ်ကြသည်။ တစ်ခါတစ်ရံတွင် သူတို့ခြံဝင်းထဲမှာပင် ဒယ်အိုးကြီးနှင့် ဘူးသီးကြော်၊ ပုစွန်ငါးပေါင်းကြော်များ ကြော်ကာ တည်ခင်းကျွေးမွေးပါသည်။ နောက် မြန်မာမိသားစုတစ်စုကတော့ မြန်မာနိုင်ငံရှိ မြစ်ဝကျွန်းပေါ်ဒေသဘက်ဆီမှ လာရောက်နေထိုင် လုပ်ကိုင်စားသောက်နေကြသော မိသားစုဖြစ်ကာ သဘော



www.burmeseclassic.com

www.burmeseclassic.com

လည်းကောင်းကြပါသည်။ သူတို့ကတော့ ဟင်းကောင်းကောင်းချက်ပြီး ဖိတ်ခေါ်ကျွေးမွေးတတ်ကြပါသည်။ ဒံပေါက်ထမင်း ကိုယ်တိုင်ချက်တတ်ကြသည်၊ မုန့်ဟင်းခါး ကိုယ်တိုင်ချက်ကြသည်။ သူတို့မိသားစုကျတော့ အချက်အပြုတ်ကို ဝါသနာပါကြလေရာ နိုင်ငံတကာ ဟင်းလျာမျိုးစုံ ချက်နည်းပြုတ်နည်း စာအုပ်ကြီးများကို ဝယ်ထားပြီး စာအုပ်ထဲကနည်းစနစ်အတိုင်း ဥရောပအစားအစာ၊ အရှေ့တိုင်းအစားအစာ ဟင်းလျာ၊ အကြော်၊ အကင် စသဖြင့် ချက်ပြုတ်၍လည်း ဖိတ်ခေါ်ကျွေးမွေးလေ့ ရှိကြပါသည်။ ခရီးတာ ဝေးကွာသဖြင့် တစ်ခါတစ်ရံမှသာ ကျွန်တော်ရောက်သွားတတ်ပါသည်။ သူတို့မိသားစုနှစ်ခုတွင် တစ်စုက စာဖတ်ဝါသနာ မပါကြပါ။ နောက် မိသားစုတစ်စုကတော့ ဟင်းလျာချက်နည်းမျိုးစုံ စာအုပ်ပါ ဝယ်ယူပြီး အိမ်မှာထားတာ တွေ့ရပါသည်။ မိသားစုတစ်စုမှ မြန်မာအမျိုးသမီးတစ်ဦးကတော့ ဘာသာရေးကို ဦးစားပေး အာရုံစိုက်လေ့ရှိကြောင်း ကြားရသိရကာ သူ့ဆီမှာ မြန်မာစာအုပ်တချို့ကို တွေ့ရပါ၏။ အဆိုပါ မြန်မာအမျိုးသမီးမှာ အလုပ်အကိုင်အားလပ်သည့်အခါ၌ အမိဋ္ဌာန်ဝင်ခြင်း၊ ဘာသာရေးစာအုပ်စာတမ်းတချို့ကို ဖတ်ရှုခြင်း အလေ့အထရှိကြောင်းလည်း တစ်စွန်းတစ်စ ကျွန်တော် ကြားရသိရပါသည်။ တစ်ရက်မှာတော့ အဆိုပါ မြန်မာအမျိုးသမီးနေထိုင်သော နေအိမ်သို့ ကျွန်တော်ရောက်သွားရာ ရှားရှားပါးပါး မြန်မာနိုင်ငံမှ လစဉ်ထုတ်ဝေနေသည့် "ရောင်ပြန်" မဂ္ဂဇင်းစာအုပ်အဟောင်းတစ်အုပ်ကို တွေ့လိုက်ရပါသည်။

"ကျွန်မ ရန်ကုန်ခဏပြန်သွားတုန်းက ရောင်ပြန်မဂ္ဂဇင်းစာအုပ် ငါးအုပ်သယ်လာမလို့ပဲ။ ဒါပေမယ့် တချို့မိတ်ဆွေတွေက အမေရိကကို လူကြုံပါးလိုက်တဲ့ တခြားပစ္စည်းတွေကို ငဲ့ကွက်ပြီး လေယာဉ်ပေါ်မှာ အလေးချိန်တွက်ဆပြီး ယူရမှာမို့ ရောင်ပြန်မဂ္ဂဇင်းစာအုပ် သုံးအုပ်ပဲ သယ်လာနိုင်ခဲ့ပါတယ်။ အခုတော့ ဒီတစ်အုပ်ပဲရှိပါတော့တယ်။ ကျန်တဲ့နှစ်အုပ်ကိုတော့ ကျွန်မလိုပဲ ရောင်ပြန်မဂ္ဂဇင်းဖတ်ကြတဲ့ ညီမဝမ်းကွဲတွေနေတဲ့ လက်စ်ဗီးဂတ်စ်မြို့ကို စာတိုက်က ပို့ပေးလိုက်ရပါတယ်"

ဟု အဆိုပါ မြန်မာအမျိုးသမီးက ကျွန်တော့်ကို ပြောပြပါသည်။ ကျွန်တော်ကိုယ်တိုင်လည်း အမေရိကသို့လာတော့ မြန်မာစာအုပ်များ သယ်ဆောင်မလာမိခဲ့ပါ။ ဩော် . . . ဒီရောက်ရင်တော့ စာဖတ်ဝါသနာပါတဲ့ တခြားမြန်မာမိသားစုတွေအိမ်က မြန်မာမဂ္ဂဇင်းတွေ ငှားဖတ်မယ်ဟု ကြိုတင်စဉ်းစားခဲ့သမျှ ဒီကိုရောက်လာတဲ့အခါကျတော့ စောစောတုန်းက ကျွန်တော် ပြောသလိုပါပဲခင်ဗျာ။ စာဖတ်ဝါသနာပါသလို ရောင်ပြန်မဂ္ဂဇင်းကို စွဲစွဲလမ်းလမ်း ဖတ်လေ့ဖတ်ထရှိသူ မြန်မာအမျိုးသမီးတစ်ဦးကိုသာ ရှားရှားပါးပါး ဆုံစည်းခွင့်ရခဲ့ပါ၏။ ဒီရောက်တော့ ကျွန်တော့်မှာ မြန်မာနိုင်ငံက မိတ်ဆွေစာပေသမားတွေကို လွမ်းသလို သူတို့ရေးသော စာပေများကိုလည်း ငတ်မွတ်စွာ ဖတ်လိုပါသဖြင့် အဆိုပါမြန်မာ အမျိုးသမီး၏ နေအိမ်သို့ ရောက်ခွင့်ကြုံခိုက်တွင် 'ရောင်ပြန်'မဂ္ဂဇင်းအဟောင်းတစ်အုပ်လုံးကို တစ်ထိုင်တည်း စိမ်ပြေနပြေ အေးအေးဆေးဆေး သူတို့အိမ်ဧည့်ခန်းတွင်ထိုင်ကာ ဖတ်ခဲ့ပါ၏။ လျှို့ဝှက်နက်နဲ ဆန်းကြယ်သော ဖြစ်စဉ်ဖြစ်ရပ်များကို ကျွန်တော်လည်း ငယ်စဉ်အခါကတည်းကပင် စိတ်ဝင်စားခဲ့လေရာ ထိုသို့သော အကြောင်းခြင်းရာများပါဝင်သည့် စာအုပ်စာပေအချို့ကို ခုချိန်အထိ စွဲစွဲမြဲမြဲ ဖတ်ရှုနေတုန်းပင် ဖြစ်ပါသည်။ မြန်မာမိသားစုများနေထိုင်သော အဆိုပါ စိန်ပေါလ် မြို့နှင့် မိနီဟာပိုလစ်စ်မြို့၊ အမြွာမြို့ နှစ်မြို့ဆီမှ ကျွန်တော်နေထိုင်ရာ ရှာကိုးပီမြို့သို့ ပြန်လည်ရောက်ရှိလာပြီး မျှားမကြာမီ တစ်ရက်တွင် ကျွန်တော်နှင့် ခင်မင်ရင်းနှီးသော အမေရိကန်အမျိုးသမီးကြီး တစ်ဦးဖြစ်သည့် Ms Brittan L Johnsen ဆိုသူက သူ့မှာရှိသော စာအုပ်နှစ်အုပ်ကို ကျွန်တော့်အတွက် လက်ဆောင်ပေးပါသည်။ သူနေထိုင်သည့်အခန်းမှာ အခန်းနံပါတ် ၃၂၇ ဖြစ်ရာ ကျွန်တော်နှင့် အိမ်နီးနားချင်းဟုလည်း ဆိုနိုင်ပါသည်။ သူနှင့်ကျွန်တော်က တစ်ခါက စကားစပ်မိကြရာတွင် လျှို့ဝှက်နက်နဲ ဆန်းကြယ်သော စာအုပ်စာပေများကို ကျွန်တော်ငယ်စဉ်ကတည်းကပင် ဖတ်ရှုရန် စိတ်အား



www.burmeseclassic.com

www.burmeseclassic.com

ရှိခဲ့ကြောင်း ပြောထားဖူးတာကို သူသတိရမိသည့်အတွက် ယခုကဲ့သို့ သူ့မှာရှိသော ARCHAEOLOGY မဂ္ဂဇင်းစာအုပ် နှစ်အုပ်ကို လက်ဆောင်ပေးရခြင်း ဖြစ်ကြောင်းလည်း သူက ပြောပြ၍ ကျေးဇူးတင်မိပါသည်။ သူပေးသောမဂ္ဂဇင်းကို ထုတ်ဝေသည့်နေရာမှာ ကျွန်တော်တို့နေထိုင်သော ဒေသနှင့် အလှမ်းဝေးပါသည်။ နယူးရောက်ပြည်နယ်၊ လောင်းအိုင်လန်မြို့ရှိ လမ်းတစ်လမ်းတွင် အယ်ဒီတာအဖွဲ့ရုံးထိုင်ကာ စီစဉ်ထုတ်ဝေနေသော မဂ္ဂဇင်းဟု သိရပါသည်။ စာအုပ်နှစ်အုပ် ကျွန်တော့်ကို လက်ဆောင်ပေးရင်း မြန်မာနိုင်ငံမှ ထူးခြားဆန်းကြယ်ဖြစ်ရပ်များကို ဖော်ပြသည့် မဂ္ဂဇင်းများအကြောင်း ပြောပြပါဟု မစ္စဘရစ်တန်က ကျွန်တော့်ကို ပြောသဖြင့် ကျွန်တော်က ဂမ္ဘီရ၊ သူရဿ၊ လပြည့်ဝန်း၊ နက္ခတ္တရောင်ခြည်၊ ရောင်ပြန် စသည့် မဂ္ဂဇင်းများအကြောင်းကို အကြမ်းဖျင်းအားဖြင့် သူနားလည်လောက်အောင် ပြောပြရပါသေးသည်။ တော်ပါသေး၏။ ကျွန်တော်နေထိုင်သောမြို့နှင့် ရပ်ကွက် အိမ်နီးနားချင်းများတွင် မြန်မာလူမျိုးမိသားစု မရှိသော်လည်း မစ္စဘရစ်တန်တို့လို စာဖတ်ဝါသနာပါသော မိတ်သင်္ဂဟတချို့ ရှိနေပေသေး၍ တော်ပါသေး၏။ စာအကြောင်း ပေအကြောင်းလေးတော့ စကားပြောဖော် ရနေပါသေး၏။

တစ်ရက်တွင်တော့ မထင်မှတ်သော ကိစ္စတစ်ခုအတွက် အမွှာမြို့တော် နှစ်ခုအနက်မှ မြို့တစ်မြို့သို့ ကျွန်တော် ရောက်သွားရပြန်သည်။ အဆိုပါမြို့မှာ နေထိုင်သော မြန်မာမိသားတစ်စုထဲမှ ရှင်နည်းရာ အဂ္ဂလူထွက် ဆိုဘိသကဲ့သို့ မြန်မာလူငယ်လေးတစ်ယောက်၏ နာရေးတစ်နှစ်ပြည့်ကိစ္စကြောင့် ရောက်သွားရခြင်း ဖြစ်သည်။ ကျန်ရစ်သူမိသားစုမှ တစ်နှစ်ပြည့်သွားသော်ငြား လွမ်းအားဖြင့် ဘယ်မပြေနိုင်သေးဆိုသလို မျက်နှာမကောင်းကြ၊ နွမ်းလျလျ။ အဆိုပါ မြန်မာလူငယ်လေး ရုတ်တရက် ကွယ်လွန်သွားရရှာပုံမှာလည်း ဆန်းကြယ်နက်နဲလှသည်၊ လူငယ်လေးမှာ တက္ကသိုလ်တစ်ခုတွင် ပညာသင်ကြားဆဲကာလ။ တစ်ဖက်တစ်လမ်းမှ ပညာသင်စရိတ်ရရန် အလုပ်တစ်ခုလည်း အချိန်ပိုင်းဝင်လုပ်နေသူဟု သိရ၏။ တစ်ညတွင် အလုပ်ကိစ္စနှင့် ပတ်သက်ဆက်နွယ်နေသော လူမည်းအမျိုးသား ကပ္ပလီတစ်ယောက်က သူ့အိမ်သို့လာခဲ့ပါဟု ဖုန်းဆက်သဖြင့် လူငယ်လေးက အဆိုပါနေအိမ်သို့ ကားမောင်းပြီး ထွက်သွားခဲ့သည်၊ အချိန်တန်၍ အိမ်ပြန်မလာသည့်အခါကျမှ လိုက်လံစုံစမ်းကြတော့ အဆိုပါ လူမည်းအမျိုးသား၏အိမ်တွင် သေနတ်ဒဏ်ရာဖြင့် သေဆုံးနေသော မြန်မာလူငယ်လေးကို တွေ့ကြရတော့သည်။ ဆန်းကြယ်နက်နဲသော အမှုကိစ္စဖြစ်ပွားခဲ့သည်မှာ တစ်နှစ်ကြာခဲ့လေပြီ။ ယခု ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလအတွင်းတွင် မင်နီဆိုတာပြည်နယ်တရားရုံးက အမိန့်ချမှတ်တော့မည်ဟုလည်း သိခဲ့ရပါသည်။ လူတစ်ယောက်၏ဘဝ နိဂုံးကမ္ပတ် အဆုံးသတ်ရာ နေရာဒေသများကား ဆန်းကြယ်သလိုပင်။ အဆိုပါ မြန်မာလူငယ်လေးအနေဖြင့် ဇာတိဌာနေ မြန်မာ့မြေတွင် ဘဝနိဂုံးအဆုံးမသတ်ရရှာဘဲ ဝေးရပ်မြေခြား တိုင်းတစ်ပါးမှာမှလာ၍ နိဂုံးချုပ်ရရှာ၏။ ရိုးရိုးသေဆုံးရရှာခြင်းလည်း မဟုတ်၊ ဥပစ္ဆေဒကကံကလည်း သူ့ခမျာ ပါလာရှာပါသေး၏။ နုနယ်ငယ်ရွယ်လွန်းလှပါသေးသည်။ သို့သော် သေခြင်းတရားပေတကား။ ကျွန်တော့်ပတ်ဝန်းကျင် ဒေသတစ်ခွင်မှာ မြန်မာလူမျိုး ရှားပါးနည်းပါးလွန်းလှသည့်ကြားမှ လူ့ဘဝကို ရုတ်တရက် နှုတ်ဆက်ထွက်ခွာသွားလေသော လူငယ်လေးတစ်ဦးပါတကား။ လူ့ဘဝဆိုသည်ကား ဘယ်နေရာ၊ ဘယ်ဒေသ၊ ဘယ်နေ့ဘယ်ရက်၊ ဘယ်နာရီ၊ ဘယ်မိနစ်၊ ဘယ်စက္ကန့်မှာ ဘာဖြစ်မည် ဆိုသည်ကို ကြိုတင်၍လည်း မသိကြရ၊ ဘာတွေကြုံတွေ့ကြရဦးမည်ဆိုတာလည်း သေချာရေရာခြင်း မရှိကြ။ ဘာမှမမြဲ။ ခွဲခွာကြရခြင်း၊ နီးနီးကပ်ကပ် နေကြရခြင်း ဆိုသည်မှာလည်း ကံစီမံရာကို နာခံနေကြရခြင်းသာ။ ကြုံတုန်းဆုံတုန်း၊ တွေ့ကြတုန်း၊ တွေ့ခွင့်ရကြတုန်း ခဏတာကာလလေးမှာ တစ်ဦးကိုတစ်ဦး ခွင့်လွှတ်သည်းခံ၊ စာနာထောက်ထား ချစ်ခြင်းများဖြင့်သာ နေထိုင်ကြဖို့သာ ရှိပါတော့သည်။ တစ်ဦးကိုတစ်ဦး မေတ္တာရောင်ပြန် ထင်ဟပ်နိုင်ကြပါစေသတည်း။

■ ဆောင်းဝင်းလတ်



www.burmeseclassic.com

www.burmeseclassic.com

# ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း ဗေနဇီယာဘူတို၏ ဇာတာကို မိုးတားနည်းဖြင့် သုံးသပ်ချက်

■ ယခင်လမှအဆက်

ဦးညိုမာန်(မိုးတား)

## တနင်္လာဂြိုဟ်(စန်း)အား MOTAA နည်းဖြင့် အသေးစိတ်လေ့လာခြင်း

တနင်္လာသည် ၁ တန့်ဘာဝတွင် ရပ်တည်ခြင်းကြောင့် စိတ်ခံစားလွယ်သည်။ စိတ်ထိခိုက်လွယ်သည်။ စိတ်ဆတ်သည်။ ကိစ္စရပ်များကို ဆုံးဖြတ်ရာတွင် စိတ်တွင်းမှ အလိုအလျောက်ဖြစ်ပေါ်လာသော Instinct အတိုင်း ဆုံးဖြတ်လေ့ရှိသည်။ တစ်နည်းအားဖြင့် ၉ တန့်ဘာဝ၏ မူလတြိဂေါဏအိမ်ရှင်ဖြစ်သော တနင်္လာသည် ၁ တန့်တွင် တည်ခြင်းဖြင့် ဇာတာရှင်အတွက် ဖခင်ဖြစ်သူသည် အလွန်အရေးကြီးသော အနေအထားတွင် တည်ရှိနေလေသည်။ ပင်ကိုသဘာဝအားဖြင့်လည်း ဇာတာရှင်သည် မိမိကိုယ်ပိုင်အစွမ်းအစဖြင့် ကြီးပွားမည့်သူ ဖြစ်သည်ကို ဖော်ပြနေသည်။ ဇာတာရှင်၏ ခင်မင်လိုဖွယ်ကောင်းသော အပြုအမူ၊ အနေအထိုင်တို့ကြောင့် အများက အသိအမှတ်ပြုရသောသူဖြစ်သည်။ အထက်လူကြီးများက တုံ့ဆိုင်းခြင်းမရှိဘဲ ထောက်ခံပေးခြင်းကို ရရှိမည့် ဇာတာမျိုးဖြစ်သည်။ ဇာတာရှင်အနေဖြင့် မြင့်မားသော ဘဝအခြေအနေကို ရောက်ရှိလိမ့်မည်။

တနင်္လာဂြိုဟ်အား လွှမ်းမိုးထားသော ဂြိုဟ်များကို လေ့လာကြမည်ဆိုပါက တနင်္လာဂြိုဟ်၏ မူလတြိဂေါဏအိမ်ဖြစ်ရာ ၉ တန့်ဘာဝအား ဗုဒ္ဓဟူးနှင့် စနေမှ ကောင်းသောအင်အားတို့ဖြင့် တင်ရှားလွှမ်းထားသည်ကို တွေ့မြင်ရသည်။ ဤနေရာတွင် စနေသည် ဂြိုဟ်ဆိုးမဟုတ်သည်ကို သတိပြုကြရန် လိုပါသည်။ လာဘ ဘာဝခေါ်သော ၁၁ ဘာဝ၏ မူလတြိဂေါဏအိမ်ရှင် ဗုဒ္ဓဟူးသည် တနင်္လာဂြိုဟ်၏ မူရင်းအစစ်အမှန်ဖြစ်သော မူလတြိဂေါဏအိမ်ဖြစ်သည့် ၉ တန့်ဘာဝ

www.burmeseclassic.com

(ကရကင့်ရာသီ)၏ ဗဟိုချက်မှ မကွာဝေးသော အနေအထားတွင် ရပ်တည်လျက် ထိုဗဟိုချက်အား ၈၇%ဖြင့် လွှမ်းမိုးထားသည်။ အထက်ပါ အချက်ကို စုပေါင်းအဓိပ္ပာယ်ဖော်လိုက်ပါက ၁၁ တန့်ဘာဝသည် လာဘ်လာဘ၊ လုနေမှုအဆင့်အတန်း မြင့်မားမှုဖြစ်ပြီး၊ ၎င်း၏အိမ်ရှင်ဖြစ်သော ဗုဒ္ဓဟူးသည် ဇာတာရှင်၏ ဖခင်ကို ဖော်ဆောင်သော ၉ တန့်ဘာဝအိမ်ရှင်၊ တစ်နည်းအားဖြင့်လည်း ဇာတာရှင်၏ စိတ်ဓာတ်နှင့် ပြည်သူလူထု၏ ချစ်ခင်မှုကို ဖော်ပြသော တနင်္လာဂြိုဟ်ပေါ်တွင် လွှမ်းမိုးထားသဖြင့် ဇာတာရှင်၏ ဖခင်သည်လည်းကောင်း၊ ဇာတာရှင်၏ စိတ်ဓာတ်သည်လည်းကောင်း အဆင့်မြင့်သူဖြစ်၍ ပြည်သူလူထု၏ ထောက်ခံမှုသည် ဇာတာရှင်အပေါ်တွင် လွန်စွာအားကောင်းနေမကြောင်း မြင်တွေ့ခနဲ့ရတော့သည်။ ထိုအချက်ကို ထပ်မံ၍ အင်အားဖြည့်နေသောအချက်မှာ ၄ တန့်ဘာဝ၏ မူလတြိဂေါဏအိမ်ရှင်ဖြစ်သော စနေသည် ရပ်ဝေးမြေခြားနိုင်ငံခြားနှင့်ဆိုင်သော ၁၂ တန့်ဘာဝတွင် ရပ်တည်လျက် ဇာတာရှင်၏ ၉ တန့်ဘာဝ၊ တနင်္လာ၏ မူလတြိဂေါဏအိမ်ကို ၁၀ တန့်အမြင်ဖြင့် ၇၆% လွှမ်းမိုးထားခြင်းဖြစ်သည်။ (အထူးမှတ်ချက်၊ ဘာဝချက်နှင့် အံသာ အကွာအဝေးတို့ကို ကြည့်မှသာ ဤအချက်ကို မြင်ရပါမည်။ သတိပြုလေ့လာပါ။) ဤအချက်သည် ဇာတာရှင်အား နိုင်ငံရပ်ခြားတွင် နေထိုင်ခဲ့စေရခြင်း၊ အဆင့်မြင့်ပညာကို နိုင်ငံရပ်ခြားမှ သင်ကြားခွင့်ရခြင်းကို ဖြစ်စေသည်။

သို့သော်လည်း တနင်္လာဂြိုဟ်အား ဒုဋ္ဌာနဘာဝဖြစ်သော ၁၂ တန့်ဘာဝ၏ မူလတြိဂေါဏအိမ်ရှင်ဖြစ်သော သောကြာသည် သမသတ်အမြင်ဖြင့် အတိအကျနီးပါး မြင်နေခြင်းကို တွေ့ရမည်။ (တနင်္လာသည် ပြိဿရာသီ ၂၃ အံသာ၊ ၁၂ မိနစ်တွင် တည်နေ၍ သောကြာသည် ပြိဿရာသီ ၂၂ အံသာ၊ ၄၇ မိနစ်တွင် တည်နေသည်။ သမားရိုးကျ တြိစက္ကဇာတာများတွင် အံသာတန်ဖိုးကို ဖော်ပြလေ့မရှိသဖြင့် ထိုကဲ့သို့ လွန်စွာအရေးကြီးလှသော အတိအကျ လွှမ်းမိုးမှုတို့ ထင်ရှားစွာ မသိနိုင်ပါ။) သောကြာသည် မော်တော်ယာဉ်ကို ရည်ညွှန်းသည့် ၁၂ တန့်သည် ဆုံးရှုံးပျက်စီးရမှုကို ဖော်ဆောင်နေပြီး စန်းခေါ် တနင်္လာအား အဆိုးအား အင်ကုန်အားကုန် လွှမ်းမိုးထားသဖြင့် မော်တော်ယာဉ်နှင့် ပတ်သက်ပြီး ဇာတာရှင်အတွက် အန္တရာယ်ရှိသည်ကို ပြဆိုနေပါသည်။ ဇာတာရှင်သည် မော်တော်ယာဉ်ဖြင့် ခရီးသွားနေစဉ် နစ်ကြိမ်အလုပ်ကြုံခံရပြီး နောက်ဆုံးအကြိမ်တွင် အသက်ဆုံးခဲ့ရသည်ကို သတိပြုပါ။ ဇာတာတစ်စောင်တွင် ၎င်း၏မူလတြိဂေါဏအိမ်ရှင်သဘောကို မလေ့လာဘဲ သောကြာဆိုလျှင် သောမဂြိုဟ်ဟူသော လေ့နံ့စားထစ် မှတ်သားမှုများသည် ဟောချက်တစ်ခုအတွက် အမှားကြီးများနိုင်ကြောင်း ပညာရှင်တို့ သတိပြုရန် လိုပါသည်။

××× ××× ×

## အင်္ဂါဂြိုဟ်အား MOTAA နည်းဖြင့် အသေးစိတ်လေ့လာခြင်း

ပင်ကိုသဘာဝအားဖြင့် အင်္ဂါသည် ၈ တန့်ဘာဝတွင် ရပ်တည်သူများအနေဖြင့် ဘာလုပ်လုပ် စိတ်လိုလက်ရ လုပ်မိတတ်သည်။ ငွေကြေးသုံးစွဲရာတွင်လည်း သိပ်ဂရုစိုက်တတ်သူမျိုး မဟုတ်။ ဈေးဝယ်သောအခါ ဈေးမဆစ်တတ်သောသူမျိုး ဖြစ်သည်။ ၆ တန့်ဘာဝ၏ မူလတြိဂေါဏအိမ်ရှင်သည် ၈ တန့်တွင် တည်ခြင်းဖြင့် ဇာတာရှင်အနေဖြင့် လူများများဆက်ဆံလေ ရန်သူပိုများလေ ဖြစ်လာတတ်သည်။ အကြွေးပြဿနာများ ရှိတတ်သည်။ (ဇာတာရှင်နှင့် ခင်ပွန်းဖြစ်သူတို့အား ငွေကြေးကိစ္စ၊ အကျင့်ပျက်မှုများနှင့် စွပ်စွဲချက်များရှိသည်ကို သတိပြုပါ။) မတော်တဆမှုများ၊ ရန်သူ၏ တိုက်ခိုက်မှုများကို သတိထားရမည့် ဇာတာမျိုးဖြစ်သည်။ အချို့သော ရေးကျမ်းများတွင် ၎င်းကို ရာဇယောဂ်တစ်ခုအနေ (ဝိပရိတရာဇယောဂ)ဟူ၍ပင် ဖော်ပြထားသည်။ ဤသည်ကိုအကြောင်းပြု၍ အချို့သော မြန်မာဗေဒင်ပညာရှင်အချို့က ဒုဋ္ဌာနဂြိုဟ်ဆိုလျှင် ဒုဋ္ဌာနမှာနေလျှင် ကောင်းသည်။ "လူဆိုးသည် လူဆိုးနေရာ၊ လူကောင်းသည် လူကောင်းနေရာတွင် နေလျှင် ကောင်းသည်"ဟု ဆိုကြသည်။ အိန္ဒိယနှင့် အချို့သော အနောက်တိုင်းပညာရှင်အချို့တို့ကလည်း "အနုတ်-အနုတ် နှစ်ခါဆိုလျှင် အပေါင်းဖြစ်သည်"ဟုပင် ဆိုကြပါသေးသည်။

www.burmeseclassic.com

ဤအဆိုတို့သည် မမှန်ပါ။ မှားသည်ဟုလည်း မဆိုသာပါ။ မူလကျမ်းတို့၏ ဆိုလိုယင်းကို သဘောမပေါက်ဘဲ ကျမ်းတွင်ဖော်ပြထားသည်ဆိုသောအချက်ဖြင့် ပုံသေစွဲကိုင်ခြင်းဖြင့် မှားယွင်းသောအဖြေ တွက်လာမည်သာမက မူလရေးကျမ်းများကိုပင် နောင်လာနောက်သားများ အထင်သေးသွားနိုင်သဖြင့် စာရေးသူအနေဖြင့် ရှင်းလင်းဖော်ပြပေးရန် လိုအပ်သည်ဟု ထင်မိပါသည်။ ဤနေရာတွင် ကျမ်းကိုးကျမ်းကားရှိမှ ယုံကြည်မည်ဆိုသူများအတွက် အောက်ပါ ကျမ်းနှစ်စောင်မှ ကောက်နုတ်ချက်ကို ဖော်ပြလိုပါသည်။

- ဖလဒီပကကျမ်း ၆/၆၃ အရ ဆိုလျှင် ၆ တန့်သခင်သည် ၆ တန့်၊ ၈ တန့်၊ ၁၂ တန့်တို့တွင် ရပ်တည်ပါက ဝိပရိတ ဟံသ ရာဇယောဂ ရရှိသည်။ ဤယောဂ(ယုဂ်)ကို ရထားခြင်းဖြင့် ဇာတာရှင်သည် ပျော်ရွှင်မှု၊ ချမ်းသာမှု၊ အမည်နာမကျော်ကြားမှုကို ရမည်။ ရန်သူအား အနိုင်ရအောင်မြင်မည်ဟု ဆိုထားသည်။
- သာဝတ္ထ စိန္တာမဏိကျမ်း ၅/၂/၂ တွင် ၆ တန့်သခင်သည် ပါပဂြိုဟ်ဖြစ်လျက် (ရှေးကျမ်းများက အင်္ဂါကို ပါပအဖြစ် အမြဲယူဆသည်။) ၁ တန့်ဘာဝ (လဂ်)၊ ၈ တန့်နှင့် ၁၀ တန့်တို့တွင် တည်ပါက အရိဋ္ဌ ဝါရဏယောဂကို ရသည်ဟု ဆိုထားသည်။ ထိုယောဂကို ရခြင်းဖြင့် ဇာတာရှင်တွင် အပူကျိတ်၊ အပူနာ၊ အကျိတ်လုံး၊ ကင်ဆာကဲ့သို့သော ရောဂါများ ဖြစ်ပေါ်စွဲကပ်တတ်သည်ဟု ဆိုထားသည်။

အထက်ပါကျမ်း နှစ်စောင်နှင့် ယှဉ်လိုက်လျှင် ယခုကိစ္စတွင် ဇာတာရှင်သည် အထက်ကျမ်းနှစ်စောင်စလုံးမှ ယောဂ(ယုဂ်)နှစ်မျိုးစလုံးကို ရထား၏။ ဘာကို ကောင်းသည်ဟု ဆိုပါသနည်း။ ကျမ်းနှစ်စောင်စလုံး မမှားပါ။ ထိုနည်းတူ ထိုကျမ်းတို့ကို မှီငြမ်းပြီး ဟော၍လည်း အဖြေမှန်မထွက်ပါ။ ထိုကျမ်းတို့၏ နောက်ကွယ်မှ ဆိုလိုရင်း ဂြိုဟ်နှင့် ဘာဝတို့၏ ပရိယာယ်ကို သိပြီးမှသာ တကယ့်အဖြေမှန်ကို ဖော်ထုတ်နိုင်မည် ဖြစ်ပါသည်။

အမှန်အားဖြင့် ၆ တန့်ဘာဝ၏ မူလတြိဂေါဏအိမ်ရှင်သည် ၈ တန့်တွင် တည်ခြင်းဖြင့် ၆ တန့်ဘာဝသည် မိမိကိုယ်ပိုင်မဟုတ်သော မကောင်းသောဌာနတွင် တည်မိခြင်းဖြင့်လည်းကောင်း၊ နေရောင်သင့် (အတ္ထမိ)ခြင်းကြောင့်လည်းကောင်း အင်အားပျက်သွား၏။ ထိုတည်းတူ ၈ တန့်ဘာဝအနေဖြင့်လည်း မိမိအိမ်တွင် မကောင်းသော ဒုဋ္ဌာန အိမ်ရှင်လာနေခြင်း ခံလိုက်ရသဖြင့် အင်အားပျက်သွားပြန်၏။ ဤနေရာတွင် ဗေဒင်ဆရာအချို့၏ အယူအဆတစ်ခုကို ရှင်းလင်းရန် ထပ်လိုလာပြန်ပါသည်။ သူတို့အနေဖြင့် ၆ တန့်၊ ၈ တန့် အားနည်းသွားတာကောင်းသည်ဟု ဆိုကြသည်။ ဤအဆိုသည် လုံးဝ မမှန်ကန်ပါ။ ၆ တန့်ဘာဝ အင်အားကောင်းမှ ရန်သူကို ရင်ဆိုင်အောင်မြင်နိုင်မည်ဖြစ်ပြီး၊ ၈ တန့်ဘာဝ အင်အားကောင်းမှ အသက်ရှည်မည်ဖြစ်သည်။ ယခုလက်တွေ့ နမူနာပြသနေသော အချက်က ဇာတာရှင်အား ရန်သူက အသေခံလုပ်ကြံသွားသည်။

## ဗုဒ္ဓဟူးဂြိုဟ်အား MOTAA နည်းဖြင့် အသေးစိတ်လေ့လာခြင်း

ဗုဒ္ဓဟူးဂြိုဟ် ၉ တန့်တွင် ရပ်တည်ခြင်းဖြင့် နက်နဲသော ဒဿနိက အတွေးအခေါ် သဘောတရားတို့ကို နားလည်နိုင်သောသူမျိုး ဖြစ်သည်။ အသိဉာဏ်နှင့် ပတ်သက်သော လေ့လာမှုများကို အဆက်မပြတ် လိုက်စားမည့်လူမျိုး ဖြစ်သည်။ မည်သည့်ပညာကိုမဆို အသေးစိတ် ဆန်းစစ်လေ့လာမည့်လူမျိုး ဖြစ်ပြီး၊ ခရီးသွားရခြင်းများ ရှိလိမ့်မည်။

BURMESE CLASSIC .com

တစ်နည်းအားဖြင့်လည်း လာဘဘာဝဖြစ်သော ၁၁ တန့်ဘာဝ၏ မူလတြိဂေါဏအိမ်ရှင်ဖြစ်သည့် ဗုဒ္ဓဟူးသည် ၉ တန့်တွင် တည်ခြင်းဖြင့် ဇာတာရှင်သည် ငွေရှာရာတွင် ကံကောင်းသူ ဖြစ်သည်။ ကောင်းမြတ်သော ချမ်းသာခြင်းကို ပေးသည့် ဓနယုဂ်တစ်ခု ဖြစ်သည်။ ဇာတာရှင်သည် လူနေမှုအဆင့်အတန်း၊ ငွေကြေးအနေအထားအရ တစ်သက်တာလုံး အဆင့်မြင့်မြင့် နေထိုင်ခဲ့ရသည်။

## ကြာသပတေးဂြိုဟ်အား MOTAA နည်းဖြင့် အသေးစိတ်လေ့လာခြင်း

ကြာသပတေးဂြိုဟ် ၈ တန့်တွင် ရပ်တည်ခြင်းဖြင့် ဇာတာရှင်သည် အပြစ်တို့ကို ကျူးလွန်တတ်သော အနေအထားတစ်ခုလည်း ဖြစ်သည်။ တစ်



www.burmeseclassic.com

www.burmeseclassic.com

နည်းအားဖြင့်လည်း ၂ တန့်ဘာဝ၏ မူလတြိဂေါဏအိမ်ရှင်ဖြစ်သော ကြာသပတေးသည် ၈ တန့်တွင် တည်ခြင်းဖြင့် ဇာတာရှင်သည် စိတ်ခံစားလွယ်တတ်သည်။ တစ်ခါတစ်ရံ မလိုအပ်ပါဘဲလျက် အစိုးရိမ်ကြီးနေတတ်သည်။ ဥစ္စာပစ္စည်းများ ဆုံးရှုံးရတတ်သည်။ အိမ်တွင်းရေးစိတ်ချမ်းသာမှုရရန် ခက်ခဲသည်။ သို့သော်လည်း ကြာသပတေး၏ မူလတြိဂေါဏအိမ်ရှင်ဖြစ်သော ၂ တန့်ဘာဝ၏ အလယ်ဗဟိုချက်ကို ၄ တန့်ဘာဝ၏ မူလတြိဂေါဏအိမ်ရှင်ဖြစ်သော စနေမှ ၃ တန့်အမြင်ဖြင့် ၇၆% အင်အားဖြင့် လွှမ်းမိုးထားသည်။ ထိုနည်းအားဖြင့် ၂ တန့်နှင့် ၄ တန့်တို့ ဆက်စပ်နေခြင်းကြောင့် ငွေကြေးပိုင်ဆိုင်မှုတို့ ပြည့်စုံကာ၊ ပညာဉာဏ်ကောင်းသူအဖြစ်ကို ရရှိထားခြင်းဖြစ်သည်။ သာမန်အားဖြင့် အမှတ်တမဲ့အားဖြင့် ကြာသပတေးဂြိုဟ် ဒုဿနတွင် ရပ်တည်၍ ပညာရေးမကောင်းဟု ဆိုကြမည်ဆိုလျှင် ကမ္ဘာပေါ်တွင် အဆင့်အမြင့်ဆုံး တက္ကသိုလ်များဖြစ်သည့် အမေရိကန်နိုင်ငံမှ ဟားဗတ်တက္ကသိုလ်၊ အင်္ဂလန်နိုင်ငံ အောက်စ်ဖို့ဒ်တက္ကသိုလ်ကျောင်းမှ ကျောင်းဆင်းလာသူတစ်ဦးအတွက် အကြီးအကျယ်များယွင်းသွားမည် ဖြစ်သည့်အတွက် ပညာရှင်များ ဆင်ခြင်ရန် လိုပါသည်။

## သောကြာဂြိုဟ်အား MOTAA နည်းဖြင့် အသေးစိတ်လေ့လာခြင်း

သောကြာဂြိုဟ် ၇ တန့်ဘာဝတွင် ရပ်တည်ခြင်းဖြင့် ဇာတာရှင်သည် ရောက်ရာနေရာတွင် ချစ်ခင်သူပေါ်များသော အနေအထားကို ရနေသည်။ သို့သော်လည်း ၁၂ တန့်ဘာဝ၏ မူလတြိဂေါဏအိမ်ရှင်ဖြစ်သော သောကြာဂြိုဟ်အနေဖြင့် အိမ်ထောင်ရေးနှင့် သက်ဆိုင်သော ၇ တန့်တွင် တည်ခြင်းဖြင့် အိမ်ထောင်ရေးတွင် အခက်အခဲများ ပေါ်ပေါက်တတ်သည်။ အိမ်ထောင်ဖက်နှင့် အတူမနေရဘဲ ခွဲခြားနေရခြင်းသော်လည်းကောင်း၊ အိမ်ထောင်ကွဲတတ်သည်ကိုလည်းကောင်း ပြဆိုနေသော အနေအထားဖြစ်သည်။ အသုံးအစွဲနှင့် ပတ်သက်၍ အခက်အခဲများကြုံတွေ့ရတတ်သော ဇာတာမျိုးဖြစ်နေပါသည်။ ဤအချက်ကို ထောက်ခံနေသော အချက်က ဇာတာရှင်၏ အိမ်ထောင်ဖက်သည် မိန်းမရှုပ်ပွေသူဟု နာမည်ရသူဖြစ်နေခြင်း၊ ဇာတာရှင်ကိုယ်တိုင် အိမ်ထောင်ရေးတွင် စိတ်ဆင်းရဲခဲ့ရသော်လည်း ဘဝအနေအထားအရ မိမိ၏ခံစားချက်ကို လျှို့ဝှက်သိုသိပ်ထားခဲ့ရခြင်းက သက်သေခံနေပါသည်။ ဇာတာရှင်အား အကျင့်ပျက်လာဘ်စားမှုဖြင့် စွပ်စွဲကြရခြင်း၏ အဓိကအကြောင်းရင်းမှာ ၎င်း၏ခင်ပွန်းဖြစ်သူကြောင့် ဖြစ်သည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ၁၂ တန့် ဘာဝ၏ မူလတြိဂေါဏအိမ်ရှင်ဖြစ်သော သောကြာဂြိုဟ်သည် ဇာတာရှင်၏စိတ်ကို အစိုးရသော တနင်္လာအား ၁၀၀% အင်အားအပြည့်ဖြင့် သမသတ်အမြင်ပြုထားသည်ကလည်း ဇာတာရှင်အနေဖြင့် မည်မျှ စိတ်ဆင်းရဲခဲ့ရသည်ကို သိနိုင်သော အနေအထားတစ်ရပ် ဖြစ်ပါသည်။

## စနေဂြိုဟ်အား MOTAA နည်းဖြင့် အသေးစိတ်လေ့လာခြင်း

စနေဂြိုဟ်သည် ၁၂ တန့်ဘာဝတွင် တည်နေခြင်းဖြင့် ဇာတာရှင်သည် ပျော်ရွှင်မှုများ ကင်းမဲ့တတ်သည်။ တစ်ဖန် အသက်ရှည်မှု၏ ကာရကဂြိုဟ်ဖြစ်သော စနေသည် ဒုဿနဘာဝတွင် တည်ခြင်းဖြင့် အသက်ရှည်ရန် ခက်ခဲခြင်းကို ဖြစ်စေပြန်သည်။ ထိုအချက်ကို ထောက်ပံ့နေသောအချက်မှာ ကံဆိုးခြင်းကို ဖြစ်စေသည့် နက်ပကျွန်းဂြိုဟ်နှင့် အံ့သာခြင်း (မှတ်ချက်-ပုံမှန်မြန်မာဇာတာတွက်ချက်မှုများတွင် နက်ပကျွန်း၊ ယူရေးနပ်စ်၊ ပလူတိုတို့အားလုံးဝမတွက်ချက်ပါ။) အလွန်နီးကပ်စွာတည်နေခြင်း ဖြစ်သည်။


တစ်ဖန် ၄ တန့်ဘာဝ၏ မူလတြိဂေါဏအိမ်ရှင်ဖြစ်သော စနေသည် ၁၂ တန့်တွင် တည်ခြင်းဖြင့် ဇာတာရှင်သည် မပျော်ရွှင်သော ဘဝတစ်ခုကို လျှောက်လှမ်းနေရတတ်သည်။ အိုးအိမ်၊ မြေယာ၊ ယာဉ်ရထားတို့ ဆုံးရှုံးတတ်သည်။ တစ်နည်းအားဖြင့် ဇာတာရှင်သည် မိမိ၏ ဇာတိမြေတွင် ဆုံးရှုံးမှုများကို တစ်ခုပြီးတစ်ခု ရင်ဆိုင်ခဲ့ရခြင်း၊ နိုင်ငံရပ်ခြားတွင် နေထိုင်ခဲ့ရခြင်း၊ အချုပ်အနှောင်ခံခဲ့ရခြင်းတို့ကို ဖြစ်စေသော အချက်မှာလည်း ဤအကြောင်းကြောင့် ပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဇာတာရှင်၏ ဖခင်အား ကြိုးပေး၍ သေဒဏ် စီရင်သော နေ့.( ၄း၄း၁၉၇၉) တွင်
ကောဇာဂြိုဟ်များနှင့် မူလဂြိုဟ်များ ဆက်စပ်လွှမ်းမိုးနေပုံ




| | Sun | Moon | Mars | Mercury | Jupiter | Venus | Saturn | Rahu | Ketu |
|---|---|---|---|---|---|---|---|---|---|
| Nat to Transit (Aff) | 0% | 0% | 0% | 0% | -123% | 0% | 0% | 0% | 0% |
| Nat to Transit(Ben) | 0% | 73% | 0% | 0% | 91% | 0% | 0% | 0% | 0% |
| Trans to Nat (Aff) | -73% | -100% | 0% | 0% | 0% | -99% | 0% | 0% | 0% |
| Trans to Nat (Ben) | 0% | 0% | 0% | 91% | 86% | 0% | 0% | 61% | 61% |
| Afflicted (Natal) | -66% | -100% | 0% | 0% | 0% | 0% | 0% | -187% | -100% |
| Benefited (Natal) | 0% | 0% | 66% | 0% | 0% | 100% | 0% | 0% | 0% |
| Strength (Natal) | 126% | 148% | 139% | 210% | 113% | 78% | 145% | 81% | 200% |

## မစ္စက်ဘူတို၏ ဖခင်ဖြစ်သူအား သေဒဏ်စီရင်ခြင်း ခံခဲ့ရစဉ်က

ပထမဦးစွာ ဒသာကာလကို ကြည့်လိုက်ပါက -


စနေ ထူလ ဒသာ၊ ရာဟု- အန္တရဒသာ၊ ရာဟု ပြတန္တရဒသာ ဖြစ်နေပါသည်။ နက္ခတ်ပညာ လေ့လာထားသူများအနေဖြင့် အထက်တွင် ရှင်းလင်းထားခဲ့သော အချက်နှင့် ယှဉ်တွဲ၍ ထိုဒသာအပေါ်ကို အလွယ်သိနိုင်နေသဖြင့် အသေးစိတ်တွေ့ရှိချက်များကို ရေးစရာပင် မလိုတော့ပါ။

ယခု အောက်တွင်ဖော်ပြထား သည်မှ ဇာတာရှင် မူလ တနင်္ဂနွေ တနင်္လာ၊ သောကြာ ဂြိုဟ်တို့အား ကောဇာဂြိုဟ်ဆိုးများ စုပေါင်းလွှမ်း ထားပုံကို အောက်တွင် ဂရပ်ဖြင့် ဖော်ပြထားပါသည်။

## မစ္စက်ဘူတို၏ လုပ်ကြံခံရသဖြင့် အသက်ဆုံးချိန်တွင် ဂြိုဟ်တို့၏အနေအထား

ပါကစ္စတန်နိုင်ငံ၊ ရာဝါပင်ဒီမြို့ တွင် ရွေးကောက်ပွဲအတွက် မဲဆွယ် စည်းရုံးချိန် ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်တွင် မစ္စက်ဘူတိုအား လုပ် ကြံခံရခြင်း ဖြစ်သည်။ ရာဝါပင်ဒီ အထွေထွေရောဂါကုဆေးရုံတွင် ဒေသ စံတော်ချိန် ညနေ ၆း၁၆ မိနစ်တွင် သေဆုံးကြောင်း ကြေညာခဲ့သည်။ ဗုံး ကွဲစဉ်က အနည်းဆုံး လူ ၂၃ ဦးခန့်

ဇာတာရှင်၏ ဖခင်အား ကြိုးပေး၍ သေဒဏ် စီရင်သော နေ့.( ၄း၄း၁၉၇၉) တွင်
ကောဇာဂြိုဟ်များမှ မူလဘာဝများပေါ်သို့ လွှမ်းမိုးနေပုံ






| | H1 | H2 | H3 | H4 | H5 | H6 | H7 | H8 | H9 | H10 | H11 | H12 |
|---|---|---|---|---|---|---|---|---|---|---|---|---|
| Nat to Trans(Aff) | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% |
| Nat to Trans (Ben) | 0% | 76% | 87% | 0% | 0% | 0% | 0% | 0% | 163 | 0% | 0% | 76% |
| Trans to Nat (Aff) | 0% | 0% | 0% | 0% | -76 | 0% | 0% | -76 | 0% | 0% | 0% | -76 |
| Trans to Nat(Ben) | 64% | 0% | 64% | 0% | 160 | 0% | 0% | 0% | 64% | 0% | 0% | 0% |
| Afflicted | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% |
| Benefited | 0% | 76% | 87% | 0% | 0% | 0% | 0% | 0% | 163 | 0% | 0% | 76% |
| House Strength | 0% | 60% | 0% | 31% | 0% | 58% | 0% | 0% | 46% | -20 | 0% | 50% |




www.burmeseclassic.com

www.burmeseclassic.com




| | Sun | Moon | Mars | Mercury | Jupiter | Venus | Saturn | Rahu | Ketu |
|---|---|---|---|---|---|---|---|---|---|
| Nat to Transit (Aff) | -95% | 0% | 0% | -70% | -60% | 0% | 0% | 0% | 0% |
| Nat to Transit(Ben) | 83% | 0% | 98% | 0% | 100% | 0% | 0% | 0% | 0% |
| Trans to Nat (Aff) | -176% | 0% | 0% | 0% | 0% | 0% | 0% | -84% | 0% |
| Trans to Nat (Ben) | 183% | 0% | 225% | 0% | 86% | 0% | 0% | 0% | 0% |
| Afflicted (Natal) | -66% | -100% | 0% | 0% | 0% | 0% | 0% | -187% | -100% |
| Benefited (Natal) | 0% | 0% | 66% | 0% | 0% | 100% | 0% | 0% | 0% |
| Strength (Natal) | 126% | 148% | 139% | 210% | 113% | 78% | 145% | 81% | 200% |


ပါ သေဆုံးခဲ့သည်။ လွန်ခဲ့သော နှစ်လခန့်က လုပ်ကြံမှုတွင် အသက်ဘေးမှ လွတ်မြောက်ခဲ့သော်လည်း ယခုအခါတွင်မူတော့ လုပ်ကြံသူများက အထမြောက်အောင်မြင်သွားတော့သည်။


ပထမဦးစွာ ဒသာကာလကို ကြည့်လိုက်ပါက ကိတ်၊ ထူလ၊ ဗုဒ္ဓဟူးအန္တရ၊ တနင်္ဂနွေ ပြတျန္တရဒသာတွင် ရောက်ရှိနေသည်။

ကိတ်ဒသာသည် ဇာတာနှင့်ပတ်သက်၍ သာဝတ္ထ စိန္တာမဏိကျမ်းတွင် ဖော်ပြထားသည်မှာ "ဇာတာရှင်၏ မိသားစုဝင်ဆုံးရှုံးခြင်း၊ ရှင်ဘုရင် (အုပ်စိုးသူအစိုးရ)နှင့် ပတ်သက်၍ အထင်အမြင်လွဲမှားခြင်း၊ ပညာသင်ယူ


မူလဇာတာတွင် မေထုန်ရာသီ ၈း၂၈တွင် ရှိသော အနုဝံနေ့အား။ ဂေါစာဇာတာတွင် မေထုန် ရာသီ ၇း၃၄ တွင် ရှိသော အင်္ဂါမှ ပူးတပ် ဖြင်းအားဖြင့် အဆိုးခါတ်ကို သက်ရောက်သွားပုံ။


မူလဇာတာမှ တနင်္ဂနွေအား- ဂေါစာ ရာဟုမှ တစ်ရာသီ ၅း၀၃ ဖြင့် ၅-တန်.အမြင်အား ၇၈% ဖြင့် လွှမ်းမိုးထားပုံ။



www.burmeseclassic.com








မူလဇာတာရှိ - ၁၀တန့်ဘာဝ (H10) ၏ ဝဟိုချက်မှတ်အား- ဂောဇာ ရာဟု မှ သမသတ် ရာသီဖြစ်သော ကုမ်ရာသီ ၅း၀၃ မှ နေ၍ သမသတ် အမြင် ဖြင့် မြင်ထားပုံ။ ထိုနည်းတူ ကိတ်မှလည်း ၎င်းအား ပူးတစ် နေပုံ။ (ထိုဂြိုဟ်ဆိုး၏ အမြင်နှင့် အပူးအတွာအဝေးသည် ၄ အံသာ (ဒီဂရီ) ခန့်သာ ရှိသဖြင့် အင်အား သက်ရောက်မှု ရှိနေသည်။

သူဖြစ်ပါက ပညာရေးဆုံးရှုံးခြင်း၊ ဆွေမျိုး ဉာတိ၊ ချမ်းသာမှုနှင့် မိတ်ဆွေတို့ ဆုံး ရှုံးခြင်း၊ ရောဂါကျရောက်တတ်ခြင်း၊ ယာဉ်ရထားပေါ်မှ ပြုတ်ကျတတ်ခြင်း၊ အဆိပ်ခတ်ခံရခြင်း၊ လက်နက်သင့်ခံ ရခြင်း၊ ဝေးကွာသော အရပ်ဒေသများ သို့ ရောက်ရှိရတတ်ခြင်း၊ ကိုယ်ကာယ ကျန်းမာရေးနှင့်ပတ်သက်၍ ဒုက္ခများ တတ်ခြင်း···"စသည်ဖြင့် ဖော်ပြထား ပါသည်။

ဇာတာရှင်သေဆုံးချိန်တွင် တနင်္ဂနွေဂြိုဟ် (တစ်နည်းအားဖြင့်ဆိုသော် ဇာတာရှင်၏ ဘဝအောင်မြင်မှုကို တာဝန်ယူထားသော ၁၀ တန့်ဘာဝ၏

မူလတြိဂေါဏအိမ်ရှင်လည်း ဖြစ်လျက် မူလဇာတာတွင် မရဏဘာဝ အမည် ရှိသည့် သေဆုံးခြင်းကို သဘောဆောင် သည့် ၈ တန့်ဘာဝတွင် ရပ်တည်နေ သည့်ဂြိုဟ်)အား ပျက်စီးခြင်းကို ဖြစ် စေသည့် ရာဟုဂြိုဟ်မှ ၇၈%ဖြင့် လည်းကောင်း၊ သွေးသံရဲရဲကို သရုပ် ဖော်သည့် အင်္ဂါ(တစ်နည်းအားဖြင့် လည်း ဇာတာရှင်၏ရန်သူကို အဓိပ္ပာယ် ဖော်ဆောင်နေသည့် ၆ တန့်ဘာဝ အိမ်ရှင်လည်းဖြစ်နေသော)မှ ၉၈%








ဇာတာရှင်၏ အသက်နှင့် ခန္ဓာကိုယ် ကို ကိုယ်စားပြုသော လဂ် (H1) အား၊ ၁၂-တန့်ဘာဝ သခင် ဂောဇာ သောကြာမှ အလွန် နီးကပ်စွာ ပူးလိုက်ပုံ၊ (အတွာအဝေး အလွန်နီးသဖြင့် လွှမ်းမိုးမှု မှာ ၉၇% အထိ ရှိနေသည်။)



www.burmeseclassic.com

www.burmeseclassic.com

မစ္စက်ဘူတို သေဆုံးချိန်တွင် ကောဇာဂြိုဟ်များက မူလဘာဝများပေါ်သို့ လွှမ်းမိုးထားသော အနေအထား




| | H1 | H2 | H3 | H4 | H5 | H6 | H7 | H8 | H9 | H10 | H11 | H12 |
|---|---|---|---|---|---|---|---|---|---|---|---|---|
| Nat to Trans(Aff) | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% |
| Nat to Trans (Ben) | 0% | 76% | 87% | 0% | 0% | 0% | 0% | 0% | 163 | 0% | 0% | 76% |
| Trans to Nat (Aff) | -97 | -70 | 0% | -141 | 0% | -70 | -97 | -70 | 0% | -141 | 0% | -70 |
| Trans to Nat(Ben) | 0% | 0% | 0% | 78% | 0% | 0% | 0% | 0% | 0% | 78% | 0% | 0% |
| Afflicted | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% | 0% |
| Benefited | 0% | 76% | 87% | 0% | 0% | 0% | 0% | 0% | 163 | 0% | 0% | 76% |
| House Strength | 0% | 60% | 0% | 31% | 0% | 58% | 0% | 0% | 46% | -20 | 0% | 50% |

ဖြင့် လွှမ်းမိုးတိုက်ခိုက် လိုက်ခြင်းသည် ဇာတာရှင်အနေဖြင့် ရန်သူ၏ ရက်ရက်စက်စက် လုပ်ကြံမှုကြောင့် ဤကာလတွင် အောင်မြင်မှုပျက်စီးကာ သေဆုံးသည်အထိ အန္တရာယ်ဖြစ်နိုင်သည်ကို ပြဆိုနေသည်။

နောက်ထပ်၍ ဆက်ကြည့်လိုက်ပါက တနင်္ဂနွေပိုင်ဆိုင်သော ၁၀ တန့်ဘာဝ၏ ဗဟိုချက်မှတ်နေရာအလည်း အာရောဟနှင့် ကိတ်တို့မှ စပေါင်းလွှမ်းမိုးဖျက်ဆီးပစ်လိုက်ပြန်ရာ တနင်္ဂနွေအနေဖြင့် ရစရာမရှိတော့ပေ။

မစ္စက်ဘူတို၏ ဇာတာသည် လူသားတစ်ယောက်တွင် ကြုံတွေ့ရတတ်သော လောကဓံတရားတို့၏ ရိုက်ခတ်ခြင်းကို ရှင်းလင်းစွာ ပြဆိုနေသည်။ ဖခင် ဝန်ကြီးချုပ်ဘဝတွင် အေးချမ်းစွာ ပညာသင်ကြားပြီး ကြီးပြင်းလာခဲ့ပြီးနောက်တွင်တော့ မိသားစုတစ်ခုလုံး ရက်ရက်စက်စက် နှလုံးကွဲအောင် ခံစားခဲ့ရသည့် အခြေအနေ၊ အိမ်ထောင်ဘက်နှင့်ပတ်သက်၍ အရှက်မကွဲရအောင် သိုသိုသိပ်သိပ်၊ ဖုံးဖုံးဖိဖိ နေထိုင်ခဲ့ရသည့် ဇနီးမယားတစ်ယောက်၏ ခံစားမှု၊ ပြည်သူချစ်သော လူထုခေါင်းဆောင်၊ တစ်ပြိုင်တည်းပင် အတိုက်အခံတို့၏ စွပ်စွဲခြင်းကို ဆက်တိုက် ခံစားနေရသည့်ဘဝ၊ နောက်ဆုံးတွင်တော့ မိမိ၏ အသက်ဇီဝိန်ကိုပင် ရက်ရက်စက်စက် လုပ်ကြံခံလိုက်ရသည့် ဘဝတို့ကို ပြဆိုနေသဖြင့် ဆင်းရဲ၊ ချမ်းသာ၊ အထက်တန်းစား၊ အလယ်တန်းစား စသည့် မည်သည့်လူမျိုးတို့တွင်မဆို ကြုံတွေ့တတ်သည့် လောကဓံတရားကို နားလည်အောင် ပြဆိုနေသော ဇာတာရှင်တစ်ယောက် ဖြစ်ပါသည်။

အားလုံးချမ်းမြေ့ကြပါစေ။

နျူမာန်(မိုးတား)



www.burmeseclassic.com

www.burmeseclassic.com

# သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲ

သူတော်စင်မင်းအောင်



ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၏ အ-ထ-က(၁)မှ ကျောင်းသူကျောင်းသားဟောင်း တပည့်များက ဦးစီးလျက် ညောင်လေးပင်မြို့ပေါ်ရှိ အထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊ မူလတန်းကျောင်းများမှ သက်စေ့ပင်စင်ယူသွားကြသော ဆရာကြီးများနှင့် ဆရာမကြီးများကို ပူဇော်ကန်တော့ပွဲ ကျင်းပလာခဲ့သည်မှာ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့တွင် သတ္တမအကြိမ်မြောက်သို့ ရောက်ရှိခဲ့လေပြီ။



www.burmeseclassic.com


www.burmeseclassic.com

ကျွန်တော်၏ ချစ်ဇနီး ဒေါ်အုန်းရွှေသည် သူ့ဘဝ မှ သက်စေ့ပင်စင်ယူသည့် ၁၉၈၅ ခုနှစ်အထိ ညောင် ပင် အထက(၁)မှာပင် ဖြစ်ပါသည်။ ဒီနှစ် အာစရိယ ဇော်ပွဲကိုတော့ တက်ရောက်နိုင်မည်မထင်ပါ။ အသက်က နှစ်၊ ကျန်းမာရေးက မကောင်း။ နာတာရှည်လူကြီးရောဂါ အိပ်ရာထဲက မထနိုင် ဖြစ်နေပါသည်။

အာစရိယပူဇော်ပွဲ နီးလာတော့ သူ့တပည့်ရင်း ဝင်းဆီ ဖုန်းဆက်ပြီး အကျိုးအကြောင်း ရှင်းပြရပါသည်။ ဝင်းက ဆရာမကြီး မကျန်းမာတာသိရလို့ စိတ်မကောင်း ။ ဆရာမကြီးကိုယ်စား ဆရာကြီးတက်ဖြစ်အောင် တက် င်ဗျာဟု ဖိတ်ခေါ်နေပါသည်။ ကျွန်တော်တစ်ယောက် ည်းဆိုရင် ကားငှားမလာတော့ဘူး။ လိုင်းကားနဲ့ပဲ လာခဲ့ လို့ပြောတော့ မလုပ်ပါနဲ့ ဆရာကြီးခင်ဗျာ။ မနှစ်ကလိုပဲ ငှားပြီးလာခဲ့ပါ။ ငွေက ရှာလို့ရပါတယ်။ လိုင်းကားနဲ့ ရာကြီးတစ်ယောက်တည်းလာလို့ တစ်ခုခုဖြစ်မှာ စိုးရိမ်ပါ ယ်။ ကားငှားပြီးသာ လာခဲ့ပါဟု အတန်တန်ပြောသဖြင့် ကျွန်တော်တစ်ယောက်တည်း ကားငှားပြီး လာခဲ့ရပါသည်။

လမ်းမှာတော့ ဇနီးသည်အတွက် ပူပန်သောကစိတ် ဖြစ်လိုက်၊ ညောင်လေးပင် အာစရိယပူဇော်ပွဲသည် အလွန် ဝမ်းသာပီတိဖြစ်ရတဲ့ ပွဲအကြောင်းတွေးလိုက်နှင့် နံနက် ၇ နာရီအချိန်တွင် ဦးစိုးဝင်း၊ ဒေါ်နုနုတို့ တိုက်သို့ ရောက်ပါ တော့သည်။

ရောက်လျှင်ရောက်ချင်း ဦးစိုးဝင်းက ကားမောင်းပို့တဲ့ သားလေးလက်ထဲကို ကားငှားခငွေ လေးသောင်းငါးထောင် ကို ပေးပါသည်။ ကျွန်တော်နှင့် ကားမောင်းတဲ့သားလေး နှစ်ယောက်စာ ကော်ဖီပွဲ၊ မုန့်သေတ္တာထဲက မုန့်ပွဲများ အသင့် ပြင်ထားပါသည်။ ၇ နာရီ ၄၅ မိနစ်မှာတော့ အာစရိယပူဇော် ပွဲ ကျင်းပနေကျဖြစ်တဲ့ “သီရိရတနာ”ခန်းမကို သွားဖို့ပြင် တော့ ဦးစိုးဝင်းနှင့် ဒေါ်နုနုတို့ ဇနီးမောင်နှံက လက်အုပ်ချီ ထိုင်ကန်တော့ပြီး ကျွန်တော့်တိုက်ပုံအင်္ကျီအိတ်ထဲသို့ ငွေငါး သောင်းတိတိ ထည့်ပေးလိုက်ပါသည်။ ဝမ်းသာပီတိလည်း ဖြစ်ရပါသည်။ အားနာသည့်စိတ်လည်း ဖြစ်ရပါသည်။






www.burmeseclassic.com

www.burmeseclassic.com



တန်ဆောင်မုန်းလပြည့်နေ့ (၁၇ · ၁၁ · ၂၀၁၃)နေ့ နံနက် ၈ နာရီအချိန်မှစ၍ "သီရိရတနာ"ခန်းမကြီးတွင် ယခင်နှစ်များကဲ့သို့ ခမ်းနားလှပစွာ ပြင်ဆင်ထားပါသည်။ ပူဇော်ကန်တော့ပွဲသို့ တက်ရောက်လာကြသော ဆရာကြီးများနှင့် ဆရာမကြီးများ ရောက်ရှိကြောင်း မှတ်တမ်းစာအုပ်မှာ လက်မှတ်ထိုးကြပါသည်။ ကျွန်တော်က ဆရာမဒေါ်အုံးရွှေ နာမည်မှာ လက်မှတ်ထိုးတော့ ကျောင်းသူသမီးလေးများက ဘာဘာ ဆရာမကြီးမပါဘူးလား။ ဘာဖြစ်လို့လဲဟု ဝိုင်းပြီးမေးကြ၊ နှုတ်ဆက်ကြပါသည်။ ဆရာမကြီး မကျန်းမာလို့ ဘာဘာ သူ့ကိုယ်စား လာခဲ့ရကြောင်း ရှင်းပြရပါသည်။

သတ္တမအကြိမ် အာစရိယပူဇော်ပွဲ စာတမ်းရိုက်နှိပ်ထားသော လက်ဆွဲအိတ်ထဲတွင် ကိုရီးယားစောင် တစ်ထည်စီ၊ ယပ်တောင်၊ ရေသန့်ပုလင်း၊ အစာသွတ်ပေါင်မုန့်၊ ကိုမင်းအောင်၊ မအေးမြတို့ လှူဒါန်းသော တရားစာအုပ်နှစ်အုပ် ပါဝင်ပါသည်။

နံနက်ဖစာစာအဖြစ် ကော်ဖီတစ်ခွက်နှင့် မုန့်တစ်ခုစီ ပဏာမကျွေးမွေးဧည့်ခံပါသည်။ နံနက် ၈ နာရီမှ ၁၀ နာရီအထိ အချိန်ကိုတော့ ဆရာကြီး၊ ဆရာမကြီးများ အ[illegible] ချင်းနှုတ်ဆက်ကြ၊ စကားပြောကြ၊ တပည့်ဟောင်းမျာ[illegible] နှုတ်ဆက်ကြ၊ စကားပြောကြတာ ဝမ်းသာပီတိဖြစ်[illegible] အလွန်ကောင်းသည့်အချိန် ဖြစ်ပါသည်။ ဆရာမဒေါ်အုံး[illegible] ၏ လုပ်ဖော်ကိုင်ဘက် ဆရာကြီးများနှင့် ဆရာမကြီးမျ[illegible] ကျွန်တော့်ကို လာရောက်နှုတ်ဆက်ကြရင်း ဒေါ်အုံးရွှေ[illegible] ကျန်းမာရေးအခြေအနေကို မေးကြသဖြင့် ကျွန်တော်[illegible] ပြန်လည်ရှင်းလင်းပြောကြားပေးပါသည်။

အခမ်းအနားမှူးအဖြစ် မူပြဆရာမ ဒေါ်အိပွင့်[illegible] လယ်ပြဆရာမ ဒေါ်မွန်မွန်သိန်းတို့နှစ်ဦးက ဆောင်ရွ[illegible] ကြီးကြပ်ဆရာမများမှာ ဒေါ်တင်တင်ထွေးနှင့် ဒေါ်မိုးမိုးသိ[illegible] တို့က ဆောင်ရွက်ကြပါသည်။ နံနက် ၁၀ နာရီတွင် အ[illegible] အနားမှူး ဆရာမက ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလ[illegible] နေ့ သတ္တမအကြိမ် အာစရိယပူဇော်ပွဲ စတင်တော့မည်[illegible] ၍ ဆရာကြီးများနှင့် ဆရာမကြီးများ နေရာယူပေးကြ[illegible] ရှိသေစွာ ပန်ကြားအပ်ပါသည်ရှင့်ဟု ကြေညာလိုက်[illegible] အခါတွင် အချင်းချင်းနှုတ်ဆက်ပြောဆိုသံများ တိတ်သွာ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီးများက စင်မြင့်ထက်တွင် နေရာယူကြပြီး၊ ဆရာမကြီးများက စင်အောက်ကုလားထိုင်များတွင် နေရာအသီးသီးယူကြ၊ ထိုင်ကြပါသည်။

ထို့နောက် တွဲဘက်အခမ်းအနားမှူး ဆရာမ ဒေါ်မွန်မွန်သိန်းက အခမ်းအနားအစီအစဉ်ကို ဖတ်ကြားကြေညာပေးပါသည်။ အခမ်းအနားမှူးက ယခုအချိန်မှစပြီး သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကြီး စတင်ဖွင့်လှစ်ကြောင်း ကြေညာအပ်ပါသည်ရှင့်ဟု ကြေညာလိုက်သောအခါ ဩဘာလက်ခုပ်သံများ ခန်းမကြီးတစ်ခုလုံး လျှံတက်သွားပါတော့သည်။

အစီအစဉ်အရ ဥက္ကဋ္ဌဦးစိုးဝင်းက နှုတ်ဆက်မိန့်ခွန်းပြောရာတွင် ဒီနှစ်မှာ အပူဇော်ခံ ဆရာကြီးနှင့် ဆရာမကြီးများ၏ စာရင်းအရမှာ ၂၃၂ ဦး ရှိသည့်အနက် ၁၉၈ ဦး အပူဇော်ခံ ကြွရောက်ကြပါတယ်။ အပူဇော်ခံဆရာ၊ ဆရာမများမှာ ကျွန်တော်တို့နှင့်အတူ တစ်တန်းတည်း ပညာသင်ခဲ့ကြသူများ အများအပြား ပါဝင်ပါတယ်။ ကိုယ်နဲ့အတူ ကျောင်းနေဘက်သူငယ်ချင်းများ ဖြစ်ကြသော်လည်း ဆရာ၊ ဆရာမများ၏ တပည့်များအပေါ် ထားရှိသော စေတနာ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ မွန်မြတ်သော စိတ်ထားများနှင့် လေးစားထိုက်သော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို အာရုံသွင်းစိတ်ထားပြီး ကျွန်တော်တို့က ကြမ်းပြင်ပေါ်မှာ ထိုင်၍ ရှိခိုးကန်တော့ရပါကြောင်းဟု ပြောကြားသဖြင့် အလွန်လေးစား အတုယူထိုက်သော မွန်မြတ်သည့် ဂါရဝတရား၊ နိဝါတတရားဟု ဆိုထိုက်ပါသည်။

ထို့နောက် ဆရာကြီး ဦးတင်ရွှေ မှ/အုပ်(ငြိမ်း)နှင့် ဆရာမကြီး ဒေါ်မြင့်မြင့်လှ၊ မူ/ပြ(ငြိမ်း)တို့နှစ်ဦးက ဩဝါဒစကား အသီးသီးချီးမြှင့်ပေးကြပါသည်။ စာအိတ်ကြီးနှင့်ထည့်ထားသော ပူဇော်ကန်တော့ငွေမှာ ဒီနှစ်မှာ တစ်သောင်းစီတိုးပြီး ကျပ်ငါးသောင်းစီ ကန်တော့နိုင်ပါသည်။

မဲဖောက်ပြီး လျှုဒါန်းသည့်အထဲမှာ ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော်ငါးဆူ၏ အလှူရှင်မှာ ရန်ကုန်မြို့ မြောက်ဒဂုံနေ ကျောင်းသူဟောင်း ဒေါ်သဲသဲ ဖြစ်ပါသည်။

ကံစမ်းမဲအစီအစဉ်မှာ ပထမ ဆုငွေကျပ်ငါးသိန်းဆုကို ဒေါ်ခင်ဝင်းကြည်၊ မူအုပ်(ငြိမ်း)၊ အာဇာနည်လမ်းကျောင်းမှ ဆွတ်ခူးသွားပါသည်။ ဒုတိယ ဆုငွေသုံးသိန်းကျပ်ဆုကို ဦးခင်ဝင်း၊ မူအုပ်(ငြိမ်း)ကလည်းကောင်း၊ တတိယ ဆုငွေနှစ်သိန်းကျပ်ဆုကို ဒေါ်သိန်းနွဲ့၊ မူအုပ်(ငြိမ်း)၊ ဆေးရုံရပ်မူလတန်းကျောင်းမှလည်းကောင်း၊ စတုတ္ထဆု ကျပ်တစ်သိန်းကို ဒေါ်ဝင်းနွဲ့ရီ၊ ထက်အုပ်(ငြိမ်း) အထက(၂)တို့က အသီးသီးဆွတ်ခူးသွားကြပါတယ်။

နှစ်သိမ့်ဆုများအဖြစ် ကျပ်ငါးသောင်း နှစ်ဆု၊ ကျပ်နှစ်သောင်းဆု ၂၀ ဆု၊ ထီးအလက် ၇၀၊ စောင်နှစ်ထည်၊ ကျား+မဝတ်လုံချည်များပါ ဗလာမဲမရှိ လှူဒါန်းပေးပါတယ်။

တစ်နှစ်ထက်တစ်နှစ် ပိုပြီးပူဇော်နိုင်ခဲ့ပြီး ပိုပြီးစည်ကားသိုက်မြိုက်ခဲ့လို့ အားလုံးက ဝမ်းသာကြည်နူးပျော်ရွှင်နေကြပါတယ်။ ကန်တော့ပွဲပြီးသွားတော့ ကန်တော့ခံ ဆရာကြီးများနှင့် ဆရာမကြီးများအားလုံးကိုရော ကန်တော့ပွဲတက်ရောက်လာကြသူများနှင့် ဝေယျာဝစ္စဆောင်ရွက်သူအားလုံးကို နတ်သုဒ္ဓါ ကြက်သားထောပတ်ထမင်းနှင့် ကျွေးမွေးပါသည်။ ရေခဲမုန့်အချိုပွဲကို ဒေါ်မြမြ ဒေါ်လှလှတို့ မောင်နှမများ "ကင်းမုန့်တိုက်"က ဒါနပြုပါတယ်။

ဒီနှစ် သတ္တမအကြိမ် အာစရိယပူဇော်ပွဲ ဆောင်းပါးကို ဦးစိုးဝင်းဆီက ဓာတ်ပုံများနှင့် အချက်အလက်များကို ဒီဇင်ဘာလ ၃၀ ရက်က ရရှိသော်လည်း ချက်ချင်းမရေးဖြစ်ခဲ့ပါ။ ကျွန်တော့်ဇနီး ဆရာမကြီး ဒေါ်အုံးရွှေ အသက် ၉၀ နှစ်သည် ၁၉.၁.၂၀၁၄ နေ့က ကွယ်လွန်အနိစ္စရောက်ပြီးမှ ရေးရတော့ လိုအပ်တာများ ကျန်သွားလျှင်လည်း ခွင့်လွှတ်ကြပါရန် မေတ္တာရပ်ခံတောင်းပန်အပ်ပါသည်။

နောက်ကျင်းပမည့် ညောင်လေးပင် အာစရိယပူဇော်ပွဲနဲ့ ဝေးသည်ထက်ဝေးဝေး ခွေးရပါပြီ ချစ်ဒါလီရေ...ဟု တမ်းတရင်း နိဂုံးချုပ်လိုက်ရပါသတည်း။

သတ္တဝါတွေ ချမ်းသာကြပါစေ။

| သူတော်စင်မင်းအောင် |
|---|



www.burmeseclassic.com

www.burmeseclassic.com

# ဓမ္မက္ခန္ဓာ ၈၄၀၀၀ ရှိခိုးတဲ့အကျိုး

ဆရာကြီးဇော်ဂျီက သူ့ဝတ္ထုတစ်ပုဒ်မှာ အနုပညာသမားတွေ ပုဂံမှာ ဖြိုင်ပွဲလုပ်တော့ သီရိနတ်မင်းကြီးကို ပူဇော်သက္ကာယ ပြုကြတဲ့အကြောင်း ရေးသားဖူးပါတယ်။ ထင်ရှားတဲ့ ကဗျာဆရာကြီးတစ်ဦးကလည်း သူကဗျာရေးတဲ့အခါ သူရဿတီမယ်တော်ကြီးကို ကန်တော့ပွဲပေးပြီး ဉာဏ်ပညာပွင့်အောင် လုပ်တယ်လို့ ကြားဖူးပါတယ်။ မယ်တော်ကြီးက ပိဋကတ်သုံးပုံကို စောင့်တာကိုး။

ဒါကြောင့် စာပေသမားများ၊ ကျောင်းသားကျောင်းသူများ ပညာရေးနဲ့ ပတ်သက်ပြီး ဉာဏ်ပညာထူးချွန်ထက်မြက်အောင် သုတ်၊ ဝိနည်း၊ အဘိဓမ္မာ၊ ပိဋကတ်သုံးပုံ အစရှိသော ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်ကို ရှိခိုးပူဇော်တဲ့ ဘုရားရှိခိုး ထပ်ဆင့်ဒါနပြု ဖော်ပြလိုက်ပါတယ်။

## ဓမ္မက္ခန္ဓာ ၈၄၀၀၀ ဘုရားရှိခိုး

**ဝိနေယ ဦးနအာကဌာ၊ သုတ္တန္တေ ဦးနဩကာရာ၊ ဘိဓမ္မေ ဦးနအာရာဝါ၊ ဓမ္မက္ခန္ဓာ နမာမိ တေ။**

ဝိနေယ အာဏာရဟာ-လောကထွတ်တင် မြတ်ရှင်ပင်၏ ၃သန့်စင်ရွှေနုတ် ကြာကုမုဒ်မှ ဖွင့်ထုံပေါအပ် ဝိနည်းပိဋကတ်တော်မြတ်၌၊ ဦးနအာကဌာ - နှစ်သောင်းတစ်ထောင် မြားမြောင်သချ်ာ ဓမ္မက္ခန္ဓာတို့ကို၊ အပဲ့-ရုပ်နာမ်နှစ်ဝ သမူဟကို အတ္တစွဲခေါ် ဘုရားတပည့်တော်သည်၊ သဗ္ဗဒါ-နေ့ရောညဉ့်ပါ အခါခပ်သိမ်း၊ ဝန္ဒာမိ-ဆယ်ချောင်းအဥ္ဇလီ ထိပ်ဝယ်ချီ၍ ရှင်ကြည်မြတ်နိုး ရှိခိုးပါ၏ဘုရား။

သုတ္တန္တေ - ဝေါဟာရအရာ လိမ္မာကျွမ်းကျင် မြတ်ရှင်ပင်သည် သာကြည်မိန့်လတ် သုတ္တန်ပိဋကတ်၌၊ ဦးနဩကာရာ - နှစ်သောင်းတစ်ထောင် မြားမြောင်သချ်ာ ဓမ္မက္ခန္ဓာတို့ကို၊ အပဲ့-ရုပ်နာမ်နှစ်ဝ သမူဟကို အတ္တစွဲခေါ် ဘုရားတပည့်တော်သည်၊ သဗ္ဗဒါ-နေ့ရောညဉ့်ပါ အခါခပ်သိမ်း၊ ဝန္ဒာမိ-ဆယ်ချောင်းအဥ္ဇလီ ထိပ်မှာချီ၍ ရှင်ကြည်မြတ်နိုး ရှိခိုးပါ၏ဘုရား။

အဘိဓမ္မေ၊ ပရမတ္ထသဘာဝ၌၊ ဂမ္ဘီရနက်နဲ၊ ဉာဏ်ဝင်ိ လက်စွဲလျက်၊ ဝက်ဝက်ကွဲဖြိုး မြတ်ဘုန်းမိုသည်၊ ဟောဆိုမိ လတ်၊ အဘိဓမ္မာပိဋကတ်၌။ ဦးနအာရာဝါ-လေးသောင်းနှ ထောင် မြားမြောင်သချ်ာ ဓမ္မက္ခန္ဓာတို့ကို။ အပဲ့-ရုပ်နာမ်နှစ် သမူဟကို အတ္တစွဲခေါ် ဘုရားတပည့်တော်သည်၊ သဗ္ဗဒါ-နေ့ရောညဉ့်ပါ အခါခပ်သိမ်း၊ ဝန္ဒာမိ-ဆယ်ချောင်းအဥ္ဇလီ ထိပ်မှာချီ၍ ရှင်ကြည်မြတ်နိုး ရှိခိုးပါ၏ဘုရား။

ကဲ . . . ဘုရားရှိခိုးလည်း အဆင်သင့်ရှိနေပြီဆိုတော့ စာသမားများ၊ ကျောင်းသူကျောင်းသားများအနေနဲ့ ဘုရားရှိခိ ပြီး စာမှန်မှန်ကြိုးစားဖို့ပဲ ရှိတော့တယ်။

ဩော် . . . ထူးခြားချက်ကလေးတစ်ခု ပြောဦးမယ် မိခင်ကြီးက ကောက်ညှင်းပေါင်းရောင်းတယ်။ ဖခင်က ကုမ္ပဏ ကားမောင်းတယ်။ သမီးလေးတစ်ယောက်လည်း ရှိတယ် ဖခင်က ဒီဘုရားရှိခိုးသင်ပေးလို့ ယနေ့ထိ သမီးလေး ဝတ်မပျက်ရှိခိုးတယ်။ ဆယ်တန်းစာမေးပွဲမှာ ဘာသာစုံဂုဏ်ထူ ထွက်တယ်။ အခုလက်ရှိ ဆေးတက္ကသိုလ်နောက်ဆုံးနှ တက်နေတယ်။ ဒီဘုရားရှိခိုးကို သူ့ဆီကတစ်ဆင့် ရတာပါ ဒါပေမဲ့ တစ်ခုတော့ သူပြောတယ်။

"ဒီဘုရားရှိခိုးကြောင့် သမီး ဒီလိုဖြစ်တယ်လို့တော ပြောတာမဟုတ်ပါဘူး။ ဒါပေမဲ့ သမီးဘာသာစုံဂုဏ်ထူးရပြ ဒီနေ့ ဆေးတက္ကသိုလ်နောက်ဆုံးနှစ်ရောက်တဲ့အထိ ဒီဘုရာ ရှိခိုးကိုတော့ တစ်ရက်မှ မပျက်အောင် ရှိခိုးနေပါတယ် တော့ ပြောချင်ပါတယ်။ ကိုယ်ကလည်း ကြိုးစားရတာပေ ဘာဘရယ်။ ဘာပဲဖြစ်ဖြစ် ဒီလို ဘုရားပေစာတွေရှိခိုး ကသိုလ်ကတော့ သမီးအတွက် အထောက်အပံ့ဖြစ်တာ တော့ လက်တွေ့ပဲလို့ သမီးအကြွင်းမဲ့ ယုံကြည်တယ်"တဲ

ဒီစကားလေးကလည်း မှတ်သားစရာပါပဲ။ လက်ဆ ကမ်း ကျေးဇူးပြုတဲ့သမီး မစိမ့်စိမ့်(နောက်ဆုံးနှစ်ဆေ တက္ကသိုလ်ကျောင်းသူ)အား ကျေးဇူးကမ္ဘာပါ။ ။

**မောင်ပုတ်စ**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ယခင်လမှအဆက်

ယခုမူ မိန်းကလေး၏ မျက်နှာ၊ လည်တိုင်၊ အသားအရည်၊ လက်၊ ခြေဆံပင်၊ နှုတ်ခမ်း အစိတ်အပိုင်းအသီးသီးတို့၏ အလှသည်လည်းကောင်း။ မိန်းကလေး၏ ဆွဲဆောင်မှုရှိသော စကားသံတို့သည်လည်းကောင်း၊ မိန်းကလေး၏ လှုပ်ရှားဟန် တို့သည်လည်းကောင်း။ မိန်းကလေး၏ ပြုစုယုယမှုတို့သည်လည်းကောင်း ကျွန်ုပ်အား တမ်းမက်ဖွယ်ရာချည်း ဖြစ်၍နေတော့၏။

ဤသို့ဖြစ်ရခြင်းအတွက် ကျွန်ုပ်ကိုယ်ကျွန်ုပ် ရှက်လှ၏။ ဒေါသလည်း ထွက်မိ၏။

မိုးတစ်ည၏ ကိုယ်ကျင့်သိက္ခာနှင့် ခိုင်မတ်သော စိတ်ဓာတ်တို့သည် တစ်စစီပြိုကွဲ၍ လာနေလေတော့၏။

(၃)

ကျွန်ုပ် တောတောင်ထဲမှာ နေထိုင်စဉ်အခါက တစ်ကြိမ်မျှသုတ်သင်ခဲ့ခြင်းမရှိသော ဆံပင်တို့မှာ ရှည်လျားသန်မာလှ၏။ မုတ်ဆိတ်မွေး ထူလပျစ်တို့ကလည်း ရှုပ်ထွေးနေ၏။

သို့သော်လည်း ယခုအခါ ကျွန်ုပ် ဝတ်ဆင်ထားသော အဝတ်များမှာ တောတောင်ထဲ၌ ဝတ်ဆင်ထားသော အဝတ်အစားများနှင့် ကွာခြားနေ၏။ ကျွန်ုပ် အတော်လေး ထူထူထောင်ထောင် ဖြစ်လာပြီမို့ ခြံဝင်းထဲ ဆင်းလျှောက်နိုင်သော အခြေအနေသို့ ရောက်ရှိလာခဲ့၏။ မိန်းကလေးက တွဲထူပေးလေ၏။ အပြင်လောကသို့မူ မထွက်ဖူးသေးချေ။

"မိန်းကလေးကို ကျုပ် ကျေးဇူးတင်တယ်"

ကျွန်ုပ်အား မိန်းကလေးက ပြုစုစောင့်ရှောက်မှုကို ကျေးဇူးတင်မိသောကြောင့် ကျွန်ုပ်၏ စိတ်ထဲမှာရှိသည့်အတိုင်း ပြောကြားလိုက်၏။

"ကျေးဇူးတင်ရုံပဲလား"

မိန်းကလေးက ပြုံးချိုစွာ ပြောလာ၏။

"ကျေးဇူးတင်ခံချင်လို့များ ပြုစုနေတယ်လို့ထင်သလား"




www.burmeseclassic.com

www.burmeseclassic.com

မိန်းကလေးက ထပ်ဆင့်စကား ဆိုလေ၏။

"ကျုပ်မထင်တတ်ဘူး"

ကျွန်ုပ်သည် ဘာပြန်ပြောရမှန်း မသိတာကြောင့် ကျုပ် မထင်တတ်ဘူး ဟု ပြောလိုက်လေ၏။

ကျွန်ုပ်နှင့် မိန်းကလေးတို့သည် စကားပြောကောင်းကောင်းနှင့် ပြောနေကြ၏။

"ကျေးဇူးတင်တယ်ဆိုရင် ကျေးဇူး ပြန်ဆပ်ဖို့ရော စိတ်မကူးဘူးလား"

မိန်းကလေး၏ စကားက ဘာလိုလို။။

ကျွန်ုပ်ကောင်းကောင်း နားမလည်။

ကျွန်ုပ် မည်သို့ပြန်ပြောရမှန်းမသိဖြစ်နေ၏။

"မိုးရဲ့စကားကို ကောင်းကောင်းမှတ်ထားနော်"

မိန်းကလေးက မချိုမချဉ်မျက်နှာနှင့် ကျွန်ုပ်အား ပြောလေ၏။

နောက်ပိုင်း၌ ကျွန်ုပ်သည် တွဲကူသူမပါဘဲ လမ်းလျှောက်နိုင်လာ၏။ ကျန်းမာရေးကောင်းလာ၏။ ကျွန်ုပ်မှာ တစ်နေ့တစ်နေ့ ဘာအလုပ်မှ မလုပ်ရချေ။ ကျွန်ုပ် ဘာလုပ်ရမည်လည်းဟု စိတ်ကူး၏။

ခြံထဲ၌ မာလီကုလားရှိ၏။

မာလီကုလား မြက်ရှင်းနေသည်ကို တွေ့ရ၏။

တစ်နေ့သ၌ မာလီကြီးမြက်ရှင်းရာဆီသို့ ကျွန်ုပ် ဆင်းလာခဲ့၏။ မိန်းကလေး ပင်မသိလိုက်ပေ။

"ဦးကြီး၊ မြက်ရှင်းတာ မောလောက်ပြီ ကျွန်တော်လည်း အားနေတာနဲ့ ဒီအိမ်မှာ လူပိုလိုဖြစ်နေတယ်။ ပေး··ပေး ပေါက်ပြား၊ ကျွန်တော် ရှင်းမယ်။ ဦးကြီး ခဏနားလိုက်ဦး"

ကျွန်ုပ်သည် မာလီကုလားကြီးထံမှ ပေါက်တူးကို လှမ်းယူလိုက်၏။ မပေါက်တတ်ပေါက်တတ်နှင့် မြက်များကို ရှင်းနေလေ၏။ မာလီကြီးက သူနှင့်မနီးမဝေးမှာ ထိုင်ရင်း တစ်ကိုယ်တည်း ပြောချင်ရာ ပြော၍ ဆိုချင်ရာဆိုနေလေ၏။

"သူမနား သူမနား တောထဲမှာနော်၊ ဒီလိုအလုပ်မျိုး မလုပ်ရဘူး။ အခုတော့ သူမနားလုပ်ရင် ဒါဒွတ်ခရဲ့အစပဲ သူမနား၊ နောက်ဆိုရင် ဒီ့ထက် ဒွတ်ခတွေအစုပုံကိုများဖို့ရှိဒယ်"

မာလီကြီးမှာ မြက်ရှင်းသောနေရာမှာထိုင်ရင်း ပြောလိုက်ခြင်းဖြစ်လေ၏။

ကျွန်ုပ်မှာ မာလီကြီး၏ စကားထဲ၌ သူ၏အမည် သုမန (သူမနား)ပါလာ၍ စိတ်ဝင်စားသွားမိ၏။ သို့သော်လည်း မာလီကြီးက မည်သို့ ထပ်ပြောလာမည်ကိုသိလိုသောကြောင့် ကိုယ့်အလုပ်အား ကိုယ်ဆက်လုပ်နေလိုက်၏။

ခဏအကြာ၌ မာလီကြီးသည် သီချင်းလိုလို ကဗျာလိုလို ရွတ်ဆိုလိုက်လေ၏။

"အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်တို့ရယ်ကြောင့်
လံကမေါ်၊ လောကဓံမှာလေ
စုန်တီခါ၊ ဆန်တီလှည့်ရယ်နဲ့
မျောလျက်ကွဲ့ ယောင်ချာချာ
ဆုံးဖွယ်ရာ မရှိနိုင်ဘူး···

မာလီကြီး၏ နှုတ်မှသံဝေဂကို ညွှန်းဖွဲ့သော လေးချိုးသဖြန် အပိုင်းအစ လေးအား တတ်သလို ရွတ်ဆိုနေ၏ အနည်းငယ် အသံဝဲနေသည်မှအပ အတော်လေး အသံ ပီသသည်ဟု ကောက်ချက်ချမိ၏။

မာလီကြီးဆိုလိုက်သော သီချင်းသည် ကျွန်ုပ်အား တည့်တည့်ကြီးထိ လေ၏။ အဘယ်ကြောင့်ဆိုသော် မိန်း ကလေးကို ကျွန်ုပ်နှစ်သက်နေမိပြီဖြစ် သောကြောင့်တည်း။ မိန်းကလေးအပေါ် ကျွန်ုပ်စိတ်ဝင်စား စွဲလမ်းနေခဲ့ပြီ။

မာလီကြီးကို ကျွန်ုပ် ခပ်ပေါ့ပေါ့ မထင်ရဲတော့ပေ။ မာလီကြီးသည် ကျွန်ုပ်၏ အမည်ပောင်း သုမနဆိုသည်ကို သိနေသောကြောင့်ဖြစ်၏။ ထို့ကြောင့် မာလီကြီး၏ အတွင်း အစ္ဈတ္တကို ထွင်း ဖေါက်သိရှိနိုင်ရန်အတွက် စကားစမြည် ပြောဆိုရန် စိတ်ကူးလိုက်၏။

"ဦးကြီး၊ ခုနကဆိုနေတဲ့ သီချင်း ဟာ ဦးကြီးအတွက် ဆိုနေတာလား၊ ဦးကြီးရဲ့ဘဝက ခြံထဲမှာ မြက်တွေရှင်း ပန်းတွေစိုက်၊ ရေလောင်းနဲ့ ပင်ပန်းလှ တယ်မဟုတ်လား၊ အဲ့ဒါကြောင့် ကိုယ့် ဘဝကိုကိုယ် သီချင်းလုပ်ပြီး ဆိုနေတာ



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်လား။ နားထောင်လို့ ကောင်းသားပဲ"

ကျွန်ုပ်က မာလီကြီးအား မထိတထိ မေးလိုက်၏။

"မိဟုတ်ဘူး လူးကလေးသူးမနား"

မန်နီးမှာနော် ရွှေမချိဘူး၊ ငွေမချိဘူး၊ အိမချိဘူး၊ မွိုးမ မချိဘူး၊ ကီလေး မရှိဘူးနော်။

မန်နီးမှာ ပေါင်းထားတဲ့ ဗောင်း ဒွတ်ပဲချိတယ်။ ခါးဝတ်ပဲချိတယ်။ မန်နီး ချမ်းသာဒါ အီကုန်ပဲ။

မန်နီးမှာ တီဏှာမချိဘူး။ ဘာမှ စွဲလမ်းစရာမရှိဘူး။ ဒွယ်ဒါစရာ ဘာမှ မချိဘူး။

သူးမနားအတွက် ချိတာ။

သူးမနားမှာ တီဏှာချိနေပီ။ မိုးကို သူးမနား စွဲလမ်းနေဒယ် မိဟုတ်လား။ စွဲလမ်းဒါ တီဏှာပေါ့။ တီဏှာချိတာ မိကောင်းဘူး။ တီဏှာရှိတယ်နော၊ လံကခေါ် လောကဓံလာတော့မယ် ဒွတ်ခတွေ အီများကြီး ရောက်တော့မယ်"

ကျွန်ုပ်မှာ မပီကလာ ပီကလာဖြင့် ပြောနေသော မာလီကြီး၏စကားများကို ပြုံးချင်နေ၏။ မာလီကြီးပြောသည်မှာ မှန်၏။ ကျွန်ုပ် အမှန်တကယ်ပင် မိန်းကလေးကို စွဲလမ်းနေ၏။

မာလီကြီးပြောသလိုပင် ကျွန်ုပ်၏ ထံသို့ လောကဓံတရားတွေ ဆိုက်ရောက်လာတော့မည်လား။

မာလီကြီးပြောသည့် ဒွတ်ခဆိုသော ဒုက္ခတွေ ရောက်လာတော့မည်လားဟု ကျွန်ုပ်တွေးနေ၏။

နောင်သောအခါ မာလီကြီးပြောခဲ့သော စကားများ သွေးထွက်အောင် မှန်နေသည်ကို ကြုံတွေ့ရလေ၏။

ထိုစဉ် ကျွန်ုပ် ခြံထဲမှာ မြက်ပေါက်ပြီး မာလီကြီးနှင့် စကားပြောနေသည်ကို မိန်းကလေးတွေ့သွား၍ ကျွန်ုပ်တို့ထံ လာနေသောကြောင့် စကားစ ပြတ်သွားရလေ၏။

"ဟိုမှာ ဒွတ်ခလာနေပီ၊ မန်နီးကို ပေါက်တူးပေး။ မန်နီးအလုပ် မန်နီး လုပ်မယ်။ သူးမနားအလုပ် သူးမနား လုပ်ဘာ၊ မန်နီးကို ကန်းမလေးက ဆူနေဦးမယ်"

ကျွန်ုပ်သည် မာလီကြီးအား ပေါက်တူးကမ်းပေးလိုက်ပြီးနောက် ခွေးများကို သုတ်လိုက်၏။

ဗညား ဒီမှာ ဘာလာလုပ်နေတာလဲ၊ မြက်တွေလာရှင်းနေတယ် ကြည့်စမ်း။ ဒါ ဗညားလုပ်ရမယ့် အလုပ်မှ မဟုတ်တာ၊ မာလီကြီးကလည်း ဘာဖြစ်လို့ ဗညားကို မြက်ရှင်းခိုင်းရတာလဲ။

မိန်းကလေးက မာလီကြီးကိုအပြစ် တင်လိုက်လေ၏။

"မာလီကြီး မခိုင်းဘူး ကန်းမလေး။ ကန်းလေးက သူးဟာသူလုပ်ဒါ"

မာလီကြီးက အပြစ်လွှတ်ရန် ဖြေရှင်းလိုက်လေ၏။

"ဟုတ်ပါတယ် မိန်းကလေး။ ကျုပ်လည်း ခြေလက်အကောင်းကြီးပါ။ တစ်နေ့တစ်နေ့ ဘာမှအလုပ်မရှိဘဲနေရတာ ပျင်းလို့၊ မာလီကြီးနဲ့လည်း စကားပြောရင်း အပျင်းပြေ မြက်လာရှင်းနေတာပါ"

ထိုသို့ စကားပြောဆိုနေကြစဉ် လူရွယ်တစ်ယောက် ခြံထဲဝင်လာပြန်လေ၏။

ထိုသူက မေမြမိုးကို တွေ့သွား၍ သူတို့ထံ လျှောက်လာလေ၏။

"မိုး ဒီမှာဘာလုပ်နေတာလဲ၊ မှတ်ဆိတ်ဗလပျစ်နဲ့ကောင်က ဘယ်သူလဲ"

ထိုလူရွယ်က မေမြမိုးကို မေးလိုက်၏။

"ကျော်ကျော်နဲ့ မဆိုင်ပါဘူး။ သူ ဘယ်သူဖြစ်ဖြစ်ပေါ့"

မေမြမိုးက ပြန်ပြောလိုက်လေ၏။

"အဟင်း . . . ဆိုင်တာပေါ့ မိုးရဲ့ ဘယ်က ကလေကချေမှန်းမသိ၊ အိမ်မှာ ခေါ်တင်ထားတယ်။ တစ်နေ့ သားရေပေါ်အိတ် သားရေနားစားပြီး မိုးတို့ကို ကွာပေးနေမှဖြင့်"

ကျော်ကျော်ဆိုသူက စကားကို မရပ်ဘဲ ထပ်ဆက်၏။ ကျော်ကျော်ဆိုသူ၏စကားက ကျွန်ုပ်ကို ထိခိုက်သော စကားများဖြစ်သောကြောင့် တစ်စုံတစ်ခု ပြန်ပြောရန် ပြင်လိုက်၏။ မာလီကြီးက ဘာမှမပြောရန် လက်ရိပ်လက်ခြေပြ၍ မပြောဘဲနေလိုက်ရလေ၏။

"ကျော်ကျော်ရဲ့ စကားက လွန်လာပြီနော်၊ ဒါ မိုးရဲ့မိတ်ဆွေ၊ မိုးရဲ့ညည်းသည်း



www.burmeseclassic.com

www.burmeseclassic.com

ကျော်ကျော် ဘာမှပြောပိုင်ခွင့်မရှိဘူး။ မိုးတို့ အိမ်တွင်းရေးကိစ္စမှာ ကျော်ကျော် လာဝင်မစွက်နဲ့ မိုး လက်မခံဘူး။ အထဲမှာ ဖေဖေနဲ့ မေမေရှိတယ်။ ကျော်ကျော်တွေ့ချင်ရင်သွားပါ"

မေမြမိုးက စကားကိုပြတ်သားစွာ ပြောလိုက်၏။

"မိုးက မိုးရဲ့ အထူးညှော်သည်ကိုပဲ တစ်ချိန်လုံး ညှော်ခံနေတော့မှာလား။ ကျော်လည်း ညှော်သည်ပဲလေ။ ကျော်ကိုလည်း ညှော်ခံဦးမှပေါ့။ ကျော်ရဲ့စကားတွေ လွန်သွားခဲ့ရင် မိုးကို တောင်းပန်ပါတယ်"

ကျော်ကျော်ဆိုသူက လေပြေပြန်ထိုးလိုက်လေ၏။

"မိုးတော့ မအားသေးဘူး။ အလုပ်ကလေးလုပ်ရဦးမယ်။ ပန်းအိုးတွေအရွှေ့အပြောင်းလုပ်ရဦးမယ်။ ကိစ္စရှိရင် အိမ်ထဲဝင်ပြီး မေမေနဲ့ တွေ့လိုက်ပါ"

"ရပါတယ်။ မိုးရဲ့မေမေနဲ့ပဲ တွေ့လိုက်ပါ့မယ်"

ကျော်ကျော်ဆိုသူ အိမ်ထဲသို့ ဝင်ရောက်သွားသောအခါ ကျွန်ုပ်တို့လည်း အလုပ်မရှိအလုပ်ရှာ လုပ်ကြလေ၏။ ခဏအကြာတွင် ဒေါ်သူဇာမိုးက မေမြမိုးကို လှမ်းခေါ်သောကြောင့် မေမြမိုးမှာ မျက်နှာမဲ့ရွဲ့လျက် မသွားချင်သွားချင်ဖြင့် အိမ်ထဲသို့ ဝင်သွားလေ၏။

"ကန်းကလေး၊ ဒွတ်ခလာပြီ"

မာလီကြီးက စကားစလာပြန်၏။

"ဘယ်က ဒွတ်ခလာရတာလဲ မာလီကြီးရဲ့"

အဲ့ဒီ ကောင်းကျိုးဟာလေ၊ တီဂဲ့ ဒွတ်ခကောင်းကျိုးပဲ။ အဲ့ဒီဒွတ်ခ ကောင်းကျိုးက သူ့မနားတို့ကို ဒွတ်ခကောင်းကောင်းပေးတော့မယ်။

အဲ့ဒီကောင်းကျိုးကို သဒိထားရမယ်။

သူ့မနားရေ ဒွတ်ခက အခုကနေ သူ့မနားကို စပြီ။

ထိုသို့ စကားပြောဆိုနေကြစဉ်မှာပင် ကျော်ကျော်ဆိုသောလူရွယ် အိမ်ထဲမှထွက်လာခဲ့၏။ ထိုသူနှင့်အတူ ဒေါ်သူဇာမိုးရော၊ မေမြမိုးရော လိုက်ပါလာ၏။ ထိုကျော်ကျော်ဆိုသူက ကျွန်ုပ်ကို ပေစောင်း၍ကြည့်သွားသေး၏။

ထိုလူရွယ် ခြံပြင်ရောက်သွားသောအခါ မိန်းကလေးက ကျွန်တော့်ကို လာခေါ်လေ၏။

"ဗညား ချွေးတွေနဲ့ ရေချိုးလိုက်တော့၊ ပြီးရင် ထမင်းစားမယ်"

ကျွန်ုပ်လည်း မာလီကြီးကိုထားချန်ကာ မိန်းကလေးနှင့်လိုက်ပါသွားလေ၏။

အခန်းတွင်းမှာ အားလုံးတိတ်ဆိတ်နေကြလေ၏။

အခန်းတွင်း၌ လူစုံတက်စုံရှိနေကြလေသည်။

"ဒီနေ့ သမီးကိုရော၊ မောင်ဗညားကိုရော ခေါ်ရတာ ပြောစရာအကြောင်းရှိလို့၊ ဒါကို သမီးလေးစိတ်ဆင်းရဲမှာစိုးလို့ မေမေတို့မပြောဘဲ ဖုံးကွယ်ထားခဲ့တာ"

ဒေါ်သူဇာမိုးက စတင်၍တိတ်ဆိတ်မှုကို ဖြိုခွဲကာ စကားစတင်ပြောလာခဲ့၏။

"ပြောစရာရှိတာသာပြောပါမေမေ"

မေမြမိုးက ပြောလိုက်၏။

"သမီးဟာ မေမေတို့ရဲ့ တစ်ဦးတည်းသော သမီးဖြစ်လို့ စိတ်မဆင်းရဲစေချင်ဘူး၊ မငြိုငြင်အောင်လည်းထားတယ်။ စိတ်ညစ်စရာ တစ်ခုမှ သမီးကို မပေးချင်ဘူး"

"အခုဆိုရင် သမီးနဲ့ မောင်ဗညားတို့ဟာ သံယောဇဉ်ရှိနေကြပြီနော်"

"ဟုတ်ပါတယ် မေမေ"

"မောင်ဗညားကရော သမီးကို သံယောဇဉ် ရှိရဲ့လား"

"ဟုတ် ...ဟုတ်ကဲ့"

ကျွန်ုပ်က အထစ်ထစ်အငေါ့ငေါ့နဲ့ ဖြေလိုက်လေ၏။

"သမီးကဆိုရင် မောင်ဗညားကို အလွန်အစွဲအလမ်းကြီးတာကွဲ့၊ မောင်ဗညားကို ခဏခဏ အိပ်မက်တယ်တဲ့။ ပြီးမောင် မောင်ဗညားဟာ ဇင်းကျိုက်တောင်မှာရှိတယ်ဆိုပြီး သွားမယ်လို့ တောင်းဆိုတယ်"

အဲ့ဒီအချိန်မှာ မကွယ်မဝှက်ပြောရမယ်ဆိုရင် နေ့ခင်းကလာတဲ့ ကျော်ဇင်လတ်နဲ့ မေမေတို့က သမီးကိုသဘောတူထားကြတယ်။

သမီးက အိပ်မက်ကို စွဲလမ်းပြီး ဇင်းကျိုက်တောင်ကို သွားတော့ သူ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com

အိပ်မက်ထဲက ချစ်သူနဲ့ မတွေ့နိုင်ဘူးလို့ မေမေတို့ ယူဆထားကြတယ်။ ငယ်ရွယ်စိတ်နဲ့ စိတ်ကူးယဉ်တာလို့ထင်တယ်။

ဒါနဲ့ မေမေနဲ့ သမီးတို့အလောင်းအစားလုပ်ကြတယ်နော်။

အိပ်မက်ထဲက ဗညားဦးကို ဇင်းကျိုက်တောင်မှာ မတွေ့ဘူးဆိုရင် ကျော်ဇင်လတ်နဲ့ လက်ထပ်ရမယ်။ တွေ့ခဲ့ရင်တော့ သမီးရဲ့ချစ်သူနဲ့သမီးလက်ထပ်ခွင့်ပြုမယ်လို့ အလောင်းအစားပြုထားကြတယ်။

ထူးဆန်းတိုက်ဆိုင်တယ်လို့ ပြောရမလားဘဲ သမီးက မောင်ဗညားကို ဇင်းကျိုက်တောင်မှာတွေ့ရှိပြီး အိမ်ကိုခေါ်လာခဲ့တယ်။ မေမေတို့က အလောင်းအစားမှာ ရှုံးသွားတဲ့အတွက်ကြောင့် သမီးရဲ့ဆန္ဒအတိုင်း မောင်ဗညားနဲ့ လက်ထပ်ပေးဖို့ပဲရှိပါတော့တယ်။

ဒေါ်သူဇာမိုး၏စကားကို ကြားရသောအခါ ကျွန်ုပ် ကြက်သီးမွေးညင်းထသွားရလေ၏။ မေမြမိုးက ကျွန်ုပ်အား မကြာခဏ အိပ်မက်တယ်တဲ့၊ အိပ်မက်ထဲမှာကတည်းက ချစ်နေသတဲ့ ကျွန်ုပ်ကို မတွေ့တွေ့အောင် ရှာသတဲ့။ ဤမျှအထိ မေမြမိုးက ကျွန်ုပ်အား အစွဲအလမ်းကြီးလှသည်ကို ကြားသိရသောအခါ ကျွန်ုပ်သည် မေမြမိုးဟူသော လှပချောမောသည့် မိန်းကလေးကို တိုး၍ ချစ်ကာ သနားမိလေတော့၏။

"ဒါပေမယ့် အခုပြောမယ့်စကားကို သမီးရော၊ မောင်ဗညားရော သေသေချာချာနားထောင်။ ပြီးရင် နှစ်ယောက်တိုင်ပင်ပြီး ဘာလုပ်သင့်သလဲဆိုတာကို ဆုံးဖြတ်။ မေမေတို့က ဘာမှဝင်မစွက်ဘူး"

ဒေါ်သူဇာမိုးက စကားကိုခေတ္တရပ်ပြီး မေမြမိုးကိုရော၊ ကျွန်ုပ်ကိုပါကြည့်လေ၏။ ဒေါ်သူဇာမိုး၏ အကြည့်၌ အဓိပ္ပါယ်ပေါင်းများစွာ ပါဝင်နေ၏။

မေမေတို့ဟာ စီးပွားရေး အတော်ကျဆင်းနေတယ်။ စက်လှေနှစ်စင်းကလည်း မုန်တိုင်းမိပြီး ဆုံးရှုံးသွားတယ်။ ဒီအိမ်နဲ့ ဒီခြံကို မောင်ကျော်ဇင်လတ်ကို ပေါင်နှံထားရတယ်။ မေမေတို့မှာ ကျန်တာဆိုလို့ သစ်စက်တစ်ခုပဲ ကျန်တော့တယ်။

အဲ့ဒီ ပေါင်နှံထားတာကလည်း နောက်တစ်လဆိုရင် စာချုပ်ရက်ပြည့်တော့မယ်။ တကယ်လို့ သမီးက ကျော်ဇင်လတ်ကို လက်ထပ်လိုက်မယ်ဆိုရင် မောင်ကျော်ဇင်လတ်က အကြွေးတွေကို လျှော်ပစ်လိုက်မယ်။ မေမေတို့ဒီအိမ်မှာ ဣန္ဒြေမပျက် သိက္ခာမကျဘဲ ပြန်နေရမယ်။ အဲ့ဒါကို သမီးစဉ်းစားဆုံးဖြတ်ပါ။ မေမေတို့ သဘောဆန္ဒမပါဘူး။ သမီးရဲ့စိတ်ကြိုက်ရွေးချယ်ပါ။ သမီးရဲ့ အချစ်ရေးနဲ့ အိမ်ထောင်ရေးမှာ သမီးသဘာကျဆန္ဒရှိတဲ့အတိုင်း ဆုံးဖြတ်ပိုင်ခွင့်ရှိတယ်။ မေမေကတော့ ဒီအကြောင်းကို သိသင့်တယ်ထင်လို့ ပြောပြရုံပါပဲ။ မောင်ဗညားလည်း စဉ်းစားပေါ့။ ဒါပါပဲ။

မေမြမိုး၏ရင်မှာ ပူလောင်သွားရလေ၏။

ကျွန်ုပ်သည်လည်း စိတ်ထဲမှာ လောင်မြိုက်သွားရလေ၏။ အချစ်ဆိုတာ ဤသို့ပါလားဟုလည်း နားလည်လာခဲ့လေ၏။ အချစ်သည် ပြင်းထန်သောမြွေဆိပ်တစ်ခုဖြစ်လေ၏။ သူ မေမြမိုး ဘာပြောမည်လဲဟု ကြည့်လိုက်၏။ မေမြမိုးကတော့ ဘာမျှမပြောချေ။

"သမီးစိတ်မဆင်းရဲပါနဲ့ ဖေဖေတို့မှာ သစ်စက်ရှိနေပါသေးတယ်။ ဒီအိမ်ခြံကို မောင်ကျော်ဇင်လတ်သိမ်းလိုက်တော့လည်း ဖေဖေတို့ သစ်စက်ကိုပြောင်းပြီး နေကြတာပေါ့။ မောင်ဗညားဦးလည်း ယောကျ်ားတစ်ယောက်ပဲကွယ်။ သေသေချာချာ စဉ်းစားပါ။ ဒါပါပဲ သမီးရော၊ မောင်ဗညားရော သွားနိုင်ကြပါပြီ"

ဦးထွန်းလှိုင်၏ စကားအဆုံးမှာ လူစုခွဲလိုက်ကြလေ၏။ ကိုယ့်အတွေးနှင့်ကိုယ် ကိုယ့်အခန်းဆီသို့ ပြန်လာခဲ့ကြလေ၏။

(၅)

မေမြမိုးမှာ စဉ်းစားဆုံးဖြတ်ရခက်နေ၏။ တစ်ဖက်က အသည်းနှင့်အောင်ချစ်ရသူ ချစ်သူဖြစ်၏။ သူမ ကိုယ်တိုင်မရအရ ခက်ခက်ခဲခဲ ရှာဖွေခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com

တစ်ဖက်ကလည်း ကျေးဇူးရှင်မိဘနှစ်ပါးဖြစ်၏။

ကြားထဲက လူလည်ကျသော ကျော်ဇင်လတ်ကိုသာ ဒေါသထွက်နေမိ၏။ မချစ်နိုင် လက်မထပ်နိုင်ကြောင်း ပြောထားရက်နှင့် မိမိအား အပိုင်သိမ်းပိုက်ရန်ကြံစည်၏။ မဆုံးဖြတ်နိုင်သောကြောင့် တစ်နေ့လုံး အခန်းအောင်းနေခဲ့၏။ ထိုနေ့တစ်နေ့လုံး ဗညားဦးနှင့်လည်း တွေ့ဆုံခြင်းမပြုဘဲနေ၏။

ကျွန်ပ်မှာလည်း ဤပြဿနာကို မည်သို့ဖြေရှင်းရမှန်းမသိ ဖြစ်နေ၏။ မေမြမိုးကို သူ မခွဲခွာနိုင်ပေ။ မေမြမိုးက မည်သို့ ဆုံးဖြတ်မည်လဲဟုလည်း တွေးကြည့်နေမိ၏။ မေမြမိုးတို့ပြဿနာကို သူဖြေရှင်းပေးချင်၏။ မေမြမိုးတို့၏ အကြွေးကို ကျွန်ပ်ဆပ်ပေးလိုက်ချင်၏။ ထိုသို့များ ပြုလုပ်ပေးလိုက်နိုင်လျှင် မေမြမိုး မည်မျှပျော်ရွှင်သွားမည်လဲ။ မေမြမိုး ပျော်ရွှင်နေသည်ကိုသာ မြင်တွေ့လို၏။

ကျွန်ပ်သည် ဆရာသခင်ပေးလိုက်သော စာအုပ်ငယ်ကလေးကို သတိရလိုက်၏။

ဆရာသခင်က အခက်အခဲပြဿနာကြုံပါက စာအုပ်လေးကိုဖွင့်ပြီး ဖတ်ကြည့်ပါဟု ပြောဆိုခဲ့၏။

ကျွန်ပ်သည် မေမြမိုးနှင့် စတင်ဆုံတွေ့ခဲ့ရသည်မှစကာ သူ့ဖျားနာနေစဉ်က စိုးရိမ်တကြီး သူ့အားပြုစုစောင့်ရှောက်ခဲ့ပုံများအထိ တစ်သီတစ်တန်းကြီး ပြန်တွေးမိနေကာ မေမြမိုးကို စွန့်ခွာကျောနိုင်းရန်အတွက် မည်သို့မျှ စိတ်ကူးမရဘဲ ရှိနေ၏။ အကယ်၍များ မေမြမိုးကို ကျောနိုင်းပြီး ကျွန်ပ်၏ ဘဝဟောင်းသို့ပြန်ရောက်ခဲ့လျှင် ကျွန်ပ်၏ ကျင့်စဉ်များကို ဖြောင့်အောင် ကျင့်နိုင်တော့မည်မဟုတ်ဟုထင်၏။

ကျွန်ပ်သည် အဖြေတစ်ရပ်ကို ရရှိလိုရရှိငြား ဆရာသခင်ပေးလိုက်သော စာအုပ်ကို ဖွင့်ကာ ဖတ်ကြည့်လိုက်လေ၏။

"လူလေး၊ လူလေးကိုခေါ်ဆောင်သွားတဲ့ မိန်းကလေးရဲ့အိမ်ကို ရောက်ရင် ကုလားတစ်ယောက်ကို တွေ့ရလိမ့်မယ်၊ ကုလားလို့ထင်ရပေမယ့် အမှန်တော့ မြေလျှောက်ဝိဇ္ဇာ တစ်ဦးပဲ။ ဦးပညာဗလလို့ခေါ်တယ်။ ဦးပညာဗလက လူလေးကို ဆက်လက်ပြီး လမ်းညွှန်မှုပေးလိမ့်မယ်။ အားငယ်မနေနဲ့။ လူလေးရဲ့ အလာကို အဲ့ဒီအိမ်မှာ မာလီလုပ်ရင်း ကြိုစောင့်နေလေရဲ့"

စာကိုဖတ်ပြီးသောအခါ ဆရာသခင်ကို ဦးခိုက်လိုက်မိ၏။ ဆရာသခင်သည် ကျွန်ပ်၏ အရေးကိစ္စကို ကြိုတင်သိမြင်ကာ အကွက်စေ့အောင် ကြိုတင်ပြင်ဆင်ပေးထားခဲ့သည်တကား။ ယခုမှ မာလီကြီး၏ဘဝအမှန်ကို သိရှိရလေ၏။

ကျွန်ပ်သည် ဝမ်းသာအားရဖြင့် မာလီကြီးဆီသို့ ထွက်လာခဲ့၏။ အဆင်သင့်ပင် ခြံထောင့်တစ်နေရာ၌ မြက်ရှင်းနေသော မာလီကြီးအား တွေ့ရှိရလေ၏။

"ဆရာ"

ကျွန်ပ်က မာလီကြီးကို ဆရာဟုခေါ်လိုက်လေ၏။

"စာအုပ်ကို ဖတ်ကြည့်သွားပြီးပြီထင်တယ်။ ကျုပ်အကြောင်းကို သိသွားပြီကိုး"

မာလီကြီး၏စကားမှာ ယခင်ကလိုမဟုတ်ဘဲ အနည်းငယ် မာဆတ်ဆတ်နိုင်၏။

"လူလေး ဒီကိစ္စကို နောက်ဆုတ်လို့မရဘူး။ မင်းရဲ့ကောင်မလေးနဲ့ မင်းလက်ထပ်ရမယ်"

မာလီကြီးမှာ ကျွန်ပ်က ဘာမျှမပြောခင်မှာပင် ကျွန်ပ်၏ ဖြစ်ပျက်နေသော ပြဿနာအကြောင်းကို ကြိုသိနေလေ၏။

"ဘာဖြစ်လို့လဲ"

ကျွန်ပ်က မေးလိုက်၏။

"ကျော်ဇင်လတ်ဆိုတဲ့ ကောင်ဟာ တော်တော် ကောက်ကျစ်စဉ်းလဲတယ်။ မိန်းမလည်း ရှုပ်ပွေတယ်။ ကလေးမကို ပိုင်ဆိုင်ခွင့်ရပြီးရင်လည်း နောက်ထပ် မိန်းကလေးတွေနဲ့ ရှုပ်ပွေဦးမှာပဲ။ ကာမေသုကိစ္စ သိပ်များတယ်။ အဲ့ဒီအခါ ကောင်မလေးဟာ စိတ်ထိခိုက်ရလိမ့်မယ်။ လူလေးကိုစွန့်လွှတ်ပြီး မိဘတွေကို အနစ်နာခံလိုက်ခြင်းဟာ ကောင်းဖို့

www.burmeseclassic.com

မဟုတ်ဘူး။ နောက်ဆိုရင် ကောင်မလေးဟာ အနိုပ်စက်ပါခံရဦးမှာကွဲ့"

မာလီကြီးပြောသော စကားမှာ ဦးထွန်းလှိုင်၊ ဒေါ်သူဇာမိုးနှင့် မေမြမိုးတို့ မသိသော အကြောင်းအရာဖြစ်လေ၏။ မာလီကြီးမှာ အားလုံးကို သိနေ၏။

အဲ့ဒီအခါမှာ သမီးရဲ့အဖြစ်ကို ကြည့်ပြီး မိဘတွေကြေကွဲခံစားကြရမှာ၊ အဲ့ဒီစိတ်နဲ့ပဲ စိတ္တဇဖြစ်ပြီး သက်ဆိုးရှည်ကြမှာမဟုတ်ဘူး။

တကယ်တော့ စက်လှေလုပ်ငန်းတွေရော၊ သစ်စက်လုပ်ငန်းတွေရော မြတ်ပါတယ်။ ကောင်လေးလီမ်လည်း ကောက်ကျစ်တာကို ခံကြရတာ။ သနားစရာကောင်းတဲ့ မိသားစုပဲ။ လူလေးနဲ့ ပတ်သက်တွေပဲကွယ်။ လူလေး ကူညီရမှာပေါ့။ မကောင်းသူပယ်ရှားပြီး ကောင်းသူကို ကယ်သွားကြရမှာ အဘတို့ရဲ့ လမ်းစဉ်ပဲကွဲ့။

ဒါတွေကို ကြိုသိ၊ ကြိုမြင်လို့ လူလေးရဲ့ဆရာသခင်က ဒီကိုလွှတ်လိုက်တာပဲ။ တနည်းအားဖြင့် လူလေးမှာလည်း ဝဋ်ကြွေးတွေရှိနေသေးလို့ ဒီဝဋ်ကြွေးကျေရအောင် ဝဋ်ကြွေးနောင်အိမ်ဆဲပို့လိုက်ရတာပဲ။

လူလေးနဲ့ ကလေးမတို့ကို မှီပြီး လူ့လောကထဲ ဝင်ရောက်လာရမယ့် ပုဂ္ဂိုလ်တစ်ဦးကလည်း ရှိနေသေးတယ်။

ဒီလောက် အဘပြောရင် လူလေးဘာလုပ်သင့်တယ်။ ဘာဆုံးဖြတ်သင့်တယ်ဆိုတာကို အဖြေရရောပေါ့။

မာလီကြီးက ကျွန်ုပ်တစ်ခွန်းမှ မမေးရဘဲနှင့် ကျွန်ုပ်စဉ်းစားရခက်နေသော အဖြေတစ်ရပ်ကို ဆွဲထုတ်ပေးလိုက်လေ၏။ ထိုအဖြေကို ကျွန်ုပ်သိလေ၏။

"ဒါဆိုရင် ဒီကိစ္စကို ကူညီနိုင်အောင် ဘာလုပ်ရမလဲ"

ကျွန်ုပ်က မေးလိုက်လေ၏။

"မန္တန်ရွတ်ရမယ်"

မာလီကြီးက ပြောလိုက်၏။

"မန္တန်ရွတ်ရင် ကျုပ်တကယ်ပဲ ကူညီနိုင်ပါ့မလား"

"မန္တန်ရွတ်ရင် ကူညီနိုင်မယ်လို့ အဘ ကတိပေးပါတယ်"

ကျွန်ုပ်သည် နောက်ဆုံးတွင် ကျွန်ုပ်အပေါ်ထားရှိသော ကောင်မလေး၏ သံယောဇဉ်နှင့် မေတ္တာနှောင်ကြိုးကိုမဖြတ်ရက်သည်ကတစ်ကြောင်း၊ မိန်းကလေး၏ မိသားစုဘဝသည်နာကြည်းကြေကွဲစရာများနှင့် အဆုံးမသတ်စေလိုသည်ကတစ်ကြောင်း၊ ကျွန်ုပ်ကလည်း ကောင်မလေးကို စွဲလမ်းတွယ်တာနေပြီဖြစ်သည်ကတစ်ကြောင်း၊ ကျွန်ုပ်၏ ဂန္ဓာရီလမ်း ပွင့်သွားစေရန်အတွက်လည်းကောင်း ကျွန်ုပ်မသိနိုင်သော သံသရာဝဋ်ကြွေးကို ကျေအောင် ဆပ်တော့မည်ဟု ဆုံးဖြတ်လိုက်၏။

ထို့နောက်တွင်မတော့ ကျွန်ုပ်သည် ရွတ်မယ်၊ မန္တန်ကိုရွတ်မယ်ဟု မာလီကြီးအား ပဋိညာဉ်ပေးပြီးသားဖြစ်သွားလေတော့၏။

## စာစု (၇)

## မန္တန်နေ့၊ မန္တန်ည

"အချိန်ဆိုပါက ကောင်မလေး အိပ်စက်နေလေပြီလား။

မနေ့တုန်းက ဒေါ်သူဇာမိုးတင်ပြခဲ့သော အခြေအနေအရပ်ရပ်အပေါ် ပြန်လည်စဉ်းစား ဝေဖန်နေလေသလား။

ကျွန်ုပ်နှင့် ရှေ့ဆက်ရမည့် ခရီးအတွက် တွေးတောရင်း အိပ်မပျော်ဘဲ ရှိနေလေသလား။

ကောင်မလေးအဖို့ အဖြေတစ်ရပ်ကို ရရှိရန်အတွက် အချိန်များစွာကို ပင်ပန်းကြီးစွာ ဖြတ်သန်းနေရပေမည်။

ကောင်မလေး ဘယ်လိုဆုံးဖြတ်မလဲ။

အားလုံးက ကောင်မလေး၏ အဆုံးအဖြတ်မှာ တည်နေသည်။

ကောင်မလေး အိပ်ပျော်နိုင်ပါစေ။

ကောင်မလေး မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်ပါစေ။

ကျွန်ုပ်သည် အတွေးအားလုံးကို မောင်းနှင်ထုတ်လိုက်၏။

ကျွန်ုပ်သည် မာလီကြီးရွတ်ခိုင်းသော မန္တန်ဆိုတာကြီးကို ရွတ်ရန်အတွက် အိမ်ပေါ်မှ ဆင်းလာခဲ့လေ၏။ ခြေလှမ်းတို့က လေးလံနေးကွေးနေ

www.burmeseclassic.com

သည်။ ကောင်းကင်မှာ မြူတိမ်ကင်းနေ၏။ လင်းလက်ကြယ်တို့က ယီးလေးနှိနေကြသည်။ ကျွန်ုပ်သည် မာလီကြီးနေသော ဘန်ဂလိုဆီသို့ သွား၏။

ဘန်ဂလိုအနီးသို့ ရောက်ခဲ့ပြီ။ ဘန်ဂလိုလေးမှာ သစ်သားများနှင့်ကာရံထားပြီး အုတ်ကြွပ်မိုးထား၏။ အင်္ဂလန်အုတ်ကြွပ်ပြားများ ဖြစ်ဟန်တူသည်။ နေ့ခင်းက ပင်ပန်းစွာ အလုပ်လုပ်ထားသော မာလီကြီးသည် ယခုအခါ အိပ်မောကျနေလောက်ပြီ။ ငြိမ်သက်တိတ်ဆိတ်နေ၏။

ပေါက်ပြဲနေသော ပျဉ်ချပ်များကြားမှ အတွင်းသို့ ချောင်းကြည့်လိုက်သောအခါ ကျွန်ုပ်၏ အထင်နှင့်အမြင်တို့ မှားသွားရလေ၏။ ကျွန်ုပ် မထင်မှတ်သော မြင်ကွင်းကိုမြင်တွေ့လိုက်ရသည်။

အခန်းတွင်း၌ အိပ်စရာလည်းမရှိ။

ခေါင်းအုံးလည်းမရှိ။

မြေကြမ်းခင်း၌ ပျဉ်ချပ်အချို့ကို ခင်းထား၏။

ထိုပျဉ်ချပ်ပေါ်၌ မာလီကြီးသည် ကင်ပလွှင်ခွေထိုင်ကာ တောင့်တောင့်ကြီး ငြိမ်သက်နေ၏။

ကျွန်ုပ်သည် ဘန်ဂလိုတံခါးကို အသာတွန်းဖွင့်၍ ဝင်ခဲ့သည်။ ဘန်ဂလိုဟုသာဆိုသော်လည်း ဂိုဒေါင်ပျက်တစ်ခုနှင့်တူလေ၏။ အတွင်းသို့ရောက်သောအခါ ထူးဆန်းသော အမွှေးနံ့များကို ခံစားရ၏။

ကျွန်ုပ်အဖို့ ထိုင်စရာနေရာမရှိသောကြောင့် အလွယ်တကူတွေ့ရှိရာ ထင်းရှူးသေတ္တာ တစ်ခုပေါ်၌ ထိုင်လိုက်၏။ မာလီကြီးအပေါ် ကျွန်ုပ်အမြင် ပြောင်းလဲသွား၏။ မာလီကြီးက တရားရှုမှတ်နေသည်။ ဆရာသခင်၏ စာအုပ်ကို ဖတ်ကြည့်ထားသော ကျွန်ုပ်မှာ မာလီကြီးသည် ကျွန်ုပ်အတွက် အားကိုးလောက်သော ဆရာသခင်အဖြစ် လက်ခံလိုက်တော့သည်။

မာလီကြီး တရားထိုင်နေသောကြောင့် ကျွန်ုပ် ထိုင်စောင့်နေရသေးသည်။ ကျွန်ုပ်နှင့် ကောင်မလေးတို့ ကွဲကွာစရာအကြောင်းမရှိတော့ဟု ကျွန်ုပ်ယုံကြည်သည်။ ဤသည်မှာ မာလီကြီး အားကိုးနှင့်ဖြစ်၏။

မာလီကြီးကို အားကိုးသော်လည်း မာလီကြီးမှာ ဘာမျှမရှိ၊ အဝတ်တစ်ထည် ကိုယ်တစ်ခုသာရှိလေ၏။

မာလီကြီး တရားရှုမှတ်၍ ပြီးသွား၏။

"လူလေးတောင် ရောက်နေမှကိုး၊ မန္တန်ရွတ်ဖို့ ပိတောက်ပင်အောက်ကို သွားကြရအောင်"

မာလီကြီးက ဦးဆောင်ကာ ပိတောက်ပင်အောက်သို့ ရောက်ရှိလာကြသည်။

မန္တန်ကို ဘာဖြစ်လို့ ရွတ်ရတာလဲ အဘ"

ကျွန်ုပ်က သိလိုစိတ်ဖြင့် မေးလိုက်လေ၏။ မေးမြန်းခြင်းသည် အသိကို တိုးပွားစေသည်။

"လူလေး မြဲမြဲမှတ်ထား မန္တန်ဆိုတာ မာန်တွေ ထန်လာဖို့အတွက် ရွတ်တာ"

မာလီကြီးက ပြီးစလွယ်ဖြေ၏။ မာလီကြီး၏ အဖြေကို ကျွန်ုပ်တဝင်မကျ လှပေ။ မန္တန်ရွတ်ခြင်းဖြင့် ချမ်းသာမည်၊ ကျန်းမာမည်၊ အောင်မြင်တိုးတက်မည်၊ အခက်အခဲများကို အောင်မြင်မည်ဟု ပြောစေချင်၏။ ကျွန်ုပ်မှာ မန္တန်ရွတ်ခြင်း၏အကျိုးကို ဤသို့ကြားသိခဲ့ရဖူး၏။

မာလီကြီးကမူ မာန်တွေထန်လာဖို့ မန္တန်ရွတ်တာဟု ကျွန်ုပ်မကြားဖူးသော စကားကို ထူးထူးခြားခြား ဆိုလာလေ၏။

"ဘာမာန်တွေ ထန်လာမှာလဲ"

မာန်တွေထန်လာတော့ ကျုပ်က ဘာလုပ်ရမလဲ မာလီကြီးရဲ့၊

ကျွန်ုပ်က ခပ်ရွဲ့ရွဲ့လေး ပြန်မေးလိုက်၏။ ဆရာသခင်ကိုမှ ဤသို့မပြောရဲ၊ မာလီကြီးမှာ ယခုအခါ ကျွန်ုပ်၏ ဆရာသခင်ဖြစ်သော်လည်း မေးရဲ ပြောရဲ၏။ မာလီကြီးကလည်း စိတ်ဆိုးဟန် မပြချေ။

"လောကကြီးဟာ မလွယ်ဘူး လူလေးရ။ အတော်ရှုပ်ထွေးတယ်။ ကိုယ်ကမှုန့်မှုန့်ညက်ညက် မခြေပစ်ရင် သူက ကိုယ့်ကို စေ့စေ့ညက်ညက် ခြေပစ်လိမ့်မယ်။ အဲဒီလောကဓံတွေကို ခံနိုင်ရည်ရှိဖို့၊ အနိုင်တိုက်နိုင်ဖို့ မာန်ဆိုတာရှိရတယ်။ မာန်ရှိနေဖို့ လိုအပ်တယ် လူလေး။



www.burmeseclassic.com

www.burmeseclassic.com

အဲ့ဒီ မာန်တွေက လူလေးမှာရော အဘမှာပါရှိတယ်။ ဒါပေမယ့် မြှုပြီး မြုပ်ကွယ်နေတယ်။ အဲ့ဒီ မာန်တွေထန်လာဖို့ မန္တန်နဲ့ နှိုးပေးရတယ်။ ဆိုလိုတာက ကိုယ့်ထဲမှာရှိနေတဲ့ အရည်အချင်းတွေ ပေါ်ထွက်လာရအောင် မန္တန်နဲ့ နှိုးဆွပေးရတယ်ကွ"

မာလီကြီးပြောသော စကားများမှာ အထူးအဆန်းချည်းသာဖြစ်၏။ ကျွန်ုပ် မကြားဖူးသော စကားများဖြစ်ကြလေ၏။

မာန်တွေထန်လာအောင် မန္တန်နှင့် နှိုးရမည်။ ကိုယ့်ရဲ့ မြုပ်ကွယ်နေတဲ့ အရည်အချင်းတွေ ပေါ်ထွက်လာအောင် မန္တန်နှင့် နှိုးဆွပေးရမည်။

ထိုစကားများကို ကြိုက်နှစ်သက်သောကြောင့် ကျွန်ုပ် မှတ်သားထားလိုက်၏။

"လူကလေးကို အဘထပ်ပြောဦးမယ်"

လောကဓံဆိုတာ အကျဉ်းချုံးလိုက်ရင် ရှစ်ပါးရှိတယ်။ အဲ့ဒီလောကဓံရှစ်ပါးကို ထပ်ချုံ့လိုက်ရင် လေးပါးပဲရှိတယ်။ အဲ့ဒီလေးပါးကို ပြောင်းပြန် ပြန်လုပ်လိုက်တော့ ရှစ်ပါးဖြစ်သွားတယ်။ ထပ်ပြီးချုံ့လိုက်ရင် ဒုက္ခတစ်ခုတည်းပဲရှိတော့တယ်။ ဒုက္ခဆိုတာ ဆင်းရဲခြင်းတဲ့"

"ဟုတ်ပါပြီ မာလီကြီးရဲ့ ကျုပ်က ဘယ်မန္တန်ကို ရွတ်ရမှာလဲ"

ကျွန်ုပ်က ရွတ်ရမည့်မန္တန်ကို မေးလိုက်လေ၏။

"လူလေး ရွတ်ရမှာက "ဘဝ အစ သတ္တလောဒေါက" ဆိုတာကိုပဲ"

"ဟာ ဘာကြီးမှန်းမသိ ရွတ်နိုင်းတယ်။ "ဘဝအစ သတ္တလောဒေါက" ဆိုတာ ဘာမှလည်း အဓိပ္ပါယ်မရှိဘူး"

ကျွန်ုပ်က စောဒကတက်လိုက်၏။

"ဘဝအစ၊ သတ္တလောဒေါ-" ဆိုတာ လူလေးရော၊ အဘရောဘဝတွေ တစ်ခုပြီးတစ်ခု ပြောင်းလဲကျင်လည်ခဲ့ကြတယ်။ ဘဝတွေ မပြတ်နိုင်ခဲ့ဘူး။ ဘဝတစ်ခု ပြီးဆုံးရင် နောင်ဘဝတစ်ခုကို ပြန်စတယ်။ အဲ့ဒီလို ဘဝတွေ ပြန်ပြန်စနေတာ သတ္တလောကမှာ အရိုး စွဲနေတဲ့ လောဘ၊ ဒေါသ၊ ရာဂတွေကြောင့်ပဲ လူလေးရဲ့။

အဲဒါကြောင့် ဘဝအစ သတ္တလောဒေါဂ ဆိုတာကို ရွတ်နိုင်းရတာပဲ"

ဘဝတွေ တစ်ခုပြီးတစ်ခု ကူးပြောင်းနေကြခြင်းသည် ထိုသူတို့မှာ ကိန်းဝပ်တည်ရှိနေသော လောဘ၊ ဒေါသ၊ ရာဂ တရားတို့ကြောင့်ဖြစ်၏။

ထိုစကားကိုလည်း ကျွန်ုပ်မှတ်သားထားလိုက်ပြန်၏။

"ရွတ်တာတော့ ရွတ်ရမှာပေါ့လေ၊ ကျုပ်ရဲ့ဆရာသခင်က မာလီကြီးကို ဆရာတင်ရမယ်လို့ ဆိုထားတာကိုး။ မာလီကြီးပြောတာ ဟုတ်ဟုတ်၊ မဟုတ်ဟုတ် မာလီကြီးခိုင်းတာ အကုန်လုပ်ရတော့မှာပဲ။ ဒါပေမယ့် ဒီမန္တန်မဟုတ် ဘာမဟုတ်ကြီးကို ကျုပ်စိတ်က မရွတ်ချင်တာ ခက်တယ် မာလီကြီးရဲ့။

မာလီကြီးရဲ့ မန္တန်မဟုတ်၊ ဘာမဟုတ် "ဘဝအစ သတ္တလောဒေါဂ"ကို ကျုပ်ရွတ်ချင်လာအောင် ကြံဖန်ပြီး မပြောနိုင်ဘူးလား"

ကျွန်ုပ်၏ စကားကို ကြားရသော အခါ မာလီကြီး ရယ်ပါလေတော့၏။

"လူကလေးက အတော်ခက်တာပဲ။ ဘဝတွေ အဟောင်းချုပ်လို့ ရှိရင် အသစ်တစ်ခု ပြန်စတယ်ဆိုတာ အဲ့ဒီ လူတွေရဲ့ အဲ့ဒီသတ္တဝါတွေရဲ့ လောဘတွေ၊ ဒေါသတွေ၊ ရာဂတွေကြောင့်ပဲလေ၊ ဒါအမှန်တရားပဲ၊ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်အဘ ဒီထက်ပိုကောင်းတဲ့ ဂါထာရွတ်ချင်လာအောင် ပြောပေးပါဦး"

"အမှန်ကိုပြောတာ၊ အမှန်တရားကိုရွတ်ဆိုနေတာ သစ္စာပဲလူလေးရ၊ အခု လူလေးရွတ်ရမယ့် ဘဝအစ သတ္တလောဒေါဂဆိုတဲ့ မန္တန်ကို သစ္စာ မန္တန်တော်ကြီးလို့ မှတ်ယူလိုက်၊ သစ္စာမန္တန်တော်ကြီးကို ရွတ်တဲ့အတွက် ကောင်းကျိုးတရားတွေ အများကြီးရမယ်လို့လည်း ယုံကြည်ထားလိုက်ရင် မရွတ်ချင်စရာ ဘာအကြောင်း ဘယ်ရှိမလဲကွယ်။ ကဲ လူလေး ရွတ်လိုက်စမ်းပါ"

ရှေ့လဆက်ရန်

ဘုန်းပွင့်တေဇာ

www.burmeseclassic.com




# မယုံလျှင် ပုံပြင်သာမှတ်လိုက်ပါ

## ဒေါက်တာသက်ဆွေ(M.D.)

( ရွှေဆောင်တင်ဆွေ ) (မင်္ဂလာစမှ ဝေဘာတီကစေ )

### ပဌမပိုင်း

ကေလာသမယ်တော်ကြီး၏ အကြောင်းကို တင်ပြရမည်ဆိုပါက ကေလာသမယ်တော်ကြီးသည် ဗုဒ္ဓဘောင်မင်းကြီး၏ မယ်တော် စန္ဒဒေဝီမိဖုရားကြီး ရုတေစိတ်ကျပြီးနောက် နတ်ဘီလူးမကြီး ပြန်ဖြစ်လာပါသည်။ ထိုစဉ်က သထုံမြို့ကြီး၏ အနီး၌ ပင်လယ်ပြင်ကြီး ရှိနေရာတွင် ထိုပင်လယ်၏ အလယ်ကောင်ကျွန်းနှစ်ကျွန်း ဖြစ်ထွန်းနေ၏။ ကျွန်းများမှာ ကေလာသကျွန်းနှင့် ကေလာသဖကျွန်းတို့ ဖြစ်ကြ၏။ ပင်လယ်ရေများ တဖြည်းဖြည်းကျသွားသောအခါ ကေလာသတောင်နှင့် ကေလာသဖတောင်များ ဖြစ်ပေါ်လာ၏။ ထိုကျွန်းနှစ်ကျွန်းအား စန္ဒာဒေဝီနတ်ဘီလူးမကြီးအား ဝတ်သဝဏ်နတ်မင်းကြီးက အပိုင်စားပေးသနားတော်မူ၏။ ပင်လယ်ပြင်အစိုးရသော မဏိမေခလာ နတ်သမီးကလည်း ၎င်း၏ သိဒ္ဓိတန်ခိုးများကို နတ်ဘီလူးမကြီးအား ချီးမြှင့်ပေးသနားထားသောကြောင့် သိဒ္ဓိတန်ခိုး ထက်မြက်သော နတ်ဘီလူးမကြီးဖြစ်၏။

၎င်း၏အခြွေအရံ ဘီလူးမများသည် သထုံပြည်ကြီး၏ အပိုင်ကျေးရွာများမှ လသားကလေးငယ်များကို ခိုးယူစား



www.burmeseclassic.com

www.burmeseclassic.com

သောက်လေ့ရှိကြ၏။ သထုံပြည်ကြီး၏ နိုင်ငံပိုင် ကျေးရွာများမှ ကလေးများကုန်သွားသောအခါ သထုံမြို့ကြီးအတွင်းရှိ နန်းတော်သူ၊ နန်းတော်သားများ၏ သားသမီးများကို စားသောက်ကြ၏။ မြို့တွင်းရှိကလေးများ ကုန်သွားသောအချိန်တွင် မနူဟာမင်းကြီး၏ တောင်ညာစံဒေဝီ၊ မိဖုရားကြီးမှ သားတော်လေး ဖွားမြင်ထားရာ သုံးလသားမျှ ရှိနေသေည်ကို ဘီလူးမတစ်ကောင်က တွေ့ရှိသွားရာ အခြားဘီလူးမတစ်ကောင်နှင့် တိုင်ပင်ပြီးလျှင် ည ၁၂းဝဝ နာရီကျော် တစ်နန်းတော်လုံး အိပ်မောကျနေစဉ် မိဖုရားကြီးနံဘေး၌ အိပ်စက်နေသော သားတော်လေးအား တိတ်တဆိတ် ခိုးယူသွားကြလေ၏။ ကေလာသတောင်သို့ ရောက်သောအခါ စန္ဒာဒေဝီနတ်ဘီလူးမကြီးမှ ဘုရင့်သားတော် ခိုးလာသည်ကို သိရှိသဖြင့် "ဟဲ့··နင်တို့ယူဆောင်လာတဲ့ ကလေးဟာ ဘုရင်မင်းမြတ်ရဲ့ သားတော်မဟုတ်လား" ဟု မေးရာ ဟုတ်မှန်ကြောင်း ပြောကြားကြ၏။ ထိုအခါ နတ်ဘီလူးမကြီးက "အဲဒါ မဟာဆီမဟာသွေး ဖြစ်တဲ့အတွက် နင်တို့ မစားသင့်ဘူး၊ ငါအကြီးအကဲနှင့်သာ ထိုက်တန်၏။ ပေး···"ဟူ၍ တောင်းပြီးလျှင် ကလေးငယ်အား ပွေ့ချီကာ ဘုံဗိမာန်အဆောင်တွင်းသို့ ဝင်သွားလေ၏။ ဘီလူးမနှစ်ကောင်လည်း ငေးကြောင်၍ ကြည့်ကာ ကျန်ရစ်ကြလေ၏။

အဆောင်တွင်းသို့ ရောက်သောအခါ သလွန်ညောင်စောင်းပေါ်ထိုင်ပြီး ကလေးငယ်အား လက်ဝါးနှစ်ဖက်ပေါ်တင်မြှောက်ကာ ဤကလေးသည် အတိတ်ဘဝမှ ကျွန်ုပ်နှင့်သွေးသားတော်စပ်ခဲ့ပါက ကျွန်ုပ်၏သားမြတ်မှ နို့ရည်များထွက်ကျပါစေဟု သစ္စာပြုလိုက်သည်နှင့် တစ်ပြိုင်နက် နို့နှစ်လုံးမှ နို့ရည်များ စီးကျလာကြ၏။ ထိုအခါ နတ်ဘီလူးမကြီးသည် ဗုပ္ပေနိဝေသဉာဏ်ဖြင့် ဆင်ခြင်၍ အတိတ်ကို ပြန်ကြည့်ရာ ဒွိတဘောင်မင်း၏ သားငယ် အိမ်ရှေ့မင်းသားလေးဖြစ်ခဲ့ပြီး ယခု သထုံပြည့်ရှင်၏ သားတော်ဖြစ်နေသည်ကို သိရှိရပြန်၏။ ထိုသားတော်လေးသည် သရေခေတ္တရာပြည်မှ ၎င်း၏မြေးပင်ဖြစ်ပေသည်။ ထို့ကြောင့် ပဋ္ဌာန်းဆက် ဆန်းကျယ်ပုံဆိုသည်မှာ အံ့သြဖွယ်ပင် ဖြစ်ပေသည်။

ကေလာသမယ်တော်ကြီးသည် အတိတ်ဘဝက ၎င်း၏မြေးတော်လေးအား နို့ချိုတိုက်ကျွေး မွေးလာရာ နှစ်နှစ်သားခန့် စကားစပြောသောခါ ၎င်း၏ဖခင်အား မေး၏။ မယ်တော်ကြီးကလည်း အမှိုးမှိုးလှည့်ပတ်ပြောဆိုသော်လည်း မင်းသားလေး မယုံကြည်ဘဲ ငိုကြွေးပြီးလျှင် အစားအစာများပင် မစားတော့ဘဲ စိတ်ထိခိုက်ဝေဒနာ ခံစားနေရသည်ကို မယ်တော်ကြီး မကြည့်ရက်သဖြင့် ညဥ့် ၁၂းဝဝ နာရီ နန်းတော်တွင်း တိတ်တဆိတ်ဝင်ရောက်ပြီးလျှင် မိဖုရားကြီး၏ နံဘေးသို့ သိပ်ထားခဲ့လေ၏။ နံနက် ၄းဝဝ နာရီခန့် မိဖုရားကြီး နိုးလာသောအခါ ကလေးကို မြင်တွေ့ပြီး အံ့သြလျက်ရှိနေပြီး ကလေး၏လက်ျာဘက်လက်မောင်းတွင် အမှတ်ကလေးတွေ့မှ ပျောက်ဆုံးသွားသော သားတော်လေးဖြစ်ကြောင်း သိရှိရ၏။ မိဖုရားကြီးလည်း ဝမ်းသာအားရဖြင့် ကလေးကို ချီမကာ ဘုရင်ကြီး၏အဆောင်တွင်းဝင်ပြီးလျှင် သားတော်လေး ပြန်ရောက်လာကြောင်း လျှောက်တင်၏။ ဘုရင်ကြီးကလည်း လက်မောင်းအမှတ်ကလေးကြည့်ပြီး သားတော်လေး ပြန်ရောက်လာကြောင်း ဝမ်းသာအားရ ဖြစ်နေတော့၏။ တစ်ပတ်ခန့်ကြာသောအခါ မင်းသားလေး ပြန်လည်ရောက်ရှိသည့် အထိမ်းအမှတ်အဖြစ် ဆရာတော်ကြီးများအား ဆွမ်းကျွေးပြီးလျှင် ပြည်သူလူထုကိုလည်း စတုဒိသာ ကျွေးမွေးလေ၏။ ၎င်းနောက် ပြည်သူများအား လက်ဆောင်ပစ္စည်းများပေးကာ ပျော်ပွဲရွှင်ပွဲများ ကျင်းပပေး၏။ သားတော်လေး အရွယ်ရောက်လာသောအခါ မင်းညီမင်းသားများ တတ်အပ်သော အဋ္ဌာရသ ၁၈ ရပ်သော ပညာများ သင်ကြားပေး၏။ အသက် ၁၇ နှစ်ပြည့်သောအချိန်တွင် မိဖုရားငါးပါးနှင့် စုလျားရစ်ပတ် လက်ထပ်ပြီး အိမ်ရှေ့မင်းရာထူး ချီးမြှင့်ပေး၏။ အခြားမိဖုရားများမှ ဖွားမြင်ထားသော သားတော်များကိုလည်း မြို့စား၊ နယ်စား အပိုင်စားပေးသနားတော်မူ၏။ သထုံပြည့်ရှင် မနူဟာမင်းကြီးထံမှ စွယ်တော်များ လာရောက်ပင့်ဆောင်ရာ မနူဟာမင်းကြီးက မပေးသောကြောင့် ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးက သားတော်ကျန်စစ်သားဦးဆောင်ပြီး ပုဂံသူရဲကောင်း စစ်သည်များ စေလွှတ်တိုက်ခိုင်းလေ၏။ ပုဂံစစ်သည်များသည် သထုံမြို့ရိုးအား ကျော်တက်၍မရဘဲ ရဲမက်များ၊ စစ်သည်များ ကျဆုံးလျက်ရှိရာ ပုဏ္ဏားပညာရှိ၊ လူပညာရှိနှင့် အထက်ဂိုဏ်းဆရာကြီးများအား မေးကြည့်ရာ မြို့ရိုးပေါ်တွင် လူစွမ်းကောင်း ဗျတ်ဝိအား သတ်ပြီး ခြေလက်များ မြှုပ်ပြီးလျှင် မြို့ရိုးပေါ်တက်လာသမျှ တွန်းချရန် စီမံထားသောကြောင့် တက်မရနိုင်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ဝိဇ္ဇာရေနည်းပညာဖြင့် အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့ မန္တန်များဖြင့် စီမံ၍ တိုက်မှသာလျှင် မြို့ရိုးပေါက်ပြီး အနိုင်ရနိုင်မည်ဖြစ်သဖြင့် စီမံ၍တိုက်မှသာလျှင် အနိုင်ရရှိကြပေ၏။ လှူစွမ်းကောင်း ဇျွတ္တကိုလည်း အနော်ရထာမင်းကြီးထံ ဆက်သရာ ပုပ္ပါးတောင်ပန်းတော်ဆက်အဖြစ် တာဝန်ပေး၏။ နောက်ပိုင်း ပုပ္ပါးတောင်မှ ပန်းစားဘီလူးမ မယ်ဝဏ္ဏနှင့် အကြောင်းပါ ညားကြပြီးလျှင် သားလေးနှစ်ပါး ရွှေဖျဉ်းကြီး၊ ရွှေဖျဉ်းငယ်တို့ ဖြစ်၏။ ယခု တောင်ပြုံး မင်းလေးနှစ်ပါး ဖြစ်ပါသည်။ ကျွန်တော်များ ငယ်စဉ်ကျောင်းသားဘဝက ဇျတ်ဝိ၊ ဇျွတ္တ လှူစွမ်းကောင်း ညီအစ်ကို၏ ရာဇဝင်ဇာတ်လမ်းနှင့် တောင်ပြုံး မင်းညီနောင် ရာဇဝင်ဇာတ်ကားများ အသံတိတ်ခေတ်က ပင် ကြည့်ရှုခဲ့ရပါသည်။ ယခုခေတ် လူငယ်တွေ သိရှိကြမည် မဟုတ်ပါ။ နှစ်စဉ် တောင်ပြုံးမင်းညီနောင်ပွဲနှင့် ရတနာ့ဂူ မယ်တော်ကြီး မယ်ဝဏ္ဏနတ်ပွဲများ နီးကပ်လာလျှင် ၎င်းရာဇဝင် ဇာတ်ကားများ ပြသပါသည်။ ကျယ်သွားမည်စိုးသဖြင့် ၎င်း ဇာတ်လမ်းများကိုတော့ ချန်လှပ်ခဲ့ပါမည်။

— — — — —

ကျွန်တော့်ရဲ့သူငယ်ချင်း
ဒေါက်တာကျော်တင့်လွင်ကတော့
သူငယ်ချင်း လှူတာတော့လှူပါ၊
အိတ်သွန်ဖာမှောက်ဆိုတာလို
အကုန်လုံးမလှူပါနဲ့။
ရင်းနှီးလုပ်ကိုင်ဖို့လည်း ချန်ထားပါဦးလို့
ပြောတယ်။ နောက်နှစ်လလောက်ကြာတော့
စီးပွားရေးကျလာတယ်။
ကားတွေလည်း တစ်စီးပြီးတစ်စီး
ရောင်းရတယ်။ အလုပ်ရုံတွေလည်း ပိတ်ရပြီး
ဘာလုပ်ငန်းမှ မဖြစ်တော့ဘူး။

သထုံပြည်ကြီး ကျဆုံးပြီးနောက် မနူဟာမင်းကြီးနှင့် မိဖုရားကြီးများ၊ သားတော်၊ သမီးတော်များ ပုဂံပြည်သို့ စစ်သုံ့ပန်းများအဖြစ် အဖမ်းခံရသောအခါ အဘက်တွင် ဖော်ပြခဲ့သည့်အတိုင်း ကျွန်တော်တို့ လင်မယားနှစ်ယောက်က ထွက်ပြေးလွတ်မြောက်ခဲ့ပြီး တောရွာလေးတစ်ရွာတွင် သူဆင်းရဲအသွင် နေထိုင်ကာ ဘယ်နှဘဝ ပြောင်းလဲခဲ့သည် မသိတော့ပါ။ နောက်ဆုံး ကျွန်တော် ဒီပဲယင်းမြို့နယ်၊ မရကန်ရွာတွင် လူဝင်စားဖြစ်ခဲ့ရာ အဖေဘက်မှ အမျိုးတွေကလည်း မင်းမှုထမ်းမျိုးတွေ ဖြစ်ခဲ့တဲ့အကြောင်း။ သီပေါမင်းပါတော်မူသွားပြီး နောက် ဒီပဲယင်းမြို့နယ်ထဲသို့ အခြေချနေထိုင်ခဲ့တဲ့အကြောင်း ကျွန်တော်တို့အဖေရဲ့အမေ (အဘွား အညာအခေါ် အမေကြီး) ပြောပြ၍ သိရှိရပါသည်။ အဘွားရဲ့အဘိုးက နွားများကျေးရွာ အပိုင်စားရခဲ့တဲ့ (နွားများဝန်ကြီး)ဟု အမည်တွင်ခဲ့ပြီး မိန်းမ ၂၀ ယူပြီး တစ်ယောက်တစ်ရွာတည်ပေးထားသဖြင့် နွားများ ရွာ၊ ဖဲကြီးရွာ၊ လက်ဆယ်ရွာ၊ ကံကုန်းရွာ၊ တည်တောရွာ၊ သရက္ကန်ရွာ စသည်အားဖြင့် ဖြစ်ကြောင်း။ ကျွန်တော်၏အဘိုးကလည်း သားနှစ်ယောက်မွေးရာ အကြီးက မောင်လူမော်၊ အငယ်က ကျွန်တော်၏ဖခင် မောင်ဘတင် ဖြစ်ပါတယ်။ အင်္ဂလိပ်တော်လှန်ရန် အင်္ဂလိပ်စာတတ်မှ ဖြစ်မည်ဟု ညီအစ်ကိုနှစ်ယောက်ကို ရွှေဘိုမြို့ပေါ် (S.P.G) အင်္ဂလိပ်ကျောင်းတွင် ထားပေးခဲ့ကြောင်း။ ထိုစဉ်က အင်္ဂလိပ်ကျောင်းထားလျှင် ခရစ်ယာန်ဘာသာဝင်ရကြောင်း၊ သို့သော် သားတွေကို သေချာစွာ သင်ပေးလိုက်ကြောင်း အဘိုးက ပြောပြပါသည်။

ကျွန်တော့် အဖေရဲ့အစ်ကိုကြီးက B.A. အောင်တော့ ကျောင်းဆရာလုပ်ပါသည်။ ကျွန်တော့်ရဲ့ ဖခင်ကြီးကတော့ ရှေ့နေလုပ်ဖို့ B.L. ပါ ဆက်တက်ပြီး အောင်တော့ အရပ်ပြန်လာတဲ့အခါ ရွာဦးကျောင်းက ဘကြီးဘုန်းကြီးက ရှေ့နေလိုက် မစားရဘူး။ ကျောင်းဆရာလုပ်ချင်လုပ်၊ ဒါမှမဟုတ် မင့်မိဘတွေနဲ့ တောင်သူ(လယ်လုပ်)လို့ ပြောတယ်။ ဒါနဲ့ ကျွန်တော့်ရဲ့ ဖခင်ကြီးလည်း ကျောင်းဆရာပဲ လုပ်ပါတော့တယ်။ အဘိုးကတော့ အင်္ဂလိပ်ကိုတော်လှန်ဖို့ အင်္ဂလိပ်စာတတ်အောင် ထားပေးခဲ့ပေမဲ့ အင်္ဂလိပ်တွေဖွင့်ခဲ့တဲ့ ကျောင်းမှာ ကျောင်းဆရာတွေပဲ ဖြစ်ကြရပါတယ်။ ဒီတော့ "မှန်းချက်နဲ့ နှမ်းထွက် မကိုက်"ဆိုတဲ့ ပုံနိုင်းလို့ပဲ ဖြစ်ကြရပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ရဲ့မိခင်ကြီးဘက်ကလည်း အမေရဲ့အဖေက ဦးဘိုးခင်၊ အစ်ကိုကြီးက ဦးဘိုးထင်ဆိုပြီး ညီအစ်ကိုနှစ်ဦး ရှိခဲ့တယ်။ အဘိုးနှစ်ဦးရဲ့အဖေက တစ်ချိန်က မင်းမှုထမ်း သက်တော်ရှည်အမတ်ကြီး။ ဘုရင်မင်းမြတ်က ရွှေစလွယ် ချီးမြှင့်ခံရလို့ ရွှေစလွယ်တော်ရမင်းကြီးလို့ အများကသိကြတယ်။ ကျွန်တော်တို့အဘေး ကွယ်လွန်တော့ ကျွန်တော်တို့အဘိုးနှစ်ယောက်ကို ရွှေကွေ ပိသာလေးနဲ့ချိန်ပြီး ခွဲပေးရတယ်တဲ့။ နွားတွေကလည်း ခြံကြီးထဲမှာ ဘားကောင်ရေ ၆၀၀-၇၀၀ လောက်ဆိုတော့ မရေတွက်တော့ဘဲ ခြံတစ်ဝက်စီပိုင်းပြီး ဝေပေးရတယ်လို့ ကျွန်တော်တို့ငယ်စဉ် ရွာဦးကျောင်းဆရာတော်ကြီးက ပြောပြလို့ သိရှိရပါတယ်။ ဒီတော့ အမေဘက်က ရော၊ အဖေဘက်ကပါ မင်းမှုထမ်းတွေဖြစ်ခဲ့တာကြောင့် ကျွန်တော်လာဝင်စားတာလည်း ဖြစ်နိုင်ပါတယ်။ တစ်ခါ ကျွန်တော့်ရဲ့ဇနီးကလည်း ရှမ်းပြည်၊ တောင်ကြီး ရေးတုန်းက နေထွက်ဘုရင်လို့ တင်စားခေါ်ဆိုခဲ့တဲ့ စော်ဘွားမျိုးရိုးမှာ လာဝင်စားပြီး ကျွန်တော်နဲ့ ရန်ကုန်မှာ လာရေစက်ဆုံကြတာ ဟာ ရေးတုန်းက ပဋ္ဌာန်းဆက်ကြောင့်ပါပဲ။ ဒါကို နောင်တော် လူ့ပို့တော်နတ်မင်းကြီးကလည်း ပူးပြီးပြောပြလို့ သိရှိရပါတယ်။

ကျွန်တော် ကားတွေတစ်စီးပြီးတစ်စီး ဝယ်စီးပြီး နောက်ဆုံး ဘောက်ဇောဘဲလော့ကရက်ဆီဒါ ရောင်းပြီး ကားထပ်မဝယ်တော့ဘဲ စက်မှုလက်မှုလုပ်ငန်းတွေ လုပ်ပါတယ်။ အလုကုန်တွေ၊ အိမ်သုံးဆေးဝါးတွေ၊ စားသောက်ကုန်ကတော့ ငါးသေတ္တာလုပ်ငန်းလုပ်ခဲ့တာ အောင်မြင်မှုရခဲ့ပါတယ်။ ရန်ကုန်တိုင်းမှာ ပထမဦးစွာ စတင်လုပ်ကိုင်ခဲ့ပါကယ်။ မစ္စတာဖူးကေးကို ဂုဏ်ပြုတဲ့အနေနဲ့ ဖူးကေး FUKE ဆိုတဲ့နာမည်နဲ့ ထုတ်တာပါ။ ဖူးကေးဆိုတာက ဂျပန်ကြီးပါ။ ၁၀ လမ်းထဲက ကျွန်တော့်မိတ်ဆွေ တရုတ်ကြီးရဲ့သမီးနဲ့ အိမ်ထောင်ကျပြီး ဗမာပြည်လာနေတာပါ။ သူနဲ့ကျွန်တော် ဖက်စပ်ပူးပေါင်းလုပ်တဲ့အတွက် ဂျပန်ကလာတဲ့ ငါးသေတ္တာလို ကောင်းတာပါ။ အဲဒီအချိန်က ယိုးဒယားကလာတဲ့ ငါးသေတ္တာတွေ ရှိပါတယ်။ ကျွန်တော့်ရဲ့ ငါးသေတ္တာကို မမီပါဘူး။ သမဝါယမအသင်းတွေနဲ့ အလုပ်ရုံ၊ စက်ရုံတွေက အများဆုံးဝယ်ပါကယ်။ အရွယ်အစားကတော့ နို့ဆီဘူးအရွယ် တစ်သေတ္တာ ၄၈ ဘူးပါ ပက်ကင်သေတ္တာတွေ ဖြစ်ပါတယ်။ နေ့ဆိုင်း၊ ညဆိုင်း အလုပ်သမားတွေ နှစ်ဆိုင်းခွဲပြီး လုပ်တာတောင် မနိုင်အောင် ထုတ်လုပ်ရပါတယ်။ ရောင်းအကောင်းဆုံးပစ္စည်းပါ။ အခြားသူတွေ လိုက်လုပ်ကြပေမဲ့ ကျွန်တော့်ရဲ့ ငါးသေတ္တာကို မမီပါဘူး။ တချို့က ငါးသလောက်တွေနဲ့ လုပ်တယ်။ ကျွန်တော်က ပြည်သူ့ပုလဲနဲ့ ငါးလုပ်ငန်းက ပလာတူးငါး လိုသလောက်ဝယ်လို့ရတယ်။ စက်မှုလက်မှုမှတ်ပုံတင်ထားတော့ လိုသလောက် ဝယ်လို့ရတာ ဖြစ်ပါတယ်။

အလှကုန်လုပ်ငန်းကလည်း မိတ်ကပ်၊ ရေမွှေး၊ ကိုယ်လိမ်းပေါင်ဒါ၊ မျက်နှာလိမ်းပေါင်ဒါ၊ စနိုး စသည်တို့ ဖြစ်တယ်။ သမဝါယမတွေကို ပေးသွင်းရေးလုပ်ရကယ်။ အိမ်သုံးဆေးဆိုလျှင် အင်နီဆစ်၊ ဂရိုက်ဝါတား၊ ရိုပရုယ်ဆင်တစ်ကလေးဆေးရည်၊ ဂလိုရီယာဒရော့(ပ်) စတဲ့ ဒီဇူဆာဖော်မြူလာနဲ့ထုတ်တဲ့ဆေးတွေဆိုတော့ အားလုံးကောင်းတယ်။ ကုန်ကြမ်းကလည်း ဒီဆူဇာကဝယ်ထားတဲ့ ကုန်ကြမ်းဆေးဝါး၊ ထုတ်တာက ကျွန်တော့်သူငယ်ချင်း ဒေါက်တာကျော်တင့်လွင်(ကွယ်လွန်)နဲ့ ရှယ်ယာလုပ်တာပါ။ သ/မသင်းတွေပဲ ပေးသွင်းရပါတယ်။ ကမ္ဘာအေး ဒေါက်တာကျော်တင့်လွင်ခြံထဲ နှစ်ထပ်တိုက်တစ်လုံးဆောက်ပြီး နယ်က သ/မအဝယ်တော်ကိုယ်စားလှယ်တွေ တည်းဖို့ ဆောက်ပေးထားပြီး ဧည့်သည်တွေသွားဖို့လာဖို့ ကားတစ်စီးပါ ပေးထားပါတယ်။ ဒေါက်တာကျော်တင့်လွင်လည်း မိသားစုစီးဖို့ ကားတစ်စီး၊ အလုပ်ရုံသုံး ကားတစ်စီး နှစ်စီးပိုင်ပါတယ်။ ကျွန်တော်ကတော့ မိသားစုစီးဖို့ ကားတစ်စီး၊ ဧည့်သည်တွေစီးဖို့ တစ်စီး၊ ဂန်ထမ်းကြိုပို့ဘတ်(စ်)ကားတစ်စီးနှင့် အလုပ်ရုံသုံး နှစ်တန်ခွဲ ကားလေးတစ်စီးပါ ရှိပါတယ်။

တိုက်ကလည်း မိသားစုနေဖို့ ကန်တော်လေးမှာ တိုက်တစ်လုံးနှင့် ကမ္ဘာအေး ဧည့်သည်တည်းဖို့ တိုက်တစ်လုံးအပြင် ကားကလည်း လေးစီးလောက်ပိုင်ပါတယ်။ ဝင်ငွေကလည်း နေ့စဉ် သိန်းဂဏန်းဝင်နေတော့ ဒီတစ်သက်တော့ သားစဉ်မြေးဆက် သုံးမကုန်နိုင်ပါဘူးလို့ စိတ်ထဲတွေးမိတယ်။ ကျွန်တော့်ရဲ့ဇနီးကလည်း ရှမ်းမဆိုတော့ အလှူအတန်းလည်း ရက်ရောတယ်။ သူ့ဘက်က ဆွေမျိုးတွေကတော့ မလာကြပါဘူး။ အညာက ကျွန်တော့်ဘက်က ဆွေမျိုးတွေလာရင် လိုလေသေးမရှိ ဧည့်ဝတ်ကျေတဲ့အပြင် အပြန်ကျတော့ ကလေး၊ လူကြီးအားလုံး ဝတ်စုံတစ်စုံစီ လက်ဆောင်ဝယ်ပေး



www.burmeseclassic.com

www.burmeseclassic.com

တယ်။ အညာဒေသမျိုးတွေအတွက် ငါးခြောက်၊ ပုစွန်ခြောက်၊ ငါးသေတ္တာ စတာတွေလည်း ပေးလိုက်တယ်။ "ခြွေနိုင်တော့ ရဲ"ဆိုတဲ့ စကားလိုပဲ ဒေသမျိုးတွေ၊ တပည့်သားမြေးတွေဆိုတာ သူဌေးလေး၊ သူဌေးကတော်လေးနဲ့တောင် ခေါ်ကြပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့လင်မယားက ဘဝင်မမြင့်ဘူး။ ဖြစ်သလို နေဘာပါပဲ။ အိမ်မှာလည်း စွပ်ကျယ်လက်ပြတ်လေးနဲ့နေတော့ တစ်ခါတစ်ရံ နယ်က ဧည့်သည်တွေက ကျွန်တော့်ကို အလုပ်သမားမှတ်ပြီး ခင်ဗျားတို့ဆရာကြီး မရှိဘူးလားလို့ မေးတယ်။ ကျွန်တော်က ဘယ်သူလဲလို့မေးတော့ ဒီကပိုင်ရှင် ဦးသက်ဆွေကောလို့ဆိုတော့ ကျွန်တော်က ကျုပ်ပါလို့ပြောတော့မှ "ဟာ အားနာလိုက်တာဗျာ၊ ကျွန်တော်က ဆရာ့ကို ဒီကအလုပ်သမားမျတ်လို့ပါ"လို့ ပြောတယ်။ နောက် ကျွန်တော်တို့ဇနီးမောင်နှံက ဘာသာရေးလည်း အတတ်နိုင်ဆုံးလုပ်ပါတယ်။ မင်းကွန်းဝိပဿနာ တောရကျောင်းတိုက်မှာ ရာသက်ပန်အသင်းဝင်ထားပြီး ဆွမ်းစရိတ်တွေလှူတယ်။ တစ်နှစ် တစ်လ တရားဝင်တယ်။ မအားလပ်လို့ မဝင်နိုင်ရင် ဝင်နိုင်သူတွေကို နို့ဗူးကော်ဖီ ကူးတို့ ပို့ပေးရတယ်။ မဟာစည်ရိပ်သာ၊ မိုးကုတ်ရိပ်သာတို့ကိုလည်း ဆွမ်းစရိတ်လှူပါတယ်။ မန္တလေးက ညီမတစ်ယောက်လာလည်တော့ စီးပွားရေးအဆင်ပြေနေတော့ ဝမ်းသာအားရနဲ့ ပြောတဲ့စကားလေးကတော့ အစ်ကိုလေး ခုလိုစီးပွားဖြစ်နေတာ ဝမ်းသာပါတယ်။ ဒါပေမယ့် စီးပွားရေးဆိုတာ "ငှက်ခါးပျံသလို" နိမ့်ချည်မြင့်ချည် ဖြစ်တတ်တယ်ဆိုတာ သတိထားပါတဲ့။ ဒါလည်းပဲ မှန်တာပါပဲ။ ကျွန်တော်ကတော့ ရုတ်တရက် စီးပွားကျမယ်လို့ မထင်ခဲ့ပါဘူး။ စီးပွားတွေကလည်းတက်၊ ယောက္ခမကြီးနှစ်ဦးလည်းဆုံးပါးသွားတော့ သားလေးနှစ်ယောက်ရှင်ပြုပြီး ကျွန်တော်ကိုယ်တိုင် ပဥ္စင်းခံမယ်ဆိုပြီး မိန်းမနဲ့ တိုင်ပင်တော့ မိန်းမကလည်း သဘောကျတယ်။ ဒီတော့ သားလေးနှစ်ယောက်နဲ့ တူလေးသုံးယောက် ရှင်လောင်းငါးပါး၊ ပဥ္စင်းခံတာက ကျွန်တော်ရယ်၊ တူနှစ်ယောက်၊ ညီဝမ်းကွဲနှစ်ယောက် ငါးပါး။ သမီးမိန်းကလေးမရှိတော့ ပေါင်းတည်ကသူငယ်ချင်းရဲ့ သမီးလေး မွေးစားပြီး နားသပေးလိုက်တယ်။ အရှေ့ပိုင်းနဲ့ကုန်း ကျောင်းတိုက်တစ်တိုက်လုံးရှိ သံဃာအပါး ၃၅၀၊ အညာဒေသက သူငယ်ချင်းကျောင်းနေဘက် ဘုန်းကြီး ၁၀ ပါးအပြင် အခြားကျောင်းတိုက်တွေကပါ ပင့်သံဃာ ၅၀၀ ကို တစ်ပါး သင်္ကန်းခြံ့စုံ လှူဖွယ်ပစ္စည်း၊ ငွေသား ပါ တစ်ပါး ၅၀၀ဝိဖိုးစီ လှူပါတယ်။ ဟိုခေတ်က ငွေတန်ဖိုးရှိတဲ့ခေတ် ရွှေတစ်ကျပ်သား ၂၅ဝိ ခေတ်ကဆိုတော့ ဒီခေတ်ငွေထက် တန်ဖိုးကြီးတာပေါ့။ စုစုပေါင်း ၂၅ သိန်းဖိုး။ ကျွေးတာက စီးတီးဟိုတယ်က ဒံပေါက်သုံးဒယ်။ တစ်ဒယ် လူ ၅၀၀ စာဆိုတော့ လူ ၁၅၀၀ လောက် ကျွေးရတယ်။ ဒါတောင် နောက်ထပ်တစ်ဒယ် အပိုမှာထားတာက တစ်ဝက်လောက်ကုန်သေးတယ်။ ဒီတော့ လူ ၂၀၀၀ လောက်နီးပါး လာတာပေါ့။

ကျွန်တော့်ရဲ့သူငယ်ချင်း ဒေါက်တာကျော်တင့်လွင်ကတော့ သူငယ်ချင်း လှူတာတော့လှူပါ၊ အိတ်သွန်ဖာမှောက်ဆိုတာလို အကုန်လုံးမလှူပါနဲ့။ ရင်းနှီးလုပ်ကိုင်ဖို့လည်း ချန်ထားပါဦးလို့ ပြောတယ်။ နောက်နှစ်လလောက်ကြာတော့ စီးပွားရေးကျလာတယ်။ ကားတွေလည်း တစ်စီးပြီးတစ်စီး ရောင်းရတယ်။ အလုပ်ရုံတွေလည်း ပိတ်ရပြီး ဘာလုပ်ငန်းမှ မဖြစ်တော့ဘူး။ မိသားစုစီးတဲ့ ကားလေးနဲ့ တိုက်တစ်လုံး၊ ဖုန်းတစ်လုံးပဲ ကျန်တော့တယ်။ စီးပွားကျချင်တော့လည်း တရိပ်ရိပ်နဲ့ ဒီရေကျသလို ကျသွားတယ်။ မိသားစုစီးတဲ့ ကားလေးနဲ့ Private Taxi ဆွဲခဲ့ရသေးတယ်။ နောက် အဲဒီကားလေးရောင်းပြီး လက်ဖက်ရည်ဆိုင်ဖွင့်ရသေးတယ်။ နောင်တော်ကြီး အကူအညီတောင်းတော့ ရောင်းကောင်းပါတယ်။ တစ်နှစ်လောက်ကြာတော့ ဆက်မလုပ်နိုင်လို့ ပိတ်လိုက်ရတယ်။ တိုင်းရင်းဆေးဆရာအနေနဲ့ ဆေးလည်းကုနေရပါတယ်။ လှည်းကူးမြို့သား တပည့်တစ်ဦးရဲ့အိမ်မှာ စနေ၊ တနင်္ဂနွေ နှစ်ရက်သွားပြီး လူနာတွေ သွားကုပေးတယ်။ ရန်ကုန်ကနေသွားရတာ အတော်ကလေး ပင်ပန်းခက်ခဲပါတယ်။ ဒီတော့ နောင်တော်ကြီးကို စီးတော်ယာဉ်လေးရအောင် ကူညီပါလို့ တောင်းခံခဲ့တယ်။ နောင်တော်ကြီးကလည်း သားတပည့်ရဲ့ဇနီးကို ပူးပြီး တစ်လအတွင်း ရအောင်ကူညီပေးမယ်။ ရလျှင် ထီးနန်းကိုလာပြီး ကန်တော့ရမယ်လို့ ပြောတယ်။ ရလျှင်လာရောက်ကန်တော့ပါမည်ဟု ကတိပေးလိုက်ရပါတယ်။ တစ်လအတွင်း ကားဝယ်နိုင်တဲ့အကြောင်း ဆက်လက်တင်ပြပါဦးမည်။

ဒေါက်တာသက်ဆွေ(M.D.)
(ရှေ့ဆောင်တင်ဆွေ)(မင်္ဂလာမွှေဓာတ်ကဝေ)



www.burmeseclassic.com

www.burmeseclassic.com

# သူတော်ကောင်းတို့ နှလုံးသား ၂

အရှင်အကိုရ(ရွှေမန်းသား)

နသက္ကာ ခေါ ပန မယာ ကေသ မရဏာဒုက္ခံ အညသ ဥပရိ နိက္ခိပိတုံ၊ သွာဟံ အတ္တနော ဇီဝိတံ တဿာ ဒတွာ တဿာ သန္တကံ မရဏံ ဂဟေတွာ ဣဓ နိပန္နော၊ မာ အညံ ကိဉ္စိ အာသင်္ကိတ္ထ၊ မဟာရာဇာတိ။

*(နိဂြောဓမိဂဇာတ်)*

❋ ❋ ❋

အရှင်မင်းကြီး . . .တစ်ဦးတစ်ယောက်အပေါ်မှာ ကျရောက်နေတဲ့ သေခြင်းဆင်းရဲ ဒုက္ခကြီးကို တခြားတစ်ယောက်အပေါ်မှာ လွှဲဖယ်ချလိုက်ဖို့ဆိုတာ မလုပ်သင့်ပါ။ ဒါကြောင့် ငါ့ရဲ့အသက်ကို သေခြင်းဘေးဒုက္ခကြီး ဖိစီးနေတဲ့ သမင်မလေးကို ပေးပြီးတော့ ငါဟာ သူ့ရဲ့ အစားသေခြင်းတရားကို ယူဆောင်ပြီး ဟောဒီ စင်တီတုံးပေါ်မှာ လည်စင်းပြီး လဲလျောင်းနေတာပါ။ ငါဒီလိုလုပ်နေတာကို တခြားသူတွေအပေါ်မှာ ယုံမှားသံသယ မထားလိုက်မိပါရစေနဲ့။

အထက်က ဖော်ပြခဲ့တဲ့က စကားလေးတွေကတော့ ဘုရားအလောင်းတော်မြတ်ကြီး နိဂြောဓသမင်မင်း ဖြစ်စဉ်တုန်းက ပြောခဲ့တဲ့ စကားလေးတွေပါ။ ဘာကြောင့် ဒီစကားလေးတွေကို ဘုရားအလောင်းတော်ကြီး ပြောရသလဲဆိုရင် ဇာတ်ကြောင်းလေးက ဒီလိုပါ စာဖတ်သူရယ်။

ဟိုးရှေးရှေးတုန်းကပေါ့ စာဖတ်သူရယ်။ ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး အုပ်ချုပ်နေပါတယ်။ အဲဒီအချိန်မှာ စာရေးသူတို့၊ စာဖတ်သူတို့ရဲ့ ဂေါတမဘုရားရှင်ဟာ နိဂြောဓလို့ အမည်ရတဲ့ သမင်ကလေးအဖြစ်နဲ့ မွေးဖွားလာပါတယ်။ ဘုရားလောင်းသမင်မင်းဟာ မွေးဖွားလာကတည်းက ရွှေရောင်အဆင်းရှိပါတယ်။ မျက်လုံးလေးတွေကလည်း ပတ္တမြားလုံးလေးတွေလို ကြည်လင်နေပါတယ်။ ဦးချိုလေးတွေက ငွေရောင်တောက်နေပါတယ်။ မျက်နှာကို ကြည့်လိုက်ရင်လည်း ရတနာကမ္ဗလာကို ကြည့်ရသလို ကျက်သရေရှိနေပါတယ်။

ဘုရားလောင်း နိဂြောဓသမင်မင်းဟာ အရွယ်ရောက်လာတော့ သမင်ပေါင်းငါးရာကို အုပ်ချုပ်ပြီး နေပါတယ်။ ဘုရားလောင်း သမင်မင်းနဲ့ မနီးမဝေး တောအုပ်ကြီးထဲမှာလည်း သာခလို့အမည်ရတဲ့ သမင်တစ်ကောင်ဟာ သမင်ပေါင်းငါးရာကို အုပ်ချုပ်ပြီး မင်းလုပ်နေပါတယ်။ အဲဒီ သာခဆိုတဲ့ သမင်မင်းကလည်း ရွှေရောင်အဆင်း ရှိတာပါပဲ။ ပြောရရင်တော့ သမင်မင်းနှစ်ကောင်ဟာ ကိုယ့်အုပ်စုနဲ့ကိုယ် အုပ်ချုပ်နေကြတယ်လို့ ပြောရမှာပါ။

ဒါပေမယ့် သာခသမင်မင်းကတော့ အရှင်ဒေဝဒတ် အလောင်းပါ။ မြတ်စွာဘုရား အလောင်းတော်ကြီးနဲ့ အရှင်ဒေဝဒတ်အလောင်းတော်ကြီးတို့ဟာ ဇာတ်တော်ပေါင်းတော်တော်များများမှာ ရန်သူအဖြစ်နဲ့၊ အပြိုင်အဆိုင်အဖြစ်နဲ့ ပါဝင်ပတ်သက်နေတာတွေကို တွေ့မြင်ကြပါတယ်။

ခုပြောပြနေတဲ့ ဒီဇာတ်တော်မှာလည်း မြတ်စွာဘုရားအလောင်းတော်ကြီးနဲ့ အရှင်ဒေဝဒတ် အလောင်းတော်ကြီးတို့ဟာ ရန်သူတွေတော့ မဟုတ်ကြပါဘူး။ ဒါပေမယ့် တာဝန်ယူသိစိတ်နဲ့ သူတော်ကောင်းပီသစိတ်တွေကတော့ တစ်ဦးနဲ့တစ်ဦး၊ တစ်ယောက်နဲ့တစ်ယောက် ကွဲပြားခြားနားနေတာကို တွေ့ကြရမှာပါ။ ဒါကြောင့် ဇာတ်တော်လေးကို ဆက်ပြောပြချင်ပါတယ် စာဖတ်သူ။

ဗာရာဏသီပြည်ကို အုပ်ချုပ်နေတဲ့ ဗြဟ္မဒတ်မင်းဟာ အသားငါး မပါဘဲ ပွဲတော်မတည်တတ်ပါဘူးတဲ့ စာဖတ်သူ။ ဒါကြောင့် အမြဲတမ်း တောလိုက်ပါတယ်။ အမြဲတမ်း သားကောင်တွေကို ပစ်ဖမ်းပါတယ်။ သူတို့ အဓိကပစ်မှတ်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com

သားကောင်တွေက အလွယ်တကူတွေ့နိုင်တဲ့ သမင်တွေပဲ ဖြစ်နေတတ်ပါတယ်။

မင်းကြွားကြီးက သူတောကစားထွက်သွားရင်လည်း ဘယ်တော့မှ တစ်ယောက်တည်းမထွက်ဘဲ မှူးမတ်တွေကော၊ ဝန်ကြီးတွေကော၊ မြို့သူမြို့သားတွေကော၊ နယ်သူနယ်သားတွေကော လူစုလူဝေးအများကြီးနဲ့ သွားလေ့သွားထ ရှိပါတယ်။ အဲဒီလို ခဏခဏသွားတော့ ပြည်သူပြည်သားတွေမှာ အလုပ်ပျက်၊ အကိုင်ပျက်ဖြစ်ကြရပါတယ်။ ဒီလိုဖြစ်တာကို အဖြေရှာဖို့ တိုင်ပင်ကြတော့ မင်းကြွားကြီးကို ဥယျာဉ်ကြီး အကြီးကြီးဆောက်ပေးပြီး အဲဒီဥယျာဉ်ကြီးထဲမှာ သားကောင်တွေကို ကျုံးသွင်းမောင်းချထားပေးဖို့ အကြံရကြပါတယ်။ ပြည်သူပြည်သားတွေဟာ သူတို့ရတဲ့ အကြံအစည်အတိုင်း အကောင်အထည်ဖော်လိုက်ပါတယ်။ ဥယျာဉ်အကြီးကြီးတစ်ခု တည်ဆောက်လိုက်ပါတယ်။ တည်ဆောက်ပြီးတဲ့ ဥယျာဉ်ကြီး ထဲကို သားကောင်တွေ တောခြောက်မောင်းထည့်ပေးထား လိုက်ပါတယ်။

တောခြောက်မောင်းထည့်ခံရတဲ့အထဲမှာ စောစောက ပြောပြခဲ့တဲ့ နိဂြောဓသမင်မင်း အုပ်ချုပ်တဲ့ သမင်ငါးရာရယ်၊ သာခသမင်မင်း အုပ်ချုပ်တဲ့ သမင်ငါးရာလည်း ပါလာရပါ တယ်။

တိုင်းသူပြည်သားတွေက သူတို့ရဲ့လုပ်ရပ် အကောင် အထည်ဖော်ပြီးတော့က ဝမ်းသာအားရနဲ့ ဗာရာဏသီမင်း ကြွားကြီးကို သံတော်ဦးတင်လိုက်ပါတယ်။ မင်းကြွားကြီးလည်း ဝမ်းမြောက်ဝမ်းသာတွေ ဖြစ်တာပေါ့ စာဖတ်သူရယ်။ ဟုတ် တယ်လေ။ သူလည်း ပင်ပင်ပန်းပန်း တောကြီးမျက်မည်း ထဲမှာ တောကစားထွက်စရာ မလိုတော့ဘူးလေ။ လွယ်လွယ် ကူကူ သူ့မင်းဥယျာဉ်မှာပဲ တောကစားထွက်ရတော့မှာမို့လား။ တစ်ခါ တိုင်းသူပြည်သားတွေလည်း ဘုရင်မင်းကြွားကြီးနဲ့ တောကစားလိုက်စရာ မလိုကြတော့တဲ့အတွက် သူတို့စီးပွား ရေးအလုပ်တွေကို ဖြောင့်ဖြောင့်တန်းတန်း လုပ်နိုင်ကြပြီလေ။

အဲဒီလိုနဲ့ အဲဒီ သားသမင်တွေလှောင်ထားတဲ့ ဥယျာဉ်ကြီးထဲမှာ ဘုရင်မင်းကြွားကြီးက နေ့တိုင်းလာလာပြီး လေးကြိုးကိုင်ကာ သမင်တွေကို ပစ်ခတ်ဖမ်းဆီးပါတော့ တယ်။ ဒါပေမယ့် ဘုရားအလောင်းတော် သမင်မင်းနဲ့ သာခ သမင်မင်းကိုတော့ ရွှေဝါရောင်အဆင်းရှိတဲ့ ရွှေသမင်တွေ ဖြစ်တာကြောင့် ဘေးမဲ့ပေးထားပါတယ်။ မင်းကြွားကြီးက ပစ်ခတ်ဖမ်းဆီးတာ သမင်တစ်ကောင်ပဲ ဖြစ်ပေမယ့် တခြား သမင်လေးတွေလည်း အသက်ဘေးက သေမှာကြောက်တော့ တဝုန်းဝုန်းတရုန်းရုန်းနဲ့ ပြေးကြလွှားကြတော့ သမင်တွေ အများအပြား ဒဏ်ရာရသူရ၊ ခြေကျိုးသူကျိုး၊ ခေါင်းပေါက်သူ ပေါက်နဲ့ နေ့စဉ်ရက်ဆက် အသက်ကို ဖက်နဲ့ထုတ်နေကြရ ပါတော့တယ်။ အဲဒီလို ဖြစ်နေတော့ ဒီအတိုင်းဆို သမင်တွေ ခဏလေးနဲ့ သေကုန်မယ်၊ အစည်းအဝေးလုပ်မယ်ဆိုပြီး အစည်းအဝေးလုပ်ကြပါတယ်။ နှစ်ဖက်ခေါင်းဆောင်တွေ ဖြစ်တဲ့ နိဂြောဓသမင်မင်းရယ်၊ သာခသမင်မင်းရယ်က ခေါင်း ဆောင်ပြီး ဆွေးနွေးကြပါတယ်။ ဆွေးနွေးပွဲရဲ့ အဖြေရလဒ် ကတော့ တစ်နေ့ကို အလှည့်ကျ သမင်တွေ စဉ်းတီတုံးဆီ သွားပြီး အသေခံဖို့ ဆုံးဖြတ်လိုက်ပါတယ်။ အဖွဲ့နှစ်ဖွဲ့လုံးက သဘောတူကြပြီး သမင်တွေဟာ အလှည့်ကျ စဉ်းတီတုံးဆီ အသတ်ခံဖို့ လည်စင်းပြီး သွားနေပေးရပါတယ်။ စားဖိုမှူး ကလည်း နေ့တိုင်းလာလာပြီး သမင်လေးတွေကိုသတ်ပြီး မင်းကြွားကြီးကို ပွဲတော်တည်ဖို့ ကပ်ပါတယ်။ သမင်တွေဟာ အလှည့်ကျ စဉ်းတီတုံးဆီသွားနေကြရင်း တစ်နေ့ သာခမင်း ဘက်ခြမ်းက ကိုယ်ဝန်အရင့်အမာကြီးနဲ့ သမင်မလေးအလှည့် ကျရောက်လာပါတယ်။ ကိုယ်ဝန်ကလည်း မီးဖွားခါနီးနေ၊ သေပေးရမယ့် နေ့ကလည်းကျနေ၊ သမင်မလေးခမျာ အခက် တွေ့နေပါတယ်။

ဒါကြောင့် သူတို့ခေါင်းဆောင် သာခသမင်မင်းဆီ အယူခံဝင်ပြီး အလှည့်ကျော်ပေးဖို့ တောင်းဆိုပါတယ်၊ ဒါပေမယ့် သူဘယ်လိုပဲ တောင်းဆိုတောင်းဆို သာခသမင် မင်းက အလှည့်ကျော်ပေးဖို့ မဖြစ်ဘူးချည်း ပြောပြီး ဘူးခံ နေပါတယ်။ သမင်မလေးလည်း ကြံရာမရဖြစ်ပြီး နိဂြောဓ သမင်မင်းဆီ ရောက်လာပါတယ်။ အကျိုးအကြောင်းမေး တော့ ဖြစ်ကြောင်းကုန်စင်ပြောပြတော့ နိဂြောဓသမင်မင်း က သနားကရုဏာသက်စွာနဲ့ စိုးရိမ်သောက မဖြစ်ပါနဲ့ ချစ်နှမ၊ သင့်အလှည့်ကျတဲ့ အသတ်ခံရမယ့်နေ့ကို ငါကိုယ် တိုင် အသက်နဲ့ အသတ်ခံလိုက်ပါမယ်လို့ တာဝန်ယူလိုက် ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဘုရားလောင်း နိဂြောဓသမင်မင်းဟာ သူ့တာဝန်ယူထားသလိုပဲ အသတ်ခံရမည့်နေ့ ရောက်လာတော့ စဉ်းတီတုံးမှာ သွားပြီး လည်စင်းလဲလျောင်းနေလိုက်ပါတယ်။ စားဖိုမှူးလည်း ထုံးစံအတိုင်း အချိန်ကျတော့ သမင်သတ်ဖို့ စဉ်းတီတုံးဆီလာပါတယ်။ အသတ်ခံဖို့ လည်စင်းခံနေတဲ့ ရွှေဝါရောင် ဘုရားအလောင်းတော် သမင်မင်းကိုမြင်တော့ စားဖိုမှူးလည်း အံ့သြထိတ်လန့်ပြီး မင်းတြားကြီးဆီ အပြေးသံတော်ဦး တင်လိုက်ပါတယ်။

မင်းတြားကြီးလည်း အပြေးတစ်ပိုင်းနဲ့ ရထားပေါ်တက်စီးပြီး နောက်လိုက်ဗိုလ်ပါတွေနဲ့ ဥယျာဉ်ဆီကို ရောက်လာပါတယ်။ မင်းကြီးလည်း ဥယျာဉ်ရောက်တော့ စဉ်းတီတုံးပေါ်မှာ လည်စင်းပေးနေတဲ့ နိဂြောဓသမင်မင်းကို မြင်တော့ "အရှင်သမင်မင်း၊ သင့်ကို ငါက ဘေးမဲ့ပေးထားပါတယ်။ ဘာကြောင့် ဒီနေရာမှာလာပြီးတော့ အသတ်ခံဖို့ လည်စင်းနေရတာပါလဲ"လို့ မေးလိုက်ပါတယ်။

နိဂြောဓသမင်မင်းကလည်း "အရှင်မင်းကြီး၊ ကိုယ်ဝန်အရင့်အမာကြီးနဲ့ သမင်မလေးတစ်ကောင်ဟာ ငါ့ထံမှာ ရောက်လာပြီး သူ့အလှည့်ကို ကျော်ပေးပါ၊ သူ့အစား တခြားတစ်ယောက်ကို သေစားသေစေ ထည့်ပေးပါလို့ တောင်းဆိုပါတယ်။ အရှင်မင်းကြီး၊ တစ်ဦးတစ်ယောက်အပေါ်မှာ ကျရောက်နေတဲ့ သေခြင်းဆင်းရဲ ဒုက္ခကြီးကို တခြားတစ်ယောက်အပေါ်မှာ လွှဲဖယ်ချလိုက်ဖို့ဆိုတာ မလုပ်သင့်ပါ။ ဒါကြောင့် ငါ့ရဲ့အသက်ကို သေခြင်းဘေးဒုက္ခကြီး ဖိစီးနေတဲ့ သမင်မလေးကိုပေးပြီးတော့ ငါဟာ သူ့ရဲ့အစား သေခြင်းတရားကို ယူဆောင်လာပြီး ဟောဒီစဉ်းတီတုံးပေါ်မှာ လည်စင်းပြီး လဲလျောင်းနေတာပါ။ ငါဒီလိုလုပ်နေတာကို တခြားသူတွေအပေါ်မှာ ယုံမှားသံသယ မထားလိုက်မိပါစေနဲ့"လို့ ပြန်ပြောလိုက်တဲ့အခါ…

မင်းတြားကြီးခမျာ မျက်လုံးတွေပြူး၊ မျက်ဆန်တွေ သန်ပြီး အံ့သြလွန်းလို့ "အိုး…လူတွေမှာ ဒီလို မေတ္တာတရားထား၊ သည်းခံခြင်းတွေနဲ့ ပြည့်စုံတာ မတွေ့ဖူးပါလား။ ရှုဆန်းပေစွတကား။ အရှင်သမင်မင်း၊ ထတော်မူပါ။ အရှင်သမင်မင်းကော အဲဒီ ကိုယ်ဝန်ရှိနေတဲ့ သမင်မလေးကော ဘေးမဲ့ပေးတော်မူပါတယ်"

"မင်းကြီး…ကျွန်တော်မျိုးတို့ နှစ်ကောင်ပဲ ဘေးမဲ့ပေးမှာလား"

"ကောင်းပါပြီ သမင်မင်းရယ်။ ဟောဒီ ဥယျာဉ်ထဲက သမင်တွေအားလုံးကိုလည်း ဘေးမဲ့ပေးပါတယ်"

"မင်းကြီး…ဒီဥယျာဉ်ထဲက သမင်တွေပဲလား"

"ကောင်းပါပြီ သမင်မင်းရယ်။ တခြားသတ္တဝါတွေကိုလည်း ဘေးမဲ့ပေးပါတယ်"

စသည် စသည် ပြောကြားရင်း မင်းတြားကြီးလည်း အသိတရားဝင်၊ သတိတရားကပ်ပြီး မင်းကျင့်တရားနဲ့အညီ မင်းလုပ် အုပ်ချုပ်ပါတော့တယ်။

စာဖတ်သူရေ…ဇာတ်လေးက ပြီးသွားပေမယ့် တွေးစရာတွေက အများကြီးကျန်နေခဲ့ပါသေးတယ်။ သူတော်ကောင်းကြီးများနဲ့ အတူနေထိုင်ရတာဟာ အသက်အန္တရာယ်လည်း ကင်းပါလား၊ သူတော်ကောင်းကြီးများကို မှီခိုပြီး သတ္တဝါတွေ ချမ်းသာရပါလား၊ "သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းအပေါင်း ကိုယ့်ကြောင့်အေးစေသောဝ်"ဆိုတာ ဒီလို သူတော်ကောင်းကြီးတွေ ပါးစပ်ဖျားက စီးဆင်းကျလာတဲ့ စမ်းရေစကားတွေ ဖြစ်လိမ့်မယ်လို့လည်း အတွေးနယ်ချဲ့နေမိပါသေးတယ်။

တကယ်လို့များ စာရေးသူကိုများ တစ်ယောက်ယောက်က သူ့အစား အသက်သေခံဖို့ သွားပေးပါလို့ လာပြောခဲ့ရင် ဘယ်လိုဖြေရမလဲ၊ ဘယ်လိုဆင်ခြေပေးရမလဲ၊ ဘယ်လိုဖြေသိမ့်မှုမျိုး ပေးရမလဲ၊ ဘယ်လိုများ…ဘယ်လိုများနဲ့ အကြောင်းပြချက်တွေ ရှာနေမိမလားဘဲ တွေးမိနေပါသေးတယ်။ စာဖတ်သူဆိုရင်ရော အဲဒီနေရာကို တစ်နေ့နေ့မှာ ရောက်ခဲ့ရင် ဘယ်လိုအဖြေရှာမလဲ သိချင်နေမိပါတယ်။

ရွှေမန်းသာ၊ အရှင်အကုံရ

**ကျမ်းကိုး**

ဇာတကပါဠိ၊ ဇာတကအဋ္ဌကထာ(၁)
Jataka Tales Of the Buddha An Antholog
(Ken and Visakha Ka Wasaki)



www.burmeseclassic.com

www.burmeseclassic.com

# ဗေဒင်လက္ခဏာဆရာဟောချက်
# သွေးထွက်အောင်မှန်

■ တက္ကသိုလ်သခ်

ဗေဒင်လက္ခဏာဆရာက ကျွန်တော့်ဇာတာနှင့် လက်ဖဝါးကို ကြည့်ရှုတွက်ချက်ပြီး "**ဆရာ့မှာ အမြဲတမ်း အတိုက်အခိုက်ရှိတယ်။ အဲဒီအတိုက်အခိုက်တွေကို ကျော်ဖြတ်ပြီး တိုးတက်မှုရရှိမှာပါ**"ဟု ဟောခဲ့ဖူးသည်။

ဗေဒင်လက္ခဏာဆရာ၏ ဟောချက်သည် ကျွန်တော့်အတွက် ကွက်တိမှန်သည်ဟု ဆိုရမည်။ ကျွန်တော့်ဘဝတွင် ကြီးကြီးမားမား အတိုက်အခိုက်ခံရသည့် ကိစ္စကြီးနှစ်ခု ဖြစ်ခဲ့ဖူး၏။ ယင်းကိစ္စကြီးနှစ်ခုသည် ကျွန်တော့်ဘဝ ပျက်စီးသွားအောင် လုပ်ဆောင်ခြင်းမျိုးတော့ မဟုတ်ပါ။ ကျွန်တော့်ဂုဏ်သိက္ခာ ကျဆင်းပြီး စိတ်ဓာတ်အခြေအနေ ယိုယွင်းသွားနိုင်သည့် အနေအထားမျိုး ဖြစ်ပါ၏။

သို့ရာတွင် ယင်းသို့ အတိုက်အခိုက်ခံရပြီးနောက် အထက်တွင် ဗေဒင်လက္ခဏာဆရာ ဟောသကဲ့သို့ ဆုတ်ယုတ်မှုမဖြစ်ဘဲ တိုးတက်မှုဖြစ်ခဲ့သည်သာ ဖြစ်ပါ၏။

## ၁၉၇၂ ခုနှစ်က အဖြစ်အပျက်တစ်ခု

ထိုအချိန်က ကျွန်တော်သည် နယ်မြို့လေးတစ်မြို့တွင် တာဝန်ထမ်းဆောင်နေချိန် ဖြစ်သည်။ ကျွန်တော့်တာဝန်က အဖွဲ့အစည်းတစ်ခု၏ အတွင်းရေးမှူးတာဝန် ဖြစ်သည်။ တစ်ချိန်တည်းတွင် အသင်းအဖွဲ့တစ်ခု၏ ဥက္ကဋ္ဌတာဝန်ကိုလည်း ပူးတွဲထမ်းဆောင်ရသည်။

လူတစ်ယောက်တည်း တာဝန်နှစ်ခုကို ထမ်းဆောင်ရသဖြင့် အထိုက်အလျောက် အလုပ်များသည်။ သို့သော် လူသိများသည်။ ချစ်ခင်သူပေါသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့၏ အခက်အခဲ ပြဿနာများကို ကူညီဖြေရှင်းပေးသောကြောင့် ဖြစ်ပါ၏။ ထိုမျှမကသေး။ သူတို့ကို ကျေးဇူးပြုသဖြင့် သူတို့ကလည်း ကျွန်တော့်ကို ပြန်ပြီး ကျေးဇူးတုံ့ပြန်ကြ၏။ ဆိုပါစို့။ ဆန်ကအစ၊ ဟင်းစားအဆုံး မေတ္တာဖြင့် ပေးကြသည်။ ကျွန်တော်တာဝန်ထမ်းဆောင်ရသော ဒေသတွင် ပင်လယ်



www.burmeseclassic.com

www.burmeseclassic.com

ဖမ်းလုပ်ငန်း လုပ်ကိုင်ကြသဖြင့် ငါးခြောက်၊ ငါးခြမ်းဆိုလျှင် ဖောဖောသီသီ စားရ၏။ ဝယ်စားစရာမလိုပေ။ မေတ္တာဖြင့် ပေးကြသည်။ ကြက်ဥ၊ ဘဲဥဆိုလျှင်လည်း အိမ်တွင် ထားသို၍ စားရ၏။

ဤသည်ကို ကျွန်တော့်လုပ်ဖော်ကိုင်ဖက်အချို့က သိသည်။ သူတို့အဖို့ မနာလိုဖြစ်မည်ဆိုလည်း ဖြစ်နိုင်သည်။ ထိုအချိန်က **"မှောင်နို"** ခေတ်စားနေချိန်ဖြစ်၍ ကျွန်တော့်မိတ်ဆွေအချို့က သူတို့လုပ်ငန်းတွင် ငွေထည့်ဝင်ပြီး အကျိုးအမြတ်ခံစားရန် ကမ်းလှမ်းကြသည်။ ဥပဒေနှင့် မဆီလျော်၊ မညီညွတ်သဖြင့် ကျွန်တော် လုံးဝလက်မခံပါ။ ထိုကဲ့သို့ ကမ်းလှမ်းခြင်းမှာ ကျွန်တော့်တွင် လုပ်ပိုင်ခွင့်အာဏာရှိ၍ မဟုတ်။ သူတို့ကို နှုတ်ဖြင့်စောင်မခြင်းကြောင့်သာ ဖြစ်၏။ တစ်နည်းဆိုရလျှင် သူတို့အပေါ် မေတ္တာထားသဖြင့် ကျွန်တော့်အပေါ် မေတ္တာဖြင့် ပြန်လည်တုံ့ပြန်ခြင်းသာဖြစ်သည်ဟု ကျွန်တော်နားလည်မိသည်။

နောက်တစ်ချက်ရှိသေးသည်။ ကျွန်တော်က တာဝန်နှစ်ခုကို ပူးတွဲထမ်းဆောင်ရသဖြင့် အလုပ်များသည်။ **မိမိတာဝန်ကို မိမိကျေပွန်အောင် မနိုမကပ်လုပ်သည်။ လုပ်ဖော်ကိုင်ဖက်အချို့က ထိုသို့မဟုတ်။ အလုပ်နှင့်ပတ်သက်လာလျှင် နိုကပ်တတ်ကြသည်။ အပြောများပြီး အလုပ်နည်းကြသည်။ ဤတွင် အလုပ်လုပ်သူကို အလုပ်မလုပ်သူများက အုပ်စုဖွဲ့၍ တိုက်ခိုက်ကြသည်။** သူတို့နှင့် မကင်းသူတစ်ဦးကို ကျွန်တော့်အားတိုင်ကြားရန် မြှောက်ပေးသည်။ မြှောက်ပေးသည့်အတိုင်း ထိုလူကလည်း လိုက်လုပ်သည်။ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ နာမည်ခံ၍ တိုင်ကြားသဖြင့် အထက်မှ ပုဂ္ဂိုလ်တစ်ဦး လာရောက်စစ်ဆေးသည်။ ထိုပုဂ္ဂိုလ်နှင့် ကျွန်တော့်ကို တိုက်ခိုက်သည့်အဖွဲ့တို့ "ပလဲနံ့ပ" သင့်ပြီး မည်သို့သုံးသပ်ဆုံးဖြတ်၍ အထက်သို့ တင်လိုက်သည်မသိ။

အဆိုပါပုဂ္ဂိုလ် ပြန်သွားပြီး တစ်ပတ်ခန့်အကြာတွင် ကျွန်တော့်အား အထက်ရုံးမှ ခေါ်စာရောက်လာသည်။ ကျွန်တော့်အား အထက်တာဝန်ရှိသူ လူကြီးနှင့် တွေ့ရန်ဖြစ်သည်။ ချိန်းဆိုသည့်နေ့တွင် ကျွန်တော် တာဝန်ရှိသူ လူကြီးနှင့် သွားတွေ့သည်။ ယင်းလူကြီးကို တိုင်းအဆင့်အစည်းအဝေးများတွင် ကျွန်တော်မြင်ဖူးသည်။ သို့သော် မရင်းနှီးပါ။ သူနှင့် စကားပင် မပြောဖူးပါ။ သူ့အခန်းထဲဝင်သွားပြီး သူထိုင်ခိုင်းသဖြင့် ထိုင်ခုံအလွတ်တွင် ဝင်ထိုင်လိုက်သည်။ ကျွန်တော်ထိုင်ထိုင်ချင်းမှာပင် သူက "ခင်ဗျားကို မိခင်ဌာနပြန်ပို့ဖို့ စာတောင်ရိုက်ပြီးပြီ"

သူက စာရွက်ကိုကိုင်ပြပြီး ကျွန်တော့်ကိုပြောသည်။ ကျွန်တော်က ဘာမှပြန်မပြော။ ငြိမ်ငြိမ်လေးနားထောင်နေသည်။

"ခင်ဗျားရဲ့ Personal File ကို ယူကြည့်လိုက်တော့ ခင်ဗျားက အခုမှ အသက်က ၂၆ နှစ်ပဲ ရှိသေးတယ်။ ပြီးတော့ ဘွဲ့ရလူငယ်။ ခင်ဗျားရဲ့ ဘဝတက်လမ်းကို အညွန့်ချိုးလိုက်သလို မလုပ်ချင်ဘူး။ နောင် အဖွဲ့နဲ့ လုပ်တဲ့ကိုင်တဲ့အခါ တစ်ဦးတည်းသဘောနဲ့ မလုပ်နဲ့။ အများရဲ့ဆုံးဖြတ်ချက်အတိုင်းပဲလုပ်။ ဒါဆို ခင်ဗျားအမှားမဖြစ်ဘူးပေါ့။ ကဲ...ကဲ... ခင်ဗျားသွားနိုင်ပြီ"

ထိုသို့ပြောပြီး ကျွန်တော့်ရှေ့တွင်ပင် သူကိုင်ထားသည့် လက်နှိပ်စက်ရိုက်ပြီး စာရွက်ကို ဆုတ်ဖြဲ၍ ခြင်းထဲသို့ လုံးခြေပစ်ထည့်လိုက်သည်။

ကျွန်တော်လည်း သူ့အား အရိုအသေပေးပြီး အခန်းတွင်းမှ ထွက်ခဲ့ပါတော့သည်။

တစ်လခန့်အကြာတွင် ကျွန်တော့်ထံသို့ ရန်ကုန်ရုံးချုပ်မှ ဖုန်းဆက်လာသည်။ ကျွန်တော့်အား ရန်ကုန်ရုံးချုပ်တွင် တာဝန်ပေးလိုသဖြင့် ဆန္ဒရှိမရှိ ညတွင်းချင်း အကြောင်းပြန်ရန် ပြောသည်။ အကြောင်းပြန်ရမည့် ပုဂ္ဂိုလ်အမည်နှင့် ဖုန်းနံပါတ်ကို ပေးသွားသည်။

ကျွန်တော်သည် အတိုင်ခံရခြင်းနှင့် ပတ်သက်ပြီး အတော်ပင် စိတ်ထိခိုက်ခဲ့ရ၏။ ကျွန်တော့်အား တိုင်ကြားသူကိုလည်း ကျွန်တော်ပြန်သိရသည်။ သူသည် ဌာနဆိုင်ရာမှ ဝန်ထမ်းတစ်ဦးဖြစ်သည်။ သူ့အား ဝိုင်းပြီးဘောတီးပေးသူများကိုလည်း ကျွန်တော်သိသည်။ သူတို့သည် ကျွန်တော်နှင့် လုပ်ဖော်ကိုင်ဖက်များ ဖြစ်သည်။ သည်ကိစ္စဖြစ်ပြီးနောက် သူတို့ကို ရှေ့မျက်နှာ နောက်ထား၍ အလုပ်ဆက်လုပ်ရမည်ကို ကျွန်တော်မနှစ်သက်ပါ။ သို့သော် မချစ်သော်လည်း အောင့်ကာနမ်းနေရသည့် အဖြစ်ပေ။

ကျွန်တော့်အား ရန်ကုန်ရုံးချုပ်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်လိုခြင်း ရှိမရှိ မေးလာသောအခါ ရေငတ်သူ



www.burmeseclassic.com

www.burmeseclassic.com

ရေတွင်းထဲကျသကဲ့သို့ ပြောမပြနိုင်လောက်အောင် ဝမ်းသာသွားသည်။ ဇနီးသည်နှင့် တိုင်ပင်၍ ညတွင်းချင်းပင် ဖုန်းပြန်ဆက်ပြီး ဆန္ဒပြုလိုက်သည်။

ထိုသို့ဆန္ဒပြုပြီး နှစ်ပတ်ခန့်အကြာတွင် ရန်ကုန်ရုံးချုပ်မှ ကျွန်တော့်ထံသို့ ပြောင်းရွှေ့အမိန့်စာ ရောက်လာသည်။ ဤသို့ဖြင့် ကျွန်တော်သည် မိမိမချစ်မနှစ်သက်သူတို့နှင့် ဝေးခဲ့ရပြီး ကျွန်တော့်ဘဝသည်လည်း တစ်နေ့တခြား အမြင်ကျယ်၊ အသိကြွယ်ကာ စိုပြည်တင့်တယ်ခဲ့ရပါလေသည်။

## ၂၀၀၈ ခုနှစ်က အဖြစ်အပျက်တစ်ခု

ကျွန်တော်သည် ဌာနဆိုင်ရာဝန်ထမ်းအလုပ်မှ ၂၀၀၆ ခုနှစ်တွင် အနားယူခဲ့ပြီး လူမှုအဖွဲ့အစည်းတစ်ခုတွင် တွဲဖက်အတွင်းရေးမှူး(၁)အဖြစ် တာဝန်ထမ်းဆောင်ခွင့် ရရှိသည်။ ကျွန်တော့်အလုပ်က အချိန်ပြည့်ရုံးတက်ပြီး ပြဿနာများစွာကို ဖြေရှင်းပေးရ၏။ အထက်အဖွဲ့အစည်းသို့ အစီရင်ခံစာ၊ မှတ်တမ်း စသည်ဖြင့် ပုံမှန်တင်ပြရ၏။ လက်အောက်မြို့နယ်အဖွဲ့အစည်းများသို့ အခါအားလျော်စွာ ညွှန်ကြားချက်ထုတ်ရ၏။ အရေးကြီးအခမ်းအနားများကို ကျင်းပနိုင်ရန် စီမံဆောင်ရွက်ပေးရ၏။ ယင်းအလုပ်သည် လစာဝင်ငွေမရဘဲ စေတနာ့ဝန်ထမ်းအလုပ် ဖြစ်သည်။

ကျွန်တော် တာဝန်ထမ်းဆောင်သည့် လေးနှစ်တာကာလတွင် နာဂစ်မုန်တိုင်း တိုက်ခတ်ခဲ့ရသည့်နေ့ တစ်ရက်တည်းသာ ကျွန်တော်ရုံးတက်ပျက်ခဲ့သည်။ ကျန်အချိန်များတွင် ခွင့်မယူဘဲ အများအကျိုး သယ်ပိုးဆောင်ရွက်ခဲ့ပါ၏။ ထိုသို့ဆောင်ရွက်ရာတွင် ကျွန်တော်သည် စည်းမျဉ်းစည်းကမ်းဘောင်အတွင်းမှ စနစ်တကျ ဆောင်ရွက်ခဲ့၏။

ကျွန်တော် ထိုကဲ့သို့ စည်းစနစ်တကျ လုပ်ကိုင်ဆောင်ရွက်သည်ကို မနှစ်မြို့သူလည်း ရှိသည်။ ကျွန်တော့်အပေါ် အငြိုးအတေးထားသည်။ တစ်နေ့ ကျွန်တော့်လက်အောက်မှ ဝန်ထမ်းတစ်ဦးနှင့် ပတ်သက်၍ ကျွန်တော်အတိုင်ခံရသည်။ အထက်အဖွဲ့အစည်းသို့ တိုင်သည်။ ကျွန်တော့်အား တာဝန်မှ ရပ်စဲရန်အထိပင် ကြံစည်ခဲ့ကြသည်။ ထိုကြံစည်ကြသူများကို ကျွန်တော်သိသည်။

သူတို့တိုင်သည့်အတိုင်း ကျွန်တော်တာဝန်မှရပ်စဲခံရလျှင် ကျွန်တော့်အတွက် ငွေကြေးဥစ္စာ မထိခိုက်သော်လည်း ဂုဏ်သိက္ခာထိခိုက်ပေမည်။ ကျွန်တော် မျက်နှာမပြရဲလောက်အောင်ပင် ဖြစ်နိုင်သည်။

အထက်သို့ တိုင်ကြားပြီး အချိန်အတော်ကြာသည့်တိုင် အထက်က မည်သို့မျှ အရေးယူဆောင်ရွက်ခြင်း မရှိသဖြင့် လူကြီးအားတွေ့သည့်အခါ နှုတ်ဖြင့် ထပ်၍ပြောသည်။ မည်သို့ပင်ဆိုဆို၊ ပြောပြော အထက်လူကြီးက လုံးဝ အရေးယူခြင်း မရှိခဲ့ပေ။ အဘယ့်ကြောင့်ဆိုသော် အဆိုပါ အထက်လူကြီးသည် ကျွန်တော့်အကြောင်း ကောင်းကောင်းသိသူ ဖြစ်သောကြောင့် ဖြစ်ပါ၏။

ဤသို့ဖြင့် ကျွန်တော်သည် အဆိုပါ တွဲဖက်အတွင်းရေးမှူး(၁) တာဝန်တွင် နှစ်ပြည့်သည်အထိ တာဝန်ထမ်းဆောင်ခွင့် ရရှိခဲ့ပြီး နောက်ထပ်ပင် ဗဟိုအမှုဆောင်ကော်မတီဝင်အဖြစ် အရွေးခံခဲ့ရပြီး ယခု စာရေးနေသည့်အချိန်တွင် မြန်မာနိုင်ငံ စာရေးဆရာအသင်း ဗဟိုအမှုဆောင်ကော်မတီဝင်အဖြစ် ဆက်လက်တာဝန်ထမ်းဆောင်လျက် ရှိပါ၏။

တစ်ချိန်တည်းတွင် ကျွန်တော်၏ လုပ်ရည်ကိုင်ရည်နှင့် အကျင့်စာရိတ္တကို သိရှိသော လုပ်ဖော်ကိုင်ဖက် ရဲဘော်ကြီးတစ်ဦး၏ ကောင်းမှုကြောင့် ဂျာနယ်တစ်စောင်တွင် ထိုက်တန်သောအလုပ်၊ သင့်မြတ်သော ရာထူးဖြင့် ယနေ့တိုင်ထမ်းဆောင်လျက်ရှိပါ၏။

## ကိုယ်ကောင်းလျှင် ကိုယ့်ခေါင်းဘယ်မရွေ့

အများသူငါ ပြောလေ့ရှိသော စကားမှာ "ကိုယ်ကောင်းလျှင် ကိုယ့်ခေါင်းဘယ်မရွေ့" ဟူသော စကားဖြစ်၏။ ဆိုလိုရင်းမှာ ဘဝတွင် ကောင်းအောင်အလုပ်လုပ်၊ ကောင်းအောင်ကြိုးစား၊ ကောင်းသည့်အပြုအမူ၊ အကျင့်အကြံကို မွေးမြူလုပ်ကိုင်ပါလျှင် မည်သူတွန်းတွန်းတိုက်တိုက် မိမိဘဝသည် အနိမ့်သို့ ကျဆင်းမသွားဘဲ အောင်မြင်မှုသရဖူ ဆောင်းနိုင်မည်သာ ဖြစ်ပါကြောင်း အကြံပြုတင်ပြရပါ၏။

**တက္ကသိုလ်သန်း**



www.burmeseclassic.com

www.burmeseclassic.com

# ဆရာမကြီး ဒေါ်စင်မာဝေ

## (ဆန်းပညာနှင့် ကောပီရှေ့ဆောင်နက္ခတ်ပညာရှင်)

## လောကီဆိုင်ရာ အကြံပေးပုဂ္ဂိုလ်

လောကီကိစ္စအဖြာဖြာနဲ့ ပတ်သက်ပြီး ကြုံတွေ့ရတဲ့ အခက်အခဲတွေကို ဖြေရှင်းဖို့ လာရောက်နိုင်ပါတယ်။ ဗေဒင်မေးတယ်ဆိုတာထက် အခက်အခဲတွေကို တိုင်ပင်ဆွေးနွေးနိုင်တဲ့ လောကီဆိုင်ရာ အကြံပေးပုဂ္ဂိုလ်လို့ဆိုရင် ပိုမှန်ပါတယ်။ ဘာသာရေးနဲ့မဆိုင်တဲ့ လောကီကိစ္စတွေမှာ လူမျိုးမရွေး၊ ဘာသာမရွေး လူမှန်သမျှ ကြုံရတာပါပဲ။ ဘယ်လို ဖြေရှင်းရင် အဆင်ပြေနိုင်မလဲဆိုတာ ဆရာမနဲ့ တိုင်ပင်ကြည့်ရင် ပိုကောင်းပါတယ်။ ယတြာချေတယ်ဆိုတာထက် ဖြေရှင်းနိုင်မယ့် နည်းလမ်းတွေကို အကြံပေးခြင်းလို့ပြောရင် ပိုမှန်ပါတယ်။

လူ့လောကမှာ လူတိုင်းမကင်းနိုင်တဲ့ ပြဿနာတွေရှိပါတယ်။ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးတွေဟာ လူ့လောကရဲ့ နေ့စဉ်ကြုံရတဲ့ အဖြစ်အပျက်တွေပါပဲ။ ခလုတ်ထိမှ အမိတနေမယ့်အစား ဘာမှမဖြစ်ခင်မှာ ကံတွေကို ကြိုတင်စစ်ပြီး၊ ကြုံတွေ့နိုင်တဲ့ အခက်အခဲတွေအတွက် ကြိုတင်ပြင်ဆင်ထားတာ အကောင်းဆုံးပါပဲ။

ဆရာဟာ အမြဲတမ်း ကိုယ့်အနားမှာ မရှိနိုင်ပါဘူး။ ကိုယ့်အနားမှာ ကိုယ်သာအမြဲ ရှိတာပါ။ ဒါကြောင့် ဆရာကိုအားကိုးမယ့်အစား ကိုယ်တိုင်ပညာတတ်ထားရင် ပိုကောင်းတာပေါ့။ လူတိုင်းသိထားရင် ရှောင်စရာကို ရှောင်နိုင်မယ်။ ဆောင်စရာကို ဆောင်နိုင်မယ်။ ဒါဆို လောကမှာနေရတာ အဆင်ပြေလာမှာ အသေအချာပါပဲ။ ပညာသင်ဖို့ စိတ်ဝင်စားရင် လာခဲ့ပါ။ လုံးဝတတ်မြောက်သည့်တိုင် သင်ကြားပေးနိုင်ပါတယ်။

**အခန်း(၄)၊ အမှတ်(၄၉/၅၀)၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြောက်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉၇၃၁၂၇၈၂၆**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




ထိုနေ့က ကျွန်တော့်ရင်ထဲ လွန်စွာမှ ထိခိုက်ထိရှသော ခံစားမှုနှစ်ခုခံစားလိုက်ရပါသည်။
ပထမတစ်ခုမှာ သမိုင်းဘူတာသို့ ဝင်ရောက်လာသော
နံနက်ချိန်ခါ လူစီးများ(ခရီးသည်)သော "ပုရွက်ဆိတ်ကုန်း" ရထားဖြစ်သည်။
ပုရွက်ဆိတ်ကုန်းရထားသည် သမိုင်းဘူတာသို့ ဝင်နေကျနံနက် ၇ နာရီ ၅ မိနစ်တွင်
ဆိုက်ရောက်လာပါသည်။
ရထားဆိုက်ရောက်လာသည်နှင့် ဆင်းသူတက်သူ တိုးကြိတ်နေသည်။
ထိုအချိန်က ရထားခမှာ ၁ဝိ/၊ ၂ဝိ/ ကျပ်မျှသာ ဖြစ်သောကြောင့်
လူစီးများသည်ဆင်းရဲသား၊ လက်လုပ်လက်စားများ၊ ကုမ္ပဏီဝန်ထမ်းများ၊
ဈေးရောင်းသမားတို့၏ ဘဝရထားဟု ဆို၍ရပါသည်။
ကျွန်တော်လည်း ဤဘဝရထားဖြင့် စီးနင်းရသူဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ရထားထွက်သွားပြီး မကြာမီမှာ ဘူတာရုံနှင့် ကားလမ်း အနောက်ဈေးသို့ ဖြတ်ကူးလမ်းတွင် မိသားစုတစ်စု ပြဿနာတက်နေကြသည်။

"နင်ဘာလို့ ဒီစာကိုလက်ခံတာလဲ ကောင်မရဲ့။ ငါနင့်ကို ပြောမထားဘူးလား။ ဘယ်ယောက်ျားလေးနဲ့မှ အဆက်အဆံမလုပ်ရဘူးလို့ဟင် .. ကဲဟာ .. ပြောစကားနားမထောင်ဦး"

"ဖုန်း .. ဖုန်း .. ဖုန်း"

မိန်းမကြီးတစ်ဦးက အပျိုပေါက်စ မိန်းကလေးအား စီးထားသော ဖိနပ်ကို ချွတ်၍ ဖိနပ်နှင့် ရိုက်တော့သည်။

"မလုပ်ပါနဲ့အမေရဲ့၊ ကြောက်ပါပြီ။ ကျွန်မစိတ်ထဲက ပါလို့ မဟုတ်ပါဘူး။ လူတွေ ဝိုင်းကြည့်နေလို့ အရှက်ရသွားမှာစိုးလို့ ယူလိုက်တာပါ"

"ဘာပြောတယ်၊ အရှက်ရမှာ ဟုတ်လား၊ ကဲဟာ .. ကဲဟာ"

"ကြောက်ပါပြီ မေမေရယ်၊ သမီးမှားပါတယ်၊ သမီးတောင်းပန်ပါတယ် မေမေ"

"မေမေ .. မမကြီးကို မရိုက်ပါနဲ့"

"ဘာလဲ နင်လည်း အထိခံချင်လို့လား"

မိန်းမကြီးက ဝင်ပြောသော ကလေးငယ်ကို ဖိနပ်နှင့် ချိန်ရွယ်လိုက်ရာ ..

"မလုပ်ပါနဲ့မေမေရယ်၊ မောင်လေးကို မလုပ်ပါနဲ့၊ သမီးကိုပဲ ရိုက်မေမေ"

"အေး.. ရိုက်တယ်ဟာ၊ ရိုက်တယ်"

"ဖုန်း . . ဖုန်း . . ဖုန်း"

အရိုက်ခံရသော မိန်းမပျို ပေါက်စလေးမှာ လမ်းပေါ် ဒူးထောက်၍ မိခင်ရိုက်သမျှကို ခံယူနေသည်၊ မိခင်ကို လက်အုပ်ချီကန်တော့၍တောင်းပန်မှုလည်း ပြုသည်၊ မိခင်မိန်းမကြီးက လက်မခံ၊ ဒေါသတွေ ဟုန်းဟုန်းထနေသည်၊

"တော်ပါတော့ဗျာ၊ လူမြင်မကောင်းပါဘူး၊ ကိုယ့်ကလေးဆုံးမတာ အိမ်မှာပဲ တိုးတိုးတိတ်တိတ် ဆုံးမပေါ့၊ လူပုံအလယ်မှာမကောင်းပါဘူး"

ဘေးက ဝိုင်းကြည့်နေသော လူအုပ်ထဲမှ လူတစ်ယောက်က ဝင်ပြောသည်၊ သို့ပေမယ့် ထိုမိခင်မိန်းမက ဂရုမစိုက် ဆက်ရိုက်သည်၊

"နင်တို့ကို ငါရှာကျွေးနေတာ သူများကို အားကိုးစရာမလိုဘူး"

မိန်းမကြီးက စိတ်ဆိုးမပြေ ဆက်ရိုက်သည်၊

"သမီးမှားပါတယ်မေမေ၊ သမီးကို ခွင့်လွှတ်ပါ"

"ဒီမယ် ခင်ဗျားလွန်နေပြီ၊ ဒါ သက်သက်မဲ့ နှိပ်စက်တာ၊ ကျုပ် ဂါတ်တဲသွားတိုင်မယ်၊ ခင်ဗျားဟာ မတရားနှိပ်စက်တာ"

ထိုအခါ မိန်းကလေးက မိမိဖက်မှဝင်ကူပြောသောပုဂ္ဂိုလ်အားဒူးထောက် ကန်တော့ကာ ..

"မတိုင်ပါနဲ့ ဦးရယ်၊ သမီးတောင်းပန်ပါတယ်၊ မေမေ့မှာ အပြစ်မရှိပါဘူး၊ သမီးအမှားပါ၊ သမီးရဲ့ ကျေးဇူးရှင် မေမေပါ၊ မေမေ့မှာ အပြစ်မရှိပါဘူး"

မိန်းကလေး၏ အပြုအမူကြောင့်ကြည့်နေသောပရိသတ်များက အံ့အားသင့် ငိုင်သွား၏၊ မိမိဖက်မှ ဝင်ပြောပေးသော ပုဂ္ဂိုလ်ပင် ကြောင်စီစီနှင့် ဖြစ်နေသည်၊

"စာနာစိတ်ရှိတဲ့ ဦးကို ကျေးဇူးတင်ပါတယ်၊ သမီးကန်တော့ပါတယ်ရှင်၊ မေမေနဲ့ ပတ်သက်ပြီး ခွင့်လွှတ်ကြပါ၊ မေမေ ဆုံးမတာ သမီးနာခံပါရစေ၊ မေမေရိုက်လို့ သမီး ဒီမှာ သေသွားရင်လည်း သမီး ကျေနပ်ပါတယ်၊ သမီးရဲ့ ကျေးဇူးရှင် မေမေ့ကို ခွင့်လွှတ်ပေးကြပါရှင်"

ယင်းအခိုက် ကလေးငယ်က -

"မေမေ၊ သားဆာပြီ၊ မုန့်ဝယ်ကျွေးတော့"

ထိုအခါ အခြေအနေကြောင့် ငိုင်နေသော မိခင်က သားငယ်ကို စူးစူးဝါးဝါးနှင့် ကြည့်၏။

"ဘာဖြစ်နေတာလဲ စားရမှာပေါ့"

ပရိသတ်ထဲမှအမျိုးသမီးတစ်ဦးက ထွက်လာပြီး ..

"ရော့ . . ရော့ . . မိန်းကလေး၊ မိန်းကလေး မောင်လေးက ဆာနေပြီ၊ မုန့်ဝယ်ကျွေးလိုက်ပါ"

ငွေထောင်တန်နှစ်ရွက်ကို ပေးသည်၊ ထိုအခါ မိန်းမပျိုလေးက ကဗျာကသီနှင့် ထိုအမျိုးသမီးရှေ့ထိုင် ကန်တော့ကာ ..

ကျေးဇူးတင်လှပါတယ် မမရယ်၊ ဒါပေမယ့် သမီးတို့ ဒီပိုက်ဆံမယူပါရစေနဲ့နော်၊ သမီးတို့ ဈေးထဲဝင်ပြီး အလုပ်လုပ်ရင် ရပါပြီ၊ သမီးတို့က ကိုယ့်အားကိုယ်ကိုးလိုပါတယ်ရှင်၊ အခုလိုမျိုး မကူညီတာယူပြီး စားလိုက်တော့ ရပါတယ်၊ ဒါပေမယ့် မမရယ်၊ စိတ်ဓာတ်အကျင့်ပျက်မှာစိုးလို့ပါ၊ ကျေးဇူးတင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ ကြောင်ငေးနေသော မိန်းကလေး၏ မိခင်က လှုပ်ရှားလာပါသည်။ သူ့သမီးဆီသို့ ဖြည်းဆေးစွာ လာ၍ သမီးကို ပွေ့ဖက်လိုက်ပြီး . .

"မေမေမှားသွားတယ် သမီး၊ မေမေ့ကိုခွင့်လွှတ်ပါ"

ပြီးနောက် မိမိတို့အား ကြည့်နေသော ပရိသတ်ကို ကြည့်ပြီး . .

"ကျွန်မတို့ကို ခွင့်လွှတ်ပါရှင်။ တောင်းပန်ပါတယ်။ ကျွန်မရဲ့ အပြုအမူတွေက မကောင်းပါဘူး။ ဒါပေမယ့် ကျွန်မ ဒေါသထွက်သွားလို့ ခံပြင်းသွားလို့ပါ။ တောင်းပန်ပါတယ်။ အခုလိုမျိုး စေတနာတွေ ရှေ့ထားကြတဲ့ ကျေးဇူးရှင်တွေကို ကျေးဇူးတင်ပါတယ်။ ကျွန်မက လင်ပစ်ခံရပြီး ကလေးသုံးယောက်ကို ရုန်းကန်ကျွေးမွေးခဲ့ရတဲ့ သူပါရှင်။ ဒါကြောင့် ကျွန်မ သမီးလေး ကျွန်မလို လင်ပစ်၊ လင်ကဲဆိုးတဲ့ ကျွန်မလို ဒုက္ခ သုက္ခတွေ ပင်လယ်ဝေပြီး အို . . ကျွန်မ မပြောပါရစေနဲ့တော့။ ကျွန်မတို့ကို ခွင့်လွှတ်ကြပါရှင်"

မိန်းမကြီးက ထိုသို့ ပြောဆိုလိုက်ပြီး မှုန့်ဘောင်းနေသော ကလေးငယ်ကို ဆွဲခေါ်၍ ဈေးထဲဝင်ရန် ပြင်လိုက်၏။ ထိုအခါ မိန်းကလေးက ကြည်လင်သော အပြုံးဖြင့် ကြည့်နေသော ပရိသတ်တို့ကို လက်အုပ်ချီကန်တော့ကာ . .

"ခွင့်လွှတ်ပေးကြပါရှင်၊ ကျွန်မတို့ အပေါ်ထားရှိတဲ့ မေတ္တာတရားကို ကျေးဇူးတင်လှပါတယ်။ ဘယ်တော့ မေ့မှာ မဟုတ်ပါဘူး။ ကျွန်မရဲ့ ကျေးဇူးရှင် မေမေ့အပေါ် အပြစ်မမြင်ကြပါနဲ့၊ မေမေ့မေတ္တာ၊ မေမေ့စေတနာ သမီးသိနားလည်လို့ မေမေဆုံးမတာကို ကျွန်မ ကျေကျေနပ်နပ်ခံယူပါတယ်ရှင်"

"ဟဲ့-ကလေးမ ရထားလာနေပြီ။ ဟိုဘက်ကူးတော့"

ထိုအချိန်မှာပင် ရန်ကုန်ဘူတာကြီးအထိသာ သွားမည့် ရထားဝင်လာသဖြင့် လူစုရှင်း၍ ရထားပေါ်တက်သူတက်၊ ကိုယ့်လမ်းကိုယ်သွားကြနှင့်၊ မြင်ကွင်းသည်ရှင်းလင်းသွားတော့၏။

*

လင်ပစ်ခံရတဲ့ မိန်းမသား၊ ကလေးသုံးယောက်နှင့်၊ သမီးဖြစ်သူက အမိဆုံးမသည်ကို နှစ်လိုစွာခံယူသည်၊ "ကျေးဇူးရှင်မေမေ"တဲ့၊ လူပုံအလယ်မှာ ဆုံးမခံရခြင်း အရိုက်ခံရ၍နာကျင်ခြင်းတို့ အလျဉ်းမမှု၊ ကြည်ဖြူစွာခံယူသည်။ "ကျေးဇူးရှင် မေမေ"တဲ့။

အရွယ်နှင့်မမျှ ကျေးဇူးသိတတ်နေပါပကော။

သည်အရွယ်လေးတွေက ဇိုးဇိုးဇတ်ဇတ်မနူးမနပ်သည့် အရွယ်လေး။ ကိုယ်လုပ်ချင်တာ၊ ကိုယ်ပြောချင်တာကိုသာ လွှတ်လွှတ်လပ်လပ် ပြောတတ် လုပ်တတ်သည့်အရွယ်။ သည်မိန်းကလေးကျတော့ သိတတ်လိုက်ပါဘိခြင်း။

ကျွန်တော်သည် တစ်နေ့လုံး သည်မြင်ကွင်းနှင့် သည်အဖြစ်အပျက်ကို မမေ့နိုင်ခဲ့ပါ။ မိခင်ဖြစ်သူက သူသည်ကလေးသုံးယောက်ကို မိန်းမသားတစ်ယောက်အနေဖြင့် တာဝန်ယူရုန်းကန်ရသည့် တာဝန်သည်သေးငယ်သည့်အကြောင်းရပ်မဟုတ်။ မိန်းမသားတစ်ယောက် ထမ်းဆောင်ရသည့် တာဝန်။ မသေးလှပါကလား။ မိခင်ဆိုသော မိန်းမသားတာဝန်သိသော မိခင်၊ သည်မိခင်နှင့်သည်ကလေးသုံးယောက်နောင်ရေး . . ကျွန်တော် အတွေးမပြတ်နိုင်ပါကလား၊

ကျွန်တော်အလုပ်တိုက်မှ အပြန်အိမ်ပြန်ရောက်သည့်အထိ သည်အတွေးက မပြတ်၊

"ကိုရေ . . ရောက်မဆိုက်ဘဲ ပြောရဦးမယ်"

"ဘာများလဲ မိန်းမရယ် အဝတ်အစားလဲပါရစေဦး"

"အကို့ အချစ်ကြီး ဒေါ်မြ အိမ်မှာမရှိတော့ဘူး"

"ဟင် . . ဒေါ်မြဟုတ်လား၊ ဒေါ်မြ ဘာဖြစ်လို့လဲ"

ကျွန်တော်က ဒေါ်မြဆို၍ စိတ်လှုပ်ရှားသွားရသည်မှာ အမှန်ပင်။ ဒေါ်မြဆိုသည်မှာ ကျွန်တော်တို့နှင့် နှစ်အိမ်ခြားအိမ်မှ ကျွန်တော်လေးစားချစ်ခင်ရသော၊ အဒေါ်အရင်းလို ခင်မင်ရသော အိမ်နီးချင်းဖြစ်သည်။ ကျွန်တော့် မိခင်ကြီးနှင့်လည်း အလွန်ရင်းနှီးခဲ့သော အိမ်နီးချင်းများပင်။

ဒေါ်မြ၏ ခင်ပွန်းဦးချစ်ခင်မှာ အစိုးရဝန်ထမ်းတစ်ဦးဖြစ်သည်။ ဦးချစ်ခင် ကွယ်လွန်တော့ ယုယုမှာ ရှစ်နှစ် ကိုးနှစ်အရွယ် လေးတန်းကျောင်းသူလေးသာ ရှိသေးသည်။ ယုယုမှာ ဦးချစ်ခင်၊ ဒေါ်မြတို့၏ တစ်ဦးတည်းသောသမီး၊

ဦးချစ်ခင် ကွယ်လွန်သွားတော့ ဒေါ်မြမှာ သမီးလေး ယုယုကို အသက်ပေးချစ်ခဲ့သည်ဆိုလျှင် မမှား၊ အရွယ်ရှိသေးလျက် အိမ်ထောင်မပြု။ ယုယုကို ဘွဲ့ရသည်အထိ . .



www.burmeseclassic.com

www.burmeseclassic.com

မုဆိုးမဘဝဖြင့် ပညာသင်ပေးခဲ့သည်၊ ဒေါ်မြ ရုန်းကန်ခဲ့ပါသည်။ ယုယုဘွဲ့ယူသည့်နှစ်မှာပင် အိမ်ထောင်ပြုသည်။ ဘဝနှင့် ရင်း၍ ချစ်ရသောသမီးလေး အိမ်ထောင်ပြုတော့လည်း ဒေါ်မြ နှလုံးသားပေး၍ လိုက်လျောခဲ့ရသည်။

နှစ်တွေရလာတော့ .. ယုယုမှာ ကလေးနှစ်ယောက်မှ သုံးယောက်ရခဲ့သည်။ ဒေါ်မြသည် မြေးသုံးယောက်နှင့် မအားရရှာ၊ သမီးပင်ပန်းမှာစိုး၍ ဒေါ်မြခါးစည်းခံခဲ့သည်။ ယုယုခင်ပွန်းက ကျောင်းဆရာ၊ ကျောင်းဆရာဆိုတော့လည်း ကျောင်းမှာသာ ဆရာမဟုတ်။ အိမ်မှာလည်းဆရာ၊ ယောက္ခမ ဒေါ်မြကို သိပ်ဘဝင်မကျတော့၊ အိမ်မှာနေသည်ကို သိပ်မကြိုက်။

"မယားပြောတစ်ည"ဟုသာ ဆိုစကားရှိခဲ့ပေမယ့် ချစ်လင်ပြောတော့ ယုယုက မိခင်ကို အမြင်မကြည်။

"အမေရယ်၊ ဒီအိမ်၊ ဒီခြံ ရောင်းလိုက်ရင် မကောင်းဘူးလား။ အမေလည်း တရားအားထုတ်နိုင်တာပေါ့"

ယုယုစကားကို မိခင် ဒေါ်မြသိ၏။

"မလုပ်ပါနဲ့ သမီးရယ်. မိဘလက်ငုတ်လက်ရင်း ဆိုတာ မစွန့်သင့်ဘူး။ အမေမလိုပါဘူး။ သမီးအတွက်အမွေပါ၊ သမီးစိတ်ချမ်းသာရစေမယ်၊ အမေအိမ်က ဆင်းပေးပါ့မယ်ကွယ်။ အမေသဘောပေါက်ပါတယ်"

"အမေ ဆင်းလည်း ဆင်းပါ။ ပြတ်ပြတ်သားသား လုပ်တာကောင်းပါတယ်"

"အော် .. သမီးရယ်၊ အမေ ဘာမှ မရှုပ်ပါဘူး။ ရှင်းရှင်းလုပ်ခဲ့မှာပါ"

ဒေါ်မြက ရပ်ကွက်လူကြီးတွေခေါ်၍ မိမိနှင့် သည်အိမ်၊ သည်ခြံဘာမှ မသက်ဆိုင်တော့ကြောင်းဖြင့် သက်ဆိုင်ရာလူကြီးများရှေ့တွင် လက်မှတ်ရေးထိုးပေးပြီး သံယောဇဉ်ပြတ်သွားသည်။

ကျွန်တော့်ဇနီးသည်ပြောပြသမျှကို ပင့်သက်ချ နားထောင်ရသည်မှ လွဲ၍ ဘာမျှ မတတ်နိုင်။

အော် .. သူတော်စင်မကြီး ဒေါ်မြ၊

မနက်က ကြုံတွေ့ခဲ့ရသော မြင်ကွင်း။ အမိကို ကျေးဇူးရှင်မေမေဟု အမိပြုသမျှ ခံသော သမီး၊ ယခုတော့ သမီးပြုသမျှခံသော မိခင်၊ ကျွန်တော် ခံစားရသည်၊ ဒေါ်မြသည် လွန်စွာမှ သဘောထားပြည့်ဝသော အမျိုးသမီးကြီး။ ကွယ်လွန်သူ မေမေရဲ့ လွန်စွာမှ ချစ်ခင်သော မိတ်ဆွေသူတော်စင်၊

"နေပါဦးမိန်းမရဲ့၊ အခု ဒေါ်မြ ဘယ်သွားမယ်လို့ ပြောသွားလဲဟင်"

"အို .. ယောကျ်ားရယ်၊ ဒေါ်မြ တရားရိပ်သာသွားပြီပေါ့။ ကဲ - ကဲ .. ယောကျ်ား ထမင်းစားကြစို့"

ကျွန်တော် ပင့်သက်ချကာ ခေါင်းယမ်း၍ ..

"ထမင်းစားချင်စိတ်တောင် မရှိတော့ဘူးကွယ်"

"ဒါဆိုလည်း ဖြည်းဖြည်းစားနော်၊ ထမင်းတော့ စားလိုက်ပါ ယောကျ်ားရယ်"

ကျွန်တော်က ဇနီးပြောသည်ကို ခေါင်းညိတ်အဖြေပေးပြီး အိမ်ရှေ့ထွက်ကာ ရေဒီယိုခလုတ်ဖွင့်လိုက်ပါသည်။

"ယခု အချိန်ကစပြီး သောတရှင်အကြိုက်တေးနဲ့ ဖျော်ဖြေတော့မှာမို့ နားသောတဆင်ပါရှင်။ ကျွန်မ ဆီဆက်သွယ်နေတဲ့ သောတရှင်နဲ့ မိတ်ဆက်ပေးပါ့မယ်၊ ဟဲလို .. သမီးနာမည်က ဘယ်သူ"

"မစန္ဒာပါရှင်"

"ဘယ်က ပြောနေပါလဲ"

"ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုကပါရှင်"

"အော် .. နောင်ချို ဆိုတော့ ရှမ်းမလေးပေါ့နော်"

"မဟုတ်ပါဘူးရှင်၊ သမီးက ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့ကပါရှင်"

"အော် .. ဟုတ်လား ကဲ - သမီးနားထောင်ချင်တဲ့ သီချင်းပြောပါဦး"

"ဂန္ထဝင်မေမေပါ မမ"

"အော် .. ဂန္ထဝင်မေမေ လား၊ အဆိုတော်က ဘယ်သူ ပါလဲကွယ်"

"အိအိချွန်ပါရှင်"

"သမီးက ဒီသီချင်း ဘာရည်ရွယ်ချက်နဲ့ တောင်း လဲကွယ်"

"မေမေ့ကို လွမ်းလွမ်း ပါ။ ကျေးဇူးရှင်မေမေ့ကို လွမ်း လို့ပါ"

"အို .. ဒီလိုလား၊ ဒီ ဆိုတော့ အမေ့ကိုလွမ်းတဲ့သမီး မစန္ဒာအတွက် အိအိချွန်ဆို "ဂန္ထဝင်မေမေ"သီချင်းဖွင့်ပေး လိုက်ပြီးနော်.."

**ရွှေမြိတ်သောင်းတင်**



www.burmeseclassic.com

www.burmeseclassic.com


Professor Dr. ဦးစံတင်အောင်(ရွှေဘို)၏တပည့်

# ဒေါက်တာကျော်လွင် (လက္ခဏာပညာပါရဂူ)

## Ph.D (Palmistry) (Kol-India)

▶▶ လက္ခဏာပညာဟောပြောမှု

သင့်လက်ဖဝါးအစုံကို စက္ကန့်ပိုင်းမျှ ဆရာထံမှာပြကြည့်ပါ သင့်ဘဝအတွက် ဆိုးကျိုးများကို ရှောင်ဖယ်၍ ကောင်းကျိုးများကိုဆောင်ရွက်ခွင့်ရှိစေပါမည်။ လက္ခဏာလာကြည့်သူများအား ဆရာ ဟောပြောမှုနှင့် ဆွေးနွေးမှုအားလုံး (ချက်ချင်း) VCD ခွေသွင်း၍ ပေးပါမည်။ လက္ခဏာအကြောင်း သိကောင်းစရာ အနာဂတ် ဖြတ်ပေါက် VCD ခွေလက်ဆောင်ပေးပါမည်။

▶▶ ပါရဂူမြောက် လက္ခဏာပညာ (ကျွမ်းကျင်မှု) အတတ်သင်တန်း

ကျွမ်းကျင်၍ ပြန်လည်ဟောပြောနိုင်သည်အထိ တာဝန်ယူသင်ကြားပေးမည်။

ကလေးအမည်၊ ဆိုင်အမည်၊ ကုမ္ပဏီအမည်၊ လုပ်ငန်းအမည်၊ ဖွဲ့စိတ်မီးဖွားရက်၊ နေ့ကောင်းရက်မြတ် မင်္ဂလာအခါ ရွေးချယ်ပေးသည်။

တိုက်အိမ်၊ ခြံမြေ၊ ယာဉ်၊ ကား ရောင်းထွက်ရန် ဆောင်ရွက်ပေးပါသည်။ ဆရာကိုယ်တိုင် သတ်မှတ်ပေးသော ရက်အတွင်း ရောင်းထွက်ပြီးမှ ဥာဏ်ပူဇော်ခ ပေးရပါမည်။

### လက္ခဏာ ဟောခန်းနှင့် ဟောပြောချိန်

ဟောခန်း (၁) - တိုက် (၂)၊ အခန်း (၁၀၅)၊ ပထမထပ်၊ ပါရမီအိမ်ရာ၊ ပါရမီလမ်း၊ (၁၆)ရပ်ကွက်၊ (ရန်ကုန်အင်းစိန်လမ်းနှင့် ပါရမီလမ်းထောင့်)၊ လှိုင်မြို့နယ်၊ ရန်ကုန်။ "စိန်ဂေဟာ" ကုန်တိုက်အနီး။

ဟောပြောချိန် - နံနက် (၈း၀၀)နာရီမှ နေ့လည် (၁း၀၀)နာရီအထိ

ဟောခန်း (၂) - အခန်း (၆)၊ အဆောင် (၁၁)၊ မြောက်ဘက်မုခ်၊ မဟာဝိဇယစေတီတော်၊ ရန်ကုန်။

ဟောပြောချိန် - နေ့လည် (၂း၀၀)နာရီမှ ည (၇း၀၀)နာရီအထိ (လပြည့်လကွယ်နေ့တိုင်းပိတ်သည်)

စုံစမ်းရန်နှင့် စာရင်းပေးသွင်းရန် 09-450025482, 01-522250 Ext : 364

ဒေါက်တာကျော်လွင် (လက္ခဏာပညာပါရဂူ)၏ ညီ

# ဆရာသိန်းဌေး(ပါရဂူမြောက်လက္ခဏာပညာရှင်)

## Expertise Palmist (Y.G .N)


▶▶ ဟောပြောမှု - သင့်လက်ဖဝါးအစုံကိုကြည့်၍ သင့်ဘဝအခက်အခဲအားလုံးဖြေရှင်းပေးမည်။

▶▶ ဟောပြောချိန် - ရုံးဖွင့်ရက်တိုင်း ညနေ (၄း၀၀) နာရီမှ (၇း၀၀) နာရီ
ရုံးပိတ်ရက်တိုင်း နံနက် (၇း၀၀) နာရီမှ ညနေ (၄း၀၀) နာရီ

▶▶ လိပ်စာ - တိုက်(၃၃)၊ အခန်း(၄) စံပယ်(၅)ရိပ်သာ၊ နေပြည်တော်၊ 09-31181235


www.burmeseclassic.com

www.burmeseclassic.com



# နန္ဒာမိုးကြယ်

နေမှာသာတဲ့

ငွေလမင်း

www.burmeseclassic.com

www.burmeseclassic.com

သည်ကနေ့ခေါ်ယူသော တရားသဘင် အစည်းအဝေးသည် ခါတိုင်းလိုမျိုး မဟုတ်တာ သေချာသည်။ ရှင်အာနန္ဒာကိုယ်တော်ကြီး၏ မျက်နှာတော် အမူအရာဆိုလျှင် ခါတိုင်းလိုမျိုး ရွှင်ရွှင်ပျပျ မရှိ။ သည်ကတည်းက တစ်စုံတစ်ခု ထူးထူးထွေထွေ ဖြစ်တော့မည်ကို သဘောပေါက်သလို ရှိနေကြတော့သည်။

ရဟန်းအပေါင်းတို့လည်း တရားသဘင်အတွင်း ကိုယ်စီကိုယ်င နေရာယူပြီးချေပြီ။ တီးတိုး တီးတိုး စကားသံတို့သည် တရားပလ္လင်ထက် ဘုရားရှင်မြန်းသက်မိလေသောအခါ၌ ဆိတ်ဆိတ်ငြိမ်သက်သွားကြပါလေသည်။

''ချစ်သားတို့ ...

ငါဘုရားရှင်ဟာ သက်တော်အားဖြင့်လည်း ကြီးရင့်ခဲ့ပါပြီ။ ဒီတော့ ခုလေးလကနေ လွန်မြောက်ပြီဆိုတာနဲ့ ပရိနိဗ္ဗာန်စံဝင်ပါတော့မယ့်အကြောင့် အသိပေးတာပါ ချစ်သားတို့''

''ဟာ''

''ဟင်''

''ဟယ်''

ဘယ်လိုမှ မမျှော်လင့်ထားသောစကား။

ခု ... သည်လိုမျိုးစကားကို ကြားလိုက်ရတော့ ဘုရားရှင်အနီးအပါး၌ ရှိကြကုန်သော ပုထုဇဉ်ရဟန်းများစွာအဖို့ စိတ်နှလုံးတွေ ညှိုးနွမ်းပူဗျာ ပွေ့ရလေတော့၏။ ရဟန္တာပုဂ္ဂိုလ်တွေကမူ တုန်လှုပ်မှုမရှိ။ ဓမ္မသံဝေဂယူလျက် ဆင်ခြင်ထိန်းချုပ်နိုင်ကြသော်ငြား တရားမမြင်သေးသည့် ပုထုဇဉ်ရဟန်းတွေအဖို့မှာမူ တုန်လှုပ်မှုတွေ ဖြစ်ကြသည်။ ထိတ်လန့်မှုတွေ ဖြစ်ကြသည်။ အချို့ဆိုလျှင် တုန်လှုပ်ခံစားမှုကို ထိန်းချုပ်ခြင်းငှာ မစွမ်းသာတော့ဘဲ မျက်ရည်ယိုစီး ငိုကြွေးကြပါကုန်၏။ ရှိုက်ငင်ယိမ်းယိုင်ကြပါကုန်၏။ တချို့ ထိုင်နေရာမှထလျက် ဆောက်တည်ရာမဲ့သွားသည့်အလား ဟိုမှသည်၊ သည်မှဟို ခေါက်တုံ့ခေါက်ပြန် လျှောက်လှမ်းကြပါကုန်၏။

''ငါ့ရှင်တို့ ...

ငါတို့ရဲ့အဖ ဘုရားရှင်ဟာ မကြာခင်ကာလအတွင်းမှာ တို့များကို ခွဲခွာသွားတော့မယ်တဲ့ကွယ်။ ကိုင်း ... ဘယ်လိုလုပ်ကြမှာတဲ့လဲ ...''

''ဟုတ်ပ ... တို့တော့ အဖမဲ့သားရေခန်းငှါးတွေ ဖြစ်ကုန်ကြတော့မှာပဲကွယ်။ ဆိုးလိုက်တဲ့ ကုသိုလ်ကံများကွယ်။ ဘုရားရှင်မရှိရင် တို့များ ဘယ်သူ့ကို ကြည်ညိုရမှာတဲ့တုံး၊ ဖူးမြော်ရမှာတဲ့တုံး၊ ပူဇော်ရမှာတဲ့တုံး ...''

''သည့်အတွက် ဘုရားရှင်ကို ပရိ



www.burmeseclassic.com

www.burmeseclassic.com

နိဗ္ဗာန်မစံပါနဲ့ဦးရယ်လို့ တို့များ ပိုင်းဝန်းတောင်းပန်လျှောက်ထားကြရင် ဖြစ်နိုင်ပါ့မလားကွယ်''

''ဒါတော့ ဖြစ်လိမ့်မယ်မထင်ဘူး။ ဘာကြောင့်ဆို ဘုရားရှင်တို့ရဲ့ နှုတ်ထွက်စကားဆိုတာ ထွက်ပြီးတဲ့ဆင်စွယ်လိုပဲ ဘယ်တော့မှ အထဲကိုပြန်ဝင်ရိုးထုံးစံ မရှိဘူး''

''ခက်တယ်ကွယ် ... ခက်တယ် ... ခက်တယ်။ ဒီကနေ့ ဘုရားရှင်ဆီက ဒီစကားကြားရတာ အင်မတန့်ကို စိတ်သောကဖြစ်ရတယ်။ သေသာ သေလိုက်ချင်တော့တာပါပဲ''

သည်လိုမျိုး ပုထုဇဉ်ရဟန်းအတော်များများ အုပ်စုဖွဲ့၊ ဝိုင်းဖွဲ့လျက် စိတ်မသက်သာဖွယ် ငြိုတင်ကဲစကားတွေ တစ်ယောက်တစ်ပေါက် ပြောကြ၊ လွမ်းကြ၊ ဆွေးကြချိန်ဝယ် 'တိဿ'မည်သော မထေရ်ကလေးသည် မည်သည့်စကားမျှ ဝင်ရောက်ပြောဆို လွမ်းတမှုမရှိဘဲ တစ်စုံတစ်ခုကို လေးလေးနက်နက် တွေးတောနေခဲ့သည်မှာ အတန်ကြာဟုလည်း ဆိုနိုင်ကောင်း၏။ ဒါကို သူ့နံဘေးမှ ရဟန်းတွေလည်း သတိပြုမိခဲ့ကြသည်။

သို့စဉ်နိုက် တိဿမထေရ်ကလေးသည် ရုတ်ချည်းဆိုသလိုပင် ဝိုင်းအတွင်းမှ ထကာ တစ်နေရာသို့ လှမ်းထွက်သွားလေတော့သတည်း။

❋ ❋ ❋

''တိဿဆိုတဲ့ကိုယ်တော်ဟာ ဘယ်လိုလဲဟေ့။ သူ့မှာ ဘာခံစားချက်မှ မရှိဘူးနဲ့တူတယ်။ တို့များ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ချစ်သလောက်၊ ကြည်ညိုပြတ်နိုးသလောက် မချစ်ဘူး၊ မကြည်ညို၊ မမြတ်နိုးဘူးနဲ့တူတယ်''

''ဟုတ်ပါရဲ့ကွယ်။ သူစိမ်းပြင်ပြင်လိုမျိုး နေနိုင်ရက်လိုက်တာ။ တို့တစ်တွေမှာ ဘုရားရှင် ထာဝရခွဲခွာသွားတော့မှာ သိလိုက်ရတာနဲ့ ဘယ်ကလောက်များသည်းအူတွေပြတ်ထက်တော့မတတ် ကြေကွဲလွမ်းဆွတ်လိုက်ရသလဲ။ ဟင်း ... သင်းကတော့ သံမဏိအသည်းပိုင်ရှင်လား မပြောတတ်ဘူး။ ဒေါင်ဒေါင်မြည်လောက်အောင်ကို မာပဲမာနိုင်လွန်းပါဘိတော့''

''ခုလည်း ... ဘယ်ထွက်သွားပြန်တယ် မသိဘူး''

''ဘုရားရှင်ကို တို့တစ်တွေလောက် မချစ်ဘဲ၊ မမြတ်နိုးဘဲ သာသနာတော်ထဲ ဝင်လာတာများ အံ့အားသင့်စရာကောင်းလိုက်ပါဘိကွယ်''

တီးတိုးတီးတိုး သဖန်းပိုးအလား အပြစ်တင်သော၊ ကဲ့ရဲ့သော၊ ရှုတ်ချသော စကားတွေကား တိဿမထေရ်ကလေး၏ နောက်ကွယ်မှာတော့ တဝေ့ဝေ့တဝဲဝဲ ဖြစ်နေခဲ့သည်။ သို့သော်ငြား တိဿမထေရ်ကလေးသည် ဒါတွေကို မည်သို့မျှ အလေးထားမနေခဲ့၊ ဂရုစိုက်မနေခဲ့။ သူတစ်ပါးတည်း ဆိတ်ငြိမ်ရာအရပ်ကလေးဆီသို့ ဖဲခွာထွက်ရင်း သူလုပ်စရာရှိသည်တို့ကို လုပ်နေခဲ့တော့သည်။ မည်သည့်ရဟန်းတွေထံသို့လည်း မသွားတော့။ မည်သည့် စကားဝိုင်းတွေထံသို့လည်း မဝင်ရောက်တော့။ သူ့ဘာသာသူ တသီးတခြား ဖဲခွာခဲ့တော့သည်။

သည်လိုမျိုး အမူအကျင့် စရိုက်လက္ခဏာတို့အပေါ် ရဟန်းတော်များ အမြင်မကြည်လင်ခဲ့၊ အထင် မပီပြင်ခဲ့။ သည့်အတွက် ... တိဿမထေရ်ကလေးသည် ကျိန်းစက်ဖို့ရာ ကျောင်းတော်သို့ ပြန်ရောက်လာသည်ဆိုလျှင် ကျယ်ကျယ်တစ်မျိုး၊ တိုးတိုးတစ်ဖုံ ပဒူအံ့ကို ထိုးဆွလိုက်သည့်အလား စကားလုံးမြားတံတွေ ပစ်သွင်းကြတော့၏။

သို့ငြား ... တိဿမထေရ်ကလေးသည် မကြားသလိုပင် တုံဏှိဘာဝေ နေခဲ့သည်။

မသိသလိုပင် ဘာသိဘာသာနေခဲ့သည်။

ဒါကိုပင် ဥပေက္ခာဟူ၍ ခေါ်ဆိုရလေမည်လား။

❋ ❋ ❋

တရားသဘင် ကျင်းပချိန် ရောက်လာပြန်ပါပြီ။

တရားသဘင်မှာတော့ဖြင့် ရဟန်းတော်တွေဆိုသည်မှာ အပြည့်အသိပ်။

ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော့မည့်ကာလ နီးကပ်လာလေလေ ဘုရားရှင်၏ စကားတော်၊ တရားတော်တွေကို ပို၍ နာယူလိုလာလေ၊ တန်ဖိုးထားလာလေ။

သည်တရားနာ ရဟန်းပရိသတ်တွေထဲမှာ တိဿမထေရ်ကလေးလည်း ပါဝင်ခဲ့ပါသည်။ သည့်အတွက် အမြင်မကြည်လင်ကြကုန်သော ရဟန်းတွေက တိဿမထေရ်ကလေးအပေါ် မေးငေါ့သူ ငေါ့ကြ၏၊ စကားတင်းဆိုသူ ဆိုကြ၏။ နှာခေါင်းရှုံ့သူ ရှုံ့ကြ၏။ သို့ငြား မထေရ်ကလေးသည် ဘာမျှ မဖြစ်သလိုပင်။ 'အပေး'တွေ ရှိနေကြပါလျက် ဘာမျှ 'မယူ'သလိုပင်။

ထိုသို့သော အခြေအနေအလုံးစုံကို ဘုရားရှင်သည် နှိုင်းတုဖွယ်ကင်းမဲ့လှစွာသော ဉာဏ်တော်ဖြင့် သိစွမ်းနေခဲ့သည်။ ပြီးတော့ သည်တရားပွဲ၏ အဆုံးသတ်၌ မထေရ်ကလေးနှင့်တကွ ပရိသတ်အပေါင်း အကျိုးထူးမည်ကိုလည်း သိစွမ်းနေခဲ့သည်။ သည်အခြေအနေထိရောက်အောင် ကြားကာလတွေလည်း ခြားခဲ့ရသည်ပင်။

''ချစ်သားတို့ ...

သင်တို့ရဲ့ မနောစိတ်တွေ တိဿမထေရ်ကလေးနဲ့ ပတ်သက်ပြီး စနိုးစနောင့်ဖြစ်နေသလိုပဲ။ အခြေအနေမှန်ကို ငါဘုရားရှင် သိလိုတယ်''

တကယ်တော့ ဘုရားရှင်အနေဖြင့် အလုံးစုံကို သိတော်မူပြီး ဖြစ်သည်။ သို့ပါ



www.burmeseclassic.com

www.burmeseclassic.com

သော်ငြား ဘုရားရှင်တစ်ပါးတည်း သိ၍ မဖြစ်။ တရားနာပရိသတ်အပေါင်း သိဖို့လည်း လိုအပ်နေသည်။ ဉာဏ်စဉ်တွေဆိုသည်မှာ ရေပြင်ညီမဟုတ်။ အနိမ့်အမြင့်တွေ ရှိနေကြသည်ပဲ။

''အရှင်ဘုရား ...

တိဿဟာ ... တပည့်တော်တို့လို မဟုတ်ပါဘူးဘုရား။ ပကတိ ခံစားမှုနှလုံးသား ကင်းမဲ့နေသူပါဘုရား။ သူဟာ အရှင်ဘုရား ပရိနိဗ္ဗာန်ပြုတော့မယ့်အရေးကိစ္စကို ဘာမှ မခံစားရသလို တုံဏှိဘာဝေ နေသူဖြစ်ပါတယ် ဘုရား။ ပြီးတော့ တပည့်တော်တို့လို ပူဆွေးခြင်း အလျဉ်းမရှိဘဲ တစ်ယောက်ထီးတည်း ဖယ်ခွာပြီးနေပါတယ် ဘုရား။ တပည့်တော်တို့ကိုလည်း ဘာစကားမှ မပြောဘဲ သူစိမ်းပြင်ပြင် နေပါတယ် ဘုရား''

ရဟန်းတော်တစ်ပါးက အားလုံး၏ ကိုယ်စား ဦးဆောင်လျက် ပကတိအခြေအနေကို တင်ပြလျှောက်ထားလိုက်သည်။ သူ၏ တင်ပြလျှောက်ထားချက်အပေါ် ကျန်သောရဟန်းတွေကလည်း ''မှန်ပါတယ် ဘုရား''ဟူ၍ တညီတညွတ်တည်း ထောက်ခံခဲ့ကြသည်။

''ကဲ ... ချစ်သား တိဿ ...

ကြားတယ်မဟုတ်လား။ တစ်ဖက်က လျှောက်ထားတင်ပြတဲ့ စကားတွေကို''

''ကြားပါတယ် ဘုရား''

ပရိသတ်အားလုံး၏ အာရုံသည် ဘုရားရှင်နှင့် တိဿမထေရ်ကလေးအပေါ်သို့ တိုင်ပင်မထားပါဘဲနှင့် စုပုံရောက်ရှိသွားကြသည်။ စိတ်ထဲမှာလည်း သံဃာဂိုဏ်းမှ ခွဲထွက်ဖို့ ကြံနေသော တိဿမထေရ်ကလေးအပေါ်တွင် ဘယ်သို့များ ဘုရားရှင်မှ ချေချွတ်ဆုံးမတော်မူမည်ကို စူးစိုက်မိကြလေတော့သည်။

''ချစ်သား ... တိဿ

ချစ်သားဟာ သူတို့တင်ပြလျှောက်ထားသလိုမျိုး နေထိုင်ပြုမူတာဟာ ဘယ်လိုကြောင့်ဆိုတာ ငါဘုရားရှင်ကို မခြွင်းမချန် လျှောက်ထားပါ''

''တင်ပါ့ ဘုရား ...

တပည့်တော်ဟာ အရှင်ဘုရားရဲ့ နှုတ်တော်ကနေပြီး 'ငါဘုရားရှင်ဟာ .. သက်တော်အားဖြင့် ကြီးရင့်ခဲ့ပါပြီ။ ဒီတော့ ခု ... လေးလကနေ လွန်မြောက်ပြီဆိုတာနဲ့ ပရိနိဗ္ဗာန်စံဝင်တော့မယ့် အကြောင်း' အသိပေးစကား ကြားရချိန်မှာပဲ စိတ်ထဲမှာ တုန်လှုပ်ခြင်းနဲ့အတူ စဉ်းစားမိပါတယ် ဘုရား ...။

တပည့်တော် စဉ်းစားမိတာကတော့ ဘုရားရှင်ဟာ မကြာမတင်ကာလရောက်ရင်ဖြင့် ပရိနိဗ္ဗာန်စံဝင်တော့မယ်။ အဲဒီအချိန်မှာ ငါဟာ 'တဏှာ'ကနေ မကင်းပြတ်သေးပါလားလို့ အသိဝင်ပြီး ထိတ်လန့်ခဲ့ပါတယ် ဘုရား။ ဒီတော့ ဘုရားရှင်သက်တော်ထင်ရှားရှိနေသေးတဲ့ ကာလအခိုက်အတန့်ကလေးမှာတင် တဏှာကုန်ပြတ်လို့ အရဟတ္တဖိုလ်ဆိုက်ရောက်အောင် ကြိုးစားရမယ်ဆိုတဲ့အသိ ဝင်လာမိပါတယ် ဘုရား ...။

အဲဒါကြောင့် အချိန်ကို အလဟဿ အဖြစ်မခံနိုင်တော့ဘဲ အဖော်မမှီး တစ်ကိုယ်တည်း ဘာစကားမှမပြောတော့ဘဲ ဆိတ်ငြိမ်ရာအရပ်ကို ရွေးချယ်လို့ ဣရိယာပုတ်လေးပါးတို့နဲ့ တရားကို ရှုမှတ်အားထုတ်နေခဲ့ပါတယ် ဘုရား။ အဲဒီကာလမှာ တပည့်တော်ဟာ ဘယ်ရဟန်းတော်ဆီကိုမှလည်း မသွား၊ ဘယ်စကားဝိုင်းမှလည်း မဝင်၊ ရေငုံနှုတ်ပိတ်ဆိုသလိုမျိုး နေထိုင်မိခဲ့ပါတယ် ဘုရား''

''သာဓု ... သာဓု .. သာဓုပါ ချစ်သား တိဿ''

တိဿမထေရ်ကလေး၏ တင်လျှောက်မှုအဆုံးမှာတော့ အများထင်သလိုမဟုတ်ဘဲ ဘုရားရှင်ထံမှ ကောင်းချီးပေးသံသည် လွှင့်ပျံ့ဝေ့ဝဲလာခဲ့တော့သည်။ သည့်အတွက် ပရိသတ်အပေါင်းမှာတော့ ပါးစပ်အဟောင်းသား။

''ချစ်သား ရဟန်းအပေါင်းတို့ ..

ချစ်သားတို့ဟာ ငါဘုရားရှင်ကို အမှန်တကယ် ကြည်ညိုပြီး ချစ်မြတ်နိုးကြတယ်ဆိုရင်ဖြင့် တိဿကို အတုယူကြပါကုန်လော့ ...။

ချစ်သားတို့အနေနဲ့ ငါဘုရားရှင်ကို ပန်းနံ့သာအမွှေးအကြိုင်၊ ဆီမီးတို့နဲ့ ပူဇော်ကြတယ်ဆိုတာ တကယ်တော့ ငါဘုရားရှင်ကို ပူဇော်လှူဒါန်းခြင်းရယ်လို့ မဆိုထိုက်ပေဘူး။ တကယ်တမ်း ငါဘုရားရှင်ဟောကြားလမ်းညွှန်ခဲ့တဲ့ လောကုတ္တရာ တရားတော်တွေကို၊ တရားလမ်းစဉ်တွေကို ကျင့်ကြံအားထုတ်ကြတဲ့သူတွေမှသာလျှင် ငါဘုရားရှင်ကို အမှန်တကယ် ကြည်ညို၊ အမှန်တကယ် ချစ်မြတ်နိုးစိတ်နဲ့ ပူဇော်တယ် မည်ပါတယ်''

သည်သို့ မိန့်မှာတော်မူပြီးသကာလ 'ပဝိဝေကရသံ ပိတွာ' အစရှိ ဂါထာတော်ကို ကျူးရင့်လိုက်တော်မူချေ၏။

ဂါထာတော်အဆုံး၊ ဒေသနာတော်အဆုံးမှာဖြင့် တရားကိုရှုမှတ်နေသော တိဿမထေရ်ကလေးအဖို့ ဉာဏ်အလင်းပွင့်ကာ ရည်မှန်းရာဖြစ်သော အာသဝေါ တရားတို့ ကုန်ခန်းရာ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့ပါချေ၏။ ထို့အတူ တရားနာပရိသတ်အပေါင်းမှာလည်း ဒေသနာတော်၏ အကျိုးကြောင့် ဉာဏ်အနုအရင့်အလိုက် ကျွတ်တမ်းဝင်ကြပါလေတော့သည်။

နန္ဒာမိုးကြယ်


ကျမ်းကိုး

ဓမ္မပဒ၊ သုခဝဂ် ခုနစ်ခုမြောက် တိဿမထေရ်ဝတ္ထု။



www.burmeseclassic.com

www.burmeseclassic.com



# ဘဝတစ်ကွေ့

မြင့်ဝင်းနီ

ယခုအခါ လူအများစုက ဆရာကို နိုင်ငံရေးသမားကြီးတစ်ဦးအဖြစ် မြင်တွေ့ယူဆမှတ်ချက်ပြုနေကြသည်။ ကျွန်တော်ကတော့ ဆရာ့ကို သတင်းစာဆရာ၊ စာရေးဆရာ၊ အနုပညာကို ခံစားနားလည်သူ လူပုဂ္ဂိုလ်တစ်ဦးအနေဖြင့်သာ ယူဆယုံကြည် လေးစားနေခဲ့သည်။ ဆရာကို နိုင်ငံရေးသမားအဖြစ် ကျွန်တော် ခံစား၍မရ။ ပြည်သူ့ဘက်က ရပ်တည်သော သတင်းစာဆရာတစ်ဦးအနေဖြင့်သာ ခံစား၍ရသည်။

ဟံသာဝတီသတင်းစာကို ရန်ကုန်မြို့မှနေ၍ မန္တလေးမြို့သို့ ပြောင်းရွှေ့ထုတ်ဝေသည့်အခါ ဝန်ထမ်းများပါ လိုက်ပါပြောင်းရွှေ့ကြရသည်။ မိသားစုရှိသူတို့အဖို့ အခြေပျက် အနေပျက် ဖြစ်ကြရသည်။ ထိုသူများထဲတွင် ကျွန်တော့်ဦးလေးတစ်ဦးနှင့် ကျွန်တော့်သူငယ်ချင်းတစ်ဦးတို့လည်း ပါဝင်သည်။

ဦးလေးမိသားစု ပြောင်းချိန်၌ သူတို့မိသားစုမှာ လင်မယားနှစ်ဦးနှင့် အရွယ်မရောက်သေးသော သားငယ်တစ်ဦးသာရှိ၍ ကျွန်တော်က လိုက်ပါကူညီဆောင်ရွက်ရင်း မန္တလေးမြို့သို့ ရောက်ဖြစ်ခဲ့သည်။ မန္တလေးရောက်စ ဟံသာဝတီသတင်းစာတိုက်သို့လည်း ရောက်ဖူးသွားသည်။ သတင်းစာတိုက်၌ တာဝန်ထမ်းဆောင်နေသော သူငယ်ချင်းဖြစ်သူနှင့်လည်း တွေ့ရသည်။ ဤသို့ဖြင့် တည်းခိုစရာအတွက် အဆင်ပြေနေသော မန္တလေးမြို့သို့ ကျွန်တော်သုံးလေးခေါက် ရောက်ဖြစ်တော့သည်။ ရောက်တော့လည်း ဆယ်ရက်၊ ဆယ့်ငါးရက်နေသည်။ သည်လိုနှင့် မန္တလေးမြို့နှင့် ရင်းနှီးသွားပေပြီ။ ဟံသာဝတီ သတင်းစာတိုက်မှ ဝန်ထမ်းပုဂ္ဂိုလ်တချို့နှင့်လည်း ခင်မင်ရင်းနှီးနေပြီ။

ကျွန်တော်မှတ်မိသလောက် ထိုအချိန်က မန္တလေး ဟံသာဝတီသတင်းစာတိုက်၌ အရေးကြီးပုဂ္ဂိုလ် နှစ်ဦးရှိသည်။ ပထမပုဂ္ဂိုလ်မှာ အယ်ဒီတာချုပ် ဦးဝင်းတင်၊ ဒုတိယပုဂ္ဂိုလ်မှာ အထူးအရာရှိဆိုသူ စစ်ဗိုလ်တစ်ဦး ဖြစ်သည်။ ထိုအရေးကြီးပုဂ္ဂိုလ် နှစ်ဦးတို့သည် ဌာနတစ်ခုတည်း၌သာ ဝန်ထမ်းဆောင်နေကြသော်လည်း သဘောသဘာဝက ကွဲပြားနေသည်ကို တွေ့ရသည်။

အယ်ဒီတာချုပ် ဦးဝင်းတင်က သူ့ရုံးခန်းတံခါးကို ဖွင့်ထားပေးပြီး မည်သူမဆို ဝင်ရောက်တွေ့ဆုံခွင့် ပြုထားသည်။ အထူးအရာရှိ ဗိုလ်ကြီးက သူ့ရုံးခန်းတံခါးကို အမြဲပိတ်ထားပြီး အဆောင့်ဝန်ထမ်းမှ တစ်ဆင့် တင်ပြအသိပေးပြီးမှ ဝင်ခွင့်ပြုသင့်သူကို ဝင်ခွင့်ပြု၍ မပြုသင့်သူကို ဝင်ခွင့်မပြုဟု သိရသည်။ စစ်သားဖြစ်



www.burmeseclassic.com

www.burmeseclassic.com

သောကြောင့် လုံခြုံရေးကို အလေးထားဟန်တူသည်။

နှစ်ကာလတွေက ကြာမြင့်ခဲ့ပြီဖြစ်၍ အကြောင်းအရာ အတော်များများကို မမှတ်မိတော့။ မှတ်မိတာတွေကလည်း တစ်ဝက်တစ်ပျက်၊ တစ်ပိုင်းတစ်စ၊ တချို့က ပီပြင်သည်။ တချို့က မှုန်ဝါးဝါး။

အယ်ဒီတာချုပ် ဦးဝင်းတင်သည် နေ့ဘက်တွင် အားလပ်သည်ဟု မရှိလှ။ ဆရာ့ထံသို့ လာရောက်တွေ့ဆုံသူတွေက များလှသည်ဟု ဆရာ့တပည့် ကျွန်တော့်သူငယ်ချင်းက ပြောပြသည်။ ညဘက်ရောက်မှ ဆရာ့ထံလာသူ နည်းသွား စဲသွားသည်ဟု ဆိုသည်။ ဆရာ၏ အိပ်ချိန်သည် သတင်းစာဖောင်ပိတ်ပြီး စက်မှ အချော‌ထွက်လာပြီးမှ အိပ်ရာဝင်သည်။ ဆရာအိပ်ရာဝင်သည့် အချိန်သည် နံနက်သုံးနာရီဟု ကျွန်တော့်သူငယ်ချင်းက ပြောပြသည်။

တစ်ည ဆရာအားလပ်နေဟန်ရှိ၍ ကျွန်တော့်သူငယ်ချင်းက ကျွန်တော့်ကို ဆရာ့ရုံးခန်းထဲသို့ ခေါ်သွားပြီး ဆရာနှင့် မိတ်ဆက်ပေးသည်။ ဆရာက ဖော်ရွေစွာ လက်ခံစကားပြောသည်။ ဆရာ့မျက်နှာပေါ်တွင် မာန်ဟန်မတွေ့ရ။ ထိုနေ့မှစ၍ ဆရာ့ကို ကျွန်တော် လေးစားချစ်ခင်သွားသည်။ ထိုနေ့သည် ၁၉၇၁ ခုနှစ် ဩဂုတ်လ။

နောက်ရက် ညများတွင်လည်း ဆရာအားလပ်သည့် အခြေအနေရှိလျှင် ကျွန်တော်တို့ ဆရာနှင့်သွားစကား ပြောကြသည်။ ကျွန်တော်တို့စကားဝိုင်းသည် ညခုနစ်နာရီခွဲ ရှစ်နာရီမှ ညဆယ်နာရီ ဆယ့်တစ်နာရီအထိ ကြာတတ်သည်။ အကြိမ်ခါများလာတော့ ဆရာသည် ကျွန်တော့်စကားတွေထဲမှနေ၍ ကျွန်တော် ယုံကြည်လက်ခံထားသည့် အဘိဓမ္မာကို ရှာ တွေ့သွားဟန်တူသည်။ ထို့ကြောင့် ကျွန်တော့်ကို ရင်းနှီးပွင့်လင်းစွာ ပြောဆိုလာသည်။

ထိုအချိန်က စစ်အာဏာရှင်အစိုးရ အုပ်ချုပ်နေချိန်၊ တိုင်းပြည်စီးပွားရေး ကျဆင်းကာ ပြည်သူတွေ ဒုက္ခဆင်းရဲရောက်နေချိန်၊ လူ့မှုအခွင့်အရေးမှန်သမျှ ပျောက်ကွယ်ဆုံးရှုံးနေချိန်၊ ကျွန်တော်တို့ စကားဝိုင်း၌ ထိုအကြောင်းအရာတွေ အဓိကနေရာ၌ ပါဝင်နေသည်။

ထိုအကြောင်းအရာတို့ကို ပွင့်လင်းစွာ ဆွေးနွေးတော့မည်ဆိုလျှင် ဆရာက စကားပလ္လင်တစ်ခု ခံလာတတ်သည်။ ထိုစကားပလ္လင်မှာ ''ကိုယ့်အချင်းချင်းမို့ပြောရဦးမယ် . . .''ဆိုသည့် စကားပင်တည်း။ ထိုစကားသည် ကျွန်တော်တို့အပေါ် ဆရာ၏ ခင်မင်မှုယုံကြည်မှုကို ဖော်ပြသည့်စကားဟု ကျွန်တော်ကနားလည်သည်။ ထို့ကြောင့် ဆရာ့ကို ကျွန်တော် အလေးအနက်ထား လေးစားခဲ့သည်။

ကျွန်တော်ယနေ့တိုင် မှတ်မိနေသော အကြောင်းအရာတစ်ခုမှာ ဆရာ၏ အယ်ဒီတာချုပ်ရုံးခန်း အဝင်ဝ (အတွင်းဘက်) နံရံဘယ်ညာ၌ ချိတ်ဆွဲထားသော ပန်းချီကားနှစ်ချပ်ပင်။ တစ်ချပ်မှာ ပန်းချီဆရာ မောင်ငွေထွန်း၏ 'ထမင်းနှင့်ရွှေ'အမည်ရှိ ဆီဆေးပန်းချီကား။ နောက်တစ်ချပ်မှာ ပန်းချီအောင်စိုး၏ 'သမီး' အမည်ရှိ ခဲရောင်စုံ ပန်းချီကားတို့ ဖြစ်သည်။ ထိုပန်းချီကားနှစ်ချပ်သည် ပန်းချီကိုတန်ဖိုးထားသော ဆရာက ဝယ်ယူချိတ်ဆွဲထားဟန်တူသည်။

ဆရာဦးဝင်းတင်သည် ဟံသာဝတီ သတင်းစာ မရောက်မီက ကြေးမုံသတင်းစာ၌ အယ်ဒီတာလုပ်ခဲ့ဖူးသည်ဟု မှတ်သားမိသည်။ တိကျသေချာသောအမှတ်အသားတော့မဟုတ်။ သို့သော် ကြေးမုံဦးဝင်းတင်ဟူသော ပြောသံဆိုသံတွေကို ကြားဖူးသည်ကိုတော့ မှတ်မိနေသည်။

သမိုင်းစာမျက်နှာများအရ ဟံသာဝတီ သတင်းစာသည် ယခင်က ပုဂ္ဂလိကပိုင်သတင်းစာဖြစ်သည်။ ဟိုး . . . လွန်ခဲ့သောနှစ်ပေါင်း တစ်ရာလောက်တည်းက ရန်ကုန်မြို့၌ ထုတ်ဝေခဲ့သည့် သတင်းစာ။

၁၉၆၉ ခုနှစ်တွင် စစ်အစိုးရက ပြည်သူပိုင်ပြုလုပ်လိုက်သည်။ ပြည်သူပိုင်ပြုလုပ်လိုက်ပြီး ဆယ်လခန့်အကြာတွင် ရန်ကုန်မြို့မှ မန္တလေးမြို့သို့ ပြောင်းရွှေ့စေကာ သတင်းစာ ဆက်ထုတ်ဝေသည်။ ပြည်သူပိုင်သိမ်းလိုက်သဖြင့် အစစအရာရာ ပြိုပြိုလဲလဲဖြစ်နေသော သတင်းစာကြီးကို စစ်အာဏာရှင်တို့က ဆရာဦးဝင်းတင်လက်ထဲသို့ အပ်လိုက်သည်။

ကျွန်တော် မန္တလေးသို့ရောက်ချိန်၌ ဖရိုဖရဲနှင့် ပြိုလဲလုဖြစ်နေသော ဟံသာဝတီသတင်းစာကို ဆရာဦးဝင်းတင်နှင့် သတင်းစာအဖွဲ့သားများက မပြိုလဲအောင် တည်ငြိမ်လာအောင်၊ တည့်မတ်နိုင်ခဲ့လာအောင် ကြိုးစားဆောင်ရွက်နေချိန် ဖြစ်သည်။ ခေါင်းဆောင်ဖြစ်သူ ဆရာဦးဝင်းတင်သည်ကား စိတ်ရောကိုယ်ပါ ပင်ပန်းနေမည်မှာ သေချာသည်။

၁၉၇၄ ခုနှစ်ကုန်ပိုင်းလောက်တွင် ကျွန်တော် ကချင်ပြည်နယ်မှအပြန် မန္တလေး၌ နှစ်ညအိပ်ခဲ့သည်။ ဟံသာဝတီသတင်းစာတွင် တာဝန်ထမ်းဆောင်နေသည့် သူငယ်ချင်းအိမ်၌ တည်းသည်။ သူငယ်ချင်း၏ ပြောပြချက်အရ အယ်ဒီတာချုပ် ဆရာဦးဝင်းတင်သည် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိလူကြီးတချို့ မန္တလေးသို့ ရောက်နေသဖြင့် အလုပ်များနေကြောင်းကြားသိရ၍ သွားရောက်တွေ့ဆုံရန် မကြိုးစားတော့။

ရန်ကုန်ပြန်သည့်ရက်တွင် သူငယ်ချင်းဖြစ်သူက ရထားပေါ်တွင် ဖတ်သွားရန်အတွက် ထိုရက်ပိုင်းအတွင်း ထွက်ရှိသော ဟံသာဝတီသတင်းစာ သုံးလေး



www.burmeseclassic.com

www.burmeseclassic.com

စောင်ကို ပေးလိုက်သည်။ ထိုသုံးလေးစောင်ထဲမှ တစ်စောင်တွင်ပါရှိသော ခေါင်းကြီးသည် သတင်းစာသမားများအတွက် အလေးအနက်မှတ်သားအပ်သော ခေါင်းကြီးဖြစ်နေ၍ ထိုစာမျက်နှာကို ကျွန်တော်သိမ်းဆည်းထားခဲ့မိသည်။ ခေါင်းကြီး၏ ခေါင်းစဉ်က "သတင်းစာဆိုတာ ဘာလဲ" ဟူ၍ဖြစ်သည်။ ထိုခေါင်းစဉ်ကို ဤသို့ ဖြေဆိုထားသည်။

၁။ ဝါဒဖြန့်စာရွက်လား၊ "မှန်ပါဘုရား"သံတော်ဦးတင်လွှာလား၊ မောင်းတော်ညိတ် စိတ်တော်သိ ဘုန်းတော်ဘွဲ့စာတန်းလား၊ "အားလုံးကောင်းပါသည် ခင်ဗျား" အစီရင်ခံစာလား၊ ခိုင်းရာရေးပေးရာထုတ်ပြန်သည့် ပြန်ကြားရေးစာစဉ်လား၊ လက်ညှိုးညွှန်ရာ ရေဖြစ်ချင်သူတို့၏ ဖောင်တော်စီး လက်မှတ်လား။

၂။ အာဏာနှင့်ငွေကို ရေလိုသုံးကာ ကိုယ်ကျိုးရှာသူ၊ နိုင်ငံရေး,စီးပွားရေး,လူမှုရေး ဝါဒရေးဖောက်ပြန်သူ၊ အာဏာနှင့် အခွင့်အရေး အလွဲသုံးသူတို့၏ အသိပျက်မှု၊ အကျင့်ပျက်မှု၊ တာဝန်ပျက်မှု၊ စည်းကမ်းပျက်မှု၊ ယုံကြည်ချက်ခံယူချက်၊ ရပ်တည်ချက်ပျက်မှုများကို ဖုံးကွယ်ပေးသည့် စက္ကူကန့်လန့်ကာလား။

၃။ အမှန်တရား၊ အရှိတရား၊ အဖြစ်တရားများကို ပိတ်ဟု၊ ဆို့ဟု၊ တားဟု၊ ဆီးဟု၊ လျှို့ဟု၊ ဖုက်ဟုနှင့် သတင်းထောက်က ကောက်ကောက်လိုက်ခြင်း၊ သတင်းစာက တစာစာရေးခြင်းကို မခံနိုင်မရပ်နိုင်ဖြစ်ကာ ပြည်သူတို့၏ နားမျက်စိပိတ်ခြင်း၊ အကြိတ်၊ ဉာဏ်တုံး၊ နလပိန်းတုံးများဖြစ်အောင် ပြုလုပ်ခြင်း၌ အသုံးပြုသည့် စက္ကူမျက်နှာဖုံးလား စသည်ဖြင့် အချက်ငါးချက် ဖြေဆိုထားသည်။

သည်နောက်ပိုင်းတွင် ကျွန်တော်လည်း မန္တလေးမြို့သို့ မရောက်ဖြစ်တော့။ အနာဂတ်မရေရာသော ဘဝခရီးကို မျှော်လင့်ချက်ဖြင့် ဆက်လျှောက်နေရသည်။ ထိုကာလအတွင်းမှာပင် ဟံသာဝတီသတင်းစာတိုက်အား ပိတ်လိုက်ပြီဆိုသော သတင်းဆိုးကြီးကို ကြားရသည်။ ထိုသတင်းမှန်ပါက သတင်းစာတိုက်တွင် တာဝန်ထမ်းဆောင်နေသူတွေ ဘယ်လိုဖြစ်ကုန်ကြပြီလဲဟုတွေးကာ သူတို့အတွက် ပူပန်မိသည်။

လအတန်ကြာသောအခါ ကျွန်တော့်သူငယ်ချင်းဖြစ်သူသည် ရန်ကုန်မြို့ရှိ သတင်းစဉ်သို့ရောက်ရှိလာပြီး တာဝန်ထမ်းဆောင်ရသည်။ သူနှင့်တွေ့မှ အကြောင်းစုံကို သိရတော့သည်။ ကျွန်တော့်ဦးလေးဖြစ်သူသည် မန္တလေးရှိ ပုံနှိပ်ထုတ်ဝေရေးဌာနသို့ ပြောင်းရွှေ့တာဝန်ထမ်းရကာ မန္တလေး၌ ကျန်ရစ်ခဲ့သည်ဟု သိရသည်။ အခြားသူများလည်း ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်ရှိ ဌာနအသီးသီးသို့ တကွဲတပြားစီ ရောက်ရှိသွားကြရကြောင်း သိရသည်။ အယ်ဒီတာချုပ် ဆရာဦးဝင်းတင်ကိုကား အလုပ်လုံးဝထုတ်ပယ်လိုက်သည်တဲ့။

သတင်းစာတိုက်ကို ပိတ်လိုက်ခြင်းသည် မည်သို့သော အကြောင်းကြောင့်နည်းဟု စူးစမ်းကြသောအခါ ဟံသာဝတီသတင်းစာ၏ အစစအရာရာသော တိုးတက်ဖွံ့ဖြိုးမှုနှင့် သတင်းစာမူဝါဒတို့သည် အုပ်ချုပ်သူအာဏာရှင်တို့အား တုန်လှုပ်ခြောက်ခြားလာစေသောကြောင့် အကြောင်းပြချက်မရှိဘဲနှင့် ဖြတ်ပိတ်ပစ်လိုက်ခြင်း ဖြစ်သည်ဟု သိရလေသည်။ နောက်သတင်းတစ်ခုက ဟံသာဝတီသတင်းစာတိုက်၌ အချိန်မှန်ပြုလုပ်သော 'စနေစာပေဝိုင်း'ကြောင့်ဟု ဆိုပြန်သည်။ နောက်တစ်ခုက အာဏာပိုင်တို့ကို မျက်နှာလိုမျက်နှာရလုပ်တတ်သော အတွင်းသစ္စာဖောက် တစ်ယောက်၏ ပယောဂကြောင့်ဟု ဆိုသည်။

မည်သို့ပင်ဖြစ်စေ ၁၉၆၇ ခုနှစ်မှ စတင်ထုတ်ဝေခဲ့သော ဟံသာဝတီသတင်းစာသည် နှစ်ပေါင်းတစ်ရာနီးပါးအကြာတွင် အာဏာရှင်အစိုးရကြောင့် ရပ်စဲသွားရလေတော့သည်။ အာဏာရှင်တို့သည် သတင်းစာကို ရပ်စဲလိုက်ပြီး ထိုသတင်းစာ၏ အယ်ဒီတာချုပ်ကို အလုပ်မှ ထုတ်ပယ်လိုက်သော်လည်း အယ်ဒီတာချုပ်၏ သတင်းစာဆရာ ဘဝကိုကား ထုတ်ပယ်ခြင်းမပြုနိုင်ပေ။ သူတို့အလုပ်မှ ထုတ်ပယ်လိုက်သော သတင်းစာဆရာကြီး ဦးဝင်းတင်သည် ယနေ့တိုင် ပြည်သူတွေကြား၌ သတင်းစာဆရာအဖြစ် ရပ်တည်နေဆဲပင်။ ပြည်သူတွေဘက်မှ ရပ်တည်နေဆဲပင်။

ဆရာနှင့် တွေ့ဆုံစကားပြောခဲ့သော ပုံရိပ်တို့သည် ဝေးလံသောအတိတ်ကာလ၌ ကျန်ရစ်ခဲ့လေပြီ။ ထိုအတိတ်လွန် ကာလများကြားတွင် သတင်းစာဆရာကြီး ဦးဝင်းတင်သည် စစ်အာဏာရှင်တို့၏ အမိန့်ဖြင့်အကျဉ်းထောင်ထဲ၌ နှစ် ၂၀ ကျော် နေခဲ့ရလေသည်။

ယခုတော့ ကျွန်တော့်ကို ဆရာဦးဝင်းတင်နှင့် မိတ်ဆက်ပေးသော၊ ဆရာ၏ တပည့်ဖြစ်သော၊ ဟံသာဝတီသတင်းစာဖျက်သိမ်းလိုက်၍ သတင်းစဉ်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရသော၊ ကျွန်တော်၏ သူငယ်ချင်းဖြစ်သူပင်လျှင် ယခုအခါ သက်ပြည့်ပင်စင်ဖြင့် အငြိမ်းစားယူသွားလေပြီ။ ဩော် . . . ကျော်ဖြတ်ခဲ့သော အချိန်ကာလကလည်း နှစ်ပေါင်းလေးဆယ်ကျော်ခဲ့ပြီကောလေ။

မြင့်ဝင်းနိုင်




www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံရပ်ခြား ဟာသများ

■ ကံမြင့်(ရေဒီ)



### ကောင်းကင်ဘုံတွင် ကစားသည့် ကစားနည်း

အသက် ၉၀ နှစ်စီ ရှိလာကြပြီဖြစ်သော မိုက်နှင့် နစ်ကိုလပ်(စ်) အဘိုးအိုနှစ်ဦးသည် ငယ်ပေါင်းကြီးဖော်များ ဖြစ်ကြ၏။ နစ်ကိုလပ်(စ်)သည် ကျန်းမာရေးအခြေအနေ မကောင်းတော့ဘဲ နောက်ဆုံးအချိန်သို့ ရောက်နေစဉ် မိုက်က နေ့တိုင်းသွားကာ သတင်းမေးသည်။

တစ်နေ့တွင် မိုက်က "နစ်ကိုလပ်(စ်)ရေ···တို့နှစ်ယောက် စလုံးဟာ ရတ်(ဂ)ဘီ (ဘောလုံးကစားနည်းတစ်မျိုး) ကစားတာကို နှစ်သက်ခဲ့ကြတယ်။ နှစ်ပေါင်းများစွာလည်း အတူတူ ကစားခဲ့ကြတယ်။ အဲဒီတော့ မင်း ငါ့ကို တစ်ခု ကူညီပေးပါလား။ မင်း ကောင်းကင်ဘုံ(heaven) ကိုများ ရောက်သွားရင် အဲဒီမှာ ရတ်(ဂ်)ဘီ ကစားတာမျိုးများ ရှိသလား စုံစမ်းပြီး ငါ့ကို အကြောင်းပြန်ပေးပါလား"ဟု တောင်းဆိုလိုက်သည်။ နစ်ကိုလပ်(စ်)က ကတိပေးပါတယ်ဟု ပြန်ဖြေခဲ့ပြီးနောက် မကြာမီမှာပင် ကွယ်လွန်သွားလေတော့သည်။

ရက်အနည်းငယ်ကြာပြီးနောက် ညပ၁၂မညတွင် မိုက်သည် အိပ်မောကျနေရာမှ မိမိအပေါ်သို့ အလင်းတန်းတစ်ခု ကျရောက်လာသဖြင့် လန့်နိုးခဲ့သည်။ တစ်ဆက်တည်းမှာပင် အသံတစ်ခု ထွက်ပေါ်လာပြီး "မိုက် · · ·ငါပါ။ နစ်ကိုလပ်(စ်)ပါ"ဟုပြောလိုက်သည်။

"ဟာ · · ·နစ်ကိုလပ်(စ်)လား" မိုက်က အလန့်တကြားဖြင့် "မင်းအခု ဘယ်ရောက်နေလဲ"ဟု ပြန်မေးသည်။

"ငါ အခု ကောင်းကင်ဘုံကို ရောက်နေပြီလေ။ ငါ မင်းအတွက် တကယ့်တကယ်ကို ကောင်းတဲ့သတင်းနဲ့ နည်းနည်းမကောင်းတဲ့ သတင်းတွေ ရှိနေတယ်"ဟု ပြောသည်။

"ကောင်းတဲ့သတင်းကို အရင်ပြောကွာ"ဟု မိုက်က ပြောသည်။

"ကောင်းတဲ့သတင်းဆိုတာကတော့ကွာ··· ကောင်းကင်ဘုံမှာ ရတ်(ဂ်)ဘီ ကစားနည်းရှိတယ်။ ပိုကောင်းနေတာက အဲဒီမှာ တို့မိတ်ဆွေဟောင်း ရတ်(ဂ်)ဘီကစားသမားတွေနဲ့ ပြန်ဆုံနေရတယ်။ ငယ်ငယ်တုန်းကလို ပြန်ဖြစ်သွားကြတယ်။ ဒီမှာက အမြဲတမ်း နွေဦးရာသီ(spring time) ချည်းပဲ။ မိုးဆို ဘယ်တော့မှ မရွာဘူး။ တို့လုံးဝမမောကြဘူးပေါ့ကွာ"

"ဒါဆို သိပ်ကို အံ့သြဖွယ်ကောင်းတာပေါ့" မိုက်က ဆက်ပြီး "ကဲ· · ·မကောင်းသတင်းဆိုးက ဘာလဲဆိုတာ ပြောပါဦး"ဟု ပြောလိုက်သည်။


ဤတွင် နစ်ကိုလပ်(စ်)၏အဖြေက "အဲ···မင်းကို အခုစနေနေ့မှာ ကစားတဲ့ပွဲမှာ တို့စာရင်းပေးထားတယ်"ဟု ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အကောင်းဆုံးအစာ စားလိုလျှင်



လူသားစား ငါးမန်းအဖြူနှစ်ကောင်သည် သမုဒ္ဒရာ ရေပြင်အတွင်း ကူးခပ်လျက်ရှိနေစဉ် ရေလွှာလှိုင်းစီးကစားနေသူ အချို့အား လှမ်းမြင်လိုက်သည်။ ငါးမန်းအငယ်ကောင်က ပါးစပ်ပြင်လိုက်ပြီး သူတို့နောက်သို့ တန်းလိုက်ရန် ဟန်ပြင်နေသည်။

"ခဏစောင့်လိုက်ဦး"ဟု ဖခင် ငါးမန်းကြီးက အငယ်ကောင်အား တားလိုက်သည်။ "ပထမတော့ တို့ငါးမန်းအတောင်ကို ရေပေါ်မှာ ပေါ်ရုံလောက်ထားပြီး သူတို့ပတ်ပတ်လည်ကို ဝိုင်းပြီးတော့ ကူးခပ်နေ ကြမယ်"ဟုပြောကာ ရေလွှာလျှောစီးနေသူများအနီး လှည့်ပတ်ကာ ကူးခပ်နေကြသည်။

ခဏအကြာတွင် ငါးမန်းအကြီးကောင်က "ကဲ... ခုချိန်ကစပြီး သူတို့အားလုံးကို ဝါးစားလိုက်ကြစို့"ဟု ဆိုကာ ရေလွှာစီးသူများကို တဝတပြဲစားလိုက်ကြတော့သည်။ ယင်းသို့ စားခဲ့ကြပြီးနောက် သားဖြစ်သူ ငါးမန်းအငယ်ကောင်က "အဖေကြီး...ဒီလူတွေကို စတွေ့တွေ့ချင်း ဘာလို့မစားခဲ့တာလဲ"ဟု မေးလိုက်သည်။

ဤတွင် ငါးမန်းကြီးက "ဘာကြောင့်လဲဆိုတော့ သူတို့ကိုယ်ခန္ဓာထဲမှာ အဆီတွေခန်းခြောက်သွားတော့ အခုလို ပိုပြီးတော့ စားကောင်းသွားတော့တာပေါ့ကွာ"ဟု ပြန်ဖြေလိုက်လေတော့သည်။

## နိုဘဲလ်ဆုရလိုသူ

လူတစ်ယောက် မြို့ပြင်ရှိ လယ်တောများရှိရာ လမ်းမကြီးတစ်လျှောက် ကားတစ်စင်းကို မောင်းလာသည်။ တစ်နေရာအရောက်တွင် ကြီးမားသော လယ်ကွင်းပြင်တစ်ခု၏ အလယ်တွင် လယ်သမားတစ်ဦး မားမားမတ်မတ် ရပ်လျက်ရှိနေကြောင်း တွေ့ရသည်။ လမ်းဘေးတွင် ကားအားရပ်လိုက်ပြီး မည်သို့မည်မျှ မလှုပ်ရှား။ ဘယ်ကိုမှမကြည့်ဘဲ မားမားမတ်မတ်ရပ်နေသူများအား ကြည့်နေမိသည်။ ကြာတော့ စိတ်ဝင်စားလာသည်။ ကားတံခါးကိုဖွင့်ကာ ရပ်နေသူ ယာသမားထံသို့ လျှောက်သွားပြီး "ဘာတွေများ လုပ်နေတာပါလဲခင်ဗျာ"ဟု မေးလိုက်သည်။



ယာသမားက "ကျွန်တော် နိုဘဲလ်ဆု(Noble Prize) ရရှိအောင် ကြိုးစားနေတာပါ"ဟု ဖြေသည်။

မေးသူက တအံ့တဩဖြစ်သွားပြီး "ဘယ်လိုများ ကြိုးစားနေတာပါလဲ"ဟု မေးလိုက်သည်။

ယာသမားက ပြန်ဖြေလိုက်သည်မှာ "ဒီလိုရှိတယ် လေဗျာ၊ ကျွန်တော် ကြားသိထားချက်အရဆိုရင် မိမိတို့ပိုင်ရာနယ်ပယ်အတွင်း ထူးချွန်ပြောင်မြောက်တဲ့သူတွေကို နိုဘဲလ်ဆု ချီးမြှင့်ပေးတယ်လို့ ကြားထားလို့ပါ"ဟူ၏။

*(Reader's Digest နိုဝင်ဘာ၊ ၂၀၀၂ ထုတ် စာစောင်မှ ထုတ်နုတ်ပြန်ဆိုထားခြင်း ဖြစ်ပါသည်။)*

ကံမြင့်(ရေဒါ)



www.burmeseclassic.com

www.burmeseclassic.com

# အိမ်တိုင်းဆောင် အောင်တံ့ဆေး




ပင်ရင်း - အောင်နန်းရပ်၊ မိုးကုတ်မြို့။ ၀၉-၆၅၃၈၄၀၅

ခရီးလွန်နေ၍ သည်ကနေ့မှပဲ အိမ်သို့ ပြန်ဖြစ်တော့သည်။

အိမ်ရောက်ရောက်ချင်း ကြားရသည့်စကားက နားဝမှာ မသက်သာ။ ခြေရင်းအိမ်က ဖိုးကဲလေး တစ်ယောက် မနေ့က ပျားတုပ်ခံရသည်ဆိုပဲ။ ရင်ထဲမှာ အတော်ကလေး ထိတ်သွားရသည်။ ပျားတို့၊ ပိတုန်းတို့ ဆိုသည်မှာ အဆိပ်ရှိသော သတ္တဝါများ မဟုတ်ပါလား။ သည့်အတွက် စိုးရိမ်တကြီးဖြင့် ခြေရင်းအိမ်သို့ကူးခဲ့သည်။

"ဟင်・・・ဖိုးကဲလေး・・・"

ကြားရသည့်သတင်းနှင့် မြင်တွေ့ရသည့် မြင်ကွင်းက မကိုက်ညီ။

ဘာကြောင့်ဆို ပျားဆိပ်ကြောင့် အိပ်ရာထဲ လဲနေရမည့် ကလေးငယ်သည် ယခုမူ ပြုံးပြုံးရယ်ရယ်ဖြင့် ဆော့ကစားမပျက်။ ပျားတုပ်ခံရတာကော ဟုတ်များမှ ဟုတ်ပါ့မလားဟု သံသယဝင်ချင်စရာ။ သည်တုန်းမှာပင် ဖိုးကဲလေး၏မိခင်က စကားဆိုလေသည်။

"အံ့သြနေသလား အစ်ကို၊ ညီမလေးတို့လည်း ဖြစ်ဖြစ်ချင်း ပူထူသွားတာတော့ အမှန်ပဲ။ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘဲ ဆေးခန်းသွားမလို့လုပ်တုန်း အိမ်ရှေ့အိမ်က ဘကြီးဖြိုး ရောက်လာပြီး ဆေးခဲလေးတစ်ခဲကို ကျောက်ပျဉ်ပေါ်ကိုသွေးပြီး လိမ်းပေးလိုက်တယ်၊ ဖိုးကဲလေးကလည်း အငိုတိတ်သွားတော့တာပဲ။ နောက်တစ်ကြိမ်လည်းလိမ်းလိုက်ရော ဘာမှမဖြစ်တော့သလို ပျောက်သွားတော့တာပဲ အစ်ကိုရဲ့"

"ဟဲ့・・・တော်တော်လည်းစွမ်းပါလား။ ဘာဆေးများလဲ ညီမရဲ့・・・"

"ဒေါ်စိန်ရင်ရဲ့ မရှေ့တံဆိပ် မန်းဆေးခဲ တဲ့ အစ်ကိုရဲ့ ပျား၊ ပိတုန်း စတဲ့ အဆိပ်ရှိသတ္တဝါတွေ ကိုက်ခဲတာကို နိုင်တဲ့အပြင် ခြင်ကိုက်ခံရတာ၊ ပိုးကောင်ကိုက်ခံရတာ၊ လူငယ်တွေ၊ ဝက်ခြံ၊ မိတ်ဖု၊ သွေးယား၊ ဆီပူ၊ ရေနွေးပူလောင်၊ ဆီးချိုကြောင့် အနာပေါက်တာ မန်းအနာပေါက်တာတွေလည်း နိုင်တယ်ဆိုပဲ"

"ဟာ・・・တယ်ဟုတ်တဲ့ ဆေးပါပဲလား"

"ဒါတင်မကသေးဘူး။ အဖြေကျော်ဆေး ဆိုတာလည်း ရှိသေးတယ်။ သွေးတိုး၊ ဆီးချို၊ အစားမှား၊ ဆေးမှား၊ မူးမော်၊ ချီအန်၊ အစာအိမ် လေထိုးလေအောင့်၊ အဆိပ်အတောက်ရှိတဲ့ အစာတွေအပြင် သတ္တဝါတွေရဲ့ ကိုက်ခဲမှုကြောင့်ဖြစ်တဲ့အနာတွေကိုတောင် သက်သာပျောက်ကင်းတယ်တဲ့။ ထိနိုက်ရှနာများကတော့ ပျင်းတောင် ပျင်းသေးတယ် အစ်ကိုရဲ့"

"တယ်လည်းကောင်းတဲ့ ဆေးပါပဲလား။ ဘယ်မှာများ ဝယ်လို့ရနိုင်မလဲဟင်၊ လူတိုင်း ဆောင်ထားနိုင်လို့ပါ"


"ညီမလေး မှတ်ထားတာကတော့ ပင်ရင်းဌာနဟာ မိုးကုတ်မြို့ အောင်နန်းရပ်မှာ။ (ဖုန်း-၀၈၆-၂၁၁၁၀)ဖြစ်ပြီး တိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် TMR 012013(0516 ) နဲ့ ထုတ်လုပ်ထားတာ အစ်ကိုရဲ့・・・"

"ဟုတ်ပြီဗျာ၊ အစ်ကိုတော့ အများအကျိုးဆောင် ကိုယ့်အကျိုးအောင်ဆိုသလို နီးစပ်ရာကို သတင်းကောင်းလေး ဖြန့်ပေးရဦးမယ်ဟော့"

"ကောင်းတာပေါ့ အစ်ကိုရယ်"

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ခင်မောင်အေး

၊မန္တလေး၊

## အပြောင်းအလဲ မရှိကြောင်းပြသောအရာ

သည့်နှစ် နွေဦးတွင် ကျွန်တော် ခွင့်ရက်ပေါင်း သုံးဆယ်ရလေသည်။ နှစ်ပေါင်းနှစ်ဆယ်ကျော် တပ်မတော်တွင် စစ်မှုထမ်းခဲ့သော ကျွန်တော့်အဖို့ သာမန်ခွင့်ရက်ပေါင်း သုံးဆယ်၊ ခရီးသွားရှစ်ရက်၊ စုစုပေါင်း သုံးဆယ့်ရှစ်ရက်သည်ရတောင့်ရခဲ ကြုံတောခင့်ကြုံခဲရသော ဆုလာဘ်ပမာပင်တည်း။

ကျွန်တော်က သည်ခွင့်ရက်အတွက် အစစအရာရာ ကြိုတင်ပြင်ဆင်ပြီးလည်း ဖြစ်ပါသည်။ သည်ခွင့်ရက်ရရှိရေးအတွက် ကျွန်တော့်တင်ပြချက်သည်လည်း အကျိုးအကြောင်း လုံလောက် ခိုင်လုံလှပါသည်။ မည်သည့်အတွက် ခွင့်ယူလိုသည်ဟူသော ခွင့်လျှောက်လွှာပုံစံ၏ကွက်လပ်၌ ကျွန်တော်က "သားနှစ်ဦးအား ရှင်ပြုရန်"ဟု၍ ဖြည့်စွက်ခဲ့ခြင်းလည်းဖြစ်ပါချေသည်။

သားနှစ်ဦးဖြစ်သော လှမော်နှင့် အောင်မော်သည် ရှင်ပြုရန်အတွက် အသင့်ဖြစ်နေသည်မှာ ငြင်း၍မရသော အကြောင်းအချက်လည်း ဖြစ်ပါ၏။ [illegible] မော် တစ်ဆယ့်တစ်နှစ်သား၊ အောင်မော်က ရှစ်နှစ်သား၊ [illegible]

www.burmeseclassic.com

တွင် ရှင်ဖြစ်နိုင်သောအရွယ်ပင် မဟုတ်ပါလား။

မည်သို့ပင်ရှိစေ၊ အထက်ဆိုင်ရာ စစ်ဌာနချုပ်မှ ကျွန်တော် တင်သွင်းသော ခွင့်လျှောက်လွှာကို "သာမန်ခွင့်ရက် သုံးဆယ် ခွင့်ပြုသည်"ဟူသော မှတ်ချက်ဖြင့် ပြန်ကျလာခဲ့၏။ သည်အခါတွင် ကျွန်တော်က သက်ဆိုင်ရာ တပ်ရင်းတွင် လိုအပ်သော ခရီးသွားခွင့် အမိန့်၊ မီးသဘော်၊ မီးရထား စီးနင်းခွင့် လက်မှတ် စသည့် လိုအပ်သော စာရွက်စာတမ်းများ ရယူစုဆောင်းလျက် ကျွန်တော့်မိသားစုနှင့်အတူ ခရီးစတင်ထွက်ခဲ့ပေသည်။

ကျွန်တော့်အဖို့ သားနှစ်ဦးအား သာသနာ့ဘောင်သို့ သွတ်သွင်းရေး ကိစ္စတွင် တာဝန်ကြီးကြီးမားမား ရှိမနေပေ။ ကျွန်တော့်ဇာတိ မြစ်ဝကျွန်းပေါ် မြောင်းမြမြို့တွင် နေထိုင်လျက်ရှိသော အဖေနှင့် အမေထံသို့ ကျွန်တော့်သားနှစ်ဦးအား ပို့ဆောင်ပေးရန် တာဝန်သာ ရှိပါသည်။ ကျွန်တော့်အဖေနှင့် အမေက ကျွန်တော့်သားနှစ်ဦး၊ သူတို့မြေးနှစ်ဦးအား သူတို့ကပင် အစစတာဝန်ယူ၍ ရှင်ပြုပေးမည် ဖြစ်သောကြောင့်ပင် ဖြစ်ပါ၏။ ကျွန်တော်ကမူ ဝေးလံသီခေါင်လှသော ကျွန်တော့်တပ်ရင်းဌာနချုပ်ရှိရာ မြစ်ကြီးနားမှ မြောင်းမြအထိ သားနှစ်ကောင်ကို ပို့ဆောင်ပေးရမည့်တာဝန်ကိုသာ ယူခဲ့ရပါ၏။

အမှန်ဆိုရလျှင် တပ်ရင်း ဌာနချုပ်ရှိရာ မြစ်ကြီးနားမှ မြစ်ဝကျွန်းပေါ်ဒေသ၊ မြောင်းမြမြို့အထိ ကျွန်တော့်မိသားစု တစ်ခုလုံး၏ ခရီးစရိတ်သည် သေးငယ်လှသည် မဟုတ်ပါချေ။

မြစ်ကြီးနားမှ မန္တလေး၊ မန္တလေးမှ ရန်ကုန်အထိ မီးရထားစီးရပြီး၊ ရန်ကုန်မှတစ်ဖန် မြောင်းမြအထိသို့တိုင် ရေယာဉ်ရက်မှန် ပရသဖမီးသဘော်ဗန္ဓုလကို စီးနင်းခဲ့ရပါသေးသည်။ မိသားစုရှစ်ယောက်အတွက် ခရီးစရိတ်နှင့် စားစရိတ်သည် အနှစ်နှစ်အလလ စုဆောင်းထားခဲ့ရသော ငွေကြေးပမာဏနှင့် နှိုင်းစာသော် လိုအပ်၍ပင် နေပေသေးသည်။

ရှိပါစေတော့။ ရင်မှဖြစ်သော ရင်နှစ်သားချစ်နှစ်ဦး၊ မြတ်ဗုဒ္ဓ၏ အမွေအနှစ်၊ ရှင်ဖြစ်ရေးပင် မဟုတ်ပါလား။ အဖေတို့က သိပ်ပြီးကြီးကြီးကျယ်ကျယ် လုပ်ရန် စီစဉ်မထား။ ဤသည်ကပင် ကျွန်တော့်စိတ်ဆန္ဒနှင့် ကိုက်ညီသည်။ ရင်းနှီးကျွမ်းဝင် ခင်မင်ရာ သားချင်းမိတ်ဆွေ ဆယ့်လေးငါးဦးခန့်ကိုသာ နှုတ်ဖိတ် ဖိတ်ကြားခဲ့ပြီး ရှေးအစဉ်အဆက်ကပင် ကိုးကွယ်ခဲ့သော ဇေယျမေဒနီ ဘုန်းတော်ကြီးထံ မြေးနှစ်ဦးအား အပ်နှံလျက် သင်္ကန်းချီပေးရန် လျှောက်ထားစီစဉ်ခဲ့ခြင်းလည်း ဖြစ်ပါသည်။

ကျွန်တော့်အဖို့မူ နှစ်ဆယ့်သုံးနှစ်နီးပါးမျှ ကင်းကွာခဲ့ရသော မွေးရပ်ဇာတိ နေရင်းဌာနီသို့ ပြန်လည်ခြေချရမည့်အတွက် စိတ်လှုပ်ရှားနေရသည်က အမှန်ပင်။ အဖေတို့ကသာ သားရှိရာ တပ်စခန်းများသို့ သုံးလေးငါးနှစ် တစ်ကြိမ်ခန့် ရောက်ရောက်လာတတ်သည်။ ကျွန်တော်ကမူ တပ်မတော်၏ ကြီးမားထွေပြားသော တာဝန်ဝတ္တရားများကြောင့် ဇာတိအခြေ မွေးရပ်မြေနှင့် ကင်းဝေးနေခဲ့သည်မှာ ကြာလှချေပြီ။ ယခုမူ သားချစ်နှစ်ဦးနှင့် ပတ်သက်၍ ဇာတိရပ်မြေသို့ ပြန်လည်ရောက်ရချေတော့မည်။

ဗန္ဓုလသည် အရှိန်ကိုလျှော့၍ ခုတ်မောင်းလာသည်ဖြစ်ရာ ဝဲယာမြစ်ကမ်းကို ထင်ထင်ရှားရှား အသေးစိတ်ပင် မြင်ရသည်။ နောက်ကျိညစ်ထေးသော မြစ်ရေသည် အသွင်ပြောင်းလဲခြင်းမရှိ။ မြစ်ကမ်းဘေးတစ်လျှောက် ပြန့်ကြဲတည်ဆောက်ထားသော ခြေတံရှည် ခယိုးခယိုင်နှင့် တဲကလေးများသည်လည်း ဟိုရှေးယခင်ကအတိုင်း အဝတ်အချည့်နီး ကိုယ်လုံးတီးနှင့် ကလေးသူငယ်များသည်လည်း နွံထူသော သောင်ပြင်တွင် လှုပ်ရှားပြေးလွှား ဆော့ကစားလျက်ပင်။

ဗေဒါဖောင်များက ညစ်ထေးသော မြစ်ရေပြင်တွင် စုန်ဆန်မျောပါ ဆဲပင် ရှိကြသည်။ ဝမ်းစာအတွက် ပိုက်ချလျက်ရှိသော တံငါလှေများသည်လည်း ဟိုတစ်စင်း၊ သည်တစ်စင်း။

ရွှေသင်္ကန်းရောင် တောက်ပလျက်ရှိသော စကြန့်နွစေတီသည်လည်း မွေးရပ်မြေသို့ ပြန်လည်ရောက်ရှိလာသည့် ကျွန်တော့်အား မြစ်ကမ်းနဖူးတွင် တင့်တယ်ကြည်ညိုဖွယ်ရာ စံပယ်ရင်း အကဲခတ်နေလေသည်လား မဆိုနိုင်။ ထိုမှသည် ကျောက်မီးသွေးတံတားဆိပ်။ ငယ်စဉ်က အဖေနှင့် ကျွန်တော်တို့ ညနေတိုင်လျှင် ဤဆိပ်တွင် ရေလာ၍ ချိုးကြစမြဲ။ ယခုလည်း ရေချိုးသူ၊ အဝတ်လျှော်သူများ စည်ကားဆဲပင် ဖြစ်ပါသည်။

www.burmeseclassic.com

မြောင်းမြဆိပ်ခံဘောတွင် ဗန္ဓုလသည် အရှိန်သတ်၍ ဆိုက်ကပ်လိုက်သည့်အခါ ဆိပ်ခံပေါ်တွင် အဖေ့ကို ကျွန်တော် မြင်ရသည်။ ကျွန်တော့်ဇနီးနှင့် သားများကလည်း မြင်သည်။

"ဖေဖေ···ဟိုမယ် ဘိုးဘိုးလာကြိုတယ်။ ဘိုးဘိုးရေ···ဘိုးဘိုး၊ အောင်မော်တို့ ဒီမှာဗျ"

သားအငယ်ကောင်က ဝမ်းပန်းတသာ အားပါးတရ အော်သည်။ ဆိပ်ခံထက်မှ သင်္ဘောအပေါ်ထပ်သို့ လှမ်းမျှော်ရှာဖွေကြည့်ရှုနေလေသော အဖေ့မျက်နှာသည်လည်း ဝမ်းမြောက်မှု ပီတိလှိုင်းများ ရိုက်ခတ်နေသလိုပင်···။

ပစ္စည်းပစ္စယများကို အသီးသီးသယ်ယူ၍ သင်္ဘောဆိပ်ခံထက်သို့ ကျွန်တော်တို့ ကူးပြောင်းတက်ရောက်ကြသည်။ ဆင်းသူ၊ တက်သူ၊ ပို့သူ၊ ကြိုသူ ခရီးသွားများက အတိုးတိုး အခွေ့ခွေ့၊ အကျပ်ကျပ် အညပ်ညပ်ရှိသည်။ အဖေက သားနှစ်ကောင်ကို တစ်ဖက်တစ်ချက်ဆွဲရင်း ရှေ့မှ ထွက်သည်။ ကျွန်တော်က အိပ်ရာလိပ်နှင့် လက်ဆွဲအိတ်ကိုဆွဲလျက် ခြင်းနှင့် ထမင်းချိုင့်ကိုဆွဲ၍ ထွက်သွားသော ကျွန်တော့်ဇနီးနောက်မှ လိုက်သည်။ ကျန်သော လက်ဆွဲအိတ်နှစ်လုံးနှင့် အိပ်ရာလိပ်တစ်လိပ်ကိုမူ နာရဆင်းက သယ်ဆောင်လာသည်။

ဆိပ်ခံကုန်းပေါင်မှတစ်ဆင့် ကမ်းနားလမ်းပေါ်သို့ ရောက်မှပင် အသက်ကို တဝကြီး ရှူလိုက်မိပါသည်။ အကျပ်ကျပ်အညပ်ညပ် အတိုးတိုးအခွေ့ခွေ့ဖြင့် လူအုပ်ကြားမှ တက်လာခဲ့ရစဉ်မူ အသက်ကိုပင် ဝလင်အောင်ရှူနိုင်ခဲ့ခြင်း မရှိ။

မွေးဇာတိမြေသည် သန့်စင်သောလေဖြင့် ကျွန်တော့်ကို ဝမ်းပန်းတသာ ဆီးကြိုသည်။ နှစ်ပေါင်းမည်မျှပင် ကြာညောင်းပါစေ၊ မြောင်းမြသည် ကျွန်တော့်အတွက် စိမ်းမနေ။ လက်ပွန်းတတီး ရင်းနှီးကျွမ်းဝင်ခဲ့ရသော ကမ်းနားလ တစ်လျှောက်ရှိ တိုက်တာ အိမ်ခြေများ၊ အမေနှင့် နေ့တစ်ရွာ ရောက်ဖူးခဲ့ရသော ဈေးနှင့် မိတ်ဟောင်းဆွေဟောင်းတို့၏ ဆိုင်များ၊ ခါတော်မီ ဘုန်းတော်ကြီးကျောင်းတိုက်၊ မီးသတ်အဆောက်အဦ၊ ညောင်မျိုဘုရား အစစအရာရာသည် ကျွန်တော့်အတွက် ပြောင်းလဲခြင်းမရှိခဲ့ဟု ထင်မှတ်မိပါသည်။

"အဖေ···ဦးလေးကိုထွန်းမင်းကြီး တစ်ယောက် ဈေးမရောင်းတော့ဘူးလား" ဟိုရှေးယခင်က သည်သင်္ဘောဆိပ်တွင် ဦးလေးကိုထွန်းမင်းတို့ ထမင်းဆိုင် ဖွင့်ထားကြသည်။ ယခု ထမင်းဆိုင်ကို ကျွန်တော်မမြင်။ သို့နှင့် ကျွန်တော့်ဖခင်ကို မေးလိုက်မိပါသည်။

"ကိုထွန်းမင်း ဆုံးပြီကွာ။ ကနေ့ရက်လည်တဲ့နေ့ပဲ လူကလေး" အဖေက ကျွန်တော့်အမေးကို အဖြေပေးလာသည်။

"သြော်···ဦးလေး ကိုထွန်းမင်း ဆုံးရှာပြီကိုး" ပစ္စည်းပစ္စယများကို ဆိုက်ကားနှင့်တင်၍ နာရဆင်းက အိမ်သို့ ပြန်နှင့်သည်။

အဖေနှင့် ကျွန်တော်တို့က ဈေးလမ်းအတိုင်း လျှောက်၍ပြန်လာသည်။ ကျွန်တော့်သားနှစ်ကောင်သည် ဘိုးအေ၏ တစ်ဖက်တစ်ချက်မှ အဘိုးကြီး၏ လက်တစ်ဖက်တစ်ချက်ကို ကိုင်ဆွဲရင်း ပြုံး၍လိုက်လာသည်။ အေးဆေး စကားနည်းသော ကျွန်တော့်ဇနီးကလည်း စကားအပို မဆို။

ဈေးတန်းတစ်လျှောက် ယခင်က အတိုင်း စည်ကားမြဲ။ သည်လမ်းများပေါ် ကျွန်တော်ငယ်စဉ်က ခြေရာချင်းထပ်မျှ သွားလာခဲ့ဖူးသည်။ အဆောက်အဦအချို့၏ အနေအထား၊ ပြတင်းတံခါးများမှမကျန် အသေးစိတ်မှတ်မိပါသည်။ ယခုလည်း ယင်းအဆောက်အဦအချို့ ရှိနေသည်က အမှန်ပင်။ သုံးပုံနှစ်ပုံခန့်သော အရေအတွက်မှာ အသစ်များ ဖြစ်ကြသည်။

ကျွန်တော့်အမှတ်သညာတွင် ပြောင်းလဲမှုများက နေရာယူလာကြသည်။ ခြားနားမှုကို အမှတ်ပြုမိလာရသည်။

အသွင်သစ်၊ အမြင်သစ်၊ မျက်နှာသစ်များ။

မြောင်းမြသည် စောစောက ကျွန်တော်ထင်မှတ်မှားခဲ့ဥလို ပြောင်းလဲမှုမရှိ မဟုတ်။ အစစအရာရာ အပြောင်းလဲကြီး ပြောင်းလဲခဲ့ချေပြီ။

"အရင်တုန်းက ကမ်းနားလမ်းတစ်လျှောက်မှာ ပွဲရုံတွေချည်းပဲ မဟုတ်လား။ အခု မရှိကြတော့ဘူးလေ။ ကုန်မျိုးစုံဆိုင်၊ ပြည်သူ့ဆိုင်၊ ပြီးတော့ ဝါးတို့ ဓနိတို့လည်း လလသသ,ကပဲ လုပ်နေကြပြီ လူလေးရ"

အဖေ့စကားကို မကြားရမီကပင် ပြောင်းလဲခြင်းများကို ကျွန်တော်သတိပြုမိသည်။ ဟိုရှေးယခင်က သင်္ဘော



www.burmeseclassic.com

www.burmeseclassic.com

ဆိပ်နှင့် ဆက်လျက် မြစ်ကမ်းဘေးတစ်လျှောက် ပြည့်ညပ်နေအောင် ထိုးဆိုက်ထားသော ကုန်လှေများ၊ ဝါးဖောင်များ ယခု ရှင်းလျက်ရှိပြီ။

ပြည်သူ့ဆေးရုံရှေ့သို့ ရောက်လာသောအခါတွင်လည်း ဟိုရှေးယခင်ကနှင့်မတူ တစ်မူထူးခြားလျက် ရှိသည်ကို သတိပြုမိရ၏။ ဆေးရုံဝင်းအတွင်း စိမ်းစိုသော ပန်းပင်များ၊ သစ်ပင်များဖြင့်လည်းကောင်း၊ သစ်လွင်တောက်ပသော တိုးချဲ့ဆေးရုံ အဆောက်အဦများကိုလည်းကောင်း ကြည်နူးအားရဖွယ်ရာ မြင်ရသည်။

"ဒီဆေးရုံလည်း တိုးချဲ့ ပြုပြင်ပြီးထားတယ်ကွ။ အဆောက်အဦတွေလည်း မင်းတွေ့တဲ့အတိုင်း တိုးနေတယ်။ အေးလေ…မင်းအေးအေးဆေးဆေးမှပဲ လျှောက်ကြည့်ပေါ့။ မြောင်းမြဟာ မင်းငယ်ငယ်တုန်းကနဲ့တော့ မတူတော့ဘူးကွာ"

ကျွန်တော်က ဆေးရုံကြီးရှေ့လမ်းဘေးမှ ထန်းပင်အိုကြီးကို အမှတ်မထင် မော်ကြည့်မိရင်း တစ်စုံတစ်ရာကို ပြန်လည်သတိရမိ၏။ ငယ်စဉ်က ကျွန်တော်တို့အိမ်ရှိရာ ရှမ်းကုန်းပိုင်းလမ်းထိပ်မှ ဈေးရှေ့ ဦးလေးကိုသိန်းမောင်ထံ ညဘက်ဆိုလျှင် ကျွန်တော်မသွားရဲ။ ဆေးရုံရှေ့ကိုလည်းကောင်း၊ အထူးသဖြင့် ကျွန်တော်ကြည့်မိသော ထန်းပင်ကြီးအောက်မှလည်းကောင်း ဖြတ်၍ လျှောက်သွားဝံ့ခြင်းမရှိခဲ့။ ထန်းပင်တွင် မှီခိုနေသော တစ္ဆေက ညဉ့်နက်လျှင် အလွန်ခြောက်တတ်သည်ဟု သူပြောငါပြော ကြားဖူးနေခြင်းကြောင့်လည်း ဖြစ်ပါသည်။ ငယ်ရွယ်စဉ်ကလေးဘဝက အကြောင်းရပ်များနှင့် စပ်လျဉ်း၍ ထန်းပင်အိုကြီးအောက်မှ ဖြတ်လာခိုက် ပြန်လည်အမှတ်ရမိသည်။

ယခုမူ အအေးဆိုင်၊ ကွမ်းယာဆိုင်၊ ဆေးလိပ်၊ စာအုပ်ဆိုင်များ တန်းစီလျက်ရှိနေပေပြီ။ ဗွက်ကြီးတန်းလမ်းထောင့်သို့ ရောက်လာသည်။ လွန်ခဲ့သော ကာလများက ယခုလောက် အိမ်များ၊ အဆောက်အဦများ နီးနီးကပ်ကပ် ဆက်စပ်နေခြင်း မရှိ။ ယခု အုတ်အင်္ဂတေဖြင့် ဆောက်လုပ်ထားသော တိုက်အိမ်များ၊ သပ်ရပ်သော ပျဉ်ထောင်သံတိုင်ကာအိမ်များ ဆက်စပ်နေသည်။

"ဒါကို အောင်ဘကြီးအိမ်လေ။ ကိုအောင်ဘကြီးလည်း မနှစ်ကပဲ ဆုံးရှာတယ်" အဖေက လမ်းညာဘက်မှ သပ်သပ်ရပ်ရပ် အိမ်တစ်အိမ်ကို ညွှန်ပြရင်း ကျွန်တော့်ကို ပြောပြ၏။

သည်တော့မှ ကျွန်တော်က ဦးအောင်ဘကို ပြန်လည်သတိရမိသည်။ ယခုအိမ်နေရာတွင် ကျွန်တော်ငယ်စဉ်က ထရံကာ၊ ဓနိမိုးတဲကလေးသာ ရှိခဲ့ပါသည်။ ဦးအောင်ဘ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ ဆွမ်းတော်ကြီးတင်ခြင်းသာ ဖြစ်၏။ မြစ်ဝကျွန်းပေါ် ရေငန်ပိုင်းကျသော ဒေသဖြစ်၍ ရေနံပိုင်ဦးရှင်ကြီးကို ဆည်းကပ်ကိုးကွယ်သူ အတော်များကြ၏။ ရေကြောင်းခရီး အဆက်အသွယ်နှင့် မည်သူမျှ မကင်းကြသည်ကလည်း ယင်းအယူအဆကို ပိုမိုသက်ဝင်စေလေသည် ဖြစ်မည်ထင်ပါသည်။ ဆွမ်းတော်ကြီးတင်ရသော ဦးအောင်ဘ၏ အဆက်အနွယ်များအတွက် ဦးအောင်ဘသည် တင့်တောင်းတင့်တယ် ဆောင်ရွက်ပြုစုထားခဲ့နိုင်လေသည်။

အိမ်ဝမှာပင် အမေ့ကို ကျွန်တော်တို့ တွေ့ရ၏။ မြေးငယ်နှစ်ယောက်အား အမေက ဝမ်းပန်းတသာ ချီပိုးလျက် ကျွန်တော်တို့ ဇနီးမောင်နှံအား မျက်ရည်အပြည့်ဖြင့် ဆီးကြိုသည်။

အမေသည် ကျွန်တော်နှင့်မတွေ့ရသော နှစ်နှစ်မျှကာလအတွင်း အတော်ပိန်သွားသည်။ ရာသီအေးပြီဆိုလျှင် ပန်းနာထတတ်သည်။ ရင်ကျပ်လာလျှင် ၄-၅ ရက်လောက် လဲနေတတ်သည်။ ရောဂါကြောင့်လည်းကောင်း၊ ဇရာ၏ဖိစီးမှုကြောင့်လည်းကောင်း အတော်ကြီးအိုစာသွားခဲ့ပြီ ဖြစ်ပါ၏။

မပန်းရီကလည်း
သူရောင်းသောချင်းသုပ်ကို
ပန်းကန်ပြားကြီးကြီးနှင့်
လာပို့သွားသည်။
ဦးလေးကိုထွန်းမင်းသမီး
မခင်ရှိန်ကလည်း
သူ့ဈေးဆိုင်မှ
ချိုချဉ်၊ ငှက်ပျောသီး
စသည်များ
ကလေးတွေအတွက်ဆိုကာ
လာပို့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

"အမေ နေကောင်းတယ်နော်" ဆိုဆို့နှင့်နှင့်ဖြင့် သည့်မှုသာ ကျွန်တော် ဆိုနိုင်ပါသည်။

"အမေ နည်းနည်းပိန်သွားတယ်။ သမီးတို့ ကိုမီသင်္ဂင်းဆေး ပို့တာ ရရဲ့လား" ကျွန်တော့်အမျိုးသမီးကလည်း အမေ့ကို နှုတ်ဆက်လိုက်သည်။

"နေကောင်းပါတယ် သားရေ့ပ်။ သမီးတို့ပို့တဲ့ ဆေးလည်း ရပါတယ်။ ဒါပေမဲ့ နှစ်ပုလင်းပဲ ရတယ်ကွယ်"

အမေက ကျွန်တော်တို့အမေးများအတွက် အဖြေပေးသည်။

"ဘာဖြစ်လို့ နှစ်ပုလင်းတည်းလဲ အမေ။ ကျွန်တော်တို့ပို့တာ ခြောက်ပုလင်းတောင်ပဲ"

"သြော်···ရန်ကုန်ကို ဒီကသွားတဲ့ လူကြုံက ယူမလာခဲ့ရဲလို့ပေါ့ သားရယ်။ ဒီနှစ်ပုလင်းတောင် တစ်ခါတည်း ပါလာတာမှ မဟုတ်တာ။ ပထမလူကြုံက တစ်ပုလင်း၊ နောက်လူကြုံက တစ်ပုလင်းစီ ယူလာပေးလို့ အမေသောက်နေရတာ"

ကျွန်တော်က အမေ့ရှင်းပြချက်ကြောင့် သဘောပေါက်သွားခဲ့ရ၏။ အမေ့စာထဲတွင် မြောင်းမြ၌ သည်ဆေးမျိုး ဘယ်မှာမှ ဝယ်မရခဲ့ကြောင်း ရေးပို့ခဲ့သည်မှစ၍ ကြုံကြိုက်တိုင်း ကျွန်တော်တို့က အမေ့အတွက် ဝယ်၍ပို့ခဲ့ရသည်။ ဘီပီအိုင်မှ ထုတ်လုပ်သော ကိုမီသင်္ဂင်းချောင်းဆိုးပျောက်ဆေးပုလင်းက မြောင်းမြလို ခရိုင်မြို့တစ်မြို့တွင် အဘယ်ကြောင့် ဝယ်မရသည်ကို ကျွန်တော် မသိတတ်နိုင်။

"ကဲ···ကဲ···အိမ်ထဲဝင်ကြကွယ်။ ငါ့မြေးတွေ အဝေးကြီးကလာကြရတာ ပင်ပန်းလှရောပေါ့။ လာ··လာ···သားရော၊ သမီးရော အိမ်ရောက်ကြပြီပဲ။ အေးအေးဆေးဆေး နားကြပေတော့"

သံဆန်ကာပေါက်မှနေ၍ အိမ်တွင်းသို့ ဝေ့၍ဝင်လာသည့် လေနှင့်အတူ အိမ်ရှေ့လမ်းပေါ်မှ ဖုန်မှုန့်များကလည်း ဝဲပျံသွားသည်။ ဖျာခင်းထားသော ကြမ်းပြင်တွင် ဖုန်များက သောသောရတ်ရတ်ရှိ၏။ ကျွန်တော့်ဇနီးက တံမြက်စည်းတစ်ချောင်းကို အခန်းထောင့်မှ ကောက်ယူလျက် ညှော်ခန်းကြမ်းပြင်တွင် လှည်းကျင်းရှင်းလင်းသည်။

"လှဲမနေပါနဲ့ သမီးရယ်။ တစ်နေ့လုံး ဒီလိုနေမှာပဲ။ လမ်းနဲ့နီးတော့ လေတိုက်ရင်ကော၊ ကားတစ်စီး ဖြတ်ဖြတ်သွားရင်ကော ဒီလိုပဲ ဖုန်တသောသော တက်တက်လာနေတာ"

အမေက အိမ်တွင်းအခန်းမှ လှမ်းပြောလိုက်၏။

"ဒီလမ်းတွေက ခုထိမပြင်သေးဘူးလား အဖေ"

"မြူနီစီပယ်လမ်းပဲ သားရာ။ အရင်တုန်းကလိုပေါ့။ ဒါတောင် နာရဆင်းက ညနေတစ်ခေါက်၊ နေ့လယ်တစ်ခေါက် ရေထမ်းထမ်းပြီးတိုင်း နှစ်ထမ်းသုံးထမ်းဖျန်းထားလို့ ဖုန်ဒီလောက်သက်သာတာကွဲ့"

"အဖေ···ဘွားဘွားကြီး ကောဖီဖျော်နေပြီ။ သားကော်ဖီမသောက်ချင်ဘူး။ မုန့်ဟင်းခါးစားချင်တယ်။ သွားစားရအောင်နော်"

သားအကြီး လှမော်က လမ်းထိပ်မှ မုန့်ဟင်းခါးဆိုင်ကို ဘယ်အချန်က လှမ်းမြင်လိုက်သည် မဆိုနိုင်။ ကျွန်တော့် ပခုံးတစ်ဖက်ကို လာဖက်ရင်း ပူဆာသည်။

"မြေးတို့ မုန့်ဟင်းခါးစားချင်တာ ဘွားဘွားကမှ မသိဘဲကွယ်။ ကဲကဲ လာ···လာ···မုန့်ဟင်းခါးသွားစားမယ်။ သားတို့၊ သမီးတို့ပါစားကြရအောင်လေ"

အမေ့စကားမဆုံးမီပင် ကျွန်တော့်အမျိုးသမီးက ထပြီးဖြစ်၏။

"မိတင်တို့ကတော့ မုန့်ဟင်းခါးသံကြားတာနဲ့ ငေါက်ခနဲပဲကိုးကွ"

ကျွန်တော်က ဆိုမိသည်။

"အို···မောင်လည်း စားပေါ့။ မုန့်ဟင်းခါးကောင်းကောင်းမစားရတာ ကြာပြီပဲဟာ"

မသန်းရင် မုန့်ဟင်းခါးသည် ဟိုရှေးကအတိုင်း စား၍ကောင်းဆဲဖြစ်ပါ၏။ ငါးခူခတ်ထားသော ဟင်းမို့ လေးလေးပင်ပင် ချိုသည်။ မသန်းရင်က မုန့်ဟင်းခါးဖိုးများကို မယူပေ။ ကျွန်တော်ကရော အမေကပါ အတင်းပေးရသည်။

"နင်တို့ ဒီမှာနေတုန်း မနက်တိုင်း မုန့်လာစားကြ သိလား။ ကလေးတွေလည်းပြောထား၊ ကြားလား မောင်အေး"

"ကောင်းပါပြီဗျာ။ ဒါပေမဲ့··· အလကားတော့ မကျွေးပါနဲ့။ ပိုက်ဆံမယူရင်တော့ လာမစားဘူးဗျို့"

"လာသာ စားစမ်းပါဟယ်။ နင်တို့ တစ်ခါတလေမှ လာကြတာမဟုတ်လား ကြီးကြီးရယ်။ မောင်အေး မြောင်းမြပြန်မရောက်တာ ဘယ်နနှစ်ရှိပြီလဲတောင် မမှတ်မိတော့ဘူး။ ခု ကြီးကြီးနဲ့ပါလာပြီး ဦးကြီးပြောထားလို့သာ

www.burmeseclassic.com

မောင်အေးမှန်းသိတာ။ တခြားမှာသာ တွေ့ရင် မှတ်မိမှာတောင် မဟုတ်ဘူး"

ထိုနေ့တစ်နေ့လုံး မိတ်ဟောင်း ဆွေဟောင်း၊ သိဟောင်းကျွမ်းဟောင်းများ တဖွဲဖွဲရောက်လာကြသည်။ အားလုံးကပင် ဝမ်းပန်းတသာ အားပါးတရ ရှိနေကြပုံရသည်။ ခွင့်ရက်အတွင်း မြောင်းမြတွင်နေစဉ်နိုက် မိသားစုတစ်ခုလုံး ထမင်းစားလာကြရန် အလုအယက် ဖိတ်ခေါ်သည်။

မပန်းရီကလည်း သူရောင်းသော ချင်းသုပ်ကို ပန်းကန်ပြားကြီးကြီးနှင့် လာပို့သွားသည်။ ဦးလေးကိုထွန်းမင်း သမီး မခင်ရှိန်ကလည်း သူ့ဈေးဆိုင်မှ ချိုချဉ်၊ ငှက်ပျောသီး စသည်များ ကလေးတွေအတွက်ဆိုကာ လာပို့သွားသည်။

အိမ်ထောင့် ကွမ်းယာဆိုင်မှ ဘာစမြားကလည်း ကွမ်းယာလာပေးသည်။ နာရဆင်းကမူ ကလေးများပူမှာစိုး၍ဟု ဆိုကာ အိမ်ရှေ့လမ်းမကိုရော၊ အိမ်ရှေ့ကပြင်နှင့် ခွေးခုန်တက်ပါမကျန် ရေတစ်ထမ်းပြီးတစ်ထမ်း ဗွက်ပေါက်အောင် ဖျန်းပေးသည်။

မိုးစုပ်စုပ်ချုပ်မှပင် အေးအေးလူလူထိုင်၍ အဖေတို့ အမေတို့နှင့် စကားစမြည်ပြောနိုင်ပေတော့သည်။ သားများကမူ မောမောနှင့် အိပ်ကုန်ကြပေပြီ။

ကျွန်တော့် အလုပ်အကိုင်အကြောင်း၊ တပ်အကြောင်း၊ လမ်းခရီးအကြောင်း၊ အဆွေအမျိုးများအကြောင်း၊ တပ်ကပေးထားသော မြစ်ကြီးနားအိမ်တွင် ကျွန်တော့်ရဲဘော်ကလေးနှင့် ထားရစ်ခဲ့ရသော ခွေးသုံးကောင်အကြောင်း စသည် စသည်ဖြင့် ရောက်တတ်ရာရာ သောင်းပြောင်းထွေလာများကို အမိအဖ၊ သားသမီးလေးဦးသား ပြောရင်းဆိုရင်းဖြင့် ညဉ့်နက်လာသည်။

ညဉ့်ဆယ်နှစ်နာရီထိုးမှပင် အဘိုးကြီး၊ အဘွားကြီးတို့ အိပ်ရာဝင်ကြသည်။ မိတင်လည်း ကလေးများဆီသို့ ဝင်ရင်း အိပ်ပျော်သွားခဲ့လေပြီ။

ငွေလသာသောညဖြစ်၍ သံဆန်ကာကွက်များအကြားမှ ငွေလရောင် ပြိုးပြိုးပြက်ပြက် တိုးဝင်လျက်ရှိသည်။ ညှိုးညှိုးညင်ညင် သုတ်ဖြူးလျက်ရှိသော လေက နေရထိုင်ရ သက်တောင့်သက်သာ ရှိရုံမျှပင်။ နွေသရုပ်က ပီပီပြင်ပြင် မထင်ရှား။ အိမ်ရှေ့ကပြင်တွင် လဲလျောင်းရင်း တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေပြီဖြစ်သော ဝန်းကျင်ကိုကြည့်ကာ ကျွန်တော့်အတွေးများသည် ယောက်ယက်ခတ်လျက်ရှိသည်။ မွေးရပ်မြေသို့ ခြေချရောက်ရှိနေရပါကလားဟူသော အသိက ရင်အတွင်း လှိုင်းခတ်လှုပ်ရှားလျက်ရှိ၏။

သို့သော် ကုန်လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်အတွင်း မွေးရပ်မြေသည် ကျွန်တော့်မျှော်လင့် မှတ်ထားသည်ထက် အပြောင်းလဲကြီး ပြောင်းလဲခဲ့ချေပြီ။

ကျွန်တော် ဘိုဖူး၊ ကျွမ်းဖူးသူ မိတ်ဟောင်းဆွေဟောင်းများ များများစားစား မရှိကြတော့။ အချို့က ဇာတိမြေမှခွာလျက် တစ်နယ်တစ်ကျေးအဝေးသို့ ပြောင်းရွှေ့ကုန်ကြပြီ။ ရန်ကုန်လိုမြို့မှာပင် တော်တော်များများ ရောက်နေကြပြီဟု အဖေပြောပြခဲ့ပါ၏။ အချို့လည်း လူ့လောကမှ အပြီးတိုင် ထွက်ခွာသွားကုန်ပြီ။ ရာနှုန်းနှုန်းအားဖြင့် တစ်ရာခိုင်နှုန်းမျှသာ မြောင်းမြဇာတိလူဟောင်းများ ရှိကြဘော့သည်ဟု ညနေက အဖေပြောခဲ့သည်။

အားလုံး ပြောင်းလဲနေကြပါပြီကောလေ။ အသွင်သစ်များ၊ အမြင်သစ်များ၊ မျက်နှာသစ်များ၊ လူသစ်များ၊ အဆောက်အဦသစ်များ။

ရှားရှားပါးပါး ပြန်လည်ကြုံဆုံတွေ့ရသော သိဟောင်းကျွမ်းဟောင်းများ အနေနှင့်မူ ကျွန်ဘော်နှင့် တွေ့ရကြုံရနိုက်တွင် ဟိုရှေးယခင်ကလိုပင် ဖော်ရွေခင်မင် ကြင်နာမေတ္တာ ထားရှိဆဲပင်။

မြောင်းမြ၏ အနေအထားသည် လွန်လေပြီးသော နှစ်များဆီကနှင့် မတူ ပြောင်းလဲခဲ့ရပြီ။ အဟောင်း အဟောင်းတို့ ချုပ်ငြိမ်း၍ အသစ်အသစ်တို့က ဝင်ရောက်နေရာယူလာကြပြီ။ ခေတ်ဟောင်း၊ စနစ်ဟောင်း လမ်းကြောင်းမှ ဖဲကြဉ်၍ ခေတ်သစ်၊ စနစ်သစ်ဖြင့် ဒီမိုကရေစီလမ်းကြောင်းသစ်သို့ မြောင်းမြသည် ရှေ့ရှုဦးတည်လျက်ရှိပေပြီ။

အပြောင်းအလဲမရှိ တစ်သမတ်တည်း ရှိရစ်သည်ကမူ သိဟောင်းကျွမ်းဟောင်း၊ မိတ်ဟောင်းဆွေဟောင်း၊ အိမ်နီးချင်းဟောင်းများက ကျွန်တော်တို့အပေါ်တွင် ထားရှိခဲ့ကြသော မေတ္တာသာလျှင် ဖြစ်ပါချေသည်။

လူ့ဘောင်ရှိ လူသားတိုင်းသို့ကလို အပြောင်းအလဲမရှိသော မေတ္တာတရားထားနိုင်ကြမည် ဆိုပါမူ . . .။

**ခင်မောင်အေး(မန္တလေး)**



www.burmeseclassic.com

www.burmeseclassic.com


# ဆရာကြီး အရယ် ဆရာအောင်

(အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်) (ဝါတွင်းဝါပ တနလ်ာနေ့တိုင်းပိတ်သည်)

မော်လမြိုင်(ခေါင်းဆေးကျွန်း)၊ ပဲခူး(ဒေးစွန်းပါ)၊ သန်လျင်(ကျောက်တန်း) ဘုရားတည်၊ စာမေးပွဲ၊ ကျန်းမာရေး၊ အချစ်ရေး၊ ထူးချွန်ထက်မြက်မည့် ကလေးနာမည်ပေးခြင်း၊ ဆိုင်၊ ကုမ္ပဏီနှင့် လုပ်ငန်းအမည်ရွေးချယ်ခြင်း၊ ထူးခြားအောင်မြင်သော စီးပွားရေးလုပ်ငန်းများ နိုင်ငံခြားကိစ္စ၊ သင်္ဘောသားများ လိုင်းကောင်း၊ လစာကောင်းပြီး အမြန်ထွက်ခွာရန်၊ အမှုအခင်းများ၊ အိမ်၊ ခြံ၊ မြေ၊ ကားရောင်း၊ သားသမီးများ လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန် ကူညီခြင်း၊ အိမ်ထောင်ရေးကိစ္စ အထူးဆောင်ရွက်သည်(မူလအိမ်ထောင်ရှင်ဘက်မှသာ)၊ ထိုနည်းတူ ကံစမ်းလုပ်ငန်းများအတွက် လမ်းညွှန်သည်။ ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံဖြင့် ဆောင်ရွက်သည်။

အမှတ်(၃၀၂)၊ မြေညီထပ်၊ ရွှေဘုံသာအလယ်လမ်း၊ ရန်ကုန်။ ဖုန်း/၀၉-၅၁-၁၂၁၄၆၊ ၀၉-၇၃၁-၅၃၁၈၈
နံနက် (၈း၀၀) နာရီ မှ နေ့လည် (၁း၀၀) နာရီ။
အမှတ်(၉၀)၊ မြေညီထပ်၊ သတိပဋ္ဌာန်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
နေ့လည် (၂း၀၀) နာရီ မှ ညနေ (၄း၀၀) နာရီထိ
အိမ်အမှတ်(၁၇)၊ အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း/၀၅၆-၂၁၆၀၉(အိမ်)
ညနေ (၄း၀၀) နာရီ နောက်ပိုင်း



# အောင်ဝိဇ္ဇာစိုးရဲ့ – အထူးကုဆေးခန်း

- ➢ အကြောအားနည်း၊ ပန်းသေပန်းညှိုးနှင့် ကာလသားရောဂါများ အထူးကုသပေးသည်။ ကျား အကြောသန် အားတိုးဆေး၊ အကြောသန်အထူးလိမ်းဆေးများ အမြို့မြို့ဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။ **(1107 Y 7278)**
- ➢ လိပ်ခေါင်းတွင်း၊ ပြင်ထွက် သွေးကျ၊ သွေးထွက်၊ ပူစပ်ကိုက်ခဲ၊ ဂရင်ဂျီနာရောဂါများ ကုသပေးသည်။ အမျိုးသမီးများ ဝါရင့်ဆရာမကြီးရှိသည်။ လိပ်ခေါင်းရောဂါပျောက် အထူးသောက်ဆေး လိမ်းဆေးများ ဆိုင်တိုင်း မေးဝယ်ပါ။ **(1208 Y 7972)**

ဆေးခန်း ❖ အမှတ် (၃၁၄)၊ ရွှေဘုံသာ (အလယ်) လမ်း၊ ဖုန်း/၀၁-၃၇၉၄၀၃
ပင်ရင်း ❖ အမှတ် (၈၆)၊ ၉၄-လမ်း၊ ကန်တော်လေး၊ ဖုန်း/၀၉-၅၀၁၆၃၇၂၊ ၀၉-၅၀၃၃၈၃၉
ဖြန့်ချီရေး ❖ ကိုဝင်းမြင့် + မဘောဘီ၊ ကောင်းသန့်စတိုး(မန္တလေး၊ ၂၈ လမ်း၊ ၈၂×၈၃ လမ်း)၊ အောင်ရတနာစတိုး(မန္တလေး၊ ဈေးချိုအနီး)


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဆရာမှ မဟုတ်ပါလား

**မနုသကျော်ဝင်း**(အမျိုးသားစာပေဆုရ)

ကျွန်တော်သည် ဆရာမင်းသိခ်နှင့်အတူ မကြာခဏ စာပေဟောပြော ပွဲများသို့ သွားရောက်ဟောပြောခဲ့ရဖူး၏။ သူ့ခေတ်တွင် ဆရာမင်းသိခ်၏ စာအုပ်များသည် ရောင်းအားအကောင်းဆုံး တန်းဝင်စာအုပ်စာရင်းတွင် ပါဝင်ခဲ့၏။ သူ့ကို လူကိုယ်တိုင် တွေ့လိုမြင်လိုပြီး သူ၏ ပြောစကားများကို ကြားနာလိုကြသော အနယ်နယ်အရပ်ရပ်မှ စာဖတ်ပရိသတ်များက ဆရာမင်းသိခ်ကို စာပေဟောပြောပွဲများအတွက် ဖိတ်ကြားခဲ့ကြ၏။ ကျွန်တော်သည် ဆရာနှင့် စာပေဟောပြောပွဲများ၌ မကြာခဏ ဆုံစည်းခဲ့ကြရာ ကိုယ်တိုင်ဟောပြာခဲ့ရသလို၊ သူဟောပြောသည်များကိုလည်း ကြားနာခဲ့ရ၏။ ဆရာအမြဲတမ်းလို ဟောပြောလေ့ရှိသော ခေါင်းစဉ်သည်ကား "စာရေးဆရာ အမြန်ဆုံးဖြစ်နည်း"ပင်တည်း။

အလွန်လေးနက်သည့် ဒဿနများအကြောင်း ဆရာမင်းသိခ်က ဟောပြောလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် သူ့စာဖတ်ပရိသတ်တွေက လာရောက်နားထောင်ကြခြင်း ဖြစ်၏။ ထိုအချက်ကို သူနှင့်ဆုံစည်းရသည့် စာပေဟောပြောပွဲတိုင်း၌လိုလို ကျွန်တော် သတိထားမိခဲ့၏။ သို့ရာတွင် ဆရာသည် ပေါ့ပေါ့ပါးပါး အကြောင်းအရာများလောက်ကိုသာ ဟောပြောလေ့ရှိ၏။ ဟာသလေးတွေနှောပြီး ပြောတတ်သောကြောင့် ပရိသတ်တွေက သဘောတွေ့မနောခွေ့ခဲ့ကြ၏။ သို့ရာတွင် စာပေဟောပြောပွဲ ပြီးဆုံးသည့်အခါ၌ . . .

"ဟင် . . . ဆရာကလည်း ဘာကိုမှ အလေးအနက်ထားပြီး မဟောပြောသွားခဲ့ပါကလား"ဟု အားမလို အားမရ မှတ်ချက်ချခဲ့ကြသည်ကို ကျွန်တော် မကြာခဏ ကြားခဲ့ရ၏။ ဆရာရေးသားခဲ့သော လုံးချင်းဝတ္ထုရှည်များ၊ ဝတ္ထုတိုများတွင် လေးနက်သော ဒဿနများနှင့် စွန့်စားခန်းများဖြင့် ပြည့်နှက်နေလေရာ သူ့စာဖတ်ပရိသတ်တွေက သူစာရေးသလိုပင် ဟောပြောလိမ့်မည်ဟု အားခဲ မျှော်လင့်ခဲ့ကြသောကြောင့်လည်း အထက်ပါအတိုင်း မှတ်ချက်ချခဲ့ကြခြင်း ဖြစ်ဟန်တူ၏။

ရေဝတီတိုင်းရှိ မြို့ကြီးတစ်မြို့တွင် စာပေဟောပြောပွဲအပြီး၌ မြို့ခံ စာပေဝါသနာရှင် လူငယ်အချို့က ဆရာနှင့် ကျွန်တော်တည်းခိုရာ ဧည့်ဂေဟာသို့ လိုက်လာကြ၏။ သူတို့သိလိုသည်များကို မေးမြန်းဆွေးနွေးကြ၏။ ဆရာမင်းသိခ်ကလည်း တတ်နိုင်သမျှ ဖြေကြားပေး၏။ သို့ရာတွင် ထိုလူငယ်တစ်သိုက်က ကျေနပ်ပုံမပေါ်ချေ။

"ကျွန်တော်တို့က ဆရာရေးသားထုတ်ဝေခဲ့တဲ့ စာအုပ်တွေကို သိပ်ကြိုက်တယ်ဆရာ။ လေးနက်တဲ့ ဒဿနတွေရော၊ စွန့်စားခန်းတွေပါ ဝေဝေဆာဆာနဲ့ သိပ်ပြီးဖတ်လို့ကောင်းတယ်။ အခု စာပေဟောပြောပွဲမှာလည်း အဲဒီလို အချက်မျိုးတွေကို ကြားရလိမ့်မယ်လို့ မျှော်လင့်ထားခဲ့ကြတာ။ အခု ဆရာက ပေါ့ပေါ့ပါးပါးလေးပဲ ဟောပြောသွားခဲ့တော့ ကျွန်တော်တို့ အားမရတာ အမှန်ပဲဆရာ"

ပွင့်လင်းလှသော ထိုလူငယ်တို့က တဲ့တိုးကြီးပြောချလိုက်ရာ ကျွန်တော်သည်ပင်လျှင် ဆရာ့အတွက် အားတောင့်အားနာ ဖြစ်သွားမိခဲ့ရ၏။

သို့ရာတွင် ဆရာကမူ ရင့်ကျက်တည်ငြိမ် ခွင့်လွှတ်သော အပြုံးမျိုးဖြင့် သူတို့ကို ကြည့်ရင်း . . .

"ဆရာဟောပြောသွားတဲ့အထဲမှာ မင်းတို့ ဆင်ခြင်သုံးသပ်တတ်ရင် အနည်းဆုံး ဒဖိုးတန်အချက်အလက် တစ်ချက်တလေလောက်ကိုတော့ တွေ့နိုင်မှာပါကွာ"ဟု တုံ့ပြန်ခဲ့လေသည်။ သူတို့ပြန်သွားကြသောအခါ ကျွန်တော်က

"အင်း . . . သူတို့ပြောမယ်ဆိုရင်လည်း ပြောစရာပဲကိုး။ ဆရာက သရဲအကြောင်းတို့၊ ပါးစပ်က တတွတ်တွတ် ရွတ်ဆိုပြီး ခဲတံနဲ့ စာရေးပုံအကြောင်းတို့၊ မဂ္ဂဇင်းတိုက်က အယ်ဒီတာချုပ်ကို ဝင်တွေ့ဖို့ကိစ္စမှာ ရဲဆေးတင်တဲ့အနေနဲ့

www.burmeseclassic.com

ပုဂံခေတ်က အရှည်းကြီးတွေရွတ်ဆိုတဲ့ ဂါထာမျိုးကို ရွတ်ဆိုပြီးမှ ဆရာက အခန်းထဲကို ဝင်တဲ့အကြောင်းတို့ ဟာသ နှောပြီး ပြောပြခဲ့တာကိုးခင်ဗျ။ သူ ကို့တစ်တွေက ဆရာ့ဇာတ်လိုက် စနေ မောင်မောင်တို့၊ ပုဏ္ဏားဘကွန်းတို့၊ မမင်းဖြူမှန်မှန်ပြော ဝတ္ထုထဲက ကိုမိုး သီးတို့၊ သေသောသူသည် သုသာန်သို့ သွားသည် ဝတ္ထုထဲက မေဂျာမင်းညို တို့နဲ့ တွေ့ချင်လို့ ဒီဟောပြောပွဲကို လာ နားထောင်ကြတာ။ အခုတော့ ဆရာ့ ဟာသဝတ္ထုထဲက ပျော်ပါတယ်မောင်ပြည် သိမ်းနဲ့တွေ့ပြီး ပြန်သွားရသလို ဖြစ်ခဲ့ကြ ရတာကိုးခင်ဗျ . . .။ ဘယ်လိုလုပ်ပြီး ကျေနပ်အားရနိုင်ကြပါ့မလဲ"ဟု ပြော လိုက်မိရာ ဆရာမင်းသိခ်က ဟက်ဟက် ပက်ပက် ရယ်မောလေတော့၏။

သို့တစေ ကျွန်တော်သည် ဆရာ မင်းသိခ်၏ ဟောပြောချက်များကို နား ထောင်ရင်း နားထောင်ရင်းဖြင့် နောက် ပိုင်းတွင် အဖိုးတန်လှသော အချက်တစ် ချက်ကို သတိပြုမိလာသည်။ ဆရာ သည် သူ၏ ဟောပြောမှုကို နိဂုံးချုပ် ခါနီးတိုင်း အပိတ်စကားအနေဖြင့် ပြော လေ့ရှိသည်ကား . . .

"အခုနားထောင်နေကြတဲ့ ပရိ သတ်ကြီးအတွက် ကျန်းမာရေးနဲ့ ပတ် သက်တဲ့ အဖိုးတန်လက်ဆောင်ကြီးတစ် ခုကို ပေးထားခဲ့ချင်ပါတယ်။ ပင်လည်း မပင်ပန်း၊ ငွေလည်းမကုန်ဘဲနဲ့ ကျန်းမာ ရေးအတွက် အင်မတန်မှ ထိရောက် အကျိုးရှိစေတဲ့ လေ့ကျင့်ခန်းတစ်ခုပါ။ မနက်စောစော အိပ်ရာထ၊ မျက်နှာ သစ်၊ သွားတိုက်၊ အပေါ့အပါးသွားပြီးတဲ့ နောက် လေကောင်းလေသန့်ရတဲ့နေရာ မှာ မတ်တတ်ရပ်ပြီး လေကို တဝကြီး ရှူပါ။ ကိုယ့်ရဲ့ လက်နှစ်ဖက်ကို ရှေ့ တည့်တည့်ဆန့်တန်းပါ။ ပြီးရင် ဆန့် တန်းထားတဲ့ လက်နှစ်ဖက်စလုံး ဦး ခေါင်းနဲ့ တစ်ပြေးတည်းဖြစ်တဲ့ အနေ အထားအထိ မြှောက်တင်လိုက်ပါ။ နောက်ပြီး အောက်ကိုပြန်ချပါ။ ပြန်ပြီး မြှောက်တင်လိုက်ပါ။ အဲဒီလို လက်ကို မြှောက်တင်လိုက်၊ အောက်ပြန်ချလိုက် အကြိမ် ၁၀၀ တိတိ လုပ်ပါ။ အဲဒီလို လုပ်နေတဲ့အခါ လက်နှစ်ဖက်ကို အောက်ပြန်ချတိုင်း စိတ်ကို ဖြေလျှော့ ပြီး ပါးစပ်ကနေ ဘာမှမဟုတ်ပါလား ဆိုတာကို ရွတ်ဆိုပါ"

"ဘာမှမဟုတ်ပါလားဆိုတဲ့စကား ကို အကြောင်းမဲ့၊ အဓိပ္ပာယ်မဲ့ ရွတ်ဆို နေတာမျိုးမဟုတ်ဘဲ စိတ်ထဲကနေ ဖြစ် ပျက်သဘောတရားကို အောက်မေ့ဆင် ခြင်မှုမျိုးပြုလုပ်ရပါမယ်။ လောကကြီး မှာ သက်ရှိသက်မဲ့ ဘယ်သတ္တဝါ ဘယ် အရာမှ မတည်မြဲဘူး။ သဘာဝနိယာမ တရားအတိုင်း ဖြစ်ပျက်ပြောင်းလဲနေရ တယ်။ အောက်ဆုံးကနေ အထက်ဆုံး အထိ ရောက်သွားနိုင်သလို၊ အထက် ဆုံးနေရာကနေလည်း အောက်ဆုံးအထိ ပြုတ်ကျသွားနိုင်တယ်။ ဘုန်းမီးနေလ တောက်ပနေတဲ့ အာဏာရှင်ကြီးဘဝ ကနေ အကျဉ်းသားဘဝရောက်သွားရ တာမျိုး၊ ကြိုးစင်ပေါ်တက်ပြီး ကြိုးပေး ကွပ်မျက်ခံရတဲ့ဘဝမျိုးကို ရောက်သွား နိုင်သလို၊ သူဖုန်းစားဘဝကနေလည်း ရှင်ဘုရင်ဖြစ်သွားနိုင်တယ်။ အင်မတန် ချမ်းသာကြွယ်ဝတဲ့ သူဌေးသူကြွယ်ဘဝ ကနေ အကြောင်းမသင့်ရင် ကုန်း ကောက်စရာမရှိအောင် ဆင်းရဲ မွဲတေသွားနိုင်တယ်"

"အောင်မြင်နေတာဟာ ဖြစ်ခြင်း ဆိုတဲ့ သဘောတရားကို ဆောင်ရင် ဆုံး ရှုံးခြင်းဟာ ပျက်ခြင်းသဘောကိုဆောင် တယ်။ အဲဒီ ဖြစ်ခြင်းဆိုတာရော၊ ပျက် ခြင်းဆိုတာပါ ထာဝရတည်မြဲနေတာ မဟုတ်ဘူး။ ဖြစ်လာရင် ပျက်ရမှာ ဖြစ် သလို၊ ပျက်ရင်လည်း ပြန်ပြီးဖြစ်လာရ မှာ ဓမ္မတာပါ။ ဒါ့ကြောင့် ဖြစ်ချိန်မှာ ဝမ်းသာမှုလွန်ကဲတာတို့၊ မောက်မာ ထောင်လွှားတာတို့၊ အားနည်းသူကို ဖိနှိပ်အနိုင်ကျင့်တာတို့ မလုပ်မိဖို့လို တယ်။ အလွန်အရေးတကြီးပါပဲ။ ပျက်ချိန်မှာ လည်း ဝမ်းနည်းပူဆွေးတာတို့၊ သောက ဗျာပါဒကျရောက်တာတို့၊ စိတ်ပျက် အားငယ်တာတို့ မဖြစ်သင့်ဘူး။ ဒါ ကြောင့် ဖြစ်ချိန်မှာပဲဖြစ်ဖြစ်၊ ပျက်ချိန် မှာပဲဖြစ်ဖြစ် ဘာမှမဟုတ်ပါလားလို့ အောက်မေ့ဆင်ခြင်လိုက်ရင် ဘာမှမခံ စားရတော့ဘူးပေါ့ဗျာ"

"သမိုင်းတွင်ခဲ့တဲ့ ဂန္ထဝင်စာပေ ပညာရှင်ကြီးတစ်ဦးဖြစ်သူ တရုတ်လူမျိုး လူရွှန်းဆိုတဲ့ ပုဂ္ဂိုလ်ကြီးဟာ ရုတ်တရက် မကျန်းမမာဖြစ်လို့ သူ့ကို ဆေးစစ်ကြည့် တော့ သူ့ရဲ့အသည်းဟာ ဆန်ခါပေါက် ဖြစ်နေတာကို တွေ့ရှိရတယ်။ သမား တော်ကြီးတွေက သူဟာ နောက်ထပ် ခြောက်လလောက်ပဲ အသက်ရှင်နိုင် တော့မယ်လို့ ဟောကိန်းထုတ်ကြတယ်။ ဒါပေမယ့် လူရွှန်းဟာ လုံးဝစိတ်မာတ် မကျဘဲ မနက်တိုင်း လေကောင်းလေ သန့်ရှူတယ်၊ မတ်တတ်ရပ်ပြီး လက်

www.burmeseclassic.com

နှစ်ဖက်ကို ရှေ့ထုတ်ဆန့်တန်းတယ်၊ မြှောက်လိုက်ချလိုက်လုပ်ရင်း ဘာမှ မဟုတ်ပါလားဆိုတဲ့ တရားကို ဆင်ခြင်တယ်။ ဒီလေ့ကျင့်ခန်းကို နေ့စဉ်မပျက် လုပ်သွားခဲ့တဲ့ လူရွှန်းဟာ နောက်ထပ် နှစ်ပေါင်းအတော်ကြာအောင် အသက် ရှင်နေထိုင်သွားခဲ့ရတဲ့အကြောင်း သမိုင်း မှတ်တမ်းတွေအရ သိရှိရပါတယ်"

"ဒါကြောင့် ပရိသတ်ကြီးကို ကျွန်တော်ပြောချင်တာက ငွေလည်း မကုန်၊ အချိန်လည်းမကုန်၊ ပင်လည်း မပင်ပန်းဘဲနဲ့ အာရောဂျံ ပရမံ လာဘံ ဆိုတဲ့ ကျန်းမာရေးလာဘ်ကြီးကို လွယ်လွယ်ကူကူ ရရှိပြီး အကျိုးခံစားရမယ့် ဘာမှမဟုတ်ပါလားဆိုတဲ့ လေ့ကျင့်ခန်းကို မနက်တိုင်း မှန်မှန်လေး လုပ်သွားပေးကြပါလို့။ ကြွေးပတ်လည်ဝိုင်းနေတဲ့ လူတောင် ဒီလေ့ကျင့်ခန်းကို လုပ်ရင်း ငါ့ရဲ့ကြွေးရှင်ဆိုတာလည်း ဘာမှမဟုတ်ပါလား၊ ငါတင်နေတဲ့ ကြွေးတွေဟာလည်း ဘာမှမဟုတ်ပါလား၊ ငါလည်း ဘာမှမဟုတ်ပါလားဆိုတာ တွေးမိရင်း စိတ်သက်သာမှု ရသွားပါလိမ့်မယ်"

စာပေဟောပြောပွဲ တစ်ခုတွင် ဆရာမင်းသိခ်၏ အထက်ဖော်ပြပါ စကားများကို ကြားရစဉ်က နားထောင်နေသူ ပရိသတ်ကြီးနှင့်အတူ ကျွန်တော်လည်း ရောနှောရယ်မောမိခဲ့သေး၏။ သို့ရာတွင် ထိုစကားကို ကြားရဖန်များပြီး အသက်အရွယ် အနည်းငယ်ရလာသောအခါ၌မူကား မှန်ကန်သည့် ဆင်ခြင်မှုတစ်ခုကို ရရှိလာသည်။ ဤစကားသည် မှန်ကန်လှရုံသာမက လက်တွေ့လုပ်ဆောင်နိုင်လျှင် အကျိုးရှိလှကြောင်း နားလည်သဘောပေါက်လာသည်။

"ဘာမှ မဟုတ်ပါလား"ဟူသော အသိတရားကို စတင်လက်ဆောင်ပေးသူကား လွန်ခဲ့သည့် နှစ်ပေါင်းတစ်ထောင် ပုဂံခေတ်ကာလမှ ပညာရှိအမတ်ကြီး အနန္တသူရိယပင် ဖြစ်၏။ ဘုရင် နရပတိစည်သူ၏ အထင်အမြင်လွဲမှားမှုကြောင့် ကွပ်မျက်ခြင်းခံခဲ့ရသူ အနန္တသူရိယ အမတ်ကြီးသည် တောင်စွယ်နေမကွယ်မီ ကုပ်ပေါ် ဓားဝဲနေချိန်၌ . . .

"သူတည်းတစ်ယောက် ကောင်းဖို့ရောက်မူ သူတစ်ယောက်မှာ ပျက်လင့်ကာသာ ဓမ္မတာတည်း။

ရွှေအိမ်ရွှေနန်းနှင့် ကြငှန်းလည်းခံ၊ မတ်ပေါင်းရံလျက်၊ ပျော်စံရိပ်ငြိမ်၊ စည်းစိမ်မကွာ၊ မင်းချမ်းသာကား၊ သမုဒ္ဒရာ ရေမျက်နှာထက်၊ ခဏတက်သည့်၊ ရေပွက်ပမာ တသက်လျှာတည်း။

ကြင်နာသနား၊ ငါ့အားမသတ်၊ ယခုလွှတ်လည်း၊ မလွတ်ကြမ္မာ၊ လူတကာတို့၊ ခန္ဓာနိုင်ကြည်၊ မတည်မမြဲ၊ ဖောက်လဲတတ်သည်၊ မချွတ်စသာ သတ္တဝါတည်း။

ရှိခိုးကော်ရော်၊ ပူဇော်အလွန်၊ ပန်ခဲ့တုံ၏၊ ခိုက်ကြုံဝိပါက်၊ သံသာစက်၌၊ ကြိုက်လတ်ထွန်းမူ၊ တုံ့မယူလို၊ ကြည်ညိုစိတ်သန်၊ သခင်မွန်ကို၊ ချန်ဘိစင်စစ်၊ အပြစ်မဲ့ရေး၊ ခွင့်လျှင်ပေး၏၊ သွေးသည် အနိစ္စာ၊ ငါ့ခန္ဓာတည်း"

ဟူသော အမျက်ဖြေလင်္ကာလေးပိုဒ်ကို လက်တန်းရေးစပ်သွားကာ ဘုရင်ကို ဆက်သွင်းစေခဲ့၏။ ယင်းလင်္ကာကို ဘုရင်နရပတိစည်သူ ဖတ်ရှုမိရသောအခါ ချက်ချင်းပင် အမြင်မှန်နှင့် သံဝေဂရပြီး အနန္တသူရိယအမတ်ကြီးကို သေဒဏ်မှ လွှတ်စေခဲ့၏။ သို့ရာတွင် အချိန်နှောင်းသွားခဲ့ရပြီ။ လွှတ်မိန့်ပေးချိန်၌ အနန္တသူရိယ အမတ်ကြီးကား ကွပ်မျက်ခံခဲ့ရပြီးဖြစ်၏။ ရှင်ဘုရင်သည်ကား နောင်တရ၍မဆုံးတော့။

အနန္တသူရိယ ကွယ်လွန်ခဲ့သည်မှာ နှစ်ပေါင်း ၁၀၀၀ ခန့်ပင် ရှိလေပြီ။ သို့ရာတွင် သူရေးဖွဲ့ခဲ့သည့် အမျက်ဖြေလင်္ကာသည်ကား ယနေ့ထက်တိုင် ရှင်သန်နေဆဲဖြစ်၏။ "ပျော်စံရိပ်ငြိမ်၊ စည်းစိမ်မကွာ၊ မင်းချမ်းသာကား၊ သမုဒ္ဒရာ ရေမျက်နှာထက်၊ ခဏတက်သည့်၊ ရေပွက်ပမာ၊ တသက်လျှာတည်း"ဟူသော အပိုဒ်ကို ဆင်ခြင်ကြည့်ပါ။ မျက်မှောက်ခေတ်တွင် အီရတ်သမ္မတ ဆဒ်ဒန်ဟူစိန်၊ လစ်ဗျားသမ္မတ ကဒါဖီ၊ အယ်လ်ခိုင်ဒါ အဖွဲ့ခေါင်းဆောင် အိုစမာဘင်လာဒင် အပါအဝင် ကမ္ဘာတွင် ထင်ရှားလှသူ ပုဂ္ဂိုလ်အတော်များများက . . .

"သမုဒ္ဒရာ ရေမျက်နှာထက်၊ ခဏတက်သည့်၊ ရေပွက်ပမာ"ဖြစ်ကြောင်း အထင်အရှား သာဓကပြသွားခဲ့ကြလေပြီ။ ဆရာမင်းသိခ် ဟောပြောလေ့ရှိခဲ့သည့် "ဘာမှမဟုတ်ပါလား"ဟူသော သဘောတရား၏ လေးနက်မှုကိုလည်း ယင်းသာဓကတို့က ပို၍ပို၍ ထင်ရှားစေသျှက် ရှိပေသည်။ သို့ဖြစ်၍ "ဘာမှ မဟုတ်ပါလား"ဟူသော အသိတရားကို မကြားဖူးလိုက်ကြသည့် မျိုးဆက်သစ်တို့အား ဤဆောင်းပါးဖြင့် လက်ဆင့်ကမ်းလိုက်ရပါကြောင်း။

**မနုဿကျော်ဝင်း**

**(အမျိုးသားစာပေဆုရ)**



www.burmeseclassic.com

www.burmeseclassic.com

## သီရိအနုရုဒ္ဓ

# အနော်ရထာမင်းကြီး

## နတ်ရွာစံရပုံ

**ဆရာဝင်း(သာကီနွယ်)**

အနော်ရထာမင်းကြီးကို သီရိအနိရုဒ္ဓ၊ သို့မဟုတ် အနုရုဒ္ဓဟု သမိုင်းမှတ်တမ်းများအရ သိရှိရသည်။ အနော်ရထာဘုရင်ကြီးကို ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်သူဟု အသိအမှတ်ပြုကြသည်။ အနော်ရထာမင်းကြီးသည် နောင်တော် စုက္ကတေးမင်းကို အောင်နိုင်ပြီးနောက် ဘုရင်ဖြစ်လာသောအခါ အကွဲကွဲအပြားပြား ရှိနေသော ပဒေသရာဇ်နယ်ပယ်အားလုံးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စုစည်းတည်ထောင်နိုင်ခဲ့သည်။

ထေရဝါဒဗုဒ္ဓသာသနာတော်ကိုလည်း မြန်မာနိုင်ငံတွင် ပထမဦးဆုံး ခိုင်မြဲပုံနှံအောင် ဆောင်ရွက်နိုင်ခဲ့သည်။ သာသနာပြုမင်းကြီးလည်းဖြစ်သည်။ ယနေ့ ကျွန်တော်တို့ ကိုးကွယ်ဆည်းကပ်နေတဲ့ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီးသည် အနော်ရထာမင်းစောနှင့် ရဟန္တာအရှင်မြတ်ကြီး ရှင်အရဟံတို့၏ ကျေးဇူးကြောင့် ကိုးကွယ်ခွင့်ရခဲ့ခြင်းဖြစ်သည်။ အနုရုဒ္ဓဘုရင်ကြီးသည် မြန်မာနိုင်ငံသားတို့အတွက် အလွန်ကျေးဇူးကြီးမားလှပေသည်။

ပုဂံရာဇဝင်ကို တုတ်ထမ်းပြီး ငြင်းဆိုကြသည်များရှိသည်။ အချို့ကလည်း သံတူရှင်းကို ကိုင်ပြီး မြေပေါ်မြေအောက် အထောက်အထားများကို ပြပြီး ငြင်းဆိုကြသူတို့လည်း ရှိသည်။ ကျွန်တော်ကလည်း ဂမ္ဘီရအသိတစ်မျိုးနှင့် ငြင်းဆိုနိုင်ရန် တင်ပြချင်ပါသည်။ ကျွန်တော့်ရဲ့ တင်ပြချက်သည် နာမ်လောကအတွေ့အကြုံကို တင်ပြခြင်းဖြစ်တဲ့အတွက် မယုံချင်လည်း ပုံပြင်လို့ သတ်မှတ်စေချင်ပါသည်။

ကျွန်တော် ၂၀၁၃ ခု၊ ဩဂုတ်လ ဒုတိယပတ်က ပုဂံညောင်ဦးမြို့သို့ ဘုရားဖူးသွားရောက်ခဲ့ပါသည်။ ဩဂုတ်လ ၁၂ ရက်နေ့ မနက်တွင် ရွှေစည်းခုံစေတီတော်ကြီးကို ကန်တော့ပွဲသုံးပွဲ၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် အာနန္ဒာစေတီတော်ကြီးကို ကန်တော့ပွဲ သုံးပွဲ ကပ်လှူပြီး ပုတီးစိပ်ဆုတောင်းခဲ့ပါသည်။ ဩဂုတ်လ ၁၅ ရက်နေ့တွင် ရွှေစည်းခုံစေတီကြီး၌ ပုတီးအဓိဋ္ဌာန် ဂုဏ်တော်ကိုးပါး ပုတီးပတ်ရေ ၂၂၅ ပတ် စိပ်ပြီး ဆုတောင်းခဲ့ပါသည်။

ဩဂုတ်လ ၁၄ ရက်နေ့ မေခလာတည်းခိုခန်းမှာ နေ့လယ်ဘုရားမှအပြန် တစ်ရေးအိပ်ပြီး နိုးနေစဉ် ကျွန်တော့်စိတ်ထဲ၌ "အနော်ရထာမင်းမြတ် စောလူးမင်းဖခင်" ဖြစ်ပေါ်လာပါသည်။ အနော်ရထာမင်းကြီးရဲ့ မြင်းစီးနေတဲ့ ပန်းချီပုံကိုလည်း အာရုံတွင် မြင်ရပါသည်။ ခဏနေတော့ အသက် ၇၀ ကျော်အရွယ် ဆံပင်သျှောင်ထုံးနှင့် အင်္ကျီအဖြူဝတ်လျက် အဘိုးကြီးတစ်ဦး ကျွန်တော့်ဘေးတွင် ရပ်နေတာ မြင်ရ၍ - ကျွန်ုပ် ။ ယခုကြွလာတဲ့ ပုဂ္ဂိုလ်ကြီးက ဝိဇ္ဇာပုဂ္ဂိုလ်ကြီးပါလား။



www.burmeseclassic.com

www.burmeseclassic.com

ဘုရင်ကြီး ။ ဝိဇ္ဇာပုဂ္ဂိုလ်မဟုတ်ပါဘူး။ အနော်ရထာဘုရင်ကြီး ပါ၊ စတုမဟာရာဇ်နတ်ကြီးပါ။

ကျွန်ုပ် ။ နတ်အဆင့် ဘယ်လောက်ရှိပါသလဲ၊ ဘယ်မှာ သီတင်းသုံးပါသလဲ ဘုရား။

ဘုရင် ။ စတုမဟာရာဇ်နတ် ၉ အဆင့်ရှိပါတယ်။ နန်းတော်ပေါင်းမှာ နေပါတယ်။

ကျွန်ုပ် ။ အနော်ရထာဘုရင်ကြီးက အသက်ဘယ်လောက်မှာ နတ်ရွာစံပါသလဲဘုရား။

ဘုရင် ။ သက်တော် ၇၃ နှစ်မှာ ကျွဲခတ်လို့ နတ်ရွာစံခဲ့ပါတယ်။

ကျွန်ုပ် ။ ကျွဲရိုင်းသောင်းကျန်းနေလို့ ကျွဲရိုင်းနှိမ်နင်းဖို့ သွားရင်း ကျွဲခတ်လို့ နတ်ရွာစံတယ်လို့ သိပါတယ်။ ကျွဲကလည်း ထိန်ပင်စောင့်နတ်က ကျွဲယောင်ဆောင်ပြီး ခတ်တယ်။ ထိန်ပင်စောင့်နတ်ကလည်း တစ်ချိန်က အရှင်မင်းကြီးကို အရိအသေမပေးလို့ မင်းကြီးက ကြိမ်နဲ့ရိုက် ခဲ့ဖူးတယ်။ အဲဒါမကျေနပ်လို့ ကျွဲယောင်ဆောင်ခတ်တယ်လို့ သိရပါတယ်။ အဲဒါ မှန်ပါသလား ဘုရား။

ဘုရင်ကြီး ။ အဲဒါတွေ မသိဘူး။ ကျွန်ုပ်လည်း ထိန်ပင်စောင့်နတ်ကို တစ်ခါမှ မတွေ့ဖူးပါဘူး။

ကျွန်ုပ် ။ အဲဒါဆိုလျှင် အရှင်မင်းကြီး ကျွဲခတ်ခံရတဲ့ ဖြစ်စဉ်ကို အမိန့်ရှိပါဘုရား။

ဘုရင်ကြီး ။ တစ်ရက်သော ညနေခင်းမှာ ပုဂံမြို့အရှေ့ဘက် ခရီးသုံးတိုင်အကွာမှာ ကျုပ်ရယ်၊ စစ်သူကြီးရယ်၊ အမတ်နှစ်ဦးရယ်၊ စစ်သည်ရဲမက် ဆယ်ဦးရယ် မြင်းတွေနဲ့ ရောက်နေကြတယ်။ ဘာကိစ္စနဲ့ရောက်မှန်းတော့ မသိတော့ဘူး။ အဲဒီမှာ ကျုပ်တို့အဖွဲ့က ချောင်းတစ်ခုထဲ မြင်းတွေ ရေတိုက်ဖို့ ဆင်းသွားကြတယ်။ ကျုပ်တို့နဲ့ အတောင်သုံးဆယ်လောက်မှာ ကျွဲတစ်ကောင်လည်း ရေသောက်နေတယ်။ ကျွဲက ရေသောက်ပြီး ချောင်းကမ်းပါးပေါ် တက်သွားတယ်။ ကျုပ်တို့လည်း မြင်းတွေ ရေတိုက်ပြီးတော့ ကမ်းပါးပေါ်တက်ကြတယ်။

ကျွန်ုပ် ။ ကျွဲနဲ့ ဘယ်လို စတင်ပဋိပက္ခဖြစ်ပါသလဲဘုရား။

ဘုရင် ။ ကျွဲကလည်း ကျုပ်တို့နဲ့ သိပ်ပြီးမဝေးတဲ့ နေရာမှာ ရှိနေတယ်။ အဲဒီအချိန်မှာ အမတ်ကြီးတစ်ပါးစီးတဲ့ မြင်းက လန့်ပြီး တက်ပြေးတယ်။ မြင်းကို အမတ်ကြီးက ထိန်းလို့ရပုံမပေါ်ဘူး။ အမတ်ကြီးလည်း မြင်းနဲ့အတူပါသွားတယ်။

ကျွန်ုပ် ။ ဆက်ပြီး အမိန့်ရှိပါဦးဘုရား။

ဘုရင်ကြီး ။ နောက်တော့ စစ်သူကြီးရဲ့ မြင်းက လန့်ပြီး ပတ်ပစ်ရပ်ခုန်ပြီး ဟီတယ်။ ကျန်တဲ့မြင်းတွေလည်း အလားတူဖြစ်ကုန်ကြတယ်။ ကျုပ်ရဲ့မြင်းလည်း ပတ်ပစ်ရပ်ပြီး ဟီတယ်။ ကျုပ်လည်း မြင်းပေါ်ကနေ မကျအောင် မနည်းကြိုးစားနေရတယ်။ အဲဒီအချိန်မှာ ကျွဲက ကျုပ်တို့ဆီ ပြေးလာပြီး ခတ်တော့တာပဲ။ မြင်းထိန်းရတာကြောင့် ကျွဲရဲ့ရန်ကို မကာကွယ်နိုင်ကြဘူး။ ကျွဲက စစ်သားတစ်ယောက်ကို အရင်ခတ်တယ်။ အဲဒီအခါမှာ မြင်းက ထွက်ပြေးသွားတယ်။ တချို့မြင်းတွေလည်း ထွက်ပြေးကြတယ်။ ကျုပ်နဲ့ မြင်းသုံးလေးစီး ကျန်နေရစ်တယ်။ ကျန်ရစ်တဲ့ သူသုံးယောက်ကို ကျွဲက မြင်းရော လူပါ သိမ်းကျုံးခတ်တော့ မြင်းပေါ်ကလူ ခတ်မိပြီး လဲကျသွားတယ်။ နောက်ကျန်တဲ့နှစ်ယောက်ကို ဆက်ပြီးလိုက်ခတ်တယ်။ သူတို့က ထွက်ပြေးတော့ မခတ်မိဘူး။ ကျုပ်ကလည်း ထွက်ပြေးတာပါပဲ။ ဒါပေမယ့် ကျုပ်က မြင်းပေါ်ကနေ ကျနေရစ်တယ်။ အဲဒီအခါမှာ ကျွဲက ကျုပ်နဲ့ လေးငါးတောင်လောက်အကွာမှာ မခတ်တဲ့နဲ့ စိုက်ကြည့်နေတယ်။ ကျုပ်ကလည်း ကျွဲကို ခုခံဖို့ အဆင်သင့် လှံနဲ့စောင့်နေတယ်။ ကျွဲက "ညွှမ့်"လို့ တစ်ချက်အော်လိုက်ပြီး ကျုပ်ဆီအတင်းဝင်လာပြီး ဝှေ့တော့တာပါပဲ။ ကျုပ်လည်း လှံနဲ့ ကျွဲချိုကို ရိုက်ထည့်လိုက်တာ ကျိုချိုတစ်ချောင်းကျိုးသွားတယ်။ ကျွဲက ချိုကျိုးသွားပေမယ့်



www.burmeseclassic.com

www.burmeseclassic.com

အရှိန်နဲ့ဝင်လာပြီး ကျုပ်ကို သူ့ခန္ဓာကိုယ်ကြီးနဲ့ တိုက်လဲ့လိုက်တယ်။ လဲကျသွားတယ်။ ကျွဲက ကျန်တဲ့ ချိုတစ်ချောင်းနဲ့ တစ်ချက်တည်းပဲ ခတ်တယ်။ ဦးခေါင်းခတ်မိပြီး ကျုပ်ကွယ်လွန်သွားတာပါပဲ။

ကျွန်ုပ် ။ ဘုရင်ကြီးကွယ်လွန်ပြီးတဲ့နောက် ဖြစ်စဉ်တွေ မိန့်ကြားပါဦးဘုရား။

ဘုရင် ။ ကျွဲခတ်ပြီးပြီးချင်း ကျုပ်ကိုယ်ကျုပ် ကွယ်လွန်မှန်းမသိဘူး။ ကြောက်အားလန့်အားနဲ့ ထွက်ပြေးတယ်။ တော်တော်လေးဝေးတော့မှ နောက်ပြန်ကြည့်လိုက်တော့ ကျုပ်ခန္ဓာကိုယ်အနီးမှာ ကျွဲကရပ်နေတာ တွေ့ရတယ်။ အဲဒီတော့မှ သေမှန်းသိတာ။ တော်တော်လေးကြာတော့ ကျွဲလည်း ချောင်းဘက်ကို ထွက်သွားတာ မြင်လိုက်ရတယ်။ အဲဒီမှာ ကျုပ်နဲ့ စစ်သည်တစ်ယောက် ကျွဲခတ်လို့ ကွယ်လွန်ခဲ့တယ်။

ကျွန်ုပ် ။ ကွယ်လွန်တဲ့ စစ်သားကို ဘုရင်ကြီးက မြင်ရသေးသလား။

ဘုရင် ။ အလောင်းကိုပဲ မြင်ရတယ်။ တစ္ဆေအဖြစ်နဲ့ မတွေ့ရဘူး။

ကျွန်ုပ် ။ ကျန်တဲ့ ပုဂ္ဂိုလ်တွေက ဘယ်အချိန်ပြန်ရောက်လာကြသလဲ ဘုရား။

ဘုရင် ။ ကျုပ်တို့နဲ့ ကျွဲနဲ့ ဖြစ်တဲ့အချိန်က ညနေ နေဝင်ခါနီးမှာဖြစ်တော့ နောက်တစ်နေ့မနက်ကျမှ သားတော်စောလူးမင်း ဦးဆောင်တဲ့ ရဲမက်စစ်သည် ၂၀၀ လောက် ရောက်လာကြတယ်။

ကျွန်ုပ် ။ ဘုရင်ကြီးက တစ်ညလုံး အလောင်းနားမှာ နေတာလား။

ဘုရင် ။ ဟုတ်ပါတယ်။ ကျုပ်အလောင်းကိုတွေ့တော့ သားတော်စောလူးမင်းရော စစ်သည်အားလုံး ငိုကုန်ကြတယ်။ မနေ့က ကျုပ်နဲ့ပါတဲ့ စစ်သူကြီးနဲ့ စစ်သည်တချို့လည်း ပြန်ပါလာကြတယ်။ စစ်သူကြီးက ဖြစ်ပျက်ပုံ အလုံးစုံကို စောလူးမင်းကို တင်ပြလျှောက်ထားတယ်။ နောက်တော့ ကျုပ်အလောင်းကို ဆင်နဲ့တင်တယ်။

ကျွန်ုပ် ။ စောလူးမင်းက ဆင်နဲ့လာတာလား။

ဘုရင် ။ ဟုတ်တယ်။ ဆင်သုံးစီးပါလာတယ်။

ကျွန်ုပ် ။ ပုဂံနန်းတော်ရောက်တော့ မြင်ကွင်းကို မိန့်ကြားပါဦးဘုရား။

ဘုရင် ။ ပုဂံမြို့အဝင်မှာ လူအုပ်ကြီးက ကြိုနေကြတယ်။ ဘုရင်ကြီးကွယ်လွန်မှန်းသိတော့ အားလုံးယူကျုံးမရ ငိုကြတယ်။ သားတော်စောလူးမင်းရော စစ်သည်တွေပါ မျက်ရည်တွေ ကျနေကြတယ်။ မြို့ကို အရှေ့ဘက်တံခါးက ဝင်တယ်။ နန်းတော်ရှေ့ရောက်တော့ မိဖုရားတွေ၊ သားတော်၊ သမီးတော်တွေအားလုံး ငိုကြတယ်။

ကျွန်ုပ် ။ အဲဒီတုန်းက ဘုရင်မင်းမြတ်မှာ သားတော်၊ သမီးတော်တွေ ဘယ်နှပါးရှိပါသလဲ ဘုရား။

ဘုရင် ။ မိဖုရားသုံးပါး၊ သားတော်နှစ်ပါး၊ သမီးတော်ငါးပါးရှိပါတယ်။ နန်းတော်ကကြိုတဲ့ ပရိသတ်ထဲမှာ ရှင်အရဟံလည်း ကြွရောက်နေပါတယ်။ အမတ်ကြီး သုံး-လေးဦးက နန်းရင်ပြင်မှာ ထားဖို့ နေရာထိုင်ခင်း ပြင်ဆင်ကြတယ်။ တစ်ညလုံး မိဖုရားတွေ၊ သားတော်၊ သမီးတော်တွေ မှူးကြီးမတ်ရာတွေ၊ စစ်သူကြီးတွေလည်း အိမ်မပြန်ကြတော့ဘူး။ မီးတုတ်တွေ အလောင်းပတ်ဝန်းကျင်မှာရော၊ ယာယီမဏ္ဍပ်ထဲမှာပါ ထွန်းကြတယ်။ အလောင်းကို သုံးရက်ထားပြီးချိန်မှာ ကျုပ်ကို နတ်ကြီးတစ်ပါးက လာရောက်ခေါ်သွားတယ်။ ပင်လယ်ကမ်းစပ်ရောက်သွားတယ်။ ပင်လယ်ကမ်းစပ်မှာ နတ်ကြီးနဲ့ ၉ ရက် အတူနေရတယ်။ အဲဒီနောက် နတ်ကြီးက တခြားတစ်နေရာခေါ်သွားတယ်။ မြေပြင်သစ်ပင်ကြီးတစ်ပင်အောက်မှာ ဆံပင်ဖားလျားနဲ့ လူကြီးနှစ်ဦး မီးလှုံနေတဲ့ အနားရောက်သွားတယ်။ အဲဒီလူကြီးနှစ်ဦးထံ ကျုပ်ကိုအပ်ပြီး နတ်ကြီးက ပြန်သွားတယ်။

ကျွန်ုပ် ။ နတ်ကြီးက ဘယ်လိုပုံရှိပါသလဲ ဘုရား။



www.burmeseclassic.com

www.burmeseclassic.com

ဘုရင် ။ နတ်ကြီးက အနက်ရောင်နတ်ကြီးပါ။ ဥသျှောင် ဆောင်းထားတယ်။ မြင်နေကျနတ်ပုံစံပါပဲ။

ကျွန်ုပ် ။ ဆံပင်ဖားလျားနဲ့ လူကြီးနှစ်ဦးနဲ့ နေရတဲ့ အကြောင်း ဆက်မိန့်ပါဦးဘုရား။

ဘုရင် ။ လူကြီးနှစ်ဦးက သူတို့နဲ့အတူ မီးလာလှုံဖို့ ခေါ်ပါတယ်။ ကျုပ်လည်း သူတို့အနီးသွားပြီး အတူ မီးလှုံပါတယ်။ အဲဒီအချိန်မှာ သူတို့က ကြက် သားကင်တွေ စားနေကြတာ တွေ့ရတယ်။ ကျုပ်ကိုလည်း ကြက်ကင်တွေစားပါဦး ပြော တာနဲ့ ကြက်ပေါင်နှစ်ပေါင် စားလိုက်တယ်။ ကျုပ်ကြက်ပေါင်စားပြီးချိန်မှာ သူတို့ဘယ်ရောက် သွားမှန်း မသိဘူး။ နောက်တော့ ကျုပ်လည်း အဲဒီမီးပုံဘေးမှာ အိပ်ပျော်သွားတယ်။ အဲဒီမှာ ကျုပ်တစ်ယောက်တည်း သုံးရက်နေရတယ်။

ကျွန်ုပ် ။ အဲဒီတုန်းက ဘုရင်ကြီးက နတ်လား။ တစ္ဆေ လား။

ဘုရင် ။ ကိုယ့်ဟာကိုယ် နတ်လား။ တစ္ဆေလားဆိုတာ လည်း မသိပါဘူး။

ကျွန်ုပ် ။ ပင်လယ်ကမ်းစပ်မှာ နတ်ကြီးနဲ့ ၉ ရက်အတူ နေခဲ့တယ်ဆိုတော့ ဘာများပြောကြဆိုကြတာ ရှိလဲ။

ဘုရင် ။ နတ်ကြီးကလည်း ကျုပ်ကို ဘာမျှမပြောဘူး။ ကျုပ်ကလည်း နတ်ကြီးကို ဘာမျှမပြောမိဘူး။

ကျွန်ုပ် ။ အဲဒီတုန်းက ဘာစားရလဲ။

ဘုရင် ။ ကျုပ်လည်း ဘာမျှမစားရဘူး။ နတ်ကြီးလည်း ဘာမျှစားတာ မမြင်ဘူး။

ကျွန်ုပ် ။ မီးဖိုဘေးမှာ သုံးရက်နေပြီးတော့ ဘယ်ရောက် သွားလဲ။

ဘုရင်ကြီး ။ သုံးရက်နေတော့ ရသေ့ကြီးတစ်ပါး ရောက်လာ တယ်။ ရသေ့ကြီးက ယောဂီရောင်ဝတ်ထား တယ်။ ခေါက်ချာကြီးလည်း ပါတယ်။ ရသေ့ကြီး က သူနေတဲ့ကျောင်းကို ခေါ်သွားတယ်။ ကျောင်းသခ်မ်းက သူတစ်ပါးတည်းနေတာ။ သူနဲ့ကလည်း စကားမပြောဘူး။ သူနဲ့က နေ့ တစ်ဝက်လောက်ပဲ နေရတယ်။ နောက်တော့ ရသေ့ကြီးက ကျုပ်နေရမယ့် လယ်လုပ်တဲလို တဲလေးတစ်လုံးဆီ ခေါ်သွားတယ်။ ရသေ့ကြီးက တဲဆီရောက်တော့ ဒါဘုရင်မင်းမြတ်နေရမယ့် နေရာပဲဆိုပြီး ပြန်ကြွသွားတယ်။

ကျွန်ုပ် ။ အဲဒီတဲလေးမှာ ဘယ်လိုနေရထိုင်ရသလဲဆို တာ မိန့်ပါဦးဘုရား။

ဘုရင် ။ တဲထဲမှာ ဘာမျှမရှိဘူး။ ဝါးကြမ်းခင်းလေးပဲ ရှိ တယ်။ အဲဒီမှာပဲ ဝင်နေရစ်ခဲ့တယ်။ အဲဒီမှာ တစ်ယောက်တည်း လပေါင်းများစွာ နေရတယ်။

ကျွန်ုပ် ။ အဲဒီမှာ ဘယ်လိုများ စားရပါသလဲ ဘုရား။

ဘုရင် ။ အစာက ကိုယ့်ဘာသာရှာစားရတယ်။ ထန်း လျက်လိုအစာကို တောထဲမှာ ရှာစားရတယ်။ လွယ်လွယ်ကူကူ တွေ့ပါတယ်။ ထန်းလျက်လို ပဲ ချိုပါတယ်။ ဒီအစာကို လပေါင်းများစွာ စားရ ပါတယ်။ တစ်ရက်တော့ အရင်တစ်ခါလာတဲ့ နတ်ကြီးပဲ လာပြီး ခေါ်ပါတယ်။ သူက ဘုန်းကြီး ကျောင်းတစ်ကျောင်းကို ခေါ်သွားပါတယ်။ အဲဒီ ဘုန်းကြီးကျောင်းမှာနေဖို့ ပြောတယ်။ ဘုန်းကြီး ကျောင်းဆိုပေမယ့် ဘုရားရုပ်ပွား စေတီလည်း မရှိသေးပါဘူး။ တောရွာကကျောင်းပဲ ဘုန်းကြီး တစ်ပါးတည်း နေပါတယ်။ အရည်းကြီး ဘုန်း ကြီးကျောင်းတော့ မဟုတ်ဘူး။ ရွာကလည်း အိမ်ခြေ ၁၅ အိမ်လောက် ရှိပါတယ်။

ကျွန်ုပ် ။ ဘုန်းကြီးက ဘုရင်ကြီးရောက်တာ မသိဘူးလား။

ဘုရင် ။ မသိဘူး။ ကျောင်းဆိုပေမယ့် ကပ်မိုးကပ်ကာ ကျောင်းပါပဲ။ သိပ်လည်း မကျယ်ဘူး။ ကျုပ်က တော့ ကျောင်းနားက သစ်ပင်ကြီးအောက်မှာ နေပါတယ်။

ကျွန်ုပ် ။ အစာကို ဘယ်လိုစားပါသလဲ ဘုရင်ကြီး။

ဘုရင် ။ ဘုန်းကြီးဆွမ်းစားပြီးတော့ ကျန်တဲ့ဆွမ်းကို အပုံလေးတွေ ဝါးကပ်ပေါ်မှာ ပုံတယ်။ အဲဒါကို ကျုပ်က စားရတာပေါ့။

ကျွန်ုပ် ။ စားလို့ဖြစ်ရဲ့လား။



www.burmeseclassic.com

www.burmeseclassic.com

ဘုရင် ။ ထမင်းမစားရတာကြာတော့ စားရတာ အလွန် အရသာရှိတယ်။

ကျွန်ုပ် ။ အဲဒီဘုန်းကြီးကျောင်းမှာ ဘယ်လောက်ကြာအောင်နေရသလဲ။

ဘုရင် ။ အဲဒီမှာ အနှစ် ၃၀ လောက်နေတော့ ဘုန်းကြီးပျံတော်မူတယ်။ နောက်လာတဲ့ ဘုန်းကြီးနှစ်ပါးလည်း နှစ်ပေါင်း ၇၀ လောက်နေတော့ တစ်ပါးပြီးတစ်ပါး ပျံလွန်တော်မူကြတယ်။ အဲဒီနောက် လာသီတင်းသုံးတဲ့ ဘုန်းကြီးလက်ထက်မှာ ဘုန်းကြီးက ဘုရားရှိခိုး အမျှဝေတော့ အမျှဝေတာရပြီး အခုလို စတုမဟာရာဇ်နတ် ဖြစ်တာပါပဲ။

ကျွန်ုပ် ။ ဘုရင်ကြီး စတုမဟာရာဇ်နတ်ကြီးဖြစ်ပြီးတော့ ဘယ်ရောက်သွားပါသလဲ။

ဘုရင် ။ ဘုန်းကြီးကျောင်းက နတ်ဖြစ်ပြီး ကျောက်ဆည်နယ်က ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ သွားနေရတယ်။ ကျုပ်ဘာသာသွားနေတာပါ။

ကျွန်ုပ် ။ တစ္ဆေဘဝသွားရတာနဲ့ စတုမဟာရာဇ်နတ်အဖြစ် သွားရတာ ဘာကွာခြားမှုရှိပါသလဲဘုရား။

ဘုရင် ။ တစ္ဆေဘဝသွားရတာနဲ့ စတုမဟာရာဇ်နတ်အဖြစ်သွားရတာ အလွန်ကွာခြားပါတယ်။ တစ္ဆေဘဝသွားရတာက လူတွေသွားသလို ခြေလျင်သွားရတာပါ။ နတ်ဘဝသွားရတာက ကိုယ်သွားချင်တဲ့နေရာကို စိတ်ဆန္ဒပြုလိုက်ရုံနဲ့ ချက်ချင်းရောက်သွားတာပါ။

ကျွန်ုပ် ။ ကျောက်ဆည်ကနေ ဘယ်ရောက်သွားသေးလဲဘုရား။

ဘုရင် ။ ကျောက်ဆည်ကနေ ပုဂံရွှေစည်းခုံဘုရားမှာ ပြောင်းနေပါတယ်။ ရွှေစည်းခုံ ကျုပ်ရောက်တော့ ပုဂံပြည်က ပျက်သွားပြီ။ အင်းဝခေတ်ရောက်နေပါပြီ။ ယခု နန်းတော်ဟောင်းနေရာကို ရောက်တာက နှစ်ပေါင်း ၂၀၀ လောက်ရှိပါပြီ။

ကျွန်ုပ် ။ ဘုရင်မင်းမြတ် ဒီနေ့ ကျွန်တော့်ဆီကြွလာတဲ့ ရည်ရွယ်ချက်ကိုလည်း အမိန့်ရှိပါဦးဘုရား။

ဘုရင် ။ အခု ကျုပ်နေတဲ့ နန်းတော်ဟောင်းနေရာကို သူတို့တူးနေကြတယ်။ အဲဒါ ဆက်ပြီးမတူးစေချင်ဘူး။ အဲဒါပြောပေးစေချင်တယ်။

ကျွန်ုပ် ။ တပည့်တော် သင့်လျော်တဲ့နည်းနဲ့ သက်ဆိုင်ရာကို တင်ပြပေးပါမည်ဘုရား။ အခု ဘုရင်ကြီးက တစ်ပါးတည်းနေတာလား ဘုရား။

ဘုရင်ကြီး ။ ကျွန်ုပ်ရဲ့ မိဖုရားကြီး စောဥမ္မာနဲ့ အတူနေပါတယ်။

ကျွန်ုပ် ။ စောဥမ္မာမိဖုရားက စောလူးမင်းရဲ့ မိခင်ပါလားဘုရား။

ဘုရင်ကြီး ။ ဟုတ်ပါတယ်။

ကျွန်ုပ် ။ ဘုရင်ကြီး နတ်ဘဝက ကျွတ်ချင်ပါသလားဘုရား။ တပည့်တော်ပြုခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေကို အမျှဝေပေးပါမည်ဘုရား။

ဘုရင်ကြီး ။ အမျှဝေတာ မယူချင်သေးဘူး။

ကျွန်ုပ် ။ ဘုရင်ကြီးက နန်းတော်ကြီးအောက်က တစ်စုံတစ်ရာကို စောင့်ရှောက်နေပုံရတယ်။ ဟုတ်ပါသလားဘုရား။

ဘုရင်ကြီး ။ ဟုတ်ပါတယ်။

ကျွန်ုပ် ။ အဲဒီပစ္စည်းက ဘာပစ္စည်းဆိုတာ ပြောနိုင်မည်လားဘုရား။

ဘုရင်ကြီး ။ မပြောနိုင်ပါဘူး။ ဒီပစ္စည်းက ကျုပ်အတွက် အလွန်အရေးကြီးတဲ့ ပစ္စည်းဖြစ်တယ်။

ဘုရင်ကြီးလည်း ပြန်ကြွသွားပါပြီ။ အခုလို အနော်ရထာ ဘုရင်ကြီးနဲ့ ဆွေးနွေးလိုက်ရလို့ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ကျွန်တော် နေ့လယ်ပိုင်း သောက်နေကျ လက်ဖက်ရည်လည်း မေ့သွားပါတယ်။ အနော်ရထာဘုရင်ကြီး ဘာပစ္စည်းကိုများ ကာကွယ်စောင့်ရှောက်နေပါလိမ့်…။

သတ္တဝါများ ကျန်းမာ၊ ချမ်းသာကြပါစေ…။

ဆရာဝင်း(သာကီနွယ်)



www.burmeseclassic.com

www.burmeseclassic.com

# သစ်ပင်လဲအောင် ဖြတ်သော်လည်း

နတ်ထီးလှိုင်

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ နတ်ကြီး-ဖာပွန်သွားကားလမ်းဘေးရှိ မဲလံဆံတော်သွားသော လမ်းမပေါ်ရှိ ရွာငယ်လေး(ပြင်သာရွာ)တွင် ဖြစ်ခဲ့ပါသည်။ လွန်ခဲ့သော ၁၅ နှစ်ကျော်ခန့်က ရွာထိပ် သုသာန်ဇရပ်အနီးရှိ ဘန့်ပွေးပင်ကြီးကို လူနှစ်ဦး လက်ဆွဲလွှဖြင့် ဖြတ်ကြပါသည်။ (ထိုလူနှစ်ဦး မသေသေးပါ။)

၎င်းဘန့်ပွေးပင်ကြီးကို ထင်းတိုက်ရန် လှဲကြပါသည်။ ကျောက်ခင်းလမ်းမကြီးဘေးတွင် ရှိသောကြောင့် လှည်းပေါ်တင်ရန် လွယ်သောကြောင့်ဖြစ်သည်။ နာရီဝက်ခန့်ကြာသော် သစ်ပင်လုံးတစ်ဝက်အထိ ရောက်အောင် လွှဝင်သွားပါပြီ။ သစ်ကိုင်း၊ သစ်ရွက်များ တစ်ချက်မျှမလှုပ်ရှားကြပါ။

အခြားတစ်ဖက်မှ လွှတည်ပြီး လူနှစ်ဦး ထပ်ဆွဲကြပြန်သည်။ နာရီဝက်ကျော်ကြာသောအခါ အခြားဘက်မှ လွှလမ်းကြောင်းနှင့် ထိသွားပါပြီ။ ဘန့်ပွေးပင်လုံးပတ်မှာ လူတစ်ဖက်ခန့်သာ ရှိပါသည်။ လုံးဝမလှုပ်ရှားဘဲ တည်နေပါသည်။ သို့နှင့် ပုဆိန်ဖြင့် ပါးဟက်ခုတ်ပါသည်။ ဟိုဘက်ဒီဘက် တိုးလျှိုပေါက်အောင် ပေါင်းလောင်းမြင်နေရပါပြီ။ ဘန့်ပွေးပင်ကြီးမှာ မတ်စောက်တည့်မတ်စွာ ရှိနေမြဲ။

ထို့ကြောင့် ဖြတ်သူနှစ်ဦးနှင့် လှည်းမောင်းတစ်ဦး ရွာပြန်ပြီး လူခေါ်ကြရပါသည်။ လမ်းသွားလမ်းလာများလည်း မြင်ကြရပါသည်။ အံ့သြဖွယ်ရာ ဖြစ်ကြပြီး ရင်သပ်ရှုမောရှိနေခဲ့ကြရ၏။ ယခုအခါ လူသုံးဖက်ခန့်ရှိနေသော ဘန့်ပွေးပင်ကြီး၏လွှဖြတ်ကြောင်းနှင့် ပုဆိန်ခုတ်ရာများမှာ အဖေးတက်ပြီး ပြန်ဆက်စပ်သွားပါပြီ။ သုသာန်ဇရပ်လည်း အသစ်ဖြစ်နေပါပြီ။

ကျိုက်ထီးဆောင်းဆရာတော်ကြီး၏ မယ်တော် (အမေ) ဆောက်လှူခဲ့သော ဇရပ်ဖြစ်ပါသည်။ ဟောင်းနွမ်းပျက်စီးခဲ့၍ ဆရာတော်ကြီးက ပြန်ပြင်ဆင်စေခဲ့ပါသည်။

၎င်းကဲ့သို့ သစ်ပင်ကြီးများကို မှီတည်ပြီး ဗိမာန်နှင့်နေသော ရက္ခဒေဝါများစွာ ရှိပါသည်။ ဘုမ္မာဒေဝါဟု ဆိုကြပါသည်။ အာဋာဝက စသော နတ်ဘီလူးများလည်း ၎င်းအမျိုးအစားထဲတွင် ပါဝင်ကြပါသည်။ ၎င်းယက္ခနတ်မျိုးဖြစ်စေ၊ ကုမ္ဘဏ်နတ်မျိုး၊ ဂန္ဓဗ္ဗနတ်မျိုး၊ ဂဠုန်နတ်များ၏ ဗိမာန်တို့သည် သစ်ပင်ကြီးများကို အမှီပြုပြီး ရှိနေတတ်ပါသည်။

ဇာတက ၅၅၀ ဇာတ်များတွင် အများအပြားတွေ့နိုင်ပါသည်။ ဆိုချင်သည်မှာ ၎င်းဘန့်ပွေးပင်ကို မှီပြီးဖြစ်နေသော ဗိမာန်ရှင် နတ်မှာ အာဋာဝကကဲ့သို့ သောတာပန်တည်နေသောကြောင့် ၎င်းဗိမာန်ကို ဖျက်ဆီးသူများကို ရန်မရှာခဲ့ပါ။ အကယ်၍သာ ၎င်းနတ်သည် ပုထုဇဉ်အန္ဓဗာလ ဥမ္မတ္တက ဖြစ်နေပါလျှင် အပင်မပြတ်ခင်ပင် ၎င်းလူများ သေဆုံးကုန်မည် ဖြစ်ပါသည်။

ထို့ကြောင့် သစ်ပင်များမလှဲခင်တွင် တစ်ပတ်ခန့်ကြိုတင်ပြောကြားထားသင့်သည်။ အမိန့်ပြန်တမ်းရွှတ်သင့်သည်။ သင်းသတ်ထားသင့်သည်။ သင်းသတ်သည်ဆိုသည်မှာ သစ်ခေါက်များကို ပတ်လည်ခုတ်ခွာထားရခြင်း ဖြစ်သည်။ လှဲပြီးသစ်ပင် လဲသွားလျှင်လည်း သစ်ငုတ်ပေါ်တွင် ခဲတစ်လုံးတင်ပေးထားရပါမည်။ သစ်ပင်ဗိမာန်မရှိတော့ကြောင်း ဥပါဒါန်ဖြင့် စွဲလမ်းခြင်းမျိုး မဖြစ်နေစေရန် ဖြစ်ပါသည်။

ဝိနည်းဥပဒေနှင့် ပတ်သက်သော ဝိနိတဝတ္ထုတစ်ခုတွင် ရဟန်းတစ်ပါး သစ်ပင်မခုတ်လှဲရန် နတ်သမီးက သားကိုပြရာ ရဟန်းခုတ်လိုက်၍ လက်ပြတ်သွားကြောင်း၊ ၎င်းရဟန်းကို သတ်ချင်ကြောင်း မြတ်စွာဘုရားထံ သွားလျှောက်ကြောင်း၊ မြတ်စွာဘုရားက တရားဟောကြား၍ နတ်သမီးသောတာပန်တည် အရိယာဖြစ်သွားကြောင်း ပါရှိ၏။

ရဟန်းများ သစ်ပင်မခုတ်လှဲကောင်းသော်လည်း လူများကား ခုတ်လှဲနိုင်သည်ပင်။ ခုတ်လှဲခါနီးတွင် ပြုသင့်၊ ပြောသင့်သည်များ ပြုရန်၊ ပြောရန်တော့ လိုအပ်ပါသည်။ အရေးကြီးပါသည်။ အသက်အန္တရာယ်ရှိကြောင်း အထူးဂရုပြုသင့်ကြောင်း သိရှိနိုင်ရန် တင်ပြပါသည်။

မြဲပဉ္စမိရ်များဖြင့် . . .

နတ်ထီးလှိုင်



www.burmeseclassic.com

www.burmeseclassic.com

# ပေးကားပေးသော်လည်း
# နေပုည




ပန်းချီ စံလှမောင်

၁၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံအားနယ်ချဲ့ အင်္ဂလိပ်တို့အုပ်စိုးနေစဉ်ကာလ၊ ပဲခူးခရိုင်အတွင်း၌အုတ်ဖိုရွာကလေးမှာ သာယာစည်ပင် အေးချမ်းသောရွာ ကလေးတစ် ရွာဖြစ်၏၊ ရွာသူရွာသားအားလုံးမှာ တောင်သူလယ်လုပ် ဓမ္မခုတ်ဟူသည့် စကားအတိုင်း လယ်ယာစိုက်ပျိုးခြင်း သီးနှံစိုက်ပျိုးခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးမှုရှိသည်၊ အိမ်ခြေ ၅၀၀ ခန့်ရှိ သောရွာကလေးတွင် ဦးသြဘာကား ရွာမျက်ဖုံးတစ်ဦးဖြစ်၏၊ဘိုးစဉ်ဘောင်ဆက်ကြွယ်ဝချမ်းသာသူတစ်ဦးပင်၊ ရွာနီး ချုပ်စပ်တွင် သူပိုင်လယ်မြေများက လက်ညှိုးထိုးမလွဲရှိနေ၏၊ လယ်များအား သီးစားချထားသော်လည်း လယ်ဧက ၂၀ ခန့်ကိုမူ သားဖြစ်သူ မောင်ဥက္ကာအား ဦးစီး၍ လုပ်စေသည်၊ တစ်ရွာလုံး ဗမာဗုဒ္ဓဘာသာဝင်များသာ ဖြစ်၏၊



www.burmeseclassic.com

www.burmeseclassic.com

သူဌေးကြီး ဦးညြဘာ-ဒေါ်နှင်းဖြူတို့မှာသားသမီးသုံးဦး ထွန်းကားရာတွင် မောင်ဥက္ကာမှာ အလယ်လူဖြစ်ပြီး သမီးကြီး မသူဇာနှင့် သမီးငယ် မမာလာတို့အပါအဝင်မိသားစုငါးဦး ရွာလယ်တွင် အိမ်ကြီးရခိုင်ဖြင့် သိုက်သိုက်ဝန်းဝန်းနေ၏၊ ဘိုးစဉ်ဘောင်ဆက် လက်ဆင့်ကမ်းလာသောအမွေများအပြင် ဦးညြဘာလက်ထက်တွင် စီမံခန့်ခွဲမှုကောင်းခြင်း၊ လာဘ်မြင်ခြင်းတို့ကြောင့်လည်းကောင်း၊ ဒေါ်နှင်းဖြူ၏အထိမ်းအကွပ်ကောင်းမွန်မှုကြောင့် စီပွားရေးက ဒီရေအလား တိုးပွားကာ ရှိုးပြီးရင်းရှိ ဖြစ်နေသည်၊

မရှိလို့မလှူ မလှူလို့မရှိ မဖြစ်ရလေအောင် ဦးညြဘာတို့ မိသားစုမှာအလှူအတန်း ရက်ရော၏၊ အပေးအကမ်းလည်း မတွန့်တိုသူများ ဖြစ်သည်၊ ပေးသင့်သူကိုပေး၏၊ ကျွေးသင့်သူအား ကျွေး၏၊ အုတ်ဖိုတစ်ရွာလုံးကလည်း သားချင်းကင်းသူဟု မရှိသလောက်ပင်၊ ဦးညြဘာကား မှီးချစ်စိတ် ပြင်းထန်သူ ဖြစ်၏၊ နယ်ချဲ့ကိုလိုနီ၏လက်အောက်ခံဘဝသို့ ရောက်ရှိနေခြင်းအတွက်အံ့တကြိတ်ကြိတ် ဖြစ်နေရှာသူ ဖြစ်၏၊ အသက်၇၀ နားနီးနေသောအဘိုးအိုတစ်ဦးအနေနှင့် နယ်ချဲ့ကို တော်လှန်ရန် အင်အားကား ချိနဲ့နေပြီဖြစ်သောကြောင့် အံကြိတ်တောက်ခေါက်နေရုံမှတစ်ပါး သူမတတ်နိုင်ခဲ့၊

x x

သာယာဝတီနယ်တွင် ဂဠုန်ဆရာစံဦးဆောင်သောလယ်သမားအရေးတော်ပုံ တပ်ဖွဲ့ပေါ်ပေါက်လာသောအခါ အုတ်ဖိုရွာမှလူငယ်လူရွယ်များ ဂဠုန်တပ်ဖွဲ့သို့ဝင်ရောက်သွားကြသည်၊ ထိုအခါအသက်၂၀ ခွင်းနေပြီဖြစ်သော မောင်ဥက္ကာသည်လည်း အဖေ့သွေးပီပီ ဖခင်ဖြစ်သူ ဦးညြဘာထံ ဂဠုန်တပ်တို့ ဝင်ရောက်ခွင့်ပြုရန် အရေးဆိုတော့၏၊

"အဘ . . . ကျွန်တော်တို့ရွာက လူငယ်တော်တော်များများက ရရာလက်နက်ကိုင်ဆွဲပြီး ဆရာစံရဲ့တပ်ကို ဝင်သွားကြပြီ ကျွန်တော်လည်း သူ့ကျွန်ဘဝမှာ မနေလိုဘူး အဘရယ် . . သူ့ကျွန်ဘဝနေရတာထက် သေရတာမှမြတ်သေးတယ်မဟုတ်လား အဘ၊ ဒီတော့ကျွန်တော့်ကို နယ်ချဲ့တော်လှန်ရေးတပ်ထဲဝင်ခွင့်ပြုပါ"

မောင်ဥက္ကာ၏ စကားကြောင့်ဦးညြဘာနှစ်နှစ်ခြိုက်ခြိုက်ကြီးပြုံးလိုက်ပြီး . . .

"ဒါမှ ငါ့သားကွ . . လူလေးရဲ့ စိတ်ဓါတ်ကိုသိလိုက်ရတဲ့အတွက်အဘ အရမ်းဝမ်းသာတယ်သားရယ်၊ အဘတောင် အိုမင်းမစွမ်းဖြစ်နေလို့ အရွယ်ကောင်းသာဆိုရင် . . ဂဠုန်ဆရာစံရဲ့ တပ်ဖွဲ့ထဲကို ရောက်နေပြီ"

ဟုပြောလိုက်၏

"ဒါဆို . . အဘ၊ ကျွန်တော့်ကို ဆရာစံတပ်ထဲဝင်ဖို့ ခွင့်ပြုတယ်ပေါ့"

မောင်ဥက္ကာက အားတက်သရော ပြောလိုက်၏၊ မောင်ဥက္ကာစကားကြောင့် ဦးညြဘာ ခဏတစ်ချက်တွေသွား၏၊ ပြီးမှ . .

"အိမ်း . . . ထိုးကျိုးစည်ပေါက် ကျွန်သဘောက်ဘဝမှာနေရတာထက် သေရတာ မြတ်မှန်း အဘသိတယ် လူလေး၊ ဆရာစံတပ်ထဲဝင်တာကို တားမှာမဟုတ်ဘူး၊ ဒါပေမယ့် လူလေးစဉ်းစားရမယ့် အချက်တစ်ချက်ရှိတယ်၊ အဘနဲ့မင်းအမ(အမေ)တို့ မီးဇာကုန်ဆီခမ်းအရွယ်ရောက်နေပြီ၊ ဘယ်နေ့သေမယ်ဆိုတာမပြောနိုင်ဘူး၊ မင်း အမ(အမေ)ဆိုလဲ တရှောင်ရှောင်ဖြစ်နေတာ. . လူလေးအမြင်ပဲ၊ အဘရဲ့ခန္ဓာကိုယ်ကြီးကလည်း ဟိုကချို့ယွင်း၊ ဒီက နာနဲ့ မတ်တတ်နာဘဝရောက်နေပြီ၊ အဘတို့က သေမင်း ခံတွင်းဝရောက်နေလို့ထားပါ၊ လူလေးရဲ့အမနဲ့ညီမအတွက် စဉ်းစားရမှာ၊ သမီးအကြီးမက ခုမှ ၂၃နှစ်၊ သမီးငယ်က ၁၈နှစ်၊ အဘတို့တလည်း မရှိတော့တဲ့အခါ၊ မင်းကလည်း မရှိခဲ့ရင် သူတို့နှစ်ယောက်ကို ဘယ်သူ စောင့်ရှောက်မလဲ၊ ခေတ်ကာလကြီးက ကောင်းတာမဟုတ်ဘူးဆိုတာတော့ အဘ အထူးပြောနေစရာမလိုပါဘူး၊ ဒီတော့ လူလေး ဂဠုန်တပ်ထဲဝင်တာကို အဘကန့်လည်း မကန့်ကွက်ဘူး၊ တိုက်လည်းမတိုက်တွန်းဘူး၊ လူလေးလည်းအသက် နှစ်ဆယ်ကျော်စပြုပြီပဲ၊ စဉ်းစားဝေဖန် နိုင်းချင့်နိုင်တဲ့အရွယ် ရောက်ပြီဆိုတော့ လူလေးဆ



www.burmeseclassic.com

www.burmeseclassic.com

အတိုင်း ဆုံးဖြတ်ပါ၊ အဘလက်ခံပါတယ်"

ဦးဩဘာသည် ရှည်ရှည်လျားလျားပြောလိုက်ရ၍ အာခြောက်သွားသဖြင့် အဖန်ရည်တစ်ခွက်ငှဲ့ကာ တဖူးဖူးမှုတ်၍ သောက်နေလေတော့၏၊

မောင်ဥက္ကာသည် ဖခင်ပြောသော စကားကြောင့် ငိုင်တွေတွေဖြစ်သွား၏၊ သူ၏မျက်ဝန်းအိမ်တွင် လှပကြော့ရှင်းအပြစ်ကင်းသည့် အစ်မဖြစ်သူ၏ရုပ်သွင်နှင့် နုနယ်ဖျိုမြစ်ချစ်ဖွယ် ညီမငယ်၏ရုပ်သွင်ကထင်ဟပ်လာသည်၊ ဖခင်ပြောသော စကားမှာလည်း မှန်ကန်နေသည်၊ ထို့ကြောင့်ဖြစ်ချင်သည်နှင့် ဖြစ်သင့်သည့်အနေထားနှစ်မှုကြားမှာများကာ ချီတုံချတုံဖြစ်နေသည်၊ ဤသည်ကိုကြည့်ကာ ဦးဩဘာသည် ဝေခွဲရခက်နေသော သားတော်မောင်ကို ကြည့်ပြီး . . .

"လူလေး . . ငါ့သားမင်းအဘစကားကြောင့် တွေဝေသွားပြီမဟုတ်လား၊ အဘက လူလေးကိုကိုယ်ပိုင်ဆုံးဖြတ်ခွင့်ပေးထားတာပဲ လူလေး ဘယ်လိုဆုံးဖြတ် . . ဆုံးဖြတ် အဘ ကျေနပ်တယ်၊ အေး . . ဒါပေမယ့် ဆန္ဒနဲ့ဖြစ်သင့်တာဘယ်ဟာကိုရွေးမလဲ၊ အမှန်ကန်ဆုံးကို ရွေးချယ်နိုင်မှ လူတော်ဖြစ်မှာလူလေး၊ အဲဒါတော့ လူလေး နားလည်စေချင်တယ်၊ နယ်ချဲ့အင်္ဂလိပ်ကို လက်နက်စွဲကိုင်တော်လှန်မှ တော်လှန်ရေးလုပ်တာ မဟုတ်ဘူး အဘဂျွန်တပ်ဖွဲ့ စတင်လူအင်အားစုဆောင်းကတည်းက အဘတော်လှန်ရေးမှာပါခဲ့တာပါကွာ"

"ဗျာ"

ဦးဩဘာစကားကြောင့် သားဖြစ်သူ မောင်ဥက္ကာ၏နှုတ်မှုားက အံ့ဩတကြီးအာမေဋိတ်သံထွက်လာသည်၊

"ဟုတ်တယ်လူလေး . . ဆရာစံတို့ဂျွန်တပ်ဖွဲ့ သူပုန်ထဝင်ဖို့ လူသူစတင်စုဆောင်းတဲ့အချိန်မှာ သာယာဝတီနယ်က အဘမိတ်ဆွေကြီး ကိုဒီပဆီက အထောက်တော်တွေ အဘဆီရောက်လာပြီး ကိုဒီပရဲ့စာကပေးတယ်၊ အကြောင်းရင်းကတော့ ဆရာစံရဲ့ဂျွန်တပ်ဖွဲ့ရေးအတွက် အကူအညီပေးဖို့ပဲကွာ၊ သူ့စာရရချင်းပဲအဘက ဘ တပ်စွမ်းသရွေ့ အကူအညီပေးမယ်လို့ကတိပြန်ကြားလွှာပေးလိုက်တယ်၊အဲဒီတည်းက ဆရာစံတပ်ဖွဲ့အတွက် အုတ်ဖိုရွာရဲ့ရိက္ခာထောက်တာဝန် ကိုယူခဲ့တာ ခုအချိန်ထိပဲလူလေး၊ လူလေးလုပ်နေတဲ့လယ် ဧက ၂၀ ကထွက်တဲ့ စပါးအားလုံးကို အဘရိက္ခာထောက်ခဲ့တယ်၊ လူလေးရဲ့လုပ်အားတွေ၊ ချွေးတွေဟာ တော်လှန်ရေးထဲပါနေပြီကွာ၊ လူလေး လူပျိုဖြစ်ပြီး ဆရာတော်ကျောင်းမှာ အရေးအဖတ်၊ အတွက်အချက်သင်ရိုးပြီးကတည်းက အဘ လူလေးကိုလယ်ယာ လုပ်ငန်းခွင် ဝင်ခိုင်းခဲ့တယ်၊ ဒါက လူလေးအနေနဲ့လယ်ယာ လုပ်ငန်းကိုကျွမ်းကျွမ်းကျင်ကျင် လုပ်တတ်ကိုင်တတ်အောင်ပါ၊ အဘတို့စည်းစိမ်ဥစ္စာတွေဟာ လူလေးတို့ မောင်နှမ တစ်သက်စားလို့မကုန်ပါဘူး၊ လူလေးကိုခိုင်းရတာကလည်း လုပ်ငန်းကို ဦးဆောင်နိုင်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်၊ လူလေးရဲ့လယ်ဧက ၂၀ ကရရှိတဲ့အကျိုးအမြတ်အားလုံးကို အမျိုး၊ ဘာသာ၊ သာသနာအတွက် လှူဒါန်းပေးတမ်းမယ်ဆိုတဲ့ ရည်ရွယ်ချက်လူလေးရဲ့လုပ်အားဒါနပေါ့ကွာ၊ ဟိုအရင်ကတော့ဘာသာ၊ သာသနာအတွက် နှစ်စဉ်လှူခဲ့တာလူလေး အသိပဲ၊ ခုနှစ်ပိုင်းမှာတော့ တို့လူမျိုးတွေ လွတ်လပ်ရေးအတွက် အမျိုးအတွက် သုံးခဲ့တယ်၊ တို့ရွာသားတွေကို ချစ်တီး ကုလားတွေကုပ်သွေးမစုတ်နိုင်အောင် သူကြီးနဲ့တိုင်ပင်ပြီး အကူအညီလိုတဲ့ရွာသူရွာသားတွေကို ကူညီခဲ့လို့ ချစ်တီးတွေ တို့ရွာမှာခြေမချနိုင်ခဲ့ဘူး၊ ဒါတွေဟာတော်လှန်ရေးလုပ်နေတာပဲပေါ့၊ အဲဒီတော့လူလေး ဂျွန်တပ်ဖွဲ့ထဲဝင်ဖို့ကိစ္စကို လေးလေးနက်နက် စဉ်းစားဆုံးဖြတ်ပြီး လူလေး စိတ်တိုင်းကျသာ ချက်ဆောင်ပေတော့၊ အဘကိုဆရာတော်ခေါ်ထားလို့ ရွာဦးကျောင်းသွားဦးမယ်"

ဦးဩဘာသည်သားဖြစ်သူရှည်လျားစွာပြောဆိုပြီးနောက် ထိုင်ရာမှထကာ အိမ်မှထွက်သွားလေတော့၏၊

x x

မောင်ဥက္ကာသည်ဆုံးဖြတ်ချက်တစ်ရပ်အား နိုင်နိုင်မာမာချလိုက်နိုင်ပြီဖြစ်၏၊ မြန်ချင်သည်နှင့် ဖြစ်သင့်သည်ကို



www.burmeseclassic.com

www.burmeseclassic.com

ပိုင်းခြားဝေဖန်နိုင်စွမ်းရှိသည် မဟုတ်ပါလား။ သူ၏ဆုံးဖြတ်ချက်ကို ဖခင်ဖြစ်သူဦးဩဘာအား အသိပေးလိုက်သည်။

"အဘ.. ကျွန်တော် အဘနဲ့ အမ (အမေ)ကိုပြုစုရင်း မမနဲ့ညီမလေး ကို စောင့်ရှောက်ပြီး လွတ်လပ်ရေးမရမခြင်းလက်နက်မကိုင်ဘဲ တော်လှန်ရေး လုပ်သွားမယ်လို့ ဆုံးဖြတ်လိုက်ပြီ အဘ"

မောင်ဥက္ကာ၏ စကားကြောင့်ဦးဩဘာ နှစ်နှစ်ခြိုက်ခြိုက်ကြီး ပြုံးလိုက်ပြီး..

"လူလေး.. ဘယ်လိုပဲ ဆုံးဖြတ် ဆုံးဖြတ်.. အဘ ကျေနပ်တယ်လို့ပြောပြီးသားပါ။ လူလေးရဲ့ ဆုံးဖြတ်ချက်က အဘတို့မိသားစုအတွက် သားရွှေအိုးထမ်းလာတဲ့ကိန်းပါဘဲ။ အဲဒီတော့.. တော်လှန်ရေးအတွက် သားရဲ့လယ်ဧကတွေကို အထွက်တိုးနိုင်သမျှ တိုးအောင်ကြိုးစားဝီရိယထုတ်ရင်း တိုက်ပွဲဝင်တော့ လူလေး"

"ဟုတ်ကဲ့.. သားကိုယ်စွမ်း ဉာဏ်စွမ်းရှိသလောက် အစွမ်းကုန် ကြိုးစားပါ့မယ် အဘ"

"အေး ..အေး.. ကောင်းပါလေ့ကွာ။သာယာဝတီက ကိုဒီပရဲ့ အထောက်တော်တွေလည်း ရောက်မလာသေးဘူးသားရဲ့၊ အဘကြားနေတဲ့သတင်းတွေအရကတော့ အခြေ အနေသိပ်မကောင်းဘူးလူ့ဘူး။မီးပေါက်သေနတ်တွေကို ငှက်ကြီးတောင်ဓါးက ဘယ်ယှဉ်နိုင်မလဲ။ ဒါပေမဲ့ မီးပေါက်သေနတ်တွေ ကိုင်ထားတဲ့ကုလားဖြူတွေကို ဓါးနဲ့ဝင်ခုတ်ရဲတာက ဗမာ့သတ္တိကွ။ ကုလားဖြူတွေ ထိုးစစ်ဆင်လာလို့ ဂဠုန်တပ်ဖွဲ့လည်း ကစဉ့်ကလျားနဲ့ရှမ်းပြည်ဘက်ရှောင်သွားတယ်လို့ သတင်းရတယ်။ ဘာပဲဖြစ်ဖြစ်အထောက်တော်တွေရောက်လာတာနဲ့အဘတို့ ကူညီထောက်ပံ့နိုင်အောင် ကြိုးစားထား လူလေး"

ဦးဩဘာနှင့်မောင်ဥက္ကာတို့သားအဖသည် ဦးဒီပထံမှ အထောက်တော်များ ရောက်လာသည်နှင့် ရိက္ခာထောက်ခြင်း၊ သတင်းပေးခြင်း၊လူအင်အားစုဆောင်းပေးခြင်းစသည့် တော်လှန်ရေးလုပ်ငန်းများကို သိုသိုသိပ်သိပ်ဆောင်ရွက်ပေးကြသည်။ လူငယ်ဖြစ်သော မောင်ဥက္ကာ၏ စွမ်းဆောင်ချက်များက ဂဠုန်တပ်ဖွဲ့အတွက် လွန်စွာအကျိုးများစေခဲ့သည်။

ဤသို့ မြေအောက်တော်လှန်ရေးလုပ်ငန်းကို သားအဖနှစ်ဦးဆောင်ရွက်နေချိန်တွင် လူကြီးရောဂါဖြင့်တရှောင်ရှောင်ဖြစ်နေသော မိခင်ကြီး ဒေါ်နှင်းဖြူမှာ ကွယ်လွန်၏။ ဦးဩဘာမှာ ဇနီးသည် ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြေကွဲ ယူကြုံးမရကြီးစွာဖြစ်ရ၏။ သို့သော် သားသမီးများ စိတ်အားငယ်ကြမည်စိုးသောကြောင့် သူ၏အပူရှပ်ကိုထုတ်မပြခဲ့၊ သူ၏ နှလုံးသည်းပွတ်အား လောင်ကျွမ်းနေသည် ပရိဒေဝမီးကို အံကြိတ်ရင်ဆိုင်ရင်း သားသမီးများ ကွယ်ရာတွင်သာ ကြိတ်ငိုခဲ့ရသည်။ အပူရှပ်ကို ဟန်လုပ်ပြုံးရင်း သားသမီးများကို အားပေးခဲ့ရသည်။

x x

ဒေါ်နှင်းဖြူ လလဲဆွမ်းသွတ်အပြီး နောက်တစ်နေ့ညဘက်တွင် ဦးဩဘာသည် သားသမီး သုံးယောက်အား သူ၏ရှေ့သို့ ခေါ်ယူလိုက်၏။ မောင်ဥက္ကာတို့..

"လူလေး.. ဗိုင်းတံခါးပိတ်ပြီးပြီလား၊ မပိတ်ရသေးရင် သေသေချာချာသွားပိတ်လိုက်"

ဟု ခိုင်းလိုက်သောအခါ မောင်ဥက္ကာက..

"အား.. ဗိုင်းတံခါးကော အိမ်မကြီးတံခါးပါ သေသေချာချာပိတ်ပြီးပါပြီ အဘ"

ဟုဖြေလိုက်၏။ သမီးကြီး မသူဇာက..

"အဘ သမီးတို့ညီအမနဲ့ မောင်လေးကိုခေါ်တာ ကိစ္စရှိလို့လားဟင် အဘ"

ဦးဩဘာသည် ငှဲ့ထားသော အဖန်ရေခွက်ကို မော့သောက်လိုက်ပြီးမှ..

"အေး.. ပြောစရာစကားတွေ အများကြီးရှိတာပေါ့၊ သမီးတို့အမ ဆုံးပါးသွားတာ တစ်လနဲ့တစ်ရက်ရှိသွားပြီ၊သမီးတို့အမက ခုအဘပြောမယ့် ကိစ္စတွေကို ပြောသွားမှာမဟုတ်ဘူးဆိုတာအဘသိတယ်၊ အဘကျန်းမာရေးကလည်းချူချာ လာပြီ၊အဘတို့မှာ အားကိုးစရာ ဗိန္ဒောဆရာကြီး ဦးလှရဲ့ တိုင်းရင်းဆေးတွေပဲ ရှိတယ်၊ ခု.. အဘနည်းနည်းလေး



www.burmeseclassic.com

www.burmeseclassic.com

လှုပ်လှုပ်ရှားရှားလုပ်လိုက်ရင် မောမောလာတယ်၊ ဒါပေမယ့် သားတို့ သမီးတို့ မစိုးရိမ်ပါနဲ့၊ အဘ ဆရာလုရဲ့ အပူငြိမ်းသည်း ဆေးစားနေတာ၊ တော်တော်ကြီးသက်သာပါတယ်၊သို့သော်လည်းပဲ. . တို့ဗမာစကားမှာ ရှိတယ်မဟုတ်လား၊ ကွေးသောလက်မဆန့်မီ၊ ဆန့်သောလက်မကွေးမီ ဆိုတဲ့စကား၊ ဘုရားရှင်ကလွဲလို့ဘယ်သူမှ အနာဂတ်ကို မမျှော်မှန်းနိုင်ဘူး၊ ဒီတော့ သမီးတို့ သိသင့် သိထိုက်တဲ့အရာကို အဘပြောမယ်၊ ပြလည်းပြမယ်"

ဦးဩဘာသည်စကားစကိုဖြတ်လိုက်ပြီးရေးနွေးကြမ်းတစ်ခွက်ကိုငှဲ့လိုက်ပြန်၏၊သမီးကြီးမသူဇာက. .

"အဘရယ်. . ဘာဖြစ်လို့ နိမိတ်မရှိနမာမရှိ စကားတွေပြောနေရတာလဲ. . အဘက ကျန်းကျန်းမာမာကြီး ရှိနေတာကို"

ဟူသော အပြောကို ဦးဩဘာက . .

"မဟုတ်သေးဘူး သမီးကြီး၊အဘလှုပ်လှုပ်ရှားရှားသွားလာနေတာကိုကြည့်ပြီး သမီးက အဘ နေကောင်းနေတယ် ထင်တာကိုး၊ အဘ မတ်တတ်နာ ဖြစ်နေတာကြာပါပြီ၊ ကဲပါ အဲဒါတွေထားလိုက်ပါ၊ အဘ သားတို့ သမီးတို့ကို ပြောစရာ ပြစရာရှိတယ်၊ အဲဒါကတော့ အဘတို့မိသားစုပိုင်ဆိုင်တဲ့ ပစ္စည်းအကြောင်းပဲ၊ ဒီပစ္စည်းတွေဟာ အဘတို့ရဲ့ ဘိုးစဉ်ဘောင်ဆက် ပိုင်ဆိုင်လာတဲ့ ပစ္စည်းတွေနဲ့ အဘလက်ထက်တိုးပွားလာတဲ့ပစ္စည်းတွေပဲ၊ ဒီပစ္စည်းတွေ အဘတို့ဘယ်မှာ သိမ်းဆည်းထားတယ်ဆိုတာကို သမီးတို့ သားတို့ကို မင်းတို့အမပြောသွားလား"

ဟု ပြောရင်း မေးခွန်းထုတ်လိုက်သည်၊ မောင်နှမသုံးယောက်တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်ရင်း . . မောင်ဥက္ကာက . .

"သားကိုတော့ ဘာမှ မပြောခဲ့ဘူး အဘ"

ဟုပြောလိုက်၏ မသူဇာတို့ညီအမကလည်း . .

"သမီးတို့ကိုလည်းဘာမှ မပြောဘူးအဘ"

ဟု သံပြိုင်ဖြေလိုက်၏၊ ဦးဩဘာသည် ခေါင်းတဆတ်ဆတ် ညိတ်ရင်း . .

"အင်း. . အဘထင်သားပဲ၊ ဒါကြောင့် ခုသားတို့ သမီးတို့ကိုခေါ်ပြီးပြောရတာပဲလာ . . အဘနောက် လိုက်ခဲ့ကြ"

ဟု ပြောပြီးထိုင်ရာမှ ထကာမီးအိမ်ဆွဲ၍ အိမ်နောက်ဖေးဆောင်တို့ ထွက်သွား၏၊ မောင်နှမသုံးယောက်လည်း ဦးဩဘာ နောက်မှကပ်ပါလာသည်၊ နောက်ဖေးဆောင်သို့ ရောက်သောအခါ မောင်ဥက္ကာအား . .

"လူလေး. . ဟိုအခန်းထောင့်မှာစီထားတဲ့ စပါးပုတ်လေးလုံးကိုရွှေ့ကွာ၊ သမီးတို့ကလည်း ဝိုင်းကူလိုက်ကြ"

ဟု ပြောလိုက်သည်၊ မောင်နှမသုံးဦးမှာအားကောင်းမောင်းသန်အရွယ်များဖြစ်သဖြင့် ၁၀မိနစ်ခန့်အကြာတွင် ရွှေ့ပြီးသွား၏၊ ပုတ်များဖယ်ပြီးသောအခါကြမ်းပြင်မြေ၌ အံဖုံးတံခါးတစ်ချပ်အား သော့ခပ်လျက်သား တွေ့ရသည်၊ ဦးဩဘာသည် သူ၏ အပေါ်ဖုံးအင်္ကျီအိတ်အတွင်းမှ သော့တွဲအားထုတ်ယူကာ အံဖုံးတံခါးသော့အား ဖွင့်ပြီးအံဖုံး တံခါးမျဉ်ချပ်ကို အပေါ်သို့လှန်တင်လိုက်၏၊

ဦးဩဘာသည် မီးအိမ်ကို ဆွဲကာ မြေအောက်ခန်းအတွင်းသို့လှေကားထစ်များ အတိုင်းဆင်းရင်း . . "သားတို့ သမီးတို့အဘ နောက်ကလိုက်ခဲ့ကြဟေ့"

ဟုပြော၏၊ မောင်ဥက္ကာတို့မောင်နှမသုံးယောက်လည်း ဦးဩဘာနောက်မှ လိုက်၍ ဆင်းကြသည်၊မြေအောက်ခန်းသည်အမြင့် ၇ ပေ၊ အကျယ် ၉ ပေခန့် ရှိ၏၊ မြေအောက်ခန်းအတွင်း ရာဝင်အိုး ၃ လုံး၊ ကျွန်းသေတ္တာကြီးတစ်လုံးကို မီးအိမ်၏ အလင်းရောင်ဖြင့် တွေ့ရသည်၊ ဦးဩဘာသည် မီးဇာကို မြှင့်လိုက်ပြီး မောင်ဥက္ကာ၏လက်သို့ မီးအိမ်လှမ်းပေးလိုက်သည်၊

"လူလေး . . မီးအိမ်ကို မြှောက်ကိုင်ထား၊ လူလေးတို့ကို အဘအိုးတွေ ဖွင့်ပြမယ်"

ဟုပြောပြီး အိုးအဝကို ဖုံးအုပ်ထားသော စကောချပ်ကို လှန်ပြလိုက်သည်၊

"ဟင်"

"ဟာ"

"အို"

မောင်နှမသုံးယောက်[illegible] အာမေဋိတ်သံများ [illegible]

www.burmeseclassic.com

တည်း ထွက်ပေါ်လာသည်၊အိုးအတွင်းရှိ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားများက မီးအိမ်အလင်းရောင်ဖြင့်တဖိတ်ဖိတ် ရောင်ပြန်ဟပ်နေသည်မဟုတ်ပါလား၊

"ကဲ . . သားတို့ သမီးတို့ မြင်ကြပြီမဟုတ်လား၊ ဟိုဘက်က အိုးနှစ်လုံးလည်း ဒီအိုးအတိုင်းပဲ၊ ကျွန်းသေတ္တာထဲမှာ တော့ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးတွေ၊ ဒီပစ္စည်းတွေက သားတို့ အဘိုးအဘွားတွေ လက်ထက်နဲ့ အဘလက်ထက် စုဆောင်းခဲ့တဲ့ ပစ္စည်းတွေပဲ၊ ဒီမြေအောက်ခန်းကလည်း ဘိုးဘွားလက်ထက်ကတည်းက စီရင်ခဲ့တာ၊ ဒီပစ္စည်းတွေဟာ သမီးတို့သားတို့ ၁၀ သက်စားလို့ မကုန်ပါဘူး၊ အဲ . . ဖြုန်းရင်တော့ ကုဋေရှစ်ဆယ်သူဌေးသားလို ခွက်ဆွဲရမှာပဲ၊ အဘမရှိတော့တဲ့အခါ မောင်နှမသုံးယောက် စည်းစည်းလုံးလုံးနဲ့ ဒီပစ္စည်းတွေကို အမျိုး၊ ဘာသာ၊ သာသနာအတွက် မတွန့်တိုဘဲ သုံးစွဲကြနော်၊ ကဲ . . အဘတို့ အပေါ်ပြန်တက်ရအောင်"

အပေါ်သို့ပြန်ရောက်သောအခါ ဦးဩဘာသည် အဲဖုံးကိုပြန်ချ၍ သော့ခတ်သည်၊ မောင်ဥက္ကာတို့မောင်နှမသုံးယောက်က စပါးပုတ်ကြီးများကို နေရာပြန်ချသည်၊

x x

ရာသီစက်ဝန်းက . . တစ်ပတ်လည်ချေပြီ၊ ဦးဩဘာ၏ ကျန်းမာရေးကား တစ်စတစ်စ ချို့ယွင်းလာပြီဖြစ်၏၊ စိတ်ဆောင်ထားသဖြင့် သွားလာ လှုပ်ရှားနေသော်လည်း မောပမ်းသည့်ဝေဒနာအပြင် ရင်ဘတ်အောင့်ခြင်း၊ လက်မောင်းကိုက်ခြင်းစသည့်ဝေဒနာတို့ကတိုးလာသည်၊

သို့သော် ဦးဩဘာသည် ဤကိစ္စကို သားသမီးများအား မပြော၊ ဗိန္ဒောဆရာကြီး ဦးလှထံ သွား၍ ကြိတ်ကုသည်၊

နွေဦးရာသီ၏ နေ့တစ်နေ့ နံနက်ပိုင်း၊

ဦးဩဘာတို့ သားအဖသုံးဦး နံနက်ကလေးစာစားပြီး အိမ်ဝိုင်းထဲမန်ကျည်းပင်အောက်ရှိ ကွပ်ပျစ်ပေါ်တွင် အဖန်ရေသောက်ရင်းဝိုင်းဖွဲ့ စကားပြောနေသည်၊

ကိုဥက္ကာကမူ . . လယ်ထဲသို့ အမှိုက်ချသွားနေ၏၊

"သမီးကြီး . . ၊ လူလေးဘယ် အချိန်ထဲကအမှိုက်ချသွားတာတုံး"

"အာရုံတက် . . ၊ အဘဘုရားဝတ်ပြုတည်းက လှည်းကောက်ပြီးသွားတာပဲ၊သမီးတို့ညီအမလည်း အဲဒီတည်းက ရေနွေး အိုးတယ်၊ ထမင်းချက်၊ ဟင်းချက်လုပ်တာ အားလုံးပြီးနေပြီ အဘရဲ့"

"ဟဲ့-သမီးရဲ့ ဒီချိန်ဘယ်က ဟင်းစားရလို့လဲ"

"မနေ့ညက ကိုပေါ်လာတို့ ဝက်ပေါ်လို့ တစ်တွဲလာပို့သွားတာကို လုံးထားတာ ခုမနက်မှ ချက်လိုက်တာအဘရဲ့"

"အေး အေး . . ဒါနဲ့ သမီးမောင်လေးဖို့ထမင်းကြော်တော ကျန်သေးရဲ့လား"

"သပ်သပ်ကို ဖယ်ထားပါတယ်အဘရဲ့၊ အဘကလေ သူ့သားဆို သိပ်အတဲပိုတာပဲ"

"အဲဒီလိုမဟုတ်ပါဘူး သမီးတို့ရယ်၊ အဘကသမီးတို့ မောင်နှမအားလုံးကို တန်းတူချစ်တာပါ၊အဘတို့မိသားစုမှာ ကျားကျားလျားလျားယောကျာ်းသားဆိုလို့သူတစ်ယောက်တည်း မဟုတ်လား၊ နောက်ပြီး လယ်ယာ လုပ်ငန်းဆိုတာ ပင်ပန်းတယ်လေ"

ဦးဩဘာသည် စကားစရပ်ပြီး အဖန်ရေတစ်ခွက်ကို ငုံ့သောက်၏၊ ထိုစဉ်ကိုဥက္ကာ၏ လှည်းယာဉ်ကလေးက ခြံသံတလွင်လွင်ပေးကာ ခြံဝိုင်းသို့ ဝင်လာသည်၊

ဦးဩဘာက ကိုဥက္ကာအား လှမ်းပြောလိုက်၏၊

"လူလေးရေ . . လှည်းဖြုတ်ပြီးရင် ဒီကိုလာဟေ့၊ အဆာပြေစားရအောင်၊သမီးငယ်က ညည်းအစ်ကိုအတွက် ထမင်းကြော်သွားယူပေးလိုက်ပါ"

မမာလာသည် ထိုင်ရာမှထကာ အိမ်မကြီးအတွင်းသို့ ဝင်သွား၏၊ ကိုဥက္ကာသည် လှည်းဖြုတ်ပြီး မန်ကျည်းပင်အောက်ရှိကွပ်ပျစ်သို့အရောက်တွင် မမာလာသည်လည်း . . ထမင်းကြော်ပန်းကန်နှင့် ငါးခြောက်ဖုတ်ဆီဆမ်းပန်းကန် ကိုင်ကာ ရောက်လာသည်၊

"လူလေးထိုင်ဟေ့ . . ထမင်းကြော်စား . ."

"ရော့အစ်ကို . . စား"

မမာလာက ထမင်းကြော်ပန်းကန်အား အစ်ကိုဖြစ်သူထံ ကမ်းပေး၏၊ မသူဇာက မောင်အတွက် အဖန်ရေငှဲ့ပေးသည်၊

www.burmeseclassic.com

မောင်ဉက္ကာကား ဆာဆာနှင့် ထမင်းကြော်အား အငမ်းမရ စားတော့၏၊ မမာလာက. .

"အစ်ကိုရယ် ဖြေးဖြေး စား...အစ်ကို့ထမင်းကြော်ကို ဘယ်သူမှ လုမစားပါဘူး"

ဟုပြောတော့၏၊

"မဟုတ်ပါဘူးကွာ၊အစ်ကို ဗိုက်အရမ်းဆာနေလို့ပါ"

ကိုဉက္ကာသည် စားလက်စ အရှိန်ကို လျှော့လိုက်ပြီး အဖန်ရေကို သောက်၏၊ ပြီးမှ မှန်မှန်လေး စားတော့၏၊ ကိုဉက္ကာ စားသောက်အပြီးတွင် မမာလာက ပန်းကန်ခွက်ယောက် များကိုသိမ်းဆည်း၏၊ ထိုစဉ် ခြံဝိုင်းအတွင်းဝင်ရောက်လာသောမြင်းစီးသမားတစ်ဦး၊

"ဟင် . . ကိုဒီပဆီက အထောက်တော်ပဲ"

မြင်းစီးသမားသည် မြင်းပေါ်မှခုန် ဆင်းလာကာ ဦးဩဘာအား စာတစ်စောင်ပေးသည်၊ ပေးပြီးသည်နှင့် နှုတ်ဆက်ကာ ပြန်ထွက်ခွာသွားသည်၊ ဦးဩဘာ သည်စာကို ဖွင့်ဖတ်ပြီးသည်နှင့် "ဟင်"ဟု နှုတ်မှထွက်ပေါ်လာကာ လဲကျသွားလေတော့၏၊ မောင်နှမသုံးဦးသူတို့၏ ဖခင်ကြီးကို ဝိုင်းဝန်းပြုစုသော်လည်း ဦးဩဘာ သတိပြန်လည်မလာတော့၊ ထိုနေ့မနက်တွင်ပင် ဦးဩဘာ ကွယ်လွန်သည်၊ မောင်ဉက္ကာ အထောက်တော်က ပို့သောစာကို ကောက်ယူဖတ်ရှုလိုက်သောအခါ ဂဇ္ဇုန်ဆရာစံ အဖမ်းခံလိုက်ရပြီဆိုသော သတင်း၊

x x

တောမီးလောင် တောကြောင်လက်ခမောင်းခတ်သည်က သဘာဝ၊မောင်ဉက္ကာတို့၏ ရွာနီးချုပ်စပ်များတွင် ဟိုရွာ ဓါးပြဝင်တိုက်သွားသည်၊ သည်ရွာ ဓါးပြဝင်တိုက်သွားသည် ဟူသောသတင်းများကတရစပ်ကြားနေရ၏၊ အိမ်တိုင်း အိမ်တိုင်း သတိဝိရိယနှင့် နေနေကြရသည်၊ ရပ်ရွာလုံခြုံမှုက ကင်းမဲ့နေချိန်၊

ကိုဉက္ကာတို့မောင်နှမမှာလည်း ကျိုးလန့်စာစားနေရသည်၊ မောင်နှမ သုံးယောက် တိုင်ပင်ကာ မြေတိုက်ခန်းသော့ကို အိမ်ရှေ့ မန်ကျည်းပင်အောက်၌ လျှို့လျှို့ ဝှက်ဝှက် ကျင်းတူးမြှုပ်နှံသိုဝှက်လိုက်ကြသည်၊ မနေ့တပင် ရွာထိပ်ကုန်စုံဆိုင်အားဓါးပြ ဝင်တိုက်တာ ချမ်းသာသမျှ ပစ္စည်းအားလုံး သိမ်းကျုံး ယူငင်သွားသည် မဟုတ်ပါလား၊ ကျေးရွာ၏ အချမ်းသာဆုံးဖြစ်သော မိမိတို့အိမ်ကိုလည်း ဓါးပြများက ကြည့်နေမည်ဟုတ်၊ ဤသည်ကိုသိသောကိုဉက္ကာတို့ မောင်နှမမှာ အမြော်အမြင်ကြီးစွာ ကြိုတင်ဆောင်ရွက်ခဲ့ပြီးဖြစ်၏၊

ထင်ထားသည့်အတိုင်းပင် ဖြစ်လာချေပြီကော. . ၊ ရွာထိပ်ကုန်စုံဆိုင်အား ဓါးပြတိုက်ပြီးသုံးရက်အကြာတွင် ကိုဉက္ကာတို့ အိမ်သို့ဓါးပြများ ဝင်စီး၏၊ ညီမငယ် မမာလာအား ညှဉ်းပမ်း၍ ပစ္စည်းများ ဘယ်မှာထားသည်ကိုမေး၏၊ မမာလာက ဘူးခံသည်၊ ထပ်မံ နှိပ်စက်ပြန်သောအခါ အစ်ကိုဖြစ်သူ ဓါးပြကိုဝင်လုံး၏၊ ဓါးပြငှက်ကြီးတောင်ဓါးက ကိုဉက္ကာ၏ ရင်ဝကို ဖေါက်ထွင်းဝင်ရောက်သွား၏၊ အစ်ကိုဖြစ်သူနှင့်မောင်ဖြစ်သူ၏ အဖြစ်ကို မျက်ဝါးထင်ထင်မြင်လိုက်ရသော ညီအစ်မနှစ်ဦးမှာလည်း ဓါးပြများကို ဝင်ရောက်တိုက်ခိုက်သည်၊

. ထိုနေ့ညက ဓါးပြများ အသတ်သုံးချောင်းမှတစ်ပါး မည်သည့်စွဲချက်မှမရှိတော့ချေ၊

x x

၁၉၆၀ ခုနှစ်အုတ်ဖိုမြို့ကလေးကား ရောင်းဝယ်ဖေါက်ကားမှုကောင်းမွန်သဖြင့် စီးပွားရေးဖွံ့ဖြိုးသော မြို့ဖြစ်၏၊

အုတ်ဖိုမြို့စွန်တစ်နေရာတွင်မူ ကိုချစ်ဖွယ်နှင့်မသီတာတို့ ဇနီးမောင်နှံမှာ အိမ်ဝိုင်းလေး တစ်ဝိုင်းတဲလေးတစ်လုံးနှင့် နေထိုင်နေကြသည်၊ ကိုချစ်ဖွယ်က အုတ်ဖိုဈေးတွင် ကုန်ထမ်းသည်၊ ဘောက်လုပ်ငန်းမျိုးစုံလုပ်သည်၊ မသီတာမှာ သားဦးကိုယ်ဝန်ကို ၆ လမျှ လွယ်ထားရပြီဖြစ်သဖြင့်၊ အိမ်ကိစ္စများမှတစ်ပါး၊ အခြားအလုပ်မလုပ်နိုင်တော့၊

မသီတာကပေါ့ပေါ့ပါးပါး နည်းလမ်းများနှင့် ဝင်ငွေရှာလိုသော်လည်း ကိုချစ်ဖွယ်က ခွင့်မပြု၊ သူတစ်ဦးတည်းပင်ဝန်းကြီးစွာ လုပ်ကိုင်ရှာဖွေတွေ့သည်၊ သို့သော် တစ်နေ့လုပ်မှ တစ်နေ့စားရသည့် ဘဝပင်ဖြစ်၏၊

အသတ် ၃၀ အရွယ်



www.burmeseclassic.com

www.burmeseclassic.com

ကိုချစ်ဖွယ်နှင့် အသက် ၂၈ နှစ်အရွယ် မသီတာမှာ နှစ်ဦးစလုံး တစ်ကောင်ကြွက်များဖြစ်ကြသဖြင့် နှစ်လွှာပေါင်းမှ တစ်ရွက်ဖြစ်သည့် စွယ်တော်ရွက်ကဲ့သို့ နှစ်ယောက်တစ်ဘဝ ထူထောင်နေကြသူများ၊

ကိုချစ်ဖွယ်နှင့် မသီတာတို့ဇနီးမောင်နှံမှာ မည်မျှပင်ဆင်းရဲတွင်းနစ်နေပါစေ .. ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာသုံးပါးကို လွန်စွာ ရှိသေကိုင်းရှိုင်း၏၊ ဘုရားပန်းအညှိုးမခံ၊ ဆွမ်းတော်တင်အပျက်မခံ၊ ရုပ်ကိုယ်တော်တစ်ပါးအားနေ့စဉ်ဆွမ်းလောင်း၏၊ လင်မယားနှစ်ယောက် ရှိတာလေးနှင့်ရောင့်ရဲပြီးလှူဒါန်းသည်၊ ထိုကုသိုလ်ကြောင့်ပင် ကိုချစ်ဖွယ်မှာ အလုပ်ပြုတ်သည် မရှိ၊ လုပင်ပန်းသော်လည်းပုံမှန်ဝင်ငွေရနေသည်၊ ကိုချစ်ဖွယ်၏နိစ္စဓူဝလုပ်ငန်းမှာ နံနက် ၅ နာရီ အိပ်ရာထ၊ ကိုယ်လက်သန့်စင်ပြီး .. ဗုဒ္ဓဝေယျာဝစ္စများ လုပ်သည်၊ ဘုရားရှိခိုး၊ ပရိတ်ရွတ်၊ အမျှအတန်းဝေသည်၊ဘုရားဝတ်ပြုပြီးသည်နှင့်နံနက်ကလေးစာအားထမင်းကြမ်းနှင့် ငပိဖုတ်၊ ရေနွေးကြမ်းဖြင့် စားသောက်သည်၊ ပြီးသည်နှင့် မြို့ထဲရှိ အုတ်ဖိုဈေးသို့ ၄၅ မိနစ်ခန့် လမ်းလျှောက်သွားကာ တစ်နေကုန် ဘောက်လုပ်ငန်းမျိုးစုံ လုပ်သည်၊ ကိုချစ်ဖွယ်အိမ်သို့ ပုံမှန်ပြန်ရောက်သည်က ညနေငါးနာရီမိနစ်သုံးဆယ်၊ ခေတ္တနားပြီးရေ မိုးချိုးညစာ စားသည်၊ ည ၈ နာရီတွင် ဘုရားဝတ်တက်သည်၊ ည ၉ နာရီတွင် အိပ်ရာဝင်သည်၊ဤသည်ကား ကိုချစ်ဖွယ်၏တစ်နေ့တာလုပ်ငန်းစဉ်များပင်ဖြစ်၏၊

သို့သော် သည်ရက်ပိုင်းများတွင် ကိုချစ်ဖွယ်အတွက် ထူးဆန်းမှုတစ်ရပ်ကို ညစဉ်ကြုံတွေ့နေခြင်းပင် ဖြစ်၏၊ အိပ်မက်ထဲတွင် တောအုပ်ကြီးတစ်ခု၏ ရှေ့တွင်ဘီးဆံထုံးထုံးထားပြီး ရုပ်ရည်ချောမောပြေပြစ်ကာ အင်္ကျီအစိမ်း၊ချိတ်ထမိအစိမ်းဖေါက်ဝတ်ထားသော မိန်းမပျိုလေးနှစ်ဦးက သူ့အားပြုံးပြုံးရွှင်ရွှင်လက်ယပ်ခေါ်နေခြင်းပင်၊ အိမ်မက်ကလန့်နိုးပြီး စားပွဲတင်နာရီလေးအား လက်နှိပ်ဓါတ်မီးနှင့် ထိုးကြည့်လိုက်လျှင် နံနက် ၃း၃၀ ကို အချိန်မှန်ပြနေသည်၊ ဤအိပ်မက်အား ညစဉ်မက်နေသည်မှာ ၄ ရက် ခန့်ရှိပြီဖြစ်၏၊

ဤအကြောင်းအရာအား ကိုချစ်ဖွယ်ကဇနီးသည် မသီတာအား ကြောက်လန့်မည်စိုးသဖြင့် မပြောပြ၊ သူ့ဘာသာ စဉ်းစားခန်းဖွင့်နေသည်၊ သို့သော် အဓိပ္ပာယ်ဖေါ်၍ မရ၊ ခေါင်းပူအောင်စဉ်းစားသော်ဘာမှစဉ်းစား၍မရ၊

× ×

ယခုညမက်သည့်အိပ်မက်ကားရိုးစင်းလှသည်၊ ယမန်နေ့များ မက်သည့်အိပ်မက်များနှင့်မတူ၊ သို့သော် အိပ်မက်ထဲတွင် ယခင်ညများက မက်ခဲ့သည့် မိန်းမပျိုလေးနှစ်ဦးကမူ ပါဝင်သည်၊

အိပ်မက်ထဲတွင် ရုပ်ရှင်ပြကွက်များကဲ့သို့ တစ်ခန်းပြီးတစ်ခန်း မြင်တွေ့နေရသည်၊ ပထမခန်းတွင်အဖိုးအိုတစ်ဦးက သူနှင့်မိန်းမပျိုနှစ်ဦးတို့မြေအောက်ခန်းတစ်ခုအတွင်း၌ရွှေငွေကျောက်သံပတ္တမြားကို ပြနေသည်၊ မိန်းမပျိုနှစ်ဦးမှာ အိပ်မက်ထဲတ မိန်းမပျိုနှစ်ဦး၊ ဒုတိယအခန်းတွင်မူ သူနှင့် အိပ်မက်ထဲမှ မိန်းမပျိုနှစ်ဦး အိမ်ကြီးတစ်လုံးထဲတွင် ရှိနေ၏၊ အချိန်က ညအချိန်၊ သူတို့သုံးဦးအားဓါးကိုင်လူဆိုး ငါးဦးက ဝိုင်းရံထားသည်၊ ဓါးကိုင်လူဆိုးတစ်ဦးက မိန်းမပျိုနှစ်ဦးအနက် အငယ်ဖြစ်သူကို .. နှိပ်စက် ရိုက်နှက်ကာ၊ ရွှေငွေပစ္စည်းများ ဘယ်နေရာတွင်ထားသည်ကို အတင်းအကြပ်မေးနေသည်၊ မိန်းမပျိုလေးက မသိဘူး သိဘူးဟု ဘူးခံ၏၊ လူဆိုးက ထပ်မံနှိပ်စက်သောအခါ သူမရုတ်တရက်ထကာ ဓါးကိုင်လူဆိုးကို ဝင်လုံးသည်၊

သူ၏ရင်ဝတွင် စူးကနဲဖြစ်ကာ မျက်လုံးများပြာဝေသွားသည်၊ ဝေဝါးသည့်မြင်ကွင်းမှာပင် မိန်းမပျိုနှစ်ဦးတလူဆိုးများကို ဝင်ရောက် တိုက်ခိုက်သည်ကို လည်းကောင်း တစ်ဦးပြီးတစ်ဦး လဲကျသွားသည်ကို တွေ့လိုက်ရသည်၊ ထိုနောက်တွင်မူ ကိုချစ်ဖွယ်တစ်ယောက် မြင်ရသည့် မြင်ကွင်းက ပထမနေ့များက မက်သည့်အိပ်မက်အတိုင်းပင် ဖြစ်၏၊

မိန်းမပျိုလေးနှစ်ဦးက သူ့အား လက်ယပ်ခေါ်သည် သည်တစ်ကြိမ်တွင်မူ ..



www.burmeseclassic.com

www.burmeseclassic.com

ကိုချစ်ဖွယ်သည် မိန်းမပျိုလေး နှစ်ဦးထံသို့တရွေ့ရွေ့ ချဉ်းကပ်သွား၏၊ အနီးသို့ရောက်သော အခါ မိန်းမပျိုလေးနှစ်ဦးထံမှ သံပြိုင်ထွက်လာသည်၊

"မောင်လေး.. ဘဝဟောင်းကို သတိပြန်ရပြီလား"

"အစ်ကို .."

ကိုချစ်ဖွယ်၏တုန်လှုပ်နေသောစိတ်အစဉ်၌ အတိတ်ဖြစ်ရပ်များ ဝိုးတဝါးအနေအထားမှ တစ်စတစ်စပီပြင်လာသည်၊ မိမိ၏ရင်ညွန့်၌ မွေးရာပါဖြစ်သော အမာရွတ်ကို အမှတ်မထင် စမ်းသပ်မိသည်၊ ဘဝဟောင်းမှဖြစ်ရပ်များကို လုံးဝသိမြင်သွားပြီဖြစ်၏၊

ဇာတိဿရဉာဏ် ပြန်လည် ရရှိသွားခြင်းပင်၊ ကိုချစ်ဖွယ်၏နှုတ်ဖျားက ..

"မသူဇာ.. ညီမလေး"

ဟူသော အသံထွက်ပေါ်လာကာ ရှေ့သို့ တိုးကပ်သွားရန် ခြေလှမ်းလိုက်သည်၊

"မောင်လေး.. ရှေ့မတိုးနဲ့ အဲဒီမှာပဲရပ်နေလိုက်"

"ဟုတ်တယ် အစ်ကို .. အဲဒီမှာပဲ ရပ်နေပါ ရှေ့ဆက်တိုးလို့မရဘူး ညီမလေးတို့နဲ့ အစ်ကိုက ဘဝခြားနေပြီ .. အစ်ကိုရယ်၊ ဒီထက်ပိုနီးလို့မရလို့ပါ"

ညီအစ်မနှစ်ယောက်၏ စကားကြောင့်ကိုချစ်ဖွယ်လှမ်းရန် ကြံရွယ်လိုက်သော ခြေလှမ်းများ တန့်သွားသည်၊

မီးပွင့်လေးများက မိမိ ပတ်ဝိုင်းနေသည်ကို ထိတ်လန့်ဖွယ် ကိုချစ်ဖွယ်တွေ့လိုက်ရ၏၊

ထုံစဉ်မြွေတွန်သံများက နေရာအနှံ့မှ ပေါ်ထွက်လာသည်၊မှောင်မိုက်သော ညကာလဝယ် ပါးဖျဉ်းထောင်သော ထားသောမြွေများ၏ မျက်လုံးမှာ မီးဝင်းဝင်းတောက်နေသည့် အတွက် ..

"ဟဲ့.. ငနက်ကြီး.. နင့်အကောင်တွေကို ခုချက်ချင်း ပြန်သိမ်းလိုက်စမ်း၊ ငါ အမိန့်ပေးနေတယ်"

အစ်မကြီး မသူဇာထံမှ ခပ်ခပ်ထန်ထန်စကားသံထွက်လာပြီးသည်နှင့်မြွေတွန်သံများ ရပ်ဆိုင်းသွားကာ မီးဝင်းဝင်း တောက်နေသည့် မြွေမျက်လုံးများလည်း ပျောက်ကွယ်တော့၏၊

အစ်မဖြစ်သူထံမှ စကားသံထွက်လာ၏၊

"မောင်လေးဟာ ဘဝဟောင်းမှာ ပိုင်ဆိုင်ထားတဲ့ ရွှေငွေပစ္စည်းဥစ္စာတွေကို တပ်မက်တဲ့စိတ်မရှိဘဲ .. ပြုလုပ်ခဲ့တဲ့ ကုသိုလ်တွေကြောင့် ညီမလေးကို နှိပ်စက်တဲ့အခါ အစ်ကို့ တစ်ယောက်အနေနဲ့ တိုက်ခိုက်ရင်း သေဆုံးရ [illegible] ကို ချက်ခြင်းပြန်ရခဲ့ပေမယ့် မမတို့ ညီအမနှစ်ယောက်က ပစ္စည်းတွေကိုမက်မောတဲ့ လောဘစိတ်တွေကြောင့် ခါးပြတွေ လက်ချက်နဲ့ဘဝပြောင်းခဲ့ရတော့ ပစ္စည်းဥစ္စာတွေကို တွယ်မက်တဲ့စိတ်နဲ့ ကိုယ့်ပစ္စည်းကိုယ်ပြန်စောင့်ရတဲ့ ဥစ္စာစောင့်ဘဝကို ရောက်ခဲ့ရတယ် .. မောင်လေး"

ဟုပြော၏ ညီမဖြစ်သူကလည်း ...

"အစ်ကိုရယ် .. ညီမတို့ ဒီဘဝရောက်တာ နှစ်ပေါင်း ၃၀ ကျော် လာပါပြီ၊ ညီမတို့လည်း ကျွတ်လွတ်တဲ့ဘဝကို ရောက်ချင်ပါပြီ"

ဟုမျက်ရည်များ တသွင်သွင် စီးကျရင်းပြော၏၊ ညီအစ်မနှစ်ဦးကြောင့် ကိုချစ်ဖွယ်၏ရင်ဝယ်ဆို့နစ်သွားသည်၊

"အစ်မတို့ ညီမလေးတို့ ဒီဘဝကလွတ်အောင်ကျွန်တော် ဘယ်လိုလုပ်ရမလဲအစ်မတို့ရယ်"

ကိုချစ်ဖွယ်ထံမှ ဆို့နင့်ကြေကွဲစွာထွက်ပေါ်လာသော စကားသံဖြစ်၏၊

"မောင်လေး .. လူ့ဘဝမှာ ပင်ပန်းကြီးစွာလုပ်ကိုင်ရှာဖွေစားသောက်နေရတာ အစ်မတို့သိတယ်၊ ဒီကြားထဲ မောင်လေးရဲ့ မိန်းမကလည်း မကြာခင် မွေးဖွားတော့မှာ လက်ထဲမှာ ငွေပိုငွေလျှံကမရှိ တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ ဘဝ

ထုံစဉ်မြွေတွန်သံများက
နေရာအနှံ့မှပေါ်ထွက်လာသည်။
မှောင်မိုက်သော ညကာလဝယ်
ပါးဖျဉ်းထောင်သောထားသောမြွေများ၏
မျက်လုံးများမှာ မီးဝင်းဝင်းတောက်နေသည့်အတွက် ...



www.burmeseclassic.com

www.burmeseclassic.com

ဆိုတော့အစ်မတို့ မကြည့်ရက်တော့ဘူး၊ ဒီတော့ မောင်လေးကို မမတို့ ထိုက်သင့်သလောက်ပေးမယ်၊ အစ်မတို့ပေးတဲ့အထဲက တစ်ချို့ကို မမတို့အတွက် ရည်စူးလှူဒါန်းအမျှပေးဝေပါ၊ ကျန်တာကို မောင်လေးရင်းနှီးလုပ်ကိုင်စားသောက်ပါ၊ အေး . . တစ်ခုတော့ ရှိတယ် ဒီကိစ္စကိုဘယ်သူမှ အသိခံလို့မဖြစ်ဘူး မင်းတစ်ယောက်တည်းလုပ်ရမှာ၊ မင်းမိန်းမတောင်သိလို့ မရဘူး အစ်မ ပြောတာနားလည်လား"

ဤသည်က အစ်မဖြစ်သူ မသူဇာ၏ စကား၊

"ဟုတ်တယ် အစ်ကို . . အစ်မပြောသလို ဒီကိစ္စကို အစ်ကို တစ်ယောက်တည်း သိတစ်ယောက်တည်းပဲ ဆောင်ရွက်ရမှာ၊ ပစ္စည်းတွေရရင် ရောင်းချပြီးရင် ညီမနဲ့ မမတို့ကို ရည်းစူးပြီး အမျှအတန်းပေးဝေပါ၊ ညီမတို့သာစုခေါ်နိုင်ရင် ဒီဘဝက ကျွတ်ပြီပဲ"

ကိုချစ်ဖွယ်သည် ညီမမာလာ၏ စကားကြောင့်အား တက်သရောဖြစ်သွားကာ . .

"ကျွန်တော့် ဘဝက တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ဘဝဆိုတာမှန်ပါတယ်၊ ဒါပေမယ့် ဝမ်းဝပါတယ်၊ ခု မမတို့ ပေးမယ်ဆိုတဲ့ ပစ္စည်းတွေကို ကျွန်တော်မမက်ပါဘူး၊ အကုန်လုံး မမတို့အတွက်လှူပေးပါဆိုလည်း လှူပေးမှာပါ၊ ကျွန်တော့်အတွက် အဓိကအကျဆုံးက မမတို့ဒီဘဝကျွတ် လွတ်ဖို့ပါဘဲ၊ ဒီဘဝကကျွတ်လွတ်ပြီး ကောင်းရာမွန်ရာဘဝကို ရရှိသွားရင် ကျွန်တော့်လောက်ဝမ်းသာမယ့်သူရှိမှာ မဟုတ်ဘူး၊ အဲဒီတော့ ကျွန်တော်ဘာလုပ်ရမလဲ မမ"

ဟု ဝမ်းသာရွှင်လန်းစွာ ပြော၏၊

"ကဲ . . ဒါဆို သေချာနားထောင်မောင်လေး နံနက်ဖန်ညသန်းခေါင်ကျော်တစ်ချက်တီးချိန်၊ မင်းရဲ့ခြံ အနောက်တောင်ထောင့် ကုက္ကိုပင်ကြီးအောက်မှာ လာတူးပေတော့"

ဟူသောအစ်မ၏ စကားအား ကိုချစ်ဖွယ် စောဒကတက်လိုက်၏၊

"အစ်မ မသူဇာရယ် . . ကုက္ကိုပင်ကြီးက ယောက်ျားတစ်ဖက်မကကြီးနေတာ အပင်အောက်နေရာအနှံ့ လျှောက်တူးရမှာလား"

ကိုချစ်ဖွယ်၏ စကားကို ညီမ မာလာက . .

"အစ်ကိုရယ် . . ဒီကိစ္စက မြန်မြန်ဆန်ဆန်လုပ်ရမယ့်ကိစ္စပါ၊ အဲဒီတော့ အစ်ကိုတူးရမယ့်နေရာကို ညီမတို့ အတိအကျပြမှာပေါ့၊ နက်ဖန်ညသန်းခေါင်ကျော် အစ်ကိုတူးရမယ့် ကုက္ကိုပင်ကြီးအောက်မှာတူးရမယ့် နေရာမှာ အမှတ်အသားပြထားမယ် ဟုတ်ပြီလား"

ဟု ပြော၏၊ အစ်မ မသူဇာက . .

"မောင်လေး . . သေချာတူးရမယ့် နေရာမှာ မြွေတစ်ကောင်ခွေပြီးပါးပျဉ်းထောင်နေတာတွေ့ရလိမ့်မယ်၊မကြောက်နဲ့၊ မြွေခွေနေတဲ့နေရာကို . . သေချာမှတ်ပါ၊အဲဒီနေရာက တူးရမယ့် နေရာပဲ၊ တစ်တောင်လောက်တူး လိုက်ရင်ပစ္စည်းအိုးရပြီ၊ မြွေကို မကြောက်နဲ့ မင်းရှေ့ဆက်တိုးလာတာနဲ့ ရှောင်သွားလိမ့်မယ်၊ မမတို့ ထိန်းချုပ်ထားတဲ့မြွေပါ၊ အနီးအနားမှာမင်း မမြင်ရပေမယ့် မမတို့ရှိနေမှာပါ၊ဘာမှ မစိုးရိမ်နဲ့၊ မင်းဘက်ကသာ ကတိသာပေး"

ဟု ပြောသောအခါ . . ကိုချစ်ဖွယ်က . .

"စိတ်ချပါမမရယ်၊ ကတိပေးပါတယ်"

ဟုပြောပြီးသည်နှင့် အိပ်မက်မြင်ကွင်းက ပျောက်ကွယ်သွားသည်၊ဖျပ်ကနဲလန့်နိုးပြီး စားပွဲတင်နာရီကိုလက်နှိပ်ဓါတ်မီးနှင့်ထိုးကြည့်လိုက်တော့ ထုံးစံအတိုင်း နံနက် ၃း၃၀နာရီ၊

× ×

နှင်းတွေဝေသည့် လမိုက်ည၊

လခြမ်းကွေးကွေးလေးသည် လောဂ-ဓါတ်တစ်ခွင်လုံးကို မှုန်ဖျဖျ အလင်းရောင်လေးကိုသာ ပေးနိုင်စွမ်းရှိသည်၊ လမင်းကို ဝန်းရံခနေသည့် ကြယ်လေးများ၏ ပံပိုးမှုကြောင့်သာ ညသည် ပိန်းပိတ်အောင် မမှောင်နေခြင်း ဖြစ်၏၊ မြောက်ပြန်လေက တသွင်သွင်ဖြူးနေသည်၊

အုတ်ဖိုမြို့ကလေးကား နှင်းမှုန်များအောက်တွင် အိပ်မောကျနေသည်၊ မြို့စွန်တစ်နေရာရှိ ကိုချစ်ဖွယ်တို့ အိမ်ဝိုင်းလေးနှင့် တဲလေးမှာလည်း မဟုရာညလွှာရုံအောက်ဝယ်လဲလျောင်းလျှက်ရှိသည်

www.burmeseclassic.com

အိမ်အတွင်းမှ ဟောက်သံသဲ့သဲ့ထွက်နေ၏။

ဇနီးသည် မသိတာမှာ ဟောက်သံပေး၍ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော်လည်း ကိုချစ်ဖွယ်မှာတစ်ရေးမှ မအိပ်ရသေး၊ယနေ့ညဆောင်ရွက်ရမည့်ကိစ္စအတွက် စိတ်စောကာ အိပ်မပျော်နိုင်ခဲ့၊ သည်နေ့အုတ်ဖိုဈေးအတွင်းအလုပ်လုပ်ရသည်မှာလည်း အမှားအယွင်းယွင်းများ ကြုံခဲ့ရသည် လုပ်ငန်းခွင်တွင် စိတ်မရောက် စိတ်အာရုံကိုစိုးမိုးနေသည်က ယနေ့ညဆောင်ရွက်ရမည့်လုပ်ငန်းကိစ္စကိုပင်ဖြစ်၏၊ အလုပ်မှစောစောပြန်ကာ အိမ်ပြန်ရောက်သည်နှင့်ယခုညအတွက် လိုအပ်သည့်ပစ္စည်းများဖြစ်သော မီးခြစ်၊ မီးခွက်၊ မီးအုပ်၊ ပေါက်တူး၊ တူးရွင်းငန်းပြားသေည်တို့ကို ဇနီးသည်မသိအောင် တဲရှေ့တစ်နေရာတွင် စုစည်းထားပြီးဖြစ်၏။

"အောက်အီးအီးအွတ်"

"အောက်အီးအီးအွတ်"

နေရာအနံ့မှသန်းကောင်ကြက်တွန်သံမှာ ထွက်ပေါ်လာသည်၊ ကိုချစ်ဖွယ်သည် ခေါင်းအုံးဘေးမှ လက်နှိပ်ဓါတ်မီးလေးကိုယူကာ မီးဖွင့်၍စားပွဲတင်နာရီလေးကို ထိုးကြည့်လိုက်သည်၊သန်းကောင်ကျော် စ နာရီက ၁၂း၁၅ ကိုညွှန်ပြနေသည်၊ အနည်းငယ်တော့စောသေးသည်ဟု ကိုချစ်ဖွယ်တွေးထင်ကာ အိပ်ရာမှ မထသေးဘဲ ဆက်၍ လှဲနေလိုက်၏ နံဘေး၌ ဇနီးသည်၏ဟောက်သံကမှန်မှန်ပေါ်ထွက်နေဆဲ၊ အမနှင့် ဦးမအား ပေးထားသောကတိအတိုင်း ယခုညဆောင်ရွက်မည့်ကိစ္စကို ဇနီးသည်ကိုတောင် ယောင်လို့မှ မဟ ဖြစ်ခဲ့၊ တစ်ယောက်တည်း ကြိတ်ကြံစည်နေခြင်း ဖြစ်၏၊ အမပြောခဲ့သောတူးရမည့်နေရာတွင်ရှိနေမည့်မြွေသည် မည်သည့်မြွေ အမျိုးအစားမျိုးဖြစ်မည်နည်းဟုလည်း တွေးတောနေမိ၏၊ သူက မြွေကြောက်တတ်သူမဟုတ်ပါလား၊

သို့သော် အမက ထိုမြွေသည်သူတို့ထိန်းချုပ်မှုအောက်တွင်ရှိသည်ဟုသော စကားကြောင့် စိုးရိမ်တကြီး ပူပန်မှုတော့မဖြစ်မိ၊

အိပ်ရာပေါ်တွင် ဘယ်ဘက်စောင်းလိုက် ညာဘက်စောင်းလိုက်လုပ်နေရာမှ ကိုချစ်ဖွယ်သည် လက်နှိပ်ဓါတ်မီးဖြင့် စားပွဲတင်နာရီကို ထိုးကြည့်လိုက်ပြန်၏၊ နံနက် ၁ နာရီထိုးရန် ၁၀ မိနစ်ခန့်သာ လိုတော့ကြောင်းတွေ့ရ၏၊

ကိုချစ်ဖွယ်သည် လဲလျောင်းရာမှ အပြင်သို့ညင်သာစွာ ထွက်လိုက်၏၊ ဇနီးသည်၏ အခြေအနေကိုအကဲခတ်ကြည့်တော့ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေသည်ကိုတွေ့ရ၏၊ ခြေသံလုံလုံလျှောက်ကာတဲတံခါးကိုဖြေးညင်းစွာဖွင့်လိုက်၏၊အေးစက်လှသော ဆောင်းလေအေးက သူ့မျက်နှာကို ပြေးလွှားနမ်းရှုံ့သွားသည်၊ တဲပြင်ထွက်လာ တဲတံခါးကို ပြန်စေ့လိုက်ပြီး တဲရှေ့မါးလွယ်ခုတ်ရှိသရက်ပင်ကြီးသို့သွားသည်၊သရက်ပင်ရင်း၌ သူယူဆောင်သွားရမည့်ပစ္စည်းများရှိနေသည်၊ သရက်ပင်အောက်ရောက်သောအခါ တူးရွင်းနှင့်ပေါက်ပြားတို့ကို ပခုံးထက်တင်လိုက်ပြီးလက်တစ်ဖက်က မီးအုပ်တိုင်းကိုကိုင်စွဲလိုက်၏၊ မီးအုပ်အတွင်းမီးခွက်နှင့်မီးခြစ်တရှိနေသည်၊ကိုချစ်ဖွယ်သည် တဲနောက်ဖက်သို့ ခြေဦးတည်လိုက်သည်၊ တဲနောက်သို့ ရောက်လာသောအခါ ပခုံးပေါ် ထမ်းထားသောပေါက်တူး၊ တူးရွင်းများကိုချကာ မီးအုပ်အတွင်းရှိ မီးခွက်အား မီးခြစ်ဖြင့် မီးထွန်းညှိလိုက်၏၊ မီးခွက်၏အလင်းရောင်မှာ မီးအုပ်ကြောင့်အရှေ့ဘက်သို့ဖြာကျနေသည်၊ ကိုချစ်ဖွယ်သည် ပေါက်တူးနှင့်တူးရွင်းကို ထမ်းကာ မီးအုပ်ဆွဲ၍ခြံဝိုင်း၏ အနောက်တောင်ထောင့်ရှိ ကုက္ကိုပင်ကြီးဆီသို့ လျှောက်လှမ်းလိုက်သည်၊ သူတို့၏ တဲနှင့်ကုက္ကိုပင်ကြီးမှာ ခြေလှမ်း ၉၀ ခန့် ကွာဝေး၏၊

လျှောက်လှမ်းရင်းတစ်စတစ်စနှင့် ကုက္ကိုပင်ကြီးနှင့်နီးလာသည်၊ မီးအုပ်အလင်းရောင် အလှမ်းမမီ၍ အမှောင်ထုကြီးစိုးနေသော ကုက္ကိုပင်ကြီးအောက်တွင်အကွာအဝေးတူညီသည်၊ မီးသီးသေးလေးတစ်စုံ ကဟိုဟိုသည်သည် ရွေ့လျားနေသည်၊ တခ္ခိခ္ခိ မြွေတွန်သံကို ကြားနေရပြီဖြစ်၏၊

ကိုချစ်ဖွယ်၏ လှမ်းလာတစ ခြေလှမ်းများတို့ တတုန့်တန့်ရပ်တန့်သွား၏၊ ကြက်သီးမွေးညင်းများ ထောင်ထသွားသည်၊

အေးစိမ့်လှသောဆောင်း

www.burmeseclassic.com

ညချမ်းဖြစ်လင့်ကစား စိတ်လှုပ်ရှားမှု၊ ကြောက်ရွံ့မှုများကြောင့် ကိုချစ်ဖွယ်၏နဖူးပြင်၌ ချွေးများစို့ထွက်နေသည်၊ သူ့အမ ညီမများပြောသည့်အတိုင်း ကုက္ကိုပင်အောက်၌ မြွေတစ်ကောင်ရှိသည်က သေချာပေပြီ၊

"မြွေကိုမကြောက်နဲ့ မင်းရှေ့တိုးလာတာနဲ့ ရှောင်သွားလိမ့်မယ်၊ မမတို့ ထိန်းချုပ်ထားတဲ့မြွေပါ"

ဟူသော အမမသုဇာ၏ စကားသံနားထဲဝင်လာ၏၊ ကိုချစ်ဖွယ် အားတင်းသတ္တိမွေးကာ ရှေ့သို့ဆက်လှမ်း၏၊ မီးအုပ်၏ အလင်းရောင်က ကုက္ကိုပင်အောက်သို့ ဖြန့်ကျက်နိုင်ပြီဖြစ်၏၊ ကုက္ကိုပင်အောက် တစ်နေရာတွင်မူ လူကြီးလက်မောင်းလုံးခန့် တောကြီးမြွေဟောက်တစ်ကောင် . . ၊ မြွေအရှည်တစ်ဝက်ခန့်မှာမြေပြင်တွင် ခွေထားပြီး၊ တစ်ပိုင်းမှာ မတ်မတ်ပါးပျဉ်းထောင်လျက်ရှိသည်၊ လျှာနှစ်ခွက တစ်လစ်တစ်လစ်နှင့်တရှဲရှဲ အသံပေးသည်၊ ကိုချစ်ဖွယ် ရှေ့တစ်လှမ်းတိုးလာသည်နှင့် ထောင်နေသော ပါးပျဉ်းမှာ တဖြေးဖြေး နိမ့်ဆင်းသွား၏၊ ကိုချစ်ဖွယ်နှင့်မြွေတို့၏အကွာအဝေး ခြေလှမ်းနှစ်လှမ်းခန့်အကွာ ကုက္ကိုပင်နောက်သို့ပြေးလွှာဝင်ရောက်ပျောက်ကွယ်သွားတော့၏၊

ကုက္ကိုပင်အောက်သို့ ကိုချစ်ဖွယ်ရောက်သောအခါ စောစော မြွေခွေနေသော မြေပြင်၌ မြွေခွေထားသော အရာက အထင်းသားပေါ်နေသည်၊

၎င်းသည်ကလည်း သဲဆန်သောမြေဖြစ်သည့်အပြင် ကိုချစ်ဖွယ် နေ့စဉ် တံမြက်စီးလှည်း သန့်ရှင်းရေးလုပ်ထားသဖြင့်အမှိုက် သရိုက်ကင်းနေသည့်အတွက်မြွေခွေသည့်အရာ အထင်းသားပေါ်နေခြင်းဖြစ်၏၊

ကိုချစ်ဖွယ်သည်မြွေခွေသည့်နေရာအဝန်းအဝိုင်းအား ပေါက်တူးဖြင့်စတင်ပတ်လည်တူးသည်၊ သဲဆန်သောမြေမှဖြစ်သော သိပ်အားမစိုက်ရ၊ ၅ မိနစ်ခန့် အကြာတွင် ဆန်ပြာသည့်စကောဝိုင်းခန့်ကျင်းတစ်ကျင်းကိုတစ်ထွာခန့်တူးမိပြီဖြစ်၏၊ ကိုချစ်ဖွယ်သည် ပေါက်တူးနှင့်တစ်လှည့် တူရွင်း ငန်းပြားနှင့် တစ်လှည့် ဆက်လက် တူးရာ အနက်တစ်တောင်ကျော် ကျော်ခန့်အရောက်တွင် သူ၏ တူရွင်းငန်းပြားထိပ်သည် မာကြောသောအရာ တစ်ခုနှင့်ထိတွေ့ခြင်းကို တူရွင်းငန်းပြားကို ကိုင်ထားသောလက်မှတဆင့် အသိအာရုံကသိရှိလိုက်သည်၊ ထိုကြောင့် ကိုချစ်ဖွယ်သည် တူရွင်းငန်းပြားကို ကျင်းနံဘေးမှ ကပ်၍ပတ်လည်နှိုက်ကာ သတိထား၍တူးသည်၊ဆောင်းညပင်ဖြစ်လင့်ကစားကိုချစ်ဖွယ် တစ်ကိုယ်လုံးချွေးများ နစ်နေ၏၊ ၃ မိနစ်ခန့် ဆက်လက်၍ တူးဖော်ရာကောက်ညှင်းပေါင်းသည့်မြေအိုးခန့်အိုးတစ်လုံး၏ အိုးနှုတ်ခမ်းဝပေါ်လာသည်၊ အိုးနှုတ်ခမ်းဝအား အစိမ်းရောင်ပိတ်စဖြင့် ဖုံးအုပ်စည်းနှောင်ထားသည်ကို တွေ့ရ၏၊

ကိုချစ်ဖွယ်သည် အိုးကို မထိခိုက်စေရန်အတွက် သတိကြီးစွာတူးပြီးအိုးကို မြေပြင်ပေါ်သို့ မ,တင်သယ်ဆောင်နိုင်ခဲ့၏၊

ကိုချစ်ဖွယ် ခေတ္တနားရင်း အမောဖြေလိုက်သည်၊ မီးအုပ်၏ အလင်းရောင်အောက်တွင်အိုးတလေးကို တစိမ့်စိမ့်ကြည့်ရင်း သူ၏လက်များက အိုးကိုဖွင့်ရန် အဝတ်စိမ်းဖုံးအုပ်ထားသော အိုးနှုတ်ခမ်းတွင် ချည်နှောင်ထားသည့် လျှော်ကြိုးကိုဖြည်နေပြီ ဖြစ်၏၊ ကြိုးဖြည်အပြီး အိုးကိုဖုံးအုပ်ထားသောအစိမ်းရောင်ပိတ်စကို တဖြည်းဖြည်း လှစ်ဟကြည့်လိုက်သည်၊

မီးအုပ်ဆောင်း၏အလင်းရောင်ကို တုံ့ပြန်လာသော အိုးတွင်းမှပစ္စည်းများ ရောင်ပြန်ဟပ်ချက်က ကိုချစ်ဖွယ်၏ မျက်နှာပေါ်ပြာကျလာသည်၊

"ဟာ. . ရွှေတွေ . . ရွှေဒင်္ဂါးတွေ . . "

ကိုချစ်ဖွယ်ထံမှ ထွက်ပေါ်လာသောအာမေဋိတ်သံ၊

ကိုချစ်ဖွယ်၏ အသံအဆုံးတွင် အလင်းတန်းတစ်ခု က သူ့ကိုယ်ပေါ် လွှမ်းခြုံသွား ပြီး စကားသံက ထွက်ပေါ်လာသည်၊

"အစ်ကို . . အစ်ကို . . ညကြီးမင်းကြီး ဘာလုပ်နေတာလဲ"

ဇနီးသည်၏ မသီတာ အသံ၊မသီတာကား သူနှင့် လှမ်း ၅၀ခန့် အကွာသို့ ရော နေပြီဖြစ်၏၊ ကိုချစ်ဖွယ်သ အိုးအားအဝတ်စိမ်းနှင့် ပြ ကာ လျှော်ကြိုးကို တ



www.burmeseclassic.com

www.burmeseclassic.com

ကတန်း ပြန်ချည်လိုက်သည်၊ မသီတာကိုပေးရမည့်အဖြေကို လည်း အမြန်စဉ်းစားလိုက်၏၊ ဇနီးသည်မသီတာကား ကိုချစ်ဖွယ်အနားသို့ ရောက်လာပြီဖြစ်၏၊

"မိန်းမရယ်. . မှောင်ထဲမည်းထဲ ဘာဖြစ်လို့လာရတာလဲ၊ ခလုပ်တိုက်ပြီးလဲမှ ဒုက္ခရောက်ဦးမယ်"

"အစ်ကိုကလည်းဓါတ်မီးပါသားပဲ၊ ညီမလည်းဗိုက်ထဲကကလေးက ဆက်တိုက် အရမ်းလှုပ်နေတော့ လန့်နိုးသွားတာဘေးကို ကြည့်တော့လည်း အစ်ကိုကမရှိဘူး၊ အပေါ့သွားသလားလို့အိမ်သာလိုက်ကြည့်တော့လည်း အစ်ကို့ကိုမတွေ့ဘူး၊ ခြံထောင့်မှာမီးရောင်တွေ့လို့ လိုက်လာတာ၊ အဝေးကမီးထိုးကြည့်တော့ အစ်ကိုဖြစ်နေတယ်၊ အစ်ကိုဘာတွေတူးနေတာလဲ ဟင် . . ဒီမှာလည်း အိုးတစ်လုံး"

မသီတာသည် ကိုချစ်ဖွယ် နံဘေးက အိုးလေးကို တွေ့ပြီးမေးလိုက်သည်၊ ကိုချစ်ဖွယ်ကလည်းအစ်မနှင့် ညီမကိုပေးထားသော ကတိအား အပျက်မခံ၊

"ဒီလိုညီမရေ. . ညဦးပိုင်း အိပ်ရာဝင်ပြီးအိပ် ပျော်သွားတော့အိပ်မက်မက်တယ်၊ အိပ်မက်ကမှောင်မည်းနေတာပဲ ဘာမှမတွေ့ရဘူး၊ ဒါပေမဲ့ အသံကိုတော့ကြားနေရတယ်၊ အဲဒါကတော့ ဘုရား တရားမြတ်မင်းတို့လင်မယားကို လှူဖို့ တန်းဖို့ပေးမယ် ခုချက်ချင်း ခြံထောင့် ကုက္ကိုပင်အောက်မှာ လာတူးလို့ အဆက်မပြတ် ပြောနေတာ၊ ဒါနဲ့အစ်ကိုလည်း လန့်နိုးသွားတယ်၊ ညီမကို ကြည့်တော့လဲနှစ်နှစ် ခြိုက်ခြိုက် အိပ်ပျော်နေတော့မနှိုးဘဲ အစ်ကိုတစ်ယောက်ထဲလာတူးတာ၊ အိုးတော့ပေါ်ပြီးပြီး မဖွင့်ရ သေးဘူး၊ ညီမရောက်လာတာ"

ကိုချစ်ဖွယ်သည် မုသားနှော၍လက်ာချောအောင်ပြောသည်၊ မသီတာသည် ကိုချစ်ဖွယ် စကားကြောင့် ဝမ်းသာအားရဖြစ်ကာ . .

"ဒါဆိုလည်း ဖွင့်ကြည့်ရအောင် အစ်ကိုရာ" ဟုပြော၏၊

"ကဲ . . ညီမက ဓါတ်မီးကိုပိတ်ပြီး မီးအုပ်ကို မြှောက်ကိုင်ထား၊ အစ်ကိုက အိုးဖွင့်မယ်"

ဟုပြောကာ ကိုချစ်ဖွယ်သည် မီးအုပ်အား ဇနီးသည်ထံလှမ်းလိုက်၏၊ မသီတာက မီးအုပ်ကို မြှောက်ကိုင်ထားစဉ် ကိုချစ်ဖွယ်က အိုးဖုံးစဝတ်စကိုစည်းထားသည့်လျှော် ကြိုးကိုဖြည်သည်၊ကြိုးဖြည်ပြီး သွားပြီးနောက်ဖုံးထားသောအဝတ်စကိုဆွဲလှန်လိုက်သည်၊

"ဟင်"

"အို . . အမလေး"

အမေဋ္ဌိတ်သံက လင်မယားနှစ်စလုံးထံမှထွက်လာပြီးနှစ်ယောက်စလုံးနောက်သို့ ခြေသုံးလှမ်းခန့် ဆုတ်လိုက်ကြသည်၊လင်မယား နှစ်ယောက်စလုံးတွေ့မြင်လိုက်ရသောအိုးအတွင်းမြင်ကွင်းကားရွှေများမဟုတ်၊ မြွေ အကောင်ပေါက်များအိုးအပြည့် လုံးထွေးရစ်ပတ်နေသောမြင်ကွင်းပင်ဖြစ်၏၊ ကိုချစ်ဖွယ်က မသီတာထံမှ ဓါတ်မီးကိုယူကာအိုးဝသို့ မီးထိုးကြည့်လိုက်သည်၊ မြွေပေါက် ၁၀ ကောင်ခန့်မှာတွင်းနှုတ်ခမ်းပေါ်သို့ပင်ရောက်နေပြီဖြစ်၏၊

ကိုချစ်ဖွယ်သည် ပေါက်တူးနှင့် တူရွင်းငန်းပြားကိုကောက်ယူကာလင်မယားနှစ်ယောက်တဲဘက်သို့အမြန်ပြန်လျှောက်လိုက်သည်၊ ကိုချစ်ဖွယ်၏စိတ်တွင်မူသူအစ်မနှင့်ညီမတို့ပစ္စည်းများ ပြန်သိမ်းသွားပြီဖြစ်ကြောင်းနားသည်လိုက်၏၊

တဲရွှေအရောင် တဲရွှေ

လင်မယားနှစ်ယောက်စလုံး
တွေ့မြင်လိုက်ရသောအိုးအတွင်းမြင်ကွင်းကား
ရွှေများမဟုတ်၊
မြွေအကောင်ပေါက်များ
အိုးအပြည့်လုံးထွေးရစ်ပတ်နေသော
မြင်ကွင်းပင်ဖြစ်၏။

www.burmeseclassic.com

မျက်လုံးအိမ်တွင်
မြင်တွေ့နေရသည်က
အမ မသူဇာ၊
ညီမ မမာလာတို့၏
ညိုးယယ်သောမျက်နှာများနှင့်
မြေအိုးအတွင်းမှ
ရွှေဒင်္ဂါးများ။
ပေးသူကလိုလိုလားလား
ရက်ရက်ရောရောပေးသော်လည်း
ကံကြမ္မာ၏
အလှည့်အပြောင်းကြောင့်
အနည်းအကျဉ်းမျှသာ
ရလိုက်သူမှာ
ကိုချစ်ဖွယ်ဟူသာ
ဆိုရပါလျှင် ....

ရေကပြင်တွင် မသိတာက ခြေဆေး၏၊

ကိုချစ်ဖွယ်ကလည်း ခြေလက်ဆေးကြောရန် မသိတာအပြီးကို စောင့်ဆိုင်းနေစဉ် . .

"ဝိုး"

"ဘုတ်"

"အမလေး"

အသံသုံးမျိုး တစ်ပြိုင်တည်း ထွက်ပေါ်လာသည်၊ (အရာဝတ္ထုတစ်ခု ကိုချစ်ဖွယ်ရင်ဝ မွေးရာပါအမာရွတ်ဆီကို တည့်မတ်စွာလာမှန်သည်၊)

"အစ်ကို . . ဘာဖြစ်တာလဲ . . ဘာဖြစ်တာလဲ"

မသိတာက အလန့်တကြားမေးသည်၊ ကိုချစ်ဖွယ်ဒူးညွတ်ကျသွားသည်၊

ရင်ဝမှန်သည့်အတွက် အသက်ရှူမှားသွားခြင်းပင်၊ မြေပြင်၌ဒူးထောက်မိချိန်တွင်သူ၏ဒူးရှေ့တစ်တောင်ခန့်အကွာဝယ် အစိမ်းရောင် အထုပ်ကလေးတစ်ထုပ်၊

အထုပ်ကိုကောက်ယူရန် လက်လှမ်းလိုက်ချိန်တွင် စူးရှမာကြောခက်ထန်သော အသံတစ်သံထွက်ပေါ်လာသည်၊

"ဟယ် . . လုမိုက် . . နင် ဒါနဲ့ပဲတန်တယ်ဟဲ့"

မသိတာမှာ ကြောက်လန့်တကြားကိုချစ်ဖွယ်ကိုပြေးဖက်သည်၊ ကိုချစ်ဖွယ်ကား မတုန်လှုပ်၊ အမမသူဇာ၏ အသံမှန်းသိနေသည်မဟုတ်ပါလား၊ မိမိအပေါ်အထင်လွဲနေပြီဖြစ်ကြောင်းသိလိုက်ရ၍ စိတ်မကောင်းဖြစ်ရသည်ကတော့အမှန်ဖြစ်၏၊

ကိုချစ်ဖွယ်သည် အဝတ်စိမ်းဖြင့် ထုပ်ထားသော အထုပ်ကိုကောက်ယူလိုက်၏၊

အထုပ်က မကြီးသော်လည်း အတော်အတန်အလေးချိန်ရှိကြောင်းသတိပြုမိ၏၊ အထုပ်ကလေးကို ဖြည်လိုက်သည့်အခါဝင်းလက်ရွှန်းအိသော ဆွဲကြိုးသုံးကုံးထွက်လာသည်၊ အခေါက်ရွှေများဖြစ်သည်၊

"ဟင် . . ရွှေဆွဲကြိုးတွေပါလား"

မသိတာထံမှ အသံထွက်လာသည်၊ မသိတာသည် ကိုချစ်ဖွယ်လက်ထဲမှ ဆွဲကြိုးတစ်ကုံးကို ယူကာလက်ဖြင့် ဆဆကြည့်ပြီး ကိုချစ်ဖွယ် လက်ထဲပြန်ထည့်တာ . .

"တစ်ကုံးကို တစ်ဆယ်သား ဝန်းကျင်ပဲအစ်ကို"

ဟုပြောသည်၊

သူ့သည်လည်း ကိုယ်ဝန်မဆောင်မိက ခံတောင်းတစ်လုံး ချိန်ခွင်တစ်လက်နှင့် ရွာထဲဈေးရောင်းထွက်နေသူဖြစ်သည့်အတွက် အလေးချိန်ကို မှန်းဆနိုင်စွမ်းရှိ၏၊

"အေး . . အိပ်မက်ထဲက အသံရှင်ပေးတာဖြစ်မှာပေါ့ ဒို့နဲ့တန်သလောက်ရတာပါပဲ ဒါတွေကို ထုခွဲရောင်းချပြီးရင် သူတို့အတွက် ရည်းစူးပြီး အလှူအတန်းပြုရမယ် ကျန်တာ ဒို့ဘဝရှေ့ရေးအတွက် အရင်းအနှီးပြုရမှာပေါ့"

ကိုချစ်ဖွယ်သည်နှုတ်မှ စကားဆိုနေသော်လည်း မျက်လုံးအိမ်တွင်မြင်တွေ့နေရသည်က အမ မသူဇာ ညီမ မမာလာတို့၏ ညိုးယယ်သော မျက်နှာများနှင့် မြေအိုးအတွင်းမှ ရွှေဒင်္ဂါးများ၊ ပေးသူက လိုလိုလားလားရက်ရက် ရောရောပေးသော်လည်းကံကြမ္မာ၏အလှည့်အပြောင်းကြောင့် အနည်းအကျဉ်းမျှသာရလိုက်သူမှာကိုချစ်ဖွယ်ဟူသာဆိုရပါလျှင် . . . .

နေပုည



www.burmeseclassic.com

www.burmeseclassic.com

# အံ့ဖွယ်ထူးဆန်း ဆေးစွမ်းကောင်းများ (၅)

မျိုးသန်းထွန်းကို[ရေစကြို]

သမားတော်ကြီး ဦးစံမတူတစ်ယောက် စာအုပ်စာပေ၊ ကျမ်းဂန်များဖတ်၍ အလုပ်များနေပါ၏။ တိုက်နယ်သူကြီး ဦးထွန်းလှနှင့် သူကြီးများလည်း မြင်းကိုယ်စီဖြင့် ရောက်လာကြ၏။ ဦးထွန်းလှမှ · · ·

"စံမတူ ဘာတွေအလုပ် ရှုပ်နေတာလဲ၊ စာတွေဖတ်လိုက်၊ မှတ်လိုက်နဲ့"

"ဆေးကျမ်းတွေ ဖတ်နေတာပါ။ ဓာတုဒီပနီ၊ ဓာတုဟာရန၊ ဓာတုသြသထ၊ ဓာတုစိန္တာ ဆိုတဲ့ ဆေးကျမ်းတွေကို ဖတ်နေတာပါ"

"အနာမျိုး ၉၆ ပါးအကြောင်း ရှင်းလင်းပါဦး"

"အနာမျိုး ၉၆ ပါးကို သုံးပိုင်းပိုင်းထားတယ်။ ဆေးကုရင် ပျောက်မယ့် ရောဂါမျိုး ၃၂ ပါး။ မကုလည်း ပျောက်မယ့် ရောဂါမျိုးက ၃၂ ပါး။ နောက်တစ်မျိုးက ဆေးကုလည်းမပျောက်တဲ့ ရောဂါမျိုး ၃၂ ပါးတို့ ဖြစ်တယ်။ ရောဂါလက္ခဏာတွေက ကံ၊ စိတ်၊ ဥတု၊ အာဟာရကို မှီငြမ်းပြီး ဖြစ်ရတာမို့ ကံကြောင့်ဖြစ်တဲ့ ဝဋ်နာ၊ ကံနာကတော့ ဘယ်ဆရာမှ ကုလို့မရဘူး။ လက်ရှိဘဝမှာလည်း ကံကောင်းအောင် ပြုရမယ်။ သံသရာအတွက်လည်း ဒုက္ခကြွေးမပါအောင် ရှောင်ကြဉ်ရမယ်။

စိတ်ကြောင့်ဖြစ်တဲ့ ရောဂါဝေဒနာဆိုရင်လည်း အဲဒီလူရဲ့စိတ်ဆန္ဒကို ဆရာလုပ်သူက အပိုင်သိနားလည်ရင် လွယ်ကူပါတယ်။ 'အနာနဲ့ဆေး တည့်အောင်ပေးက ပျောက်ကင်းရေးမခက်ပါ'တဲ့။ 'ဆေးဆရာ လိမ္မာကျွမ်းကျင်ရင် ကုဖို့မခက်ပါ'တဲ့။

ဥတုနဲ့ အာဟာရကြောင့်ဖြစ်တဲ့ ရောဂါဆိုတာလည်း အတူတူပေါ့။ ဥတုသပ္ပာယ ဖောက်ပြန်လို့ဖြစ်တဲ့ အနာရောဂါမျိုးဟာ အထူးကုသနေဖို့ ဆေးဝါးလည်းမလိုဘူး။ မကုလည်း ဥတုသပ္ပာယ ညီမျှလာရင် အလိုလိုပျောက်ကင်းသွားမှာပဲ။ ဥပမာ - မိုးအကုန်ဆောင်းအကူးမျိုးဟာ ချောင်းဆိုး၊ နှာစေး ဖြစ်တတ်တယ်။ ချောင်းတဟွတ်ဟွတ်ဆိုးတဲ့ လူနာကို ဆေးတွေတအားဖိတိုက်ရင်ရော ဘာထူးမှာလဲ။ ကိုယ်တွင်းမှာ အပူလည်တဲ့အချိန်မှာ မုချကေန် ပျောက်မှာပဲ။ အာဒိကပ္ပဒ္ဒါဒရာသီနက္ခတ်ကျမ်း အပါအဝင် မြန်မာ့



www.burmeseclassic.com

www.burmeseclassic.com

ဆေးကျမ်းကြီးတွေကိုလည်း ကျေညက်အောင် လေ့လာထားရပါတယ်။ အဓိကကတော့ ဓာတ်လေးပါး ဖောက်ပြန်ခြင်း ဖြစ်တာပါ။

အပိစ္ဆာ-အလိုနည်းခြင်း၊ အပ္ပစိန္တာ-အကြံနည်းခြင်း၊ အဒ္ဓုရဂမ္မန-အလွန်မဝေးသော ခရီးကိုသွားခြင်း၊ လဒ္ဓါလဒ္ဓေန-ရသမျှနှင့် ရောင့်ရဲတင်းတိမ်ခြင်းဆိုတဲ့ တရားတွေကို လိုက်နာကျင့်သုံးမယ်ဆိုရင် အသက်ရှည်ရာ အနာမဲ့ကြောင်း ဖြစ်တယ်လို့ ဆိုထားပါတယ်"

"သမားတော်ကြီး . . . ရေရှည်သောက်ရမယ့် ဆေးနည်းနဲ့ အသက်ရှည်ကျန်းမာစေမယ့် နည်းလမ်းလေးတွေလည်း ပြောပါဦး"

သူကြီးတစ်ဦးမှ တောင်းဆိုလိုက်ပါ၏။

"မျက်စိမှာရေ၊ နားမှာဆီ၊ ဒန္တီမှာဆားတဲ့။ အိပ်ရာထတဲ့အခါ ဆားနဲ့ သွားတိုက်တယ်၊ နားထဲကို နှမ်းဆီ မကြာမကြာ ခတ်ပေးတယ်၊ မျက်စိထဲကို ရေကြည်တစ်စက်နှစ်စက်လောက် သတိရတိုင်း ခတ်ပေးတယ်။ မျက်စိကြည်၊ နားကောင်း၊ သွားမကျိုးတဲ့နည်းပဲ။

ခံတွင်းနဲ့လျှာ ကောင်းအောင် ပြုပြင်ဖို့အတွက် ခါးတဲ့အရသာလေးဘာလေး မကြာမကြာ စားပေးရတယ်။ ကြက်ဟင်းခါးသီးနဲ့ တမာချဉ်ကို စားပေးရတယ်။ မြန်မာစာဆိုမှာ နွေမှာအချို၊ မိုးမှာအခါး၊ ဆောင်းမှာ အချဉ်တဲ့။ ရာသီဥတုနဲ့လိုက်ဖက်အောင် ခံတွင်းကောင်းအောင် စားပေးရတာပေါ့။ ဓာပုဒီပနီကျမ်းတွေမှာ လက်ဖက်ရည်၊ ကော်ဖီဟာ လူကို ကြမ်းစေတယ်တဲ့။ ထမင်းစားပြီးရင် တောထန်းလျက်ခဲလို အချို၊ ဒါမှမဟုတ် အချိုသီးတစ်ခုခု အမြဲစားရင် အစာကြေစေတယ်တဲ့။

အသက်ကြီးလာရင် လက်ဖက်ခြောက်အစား မယ်ဇလီရွက်နဲ့ လောက်သေရွက် ကျိုထားတဲ့ ရေနွေးကိုသောက်သင့်တယ်။ မယ်ဇလီရွက်က အမြဲဓာတ်မှန်ပြီး အစာကြေတယ်။ လောက်သေရွက်က ပိုးမွှားများကို သေစေတယ်။ မယ်ဇလီက ခြံစည်းရိုးတွေမှာ စိုက်လေ့ရှိတဲ့ အပင်နိမ့်နိမ့်က မယ်ဇလီရွက်ကို ပြောခြင်းဖြစ်တယ်။ အသက်ကြီးလာရင် ညနေစာ ထမင်းမစားသင့်တော့ဘူး။ အပူဓာတ်ပေးတဲ့ ပါစက တေဇောဓာတ်အားနည်းမှေးမှိန်တာမို့ အစာမကြေဖြစ်ပြီး လူကို ဥပဒ်ပေးတတ်တယ်။ ဆာရင် ဖျော်ရည်တစ်မျိုးမျိုး သုံးဆောင်ပေါ့။

ညနေစာစားခဲ့လို့ အစာမကြေဖြစ်ရင် လမ်းနည်းနည်းလျှောက်ပေးရတယ်။ ဗုဒ္ဓဘာသာဝင်တိုင်းအတွက် ညနေစာရှောင်ပြီဆိုရင် ဥပုသ်သီလပါစောင့်ကြတယ်။ ညနေစာမစားတာနဲ့ အတူတူ ဥပုသ်ပါရသွားတာပေါ့။ နောက်ပြီး အသားငါး အလွန်အကျွံစားသူတွေဟာ အခုဘဝအတွက်လည်း ဒေါသ၊ မောဟဆိုတဲ့ အကုသိုလ်တရား ပွားများတတ်လို့ လျှော့ပေါ့စားတာကောင်းကြောင်း စာပေကျမ်းဂန်တချို့မှာလည်း တွေ့ရတယ်။ ဒါကြောင့် ပဲနဲ့ အသီးအရွက်ကို ပိုမိုစားသုံးသင့်တယ် . . .။ လောဘ၊ ဒေါသ၊ မောဟ ကင်းပြီး ကျန်းမာရေးနဲ့လည်း ညီညွတ်တယ်။

ကျွန်တော်ဆိုရင် မနက်စောစောကို ထမင်းရည်ပူကို ဆားခတ်သောက်တယ်။ အားရှိတယ်၊ အစာကြေတယ်၊ ကျန်းမာရေးနဲ့လည်း ညီညွတ်တယ်၊ နေ့လယ်စာကို သင့်တင့်မျှတအောင် [illegible] ပြီး ညနေစာ လုံးဝမစားတော့ဘူး၊ မျက်စိအကျဉ်း၊ ဝမ်းအချင့်တဲ့။ ကြာတော့ လည်း အလေ့အကျင့်က အလေ့အ[illegible] ဖြစ်သွားတော့ ညနေစာ မစားဘဲ နေ[illegible] သွားတာပါပဲ။ မြန်မာစာဆိုရှိပါတယ် နေ့လယ်စာကို သူဌေးလိုစားပါတဲ့၊ ညနေစာကို ဆင်းရဲသားလို စားပါတဲ့၊ သဘောကတော့ ညနေစာဟာ ကျန်း[illegible] ရေးနဲ့ မညီညွတ်လို့ လျှော့ပေါ့စားနိုင်[illegible] တဲ့ သဘောပါပဲ။

ဆောင်းရာသီ မနက်စောစော[illegible] အိပ်ရာထပြီး နှင်းရည်စိုနေတဲ့ မြက်ခင်း ထဲကို လမ်းလျှောက်ပါ။ နှင်းရည်တွေ[illegible] ခြေထောက်နဲ့ထိရင် ခြေထောက်[illegible] ဒူးနာရောဂါတွေ ပျောက်ကင်းစေတာ[illegible] ဒီရောဂါတွေဟာ အပူကြောင့်ဖြစ်တာ[illegible] နှင်းရည်အအေးနဲ့တွေ့ရင် ပျောက်ကင်း ကြတာပါပဲ။

မေတ္တာ၊ ကရုဏာ၊ မုဒိတာ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရားလေး[illegible] ဟာ လောကမှာ အရေးကြီးဆုံး[illegible] ဒီတရားလက်ကိုင်ထားရင် လူသားတို့ ဟာ ဘယ်တော့မှ စိတ်ဆင်းရဲ၊ ကိုယ်[illegible] ဆင်းရဲမဖြစ်လို့ ခန္ဓာကိုယ် နှပျိုလ[illegible] ဆန်းသလောက် အသက်ရှည်ရာ အ[illegible] မဲ့ကြောင်းလည်း ဖြစ်နိုင်တယ်။ အား[illegible] ချိန်မှာ စိတ်ကို ပျံ့လွင့်မှုမရှိစေဘဲ အာ[illegible] ပါနနဿသတိကမ္မဋ္ဌာန်းတရားကို ဆင်[illegible] ပြီး ထွက်သက်ဝင်သက်လေကို ရှု[illegible] ရတယ်။ ဖြစ်ခြင်း၊ ပျက်ခြင်း[illegible] သဘောတရားတွေကို မှတ်ရှုသ[illegible]



www.burmeseclassic.com

www.burmeseclassic.com

စဉ် နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် ဘုရားဝတ်ပြု၊ ပဋ္ဌာန်းရွတ်၊ မေတ္တာပို့၊ ပုတီးစိပ်၊ အမျှအတန်းပေးဝေခြင်းများ ပြုလုပ်ရမယ်။ သာသနာသက္ကရာဇ် ၂၅၀၀ ကျော်လာတော့ သိကြားသာသနာကို ရောက်လာပြီ။ ဘာသာတရား အမြဲလက်ကိုင်ထားရမယ်"

"သိကြားသာသနာမှာ ဘယ်လို တွေရှိတယ်ဆိုတာ မိန့်ပါဦး"

"သိကြားသာသနာမှာ ကပ်ကြီး သုံးပါးတို့၊ ရန်သူမျိုးငါးပါးတို့ ပေါများလာမယ်။ ကုသိုလ်ပြု၍ ကုသိုလ်ရဲ့ အကျိုးဆက်တွေ လက်တွေ့ခံစားရမယ်။ သံသရာမကူးဘူး။ ကောင်းသူကိုကယ်ပြီး၊ မကောင်းသူကို ပယ်လိမ့်မယ်။ ဘာသာတရားမမြဲတဲ့သူတွေ၊ သီလ သမာဓိ မရှိတဲ့သူတွေဟာ စောစောက ပြောသလို ကပ်ကြီးသုံးပါးအန္တရာယ်နဲ့ တွေ့ကြုံရတတ်တယ်။ လူတွေဟာ ကံ ငါးပါးစောင့်ထိန်းမှု နည်းလာတယ်။ မတရားပြုရင် ကိုယ့်ကိုလည်း တူသော အကျိုး ချက်ချင်းပေးတာပဲ။ လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ မျှတခြင်းဆိုတဲ့ လောကပါလတရားသုံးပါး ချိန်ခွင်လျှာကို အမြဲသတိထား စောင့်ထိန်းရမယ်။ ချိန်ခွင်လျှာ တစ်ဖက်နင်းရင် ကိုယ့်ကိုလည်း အခြားတစ်ဦးက ပြန်နင်းလိမ့်မယ်။ ဘယ်သူပျက်ပျက် ကိုယ်မပျက်စေနဲ့တဲ့။

ကောသလမင်းကြီးရဲ့ အိပ်မက် ၁၆ ချက်တွေဟာ အမှန်တကယ်ဖြစ်လာလိမ့်မယ်။ ပြည်သူတွေမကောင်းရင် ကောင်းသော မင်းဆိုတာ ပေါ်မလာဘူး။ ဘုရားဟောတရားထဲမှာ ရှိတယ်။ 'ဒုရာဇာ ဒုမနုဿ'တဲ့။ မကောင်းသော လူတွေထဲမှာ မကောင်းသော မင်းပဲ ဖြစ်လာလိမ့်မယ်။ ကျွန်တော်တို့နိုင်ငံမှာ လွတ်လပ်ရေးရတော့မယ်။ လွတ်လပ်ရေးရရင် ကိုယ့်တိုင်းပြည်ကို ကိုယ့်လူမျိုး အုပ်ချုပ်ကြမယ်။ အဲဒီအခါကျရင် တိုင်းပြည်ကိုအုပ်ချုပ်မယ့် မင်းဟာ ပြည်သူတွေထဲက ရွေးချယ်တင်မြှောက်ကြမယ်။ ပြည်သူတွေ မကောင်းရင် ကောင်းဆိုတာ ပေါ်မလာနိုင်ဘူး။

လူတွေက ဘာသာတရား၊ ကိုယ်ကျင့်တရား၊ သီလ၊ သမာဓိ၊ ပညာတွေ နည်းပါးလာကြတယ်။ ချိန်ခွင်လျှာ တစ်ဖက်စောင်းလာတယ်။ စောင်းလာတဲ့ ဘက်က မကောင်းတဲ့ဘက်ကို ဖြစ်နေတယ်။ ချိန်ခွင်လျှာစောင်းတဲ့အတွက် သမာဓိဆိုတဲ့ သဘာဝတရားကြီးက ပြန်တည့်မတ်ပေးလိမ့်မယ်။ ဒီလို တည့်မတ်တဲ့အချိန်မှာ လက်နဲ့ ဖြည်းညင်းညင်သာစွာနဲ့တော့ တည့်မပေးတော့ဘူး။ ရှေ့ကပြောခဲ့တဲ့ ကပ်ကြီးသုံးပါးနဲ့ ဒဏ်ခတ်ပေးမယ်။ အကုသိုလ်ကြီးရင် သက်တမ်းကို တိုစေမယ်။ ကျွန်တော်တို့ မြတ်စွာဘုရားဟာ အစွန်းနှစ်ဖက်ကို ကျင့်ကြံပြသခဲ့တယ်။ လိုက်နာရမယ့် နည်းလမ်း၊ ပြုကျင့်ရမယ့် တရားတွေကို ပြသသွန်သင်ဟောကြားတော်မူခဲ့တယ်။

ဒါတွေကို သိအောင်မကြိုးစားဘူး ဆိုရင် တရားမရကြသေးတာဘဲ။ တရားမရရင် အပါယ်တံခါးမပိတ်နိုင်ဘူး။ အပါယ်တံခါးမပိတ်နိုင်ရင် အပါယ်ကျမှာပဲ။ နိဗ္ဗာန်ဆိုတာ ဝေးလေစွပဲ။ ဘာသာတရားဟာ သိပ္ပံနည်းကျတယ် ဆိုရင်လည်း မှန်ပါတယ်။ ဒါလုပ်ရင် ဒါဖြစ်မယ် သီအိုရီသဘောပဲ။ ပုံသေနည်းတွေပဲ။ တရားနဲ့ ဝေးခြင်း နီးခြင်းဆိုတာ အတိတ်ကံလည်းပါတယ်။ အတိတ်ဘဝက တရားကို ကဲ့ရဲ့ခဲ့ရင် တရားရဦးမှာ မဟုတ်သေးဘူး။ တကယ်တော့ တရားဟာ အဝေးမှာမရှိဘူး။ မိမိခန္ဓာကိုယ်ထဲမှာရှိတယ်။ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးဟာ တရားစစ်စစ်ပဲ။

လွယ်လွယ်လေးနဲ့ သိမြင်အောင်ပြောရင် သစ္စာတရားလေးပါးကိုသာ ကျင့်သုံးပါ။ သောတာပန် ရပါလိမ့်မယ်။ ကျွန်တော်တို့ ဂေါတမမြတ်စွာဘုရားဟာ ဒီတရားတွေရဖို့ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ပြီး ဒုက္ကရစရိယာ ခြောက်နှစ်ကျင့်ကြံပြီးမှ သစ္စာလေးပါး မြတ်တရားကို ရခဲ့တယ်။ မြတ်စွာဘုရားရဲ့ တရားတော်တွေ ကျွန်တော်တို့ လူသားတွေက တစ်ခဏတာ ယူရုံပဲ။ လွယ်လွယ်လေးနဲ့ရမယ့် တရားတွေ၊ ရှိပြီးသားတရားတွေကို ရအောင်မယူနိုင်တော့ လူဖြစ်ရကျိုးမနပ်တာပဲ။ သာသနာပွင့်နေတဲ့ ကမ္ဘာကြီးမှာ လူလာဖြစ်ရပြီး ဗုဒ္ဓဘာသာဝင်ဖြစ်ရဲ့နဲ့ တရားမရတာဟာ လက်ရှိ ပစ္စုပ္ပန်ဘဝရော၊ သံသရာအတွက်ပါ အကျိုးရှိအောင် မယူနိုင်တာဟာ လူဖြစ်ရကျိုးမနပ်တာပေါ့။ လူဖြစ်ဖို့ဆိုတာ မလွယ်ပါဘူး။ လူ့ဘဝဟာ အထက်ကိုလည်း တက်နိုင်သလို၊ အောက်ကိုလည်း ဆင်းသွားနိုင်တယ်။ အခြေအနေ ဖန်တီးနိုင်ခွင့်ရှိတဲ့ဘုံဟာ လူ့ဘုံပါပဲ။ သံသရာယူတတ်ရင် မြင့်မြတ်တဲ့ဘုံကို ရောက်မယ်။ အကုသိုလ်များရင် အပါယ်ကျမယ်။ ဒါဟာ သိပ္ပံနည်းကျ ဘာသာတရားရဲ့ သီအိုရီပဲ"

"သမားတော်ကြီး တရားကြောင်း

www.burmeseclassic.com

ပြီးရင် ဆေးနည်းကောင်းလေးတွေ ရှိရင်လည်း မိန့်ပါဦး"

"အရေးကြီးတဲ့ ဆေးဝါးကောင်းတစ်လက် ရထားတယ်။ ဒါက ဘာလဲဆိုတော့ အသည်းကင်ဆာအတွက် ဆေးနည်းပဲ။ အသည်းကင်ဆာ၊ အသည်းရောဂါဆိုတာ အရက်သမားတွေလည်း အများဆုံးဖြစ်နိုင်သလို၊ အရက်မသောက်တဲ့သူတွေလည်း ဖြစ်လေ့ဖြစ်ထရှိတယ်။ ကုသနည်းကတော့ တောဆီးဖြူသီးကို ပဥ္စငါးပါးကျိုပြီးသောက်ပါ။ လက်တွေ့ပျောက်တယ်။ ရဲရဲကြီး အာမခံပါတယ်"

(မြင်ဦးလွင်မြို့တွင် အမျိုးသမီးကြီးတစ်ဦး အသည်းကင်ဆာဖြစ်ရာ အသည်းကို ဓာတ်မှန်ရိုက်ကြည့်ရာ ဆန်ခါပေါက်တွေ ဖြစ်နေပါပြီ။ ဆေးရုံကိုပြတော့ ကုသရင် သိန်း ၄၀ ကုန်မည်၊ ပျောက်/မပျောက် အာမမခံပါလို့ ပြောလိုက်တော့ တောဆီးဖြူသီးကို ပဥ္စငါးပါးကျိုသောက်ပြီး တစ်လအကြာ ဆေးပြန်စစ်ရာ ရောဂါလုံးဝပျောက်ကင်းပြီး ယနေ့တိုင် အသက်ရှင်လျက်ရှိပါတယ်။ ဆက်သွယ်မေးမြန်းလိုပါက လူနာရှင်၏ ဆွေမျိုးဖြစ်သူ ဦးကျော်ဇော ဖုန်းနံပါတ် ၀၉-၃၃၁၄၅၁၃၄ မြင်ဦးလွင်သို့ ဆက်သွယ်မေးမြန်းနိုင်ပါ၏။)

"တောဆီးဖြူသီးဆိုတာက အပင်နိမ့်နိမ့်နဲ့ အသီးအနည်းငယ်သေးတဲ့ အသီးကို ဆိုလိုတာဖြစ်တယ်။ လူအများစားတာက အပင်မြင့်က ဆီးဖြူသီးဖြစ်တယ်"

"နောက်ရောဂါတစ်မျိုးဖြစ်တဲ့ နှလုံးရောဂါပျောက်တဲ့ ဆေးနည်းက ငါးရိုးပင်လို့ခေါ်တဲ့ အပင်က ဥကို နည်းမျိုးစုံနဲ့ ကြော်ချက်စား။ တစ်လဆိုရင် ဒိဋ္ဌပျောက်တယ်" (မြင်ဦးလွင်တွင် လက်တွေ့ပျောက်ပါ၏။ ဓာတ်ပုံနှင့်တကွ ဖော်ပြလိုက်ပါ၏။ မြင်ဦးလွင်တွင် အဆိုပါ အပင်များ ပေါများ၏။)

"နောက်ရောဂါတစ်မျိုးဖြစ်တဲ့ ကျောက်ကပ်ရောဂါပျောက်တဲ့ ဆေးနည်း ပြောပြမယ်။ ကျောက်ဖရုံသီးတစ်လုံးကိုယူ၊ အညှာရှိတဲ့ ထိပ်ပိုင်းကိုဖြတ်ပြီးရင် အတွင်းမှာကျန်ခဲ့တဲ့ အညှာရဲ့ အမြစ်ကို ထုတ်ယူလိုက်ပါ။ ၎င်းထဲကို သကြားအညိုကိုထည့်လိုက်ပါ။ ပြီးပါက လှီးထားခဲ့သော အညှာကို ပြန်ပိတ်၍ တိပ်နဲ့ကပ်လိုက်ပါ။ ပလတ်စတစ်အိတ်ထဲကို ထည့်လိုက်ပါ။ ပြီးတော့ နေပူမှာ ၁၅ ရက် နေလှန်းလိုက်ပါ။ ထိုမှထွက်လာသော အရည်ကိုသောက်၊ ကျောက်ကပ်ရောဂါ လုံးဝပျောက်" (လက်တွေ့ပျောက်ကင်းမှုကို သိလိုပါက ဦးကျော်ဇော၊ ဖုန်း-၀၉ ၃၃၀၄၅၁၃၄ သို့ ဆက်သွယ်မေးမြန်းပါ။)

သွေးသောက်ကြီးဦးထွန်းလှမှ..

"တရားအကြောင်း . . . ဆေးအကြောင်းတွေ နာကြားရတာလည်း အတော်များနေပြီ။ ကျေးဇူးလည်းတင်တယ်၊ တို့လည်း ဘာသာတရားကို အချိန်ရသလို ကျင့်ကြံအားထုတ်လိုက်ဦးမယ်"

"သွေးသောက်ကြီး တရားရလို့ တောထွက်မယ်ဆိုရင်လည်း ယူထားတဲ့ မယားငယ်ငယ်လေး ဘယ်မှာထားခဲ့မှာလဲ"

"ဒါလေးလည်း ခေါ်သွားမှာပေါ့"

"ဝါး . . . ဟား . . . ဟား"

မြင်းကိုယ်စီဖြင့် လိုရာသို့ ချီတက်သွားကြပါကုန်၏။

မျိုးသန်းထွန်းကို(ရေစကြို)



နှလုံးရောဂါပျောက်သော ငါးရိုးပင်



www.burmeseclassic.com

www.burmeseclassic.com

# ဘဝအမောစင်မယ့်
# လှတောတစ်ခွင် ဟာသများ

ဦးကောင်းထူး

## အိပ်နေကြပုံများ

မနက်မိုးလင်း ယာထဲ၊ လယ်ထဲ အင်းချိန်ဖြစ်ပေရာ တစ်ရွာလုံး ခြောက်ကပ်တိတ်ဆိတ်ပြီး ကလေးများနှင့် သက်ကြီးရွယ်အိုတို့လောက်သာ ကျန်ခဲ့၏။

တစ်နေ့ ... ရပ်ဝေးဧည့်သည်တစ်ယောက် ရောက်လာရာက အိမ်ရှင်များကို မတွေ့သဖြင့် ခြံဝိုင်းထဲ ကစားနေသည့် ကလေးနှစ်ယောက်ကို မေးလေ၏။

''ဟိတ် ... ဒီအိမ်က လူလည်း မရှိပါလား။ ဒီက လူတွေ ဘယ်သွားကြလဲကွဲ့''

ထိုအခါ ရှစ်နှစ်အရွယ် ကလေးမလေးက မျက်နှာ ပုပ်သိုးသိုးဖြင့် ...

''ဦးကြီးက ဒီအိမ်မှာ လူလည်းမရှိပါလားဆိုတော့ ကျွန်မတို့က လူမဟုတ်လို့ နတ်တွေလား''

''သြော် ... သြော် ... အေး ... အေး ... ဦးကြီး စကားမှားသွားလို့ပါကွယ်။ ဦးက လူကြီးတွေကို မေးတာပါ''

''လူကြီးတွေက လယ်ထဲဆင်း။ ထမင်းစား ပြန်လာပြီးတာနဲ့ အိပ်နေတာ ကာလနဂါးတွေ ဖြစ်ကုန်ပြီ။ ကျွန်မ သွားနှိုးပေးပါ့မယ်'' ... တဲ့။

* * *

## သံလိုက်လား၊ ဓားသမားလား

ဘောလုံးဝါသနာအိုး လှတောသားများသည် ကွင်းတပ်ပတ်လည်၌ အားပေးကြည့်ရှုနေကြ၏။

ပွဲကလည်း ပွဲကြီးပွဲကောင်းဖြစ်ပြီး လှတောသားနှင့် နာမည်ကြီးပြိုင်ဘက် ရွာတို့ပွဲ။

လှတောရွာအသင်းက ခြေသာသကဲ့သို့ တစ်ဖက်အသင်း ဂိုးသမားကလည်း ကောင်းမှကောင်း။

''ကောင်းလိုက်တဲ့ဂိုးသမားရယ်။ သံလိုက်ကပ်ထား သလား မှတ်ရ''

တစ်ယောက်က ချီးကျူးသလို၊ နှိမ်သလို ပြောလိုက်စဉ် မထင်မှတ်ဘဲ ဂိုးဝင်သွားရာ နောက်တစ်ယောက်က

''ဟလိုလေး ... ဘောသမားရယ်၊ ဂိုးသွင်းလှပပုံလေးက ဆက်ကပ်သမား ဓားပေါက်ပြနေသလားမှတ်ရ''တဲ့။

* * *

## ကောက်ရိုးစင်းနေသလို

ဆိုင်ကယ်တစ်စီးသည် ကံမကောင်းလှစွာဖြင့် လှတောရွာအနားတွင် ပျက်သွား၏။ ခုန်ဆွခုန်ဆွနှင့် စက်နှိုးနေစဉ် ဆွမ်းခံထွက်လာသော ဘုန်းကြီးကျောင်းသားနှင့် နွားကျောင်းသားကလေးများ အုံလာကြ၏။

ဆိုင်ကယ်သမားသည် ဆီပေါက်ဖွင့်လိုက်၊ ခုန်ခုန်ပြီး နင်းလိုက်၊ အသံမြည်လာသည့်အခါ တက်စီးလိုက်၊ စက်ရပ်သွားပါက ခုန်ဆွခုန်ဆွနင်းလိုက်နှင့် တစ်ဦးတည်း ဗျာများနေ၏။

လှတောသားကလေးများ၏ မျက်စိထဲတွင်မူ ဂျင်းဘောင်းဘီ၊ ဂျင်းဂျာကင်နှင့် ဆိုင်ကယ်သမားကို လူဟု၍ မမြင်ကြ။

ဤတွင် လှတောသားကလေးတစ်ယောက်က ပါးစပ်အငြိမ်မနေဘဲ ပြောချလိုက်တော့၏။

''ဟလိုလေး ... ဆိုင်ကယ်သမားရဲ့ ဆိုင်ကယ်စက်နှိုးပုံက ဖားပြုပ်နှစ်ချိုကြီး မတ်တတ်ရပ်ပြီး ကောက်ရိုးစင်းနေသလိုပါသလား''



www.burmeseclassic.com

www.burmeseclassic.com

## ကျောက်တိုင်တွေ ဖြစ်ကုန်ပါပေါ့လား

လုတောသား ဘောလုံးအသင်းနှင့် ရွှေဘိုဘောလုံးအသင်းတို့ ကစားကြစဉ်က ဖြစ်၏။

လုတောနောက်တန်း နှစ်ယောက်မှာ အလွန်ပင်ညံ့လှ၏။

ဘောလုံးနောက်သို့လည်း မလိုက်၊ ဘောလုံးရောက်လာလျှင်လည်း ခါးထောက်ပြီး ရပ်ကြည့်နေကြ၏။ သည့်အတွက် လုတောပရိသတ်တစ်ယောက်က မနေနိုင်တော့ဘဲ ...

"ဟကောင် ဘောလုံးသမားရဲ့။ နောက်တန်းရယ်လို့ ထည့်ထားပါတယ်။ လူစင်စစ်က ဘယ့်နှယ်ကြောင့် ကျောက်တိုင်တွေ ဖြစ်ကုန်ရတာလဲ"

ဟူ၍ ထအော်လိုက်လေသတည်း။

***

## ဝါးကပ်က ဆွေးနေရင်

လုတောသားဘောလုံးအသင်းနဲ့ ချည်ပါဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြသည့်ပွဲ ဖြစ်၏။

လုတောအသင်းအရှုံးပေါ်သွားရာ လုတောသားများ မကျေမချမ်းနိုင်ဘဲ လက်ဖက်ရည်ဆိုင်ထိုင်ကာ တစ်ယောက်တစ်ပေါက် ပြောဆိုကြလေ၏။

ဤတွင် ကျည်းကန်သားတစ်ယောက်ကဝင်ပြီး –

"ချည်ပါအသင်းက မင်းတို့လုတောကိုသာ နိုင်တာပါကွာ။ တို့ရွာအသင်းနဲ့ဆိုရင် အလွန်ဆုံးရှိလှ သရေပဲ"

"သရေ ဟုတ်လား"

ထိုအခါ လုတောသားတစ်ယောက်က ...

"အေး ... မင်းတို့အသင်း သရေကျချင်ရင်တော့ ဂိုးပေါက်ကို ဝါးကပ်နဲ့ အသေပိတ်ထားပေတော့။ အဲ ... ဝါးကပ်ကအဆွေးကြီးဆိုရင်တော့ မင်းတို့ ခွက်ခွက်လန်အောင်ကို ရှုံးမှာပဲ"

ဟူ၍ အငေါ်တူးလိုက်လေသတည်း။

***

## ကူးတို့ခကလေးတောင်မှ

ဝက်လက်ရွာသားတစ်စု လုတောရွာသို့ နွားဝယ်ရန်ရောက်လာကြ၏။

နွားရောင်းမည့် သူများ၏ အိမ်ကို စေ့နေအောင် လျှောက်သွားပြီး နွားများကို ကြည့်၏။ ဈေးမေး၏။ သို့ရာတွင် ဝယ်မည်၊ မဝယ်မည် မပြော။

သို့ဖြင့် တစ်အိမ်က တစ်အိမ် လျှောက်သွားလေရာ နွားအလွန်ရောင်းချင်သော လုတောသားက တီးခေါက်ကြည့်လေ၏။

"တကယ်လိုချင်ရင်တော့ အဆင်ပြေအောင် ပြောကြတာပေါ့ဗျာ။ အခု ခင်ဗျားတို့က ငွေဘယ်လောက်လိုက်မယ်စိတ်ကူးပြီး ဘယ်လောက်ယူလာကြလို့လဲ"

"ကောင်းရင် ကောင်းသလောက်လိုက်ဖို့ စိတ်ကူးထားပါတယ်။ ဒါပေမယ့် ငွေတော့ တစ်ပြားမှ ထည့်မလာဘူးဗျာ"

ဒီတော့ လုတောသားပါးစပ်က မနေနိုင်တော့။

"ဟလိုလေး ... မေးလိုက်မြန်းလိုက်တာဖြင့် သောင်းတန်၊ သိန်းတန်ချည်းပဲ။ အိတ်ထဲမတော့ ရတ်တရက်သေသွားရင် ထည့်ဖို့ရာ ကူးတို့ခလေးတောင် ပါမလာပါကလား"

***

## သိကြားမင်းဖင်ကိုတောင်

လုတောရွာသို့ရောက်လာသည့် အခြားရွာကလူများသည် ယခုနှစ်တွင် မိမိတို့ရွာမှ စပါးပင်များ အလွန်ကောင်းမွန်ကြောင်း ပြောမဆုံး။

ဤတွင် နားကလောခြင်းကို မခံနိုင်သည့်အဆုံး လုတောသားလယ်သမားလည်း ငြိမ်ခံမနေနိုင်တော့ဘဲ ...

"အခု ခင်ဗျားပြောနေတာတွေက အထွက်တိုးတို့၊ အထူးအထွက်တိုးတို့နဲ့ အထွက်ကောင်း ရာကျော်တွေ မဟုတ်လား။ ဆင်ဝင်သွားလို့ ပျောက်တာ ဘာဆန်းလဲ။ ကျုပ်တို့လုတောလယ်က ရိုးရိုးစပါးတွေကမှ သိကြားဖင်ကိုတောင် သွားထောက်နေတာဗျ"

ဟု ပြောလိုက်ရာ အကြွားဆရာတို့၏ ပါးစပ်များလည်း ပတ်တောပိတ်သွားလေသတည်း။

***



www.burmeseclassic.com

www.burmeseclassic.com

## ရွာတောင် တည်နိုင်လောက်ပါရဲ့

လှတောရွာရှိ ဈေးတန်းတွင် မိန်းမတစ်စုသည် အတင်းပြန်ကြားရေးဌာန ဖွင့်ထား၏။

ထိုကာလဝယ် ကားပေါ်မှဆင်းသွားသည့် အသက် ၂၀ ကျော် ကောင်မလေးသည် ပစ်မှတ်ဖြစ်သွားပါချေ၏။

"ရုပ်ကလေးက လှတပတနဲ့ အကျင့်တန်ပုံများက တော့ တက်နင်းလည်းစူး၊ နမ်းလည်းစူးတဲ့ ဒူးရင်းသီး အခွံလား မှတ်ရ"

"အေးလေ ... သူကွာခဲ့ပဲ့ ယောကျ်ားတွေကို ..င်းတောင်းနဲ့လိုက်ကောက်ပြီး စုလိုက်ရင် ငါးတင်းဝင်ပုတ် ဆုံ့မှာတောင် မဟုဘ်ဘူး"

"ဒါတောင် ကလေးတွေ မပါသေးလို့၊ ကလေးတွေ ပါ ထည့်တွက်ရင် ရွာတောင်တည်နိုင်မယ်ထင်ပ"

* * *

## မြင်းတွေ အကျႌဝတ်ပေးထားသလို

တစ်နေ့သ၌ ဗီဒီယိုရုံထဲသို့ မိန်းမများကြား အသက် ၆၀ ကျော် လှတောသားကြီးသည် ကန့်လန့်ကားရား ပါသွားခဲ့၏။

ဗီဒီယိုမင်းသားက နာမည်ကြီးလွန်းသည်မို့ မြင်ဖူး သည်ရှိအောင် လိုက်ကြည့်ခြင်း ဖြစ်၏။ ကြည့်ပြီးလေ သောအခါ ...

"အကျိုးနည်း ... ဟီးလိုက်တဲ့ လက်ခုပ်၊ ဒိုးပတ် ဝိုင်းထဲ ရောက်နေသလားမှတ်ရဟေ့။ လက်ခေါက်မှုတ် လိုက်ကြတာများ မြွေတွေတွန်တဲ့အတိုင်းပဲ"

ဤတွင် ဇာတ်ကားအပြီး၌ အတူပြန်လာသည့် ကလေးများက ...

"အရမ်းမိုက်တာပဲနော် အဘ"

"မိုက်လိုက်လေကွာ။ မိုက်သမှ အမြီးလေးတွေ ဘငေါက်ငေါက် ဖြစ်ကုန်ကြတာပေါ့"

"ဖိုက်တင်ခန်းတွေ မကောင်းဘူးလား အဘရ"

"အေး ... အေး ... ခြေထောက်တွေနဲ့ ကန်လိုက် ကြတာများ အပြင်မှာဆို သွေးအတောင့်လိုက်ထွက်မယ်။ အဟဲ ... ရုပ်ရှင်ထဲမှာတော့ ဆေးမန်းထုံးမန်း ကောင်း သလို လူးလဲထပြီး ပြန်ထိုးကြ၊ ကန်ကြတာပဲ။ ကန်လိုက် ကြရှာလေကွယ်လို့။ ဟလိုလေး ... မြင်းတွေများ အကျႌ ဝတ်ထားသလား မှတ်တယ်"

* * *

## အချိန်မှန်နာရီတွေ

လှတောသားတစ်ယောက်သည် မန္တလေးမှ လက်ပတ်နာရီများ ဝယ်လာခဲ့ပြီး ရွာဘုရားပွဲမှာ ချရောင်း လေ၏။ ရွှေပွဲလာများ ဝိုင်းလာအောင် အော်ပုံကလည်း ပညာပါလှ၏။

"နာရီတွေ ... နာရီတွေ၊ အချိန်မှန်နာရီတွေနော်။ မနက် ၉ နာရီကြည့်လည်း ဒီအချိန်ပဲ။ ည ၉ နာရီကြည့် လည်း ဒီအချိန်ပဲ။ အချိန်မှန်နာရီတွေ ... လူကြီးဆို မရောင်းဘူး။ ကလေးတွေမှ ရောင်းတာ။ အထူးဈေးနှုန်း ... အထူးဈေးနှုန်း။ တစ်လုံးမှ သုံးကျပ်တည်း"

မှန်ပေစွ။ သူ့နာရီလေးတွေက ကလေးကစားစရာ ပလတ်စတစ်နာရီလေးတွေ ဖြစ်ကြ၏။

* * *

## လုံမှ လုံပါ့မလားပဲ

မိုးနည်းရသည့်အထဲ မိုးကုန်စောသည့်အတွက် စပါး တွေ သိပ်မအောင်ကြ။ အထွက်ကောင်းသည့် စပါးပင်ကို အငှားရိတ်မည့်လူ မရှားသော်လည်း ပလူမွေး ပလူတောင် ကျတော့ အငှားရခက်နေ၏။

ဤတွင် လယ်ပိုင်ရှင်သမီးတွေလည်း တစ်ဇေ့ရရ၊ တစ်ပြည်ရရဆိုကာ လယ်ထဲဆင်းရိတ်ကြ၏။ ကျောင်းပိတ် ရက်လည်း ဖြစ်နေသည်။

လယ်ပိုင်ရှင်သမီးငယ်က ကျွဲချိုတပ် ဧရာမတံစဉ် ကြီးနှင့် ရိတ်ရင်းက ...

"အစ်မရေ ... တစ်ခါရိတ်မှ သုံးလေးပင်ပဲပါတယ်။ တံစဉ်တောင် အားနာဖို့ ကောင်းနေပြီ"

"ညီမရယ် ကိုယ့်ပစ္စည်းမို့ နှမြောလို့သာ ရိတ်နေရ။ တကယ်က ပေါက်ပြားနဲ့ရှင်းမှ သဘာဝကျမှာ"

"ကျွန်မကတော့ ကျကျနန ဝမ်းလျားထိုးပြီး ဇာဂနာနဲ့သာ နုတ်လိုက်ချင်ရဲ့။ ဒလိုလေး ... လူစဉ်မမီ လိုက်တဲ့ စပါးပင်။ ပုရွက်ဆိတ်အင်ပိုပ်ခိုလို့တောင် လုံမှလုံပါ့ မလားပဲ"



www.burmeseclassic.com

www.burmeseclassic.com

## ဒဿဂီရိဘီလူး ဆယ်ကောင်နဲ့

လှတောနှင့်ဝက်လက် ကားလမ်းဆိုးပုံမှာ လူပြောသူပြော များကြ၏။ ကျောက်ခဲစားသွားပါက မဝါးဘဲ အစာကြေသည့်လမ်းဟု တင်စားပြောဆိုကြ၏။

နောက်ပိုင်းတွင် လှတောသားတစ်ယောက်က လှတော–ဝက်လက်လမ်းကို ဖွဲ့နွဲ့ပြောဆို၏။

"ဟာလိုလေး ... ဆိုးလိုက်လေလမ်း။ သူ့ထက်ဆိုးတဲ့၊ ကြမ်းတဲ့လမ်းတောင် သူ့လောက်ဆိုးမယ် မထင်ဘူး။ နံရိုးနဲ့ ကားဘော်ဒီရိုက်တယ်။ နောက်ထပ် အရိုက်မခံရအောင် သတိထားနေတုန်း မြီးညှောင်းရိုးနဲ့ ခုံဆောင့်တယ်။ အား ... နံရိုး ဘယ်နှချောင်းကျိုးသွားပြီလဲလို့ စမ်းနေတုန်းရှိသေး ကားအမိုးနဲ့ ဆောင့်ပြန်ရော"

လှတောသားပီပီ စကားအရရော ဟန်ပန်အမူအရာကပါ သရုပ်ဖော်ကောင်းသဖြင့် ကြားရသူများ အူနှိပ်ရယ်ကြရ၏။

"အဲ ... ခေါင်းကွဲပြီး ဦးနှောက်တွေ ထွက်ကုန်ပြီလားလို့ စစ်ဆေးကြည့်နေတုန်း ဒရိုင်ဘာက ဘရိတ်ကို ဆောင့်နင်းလိုက်ပြန်ရောဟေ့။ ခရီးသည်အချင်းချင်း နဖူးနဲ့ချိုစောင်း ပြေးဆောင့်ကုန်တာ ဥသျှစ်သီးထုသံနဲ့ တခွပ်ခွပ်။ ဟာလိုလေး ငါဖြင့် ဒဿဂီရိ ဘီလူးဆယ်ကောင်နဲ့ ငါတစ်ယောက်တည်း သိုင်းချနေသလား အောက်မေ့ပါသကော"

* * *

## ဆိုင်းဝိုင်းထဲရောက်သွားသလို

လှတောရွာ လယ်သူမတစ်စု ကောက်စိုက်ပြိုင်ပွဲ၊ သန်းရှာပွဲကျင်းပနေကြသည်မှာ တန်းစီလျှောလျှော်နေကြတာနှင့် မခြားပေ။

သူတို့သည် လက်မအားကြလင့်ကစား အားနေသည့်ပါးစပ်က အတင်းပြောဖြစ်အောင် ပြောကြပြန်သေး၏။

"ဟိုဘက်ရွာပြောင်းသွားတဲ့ ခင်နှင်းတစ်ယောက်ကော တွေ့သေးလား"

"အရင်တစ်လက တွေ့လိုက်ပါသတော်။ နောက်ဆုံးပေါ် ဗိုက်နဲ့"

"အေးဟယ် ... သူ့ကြည့်လိုက်ရင် ဗိုက်နဲ့ချည်းပဲ။ တစ်နှစ်မှာ ဆယ့်နှစ်ဗိုက်များ ကြီးနေသလား မသိဘူး"

"သနားပါတယ် ... အစ်မရယ်၊ ဆင်းရဲရတဲ့အထဲ ကလေးက တပြွတ်ပြွတ်နဲ့။ ပဲကြီးရေစိမ်ကမှ သူ့ထက်စာသက်သာဦးမယ်"

"ဟာလိုလေး ... ခင်နှင်းတို့ ကလေးမွေးသန်ပုံများ သူ့အိမ်တစ်ခါရောက်သွားပါတယ်။ ကလေးတွေ ဘုစုခရုတွေအေ ... ဆိုင်းဝိုင်းထဲ ပတ်လုံးလေးတွေ ကြီးစဉ်ငယ်လိုက် စီထားသလိုပဲ။ ငါ့မလည်း ဆိုင်းဝိုင်းထဲ ရောက်သွားသလား မှတ်ရ"

* * *

## အပ်ပေါက်နဲ့ စပါးကြီးမြွေ

လှတောသားနှစ်ယောက် စကားဝိုင်းဖွဲ့နေကြ၏။

"အောင်မယ် ... မင်းက ဘာသိတုံး။ လယ်နဲ့အိမ်ပဲ တောင်ကူးမြောက်ကူးနဲ့ လူ့လောကအကြောင်း ဘာမှ နားမလည်ဘူး။ အခု ... ဆန်ကွဲတစ်ပြည်တောင် ငွေနှစ်ရာတဲ့ဗျ"

"ဆန်ကွဲအဖြုန်းဆုံးက မုန့်ဟင်းခါးပေကိုး။ မုန့်ဟင်းခါးဆိုင်တွေက ဝယ်နိုင်းတာနေမှာပေါ့"

"မုန့်ဟင်းခါးတင် ဘယ်ကမလဲ။ မုန့်ပေါင်း၊ မုန့်စလင်းထောင်၊ မုန့်စိမ်းပေါင်း၊ မုန့်ပျားသလက် အကုန်လုံးဆန်ကွဲနဲ့ လုပ်ကြရတာပဲဟာ။ ဒါပေမယ့် အခုဈေးတက်သွားတာ မုန့်လုပ်တာကြောင့် မဟုတ်ဘူးဟ"

"ဆန်ကွဲနဲ့ မုန့်မလုပ်လို့ ဘာလုပ်ရဦးမှာလဲ"

"အဲဒါ ပြောတာပေါ့။ အ,တာမှ မောင်းကွဲကြီးတီးရသလိုပါလား။ အနောက်တောကလူတွေလေ ငါတို့ဆီမှာလို ဆည်မရှိ၊ ချောင်းမရှိနဲ့ မိုးခေါင်ရင်း မျိုးဆုံးမျိုးတုံးကုန်တာပေါ့"

"ဩော်ဟော့ ... လက်စသတ်တော့ ဆန်ကွဲကို သူတို့က မျိုးချဖို့ ဝယ်တာကိုး"

"အေး ... မင်းက အစေ့မြင်ရင် အသီးသီးတဲ့ကောင်။ အဲဒီဘက်ကလူတွေ ကျပ်တည်းပုံများ သနားစရာကွာ။ အပ်ပေါက်ထဲ စပါးကြီးမြွေ ဝင်နေသလား မှတ်ရ"

ဦးကောင်းထူး



www.burmeseclassic.com

www.burmeseclassic.com

# ရေငန်ပိုင် ဦးရှင်ကြီး

■ ဆင်ဖြူကျွန်းအောင်သိန်း

မြန်မာနိုင်ငံ အထက်ပိုင်းတွင် ပန်းပဲမောင်တင့်တယ် (မင်းမဟာဂီရိ)နတ်နှင့် ကင်းသောအိမ် နည်းပါးသည့်နည်းတူ မြန်မာနိုင်ငံအောက်ပိုင်းတွင်လည်း "ဦးရှင်ကြီး"နတ်နှင့် လွတ်သောအိမ် နည်းပါသည်။ ရေငန်ရောက်သောနေရာဒေသကို သူပိုင်စိုးသည်ဆိုပြီး "ရေငန်ပိုင်ဦးရှင်ကြီး" ဟု နာမဝိသေသန ထပ်ဆင့်သာခြင်း ဖြစ်ပေ၏။

ဦးရှင်ကြီးနတ်သည် အတွင်း ၃၇၊ အပြင် ၃၇ မင်း နတ်စာရင်းများတွင် မပါဝင်ဘြား သူတော်ကောင်းနတ်ဖြစ်၏။ သူ့အား ပေးကမ်းကျွေးမွေးပသသော ပစ္စည်းအားလုံးသည် သက်ပုံဖြစ်ချေသည်။

ဦးရှင်ကြီးကို ဝါတွင်းသုံးလမှအပ ကျန်ကိုးလအတွင်း နံနက်စောစောဖြစ်စေ၊ ညဉ့်ဦးတွင်ဖြစ်စေ တင်မြှောက်ပသနိုင်သည်။ တင်မြှောက်ရာ၌ အိမ်တွင်းတွင် မဆောင်ရွက်ရပေ။ အိမ်တံစက်မြိတ်နှင့်လည်း လွတ်ရမည်။ ဦးရှင်ကြီးတင်ရန် "ကွန်းစင်"ဆောက်ရသည်။

ကွန်းစင်ဆောက်ရန်အတွက် လေးပေခွဲ ငါးပေခန့်ရှည်သည့် ဝါးတစ်လုံး၏ ထိပ်ပိုင်း သုံးပုံတစ်ပုံခန့်တွင် လေးစိတ်ခွဲပြီး ဟထားသည်။ ထို့နောက် အနံနှစ်ပေ၊ အလျားနှစ်ပေခန့်ရှိသည့် ကပ်ကျဲတစ်ခုရက်ကာ ဝါးအခွပေါ်တွင် တင်လိုက်လျှင် ကွန်းစင်ဖြစ်တော့သည်။

ဦးရှင်ကြီးအား တင်မြှောက်ပသမည့် ပစ္စည်းများကို အထက်ပါကပ်ပေါ်သို့ တင်ရ၏။ တင်ရာတွင် ပါဝင်သောပစ္စည်းများမှာ ကောက်ညှင်းပေါင်း၊ အုန်းသီးဆန်၊ အုန်းရည်၊ အခွံခွာပြီးသော ငှက်ပျောသီး၊ ကွမ်းယာ၊ လက်ဖက်တို့ ဖြစ်ကြ၏။

လက်ဖက်တွင် ဆီမဆမ်း၊ ဆားမဖြူးရသည့်နည်းတူ ကောက်ညှင်းပေါင်းကိုလည်း ဆီ၊ဆား မထည့်ရပေ။ ကောက်ညှင်းပေါင်းရရှိရန် မလွယ်ကူပါက မုန့်ဆန်းကို အစားထိုးအသုံးပြုနိုင်သည်။

ဤသည်မှာ အရိုးစင်းဆုံးနှင့် အရှင်းလင်းဆုံးဖြစ်သည်။ သို့ရာတွင် ချဲ့လိုသူတို့ ချဲ့ထွင်လိုက်သောအခါ ကွန်းစင်၏အထက်ပိုင်း ထောင့်လေးထောင့်တွင် အုန်းရွက်နှင့် သပြေညွှန့်များ စိုက်ထောင်ဆင်ယင်လာသည်။ "အောက်ပွဲ"ဟူ၍လည်း ပါလာသည်။ အကြောင်းပြချက်မှာ ဦးရှင်ကြီးနောက်တော်ပါးမှ ပါလာသည့် အခြွေအရံများကိုလည်း ကျွေးမွေးရန်ဟူပေ၏။

မြို့ကြီးရပ်ကြီးများတွင် အခကြေးငွေဖြင့် ဦးရှင်ကြီး "တင်"ဆောင်ရွက်ပေးသူများ ရှိ၏။ ထိုသူများသည် မိကျောင်းစီးနေသည့် စောင်းပိုက်ထားသော နတ်ဝိမ်းရုပ်(နတ်ဝိမ်းဟု သုံးရခြင်းမှာ အထက်နတ် နတ်ပြည်ခြောက်ထပ်ရှိ နတ်များနှင့် ဝတ်ဆင်ပုံချင်း မတူညီသည့်အတွက် ဖြစ်ပါသည်။) ရုပ်တုကို ဘီးတပ်လှည်း ကွန်းစင်နှင့် အသင့်လုပ်ထားကြ၏။

သို့သော် အခယူလုပ်ကိုင်ပေးသည့် ဦးရှင်ကြီးတင်များ၏ ဘီးတပ်ကွန်းစင်များတွင် ထုလုပ်ထားသည့် ဦးရှင်ကြီးနတ်ရုပ်အချို့မှာ မိကျောင်းမဟုတ်ဘဲ ကျားစီး နေသည်ကို တွေ့ရ၏။ ထိုပုဂ္ဂိုလ်များကို မှားရမ်းရခြင်းမှာ တင်မြှောက်ပသသော

www.burmeseclassic.com

"စာ"မရသည့်အတွက် ဖြစ်ပေသည်။

ဦးရှင်ကြီးတင်သောစာမှာ သာချင်းပုံစံနှင့် သတင်းစာခေတ်ဦးသုံး စကားပြေမျိုးဖြစ်သည်။ သို့အတွက် ဇာတ်ကျစာရေးဆရာများ၊ ကွက်စိပ်ဆရာများနှင့် နှမ်းပါးသော ဘိသိက်ဆရာများသည် ရေးလည်းရေးပြီး၊ ကိုယ်တိုင်လည်း လိုက်လံတင်မြှောက်ပေး၏။

## ဦးရှင်ကြီးတင်ပုံ

ဦးရှင်ကြီးတင်ရာတွင် "အုန်းရည်"ကို ဦးစွာတင်ရ၏။ တင်သောအခါ ရွတ်သောစာမှာ "ပုလဲငွေမို့ သဲရေစို့ ပဲရွှေမြို့အပိုင်၊ အောက်ခရိုင်၌ ကျောက်တိုင်ဘက်နေမင်းအထိ ရေစာရင်းညှိလိုက်တော့ ရေကင်းအထိ ပိုင်ပေသော ဦးရှင်ခင်ဗျား" အစချီကာ ကြွရောက်သုံးဆောင်ရန် ဖိတ်ကြားသည်။

ထို့နောက် ကွန်းစင်ပေါ်သို့ နဘေကာရန်ပါသော စကားဖြင့်ပင် ကြွရောက်ပါရန် ပင့်သည်။ ထိုမှတစ်ဖန် စားသောက်သုံးဆောင်ရန် "မိန်းမလှခေါ်ဆို ကျွန်းမြတ်ညိုတွင်၊ လှုဗိုလ်အပေါင်း ခစ်ညောင်းရသော ရွှေစောင်းတော်သခင်၊ ဒြပ်ဖြိုးပေသော နတ်မျိုးရှင်ဘုရား" အစချီကာ "ရသာအမြတ် ဖြူစင်လတ်သည့် နတ်ကောက်ညှင်းနှင့် ပေါက်ပေါက်၊ လက်ဖက်ရွှေဖီ ဆားမသီ၊ ဆီမနော့ဘဲ မောက်မောက်စုပုံ။ ရိုးရှက်မြည်ဘွာ ကွမ်းနဝါ ယာတော်စုံတို့ဖြင့် မွှေးထုံပျံ့သင်း××× စောင်းတော်ရတနာ ပေလှ လက်တော်ကဆွဲ၍ ကြွလှမ်းကာ၊ တင်ဆွမ်းယမကာကို ရှင်လန်းစွာ ဘုဉ်းပေးသုံးဆောင်တော်မူပါ" ဟူ၍ အလယ်တွင် အလှူရှင်၏အမည်ကို ထည့်သွင်းရွတ်ဆိုရသည်။

ဤမှ တစ်ဆက်တည်း ခုတောင်းသည်။ ခုတောင်းအပြီးတွင် ပင့်ဖိတ်ထားသည့် ဦးရှင်ကြီးကို ပြန်ပို့ရသည်။

## ဦးရှင်ကြီးအကြောင်း

ဦးရှင်ကြီး၏ မူလအမည်မှာ မောင်ရှင်ဖြစ်သည်။ ပဲခူးနယ်၊ ကစင်ရွာ (အချို့က စည်တီးရွာ)တွင် မိခင်မုဆိုးမကြီး ဒေါ်ဖြူကို စောင်းပညာဖြင့် လုပ်ကျွေးပြုစုနေ၏။

မောင်ရှင်မှာ အရွယ်ရောက်လာခြားဗုဒ္ဓဘာသာထုံးစံနှင့်အညီ ရှင်ပြုရန်လိုပေသေးသည်။ သို့အတွက် အစ်မဖြစ်သူ ဒေါ်သူထံတွင် လင်သားရှိစဉ်က ချေးငှားထားသည့် ငွေသုံးပိဿာကို သွားရောက်တောင်းခံသည်။ ဒေါ်သူက ကြွေးမဆပ်ရုံမျှ ဆဲရေးမောင်းမဲကာ နှင်ထုတ်သည်။

သို့ဖြင့် မောင်ရှင်သည် ငွေလုံးငွေကြေး မြန်မြန်ရစေရန် "မိန်းမလှကျွန်း" သို့ မျောခုတ်သွားသော အဖွဲ့နှင့် လိုက်ပါသွားသည်။ ကျွန်းသို့ရောက်၍ မျောခုတ်ကြစဉ် မောင်ရှင် လှေစောင့်ကျသည့်နေ့၌ စောင်းတီးမိသည်။ မောင်ရှင်တို့ မိန်းမလှကျွန်းမှ ပြန်လည်ထွက်ခွာသောနေ့၌ စောင်းသံကို စွဲလမ်းမိသော နာနာဘာဝ ညီအစ်မလေးယောက်က လှေကိုဆွဲထားသည်။

လှေသားများသည် "ရေစာ"ကျွေးရန် ရေစာမဲချကြသည်။ မောင်ရှင်ချည်းသုံးကြိမ်လုံး ရေစာမဲကျသဖြင့် ရေထဲသို့ ပစ်ချလိုက်ကြရာ အရှင်လတ်လတ် နတ်ဖြစ်သွားသည် ဆိုကြပေ၏။

ပုသိမ်မြို့ ဓူဝံစာပုံနှိပ်တိုက်၌ ရိုက်နှိပ်သော "ဇာတ်ကြောင်းပြန်၊ ဆွမ်းတင်ဆွမ်းကပ်စာအုပ်"တွင်ကား မောင်ရှင်မှာ အစ်ကိုဝမ်းကွဲ မောင်ဖိုးအောင်ဆိုသူ ရှိသည်ဟု ဖော်ပြထား၏။

"နိုင်ငံတကာ ပြိုင်စံကျွာသမို့ ခရိုင်မဏ္ဍလာတွင်၊ အကဲတစ်မျိုး ကြွပေသည့် ပဲခိုးနဂရ ဌာနအနေ၌ ဂါမနာမေ "စနကွင်း"၏ တစ်စုမပ ဘွင်း "ကဇင်းရွာ"တွင် အရင်းပထမ ရေသားယကတော့ သေဒွေဘဝနှင့် အခြေထူလို့မို့ "အမေဖြူ"ဟု ကြေညာလိုင်တဲ့ပြင်၊ ပြည်ရွာခရိုင်မှာ တန်ခိုးတောက်ပြီး တစ်မိုးအောက်၌ အမည်ကသင်းလိုက်တော့၊ ညီအစ်မရင်း "မယ်သူ"က ကျုပ်မြေအတွင်းမှာ အိမ်ကိုတောင်မဆောက်ကြပါနှင့်ဟု၊ ဂုဏ်မိုမောက်ပြီး တစ်ရွှေးအထူး မလျှော်ရောက်စွာဖြင့် ကျေးဇူးမမျှော်မစာ နှင်စာပေးလေတော့၊ ဘဝင်မှာမအေး၍ အပူတကယ်ပွားပြီး လူမမည်သား မောင်ရှင်ငယ်နှင့် ရှောင်တခင် တကယ်အားကိုးစရာ မရသမို့၊ အစဉ်မချိုးဆွေးဖို့ အကြောင်းရင်းမခိုင်သူတို့မှာ ခေါင်းချင်းဆိုင်ကာ ညှိုးရှာကြပါရော။ ဖြပ်ဟွစိုရ်ရမ္မ အရှိမကင်းတဲ့ တူအရင်းမောင်အောင်က ရမ္မူတစ်သင်းပြောင်ပြောင် ရာဇဝင်ထိုးလောက်တဲ့ ××"

ထိုသို့ မောင်အောင်ပါလာခြင်းမှာ ဇာတ်သဘင်တို့၏ ဇာတ်ရုပ်များကို တုယူငင်ထားသည့် သဘောရပေ၏။

ယခုအခါတွင် ဦးရှင်ကြီးကွမ်းစင်ကို "ကျောင်းဆောင်"စားဖွယ်ရာကို "ဆွမ်း" ဘားပါ၊ သောက်ပါ၊ သုံးဆောင်ပါဟု ဆို[illegible] မည့်အစား "ဘုဉ်းပေးပါ"ဟု ဆိုနေကြ[illegible] သည်။ ရတနာသုံးပါးနှင့်သာ အပ်စပ်သော အသုံးအနှုန်းကို အခြားအရာ၌ မသုံး[illegible] သင့်ကြောင်း သတိလက်လွှတ်နေကြ[illegible] တူပေ၏။


•

ဆင်ဖြူကျွန်းအောင်သိန်း



www.burmeseclassic.com

www.burmeseclassic.com



# သင် တကယ့်လူဖြစ်ပြီလား

▪ ဝေလင်း(ရောဝတီ)

လောကဌ် "လူအမျိုးမျိုး နတ်အထွေထွေ"ဟု သုံးစွဲ ဆိုရိုးစကားတစ်ခု ရှိပါသည်။ အသွင်သဏ္ဌာန်၊ အကျင့် အပြောအဆို၊ အနေအထိုင် စသည့် ကွဲပြားနေမှုကို ... "လူအမျိုးမျိုး"ဟု ဆိုထားခြင်းဖြစ်ပေသည်။ ဤတွင် ...ဓိပ္ပာယ်ကို ကျမ်းဂန်များမှာ ဖော်ပြထားသည့်အတိုင်း ... ဖော်ပြပါမည်။ လူဆိုသည်မှာ -

၁။ ကုသလာကုသလေ ဓမ္မေမနုတီဇာနာတီတိ မနုဿော ဆိုသည့် ကျမ်းဂန်အဆိုအရ ကုသိုလ်၊ အကုသိုလ်တရားတို့ကို ခွဲခြားပြီး သိတတ်သော ကြောင့် 'လူ'။

၂။ ကာရဏာကာရဏံ မနုတီဇာနာတီတိမနုဿော၊ အကြောင်းဟုတ်သည်၊ မဟုတ်သည်ကို ခွဲခြား သိတတ်သောကြောင့် 'လူ'။

၃။ အတ္ထာနတ္ထံ မနုတီဇာနာတီတိမနုဿော၊ အကျိုး ရှိသည်၊ အကျိုးမဲ့သည်ကို ခွဲခြားပြီးသိတတ် သောကြောင့် 'လူ'ဟု ခေါ်ပါသည်။

ကုသိုလ်ကို ကုသိုလ်မှန်း၊ အကုသိုလ်ကို အကုသိုလ် မှန်း၊ အကြောင်းနှင့် အကျိုး၊ အကျိုးရှိ၊ အကျိုးမဲ့ စသည်ဖြင့် ခွဲခြားပြီး မသိသောသူများကို 'လူ'ဟု မခေါ်ထိုက်ပါ။ သတ္တဝါ ဟုသာ ခေါ်ထိုက်ပါသည်။ လူ့ဘဝဆိုသည်မှာ နတ်...။



www.burmeseclassic.com

www.burmeseclassic.com

နတ်သမီးတို့ကပင် စကားကြီးသုံးခွန်းနှင့် တိုက်တွန်းအပ်ပြီး ဂုဏ်ရည်အမျိုးမျိုးဖြင့် ပြည့်စုံနေတဲ့ ဘဝကြီးတစ်ခုဟု ဆိုနိုင်ပါသည်။ နတ်ပြည်မှာ နတ်သား၊ နတ်သမီးများ စုတိကျတော့မယ်ဆိုပါက နိမိတ်ငါးမျိုးထင်လာတတ်ပါသည်။ ထိုငါးမျိုးမှာ-

၁။ နတ်ပန်းညှိုးနွမ်းလာခြင်း။
၂။ နတ်ဝတ်တန်ဆာ ညှိုးနွမ်းခြင်း (ကိုယ်ရောင်ကိုယ်ဝါ မှေးမှိန်ကာ အဆင်းမလှခြင်း)
၃။ လက်ကတီးကြားမှ ချွေးထွက်ခြင်း။
၄။ နေရာဘုံဗိမာန်မှာ မပျော်မွေ့ခြင်း။
၅။ မျက်တောင်ခတ်ခြင်းတို့ပင် ဖြစ်၏။

ဤကဲ့သို့ နိမိတ်ငါးပါးထင်လာသည့်အခါ အခြားနတ်သား၊ နတ်သမီးတို့က "အမောင်နတ်သား၊ နတ်သမီးတို့... ဤနတ်ပြည်က စုတေသောအခါ သုဂတိဘဝကိုသွားပါ။ သုဂတိရောက်လျှင်လည်း လာဘ်ကြီးတစ်ခုကို ရအောင်ယူပါ။ ရလာသည့်အခါမှာလည်း အမြဲတည်တံ့အောင် ဆောင်ထားပါ"ဟု စကားသုံးခွန်းနှင့် တိုက်တွန်းလေသည်။ သုဂတိဘဝ ဆိုသည်မှာ 'လူ'ဘဝကို ဆိုလိုပါသည်။ လာဘ်ကြီးတစ်ခုကို ရအောင် ယူပါဆိုသော စကားမှာ 'သဒ္ဓါ'တရားနှင့် ပြည့်စုံအောင် အားထုတ်ပါဟု ဆိုခြင်းပင်ဖြစ်၏။ တည်တံ့အောင်ဆောင်ပါ ဆိုသည်မှာ ဘယ်သူဖျက်ဖျက် မပျက်သော သဒ္ဓါမျိုး၊ သောတာပန်ပုဂ္ဂိုလ် သန္တာန်မှာရှိသော ခိုင်မြဲသည့် 'အစိဂမ'သဒ္ဓါမျိုးဖြစ်အောင် နေပါဟု ဆိုခြင်းဖြစ်ပါသည်။ ထို့ကြောင့် လူ့ဘဝက နတ်သား၊ နတ်သမီးတို့ကပင် တိုက်တွန်းခြင်းခံရသည့် ဘဝကောင်းတစ်ခုဟု ဆိုနိုင်ပါသည်။

ထို့ပြင်လည်း လူ့ဘဝဟာ အရည်အချင်းဂုဏ်ခြောက်မျိုးနှင့် ပြည့်စုံနေသည့် ဘဝကောင်းတစ်ခုဟု တိပိဋကယောဆရာတော်ကြီးက အသိမှန်ကန် အဖိုးတန် တရားတော်မြတ်ငွင် ဖော်ပြထားတာ ရှိပါသည်။ ဂုဏ်ရည်ခြောက်မျိုးမှာ

၁။ ဘုရားသာသနာနှင့် တွေ့ကြုံရခြင်း။
၂။ ရတနာသုံးပါးရှိသည့်နေရာမှာ ဖြစ်ခွင့်၊ နေခွင့်ရခြင်း။
၃။ လမ်းညွှန်ကောင်းနှင့် တွေ့ကြုံရခြင်း။
၄။ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာတည်ဆောက်မှု ပြည့်စုံခြင်း။
၅။ စိတ်ပိုင်းဆိုင်ရာ ခန္ဓာတည်ဆောက်မှု ပြည့်စုံခြင်း။
၆။ ကောင်းမှုကုသိုလ်တရားပေါ်မှာလိုချင်ခြင်း

ဟု လူ့ဘဝဂုဏ်ရည်များကို ဆရာတော်ကြီးက ထုတ်[...] သွားခဲ့ပါသည်။

ဤမျှလောက်မြင့်မြတ်သည့် လူ့ဘဝကြီးမှာ မြင့်မြတ်သည့်လူ၊ တန်ဖိုးရှိသောလူ၊ 'လူ'ဆိုသည့်အတိုင်း အညွှန်[...] တလူလူတက်သောလူ ဖြစ်အောင် ကြိုးစားဖို့ လိုပါသည်။ ဝိမာနဝတ္ထုအဋ္ဌကထာတွင် လူလေးမျိုးကို ပြထားပါသည်။ အဘယ်နည်းဆိုသော် -

၁။ မနုဿနေရယိက - ငရဲသားနှင့် တူသောလူ၊
၂။ မနုဿတိရစ္ဆာန - တိရစ္ဆာန်နှင့် တူသောလူ၊
၃။ မနုဿပေတ - ပြိတ္တာနှင့် တူသောလူ၊
၄။ မနုဿပရမတ္တ - သူတော်ကောင်းအကျင့်တရားရှိသူ (တကယ့်လူ)ဟူ၍ လေးမျိုးရှိပါသည်။

## ငရဲသားနှင့် တူသောလူ

ငရဲသားနှင့်တူသော 'လူ'ဆိုသည်မှာ သူတစ်ပါးအသက်ကို သတ်ခြင်း၊ သူတစ်ပါးဥစ္စာကို ခိုးခြင်း၊ သူတစ်ပါး သားမယားကို ကျူးလွန်စော်ကား ဖျက်ဆီးခြင်းဟူသော ကာယကံသုံးပါး၊ မုသားပြောခြင်း၊ ကုန်းချောခြင်း၊ ကြမ်းကြမ်းတမ်းတမ်းဆိုခြင်း၊ အကျိုးမဲ့စကားကို ဆိုခြင်း ဝစီကံလေးပါး၊ သူတစ်ပါးစည်းစိမ်ကို မတရားသောနည်းဖြင့် လိုချင်ခြင်း၊ သူတစ်ပါးကို သေစေလိုခြင်း၊ မိစ္ဆာအယူရှိခြင်းဟူသော မနောကံသုံးပါး ကံသုံးပါး၊ ဤဒုစရိုက်ဆယ်ပါး တစ်ပါးပါးတို့နှင့်သာ အချိန်ကို ကုန်လွန်စေသောသူတို့ကို လူငရဲသားဟု ခေါ်ပေသည်။

ထိုသူတို့၏ ကိုယ်၊နှုတ်၊စိတ် သုံးပါးတို့တွင် အကောင်းတရားဆိုတာ မရှိ။ မကောင်းမှုသာ အမြဲမွေ့လျော်တတ်[...] ဒီအလုပ်ဟာ လုပ်ရန်သင့်၊ မသင့်ကိုလည်း စဉ်းစားနိုင်[...] တတ်သော အသိဉာဏ်ကင်းမဲ့နေလေသည်။ "ဘယ်သူသေ[...] သေ ငတေမာရင်ပြီးရော"ဆိုသည့် စိတ်ကိုမွေးတတ်ကြ[...] ထိုလူမျိုးတို့အတွက် လောကမှာ အကျဉ်းထောင်ဆိုတာ ပေါ်[...] လာရခြင်းဖြစ်သည်။ အကျဉ်းထောင်ထဲ ရောက်ကြတဲ့သူတွေ[...] ဟာ ဒုစရိုက်မှုတစ်ခုခုကို ကျူးလွန်သူတွေချည်းပါပဲ။ မကောင်း[...] မှုပြုကြသူတို့ စုဝေးရာဌာနတစ်ခုဟုလည်း ခေါ်နိုင်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုဌာနမှာ စားရေး,နေရေး,ဝတ်ရေး အစစအရာရာ ဆင်းရဲ၏။ စားချင်တာကိုလည်း မစားရ၊ သွားချင်တဲ့နေရာကိုလည်း မသွားရ၊ နေချင်သလိုလည်း မနေရ၊ အလွန်ဆင်းရဲလှ၏။ ဤသို့ ဆင်းရဲခြင်းကို ခံစားရခြင်းမှာလည်း "ဘယ်သူမပြု မိမိမှု"ဆို သကဲ့သို့ မိမိ၏ ကိုယ်,နှုတ်,စိတ်အမူအရာ မကောင်းသော ကြောင့်သာ ခံစားရခြင်းဖြစ်ပေသည်။

လူဆိုတာ စဉ်းစားဆင်ခြင်နိုင်သော အသိဉာဏ်ရှိသူ ဖြစ်၏။ ထိုသို့ ဆင်ခြင်နိုင်မှု ဆင်ခြင်တုံတရားရှိမှုတို့ကြောင့် မြင့်မြတ်သော သတ္တဝါဖြစ်သည်ဟု သူတော်ကောင်းပညာရှိ များက ဆိုခဲ့ကြလေသည်။ ဆင်ခြင်တုံတရား ကင်းမဲ့ပြီး မကောင်းမှုဒုစရိုက်တို့နှင့်သာ လူးလိမ့်ပျော်မွေ့နေသူများသည် လူမည်ကာမျှသာဖြစ်ပြီး တန်ဖိုးရှိသောလူ၊ မြင့်မြတ်သောလူ တကယ့်လူမဖြစ်နိုင်ချေ။ လူ့ငရဲသားနှင့် တူလှ၏။ ဘဝခန္ဓာချုပ် ဆုံးသည်၏ နောက်ကွယ်မှာ အပါယ်ငရဲမှ လူးလိမ့်အောင် အော်ဟစ်ခံစားကြရမည်ကိုလည်း သတိပြုဖို့လိုအပ်ပေသည်။

## တိရစ္ဆာန်နှင့်တူသောလူ

တိရစ္ဆာန်ဟူသည် တိ+ဣစ္ဆာန-တိ-သုံးပါးကို၊ ဣစ္ဆာန- အလိုရှိသူ။ အိပ်စားကာမသုံးပါးသာ အလိုရှိသောသတ္တဝါဟု အဓိပ္ပာယ်ရှိသည်။ 'လူ'ဆိုသည်မှာ တိရစ္ဆာန်တို့ထက် စဉ်းစား ဆင်ခြင်တိုင်းထွာတတ်သော အသိဉာဏ်ဖြင့် သာလွန်မြင့်မြတ် သည်ဟု ကျမ်းဂန်များမှာ အဆိုရှိပေသည်။ ဤသည်ကိုပင် လယ်တီဆရာတော်ကြီးက -

မေထုန်မှီဝဲအိပ်စားလို့ ယောက်ျားတဲ့နွားမှာ၊
သိပညာတတ်တစ်ပါး နွားထက်ပိုသာ၊
တတ်ပညာချို့ရှာချေက၊

လူမိုက်ခေါင် ထိုယောက်ျားကို နွားဟုဆိုရ ဟု စပ်ဆို သွားခဲ့ပေသည်။

မိမိဘဝကျင်လည်ရေးတွင် တစ်နေ့တစ်နေ့မှာ စားဖို့ ရှာခြင်း၊ ဝတ်ဖို့ရှာခြင်း၊ နေဖို့ရှာခြင်းဟူသော စားဝတ်နေရေး အတွက်နှင့်သာ အချိန်ကိုကုန်လွန်စေပြီး ကုသိုလ်ရေး ဓမ္မရေး ကို မေ့လျော့နေမည်ဆိုလျှင် တိရစ္ဆာန်နှင့်မခြား အလားတူစွာ ဖြစ်သဖြင့် လူ့တိရစ္ဆာန်ဟု ခေါ်ထိုက်ပေသည်။ မိမိတို့ နေ့စဉ် ဆောင်ရွက်နေသော လုပ်ငန်းတို့တွင် ကုသိုလ်ရေး ဓမ္မရေးတွေ ပါသလား။ ငါးဖြာအာရုံ ကာမဂုဏ်အတွက်ပင် ဖြစ်နေသလား။ မိမိလုပ်ဆောင်နေသည့် အလုပ်ဟာ သန့်ရှင်းစင်ကြယ်ပြီလား။ ဒုစရိုက်မှုဖော့ကင်းရဲ့လား ပြန်လည်စဉ်းစားကြည့်ရမည်။ အကယ်၍ အလုပ်ကလည်း မသန့်ရှင်းမစင်ကြယ်၊ ကုသိုလ်ရ စရာအကြောင်းလည်းမပါ၊ လောဘတဏှာတွေနှင့်သာ အချိန် နာရီတွေ ကုန်လွန်စေခဲ့မည်ဆိုလျှင် ချေသြ…ငါဟာ တကယ့်လူ မဖြစ်သေးပါလားဟု စဉ်းစားသင့်ပေသည်။

## ပြိတ္တာနှင့် တူသောလူ

ပြိတ္တာဟူသည် လူတို့စွန့်ပစ်အပ်သော ထမင်းလုံး၊ နပ်၊ ချွေး၊ သလိပ်၊ ပြည်ပုပ် စသည်တို့ကု ရှာဖွေစားသောက်နေရ သော သတ္တဝါပင် ဖြစ်၏။ ပြိတ္တာတို့မှာ ပြည့်ဝတယ်၊ ဝတယ်ဟု မရှိ၊ အမြဲတမ်း ဆာလောင်နေလေသောကြောင့် ရှာဖွေနေရ၏။ ထို့အတူ "လူ"တို့မှာလည်း နံနက်မိုးလင်း မျက်စေ့နှစ်လုံးဖွင့် ပြီဆိုကလည်းက ရှာဖွေရန် လုပ်ငန်းခွင်ကို သွားကြရသည်။ ရှာဖွေလို့ရလာသည့်အခါ စားသောက်မှုအတွက် လုံးပန်းကြရ၏။ စားသောက်ပြီးသည့်မှာလည်း တစ်နေ့တာ မောပန်းနွမ်းနယ်လာ သမျှတို့ကို အပန်းဖြေရန် အိပ်ရာသို့ ဝင်ကြရပြန်သည်။ မိမိ တို့၏ တစ်နေ့တာ ကျင်လည်မှုကို စဉ်းစားကြည့်ပါ။ လောကီ ကောင်းစားရေးအတွက်သာ အချိန်နာရီတို့ကို ကုန်လွန်စေခဲ့ မည်ဆိုလျှင် ပြိတ္တာနှင့်မခြား အလားတူသဖြင့် "လူ့ပြိတ္တာ" စာရင်းဝင် ဖြစ်နိုင်ပေသည်။

ယခုလက်ရှိအချိန်၌ အလွန်ရခဲလှစွာသော လူ့ဘဝကို ရရှိနေကြပြီဖြစ်၏။ တွေ့ကြုံရန် ခဲယဉ်းလှသည့် သာသနာတော် တည်းဟူသော လယ်မြေကောင်းကြီးနှင့်လည်း တွေ့ကြုံနေကြ ရလေပြီ။ ထိုသို့ တွေ့ကြုံနေသည့်အခိုက်မှာ အာရုံငါးပါး ကာမ ဂုဏ်တရားတို့အတွက်သာ ရှာဖွေမှုနှင့် အချိန်ကို မကုန်လွန်စေ ဘဲ လူ့ပြိတ္တာနှင့်တူသော အဖြစ်မှ လွတ်မြောက်အောင် ကြိုးစားသင့်သည်။ လူ့ဘဝဆိုတာဟာ မြင့်မြတ်သည့် ဘဝ၊ အဖိုးတန်သည့် ဘဝပင်ဖြစ်၏။ သို့သော် သတိမမူ အလေး အနက်မထားသူတို့မှာ "မြင့်ရာမှရေသည် နိမ့်ရာသို့ စီးဆင်း" သကဲ့သို့ မြင့်မြတ်သည့် လူ့ဘဝကပင် နိမ့်ကျသည့် ပြိတ္တာဘဝ



www.burmeseclassic.com

www.burmeseclassic.com

သို့ အချိန်မရွေးရောက်နိုင်ပေသည်။ နပိုလီယံဘိုနာပတ်ဆိုသူက "အမြင့်သို့ရောက်အောင် တက်သည့်အခါ ခြေလှမ်းပေါင်းထောင်သောင်းမက တက်ခဲ့ရသော်လည်း အနိမ့်သို့ကျရာမှာတော့ ခြေတစ်လှမ်းမှားရုံဖြင့် အောက်သို့ရောက်သွားနိုင်သည်" ဟု ဆိုသွားပါသည်။ မှန်ပေသည်။ လူ့ဘဝမှ အထက်ရောက်အောင် တက်လှမ်းနိုင်ဖို့ထက် အောက်သို့ကျဆင်းဖို့ရာမှာ အလွန်လွယ်ကူလှပေသည်။

## သူတော်ကောင်းအကျင့်ရှိသူ(တကယ့်လူ)

မြတ်ဗုဒ္ဓသည် မြင့်မြတ်သောလူ တကယ့်လူဖြစ်အောင် သူကိုယ်တိုင်လည်း ကျင့်ဆောင်သွားပြီး အများသတ္တဝါတို့ကိုလည်း ကျင့်ဆောင်နိုင်အောင် စရဏတရား တစ်ဆယ့်ငါးပါးကို ဟောကြားသွားတော်မူခဲ့ပေသည်။ စရဏဟူသည် "စရတိဧတေနာတိစရဏံ" ကိုယ်ကျင့်တရားကို စရဏဟုခေါ်ပါသည်။ သူတော်ကောင်းအကျင့်လို့ ခေါ်အပ်သည့် ကိုယ်ကျင့်တရားတို့မှာ -

၁။ သီလကို ခါးဝတ်ပုဆိုးကဲ့သို့ စောင့်ရှောက်ခြင်း။

၂။ စက္ခုအစရှိသော ဣန္ဒြေခြောက်ပါးကို လုံခြုံအောင် စောင့်စည်းခြင်း။

၃။ စားဖွယ်၊ သောက်ဖွယ်တို့၌ အတိုင်းအရှည်ကို သိခြင်း။

၄။ နိုးကြားတက်ကြွမှုရှိခြင်း။

၅။ သဒ္ဓါ၊ သတိ၊ ဟိရီ၊ ဩတ္တပ္ပ၊ သုတ၊ ဝီရိယ၊ ပညာဟူသော သူတော်ကောင်းတရား ခုနစ်ပါးနှင့် ပြည့်စုံခြင်း(မှတ်ချက်) ပါရာဇိက အဋ္ဌကထာတွင်လာသော သူတော်ကောင်းတရား ဖြစ်၏။

၆။ ပဌမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်တို့နှင့် ပြည့်စုံခြင်းတို့ပင် ဖြစ်၏။

ရခဲလှသည့် လူ့ဘဝ ရတုန်းအခိုက်မှာ သီလနှင့်ပြည့်စုံအောင်၊ သီလစင်ကြယ်အောင် နေတတ်ကြရမည်။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဣန္ဒြေခြောက်ပါး တံခါးခြောက်ပေါက်ကိုလည်း မကောင်းတရား အဆိုးတရားများ ဖြစ်တဲ့ လောဘ၊ ဒေါသ၊ မောဟ စသော တရားများမဝင်နိုင်အောင် သတိဖြင့် စောင့်စည်းနိုင်ရမည်။ သတိဆိုသည်မှာ ကောင်း... ကုသိုလ်တရားတို့ကို မမေ့သည့်သဘော၊ အောက်မေ့သည်... သဘော၊ အမှတ်ရသည့်သဘောပင် ဖြစ်၏။ စားသောက်သည်... အခါမှာလည်း အတိုင်းအရှည်ပမာဏကိုသိပြီး စားသောက်... ပါမည်။ အိပ်စက်သည့်အခါမှာလည်း နိုးနိုးကြားကြား ဇာဂရိ... နုယောဂဂုဏ်နှင့် ပြည့်စုံအောင် ကျင့်ဆောင်ကြရမည်။

ဆိုလိုသည်မှာ နေမင်းကြီး အရှေ့ဂေါယာမှ ထွက်လာ... သည့်တိုင်အောင် အိပ်စက်သူများ၊ အလုပ်အကိုင်ပျင်းသည့်... သူများ၊ ကြမ်းတမ်းရက်စက်သူများ၊ အရက်သေစာ သောက်စား... သူများ၊ အဖော်မပါဘဲ တစ်ယောက်တည်း ခရီးဝေးသွားသူများ... သူတစ်ပါးအိပ်ရာကို ကျူးလွန်သူများတို့ဟာ ဘုန်းကျက်သရေ... ဆုတ်ယုတ်တတ်ပါသည်ဟု မဃဒေဝလင်္ကာတွင်

မိုးသောက်နေပေါ် ကြူးကျော်အိပ်ခြင်း။
ပျင်းရိကြမ်းကြုတ် သောက်ထုပ်သေစာ၊
ဝေးမြေတာသို့ သွားလာကိုယ်ထူး
အိပ်ရာကြူးဟု ခြောက်ဦးပုဂ္ဂိုလ်
စည်းစိမ်တို၍ ပျက်ပြုန်းမြဲညီး
ဘုန်းမတိုး ။ ဟု ဖော်ပြထားပေသည်။

သို့အတွက်ကြောင့် ဇာဂရိယာနုယောဂဏ်နှင့် ပြည့်စုံအောင် အိပ်တတ်ဖို့လိုပေသည်။

တစ်ဖန် ယုံကြည်မှုသဒ္ဓါ၊ အမှတ်ရမှု သတိ၊ ဒုစရိုက်မှု... တို့၌ ရှက်ကြောက်ခြင်း ဟိရီဩတ္တပ္ပ စသည့် စရဏတို့နှင့် ပြည့်စုံသောသူတို့ကို တကယ့်လူသူတော်ကောင်းအကျင့်ရှိသူဟု ခေါ်ပါသည်။ ထို့ကြောင့် ဖော်ပြခဲ့သည့် လူလေးမျိုးထဲတွင် မိမိဟာ ဘယ်အမျိုးအစားထဲမှာ ပါသလဲ၊ ယုတ်ညံ့သည့်လူလား။ မြင့်မြတ်သည့်လူလား ဘုရားအစရှိသော သူတော်ကောင်းတို့ ချီးမွမ်းထိုက်သည့် "တကယ့်လူ" ဖြစ်ပြီလားဟု မိမိကိုယ်ကို ဆန်းစစ်သင့်ကြပေသည်။

**ဝေလင်း(ရောဝတီ)**

www.burmeseclassic.com

# ဝေဒနာမတိုးအောင် ဒါတွေရှောင်

■ ဆရာမိုးဟန်ကြွယ်

တရားသဘောအရ 'အဖြစ်'ဆိုတာရှိသလို၊ 'အပျက်'ဆိုတာ တွဲကပ်ပါလာစမြဲ ဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိတို့၏ လောကီဘဝကို ရုပ်+နာမ်တို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားကြ၏။ ရုပ်ခန္ဓာကြီး ဖြစ်လာပြီဆိုကတည်းက ပျက်ဖို့ဆိုတာသည် ဒွန်တွဲလျက်ရှိနေတော့၏။ ခန္ဓာတစ်ခုလုံး စဲမသွားမီစပ်ကြား အိုခြင်း၊ နာခြင်း၊ ရောဂါဝေဒနာ၏ နှိပ်စက်မှုကို ခံရခြင်းတို့သည် မလွဲမသွေ ရှိနေပါချေ၏။ မည်သူမည်ဝါမျှ ရောဂါဝေဒနာ၏ နှိပ်စက်မှုကို ခံစားလိုကြမည် မဟုတ်ရကား ဓာတ်စာ၊ ဆေးဝါးတို့ဖြင့် ကုစားနေကြသည်သာ ဖြစ်၏။

'အစာလည်းဆေး၊ ဆေးလည်းအစာ'ဟူသော စကားရှိ၏။ သို့ရာတွင် အစာတိုင်းသည် ဆေးဝါးမဟုတ်ပေ။ တစ်ခါတစ်ရံ၌ 'ပေါ့စေလို၍ ကြောင်ရုပ်ထိုး၊ ဆေးအတွက်နှင့်လေး'ဆိုသော စကားရှိ၏။ သည့်အတွက် အစစအရာရာ နှိုင်းနှိုင်းချိန်ချိန် ပြုလုပ်ပြီးမှသာလျှင် စခန်းသွားသင့်ပါချေ၏။ ဤ၌ မြန်မာ့ရိုးရာ အင်္ဂဝိဇ္ဇာပညာရပ်၌ အစားအသောက်ကို ရှောင်ခြင်းအားဖြင့် ဆေးစုံပြီး ကျန်းမာရေးကောင်းနိုင်ကြောင်း ပါရှိ၏။ သို့ဆိုလျှင် မိမိတို့ ဘာတွေကို ရှောင်ကြဉ်ရပါမည်နည်း။ ရှောင်ရမည်ကား မိမိတို့မွေးနံမှ တြိရန်းနှင့် စတုရန်းအခါရောက်သော် သတ်မှတ်ထားသည့် အစားအသောက်တွေကို ရှောင်ကြဉ်ဖို့ပဲ ဖြစ်ပါသည်။ ရှောင်ရမည့် အစားအစာကလည်း ရောဂါဝေဒနာ ခံစားနေရသူ၏ နေ့နံမှ စတုရန်းကျသော အစားအသောက်တွေပဲဖြစ်ပါသည်။ သည့်အတွက် ရှင်းလင်းပါမည်။

**တနင်္ဂနွေနေ့နံသားသမီး ကျန်းမာရေးမကောင်းပါက**

နံနက် ၉း၀၀ နာရီမှ ၁၀း၃၀ နာရီ အတွင်း၊ မွန်းလွဲ ၃း၀၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း ချွေဖရုံသီး၊ ရှောက်သီးနှင့် ယိုအမျိုးမျိုးတို့ကို ရှောင်ကြဉ်ရပါမည်။

**တနင်္လာနေ့နံသားသမီး ကျန်းမာရေးမကောင်းပါက**

နံနက် ၉း၀၀ နာရီမှ ၁၀း၃၀ နာရီ အတွင်း၊ မွန်းလွဲ ၃း၀၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း ပဲအမျိုးမျိုး၊ ဘူးသီး၊ မြေပဲတို့ကို ရှောင်ကြဉ်ရပါမည်။

**အင်္ဂါနေ့နံသားသမီး ကျန်းမာရေးမကောင်းပါက**

နံနက် ၉း၀၀ နာရီမှ ၁၀း၃၀ နာရီ အတွင်း၊ မွန်းလွဲ ၃း၀၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း သျှိသျှားသီး၊ သီးသီး၊ သစ်တော်သီးတို့ကို ရှောင်ကြဉ်ရပါမည်။

**ဗုဒ္ဓဟူးနေ့နံသားသမီး ကျန်းမာရေးမကောင်းပါက**

နံနက် ၉း၀၀ နာရီမှ ၁၀း၃၀ နာရီ အတွင်း၊ မွန်းလွဲ ၃း၀၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း နံနံပင်၊ ထန်းသီး၊ နာနတ်သီး၊ တမာရွက်တို့ကို ရှောင်ကြဉ်ရပါမည်။

**ကြာသပတေးနေ့နံသားသမီးကျန်းမာရေးမကောင်းပါက**

နံနက် ၉း၀၀ နာရီမှ ၁၀း၃၀ နာရီ အတွင်း၊ မွန်းလွဲ ၃း၀၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း အုန်းသီး၊ အင်ဥတို့ကို ရှောင်ကြဉ်ရပါမည်။

**သောကြာနေ့နံသားသမီး ကျန်းမာရေးမကောင်းပါက**

နံနက် ၉း၀၀ နာရီမှ ၁၀း၃၀ နာရီ အတွင်း၊ မွန်းလွဲ ၃း၀၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း ကြက်သား၊ ကြံသကာ၊ ကြံရည်တို့ကို ရှောင်ကြဉ်ရပါမည်။

**စနေနေ့နံသားသမီး ကျန်းမာရေးမကောင်းပါက**

နံနက် ၉း၀၀ နာရီမှ ၁၀း၃၀ နာရီ အတွင်း၊ မွန်းလွဲ ၃း၀၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း ဆိတ်သား၊ ဆီးသီးတို့ကို ရှောင်ကြဉ်ရပါမည်။

လောက၌ 'အသွားမတော် တစ်လှမ်း၊ အစားမတော် တစ်လုတ်'ဟူသော စကားရှိပါသည်။ အစားအတွက် အမှားမဖက်မိကြစေရန်၊ အသက်ကို ဉာဏ်စောင့်နိုင်ရန်၊ ပညာရှိ သတိဖြစ်ခဲ မဖြစ်ကြစေရန်အတွက် စေတနာရှေ့ထားပြီး ပညာရပ်တစ်ခုကို တင်ပြလိုက်ခြင်း ဖြစ်ပါ၏။ အကျိုးရှိစွာ အသုံးချနိုင်ကြပါစေသတည်း။

ဆရာမိုးဟန်ကြွယ်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော့်ဘွားဘွား-ဖြေး

နှင်းနှင်း

မမနိုင်ငံခြားမှ ပြန်လာခဲ့သည်၊ ကျောင်းတက်ရင်း အလုပ်လုပ်ခဲ့သဖြင့် မိသားစုအများကြီး အဆင်ပြေလာခဲ့သည်၊ အဆင်မပြေသည်မှာကား··· ဘွားဘွားနဲ့ ကျွန်တော်တို့မောင်နှမ ဖြစ်လာသည်၊

ကျွန်တော်တို့မောင်နှမက အင်တာနက်ကလေးတစ်ခုဖွင့်ကာ စီးပွားရှာခဲ့သည်၊ ငွေလည်းဝင်၏၊ မိတ်ဆွေလည်း ခင်လာကြ၏၊ အိမ်အဝင်ခက်လာသည်က ဘွားဘွားကြောင့်ဖြစ်သည်၊ ကျွန်တော် ပို၍ပို၍ အိမ်မကပ်ဘဲ သီချင်းဆိုတဲ့ အပေါင်းအသင်းနဲ့တွဲဖြစ်လာသည်၊ မမနဲ့ ကျွန်တော် လူကြီးများအလစ် မျက်စပစ်၊ မျက်လုံးပင့်နဲ့ စကားဆိုလာပြီး ဘွားဘွားပိတ်ပင်သည်ကို ခေတ်မမီဟု ထင်သည်၊ ဖေဖေက ချောင်းဟန့်သံပေးကာ ဟန့်တားနေလေ့ရှိသည်၊

"ဖေဖေ···သားတို့အရွယ် ခေတ်နဲ့အညီနေတာ မှားလို့လား"

"မှားတယ်မဆိုနိုင်ပေမယ့် ··· သူတော်ကောင်းမျက်စိနဲ့ မကိုက်ဘူးလေ"

"မမတွဲ့ရပြီ ငွေရှာနိုင်ပြီ၊ သားတို့



www.burmeseclassic.com

www.burmeseclassic.com

ရတော့မယ်။ ငွေရှာနေပြီ။ No.4 ကို မလုပ်ဘူး။ မီဘာအရိပ်အောက်မှာ ပျော်ပျော်နေတယ်။ အရမ်းချုပ်ချယ်ရင် အိမ်မှာမြဲဖို့ ခက်နေတယ်။ ဖေဖေကြည့်ပြီး ဘွားဘွားကို ပြောဦးလေ"

"သား・・・မင်းမေမေ ညီမလေး မီးဖွားရင်း လူကြီးရော၊ ကလေးပါ ဆုံးသွားခဲ့တုန်းက သားက သုံးနှစ်၊ မမက ငါးနှစ်ပဲ ရှိသေးတယ်။ ဖေဖေရုံးသွားရင် ဘွားဘွားက သားတို့ကိစ္စမှန်သမျှ လုပ်ဆောင်ပေးခဲ့တယ်။ သားရဲ့မမကို ရုံးက မိတ်ဆွေသမီးနဲ့ နိုင်ငံခြားလွှတ်တဲ့ကိစ္စ ဘွားဘွားရှိသမျှ ထုတ်ပေးခဲ့လို့ ယခု မိသားစု အဆင်ပြေခဲ့တယ်။ ဘွားဘွား ကျေးဇူး များလှတယ်။ စိတ်အနှောင့်အယှက်မဖြစ်ပါစေနဲ့။ သားနားလည်ပေးပါ"

"နားလည်ပေးရမှာက ဘွားဘွား။ အခု ရိပ်သာသွားနေလို့ပဲ၊ အိမ်မှာရှိနေရင် သားဆူခံနေရတာ စိတ်ညစ်တယ်။ မမက အရွယ်လည်းရောက်ပြီ၊ နိုင်ငံခြားမှာ ခုနစ်နှစ်တောင် နေခဲ့တာ။ ဝတ်တာစားတာ လိုက်အပြစ်ရှာနေတယ်။ သားဆံပင်ဆိုးတာ၊ ဟစ်ဟော့ သီချင်းဆိုတာ လုံးဝလက်ခံမှုမရှိဘူး။ တယ်လီဖုန်းပြောတာကအစ ဘာမှ ဘွားဘွားက မရဘူး"

"ဒီနေ့ ဝါဆိုလပြည့်နေ့။ သားရဲ့ မမကိုလည်းခေါ်၊ သူငယ်ချင်းတွေလည်း ခေါ်၊ ဖေဖေ စာကြည့်ခန်းမှာ စောင့်နေမယ်။ ရှင်းပြစရာရှိတယ်"

အပေါင်းအသင်းများနဲ့ အခန်းတွင်း မျက်နှာပေါင်းတင်နေသော မိမိတို့ကို ခေါ်ပြီး ဖေဖေ့စာကြည့်ခန်းထဲသို့ လာခဲ့ကြသည်။ ရုံးမှပြန်လျှင် စာဖတ်ခြင်းဖြင့် တစ်နေ့လုံး ငြိမ်နေတတ်သော ဖေဖေသည် ဘွားဘွား၏ ချစ်လှစွာသော သားပီသ၏။ တစ်ချက်မှ ငြိမ်ငြိမ်မနေ၊ သီချင်းတလှုပ်လှုပ်နဲ့ ခုန်ဆွနေသော ကျွန်တော့်ကိုတော့ ကြည့်မရသည်မှာ မဆန်းလှပေ။ ဖေဖေကတော်ရုံနဲ့ စကားမပြောတတ်။

"ဖေဖေ・・・သမီးတို့ကို ဘာပြောမှာလဲ၊ လက်သည်းဆွဲရမှာ"

"ဘွားဘွားမရှိတုန်း ပြဿနာဆန်းစစ်ကြရအောင်လေ・・・နော်"

ကျွန်တော်တို့အားလုံး ထိုင်လိုက်သည်။ လက်သည်းပေါ်တွင် အရုပ်ရေးဆွဲနေသော မမ၏ သူငယ်ချင်းများက စိတ်ရှည်ပုံမရ။ သူတို့ဝတ်ခဲ့သော စကပ်တို၊ ဘောင်းဘီတိုလေးများကလည်း ထိုင်ရအဆင်မပြေလှ။

"ဘွဲ့ရနဲ့ ဘွဲ့ကြို စာတတ်ချည်းပဲ။ ပွင့်လင်းစွာ ပြောဆိုကြစို့ရဲ့။ လူ့သက်တန်း အခု ဘယ်လိုတဲ့・・・သားပြောပြ"

"၇၅ နှစ်သက်တမ်းလို့ ဆိုတယ်။ လူဦးရေ သန်းခုနစ်ထောင်"

"ဟုတ်ပြီ။ သမီးတို့နိုင်ငံခြားမှာ နေစဉ်က လူတွေရှိုးသားစွာနေတာနဲ့ လောဘ၊ ဒေါသတွေနဲ့ ရှုပ်ယှက်ခတ်နေတာ ဘယ်ကများသလဲ"

"ရှုပ်နေတာများတယ်။ သွားသုတ်၊ စားသုတ်သုတ်နဲ့"

"အခု ရုပ်ရှင်တွေမှာလို သမီးတို့ နိုင်ငံခြားမှာ ကြုံဆုံခဲ့သလို ကိုယ့်ဇနီး၊ ကိုယ့်ခင်ပွန်း သိပ်တော်၊ သိပ်မိုက်၊ အပျံစားလေးဆိုရင် ထပ်ပြီးနောက်မှ တွေ့ပေမယ့် မြူဆွယ်ပြီး လက်ရှိအိမ်ထောင်ကို ခွဲခိုင်း၊ ကွာရှင်းခိုင်းပြီး အပိုင်သိမ်းယူတဲ့ ဒုတိယလူ၊ အဲဒါကောင်းသလား"

"ဟာဗျာ။ ဖေဖေကလည်း သတ်ပစ်ချင်တာပေါ့"

"အေးပေါ့။ အဲဒါတွေဟာ ဘယ်လိုကစပြီး ဖြစ်ပေါ်လာခဲ့သလဲ"

မမတို့အဖွဲ့နဲ့ ကျွန်တော်ဟာ ဘာကို တိကျစွာ ဖြေရမှန်း မသိနိုင်ဖြစ်နေတော့သည်။ ဇာတ်လမ်းတွဲများကား ပုံစံတူများချည်း ဖြစ်နေပြီ။

"နှစ်ပေါင်းသုံးဆယ် ဆေးဖော်လို့မရတဲ့ AIDS ဘယ်လိုစဖြစ်ခဲ့သလဲ"

"သားတို့ကို မေးနေတာ ဖေဖေသိပြီးသားမဟုတ်လား။ ရုံးမှာလို မေးပြီးမှ ဖြေပြတာမျိုး လုပ်မနေပါနဲ့ဗျာ။ ဘာကိုသိစေချင်တာလဲဟင်"

"အဓိကအချက်က ဘွားဘွားရဲ့ အာဘော်ကို နားလည်စေချင်လို့"

"အသက်ကွာတော့ ခေတ်မမီတာပဲပေါ့ ဖေဖေရဲ့"

"ခေတ်ကို မြန်မြန်ကြီးမီဝဲရင် သက်တမ်းပိုတိုမယ်လေ။ သားတို့ကို ဟိုရှေ့က ခေတ်ကို ပြောပြမယ်။ သာသနာတော် ရောက်ပြီးစ နယ်ချဲ့လက်အောက် မရောက်မီကဆိုရင် လမ်းမှာ ရွှေငွေအထုပ် ကျကျန်ရစ်မှန်းသိလို့ နောက်နေ့ ပြန်သွားရှာရင် အဲဒီနေရာမှာ တစ်လက်မ မရွှေ့ဘူးတဲ့"

"စာအုပ်တစ်အုပ်ထဲမှာ ဖတ်မိတယ်။ ဇရပ်မှာ တည်းခိုရင်း ကျရစ်ပေမယ့် တွေ့တဲ့လူက ယူမသွားဘဲ သိမ်းထားခဲ့တယ်။ ဥစ္စာရှင်ပြန်လာရင် တွေ့စေချင်လို့တဲ့။ အခုက အိမ်ထဲမှာ ထားတာတောင် လူမရှိမှန်းသိရင်



www.burmeseclassic.com

www.burmeseclassic.com

ဖောက်ထွင်းခိုးဝင်ယူတာ။ ဟုတ်ပါရဲ့။ ခေတ်ပါမကောင်းဘူး ဆိုရမှာပဲ"

"အဲဒီခေတ်က သားတို့၊ သမီးတို့လက်ထဲမှာလေ"

"သားတို့ ဘာလုပ်ပေးရမှာလဲ"

"ဒီလိုသားရယ်။ ဟိုးအရင်က လူ့ရဲ့အသက်က သောင်းနဲ့ထောင်နဲ့ နှစ်ချီပြီး ရှည်တယ်။ အခုလို ကြက်ယက်သလို ပျာလောင်ခတ်ရှာဖွေစားဖို့လည်း မလိုဘူး။ မှန်မှန်ရှာပြီး အကုသိုလ်ကင်းကင်းနဲ့ နေကြတယ်။ လူတွေရဲ့ လောဘ၊ ဒေါသစိတ်ကြောင့် အကုသိုလ်အလုပ်ဖြစ်တဲ့ ငါးပါးသီလဖောက်ဖျက်ရာမှ သက်တမ်းတွေတို၊ ရောဂါတွေပိုပြီး ရာသီဥတုတွေ ဖောက်ပြန်ကုန်ကြတယ်။ သမီးတို့ငယ်ငယ်က မင်္ဂလာသုတ်သင်ဖူးတော့ သိကြပါတယ်။ အခု သမီးတို့ခေတ်မှာ သမီးတို့က ပျက်စီးစပြုနေတဲ့အခါ ငါးပါးသီလ ခါးဝတ်ကဲ့သို့ မြဲမြဲခြင်းကို ထိန်းသိမ်းနိုင်ရင် ရုပ်ရှင်တွေမှာပြသလို အိမ်ထောင်ကွဲ၊ စည်းစိမ်ကုမ္ပဏီတွေလု၊ လက်နက်တွေထုတ်လုပ်ပြီး တိုက်ခိုက်နေတာရပ်၊ မေတ္တာတရားထား၊ ဟီရိဩတ္တပ္ပလုံခြုံလုစ္စာဝတ်တော့ မြင်တဲ့သူ တဏှာရာဂကင်း။ ဒေါသရှင်းလင်းလျှင် မကောင်းတဲ့ခေတ်ကို မရောက်ရဘူးပေါ့"

"အန်ကယ်လ် . . .သက်တမ်းဆယ်နှစ်ထိ ရောက်မယ့်ခေတ်ရှိတယ်ဆို"

"ဟုတ်တယ်ကွဲ. . .။ ဘုရားရှင်သာသနာတော် ကွယ်ပျောက်တဲ့အခါ လူတွေက ပိုရက်စက်လာမယ်၊ သီလပိုပျက်လာမယ်၊ လက်နက်ဆန်းတွေပေါ်အောင် တီထွင်လာမယ်၊ ကြီးနိုင်ငယ်ညှဉ်း ပိုဆိုးဝါးလာတော့ သက်တမ်းဆုတ်ခဲ့တာ ဆယ်နှစ်ထိ ရောက်ကုန်မှာပေါ့။ အဲဒီခေတ်ကိုမရောက်ချင်သေးရင် ကိုယ့်လက်တွင်းရောက်နေတဲ့ခေတ်ကို ကိုယ်ပြုပြင်ရမယ်"

"ဖေဖေ· · ·ဒါဆို ခေတ်နောက်ပြန်ဆွဲတယ်ဆိုတာ မှန်သားပဲ"

"ဟုတ်တယ်။ ခေတ်ရှေ့ပြေးလွန်းရင် ဒုက္ခမြန်မြန်ဖြစ်မယ်။ အခုကြည့်၊ ခေတ်နဲ့အမီ ပြုပြင်တဲ့ သားတို့ စားသောက်ကုန်ကြောင့် ရောဂါစုံနေတယ်။ ဘွားဘွားတို့၊ ဖေဖေတို့ ငယ်ငယ်တုန်းက အချိုမှုန့်မပေါ်ခဲ့သေးဘူး။ ဆေးဆိုးထားတဲ့ စားစရာမရှိဘူး။ သဘာဝအတိုင်း စားသောက်ရတော့ ကျန်းမာရေးမကောင်းတာပေါ့"

"နားလည်သင့်သလောက် နားလည်မိပါရဲ့"

"အေးပေါ့၊ ပညာတတ်လူငယ်တွေပဲ။ ဘွားဘွားကိုချည်း အပြစ်မမြင်နဲ့။ အနုပညာဝါသနာပါကြတယ်ဆိုပေမယ့်လည်း ခုန်ပေါက်၊ အော်ဟစ်၊ ကျွမ်းပစ်ပြခဲ့တာ ပင်ပန်းလှတယ်ကွာ။ ဆရာတော်၊ သံဃာတော်များ ဆိုဆုံးမတာ နားထောင်ကြပြီး သီလပန်းလေး ပန်ဆင်ကြည့်ကြ။ ကဲ· · ·သွား၊ သွား။ လုပ်စရာရှိတာ လုပ်ကြ၊ ပြီး· · ·ကိုယ့်လက်ထဲရောက်တဲ့ခေတ်ကို ပြုပြင်ရစ်ကြကွယ်"

မမနဲ့ သူငယ်ချင်းများ ဘသွားပေမယ့် ကျွန်တော်ကျန်ရစ်ပြီး စာကြည့်ခန်းထဲက စာအုပ်များကို ငေးနေမိပါတယ်။ ဘွားဘွားဖတ်ခိုင်းစဉ်က ဘုန်းကြီးစာနဲ့ ငါနဲ့ ဘာမှမဆိုင်ဆိုပြီး စာအုပ်စင်ပေါ်တွင် ပြန်လာထိုးထားခဲ့သည့် စက္ကဝတ္တိသုတ္တန်ဆိုသော အမှတ်စာရင်းနဲ့ သုတ္တန်စာအုပ်ကို ပြန်ထယူပြီး အိမ်ခန်းချက်ချဖတ်ကြည့်မိသည်။ သူငယ်ချင်းများနဲ့ မမကို ထမင်းပေါင်းချက်နေသံကြားပေမယ့် ထွက်မစားဖြစ်ဘဲ ပြီးအောင် ဆက်ဖတ်မိပြီ။ ဖေဖေလိုချင်ခဲ့သော ဘွားဘွားနဲ့ ကျွန်တော်တို့မောင်နှမ၏ ငြိမ်းချမ်းရေးအုတ်မြစ်ကို ချနှင်းမိ၏။

<u>ဘွဲ့ယူပြီးပြန်ခဲ့သော ညနေထမင်းဝိုင်း</u>

"သား· · ·ဒီနေ့ ဘွဲ့လက်မှတ်ကိုင်မိပြီး ရှေ့ကို ဘာလုပ်ချင်သလဲ"

"ဖေဖေ· · ·အရင်းအနှီးနည်းနေလို့ ပြောရခက်ပါတယ်ခင်ဗျာ"

"မြေး · · ·ဖေဖေဝန်ထမ်းလစာ မင်းတို့လုပ်သက်ကြောင့် ငွေနည်းနေလို့လား။ နယ်မှာရှိတဲ့ ဘွားဘွားလယ်တွေ ရောင်းချပေးမယ်။ တစ်ခုတော့ရှိတယ်။ မြေးရဲ့အလုပ်ဟာ ဘွားဘွားတို့ တစ်ဆွေမျိုးလုံး အရှက်ကင်းရမယ့် ငွေရှာနည်းတစ်ခု ဖြစ်ရမယ်။ ရည်ရွယ်ချက်ကောင်းသလို ရေရှည်လုပ်စာရတဲ့ လုပ်ငန်းလည်း ဖြစ်ရမယ်။ ကားပွဲစားလိုလို၊ ဂိမ်းဆိုင်လိုလို မဖြစ်ရဘူး"

"ဘွားဘွားက တကယ် လယ်တွေရောင်းပေးတော့မယ်၊ ဟုတ်လား"

မမ၏အမေးကို ဘွားဘွားခေါင်းညိတ်ပြသဖြင့် ကျွန်တော့်လက်ထဲမှ ဇွန်းပြုတ်ကျပြီး ဖေဖေ ဟင်းချိုသီးနေမိသည်။ အားလုံး ဘွားဘွားကိုကြည့်မိ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဘာကြည့်နေကြတာလဲ။ သူ့သူငယ်ချင်းနဲ့ အစ်မကို အိမ်ထောင်ချပေးချင်၊ အင်တာနက်ဆိုင်ကို လွှဲပေးချင်နေတာ ငါရိပ်မိတာပေါ့။ အစ်မလင်မယားဆိုင်မြဲနေရင် သူ့စီးပွားအသစ်ထပ်ချဲ့ရမှာပေါ့။ ဒါ မှန်တဲ့ကိစ္စပဲ"

"မဟုတ်ဘူး။ အမေက အမေ့မြေးကို သိပ်ကြည့်မရဘူးလို့"

"အဲဒါ သူ့ဒုတိယနှစ်အထိပဲ။ နောက်ပိုင်း သူ့ကို သတိထားကြည့်ကြလေ။ ဘာတွေပြောင်းလဲလာလဲ။ ငါ နေ့စဉ်စောင့်ကြည့်နေတယ်။ ပန်းကောင်းတစ်ပွင့်ဖူးပွင့်ဖို့အတွက် ဥယျာဉ်မှူးက အသိရှိရမယ်။ သတိရှိရမယ်။ ငါဆူတာ ဆဲတာကလည်း သူကောင်းဖို့။ သူတစ်ဦးတည်းမဟုတ်ဘူး။ သူ့ကိုအတုခိုးပြီး သူ့အရွယ်လေးတွေ ပြောင်းလဲလိမ္မာစေချင်လို့။ ဒီလို အဖူးအပွင့်လေးတွေ အနာအဆာကင်းခဲ့ရင် ပန်းခြံကြီး၊ ဥယျာဉ်ကြီး သာယာလာမယ်။ ခေတ်တစ်ခေတ်၊ စနစ်သစ်တစ်ခုကို အကောင်းဘက်ရောက်စေချင်လို့။ အခု သူလိမ္မာပြီ။ ငါလည်း အရွယ်ကုန်နေပြီ။ ရောင်းစရာရှိတာ ချရောင်းပြီး လှူစရာရှိလှူ။ ငါသေရင် ပါသွားအောင် လုပ်သင့်တာလုပ်ရမှာပေါ့။ ကိုယ်ကြိုက်တာ ကိုယ်လုပ်၊ ကိုယ်ဖြစ်ရင် ကိုယ်ခံဆိုတာက တာဝန်မဲ့မှုလည်း ဖြစ်နိုင်တာပေါ့…။ တမလွန်သို့ ယူဆောင်သွား၍မရသော လောကစည်းစိမ်ကြီးကို သေလျှင် ငရဲသို့ပါသွားမည့် အကုသိုလ်စိတ်ထားဖြင့် မလဲပါနှင့်ဆိုတာကမှ မှန်တာ။ ဆောင်ပုဒ်ဆိုတာ ဆောင်ရုံဆောင်ဖို့မဟုတ်ဘူး။ အောင်မြင်တဲ့အထိ ကျင့်ဆောင်သွားဖို့လိုတယ်"

ဘွားဘွားသည် အိမ်နံရံမှ ဆောင်ပုဒ်ကို မေးဆတ်ပြရင်း ပြောသည်။ ဘွားဘွားသည် လုပ်သင့်လုပ်ထိုက်သည်ကို ထာဝရနောက်မကျဘဲ လုပ်သည်။ နောက်ကျပြီ၊ မှားသွားပြီ၊ နောင်တရပြီဆိုသည့်စကား ဘယ်ခါမှ မပြောတတ်ပေ။ မိကောင်းဖခင် သားသမီးကောင်း ဗီသ၏။ မြေးများကို ဆုံးမချင်သည့်စကားအား မိတ္တူစာရွက်မဟုတ်၊ ဓာတ်ပုံရိုက်ပြီး ဖလင်နဲ့ ထုတ်ကာ နံရံမှာ ကပ်သည်။ အိမ်နံရံနဲ့ ကာလဟပ်မိသဖြင့် ကြည့်မိသူတိုင်း ဖတ်ဖြစ်သည်။ အိမ်ကိုရောက်ခဲ့သော မိတ်ဆွေများက နှစ်သက်ကြသဖြင့် တယ်လီဖုန်းများထုတ်ကာ ဓာတ်ပုံဆောင်ယူသွားကြပြန်သည်။ ဆုံးမစာလည်းဖြစ်၊ အိမ်နံရံအလှဆင်မှုလည်းဖြစ်၊ တစ်ဦးမှတစ်ဦး ဝေငှလက်ဆောင်လည်းဖြစ်၍ တစ်ချက်ခုတ် သုံးချက်ပြတ်သည်ပင် ဖြစ်သည်။

"သားကြီး…ကွန်ပျူတာ စာတစ်ရွက်စီပေးဦး"

"ဟုတ်ကဲ့၊ ဘာရေးရမလဲ မေမေ။ ဖလင်နဲ့ ထုတ်လာခဲ့ပါ့မယ်"

"ရော့…ဒီမှာစာရွက်။ အဲ…မြေး ဘာလုပ်ချင်လဲ ဖြေပါဦး"

ဘွားဘွားသည် အင်္ကျီအိတ်ကပ်မှ သားကိုပေးရန် မြေးကိုတစ်ဆက်တည်း မေးလာသဖြင့် ကျွန်တော်က ထမင်းကို မဝါးဘဲ မျိုချလိုက်ပြီး ကပျာကသီ ဖြေမိသည်။ ရက်ရှည်မက်ခဲ့သော စိတ်ကူးအိပ်မက်ကို ရင်ဖွင့်အန်ချခွင့်တည်း။

"ရုပ်ပွားတော်အမျိုးမျိုး ရောင်းချပူဇော်ချင်တယ်။ သက်နံ့ပရိက္ခရာဆိုင်နဲ့တွဲဖက်ပြီး နိဗ္ဗာန်ကုန်ဆိုင်အမျိုးမျိုးကို ခြံကြီးဝင်းကြီးနဲ့ ပြသဆိုင်ခင်းချင်တယ်။ သူများတွေ ကားအရောင်းပြခန်းဖွင့်သလို"

ဤတစ်ခေါက် ငွန်းခက်ရင်းပြတ်ကျသူမှာ ဖေဖေဖြစ်ပြီး ထမင်းနင်သွားသူမှာ မမဖြစ်သည်။ ဘွားဘွားက ပြုံးပြီး ခေါင်းညိတ်လေသည်။ ရင်းနှီးရမည့် ငွေမှာ ဖေဖေ့အရာရှိလစာနဲ့ အဆတစ်ထောင်ကွာနေသည်။ ရောင်းချ၍ လယ်ကွက်ကုန်မှ ရမည့် စီးပွားရေးဗျာနတစ်ခုတည်း။ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိသော ဖေဖေသည် ဘွားဘွားစီနိုင်းသော စာရွက်ကို အသံထွက်ဖတ်၏။

"ဒါနပေးလှူ၊ စင်ဖြူသီလ၊ ပွားထားဘာဝနာ၊ ဤသုံးဖြာသာ၊ ငါ့ဟာအဟုတ် ငါ့အလုပ်၊ တခြားဘာမှ မလုပ်တော့ပြီ"

xxx xxx xxx

ယနေ့ ဘွားဘွားအသက် ၇၀ ပြည့်နှစ် မွေးနေ့နဲ့ ကျွန်တော်၏ နိဗ္ဗာန်ကုန်ပစ္စည်း ခြံဖွင့်ပွဲဖြစ်သည်။ ဖိတ်ကြားထားသော ဧည့်သည်ထဲတွင် ဘွားဘွား၏ ခမ္မမိတ်ဆွေအမျိုးသမီး ဘွားဘွားကြီးတစ်ဦးလည်း သမီးနဲ့ မြေးနဲ့အတူ ရောက်ရှိလာသည်။ သူ၏ မြေးဖြစ်သူမှာ ကျွန်တော်တို့ကျောင်းမှ အလှဘုရင်မလေး ဖြစ်သည်။ အနေတည်တံ့ပြီး ကျောင်းကို မိမိကားနဲ့ အကြိုအပို့ အချိန်မှန်လှသဖြင့် မည်သည့်လိပ်ပြာမှ ဝဲပျံ၍ မရခဲ့ဖူးသည့် ပန်းထူးပန်းဆန်း

www.burmeseclassic.com

တစ်ပွင့်လည်း ဖြစ်သည်။

"ဟဲ့ . . . နင်က အရင်တုန်းက ဆံပင်ပုံအမျိုးမျိုးပြောင်း၊ နားကပ်နဲ့ ခြေလက်တွေတလှုပ်လှုပ်နဲ့ သီချင်းအလိုက်ကို MP ထဲကအတိုင်း ခံစားနေတတ်သူပဲ။ နှစ်နှစ်အတွင်း ဘာကြောင့်ပြောင်းလဲသွားသလဲ၊ ပြောပြပါဦး"

"ဒီလိုပဲဟာ...စက္ကဝတ္တိသုတ္တန်ထဲမှာပါတယ်လေ။ သက်တမ်းတိုသွားခဲ့ရတာဟာ ငါတို့အကျင့်သိက္ခာပျက်စီးလို့ဆိုတာလေ။ ဘာကြောင့် အကျင့်ပျက်ရသလဲဆိုတော့ ငါတို့ စိတ်အလိုလိုက်၊ အာရုံတွေနောက် လိုက်လွန်းလို့ ဖြစ်ရတာတဲ့။ ကလိယုဂ်(ဆုတ်ကပ်)မှာ ခံစားလွယ်သူတွေအတွက် အာရုံဆန်းတွေဟာ ပေါ်ပြီးရင်း ပေါ်ပေါက်နေမှာ။ မရိုးနိုင်အောင် များနေမယ်။ ဒီအာရုံတွေနောက် တကောက်ကောက်လိုက်လည်း မဆုံးနိုင်ဘူးတဲ့။ အဲဒါကို ခေတ္တခဏ ငြိမ်းဖို့က ရှောင်ဖို့တစ်နည်းပဲ။ ဆရာတော်ဘုရားကြီးကတော့ မမြင်ရရင် ကိလေသာ သူ့ဘာသာအေးနေမှာပဲဆိုတော့ ငါတို့က မမြင်ရ မကြားရအောင် ရှောင်နေဖို့ပဲပေါ့။ ခြင်းကြားထဲမှာ တင်ကျန်ရစ်တဲ့အထဲမှာ ကိုယ်ပါချင်ရင် တစ်နည်းအားဖြင့် မကွယ်သေးတဲ့ သာသနာတွင်းမှာ အချိန်မီရုံလေး အခွင့်ကောင်းရချင်ရင် ငါတို့ အကျင့်ဟောင်းကို ပြင်ရမယ်လေ။ ဒါကြောင့် ပြင်မယ့်ပြင်အားလုံးပြင်မယ်ဆိုပြီး ငါအားလုံးပြုပြင်ပြောင်းလဲပစ်လိုက်တာပဲ။ ဘွားဘွားတွေနဲ့ ငါ့ဆီရောက်လာတဲ့လူတွေကို နိဗ္ဗာန်သွားတဲ့လမ်းမှာ အထောက်အကူပြုမလို့ ဒီစီးပွားရေးကိုလုပ်ရင်း ကိုယ်တိုင်သီလစောင့်မလို့၊ မကောင်းဘူးလား"

"ကောင်းပါ့ရှင်.. သာဓု..သာဓု"

အုန်းနို့ခေါက်ဆွဲ စားနေသော ညည့်သည်တစ်ဝိုင်းလုံး ပြုံးရွှင်ကျေနပ်သံထွက်လာသည်။ အားလုံးနဲ့လည်း မျက်နှာသိ၊ အကြောင်းသိများချည်းဖြစ်သည်။

"အဲ...ငါ့မြေးမှာ နိဗ္ဗာန်သွားတဲ့လမ်းတစ်လျှောက် ပါရမီကူဖြည့်မယ့်သူရှိနေနင့်ပြီလားကွယ်။ ဆွေမျိုးတော်ချင်လှပေါ့"

"ကျွန်တော်က ဘွားဘွားအကူအညီနဲ့ လူဖြစ်ခွင့်ရခဲ့တဲ့သူမို့ အဲ့ဒီကိစ္စကိုလည်း ဘွားဘွားတာဝန်ဖြစ်စေချင်လို့ ဘွားဘွားရှာပေးမယ့် မြေးချွေးမအလိမ္မာကို ထိုင်စောင့်နေခဲ့တာခင်ဗျာ"

"ကြိုက်သပဟဲ့။ ကဲ...သူငယ်ချင်းရေ။ ငါတို့တွေ ရိပ်သာမသွားခင်၊ လောကမှ ထွက်ခွာမသွားခင် မြေးတွေကို ဆွေမျိုးစပ်ထားရစ်ပြီးမှ မျက်စိမှိတ်ကြတာပေါ့။ နိဗ္ဗာန်သွားတဲ့လမ်းမှာ ရှောင်စုံပန်းခင်းထဲကနေ တစ်ခေါက်လျှောက်ကြည့်ကြစို့ရဲ့။ ငါတို့ရဲ့ လမ်းစဉ်လေးက ဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက်မကျန်ရစ်တောင်မှ ဒီတစ်သက်တော့ သာသနာတွင်းမှာ ပွင့်တဲ့ ပန်းလေးတစ်ပွင့်အဖြစ် တင့်တင့်တယ်တယ်ဖြစ်လိမ့်မယ်။ မျိုးကောင်းမျိုးသန့် မှန်ခဲ့ရင် နောက်မျိုးဆက်သစ်တွေခေတ်မှာ ရှင်သန်နေမှာပါ။ ငါတို့က ငါတို့တာဝန်ကျေကြစို့ရဲ့...နော"

"ကျွန်တော် အခု အသက် ၂၅ နှစ်ရှိပြီ။ စီးပွားရေးစလုပ်တာ ကိုယ်ပိုင်ပေါ့ခင်ဗျာ။ မမက အရင်ကဆိုင်မှာ အောင်မြင်ပါပြီ။ နောက်လာမယ့် အသက် ၅၀ ပြည့်တဲ့နှစ်မှာ ကျွန်တော် ဘုန်းကြီးဝတ်မလို့၊ နောက်ဆုံးထွက်သက်၊ ဝင်သက်ရဲ့ အချိန်ကာလအထိပေါ့။ အဲဒီတော့ အိမ်ထောင်ရှင်မဟာ ကျွန်တော့်ကို နှစ်ပေါင်းနှစ်ဆယ်ကျော်ပဲ ပိုင်ဆိုင်ခွင့်ရှိမယ်။ သက်တမ်းတိုပြီး အိမ်ထောင်သက် ၂၅ နှစ်ပဲ ရှိနိုင်တာမို့ ကျွန်တော်ကတော့ လုံးဝ လုံးဝ အေးချမ်းသာယာအောင် ကြိုးစားမယ်လို့ ကတိထားရှိပါ့မယ်။ အဲဒီအတွက် ကျွန်တော့်ကို ပြန်ပေးရမှာက ဘုန်းကြီးဝတ်ရမယ့်အချိန်ရောက်ရင် ခွင့်ပြုရမှာပဲ ဖြစ်ပါတယ်"

"သာဓု...သာဓု...ယောက္ခမဖြစ်လာရမယ့် ဒေါ်ဒေါ်က အရမ်းသဘောကျလို့ ဒီအိမ်ထောင်ပြုထားစဉ် စီးပွားရေးအောင်မြင်ဖို့အတွက် ဒေါ်ဒေါ်က အရင်းအနှီးများစွာနဲ့ ထောက်ပံ့ကူညီပါ့မယ်။ ရဟန်းလောင်းတစ်ပါးအတွက် ပါရမီဖြည့်ဖို့ သမီးကို အပ်နှင်းမယ်၊ သာသနာပြုချိန်ရောက်တော့ သာသနာပြုတာပေါ့။ ကောင်းပေတယ်ကွယ်.."တဲ့။

"အို...မေမေတို့ကလည်း သမီးရှေ့ကြီးမှာပဲ"


ဒီတစ်ခါတော့ ဘွားဘွား၏ ဖူးစာရေးနတ် ပြုလုပ်မှုကြောင့် ဘွားဘွားစကားကို တစ်သက်လုံး နားထောင်ရန် ဆုံးဖြတ်လိုက်ပြီတည်း။ ဘွားဘွား၏ မြေးဖြစ်ရသည်မှာ မှန်သွားပေပြီ။ ကျွန်တော် ဘွားဘွား၏မြေးပါခင်ဗျား။

နှင်းနှင်း



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ပုစ္ဆာနှစ်ပုဒ်ရဲ့ နွယ်

ခိုင်ခင်အင်ကြင်း

မြစ်နဒီပေါင်းလောင်း ယမုံနာမြစ်ကမ်းဘေးရှိ ညီညီမြင့်တို့မြို့က အမည်ကျော်ကြား စည်ကားကျယ်ဝန်းလှပါသည်။ ကျောင်းတွေများလှပြီး အမှတ် (၁) အထက်တန်းကျောင်းကြီးကို အရှေ့ကျောင်းလို့ ခေါ်ကြပါသည်။ အမှတ်(၂) အထက်တန်းကျောင်းကြီးကို အနောက်ကျောင်းလို့ သတ်မှတ်ကြတာဟာ မြို့အရှေ့ဖျားနဲ့ အနောက်ဖျားဖြစ်လို့ပါပဲ။

အရှေ့ကျောင်းက တက္ကသိုလ်ဝင်တန်း(အေ)မှာ နာမည်အတိုင်း ဖြူဖြူသွယ်သွယ် နွဲ့နွဲ့နှဲ့နှဲ့ ချစ်စရာကောင်းပေမယ့် လှတယ်လို့တော့ မပြောနိုင်တဲ့ ဖြူနှင်းအိနဲ့ ညီညီမြင့်တို့က တစ်တန်းတည်း ဖြစ်နေကြသည်။ ဖြူနှင်းအိ မိဘတွေက ဈေးကြီးတွင် ကုန်သည်ပိုင်းက ပြည့်စုံကြွယ်ဝတာကြောင့် မာနကြီးပုံရနေပါသည်။ စကားသွက်ပေမယ့် ညီညီမြင့်နဲ့ မရင်းနှီးကြောင်းမှာ "အတန်းသားလေးဆယ်ဖြစ်တဲ့အတွက် လူများနေလို့" ဆိုတဲ့ ဆင်ခြေပေးရင်လည်းဖြစ်ပါသည်။

ကျောင်းခေါ်ချိန် စာရင်းခေါ်တဲ့ ကျောင်းဖွင့်စအချိန် ဖြေကြရစဉ်မှာ ညီညီမြင့်နာမည်ခေါ်တော့ မိန်းကလေးဖြစ်နေလို့ တအံ့တသြ ဖြစ်သွားကြပါသေးသည်။ ဖြူနှင်းအိက "ညီညီမြင့်တဲ့၊ ယောက်ျားလေးလည်း မဟုတ်ဘူးနော်" ဆိုပြီး မှတ်ချက်ချသံ ကြားလိုက်ခဲ့ရပါသေး၏။

ညီညီမြင့်မှာ အနောက်ကျောင်းက ပြောင်းလာသူ။ တခြားအတန်းက နွယ်နွယ်ဦးနဲ့ကျတော့ သူငယ်ချင်းတစ်ယောက်က မိတ်ဆက်ပေးကတည်းက ခင်သွားကြသည်။ နွယ်နွယ်ဦးက အသားညိုစိမ့်စိမ့်နဲ့ လှတဲ့အပြင် အရပ်ကလေးမြင့်ပြီး၊ စကားကို ဖြည်းဖြည်းအေးအေး ပြောတတ်လေသည်။

စတွေ့တဲ့နေ့မှာပဲ ညီညီမြင့်ကို ညီညီလို့ အားလုံးက ခေါ်ကြသလိုပင်

"ညီညီတို့အိမ် ဘယ်နားမှာလဲ"

"အလယ်ကျွန်းမှာ"

အလယ်ကျွန်းဆိုရင် မြစ်အလယ်က မြစ်ကြီးထွန်းပြီး လူနေအိမ်ခြေများရာဖြစ်ကြောင်း သိနိုင်သည့်နေရာ ဖြစ်ပါသည်။

"နွယ်နွယ်တို့ကကော"

"နွယ်တို့က တေဇာခင်ဦးမှာ နေတယ်"

"မနီးဘူးနော်"

"သိပ်မနီးလည်း ကျောင်းပိတ်ရင် နွယ်တို့အိမ် လာလည်ပါဦး"

"အင်း . . . လာလည်ချင်ပါတယ်"

"တကယ်လာလည်မှာလား"

"တကယ်ပါ"

ဆိုပြီး နွယ်နွယ်ဦးရဲ့ဖော်ရွေမှုကြောင့် အတော်စကားပြောဖြစ်ကြသည်လို့ ဆိုရပါမည်။

နေ့လယ် ထမင်းစားကျောင်းဆင်းချိန်ဆိုလည်း မုန့်ဆိုင်တန်းတွေနားမှာ တွေ့တဲ့အခါ ခဏဖြစ်ဖြစ် ရပ်စကားပြောဖြစ်ကြရာက အလိုလိုတစ်ယောက်ကို တစ်ယောက် ရင်းရင်းနှီးနှီး ဖြစ်နေကြလေသည်။

သီတင်းကျွတ်ကျောင်းပိတ် ခါနီးတွေတုန်း -

"ညီညီရေ . . . ကျောင်းပိတ်ရင် အိမ်လာဖြစ်အောင် လာလည်ပါ"

"တေဇာခင်ဦးက မြို့အနောက်မြောက်အစွန်မှာ အကျယ်ကြီးနော်။ မလာ



www.burmeseclassic.com

www.burmeseclassic.com

တတ်ဘူးထင်တယ်"

"ကျောင်းပိတ်ရင် နွယ်လာခေါ်မယ်လေ"

အဲဒီလောက်အထိ ခင်တော့ ညီညီမြင့် အားနာသွားပြီး...

"ဒီလိုဆိုလည်း အိမ်လာခေါ်ရင် လိုက်ခဲ့ပါ့မယ်"

လို့ ကတိပေးလိုက်လေသည်။

တစ်ရက် နွယ်နွယ်ဦးတို့အိမ်ရောက်တော့ သက်ငယ်မိုး၊ ထရံကာ တစ်ထပ်အိမ်နိမ့်နိမ့်လေးနဲ့ ဖြစ်သလိုနေရတာမြင်ပြီး စိတ်မကောင်းဖြစ်ရသည်။ အိမ်လေးထဲ ဘယ်သူမှမရှိတာကို မမေးမိပေမယ့်...

"အမေက ဈေးရောင်းသွားနေတယ်"

"နွယ်နွယ့် မောင်နှမတွေ မရှိဘူးလား"

"နွယ့်အောက်မှာ မောင်နှမတွေ လေးယောက်တောင် ရှိသေးတယ်။ ကျောင်းပိတ်လို့ လျှောက်သွားနေကြတယ်လေ"

လို့ ပြောနေတုန်း အသက်လေးဆယ်ကျော်လောက် လူတစ်ယောက် ဝင်လာသည်။ နွယ်နွယ်ဦးနဲ့ ရုပ်ချင်းတူလှတာနဲ့ သားအဖဖြစ်ကြောင်း ချက်ချင်းသိနိုင်သည်။

"အဲဒါ နွယ့်အဖေ"

လို့ပြောရာ နွယ်နွယ်ဦးကို ခေါင်းတစ်ချက်ညိတ်ပြကာ ထရံတွင် ချိတ်ထားသည့် လွယ်အိတ်တစ်လုံးယူပြီး ပြန်ထွက်သွားသည်။

နေ့လယ် ထမင်းစားချိန်ဖြစ်နေသဖြင့် "ထမင်းကျွေးမယ်" ဆိုသောအခါ "နေပါစေ နွယ်နွယ်" ဆိုလည်း မရဘဲ ထမင်းအတင်းခူးတော့သည်။ ခုံပိုင်းနိမ့်နိမ့်လေးပေါ် ဟင်းချိုဟင်းတစ်ခွက်၊ ဆားကုလားအော်သီး ကြက်သွန်ဖြူ၊ အချိုမှုန့်နဲ့ ပဲပုပ်ချပ်ကင်ကို ကပျာကယာ ထောင်းပြီး ဆီနည်းနည်းဆမ်းထားသည့် ဟင်းတစ်ပန်းကန် ယူလာချလျက်...

"စားကြည့်ပါဦး၊ ကောင်းပါတယ်"

ပြော၍ အတင်းကျွေးသောကြောင့် ကျေနပ်အောင် တစ်ပန်းကန် စားလိုက်ပါသည်။ စားသာစားလိုက်ရပေမယ့် မိသားစု ဝလင်လင် ဖူလုံပုံမပေါ်သဖြင့် ကောင်းကောင်းမျိုမကျ ဖြစ်ရသည်။ ဒါကြောင့် အားငယ်တဲ့မျက်နှာလေးနဲ့ ဖြစ်နေတတ်တာပဲဆိုပြီး သိသွားရာက ကရုဏာတို့ ဆင့်ကဲခဲ့ရပြန်၏။

ညီညီမြင့်မှာ အစ်မတစ်ယောက်သာရှိ၍ တက္ကသိုလ်တွင် ကျောင်းပြီးတော့မည်ဖြစ်သဖြင့် နောက်ပိုင်း၌ ထမင်းစားကျောင်းဆင်းချိန် နွယ်နွယ်ဦး ကိုသွားခေါ်ကာ မုန့်ဟင်းခါး၊ လက်သုပ်စုံ အစရှိသည်တို့ မကြာမကြာ ဇွတ်အတင်း ဝယ်ကျွေးဖြစ်ခဲ့သည်။

အပတ်စဉ် ကျောင်းပိတ်ရက်နီးပါက "အိမ်လာလည်ဦးနော်" လို့ ခေါ်လွန်းသည့်အတွက် နွယ်နွယ်ဦးတို့အိမ် အရောက်အပေါက်များပြီး ရင်းနှီးခင်မင်သည်ထက် ခင်မင်လာစဉ် -

"ညီညီဒီနှစ်အောင်ရင် ကျောင်းဆက်တက်မှာလား"

"အောင်ရင်တက်မှာပေါ့ နွယ်နွယ်ရယ်"

"နွယ်တော့ ကျောင်းဆက်မတက်နိုင်ဘူး"

"ဘာဆက်လုပ်မလဲ"

"သားဖွားဆရာမ(mid-wife) သူနာပြုသင်တန်း ဝင်ဖြေမယ်"

"ကောင်းသားပဲ"

"မိဘတွေကို လုပ်ကျွေးပြီးရင် ချစ်သူနဲ့ လက်ထပ်ချင်တယ်"

"ဘာတဲ့...နွယ်နွယ့်မှာ ချစ်သူရှိနေပြီပေါ့၊ ဟုတ်လား"

"အင်း..."

"ဘယ်သူလဲ၊ ညီညီသိတဲ့အထဲကလား"

"ဒီကျောင်းကို ပြောင်းမလာခင် အနောက်ကျောင်း ကိုးတန်းတုန်းက တစ်တန်းတည်းသား သူငယ်ချင်းပါ။ ကိုတင့်ဆွေတဲ့"

ချစ်သူအကြောင်းပြောမှပဲ နွယ်နွယ်ဦးမျက်ဝန်းလေးတွေ ချိုလက်လို့။

"သူက နွယ့်ကို သိပ်ချစ်တာ။ ရည်းစားစာတွေ နွယ်ကျောင်းမရောက်သေးခင် ဒက်စ်(ခ်)ထဲ(Desk)ထဲ ထည့်ထားလား ထားရဲ့ ပန်းတွေထည့်ထားလား ထားရဲ့ လုပ်နေခဲ့တာကြောင့် နွယ်လည်း စိတ်ဝင်စားလာရင်း လက်ခံလိုက်တယ်"

"ကိုတင့်ဆွေက ချောသလား"

"ချောတယ်လို့လည်း မဟုတ်ပေမယ့် နွယ့်အတွက်တော့ ချောတာပေါ့ ဟီး...ဟိ"

"အဟဲ...ဟဲ"

နဲ့ နှစ်ယောက်သား ရယ်မောခဲ့ချိန် သူငယ်ချင်းဘဝဟာ သာယာလှတော့သည်။

နှစ်ယောက်လုံး တက္ကသိုလ်ဝင်အောင်ကြတဲ့အတွက် နွယ်နွယ်ဦးက သားဖွားဆရာမ သူနာပြုသင်တန်း ဖြေဆိုအောင်မြင်လို့ မြို့မှာပဲ သင်တန်းကျောင်းတက်ရင်း ကျန်ခဲ့သလို၊ ညီညီမြင့်လည်း တက္ကသိုလ်တက်နေချိန် အတောအတွင်း အတော်ကြာ မတွေ့ကြတော့ဘဲ နေလေသည်။

နှစ်နှစ်ခွဲလောက်မှ ညီညီမြင့်တို့



www.burmeseclassic.com

www.burmeseclassic.com

အိမ်ကို နွယ်နွယ်ဦးရောက်လာသည်။ နွယ်နွယ်ဦးဟာ ညီညီမြင့်အကြောင်းတွေ ပြောစရာမရှိတာကြောင့် ဘာသံမျှမကြား ရတိုင်း သူ့အကြောင်းတွေ ရင်ဖွင့်ဖို့ စိုင်း ပြင်းမည်မှာ သေချာ၏။

"မတွေ့တာကြာပြီနော် နွယ်နွယ်။ အခု ဘယ်မှာလဲ"

"နွယ်သင်တန်းပြီးသွားပြီး ဒီမှာပဲ ပိုစတင်(တာဝန်)ပြန်ကျတယ်"

"ဟုတ်လား။ ဟန်ကျတာပေါ့နော်"

"အိမ်ကိုတော့ ထောက်နေရသေး တယ်။ အဖေက အလုပ်အဆင်ပြေလာ လို့ အငယ်တွေ ကျောင်းနေနိုင်ကြရုံပဲ"

"အရင်ထက် အများကြီးကောင်း လာပြီပေါ့"

"အသင့်အတင့်ပါပဲ"

"နောက်တော့ ကောင်းသထက် ကောင်းစရာပဲ ရှိပါတော့တယ် နွယ်နွယ် ရယ်"

"ဒါထက် ညီညီ့ကို ပြောစရာရှိ တယ်"

"ဘာလဲ···ပြောလေ"

"ကိုတင့်ဆွေမှာ တခြားရည်းစား ရှိနေတယ်တဲ့"

ညီညီမြင့်အတွေးထဲ "နွယ်နွယ့်ကို ချစ်လုပါတယ်ဆို"လို့တွေးရင်း ငြိမ်နား ထောင်နေလိုက်သည်။

"ဖြူနှင်းအိဆိုတာ ညီညီနဲ့ တစ် တန်းတည်း မဟုတ်လား။ သူက··· ကိုတင့်ဆွေရဲ့ အချစ်ဦးတဲ့"

"ဟင်··အရှေ့ကျောင်းနဲ့ အနောက် ကျောင်း အဆက်အစပ်မရှိ ဘယ်လိုက ဘယ်လို···"

"နွယ်လည်း သိသိချင်း အံ့ဩသွား တယ်။ သူတို့က မောင်နှမဝမ်းကွဲတော် လို့ ဝင်ထွက်သွားလာရင်း ကြိုက်သွားကြ တာဆိုတာ ကြားရတယ်"

"ဘယ်နဝမ်းကွဲတော်လို့လဲ"

"မသိဘူးလေ"

ညီညီမြင့် စဉ်းစားကြည့်သည်။ ကိုတင့်ဆွေဟာ ဖြူနှင်းအိကို အချစ်ဦး ဆိုပေမယ့် နွယ်နွယ်ဦးကို ချစ်သွားပြန် တာလည်း တစ်ကျောင်းတည်း။ တစ်တန်း တည်းသား နွယ်နွယ်ဦးရဲ့အလှမှာ ငြိတွယ် သွားသေးလို့ပဲ ဖြစ်မယ်လို့ သဘောရ လိုက်ပါသည်။

"ဒီပြဿနာကို နွယ်နွယ်ဘယ်လို ရှင်းမလဲ"

"နွယ်လား···။ အချစ်ဦးဆိုတာ နေရာဖလှယ်နိုင်တာမျိုးမှ မဟုတ်တာဘဲ ညီညီရယ် ဘာတတ်နိုင်မှာလဲ"

ညီညီမြင့်က နွယ်နွယ်ဦးကို သနား သွားမိသည်။ သူ ကိုတင့်ဆွေရဲ့ အချစ် ဦးဖြစ်တဲ့အပြင် သူ့ရဲ့အချစ်ဦးကလည်း ကိုတင့်ဆွေဖြစ်ခဲ့တယ် ထင်နေရာက လွဲနေကြောင်း သိရတော့သည့်တိုင် ကိုတင့် ဆွေအပေါ် သံယောဇဉ်မပြတ်နိုင်ပုံနဲ့ မျက်ရည်လည်နေပုံကြောင့် သက်ပြင်းချ မိကာ "နွယ်နွယ့်နှလုံးသား ငြိမ်းချမ်းပါစေ သူငယ်ချင်းရေ"ဆိုပြီး အသံမထွက်ဘဲ ဆုတောင်းပေးမိသည်။

ကျောင်းမပြီးသေးတဲ့အတွက် နွယ် နွယ်ဦးနဲ့ မတွေ့နိုင်ကြသည်မှာ နောက် ထပ် တစ်နှစ်မရှိခင် ညီညီမြင့် ဇာတိသို့ ပြန်ရောက်နေခိုက် နွယ်နွယ်ဦး ရောက် လာပြန်တော့ ငယ်သူငယ်ချင်း တစ် ယောက်ရဲ့ ခင်မင်တွယ်တာမှု အတိုင်း အတာမြဲမှုအပေါ် ဝမ်းသာအယ်လဲ -

"လာ···လာ နွယ်နွယ်၊ ဝမ်းသာ တယ်"

ဆိုနေပေမယ့် သူ့မျက်နှာလေးက မရှင်းဘူး။ အင်း···စတွေ့ကတည်းက ဘဝရဲ့မှန်တိုင်းဒဏ်နဲ့ အချစ်ရေးကလည်း ပြဿနာရှိနေသေးရာလို့ ထင်ပါတယ်လေ လို့ စဉ်းစားရင်း ရင်မောသွားနေတုန်း -

"ညီညီနဲ့ တွေ့ချင်တာကြာပြီ"

"ညီညီလည်း စိတ်ကရောက်ပါ တယ်"

"ညီညီ့ကို ပြောစရာတွေ အများ ကြီးပဲ"

"ပြောချင်သလောက်ပြော နွယ် နွယ်ရေ··· နားထောင်ဖို့ အဆင်သင့်ပါ"

"နွယ် အလုပ်တာဝန်နဲ့ ရွာတွေ အမြဲဆင်းနေရတာ ညီညီသိမှာပေါ့"

"အင်း···"

"နွယ်နဲ့ တွဲဖက်တာဝန်ကျတဲ့ ကျန်းမာရေးမှူးက ကိုမြင့်ဆွေတဲ့၊ ညီညီ များ သိမလားဘဲ။ ညီညီတို့အလယ်ကျွန်း က ဈေးဘက်လာရင် ဖြတ်သွားရမယ့် ရန်ကုန်-မန္တလေးလမ်းမကြီးမှာနေတယ်"

"မသိဘူးထင်တယ်"

"လမ်းတောင်ပိုင်းမှာ နေတယ်။ သူ့ အစ်မက မစိုးစိုးကြည်ဆိုတာလေ"

အရှေ့ကျောင်းက ကောင်လေးနဲ့
ကောင်မလေးရယ်၊
အနောက်ကျောင်းကကောင်လေး
နဲ့ ကောင်မလေးတို့ရဲ့
လေးပွင့်ဆိုင်အချစ်ဇာတ်လမ်းအား
လေးယောက်စလုံး အချင်းချင်း
သိနေလျက် မပြတ်မသား
လက်ခံထားနေကြသော
ရေစက်တွေဟာ ဘဝဟောင်းက
အကြောင်းရဲ့ အကျိုးတို့
ဖြစ်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

"အဲ . . . သိပြီ။ မစိုးစိုးကြည်က ညီညီတို့ထက် လေးနှစ်လောက်ကြီးတယ်။ ညီညီ့အစ်မနဲ့ အတူတူပဲ။ ကိုမြင့်ဆွေက ညီညီ့ထက် နှစ်နှစ်လောက်ကြီးသေးတယ်။ ဒါကြောင့် မြင်ဖူးရုံပဲ"

ကိုမြင့်ဆွေမှာ ယောက်ျားလေးပေမယ့် မစိုးစိုးကြည်ထက် အတော်ပင်ချောမောသည်ကိုလည်း သိနေခဲ့ဖူးသည်။

ညီညီမြင့်နှင့် အဆက်အစပ်မရှိသဖြင့် အမှတ်တမဲ့နေလာသည့်အတွက် ဘာအလုပ်လုပ်နေမှန်း မသိခဲ့ဘဲ နွယ်နွယ်ဦးပြောပြမှ ကျန်းမာရေးမှူးဖြစ်နေကြောင်း သိရခြင်းဖြစ်သည်။

"အဲဒီ ကိုမြင့်ဆွေနဲ့ နွယ်တို့အလုပ်နဲ့ အမြဲပတ်သက်နေရင်း ချစ်ခဲ့ကြတယ်"

နွယ်နွယ်ဦးသည်လည်း ချစ်သူနှစ်ဦးနှင့် ဖြစ်နေပြီကောလို့ အပြစ်မတင်ချင်အောင် ကိုမြင့်ဆွေရဲ့ ချောမောမှုနဲ့ နွယ်နွယ်ဦးရဲ့အလုကြောင့် ဒီလိုပဲဖြစ်တော့မှာပေါ့သာ ခန့်မှန်းမိ၏။

"ကိုတင့်ဆွေက ဘယ်ရောက်နေသလဲ"

"ကုန်သွယ်ရေးရုံးကြီးမှာ ရှိတယ်"

"ဖြူနှင်းအိကကော"

"အလယ်တန်းပြ ဆရာမဖြစ်နေပြီး ရေတာရှည်ကို နေ့တိုင်းသွားနေတယ်လို့ သိရတယ်။ နွယ်ဆက်ပြောမလို့ပဲ . . ."

"ပြောပါဦး နွယ်နွယ်ရယ်"

"ကိုမြင့်ဆွေရဲ့ အချစ်ဦးကလည်း ဖြူနှင်းအိတဲ့"

"ဟင် . . . ဟာ" ဆိုတဲ့ အာမေဋိတ်သံ ထွက်လာလောက်အောင် ညီညီမြင့် အတော်အံ့ဩသွားတာဟာ နွယ်နွယ်ဦးရဲ့ချစ်သူ ကိုတင့်ဆွေကော၊ ကိုမြင့်ဆွေတို့နှစ်ယောက်လုံးရဲ့ အချစ်ဦးဟာ ဖြူနှင်းအိတစ်ယောက်တည်း ဖြစ်နေတာက တိုက်ဆိုင်ဆန်းကြယ်နေလို့ ဖြစ်ပါသည်။

ဘာပဲဖြစ်ဖြစ် နွယ်နွယ်ဦးအတွက်လည်း ကိုတင့်ဆွေနဲ့ ကိုမြင့်ဆွေတို့ နှစ်ယောက်စလုံးရဲ့ အချစ်ကို ရပြန်တယ်ဆိုသည့်တိုင်အောင် ဖြူနှင်းအိရဲ့ လက်ဝေခံဘဝအဖြစ်သာ သိရတော့ ဒုတိယနေရာဘဝကို သဝန်တိုနာကြည်းစိတ်နဲ့ အခံရခက် ကြေကွဲလိမ့်မည် ထင်မိပါသည်။

အရှေ့ကျောင်းက ကောင်လေးနဲ့ ကောင်မလေးရယ်၊ အနောက်ကျောင်းက ကောင်လေးနဲ့ ကောင်မလေးတို့ရဲ့ လေးပွင့်ဆိုင် အချစ်ဇာတ်လမ်းအား လေးယောက်စလုံး အချင်းချင်းသိနေလျက် မပြတ်မသား လက်ခံထားနေကြသော ရေစက်တွေဟာ ဘဝဟောင်းက အကြောင်းရဲ့အကျိုးတို့ ဖြစ်ပေလိမ့်မည်။ နိဂုံးချုပ်ဖူးစာမှာတော့ ဘယ်လိုဖြစ်မှာပါလိမ့်လို့ စိတ်ဝင်စားစရာ ကောင်းနေပေပြီ။

တစ်ကျောင်းတည်း ဖြစ်နေတာကြောင့် အတန်းကြီးကျောင်းသား ကိုမြင့်ဆွေနဲ့ ဖြူနှင်းအိတို့ တွေ့ဆုံနိုင်တာလည်း အများကြားမှာ မြင်လိုက်ရင် ထင်းခန့်ဖြူဖွေးသွယ်နွဲ့သူ ဖြူနှင်းအိကို ရင်ခုန်ခဲ့ရင်း ဆက်စပ်နိုင်အောင် ကြိုးစားရာက ဖြူနှင်းအိကလည်း တိမ်းညွတ်သွားလို့ ဖြစ်နိုင်ပါသည်။

ပိုမိုရှုပ်ထွေးလာသော ပြဿနာတွေအတွက် ကြားရသူ ညီညီမြင့်ပင် အဖြေမရှာနိုင်ဘဲ ငိုင်တွေနေရာ -

"ဒါပေမယ် . . ."

"ဒါပေမယ့် . . . ဘာဖြစ်သလဲ နွယ်နွယ်"

"အခုတော့ နွယ့်ကို နှစ်ယောက်လုံးပဲ လက်ထပ်ကြဖို့ တောင်းဆိုနေကြတယ်"

"ဩော် . . ."

"နွယ် ဘယ်သူ့ကိုရွေးရမလဲ . . . ညီညီ"

"ဖြူနှင်းအိကိုကော သူတို့နှစ်ယောက်လုံးက လက်ထပ်မယ်လို့ ပြောခဲ့သေးသလား" လို့ စိတ်ထင်လိုက်တဲ့ ဒေါမနဿဖြစ်လာမှုကို ညီညီမြင့် မျို သိပ်လိုက်ပြီး -

"နွယ်နွယ် ဘယ်သူ့ကို ဘဝအဖော် အဖြစ် အလေးထား လက်တွဲချင်သလဲ စဉ်းစားပေါ့လေ"

လို့သာ အကြံပေးလိုက်ရပါသည်။

နွယ်နွယ်ဦးဟာ ဝေခွဲမရစွာ တွေ ဝေဆဲ ဖြစ်နေပုံနဲ့ ငေးရင်း -

"မဆုံးဖြတ်တတ်သေးပါဘူး"

ဆိုကာ ခပ်လေးလေးဖြေပါလေ သည်။ ညီညီမြင့်အနေနဲ့ သက်ပြင်းရှိုက် ရုံသာ တတ်နိုင်လို့ နှစ်ယောက်သား ငြိမ် နေပြီးနောက် ပုစ္ဆာနှစ်ပုဒ်ကို အဖြေမထုတ် နိုင်သေးဘဲ နွယ်နွယ်ဦး ပြန်သွား၏။

ရာသီစက်ဝန်းတစ်ပတ်လည်ပြီး တော့ ညီညီမြင့်လည်း ပညာရေးပြီးဆုံး ခဲ့တဲ့နောက် လုပ်ငန်းခွင်ဝင်ရေးများ ကြိုး ပမ်းနေခိုက် ကာလအတွင်း နွယ်နွယ်ဦး တစ်ယောက် ကိုမြင့်ဆွေနဲ့ လက်ထ လိုက်ကြောင်း သတင်းကောင်းပါးလိုက် တော့ "နွယ်နွယ့်ကို ကိုမြင့်ဆွေနဲ့ သဘောတူတယ်" လို့ မပြောသင့် မပြောဖြစ်ခဲ့ပေမယ့် နွယ်နွယ်ဦးရဲ့ အ ထုတ်လိုက်ပုံဟာ "နေနဲ့လ၊ ရွှေနဲ့မြ လိုက်ဖက်တင့်တယ်သွားတယ်" ဆို ယူဆဝမ်းသာခဲ့ရပါတော့သည်။

အစဉ်မွှန်မြတ်သော မေတ္တာ လျက် . . .

ခိုင်ခင်အင်



www.burmeseclassic.com

www.burmeseclassic.com

# ရတနာသုံးပါး ဆည်းကပ်ကိုးကွယ်မှု

❒ ဦးကြိုင်မြင့်(ဆူးလေ)

ဂေါတမဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးနေတော်မူ၏။ ထိုကာလ၌ မာဂဓတိုင်းပြည့်ရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးသည် ရှစ်သောင်းသော ရွာတို့ကို စိုးမိုးအုပ်ချုပ်၍ မင်းလုပ်၍နေ၏။

ထိုအခါ စမ္ပာမြို့ဝယ် 'ကောဋိဝိသ'အမျိုး၌ဖြစ်သော 'သောဏ'မည်သော သူဌေးသားတစ်ဦး ရှိ၏။ သောဏသည် နူးညံ့သိမ်မွေ့၏။ မျက်နှာအမူအရာ ချိုသာ၏။ အဝတ်အစားကို သပ်သပ်ရပ်ရပ်ဝတ်ကာ လူကြီး၊ လူလတ်၊ လူငယ်မရွေး လိုက်လျောညီထွေ ဆက်ဆံတတ်၍ လူချစ်လူခင် ပေါများ၏။ ထူးခြားသည်ကား သောဏ၏ ခြေဖဝါးပြင်၌ အမွေးတို့ ပေါက်ကြ၏။

သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးသည် တစ်နေ့သော် ရှစ်သောင်းသောရွာမှ ရွာသားတို့ကို စည်းဝေးစေ၍ ကောဋိဝိသမျိုး၌ဖြစ်သော သောဏကိုလည်း လာရောက်ရန် ဆင့်ခေါ်စေ၏။

သောဏ၏ အမိအဖတို့သည် ...

''ချစ်သား ... သောဏ။ မင်းကြီးသည် သတင်းကြား၍ သင်၏ခြေတို့ကို ကြည့်လို၍ ဖြစ်ပေလိမ့်မည်။ သင်သည် မင်းကြီးထံ၌ ခစားလျှင် မင်းကြီးရှိရာအရပ်သို့ ခြေမဆန့်လင့်။ ''မင်းကြီးရှေ့၌ ထက်ဝယ်ဖွဲ့ခွေ နေထိုင်လော့။ ဤသို့ထိုင်နေလျှင် မင်းကြီးသည် သင်၏ခြေတို့ကို မြင်နိုင်လတ္တံ့'ဟု မှာကြားကြ၏။

နန်းတော်သို့ ရောက်သည့်အခါ သောဏသည် မာဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကြီးထံ ခစား၍ ရှိခိုးပြီးလျှင် မင်းကြီးရှေ့၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေ၏။

ထိုအခါ သောဏ၏ ခြေဖဝါးအပြင်၌ ပေါက်ရောက်နေသော အမွေးတို့ကို မင်းကြီး မြင်တော်မူ၏။ မိမိသိလိုသော အချက်ကို သိရှိပြီးဖြစ်၍ တစ်ဆက်တည်းမှာပင် မင်းကြီးသည် ရှစ်သောင်းသော ရွာသားတို့ကို ယခု ပစ္စုပ္ပန်မျက်မှောက်ဘဝ၌ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့ကို ယုံယုံကြ[illegible]ကိုးကွယ်ဆည်းကပ်၍ ကောင်းမှုကုသိုလ်တရားများ တိုးပွားအောင် ပြုလုပ်ကြရန် တိုက်တွန်း၍ တရားပြဆုံးမ၏။

''အချင်းတို့ ... ပစ္စုပ္ပန်ဘဝ၌ ခံစားအပ်သော အကျိုး စီးပွားနှင့် ပတ်သက်၍ သင်တို့ကို ဆုံးမအပ်ခဲ့ပြီ။ သင်တို့သည် မြတ်စွာဘုရားထံ ချဉ်းကပ်ကြကုန်လော့။ ဘုရားရှင်သည် သင်တို့အား တမလွန်ဘဝ၌ဖြစ်သော အကျိုးစီးပွားနှင့် ဆက်စပ်၍ ဟောကြားတော်မူလိမ့်မည်''

ဟု ညွှန်ပြတော်မူ၏။

ရွာသားတို့သည် ဂိဇ္ဈကုဋ်တောင်သို့ ချဉ်းကပ်ကြကုန်၏။

ထိုအချိန်က 'အသျှင်သာဂတ'သည် ဘုရားရှင်၏ အလုပ်အကျွေးဖြစ်၏။ ရှစ်သောင်းသော ရွာသားတို့သည် အသျှင်သာဂတထံ ချဉ်းကပ်၍ ဘုရားရှင်ကို ဖူးမြော်ခြင်းငှာ ကျောင်းတော်သို့ လာရောက်ကြသည်ဖြစ်၍ ဖူးမြော်ခွင့်ရအောင် ဆောင်ရွက်ပေးကြစေလိုကြောင်း လျှောက်ထား၏။

အသျှင်သာဂတသည် ရှစ်သောင်းသော ရွာသားတို့ ဘုရားရှင်ထံ အဖူးအမြော် ရောက်ကြောင်း ဘုရားရှင်အား လျှောက်ထား၏။

ဘုရားရှင်က ... သျှင်သာဂတအား ''ကျောင်းစွန်အရိပ်၌ နေရာခင်းထားလော့''ဟု မိန့်တော်မူ၏။

ဘုရားရှင်သည် ကျောင်းတော်မှထွက်၍ ကျောင်းစွန်အရိပ်ဝယ် ခင်းထားသော နေရာ၌ ထိုင်နေတော်မူ၏။

ရှစ်သောင်းသော ရွာသားတို့သည် ဘုရားရှင်ထံ ချဉ်းကပ်၍ သင့်တင့်သည့်နေရာ၌ ထိုင်နေကြကုန်၏။ ရွာသားတို့သည် ဘုရားရှင်ကို နှလုံးမသွင်းမူဘဲ သျှင်သာဂတကို နှလုံးသွင်းကြ၏။

ဘုရားရှင်သည် ရွာသားတို့၏ စိတ်အကြံကို မိမိ၏



www.burmeseclassic.com

www.burmeseclassic.com

စိတ်ဖြင့် သိတော်မူ၏။

ဘုရားရှင်သည် "သာဂတရွာသားတို့အား အတိုင်းထက်အလွန် လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြောက်သော တရားဖြစ်သော တန်ခိုးပြာဋိဟာကို ပြလော့"ဟု မိန့်တော်မူ၏။

"ကောင်းပါပြီ အသျှင်ဘုရား"ဟု အသျှင်သာဂတသည် ဘုရားရှင်အား ဝန်ခံစကား ပြောကြားပြီးလျှင် ကောင်းကင်သို့ ပျံတက်၍ ရေးခြစ်မထင် ထက်ကောင်းကင်၌ စင်္ကြံလည်းသွား၏၊ ရပ်လည်း ရပ်၏၊ ထိုင်လည်း ထိုင်၏၊ အိပ်ခြင်းကိုလည်း ပြု၏၊ အခိုးကိုလည်း လွှတ်၏၊ အလျှံကိုလည်း လွှတ်၏၊ ကွယ်လည်း ကွယ်ပျောက်၏။ ထိုသို့ အသျှင်သာဂတသည် ရေးခြစ်မထင် ထက်ကောင်းကင်၌ လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြောက်သော တရားဖြစ်သော များစွာသော တန်ခိုးပြာဋိဟာကိုပြပြီးလျှင် ဘုရားရှင်၏ ခြေတို့ကို ဦးခိုက်ကာ "အသျှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်၏ ဆရာပါတည်း။ အကျွန်ုပ်သည် ဘုရားရှင်၏ တပည့်ပါတည်း"ဟု လျှောက်၏။

ထိုအခါ ရှစ်သောင်းသော ရွာသားတို့၏ အံ့သြဖွယ်ဖြစ်ကြရာ၏။ တပည့်သော်မှ ဤမျှ တန်ခိုးအာနုဘော်ကြီးသေးလျှင် ဆရာမူကား သာလွန်၍သာ ဖြစ်မည်ဟု အံ့သြဘနန်း ဖြစ်ကြ၏။ ဘုရားရှင်အား နှလုံးသွင်းကြကုန်၏။ ဘုရားရှင်အား ကြည်ညိုမြတ်နိုးကြကုန်၏။ ဝပ်တွားခယရှိသေကြကုန်၏။

ဘုရားရှင်သည် ရှစ်သောင်းသော ရွာသားတို့အား "ဒါနနှင့်စပ်သောစကား၊ သီလနှင့်စပ်သောစကား၊ နတ်ရွာနိဗ္ဗာန်နှင့်စပ်သောစကား၊ ကာမဂုဏ်တို့၏ အပြစ်၊ ညစ်ညူးခြင်း၊ ကာမဂုဏ်တို့မှ ထွက်မြောက်ခြင်းအကျိုးတရား" တို့ကို သွန်သင်ဆုံးမဟောကြားတော်မူ၏။

ဆက်၍ လူသတ္တဝါတို့၏ "ခံ့သောစိတ်၊ နူးညံ့သောစိတ်၊ အပိတ်အပင် နီဝရဏမှ ကင်းသောစိတ်၊ တက်ကြွသောစိတ်၊ ယုံကြည်သောစိတ် ရှိသည်ကို သိတော်မူသောအခါ မြတ်စွာဘုရားတို့၏ ကိုယ်တိုင်ထုတ်ဖော် သိမြင်ပြီးသော 'သာမုက္ကံသိက'တရားဒေသနာတော်ဖြစ်သော ဆင်းရဲခြင်း၊ 'ဒုက္ခသစ္စာ'ကိုလည်းကောင်း၊ ဆင်းရဲခြင်းဖြစ်ကြောင်း 'သမုဒယသစ္စာ'ကိုလည်းကောင်း၊ ဆင်းရဲချုပ်ရာ 'နိရောဓသစ္စာ'ကိုလည်းကောင်း၊ ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်းလမ်းစဉ် 'မဂ္ဂသစ္စာ'ကိုလည်းကောင်း ဟောဖော်ညွှန်ပြတော်မူ၏။

မည်းညစ်ခြင်းကင်း၍ ဖြူစင်သော အဝတ်သည် ဆိုးရည်ကို ကောင်းစွာခံယူ သကဲ့သို့ ထိုရှစ်သောင်းသော ရွာသားတို့သည် ဘုရားရှင်၏ တရားတော်ကို နာကြားရပြီးနောက် "သောတာပတ္တိမဂ်ဉာဏ်"၌ တည်ကြ၏။

ရွာသားတို့သည် တရားကိုမြင်ပြီးသည်ဖြစ်၍၊ တရားသို့ရောက်ပြီးသည်ဖြစ်၍၊ တရားကိုသိပြီးဖြစ်၍၊ တရားသို့ သက်ဝင်ပြီးသည်ဖြစ်၍၊ ယုံမှားခြင်းကို ကူးမြောက်ပြီးသည်ဖြစ်၍၊ သို့လော သို့လော (တွေးတောခြင်း) ကင်းသည်ဖြစ်၍၊ ဘုရားမှတစ်ပါး ကိုးစားထိုက်သူ မရှိသည်ဖြစ်၍ ဘုရားရှင်အား ...

"အရှင်ဘုရား ... အရှင်ဘုရား၏ တရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါပေ၏။ အရှင်ဘုရား တရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါပေ၏။ ဥပမာသော်ကား မှောက်ထားသည်ကို လှန်ဘိသကဲ့သို့လည်းကောင်း၊ ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့လည်းကောင်း၊ မျက်စိလည်သောသူအား လမ်းကို လမ်းကိုပြဘိသကဲ့သို့လည်းကောင်း၊ မျက်စိရှိသောသူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင် ပြဘိသကဲ့သို့လည်းကောင်း၊ ဤအတူသာလျှင် မြတ်စွာဘုရားသည် များစွာသောအကြောင်းဖြင့် တရားကို ပြတော်မူပါပေ၏ အရှင်ဘုရား"

"အကျွန်ုပ်တို့သည် ဘုရားရှင်အား ယနေ့မှစ၍ ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏။ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏"

အကျွန်ုပ်တို့ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာဟု မှတ်တော်မူပါလော့"

ဟု လျှောက်ထားကြကုန်၏။

**ဦးကြိုင်မြင့်(ဆူးလေ)**

ကျမ်းကိုး

- မဟာဝါမြန်မာပြန် ၅၊ ဓမ္မက္ခန္ဓက၊ သောဏကောဠိဝိသဝတ္ထု။

www.burmeseclassic.com

www.burmeseclassic.com

# US ခရီးသည်

မောင်ကောင်းမြင့်

အင်းဟတ်-နယူးယောက်
၆၊ ဖေဖော်ဝါရီ၊ ၂၀၁၃။

သမီးများနှင့် မြေးကလေး မောင်ကောင်းခိုက်အောင်သို့ . .

ဘိုးဘိုးကြီး အမေရိကန်ပြည်ထောင်စုကို ရောက်နေတာ ခြောက်လသို့ ချဉ်းကပ်ခဲ့ပြီ။ အခုဆိုရင် အတော်ကလေး နေသားကျပါပြီ။ သည်ကာလတွေမှာ ဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံတွေဟာလည်း ယူတတ်သော် ရနိုင်ပါပြီ။ ဆင်ခြင်စရာတွေ၊ အတုယူစရာတွေ အများအပြားပါပဲ။ ရေးခဲ့တဲ့စာတွေမှာလည်း ဖော်ပြခဲ့ပြီးပါပြီ။

အခုစာမှာ . . .

DV-Green Card လို့ အလွယ်တကူ ခေါ်ကြ နားလည်ထားကြတဲ့ Electronic Diversity Visa (EDV) Lottery System ဟာ မြန်မာပြည်မှာ လွန်ခဲ့တဲ့ ဆယ်စုနှစ်နှစ်စုကျော်က စပြီး ဖွင့်လှစ်ပေးခဲ့ပေမယ့် ဒီတုန်းကတော့ မြန်မာပြည်မှာ တရုတ်တန်းမှာပဲ စတင်လူသိများခဲ့တယ်။ သည်တုန်းက Online စနစ် မရှိသေးတာမို့ ပုံစံဖြည့်ပြီး စာတိုက်က ပို့ကြရတယ်။ တချို့က နိုင်ငံခြားက အသိတွေက ပို့ပေးခဲ့တယ်။ အခုတော့ မိမိရှေ့မှောက်မှာပဲ ချက်ချင်းပို့ လက်ခံရရှိကြောင်း "လက်ခံစာ"ရ။ ပေါက်မပေါက်ကိုလည်း www.dv lottery.state.gov ဆိုတဲ့ website မှာ ကိုယ်တိုင်ကြည့်လို့ပြီမို့ ပိုမိုလွယ်ကူလာပါပြီ။ ဘိုးဘိုးရဲ့ စာတစ်စောင်မှာ DV အတွက် အကြိုလုပ်ဆောင်ရမှာတွေကို ရေးခဲ့ပြီးပါပြီ။

DV ပေါက်ပြီ၊ လုပ်စရာတွေ လုပ်ပြီးပြီ Visa ဝင်ခွင့်စောင့်နေပြီ။

ပထမဆုံးပြောချင်တာက အမေရိကန်ကို သွားခွင့်ရလို့သွားတာမှာ မိမိပိုက်ဆံမရှိတဲ့ ချေးငှားပြီးတော့ (ရိုးရှင်းစွာပြောရရင် အတိုးနှင့် ငွေချေးပြီး) မလာခဲ့မိဖို့ပါပဲ။ ဘာကြောင့်လဲဆိုတော့ အကြိုလုပ်စရာတွေအတွက် ကုန်ငွေက မြန်မာကျပ်ငွေနှင့် အနည်းဆုံး သိန်းဂဏန်းရင်းထားပြီးပြီ။ (ချွေချွေတာတာလုပ်ရင် နှစ်ခုစာလောက်ပဲ။)

သံရုံး Visa ဝင်ကြေး ၃၃၀ နှင့် ဆေးစစ်ခ (SOS အင်းလျားလိပ်ဟိုတယ်မှာရှိတဲ့ ဆေးခန်း) ၁၆၅ ကို အမေရိကန်ဒေါ်လာနှင့်သာ ပေးသွင်းရမှာ ဖြစ်တယ်။ သည်တော့ ပြည်တွင်းမှာပဲ ကုန်ငွေဟာ ၁၀ သိန်းဝန်းကျင်မှာ ရှိနေတယ်။ (ဝယ်ခြမ်းတာမပါ။)

လာပြီဆိုရင် မရှိမဖြစ်က လေယာဉ်ခပါပဲ။ လေယာဉ်ခက မိမိလာမည့် လနှင့် မိမိစီးမည့် လေယာဉ်လိုင်းအလိုက် လက်မှတ်ခအတက်အကျ ဈေးနှုန်းကွာခြားမှု ရှိတယ်။ ဒါပေမယ့် ဘာပဲပြောပြော လေယာဉ်ခပျမ်းမျှ အမေရိကန်ဒေါ်လာ ၁,၂၀၀ က ၁,၅၀၀ အကြားမှာ ရှိနေပါတယ်။ သည်စရိတ်ကို တွက်ကြည့်ပါ။ သည်တော့ ပြည်တွင်းမှာပဲ မထွက်ခွာမီအထိ မြန်မာငွေ ၂၅ သိန်းဝန်းကျင်မှာ ရှိပါတယ်။

အမေရိကန်မှာ ဆွေသားအရင်းအချာမရှိဘဲ သို့မဟုတ် မိမိမှာ ငွေကြေးလုံလောက်စွာ မပါဘဲ (အနည်းဆုံး အလုပ်မရမီစပ်ကြားနှင့် အလုပ်အတွက် လိုအပ်တဲ့ DV1, SSA, ID စတဲ့ ကတ်ပြားတွေ စောင့်နေဆဲကာလမှာ မဖြစ်မနေ သုံးစွဲဖို့ ငွေလိုပါတယ်) မလာခဲ့မိဖို့ပါ။ DV ဆိုတာက Green Card လို့ အလွယ်တကူခေါ်တဲ့ USA Permanent Resident (PR) အသိအမှတ်ပြုကတ်ပြား။ SSA ဆိုတာက



www.burmeseclassic.com

www.burmeseclassic.com

Social Security Administration ကတ်။ ID ဆိုတာက Identification Card ကတ်ပြား။ သည်ကတ်ပြားမှာ သာမန် အသိအမှတ်ပြုကတ်နှင့် ယာဉ်မောင်းခွင့်ပါ အသိအမှတ်ပြုတဲ့ ကတ်ဆိုပြီး နှစ်မျိုးရှိပါတယ်။ သည်ကတ်သုံးခုက အမေရိကန်မှာ နေထိုင်တော့မည့် လူတစ်ယောက်အတွက် မရှိမဖြစ်ပါပဲ။

အမေရိကန်ပြည်ထောင်စုကို လာဖို့အတွက် ငွေကို အဓိကထားပြောရတာက သည်မှာက အချိန်နှင့်ငွေဟာ တန်ဖိုးကြီးတယ်။ "ရှိ"တာမဟုတ်၊ "ကြီး"တာဖြစ်တယ်။ အချိန်ကလည်း ငွေပဲ။ သည်တော့ လူတစ်ဦးတစ်ယောက်ဆီက အချိန်ပေးကူညီဖို့၊ သို့မဟုတ် ငွေကြေးအကူအညီရဖို့ ဆိုတာ မျှော်လင့်မထားတာ အကောင်းဆုံးပဲ။

လေယာဉ်ဆိပ်မှာ လာကြိုပြီဆိုကတည်းက အချိန်နှင့် ငွေ အကုန်ခံနိုင်သူမို့လို့ပဲ။ ကျေးဇူးတင်ပေတော့။ မိမိမိတ်ဆွေတစ်ယောက်ဆိုရင် "ကျွန်တော်လာတုန်းကဆို ကြိုမယ့်သူကို မရှိလို့ မနည်းရှာရတယ် ကျွန်တော့်မိတ်ဆွေက မကြိုနိုင်တော့ အခြားတစ်ယောက်ကို အကူအညီတောင်းရတယ်။ အိမ်ရောက်တော့လည်း သူ့ကို ညကျမှ တွေ့ရတော့တယ်။ မနက်ကျတော့လည်း အစောကြီးထသွားရော"ဟု ဆိုပါသည်။

သည်နိုင်ငံကို ရောက်ရင် အားလုံးဟာ "တစ်"က ပြန်စရတယ်လို့ ရေးခဲ့ဖူးပါတယ်။ ----စကားနှင့်ပြောရရင် "ပုံစံ"ပေးတာလို့ ဆိုနိုင်ပါတယ်။ ယဉ်ကျေးစွာပြောရရင် discrimination ဟုတ်တယ်။ ဘယ်နိုင်ငံက ဘာဘွဲ့၊ ဘာဒီပလိုမာ စတဲ့ လက်မှတ်တွေ ရခဲ့စေ သည်မှာ သက်ဆိုင်ရာ ဘာသာရပ်အလိုက် အသိအမှတ်ပြုခွင့်ရအောင် ဝင်ခွင့်စာမေးပွဲနှင့် လက်မှတ်တစ်ခုရအောင် ပြန်ယူကြတယ်။ အလွယ်ကူဆုံးပြောရရင် ဆရာဝန်ဘွဲ့ရတွေ ဆရာဝန်အလုပ်မလုပ်ရတော့ဘဲ အခြားအသက်မွေးဝမ်းကျောင်းနှင့် ရှိနေကြတာ တွေ့ရတယ်။ လုံလောက်ပြီနော်။

သည်တော့ ရောက်တာနှင့် အလုပ်မရနိုင်ဘူးလို့ သိထားရမယ်။ သုံးလေးလ စောင့်ရမယ်။ မစောင့်ဘဲ လုပ်လို့ရတဲ့အလုပ်တွေ ရှိတယ်။ Shushi လုပ်ငန်းမှာ ဝင်လုပ်တာ။ စားသောက်ဆိုင်နှင့် စတိုးဆိုင်(အချို့မှာ) ဝင်လုပ်တာမျိုး။ ဟာသစကားတစ်ခွန်းတောင် ရှိတယ်။ "Shushi မျိုးဟော့တို့ဗမာ"တဲ့။ အလုပ်လုပ်တယ်ဆိုတာမှာ မြန်မာပြည်မှာလို ခိုကပ်လို့မရဘူး။ လုပ်ချိန်အပြည့် ခိုင်းတယ်။ တစ်နာရီကို ၇ ဒေါ်လာက ၈ ဒေါ်လာ အနည်းဆုံးပေးတာမို့ နာရီနှင့်တန်အောင် ခိုင်းတယ်။ တစ်နေ့လုံး (မထိုင်ရသလောက်ဘဲ) လုပ်ကြရတယ်။ သည်တော့ ကျန်းမာရေးနှင့် ပြည့်စုံဖို့လိုတယ်။ အလုပ်ရှင်တွေကလည်း လုပ်နိုင်တဲ့အရွယ်ကို အဓိကထားတယ်။ ပြောချင်တာက အလုပ်ဝင်ပြီဆိုရင် တာဝန်ကျေမှ ဖြစ်မယ်ဆိုတာပါပဲ။ နောင်ကြုံမှ မြန်မာပြည်က ရောက်စလူငယ်တွေရဲ့ အတွေ့အကြုံအချို့ ရေးပြပါဦးမည်။

## အထူးသဖြင့် ပြောချင်တာက အမျိုးသမီးလေးများအတွက်

၁။ သွေးသားရင်းချာ (ဒါမှမဟုတ်) တကယ် စိတ်ချရတဲ့ (စေတနာအပြည့်နှင့် ကူညီမယ့်သူ) ရှိဖို့လိုတယ်။

၂။ အိမ်တစ်အိမ်အိမ်မှာ အကြာကြီး အကူအညီနှင့်နေဖို့ မစဉ်းစားပါနှင့်။ မိမိဘာသာ သီးခြားနေနိုင်လောက်တဲ့ အိမ်ငှားခငွေ (တစ်လလျှင် USD ၄၅၀ နှင့် ၅၀၀ ကြား ကုန်မယ့် အိမ်လခ နှစ်လ-သုံးလစာ) ပါလာဖို့ လိုပါတယ်။ အခြားစရိတ်အတွက်နှင့်ပါဆိုလျှင် USD ၃,၅၀၀ လောက်ပါလာမှ စိတ်ချရပါမယ်။

၃။ အကူအညီဆိုတာ လိုတာထက် ပိုမရနိုင်ဘူးဆိုတာ သတိချပ်စေချင်ပါတယ်။

၄။ မိမိမှာ လိုတဲ့ငွေ (သို့မဟုတ်) ယုံကြည်စွာ အားကိုးရမယ့်သူ မရှိဘူးဆိုရင် (ယောကျ်ားကလေးတွေဆိုရင် ဘာအလုပ်ဖြစ်ဖြစ် ကြုံရာကျပန်းလုပ်နိုင်တဲ့ စိတ်ဓာတ်၊ အင်အား ရှိဖို့လိုတယ်။) မဖြစ်ဘူးလို့ပဲ ပြောပါရစေ။

အထူးသဖြင့် မလာမီကတည်းက ဗဟုသုတရှာထားဖို့လိုတယ်။ စိတ်ဓာတ်ကြံ့ခိုင်အောင် မွေးမြူထားဖို့ လိုတယ်။ ဗဟုသုတဆိုတာမှာ စာတွေ့ဗဟုသုတများအဖြစ် Wedsite တွေက တင်ထားတဲ့ သတင်းတွေကို ဖတ်ပါ။ **ဆောင်ရန်နှင့် ရှောင်ရန် တွေ့လာပါလိမ့်မည်။** အမေရိကန်မှာသုံးတဲ့ စကားပြောကို ဖတ်ပါ။ (ဖြစ်နိုင်ရင် သင်ပါ။ American Expression က အင်္ဂလိပ်နှင့် မတူလို့ပါ။) နောက်တစ်ခုက



www.burmeseclassic.com

www.burmeseclassic.com

ကွန်ပျူတာကို အခြေခံကျွမ်းကျင်အောင် သင်လာပါ။ ဖြစ်နိုင်လျှင် မိမိနိုင်ငံနှင့် ဆက်သွယ်ဖို့ ပေါ့ပါးလွယ်ကူ သယ်ယူလွယ်တဲ့ မိမိသုံးတဲ့ data တွေပါတဲ့ ကွန်ပျူတာကစ်လုံး သယ်လာခဲ့ပါ။

## စိတ်ဓာတ်ကြံ့ခိုင်အောင် မွေးမြူထားပါ

သည်နိုင်ငံမှာက လူတွေက stress စိတ်ဖိစီးမှုများတယ်။ အလုပ်ပင်ပန်းတယ်။ အဖော်နည်းတယ်။ အခန်းကျဉ်းကျဉ်းလေးထဲမှာ နေရတယ်။ (အသွား/အပြန်ချိန်တွေမှာ လူတိုင်းဟာ cell phone ထဲက game တွေပဲ ကြည့်ကစားနေကြတယ်။ နားထဲမှာ နားကြပ်တပ်ထားတယ်။ ဒါဟာ စိတ်ထွက်ပေါက်ရှာနေတာ ဝစ်မျိုးပဲ။ မိမိအာရုံကို အတင်းတံခါးပိတ်ထားတယ်။ ဘေးကိုမကြည့်ဘဲနေမိအောင် အားထုတ်ခြင်းတစ်မျိုးပါပဲ။) အိမ်ရောက်တော့လည်း ၁၀ ပေ၊ ၁၅ ပေ သာသာရှိတဲ့က အခန်းလေးထဲမှာပဲစား၊ ကွန်ပျူတာနှင့် အလုပ်ရှုပ်ရင်း ညဦးယံကို ကုန်ဆုံးစေပြီး အနက်စောစောထမီအောင် ကြိုးစားအိပ်ကြရတယ်။

နားတဲ့ရက်မှာ အဝတ်လျှော်၊ တစ်ပတ်စာ ချက်ပြုတ်၊ အသိအကျွမ်းနှင့် သွားဖို့၊ လည်ဖို့ အချိန်နည်းပါးတယ်။ ရန်ကုန်မှာလို သူငယ်ချင်းအိမ်သွားလည်၊ အပြင်ထွက်ပြီး ဝယ်ကြ၊ စားကြမရှိကြပေဘူး။ ဘာကြောင့်လဲဆိုတော့ တစ်ယောက်တစ်ယောက် ကျွေးမွေးဧကာခံဖို့က သည်မှာ အခြေအနေအရပ်ရပ်ကြောင့် နည်းတယ်။ ယေဘုယျအားဖြင့် ချွေတာနေကြတယ်။ ဒါမှ အိမ်ပြန် ငွေပို့နိုင်မှာကိုး။ သို့မဟုတ် အဆုံးစွန်အားဖြင့် ငွေစုပြီး မိမိနှင့် ပတ်သက်တဲ့ မိဘ၊ ညီအစ်ကိုမောင်နမ၊ လင်၊ မယား ကို ခေါ်နိုင်မှာမို့ပဲ။ အဆုံးစွန်အားဖြင့် သည်မှာမနေဘဲ မိမိနိုင်ငံကိုပြန်ရင် အထုပ်အထည်ကလေးနှင့် ဟိုမှာနေနိုင်အောင်လို့ပါပဲ။

သည်နိုင်ငံရောက်စမှာ ကြိုးစားအားထုတ် ရုန်းကန်ခဲ့ကြရတဲ့ ဘဝတွေကို လူတိုင်းဟာ ရင်ထဲမှာပဲ သိမ်းထားတယ်။ ရင်ထဲမှာသိမ်းထားတယ်ဆိုတာ အလွယ်ကူဆုံး နားလည်အောင် ပြောရရင် ပြောပြချင်စရာ မကောင်းဘူးလို့ပဲ နားလည်ထားလိုက်ပေတော့။

သည်တော့ "အမေရိကန်"ဆိုတာ ကြိုးစားရုန်းကန်ရတဲ့နေရာ။ ဘယ်ဟာမှ အလကားမရဘူး။ ကြိုးစားမှ တော်ကာကျမယ်လို့ ခံယူထားဖို့လိုတယ်။ တစ်ချိန်တည်းမှာ စိတ်ဓာတ်ခွန်အား၊ ရုပ်ခန္ဓာအင်အားရှိအောင် ထည့်ထားမှ သွားလို့ရမယ်လို့ ခံယူထားဖို့လိုတယ်။ အများအပြောနှင့် သဘောကျနေလို့ မရနိုင်ဘူး။ စိတ်ကူးယဉ်ရုံနှင့်ဆိုရင် မော သွားမယ်လို့ ခံယူထားပါ။

အထူးသဖြင့် DV ပေါက်သူတွေအတွက် အမေရိကန်နိုင်ငံက DV နှင့် SSA ကတ်ပြားနှစ်ခုထုတ်ပေးရုံမှအပ တာဝန်ယူတာမရှိပါ။ မိမိအစီအစဉ်နှင့် မိမိဘာသာ တာဝန်ယူရမည်ဖြစ်သည်။ အမေရိကန်နိုင်ငံသို့ ရောက်လာကြသူများ refugee, asylee, အခြား law fully admitted for permanent residence တို့နှင့် မတူပါ။

ဤစာကိုရေးသည်မှာ ကြိုတင်ပြင်ဆင်နိုင်ရန် ဖြစ်သည်မို့ "ဒူးလောက်တင်ဖို့ ရင်လောက်မှန်း"ထားနိုင်ရန် အားထုတ်မှုအပြည့်၊ ခွန်အားအပြည့်နှင့် လာနိုင်ဖို့ ဖြစ်ပါတယ်။ ကိုယ်ခံအားကောင်းမှ ရောဂါမဝင်နိုင်မှာ ဖြစ်ပါတယ်။

မိမိ၏ အထက်ပါ စာတစ်ပုဒ်မှာ ရေးခဲ့ဖူးသလို အမေရိကန်နိုင်ငံသို့ မြန်မာနိုင်ငံသားများ လာရောက်(ပညာသင်)နိုင်ခွင့် နည်းပါးရခြင်းမှာ . . .

၁။ သတင်းအချက်အလက် ပြည့်စုံစွာ မရရှိမှု၊ ၂။ ဘာသာစကား ကျွမ်းကျင်မှု အားနည်းမှု၊ ၃။ ငွေကြေး မပြည့်စုံမှုလို့ သုံးသပ်ထားတာကို ဖော်ပြခဲ့ဖူးပါတယ်။

ဒါကြောင့် သတင်းအပြည့်အစုံ ရအောင်ယူနိုင်ပါစေ။ ဘာသာစကား(နားလည်နိုင်အောင်) သင်ယူနိုင်ပါစေ၊ ငွေကြေး (သင့်တင့်လုံလောက်စွာ) ပါလာနိုင်ပါစေလို့ ဆုတောင်းပါတယ်။

*ဘိုဘိုကြီး*

P.S - သည်စာမူကို ရေးပြီး စကားပြောကြရင်း မိတ်ဆွေတစ်ယောက်က "တောကနေ ရန်ကုန်ကိုတက်လာ အလုပ်ရှာရတဲ့ နယ်ကမိန်းကလေးတွေ ဘဝမျိုးလို့ ရေးလိုက်ရင် ပိုပြီး ထင်သာမြင်သာရှိတယ်ဗျ"ဟု ဆိုပါသည်။

**မောင်ကောင်းမြင့်**

www.burmeseclassic.com




# အမှတ်ရစရာ ဝေါဟာရစကားလုံးများ

သမီးဗဂျိအောင်စိုး(ဒေါ်ဓမ္မစာရီ)

ဤဆောင်းပါးကို ရေးသားရခြင်းမှာ ဘုရားဟော တရားတော်များမှ ဆုံးမတော်မူအပ်သော မှတ်သားစရာ စကားလုံးများကို ပါဠိလိုမရေးသားဘဲ မြန်မာပြန်ဖြင့် တစ်မှတစ် ဆယ်ထိ ရေးသားထားသော ရန်ကုန်မြို့ ဗုဒ္ဓဂယာကျောင်းမှ (မှတ်သားစရာ ဝေါဟာရစကားလုံးများ) ဖြစ်ပါသည်။

**တစ် ။ အဖျက်ဆီးနိုင်ဆုံး ဝေါဟာရတစ်လုံးမှာ "ငါ" ဖြစ်သည်။**

လောကီအနေဖြင့် ကြိုးစားလျှင် အောင်မြင်သည်။ မာနရှိရမည်၊ ကြိုးစားရမည်ဟု ပြောကြသည်။ "ငါလုပ်လျှင် ဖြစ်ရမည်"ဟူသော မာနထားကာ အောင်မြင်အောင် ကြိုးစား တတ်ကြသည်။ ငွေ၊ လုံ့လ၊ ဝီရိယ၊ မာနတရားများဖြင့် လောကီ စည်းစိမ်ချမ်းသာကို ရအောင်ကြိုးစားတတ်ကြပါသည်။ တရား ဘာဝနာအားထုတ်သောအခါ၌လည်း မိမိက ဝေဒနာကို မခံ စားနိုင်ဟု ပြောတတ်ကြသည်။ အကယ်စင်စစ်မှာ "ငါ"ဟု စွဲခြင်းသည် မသိ၍ပြောကြခြင်း ဖြစ်သည်။ မိမိက ခံစားရ ခြင်းမဟုတ်၊ ခန္ဓာငါးပါးက ခံစားကြခြင်း ဖြစ်သည်။ ဘုရား ဟော ဒေသနာများတွင် "ငါ"တည်းဟူသော မာန်မာနတရား မထားရန် "ငါ့ဥစ္စာ၊ ငါပိုင်တာ၊ ငါ့သား၊ ငါ့သမီး"ဟူသော "ငါ"စွဲသည် နိဗ္ဗာန်ကိုရောက်ရန် ကျင့်ကြံအားထုတ်နေသော တရားများကို အဟန့်အတား ဖြစ်စေပါသည်။ အကျွတ်တရား မရရှိကြဘဲ အပါယ်လေးပါးသို့ ရောက်ရှိနိုင်ပါသည်။ ထို့ ကြောင့် လောကုတ္တရာတရား အားထုတ်နေကြသော သူတော် စင်များအား အဖျက်ဆီးနိုင်ဆုံးစကားတစ်လုံးမှာ "ငါ"ဟူသော ဝေါဟာရတစ်လုံးပင် ဖြစ်ပါသည်။

××× ×××



www.burmeseclassic.com

www.burmeseclassic.com

**နှစ် ။ အများကျေနပ်ဖွယ် အကောင်းဆုံး ဝေါဟာရနှစ်လုံးမှာ "ကျွန်ုပ်တို့" ဖြစ်သည်။**

"ကျွန်ုပ်တို့"ဟူသော စကားလုံးနှစ်လုံးမှာ တစ်ကိုယ်ကောင်းမဆန်သော စကားလုံးများ ဖြစ်သည်။ "ကျွန်ုပ်တို့ အတူတူလုပ်ကြတာပေါ့"၊ "ကျွန်ုပ်တို့ ဝေယူကြမယ်"ဟူသော စကားကိုပြောလျှင် အများကျေနပ်ပြီး ဝမ်းမြောက်ကြမှာ ဖြစ်သည်။ အလုပ်ခိုင်းလျှင် "ငါနောက်မှလုပ်မယ်"၊ ခွဲဝေယူရန်ရှိလဆင် "ငါအများဆုံးယူမယ်"ဟု ပြောမည်ဆိုလျှင် အများကျေနပ်မှု၊ နှစ်သက်မှု မရနိုင်ပါ။ လောဘစိတ်ထားပြီး ပိုယူလိုခြင်း၊ ရေသာခိုအချောင်သမား စိတ်ဓာတ်ရှိခြင်းကို မည်သူမျှ မနှစ်သက်ပါ။ ယနေ့ခေတ်ကာတွင် တစ်ဦးတစ်ယောက်တည်း လုပ်၍မရ။ အများနှင့် စုပေါင်းလုပ်ဆောင်မှ အောင်မြင်တိုးတက်ပါမည်။ ဘာသာရေး၊ သာသနာရေးလုပ်ငန်းများတွင်လည်း စုပေါင်းလုပ်ဆောင်မှ တိုးတက်ပါမည်။ ဥပမာ - ဝါတွင်းဆွမ်းလောင်းအသင်းများမှာ မိမိတစ်ဦးတစ်ယောက်တည်း လုပ်၍မရ၊ ဘာသာရေးဝါသနာပါသော စေတနာရှင်များ စုပေါင်းလုပ်ဆောင်၍ အောင်မြင်စွာ ဆွမ်းသိမ်းပွဲများ လုပ်ဆောင်နိုင်ကြခြင်း ဖြစ်ပါသည်။ တစ်ဝါတွင်းလုံး လှူဒါန်းနိုင်ကြပါသည်။

နောက်ဥပမာတစ်ခုမှာ "ကျွန်ုပ်တို့"ဟူသော စကားလုံးကို အမြဲသုံး၍ စုပေါင်းလုပ်ဆောင်ကြသော ခေါင်းဆောင်ကောင်းကြောင့် ကွယ်လွန်သောအခါ နတ်ပြည်တွင် နတ်သားများဖြစ်သွားသော ဥပမာလည်းရှိပါသည်။ သိကြားမင်းဦးမာဃသည် လူ့ဘဝတုန်းက မိမိရပ်ရွာတွင် အပေါင်းအသင်းမိတ်ဆွေများနှင့် လူမှုရေးလုပ်ငန်းများဖြစ်သော ရေတွင်းရေကန်များတူးဖော်ပေးခြင်း၊ ကျောင်းကန်ဇရပ်များ ဆောက်လုပ်ပေးခြင်း၊ လမ်းများ ဖောက်လုပ်ခြင်း စသော ကုသိုလ်ကောင်းမှုများကို ပြုလုပ်သောကြောင့် ကွယ်လွန်သောအခါ တာဝတိံသာနတ်ပြည်တွင် သိကြားမင်းနှင့် နတ်သားများ ဖြစ်သွားပါသည်။ ယခုခေတ်၊ ယခုအခါမှ မဟုတ်ဘဲ ရှေးယခင်အခါကတည်းက "ကျွန်ုပ်တို့"ဟူသော အများကျေနပ်ဖွယ်အကောင်းဆုံး စကားလုံးများကို သုံးစွဲခဲ့ကြပါသည်။

××× ×××

**သုံး ။ အဆိပ်အပြင်းဆုံး ဝေါဟာရသုံးလုံးအား ဖယ်ရှားရန်မှာ "အတ္တစိတ်" ဖြစ်သည်။**

လူ့အဖော်များများတွင် "အတ္တစိတ်" ရှိတတ်ကြပါသည်။ တစ်ကိုယ်ကောင်းဆန်သော စိတ်ဟု ဆိုရပါမည်။ မိမိကိုယ်ကျိုးအတွက်ကို ရှေ့တန်းတင်ထားကြခြင်း ဖြစ်သည်။ ဤစိတ်သည် လူတို့တွင် အဆိပ်အပြင်းဆုံး မြွေဆိပ်ထက်ပိုဆိုးပါသည်။ ဤစိတ်ကို ဖယ်ရှားနိုင်လျှင် မြင့်မြတ်သော နိဗ္ဗာန်ကို အထောက်အကူပြုနိုင်ပါသည်။ သို့မဟုတ်ပါက အပါယ်လေးပါး တံခါးပေါက်သို့ ခြေလှမ်းနေပါသည်။ အတ္တစိတ်အစား "ပရဟိတစိတ်"ကို ထားနိုင်လျှင် အကောင်းဆုံးဖြစ်သည်။ မထားနိုင်ကြသေးလျှင်လည်း တတ်နိုင်သမျှ တပိုင်တနိုင် ထားသင့်ပါသည်။ "အတ္တစိတ်"များသောလူများအတွက် နေထိုင်စရာမှာ မိမိအား လူရှောင်သောကြောင့် နေစရာနေရာ ကျဉ်းမြောင်းလာတတ်ပါသည်။ မည်သူတစ်ဦးတစ်ယောက်ကမှ ပေါင်းသင်းဆက်ဆံမှု မပြုချင်ကြပါ။ နောက်ဆုံး တစ်ဦးတည်း၊ တစ်အိမ်တည်း အထီးကျန်ဆန်တတ်ပါသည်။ မြွေကိုက်ခံရသော လူနာအား ချက်ချင်းဆေးရုံဆေးခန်း မပို့လျှင် အသက်ဆုံးရှုံးရသကဲ့သို့ "အတ္တစိတ်"ပြင်းထန်သော လူတစ်ယောက်သည် လူမှုရေး၊ ပေါင်းသင်းဆက်ဆံရေး၊ စီးပွားရေး ဘာသာရေးများပါ ထိခိုက်လာတတ်ပါသည်။ ဤအဆိပ်အပြင်းဆုံး "အတ္တစိတ်"အား ဖယ်ရှားနိုင်မှသာ လူ့ဘဝတွင် ပျော်ရွှင်မှု၊ စိတ်ချမ်းသာမှုများ ရရှိပြီး ဘာသာရေး၊ သာသနာရေးကို စိတ်အေးချမ်းသာစွာဖြင့် ပြုလုပ်နိုင်၍ နောင်သံသရာအတွက် ကောင်းပါမည်။ နိဗ္ဗာန်တံခါးပွင့်ပြီး အပါယ်တံခါးပိတ်ပါမည်။

××× ×××

**လေး ။ အများအသုံးအများဆုံး ဝေါဟာရလေးလုံးအား တန်ဖိုးထားရန်မှာ "ချစ်ခြင်းမေတ္တာ" ဖြစ်သည်။**

"ချစ်ခြင်းမေတ္တာ"တွင် ငါးရာနှစ်ဆယ့်ရှစ် ဟူသော ရိုးသားသည့် မောင်ချစ်၊ နှမချစ်၊ မိသားစုချစ်သော မေတ္တာနှင့် တဏှာရာဂပါသော တစ်ထောင့်ငါးရာ ကိလေသာ အချစ်ဖြင့်ချစ်သော မေတ္တာဟူ၍ နှစ်မျိုးရှိပါသည်။ မိမိမျက်စိအောက်တွင် ဒုက္ခရောက်နေသော လူတစ်ဦးတစ်ယောက်အား သနားစင်သောစိတ်ဖြင့် ကူညီရိုင်းပင်းသည့်စိတ်သည် "ချစ်ခြင်းမေတ္တာ"



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် ဖြစ်သည်။ ဖြူစင်သည်။ မိမိအား မချစ်မနှစ်သက်မှန်းသိလျက်နှင့် နည်းအမျိုးမျိုးဖြင့် မိန်းကလေးတစ်ယောက်အား ရအောင်ယူခြင်းသည် "ချစ်ခြင်းမေတ္တာ" ဖြူစင်စွာဖြင့် ကူညီခြင်းမဟုတ်ဘဲ ကိလေသာတဏှာရာဂစိတ်ဖြစ်သောကြောင့် တန်ဖိုးထားရန် မဟုတ်ပါ။

မြတ်ဗုဒ္ဓ ဟောတော်မူသော ဗြဟ္မစိုရ်တရားလေးပါးတွင် ချစ်ခြင်းမေတ္တာအနွယ်ဝင်ဖြစ်သော (မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ)တရားများထားရှိရန် အောက်ပါအတိုင်း လင်္ကာများစပ်ဆိုထားပါသည်။

- တန်းတူတွေ့လျှင် မေတ္တာဝင်၊ မဝင်နိုင်က ပြိုင်တတ်တယ်။ ပြိုင်မယ့်အစား မေတ္တာပွား၊ စိတ်ထားပြုပြင်ပြောင်းရမယ်။
- ကိုယ့်အောက်နိမ့်လျှင် ကရုဏာဝင်၊ မဝင်နိုင်က နှိပ်တတ်တယ်။ နှိပ်မယ့်အစား ကရုဏာထား၊ စိတ်ထားပြုပြင်ပြောင်းရမယ်။
- ကိုယ့်ထက်သာလျှင် မုဒိတာဝင်၊ မဝင်နိုင်က ယှဉ်တတ်တယ်။ ယှဉ်မယ့်အစား မုဒိတာထား၊ စိတ်ထားပြုပြင်ပြောင်းရမယ်။
- သဗ္ဗေသတ္တာ သတ္တဝါ၊ ကံသာမူလပိုင်ကြတယ်။ ဥပေက္ခာတရား လက်ကိုင်ထား၊ အများမေတ္တာထားရမယ်။

××× ×××

**ငါး ။ စိတ်ရွှင်ပြုံးဖွယ် အကောင်းဆုံး ဝေါဟာရ ငါးလုံးမှာ "ပြုံးပန်းဝေဝေဆာဆာ" ဖြစ်သည်။**

လူတစ်ဦးနှင့်တစ်ဦး တွေ့ကြသောအခါ ပြုံးရွှင်စွာနှုတ်ဆက်ကြလျှင် စိတ်ကြည်နူးဖွယ်ကောင်းပါသည်။ "ပြုံးပန်းဝေဝေဆာ"လျှင် မကောင်းပါလား။ သို့သော် တစ်ဦးနှင့်တစ်ဦး မတည့်ကြသော လူနှစ်ဦးတွေ့ကြလျှင် စိတ်မကြည်နူးနိုင်၊ မရွှင်ပြုံးနိုင်၍ မဲ့ကြမှာဖြစ်သည်။ ဤကဲ့သို့ မဲ့ကြခြင်းသည် ရန်လိုကြ၍ ဖြစ်သည်။ ရန်လိုကြခြင်းသည် မကောင်းပါ။ ရန်မလိုမှ ရန်ငြိမ်းပါမည်။ မာန်ရှိလျှင် ရန်ရှိစမြဲဖြစ်သည်။ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော တရားတော်များထဲမှ "ပြုံးချိန်ရောက်မှ ပြုံးကြပါ"ဟူသော တရားတော်တွင် သားသမီး၊ ပစ္စည်းဥစ္စာ၊ စည်းစိမ်ပြည့်စုံနေသောအချိန်တွင် ပြုံးပျော်မနေကြဘဲ ကုသိုလ်ကောင်းမှုများကို ပြုလုပ်ကြရန်၊ တရားအားထုတ်ကြရန် ဟောကြားပြီး၊ ဤကဲ့သို့ တရားဓမ္မများကို သိရှိမှတ်သားလိုက်နာနိုင်သော အချိန်ရောက်မှ ပြုံးနိုင်ပါသည်။ ထို့ကြောင့် လောကီစည်းစိမ်ချမ်းသာထဲတွင် မနစ်မြုပ်နေကြဘဲ လောကုတ္တရာအပြုံးပန်းများ ပန်ဆင်နိုင်ကြရန် ကြိုးစားရပါမည်။ မရှိဆင်းရဲသားများမှာလည်း မရှိသည့်ကြားမှ ကြံဖန်၍ ကုသိုလ်ယူကာ ကျေနပ်ဖွယ်၊ စိတ်ကြည်နူးဖွယ် ကုသိုလ်တရားများ ပွားများ၍ "ပြုံးပန်းဝေဝေဆာ"နိုင်ကြပါစေဟု ဆုတောင်းလိုက်ပါသည်။

××× ×××

**ခြောက် ။ ပြန့်နှံ့မှုအမြန်ဆုံး ဝေါဟာရခြောက်လုံးအား အလေးမထားရန်မှာ "ကောလာဟလစကား"များ ဖြစ်သည်။**

"ကောလာဟလစကား"ဆိုသည်မှာ အခြေအမြစ်မရှိဘဲ မိမိကိုယ်တိုင်လည်း မသိ၊ မမြင်၊ သူတစ်ပါးပြောစကားများအရ တစ်ဆင့်ပြန်လည်ပြောကြားသော မဟုတ်မမှန်သည့်စကားများကို ခေါ်ပါသည်။ ဤစကားများမှာ တစ်ဦးမှတစ်ဦးသို့ အရောက်မြန်သော စကားများဖြစ်သည်။ မိမိကိုယ်တိုင်မသိပါဘဲ သိသယောင်ဖြင့် ပြောကြားသောကြောင့် မိမိအတွက်လည်း အကျိုးမရှိ၊ သူတစ်ပါးအတွက်လည်း အကျိုးမရှိသော စကားများဖြစ်သည်။ အခြားတစ်မြို့တစ်ရွာ၊ နေရာတစ်နေရာတွင် ဖြစ်ပျက်နေသော သတင်းအမှန်အစား၊ မမှန်သော သတင်းကို ကောလာဟလမှ ရရှိခဲ့လျှင် ထိုသတင်းအမှားသည် ပြန့်နှံ့သွားပြီး အမှန်သဖွယ်ဖြစ်သွားတတ်သောကြောင့် ပြန့်နှံ့မှုအမြန်ဆုံး "ကောလာဟလစကား"များကို အလေးမထားမိကြရန် အရေးကြီးပါသည်။

××× ×××

**ခုနစ် ။ အားကျစရာအကောင်းဆုံး စကားခုနစ်လုံး ရအောင်ယူရန်မှာ "အောင်မြင်ခြင်းဘဝပန်းတိုင်" ဖြစ်သည်။**

ဤစကားခုနစ်လုံး၏ အဓိပ္ပာယ်ကိုမူ အထူးရှင်းလင်းရန်မလိုပါ။ လူတိုင်းတွင် ဘဝပန်းတိုင်ရှိကြပြီး၊ အောင်မြင်



www.burmeseclassic.com

www.burmeseclassic.com

ခြင်းသို့ရောက်အောင် ကြိုးစားတတ်ကြပါသည်။ ဤကဲ့သို့ ကြိုးစားကြခြင်းသည် အားကျစရာကောင်း၍ အောင်မြင်သော သူများအတွက် ဝမ်းမြောက်ကြရမှာဖြစ်သည်။ လောကုတ္တရာ အနေဖြင့် ပြောရလျှင် ဥပမာ - ဆရာလေး၏ "အောင်မြင်ခြင်း ဘဝပန်းတိုင်"သည် လူ့လောကီစည်းစိမ်ဥစ္စာများကို စွန့်၍ လောကုတ္တရာပန်းတိုင်ဖြစ်သော သာသနာပြုရန် ရည်မှန်းချက် အတိုင်း သီလရှင်ဝတ်နိုင်ခြင်းသည် "အောင်မြင်ခြင်း ဘဝ ပန်းတိုင်" ဖြစ်သည်။ ဆရာလေးကဲ့သို့ မိမိဆန္ဒရှိလျှင် လောကီ ကိစ္စများကို စွန့်၍ လောကုတ္တရာအကျိုးတရား အားထုတ် ကြပါ၊ သာသနာပြုနိုင်ကြရန် ကြိုးစားကြပါဟု တိုက်တွန်း လိုက်ပါသည်။

××× ×××

**ရှစ် ■ အယုတ်ညံ့ဆုံး ရှောင်ရန် စကားလုံးရှစ်လုံးမှာ "မနာလိုဝန်တိုမစ္ဆရိယ" ဖြစ်သည်။**

သူတစ်ပါးအား မနာလိုခြင်း၊ ဝန်တိုခြင်း၊ မစ္ဆရိယစိတ် ထားခြင်းများသည် အဓိပ္ပာယ်အတူတူဖြစ်သည်။ အနည်းငယ် စီသာ ကွာသွားပါသည်။ သူတစ်ပါး စားရ၊ ဝတ်ရပြီး ကြီးပွား ချမ်းသာခြင်းကို မမြင်လို၊ မကြားလိုခြင်းသည် မနာလိုခြင်း ဖြစ်သည်။ မိမိအားမပေး၊ မကျွေးဘဲ အခြားသူများအား ပေးကမ်းကျွေးမွေးသည်ကို မြင်၍ မကျေမနပ်ဖြစ်ခြင်းသည် ဝန်တိုခြင်းဖြစ်သည်။ မိမိ၏ပြည့်စုံမှုမျိုး၊ ကြီးပွားတိုးတက်မှုမျိုး ကို သူတစ်ပါးရသွားမှာ စိုးရိမ်ခြင်းသည် ဣဿာမစ္ဆရိယ ဖြစ်သည်။ ဝန်တိုခြင်း၊ မနာလိုခြင်းဖြစ်၍ မစ္ဆရိယစိတ် ပေါ် လာသည်။ ဤတရားများသည် လောကီအကျိုးအတွက် ကိလေသာတရားများဖြစ်၍ ပူလောင်စေပါသည်။ ဤကဲ့သို့ မကောင်းသောစိတ်များ မွေးနေခြင်းသည် သေခြင်းတရားကို မေ့လျော့နေသူများ ဖြစ်ပါသည်။ မိမိသည် ဘယ်နေ့ ဘယ် အချိန်တွင် သေမည်မသိ။ အချိန်မရွေးသေနိုင်သောကြောင့် စိတ်ပုပ်စိတ်ယုတ်များ မွေးနေမည့်အစား တရားသဘောကို ဆင်ခြင်၍ သတ္တဝါများ ကျန်းမာချမ်းသာပါစေဟု ဆုတောင်း မေတ္တာပို့သရမှာ ဖြစ်သည်။ ထို့ကြောင့် အယုတ်ညံ့ဆုံး ရှောင်ရန်စကားလုံး ရှစ်လုံးမှာ "မနာလို၊ ဝန်တို၊ မစ္ဆရိယ" တရားများ ဖြစ်ပါသည်။

××× ×××

**ကိုး ■ စွမ်းအားအဆင့်အမြင့်ဆုံး ဆည်းပူးရန် စကားကိုး လုံးမှာ "အသိ၊ အလိမ္မာ၊ သုတပညာ" ဖြစ်သည်။**

လောကတွင် အသိတရားသည် အရေးကြီးပါသည်။ "မရှိတာထက် မသိတာခက်"ဟူသော စကားအတိုင်း မရှိ နွမ်းပါးသည်ထက် ချမ်းသာပြီး အသိဉာဏ်မရှိသောလူများ သည် ဆင်းရဲသူများထက် ပို၍ ပြောရခက်ပါသည်။ ၎င်းတို့ သည် ရှိလျက်သားနှင့် လောကီ၊ လောကုတ္တရာအကျိုးများ ကို မဆောင်ရွက်ကြပါ။ လိမ္မာခြင်း၊ မိုက်မဲခြင်းသည် မိမိကိုယ် ကိုမိမိ ပြုလုပ်နေကြခြင်း ဖြစ်သည်။ စာမဖတ်သောသူများ သည် မိုက်မဲတတ်ပါသည်။ "အလိမ္မာ စာမှာရှိ"ဆိုသော စကား အတိုင်း စာမဖတ်လျှင် မလိမ္မာပါ။ အကြားအမြင် ဗဟုသုတ မရှိတတ်ပါ။ တရားဓမ္မစာပေများမှာ လိမ္မာရေးခြားရှိရန် ဆုံးမ တတ်ပါသည်။ ဘုရားဟောဒေသနာများ၊ နိပါတ်တော်များကို ဖတ်ရှုရသောသူများသည် ငရဲအကြောင်းကို သိရ၍ မမိုက်မဲ ကြပါ။ လိမ္မာကြပါသည်။ ဗုဒ္ဓစာပေ၏ အဆီအနှစ်ကို သိရှိ ကြပါသည်။ ဤကား သုတပညာရရှိကြ၍ ဖြစ်သည်။ ထို့ ကြောင့် စွမ်းအားများအနက် စွမ်းအားအမြင့်ဆုံး ဆည်းပူးရန် စကားလုံးကိုးလုံးမှာ "အသိ၊ အလိမ္မာ၊ သုတပညာ"ဖြစ်သည်။

××× ×××

**တစ်ဆယ် ■ မရှိမဖြစ် သိမ်းဆည်းထားရန် စကားတစ် ဆယ်လုံးမှာ "စိတ်ချယုံကြည်မှု၊ ပိုင်နိုင်ယုံစားမှု" ဖြစ် သည်။**

နောက်ဆုံးအချုပ်အနေအားဖြင့် မရှိမဖြစ်သော စကား တစ်ဆယ်လုံးမှာ မိမိအား စိတ်ချခံရရန်၊ ယုံကြည်ခံရရန်၊ ပိုင်နိုင်ယုံစားမှုရှိခြင်းခံရရန် အရေးကြီးပါသည်။ မိမိဘဝတွင် မိမိအား စိတ်မချ၊ မယုံကြည်ဆိုလျှင် မိမိပြောသမျှ၊ လုပ်သမျှ အားလုံး အကျိုးမရှိတော့ပါ။ မိမိမှာ တစ်ကြိမ်တစ်ခါ လိမ် လည်ပြောဆိုခဲ့ဖူးလျှင် နောက်နောင် မည်သည့်အခါမှ မယုံ ကြည်တော့ပါ။ ပိုင်နိုင်ယုံစားမှုမရှိကြတော့ပါ။ ထို့ကြောင့် မဖြစ် မနေကြိုးစားနေထိုင်ရန်မှာ စိတ်ချ၊ ယုံကြည်မှု၊ ပိုင်နိုင်ယုံစား မှုရရှိရန် ဖြစ်သည်။

ဤကား အမှတ်ရစရာ ဒေါဟာရစကားလုံး တစ်ဆယ် လုံးဖြစ်ပါသည်။

**■ သမီးဇဂျီအောင်စိုး(ဒေါ်ဓမ္မစာရီ)**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# တာယောကြီး
# မဟာရာစံအိမ်

(၁)

သည်မြို့လေးသို့ ကျွန်တော် တစ်ကြိမ်တစ်ခါမှ မရောက်ရှိခဲ့ဖူးပါ။ ယခုတော့ သူငယ်ချင်းတင်ထွေးနှင့် ပတ်သက်ပြီး ရောက်ဖြစ်ခဲ့သည်။ ကားပေါ်မှဆင်းသည်နှင့် ဆိုက်ကားတစ်စီးက ကပ်လာသည်။

"ဘယ်ကိုပို့ပေးရမလဲ ဆရာ"

"မြို့သစ်ဘုရားကုန်းကို ပို့ပေးပါ"

"ဟုတ်ကဲ့တက်ပါ ဆရာ"

ကျွန်တော်လည်း လက်ဆွဲအိတ်ကို နောက်ဖက်တွင်တင်ပြီး ရှေ့တွင် တက်ထိုင်လိုက်ပါသည်။ ကျွန်တော် ဆိုက်ကားပေါ် ရောက်သည်နှင့် ဆိုက်ကားဘီးက လိမ့်သည်။

"ဘုရားကုန်းက ဘယ်သူ့အိမ် ပို့ရမလဲ ဆရာ ဘယ်နားလဲ"

"ကျွန်တော်လည်း အခုမှ ရောက်ဖူးတာဗျ၊ ကျွန်တော့်သူငယ်ချင်းက ဘုရားကုန်း စေတီပျက်ကြီးနားမှာ နေတယ်လေ၊ ရေနံသုတ်ထားတဲ့ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးလို့ ပြောတယ်၊ အဲသူတို့ပြောင်းလာတာ မကြာသေးဘူးဗျ"

ကျွန်တော့်စကားကို နားထောင်ရင်း ဆိုက်ကားဆရာ၏ မျက်နှာမှာ ပျက်သထက် ပျက်လာပါသည်။

"ဟော့လူ အဲဒီနေရာ သိရဲ့လား၊ ခင်ဗျားမျက်နှာ ဘာလို့ပျက်နေတာလဲ"

"အဲဒီအိမ် မသိဘဲနေပါ့မလား ဆရာ၊ ဒီမြို့လေးတစ်မြို့လုံးက မဟာရာစံအိမ်လို့ နာမည်ပေးထားတဲ့အိမ်ပဲ၊ ဆရာ အဲဒီမှာ တည်းလို့ဖြစ်ပါ့မလား၊ သရဲ သိပ်ခြောက်တာ ဆရာရဲ့"

"ဟာဗျာ မဖြစ်နိုင်တာတွေ"

"ဖြစ်နိုင်လို့ တစ်မြို့လုံးက သိပ်ကြောက်ကြတာပေါ့ ဆရာ၊ တစ်ခါက ဆိုက်ကားဆရာတစ်ယောက် အဲဒီရှေ့ကဖြတ်သွားမိတယ်။ သူ့လက်ထဲပါတဲ့ အသားထုပ်ကို အတင်းလိုက်လုပြီး ဆိုက်ကားပေါ်က တွန်းချတယ်တဲ့၊ အဲဒီအိမ်မှာနေမိတဲ့ သံချောင်းဆိုတဲ့ အရက်သမားမိသားစုကို ညညဆို ခြေထောက်လာဆွဲ၊ လက်နဲ့ လာပုတ်တဲ့ အခါပုတ်၊ ခြင်ထောင်ကြိုးကို ဖြတ်လိုဖြတ်နဲ့ ဒုက္ခပေးတာ ချက်ချင်းပြောင်း



www.burmeseclassic.com

www.burmeseclassic.com

ပြေးရတယ်။ တစ်ခါက မြို့ထဲက ချာတိတ်နှစ်ယောက် အဲဒီခြံကြီးနားကို ညဘက် အလောင်းအစားလုပ်ပြီး သွားကြည့်တာ သန်းခေါင်ကျော်အချိန် လည်းရောက်ရော ခေါင်းပြတ်ကြီးနဲ့ တွေ့တာတဲ့၊ ဘေးမှာက ခေါင်းမပါဘဲ သွားနေတဲ့ ခန္ဓာကိုယ်ကြီးတဲ့၊ ငါ့ခေါင်း ပြန်တပ်ပေးတဲ့၊ ငါ့ခေါင်းပြန်တပ်ပေးလို့ လှမ်းအော်လိုက်ရော သူတို့နှစ်ယောက် ကြောက်လန့်တကြားပြေးတာ အိမ်မှာ ဆေးကုယူရတဲ့ထိပဲ"

"စိတ်ထဲ ထင်ရာမြင်ရာတွေ ပြောတာ ဖြစ်မှာပါဗျာ၊ တချို့ကျတော့လည်း တိုက်ဆိုင်မှုက မတော်တဆ ဖြစ်တတ်တယ်။ ကဲ ခင်ဗျားကို ကျွန်တော် မေးမယ် ခင်ဗျားကိုယ်တိုင် မြင်ခဲ့ဖူးလား"

"ဟင့်အင်း မမြင်ဖူးဘူးဆရာ၊ ဒါပေမဲ့ ကြောက်တယ်၊ ဆရာ့ကို လိုက်ပို့တာတောင်မှ နေဝင်ချိန် မဟုတ်လို့ လိုက်ပို့ရဲတာ၊ ဆရာ့သူငယ်ချင်း အဲဒီအိမ်မှာ ရှိကော ရှိပါတော့မလား ခုလောက်ဆို ပြောင်းပြေးရောပေါ့"

သည်လိုနှင့်ပင် ဆိုက်ကားက လိုရာခရီးသို့ ရောက်သည်။

"ဟိုရှေ့ကအိမ်ကြီးပဲ ဆရာ"

ကျွန်တော် ခေါင်းညိတ်ကာ ဆိုက်ကားပေါ်မှ ဆင်းလိုက်သည်။

◆

(၂)

"မင်း ကြားခဲ့တဲ့သတင်းက မှန်နိုင်တာပေါ့ သူငယ်ချင်း၊ မဟူရာစံအိမ်ဆိုတာ ဒီမြို့လေးမှာတော့ နာမည်ကြီးပဲ"

"ဒါဆို မင်း ဘယ်လိုလုပ်နေလဲ၊ မင်းမိန်းမ မအေးကရော နေရဲလား"

"ဆန္ဒမစောနဲ့လေ၊ ပြောပြမှာပေါ့ မင်းကြားတဲ့သတင်းတွေက မှန်နိုင်တယ်ဆိုတာ ငါတို့ကိုယ်တိုင် မယုံခဲ့တာတွေ ယုံရမလို ကြုံခဲ့တဲ့အတွက်ပဲ"

"ဒါဆိုရင်တော့ မင်း ငါ့ကို ပြောပြစေချင်တယ်ကွာ၊ ငါက ဂမ္ဘီရဝတ္ထုတွေ ရေးနေတာဆိုတော့ စိတ်ဝင်စားတယ်"

"ပြောမယ်၊ ငါ တာဝန်နဲ့ ဒီမြို့လေးက(---)ရုံးကို ပြောင်းရတော့ ဈေးသက်သက်သာသာနဲ့ ငှားလို့ရမယ့် အိမ်ကိုရှာတာမှာ ဒီအိမ်ကို တွေ့တယ် သူငယ်ချင်း၊ ဘေးက မြို့ခံတွေကတော့ တားတယ်။ မနေစေချင်ကြဘူး ငါတို့လင်မယားနှစ်ယောက်လုံးက မကြောက်တတ်ကြတော့ ငှားဖြစ်သွားတယ် ဆိုပါတော့ကွာ"

မအေးက ကော်ဖီနှစ်ခွက်ကိုဖျော်ပြီး ကျွန်တော်တို့နှစ်ယောက် ထိုင်နေရာသို့ လာချသည်။ ကျွန်တော့်ကို တွေ့တွေ့ချင်း ဝမ်းသာသွားသည့် တင်ထွေးသည် ညစာ ထမင်းကျွေးပြီးနောက် စကားဝိုင်းဖွဲ့ပြောနေခြင်း ဖြစ်သည်။

"ကိုတင်ထွေး ရှင်က သိပ်မပြောနဲ့ ရှင့်သူငယ်ချင်း တော်ကြာညမအိပ်ရဲဘဲ ဖြစ်နေဦးမယ်"

"မကြောက်တတ်ပါဘူးဗျာ၊ ကျွန်တော်က ဒီအကြောင်းတွေ သိချင်လို့ မေးနေတာပါ"

"ငါတို့လင်မယား ဒီအိမ်ကိုပြောင်းလာတဲ့ ပထမရက်ပိုင်းတွေမှာတော့ အေးအေးဆေးဆေးပဲ ဘာမှမထူးခြားဘူး၊ ခုနစ်ရက်မြောက်တဲ့နေ့ညမှာတော့. ."

◆

(၃)

လမိုက်ညမို့ လကမသာ။

လွယ်အိတ်တစ်လုံး လွယ်ထားသည့် တောင်ဝှေးကြီးနှင့် အဘိုးအိုသည် သူတို့အိမ်ရှေ့သို့ ရောက်လာသည်။

"ဘာကိစ္စရှိလို့လဲ အဘ"

"မင်းတို့လင်မယားနဲ့ တွေ့ချင်လို့ပဲကွ၊ မင်းတို့လင်မယားက ရတနာသုံးပါးကို မမေ့တတ်ဘူး၊ ပြီးတော့ ခင်ပွန်းကြီးဆယ်ပါးကိုလည်း ညစဉ်ရက်ဆက် တောင်းပန်ကန်တော့တာ တွေ့ရတယ်၊ ပြီးတော့ အမဲသားလည်း မစားဘူး ဒါကြောင့် မင်းတို့ ဒီနေရာမှာ အေးအေးဆေးဆေးနေလို့ရတာ"

"ဗျာ ဟို အဘက ကျွန်တော်တို့ အကြောင်း ဘယ်လိုလုပ်သိတာလဲ"

"ကြည့်လို့မြင် မြင်လို့သိတယ်လို့ပဲ မှတ်ကွာ၊ အရေးကြီးတာ မှာချင်တယ်၊ အဲဒါ ဘာလဲဆိုတော့ မင်းတို့ပြုသမျှ ကုသိုလ်တွေကို ဒီခြံထဲမှာရှိတဲ့ ပုဂ္ဂိုလ် သတ္တဝါအားလုံးကို အမျှဝေပေးကွာ၊ ပြီးတော့ ဟိုနားကစေတီပျက်မှာ ဖယောင်းတိုင်၊ အမွှေးတိုင်လည်း နေ့စဉ် ရက်ဆက် ပူဇော်ပေးပါ။ ခြံနွယ်ပိတ်ပေါင်းတွေလည်း ရှင်းပေး။ မင်းတို့ လင်မယား ဒီခြံကြီးမှာ စီးပွားဖြစ်လိမ့်မယ်၊ ကဲ ငါ ပြောချင်တာတော့ ဒါပဲ၊ သွားမယ်ဟေ့"

"ဟုတ်ကဲ့ ကျေးဇူးပါပဲ အဘ၊ အဘ မထိုင်တော့ဘူးလား"

အဘိုးအိုသည် ခေါင်းကိုယမ်းပြီး ကျောခိုင်းထွက်သွားရာ ခြံပေါက်ဝသို့ မရောက်မီမှာပင် ပျောက်ကွယ်သွားသည်။

"ကိုတင်ထွေး အဲဒီအဘက ဒီအကြောင်းတွေသိပြီး ပြောသွားတာ



www.burmeseclassic.com

www.burmeseclassic.com

အံ့စရာပဲနော်၊ ရှင် အဲဒီအဘကို ဘယ်လို ထင်လဲ"

"ထူးခြားဆန်းကြယ်တဲ့ အဖြစ်ဆို တာကလွဲလို့ ငါလည်း ဘယ်ပြောတတ်မလဲ"

ထိုညက အိပ်မက်တစ်ခု မက်သည်။ အိပ်မက်ထဲတွင် တစ်ကိုယ်လုံး အမွေးအမျှင်နဲ့ လူကြီးတစ်ယောက်က လာတွေ့သည်။

"ငါတို့မှာ စားစရာမရှိဘူး သားစိမ်း ငါးစိမ်း ဝယ်ကျွေးပါကွာ မင်းတို့ကို ငါတို့ မနှောင့်ယှက်ဘူး"

တိုက်တိုက်ဆိုင်ဆိုင်ပင် မအေးလည်း ထိုအိပ်မက်ကို မက်သည်။ သို့နှင့် နောက်နေ့တွင် ဈေးထဲမှ သားစိမ်းငါးစိမ်းများ ဝယ်လာပြီး ခြံပြင်တွင် သင့်သည့်နေရာ၌ ပုံကျွေးရာ မည်သည့် အရပ်ကမှန်း မသိသည့် ခွေးနက်ကြီး နှစ်ကောင် လာရောက်စားသောက်သွားသည်။

◆

## (၄)

ပြီးခဲ့သည့် လဆန်းရက်တွင် ထီတစ်သောင်းဆုပေါက်ကြောင်း၊ ခြံထဲတွင် မြက်ရှင်းရာ ရွှေဘယက်တစ်ကုံးကို တွေ့ခဲ့ကြောင်း သူတို့ ပြောစကားအရ သိရသည်။ ကျွန်တော်လည်း သူငယ်ချင်း တင်ထွေးနေသည့် မဟူရာစံအိမ်ကို စိတ်ဝင်စားနေမိ၏။

ညဘက် လကသာနေသည်။ စေတီပျက်နားသို့ ကျွန်တော် အညောင်းပြေ လမ်းလျှောက်သွားကာ ဘုရားမီးပူဇော်ပြီး ထိုင်ကန်တော့နေမိသည်။ ထိုစဉ် လွန်စွာမွှေးကြိုင်သော ရနံ့ကို ရရှိသဖြင့် ပတ်ဝန်းကျင်ကို ကြည့်လိုက်ရာ ကျွန်တော်နှင့် မနီးမဝေးတွင် နန်းဝတ်နန်းစားနှင့် လွန်စွာလှပသော အမျိုးသမီးတစ်ဦး ဘုရားကန်တော့နေသည်ကို တွေ့ရ၏။

သူမသည် ဘုရားကန်တော့အပြီး ကျွန်တော့်ကို တွေ့သွားရာ. . .

"ဩော် မောင်ကြီးက ဘုရားလာဖူးတာလား"

"ဟုတ်ပါတယ်၊ ကျွန်တော်က ရန်ကုန်ကပါ၊ ကျွန်တော့်နာမည်က ဇော်ထက်တဲ့"

"ဩော် ဟုတ်ပြီ၊ ဦးရီးတော်က ပြောတယ်၊ မဟူရာစံအိမ်မှာ ဧည့်သည်တစ်ယောက် ရောက်နေတယ်တဲ့"

"ဗျာ ဒီကနှမရဲ့ ဦးရီးတော်က သိနေတယ်"

"ဟုတ်တယ်၊ မဟူရာစံအိမ်မြေနဲ့ ဒီစေတီပျက်နဲ့က ဆက်စပ်တယ်။ သာမန်လူတွေ မတွေ့နိုင်တဲ့ ဥမင်လိုဏ်ဂူတွေ အဆက်အစပ်ရှိတယ်ရှင့်"

"နှမလေးနာမည် သိခွင့်ရမလား"

"မြနန်းသိင်္ဂီတဲ့ ကိုဇော်ထက်"

မြနန်းသိင်္ဂီနှင့် ကျွန်တော် တစ်ဦးနှင့်တစ်ဦး ငေးစိုက်ကြည့်ဖြစ်သည်။ ထိုစဉ် ဆံပင်သျှောင်ထုံးနှင့် အဘိုးအိုတစ်ဦး စေတီ၏ တစ်ဖက်မှ ပေါ်လာသည်။

"သမီးတော်က ဧည့်သည်မောင်ရင်လေးနဲ့ စကားပြောနေတာကိုး"

"ဟုတ်တယ် ဘဘ၊ ဒီအစ်ကိုက ရန်ကုန်က ကိုဇော်ထက်တဲ့"

"ဩော် မောင်ရင်လေးကြည့်ရတာ စာပေအနုပညာသမားနဲ့ တူတယ်၊ လောလောဆယ် ကြုံတွေ့ကြားသိရတဲ့ အဖြစ်တွေကို စာရေးဖို့ ကြံနေတယ်မို့လား၊ ရေးဖြစ်အောင်သာရေး မဟူရာစံအိမ်လို့ ဝတ္ထုနာမည်ကို တပ်လိုက်၊ တစ်ပုဒ်တည်းနဲ့ အောင်မြင်သွားလိမ့်မယ်၊ ကဲ သမီးတော် ပြန်ကြရအောင်"

"ဟုတ်ကဲ့ ဘဘ၊ ဒီက အစ်ကိုတော် နှမလေးကို ပြန်ခွင့်ပြုပါ"

"ကောင်းပါပြီ မြနန်းသိင်္ဂီ"

မြနန်းသိင်္ဂီသည် ကျွန်တော့်အား သံယောဇဉ်ရှိစွာကြည့်ရင်း အဘိုးအိုနှင့်အတူ စေတီတစ်ဖက်သို့ ထွက်ခွာသွားသည်။ ထိုစဉ်အခိုက် မြနန်းသိင်္ဂီ ပဝါလေးသည် လေတွင် လွင့်ပျံ့ကာ ကျွန်တော့်ကိုယ်ပေါ် ရောက်လာသည်။

ထိုအခိုက်မှာပင် ကျွန်တော် အိပ်မက်မှ လန့်နိုးသည်။ ကျွန်တော် ထူးခြားဆန်းကြယ်စွာ အိပ်မက်မက်နေသည်ကို သတိပြုလိုက်မိသည်။ သို့သော် ကျွန်တော့်လက်ထဲတွင် ပဝါတစ်ထည် ရှိနေသည်ကို တွေ့ရရာ ကျွန်တော့် မျက်လုံးများ ဝိုင်းစက်သွားလေ၏။

ကျွန်တော် အိပ်မက်မက်သည်လား၊ သို့တည်းမဟုတ် အမှန်တကယ် ကြုံတွေ့ခဲ့သည်လား ဝေခွဲရ ခက်သွားသည်။ ထိုအကြောင်းကို မနက်မိုးလင်းမှ တင်ထွေးကို ပြောရပေဦးမည်။

ဘာပဲဖြစ်ဖြစ် 'မဟူရာစံအိမ်' ဝတ္ထုကိုတော့ ကျွန်တော် ရေးဖြစ်အောင် ရေးရပေဦးတော့မည်။

---

**တာတေကြီး**



www.burmeseclassic.com

www.burmeseclassic.com

# သက်သတ်လွတ်စားခြင်းဖြင့် ကမ္ဘာကြီးကို ကယ်တင်ပါ

■ ဇလေးသုစံ

### သက်သတ်လွတ်

သက်သတ်လွတ်စားသုံးမှုသည် ယခုအခါတွင် လူမျိုးမရွေး ဘာသာမရွေးတို့၌ အတော်တွင်ကျယ်၍ နေခဲ့ပေပြီ။ ယခင်အချိန်များကတော့ သက်သတ်လွတ်စားပါသည်ဟု မပြောမဖြစ်သည့် အခြေအနေမျိုးနှင့် ကြုံ၍ ပြောလိုက်ရသည်နှင့် အပြစ်တင်ချင်သော၊ လှောင်ပြောင်ချင်သော၊ အံ့သြထူးဆန်းသော၊ ဖြစ်မှဖြစ်ရလေ လူဖြစ်ရှုံးလိုက်တာဟု အဓိပ္ပာယ်ရပါသော မျက်ဝန်းများဖြင့်သာ ရင်ဆိုင်ခဲ့ရလေစမြဲ။

အစိတ္တာန်ဖြင့် စားသည်ပဲဖြစ်စေ၊ ကျန်းမာရေးအသိဖြင့် စားသည်ပဲဆိုဆို၊ သက်သတ်လွတ်စားသုံးသည့်လူတွေများလာကြောင်းကိုတော့ ငြင်းဆို၍ မရနိုင်။ စူပါမားကက်ကြီးတွေ၊ စတိုးဆိုင်ကြီးတွေမှာ သက်သတ်လွတ်အစားအစာများဆိုပြီး သီးသန့် တခမ်းတနားကြီးကို ရောင်းချနေခဲ့ကြရပြီ။

### မီဒီယာများတစ်ဆင့်

ပြည်တွင်းပြည်ပ မဂ္ဂဇင်းများ၊ ဂျာနယ်များနှင့် အသံလွှင့်အစီအစဉ်များစသဖြင့် မီဒီယာများမှတစ်ဆင့် နှလုံး၊ သွေးတိုးနှင့် လေဖြတ်ရောဂါတို့ကို ကြိုတင်ကာကွယ်ရန်အတွက် အဆီကိုလျှော့စားရန်၊ အသားထက် အသီးအနှံအရွက်တို့ကို ပိုမိုစားသုံးရန်နှင့် သက်သတ်လွတ်စားခြင်းဖြင့် နှလုံးရောဂါအဖြစ်နည်းကြောင်းကို သုတေသနပြုလုပ်ချက်များ ဖော်ပြပြီးလျှင် နှိုးဆော်တိုက်တွန်းနေခဲ့ကြပေပြီ။

### ကျိုက်ထီးဆောင်းဩဝါဒ

"တို့များ သက်သတ်လွတ်စားတယ်ဆိုတာ အဆင့်သုံးဆင့်နဲ့ စားခဲ့တာပါ။ ကိုယ့်ကြောင့် မသေစေရဘူး၊ ကိုယ့်ရှေ့မှာ သတ်နေတဲ့အသား မစားဘူး။ သူ့ဘာသာ သေလာတဲ့အသားလည်း မစားဘူး။ မေတ္တာစိတ်သက်သက်ပါ။ တောထဲတောင်ထဲနေကြရတယ်ဆိုတာ မေတ္တာကွန်ယက်ကို ဖြန့်ကြက်ထားပါမှ အန္တရာယ်ကင်းကင်းနဲ့ တရားအလုပ်ကို အားထုတ်နိုင်ကြတာပါ။ တို့များဟာ ဒေဝဒတ်ဂိုဏ်းသားလည်း မဟုတ်ပါဘူး။ သက်သတ်လွတ်ကို ဝက်နဲ့ တိုက်မယ်၊ ပဲကို ဝက်နဲ့တိုက်မယ်ဆိုတဲ့ လူတွေကို ကြင်နာသနားရာလည်း ရောက်ပါတယ်။ သိပ္ပံနည်းကျကျ ပြောရမယ်ဆိုရင်တော့ အမဲတွေ၊ ဝက်တွေ စားတဲ့

www.burmeseclassic.com

လူ၊ အထူးသဖြင့် ဝက်သားစားတဲ့လူ
တွေဟာ နလုံးသွေးတိုး လက်ယပ်ခေါ်
နေကြသူတွေပဲ။ ပြီးရင်တော့ လေဖြတ်
တာ လာဦးမယ်။ ကဲ…ဒီတော့ သက်
ပယ်စားတာဟာ ကျန်းမာရေးအတွက်
လည်းကောင်း၊ ကုသိုလ်လည်းရကြ
တယ်မဟုတ်လား။ သတ္တဝါတွေ ချမ်း
သာရာ ရသွားကြလို့လေ"

အထက်ပါ သြဝါဒကို မိန့်ကြားခဲ့
သူမှာ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇော
တိက ကျိုက်ထီးဆောင်းဆရာတော်ကြီး
ဖြစ်ပါသည်။ ကျွန်မသည် ကျိုက်ထီး
ဆောင်းသို့ စတင်ရောက်ရှိခဲ့သည့်
၁၉၉၄ ခုနှစ်၊ ဧပြီလမှစ၍ သက်သတ်
လွတ်စားခဲ့သည်မှာ ယခုအချိန်ထိ ဖြစ်
ပါသည်။

## အလိမ္မာ စာမှာရှိ

ယခု ရက်ပိုင်းအတွင်း ဖတ်ဖြစ်ခဲ့
သော ဂျာနယ်တွေထဲမှ အတွဲ(၃)၊
အမှတ်(၉)၊ ဇူလိုင် ၁၈ ရက်ထုတ်ဝေ
ခဲ့သော The Massenger ဂျာနယ်မှာ
ဖတ်လိုက်ရသည့် ဆောင်းပါးတစ်ပုဒ်
ကြောင့်လည်း သက်သတ်လွတ်စားဖြစ်
နေခြင်းကို ကျေနပ်အားရမိပါ၏။ ဆရာ
ဟန်လင်းအောင် ရေးသားထားသည့်
"၂၀၅၀ မှာ လူသားသန်းကိုးထောင်
ကျော်အတွက် စိုက်ပျိုးရေးစီမံခန့်ခွဲမှု"
ဆောင်းပါးဖြစ်ပါသည်။

ဆောင်းပါးမှာ ပါရှိသော သုတေ
သနအချက်အလက်များသည် ဗြိတိန်
နိုင်ငံ Exeter တက္ကသိုလ်မှ ပြုလုပ်ခဲ့
ခြင်းဖြစ်ပြီး Energy and Environ-
mental Science ဂျာနယ်တွင် ဖော်ပြ
ထားခဲ့ပါသည်။

## သုတေသနအဖြေ

သုတေသနအဖွဲ့က ၂၀၅၀ ခုနှစ်
မှာ ရှိလာမည့် တိုးတက်လာသော လူဦး
ရေများကြောင့် အသားစားသုံးခြင်းနှင့်
စိုက်ပျိုးရေးဆက်စပ်ချက် စံပြပုံစံလေးခု
ကို တင်ပြသည်။

- အသားစားသုံးသူများ။ စိုက်ပျိုး
ရေးနည်း။
- အသားစားသုံးမှုနည်း။ စိုက်ပျိုး
ရေးနည်း။
- အသားစားသုံးမှုများ။ စိုက်ပျိုး
ရေးများ။
- အသားစားသုံးမှုနည်း။ စိုက်ပျိုး
ရေးများ။

အပင်များသည် လေထဲမှ ကာ
ဗွန်ဒိုင်အောက်ဆိုက်ဓာတ်ကို စုပ်ယူပေး
သည်ဖြစ်ရာ စိုက်ပျိုးရေးလုပ်ငန်းများကို
ထိရောက်စွာ လုပ်ကိုင်ခြင်းဖြင့် အသား
စားသုံးမှုကို လျှော့ချနိုင်မည်ဖြစ်သလို၊
လေထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက်
ပါဝင်နှုန်းကိုလည်း လျှော့ချပြီးသား ဖြစ်
သွားမည်။ လေထုထဲတွင် ကာဗွန်ဒိုင်
အောက်ဆိုက် ပါဝင်နှုန်းထား ကျသွား
သည်နှင့် ကမ္ဘာကြီး တဖြည်းဖြည်း ပိုမို
ပူပြင်းလာမှု၊ ပူနွေးမှုတို့ကိုလည်း ထိထိ
ရောက်ရောက် ဖြေရှင်းလိုက်ရာရောက်
မည်။ လေထုထဲ ကာဗွန်ဒိုင်အောက်
ဆိုက် ပါဝင်နှုန်းကိုလည်း အန္တရာယ်
ကင်းသောအဆင့်တွင် ထိန်းထားနိုင်မည်
ဖြစ်သည်။

ထိုကဲ့သို့မှ ထိန်းထားနိုင်အောင်
မကြိုးပမ်းလျှင်ပင် ကျွန်ုပ်တို့ ကမ္ဘာကြီး
၏ ဂေဟမျှခြေကို ဆုံးရှုံးမည်ဖြစ်သလို
လေထုအတွင်း ကာဗွန်ပါဝင်နှုန်းကို
လည်း ထိန်းမရနိုင်တော့သော အခြေ
အနေသို့ ရောက်ရှိသွားမည် ဖြစ်သည်။

လူဦးရေ တိုးနှုန်းတွက်ချက်မှုများ
အရ ၂၀၅၀ ခုနှစ်တွင် ကမ္ဘာ့လူဦးရေ
သည် သန်းပေါင်း ၉၃၀၀ အထိ ရောက်
ရှိလာမည် ဖြစ်၏။ ထိုပမာဏရှိသော
လူအုပ်ကြီးသည် အစားအသောက်
အတွက် အသားကိုချည်း အဓိကမှီခိုနေ
ရမည်ဆိုပါက ကမ္ဘာ့ဂေဟစနစ်မျှခြေကို
ကြီးမားစွာ ထိခိုက်လာမည်ဖြစ်သည်။
ကြောက်ခမန်းလိလိ ဖြစ်လိမ့်မည်။

ထိုလူစုကြီးဖြင့် ကမ္ဘာ့ဂေဟမျှ
ခြေကို မပျက်စေဘဲ ဆက်သွားနိုင်ဖို့ဆို
လျှင် ထိုအချိန်မှာ အသားစားမှုနှုန်းကို
လျှော့ချနိုင်အောင် ကြိုတင်ပြင်ဆင်ထား
ကြရမည်။ လယ်ယာစိုက်ပျိုးရေးလုပ်
ငန်းများကို မြေနေရာနည်းနည်းတွင်
အထွက်နှုန်းများများလည်းဖြစ်စေ၊ လူ
သားများစားသုံးဖို့လည်း အန္တရာယ်ကင်း
စေကြရအောင် အဆင့်မြှင့်တင်ကြဖို့လို
မည်။ စွန့်ပစ်ပစ္စည်း နည်းနိုင်သမျှ နည်း
အောင် ကြိုးပမ်းရမည်။ စွန့်ပစ်ပစ္စည်း
များကို ပြန်လည်သန့်စင် သုံးစွဲနိုင်သမျှ
ရာနှုန်းပြည့် သုံးစွဲဖို့ လိုမည်။ အစား
အသောက်များကို အလေအလွင့်
အနည်းဆုံး ဖြစ်စေမည့် စီမံခန့်ခွဲမှု
ကောင်းများ ဖော်ဆောင်ထားရမည်။

ကမ္ဘာ့ကာဗွန်ထွက်ရှိမှုအပေါ်
လွှမ်းမိုးမှုကို လက်ရှိအသုံးပြုနေသော
အတည်ပြုပြီးသား ခန့်မှန်းဖော်မြူလာ
များဖြင့် တွက်ထုတ်မှုအရ "အသားစား
သုံးမှုများ။ စိုက်ပျိုးရေးနည်း" ပုံစံသည်
၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့ကာဗွန်ထွက်
ရှိမှုကို ၅၅ ဆစာအထိ မြင့်တက်သော
စေလိမ့်မည်ဟု တွေ့ရသည်။ "အသား



www.burmeseclassic.com

www.burmeseclassic.com

စားသုံးမှုနည်း၊ စိုက်ပျိုးရေးများ" ပုံစံသည် ကမ္ဘာ့ကာဗွန်ထုတ်လွှတ်မှုကို မတက်စေရုံသာမက ၂၀၅၀ ပြည့်နှစ်တွင် ၂၅ ဆစာအထိ ပင် လျော့ကျသွားစေမည်ဖြစ်ကြောင်း တွေ့ရသည်။

၂၅ ဆစာ လျှော့ချလိုက်နိုင်ခြင်းသည် ကမ္ဘာ့အပူချိန် ၂ ဒီဂရီတက်လာခြင်းကို လျှော့ချလိုက်နိုင်ခြင်းလည်း မည်သည်။ ကမ္ဘာ့အပူချိန်သည် ၂ ဒီဂရီထက်မကျော်သော အခြေအနေအတွင်း ဆက်လက်တည်ရှိနေခြင်းသည် ကမ္ဘာ့လူသားများအတွက် အန္တရာယ်ကင်းသော အနေအထားအဖြစ် တစ်ကမ္ဘာလုံးက လက်ခံသတ်မှတ်ထားကြသည်။

"အသားစားသုံးမှုကို လျှော့ချပြီး ဟင်းသီးဟင်းရွက်နဲ့ သီးနှံစားသုံးမှုကို တိုးမြှင့်ကြမယ်။ စိုက်ပျိုးရေးလုပ်ငန်းတွေကိုလည်း လူတွေ တက်တက်ကြွကြွလုပ်ဆောင်ကြမယ်ဆိုရင် ကမ္ဘာကြီးကို ပိုမိုပူပြင်းလာမယ့် အန္တရာယ်ကနေ ရှောင်ရှားသွားနိုင်ကြမှာပါ"

Exeter တက္ကသိုလ်မှ သုတေသနမှူး တွမ်ပေါဝဲလ်က ပြောခဲ့ခြင်းဖြစ်ပါသည်။

## သစ်ပင်စိုက်ပါ

ကမ္ဘာကြီး ပိုမိုပူနွေးလာသည့် အန္တရာယ်ကြောင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာစေရအောင် သစ်ပင်စိုက်ပျိုးပွဲတွေကို ဒေသအနှံ့မှာ ပြုလုပ်နေကြရပေပြီ။ တစ်ကမ္ဘာလုံးမှာပင် သစ်ပင်တွေ စိုက်နေခဲ့ကြရပေပြီ။

သစ်ပင်စိုက်ပျိုးမှုနှင့် ပတ်သက်ပြီး နာမည်ထင်ရှားလှသော ပုဂ္ဂိုလ်ကြီးမှာ မန္တလေးမြို့မှ ဆိုက်ကားဆရာကြီး ဦးငွေ ဖြစ်ပါ၏။ ဦးငွေသည် မည်သူ့မျှ မတိုက်တွန်းဘဲနှင့် စစ်ဘေးစစ်ဒဏ်ကြောင့် သစ်ကြီးဝါးကြီးများ မရှိတော့သည့် မန္တလေးမြို့ကြီးအတွက် သစ်ပင်များစွာကို စိုက်ပျိုးပေးခဲ့ပါသည်။ ယနေ့ မန္တလေးမြို့ကြီးပေါ်တွင် ၃၅ အေလမ်းတစ်လျှောက်မှ အရိပ်ရသည့် အပင်ကြီးများ၊ ကျုံးဘေးတစ်လျှောက်မှ အရိပ်ရ သစ်ပင်ကြီးများမှာ ဦးငွေ၏ ကောင်းမှုများပင် ဖြစ်ပါသည်။

ဦးငွေသည် ကာဗွန်ဒိုင်အောက်ဆိုက်၏ အန္တရာယ်တို့နှင့် အိုဇုန်းလွှာပေါက်ကွဲမှုအကြောင်းတို့ကို မသိခဲ့၊ နားလည်ခဲ့မည်မဟုတ်သော်လည်း မန္တလေးမြို့ကြီးကို စိမ်းလန်းစိုပြည်စွာဖြင့် အေးမြစေချင်သော နှလုံးသားလှလှလေးနှင့် စိုက်ပျိုးခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

ကျောက်ပန်းတောင်းတစ်ဝိုက်မှ ဒေသခံများ ထင်းခုတ်အသက်မွေးမှုအပေါ်တွင် သစ်တောကြပ်များအဖြစ် စည်းရုံးအလုပ်ပေး၊ လခပေး၊ ဆီပေး၊ ဆန်ပေးဖြင့် ရေဝေရေလဲ ဂေဟာစနစ်ကို ပြန်လည်တည့်မတ်ထိန်းသိမ်းပြီး ပုပ္ပားတောင်စိမ်းလန်းစိုပြည်ရေးအတွက် အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ပါသော ဦးအုန်းသည်လည်း လေးစားဂုဏ်ပြုစရာ ကောင်းလှပါပေသည်။

## ကမ္ဘာကြီးကို ကယ်တင်ပါ

ကမ္ဘာကြီးပူနွေးလာမည့် အန္တရာယ်ကို ကာကွယ်ကြရန်အတွက် စပေါင်း၍ သစ်ပင်စိုက်ပျိုးကြပါမည်။ ကောက်ပဲသီးနှံ၊ ဟင်းသီးဟင်းရွက်တို့ကိုလည်း လျှော့ကြပါမည်။ ထိုသို့ဆိုလျှင် ကမ္ဘာကြီး အန္တရာယ်ကင်းမည်ဟု သတ်မှတ်ခဲ့ပါလျှင် အသားကို လုံးဝမစားတော့ဘဲနှင့် သက်သတ်လွတ်အဖြစ် သစ်သီးသစ်ရွက်တို့ကိုသာ စားသုံးရန်အတွက် စိုက်ပျိုးရေးကိုသာ အဓိကထားခဲ့ပါသော ကျွန်မတို့၏ ကမ္ဘာကြီးသည် ပိုမို၍ ချမ်းသာရပြီး အသက်ရှည်တည်တံ့မည်ဟု ထင်မြင်ယူဆမိပါကြောင်း။

ကျွန်မ၏ အထက်ပါ ယူဆချက်ကို လုံးဝထောက်ခံကြမည်မဟုတ် ဆိုခြင်းကို နားလည်ထားပါသည်။ တစ်ဖက်စွန်း တစ်ယူသန်ဟု မှတ်ချက်ပြုကြပေတော့မည်။ မစားနိုင်ကြသူများ၏ ပြစ်တင်မှုကိုလည်း ခံရမည်ဟု သိထားပါသည်။ သို့သော် ပလတ်စတစ်အန္တရာယ်၊ စက်ရုံမီးခိုးငွေ့များစွာတို့၏ အန္တရာယ်၊ မြောက်ဝင်ရိုးစွန်းမှ ရေခဲပြင်များ အရည်ပျော်နေမှုအန္တရာယ်၊ မြစ်ချောင်းများ ကောလာခြင်းအန္တရာယ် . . . စသဖြင့် အန္တရာယ်ပေါင်းစုံ ဝိုင်းနေပါသော ဤကမ္ဘာကြီးကို ဒီအတိုင်း မျက်ကွယ်ပြုထားကြတော့မည်လော။

ကျွန်မတို့ မြိုးခြံကျင့်သုံးမှုက နှမ်းတစ်စေ့မျှသာ ရှိသည်ဆိုပါလျှင် နှမ်းစေ့ပေါင်းများစွာ ပေါင်းစုမှုပြုသွားသောအခါမှာ လိုအပ်နေသော ဆီကို ရရှိကြဘိသကဲ့သို့ပင်။ ကျွန်မတို့အားလုံးမှာ တာဝန်ရှိနေကြပါပြီ။

မေတ္တာရှည်လျက် . . .

**လေးသူစံ**



www.burmeseclassic.com

www.burmeseclassic.com

# ဝက်မစွတ်ဝန်ထောက် ၏ နေ့စဉ်မှတ်တမ်းထဲက ပယောဂဆရာ

တင်နိုင်တိုး



ဝက်မစွတ်ဝန်ထောက်ဦးလတ်

"ပယောဂ"၏ မူလအဓိပ္ပာယ်က "အားထုတ်ခြင်း"ဟူ၍ ဖြစ်ပါသည်။ ပယောဂဆရာဟူ၍ ရေးမြန်မာမင်းများ လက်ထက်ကပင် ရှိခဲ့ရာ ကိုလိုနီခေတ် ဦးကာလတွင်လည်း ဆက်လက်တည် တံ့ ထွန်းကားဆဲ ဖြစ်ပါသည်။ မြန်မာ ဘုရင်လက်ထက်က မဟာမင်းထင်စည် သူတွဲဖြင့် ဝက်မစွတ်မြို့စား ဝန်ထောက် အရာ အမှုတော်ထမ်းရွက်ခဲ့ရသူ ဦးလတ် သည် ပါတော်မူပြီးနောက်ပိုင်းကာလ အထိ နေ့စဉ်မှတ်တမ်းကို ရေးသားပြုစု ခဲ့ရာ ယင်းမှတ်တမ်းထဲတွင် ပယောဂ ဆရာအကြောင်းကို တစ်စန်းတစ်စ တွေ့ ရှိရ၏။

ကိုလိုနီခေတ်ဦးကာလက မန္တလေး တွင် ထင်ရှားသော ပယောဂဆရာတစ် ဦးမှာ ဦးမောင်ဖြစ်ပါသည်။ သူ့ကို ဆရာ ကြီးဦးမောင်ဟု တလေးတစား ခေါ်ဆို ကြသည်။ စုန်း၊ တစ္ဆေများ ဝင်ရောက်ပူး ကပ်၍ မကျန်းမမာဖြစ်ရသည်ဟု မှတ် ယူသောအခါ လူနာရှင်က ဆရာကြီး ဦးမောင်ကို ခေါ်ယူကုသပေးရ၏။ တစ် ကြိမ်တွင် ဝက်မစွတ်ဝန်ထောက်ဦးလတ် ၏ သမီးလတ်ကိုယ်တိုင် ယင်းသို့စွဲကပ် လျက် မကျန်းမမာဖြစ်ခဲ့ရာ ဆရာကြီး



www.burmeseclassic.com

www.burmeseclassic.com

ဦးမောင်ကို ခေါ်ယူကုသခဲ့ရလေသည်။

ဝက်မစွတ်ဝန်ထောက်၏ နေ့စဉ်မှတ်တမ်းတွင် ၃၀ ဇွန်၊ ၁၈၈၈ ရက်စွဲဖြင့် ရေးသားထားရာ၌ "ခင်လတ် ကျန်းမာအောင် အစွဲချသည်။ ဆရာကြီး ဦးမောင်ကိုခေါ်၍ ပြသည်"ဟု ဦးစွာ တွေ့ရှိရပါသည်။ ထိုခေတ်ကာလက မိသားစုဝင်တစ်ဦး မကျန်းမာလျှင် ဘုရားကိုးဆူ ပူဇော်ခြင်း၊ ဗေဒင်မေးခြင်း၊ ယတြာချေခြင်းများ ရှိတတ်ကြပြီး ကပ်ရောဂါဖြစ်လျှင် သ ရဲထုတ်သည့် ဓလေ့ကိုလည်း တွေ့ရှိရ၏။

၃ ဇူလိုင်၊ ၁၈၈၈ ရက်စွဲဖြင့် ရေးမှတ်ထားသော အကြောင်းအရာများက စိတ်ဝင်စားဖွယ် ဖြစ်ပါသည်။ ယင်းနေ့မှတ်တမ်းတွင်...

"ပယောဂဆရာကြီးဦးမောင် လာ၍ ခင်လတ်ကျသွားသည့်နေရာတွင် ကျင်းအနက် ၁ (တစ်တောင်ကို ဆိုလို) တူးပြီးရှိသည်ကို ဆန်မှုန့်ညက်ခဲနှင့် နနွင်းမှုန့် ၂၅ ကိုနယ်၍ ခင်လတ်ကိုယ်တိုင်တွင် လိမ်းပြီး ဘီလူးမရုပ် ပက်လက်အိပ်ဟန်အရုပ်ကို အောက်ခံငှက်ပျောဖက်နှင့်တကွ ကျင်းကိုချပြီးလျှင် ကြက်တောင် ခုနစ်ခုကို မီးမြှိုက်၍ ၎င်းအရုပ်ပေါ်က ချပြီးမှ အထက်မြေကို အောက်၊ အောက်မြေကို အထက်သို့ ပြီးလျှင် သစ်သီး ၁၂၊ ပန်း ၁၂၊ တံစိုထိုးငါးကင် ၁၂၊ တံစိုထိုး မုန့်ကင် ၁၂၊ ထမင်းခဲချက်များ နံ့သာရည်ဖျန်း၍ မြေပေါ်တွင် ခင်းကျင်းခြေရှုပြီးလျှင် ဓားမနှင့် ဆရာကြီးက သုံးချက် မြေကိုခုတ်သည်။ ဆရာကြီးကို ငွေ ၅ ပေးသည်။"

ဟူ၍ ရေးမှတ်ထားပါသည်။

ဤတွင် သစ်သီး၊ ပန်း၊ တံစို၊ ငါးကင် စသည်တို့ကို ၁၂ ခုစီ စီစဉ်ခြင်းက ၁၂ ရာသီဂြိုဟ်ခွင်နှင့် သက်ဆိုင်မည် ထင်ပါသည်။ ပယောဂဆရာ ဦးမောင်အား ငွေနှစ်ကျပ်ပေးရရာ ထိုခေတ်ကာလ ဈေးနှုန်းအနေအထားအရ အလွန်များပြားသည့် ငွေကြေးဖြစ်ပါသည်။ ထို့ပြင် မနသီဟအင်းမှာလည်း အရေးပါလာသည့်အလျောက် ပယောဂဆရာများက လူနာရှင်အား ဆောင်ထားစေဟန် ရှိပါသည်။

မနသီဟအင်းတွင် ဖုတ်၊ ပြိတ္တာ၊ ဘီလူးများ ပါရှိပြီး ယင်းအကောင်များကို မကောင်းဆိုးဝါးတို့ ကြောက်ရွံ့ကြသည်ဟု ယုံကြည်ကြ၏။ မနသီဟအင်းက အထူးသဖြင့် ထိုခေတ်ကာလတွင် ဖြစ်ပွားခဲ့သည့် ပလိပ်ရောဂါအား နိုင်နင်းသည်ဟု မှတ်ယူကြသည်။ အင်းမျိုလျှင် စုန်းမပြုစားနိုင်ဟု မှတ်ယူကြသဖြင့်လည်း ဝက်မစွတ်ဝန်ထောက်ကိုယ်တိုင် သာမက ချွေးမနှင့် သမီးများပါ အင်းမျိုကြသည်ကိုလည်း တွေ့ရှိရပါသည်။

ဝက်မစွတ်ဝန်ထောက်၏ နေ့စဉ်မှတ်တမ်းတွင် "အမှောင့်ပယောဂဆရာ တောင်သာဆရာကြီး"ဟူ၍လည်း တွေ့ရှိရပါသည်။ မြင်းခြံ တောင်သာအရပ်မှ ဆေးဝါးကျွမ်းကျင်သူ တိုင်းရင်းဆေးဆရာကြီး ဖြစ်ဟန်ရှိပါသည်။ နေ့စဉ်မှတ်တမ်း ၂၉ ဇွန်၊ ၁၈၈၈ ရက်စွဲတွင် "အထက် ၆ ရက်နေ့ ညဉ့် ၃ ချက်တီးကျော်အချိန် ဝန်ထောက်ကတော် ထိတ်လန့်သည်နှင့် ၎င်း ၇ ရက်နေ့ အမှောင့်ပယောဂဆရာ တောင်သာဆရာကြီးကို ခေါ်ငင် ငွေ ၅ ပေးကမ်း"ဟု တွေ့ရှိရပါသည်။

တောင်သာဆရာကြီးကို ပူဇော်ခ ငွေမှာ နှစ်ကျပ်ဖြစ်သဖြင့် ပယောဂဆရာကြီး ဦးမောင်နှင့် နှုန်းထားတူညီပါသည်။ ရာဇာနုပုံခေတ်တွင် ထင်ရှားသော သမားတော်အချို့မှာ ကိုလိုနီခေတ်ဦးကာလ၌ ဆက်လက်လုပ်ကိုင်နေကြဆဲ ဖြစ်သည်။ ယင်းသမားတော်များအနက်မှ အချို့က ပယောဂကျွမ်းကျင်သူများ ဖြစ်ကြသည်။

ကိုလိုနီခေတ်ဦးကာလတွင် အနောက်တိုင်းဆေးပညာဖြင့် ကုသသော ဆေးရုံဟူ၍ ပေါ်ပေါက်နေပြီဖြစ်သော်လည်း မြို့နေလူထုအများစုက မိရိုးဖလာ ဆေးဆရာများဖြင့်သာ ကုသလေ့ရှိကြပါသည်။ တစ်စုံတစ်ရာ ရောဂါဖြစ်ပွားလျှင်ပင် သရဲတစ္ဆေများကြောင့်ဟု ယုံကြည်နေကြဆဲ ဖြစ်သည်။ သံပုံးတီး၍ တောထုတ်သော အသံများလည်း ရံဖန်ရံခါ ကြားနေရဆဲ ဖြစ်သည်။

**တင်နိုင်တိုး**


**ကျမ်းကိုး**

၁။ ဝက်မစွတ်ဝန်ထောက်၏ နေ့စဉ်မှတ်တမ်း (ပထမတွဲ)

၂။ နန်းဓလေ့ မှတ်တမ်းများ (မြကေတု)




www.burmeseclassic.com

www.burmeseclassic.com

ချမ်းအေးလှသော ပြာသိုလ၏ နေ့တစ်နေ့ဖြစ်သည့် ၁၇-၁-၁၄၊ သောကြာနေ့တွင် အ-မ-က(၂) တာမွေ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်ငွေနှင့် သမီး မခိုင်ဇာတို့က နန်းဦးလှိုင်ဘုရားဖူးယာဉ်ဖြင့် မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်ကဿပခရီးစဉ်အား ခမ္ဘဒါနပြုပါသဖြင့် ၎င်းနေ့ည ၈း၀၀ နာရီအချိန်တွင် ရန်ကုန် ရွှေမြို့တော်ကြီးမှ ခရီးစတင်ထွက်ခဲ့ကြပါသည်။

၎င်းခရီးစဉ်၌ ကျောင်းအုပ်ဆရာမကြီးမိသားစု၊ အမက(၂)တာမွေမှ ဆရာမများဖြစ်ကြသော တင်တင်သန်း၊ တင်တင်မြင့်၊ မမော်၊ မမေ၊ မဖြူ၊ မညို၊ သင်းသင်း၊ မထွေး၊ မအောင်၊ စုစု၊ ချိုချို၊ လှလှရီ၊ ကြင်ကြင်၊ မမူတို့နှင့်အတူ စာရေးသူမြေးအဘွားတို့ ပျော်ရွှင်ကြည်နူးစွာ လိုက်ပါခဲ့ကြပါသည်။

ဘုရားဖူးယာဉ်သည် ပြာသိုလ၏ ချမ်းအေးလှသော ရာသီဥတုဒဏ်ကို တရွေ့ရွေ့ကျော်ဖြတ်ရင်း နံနက် ၅း၀၀ နာရီအချိန်တွင် မန္တလေးမြို့သို့ ရောက်ရှိခဲ့ကြပါသည်။ ကားရပ်နားပြီး မျက်နှာသစ်၊ ရေအိမ်သွားကြပြီးနောက် မန္တလေးမြို့၏ ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီးအား သွားရောက်၍ သင်္ကန်း၊ ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီးများ ကပ်လှူ ပူဇော်ကြပြီးနောက် အာဟာရများ ဖြည့်တင်းလျက် ခရီးဆက်လက်ထွက်ခွာခဲ့ကြပါသည်။ လမ်းခရီး၌ စစ်ကိုင်းကောင်းမှုတော်၊ မင်းကွန်းခေါင်းလောင်း၊ ဆွမ်းဦးပုညရှင်၊ မြသိန်းတန်ဘုရား၊ ကံ့တလူ၊ ဗောဓိတစ်ထောင်စသည့် ဘုရားများအား အားပါးတရ ပူဇော်ကြည်ညိုခဲ့ကြပါသည်။ ညနေ ၄ နာရီအချိန်တွင် မိုးညှင်းသမ္ဗုဒ္ဓေဘုရားတွင် ဘုရားဖူး၊ ဝတ်ပြုပူဇော်ကြပြီးနောက် ခေတ္တအနားယူ၍ မုံရွာမြို့ရှိ ရတနာအောင်မြေ ဘုန်းတော်ကြီးကျောင်း၌ ညအိပ်တည်းခိုကြပါသည်။

ညနေ ၆ နာရီတွင် ဘုရားဖူးခရီးသည်များအားလုံး ရေချိုးကြပြီးနောက် ဘုရားဖူးယာဉ်မှ ချည့်ခံကျွေးမွေးသော ပုစွန်တုပ်ဆီပြန်၊ ကုလားပင်း၊ အရွက်ကြော်နှင့် ငါးပိရည်၊ တို့စရာတို့ကို မြိန်ရှက်စွာ စားသောက်လိုက်ရသဖြင့် အမောအပန်းတွေပြေပြီး နောက်တစ်နေ့ ခရီးထွက်ရန် အားသစ်များ ရရှိခဲ့ပါ

# အလောင်းတော်ကဿပ

## ဘုရားဖူးခရီးသွားမှတ်တမ်း


ရှယ်လီသိန်းမောင် (ဖိန်မိုက်ကယ်)





www.burmeseclassic.com

www.burmeseclassic.com



စစ်ကိုင်းကောင်းမှုတော်

သည်။ ထမင်းစားသောက်ပြီးနောက် မုံရွာမြို့ရှိ ရွှေစည်းခုံစေတီတော်ကြီးအား သွားရောက်ဖူးမြော်ကြပြီး မုံရွာညဈေးသို့ အိမ်ပြန်လက်ဆောင်များဝယ်ရန် ထွက်ခဲ့ကြပါသည်။ ည ၉ နာရီတွင် ခရီးသည်များအားလုံး နံနက် ၂ နာရီတွင် အလောင်းတော်ကဿပဘုရားသို့ သွားရောက်ရန်အတွက် စောစီးစွာ အိပ်စက်အနားယူကြပါသည်။

သို့နှင့် ၁၈-၁-၂၀၁၄ နေ့ နံနက် ၂ နာရီတွင် တောင်တက်ကားလေးနှင့် ခရီးဆက်လက်ထွက်ခဲ့ရာ လမ်း၌ စားသောက်ရန် ဘုရားဖူးယာဉ်မှ ထမင်း၊ ကြက်ကြော်၊ ချဉ်ပေါင်ကြော်၊ ပန်းဂေါ်ဖီကြော်တို့အား ထမင်းဘူးလေးများဖြင့် ထည့်ပေးလိုက်ပါသည်။ ချမ်းအေးလှသော ရာသီဥတု၊ မှောင်မိုက်သောညအချိန်ဝယ် တောအထပ်ထပ်၊ တောင်အထပ်ထပ်ကို ကျော်ဖြတ်သွားနေရပါသော်လည်း အေးရမှန်းမသိ၊ ကြောက်ရမှန်းမသိဘဲ အလောင်းတော်ကဿပ အရှင်သူမြတ်အား ပူဇော်ဖူးမြော်ရန် ဆန္ဒတွေကြောင့် ကြိုတင်မှန်းဆ ပီတိများနှင့် လိုက်ပါခဲ့ကြရာ နံနက် ၅း၃၀ နာရီချိန်တွင် အလောင်းတော်ကဿပ အလောင်းတော်တည်ရှိရာ တောင်ခြေသို့ တောင်တက်ကားများ ဆိုက်ရောက်လာပါတော့သည်။

ဘုရားဖူးခရီးသည်များ ကားပေါ်မှ ဆင်း၍ အပေ့ါအပါးသွားကြ၊ နံနက်စာ ကော်ဖီ၊ ထမင်းကြော်တို့ စားသောက်ကြပြီး နံနက် ၆း၃၀ နာရီအချိန်တွင် တောင်သုံးလုံးတည်ရှိရာ တောင်ပေါ်သို့ စတင်တက်ခဲ့ကြပါသည်။ တောင်ခြေမှ တစ်စတစ်စ လူစုကွဲသွားကြပါသည်။ ဆင်စီးသူကစီး၊ လမ်းမြန်မြန် လျှောက်နိုင်သူကလျှောက်၊ နှေးနှေးလျှောက်နိုင်သူက နှေးနှေးဖြင့် တက်ခဲ့ကြပါသည်။ တောင်ခြေ၌ ဆင်ကလေးများကလည်း ဘုရားဖူးခရီးသည်များအား ပါရမီဖြည့်ရန် အဆင်သင့်ဖြစ်နေကြပါသည်။

တောင်ခြေရောက်သည်နှင့် သဘာဝတောတောင်တို့၏ အတွေ့အထိက ဘုရားဖူးများ၏ ရင်ကို အေးမြသွားစေပါသည်။ သဘာဝ၏ အလှတရားအား ပန်းချီရေး၍ရမည် မထင်ပါ။ တောင်တက်လမ်းတစ်လျှောက်တွင် အမောပြေ နားနေရန် အုတ်ထိုင်ခုံကလေးများကိုလည်း အနယ်နယ်အရပ်ရပ်က လှူဒါန်းထားသဖြင့် အမောပြေ အနားယူနိုင်ပါ၍ အထူးပင် ကျေးဇူးတင်ဖွယ် ကောင်းလှပါသည်။ စားသောက်ဆိုင်ကလေးများ၊ သောက်ရေအိုးစင်ကလေးများကလည်း ဘုရားဖူးများအား အမောပြေစေပါသည်။ လမ်းတစ်လျှောက် ယိုဖိတ်နေသော ဆင်ချေးများကိုလည်း မိမိတို့ရဲ့ဆန္ဒ အလျောက် ကျုံးယူ၍ သန့်ရှင်းမှုပြုလုပ် ဆောင်ရွက်ပေးသော စိတ်ကောင်းနှလုံး ကောင်းရှိကြသော အမျိုးကောင်းသား များသည်လည်း မြင်ရသူအဖို့ ပီတိဖြစ် စရာပင် ဖြစ်ခဲ့ရပါသည်။

အလောင်းတော်ကိန်း ဝပ်စံပယ် တော်မူရာ နေရာသည် မြန်မာနိုင်ငံ အထက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်၊ ကနီမြို့နယ်တွင် တည်ရှိပြီး ဟိမဝန္တာတောင်တန်းတွင် ပါဝင်ပါသည်။ ဝေဘူလ၊ ဝေဘာရ၊ သုနန္ဒ တောင်သုံး လုံးတို့၏ကြား ပုထိုးလုံးချောင်းအတွင်း သို့ စီးဝင်လျက်ရှိသော ဘုရားချောင်း ပေါ်တွင် တည်ရှိပါသည်။ ကားရပ်စခန်း မှနေ၍ အလောင်းတော်ကိန်းဝပ်စံပယ် တော်မူရာအထိ ခြေလျင်ခရီး တစ်မိုင် သွားရပါသည်။

အလောင်းတော်ကဿပ လိုဏ်


www.burmeseclassic.com

ဂူတော်သည် လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်ကတစ်ကြိမ်၊ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့ (၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလပြည့်နေ့) နေ့လယ် ၁ နာရီတွင်တစ်ကြိမ်၊ ၂၀၁၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၉ ရက် (၁၃၇၁ ခုနှစ်၊ တပို့တွဲလပြည့်နေ့)တွင် တစ်ကြိမ် သုံးကြိမ်တိုင်အောင် ဂူအပေါက်ဝမှ သုံးလက်မခန့် ထူးခြားစွာပွင့်ခဲ့ပြီး ပြန်လည်၍ စေ့သွားကြောင်း၊ လိုဏ်ဂူအဝင်ကန့်လန့်ခံနေသည့် ကျောက်တုံးအတွင်း ဘေးဘက်အပေါ်မှ ရောင်ခြည်တော်များ ထွက်ခဲ့ကြောင်းနှင့် စေတနာရှင်ဘုရားဖူးများက ဟနေသော ဂူတွင်းသို့ ရွှေငွေလက်ဝတ်ရတနာများ ပစ်ထည့်၍ လှူဒါန်းခဲ့ပါကြောင်း ထိုစဉ်အခါက ဂျာနယ်များတွင် ဖော်ပြခဲ့ပါသည်။

စာရေးသူသည် တရွေ့ရွေ့ဖြင့် ရေမြေတောတောင် လျှိုမြောင်များ ဖြတ်ကျော်ပြီး အလောင်းတော်ကဿပရုပ် အလောင်းတော်ရုပ်တုတည်ရှိရာ စံကျောင်းရှေ့သို့ ဘုရားတန်ခိုးကြောင့် မမောမပန်း၊ မညီးမငြူမ်းဘဲ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိခဲ့ပါသည်။ ဈေးဆိုင်တန်းများတွင် အမွှေးတိုင်၊ ဖယောင်းတိုင်များ ဝယ်ယူ၍ ဖိနပ်အပ်ပြီး စံကျောင်းတော်အတွင်းသို့ဝင်ရောက်၍ ရွှေသင်္ကန်းကပ်လှူပူဇော်ခဲ့ပါသည်။ အပေါ်တွင် ဘုရားဖူးခရီးသွားဧည့်သည်များ ပြန်လည်တွေ့ဆုံကြပါသည်။ ထို့နောက် အလောင်းတော်ကဿပအစစ်တည်ရှိရာ စံကျောင်း၏အရှေ့ဘက်မှ လိုဏ်ဂူတော်သို့ ဆင်းရာလမ်းအတိုင်း ဆင်းခဲ့ပါသည်။ လက်ကိုင်တန်းလေးများလည်း ခိုင်ခံ့လှသဖြင့် ဆင်းရသည်မှာ အဆင်ပြေလှပါသည်။

ချောင်းလေးတစ်ခုကို ကျော်ဖြတ်ပြီး လိုဏ်ဂူဝသို့ ရောက်ရှိလာပါသည်။ လိုဏ်ဂူတော်အတွင်း ဆီမီးများ ထိန်ထိန်လင်းပြီး မွှေးပျံ့နေသော ပန်းရနံ့တို့က တကြိုင်ကြိုင်၊ ရွှေရောင်ဝင်းဝင်း ဂူဝကြီးပေါ်မှ ကျောက်စက်ရေတို့ကလည်း တဖျောက်ဖျောက် ကျနေသည်မှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား လွမ်းတသသပင် ဖြစ်စေပါသည်။ စာရေးသူတို့ မြေအောက်သွားလည်း လိုဏ်ဂူတွင်း ရွှေသင်္ကန်းကပ်လှူ၊ ပုတီးစိပ်၊ ဘုရားဝတ်ပြု၊ မေတ္တာပို့၊ အမျှဝေပြီးနောက်မှ တဖွဲဖွဲရောက်လာသော ဘုရားဖူးခရီးသည်များအား ပြန်လည်နေရာပေးလျက် ဝမ်းနည်းဝမ်းသာဖြင့် လိုဏ်ဂူမှထွက်ခွာခဲ့ပါသည်။ ဝမ်းသာရခြင်းအကြောင်းက ဝေးလံလှသော နေရာဒေသသို့ လာရောက်၍ အလောင်းတော်ကဿပဘုရားရှင်အား ကျန်းမာချမ်းသာစွာဖြင့် ဘုရားဖူးရောက်ရှိလာခြင်းဖြစ်ပြီး၊ ဝမ်းနည်းရခြင်းကား ကိုယ်တိုင်ကိုယ်ကျ မျက်ဝါးထင်ထင် မဖူးမြော်လိုက်ရခြင်းကြောင့်ပင် ဖြစ်ပါသည်။

လိုဏ်ဂူတော်အတွင်းရှိ အလောင်းတော်၏ ခန္ဓာကိုယ်သည် တေဇောဓာတ်မလောင်ကျွမ်းသေးဘဲ ဇမ္ဗူရာဇ်ရွှေသားရွှေတုံးကဲ့သို့ လဲလျောင်းလျက်ရှိရာ အဆိုပါအလောင်းတော် ကဿပခန္ဓာကိုယ်သည် နောင်ပွင့်မည့် အရိမေတ္တယျ ဘုရားရှင် ကိုယ်တော်တိုင် မီးသင်္ဂြိုဟ်ခြင်းပြုမှသာ တေဇောဓာတ် လောင်ကျွမ်းလိမ့်မည်ဟု သမိုင်းကျမ်းဂန်များအရ သိရှိရပါသည်။ စံကျောင်းတော်၏ မျက်နှာတစ်ဖက်တွင် ကျွန်းပင်မောင်နှမ စေတီကိုလည်းကောင်း၊ စံကျောင်း၏ အနောက်ဘက်တွင် ကြေးစည်ဆောင် ထိုမှတစ်ဆင့် စောင်းတန်းအတိုင်း သွားလျှင် မြတ်စွာဘုရားရှင် ဒကုင်္သင်္ကန်း လဲလှယ်နေပုံ ရုပ်ပွားတော်နှင့် ဆက်လက်သွားပါက သစ္စာရေတွင်းနှင့် ကိုးနဝင်းစေတီဘုရားရှင်ဆုနှင့် ရုပ်ပွားတော်



မင်းကွန်းမြို့ ပုထိုးတော်ကြီး

www.burmeseclassic.com

စေတီတို့ကို ဖူးတွေ့နိုင်ပါသည်။

အလောင်းတော်ကဿပ ဘုရားကြီး၏ အစည်ကားဆုံးပွဲတော်မှာ တပို့တွဲလပြည့် ထမနဲစတုဒိသာပွဲနှင့် တပေါင်းလပြည့်နေ့ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတို့ဖြစ်ပြီး၊ ဒီဇင်ဘာလမှ ဧပြီလထိ မြန်မာနိုင်ငံအရပ်ရပ်မှ ဘုရားဖူးညော့သည်များ အများအပြား လာရောက်ဖူးမြော်ကြပါသည်။

ဤမျှ တန်ခိုးကြီးမားလှသော အလောင်းတော် ကဿပဘုရားကြီးအား ဖူးဖွင့်ရကြသော ဗုဒ္ဓဘာသာဝင်တို့သည် ဘုရားပွင့်တော်မူရာ ဗုဒ္ဓဂယာသို့ ရောက်သည့်အလား အကျိုးများစေသကဲ့သို့ ဘုရားဖူးသူအားလုံးတို့သည် တစ်ခု တည်းသော အတိတ်ဘဝက ဘုရားရှင်အား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ဆီမီး၊ ရေချမ်း၊ ပန်းများ လှူဒါန်းသမှုပြုခြင်း၊ ဝေယျာဝစ္စကြီးငယ်များ ပြုလုပ်ပေးခဲ့ကြသော ကုသိုလ်ရှင်များ ဖြစ်ခဲ့ကြ၍ ယခုဘဝတွင်လည်း ယခုကဲ့သို့ လာရောက်နိုင်ခြင်း ဖြစ်ကြပေသည်။ ထိုနည်းတူ ဆင်ကလေးများကလည်း ဘုရားဖူးအတွက် ပါရမီရှင်ကလေးများ ဖြစ်နေသည်မှာ အတိတ်ဘဝ၏ အကျိုးဆက်ကြောင့်ပင် ဖြစ်ပါသည်။

သို့ပါ၍ အလောင်းတော်ကဿပ ဘုရားကြီးအား သဒ္ဓါပေါက်၍ သွားရောက်ဖူးမြော်သင့်ပါကြောင်းနှင့် ဘုရားဖူးရောက်ပြန်သဘောမျိုး မဖြစ်စေဘဲ လိုဏ်ဂူတွင်း၌ သေချာကျနစွာ ပုတီးစိပ်ခြင်း၊ မေတ္တာပို့ အမျှဝေခြင်းတို့ဖြင့် တစ်မိသားစုလုံးအတွက် အထောက်အကူပြုနိုင်ပါသဖြင့် ယုံကြည်စိတ်ချစွာ ဖူးမြော်ကြစေလိုပါကြောင်း စေတနာကောင်းဖြင့် အကြံပြုအပ်ပါသည်။

စာရေးသူတို့ ဘုရားဖူးအဖွဲ့များအားလုံး တောင်ခြေသို့ နံနက် ၉း၃၀ နာရီအချိန်တွင် ပြန်လည်စုဝေးကြပြီး နံနက်စာစားသောက်ပြီးနောက် မုံရွာမြို့သို့ ပြန်လည်ထွက်ခွာခဲ့ရာ လမ်းခရီးတစ်လျှောက်၌ လမ်းဆောက်လုပ်ပြုပြင်ရန် အလှူခံမဏ္ဍပ်များကလည်း မော်တော်ယာဉ်များ ရပ်နိုင်း၍ အလှူခံကြပြီး ဒေသထွက်ရာသီပေါ် ဆီးသီး၊ မြေပဲပြုတ်၊ ပဲကြော်၊ ကောက်ညှင်းထုပ်များဖြင့် ပြန်လည်ကျွေးမွေးကြရာ လှူသူနှင့် ယူသူ အပေးအယူမျှကာ တပျော်တပါးကြီး ဖြစ်နေကြပါသည်။

မုံရွာသို့ ညနေ ၃ နာရီတွင် ပြန်လည်ရောက်လာပြီး ညနေစာအဖြစ် ငါးဖယ်ဆီပြန်၊ ဘူးသီးဟင်းခါး၊ သနပ်သီးသုပ်များဖြင့် စားသောက်ကြပါသည်။ ထို့နောက် ရတနာအောင်မြေ ဘုန်းတော်ကြီးအား လှူဖွယ်ဝတ္ထုများ ကပ်လှူပူဇော်ကြ၍ ညနေ ၆ နာရီအချိန်တွင် မုံရွာမြို့မှ ထွက်ခွာခဲ့ရာ ၂၀-၁-၁၄ ရက်နေ့ တနင်္လာနေ့နံနက် ၅ နာရီအချိန်တွင် ရန်ကုန်ရွှေမြို့တော်သို့ ရောက်ရှိ၍လာကြပါသည်။

အလှူတကာများတွင် တရားအလှူသည် အမြတ်ဆုံးဖြစ်သကဲ့သို့ ဘုရားဖူးဓမ္မဒါနပြုခြင်းသည်လည်း အမွန်မြတ်ဆုံးသော အလှူတစ်ခုပင် ဖြစ်ပါ၍ ဤဘုရားဖူးခရီးစဉ်အား ဓမ္မဒါနပြုသူ အမက(၂)တာမွေမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်ဌေးနှင့် သမီး မခိုင်ဇာတို့အား ကျေးဇူးအထူးတင်ရှိပြီး ဤကောင်းမှုကုသိုလ်၏ အကျိုးဆက်ကြောင့် မိသားစုအားလုံး ကျန်းမာသက်ရှည်၍ ဘေးရန်ကင်းပြီး စည်းပွားဥစ္စာ အဖြာဖြာ တိုးတက်ကြပါစေဟု ဆုမွန်ကောင်းတောင်းလျက် ဘုရားဖူးခရီးသွားညော့သည်များအပေါ် တာဝန်ကျေခဲ့သော နန်းဦးလိုင်ယာဉ်မောင်း၊ ညော့လမ်းညွှန်နှင့် စားကောင်းသောက်ဖွယ်များ ချက်ပြုတ်ကျွေးမွေးသော စားဖိုမှူးများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ဤဆောင်းပါးဖြင့် မှတ်တမ်းတင်အပ်ပါသည်။

ဘုရားဖူးခရီးသွားခြင်း အမှတ်တရ။

**ရှယ်လီသိန်းမောင်(စိန်မိုက်ကာ**





www.burmeseclassic.com

www.burmeseclassic.com

# အမြဲရှေ့ရောက်အတွေးများ

## မောင်မိုးဦး

"ကိုယ်လိုချင်တာ ကောင်းကျိုးလိုလားတယ်ဆိုရင် ကောင်းတဲ့အလုပ်လုပ်ရုံပဲ မဟုတ်လား။ ကောင်းတဲ့အလုပ် လုပ်နိုင်ဖို့ဆိုတာ စိတ်ထဲမှာကောင်းစိတ်ကလေး တွေ ပေါ်လာဖို့အဓိကပဲ။ ကောင်းတဲ့စိတ်ကလေးတွေပေါ်လာဖို့ ကောင်းတဲ့အလုပ်ကို လုပ်နိုင်ပြီဆိုရင် ကိုယ်လိုချင်တဲ့ ကောင်းကျိုးဆိုတာ ဧကန်ရမှာပဲ။ ဒါကြောင့် စိတ်ကောင်းရှိသူမှာ အမြဲတမ်းရက်ရာဇာ၊ စိတ်ကောင်းရှိတဲ့လူအတွက် အချိန်ကောင်းတွေချည်းပါပဲ ..."

*(တိပိဋက ယောဆရာတော် ဦးသီရိန္ဒာဘိဝံသ)*

မည်သူမဆို အကြောင်းတစ်စုံတစ်ခုကြောင့် မိမိကိုယ်ရေးရာဇဝင်ကို ဖြည့်ရမည်ဆိုလျှင် အမည်၊ မွေးသက္ကရာဇ်၊ အဘအမည်၊ နိုင်ငံသားအမှတ်၊ လူမျိုး၊ ကိုးကွယ်သည့်ဘာသာနှင့် နေရပ်လိပ်စာစသည်တို့ကို မလွဲမသွေဖြည့်ရမည်သာဖြစ်၏။ ထိုအချက်အလက်များထဲမှ ကျွန်တော်အဓိက ပြောလိုသည်မှာ 'ကိုးကွယ်သည့်ဘာသာ' ဆိုသောကိစ္စပင်ဖြစ်သည်။

မြန်မာနိုင်ငံအတွင်း နေထိုင်ကြသော လူအများစုမှာ မြန်မာလူမျိုးများဖြစ်သလို ဗုဒ္ဓဘာသာ ကိုးကွယ်သူများလည်းဖြစ်သည်။ ထို့ကြောင့် လူမျိုး မြန်မာ၊ ဘာသာ ဗုဒ္ဓဘာသာဟု အလွယ်တကူရေးဖြည့်လိုက်ကြ၏။ သို့သော် လူမျိုးမြန်မာဆိုသည့်ကိစ္စက ပြောစရာမရှိသော်လည်း ဗုဒ္ဓဘာသာဆိုသည့် စကားလုံးနှင့်ပတ်သက်ပြီး ပြောစရာအနည်းငယ်ရှိသည်။

တချို့က အဘိုးအဘွား၊ မိဘများက ဗုဒ္ဓဘာသာကိုးကွယ်သဖြင့် မိရိုးဖလာကိုးကွယ်မှုအဖြစ် ကိုးကွယ်တာမျိုး၊ တချို့က မိမိကိုယ်တိုင် ဗုဒ္ဓဘာသာကို ယုံကြည်သောကြောင့် ဗုဒ္ဓဘာသာကိုကိုးကွယ်ကြသည်။ (ဘာသာခြားလူမျိုးတချို့ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ပြီး ဘာသာပြောင်း ကိုးကွယ်တာမျိုးလည်းရှိသည်) အမှန်တကယ် ဖြစ်သင့်သည်မှာ မည်



www.burmeseclassic.com

www.burmeseclassic.com

သည့်ဘာသာကိုပဲ ကိုးကွယ်သည်ဖြစ်စေ လေးစားလိုက်နာ ယုံကြည်ဖို့ပဲလိုသည်။

ကိုယ်ရေးရာဇဝင်မှာ ဗုဒ္ဓဘာသာဟု ရေးဖြည့်ထားသူတိုင်း ဗုဒ္ဓဘာသာဝင်ဟု ပြောလို့မရပေ။ ဗုဒ္ဓ၏စကားကို လိုက်နာပြုမူ ဆောင်ရွက်မှသာ ဗုဒ္ဓဘာသာဝင်အစစ်ဖြစ်မည်။ 'ဗုဒ္ဓ' ဆိုသည်မှာ 'ဘုရား' ဖြစ်ပြီး၊ 'ဘာသာ' ဆိုသည်မှာ 'စကား' ဖြစ်သည်။ ထို့ကြောင့် မိမိကိုယ်တိုင် ဗုဒ္ဓဘာသာဝင်အစစ်ဟုဆိုလျှင် ဗုဒ္ဓ၏စကားကို လိုက်နာရမည်။ (အနည်းဆုံး ငါးပါးသီလတော့ လုံခြုံရမည်။) ထို့ပြင် ဗုဒ္ဓ၏ မိန့်ဆိုချက်များက များပြားလှသည်။ သို့သော်အနှစ်ချုပ်လိုက်လျှင် အချက်သုံးချက်သာ ရှိသည်။

၁။ မကောင်းတာမလုပ်ရန်

၂။ ကောင်းတာလုပ်ရန်

၃။ စိတ်ကိုဖြူစင်အောင်ထားရန်

စသည်တို့ ဖြစ်သည်။

ထို့ကြောင့် ကောင်းတာလုပ်လျှင် ကောင်းသည့် အကျိုးကို ခံစားရပြီး၊ မကောင်းတာလုပ်လျှင် မကောင်းသည့် အကျိုးကို ခံစားရမည်သာဖြစ်၏။ ထိုအခါ မိမိစိတ်ကို ဖြူစင်အောင်ထားပြီး ကောင်းတာမှန်သမျှ ရွေးလုပ်ခြင်းသည် လောကီလောကုတ္တရာအတွက် အကျိုးရှိပြီး၊ မြင်ရကြားရသူများအတွက်လည်း မုဒိတာပွားစရာပင် ဖြစ်သည်။

ကျွန်တော်က မဂ္ဂဇင်းနှင့် ဂျာနယ်အချို့တွင် စာရေးသည် ဆိုသော်လည်း ဝတ္ထုနှင့် ဆောင်းပါးသာဖြစ်၏။ ဆောင်းပါးကို စာပေဆောင်းပါး၊ ကိုယ်ကျင့်တရားယဉ်ကျေးမှုနှင့်ဆိုင်သော ဆောင်းပါးနှင့် ဘာသာရေးဆောင်းပါးတို့ ဖြစ်သည်။ ထိုအခါ မိမိဘဝမှာ သင်ခန်းစာယူစရာ၊ ပီတိဖြစ်စရာ ဆင်ခြင်စရာ လိုက်နာစရာကိစ္စများနှင့် ရင်ဆိုင်ရလျှင် စေတနာလေးထည့်ကာ ဓမ္မရသ(ဓမ္မဒါန)အဖြစ် မဂ္ဂဇင်းသို့ ရေးပို့ဖြစ်သည်။ ထိုအခါ ဖတ်ရသည့်လူအတွက် အကျိုးရှိသလို၊ ရေးရသူမှာလည်း အဓိပ္ပာယ်ရှိသည်။ ကုသိုလ်ရသည်။ ထို့ကြောင့် အများအတွက်အကျိုးရှိမည့် အကြောင်းအရာလေးများကို ရေးဖြစ်သည့်အတွက် မိမိကိုယ်မိမိကျေနပ်သည်။ ပီတိဖြစ်ရသည်။

ပေးခြင်းသည် ယူခြင်းဖြစ်သည်ဟု ဆရာတော်တစ်ပါးက မိန့်ဆိုခဲ့ဖူးသည်။ ယခုဘဝ ပေးကမ်းလှူဒါန်းခြင်းသည် တမလွန်ဘဝအတွက် ကုသိုလ်ကောင်းမှု ယူသွားခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့ပေးနိုင်အောင် ကြိုးစားဖို့လိုသလို၊ စွန့်လွှတ်နိုင်အောင်လည်း ဘာသာရေးအသိ ရှိဖို့လိုသည်။ တစ်ခါတစ်ရံ ပေးဆပ်ခြင်း၏ အကျိုးဆက်ကို နောက်ဘဝတစ်ခုရောက်မှ ခံစားရသော်လည်း တစ်ခါတစ်ရံ ပေးဆပ်ခြင်းအကျိုးဆက်ကို ယခုဘဝမှာပင် အချိန်အနည်းငယ်အတွင်း ပြန်လည်ခံစားရသလို မကြာခင်က ကျွန်တော့် အတွေ့အကြုံလေးတစ်ခုကို သတိရနေမိသည်။

※ ※ ※

အရိုးသားဆုံးဝန်ခံရလျှင် ကျွန်တော်သည် မပြည့်စုံသူတစ်ယောက်သာ ဖြစ်သည်။ သို့သော် ရုပ်ဝတ္ထုပစ္စည်းချို့တဲ့သော်လည်း လူမှုရေးစိတ်ဓာတ်နှင့် ဘာသာရေးကိုအခြေခံသော စိတ်ဓာတ် ပြည့်စုံချင်သူ၊ ပြည့်စုံအောင် ကြိုးစားနေသူ တစ်ယောက်လည်း ဖြစ်သည်။ ထို့ပြင် ကျွန်တော်က ဆုံးမစကားနှင့် အဆိုအမိန့်လေးများကိုလည်း စိတ်ဝင်စားသည်။ ထို့ကြောင့် သဘောကျပြီး ကျွန်တော့်ဘဝကိုတည့်မတ်ပေးမည့် ဝါကျများနှင့် စကားများကို စာမျက်နှာပေါ်မှာ ရေးထားသည်။ နှလုံးသားမှာ မှတ်ထားသည်။ ဘာသာရေးနှင့်ပတ်သက်ပြီး သိသင့်သိထိုက်တာတချို့ကိုလည်း အလွတ်ကျက်မှတ်ထား၏။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်ကိုယ်တိုင် လိုက်နာကျင့်သုံးသလို မိတ်ဆွေသူငယ်ချင်းများကိုလည်း သတိပေးပြောပြနိုင်သောကြောင့် ဖြစ်သည်။

တစ်ခါတစ်ရံ ဆုံးမစကားတစ်ခွန်းက ဘာသာရေးရသပေးသော ဆောင်းပါးတစ်ပုဒ်ရေးဖြစ်သလို အဆိုအမိန့်တစ်ခုကလည်း အတတ်ပညာ အတွေ့အကြုံတစ်ခုခုနှင့်ရောစပ်ပြီး ဝတ္ထုတစ်ပုဒ်လည်း ရေးနိုင်သည်။ သေချာသည်မှာ ဘဝကို အဓိပ္ပာယ်ရှိရှိနေနိုင်ဖို့ ဆုံးမစကား၊ အဆိုအမိန့်နှင့် ဘာသာရေးစာပေများက ဗုဒ္ဓဘာသာကိုးကွယ်သော ကျွန်တော်တို့ လူသားများအတွက် အရေးကြီးသော အရာပင်ဖြစ်သည်။

## "ရယူခြင်းထက် ပေးဆပ်ခြင်းက ပိုပြီးမွန်မြတ်သည်"

ကျွန်တော်နှစ်ခြိုက်သော အဆိုအမိန့်လေးဖြစ်သည်။ ရယူခြင်းထက် ပေးဆပ်ခြင်းက ပိုပြီးမွန်မြတ်သည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော်ရယူနိုင်လျက်နှင့် စွန့်လွှတ်လိုက်ခြင်းက မွန်မြတ်ပြီး ကြည်နူးစရာကောင်းလှသည်။ ရင်ဆိုင်ခဲ့ရသော ကျွန်တော့်အတွေ့အကြုံလေး အမှတ်တရဖြစ်နေသလို၊ ကျွန်တော်၏ဆုံးဖြတ်ချက်အတွက်လည်း ကျွန်တော့်ကိုယ်ကျွန်တော် ကျေနပ်နေမိသည်။

"လူဖြစ်ပေမဲ့ လူလိုသိဖို့ လွယ်မယ် မထင်နဲ့"ဟု ကျွန်တော့်အမေက ဆုံးမခဲ့သလို "လူဆိုတာ အလိုက်သိရတယ်၊ မေတ္တာထားတတ်ရမယ်၊ ကိုယ်ချင်းစာတတ်ရတယ်၊ တပ်မက်မှုကို တတ်နိုင်သမျှ လျှော့ရမယ်"ဟုလည်း အဘိုးက ဆုံးမခဲ့ဖူးသည်။ ထို့ကြောင့် အဘိုးနှင့် အမေ၏စကားများကို လိုက်နာခဲ့သည်။ အထူးသဖြင့် မိမိ၏ဆုံးဖြတ်ချက်နှင့် လုပ်ရပ်တစ်ခုကြောင့် တစ်စုံတစ်ယောက် (သို့) လူတစ်စု စိတ်ကြည်လင်သွားမည်ဆိုလျှင် ထိုလုပ်ရပ်သည် ဒါနဟုလည်း ပြောလို့ရသည်။ "စေတနာဒါန"ဟုဆိုနိုင်သည်



www.burmeseclassic.com

www.burmeseclassic.com

ကာလတစ်ခုတုန်းက ကြီးမားသည့် ရပိုင်ခွင့်တစ်ခု ကျွန်တော်၏ လက်တစ်ကမ်းသို့ ရောက်လာခဲ့ဖူးသည်။ သို့သော် ကျွန်တော် ထိုရပိုင်ခွင့်ကို ဥပေက္ခာပြုခဲ့သည်။ မယူသင့်ဘူးဟုလည်း ဘာသာတရားက ကျွန်တော့်ကိုဆုံးမသည်။ ထို့ကြောင့် ကျွန်တော့်ဘဝ တောက်ပြောင်မှုနှင့် ဝေးခဲ့သော်လည်း ဗုဒ္ဓ၏ စကားကို လိုက်နာနိုင်ခဲ့သည့်အတွက် ကျွန်တော်ကြည်နူးမိသည်။

ဿ ဿ ဿ

ကျွန်တော် မြို့သစ်လေးတစ်ခုမှာ နေသည်။ ကျွန်တော်၏ နေရာထိုင်ခင်းနှင့် ကျွန်တော့်အလုပ်ကဝေးသည်။ ထို့ကြောင့် အလုပ်သွားသည့်နေ့တိုင်း အသွားအပြန် ၅၀၀ ကျပ် ကုန်သည်။ ထို့ကြောင့် အလုပ်ရှိသည့်နေ့တွင် မြို့ထဲသို့ ထွက်ပြီး အလုပ်မရှိလျှင် အိမ်မှာပင် စာရေး၊ စာဖတ်သည်။ ထို့ပြင် ကျွန်တော့် အလုပ်က စာပေနှင့် ပတ်သက်နေသောကြောင့် ဝန်းကျင်မှ မိတ်ဆွေတချို့က စာအုပ်စာပေနှင့်ပတ်သက်ပြီး လိုလျှင် ကျွန်တော့်ကို အကူအညီတောင်းလေ့ရှိ၏။ ကျွန်တော်ကလည်း အကူအညီပေးခဲ့သည်။

တစ်ရက်မှာ ဝန်းကျင်မှ မိတ်ဆွေတစ်ဦးက စာအုပ်သုံးအုပ်မှာသည်။ စာအုပ်ဈေးနှုန်းမသိသဖြင့် "၁၀၀၀ ကို လမ်းစရိတ်အဖြစ် သုံးလိုက်ပါ" ဟုဆိုကာ ၅၀၀၀ ပေးလိုက်၏။ ထိုနေ့ကသူမှာသည့် စာအုပ်သုံးအုပ်ကို အလွယ်တကူဝယ်လို့ရသည်။ သုံးအုပ်ကို ၄၀၀၀ ကျသဖြင့် ၁၀၀၀ ပိုသည်။ လမ်းစရိတ်ယူပါဟု ဆိုလိုက်သဖြင့် ထိုငွေဖြင့်ကျွန်တော် ထမင်းစားနိုင်သည် (သို့) လက်ဖက်ရည်သောက်နိုင်သည်။ သို့သော် ထိုငွေကိုသုံးဖို့ ကျွန်တော်ဝန်လေးနေမိသည်။ သုံးသင့်၊ မသုံးသင့်ကိုလည်း မေတ္တာတရား စာနာစိတ်တို့နှင့် နှိုင်းယှဉ်ပြီး အလေးအနက်စဉ်းစားနေမိသည်။

အကူအညီ တောင်းသူဆိုသည်မှာ အလိုတူသည်ဖြစ်စေ၊ အလိုမတူသည်ဖြစ်စေ လမ်းစရိတ်ယူပါဟုသာ ဆိုမည်ဖြစ်၏။ ယူသင့်၊ မယူသင့်ကို ကျွန်တော်က စဉ်းစားရမည်။ ထိုနေ့က သူစာအုပ်မမှာလျှင်လည်း အလုပ်ရှိသဖြင့် ထိုခရီးကို မိမိစရိတ်နှင့် လာရမည်သာဖြစ်၏။ ထို့ပြင် သူမှာသည့်ပစ္စည်းသည် အလေးအပင်မှ ထမ်းရပိုးရသည်ဆိုလျှင်လည်း ထိုလမ်းစရိတ် ၁၀၀၀ကို ကျွန်တော်ယူလိုက်မည်၊ သို့သော် မည်သည့်အားထုတ်မှုမျှ မပြုလိုက်ရဘဲ လမ်းစရိတ်ယူလိုက်ရမည်မှာ တပ်မက်ရာရောက်လွန်းသည်။ ဗုဒ္ဓ၏စကားနှင့်လည်း ဆန့်ကျင်ရာရောက်သည်။ တရားမဲ့လွန်းသည်ဟုလည်း ထင်သည်။ သို့သော် ခက်နေသည်မှာ လောလောဆယ် နံနက်စာထမင်း မစားရသေးသဖြင့် ကျွန်တော်အရမ်း ဆာလောင်နေခြင်းပင် ဖြစ်၏။ ဝယ်စားဖို့စိတ်ကူးသော်လည်း ကိုယ်ပိုင်ငွေအဖြစ် အပြန်လမ်းစရိတ်သာ ကျန်တော့သည်။ "လမ်းစရိတ် ၁၀၀၀ ယူပါ" ဆိုသောငွေနှင့် ထမင်းဝယ်စားနိုင်သော်လည်း ထိုငွေကို မသုံးချင်ပေ။

လောကထဲမှ ရှိရှိသမျှရောဂါထဲတွင် ဆာလောင်နာရောဂါသည် အနှိုင်းမဲ့ ရောဂါဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဆာလောင်ခြင်းထက်ပိုပြီး ကိုယ်စိတ်နှစ်ပါးကို နာကျင်နှိပ်စက်သည့် ရောဂါ မရှိဟု အရှင်ဆန္ဒာဓိကက မိန့်ဆိုခဲ့ဖူးသည်။ ထိုကဲ့သို့ပင် ကျွန်တော်လည်း လောလောဆယ် အနှိုင်းမဲ့ရောဂါကို ခံစားနေရသည်။ သို့သော် "စွန့်လွှတ်ခြင်းဆိုသည်မှာ ဒါနဖြစ်သည်"ဆိုသော ဗုဒ္ဓ၏ စကားကို သတိရလာပြီးသည့်နောက် လမ်းစရိတ်ငွေ ၁၀၀၀ ကို ပြန်ပေးဖို့ အပြီးသတ်ဆုံးဖြတ်ပြီး အိမ်ပြန်ဖို့ ကားမှတ်တိုင်သို့ လျှောက်လာခဲ့၏။ အစာအိမ်သံစုံတီးဝိုင်းက အော်မြည်နေဆဲပင်ဖြစ်၏။

မှတ်တိုင်တွင် ကားစောင့်နေစဉ် မမျှော်လင့်ဘဲ မဆုံတာကြာပြီဖြစ်သည့် သူငယ်ချင်းတစ်ယောက်နှင့် ဆုံမိလေသည်။ မှတ်တိုင်လေးမှာပင် စကားတွေပြောနေတုန်း သူငယ်ချင်းစကားတစ်ခွန်းက "မကောင်းတာမလုပ်နှင့် ကောင်းတာလုပ်" ဆိုသည့်စကားလေးကို သက်သေပြလိုက်လေသည်။

"ကဲ ... သူငယ်ချင်းစာရေးဆရာမင်း နဲ့ငါ မတွေ့တာကြာပြီ၊ တစ်ဆိုင်ဆိုင်မှာ နံက်စာစားရင်း စကားပြောကြရအောင်"

တကယ်တော့ အဖြူရောင်စိတ်ကူးလေးနှင့် ပေးဆပ်စွန့်လွှတ်ခြင်း အကျိုးဆက်ကို ယခု မိနစ်ပိုင်းလေးအတွင်းမှာပင် ကျွန်တော် လက်တွေ့ခံစားလိုက်ရခြင်းပင် ဖြစ်သည်။

အထက်ပါဖြစ်စဉ်လေးကို ကျွန်တော် ရိုးရိုးလေး တွေးကြည့်သည်။ ရပိုင်ခွင့်ကို စွန့်လွှတ်ခြင်းသည် ပေးဆပ်ခြင်းဖြစ်၏။ ပေးခြင်းသည် ဒါနဖြစ်သည်၊ ယခုဘဝပေးခြင်းသည် နောက်ဘဝတစ်ခုသို့ အသွား ကုသိုလ်ယူသွားခြင်း ဖြစ်သလို၊ တပ်မက်တွယ်တာမှုကိုလည်း လျော့ချလိုက်ခြင်းဖြစ်သည်။ ထို့ပြင် တစ်စုံတစ်ယောက် စိတ်ကျေနပ်စေရန် ဝန်ဆောင်မှုပေးခြင်းလည်း ဖြစ်သည်။

ထို့ကြောင့် ကောင်းတာလုပ်ခြင်း မကောင်းတာကို ရှောင်ခြင်းနှင့် မိမိစိတ်ကိုဖြူစင်အောင် ထားခြင်းများသည် ဗုဒ္ဓဘာသာဝင်အစစ်တို့၏ တာဝန်များပင်ဖြစ်လေသည်။

မောင်မိုးဦး




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရပ်မှန်ဝတ္ထု

# အိပ်မက်ပေးတဲ့ လူကြောက်ကလေး

နန္ဒာမိုးကြယ်

မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီးခါစ ကာလမကြာခင်မှာပင်ဖြစ်သည်။

နယ်ချဲ့၏ သွေးထိုးလှုံ့ဆော်ပေးမှုကြောင့်လား မဆိုသာ။

တိုင်းပြည်၏ အခြေအနေသည် ဝါးအစည်းပြေသည့်အလား ဖရိုဖရဲဖြစ်လာ၏။ ရဲဘော်ဖြူ၊ ရဲဘော်ဝါ၊ ကွန်မြူနစ်၊ အလံနီ စသည်ဖြင့် ဝါဒရေးရာ အဖြာဖြာတို့ကို ရှေ့တန်းတင်လျက် သူတစ်လူ ငါတစ်မင်း ဖြစ်လာကြပြီး လက်နက်ကိုင် တောခိုသူတောခိုကြကုန်၏။ လက်ရှိအစိုးရမှာလည်း ဖဆပလ နှစ်ခြမ်းကွဲကာ ဦးနု၏ သန့်ရှင်းအစိုးရနှင့် ဦးကျော်ငြိမ်း၏ တည်မြဲအစိုးရတို့ မဲပုံးထောင်ကြတော့သည်။

လက်နက်ကိုင် တောခိုသူတို့မှာတကျိမ်းကျိမ်း။

ပြည်သူအပေါင်းတို့မှာ ပြည်တွင်းငြိမ်းချမ်းရေး ပြိုကွဲလာခြင်း၊ ပြည်တွင်းစစ်များ ဖြစ်ပွားလာခြင်းတို့အတွက် ဘဝရပ်တည်မှု အခြေအနေမှာ လုံခြုံမှု သိပ်မရှိတော့။ သည်ကြားထဲ တောမီးအလောင်ကို လက်ခမောင်းထခတ်ရန် စောင့်နေကြသော တောကြောင်တွေဆိုသည်မှာ နေရာအနှံ့။ အထူးသဖြင့် ကျေးလက်တောရွာများ၊ ဝေးလံခေါင်ဖျားဒေသနေ ပြည်သူများအဖို့ ပြည်တွင်းလက်နက်ကိုင် သောင်းကျန်းသူတို့ကိုလည်း ကြောက်ရ၊ ခိုးသားဓားပြတို့ကိုလည်း စိုးရွံ့ထိတ်လန့်ရနှင့် ကျီးလန့်စာစား နေထိုင်ကြရလေသည်။

'လက်ဆွဲချောင်း' ဟူသော ကရင်-မြန်မာ ရွာကလေးကား မြစ်ဝကျွန်းပေါ်ဒေသ၌ တည်ရှိလေသည်၊

www.burmeseclassic.com

သေချာစွာ ဆိုရလျှင် ဧရာဝတီတိုင်း၊ မအူပင်မြို့နယ်၊ ဓနုဖြူမြို့ တစ်ဖက်ကမ်း၌ တည်ရှိပြီး လယ်ယာစိုက်ပျိုးရေးကို အဓိကထား အသက်မွေးဝမ်းကျောင်းပြုရသော ရွာကလေးပဲ ဖြစ်သည်။

အဆိုပါ လက်ဆွဲချောင်းရွာကလေး၌ ကိုဘရင်နှင့် မဆင်မေဆိုသော လင်မယားတို့ နေထိုင်ကြသည်။ ကိုဘရင်က ကရင်လူမျိုး လက်ဆွဲချောင်းရွာသားဖြစ်ပြီး မဆင်မေမှာ မြန်မာလူမျိုး အဖျောက် ပန်းတုံးပိတ်ရွာသူ ဖြစ်လေသည်။ ကိုဘရင်၏ အလုပ်က စပါးပေါ်ချိန် စပါးအငှားရိတ်သည်။ သရက်ပေါ်ချိန်၌ သရက်ခြံများကိုချုပ်ပြီး သရက်ကုန်ကူးသည်။ ရံဖန်ရံခါ ဒေသထွက်ကုန်တစ်ခုဖြစ်သော သင်ဖျူးဖျာများကို ဖောက်သည်ယူကာ ရန်ကုန်သို့ တက်ရောင်းသည်။ ဇနီးဖြစ်သူ မဆင်မေက ရံဖန်ရံခါ ဆေးပြင်းလိပ် လိပ်သည်။ သင်ဖျူးဖျာရက်သည်။ သည်လိုမျိုး မောင်တစ်ထမ်း မယ်တစ်ရွက် တက်ညီလက်ညီ လုပ်ကိုင်သည့်အတွက် လင်မယားနှစ်ယောက်၏ နှစ်ဝမ်းနှစ်ခါမှာ ပူပင်စရာသိပ်မရှိပေ။

သို့သော်ငြား ကာလဆိုး၊ ကာလကြပ်ထဲ၌ စီးပွားရှာသည်ဆိုတော့ အဆင်ချောသည်လည်း ရှိသကဲ့သို့ အဆင်မချောသည်လည်း ရှိသည်ပင်။ သည့်ထက် ရောင်စုံသောင်းကျန်းသူများ၊ ခိုးသားဓားပြများ ဝင်လာမည်ကိုလည်း စိုးတထိတ်ထိတ် ဖြစ်နေရသည်။ အစိုးရလက်နက်ကိုင်တပ်များ ဝင်လာလျှင်တော့ နေရထိုင်ရအကောင်းသား။ သို့ရာတွင် အစိုးရတပ်များက အမြဲတမ်း စခန်းချသည် မဟုတ်။ ဝင်လာပြီး သိပ်မကြာခင်မှာပင် အခြားတစ်နေရာသို့ ရွှေ့သွားကြရပြန်သည်။

တကယ်တမ်းသာ ခေတ်အခြေအနေ အေးချမ်းမည်ဆိုပါက လက်ဆွဲချောင်းရွာကလေးသည် အတော်ကလေးကို နေဖို့ ထိုင်ဖို့ကောင်းသည့် ရွာကလေးပဲဖြစ်သည်။ ကိုဘရင် မဆင်မေတို့ ခြံကလေးမှာ အပင်ကြီးအပင်ငယ်တွေက အုပ်အုပ်ဆိုင်းဆိုင်း။ ဝါးပိုးဝါးရုံ၊ ဝါးနက်ရုံတွေ ရှိသလို စိမ်းစားသရက်ပင်၊ ရင်ကွဲသရက်ပင်တို့မှာလည်း ထီးထီးမားမား။ နွေဦးသစ်ပြီဆိုသည်နှင့် မန်ကျည်းရွက်များနှင့်အပြိုင် အရွက်နုကလေးများ ထွက်လေ့ရှိသည့် ရေသနပ်ပင်၊ ခွေးမကြီးနို့ ခွေးကလေးတွေ ပိုင်းစို့သည့်အလား အသီးရင့် အသီးကင်းတို့ ပြွတ်တွဲနေသည့် သဘော်ပင်များက ဝေဝေဆာဆာ။ ထို့ထက် ကိုဘရင် ဝါသနာအရ စိုက်ပျိုးထားသော ရွက်လှပင်အမျိုးအစား အစုံစုံတို့က ခြံအလှကို တင့်တယ်စေသည်နှင့် အမျှ ခြံစည်းရိုး၌ စီတန်းလျက် ရှိကြသော ကွမ်းသီးပင်တို့မှာလည်း အပြိုင်းအရိုင်း။ သည်တော့လည်း ခံနေတတ်လျှင် ကျေနပ်စရာတွေက အများကြီးဟု ဆိုရလိမ့်မည်။

ရွာကလေးမှာက ပညာရေးနှင့် စပ်လျဉ်းပြောဆိုရလျှင် ကျေးရွာမူလတန်းကျောင်းကလေးတစ်ကျောင်းသာ ရှိသည်။ စာသင်သားတို့မှာ လေးတန်းအောင်ပြီဆိုသည်နှင့် ရှေ့ဆက်မတက်ကြတော့။ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းတို့ တက်ဖို့ဆိုသည်က လက်ဆွဲချောင်းရွာနှင့် အတော်အတန်ဝေးသော ဆကာကြီးသို့ ရွာစဉ်တစ်လျှောက်ဖြတ်ကာ သွားတက်ရသည်။ စက်ဘီးရှိလျှင်တော့ မဆိုး။ ရွာမှာက စက်ဘီးဝယ်နိုင်သူဆို၍ ကုန်စုံဆိုင်ပိုင်ရှင် ကိုကျင်မောင် မအမြင့်တို့သာလျှင်ရှိသည်။ သည်တော့လည်း ရွာရှိကလေးများမှာ လေးတန်းအောင်ပြီးသည်နှင့်လည်းကောင်း၊ လေးတန်းမအောင်သည့်တိုင်အောင် သေစာရှင်စာမက ဖတ်တတ်ပြီဆိုသည်နှင့် ကျောင်းမှထွက်ကာ မိဘလက်ငုတ်လက်ရင်း အလုပ်များထဲသို့ ဝင်ရောက်ကြသည်သာများလေသည်။ ဤ၌ ကိုဘရင် မဆင်မေတို့မှာလည်း ဘာထူးမှာတဲ့နည်း။ ပညာရေးနှင့် ပတ်သက်၍ သေစာရှင်စာမျှသာ တတ်မြောက်ခဲ့သည် မဟုတ်လော။

"မဆင်မေရေ . . တို့များ သားသမီးတွေ ရလာရင်လေ တို့လို ပညာ



www.burmeseclassic.com

www.burmeseclassic.com

မတတ်၊ ဘာမတတ် မဖြစ်စေရဘူး၊ အတန်းပညာတွေ အများကြီးသင်ပြီး ပညာတတ်တွေ လုပ်နိုင်းမယ်ဟော့"

"ကောင်းတာပေါ့ ကိုဘရင်ရယ်၊ ဒါမှလည်း ကျွန်မတို့ရဲ့ အမျိုးအနွယ်က မြင့်လာမှာ မဟုတ်လား"

ကိုယ်တိုင်အတန်းပညာ မရှိလင့်ကစား ရန်ကုန်သို့ မကြာခဏ ရောက်လေ့ရှိသော ကိုဘရင်အဖို့မတော့ ပညာတတ်ဖြစ်လျှင် လူနေမှု မြင့်မားသည်ကို သဘောပေါက်နေခဲ့ပြီ ဖြစ်သည်။ သို့ဖြစ်၍လည်း သားသမီးများ ရလာလျှင် ပညာတွေတတ်လျှင် လူတစ်လုံးသူတစ်လုံး ဖြစ်ရမည်ဟု ရည်ရွယ်ရင်းရှိလာခဲ့သည် မဟုတ်ပါလား။

ကိုဘရင်နှင့် မဆင်မေတို့၏ အသက်က အတော်ကလေးကွာသည်။ ပြောရလျှင် ကိုဘရင်၏ အသက်က မဆင်မေထက် ၁၅ နှစ်ကြီးသည်။

ဟုတ်,မဟုတ်တော့ မသိ။ သို့ရာတွင် လက်ဆွဲချောင်းတစ်ရွာလုံးကတော့ မဆင်မေကို လူဝင်စားဟု ယုံကြည်ထားကြသည်။ မဆင်မေသည် ယခင်ဘဝက လက်ဆွဲချောင်းသူ ဖြစ်ခဲ့သည်။ ဆွေကြီးမျိုးကြီးထဲက ဖြစ်သည်။ အိမ်ထောင်လျက်သားကျ၊ သားသမီးတွေ မွေးဖွားပြီးနောက် အဖျောက်-ပန်းတုံးပိတ်ရွာ၌ လူလာဖြစ်ခဲ့သည်။ ဒါကို ယခင်ဘဝက မောင်တော်စပ်သူတွေ ပန်းတုံးပိတ်အလှူသွားရင်း တွေ့ကြုံခဲ့ခြင်းဖြစ်သည်။ မဆင်မေသည် အတိတ်ဘဝက သူ့မောင်တွေ၊ သူ့အိမ်သားတွေ၊ သူနေထိုင်ခဲ့ပုံတွေ၊ သူ့အဝတ်အစားတွေ တစ်ခုမကျန် ခရေစေ့တွင်းကျတိကျစွာ ပြောဆိုနိုင်၍ အံ့အားတသင့်ဖြစ်ခဲ့ပြီး လက်ဆွဲချောင်းကို ခေါ်ခဲ့ရာမှ ကိုဘရင်နှင့် ရေစက်ဆုံခဲ့ရခြင်းဖြစ်သည်။ ရေစက်မဆုံ၍လို့လည်း မဖြစ်။ အတိတ်ဘဝက ခင်ပွန်းတော်စပ်သူခဲ့ဖူးသော သက်ကြားအိုကြီးက အမြဲလို ရွှေစွန်ညို လုပ်နေခဲ့သည် မဟုတ်ပါလား။ ကိုဘရင်နှင့် အိမ်ထောင်ကျပြီးသည့်နောက် အတိတ်ဘဝကို လုံးဝသင်ပုန်းချေလိုက်သည်။ လူဝင်စားအကြောင်း တစ်စကလေးမျှပင် မဟတော့။

အသက်အတော်ကလေး ကွာဟတော့ ကိုဘရင်အဖို့ မဆင်မေအပေါ် ချစ်ခြင်းမေတ္တာ အပြည့်အဝဖြင့် များစွာမှ အကြင်နာပိုခဲ့ရသည်။ မဆင်မေကလည်း မယားဝတ္တရား လုံးဝမလစ်ဟင်းစေခဲ့။ သည်လိုနှင့် ဒိုးတူဘောင်ဘက် လုပ်ကိုင်စားသောက်ရင်းမှ မဆင်မေ ကိုယ်ဝန်ရလာခဲ့သည်။ သည်အခါ ဝမ်းမြောက်ဝမ်းသာမဆုံး ဖြစ်ရသည်မှာ ကိုဘရင်ပဲဖြစ်သည်။

"ဝမ်းသာလိုက်တာ မဆင်မေရယ်၊ သည်ကနေ့ကစပြီး ပင်ပန်းတဲ့ အလုပ်ဆိုလို့ ဘာတစ်ခုမှ မလုပ်နဲ့၊ သက်သောင့်သက်သာနဲ့ အေးအေးဆေးဆေးသာနေ၊ ကိုဘရင် အားလုံးလုပ်ပေးမယ်၊ ကျန်းမာရေးကိုပဲ ဂရုစိုက်၊ မိခင်ကျန်းမာမှ ရင်သွေးလည်း ကျန်းမာမှာကွယ့်"

"အို . . . ကိုဘရင်ရယ်၊ အလဟဿတော့ မနေချင်ပါဘူးတော်၊ ကျုပ် လုပ်နိုင်တာလေးတွေတော့ လုပ်ပါရစေ၊ ကိုယ်ဝန်က မွေးဖို့ဖွားဖို့ရာ အချိန်တွေ အများကြီး လိုပါသေးတယ်၊ လှုပ်လှုပ်ရှားရှားလေးရှိမှ ကျန်းမာတာရှင့်"

သည်တော့လည်း ကိုဘရင်အဖို့ မဆင်မေ အလိုကျ ခွင့်ပြုရသည်သာပင်။ ဘာပဲဖြစ်ဖြစ် ကိုဘရင်အဖို့တော့ သူတို့လင်မယား၏ ကမ္ဘာကလေး အတွင်းသို့ ရတနာနှောင်ကြိုးကလေး တစ်မျှင် တိုးလာမည့်အရေးအတွက် တိုးတိုးပြီး ပျော်ရွှင်ကြည်နူးနေရသည်သာတည်း။

❖

ထူးတာတော့ ထူးသည်။

အချို့သော ကိုယ်ဝန်ဆောင်မိန်းမသားများ ကိုယ်ဝန်ရင့်လာသည်ဆိုလျှင် ဝမ်းဗိုက်အနေအထားက စူပြီးမောက်လာတတ်စမြဲ။

မဆင်မေကျတော့ သည်သို့ မဟုတ်။ ကိုယ်ဝန်စဆောင်ပြီးသည့်နောက် တစ်လပြီး တစ်လသာ ကြာ



www.burmeseclassic.com

www.burmeseclassic.com

သွားခဲ့သည်။ ဝမ်းဗိုက်အနေအထား က နဂိုဒုံရင်းမှ ဒုံရင်းအတိုင်း။ သွေး လုံးလေလုံးတွေများ ဖြစ်နေမလား စုံစမ်းကြည့်တော့ ဝမ်းဆွဲဆရာမ ဒေါ်မြည္ဆွန့်က. . .

"ဟဲ့ မောင်ဘရင် နှင့်မိန်းမ မဆင်မေရဲ့ ကိုယ်ဝန်ဟာ တကယ့် ကိုယ်ဝန်ပါဟဲ့၊ ကိုယ်ဝန် စရှိပြီဆို ကတည်းက ဘယ်မှာ ဓမ္မတာပေါ် တော့လို့လဲ"

ဒါတော့လည်း ဟုတ်ပေသား။ ကိုယ်ဝန်စရှိပြီ ဆိုကတည်းက ရာသီ ပန်း မပွင့်တော့။

"အဲ. . . ဝမ်းဗိုက်ပူမလာတာက တော့ ထူးခြားသလိုပဲ၊ ငါ့ဝမ်းဆွဲလုပ် သက်တစ်လျှောက်လုံးမှာလည်း ဒါမျိုး မကြုံဖူးပါဘူး၊ အင်း ရန်ကုန်လို မြို့ ကြီးပြကြီးသွားပြီး စမ်းသပ်ရင်တော့ အဖြေတစ်ခုခုတော့ ထွက်လာမှာ အမှန်ပဲ"

သည်အခါကာလတုန်းက ရန်ကုန် ကို သွားရသည်မှာ မလွယ်။ မနက် ခင်း ရွာမှ ဆကာကြီး ကျားကျွန်းသို့ သွားကာ ဧရာဝတီသင်္ဘောဖြစ်ဖြစ်၊ ကြားသင်္ဘောဖြစ်ဖြစ် ကြက်ခြင်းများ၊ ကုန်စည်များအကြား တိုးဝှေ့နေရာယူ ကာ တစ်ညလုံး အချိန်ဖြုန်းပြီးပါမှ ရန်ကုန်ရောက်တော့သည်။ ရောက် တော့ရော အဘယ်မှာ တည်းခိုရပါ မည်နည်း။ တကယ့်ကို မျက်စိသူငယ် နားသူငယ်ဘဝမျိုး။ သည်တော့လည်း ရန်ကုန်သွားဖို့အရေးကို သံယောဇဉ် ဖြတ်တောက်ပစ်လိုက်ရသည်။

သည်ကာလမှာပင် မမျှော်လင့် သော ကြမ္မာဆိုးတွေက ဝင်လာခဲ့ သည်။

ရွာတွင်းသို့ ဝင်လာသော သူပုန် တပ်နှင့် အစိုးရတပ်တို့ ထိပ်တိုက် ရင်ဆိုင်တိုးကာ တိုက်ပွဲဖြစ်ကြတော့ သည်။

"ဒိန်း. . . ဒိန်း"

"ဒက်. . ဒက်. . ဒက်. . ဒက်"

"ဒုတ်. . ဒုတ်. . ဒုတ်. . ဒုတ်"

"ရှီး. . . ဒုံး"

ပစ်ခတ်သံများ၊ ပေါက်ကွဲသံများ က နားကွဲလုမတတ်။ ပြည်တွင်းငြိမ်း ချမ်းရေး မရှိ၊ အပစ်အခတ်တွေက မရပ်စဲ။ သည်တော့ ပြည်သူပြည်သား အပေါင်းတို့မှာ မြေစာပင်တွေ ဖြစ်ကြ ရချေသည်။

"မဆင်မေ အိမ်အောက်က ကျင်းထဲကို ဝင်ပုန်းလေ၊ ဝင်ပုန်း"

"ရှင်လည်း လိုက်ခဲ့လေ ကိုဘရင်"

"လိုက်ခဲ့မယ်၊ မင်း အရင်ဝင်ပုန်း နှင့်၊ ဟော ဟိုမှာ ဆရာမ မရင်မြတို့ ပြေးလာနေကြပြီ၊ သူတို့ကိုလည်း ခေါ်လိုက်ပါ"

သည်လိုမျိုးအခြေအနေတွေကို ရိပ်စားထားမိသည့်မို့ ဝဲပျံလျက်ရှိ သော ကျည်ဆန်များရန်မှ ကင်းလွတ် စေရေးအတွက် အိမ်အောက်၌ ပုန်းခို ဝပ်နားဖို့ရာ ကျင်းထူးထားခဲ့ရသည်။ မဆင်မေတို့ မြေကျင်းထဲအရောက်မှာ တော့ ကိုဘရင်လည်း ခြေတံရှည် အိမ်ကလေးထက်မှ အလျင်စလို ခုန် ဆင်းလိုက်သည်။

"ဟာ. . အား. . နာလိုက်တာ"

မြေပြင်၌ ပုံလျက်သားလဲကျ သွားသည်။ ရုတ်တရက် အားယူ၍ ထကြည့်လိုက်သည် မရ။ လှုပ်ရှား လိုက်တိုင်း ညာခြေတစ်ဖက်က မခံ မရပ်နိုင်လောက်အောင် နာကျင်လွန်း လှသည်။ တကယ်တော့ ကိုဘရင် တစ်ယောက် ခြေသလုံးပွတ်တိုင် လည်သွားခဲ့ခြင်းပင်။

"ကိုဘရင်. . . ကိုဘရင်"

"အေး. . . ငါ လာနေပါပြီ"

ပြောမည်သာ ပြောရသည်၊ ခြောက်ပေ၊ ခုနစ်ပေလောက်နေရာ ကို ဒရွတ်တိုက်ဆွဲလာခဲ့ရသည်။ နာ ကျင်ခံစားရသည်မှာ ပြောစရာပင် မရှိ တော့။

❖

ခြေသလုံးပွတ်တိုင် လည်သွား သည့် ဝေဒနာကို သုံးလေးလမကာ ခံစားနေရသည့်အတွက် ယောက်ျား သားတစ်ယောက် ဖြစ်လင့်ကစား မည်သည့်စီးပွားရေးမှ မလုပ်နိုင်။ အိပ်ရာထက်မှာပင် လဲနေရသည်။ မဆင်မေ သင်ဖျူးရက်ခလေးနှင့်ဝင် မနက်မီး ညမီးကို ဆက်နေရတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com

ခေတ်မီဆေးဝါးတို့နှင့် အကုသမခံရလင့်ကစား ဗိန္ဓောဆရာဦးအောင်ကြီး ဖော်စပ်သော မိဿလင်၊ လင်းနေ၊ မြင်းချေး စသော ဒဏ်ကြေးဆေးတို့ဖြင့် ကာလအတန်ငယ်ကြာမသက်သာသည့်အခြေ ရောက်ခဲ့ရသည်။ ဒါတောင် လမ်းလျှောက်လျှင် တောင်ဝှေးမပါဘဲ မရ။ သည်အခြေအနေမျိုးမှာ ဘယ်လိုလုပ် သရက်ကုန်၊ သင်ဖျူးဖျာကုန် ကူး၍ရမှာတဲ့နည်း။ စပါးရိတ်မည် ဆိုပြန်တော့လည်း စပါးရိတ်ချိန်မှ မဟုတ်ဘဲ။

“ကိုဘရင်ရယ် စိတ်ဓာတ်မကျပါနဲ့၊ ရှင်နဲ့ ကျွန်မနဲ့ တစ်ဝမ်းတစ်ခါးအတွက်ကတော့ ကျွန်မ သင်ဖျူးဖျာရက်ခနဲ့ အဆင်ပြေနိုင်ပါတယ်တော်”

သည့်အတွက် အမရာ၊ ကိန္နရီ၊ မဒီ၊ သမ္ဘူလ မဟုတ်လင့်ကစား မဆင်မေအပေါ် ကျေးဇူးတင်ရပါသည်။

သည်အနေအထား ချို့ငဲ့လှသော အခြေအနေမှာပင် တစ်ညမှာတော့ ထူးထူးကဲကဲ ဆိုသလို မဆင်မေ မခံမရပ်နိုင်လောက်အောင် ဗိုက်နာလာသည်။

“အား. . . အမယ်လေး နာလိုက်တာ၊ ဘယ်လိုမှန်းမသိအောင် နာလိုက်တာ ကိုဘရင်ရယ်၊ ဒေါ်မြညွန့်ကို ခေါ်ပေးပါ”

“အေး. . အေး. . ဘာမှမပူနဲ့ မဆင်မေ၊ ငါ အခုပဲ သွားခေါ်ပါ့မယ်”

လက်စွဲတော် တောင်ဝှေးကလေးကိုဆွဲလျက် အိမ်ပေါ်မှ ဆင်းလာတော့ အိမ်နီးနားချင်းဖြစ်သူ ငတိုး ရောက်လာသည်။

“အစ်ကိုဘရင် ဘယ်လဲဗျ”

“ဟာ ငတိုး၊ မင်းအစ်မ ဗိုက်နာလို့တဲ့ကွာ၊ အဲဒါ ဒေါ်မြညွန့်ကို သွားခေါ်မလို့”

“နေ. . . နေ. . . အစ်ကိုဘရင် အစ်မဆင်မေအနားမှာပဲနေ၊ ကျွန်တော် ပြေးပြီးသွားခေါ်ပေးပါ့မယ်”

“ကျေးဇူးပါပဲ ငတိုးရယ်”

ငတိုး ပြေးထွက်သွားတော့ သေကောင်ပေါင်းလဲ အော်ဟစ်ညည်းညူနေရှာသော မဆင်မေအပါး ကိုဘရင် ရောက်သွားခဲ့ရသည်။

“ဘာမှမပူနဲ့ မဆင်မေ၊ ငတိုး သွားခေါ်နေတယ်၊ ခုပဲ ဒေါ်မြညွန့် ရောက်လာပါလိမ့်မယ်”

“အား. . . ကျွတ်. . . ကျွတ်. . . အမလေး. . လေး. . ”

မကြာခင်မှာတော့ ငတိုးနဲ့အတူ ဒေါ်မြညွန့် ရောက်လာသည်။ ပြီးတော့ မဆင်မေကို စမ်းသပ်သည်။

“ကဲ. . နင်တို့ အရှေ့ခန်း ထွက်နေကြ၊ ဒါ မီးဖွားချင်တဲ့လက္ခဏာပဲ”

“ဗျာ. . . ”

ကိုဘရင် အံ့သြသွားရသည်။ ဗိုက်ကြီးသည့် လက္ခဏာ မရှိပါဘဲနှင့် မဆင်မေ မီးဖွားတော့မတဲ့။ ဟုတ်မှဟုတ်ပါသေးရဲ့လား။ မည်သို့ဆိုစေ မိန်းမတို့ကိစ္စကို သူ မသိ။ အိမ်ရှေ့ခန်းသို့ ထွက်နေလိုက်၏။ ငတိုးကမူ ရေနွေးအိုး တည်နေသည်။

မကြာခင် အိမ်ခန်းတွင်းမှ ဒေါ်မြညွန့်၏အသံ ကြားရသည်။

“မွေးပြီးကွယ့်. . မွေးပြီ၊ ဟဲ့ မဆင်မေ ဟောဒီစမုံနက်ထုပ်ကလေးကို ငယ်ထိပ်ပေါက်သွားလောက်အောင် ရှူစမ်း. . . ရှူစမ်း”

မွေးပြီသာဆိုသည်။ ကလေးငိုသံကို မကြားရ။ သည်တော့ ကိုဘရင်ခမျာ ရင်အစုံ လှိုက်မောသည်နှင့် အမျှ ထိတ်လန့်တုန်လှုပ်နေရသည်။

“ဗျို့. . ဒေါ်မြညွန့်၊ ဘာလေးမွေးလဲဟင်၊ မဆင်မေကော နေကောင်းရဲ့လား”

“ဟဲ့. . . တိတ်တိတ်နေစမ်း၊ ငါ ထွက်လာခဲ့မယ်၊ နင့်မိန်းမ ဘာမှမဖြစ်ဘူး၊ ပင်ပန်းလို့ မှိန်းနေတာ”

သည်စကားကြောင့် ဝေဒနာတစ်ဝက် လျော့ပါးသွားရသည်။ ကျန်မဝေဒနာတစ်ဝက်ကတော့ ရင်သွေးအတွက် ဝေဒနာ။

“ဟဲ့. . သည်ကို လာကြည့်”

“ဟင်. . ”

စကောချပ်ကလေးထဲမှာတော့ လက်မအရွယ်သာသာ သားတစ်ကလေးတစ်ခု။

သေသေချာချာ ကြည့်လိုက်တော့ ယောက်ျားကလေး အင်္ဂါနှင့်။ အရွယ်က အဆမတန်ကို သေးငယ်လွန်းလှ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ပြီးတော့ အဆိုပါသားတစ်ကလေးက လှုပ်ရှားမှုဟူ၍ လုံးဝမရှိ။

"အဲဒါ မင်းအမြင်ပဲ၊ မင်းမိန်းမ နေ့စေ့ လစေ့ ဖွားတာတော့မှန်တယ်၊ ဒါပေမဲ့ သူ့ဗိုက်က ကြီးမလာဘူး၊ အတော်တော့ ထူးဆန်းတာပဲ၊ ငါ့ဝမ်းဆွဲ အလုပ်တစ်သက်မှာ တစ်ခါမှ ဒါမျိုး မကြုံဖူးဘူး။ သည်အသားတစ်ကြည့်ရတာ ဘာဆိုဘာမျှ လှုပ်ရှားမှု မရှိတော့။ အသက်ပါမလာတာ သေချာတယ်၊ မင်းလည်း ကြည့်ပါဦး"

ကိုဘရင် ကြည့်တော့လည်း ဒေါ်မြညွန့် ပြောသကဲ့သို့ပင် ဖြစ်နေသည်။

"ဒါ. . ဒါဆို ဘယ်လိုလုပ်ရမလဲဗျာ၊ ပြောပါ ဒေါ်မြညွန့်"

"ငါ့အထင်တော့ မြေမြှုပ်ပစ်လိုက်တာ အကောင်းဆုံးပဲ၊ မြှုပ်ဆိုဘယ်သူမှ မသိခင်မြှုပ်တာ အကောင်းဆုံး၊ တော်ကြာ လူတွေ သိကုန်ရင် တစ်ယောက်တစ်ပေါက် ဖြစ်ကုန်မယ်၊ သွား. . သွား. . လုပ်စရာရှိတာလုပ်"

အိမ်အောက်ကိုကြည့်တော့ ရေနွေးအိုးတည်နေသည့် ငတိုး မရှိ။ သူ့အိမ်သို့ ခေတ္တပြန်သွားဟန်ရှိသည်။ သည်တော့လည်း ထူးဆန်းသောယောက်ျားအင်္ဂါပါ သားတစ်ကလေး မွေးဖွားခြင်းအတွက် အုတ်အော်သောင်းတင်း မဖြစ်ရလေအောင် တူရွင်းတစ်ချောင်းဆွဲလျက် လရောင်ကင်းလွတ်ရာ ကွမ်းသီးပင်တစ်ပင်အောက်၌ အဆိုပါ သားတစ်ကလေးအား မြှုပ်နှံလိုက်တော့သည်။

ကိစ္စပြီးပြီဆိုတော့ ငတိုးကို ကြည့်ကောင်းအောင် ပြောဆိုပြီး ဒေါ်မြညွန့်အား လိုက်ပို့ခိုင်းလိုက်ရသည်။

ထိုည၌ ကိုဘရင် တော်တော်နှင့် အိပ်မပျော်ခဲ့။ မိုးလင်းခါနီးပါမှ မှေးခနဲ အိပ်ပျော်သွားတော့သည်။ ထိုသို့ အိပ်ပျော်စဉ် တစ်ခါမျှ မမက်စဖူးသော အိပ်မက်တစ်ခု မက်တော့သည်။

အိပ်မက်ထဲ၌ သူ မြှုပ်နှံခဲ့သော သားတစ်ကလေးသည် သူ့အား စကားတွေ ပြောနေခဲ့လေသည်။

"ရက်စက်လိုက်တာ အဖေရယ်၊ သားဟာ အဖေနဲ့ အမေတို့ရဲ့ ဆင်းရဲခြင်းကို ကယ်တင်ဖို့ရာ ရောက်လာတဲ့ လူခြောက်ကလေးပါဗျာ၊ အသက်ရှိပါသေးတယ်၊ ဒါကို မစူးစမ်း မဆင်ခြင်ဘဲ မြေမြှုပ်ပစ်လိုက်တော့ အဖေတို့နဲ့ သားရဲ့ရေစက်ဟာ ပြတ်သွားပါပြီ၊ သားကို လာပြီးတော့လည်း ဖော်မနေပါနဲ့၊ ဖော်လည်း မထူးတော့ပါဘူး၊ သားရဲ့ခန္ဓာကိုယ်ကို ခွေးတွေ ယက်ဖော်ပြီး စားသွားပါပြီ"

အိပ်မက်မှ လန့်နိုးတော့ ကိုဘရင် တစ်ကိုယ်လုံးမှာ ချွေးတွေ ရွှဲနစ်နေလေပြီကော။

"ဘာတဲ့၊ အဖေနဲ့ အမေတို့ရဲ့ ဆင်းရဲခြင်းကို ကယ်တင်ရအောင် ရောက်လာတဲ့ လူခြောက်ကလေးတဲ့လား"

အဖေ မှားခဲ့ပြီ သားရေ၊ အဖေ မှားခဲ့ပြီ။

အသိနုံနဲ့၊ ဗဟုသုတခေါင်းပါး၊ ပညာမတတ်တဲ့ အဖေ့ရဲ့ လုပ်ရပ်ဟာ မှားခဲ့ပြီ။ သည်အမှားကို အဖေ သိပြီဆိုပေမယ့် နောက်ကျခဲ့ပါပေါ့လား သားရယ်၊ အဖေ့ကို ခွင့်လွှတ်ပါတော့။

ကိုဘရင်၏ နှလုံးသားထဲမှာတော့ ယူကြုံးမရဖြစ်ခြင်းတွေက ပုံတင်ထပ်လျက် ရှိနေတော့သည်။

❖

သည်အကြောင်းအရာကလေးကို တကယ့်ဖြစ်ရပ်လားဟု အမေးရှိလာလျှင် ဤစာရေးသူ မိမိအနေဖြင့်. .

"ဒါ တကယ့်အဖြစ်ပါပဲဗျာ"

ဟု ဝန်ခံလိုက်မည် ဖြစ်ပါသည်။

အဘယ့်ကြောင့် ဝန်ခံရလေသနည်းဆိုလျှင်ဖြင့် အဆိုပါ လူခြောက်ကလေးသည် ဤစာရေးသူ၏ အစ်ကိုအကြီးဆုံးဖြစ်ပြီး ဤစာရေးသူသည် အဖေ ဦးဘရင်၊ အမေ ဒေါ်ဆင်မေတို့၏ သားထွေး ဖြစ်သောကြောင့်ပါပေ။

ထူးထွေးတည့်အံ့ရာသော် မဟုတ်ပါလား။

နန္ဒာမိုးကြယ်



www.burmeseclassic.com

www.burmeseclassic.com

# ထူးထူးခြားခြား ပုံပြင်များ

## ဝက်သတ်သမား၏ ဇရဲ

ဟိုး . . ရှေးရှေးတုန်းက . . .

ဗာရာဏသီပြည်၌ 'စုန္ဒ' အမည်ရှိသော ဝက်သတ်သမား ရှိလေ၏။

စုန္ဒမှာ ဝက်များစွာကို မွေးမြူထားပြီး ဝက်များကြီးထွားစေရန် ဂရုပြုနေသူဖြစ်၏။ ၎င်းမှာ ဝက်သတ်ရာ၌ ကျွမ်းကျင်သူတစ်ဦးဖြစ်သလို အလွန်လည်း ရက်စက်လေ၏။ စုန္ဒ၏ မိတ်ဆွေများက -

"စုန္ဒရယ် . . မင်း ဝက်သတ်ရင် ငါတို့တွေ အဲဒါကိုကြည့်ပြီး ဝက်သားစားချင်စိတ်တောင်ပျောက်သွားတယ်"

ဟု ဆိုလေ၏။ စုန္ဒမှာ ဝက်များကို ကြီးထွားအောင် အမြဲသ,နေသလို ထိုသ,ပြီး ဂရုစိုက်ခဲ့သော ဝက်များမှာလည်း သူတို့၏ သေဘေးကို ကြိုသိနေကြပေ၏။

စိုးဝင်းထွဋ်း(တာမွေ)



www.burmeseclassic.com

www.burmeseclassic.com

ဝက်သတ်ရာတွင် နာမည်ကြီးလှသော စုန္နမှာ ဝက်ကြီးများကိုသတ်ခါနီးတွင် ပိုကြီးထွားစေရန် မလှုပ်နိုင်အောင် ကြိုးဖြင့် ချည်ကာထား၏။ ထို့နောက် အသားတိုးစေရန် တင်းပုတ်ဖြင့် ဖူးဖူးရောင်အောင် ရိုက်နှက်လေ၏။ ပါးစပ်မှလည်း . .

"ဟင်း ဟင်း . . တစ်ခါရိုက်ရင် ကစ်ပိဿာ တိုးတိုးလာတယ်"

ဟု ဆိုပြီး ရိုက်နှက်ကာ ဝက်အရှင်လတ်လတ် ပါးစပ်ကို ဖြဲ၍ တုတ်တံဖြင့် ထောက်ထားပြီး -

"ကဲ . . ဒီတစ်ခါ အရသာလေး မြည်းစမ်းကြည့်စမ်းပါ"

ဟု ဆိုကာ သံခွက်ဖြင့် ပူပူလောင်လောင် ကျိုက်ကျိုက်ဆူနေသော ရေနွေးကို ပါးစပ်ထဲလောင်းထည့်လေ၏။ ဝက်အရှင်မှာ နာကျင်ခံရခက်သော ဝေဒနာကို လူးလှိမ့်ကာ မချိမဆန့်ခံစားရပြီး ရေနွေးသည် ဝမ်းထဲဝင်၍ အစာဟောင်းကို တိုက်ချကာ ဖင်ဝမှ ထုတ်ဆောင်လေ၏။

သို့နောက် စုန္နမှာ ထိုသို့နှင့်မပြီး၊ ဝက်အရှင်၏ ကျောပေါ်သို့ ရေနွေးပူပူလောင်လောင်ဖြင့် လောင်း၍ထည့်ရာ မည်းသည့်အရေခွံတို့မှာ ကျွတ်ကာ ကျွတ်ကာ ကျလေ၏။ ပြီးမှ ဝက်ကိုယ်မှ အမွေးတို့ကို မီးတိုက်ပြီး ဓားဖြင့် လည်ကို အရှင်လတ်လတ် ဖြတ်ကာ သတ်လေ၏။ ထွက်ကျလာသည့် သွေးများမှာ မြင်မကောင်း ဖြစ်နေပြီး သွေးကို ခွက်ဖြင့် ခံယူကာ ယင်းသွေးနှင့် အသားကို ရောချက်ကာ သားမယားတို့နှင့်အတူ စား၍ အကျန်ကို ရောင်းချလေ၏။

> "အား . . နာကျင်လှချည်ရဲ့
> ငါ့ကို ဝေဒနာမခံစားရအောင်
> လုပ်ပေးကြပါတော့လား။
> ကယ်ကြပါ . . . လာ ကယ်ကြပါ"

စုန္နသည် ဤနည်းအတိုင်း (၅၅)နှစ်တိုင်တိုင် အသက်မွေးဝမ်းကျောင်းပြုပြီး ဘုရားကျောင်းအနီး၌ နေသော်လည်း တစ်ရက်မျှ ပန်းတစ်ဆုပ်၊ ဆွမ်းတစ်လုပ် လှူခြင်းကဲ့သို့သော ကောင်းမှုအနည်းငယ်တောင် မပြုခဲ့ပေ။ ဆွမ်းခံကြွလာပါက -

"ကန်တော့ပါသေးရဲ့"

ဟုသာ တွင်တွင် ပြောတတ်လေ၏။

တစ်နေ့သ၌ စုန္နမှာ အနာရောဂါကပ်ရောက်၍ အဝီစိငရဲမီးကဲ့သို့ ပူလောင်လာပြီး . . .

"ကယ်ကြပါ . . ငါ့ကိုယ်တစ်ခုလုံး မီးလိုပူလောင်လှချည်ရဲ့"

ဟု အော်ဟစ်ကာ သူသည် အိမ်ထဲ၌သာ ဝက်ကဲ့သို့ မြည်တမ်း ဟစ်အော်လျက် ဒူးနှစ်ဖက်ဖြင့်သာ လှည့်ပတ်လူးလား သွားလာနေရ၏။ ပါးစပ်မှလည်း -

"အား . . နာကျင်လှချည်ရဲ့၊ ငါ့ကို ဝေဒနာမခံစားရအောင် လုပ်ပေးကြပါတော့လား။ ကယ်ကြပါ . . လာကယ်ကြပါ"

ဟု ဝက်ကဲ့သို့ ဆူညံအော်ဟစ် မြည်တမ်းနေလေ၏။ ၎င်း၏ ဆူဆူဝါးဝါး အော်ဟစ်သံမှာ ပတ်ဝန်းကျင်ခုနစ်အိမ်တိုင်အောင် အိပ်စက်၍မရ။

ဇနီးမယား သမီးသားများက -

"ဒီရောဂါကသမားလည်း မကယ်နိုင်ပြီ၊ ငါတို့အတွက် ပတ်ဝန်းကျင်ဒုက္ခ မဖြစ်စေရန် ဖခင်ဖြစ်သူ၏ ဒုက္ခကို မမြင်ရက်၍ တံခါးများ ပိတ်လှောင်ထားမှ"

ဟု ဆိုကာ အိမ်သားတို့သည် အပြင်မထွက်နိုင်အောင် တံခါးများကို ပိတ်ထားပြီး အိမ်အပြင်မှ ဝိုင်း၍စောင့်နေကြ၏။ စုန္နမှာ ငရဲမီးဘမျှ ပြင်းပြပူလောင်ပြီး ကြမ်းပြင်၌ လူးလှိမ့်ကာ အစာရေစာ မစားနိုင်၊ မသောက်နိုင်ဘဲ အော်ဟစ်ကာ နေရလေ၏။

ခုနစ်ရက်လုံးလုံး ဟစ်အော်မြည်တမ်းကာ ဝေဒနာကို အလူးအလဲခံစားရသော စုန္နမှာ ထိုနေ့မှာပင် သေဆုံးခဲ့ရလေ၏။ သေသော် အဝီစိငရဲ၌ ကျခံရလေ၏။

စုန္န ဝက်သတ်သမားသည် ဤခုနစ်ရက်မှာ ဝက်များသတ်သည်မဟုတ်။ သူ့မှာ ပြုသည့်ကံနှင့်တူသည့်အကျိုး ထင်ရှားဖြစ်၍ အသက်ရှင်စဉ်ပင် အဝီစိငရဲ ခံခဲ့ရလေသတည်း။

ဆောင်ပုဒ်

အသက်ရှိသူ့ မှန်သမျှ ကိုယ်ချင်းစာ

စိုးဝင်းထွဏ်း(တာမွေ)

www.burmeseclassic.com

# ဒါဖတ်ပြီးမှ ထီထိုးကြ

မဟော်ဂနီ(သမထ)

ကံဆိုးနေတာလား၊ ကံကောင်းနေတာလားဆိုတာ ခွဲခြားသိနိုင်ဖို့အတွက်တော့ အကောင်းဆုံးနည်းကို ပြုပါဆိုလျှင် မြန်မာ့အောင်ဘာလေ ရွှေထီခေတ်ကြီးမှာ ဝင်နွှဲလိုက်ခြင်းပင် ဖြစ်သည်။ ကံဆိုတာ မမြင်ရတော့ ကံဆိုး၊ ကံကောင်း ဗေဒင်မေးနေရန်မလို၊ ထီထိုးကြည့်ရုံနဲ့ သိနိုင်ပါသည်။

"မလျှော့တတ်လျှင် ထီထိုးပါ"ဟု ညွှန်းချင်ပါသည်။ တခြားတခြား ကိစ္စတွေမှာ အရည်မရ၊ အဖတ်မရနဲ့ နေ့စဉ် ထွက်ငွေတွေ ပြုနေကြတာပဲ။ ကိုယ့်အကြောင်းကိုယ်သိ၊ ကိုယ့်ကံကိုယမိဖို့ ထီထိုးလိုက်ခြင်းကို ဖြုန်းတယ်လို့ မခေါ်နိုင်ပါဘူး။

သို့သော် တစ်ခုတော့ရှိသည်။ ငှက်အုပ်ထဲသို့ ထိချင်ရာထိသဘောမျိုးနဲ့ ပစ်မှာလား။ ဒါမှမဟုတ် မိမိစိတ်ကြိုက်အကောင်းကို ပစ်မှတ်ထား၍ သေချာကျနစွာ ပစ်မှာလား။ ရာခိုင်နှုန်းနဲ့ပဲ တွက်ကြည့်ပါ။ ထိချင်ရာထိ ပစ်ရင် ၂၀ ရာခိုင်နှုန်းလောက်တော့ ထိနိုင်ပါရဲ့။ ဒါပေမယ့် ကျကျနန စနစ်တကျ ချိန်ရွယ်ပစ်ခတ်ရင်တော့ ၈၀ ရာခိုင်နှုန်းလောက် သေချာမှာအမှန်ပင်။ ကံကို ဉာဏ်ကူဖို့တော့ လိုပြီနော်။

ဒါကြောင့် ခုနစ်ရက်သားသမီးတွေ အကျိုးများပြီး အပြုံးပွားနိုင်ဖို့ လမ်းညွှန်ချက်ကလေးတွေ ထီဝါသနာရှင်များအတွက် ဂမ္ဘီရဆောင့်မှ တင်ဆက်လိုက်ရပါသည်။ ဖြစ်နိုင်ရင်တော့ အကြံပေးပါရစေ။ ထီထိုးတဲ့အခါမှာ သုံးတဲ့ အစီရင်ယတြာလေးတစ်ခုပါ။ ရယ်စရာကောင်းပေမယ့် မရယ်ကြစေလိုပါ။

ထီထိုးတဲ့အချိန်မှာ ထီးတစ်လက်ကို ချိုင်းကြားညှပ်ပြီး ထိုးသင့်ပါတယ်။ ထီဓာတ်ကို ဖမ်းတဲ့ ဓာတ်ဆင်ခြင်းတစ်ခုလိုပဲ သဘောထားကြပါ။ ပြီးတော့ ရှိပါသေးတယ်။ ပန်းအိုးတစ်လုံးမှာ ဒေါနပန်း၊ ဒါမှမဟုတ်ရင် ဒန်းညွှန့် ၁၀ ညွှန့်ထည့်ပါ။ စက္ကူနဲ့လုပ်ထားတဲ့ သာသနာ့အလံ တစ်ချောင်းကိုလည်းထည့်ပါ။ ပြီးတော့ ရေဖြည့်ရမည်။ မိမိထိုးထားတဲ့ ထီလက်မှတ်တွေကို အဲဒီပန်းအိုးအောက်မှာ ဖိထားလိုက်ပါ။

ဒါတွေဟာ ထီဓာတ်ကို ဆွဲခေါ်တဲ့ ဓာတ်ဖမ်းနည်းတစ်မျိုး၊ တစ်နည်းအားဖြင့် ဓာတ်ဆင်နည်းတစ်မျိုးပင် ဖြစ်ပါသည်။

ဆက်လက်ပြီးတော့ ထီဂဏန်းရွေးချယ်တတ်ဖို့ တင်ပြလိုပါတယ်။ ဒိမိနဲ့ အကျိုးပေးတဲ့ အက္ခရာ၊ ဂဏန်းတွေကို ရွေးယူတတ်ဖို့ ဖြစ်ပါသည်။ ကြည့်လွယ်၊ သိလွယ်အောင် အောက်ပါဇယားကို လေ့လာစေလိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com

| မွေးနံ | အကျိုးပေးအက္ခရာ | အကျိုးပေးဂဏန်း | ထီထိုးရန်ရက် |
|---|---|---|---|
| တနင်္ဂနွေသားသမီး | ပ-ဖ-ဘ-ဗ-မ<br>သ-ဟ | (၁)အစ (၅)အဆုံး<br>(၁)အစ (၆)အဆုံး | တနင်္ဂနွေနေ့၊<br>ကြာသပတေးနေ့ |
| တနင်္လာသားသမီး | ဂ-ဂ-ရ-လ-ဝ | (၂)အစ (၄)အဆုံး<br>(၄)အစ (၄)အဆုံး<br>(၈)အစ (၂)အဆုံး | တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့၊<br>သောကြာနေ့ |
| အင်္ဂါသားသမီး | သ-ဟ<br>စ-ဆ-ဇ-ဈ-ည | (၆)အစ (၃)အဆုံး<br>(၃)အစ (၅)အဆုံး | အင်္ဂါနေ့၊ သောကြာနေ့ |
| ဗုဒ္ဓဟူးသားသမီး | က-ခ-ဂ-ဃ-င<br>ကက-ကခ-ကဂ | (၇)အစ (၄)အဆုံး<br>(၄)အစ (၂)အဆုံး | ဗုဒ္ဓဟူးနေ့၊ တနင်္လာနေ့၊<br>စနေနေ့ |
| ကြာသပတေး<br>သားသမီး | တ-ထ-ဒ-ဓ-န<br>အ | (၆)အစ (၁)အဆုံး<br>(၆)အစ (၆)အဆုံး | ကြာသပတေးနေ့၊<br>အင်္ဂါနေ့၊ တနင်္ဂနွေနေ့၊<br>သောကြာနေ့ |
| သောကြာသားသမီး | အ-ဖ-မ-စည | (၅)အစ (၅)အဆုံး<br>(၅)အစ (၃)အဆုံး<br>(၂)အစ (၅)အဆုံး | သောကြာနေ့၊ စနေနေ့ |
| စနေသားသမီး | ယ-ရ-လ-ဝ-ဏ<br>ၛ-၅-၃-ပ | (၇)အစ (၇)အဆုံး<br>(၉)အစ (၇)အဆုံး<br>(၈)အစ (၉)အဆုံး | စနေနေ့၊ တနင်္ဂနွေနေ့၊<br>ဗုဒ္ဓဟူးနေ့ |

အလွယ်တကူ သဘောပေါက်နိုင်သော ဤဗေဒင်ယားပါ စည်းကမ်းများကို လိုက်နာကျင့်သုံး၍ သိန်းဆု၊ သန်းဆုများကို ထိုက်ထိုက်တန်တန် ပိုင်ဆိုင်နိုင်၍ သာသနာတော်ကို ထောက်ပံ့နိုင်သော သန်းကြွယ်သူဌေးလောင်းများ ဖြစ်ကြပါစေသတည်း။

မဟော်ဂနီ(သမထ)



www.burmeseclassic.com

www.burmeseclassic.com

# စိတ်ရောဂါ ကိုယ်ပါ ချမ်းသာစေသည့် မေတ္တာ

■ ဝဏ္ဏလေဝင်းထိုက်

တစ်ခုသော နေ့တစ်နေ့၏ နံနက်ခင်း ၈ နာရီခွဲ အချိန်ခန့်တွင် ဖြစ်၏။ မြောက်ဥက္ကလာပမြို့ မယ်လမုစေတီ တော်မြတ်ကြီးအတွင်းရှိ နောင်တော်ကြီးစေတီတော်၏ ဗုဒ္ဓပုထုဇဉ် ... ဆောင့်တွင် အသက်အရွယ်အားဖြင့် ၆၀ ကျော်၊ ၇၀ အတွင်း ရှိမည်မှန်းရသော ဒေါ်မျိုးသားကြီးတစ်ယောက် တရားရှုမှတ် နေလေ၏။ မိနစ် ၃၀ မျှအကြာတွင် တရားအာရုံမှထကာ ဝေနေယျ ဒုက္ခိ၊ သုခိတ သတ္တဝါတို့အား အမျှဝေ၊ မေတ္တာ ပို့သခြင်းတို့ ပြုပြန်လေ၏။ ပြီး . . . ဘေးတွင် ချထားသော လွယ်အိတ်ကို ကိုင်စွဲကာ ထိုနေရာမှ ထလေ၏။ စေတီအဝင် ဝတွင်ထားခဲ့သည့် သူ၏ဖိနပ်ကို ကောက်ယူကာ ငမိုးရိပ် ချောင်းကမ်းပါးစပ်တွင် ဖွင့်လှစ်ရောင်းချသည့် စားသောက် ဖွယ်ရာ ဆိုင်တန်းများဆီသို့ ထွက်ခဲ့သည်။ မြောက်ဒဂုံမြို့နယ် ဝင့်ကြွေးတော်ပြေစေတီဘက်သို့ ကူးသည့် စက်တပ်ကူးတို့ ယာဉ်ဆိပ်အနီးရှိ စားသောက်ဆိုင်တစ်ခုတွင် ဝင်ကာ မုန့်ဟင်း ခါးနှင့် ကော်ဖီကို မှာယူစားသောက် နားခိုနေလေ၏။ သူကား ယခင်က တာမွေမြို့နယ်တွင် နေသူဖြစ်၏။ ယခုအခါ သူ၏ အာရုံကျရာ ဤမြို့နယ်၊ ဤစေတီတွင် ရက်ရှည် အမိဋ္ဌာန် လာရောက်ဝင်နေခြင်း ဖြစ်လေ၏။ သူ့အမည်ကား ဦးမောင် မောင် ဖြစ်၏။ အရပ်မှာ ၅ ပေ နှင့် ၈ လက်မခန့်ရှိ၏။ အညိုရောင်ဘက်များသော အသားရောင်ရှိ၏။ မျက်လုံးမျက် ဖန် ကောင်း၏။ လေးကိုင်းသဏ္ဌာန်ဖြစ်နေသော နှုတ်ခမ်း ထူထူတို့က သူ၏ရုပ်ရည်ကို ပို၍ခံ့ထည်စေ၏။ ဦးပြည်း ခေါင်းတုံးဖြစ်၏။ နှုတ်ခမ်းမွေး၊ ပါးမြိုင်းမွေး ကင်း၏။ ပကာတိ ကြည်လင်ရှင်းသန့်သော မျက်နှာဖြစ်လေ၏။ ဝတ်စားဆင်ယင် မှုလည်း ရိုးစင်းလွန်းလှ၏။ သူ့လည်တိုင်တွင် ပိုးကြိုးနက် ဖြင့် ဆွဲထားသော စာကြည့်မျက်မှန်နှင့် ညာပခုံးထက် လွယ် တင်ထားသော ယောဂီရောင် ချည်လွယ်အိတ်၊ အဖြူရောင် အောက်ခံတွင် အမည်းနှင့် အဝါ၊ အစိမ်းရောင် အကွက်ကျဲ ဆင်း ပလေကတ်လုံချည်၊ ဖားပါးစပ်ပုံ ဂျာစီလက်ရှည် အဖြူ ရောင်တို့ကို ဝတ်ဆင်ထားလေ၏။ ဝဲဘက်လက်သူကြွယ်တွင် အလွန်အရည်အသွေးကောင်းသော မဟူရာကျောက်ကို ငွေ ဖြင့်ကွင်းဝတ်ဆင်ထားလေ၏။ သူ့အား မြင်လိုက်သည်နှင့်



www.burmeseclassic.com

www.burmeseclassic.com

မြင်ရသူတိုင်းက စိတ်ဝင်တစားကြည့်ရှုမိကြသည်သာ ဖြစ်၏။

သူက စားသောက်မှုကိစ္စ ပြီးလေသော် သူ၏ စီးကရက်ဘူးအတွင်းမှ စီးကရက်တစ်လိပ်ထုတ်ယူ မီးညှိကာ ရှိုက်ဖွာလျက် ဟိုမှသည်၊ သည်မှဟို ကူးခတ်နေသည့် စက်တပ်ကူးတို့လှေတို့အား ကြည့်ရှုလေ့လာနေ၏။ ထိုဆိုင်တွင် မိနစ်အတန်ကြာထိုင်ပြီး ကျသင့်ငွေရှင်းကာ ဘိုးတော်နန်းဘက်ဆီသို့ ဆက်လက်ထွက်ခွာလေ၏။ ထိုတွင် ဘုရားဝတ်ပြု ဆုတောင်းလေ၏။ အလှူခံဌာနတွင် အလှူငွေထည့်ဝင်၏။ ပြီး…ထိုဘုရားနှင့်ပတ်သက်သော သမိုင်းကြောင်းတို့ကို ဖတ်ရှုလေ့လာ၏။ ကျေနပ်လောက်အောင် လေ့လာမှတ်သားပြီးသော် ပြန်ရန်ပြင်လေ၏။

ဤတွင် အသက်အားဖြင့် ၂၀ နှင့် ၂၅ နှစ်ကြား အရွယ် လူငယ်သုံးယောက်တို့ ယင်း၏ရှေ့မှောက်ထံသို့ ရောက်ရှိလာကြကာ ယင်းတို့ကိုယ်ယင်းတို့က မိတ်ဆက်စကား ဆိုကြလေ၏။ သွက်လက်ချက်ချာဟန်ရှိသော လူငယ်က စ၍…

"ဦးလေးကြီးခင်ဗျာ။ ကျွန်တော်တို့က ဒီမြို့သားတွေပါ။ အထက်တန်းကျောင်းသားတွေပါ။ ကျောင်းပိတ်တုန်းမှာ ကိုယ့်ဗုဒ္ဓဘာသာစာပေနဲ့ အထွေထွေ ဗဟုသုတရှာနေကြတာပါ။ ကျွန်တော့်နာမည်က မောင်ကျော်ပေါ် ဖြစ်ပါတယ်။ သူက မောင်လရောင်၊ သူကတော့ မောင်မောင်စိုးပါ ခင်ဗျာ"

ဤတွင် မောင်လရောင်မှ - "ကျွန်တော်တို့ အဘကို နောင်တော်ကြီးစေတီဘက်မှာ ခုရက်ပိုင်းတွေ ခဏခဏတွေ့ခဲ့ရတယ်။ အရင်ကတော့ မတွေ့မြင်ဖူးဘူး။ ဧည့်သည်ထင်ပါရဲ့" ဟု ဝင်ပြောလေ၏။

ထိုအခါ ကျန်သော လူငယ်က "မင်းတို့ကလည်းကွာ။ ဘဘကြီးကို လမ်းပေါ်မှာ ရပ်စကားပြောရတာ မရှိသေရာကျတယ်။ တစ်ဆိုင်ဆိုင်မှာ ဧည့်ခံဂါရဝပြုကြရင်း စကားပြောကြဆိုကြရင် ကောင်းမယ်ထင်တယ်"

ဤတွင် သူတော်မောင်မောင်က "ကျုပ်ကတော့ဖြင့် ပြည့်စုံပြီးပါပြီ။ မောင်ရင်လေးတို့ ဆန္ဒကို လိုက်လျောသောအားဖြင့် မိတ်ဖြစ်ဆွေဖြစ် လိုက်ထိုင်ပေးပါမယ်ကွယ်" ဟုဆိုရာ လူငယ်လေးတို့နှင့်အတူ ဘုန်းကြီးလမ်းထိပ်ရှိ "ကောင်းထက်ကောင်း" စားသောက်ဆိုင်သို့ ရောက်ဖြစ်ခဲ့လေ၏။ လူသူကင်းရှင်းသော ထောင့်တစ်ထောင့်၏ စားပွဲတွင် အကျအနနေရာယူပြီးသော် လူငယ်တို့က ကိုယ်ကြိုက်ရာ မှာယူဧည့်ခံခဲ့ကြလေ၏။ စားရင်းသောက်ရင်းဖြင့်ပင် ပကားဝိုင်းမှာ စိုပြည်လျက်ရှိ၏။

မောင်မောင်စိုးက - "ဘဘကြီးကို ကျွန်တော်တို့အားလုံးက မိတ်ဆက်ပြီးခဲ့ပြီ။ ဘဘကြီးအကြောင်းလေးများလည်း သိခွင့်ရရင် သိချင်ပါရဲ့ခင်ဗျာ"

ထိုအခါ ဦးမောင်မောင်က စီးကရက်ကို မီးညှိရှိုက်ဖွာကာ မီးခိုးငွေ့တို့ကို အထက်သို့ မှုတ်ထုတ်လိုက်၏။ ထို့နောက်မှ "ကျုပ်က တာမွေမှာ နေတာ။ ရက်ရှည်အစီအစဉ်ဝင်ဖို့ အာရုံကျတဲ့ ဒီဘုရား၊ ဒီစေတီမှာ ဒီအချိန်အတိုင်းလာပြီး အလုပ်လုပ်တယ်။ တည်းတာခိုတာက ဒီမြို့က အသိတစ်ယောက်အိမ်မှာပေါ့။ ကျုပ်နာမည်ရင်းက ဦးမောင်မောင်ပေါ့ကွယ်"

သူက စီးကရက်တိုကို စွန့်ပစ်ကာ ရေနွေးတစ်ခွက်ကို မော့သောက်ရင်း ခေတ္တနားစဉ်ခိုက်တွင် မောင်ကျော်ပေါ်မှ "ဦးလေးကြီး စီးပွားရေးလုပ်ငန်းများရော ရှိလား။ ခုဘာလုပ်နေတာလဲဟင်"

"ကျုပ်လား…အနေင်က ဝန်ထမ်းပါ။ အငြိမ်းစားယူပြီး တရားဘက် လေ့လာလိုက်စားတယ်။ ဗေဒင်၊ လက္ခဏာစတဲ့ ဂမ္ဘီရပညာတွေ စိတ်ဝင်စားတယ်၊ လေ့လာတယ်။ လိုအပ်ရင် လိုအပ်တဲ့သူကို တတ်နိုင်သမျှ ဉာဏ်မီသမျှ ကူညီတယ်။ အခကြေးငွေလက်မခံ၊ စေတနာသက်သက်သာ ဖြစ်တယ်။ ဒါကြောင့် ကျုပ်နဲ့ ရင်းနှီးခင်မင်သူ တော်တော်များများက သူတော်မောင်မောင်လို့ သူတို့စိတ်ရင်းအမှန်နဲ့ ကျေကျေနပ်နပ်ကြီး ခေါ်ကြတယ်ကွဲ့"

ထိုအခါ မောင်လရောင်မှ "ဒါဆိုရင် ကျွန်တော်တို့အားလုံးကလည်း အဘသူတော်လို့ပဲ ရင်းရင်းနှီးနှီး ခေါ်ပါရစေတော့ ခင်ဗျာ"

ဟု ပြောရာ ကျန်လူငယ်တို့က အပြုံးမျက်နှာကိုယ်စီဖြင့် နှစ်သက်လိုလား သဘောထားတူညီဟန် ပြကြ၏။ သူတော်မောင်မောင်ကလည်း ရော၍ပြုံးလေ၏။ ထို့နောက် ရောက်တတ်ရာရာတို့ကို ရင်းနှီးပွင့်လင်းစွာ ပြောကြ၏။ မောင်မောင်စိုးက -

"အဘသူတော်ခင်ဗျာ…မေးပါရစေ။ ဆင်ခံဘုရား



www.burmeseclassic.com

www.burmeseclassic.com

ဘာကြောင့်ကိုးကွယ်ကြတာကို သိသမျှ အသိလေးမျှပေးပါလားခင်ဗျာ"

သူတော်မောင်မောင်က -

"သိပ်ကောင်းတဲ့ အမေးစကားပဲကွ။ လူတော်တော်များများ မသိကြတဲ့အချက်ကို မြင်တတ်တဲ့ မောင့်ကိုလည်း ချီးကျူးပါရဲ့။ ဒါပေမယ့် ကျုပ်မှာ ချိန်းထားတဲ့အလုပ်ကလေး ရှိနေလေတော့ ဆင်ခံဘုရားအကြောင်းကို ရှင်းဖို့ အချိန်မလုံလောက်လေတော့ နောက်တစ်ပတ် ဗုဒ္ဓဟူးနေ့ကျရင် ဒီနေရာမှာ ဒီအချိန်ဆုံကြမယ်။ အဲဒီတော့မှ သေချာရှင်းပြမယ်။ မှတ်စုစာအုပ်ကိုယ်စီလည်း ယူလာကြပေါ့"

ထိုအခါ မောင်လရောင်က -

"ဒါဆိုရင် စီးပွားရေး၊ ကျန်းမာရေး၊ အလုပ်အကိုင် အဆင်ပြေချောမွေ့ရေးအတွက် အစီအရင်နည်းတစ်ခုခုတော့ ပညာပေးပါပါလား အဘသူတော်ရယ်"

"မောင်တို့ တတ်ချင်၊ သိချင်တဲ့စိတ်ကို ကျုပ်ဖြင့် မချီးကျူးဘဲ နေလို့မရတော့ဘူး။ ကဲ…မှတ်ကြ၊ မရှင်းတာရှိရင်လည်း မေးကြ"

ဟု ဆိုလိုက်သည်နှင့် လူငယ်တို့က မှတ်စုရေးရန် ကိုယ်စီပြင်ကြ၏။

"ဒီလိုကွဲ့၊ ဒီအစီအရင်ယတြာကို အမှုအခင်းကြုံနေတဲ့အခါ၊ အတိုက်အခံရှိတဲ့အခါ၊ ကျန်းမာရေးချို့တဲ့ ဆိုးရွားနေတဲ့အခါတွေမှာ သုံးရတာပဲ။ ယတြာလုပ်တာကို ကာယကံရှင် နေ့နံရဲ့ ခြောက်ခုမြောက် နေ့နံသားက ကူညီပေးရမယ်။ အိမ်ကဘုရားကျောင်းဆောင်ထက်မှာပဲ လုပ်လို့ရပါတယ်။ ရင်ဆိုင်နေရတဲ့ ပြဿနာအခက်အခဲ မပြေမချင်း တင်လှူထားရမယ်။ ကာယကံရှင်ရဲ့ မွေးနေ့ မနက် ၉ နာရီ ၄၀ မိနစ်မှာ လှူရမယ်ကွဲ့၊ တစ်ပတ်မှာ တစ်ကြိမ် ပန်းလဲပေးရမယ်"ဟု ဆိုကာ စီးကရက်မီးညှိ ရှိုက်ဖွာနေပြန်၏။ ပြီးလျှင်

"တနင်္ဂနွေသားသမီးအတွက်ကတော့ ဒန်းကြီးပန်း၊ ဒါမှမဟုတ် ဒန့်ကွဲပန်း ၂၅ ခက်၊ တနင်္လာသားသမီးအတွက် သြဇာ ၁၄ ညွှန့်၊ ကျန်သားသမီးအတွက် ခရမ်း/ခရေညွှန့် ၇၂ ညွှန့်၊ ဗုဒ္ဓဟူးသားသမီးအတွက် စံပယ်/စိန်ပန်း ရရာပန်း အညွှန့် ၂၅ ညွှန့်"

ဟု ဆိုကာ ရေနွေးကြမ်းတစ်ကျိုက် မော့သောက်ပြီးမှ ဆက်၍…

"ကြာသပတေးသားသမီးအတွက်ကတော့ လောက်သေ ၃၈ ညွှန့်၊ သောကြာသားသမီးအတွက်ဆိုရင် ပိတောက် ၂၉ ညွှန့်နဲ့ စနေသားသမီးအတွက်ကတော့ သင်အှ ၂၇ ညွှန့်ဖြစ်တယ်။ ဒီနေရာမှာ ပြောစရာရှိတာက သင်အှကိုရဖို့ သိပ်မလွယ်ဘူး။ သူ့အစား အိုးလွတ်တစ်လုံးထဲမှာ ကြာသပတေးသားသမီးတစ်ယောက်ယောက်က သဲ ၂၁ ဆုပ်ထည့်ပြီး အုန်းညွှန့် ၈ ညွှန့် စိုက်ပေးရမှာ ဖြစ်တယ်။ ရှင်းကြတယ်မဟုတ်လား"

ဟု မေးရာ လူငယ်လေးတို့က လိုက်ရေးမှတ်၍မီသော်လည်း အကူအညီပေးရန် နေ့နံသားကို ရှင်းလင်းသဘောပေါက်မှုမရှိဟု ဆိုလေရာ သူတော်မောင်မောင်က -

"အကူအညီပေးရမယ့် နေ့သားက စောစောက ကျုပ်ပြောခဲ့သလို ကာယကံရှင်နေ့သားရဲ့ ခြောက်ခုမြောက်တဲ့ နေ့သားဆိုတော့ တနင်္ဂနွေသားသမီးအတွက် သောကြာသားသမီးတစ်ယောက်ယောက်က ယတြာပန်း ရှာတာမျိုး၊ ပန်းအိုးထိုးပေးတာ၊ ဘုရားကျောင်းဆောင်ထက် တင်ပေးတာမျိုးမှာ ကူညီပေးရတယ်။ နေ့သားအလိုက် တနင်္လာအတွက် စနေ၊ အင်္ဂါအတွက် တနင်္ဂနွေ၊ ဗုဒ္ဓဟူးအတွက် တနင်္လာ၊ ကြာသပတေးအတွက် အင်္ဂါ၊ သောကြာအတွက် ဗုဒ္ဓဟူး၊ စနေအတွက် ကြာသပတေးကပေါ့ကွယ်"

ကလေးတို့က ရှင်းလင်းသဘောပေါက်ကြောင်း ပြောဆိုကြ၏။ ကျေးဇူးတင်စကားလည်း ဆိုကြ၏။ ဤတွင် သူတော်မောင်မောင်က သူချိန်းဆိုထားရာသို့သွားရန် ပြောလက်စ စကားလက်စ သတ်လေ၏။

ကလေးတို့က အငှားယာဉ်တစ်စီး စီစဉ်ပေးလိုက်၏။ သူတော်မောင်မောင်ကို ကားထက်ထိ လိုက်ပါပို့ဆောင်ပေးလေ၏။ ကားဘီးစတင်လိမ့်သည်နှင့် ကလေးတို့က လက်ပြနှုတ်ဆက်၏။ သူတော်မောင်မောင်က အသိအမှတ်ပြုသော အပြုံးမျက်နှာဖြင့် ခေါင်းညိတ်၍ပြလေ၏။ အငှားယာဉ်လေးသည် မြောက်ဥက္ကလာပမြို့ (ဆ)ရပ်ကွက်ဘက်ဆီသို့ ဦးတည်မောင်းနှင်သွားလေတော့၏။

ဝဏ္ဏလင်းထက်



www.burmeseclassic.com

www.burmeseclassic.com

# နံသင့်အပင်မှာ ဆုတောင်းပါ

**ဂမ္ဘီရဆရာပွင့်**

လူတိုင်း ကြုံဖူးကြမည် ထင်ပါသည်။

မိမိတို့နှင့် တွေ့ထိဆက်ဆံနေရသော လူကြီးသူမတို့၏ အထင်လွဲ အမြင်လွဲမှုမျိုးကို ဆိုလိုခြင်းဖြစ်ပါသည်။ မိမိမှ ရိုးသားစွာ ပြုမူလုပ်ကိုင်ပြောဆိုခဲ့ပါလျက် အခြေအနေ အကြောင်းတစ်ရပ်ရပ်၏ ကြားခံမှုကြောင့် ကိုယ့်အထက် အရာရှိ လူကြီးသူမတို့၏ အထင်လွဲ၊ အမြင်လွဲမှုကို ခံစားရခြင်းသည် စိတ်မသက်သာဖွယ် ကောင်းလှပါဘိ။ အဖြစ်မှန် မပေါ်ပေါက်လေ၊ ငြိုငြင်မှုတွေ ပိုကဲလာလေ၊ စိတ်ဆင်းရဲစရာ ပိုကောင်းလာလေပင် ဖြစ်ပါသည်။ ထိုရောအခါဝယ် အခြေအနေမှန် ပေါ်ပေါက်လာအောင် ကြိုးစားရပါမည်။ ဤ၌ အင်္ဂဝိဇ္ဇာဗေဒင်ပညာရပ်ကလည်း တစ်ဖက်တစ်လမ်းမှနေ၍ အကူအထောက်ပေးနိုင်သည်ဟု ဆိုချင်ပါသည်။

ထိုနည်းလမ်းကလေးမှာ ပဋ္ဌပွတ်အခါ၌ ပဋ္ဌပွတ် အရပ်တွင်ရှိသော နံပင်အား ဆပွတ်နေ့သားက ကိုယ်စား ဆုတောင်းပေးစေသည့်နည်းပင် ဖြစ်ပါသည်။ နေ့သားတစ်ဦးချင်းအလိုက် တင်ပြပါမည်။

**၁။ တနင်္ဂနွေသားသမီးများ အနေဖြင့်**

ပဋ္ဌပွတ် အခါဖြစ်သည့် နေ့လယ် ၁း၃၀ နာရီမှ ၃း၀၀ နာရီအတွင်း ဆပွတ်အရပ်ဖြစ်သည့် မြောက်အရပ်၌ နံသင့်အပင်ဖြစ်သော အုန်းပင် (ဝါ) အင်ပင်၌ ဆပွတ်နေ့သားဖြစ်သည့် သောကြာနေ့သားက ကိုယ်စားဆုတောင်းပေးရပါမည်။

**၂။ တနင်္လာသားသမီးများ အနေဖြင့်**

ပဋ္ဌပွတ်အခါဖြစ်သည့် နေ့လယ် ၁း၃၀ နာရီမှ ၃း၀၀ နာရီအတွင်း ဆပွတ်အရပ်ဖြစ်သည့် အနောက်တောင်အရပ်၌ နံသင့်အပင်ဖြစ်သော ကွမ်းပင် (ဝါ) ကြံပင် (ဝါ) ကံ့ကော်ပင်၌ ဆပွတ်နေ့သားဖြစ်သည့် စနေသားက ကိုယ်စားဆုတောင်းပေးရပါမည်။

**၃။ အင်္ဂါသားသမီးများ အနေဖြင့်**

ပဋ္ဌပွတ်အခါဖြစ်သည့် နေ့လယ် ၁း၃၀ နာရီမှ ၃း၀၀ နာရီအတွင်း ဆပွတ်အရပ်ဖြစ်သည့် အရှေ့မြောက်အရပ်၌ နံသင့်အပင်ဖြစ်သော ဆီးပင်၊ ဖွန်ပင်၌ ဆပွတ်နေ့သားဖြစ်သည့် တနင်္ဂနွေသားက ကိုယ်စားဆုတောင်းပေးရပါမည်။

**၄။ ဗုဒ္ဓဟူးသားသမီးများ အနေဖြင့်**

ပဋ္ဌပွတ် အခါဖြစ်သည့် နေ့လယ် ၁း၃၀ နာရီမှ ၃း၀၀ နာရီအတွင်း ဆပွတ်အရပ်ဖြစ်သည့် အရှေ့အရပ်၌ နံသင့်အပင်ဖြစ်သော ရောက်ပင် (ဝါ) ရဲယိုပင် (ဝါ) ရွက်လှပင်၌ ဆပွတ်နေ့သားဖြစ်သည့် တနင်္လာသားက ကိုယ်စားဆုတောင်းပေးရပါမည်။

**၅။ ကြာသပတေးသားသမီးများ အနေဖြင့်**

ပဋ္ဌပွတ် အခါဖြစ်သည့် နေ့လယ် ၁း၃၀ နာရီမှ ၃း၀၀ နာရီအတွင်း ဆပွတ်အရပ်ဖြစ်သည့် အရှေ့တောင်အရပ်၌ နံသင့်အပင်ဖြစ်သော ပဲပင် (ဝါ) ပေါက်ပင် (ဝါ) ပြောင်းဖူးပင် (ဝါ) ပေါက်ပန်းဖြူပင်၌ ဆပွတ်နေ့သားဖြစ်သည့် အင်္ဂါသားက ကိုယ်စားဆုတောင်းပေးရပါမည်။

**၆။ သောကြာသားသမီးများ အနေဖြင့်**

ပဋ္ဌပွတ် အခါဖြစ်သည့် နေ့လယ် ၁း၃၀ နာရီမှ ၃း၀၀ နာရီအတွင်း ဆပွတ်အရပ်ဖြစ်သည့် တောင်ဘက်အရပ်၌ နံသင့်အပင်ဖြစ်သော သီးပင်၌ ဆပွတ်နေ့သားဖြစ်သည့် ဗုဒ္ဓဟူးသားက ကိုယ်စားဆုတောင်းပေးရပါမည်။

**၇။ စနေသားသမီးများ အနေဖြင့်**

ပဋ္ဌပွတ်အခါဖြစ်သည့် နေ့လယ် ၁း၃၀ နာရီမှ ၃း၀၀ နာရီအတွင်း ဆပွတ်အရပ်ဖြစ်သည့် အနောက်တောင်အရပ်၌ နံသင့်အပင်ဖြစ်သော ထန်းပင် (ဝါ) ဒန်းပင် (ဝါ)နှောပင် (ဝါ) တည်ပင် (ဝါ) ဒေါနပင်၌ ဆပွတ်နေ့သားဖြစ်သည့် ကြာသပတေးသားက ကိုယ်စားဆုတောင်းပေးရပါမည်။

ထိုသို့ တိကျသေချာစွာ လုပ်ဆောင်ပြီး နံသင့်အပင်၌ ဆုတောင်းပေးပါက အထက်လူကြီးသူမများ၏ သံသယဖြစ်မှု၊ ငြိုငြင်မှု၊ အပြစ်တင်မှုတို့ကင်းစင်လျက် ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကာ လိုရာဆန္ဒမှန်သမျှ ပြည့်ဝနိုင်စေပါကြောင်း တင်ပြလိုက်ရပါသည်။

ဂမ္ဘီရဆရာပွင့်

www.burmeseclassic.com

www.burmeseclassic.com

## သိသာစေကြောင်း

# မင်္ဂလာနိမိတ်ကောင်း

ဒေါက်တာမင်းသိခ် ၏ နည်းစနစ်အတိုင်း ဟောသည်

**ဒေါက်တာစောယုနွယ်**



တကယ်ဆိုတော့...

မိဘတွေ ကောင်းခြင်း ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိဘဘာ... ငြိမ်အသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင် ပြည်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ ဓမ္မတာပါပဲ။ ပြည်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါ တစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို တစ်ခါ တစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေသည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြလိုက်ရတာကြောင့် ဒီစာမျက်နှာများမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝ အပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့်...

အမှတ်(၂၀၅/က)၊
ပိတောက်(၅)လမ်း၊
မြို့သစ်(ဂ)၊
ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်၊
ဖုန်း-၀၁-၆၄၃၀၃၀

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ မေလအတွက် ဟောစာတမ်း

## တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် မမျှော်လင့်ဘဲ ပညာရပ်တစ်ခု ထပ်မံသင်ကြားရတတ်တယ်။ ထိုပညာရပ်ဟာ ကိုယ့်ကို အကျိုးပေးနေတတ်တယ်။ ဘုရားဖူးခရီးများ၊ စိတ်ချမ်းသာစရာခရီးများ၊ ပြည်တွင်းပြည်ပခရီးများ သွားရတတ်တယ်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်ခြင်း၊ အခြေအနေ အဆင့်အတန်း မြင့်တက်ခြင်းများ ကြုံမယ်။ မိတ်ဆွေကောင်း၊ ဆရာကောင်းများနှင့် တွေ့မယ်။ လုပ်ငန်းသစ်များ ညံ့တယ်ဆိုပေမယ့်လည်း မဖြစ်မနေ လုပ်ရမယ်ဆိုရင်တော့ လုပ်ငန်းသစ်များ စတင်ပြုလုပ်နိုင်ပါတယ်။ လုပ်ငန်းဟောင်းများလည်း ပြန်ပေါ်တတ်တယ်။ ရန်များခြင်း၊ စကားများဖြေရှင်းရခြင်း၊ ရင်းနှီးသူ လုပ်ဖော်ကိုင်ဖက်များနှင့် အဆင်မပြေ လမ်းခွဲရခြင်းများ ကြုံမယ်။ ငွေရှာရလွယ်ခြင်း၊ ငွေအဝင်အထွက် ကြမ်းခြင်းများ ကြုံလိမ့်မယ်။ လူငယ်လူရွယ်တွေအဖို့ အချစ်ရေး စန်းပွင့်တဲ့ အချိန်ဖြစ်တယ်။ စေ့စပ်မင်္ဂလာပွဲများ၊ အလှူမင်္ဂလာပွဲများ ပြုလုပ်ရတတ်တယ်။ အိမ်ထောင်သည်တွေအဖို့ အိမ်ထောင်ဘက်နှင့် ပတ်သက်ပြီး စိတ်ညစ်စရာပေါ်တတ်တယ်။ ဆွေမျိုးသားချင်းများ ကျန်းမာရေး အသည်းအသန်ဖြစ်တတ်တယ်။ အပျော်အပါးမက်သူများအဖို့ လူလိမ်ခံရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ဒူးနာ၊ ခါးနာ၊ နှလုံး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ တံခွန်အဖြူ(၂၁)လုံးတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

အင်္ဂါ၊ ကြာသပတေး

**ညံ့သောရက်**

ဗုဒ္ဓဟူး၊ စနေ

**ကံကောင်းသောနံပါတ်**

၃၃၊ ၃၅၊ ၅၃၊ ၅၅

**အထူးသတိပြုရန်**

ယခုကာလအတွင်း နာရေး လုံးဝမသွားပါနှင့်။
ထောင်ဝင်စာ မတွေ့ရ။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့တိုင်း LUX ဆပ်ပြာခဲပေါ်တွင် အမွှေးတိုင်ထွန်းပြီး ပူဇော်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ မေလအတွက် ဟောစာတမ်း

## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် ကံကောင်းနေပါတယ်။ မပြည့်စုံတာတွေ ပြည့်စုံလာမယ်။ ဖြစ်ချင်တာတွေ မုချဖြစ်လာပါလိမ့်မယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြင်ဆင်မွမ်းမံရခြင်း၊ ပြောင်းရွှေ့ရခြင်း ပြုလုပ်ရတတ်တယ်။ အလုပ်သစ်ပေါ်ခြင်း(သို့မဟုတ်)လက်ရှိအလုပ်နှင့် ပတ်သက်၍ အဆက်အသွယ်အသစ်များ ပေါ်လာလိမ့်မယ်။ လုပ်ငန်းနှင့်ပတ်သက်၍ နာမည်ကောင်းရခြင်း၊ နေရာကောင်းရခြင်း၊ လုပ်ငန်းတိုးချဲ့ရခြင်းများ ပြုလုပ်ရတတ်တယ်။ အိမ်ထောင်မရှိသူများ အိမ်ထောင်ကျတတ်သောကာလ ဖြစ်တယ်။ မင်္ဂလာဆောင်လျှင် စည်ကားသော မင်္ဂလာဆောင်ဖြစ်မယ်။ ခရီးအကျိုးပေးသောကာလဖြစ်တယ်။ ဤကာလတွင် အိမ်ဆောက်ပါက အိမ်ကြီးအိမ်ကောင်းရ၍ အကျိုးပေးသော အိမ်မျိုးဖြစ်မယ်။ ဘုရားဆင်းတုတော်၊ စွယ်တော်၊ ရဟန္တာများ ကြွလာတတ်တယ်။ လက်ဝတ်ရတနာ ရွှေထည်ပစ္စည်းများ ဝင်လာတတ်တယ်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းများ ရောက်လာတတ်တယ်။ စက်ပစ္စည်းများ အသစ်လဲရခြင်း၊ ထွက်နေသောစက်ပစ္စည်းများ ပြန်ဝင်မယ်။ မြေကို အကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ မြေအဝင်မခံရပါ။ မဖြစ်မနေ မြေဝယ်ရမယ်ဆိုလျှင် ဖျာချောလေး(၁)ချပ်ကို ရဟန်းတစ်ပါးကို လှူလိုက်ပါ။ လူမျိုးခြား ဘာသာခြားတွေ မစတတ်ပါတယ်။ အလုပ်တွင် အတိုက်အခံ၊ အပြိုင်အဆိုင် ကြီးစွာကြုံမယ်။ အတိုက်အခံမှန်သမျှ အနိုင်ရမယ်။ ဖခင် ကျန်းမာရေးညံ့တတ်တယ်။ ထီပေါက်သကဲ့သို့ ငွေများဝင်တတ်တယ်။ ငွေရခါနီးတွင် ငွေကြေးထစ်ငေါ့ ကြီးစွာဖြစ်ပြီးမှ ရတတ်တယ်။ ကျန်းမာရေးအနေဖြင့် အမြင့်က လိမ့်ကျတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၁)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ကြိုဟ်ခုပ်စုံ(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

### ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၄၂၊ ၄၆၊ ၆၂၊ ၆၄

### အထူးသတိပြုရန်

ယခုကာလတွင် အိုးပိုင်အိမ်ပိုင် ရနိုင်သောကြောင့် သူတစ်ပါး၏ မင်္ဂလာကိစ္စကို တာဝန်ယူဆောင်ရွက်ပေးခြင်း၊ သူတစ်ပါး၏ အိမ်ထောင်ပရိဘောဂပစ္စည်းများကို မိမိနေအိမ်တွင် ခေတ္တခဏထားခြင်းမျိုး မပြုလုပ်သင့်ပါ။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ဘုရားတွင် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တိုင်း အသုပ်စုံနှင့် ဆွမ်းတော်တင်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ မေလအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် မမျှော်လင့်ဘဲ စီးပွားတက်ခြင်း၊ ပစ္စည်းဥစ္စာ အမွေအနှစ်များ ရရှိတတ်တယ်။ အလှူအတန်းကိစ္စတွေလည်း ပြုလုပ်ရမယ်။ ထိုပေါက်သလို ငွေများ အစုလိုက် အပုံလိုက် ဝင်လာတတ်ပါတယ်။ ခရီးအကျိုးပေးသောကာလ ဖြစ်သောကြောင့် မကြာခဏ ခရီးသွားရပါလိမ့်မယ်။ အတူနေ မိသားစုထဲမှ အကြီးအကဲ အဘိုးအဘွားများ နာရေးကြုံရတတ်တယ်။ ကံကောင်းသောကာလ ဖြစ်ပေမယ့်လည်း ငွေနှင့်ပတ်သက်ပြီး အနည်းငယ် ပြဿနာပေါ်နိုင်တယ်။ ကိုယ့်ဆီဝင်တဲ့ငွေတွေဟာ မတည်မမြဲ ဖြစ်တတ်ပါတယ်။ စာရွက်စာတမ်းကိစ္စနှင့် ပတ်သက်ပြီး စိတ်ညစ်ရတတ်တယ်၊ အမှုထမ်း၊ အရာထမ်းတွေ ဖြစ်နေရင်တော့ မိမိကိုပစ်စာ၊ တိုင်စာ ရောက်ရှိလာတတ်ပါတယ်။ လက်ရှိအလုပ်အကိုင်ကို စိတ်မဝင်စားခြင်း၊ ပြောင်းလိုစိတ်ပေါ်ခြင်းမျိုး မကြာခဏ ဖြစ်ပေါ်လာတတ်တယ်။ မိမိအိမ်၏ အရှေ့အရပ်၊ အနောက်အရပ်မှာရှိသော ထီဆိုင်များတွင် ထီထိုးပေးပါ။ သင်သည် ယခုကာလတွင် ဝါခေါင်လ၊ ကဆုန်လနှင့် တန်ဆောင်မုန်းလများ ပါနေရင်တော့ ထိုလများမှာ ကျိန်းသေ ငွေဝင်ပါလိမ့်မယ်။ အပျို၊ လူပျိုတွေ အဖို့ ကြင်သူကြင်ဖက် တွေ့မယ့်ကာလဖြစ်ပါတယ်။ ကိုယ့်ကို လာကမ်းလှမ်းတဲ့အထဲမှာ တနင်္လာသားသမီး၊ စနေသားသမီးတွေ ပါတတ်တယ်။ ကျန်းမာရေးအနေဖြင့် အရိုးအကြောနှင့် ပတ်သက်တာတွေ ဖြစ်တတ်တယ်။ သင်သည် မိန်းကလေး ဖြစ်နေရင်တော့ သွေးသားနဲ့ပတ်သက်တဲ့ ဝေဒနာ၊ အလုံးအကျိတ်ဖြစ်တဲ့ ဝေဒနာတွေ ဖြစ်တတ်ပါတယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ကုံကော်(၂)ညွန့်၊ ဆီးညွန့်(၈)ညွန့်(ဆူးဖြုတ်)၊ ကနက္ကဒန်ထီးဖြူ(၁၅)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

တနင်္လာ၊ စနေ

**ညံ့သောရက်**

တနင်္ဂနွေ၊ ဗုဒ္ဓဟူး

**ကံကောင်းသောနံပါတ်**

၂၄၊ ၂၉၊ ၉၂

**အထူးသတိပြုရန်**

ယခုကာလတွင် ခိုင်မာသော စီးပွားရေးတစ်ခု တည်ထောင်လိုက်ပါ။ လက်ရှိအခြေအနေမှ အဆပေါင်းများစွာ စီးပွားတက်လာလိမ့်မယ်။ အရက်သေစာ လုံးဝမသောက်ရ။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မိမိနေအိမ်ကဘုရားတွင် တနင်္လာနေ့တိုင်း ကျောက်ကျောနှစ်တုံးနှင့် နှင်းကြီးသုပ် နှစ်ပွဲ လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ မေလအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညှဲ့နေပါတယ်။ အညှဲ့ကြီးမဟုတ်ပေမယ့် ထင်သလောက် အောင်မြင်မှု မရရှိနိုင်သေးတဲ့ကာလလေးပဲ ဖြစ်ပါတယ်။ သင်တန်းတစ်ခုတက်ရခြင်း၊ အဖွဲ့အစည်းတစ်ခုခုသို့ ဝင်ရောက်ရတတ်တယ်။ နားချိန်မရလောက်အောင် အလုပ်ရှုပ်မယ်၊ လွန်စွာပင်ပန်းလိမ့်မယ်။ အလုပ်တွင် မပျော်ဘဲ ဖြစ်နေမယ်။ ပြောင်းရန် စိတ်မကူးပါနှင့်ဦး။ ပြောင်းလျှင်လည်း အဆင်မပြေနိုင်သေးပါ။ အထက်လူကြီး၊ ကြီးကဲသူတို့က ကူညီမစလိမ့်မယ်။ မြေတစ်ကွက် ဝင်တတ်ပါတယ်။ နိုင်ငံရပ်ခြားနှင့် ဆက်သွယ်သောကိစ္စများ၊ လူမျိုးခြားနှင့် တွဲပြီးလုပ်ရသော အလုပ်များ အောင်မြင်လိမ့်မယ်။ လူငယ်လူရွယ်များ မိန်းမခိုးခြင်း၊ ယောကျ်ားနောက်လိုက်ခြင်းများလုပ်လျှင် ဆွေပြတ်မျိုးပြတ် ဖြစ်ကုန်တတ်ပါတယ်။ ဘာသာရေးနှင့် ပတ်သက်သော ပုံတော်များ ဝင်လာလိမ့်မယ်။ အိမ်တွင် ကိုယ်ဝန်ဆောင်သည် ရှိပါက ဆေးရုံ၌မွေးပါ။ အလှူရက်၊ မင်္ဂလာရက် ရွှေ့ရတတ်တယ်။ ဆွေမျိုးသားချင်းထဲမှ နာရေးကြုံရတတ်တယ်။ ယခုကာလတွင် အမွေရခြင်း(သို့မဟုတ်)အမွေကဲ့သို့သော ပစ္စည်းများ ရတတ်တယ်။ ဤကာလတွင် လက်ခံလိုက်လျှင် အလဟဿ ကုန်သွားတတ်တယ်။ ကျန်းမာရေး ဂရုစိုက်ပါ။ စိတ်ထောင်းကိုယ်ကြေ ဖြစ်နေတတ်တယ်။ မိန်းကလေးဖြစ်ပါက သွေးဖောက်ပြန်ပြီး စိတ်နှင့် ပတ်သက်သောဝေဒနာ ခံစားရတတ်တယ်။ အမျိုးသားဖြစ်ပါက ဝမ်းဗိုက်နှင့်ပတ်သက်သော ဝေဒနာများ ခံစားရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၁)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ယပ်အဝါရောင်(၁၇)ချောင်း တို့ကို လှူပေးပါ။ အညှဲ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညှဲ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၅၃၊ ၅၄၊ ၈၅

### အထူးသတိပြုရန်

ယခုကာလတွင် ဇိမ်ခံလိုစိတ်ဖြင့် အိပ်ရာကောင်းကောင်းနှင့် မအိပ်ရ၊ အိပ်လျှင် ကျန်းမာရေးချူချာခြင်း၊ ပြဿနာဟောင်း၊ ရောဂါဟောင်းများ ပြန်ပေါ်လာတတ်တယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ထမင်းပေါ် ပျားရည်ဆမ်းပြီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ မေလအတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညံ့တတ်ပါတယ်။ ခရီးများ သွားနေရမယ်။ သွားရတဲ့ခရီးတွေကလည်း သင့်အတွက် အကျိုးထူးစေတဲ့ခရီး ဖြစ်ပါတယ်။ မထင်မှတ်ဘဲ ပညာရပ်တစ်ခု ထပ်မံသင်ကြားရတတ်တယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်နေသူအဖို့ မိမိရဲ့အကြီးအကဲက မိမိကို ကူညီထောက်ပံ့မှုတွေ ပေးလိမ့်မယ်။ ဝန်ထမ်းဆိုလျှင် ဌာနဆိုင်ရာ အကြီးအကဲက မိမိကို မျက်နှာသာ ပေးတဲ့အချိန် ဖြစ်ပါတယ်။ ကိုယ်ပိုင်စီးပွားရေးသမား ဆိုရင်တော့ ဒီကာလမှာ လုပ်ငန်းမချဲ့ပါနှင့်ဦး။ ငွေနှင့် ရင်းနှီးရတဲ့ အရင်းအနှီးမျိုးကိုလည်း မတိုးချဲ့သင့်ပါ။ လက်ရှိလုပ်ငန်းနဲ့ပဲ လည်ပတ်သင့်ပါတယ်။ သင်သည် ယောကျ်ားကလေး ဖြစ်နေရင် ဒီကာလအတွင်းမှာ အိမ်ထောင်မပြုသင့်ပါ။ မိဘတွေနဲ့ အတိုက်အခံ ပြုရတတ်တယ်။ မိမိအိမ်ကို ကျန်းမာရေးညံ့နေတဲ့ သက်ကြီးရွယ်အိုတွေ လာတည်းရင် ကျန်းမာရေး ပိုညံ့သွားလိမ့်မယ်။ မိမိကိုယ်တိုင်လည်း မတော်တဆ ထိခိုက်ဒဏ်ရာ ရတတ်တယ်။ ရေနွေးပူလောင်ခြင်း၊ မီးဟပ်ခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ ထီးနီ(၁၀)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ သောကြာ

### ညံ့သောရက်

အင်္ဂါ၊ စနေ

### ကံကောင်းသောနံပါတ်

၁၁၊ ၁၆၊ ၆၁၊ ၆၆

### အထူးသတိပြုရန်

ယခုကာလတွင် မိမိလက်ရှိလုပ်နေတဲ့ လုပ်ငန်းရဲ့ ဆိုင်းဘုတ်ကို မပြင်ရပါ။ ရေစက်ချပြီး အလှူကြီး မလုပ်ရပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

တနင်္ဂနွေနေ့နှင့် သောကြာနေ့များတွင် မိတ်သင်္ဂဟများကို အုန်းထမင်းချက်ပြီး ဒါနပြုပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ မေလအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် လုပ်ငန်းသစ်များ စတင်ရတတ်တယ်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာအကျိုးပေး အောင်မြင်မယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ အမှုအခင်းဖြစ်နေသူကို ငွေမချေးပါနှင့်၊ အာမခံ မလိုက်ပါနှင့်၊ သတိပြု၍ ရှောင်ကြဉ်ပါ။ ငွေဝင်နည်းပေမယ့် ဒီကာလမှာ ငွေအနည်းငယ် ဝင်တတ်ပါသေးတယ်။ ဒါပေမဲ့ စုလို့ဆောင်းလို့ရတဲ့ကာလ မဟုတ်ပါဘူး။ ထွက်နေတဲ့ လက်ဝတ်ရတနာ ရွှေထည်ပစ္စည်းများ ပြန်ဝင်မယ်။ ခွဲခွာနေတဲ့ ဆွေမျိုးဟောင်း၊ မိတ်ဆွေဟောင်းများနဲ့ ပြန်လည်တွေ့ဆုံတတ်တယ်။ အိမ်မှာ လူလွတ်များရှိပါက အိမ်ထောင်ကျခြင်း၊ အိမ်မှ ခွဲထွက်သွားခြင်းမျိုး ကြုံရတတ်တယ်။ မိသားစုချင်း စိတ်ဝမ်းကွဲစရာတွေ ဖြစ်ပေါ်တတ်တယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဘက်နှင့် အဆင်မပြေကြီးစွာ ဖြစ်တတ်တယ်။ သွပ်၊ သံ၊ ပစ် တစ်ပတ်ရစ်ပစ္စည်း လက်မခံပါနှင့်။ အောက်လက်ငယ်သားတွေ ဒုက္ခပေးတတ်တယ်။ အမှုတွေလည်း သယ်လာတတ်တယ်။ ဆရာသမားကဲ့သို့သော ပုဂ္ဂိုလ်များနှင့် အဆင်မပြေဖြစ်မယ်။ နာရေးကိစ္စကိုအကြောင်းပြု၍ ခရီးသွားရတတ်တယ်။ ပုပ်ဖော်ကိုင်ဖက်မိတ်ဆွေများနှင့် အဆင်မပြေ လမ်းခွဲရတတ်တယ်။ ကျန်းမာရေးအနေဖြင့် လေထိုးလေအောင့်၊ အစာအိမ်နှင့် တ်သက်သောဝေဒနာ ခံစားရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ာရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ ယပ်အဖြူ(၁၂)ချောင်းတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

တနင်္လာ၊ ဗုဒ္ဓဟူး

**ညံ့သောရက်**

အင်္ဂါ၊ သောကြာ

**ကံကောင်းသောနံပါတ်**

၂၄၊ ၄၂၊ ၄၆၊ ၆၄

**အထူးသတိပြုရန်**

ယခုကာလတွင် မြောက်အရပ်သို့ ရေလမ်းခရီး မသွားရ။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မိမိနေအိမ်ဘုရားတွင် တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့တိုင်း ကြံ့ရည်(၆)ခွက် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ မေလအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် မပြောပလောက်တဲ့ အညံ့အခိုက်လေးတွေ တွေ့ရတတ်တယ်။ အလုပ်တွေ အများကြီး လုပ်နေရတတ်တယ်။ နားချိန်မရလောက်အောင် အလုပ်ရှုပ်မယ်၊ လွန်စွာပင်ပန်းလိမ့်မယ်။ ထိုအလုပ်များကလည်း ကိုယ့်အတွက် အကျိုးမရှိဘူး ဖြစ်နေတတ်တယ်။ သင်တန်းတစ်ခုတက်ရခြင်း၊ အဖွဲ့အစည်းတစ်ခုခုသို့ ဝင်ရောက်ရတတ်တယ်။ အလုပ်တွင်မပျော်ဘဲ ဖြစ်နေမယ်။ ပြောင်းရန် စိတ်မကူးပါနှင့်ဦး။ ပြောင်းလျှင်လည်း အဆင်မပြေနိုင်သေးပါ။ သင်သည် အမျိုးသားဖြစ်လျှင် ယခုကာလတွင် ပဋ္ဌင်းခံရတတ်တယ်။ နိုင်ငံရပ်ခြားနှင့် ဆက်သွယ်သောကိစ္စများ၊ လူမျိုးခြားနှင့် တွဲပြီးလုပ်ရသော အလုပ်များ အောင်မြင်လိမ့်မယ်။ လူငယ်လူရွယ်များ မိန်းမခိုးခြင်း၊ ယောကျ်ားနောက်လိုက်ခြင်းများလုပ်လျှင် ဆွေပြတ် မျိုးပြတ် ဖြစ်ကုန်တတ်ပါတယ်။ အလှူရက်၊ မင်္ဂလာရက် ရွှေ့ရတတ်တယ်။ သူခိုး‌‌‌ခိုးခံရတတ်တယ်။ ကျန်းမာရေးအနေဖြင့် သွေးအားနည်းခြင်း၊ စိတ်ဓာတ်ကျခြင်း ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွှန့်(၄)ညွှန့်၊ ပေါက်ပန်းဖြူ(၅)ညွှန့်၊ ယပ်အဝါရောင်(၁၇)ချောင်းတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

စနေ၊ ကြာသပတေး

### ညံ့သောရက်

သောကြာ၊ တနင်္လာ

### ကံကောင်းသောနံပါတ်

၅၅၊ ၅၇၊ ၇၅၊ ၇၇

### အထူးသတိပြုရန်

ယခုကာလတွင် ဇိမ်ခံလိုစိတ်ဖြင့် အိပ်ရာကောင်းကောင်းနှင့် မအိပ်ပါနှင့်။ အိပ်လျှင် ကျန်းမာရေး ချူချာတတ်ပါတယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် ပေါင်မုန့်(၂)ချပ်နှင့် နွားနို့(၂)ခွက် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ မေလအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် ဆိုင်တစ်ဆိုင်ဖွင့်ဖို့ ကြံရွယ်ထားရင် ဒီအချိန်ဟာ အကောင်းဆုံးအချိန်ဖြစ်ပါတယ်။ စက်ပစ္စည်းအသစ်များ ဝင်တတ်ပါတယ်။ စိန်ထည်ပစ္စည်းလည်း ဝင်တတ်တယ်။ မိမိနေအိမ်ကို ဘေးမှာတိုးချဲ့ခြင်း၊ အခန်းဖွဲ့ခြင်း၊ အသေးစား ပြင်ဆင်မှုတွေ ပြုလုပ်ရတတ်ပါတယ်။ ယခုကာလတွင် မိမိပိုင်ပစ္စည်းတွေကို ထုခွဲရောင်းချပြီး လုပ်ငန်းအသစ် ကြီးကြီးမားမားစရန် မကောင်းသေးပါ။ ငွေတွေကလည်း ဝင်လာစရာရှိတာ မဝင်ဘဲနဲ့ တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေတတ်ပါတယ်။ လုပ်ငန်းအသစ်ပြောင်းပြီးလုပ်ဖို့ စိတ်ကူးထားရင်တော့ ရေတိုလုပ်ငန်း ဒါမှမဟုတ် စပ်တူလုပ်ငန်းဆိုရင် အောင်မြင်မှု ရတတ်ပါတယ်။ ငယ်ရွယ်သူတွေအဖို့ ပညာရေးနဲ့ ပတ်သက်ပြီး အထစ်အငေါ့ ဖြစ်တတ်ပါတယ်။ မြေကိစ္စ၊ အမွေကိစ္စများကတော့ ယခုကာလတွင် ခွဲဝေခြင်း၊ အမှုဖြစ်ခြင်းမျိုး မပြုလုပ်ပါနှင့်။ မသွားချင်ဘဲနဲ့ ခရီးဝေးတစ်ခု သွားရတတ်တယ်။ ကားပွတ်တိုက်မိတတ်တယ်။ ဘိုးတော်တု၊ ဆရာတုတွေ ရောက်လာတတ်တယ်။ သင်သည် အမျိုးသမီးဖြစ်လျှင်တော့ အစွပ်အစွဲတွေ ကြုံရတတ်ပါတယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်ညွန့်(၁၅)ညွန့်၊ ကုက္ကားအဖြူ (၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ အင်္ဂါ

### ညံ့သောရက်

တနင်္လာ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၁၃၊ ၁၄၊ ၁၈၊ ၃၁၊ ၃၆

### အထူးသတိပြုရန်

ယခုကာလတွင် အိမ်အနီးအနား၌ အိမ်အသစ်ဆောက်ခြင်း၊ သွားလာနေရင်း အိုးစည်ဝိုင်းများ တီးမှုတ်နေသော နိမိတ်တွေ့ပါက အကြံအစည်များ အောင်မြင်တတ်ပါတယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် တနင်္ဂနွေနေ့နှင့် အင်္ဂါနေ့တိုင်း ဆွမ်းအုပ်ဖြင့် ထမင်းဆီဆမ်း ကပ်လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံခြားရောက် မြန်မာများအတွက်

## အထူးဟောကိန်း

### ဒေါက်တာစောယုနွယ်

(၂၀၁၄-ခုနှစ်၊ မေလ)

ယခုကာလမှာ ကျွန်မတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုး၊ လူငယ်လူရွယ်အချို့ဟာ နိုင်ငံရပ်ခြားကို သွားရောက်ပြီး အလုပ်လုပ်ခြင်း၊ ပညာရှာခြင်းတွေ လုပ်နေကြပါပြီ။ အဲဒီလို တိုင်းတစ်ပါးမှာ သွားရောက်လုပ်ကိုင်သူတွေအဖို့ အားကိုးရာမှာ ကျွန်မတို့ ကိုးကွယ်ဆည်းကပ်တဲ့ မြတ်ဗုဒ္ဓရဲ့ လမ်းညွှန်မှုတွေပါပဲ။ မြတ်ဗုဒ္ဓကို ကြည်ညိုလေးစားတဲ့ ဗုဒ္ဓဘာသာဝင်တွေအဖို့ ဘယ်နေရာ ဘယ်ဒေသရောက်ရောက် သရဏဂုံတည်ခြင်း ရှိခဲ့ပါလျှင် ဘေးဥပါဒ်အန္တရာယ်တွေကင်းပြီး လိုအင်ဆန္ဒတွေ ပြည့်ဝတယ်ဆိုတာ အားလုံးအသိပါပဲ။ ရတနာသုံးပါးကို ကြည်ညိုလေးစားတဲ့သူတွေအဖို့ ၎င်းတို့ရဲ့ အခက်အခဲလေးတွေကို ပြေလည်စေဖို့ရန် ကျွန်မတတ်တဲ့ လောကီပညာရပ်တွေနဲ့ ကူညီလိုက်ရပါတယ်။ အကယ်၍များ ဘဝဇာတ်စုံ အဖုံဖုံကို သိချင်တယ် ဆိုရင်ဖြင့် စာဖြင့်သော်လည်းကောင်း၊ အခြားဆက်သွယ်နိုင်မည့် နည်းလမ်းများနှင့်သော်လည်းကောင်း ဆက်သွယ်ခဲ့မယ် ဆိုပါက . . .

ဒေါက်တာစောယုနွယ်

အမှတ်(၂၀၅/က)၊ ပိတောက်(၅)လမ်း၊ မြို့သစ်(ဂ)၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၆၄၃၀၃၀

## တနင်္ဂနွေသားသမီးများအတွက်

အတိုက်အခံများကြားက အလုပ်အကိုင်တွေ နေရာကောင်းရမယ်။ အလုပ်အတွက် အင်တာဗျူးဖြေမယ့်သူများ သတင်းကောင်း ကြားရမယ်။ ရာထူးတက်ရန် ခက်နေသူများ ရာထူးတိုးမည်။ အိမ်နေရာပြောင်းခြင်း၊ အိမ်သစ်တက်ခြင်း ကြုံမည်။ လူငယ်များ မင်္ဂလာကိစ္စကြုံမည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို တယ်လီဖုန်းကတ်တစ်ခု လက်ဆောင်ပေးလိုက်ပါ။

## တနင်္လာသားသမီးများအတွက်

စာချုပ်စာတမ်းကိစ္စတစ်ခု ဖြေရှင်းရတတ်တယ်။ လက်မှတ်ထိုးလျှင် သတိထားပါ။ သင်တန်းတက်ရန် ကြံစည်ပြီးမှ ပျက်မည်။ မိမိအိမ်ကို ပြုပြင်ရမည်။ ပြဿနာများ ပြေလည်စွာ ရှင်းနိုင်မည်။ ထီပေါက်နိုင်သည်။ အထက်လူကြီးနှင့် ပတ်သက်ပြီး စိတ်ညစ်ရမည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ငှက်ပျောသီးနှင့် ပြုလုပ်ထားသောမုန့် လက်ဆောင်ပေးလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများအတွက်

အလုပ်အတွင်း လွန်ခဲ့သောကာလများက ပြဿနာများ ပြန်လည်ပေါ်တတ်သည်။ ငွေရေးကြေးရေး ကျပ်တည်းနေသော်လည်း အမွေရမည်။ အလုပ်အပြောင်းအလဲ ပြုလုပ်ရန် စိတ်ကူးရှိသူများ အလုပ်မပြောင်းပါနှင့်။ အလုပ်သစ်မှာ အဆင်မပြေ ဖြစ်တတ်သည်။ ငယ်ရွယ်သူများ မမျှော်လင့်ဘဲ အိမ်ထောင်ကျတတ်တယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို
ထောပတ်ပေါင်မုန့် ဝယ်ကျွေးပါ။

---

## ဗုဒ္ဓဟူးသားသမီးများအတွက်

အပျော်အပါးများသောကာလ ဖြစ်မည်။ မိတ်ဆွေများနှင့် ပျော်ပွဲရွှင်ပွဲများ သွားလာနေရမည်။ ဝင်ငွေလည်းတိုးမည်။ လူချစ်လူခင်လည်း ပေါမည်။ အလှူမင်္ဂလာပွဲများ စီစဉ်ပေးရမည်။ စပ်တူရှယ်ယာလုပ်ငန်းများ လုပ်ရမည်။

**ယတြာ**

ကလေးငယ်တစ်ဦးကို
မော်တော်ဆိုင်ကယ် အရုပ်တစ်ရုပ်
ဝယ်ပေးလိုက်ပါ။

---

## ကြာသပတေးသားသမီးများအတွက်

စက်နှင့်ပတ်သက်ပြီး မတော်တဆ ထိခိုက်မိမည်။ သွပ်၊ သံ စသောပစ္စည်းများနှင့် ပတ်သက်သည့် ဌာနများတွင် လုပ်ကိုင်သူများ အဆင်ပြေမည်။ ယခုကာလတွင် အပြောင်းအရွှေ့ မလုပ်သင့်ပါ။ သင်တန်းတစ်ခု တက်ရမည်။ သင်တန်းမှာ အလုပ်အတွက် အထောက်အပံ့ဖြစ်မည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ဝက်သားပေါက်စီ
ဝယ်ကျွေးလိုက်ပါ။

---

## သောကြာသားသမီးများအတွက်

ရှယ်ယာလုပ်ငန်းများက ဖိတ်ခေါ်မည်။ ရင်းနှီးမြှုပ်နှံမှုများ လုပ်ရမည်။ ခရီးထွက်ရမည်။ မိမိကိစ္စမဟုတ်ဘဲ အများကိစ္စများ ဆောင်ရွက်နေရမည်။ အောက်လက်ငယ်သား အလုပ်မှ ထွက်ပြေးမည်။ လူမျိုးခြား ကူညီမည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ဟမ်ဘာဂါနှင့်
အချိုရည် ဝယ်ကျွေးပါ။

---

## စနေသားသမီးများအတွက်

ဝန်ထမ်းများ လခတိုးမည်။ ထီပေါက်မည်။ အလုပ်နှင့် ပတ်သက်ပြီး စီးစရာယာဉ်ရမည်။ မိန်းမကိစ္စ အစွပ်အစွဲကြောင့် ဖြေရှင်းရတတ်သည်။ မမျှော်လင့်သောနေရာမှ ငွေဝင်မည်။

**ယတြာ**

ကျောင်းသားတစ်ဦးကို ဗလာစာအုပ်
ဝယ်ပေးပါ။

---

## ရာဟုသားသမီးများအတွက်

ဘာသာရေးဆိုင်ရာကိစ္စများ၊ ရန်ပုံငွေပွဲကိစ္စများကို ပါဝင်ဆောင်ရွက်နေရလိမ့်မည်။ ခွဲခွာနေရသော မိသားစုများနှင့် ပြန်လည်တွေ့ဆုံရမည်။ အပန်းဖြေခရီးထွက်ရတတ်သည်။ မမျှော်လင့်သောနေရာမှ အလုပ်သစ် အပ်နှံမည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ရွှေရွှေ
လက်ဆောင်ပေးလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## ငွေကြာရုံ ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တရေဝတ ၏ သက်တော်(၈၀)ပြည့်နှစ် ဝိဇာတမွေးနေ့မင်္ဂလာပွဲ ကျင်းပ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်ရှိ ငွေကြာရုံစာသင်တိုက်၏ ဦးစီးပဓာန နာယကချုပ် နိုင်ငံတော် သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တရေဝတ ငွေကြာရုံဆရာတော်ကြီး၏ သက်တော်(၈၀)ပြည့်နှစ် ဝိဇာတ မွေးနေ့မင်္ဂလာပွဲကို (၂-၃-၂၀၁၄)တနင်္ဂနွေနေ့တွင် ငွေကြာရုံ စာသင်တိုက်၌ ဆရာတော် သံဃာတော် အပါး ၈၀ တို့အား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

နေထူးအုံ

## ကုဿာသယဆုတောင်းပြည့်စေတီ ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပညာဝတီ ရိပ်သာအတွင်းရှိ ကုဿာသယ ဆုတောင်းပြည့်စေတီ တော်မြတ်ကြီး၏ နှစ်စဉ် ကျင်းပလေ့ရှိသော ဗုဒ္ဓပူဇနီယ ပွဲတော်၊ ထမနဲပွဲ၊ ဆွမ်းဆန်စိမ်း လောင်းလှူပွဲတို့ကို (၁၃-၂-၂၀၁၄) ရက်နေ့တွင် စတင်ကျင်းပပြုလုပ်ပြီး (၁၄-၂-၂၀၁၄)ရက်နေ့တွင် ပင့်ဆရာတော်၊ သံဃာတော် (၄၅)ပါးကို ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။

Z.N

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ သတိပဋ္ဌာန်လမ်း မိသားစု တတိယအကြိမ်မြောက် ဓမ္မပူဇာတရားပွဲ ကျင်းပ

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ သတိပဋ္ဌာန်လမ်း မိသားစု၏ တတိယအကြိမ်မြောက် ဓမ္မပူဇာတရားပွဲကို (၁၆-၂-၂၀၁၄)တနင်္ဂနွေနေ့တွင် မြပုလဲဆရာတော် ဒေါက်တာ အရှင်ဥက္ကဋ္ဌ(မြစ်ကျိုး) သာသနဓဇဓမ္မာစရိယ၊ ဝိနယဝိဒူ၊ M.A, Ph.D ၊ (၁၇-၂-၂၀၁၄)တနင်္လာနေ့တွင် ဓမ္မဒူတဆရာတော် ဒေါက်တာ အရှင်ပညိဿရာဘိဝံသ B.A(Myanmar), M.A (Srilanka), Ph.D(India) သာသနဓဇဓမ္မာစရိယ၊ သာသနဇောတိပါလဓမ္မာစရိယ၊ သာသနဟိတဂဏဝါစက ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတရေ မဟာဂန္ထဝါစကပဏ္ဍိတ၊ (၁၈-၂-၂၀၁၄)အင်္ဂါနေ့တွင် ခင်မကန်ဆရာတော် စစ်ကိုင်း-ဦးခေမိန္ဒ သာသနာပြု ဓမ္မကထိက ဆရာတော်တို့မှ (၃)ညတိုင်တိုင် ညစဉ် (၇း၃၀)နာရီတွင် သတိပဋ္ဌာန်လမ်း၊ တာမွေမြို့နယ်တွင် တရားရေအေးတိုက်ကျွေးခဲ့ကြသည်။

(၁၈-၂-၂၀၁၄)အင်္ဂါနေ့ နေ့လယ်(၂း၀၀)နာရီတွင် ဒေါက်တာအရှင်ဥက္ကဋ္ဌ(မြစ်ကျိုး)ဆရာတော်မှ ကလေးတရားပွဲကိုလည်း ဟောကြားပေးခဲ့သည်။

စိုးဝင်းထွဏ်း(တာမွေ)



www.burmeseclassic.com

www.burmeseclassic.com

## တိုက်ကြီးမြို့နယ်၊ ဂျိုးဖြူတောင်တွင် ခင်ပွန်းကြီးဆယ်ပါး ဘုရားစေတီတည်



ယခုခေတ်ကာလ သားသမီးများ ခင်ပွန်းကြီးဆယ်ပါး၏ ကျေးဇူးကို သိတတ်မှု နည်းပါးလာသောကြောင့် ထိုကျေးဇူး တရားအတွက် ဘုရားတည် ကိုးကွယ်ရန် အဘအောင်မင်းခေါင် နှင့် ရသေ့ကြီး ဦးခန္တိတို့က အဖေကြီး ဦးအေးဖေ အရှင်အဂ္ဂသာရ အား အိပ်မက်ပေးသဖြင့် ယခုအခါ အဖေကြီး အရှင်အဂ္ဂသာရ သာသနာပြုနေသည့် တိုက်ကြီးမြို့နယ်၊ ဂျိုးဖြူတောင်တွင် ခင်ပွန်းကြီးဆယ်ပါး ဘုရားစေတီ တည်မည်ဖြစ်ပါသည်။

ပဌာန်းဆက်သားသမီး မိတ်ဆွေအပေါင်းများ ဆက်သွယ်လှူဒါန်းလိုလျှင် (ဖုန်း-၀၉-၃၁၀၃၆၇၂၊ ၀၉-၄၃၅၀၀၃၀၊ ၀၉-၄၉၂၁၀၀၂၆၊ ၀၉-၄၃၁၀၃၆၇)တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ပါသည်။

---

## ပြာသိုလပြည့် အမေများနေ့ အခမ်းအနား ဆင်ယင်ကျင်းပ




ရန်ကုန်တိုင်းဒေသကြီး၊ သာကေတ မြို့နယ်၊ ၇/အနောက်ရပ်ကွက်ရှိ အောင်မြေဘုံစံ ဓမ္မရိပ်သာ ဆရာတော် အရှင်ခေမာနန္ဒ၏ ရွှေမေတ္တာ အနန္တမေတ္တာ ရသစာစုများ စာအုပ်မိတ်ဆက်ပွဲ၊ စာပေဟောပြောပွဲများဖြင့် ဆင်ယင်ကျင်းပခြင်း အခမ်းအနားကို ၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်(၁၅-၁-၂၀၁၄)ဗုဒ္ဓဟူးနေ့ တွင် အဆိုပါကျောင်းတိုက်၌ စည်ကားခမ်းနားစွာ ကျင်းပခဲ့ကြောင်း သတင်းရရှိပါသည်။ အဆိုပါအခမ်းအနားတွင် ဖိတ်ကြားထားသော ဧည့်သည်များကို နံနက်စာဖြင့် ကျွေးမွေးဧည့်ခံပြီး စာရေးဆရာ၊ ဆရာမများကို ရွှေမေတ္တာအနန္တ မိဘမေတ္တာ ရသစာစုများ စာအုပ်လက်ဆောင်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

ဆရာမျိုး(B.Sc)

www.burmeseclassic.com



## တွံတေးအောင်စကြာ ဂန္ဓကုဋိတိုက် အလှူရှင်များ ရေစက်ချ အမျှဝေ





(၉-၂-၂၀၁၄)တနင်္ဂနွေနေ့က တွံတေးမြို့ အောင်စကြာကျောင်းတွင် ထိုင်တော်မူ ရုပ်ပွားတော်ဘုရားကြီးကို ဂန္ဓကုဋိတိုက်ကျောင်း ဆောက်လုပ်လှူဒါန်းပြီး ဆရာတော်များမှ အလှူရှင်များကို တရားတော်နာ ရေစက်ချပါသည်။ ရေစက်မချမီ ဆရာတော်အပါး(၆၀) နှင့် သီလရှင်ဆရာလေး အပါး(၃၀)တို့ကို နေ့ဆွမ်းကပ်၍ ချို-ချဉ် အရသာ မုန့်များနှင့် အချိုပွဲ ကပ်လှူပါသည်။ ထို့အပြင် ဆရာတော်များနှင့် သီလရှင်များကို ဝတ္ထုများ ဆက်ကပ်လှူဒါန်းပါသည်။

BURMESE CLASSIC .com

၂၀၀၅-ခုနှစ်မှ စ၍ ၂၀၀၇-ခုနှစ်အထိ တွံတေးကျွန်းတော ၅-လမ်း၊ ၆-လမ်းထိပ်ရှိ အောင်စကြာကျောင်းမှ ထိုင်တော်မူ ရုပ်ပွားတော်ကြီးမှ မကြာ မကြာ ရောင်ခြည်တော်လွှတ်ခဲ့ပါသည်။ ယခုအခါ (၇)ရက်သားသမီးများ၏ စုပေါင်းလှူဒါန်းသော ကောင်းမှုကြောင့် ဂန္ဓကုဋိတိုက်ကြီး ဖြစ်မြောက်သွားသဖြင့် အလှူရှင် (၇)ရက်သားသမီးများအား ဖိတ်ကြားပြီး အရပ်လေးမျက်နှာမှ ကြွရောက်လာကြသော အယုတ်၊ အလတ်၊ အမြတ်မရွေး ငါးပေါင်းထမင်းဖြင့် စေတနာ ကျွေးမွေးဧည့်ခံခဲ့ပါသည်။

မွန်းလွဲ(၁၂)နာရီကျော်ကျော်ခန့်တွင် တာမွေမြို့နယ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နန္ဒဝံသ ဆရာတော်မှ ဒါနအကြောင်း သိကောင်းစရာ တရားဟော၍ ရေစက်ချ အမျှဝေခဲ့ပါသည်။

ဟိန်းထက်စျာန်

## ကိုးထပ်ကြီးဘုရား ၁၀၉ နှစ်ပြည့် (၄၂)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပ

၁၃၇၅-ခုနှစ်၊ တပို့တွဲလဆန်း(၂)ရက် (၁-၂-၂၀၁၄)စနေနေ့မှ တပို့တွဲလဆန်း(၁၁)ရက် (၁၀-၂-၂၀၁၄) တနင်္လာနေ့အထိ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကိုးထပ်ကြီးဘုရား ပဌာန်းရင်ပြင်တွင် အသံမစဲမဟာပဌာန်း ပူဇော်ပွဲကို ကျင်းပပြုလုပ်ခဲ့ပြီး (၁၀-၂-၂၀၁၄)တနင်္လာနေ့မှ (၁၄-၂-၂၀၁၄)သောကြာနေ့အထိ ကိုးထပ်ကြီးဘုရား ဂန္ဓကုဋီအာရုံခံတန်ဆောင်းတော်ကြီးအတွင်း၌ ညစဉ်(၇)နာရီတွင် တရားပွဲကျင်းပပြုလုပ်ခဲ့သည်။

(၁၆-၂-၂၀၁၄)တနင်္ဂနွေနေ့ မွန်းလွဲ ၂း၃၀ အချိန်တွင် သံဃာတော်အပါး(၉၀)ကို ဆွမ်းဆန်စိမ်း လောင်းလှူခဲ့ကြပြီး၊ ညနေ ၄ နာရီတွင် နိဗ္ဗာန်ဈေးပွဲတော်ကို စည်ကားစွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

အင်ကြင်း

www.burmeseclassic.com

www.burmeseclassic.com

## ရာမည အတုလ ဗုဒ္ဓရုပ်ပွားတော်စေတီ ထီးတော်တင်လှူပွဲ



မွန်ပြည်နယ်၊ ရေးမြို့ ပုပ္ပဝတီရွာ၊ ကိုရင်လေး သာသနာပြုနယ်မြေရှိ ရာမည အတုလဗုဒ္ဓရုပ်ပွားတော်စေတီ ထီးတော်တင်လှူပွဲကို ၂၀၁၄-ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်၊ တပို့တွဲလပြည့်နေ့ နံနက်ပိုင်းက စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ထိုထီးတော်တင်လှူပွဲသို့ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ တို့ တက်ရောက်၍ ရွှေထီးတော် ဘုံအဆင့်ဆင့်နှင့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို တင်လှူပူဇော်ခဲ့သည်။

ထို့အတူ ထိုအလှူပွဲတော်သို့ မွန်ပြည်နယ် ပါတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖ အလှူရှင်များနှင့် ပရိသတ်များက လာရောက်ကြည်ညိုခဲ့ကြသည်။ စေတီ၏ ပလ္လင်တော်ခြေမှ စိန်ဖူးတော်ထိ ၁၄၅ တောင်ရှိကာ စေတီအတွင်းတွင် ရပ်တော်မူရုပ်ပွားတော် ၆၂ ဆူ၊ ထိုင်တော်မူရုပ်ပွားတော် ၁၅၀ ဆူ ရှိ၏။ အနယ်နယ် အရပ်ရပ်ရှိ အလှူရှင်များ၏ လှူဒါန်းငွေမှာ စုစုပေါင်း ငွေသိန်းပေါင်း ၂၀၀၀၀ ကျော် ရရှိခဲ့သည်။

ထိုစေတီထီးတော်တင်လှူပွဲ အခမ်းအနားကို ကြွရောက်လာသော သံဃာတော်အပါး ၁၂၅၀ တို့အား မွန်ပြည်နယ် ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

BURMESE CLASSIC .com

စိုးစိုး

---

## ဆုတောင်းပြည့် သိဒ္ဓိအောင် လာဘမုနိဘုရား မြေသန့်ပန္နက်တင်မင်္ဂလာပွဲ ကျင်းပ


၁၃၇၅-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်နေ့၌ ရွှေကိုးဖြူမှုလခဲ သိုက်ဆက်များအတွက် နေရာပေးထားရှိသော ရောဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ရွှေကြာမြို့ ဓမ္မရက္ခိတ သာသနာ့ရိပ်သာ အတွင်း၌ အသစ်ထပ်မံတည်ထားကိုးကွယ်ပေးမည့် ဉာဏ်တော် ၁၈ ပေ၊ အမြင့် ၁၈ ပေ ရှိသော ဆုတောင်းပြည့် သိဒ္ဓိအောင် လာဘမုနိဘုရားကြီး၏ မြေသန့်ပန္နက်တင်မင်္ဂလာအခမ်းအနားကို မဟာဆေးဝက်ဘာ အာလိန်ငါးဆင့်ဆရာတော်ကြီး မဟာကမ္မဋ္ဌာနာစရိယ ရပ်ကွက်သံဃနာယကဥက္ကဋ္ဌ ဘဒ္ဒန္တအဂ္ဂဓမ္မ ဦးဆောင်၍ ဓမ္မကထိကဆရာတော် ဘဒ္ဒန္တရေဝတ၊ တိုက်အုပ်ဆရာတော် ဦးပညာ၊ ဦးစန္ဒောဘာသ၊ ဦးနန္ဒမာလာ၊ ဦးဥက္ကဋ္ဌ၊ အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ စသော ဆရာတော် (၁၈)ပါးတို့မှ ရတနာရွှေအုတ်၊ ငွေအုတ်၊ ပတ္တမြားအုတ်တို့ဖြင့် မြေသန့်စင် ပန္နက်တင်ခဲ့ကြကြောင်း သတင်းရရှိသည်။

ပေရယ်

www.burmeseclassic.com

www.burmeseclassic.com

# ဖဆောကွမ်း



လောကဣ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးသည် မည်သည့်အရာနှင့်မျှ နှိုင်းဆ၍ မရအောင် အမြင့်ဆုံး အမြတ်ဆုံး အတုမဲ့ ရတနာများ ဖြစ်ပါသည်။ အလွန်လည်း တွေ့ခဲ ဆုံခဲ ကြုံကြိုက်ခဲပါသည်။ ယင်းသို့ အမြင့်ဆုံး အမြတ်ဆုံး အတုမဲ့ရတနာများဖြစ်၍ အလွန်လည်း တွေ့ခဲ ဆုံခဲ ကြုံကြိုက်ခဲလှသော ရတနာမြတ်သုံးပါးကို ကိုးကွယ်အားထားရာ ယုံကြည်သိမှတ် ဆည်းကပ်ကိုးကွယ်ရသဖြင့် သရဏဂုံ တည်ခြင်းသည် လွန်စွာအကျိုး အမြတ်ကြီးလှပါ၏။

ထိုကဲ့သို့ သရဏဂုံ တည်ခြင်း ကြောင့် ဖြစ်လေရာဘဝတိုင်း၌ အများ ပူဇော်ခံရခြင်း၊ ထက်သောဉာဏ်ပညာရခြင်း စည်းစိမ်ဥစ္စာများ ခံစားရခြင်း၊ ရွှေအဆင်းနှင့် တူခြင်း၊ အများချစ်ခင်မှုရခြင်း၊ ကျော်စော ထင်ရှားခြင်း ဟူသော အကျိုးထူးများ ရခြင်းမှာ သရဏဂုံ တည်ခြင်းကြောင့် ရရှိခံစားရသော ကျမ်းဂန်လာအကျိုးများဖြစ်၍ ရောင်ပြန် ပရိသတ်အပေါင်းလည်း သရဏဂုံ တည်ခဲ့မည် ဆိုပါက . . .

www.burmeseclassic.com

www.burmeseclassic.com




## ကရင်ပြည်နယ်၊ ဘားအံမြို့ လုမ္ဗိနီဥယျာဉ်တွင် ပထမဆုံး တည်ဆောက်သော ဇွဲကပင်တောင် ဆံတော်ရှင် Cable Car စီမံကိန်း၌ ပါဝင်လှူဒါန်းရန် ဖိတ်ခေါ်

မြန်မာနိုင်ငံ၊ ကရင်ပြည်နယ်၊ ဘားအံမြို့ လုမ္ဗိနီဥယျာဉ်တွင် ပထမဦးဆုံးတည်ဆောက်သည့် ဇွဲကပင်တောင် ဆံတော်ရှင် Cable Car စီမံကိန်း၌ ကုသိုလ်ပူဒါနပြုလိုကြသော အလှူရှင်များအား ဖိတ်ခေါ်လျက် ရှိပါသည်။ အဆိုပါစီမံကိန်းအား ဆရာတော်သုံးပါး ဖြစ်ကြသည့် ပီနန်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာဝံသ၊ ဇွဲကပင်တောင်ဆရာတော် ဓမ္မကထိက ဗဟုဇန ဟိတရေ ဘဒ္ဒန္တကဝိဓဇ နှင့် သုံးထပ်ကျောင်းဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညိန္ဒ တို့မှ ကြီးမှူးဦးဆောင်လျက် ရှိပါသည်။

သဒ္ဓါကြည်လင် ပါရမီရှင်များအနေဖြင့် ဇွဲကပင်တောင်ဆံတော်ရှင် Cable Car စီမံကိန်းအတွက် အလှူဒါနပြုလိုကြပါက -

BURMESE CLASSIC

၁။ မဟာသန္တိသုခကျောင်း(တာမွေမြို့နယ်)၊ ဖုန်း - ၀၉-၄၃၂၀၁၀၉၀

၂။ သာသနာ့ဗေယျာဝစ္စမဂ်လာ သုံးထပ်ကျောင်း၊ တာမွေမြို့နယ်၊ ဖုန်း - ၀၉-၅၁၃၅၈၄၆

၃။ လုမ္ဗိနီဥယျာဉ်၊ ဇွဲကပင်တောင်ဆရာတော်၊ ဖုန်း - ၀၉-၈၇၃၁၀၀၈

တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။ ထို့အပြင် ဇွဲကပင်တောင် ဆံတော်ရှင် Cable Car စီမံကိန်း ယာယီဖြစ်မြောက်ရေးကော်မတီဝင်များ ဖြစ်ကြသည့် -

၁။ ဦးယဉ်ထွေးဆွေ (ဖုန်း - ၀၉-၄၃၁၁၁၁၁၈) ၊ ၂။ ဦးအောင်ထွန်း (ဖုန်း - ၀၉-၅၁၂၂[illegible])

၃။ ဦးအောင်မောင်း (ဖုန်း - ၀၉-၅၆၆၁၀၁၂) ၊ ၄။ ဦးနိုင်ထွန်း (ဖုန်း - ၀၉-၈၇[illegible])

၅။ ဦးတင်ဆန်း (ဖုန်း - ၀၉-၄၄၉၂၅၁၀၅၀) တို့ထံသို့လည်းကောင်း ဆက်သွယ်စုံစမ်း [illegible] ပါကြောင်း အကျိုးမျှော်၍ နှိုးဆော်လိုက်ရပါသည်။

www.burmeseclassic.com